သာသနာရေးဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန

ဓမ္မပဒဝတ္ထု

(တတိယတွဲ)



ပြည်ထောင်စု မြန်မာနိုင်ငံတော်

သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၃၆ ကောဇာ ၁၃၅၇ ခရစ် ၁၉၉၂

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌
လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်း
(မူတ်ပုံတင်အမှတ် ဝ၂၄၀၅/ဝ၂၁၂၇)က ပုံနှိပ်ထုတ်ဝေသည်။

ဓမ္မပဒဝတ္ထု

(တတိယတွဲ)

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
	၂။ အရဟန္တဝဂ်	
၁။	ဇီဝကပဋိဝတ္ထု	၁
	ဆရာဇီဝကအကြောင်း	၃
	အမ္ဗပါလီကြောင့် ဝေသာလီ စည်ကားခြင်း	၄
	ရာဇဂြိုဟ်ပြည်၌ ပြည့်တန်ဆာ တင်မြောက်ခြင်း	၄
	ဇီဝကကို ဖွားမြင်ခြင်း	၅
	အဘယမင်းသား ကောက်ယူမွေးစားခြင်း	၆
	ဇီဝက ဆေးပညာသင်ခြင်း	၆
	ဆေးပညာကို ခုနစ်နှစ်နှင့် သင်ယူခြင်း	၆
	ဆေးပင်ရှာခြင်း	၇
	သူဌေးကထော်ကြီးအား မဆေးကုသခြင်း....	၈
	ကျွန်များနှင့် အသပြာငွေ တစ်သောင်းခြောက်ထောင်ရခြင်း	၉
	ဗိမ္ဗိသာရမင်းကြီးအား ဆေးကုခြင်း	၁၀
	ရာဇဂြိုဟ်သူဌေးအား ဆေးကုခြင်း	၁၁
	ဗာရာဏသီသူဌေးသား ဆေးကုခြင်း	၁၄
	ဥဇ္ဇေနီပြည် စန္ဒပ္ပဒ္ဒောတမင်း	၁၅
	တစ်နေ့ချင်း ယူဇနာခြောက်ဆယ် သွားနိုင်သော ခြေမြန်တော်	၁၆
၂။	**အရှင်မဟာကဿပဝတ္ထု**	၂၁
	အရှင်မဟာကဿပ၏ ရှေးဆုတောင်း	၂၄
	ဓုတင်ဆောင် ပုဂ္ဂိုလ်အဖြစ် ဆုတောင်းခြင်း	၂၅
	ကေသာဒ္ဓကာ ပုဏ္ဏားဘဝ	၂၇
	တစ်ထည်သာရှိသော အဝတ်ကို အောင်မြင်စွာ လှူဒါန်းခြင်း	၂၈
	ဗန္ဓုလမင်းကြီးက ပရောဟိတ်ခန့်ခြင်း	၂၉

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
	ပစ္စေကဗုဒ္ဓါအား အပေါ်ရုံ ပုဆိုးလှူခြင်း	၃၀
	ပုဝ်စော်နံသော သူဌေးသမီး	၃၁
	စန္ဒကူးနှံ့ လှိုင်ခြင်း	၃၂
	ပဒေသာပင်မှ နတ်ဝတ်တန်ဆာ	၃၄
	အလှူခံပုဂ္ဂိုလ် ရှာဖွေခြင်း	၃၆
	ပဒုမဒေဝီ၏ သားတော် ပစ္စေကဗုဒ္ဓါငါးရာ	၃၇
	ရသေ့ရဟန်းပြုတော်မူခြင်း	၃၉
	ပိပ္ပလိလုလင်နှင့် ဘဒ္ဒကာပိလာနီ	၃၉
	ရွှေရုပ်ထက်ပို၍လှသော ဘဒ္ဒကာပိလာနီ....	၄၀
	ပိပ္ပလိနှင့် မယ်ဘဒ္ဒါ စာတမန်ပေးပို့ခြင်း	၄၁
	ပိပ္ပလိနှင့် မယ်ဘဒ္ဒါတို့ လက်ထပ်ထိမ်းမြားခြင်း	၄၂
	ပိပ္ပလိနှင့် မယ်ဘဒ္ဒါတို့ လူ့ဘောင်စွန့်ခွါ၍ ရဟန်းပြုခြင်း	၄၃
	ပိပ္ပလိနှင့် မယ်ဘဒ္ဒါတို့သည် နောက်ဆုံး ခွဲခွါကြရာ မဟာပထဝီမြေကြီး တုန်လှုပ်ခြင်း	၄၅
	မြတ်စွာဘုရားသည် ခရီးဦး ကြိုတော်မူခြင်း	၄၆
	ဘုရားရှင်သည် ရှင်မဟာကဿပနှင့် သက်နှံးချင်း လဲလှယ်တော်မူရာ မြေကြီး တုန်လှုပ်ခြင်း	၄၈
၃။	အရှင်ဗေလဋ္ဌသီသဝတ္ထု	၅၀
၄။	အရှင်အနုရုဒ္ဓါဝတ္ထု	၅၃
	ဇာလိနီနတ်သမီး	၅၃
	ပံသုကူသက်နှံးချုပ်ခြင်း	၅၄
	သောတာပန်တည်ခြင်း	၅၅
၅။	မဟာကစ္စာယနဝတ္ထု	၅၆
၆။	အရှင်သာရိပုတ္တရာဝတ္ထု	၅၈
	အရှင်သာရိပုတ္တရာ ပြန်ကြွလာခြင်း....	၅၉
	အရှင်သာရိပုတ္တရာ၏ ခြသေ့ဟောက်သံ	၅၉
၇။	ကောသမ္မီပြည်သား တိုဿမထေရ်၏ တပည့်ငယ်ရှင်သာမဏေဝတ္ထု	၆၂
	ခုနစ်နှစ်သား သာမဏေဝတ္ထု	၆၃
	မြတ်စွာဘုရားထံ လျှောက်ထားခြင်း	၆၅
	တိုဿမထေရ် ပဋိသမ္ဘိဒါပတ္တ အရဟတ္တဖိုလ်တည်ခြင်း	၆၆

အမှာစာစဉ်	အကြောင်းအရာ	စာမျက်နှာ
၈။	အရှင်သာရိပုတ္တရာမထေရ်မြတ် ဖြေဆိုသောဝတ္ထု	၆၇
	ပဋိသမ္ဘိဒါပတ္တ အရဟာတ္တဖိုလ်ရခြင်း....	၆၈
၉။	ရှားတောနေ ရှင်ရေဝတဝတ္ထု	၆၉
	အကြောင်း အတ္ထုပ္ပတ္တိအစဉ်	၇၀
	အထွေးဆံး ရှင်ရေဝတ	၇၀
	ရေဝတမဂ်လာဆောင်	၇၀
	ရဟန်းပြုလိုသော ရေဝတ	၇၁
	ရေဝတသည် ရှားတော၌ သီတင်းသုံးခြင်း	၇၃
	နတ်တို့က ကျောင်းဆောက်လှူဒါန်းခြင်း	၇၄
	ဂန္ဓကုဋိကို ဖန်ဆင်းခြင်း....	၇၅
	ရဟန်းကြီးနှစ်ပါး	၇၅
	ဝိသာခါ၏ လျှောက်ထားချက်	၇၆
	သောတာပန်တည်ခြင်း	၇၇
	အရှင်သိဃသို၏ ရှေးအကြောင်း	၇၈
	ငွေတစ်ထောင်ပေးရသောပျားရည်....	၇၉
	ပြဿဒ်ရှင်မင်းဖြစ်ခြင်း	၈၁
	ဘုရင့်မယ်တော်ကြီး	၈၂
	သောတာပန်တည်ကြခြင်း	၈၂
၁၀။	မထင်ရှားသောမိန်းမ ဝတ္ထု	၈၃
	ပြဿဒ်တန်ဆာမ....	၈၄
	ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်ခြင်း	၈၄

၈။ သဟဿဝဂ်

၁။	တမ္ဗဒါဋ္ဌိကစောရ ဃာတကဝတ္ထု		၈၆
	ခိုးသားငါးရာ		၈၆
	ခိုးသူသတ် တမ္ဗဒါဋ္ဌိက		၈၆
	ရာထူးကျခြင်း		၈၈
	အရှင်သာရိပုတ္တရာအား နို့ယာဂုလှူဒါန်းခြင်း		၈၈
	တုသိတာနတ်ပြည်၌ ဖြစ်ခြင်း		၈၉
	များစွာသောသူတို့ သောတာပန်တည်ခြင်း		၉၁

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၂။	ဗာဟိယဒါရုစီရိယမထေရ်ဝတ္ထု	၉၃
	ရဟန်းခုနစ်ပါး	၉၃
	ရဟန်းတော်ငါးပါး	၉၅
	မြတ်စွာဘုရားထံသွားခြင်း	၉၆
	တရားဟောရန် လျှောက်ထားခြင်း	၉၇
	ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်ခြင်း	၉၈
	နွားဝှေ၍ ပရိနိဗ္ဗာန်စံခြင်း	၉၉
	သောတာပန်တည်ကြခြင်း	၁၀၀
၃။	ကုဏ္ဍလကေသီထေရီမဝတ္ထု	၁၀၁
	ခိုးသူကို အသပြာတစ်ထောင်ပေး၍ ကြိုက်ခြင်း	၁၀၁၊
	ခိုးသူ၏မာယာ	၁၀၃
	ခိုးသူ၏ သတ်ရန်အကြံ	၁၀၃
	သူဌေးသမီး တောင်းပန်ချက်	၁၀၄
	သူဌေးသမီး ၏ ပညာစွမ်း	၁၀၆
	ခိုးသူသေဆုံးခြင်း	၁၀၆
	တောစောင့်နတ်က ချီးမွမ်းခြင်း	၁၀၇
	သူဌေးသမီး ပရိဗိုဇ်မ	၁၀၇
	ဝါဒတစ်ထောင်တတ်သော ပရိဗိုဇ်မ	၁၀၈
	ပရိဗိုဇ်မနှင့် အရှင်သာရိပုတ္တရာ	၁၀၉
	ဗုဒ္ဓပဉ္ဍာကိုမေးခြင်း	၁၁၀
	ပဋိသမ္ဘိဒါပတ္တ ရဟန္တာမ ဖြစ်ခြင်း	၁၁၀
၄။	အနတ္ထပုစ္ဆကဗြာဟ္မဏဝတ္ထု	၁၁၂
	သောတာပန်တည်ခြင်း	၁၁၄
၅။	အရှင်သာရိပုတ္တရာ၏ ဦးရီးပုဏ္ဏားကြီးဝတ္ထု	၁၁၅
	ဗြဟ္မာ့ပြည်သို့ ခရီးစဉ်	၀၁၅
	သောတာပန်တည်ခြင်း	၁၁၆
၆။	အရှင်သာရိပုတ္တရာ၏ တူပုဏ္ဏားဝတ္ထု	၁၁၇
	သောတာပန်တည်ခြင်း	၁၁၈
၇။	အရှင်သာရိပုတ္တရာ၏ အဖော်ပုဏ္ဏားကြီးဝတ္ထု....	၁၁၉
	သောတာပန်တည်ခြင်း	၁၂၀

အမှတ်စဉ်	အကြောင်းအရာ		စာမျက်နှာ
၈။	အာယုဝဓုန သတ္တိသားဝတ္ထု	....	၁၂၁
	အသက်ရှည်သော အစီအရင်	....	၁၂၃
	ကလေးကိုစားမည့် ဘီလူး	....	၁၂၄
	သောတာပန်တည်ခြင်း	....	၁၂၅
၉။	သံကိစ္စသာမဏဝတ္ထု	....	၁၂၆
	ခုနစ်နှစ်သား သာမဏေ	....	၁၂၆
	သံကိစ္စသာမဏေ၏ အကြောင်း	....	၁၂၇
	ရှင်သာမဏေပြုခြင်း	....	၁၂၈
	ရဟန်းသုံးကျိပ်	....	၁၂၈
	ကျောင်းဆောက်လုပ်ဒါန်းကြခြင်း	....	၁၃၀
	သူဆင်းရဲယောကျ်ား	....	၁၃၀
	နတ်ပူဇော်သော ခိုးသားငါးရာ	....	၁၃၂
	ရဟန်းသုံးကျိပ်ဒုက္ခ	....	၁၃၃
	သာမဏေကို သန်လျက်ဖြင့် ခုတ်ခြင်း	....	၁၄၆
	မကြောက်တရား	....	၁၄၇
	ခိုးသားငါးရာ ရဟန်းပြုကြခြင်း	....	၁၄၈
	ခိုးသားငါးရာ ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်ကြခြင်း	....	၁၅၉
	အဓိမုတ္တ သာမဏေ	....	၁၆၀
	အဓိမုတ္တသာမဏေ၏ မိဘများ	....	၁၆၀
	ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်ကြခြင်း	....	၁၆၁
၁၀။	ခါဏုကောဏ္ဍည မထေရ်ဝတ္ထု	....	၁၆၂
	ခိုးသားငါးရာ	....	၁၆၂
	ခိုးသားငါးရာ ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်ကြခြင်း	....	၁၆၃
၁၁။	သံပဟဒါသမထေရ်ဝတ္ထု	....	၁၆၄
	မြေကိုက်ခံခြင်း	....	၁၆၄
	ကျွန်ဖြစ်ခဲ့ဖူးသောမြေ	....	၁၆၆
	ပရိက္ခဏလိုချင်မှု	....	၁၆၇
	အရဟတ္တဖိုလ်ရခြင်း အကြောင်း	....	၁၆၈

အမှတ်စဉ်	အကြောင်းအရာ			စာမျက်နှာ
၁၂။	ပဋ္ဌာစာရီ ထေရိမ ဝတ္ထု	....	....	၁၄၉
	မိဘကဲ့စိတ်ထား	....	....	၁၄၉
	ပဋ္ဌာစာရီလင်သားဒုက္ခ	....	....	၁၅၀
	ပထမသားဦးဖွားခြင်း	....	....	၁၅၀
	ကံဆိုးမသွားရာ မိုးလုံကာလှိုရွာ	....	....	၁၅၁
	မောင်ဒါသ မြေကိုက်သေဆုံး	....	....	၁၅၂
	မိုးရေထဲ၌ တစ်ညလုံးဒုက္ခ	....	....	၁၅၂
	သာငယ်စွန်ချီ သားကြီးရေမျော	....	....	၁၅၃
	မိဘများသေဆုံးခြင်း	....	....	၁၅၄
	ပဋ္ဌာစာရီ ရူးသွပ်ခြင်း	....	....	၁၅၄
	မြတ်စွာဘုရားထံ ရောက်ရခြင်း	....	....	၁၅၅
	သမုဒ္ဒရာရေထက် များသော မျက်ရည်များ	....	....	၁၅၆
	အရှုးပျောက်၍ သောတာပန်ဘည်ခြင်း	....	....	၁၅၇
	ပဋိသမ္ဘိဒါပတ္တ ရဟန္တာမ ဖြစ်ခြင်း	....	....	၁၅၈
၁၃။	ကိသာဂေါတမီထေရိမ ဝတ္ထု	....	....	၁၆၉
	မိုးသွေးမှ ရွှေငွေပြန် ဖြာခြင်း	....	....	၁၆၀
	သားသေသကိုပွေ့လျက် သေးဝါးရှာခြင်း	....	....	၁၆၁
	တန်ယောက်သော ပညာရှိ	....	....	၁၆၂
	မရှိုင်သော မုန်ညင်းစေ့	....	....	၁၆၃
	သားသေရပ်ခေါင်း စုန့်ပစ်ခြင်း	....	....	၁၆၃
	သောတာပန်တည်ကြခြင်း	....	....	၁၆၄
	ပဋိသမ္ဘိဒါပတ္တ ရဟန္တာမ ဖြစ်ခြင်း	....	....	၁၆၄
၁၄။	ဗဟုပုတ္တိကထေရိမ ဝတ္ထု	....	....	၁၆၅
	သားသမီးတို့ စိတ်သဘောထား	....	....	၁၆၆
	ရဟန်းတရားကို ကြိုးစားအားထုတ်ခြင်း	....	....	၁၆၆
	ပဋိသမ္ဘိဒါပတ္တ ရဟန္တာမ ဖြစ်ခြင်း	....	....	၁၆၇

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
	၉။ ပါပဝဂ်	
၁။	စူဠဇဏ်သာဌက ပုဏ္ဏားကြီးဝတ္ထု	၁၆၈
	ပစ္စုပ္ပန်ဝတ္ထု	၁၆၈
	တစ်ယောက်တစ်လှည့် တရားနာခြင်း	၁၆၈
	ဇကသာဌက ပုဆိုးအလှူ	၁၆၉
	အဖိုးတစ်သိန်းထိုက် ကမ္မလာ	၁၇၁
	သဗ္ဗစတုက္က ဆုရခြင်း	၁၇၁
	သောတာပန် တည်ခြင်း	၁၇၁
၂။	သေယျသကမထေရ်ဝတ္ထု	၁၇၃
၃။	လာဇာနတ်သမီး ဝတ္ထု	၁၇၄
	ရွှေဗိမာန်နတ်သမီးဖြစ်ခြင်း	၁၇၅
	ရွှေတံမြက်စည်းနှင့် နတ်သမီး	၁၇၆
	နတ်သမီး သောတာပန်တည်ခြင်း	၁၇၈
၄။	အနာထပိဏ်သူဌေးကြီးဝတ္ထု	၁၇၉
	ဆန်ကွဲထမင်းအလှူ	၁၈၀
	အိမ်တံခါးမုခ်စောင့်သောနတ်	၁၈၀
	သူဌေးကြီးက နတ်ကိုနှင်ထုတ်ခြင်း	၁၈၁
	သိကြားမင်း ညွှန်ကြားချက်	၁၈၂
	နတ်သား၏တောင်းပန်ဝန်ချခြင်း	၁၈၃
	တံခါးစောင့်နတ် သောတာပန်တည်ခြင်း	၁၈၃
၅။	အသည်တပရိက္ခာရ ရဟန်းဝတ္ထု	၁၈၅
	သောတာပန်စသည် တည်ကြခြင်း	၁၈၇
၆။	ဗိဋ္ဌာလပဒကသူဌေးကြီး ဝတ္ထု	၁၈၈
	တစ်ယောက်သော ပညာရှိ	၁၈၉
	စိတ်ထားညွှံသော သူဌေးကြီး	၁၈၉
	သတ်ရန်အားထုတ်သော သူဌေးကြီး	၁၉၀
	သူဌေးကြီးသောတာပန်တည်ခြင်း	၁၉၁

အမှတ်စဉ်	အကြောင်းအရာ			စာမျက်နှာ
၇။	မဟာဇနကုန်သည်ဝတ္ထု	....	....	၁၉၂
	မဟာဇနကုန်သည်နှင့် ခိုးသားငါးရာ		....	၁၉၃
	ရဟန်းငါးရာ ပြန်ကြွခြင်း	....	....	၁၉၄
	ရဟန်းငါးရာ ပဒ္ဓိသမ္ဘိဒါပတ္တရဟန္တာဖြစ်ခြင်း		....	၁၉၅
၈။	ကုက္ကုဋ္ဌမိတ္တမုဆိုး ဝတ္ထု	....	....	၁၉၆
	သူဌေးသမီးနှင့်မုဆိုး	....	....	၁၉၆
	ကုက္ကုဋ္ဌမိတ္တမုဆိုးထံသို့ မြတ်စွာဘုရား ကြွတော်မူခြင်း			၁၉၈
	သားခုနစ်ယောက်	....	....	၁၉၈
	ချွေးမမျှားနှင့်အတူလိုက်သွားခြင်း	....	....	၁၉၉
	သား ချွေးမမျှားနှင့် မုဆိုး သောတာပန်တည်ခြင်း		....	၁၉၉
	လင်မုဆိုး မယားသောတာပန်ဖြစ်ခြင်း		....	၂၀၀
	ကုက္ကုဋ္ဌမိတ္တမုဆိုး အတိတ်ဝတ္ထု	....	....	၂၀၂
	ကဿပမြတ်စွာဘုရားစေတီတော်	....	....	၂၀၂
	စေတီတော်ကိုပြုခဲ့ဖူးသော ကောင်းမှု		....	၂၀၃
၉။	ကောကခွေးမုဆိုးဝတ္ထု	....	....	၂၀၄
	ခွေးစာဖြစ်သော မုဆိုး	....	....	၂၀၅
	ခွေးမုဆိုး၏ အတိတ်ဝတ္ထု	....	....	၂၀၆
	အရဟာတ္တဖိုလ်တည်ခြင်း	....	....	၂၀၇
၁၀။	မဏိကာရ ကုလုပ်ကတိသ မထေရ်ဝတ္ထု			၂၀၇
	ပတ္တမြားပျောက်မှု	....	....	၂၀၈
	မထေရ်ကို နှိပ်စက်ခြင်း	....	....	၂၀၉
	ကြိုးကြာဥက်သေမှု မိန့်တော်မူခြင်း		....	၂၁၀
	တောင်းပန်ခြင်းကို လက်မခံ	....	....	၂၁၀
	ပရိနိဗ္ဗာန်ပြုခြင်း	....	....	၂၁၁
၁၁။	တယောဇနဝတ္ထု	....	....	၂၁၁
	မီးလောင်သေဆုံးသော ကျီး	....	....	၂၁၁
	လှေသူကြီးယေား	....	....	၂၁၂
	အာဂန္တုကရဟန်း ခုနစ်ပါး	....	....	၂၁၃

အမှတ်စဉ်	အခန်းအကြောင်း	စာမျက်နှာ
	ထိုး၏ အတိတ်ဝတ္ထု	၂၁၄
	လှေသူကြီးမယား အတိတ်ဝတ္ထု	၂၁၄
	ခွေးသတ်သော မိန်းမ	၂၁၅
	ဖွတ်ဖမ်းသော သူငယ်ခုနစ်ယောက်	၂၁၆
	တစ်ဆယ့်လေးဘဝ ဝဋ်ခံရခြင်း	၂၁၆
	ရဟန်းများ သောတာပန် စသည် တည်ခြင်း	၂၁၇
၁၂။	သုပ္ပဗုဒ္ဓသာကီဝင် မင်းကြီးဝတ္ထု	၂၁၉
	သုပ္ပဗုဒ္ဓမင်းကြီး မြေမျိုခံရခြင်း	၂၁၉
၁၀။	ဒဏ္ဍဝင်	
၁။	ဆဗ္ဗဂ္ဂီရဟန်းတို့ဝတ္ထု	၂၂၂
၂။	ဆဗ္ဗဂ္ဂီရဟန်းတို့ ဝတ္ထု	၂၂၃
၃။	သမ္မဟုလကုမာရကဝတ္ထု	၂၂၅
၄။	ကောဇ္ဈာဝနမထေရ်ဝတ္ထု	၂၂၆
	အတိတ်ဝတ္ထု	၂၂၆
	မိန်းမပျိုကိုအဖော် ရဟန်းကမြင်ခြင်း	၂၂၇
	ဘုရင်ကို တိုင်ကြားခြင်း	၂၂၈
	ဘုရင်ကိုယ်တိုင် စောင့်ဖမ်းခြင်း	၂၂၉
	ကောသလမင်းကြီး ဒါယကာခံခြင်း	၂၃၀
၅။	ဝိသာခါ အစရှိကုန်သော ဒါယိကာမတို့၏ ဥပုသ်စောင့်သုံးသောဝတ္ထု	၂၃၄
	နွားကျောင်းသား ဥပမာ	၂၃၅
၆။	အင်ဂရပေတဝတ္ထု (စပါးကြီးမြေပြိတ္တာဝတ္ထု)	၂၃၆
	ကဿပမြတ်စွာဘုရားကျောင်းတော်ကို မီးရှို့ခဲ့ခြင်း	၂၃၇
	ကျောင်းဒါယကာ သူဌေးကြီး စေတနာ	၂၃၈
	သူဌေးကြီးအား သတ်လိုသောခိုးသူ	၂၃၈
	များစွာသောသူတို့ သောတာပန်တည်ခြင်း	၂၄၀

ဆမှတ်စဉ်	အကြောင်းအရာ			စာမျက်နှာ
၇။	မဟာမောဂ္ဂလာနမထေရ်ဝတ္ထု	....	....	၂၄၁
	အရှင်မောဂ္ဂလာန်ကို သတ်ခြင်း	....	....	၂၄၂
	တန်ခိုးပြတော်မူခြင်း	....	....	၂၄၂
	ခိုးသားတို့ကို ဖမ်းဆီးအပြစ်ပေးခြင်း	....	....	၂၄၃
	အရှင်မဟာမောဂ္ဂလာန် အတိတ်ဝတ္ထု	....	....	၂၄၅
	မယား၏ ကုန်းစကား	....	....	၂၄၅
	မိဘနှစ်ပါးကို ပြစ်မှားသောသား	....	....	၂၄၅
	ရဟန်းတော်များ သောတာပန်တည်ခြင်း	....	....	၂၄၆
၈။	ဗဟုဘဏ္ဍိကရဟန်းဝတ္ထု	....	....	၂၄၉
	များစွာသော ပစ္စည်းဘဏ္ဍာ	....	....	၂၄၉
	ရေစောင့်ရက္ခိုသဘီလူး အတိတ်ဝတ္ထု	....	....	၂၅၁
	မင်းသားညီနောင် သုံးယောက်	....	....	၂၅၂
	ဒေဝဓမ္မတရားကို ဟောကြားခြင်း	....	....	၂၅၄
	ဒေဝဓမ္မရားကြောင့် ဘီလူးလက်မှ လွတ်ခြင်း	....	....	၂၅၄
	ဘီလူးကို တိုင်းပြည်သို့ ခေါ်ခဲ့ခြင်း	....	....	၂၅၅
	ဇာတ်တော်ကို ပေါင်းခြင်း	....	....	၂၅၅
၉။	သန္ဓတိမဟာမတ္တဝတ္ထု	....	....	၂၅၇
	ကခ္ခေသည်မလေး သေဆုံးခြင်း	....	....	၂၅၈
	သန္ဓတိအမတ်ကြီး ရဟန္တာဖြစ်ခြင်း	....	....	၂၅၉
	သန္ဓတိအမတ်ကြီး ကောင်းကင်မှ တရားဟောခြင်း	....	....	၂၆၀
	အတိတ်ဝတ္ထု	....	....	၂၆၀
	မြင်းရထား စသည်ကို ဘုရင်က ပေးခြင်း	....	....	၂၆၁
	မွေးပုံကြိုင်လိုင်သော စန္ဒကူးနံ့	....	....	၂၆၂
	သမဏ ဗြာဟ္မဏ ပြဿနာ	....	....	၂၆၂
၁၀။	ပိလောတိက တိသ္သထေရဝတ္ထု	....	....	၂၆၄
	ပုဆိုးပိုင်းနှင့် အိုးခြမ်းကဲ့	....	....	၂၆၄
	အရဟာတ္တဖိုလ်သို့ ရောက်ခြင်း	....	....	၂၆၅
	သောတာပန် စသည် တည်ခြင်း	....	....	၂၆၅

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၁။	သုခသာမဏေရဝတ္ထု	၂၆၇
	တစ်သိန်းတန် ထမင်းစားပွဲ	၂၆၈
	ဇနပုဒ် ဝေဘတ္ဂင်းသား	၂၆၉
	ထမင်းတစ်နပ် သုံးနှစ် ကျွန်ခံခြင်း	၂၆၉
	ခမ်းနားကြီးကျယ်သော ထမင်းစားပွဲ	၂၇၁
	အရှင်ပစ္စေကဗုဒ္ဓါအား ဆွမ်းလှူခြင်း	၂၇၂
	သူဌေးကြီး စည်းစိမ်ထက်ဝက်ကို ပေးအင်ခြင်း	၂၇၄
	ဘတ္တာဘတိုက သူဌေးကြီး	၂၇၆
	သုခကုမာရသတ္ထိသား	၂၇၆
	ခုနစ်နှစ်သား သာမဏေ	၂၇၇
	သံကြားမင်းနှင့် နတ်မင်းကြီးတို့က စောင့်ခြင်း	၂၇၈
	မြတ်စွာဘုရားကိုယ်တော်တိုင် ထွက်ကြွ တန့်ရပ်တော်မူခြင်း	၂၇၉
	သောတာပန်တည်ခြင်း	၂၈၀
၁၂။	ဇရာဝဂ်	
၁။	ဝိသာခါ၏ အဆွေခင်ပွန်းမ ဝတ္ထု	၂၈၂
	အရက်သောက်သော မိန်းမငါးရာ	၂၈၂
	အရက်မူး၍ သီဆိုကခုန်ကြခြင်း	၂၈၃
	သောတာပန်တည်သော မိန်းမငါးရာ	၂၈၄
၂။	သိရိမာပြည့်တန်ဆာမဝတ္ထု	၂၈၆
	သိရိမာကို ချစ်ခင်စဲလျော်သောရဟန်း	၂၈၇
	သိရိမာကို စွဲ၍ ဒုက္ခဖြစ်သော ရဟန်း	၂၈၈
	သိရိမာကို ကြည့်ရှုရန် မင်းအာဏာ	၂၈၉
	သိရိမာကို ယူချင်သူမရှိ	၂၉၀
	ရှစ်သောင်းလေးထောင်သော သတ္တဝါတို့ ကျွတ်တမ်းဝင်ခြင်း	၂၉၁
၃။	ဥတ္တရာသေရီမ ဝတ္ထု	၂၉၂
၄။	သမ္မဟုလအဓိမာနိကရဟန်းဝတ္ထု	၂၉၃
	ရပန်းတော်ငါးပါး	၂၉၄

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၅။	ဇနပဒကလျာဏီ ရှုပနန္ဒာထေရီမဝတ္ထု	၂၉၅
	မြတ်စွာဘုရားထံ မသွားဘဲ နေခြင်း	၂၉၇
	တစ်ဆယ့်ခြောက်နှစ်ရွယ် မိန်းမငယ်	၂၉၇
	မိန်းမငယ်၏ အို, နာ, သေခြင်း	၂၉၉
	ရှုပနန္ဒာမထေရ်မ သောတာပန်တည်ခြင်း....	၃၀၀
	ရဟန္တာထေရီမ ဖြစ်ခြင်း	၃၀၁
၆။	မလ္လိကာဒေဝီဝတ္ထု	၃၀၂
	မလ္လိကာသည် မင်းကြီးအား လှည့်ပတ်ခြင်း	၃၀၂
	တစ်ဆယ့်လေးကုဋ္ဌေ အလှူသည် မကယ်နိုင်	၃၀၃
	အဝီစိမှ လွတ်၍ တုသိတာဘုံ၌ ဖြစ်ခြင်း	၃၀၃
	များစွာသောသူတို့ သောတာပန်ဖြစ်ခြင်း....	၃၀၅
၇။	လာဋ္ဌုဒါယီမထေရ်ဝတ္ထု	၃၀၇
	အဂ္ဂိဒတ္တပုဏ္ဏားနှင့် သား သောမဒတ္တ	၃၀၈
	မင်းကြီးသည် ပုဏ္ဏားအား ချီးမြှောက်ခြင်း	၃၁၀
	များစွာသောသူတို့ သောတာပန်တည်ခြင်း	၃၁၁
၈။	ဥဒါနဝတ္ထု	၃၁၂
၉။	မဟာနေသေဋ္ဌိပုတ္တဝတ္ထု	၃၁၄
	သေသောက်ကြူးတို့ ဉာဏ်ဆင်ပုံ	၃၁၅
	ကုဋ္ဌေရှစ်ဆယ် ကုန်ခြင်း	၃၁၅
	ကုဋ္ဌေတစ်ရာ့ခြောက်ဆယ်ကုန်ခြင်း	၃၁၆
	တောင်းခံစားသောက်ရသော သူဌေးလင်မယား	၃၁၆
	လူအများ သောတာပန်တည်ခြင်း	၃၁၇

၁၂။ အတ္ထဝဂ်

၁။	ဗောဓိရာဇကုမာရဝတ္ထု	၃၁၉
	ငှက်ရုပ်ယာဉ်ပျံ	၃၂၀
	သား, သမီးမရနိုင်သော ဗောဓိမင်းသား	၃၂၁
	လှေပျက်သော လင်မယား	၃၂၂
	ဗောဓိမင်းသား သောတာပန်တည်ခြင်း	၃၂၃

အမှတ်စဉ်	အကြောင်းအရာ			စာမျက်နှာ
၂။	ဥပနန္ဒသက္ကျမုတ်တော်ထွေရ ဝတ္ထု	....	....	၃၂၅
	မမွေကထိက ဥပနန္ဒ	....	....	၃၂၆
	ငါးကြင်းသားနှင့် ဖျံနှစ်ကောင်	....	....	၃၂၇
၃။	ပဓောနိကဘိဿထွေရ ဝတ္ထု	....	....	၃၂၉
	တရားထူးမရသော ရဟန်းများ	....	....	၃၂၉
	အကာလရာဝိကုက္ကုဋ္ဌဇာတ်	....	....	၃၃၀
	ရဟန်းငါးရာ ရဟန္တာဖြစ်ခြင်း	....	....	၃၃၁
၄။	ကုမာရကဿပမယ်တော် ထေရီမဝတ္ထု	....	....	၃၃၃
	ဝိသာခါ ရှင်းလင်းချက်	....	....	၃၃၄
	ကုမာရကဿပ ရဟန်းပြုခြင်း	....	....	၃၃၅
	ပြဿနာတစ်ဆယ့်ဝါးရပ်	....	....	၃၃၅
	မယ်တော်နှင့် ပြန်တွေ့ခြင်း	....	....	၃၃၆
	နီဂြောဓ သမင်မင်းဇာတ်	....	....	၃၃၇
	သဒ္ဓသမင်မင်း	....	....	၃၃၈
	သမင်ကို နှေစဉ်သတ်သော ဗာရာဏသီမင်း	....	....	၃၃၉
	သမင်အပေါင်း ကတိကဝတ်ပြုခြင်း	....	....	၃၃၉
	ကိုယ်ခန္ဓဆောင် သမင်မ	....	....	၃၄၀
	အသက်ကိုစွန့်၍ သမင်အပေါင်းကိုကယ်ခြင်း....		....	၃၄၀
	ဘုရားအလောင်းရွှေသမင်ကြောင့် ဘေးမဲ့ဖြစ်ရခြင်း		....	၃၄၁
	ရွှေသမင်မင်းတရားတော်	....	....	၃၄၂
	သားကို ဆုံးမခြင်း	....	....	၃၄၂
	ရွှေသမင်မင်း သြဝါဒကို လိုက်နာခြင်း	....	....	၃၄၃
	ဇာတ်ပေါင်းတော်မူခြင်း	....	....	၃၄၄
၅။	မဟာကာလဥပါသကာဝတ္ထု	....	....	၃၄၅
	အတိတ်ဝတ္ထု	....	....	၃၄၆
	မိန်းမချောနှင့် ခရီးသွားခြင်း	....	....	၃၄၆
	မကောင်းကြံသော မင်းချင်းယောကျ်ား	....	....	၃၄၇
	ရဟန်းများ သောတာပန်တည်ခြင်း	....	....	၃၄၇

ဆက်စဉ်	အကြောင်းအရာ			စာမျက်နှာ
၆။	ဒေဝဒတ္တ ဝတ္ထု	....	....	၃၄၈
	အင်္ဂကမုဆိုးအကြောင်း	....	....	၃၄၉
	သဘိကောင်းသော ဆတ်မင်း	....	....	၃၄၉
	များစွာသောသူတို့ သောတာပန်တည့်ခြင်း	....	....	၃၅၁
၇။	သံဃာသင်းခွဲရန် အားထုတ်ခြင်း ဝတ္ထု	....	....	၃၅၂
၈။	ကာလမထေရ် ဝတ္ထု	....	....	၃၅၃
	တရားမနာရန် တားမြစ်သော ရဟန်း	....	....	၃၅၄
	ဥပါသိကာမ သောဝါဒပန်တည်ခြင်း	....	....	၃၅၄
၉။	စူဠကာလဥပါသကာ ဝတ္ထု	....	....	၃၅၅
၁၀။	အတ္တဒတ္ထထွေရ ဝတ္ထု	....	....	၃၅၇
	အတ္တဒတ္ထမထေရ် အားထုတ်ပုံ	....	....	၃၅၈
	အတ္တဒတ္ထမထေရ်ကို ချီးမွမ်းခြင်း	....	....	၃၅၈

၁၃။ လောကဝဂ်

၁။	ရဟန်းယဝဝတ္ထု	....	....	၃၆၀
	ဝိသာခါ၏ မြေး	....	....	၃၆၀
	ဆွမ်းခံရင်း ရန်ဖြစ်သော ရဟန်း	....	....	၃၆၀
	ရန်ဖြစ်သော ရဟန်း သောတာပန်တည်ခြင်း	....	....	၃၆၂
၂။	သုဒ္ဓေါဒနမင်းကြီးဝတ္ထု	....	....	၃၆၂
	ခမည်းတော်ထံ မကြာခဏ ဆွမ်းခံကြွတော်မူခြင်း	....	....	၃၆၃
	သုဒ္ဓေါဒနမင်းကြီး သောတာပန်တည်ခြင်း	....	....	၃၆၄
၃။	ပိပ္ပလိကာ ရဟန်းငါးရာဝတ္ထု	....	....	၃၆၅
	တံလျှပ်ကာမွှေးနှံ	....	....	၃၆၆
၄။	အဘယမင်းသားဝတ္ထု	....	....	၃၆၆
	ခုနစ်ရက် မင်းဖြစ်ခြင်း	....	....	၃၆၇
	အဘယမင်းသား သောတာပန်တည်ခြင်း	....	....	၃၆၇
၅။	သမွှေးနမထေရ်ဝတ္ထု	....	....	၃၆၈
	များစွာသောသူတို့ သောတာပန်တည်ခြင်း	....	....	၃၆၉

အမှတ်စဉ်	အကြောင်းအရာ			စာမျက်နှာ
၆။	အင်္ဂလိမာလမထေရ်စတ္ထု	....	....	၃၂၀
	ယသောဓိတ်ပုဏ္ဏားလျှောက်တင်ပုံ	....	....	၃၂၀
	အဟိံသကလုလင်	....	....	၃၂၁
	မကောင်းကြံစသော ကျောင်းသခင်များ	....	....	၃၂၁
	အဟိံသကလုလင်ကို သတ်ရန် ကြံစည်ခြင်း	....	....	၃၂၂
	ဆရာကြီး၏ စေခိုင်းချက်	....	....	၃၂၃
	အင်္ဂလိမာလကြောင့် ရွာများ ပျက်စီးခြင်း	....	....	၃၂၃
	အင်္ဂလိမာလ မိခင်	....	....	၃၂၄
	မြတ်စွာဘုရားနှင့် တွေ့ခြင်း	....	....	၃၂၅
	အင်္ဂလိမာလ ဟိတိကံ့ရှု ရဟန်းဖြစ်ခြင်း	....	....	၃၂၆
	ကောသလမင်းကြီး အင်္ဂလိမာလ ဖမ်းရန် ထွက်တော်မူခြင်း			၃၂၇
	ဘုရင်စစ်သည်တော်များ ထွက်ပြေးကြခြင်း	....	....	၃၂၈
	ပစ္စည်းလေးပါး ဒါယကာခံခြင်း	....	....	၃၂၉
	ဆွမ်းအတွက် အခက်ကြုံခြင်း	....	....	၃၃၀
	မီးဖွားခြင်း ဒုက္ခ	....	....	၃၃၁
	မီးဖွားလွယ်သော ဒေဝီအင်္ဂလိမာလပရိတ်တော်	....	....	၃၃၁
	အင်္ဂလိမာလပရိတ်တော်၏ တန်ခိုး	....	....	၃၃၂
	အရှင်အင်္ဂလိမာလ ရဟန္တာဖြစ်ခြင်း	....	....	၃၃၃
	မျှားစွဲသေခဲသူတို့ သေဘေးပန်တည်ခြင်း	....	....	၃၃၅
၇။	ရက်ကန်းသည် သတို့သမီးယော်ဝတ္ထု	....	....	၃၃၅
	ရက်ကန်းသည်မလေး	....	....	၃၃၆
	မြတ်စွာဘုရားသည် စာရှုးမဟော	....	....	၃၃၈
	မြတ်စွာဘုရားထံသို့ သွားခြင်း	....	....	၃၃၈

အမှတ်စဉ်	အကြောင်းအထူ			စာမျက်နှာ
	ပုစ္ဆာလေးခု	....	....	၃၈၉
	ရက်ကန်းသည်မလေးအား လူဇင်းများက ကဲ့ရဲ့ရှုတ်ချခြင်း			၃၈၉
	ရက်ကန်းသည်မလေး သောတာပန်တည်ခြင်း		....	၃၉၁
	တုသိတာနတ်ပြည်၌ ဖြစ်ခြင်း	....	....	၃၉၂
	အဖ ရဟန်းပြုပြီး ရဟန္တာဖြစ်ခြင်း	....	....	၃၉၃
၈။	ရဟန်းသုံးကျိပ်ဝတ္ထု	....	....	၃၉၃
	များစွာသောသူတို့ သောတာပန်တည်ခြင်း	....	....	၃၉၄
၉။	စိဉ္ဆမာဏဝိကာမိန်းမဝတ္ထု	....	....	၃၉၅
	စိဉ္ဆမာဏဝိကာ	....	....	၃၉၅
	မိန်းမမသာယာ	....	....	၃၉၆
	ကိုယ်ဝန်အတုဖြင့် ဘုရားရှင်အားစွပ်စွဲခြင်း	....	....	၃၉၇
	စိဉ္ဆမာဏဝိကာ မြေမျိုခြင်း	....	....	၃၉၈
	မဟာပဒုမမင်းသား	....	....	၃၉၉
	မိဖုရားကြီးက ဖျားယောင်းခြင်း	....	....	၄၀၀
	မာယာဖြင့် လှည့်စားခြင်း	....	....	၄၀၁
	မဘက်လိုက်မိုက်ဘက်ပါ	....	....	၄၀၂
	နဂါးပြည်၌ စံပြီးမှ ရဟန်းပြုခြင်း	....	....	၄၀၅
	မုဆိုးနှင့်တွေ့ခြင်း	....	....	၄၀၆
	သားတော်အား အကြောင်းစုံမေးမြန်းခြင်း	....	....	၄၀၇
	သားတော်ရသွေ့အား ဝန်ချကန်တော့ခြင်း	....	....	၄၀၈
	မိဖုရားကို ကမ်းပါးပြတ်၌ပစ်ချခြင်း	....	....	၄၀၉

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
	ဇာတ်တော်ကို ပေါင်းတော်မူခြင်း	၄၀၉
	များစွာသောသူတို့သောတာပန်တည်ခြင်း	၄၁၀
၁၀။	အသဒိသဒါနဝတ္ထု	၄၁၁
	မင်းနှင့်ပြည်သူ အပြိုင်အဆိုင် လှူဒါန်းကြခြင်း	၄၁၁
	ပြည်သူတို့မပြုနိုင်သော အသဒိသဒါန	၄၁၂
	အင်္ဂုလိမာလနှင့်ဆင်ရိုင်း	၄၁၃
	တစ်ဆယ့်လေးကုဋ္ဌေတန်အလှူကြီး	၄၁၄
	ကာလအမတ်နှင့် ဇုဏ္ဏအမတ်	၄၁၄
	ကာလအမတ်ကို တိုင်းပြည်မှ နှင်ထုတ်တော်မူခြင်း	၄၁၆
	ဇုဏ္ဏအမတ် သောတာပန်တည်ခြင်း	၄၁၇
၁၁။	အနာထပိဏ်သူဌေးဏ်သား ကာလသတို့သားဝတ္ထု	၄၁၈
	အသပြာကိုမက်၍ ဥပုတ်စောင့်ခြင်း	၄၁၉
	အသပြာမက်၍ တရားနာခြင်း	၄၁၉
	အသပြာတစ်ထောင် မယူခြင်း	၄၂၀
	စကြာဝတေးမင်း၏ စည်းစိမ်ထက် မြတ်သော သောတာပတ္တိဖိုလ်	၄၂၁

၁၄။ ဗုဒ္ဓဝင်

၁၂။	မာဂဏ္ဍိယ ပုဏ္ဏားကြီးဝတ္ထုယ(မာရ်နတ်သမီးများ ဝတ္ထု)	၄၂၂
	သမီးမာဂဏ္ဍိကို ပေးအပ်ခြင်း	၄၂၂
	မြတ်စွာဘုရားခြေတော်ရာ	၄၂၃
	ဗုဒ္ဓဝင်ဖြစ်စဉ်အကျဉ်းချုပ်	၄၂၄

[နှ] မေပဒဝတ္ထု

အစုတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
	မာရ်နတ်မင်း သမီးတော်သုံးယောက်	၄၂၅
	မာရ်နတ်သမီးတို့အား မိန့်ကြားခြင်း	၄၂၆
	မာဂဏ္ဍီပုဏ္ဍားကြီး ခင်ပွန်းလင်မယား အနာဂါမ်တည်ခြင်း	၄၂၇
၂။	နတ်ပြည်မှ ဆင်းသက်တော်မူသောဝတ္ထု	၄၂၈
	စန္ဒကူးသပိတ်နှင့် တိတ္ထိဆရာကြီးများ	၄၂၈
	ပိဏ္ဍောလဘာရ ဒွါဇမထေရ်	၄၃၀
	ကျောက်ဖျာကြီးကို ခြေကြားဖြင့်ညှပ်ယူခြင်း	၄၃၁
	အရှင်ပိဏ္ဍောလအား သပိတ်လှူဒါန်းခြင်း	၄၃၁
	တိတ္ထိတို့ တန်ခိုးပြိုင်ရန် အားထုတ်ကြခြင်း	၄၃၂
	ဗိမ္ဗိသာရမင်းကြီး	၄၃၃
	တိတ္ထိဆရာကြီးများ စိတ်မကောင်းဖြစ်ကြခြင်း	၄၃၄
	တိတ္ထိဆရာကြီးများ မဏ္ဍပ်	၄၃၅
	ဥယျဉ်စောင့်ကဏ္ဍ	၄၃၅
	အတောင် ငါးဆယ်မြင့်သော သရက်ပင်	၄၃၆
	တိတ္ထိဆရာကြီးများ ထွက်ပြေးကြခြင်း	၄၃၇
	ဃရဏီဥပါသိကာမ	၄၃၈
	စူဋ္ဌအနာထပိဏ်သူဌေး	၄၃၉
	စီရအမည်ရှိသော သာမဏေငယ်မ	၄၄၀
	စုန္ဒသာမဏေငယ်	၄၄၀
	ဥပ္ပလဝဏ်ထေရီ	၄၄၁
	မဟာမောဂ္ဂလာန်	၄၄၁

အမှတ်စဉ်	အကြောင်းအရာ		စာမျက်နှာ
အတိတ်ဝတ္ထု	....	....	၄၄၃
အဖွားအိုနှင့် ဘုရားလောင်း နွားဥသဘ	....	....	၄၄၃
လှည်းဝါးရုက်ကို ထုတ်ဆောင်ခြင်း	....	....	၄၄၄
အစုံစုံဝသာဃမကပြဋ္ဌိဟာ	....	....	၄၄၆
မြတ်စွာဘုရားကိုယ်တော်နှင့် နီမွိတ်ဘုရား	....	....	၄၄၉
တာဝတိံသာနတ်ပြည်တွင် ဝါဆိုတော်မူခြင်း	....	....	၄၄၉
သိကြားမင်း၏ စိတ်အကြံ	....	....	၄၅၀
လူအမျိုးတို့ ငိုကြွေးကြခြင်း	....	....	၄၅၁
အရှင်မဟာ မောဂ္ဂလာန်အား လျှောက်ထားကြခြင်း	....	....	၄၅၂
စူဠအနာထပိဏ်သူဌေး	....	....	၄၅၂
ဣန္ဒကနတ်သားနှင့် အကုံရနတ်သား	....	....	၄၅၃
ဣန္ဒကနတ်သားကောင်းမှု	....	....	၄၅၆
အဘိဓမ္မာတရားတော်	....	....	၄၅၈
အဘိဓမ္မာရွေးဦးသင် ရဟန်းတော်များ....	....		၄၅၈
မယ်တော် သန္ဓာသီတ နတ်သား သောတာပန်ဖြစ်ခြင်း	....		၄၅၉
မြတ်စွာဘုရားအား လျှောက်ထားခြင်း	....	....	၄၅၉
တာဝတိံသာမှ သက်ဆင်းတော်မူခြင်း	....	....	၄၆၀
ရွှေ ငွေ ပတ္တမြား စောင်းတန်းသုံးခု	....	....	၄၆၁
အကျွတ်တရားရသူပေါင်း ကုဋေသုံးဆယ်		....	၄၆၂
ပြဿနာမေးတော်မူခြင်း	....	....	၄၆၃
အရှင်သာရိပုတ္တရာပညာ	....	....	၄၆၄
အတိတ်ဝတ္ထု	....	....	၄၆၅

အမှတ်စဉ်	အကြောင်းအရာ		စာမျက်နှာ
၃။	ရေကပတ္တာ နဂါးမင်းဝတ္ထု	....	၄၆၈
	မြတ်စွာဘုရား ပွင့် မပွင့် စုံစမ်းခြင်း	....	၄၆၈
	မြတ်စွာဘုရားပွင့်တော်မူကြောင်း သတင်းကောင်းရခြင်း		၄၆၉
	နဂါးမငယ်နှင့် ဥတ္တရလုလင်တို့ တွေ့ဆုံပုံ	....	၄၇၂
	နဂါးမင်းဘုရားထံမှောက် ရောက်ခြင်း....	....	၄၇၃
	တရားနာရခြင်း၏ အကျိုး	....	၄၇၄
၄။	အရှင်အာနန္ဒာ့ မထေရ်ဝတ္ထု	....	၄၇၅
	အရှင်အာနန္ဒာအမေး	....	၄၇၅
	ခပ်သိမ်းသော ဘုရားရှင်တို့၏ သြဝါဒတော်	....	၄၇၇
၅။	ရဟန်းတစ်ပါးဝတ္ထု	....	၄၇၉
	မန္ဒာတ်စကြာမင်းကြီးအကြောင်း	....	၄၈၁
	မန္ဒာတ်မင်းကြီး နတ်ပြည်သို့တက်၍ နတ်မင်း, သိကြားမင်းတို့၏		
	စည်းစိမ်ကို ခံစံခြင်း	....	၄၈၂
၆။	အဂ္ဂိဒတ္တပုဏ္ဏားကြီး ဝတ္ထု	....	၄၈၅
	အဂ္ဂိဒတ္တပုဏ္ဏားကြီး တောထွက်ခြင်း	....	၄၈၅
	အရှင်မောဂ္ဂလာန်နှင့် နဂါးမင်း တန်ခိုးချင်းပြိုင်	....	၄၈၆
	ရသေ့တို့အား တရားဟောခြင်း	....	၄၉၀
	သာသနာတော်၏အကျိုး	....	၄၉၃
	ဘုရား၏ ဇာပည်တ်အဖြစ်ကို ဝန်ခံခြင်း	....	၄၉၄

အမှတ်စဉ်	အကြောင်းအရာ			စာမျက်နှာ
၇။	အာနန္ဒမထေရ်ဝတ္ထု	....	....	၄၉၄
	ယောက်ျားအာဇာနည်တို့ ဖြစ်ရာအရပ်	....	....	၄၉၅
၈။	မျှားစွာသော ရဟန်းတို့ဝတ္ထု	....	....	၄၉၆
၉။	ကဿပဒဿဗလသုဝဏ္ဏစေတိယဝတ္ထု	....	....	၄၉၇
	မှတ်သားဖွယ်ရာ အကွရာစဉ်	....	....	၅၀၁

မာတိကာပြီး၏။

ဓမ္မပဒတ္ထ

(တတိယတွဲ)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၇။ အရဟန္တဝဂ်.

(ရဟန္တာများအကြောင်း ပြဆိုခန်း)

၁။ ဇီဝကပဋ္ဌဝတ္ထု

(ဇီဝက၏ အမေးပြဿနာဝတ္ထု)

ဂတဒ္ဓိနော အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဇီဝက၏ သရက်ဥယျာဉ်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သမားတော်ကြီးဇီဝက မေးမြန်းအပ်သော ပြဿနာကို အကြောင်းပြု၍ ဟောကြားတော်မူသည်။ ဆရာဇီဝက၏ ဝတ္ထုအကြောင်းကို ဝိနည်းမဟာဝါ ခန္ဓကဋ္ဌ အကျယ်ပြဆိုအပ်ပြီ။

အခါတစ်ပါး၌ ရှင်ဒေဝဒတ်သည် အဇာတသတ်မင်းနှင့် ပူးပေါင်း၍ ဂိဇ္ဈကူဋ်တောင်သို့ တက်ပြီးလျှင် ပြစ်မှားသောစိတ်ဖြင့် "မြတ်စွာဘုရားကို သတ်မည်" ဟု ကျောက်တုံးကြီးကို လှိမ့်ချလေပြီ။ ထိုကျောက်တုံးကြီးကို တောင်စွယ်ကျောက်စွန်း နှစ်ခုတို့သည် ဆီးကြို၍ ခံလင့်ကုန်၏။ ထိုကျောက်စွန်းမှ ပဲ့ထွက်လာသော ကျောက်ချပ်လွှာသည် မြတ်စွာဘုရားရှင်၏ ခြေတော်ကို ထိမှန်၍ သွေးစိမ်းတည်စေပြီ။ ပြင်းထန်လှစွာသော နာကျင်မှုဝေဒနာများသည် ဖြစ်ပေါ်ကုန်၏။ ရဟန်းတို့သည် မြတ်စွာဘုရားကို မဒ္ဒကုစ္ဆိ အမည်ရှိသော (ဂိဇ္ဈကူဋ်တောင်ခြေ) ကျောင်းသို့ သယ်ဆောင်ကုန်၏။ မြတ်စွာဘုရားရှင်သည် ထိုအရင်မှ လည်း ဇီဝက၏ သရက်ဥယျာဉ်ကျောင်းတော်သို့ ကြွတော်မူလိုရကား "ထိုဇီဝက၏ သရက်ဥယျာဉ်ကျောင်းတော်သို့ ငါ့ကို ဆောင်ကြကုန်လော့" ဟူ၍ မိန့်တော်မူ၏။ ရဟန်းတို့သည် မြတ်စွာဘုရားကို သယ်ယူ၍ ဇီဝက၏ သရက်ဥယျာဉ်ကျောင်းတော်သို့ သွားကြကုန်၏။

သမားတော်ကြီး ဆရာဇီဝကသည် ထိုသတင်းကိုကြား၍ မြတ်စွာဘုရားထံတော်သို့ ချဉ်းကပ်ပြီးလျှင် အနာကို ကုစားခြင်းငှါ ထက်မြက်သော ဆေးဓနိကောင်းကို လိမ်း၍ အနာကို ပတ်တီးစည်းပြီးလျှင် မြတ်စွာဘုရားအား ဤသို့ လျှောက်ထား၏။ "အရှင်ဘုရား တပည့်တော်သည် ရာဇဂြိုဟ်မြို့တွင်း၌ လူတစ်ယောက်အား ဆေးကုသထားပါ၏။ ထိုလူထံသို့သွား၍ တဖန်ပြန်လာပါမည် ဘုရား တပည့်တော် ပြန်လာသည်တိုင်အောင် ဤဆေးကို စည်းထားသည့် အတိုင်း မဖြည်ဘဲ ထားတော်မူပါဘုရား" ဟု လျှောက်ထား၏။ ဆရာဇီဝကသည် သွား၍ ထိုယောကျ်ားအား ပြုသင့်သော ဆေးကုသမှုကို ပြုလုပ်၍ မြို့တံခါးပိတ်ချိန်အမီ လာသောအခါ မြို့တံခါးပေါက်သို့ အချိန်မီ မရောက်ချေ။ ထို့အခါ ဇီဝကအား ဤသို့ အကြံအစည် ဖြစ်၏။ "ငါသည် ဤမျှဝန်လေးသောအမှုကို ပြုမိလေစွတကား၊ မြတ်စွာဘုရားရှင်အား သာမန်လူတစ်ယောက်ကဲ့သို့ ခြေတော်၌ ထက်မြက်သော ဆေးလိမ်း၍ အနာကို ပတ်တီး ချည်မိလေပြီ၊ ဤအချိန်အခါသည်ကား ထိုအနာပတ်တီးကို ဖြည်ရမည့် အချိန်အခါပေတည်း၊ ထိုပတ်တီးကို မဖြည်မိချေသော် မြတ်စွာဘုရား၏ ကိုယ်တော်၌ တစ်ညလုံး ပူလောင်မှုဖြစ်လေတော့မည်" ဟု တွေးတောကြံစည်လေ၏။ ထို၁၈၌ မြတ်စွာဘုရားသည် အရှင်အာနန္ဒာကို ဤသို့ မိန့်တော်မူ၏။ "ချစ်သားအာနန္ဒာ ဆရာဇီဝကသည် ညနေချမ်းအချိန်၌ ငါဘုရားထံ လာသောအခါ မြို့တံခါးသို့ အချိန်မီ မရောက်ခဲ့ချေ။ ဤအချိန်အခါသည်ကား အနာကို ပတ်တီးဖြည်ရမည့် အချိန်အခါတည်း" ဟု တွေးတောကြံစည်နေ၏။ ထိုပတ်တီးကို ဖြေလျော့ဟု မိန့်တော်မူ၏။ အရှင်အာနန္ဒာသည် ပတ်တီးကို ဖြည်သိုက်၏။ အနာသည် သစ်ပင်မှ အပွေး (အခုံးခေါက်) ကဲ့သို့ ကွာကျသွားလေ၏။

ဆရာဇီဝကသည် အရှာက်မတက်မီ မြတ်စွာဘုရားထံသို့ လျင်မြန်စွာလာလတ်၍ "အရှင်ဘုရား အသို့နည်း၊ အရှင်ဘုရား၏ ကိုယ်တော်၌ ပူလောင်မှု ဖြစ်ခဲ့ပါသလော" ဟု မေးမြန်းလေ၏။ မြတ်စွာဘုရားရှင်သည် "အို ဇီဝက ဗောဓိဇ္ဈင်ဗောဓိပင်ရင်းမှာပင်လျှင် မြတ်စွာဘုရားရှင်အား အလုံးစုံသော ပူလောင်မှုတို့သည် ငြိမ်းအေးစေခဲ့ပြီ" ဟူ၍ စကားစပ် ပြုလုပ်ပြီးလျှင် တရားဟောတော် မူလိုရကား ဤဂါထာကို ရွတ်ဆိုတော်မူ၏။

ဂတဒ္ဓိနော ဝိသောကဿ၊ ဝိပ္ပမုတ္တဿ သဗ္ဗဓိ။
သဗ္ဗဂန္ထပ္ပဟီနဿ၊ ပရိဠာဟော န ဝိဇ္ဇတိ။

မြန်မာပြန်။ ။ခရီးလမ်းဆုံး ရောက်ပြီးသော သောက ကင်းဝေးပြီးသော အလုံးစုံသော တရားတို့၌ စွန့်လွှတ်ပြီးသော နှောင်ဖွဲ့မှုအားလုံးကို ပယ်ပြီးသော ရဟန္တာပုဂ္ဂိုလ်အား ပူလောင်ခြင်း မရှိတော့ချေ။

ထိုဂါထာ၌ ဂတဒ္ဓိနော ဟူသည်မှာ ခရီးသွားပုဂ္ဂိုလ်အား ခက်ခဲသော ခရီးရှည်နှင့် ဝဋ္ဌဆင်းရဲ ခရီးရှည်ဟူ၍ ခရီးရှည်နှစ်မျိုး ရှိသည်။ ထိုနှစ်မျိုးတို့တွင် ခက်ခဲသော ကန္တာရခရီးသွားသူသည် လုံရာအရပ်သို့ မရောက်သေးသမျှကာလ ပတ်လုံး ခရီးသည်အဖြစ်သာ ရှိနေ၏။ လိုအပ်သည့်ဌာနသို့ ရောက်သည့်အခါ ခရီးလမ်းဆုံး ရောက်ပြီးသူ မည်၏။ ထိုနည်းအတူ ဝဋ္ဌဆင်းရဲကို မှီကုန်သော သတ္တဝါတို့သည် ဝဋ္ဌဆင်းရဲအတွင်း၌ ရှိနေသမျှ ကာလပတ်လုံး ခရီးသည်အဖြစ်သာ တည်ရှိနေ၏။ အကြောင်းမူ ဝဋ္ဌဆင်းရဲ မကုန်ဆုံးသေးသောကြောင့် ဖြစ်သည်။ ထို့ကြောင့် သောတာပန် အစရှိသော ပုဂ္ဂိုလ်များသည်ပင်လျှင် ခရီးသည်ဟု အမည်ရကြသည်။ ဝဋ္ဌဆင်းရဲကို ကုန်ဆုံးစေ၍ တည်နေသော ရဟန္တာပုဂ္ဂိုလ်သည်သာလျှင် ခရီးလမ်းဆုံး ရောက်ပြီးသူ မည်၏။

ဝိသောကဿ–ဟူသည်မှာ ဝဋ္ဌဆင်းရဲ၏ အရင်းမူလဖြစ်သော သောကကင်းစင်ပြီးဖြစ်သောကြောင့် ဝိသောက=သောကကင်းဝေးသူဟု ဆိုလိုသည်။ **ဝိပ္ပမုတ္တဿ သဗ္ဗဓိ**–"အလုံးစုံသော တရားတို့၌ စွန့်လွှတ်ပြီးသော" ဟူသည်မှာ အလုံးစုံသော ခန္ဓာအစရှိသော တရားတို့၌ စွန့်လွှတ်ပြီးသောဟု ဆိုလိုသည်။ **သဗ္ဗဂန္ထပ္ပဟီနဿ**–"နှောင်ဖွဲ့မှုအားလုံးကို ပယ်ပြီးသော" ဟူသည်မှာ နှောင်ဖွဲ့မှုလေးမျိုးတို့ကို ပယ်ရှားပြီးသောကြောင့် နှောင်ဖွဲ့မှုအားလုံးကို ပယ်ပြီးသူဟု ဆိုလိုသည်။ **ပရိဋ္ဌာဟော နဝိဇ္ဇတိ**–ဟူသည်မှာ ပူလောင်ခြင်းသည် ကိုယ်၌ ပူလောင်ခြင်း, စိတ်၌ ပူလောင်ခြင်းဟူ၍ ၂-မျိုးရှိသည်။ ထို ၂-မျိုးတို့တွင် ရဟန္တာပုဂ္ဂိုလ်အား အအေး အပူ စသည် ဖြစ်နိုင်သောကြောင့် ကိုယ်၌ဖြစ်သော ပူလောင်ခြင်းသည် မငြိမ်းအေးသေးချေ။ ထိုသို့ ကိုယ်၌ဖြစ်သော ပူလောင်မှုကို ရည်ရွယ်၍ ဆရာဇီဝက က မေးမြန်းခြင်း ဖြစ်သည်။ မြတ်စွာဘုရားရှင်သည် မူကား တရားမင်း ဖြစ်တော်မူသည့်အလျောက် တရားဟောကြားရန် အစီအစဉ်လိမ္မာ ကျွမ်းကျင်သဖြင့် စိတ်၌ဖြစ်သော ပူလောင်မှု၏ အစွမ်းအားဖြင့် တရားဒေသနာတော်ဘက်သို့ ဦးလှည့်စေလိုရကား "အို ဇီဝက မဖောက်မပြန် မှန်ကန်သော ပရမတ္ထအားဖြင့် ဤသို့ သဘောရှိသော ရဟန္တာပုဂ္ဂိုလ်အား ပူလောင်ခြင်း မရှိ" ဟူ၍ ဟောတော်မူ၏။ ဒေသနာ၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

ဆရာဇီဝကအကြောင်း

ဤ၌ စကားဆက်စပ်လေသဖြင့် သမားတော်ကြီး ဆရာဇီဝကအကြောင်းကို ဝိနည်းမဟာဝါ ပါဠိသော် စီဝရက္ခန္ဓက၌ လာသည့်အတိုင်း အနည်းငယ်မျှ ပြဆို ပါဦးအုံ—

အမ္ဗပါလီကြောင့် ဝေသာလီ စည်ကားခြင်း

မြတ်စွာဘုရားကိုယ်တော်မြတ်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူသောအခါ၌ လိစ္ဆဝီမင်းတို့ စံနေရာ ဝေသာလီပြည်ကြီးသည် ပြည့်စုံကြွယ်ဝ ပေါများလှ၍ ထမင်းရေစာလည်းရလွယ်၏။အထူးထူးအပြားပြား များစွာသော လူအပေါင်းတို့ဖြင့် ထူထပ်ပြည့်ကြပ်နေ၏။ ခုနစ်ထောင်, ခုနစ်ရာ, ခုနစ်ဆောင်ကုန်သော ပြာသာဒ်တို့သည်လည်းကောင်း၊ ခုနစ်ထောင်, ခုနစ်ရာ, ခုနစ်ဆောင်ကုန်သော စုလစ်မှန်းချန်တပ်သော အိမ်တို့သည်လည်းကောင်း၊ ခုနစ်ထောင်, ခုနစ်ရာ, ခုနစ်ခုကုန်သော အရံတို့သည်လည်းကောင်း၊ ခုနစ်ထောင်, ခုနစ်ရာ, ခုနစ်ခုကုန်သော ရေကန်တို့သည်လည်းကောင်းရှိကုန်၏။ အမ္ဗပါလီ အမည်ရှိသော ပြည့်တန်ဆာမသည် အလွန် အဆင်းလှ၏။ ရှချင်စဖွယ် ရှိ၏။ ကြည့်၍ ကောင်း၏။ မြတ်သောအဆင်း အသွင်အပြင် ကြန်အင်လက္ခဏာနှင့် ပြည့်စုံ၏။ကခြင်း သီခြင်း တီးမှုတ်ခြင်း၌ လွန်မင်း ကျမ်းကျင်တတ်မြောက်သဖြင့် ကျော်ကြား ထင်ရှား၏။ သွားလို ရောက်လို ပျော်ပါးလိုသော လူတို့သည် တစ်ညတ္တက်တာ ငါးဆယ်သော အသပြာတို့ကိုယူ၍ သွားလာကြရ၏။ ထိုအမ္ဗပါလီ ပြည့်တန်ဆာမကြောင့်လည်း ဝေသာလီပြည်ကြီးသည် အတိုင်းထက် အလွန် တိုး၍ စည်ကားတင့်တယ်၏။

ရာဇဂြိုဟ်ပြည်၌ ပြည့်တန်ဆာ တင်မြောက်ခြင်း

ထိုအခါ ရာဇဂြိုဟ်ပြည်၌ နေသော ကုန်သည်တစ်ဦးသည် အလုပ်ကိစ္စတစ်ခုဖြင့် ဝေသာလီပြည်သို့ သွားရောက်သည်ရှိသော် ပြည့်စုံကြွယ်ဝစည်ကားလှသော ဝေသာလီပြည်ကြီးကို တွေ့မြင်၍ ယခင် ဆိုအပ်ပြီးသော အခြင်းအရာတို့ကို သေချာ မှတ်သားလျက် ဝေသာလီပြည်၌ အလုပ်ကိစ္စများ ပြီးသောအခါ ရာဇဂြိုဟ်ပြည်သို့ ပြန်သွား၏။ ထိုကုန်သည်သည် စစ်သည်ဗိုလ်ပါ များစွာရှိသော မဂဓတိုင်းရှင် ဘုရင် ဗိမ္ဗိသာရမင်းကြီးသို့ ချဉ်းကပ်ပြီးသော် အရှင်မင်းမြတ် ဝေသာလီပြည်ကြီးသည် ပြည့်စုံကြွယ်ဝ ပေါများလှသဖြင့် ထမင်းရေစာလည်း ရလွယ်၏။အထူးထူးအပြားပြား များစွာရှိသော လူအပေါင်းတို့ သောင်းသောင်း ဖြဖြ သွားလာကြသဖြင့် လူထူထပ် ပြည့်ကြပ်နေပေ၏။ ခုနစ်ထောင်, ခုနစ်ရာ, ခုနစ်ဆောင်ကုန်သော ပြာသာဒ်တို့သည်လည်းကောင်း၊ ခုနစ်ထောင်, ခုနစ်ရာ, ခုနစ်ဆောင်ကုန်သော စုလစ်မှန်းချန်တပ်သော အိမ်ဘို့သည်လည်းကောင်း၊ခုနစ်ထောင်, ခုနစ်ရာ, ခုနစ်ခုကုန်သော ရေကန်တို့သည်လည်းကောင်း ရှိကုန်၏။ အမ္ဗပါလီ အမည်ရှိသော ပြည့်တန်ဆာမသည် အလွန်အဆင်းလှ၏ စသည်ဖြင့် တွေ့သိသမျှ အလုံးစုံကို အကုန်ကြားလျှောက်ပြီးမှ ဝေသာလီပြည်၏ အထူးဝိသေသ စည်ကားပြန့်ပြောခြင်းမှာ အမ္ဗပါလီ ပြည့်တန်ဆာမကြောင့် ဖြစ်ပါ

သည်။ အရှင်မင်းမြတ် တောင်းပန်ပါ၏။ အရှင်မင်းမြတ် စိုးစံတော်မူသော ဤရာဇဂြိုဟ်ပြည့်အတွင်း၌ ပြည့်တန်ဆာမကို ထားတော်မူကြပါကုန်လော့" ဟု လျှောက်တင်၏။ ဗိမ္ဗိသာရမင်းကြီးက ထိုသို့ဖြစ်လျှင် အဆင်းသဏ္ဌာန် ပြည့်စုံသော သတို့သမီးကို ရှာဖွေစိစစ်၍ ပြည့်တန်ဆာအဖြစ် တင်မြှောက်ကြကုန်လော့ဟု မိန့်တော်မူ၏။

ဇီဝကကို ဖွားမြင်ခြင်း

ထိုအခါ ရာဇဂြိုဟ်ပြည့်၌ သာလဝတီအမည်ရှိသော သတို့သမီးသည် အလွန်အဆင်းလှပ၏။ ရှုချင်စဖွယ်ရှိ၏။ ကြည့်၍ ကောင်း၏၊ တင့်တယ်ကောင်းမြတ်သော အဆင်းနှင့် ပြည့်စုံ၏။ ထိုသာလာတီသတို့သမီးကို မင်းကြီးက ချီးမြှင့်ပေးကမ်းအပ်သော အသပြာတစ်သိန်း၊ မြို့သူမြို့သားတို့သည် စုဆောင်း၍ ချီးမြှင့်အပ်သော အသပြာနှစ်သိန်းအားဖြင့် သုံးသိန်းကုန်သော အသပြာတို့အပြင် ဥယျာဉ်၊ ယာဉ်၊ နေရာ အိမ် အစရှိသည်တို့ကို ပေးကမ်းချီးမြှင့်၍ ပြည့်တန်ဆာအရာ၌ ထားကြကုန်၏။ ထိုသာလဝတီ ပြည့်တန်ဆာမိန်းမသည် လည်း မကြာမြင့်မီပင် ကခြင်း, သီခြင်း, တီမှုတ်ခြင်းတို့၌ ကျွမ်းကျင်စွာ တတ်မြောက်လေသဖြင့် ထင်ရှားကျော်ကြားသည်။ သွားရောက် ပျော်ပါးလိုကုန်သော လူဘိုသည် တစ်ညဉ့်၌ အသပြာတစ်ရာဖြင့် သွားရောက်ရ၏။

ထိုနောက်မျှားမကြာမီပင် သာလဝတီ ပြည့်တန်ဆာမိန်းမ၌ ကိုယ်ဝန်စွဲတည်လေသဖြင့် ဤကဲ့သို့သော အကြံသည်ဖြစ်၏။ ကိုယ်ဝန်ဆောင်သော မိန်းမကို ယောကျ်ားတို့ မနှစ်သက်ချေ၊ သာလဝတီ ပြည့်တန်ဆာသည် ကိုယ်ဝန်ဆောင်သည်ဟု အကယ်၍ သူတပါးတို့ သိကုန်အံ့။ လာရောက် ပျော်ပါးသူကင်းမဲ့သဖြင့် လာဘ်လာဘဝင်ငွေပျက်လတ္တံ့။ ငါသည် မကျန်းမာယောင် ဟန်ဆောင်ပတ်၍ ပြောကြားရပါမူ သင့်လျော်လိမ့်မည်ဟု ကြံ၍ တံခါးစောင့်ကို ခေါ်ပြီးလျှင် အချင်းတံခါစောင့် တစ်စုံတစ်ယောက်သော ယောကျ်ားသည် မဝင်လာပါစေလင့်၊ ငါ့ကို မေးမြန်းသည်ရှိသော် မကျန်းမမာဖြစ်နေသည်ဟု ပြောကြားပါလော့ဟု မှာထားစေခိုင်း၏။ တံခါးစောင့်ကလည်း သာလဝတီ ပြည့်တန်ဆာမမှာထားသည့်အတိုင်း ပြောပါမည်ဟု ဝန်ခံ၏။ ထိုနောက် သာလဝတီ ပြည့်တန်ဆာမသည် ကိုယ်ဝန်ရင့်မာ၍ သားတစ်ဒယာက်ကို ဖွားမြင်၏။ ဖွားမြင်ပြီးသော အခါ သာလဝတီသည် အိမ်ကျွန်မကို ဟဲ့ကျွန်မ သွားချေ။ ဤသူငယ်ကို ဗန်းစကောင်္ဒသိပ်၍ အိမ်မှထုတ်ပြီး တံမြက်ခြေးစုန့်ရာ အရပ်၌(အမှိုက်ပုံ၌) စွန့်ပစ်လေလော့ဟု ဆစခိုင်း၏။ ကျွန်မလည်း အရှင်မ ကောင်းပါပြီဟု ဝန်ခံ၍ သူငယ်ကို ဗန်းစကောတစ်ခု၌သိပ်၍ အိမ်မှထုတ်ပြီး အမှိုက်ပုံ၌ စွန့်ပစ်၍ထား၏။

အဘယမင်းသား ကောက်ယူ မွေးစားခြင်း

ထိုအခါ အဘယအမည်ရှိသော မင်းသားသည် နံနက်စောစောကပင် မင်းကြီးသို့ ခစားအံ့သောငှါ သွားသည်ရှိသော် အမှိုက်ပုံ၌ ကျီးတို့ဖြင့် ဝန်းရံရောပြွမ်း၍နေသော သူငယ်ကိုမြင်၍ မင်းချင်းယောကျ်ားတို့ကို "အချင်းတို့ ကျီးတို့ဖြင့် ဝန်းရံရောပြွမ်းနေသည်ကား အဘယ်နည်း"ဟု မေး၏၊ မင်းချင်းယောကျ်ားတို့က "အရှင်မင်းမြတ် သူငယ်ပါတည်း"ဟု လျှောက်ကြား၏။ အချင်းတို့"အသက်ရှိပါလေသေး၏လော"ဟုမေးတော်မူပြန်လျှင် အရှင်မင်းမြတ် အသက်ရှိပါသေး၏ဟု လျှောက်ကြား၏။ ထိုသို့ဖြစ်ပါမူ အချင်းတို့ ထိုသူငယ်ကို ငါ၏ အိမ်တော်တွင်းသို့ ဆောင်ယူ၍ မွေးမြူခြင်းငှါ နို့ထိန်းတို့အား အပ်နှံလိုက်ပါလော့ဟု မိန့်ဆို၏။ မင်းချင်းယောကျ်ားတို့သည် ကောင်းပါပြီဟု ဝန်ခံ၍ မင်းသားဆိုတိုင်းကို ပြုကြကုန်၏။ ထိုသူငယ်အား အဘယမင်းသားက အသက်ရှိပါလေသေးသလော(ဇီဝတိ)ဟု မေးသောစကားကို အစွဲပြုသောအားဖြင့် ဇီဝက ဟူသော အမည်ကို မှည့်ကုန်၏။ အဘယ မင်းသားသည် မွေးမြူအပ်သောကြောင့် ကောမာရဘစ္စဟူ၍လည်း ခေါ်ဆိုကုန်၏။ ထိုနောက် မင်းသားမွေးမြူအပ်သော ဇီဝက သတို့သားသည် သိကြားလိမ်မှာသော အရွယ်သို့ ရောက်လာ၏။ တရံသောအခါ အဘယမင်းသား၏ အထံသို့ ချဉ်းကပ်၍ အရှင်မင်းကြီး အကျွန်ုပ်၏ မယ်တော် ခမည်းတော်တို့သည် အဘယ်မှာနည်းဟု မေး၏။ အချင်းဇီဝက ငါသည် အသင်၏ မိခင်ကို မသိ၊ ဖခင်ကိုလည်း မသိ၊ စင်စစ်မှာ မူကား အသင့်ကို ငါသည် ကောက်ယူ မွေးမြူအပ်ပေသည်ဟု မိန့်ဆို၏။

ထိုအခါ ဇီဝကသတို့သားအား ဤမင်းမျိုး မင်းနွယ်မည်သည်ကား အတတ်ပညာမရှိဘဲ အသက်မွေးခြင်းငှါ မလွယ်၊ အတတ်ကို တတ်မြောက်အောင် သင်ယူမှ တော်မည်ဟု အကြံဖြစ်၏။

ဇီဝက ဆေးပညာ သင်ခြင်း

ထိုအခါ တက္ကသိုလ်ပြည်၌ ဆေးအတတ်ကို တတ်မြောက်သော ဒိသာပါမောက္ခဆရာသည် ရှိ၏။ ဇီဝကသတို့သားသည် ခမည်းတော် အဘယမင်းသားကို မပန်ကြားမူ၍ ခရီးအစဉ်အတိုင်းအားဖြင့် တက္ကသိုလ်ပြည်သို့ သွားလေ၏။ ဒိသာပါမောက္ခ သမားတော်ကြီးထံသို့ ချဉ်းကပ်၍ အရှင်ဆရာမြတ်တို့၏ အထံ၌ အဘတ်ပညာကို သင်ယူလိုပါသည်ဟု တောင်းပန်အပ်သည်ရှိသော် ထိုသို့ဖြစ်ပါမူ အချင်း သင်လေတော့ဟု ခွင့်ပေး၏။

ဆေးပညာကို ခုနစ်နှစ်နှင့် သင်ယူခြင်း

ထိုအခါ ဇီဝက သတို့သားသည် များစွာလည်း သင်ယူ၏။ လျင်စွာလည်း သင်ယူ၏။ ကောင်းစွာ မှတ်သား ရွက်ဆောင်နိုင်၏။ သင်ပြီးသော ပညာလည်း

မမေ့မပျောက်ဘဲ စွဲမြဲစွာ တည်၏။ ဒီသာပါမောက္ခ သမားတော်ကြီး၏ အတတ်ပညာကို သူတပါးသင်ယူသည်ရှိသော် တစ်ဆယ့်ခြောက်နှစ်ကြာအောင် သင်ယူရကုန်၏။ ထိုပသာကို ဇီဝက သတို့သားသည် ခုနစ်နှစ်ဖြင့် သင်ယူနိုင်၏၊ ယင်းသို့ သင်ယူသဖြင့် ခုနစ်နှစ်ကို လွန်မြောက်သောအခါ ဇီဝကသတို့သားအား အကြံဖြစ်သည်မှာ ငါသည် အတတ်ပညာကို များစွာလည်း သင်ယူ၏။ လျင်စွာလည်း သင်ယူ၏။ ကောင်းစွာလည်း မှတ်သားရတ်ဆိုနိုင်၏၊ သင်ပြီးသော ပညာလည်း မမေ့မပျောက်ဘဲ စွဲမြဲစွာ တည်၏။ သို့ပါလျက်ကိုသော်လည်း ခုနစ်နှစ်မြောက် ကျရောက်အောင် သင်ယူသော ငါ့အား အတတ်၏ အဆုံးသည် မထင်၊ အဘယ်အခါ၌ ဤအတတ် ပြီးဆုံးလတ္တံ့နည်းဟု ကြံ၏။ ကြံပြီး၍ကား ဒီသာပါမောက္ခ သမားတော်ကြီးထံပါးသို့ ချဉ်းကပ်၍ မိမိကြံစည်သည့် အတိုင်းကို ပြောကြားရာ ဆရာ၏ အတတ်ပညာသည် အဘယ်အခါမှ ပြီးဆုံးပါအံ့နည်းဟု မေး၏။

ဆေးပင် ရှာခြင်း

ထိုသို့ဖြစ်ပါမူ အချင်း ဇီဝက တူရွင်းကို ယူ၍ ဤတက္ကသိုလ်ပြည်၏ ထက်ဝန်းကျင် တစ်ယူဇနာ အရပ်ကို လှည့်သည်၍ ဆေးဖက်မဝင်သော သစ်ပင်ကို ရှာခဲ့လော့၊ ဇီဝကလည်း ကောင်းပါပြီဟု ဆရာ၏ စကားကို ဝန်ခံ၍ တူးရွင်းကို ကိုင်ပြီး တက္ကသိုလ်ပြည်၏ ထက်ဝန်းကျင် တစ်ယူဇနာအရပ်ကို လှည့်လည်သော်လည်း ဆေးဖက်မဝင်သော အပင်ကို မတွေ့သဖြင့် ပြန်လာပြီး၍ ဆရာ၏အထံသို့ ချဉ်းကပ်ပြီး ဆရာ ဤတက္ကသိုလ်ပြည်၏ ပတ်ဝန်းကျင် တစ်ယူဇနာအတွင်း၌ ဆေးဖက်မဝင်သော သစ်ပင်ကို စီစစ်ရှာဖွေ ကြည့်ရှုပါသော်လည်း မတွေ့ မမြင်ရပါဟု ပြန်ပြော၏။ ဆရာကလည်း အချင်း ဇီဝက အားယင်သည် အတတ်ပညာကို ကောင်းစွာ သင်အပ်ပေပြီ။ ဤမျှလောက်သော အတတ်ပညာဖြင့် အသင်အား အသက်မွေးခြင်းငှါ စုံမ်းနိုင်လောက်ပေပြီဟု ပြောဆို၍ အသင်ခမည်းတော်တို့စံရာ ရာဇဂြိုဟ်ပြည်သို့ ပြန်လည်လေလော့ဟု ခွင့်ပေး၍ လမ်း၌ စားသုံးစရာ ကန်းငယ်မျှသော ရိက္ခာကို ပေးကမ်းလိုက်၏။

မှတ်ချက်။ ။ရိက္ခာအနည်းငယ်မျှ ပေးကမ်းလိုက်ခြင်းမှာ ဤသူငယ်သည် မြတ်သော အမျိုး၏ သင်းငယ်ဖြစ်လေသည်။ မိမိ၏ ပြဋ္ဌာန်းသို့ ပြန်ခရောက်သောခဏမျှ၌သာလျှင် ခမည်းတော် ဘိုးတော်၏ထံမှ ကြီးစွာသော ပူဇော်သက္ကာရကို ရပေလတ္တံ့၊ ထိုသို့ရခြင်းကြောင့် ငါသင်ပြလိုက်သော ငါ့အတတ်၏ ဂုဏ်ကျေးဇူးကို မသိဘဲ ရှိပေလိမ့်မည်။ ခရီးလမ်းအကြာ၌ ရိက္ခာကုန်သွားသည် ရှိသော်ကား၊ အတတ်ဖြင့် ကု-မ-ရှည်စေ၍ မချက် ငါသင်ပြအပ်သော

အတတ်၏ ဂုဏ်ကျေးဇူးကို သိပေလတ္တံ့ဟု အောက်မေ့ကြံစည်၍ အနည်းငယ်မျှသောရိက္ခာကို ပေးလိုက်လေသတည်း။

သူဌေးကတော်ကြီးအား ဆေးကုသခြင်း

ဇီဝကသည်လည်း ဆရာပေးသနားအပ်သော ထိုအနည်းငယ်မျှသောရိက္ခာကို ယူ၍ ထိုရာဇဂြိုဟ်ပြည်ရှိရာသို့ ခရီးစဉ်အတိုင်း လာခဲ့သည်ရှိသော် လမ်းခရီးအကြားဖြစ်သော သာကေတမြို့၌ ရိက္ခာကုန်လေ၏။ ထိုအခါ ဇီဝကသည် ဤမှတဖန် ရှေ့ဆက်ရမည့် ခရီးလမ်းသည် ဘေးရန်များပြား ကြောက်မက်ဖွယ်သော ကန္တာရကြီးဖြစ်သည်။ အစာရေစာ ရှားပါးလှသည်။ လမ်း၌ စားသုံးစရာ ရိက္ခာထုပ်မပါဘဲ သွားခြင်းငှါ မလွယ်ချေ။ ငါသည် တစ်နည်းအားဖြင့် ရိက္ခာကိုရှာဦးအံ့ဟု ကြံ၏။ ထိုအခါ သာကေတမြို့၌ သူဌေးကတော်အား ခုနစ်နှစ်ကြာသော ဦးခေါင်းခဲ အနာသည်ဖြစ်၏။ ထင်ရှားကျော်ကြားကုန်သော ဒိသာပါမောက္ခ ဆေးဆရာကြီးတို့သည် ထိုရောဂါကို ကုစားခြင်းငှါ မစွမ်းနိုင်ကြကုန်။ များပြားလှသော ရွှေငွေတို့ကိုသာ ဆေးဖိုးဝါးခအဖြစ်ယူ၍ သွားကြကုန်၏။ ဇီဝကသည် သာကေတမြို့တွင်းသို့ ဝင်၍ အချင်းတို့ မကျန်းမမာ ရောဂါစွဲကပ်၍နေသူ မရှိပါသလော၊ ထိုရောဂါကို ငါသည် ကုစားအံ့ဟု မေး၏။ လူတို့ကလည်း ဆရာသူဌေးကတော်အား ဖြစ်ပေါ်စွဲကပ်သော ဦးခေါင်းခဲသော အနာသည် ခုနစ်နှစ်လောက် ကြာချေပြီ သွားချေ၊ ထိုသူဌေးကတော်အား ကုစားပါလေလော့ဟု ဆိုကုန်၏။

ထိုအခါ ဇီဝကသည် သူဌေးအိမ်ရှိရာသို့ သွားရောက်ချဉ်းကပ်ပြီးလျှင် တံခါးစောင့်ကို အချင်း တံခါးစောင့် သွားပါချေ၊ ဆေးဆရာတစ်ယောက် လာရောက်သည်၊ ထိုဆေးဆရာက အရှင်မ၏ရောဂါကို ကြည့်ရှုလိုပါသည်ဟု သူဌေးကတော်အား ပြောချေဟု စေခိုင်း၏။ တံခါးစောင့်သည်လည်း ကောင်းပါပြီဟု ဝန်ခံ၍ သူဌေးကတော်၏အထံသို့ ချဉ်းကပ်၍ အရှင်မ ဆေးဆရာတစ်ယောက် လာရောက်ပါသည်။ ထိုဆရာက အရှင်မ၏ရောဂါကို ကြည့်ရှုလိုပါသည်ဟု ပြောလျှင် အချင်းတံခါးစောင့် ထိုဆရာသည် အရွယ်ဘယ်မျှရှိသနည်းဟု သူဌေးကတော်က မေး၏။ အရှင်မ ပျိုမျစ်နုနယ် ငယ်ရွယ်ပါသေးသည်ဟု ပြောသဖြင့် အချင်းတံခါးစောင့် ငယ်ရွယ်သောဆေးဆရာဖြစ်ခဲ့ပါလျှင် ရောဂါကို ပျောက်ကင်းချမ်းသာအောင် အဘယ်မှာကုစားခြင်းငှါ စွမ်းနိုင်ပါအံ့နည်း၊ ထင်ရှားကျော်စောကုန်သော များစွာသော ဒိသာပါမောက္ခ ဆေးဆရာကြီးတို့ပင်သော်လည်း ရောဂါပျောက်အောင် ကုစားခြင်းငှါ မစွမ်းနိုင်ဘဲ အဖိုးအခများစွာကုန်သော ရွှေငွေတို့ကိုသာ ယူဆောင်၍ သွားကြလေကုန်ပြီဟု ပြောဆိုလိုက်၏။

တံခါးစောင့်သည် ဇီဝက၏ထံသို့ပြန်၍ ထိုအကြောင်းအလုံးစုံကို အကုန်ပြန်ကြား၏။ ဇီဝက-က အချင်းတံခါးစောင့် သွားချေပါဦး၊ ရောဂါမပျောက်မီ တစ်စုံတစ်ခုသော အဖိုးအခကိုမျှ မပေးရပါ။ ရောဂါကင်းပျောက်သော အခါမှသာ ပေးလိုရာကို ပေးပါလေလော့ဟု ဆေးဆရာက မှာကြားကြောင်းကို ပြောပါဦးလော့ဟု စေလွှတ်ပြန်၏။ တံခါးစောင့်ကလည်း ထိုစကားကို သူဌေးကတော်အား ပြောကြား၏။ သူဌေးကတော်ကလည်း ထိုသို့ဖြစ်ပါမူ လာစေလော့ဟု မှာကြားလိုက်၏။ တံခါးစောင့်သည် သူဌေးကတော်က ဆရာဇီဝကကို ခေါ်သည်ဟု ပြော၏။ ဆရာဇီဝကသည် သူဌေးကတော်ရှိရာသို့ သွားရောက်ချဉ်းကပ်၍ သူဌေးကတော်၏ ရောဂါလက္ခဏာ ထူးခြားချက်များကို ကြည့်ရှုမှတ်သားပြီးသော် အရှင်မ တစ်လက်ဆွမ်းမျှလောက်သော လက်ဖက်ရည် အကြမ်းပုဂံတစ်လုံးစာ ထောပတ်ကို အလိုရှိပါသည်ဟု ပြော၏။ သူဌေးကတော်ကလည်း အလိုရှိတိုင်းသော ထောပတ်ကို ပေးစေ၏။ ဆရာဇီဝကသည် ထိုထောပတ်ကို အထူးထူးသောဆေးတို့ဖြင့် ကြို့ချက်၍ သူဌေးကတော်ကို ညောင်စောင်း၌ ပက်လက်အိပ်စေလျက် နှာနှပ်တံဖြင့် နှာခေါင်းမှ သွင်း၍ပေး၏။ ထိုအခါ နှာခေါင်းမှ သွင်း၍ ပေးအပ်သော ထောပတ်သည် ခံတွင်းမှ ပျို့အန်၍ ထွက်၏။ သူဌေးကတော်သည် ထွေးခံ၌ အန်ချ၍ အိမ်ကျွန်မကို ဟဲ့ ကျွန်မ ဤထောပတ်ကို ဝါဂွမ်းဖြင့်တို့၍ ယူလော့ဟု စေခိုင်း၏။

ကျွန်များနှင့် အသပြာငွေ တစ်သောင်းခြောက်ထောင်ရခြင်း

ဇီဝကကဆေးဆရာကလည်း ဤအိမ်ရှင်မ သူဌေးကတော်သည် အလွန်လျှင် အံ့ဩဖွယ်ရှိသည်ဖြစ်၍ပစ္စည်း၌ နှမြောစုံမက် ငဲ့ကွက်တွယ်တာခြင်း ရှိလေစ၊ လွှင့်ပစ်ရမည့် ဤထောပတ်မျှကိုသော်လည်း ဝါဂွမ်းဖြင့် တို့ယူစေဘိ၏။ အဖိုးများစွာ ထိုက်ကုန်သော ငါ၏ဆေးတို့ကိုလည်း စီရင်အပ်ကုန်၏။ ဤသူဌေးကတော်သည် ငါ့အားလည်း တစ်စုံတစ်ခု ဆေးဖိုးဝါးခပေးစရာရှိသည်ကိုမပေးဘဲ ရှိလဘ္ဘံ့ဟု ကြံ၏။ ထိုအခါ သူဌေးကတော်သည် ဇီဝကဆရာ၏ မျက်နှာမသာ ဖောက်ပြန်သော အခြင်းအရာကိုမှတ်၍ ဆရာ အဘယ်ကြောင့် နှလုံးမသက်သာခြင်း ဖြစ်ပါသနည်းဟုမေးလျှင် ဆရာဇီဝကလည်း မိမိအကြံဖြစ်သော အကြောင်းကို ပြန်ကြားသဖြင့် ဆရာ အကျွန်ုပ်တို့ အိမ်ရာထောင်သော လူ့ဘောင်၌နေသော သူတို့မည်သည် သင့်တင့်လျောက်ပတ် စောင့်စည်းအပ်သော အရာဌာနကို သိရပါသည်။ ထိုထောပတ်ကို ကျွန်အမှုလုပ်တို့၏ ခြေနယ်ဆီ အဖြစ်လည်းကောင်း၊ ဆီမီးထွန်းရန်လည်းကောင်း အသုံးပြုရပါသည်။ အရှင်ဆရာသည် နှလုံးမသက်သာခြင်း မရှိပါလင့်။ အသင်ဆရာအား ဆေးဖိုးဝါးခ လျော့မပေးပါဟု ပြော၏။ ဇီဝကဆေးဆရာလည်း ခုနစ်နှစ်ကြာအောင် ကျင်နာ

ကိုက်ခဲ စွဲ၍နေသော သူဌေးကတော်၏ ခေါင်းခဲရောဂါကို တစ်ကြိမ်နှာနှပ် ခြင်းဖြင့် ထုတ်ပယ်ပစ်၏။ သူဌေးကတော်သည် ရောဂါကင်းပျောက်သောအခါ ကျွေးဆရာသည် ငါ့အား ရောဂါမရှိ ချမ်းသာအောင် ကုစားပေသည်ဟု ဇီဝကဆေးဆရာအား လေးထောင်သော ဒါသပြာတို့ကို ပေး၏။ သူဌေးသား ကလည်း ငါ၏မိခင်ကို ရောဂါမရှိ ကင်းပျောက်၍ ချမ်းသာအောင် ပြုပေး၏ဟု လေးထောင်သော အသပြာကို ပေး၏။ သူဌေး၏ချွေးမကလည်း ငါ၏ ယောကျ်ားမအား ရောဂါကင်းရှင်း ချမ်းသာခြင်း၌ တည်အောင် ပြုပေသည်ဟု လေးထောင်သော အသပြာကို ပေး၏။ သူဌေးကြီးကလည်း ငါ၏ခင်ပွန်း မယားအား အနာရောဂါကင်းရှင်းလျက် ချမ်းသာခြင်း၌ တည်အောင်ပြုပါ၊ပေ သည်ဟု လေးထောင်သော အသပြာကို ပေး၏။ ကျွန်ယောကျ်ား၊ ကျွန်မိန်းမ၊ မြင်းရထား၊တို့ကိုလည်း ပေး၏။ ဇီဝကဆေးဆရာသည်လည်း ထို တစ်သောင်းခြောက်ထောင်သော အသပြာတို့ကိုလည်းကောင်း၊ ကျွန်ယောကျ်ား ကျွန်မိန်းမ မြင်းရထား၊တို့ကိုလည်းကောင်း ယူ၍ ဆုဇကြိုဟ်ပြည်သို့ သွား လေ၏။

ခရီးစဉ်အတိုင်းအား၊ဖြင့် ဆုဇကြိုဟ်ပြည်သို့ ရောက်သောအခါ ခမည်းတော် အဘယမင်းသား၏ဆံသို့ ချဉ်းကပ်၍ ခမည်းတော် ဤတစ်သောင်းခြောက် ထောင်သော အသပြာ, ကျွန်ယောကျ်ား, ကျွန်မိန်းမ, မြင်းရထား၊တို့သည်ကား သားတော်သည် ခရီးဦးပထမ ဆေးကုခြင်းကိစ္စဖြင့် ရအပ်သော ပစ္စည်း ဝတ္ထု၊တို့ ဖြစ်ပါသည်၊ ထိုပစ္စည်းဝတ္ထု၊တို့ကို အရှင်ခမည်းတော်သည် မွေးကျွေးသုတ်သင် ပေးသော ကျေးဇူးရှင် ဖြစ်သည်အား၊လျော်စွာ သိမ်းယူတော်မူပါလော့ဟု လျှောက်ကြား၏။ အဘယမင်းသားက အချင်းဇီဝက အသင်၏ပစ္စည်းဥစ္စာသည် အသင်မှာသာ ရှိစေတော့၊ နေစရာအိမ်ကို ငါ၏နန်းတော် အာရုံမ်တွင်း၌ ဆောက်လုပ်လေလော့ဟု စေခိုင်း၏။ ဇီဝကဆေးဆရာလည်း ကောင်းပါပြီ၊ ဝန်ခံ၍ အဘယမင်းသား၏ နန်းတော်အာရုံမ်တွင်း၌သာ နေစရာအိမ်ကို ဆောက်၏။

ဗိမ္မိသာရမင်းကြီးအား ဆေးကုခြင်း

ထိုအခါ ရာဇဂြိုဟ်ပြည်ကြီးကို အစိုးရတော်မူသော ဗိမ္မိသာရမင်းကြီးအား သွေးယိုစီးသော ဒုလာမြင်းသရဲက်နာသည် ဖြစ်၏။ ဝတ်လဲတော်ပုဆိုးတော်သည် သွေးအလိမ်းလိမဲး ကပ်ငြိကုန်၏။ မိဖုရားတို့သည် မြင်၍ မင်းကြီးအား ဥတုလာ၏။ မင်းကြီးအား ဥတုပန်းသည် ပင့်၏။ မကြာမြင်မီ သားဖုားလတ္တံ့ဟု ပြက်ရယ်ခပြောဆိုကြကုန်၏။ မင်းကြီးသည် ရှက်နိုးလှသည်ဖြစ်၍ မျက်မှောင်ကြုတ်ခြင်းသို့ ရောက်လေ၏။

တရံခါ ဗိမ္မိသာရမင်းကြီးသည် သားတော် အဘယမင်းသားအား အကြောင်းမျိုး အလုံးစုံကို အာကုန်ပြန်ကြားတော်မူ၍ အချင်းအဘယ ထိုသို့သဘောရှိသော ငါ၏အနားရောဂါကို ကုစားနိုင်သော ဆေးဆရာကို ရှာဖေ့ပြီး သောကာလ ငါ၏ရောဂါကို ကုစားပါလေ့ဟု မိန့်တော်မူ၏။ အရင်မင်းတြတ် ဇီဝကဆေးဆရာသည် ငယ်ရွယ်၏၊ သဘောကောင်း၏။ ထိုဇီဝကသည် ကုစားပါလတ္တံ့ဟု လျှောက်ကြား၏။ ထိုသို့ ဖြစ်ပါမူ ဇီဝကကို စေလွှတ်ပါလော့၊ ငါ့ကို ကုစားလိမ့်မည် ဟု မိန့်တော်မူ၏။ အဘယမင်းသားသည် ဆရာဇီဝကကို ခေါ်တော်မူပြီးလျှင် အချင်းဇီဝက မင်းကြီးအား ဖြစ်ပွားသော အနာဇနရောဂါကို ပျောက်ကင်းချမ်းသာအောင် ကုစားလေလော့ဟု စေခိုင်း၏။ ဆရာဇီဝကလည်း အဘယမင်းသား မိန့်ဆိုသော စကားကို မှတ်သား၍ လက်သည်းဖြင့် ဆေးကိုယူပြီးလျှင် ဗိမ္မိသာရမင်းမြတ်စံတော်မူရာသို့ ချဉ်းကပ်၍ အရှင်မင်းမြတ် အရှင်မင်းမြတ်၏ အနာကို ကြည့်ရှုခြင်းငှါ အလိုရှိပါသည်ဟု လျှောက်ကြား၍ အနာကိုကြည့်ရှုပြီးသော် ဗိမ္မိသာရမင်းကြီး၏ အနာကို ဝန်ကြိမ် ဆေးလိမ်းခါမျှဖြင့် သာလျှင် ပျောက်ကင်းစေ၏၊ ထိုအခါ ဗိမ္မိသာရမင်းကြီးသည် အနာရောဂါ ငြိမ်းပျောက်ချမ်းသာသည်ရှိသော် ငါးရာကုန်သော မိန်းမတို့ကို အလုံးစုံကုန်သော လက်ဝတ်တန်ဆာတို့ဖြင့် ဆင်ယင်ဝတ်စားစေပြီးလျှင် ချုတ်ပုံစေပြီးသော် ဇီဝကကို အချင်းဇီဝက ဤငါးရာကုန်သော မိန်းမတို့၏ အဆင်တန်ဆာတို့ကို အသင်အား ဖြစ်စေသတည်းဟု မိန့်တော်မူ၏။ ဆရာဇီဝက-က အရှင်မင်းမြတ် ဤလက်ဝတ်တန်ဆာတို့ဖြင့် အလိုမရှိပါ။ အကျွန်ုပ်၏ ကျေးဇူးကိုသာ အောက်မေ့တော်မူပါဟု လျှောက်ကြား၏။ မင်းကြီးက အချင်းဇီဝက ထိုသို့ဖြစ်ပါမူကား ငါ့အားလည်းကောင်း၊ နန်းတွင်းသူ အပေါင်းအား လည်းကောင်း၊ ဘုရားအမှူးရှိသော သံဃာတော်အား လည်းကောင်း ကြည့်ရှုပူဇော်စုပါလော့ဟု မိန့်တော်မူ၏။ ဆရာဇီဝကသည် ကောင်းပါပြီဟု ဝန်ခံ၏၊ မင်းကြီးသည် ဇီဝကအား အလုံးစုံသော အဆောက်အဦနှင့် ပြည့်သော အိမ်ကိုလည်းကောင်း၊ သရက်ဥယျာဉ်ကိုလည်းကောင်း၊ တန်ဆာတစ်နှစ်လျှင် အခွန်ဘဏ္ဍာ တစ်သိန်းမျှထွက်သော ရွာပေါင်း ငါးရာတို့ကိုလည်းကောင်း ပေးသနားတော်မူ၏။

ရာဇဂြိုဟ်သူဌေးအား ဓဆေးကုခြင်း

ထို့နောက် ရာဇဂြိုဟ်ပြည်၌ နေသော သူဌေးကြီးတစ်ယောက်အား ခုနစ်နှစ်ကြာအောင် ဦးခေါင်း၌ ကိုက်ခဲထိုးကျင့်သော ရောဂါဖြစ်၏၊ အရပ်မျက်နှာတို့၌ ထင်ရှားကျော်စောခြင်းရှိကုန်သော များစွာကုန်သော ဒိသာပါမောက္ခ ဆေးဆရာကြီးတို့သည် လာရောက်၍ အနာရောဂါ ကင်းပျောက် ချမ်းသာအောင် ကုစားခြင်းငှါ မစွမ်းနိုင်ကုန်။ ဆေးဖိုဝါးခ များလှသော ရွှေငွေတို့ကို

သာ ယူ၍ သွားကြကုန်၏။ စင်စစ်မှာ ထိုဆေးဆရာကြီးတို့တွင် အခ္ခိုကား ငါးရက်ကြာလျှင် သူဌေးကြီး သေလွန်လတ္တံ့၊ အခ္ခိုကား ခုနစ်ရက်ကြာလျှင် လေလွန် လတ္တံ့ဟု ပြောဆို၍ စွန့်ခွါ ကြကုန်၏။ ထိုအခါ ရာဇဂြိုဟ် သူဌေး၏ တပည့် ကုန်သည်တစ်ဦးက စဉ်းစားဆင်ခြင်သည်မှာ ဤသူဌေးကြီးသည် မင်းကြီးအား လည်းကောင်း၊ နီဂုံးနေသူတို့အား လည်းကောင်း အလွန်အကြူး အထူးသဖြင့် ကျေးဇူးမျှားလှပေသည်၊ အခ္ခိုကုန်သော ဆေးဆရာတို့သည် ငါးရက်မြောက်၌ သေလွန်လတ္တံ့၊ အခ္ခိုကုန်သော ဆရာတို့သည် ခုနစ်ရက် မြောက်၌ သေလွန်လတ္တံ့ဟု ပြောဆို ပြီးသောအခါ စွန့်ခွါ ကြကုန်ပြီ၊ ဤဗိမ္မိသာရမင်းကြီးအား ပျိုမျစ်နုနယ် ငယ်ရွယ်ကောင်းမြတ်သော ဇီဝကဆေးဆရာသည် ရှိ၏။ သူဌေးကြီးကို ကုစားစိမ့်သောငှါ ပြည့်ရှင်မင်းကြီး၏ အထံဝယ် တောင်းပန် လျှောက်ကြား၍ ယူရသည်ရှိသော် ကောင်းမြတ် လိမ့်မည်ဟု ကြံ၏။ ကြံပြီး၍ကား ထိုသူကြွယ်သည် ဗိမ္မိသာရမင်းကြီး စံနေရာအရပ်သို့ ချဉ်းကပ်ပြီးသော် အကြောင်းမျိုးစုံကို လျှောက်ကြားပြီးလျှင် အရှင်မင်းမြတ် တောင်းပန်ပါ၏။ ထိုသူဌေးကြီးကို ကုစားခြင်းငှါ ဆရာဇီဝကကို ငှေလွှတ်တော်မူပါလော့ဟု တောင်းပန် လျှောက်ကြား၏။

ဗိမ္မိသာရမင်းကြီးလည်း ဆရာဇီဝကကို ခေါ်တော်မူ၍ အခွင့်းဇီဝက သွားတဲ့ချေ။ သူဌေးကြီးကို ကုစားပါလေလော့ဟု စေလွှတ်တော်မူ၏။ ဇီဝက ဆရာသည် ကောင်းပါပြီဟု ဝန်ခံ၍ သူဌေးကြီး ရှိရာအရပ်သို့ သွားရောက်၍ သူဌေးကြီး၏ ရောဂါ၏ ထူးခြားသော အခြင်းအရာကိုမှတ်၍ အသင်သူဌေးကြီး အာသင်၏ ရောဂါကို ကောင်းမွန်ချမ်းသာအောင် ကုစား၍ ငြိမ်းပျောက်သည် ရှိက အဘယ်သို့သော ပူဇာသက္ကာရကို ချီးမြှင့်ပါမည်နည်းဟု မေး၏၊ အရှင် ဆရာ ဤရောဂါသည့် ပျောက်ကင်း ချမ်းသာရှိခဲ့ပါမူ အလုံးစုံသော ဥစ္စာ အနှစ်သည် အသင်၏ ဥစ္စာသာ ဖြစ်ပါစေတော့၊ အကျွန်ုပ်သည်လည်း ဆရာ၏ ကျွန် ဖြစ်ပါ၏ဟု တောင်းပန် ပြောဆိုဝန်ခံ၏။ ယင်းသို့ဖြစ်လျှင် အသင်သူဌေးသည် တစ်ခုသော နံပါးဖြင့် ခုနစ်လတို့ပတ်လုံး အိပ်ခြင်းငှါ စွမ်းနိုင်ပါလတ္တံ့လောဟု မေးလျှင် ဆရာ စွမ်းနိုင်ပါလတ္တံ့ဟု ပြော၏။ တဖန် ဒုတိယနံပါးဖြင့် ခုနစ်လတို့ပတ်လုံး အိပ်ခြင်းငှါ စွမ်းနိုင်ပါလတ္တံ့ဟု မေးပြန်သဖြင့် အရှင်ဆရာ စွမ်းနိုင်ပါလတ္တံ့ဟု ပြော၏။ တဖန် အသင်သူဌေးကြီး ခုနစ်လတို့ပတ်လုံး ပက်လက်အိပ်နေခြင်းငှါ စွမ်းနိုင်ပါလတ္တံ့လောဟု မေးပြန်လျှင် အရှင်ဆရာ စွမ်းနိုင်ပါလတ္တံ့ဟု ဝန်ခံ၏။

ထိုအခါ ဆရာဇီဝကသည် သူဌေးကြီးကို ညောင်စောင်း၌ အိပ်စေပြီးသော် ညောင်စောင်း၌ ချည်နှောင်၍ ဦးခေါင်းခုံအရေကို ခွာပြီးလျှင် ဦးခေါင်းခုံချုပ်စပ်ကိုဟ၍ နှစ်ကောင်သောပိုးတို့ကို ထုတ်ယူပြီးသော် လူမျှားအပေါင်း

အား အရှင်တို့ ငယ်သောပိုးတစ်ကောင် ကြီးသောပိုးတစ်ကောင် ဤနှစ်ကောင်သော ပိုးကောင်တို့ကို ကြည့်ရှုကြပါကုန်လော့။ သူဌေးကြီးသည် ငါးရက်မြောက်၌ သေလတ္တံ့ဟုဆိုသော ဆရာတို့သည် ဤကြီးသောပိုးကို မြင်ကုန်၏။ ဤပိုးသည် ခဲအပ်သည်ရှိသော် ငါးရက်မြောက်၌ သူဌေးကြီး၏ ဦးနှောက်သည် ကုန်ခန်းခြင်းသို့ ရောက်လတ္တံ့။ ဦးနှောက် ကုန်သည်ရှိသော် သူဌေးကြီးသည် သေလွန်လတ္တံ့။ ခုနစ်ရက် မြောက်သောနေ့၌ သူဌေးကြီး သေလတ္တံ့ဟု ပြောဆိုကုန်သော ဆရာတို့သည် ဤငယ်သော ပိုးကို မြင်အပ်ပေ၏။ ဤပိုးသည် ခုနစ်ရက်ပတ်လုံး ခဲအပ်သည်ရှိသော် သူဌေးကြီး၏ ဦးနှောက်သည် ကုန်ခန်းလတ္တံ့။ ဦးနှောက် ကုန်ခန်းခြင်းသို့ ရောက်သည်ရှိသော် သူဌေးကြီးသည် သေလတ္တံ့။ ထိုဆရာတို့သည် ကောင်းစွာ မြင်အပ်ပေသည်ဟု ပြောဆိုပြသ၏။ ထိုနောက် ဦးနှောက်ကို ပကတိအတိုင်း ပြုပြင်စီရင်၍ ဦးခေါင်းရေကို ချုပ်ပြီးသော် ဆေးလိမ်းကျံခြင်းကို ပြုပေ၏။

သူဌေးကြီးလည်း ခုနစ်ရက်လွန်မြောက်သောအခါ ဆရာဇီဝက ကို ဆရာ-အကျွန်ုပ်သည် ခုနစ်လတို့ပတ်လုံး အိပ်နေခြင်းငှါ မစွမ်းနိုင်ပါဟု ပြော၏၊ အရှင်သူဌေး အသင်သည် စွမ်းနိုင်ပါလတ္တံ့ဟု ဝန်ခံအပ်သည် မဟုတ်တုံလောဟု မေးလျှင် ဩော် ဟုတ်ပေ၏။ ဆရာ စင်စစ်သော်ကား ဤကဲ့သို့ အိပ်နေရသည်ရှိသော် အကျွန်ုပ်သည် သေသာပစ်လိုက်ချင်ပါသည်။ ဆက်လက်အိပ်ခြင်းငှါ မစွမ်းနိုင်ပါဟု ပြော၏။ အသင်သူဌေးကြီး ထိုသို့ဖြစ်ပါမူ ဒုတိယနံပါးဖြင့် ခုနစ်လ အိပ်ပါဦးလော့ဟု ဆို၏။ သူဌေးကြီးလည်း ဒုတိယနံပါးဖြင့် အိပ်၍ ခုနစ်ရက်မြောက်သောအခါ ရှေးနည်းအတူသာလျှင် အိပ်ခြင်းငှါ မစွမ်းနိုင်သည် အဖြစ်ကိုပြောပြန်သဖြင့် အသင်သူဌေးကြီး ထိုသို့ဖြစ်ပါမူ ကား ခုနစ်လတို့ပတ်လုံး ပက်လက်အိပ်ပါဦးဟု ပြော၏။ သူဌေးကြီးသည် ပက်လက်အိပ်၍ ခုနစ်ရက်စေ့ ရောက်ပြန်သောအခါ ရှေးနည်းအတူသာလျှင် ခုနစ်လ မအိပ်နိုင်ကြောင်းကို ပြောပြန်၏။ ဆရာဇီဝက-က အသင်သူဌေးကြီး ငါသည် အကယ်၍ ရှေးဦးအစက ခုနစ်လသုံးလီအိပ်ခြင်း ပဋိညာဉ်ကို မပြောဆိုမိသည် ဖြစ်အံ့၊ အသင်သူဌေးကြီးသည် ဤမျှလောက် ခုနစ်ရက်သုံးလီ အိပ်ခြင်းကိုသော်လည်း မပြုပေရာ။ သူဌေးကြီး၏ အနာရောဂါသည် ခုနစ်ရက်သုံးလီဖြင့် ပျောက်ကင်းလိမ့်မည်ဟု တည်တည်မုချ သိရပြီးဖြစ်သောကြောင့် ခုနစ်လသုံးလီ တောင်းဆို ဝန်ခံစေပေသည်။ အသင်သူဌေးကြီး ထပါလေလော့။ အသင့်မှာ ရောဂါအနာ ကင်းရှင်းချမ်းသာပါပြီ။ အသို့နည်း အသင်သူဌေးကြီးသည် အကျွန်ုပ်အား ပေးကမ်းဖွယ်ရာကို အောက်မေ့ပါ၏လောဟု မေး၏။ ဆရာ အလုံးစုံသော ပစ္စည်းဥစ္စာဟူသမျှသည် အသင်၏ဥစ္စာသာ ဖြစ်ပါစေတော့၊ အကျွန်ုပ်သည်လည်း အသင်ဆရာ စေခိုင်းအပ်သော ကျွန်ဖြစ်ပါစေတော့ဟု ဆို၏။

အသင်သူဌေးကြီး အသင်၏ ဥစ္စာပစ္စည်း အလုံးစုံကို အကုန်ပေးခြင်းငှါ မသင့်လျော်၊ အသင်သည် အကျွန်ုပ်၏ ကျွန်လည်း မဖြစ်ပါနှင့်တော့၊ မင်းကြီးအား အသပြာတစ်သိန်း, ငါ့အား အသပြာတစ်သိန်းတို့ကို ပေးဘိလော့ဟု ပြော၏။ သူဌေးကြီးလည်း အနာထော်ဂါ ကင်းဖျောက်ချမ်းသာသဖြင့် မင်းကြီးအား တစ်သိန်း၊ ဆရာဇင်ဝကအား တစ်သိန်းအား ဖြင့် နှစ်သိန်းကုန်သော အသပြာတို့ကို ပေး၏။

ဗာရာဏသီသူဌေးသား ဆေးကုခြင်း

ထိုအခါ ဗာရာဏသီပြည်၌ သူဌေးသားတစ်ယောက် ကျွမ်းထိုး ကစားခြင်းကြောင့် အူထုံးဖွဲသော ရောဂါသည် ဖြစ်၏။ ယာဂု- ထမင်း-ဟင်းစသော အစာအာဟာရကို စားသုံးအပ်သည်ရှိသော် ကောင်းစွာ ကြေကျွက်ခြင်းသို့ မရောက်၊ ကျင်ကြီးကျင်ငယ်လည်း မဖြောင့်ဘဲရှိ၏။ ညှီးပိန်ကြုံလို့ မအီမသာ အဆင်းရှုပကာ ဖျော့တော့လျက် အကြောပြိုင်းပြိုင်း ထသော ကိုယ်ရှိသည် ဖြစ်လေ၏။ ထိုအခါ ဗာရာဏသီသူဌေးကြီးသည် တွေးတောကြံဆင်ခြင်သည်မှာ ငါ့၏သားအား ဤသို့သဘောရှိသော ရောဂါအနာသည် ပြင်းစွာနှိပ်စက်၍ ရှိချေပြီ၊ ငါ၏သားကို ကုစားရန်အလို့ငှါ ဆုဇင်္ဂြိဟ်ပြည်သို့ သွားရောက်ပြီးသော ကာလ ဇင်ဝကအမည်ရှိဩဃ ဆေးဓာရာကို ဗိမ္မိသာရမင်းကြီးထံ ဝင်တောင်းပန်လျောက်ကြား၍ခေါ်ယူရပါမူကား ကောင်းမြတ်ပေလိမ့်မည်ဟု ကြံ၏၊ ဤပြီး၍ကား ဗာရာဏသီသူဌေးကြီးသည် ရုဇင်္ဂြိဟ်ပြည်သို့ သွားရောက်၍ အပြင်အရပ်၌ ဗိမ္မိသာရမင်းမြတ်သည် စံနေတော်မူသည်ဖြင့်၍ ရှိ၏၊ ထိုဗိမ္မိသာရမင်းမြတ်သို့ ချဉ်းကပ်ဝပ်လျှိုးလျက် အကြောင်းမျိုးစုံကို အပြုန် လျောက်ကြားပြီးသောအခါ အရှင်မင်းမြတ် တောင်းပန်ပါ၏။ ဩကျွန်ုပ်၏သားကို ကုစားပေခြင်းငှါ ဆရာဇီဝကကို စေလွှတ်တော်မူပါလော့ဟု လျောက်ကြား၏။ ဗိမ္မိသာရ၏ မင်းကြီးသည်လည်း ဆရာဇီဝကကို ခေါ်တော်မူ၍ အချင်းဇီဝက အသင်သည် ဗာရာဏသီပြည်သို့ လိုက်သွား၍ သူဌေးသားကို ကုစား ချေပါလော့ဟု စေလွှတ်၏။

ဇီဝကဆေးဆရာလည်း ကောင်းပါပြီ ဝန်ခံ၍ ဗာရာဏသီပြည်သို့ သွားရောက်ပြီးသော် အနာရောဂါစွဲသော သူဌေးသားထံသို့ ချဉ်းကပ်၍ ထူးခြားသော အခြင်းအရာမှတ်၍ လူမျှားကို ဖယ်ရှားစေပြီးလျှင် တင်းတိမဲကာရံ၍ အိမ်တံခါးဦးစွာဖွဲပြီးမှ သူဌေးသား၏ မယားခင်ပွန်းမကို ရှေတည့်တည့်မှထားပြီး ငမ်းရေကို ခွဲပြီးသော် ထုံးဖွဲသောအူကို ထုတ်၍ အသင့် ခင်ပွန်းလင်၏ အနာရောဂါကို ကြည့်ရှုပါလော့၊ အူထုံးဖွဲသော ဤရောဂါအနာကြောင့် သောက်အပ် စားအပ်သော ယာဂုထမင်း ဟင်း-အစရှိသော အစာသည် ကောင်းစွာ မကျေမကျက်၊

ကျင်ကြီး ကျင်ငယ်လည်း မဖြောင့်မသက်ဆင်း၊ ထိုကြောင့် ညှိုးပိန်ကြုံလှီခြင်း အဆင်းမလှခြင်း ဖျော့တော့သော အဆင်းရှိခြင်း အကြောပြိုင်းပြိုင်းထသော ကိုယ်ရှိလေသည်ဟု ပြောဆိုပြသပြီးမှ အူထုံးကို ဖြေရှင်းပြီးသောခါ ဝမ်းတွင်းသို့ တဖန် ပြန်သွင်း၍ ဝမ်းရေကို ချုပ်ပြီးသော အခါ ဆေးလိမ်းကျံပေ၏၊ ဗာရာ-ဏသီသူဌေးသားသည် မကြာမြင့်မီ အနာရောဂါ ပျောက်ကင်း ချမ်းသာခြင်း ဖြစ်လေ၏၊ ဗာရာဏသီသူဌေးလည်း ငါ၏ သားကို အနာရောဂါ ကင်းပျောက် ချမ်းသာအောင်ကုစားပေသည်ဟု ဆရာဇီဝကအား တစ်သောင်းခြောက်ထောင် ကုန်သော အသပြာတို့ကို ပေးပေ၏။ ဆရာဇီဝကလည်း ထိုအသပြာတို့ကိုယူ၍ ရာဇဂြိုဟ်ပြည်သို့သာ ပြန်လာခဲ့၏။

ဥဇ္ဇေနီပြည် စန္ဒပဇ္ဇောတမင်းကြီး

တရံရောအခါ၌ ဥဇ္ဇေနီပြည်ကြီးကို အစိုးရတော်မူသော စန္ဒပဇ္ဇောတ မင်းကြီးအား ဖျော့တော့သော ရောဂါသည် စွဲကပ်၏၊ အရပ်လေးမျက်နှာတို့၌ လွန်စွာ ကျော်စောထင်ရှားကုန်သော ဒိသာပါမောက္ခဆရာကြီးတို့သည် ကုစား ပါကုန်သော်လည်း အနာရောဂါ ကင်းပျောက် ချမ်းသာအောင် ကုစားခြင်းငှါ မစွမ်းနိုင်၊ များစွာကုန်သော ရွှေ ငွေ ဥစ္စာရတနာ အဖိုးအခတို့ကိုသာ ယူ၍ သွားကြကုန်၏၊ ထိုအခါ စန္ဒပဇ္ဇောတ မင်းကြီးသည် ဗိမ္ဗိသာရမင်း၏အထံသို့ အဆွေတော် ရာဇဂြိုဟ်ပြည့်ရှင် မင်းမြတ် အကျွန်ုပ်အား ထိုသို့သဘောရှိသော ရောဂါသည် စွဲကပ်တည်ရောက်၍ နေပါသည်၊ တောင်းပန်ပါ၏၊ အသင်၏ ဆေးဆရာဇီဝကကို စေလွှတ်၍ ကုစားပါစေလော့ဟု တမန်ကို လွှတ်လိုက်၏၊ ဗိမ္ဗိသာရ မင်းကြီးသည် ဆရာဇီဝကကို ခေါ်ပြီးလျှင် အချင်းဇီဝက ဥဇ္ဇေနီပြည် ကြီးသို့ သွားရောက်၍ စန္ဒပဇ္ဇောတမင်းကြီးကို ဆေးကုပါလေလော့ ဟု စေခိုင်း၏၊ ဇီဝကဆရာလည်း ကောင်းပါပြီဟုဝန်ခံ၍ ဥဇ္ဇေနီပြည်သို့ သွားရောက်၏၊ စန္ဒပဇ္ဇောတ မင်းကြီးရှိရာ အရပ်သို့ ချဉ်းကပ်ပြီးသော် မင်းကြီး၏အနာ ရောဂါ ထူးခြားသော အခြင်းအရာကို ကြည့်ရှုမှတ်သား၍ အရှင်မင်းမြတ် ထောပတ်ကို ပေးသနားတော်မူပါလော့ဟု ထောပတ်ကို စီရင်ချက်ကျိ၍ ဆေးကို ဆက်ပါအံ့၊ ထိုဆေးကို အရှင်မင်းမြတ် သုံးဆောင်တော်မူပါလတ္တံ့ လောဟု လျှောက်၏၊ အချင်းဇီဝက ထောပတ်သည် သင့်လျော်မည်ဟု ငါမထင်၊ အသင်အား ထောပတ်မပါဘဲ ရောဂါပျောက်ကင်းအောင် မကုစားနိုင်ပါ ပြီလော၊ ထိုထောပတ်ကို ငါသည် အလွန်စက်ဆုပ်ရွံရှာသည်ဟု မိန့်တော်မူ၏။

ထိုအခါ ဇီဝကဆေးဆရာအား ကြံဆင်ခြင်သည်မှာ ဤမင်းကြီးအား ထိုသို့သဘောရှိသော ရောဂါအနာကို ထောပတ်မပါဘဲ ပျောက်ကင်းအောင် မကုစားနိုင်၊ စင်စစ်မှာကား ဆေးဖျော်အပ် ချက်အပ်သည့်အခါ ဖန်သောအနံ့

အဆင်း အရသာ ထင်၍ ဆောပတ်၏ အနံ့အဆင်း အရသာ မထင်အောင် ပြုမည်ဟု ကြံ၏။ ကြံပြီးသောအခါ ထိုနည်းအတိုင်း ဆေးကို ဖျော်စပ်ပြီးမှ တစ်ဖန် စဉ်းစားပြန်သည်မှာ ဤမင်းကြီးအား ဆေးသောက်ပြီးနောက် ပျို့အန် ခြင်းကို ပြုသောအခါ ဆောပတ်ကို တွေ့မြင်လတ္တံ့၊ ယင်းသို့ တွေ့မြင်သော အခါ စန္ဒပဇ္ဇောတ မင်းကြီးသည် ငါ့ကို သတ်ငြားအံ့လည်း မသိ၊ ငါသည် မင်းကြီးထံမှ ကြိုတင်အမိန့်တောင်းထားအံ့ဟု ကြံ၏။ ထိုအခါ ဇီဝက ဆေး ဆရာသည် စန္ဒပဇ္ဇောတမင်းကြီးထံပါးသို့ ခစားချဉ်းကပ်၍ ဘုန်းတော် ကြီးတော်မူသော အရှင်မင်းမြတ် ဆေးဆရာတို့မည်သည်ကား လိုအပ်သည့် အချိန်၌ ဆေးမြစ် စသည်တို့ကို နုတ်ယူ၍ ဆောင်ရပါကုန်သည်။အရှင်မင်းမြတ် တောင်းပန်ပါကုန်၏။ ဆင်ယာဉ် မြင်းယာဉ် စသည်ထားရာဖြစ်သော တင်းကုပ် တို်၌်လည်းကောင်း၊ တံခါးတို်၌်လည်းကောင်း ဇီဝက်ဆေးဆရာ အလိုရှိသော ယာဉ်ဖြင့် သွားစေသတည်း။ ဇီဝကဆေးဆရာ ထွက်သွားလိုသောအခါ အလိုဆန္ဒရှိသော တံခါးဖြင့် သွားစေသတည်း ဟူသော အမိန့်အာဏာကို ပေးတော်မူပါလေ့ဟု လျှောက်ကြားတောင်းပန်၏။ စန္ဒပဇ္ဇောတ မင်းကြီး လည်း ကောင်းပြီဟု ဝန်ခံ၍ အမိန့်အာဏာကို ပေးသနားတော်မူ၏။

[ဤင်းစန္ဒပဇ္ဇောတမင်းကြီး၌ ယာဉ်လျင် ငါးပါးရခြင်း အကြောင်းကို ဓမ္မပဒဝတ္ထု ပထမတဲ့ ဥတေနမင်းကြီး၏ ဝတ္ထု၌ ပြခဲ့လေပြီ]။

ထိုအခါ ဇီဝကဆေးဆရာသည် စန္ဒပဇ္ဇောတမင်းကြီးကို ဆောပတ်ပါသော ဆေးအဖျော် အဖန်ရည်ကို သောက်တော်မူပါဟု တိုက်၍ ဆင်တင်းကုပ်သို့ သွားပြီးသော် တစ်နေ့ကို ယူဇနာငါးဆယ် ရောက်ပေါက်အောင် သွားနိုင်သော ဘဒ္ဒဝတီမည်သော ဆင်မကို်စီး၍ မြို့မှထွက်ခဲ့ပြီး၏။ စန္ဒပဇ္ဇောတမင်းကြီးအား ဆောပတ်ပါသောဆေးအဖျော်ကို သောက်သည် ရှိသော် ပျို့အန်ခြင်းဖြစ်သော် စန္ဒပဇ္ဇောတမင်းကြီးသည် လူမျိုးအပေါင်းကို အချင်းတို့ ယုတ်မာသောဆရာ ဇီဝကသည် ငါ့အား ဆောပတ်ကို တို်က်ကျွေးဘိသည်။ ထိုဇီဝကကို စိစစ်ရှာဖွေ ကြကုန်လော့ဟု စေခိုင်း၏။

တစ်နေ့ချင်း ယူဇနာခြောက်ဆယ် သွားနိုင်သော ခြေမြန်တော်

မင်းချင်းယောကျ်ားး လူအမျိုးတို့က အရှင်မင်းမြတ် ဆရာဇီဝကသည် ဘဒ္ဒဝတီဆင်မကို စီး၍ မြို့မှ ထွက်ခွာပြေးပါသည်ဟု လျှောက်၏၊ စန္ဒပဇ္ဇောတ မင်းကြီးအား ဘီလူးကိုအစွဲပြု၍ ဖွဲးမြင်သော တစ်နေ့ကို ယူဇနာခြောက်ဆယ် ခရီးကို သွားခြင်းငှါ စွမ်းနိုင်သော ကာကအမည်ရှိသော ကျွန်သည် ရှိ၏။ ထိုကျွန်ကို မင်းကြီးက အချင်းကာက သွားခေျ၊ ဆရာဇီဝကကို မင်းကြီး

ခေါ်တော်မူသည်ဟု ပြောဆိုပြီးသောအခါ ပြန်လာခဲ့စေလော့။ အချင်းကာက ဆေးဆရာတို့မည်သည်ကား များသော ပရိယာယ် မာယာရှိ၏။ ထိုဇီဝက-က အသင်အား တစ်စုံတစ်ခုကို ပေးကမ်းအပ်သည် ရှိသော် မယူမစားသောက်လေလင့်ဟု မှာထား၍ စေလွှတ်လိုက်၏။ ကာကမည်သော ကျွန်သည် လျင်မြန်စွာ လိုက်သွားသည် ရှိသော် ခရီးအကြားဖြစ်သော ကောသမ္ဗီပြည်၌ နံနက်စာ စားဆဲဖြစ်သော ဆရာဇီဝကကို မြီလေ၏၊ ဆရာ မင်းကြီးက ပြန်လာခဲ့ရမည်ဟု မိန့်တော်မူသည်ဟု ပြော၏။ အချင်းကာက ငါသည် စားပြီးတိုင်အောင် ဆိုင်းလင့်ပါဦး၊ အသင်သည်လည်း စားလှည့်ပါဦးဟု ပြော၏။ ကာက-ကလည်း ဆရာ မင်းကြီးက ဆေးဆရာတို့မည်သည်ကား များသော ပရိယာယ်မာယာ ရှိ၏။ ထိုဇီဝက-က အသင်အား တစ်စုံတစ်ခုကို ပေးအပ်သည်ရှိသော် မယူမသုံး စားလေလင့်ဟု မှာထားတော်မူလိုက်သောကြောင့် မင်းကြီး၏ အာဏာကို ငြင်းဆန်ခြင်းမှာ မဝံ့ပါဟု ပြော၏။ ထိုအခါ ဆရာဇီဝကသည် လက်သည်းကြား၌ ဆေးကို သွင်းထားပြီးသောအခါ သျစ်သျှားသီးကိုလည်း စား၏၊ ရေကိုလည်း သောက်၏။ ကာကမည်သော ကျွန်ကိုလည်း အချင်းကာက သျစ်သျှားသီးကိုလည်း စားပါလော့၊ ရေကိုလည်း သောက်ပါလော့ဟု ပေး၏။

ကာကကျွန်လည်း ဤဆရာဇီဝကသည် မိမိစားသုံးအပ်သည်ကို ပေးလေသည်။ တစ်စုံတစ်ခု ယုတ်မာသော အရှုကို မပြုပေရာဟု ကြံအောက်မေ့၍ တစ်ခြမ်းသော သျစ်သျှားသီးကိုလည်း စား၏။ ရေကိုလည်း သောက်၏။ ထိုသို့စားသောက်ပြီးသောခဏ ထိုနေရာဌာန၌ပင် ဝမ်းလျှော ပျိုအန်လေ၏။ ထိုအခါ ကာက-က အရှင်ဆရာ အကျွန်ုပ်အသက်ကို ပေးပါလော့၊ သနားကြင်နာ ငဲ့ညှာသောအားဖြင့် အသက်ကို စောင့်ရှောက်တော်မူပါလော့ဟု တောင်းပန်၏။ ဆရာဇီဝက-က အချင်းကာက မကြောက်ပါလင့်၊ အသင့်အား အနာရောဂါ ပျောက်ကင်း ချမ်းသာပါလိမ့်မည်။ အသင်တို့၏ မင်းကြီးသည် အလွန်ကြမ်းကြုတ်သော သဘောရှိသည်။ ငါ့ကို သတ်လိုသောကြောင့် ခေါ်စေဘိသည်။ ငါသည် ပြန်လည်၍ မလိုက်တော့အံ့။ အသင်သည် ဤဘဒ္ဒဝတီ ဆင်မကို ယူ၍ သွားလေလော့ဟု ဆောက်နှင်းအပ်နှံလိုက်၍ မိမိသည် ရာဇဂြိုဟ်ပြည်သို့ ပြန်လာခဲ့၏။

ရာဇဂြိုဟ်ပြည်သို့ ကျရောက်သောအခါ ဗိမ္ဗိသာရမင်းကြီး၏ အထံတော်သို့ ချဉ်းကပ်၍ ထိုအကြောင်း အလုံးစုံကို အကုန်ပြန်ကြား လျှောက်ထားသဖြင့် အချင်းဇီဝက အသင်၏ ပြန်လာခြင်းသည်ကား ကောင်းမြတ်၏။ အသင်သည် အကယ်၍ လိုက်သွားသည် ရှိသော် စဏ္ဍပဇ္ဇောတမင်းကြီးသည် အသင့်အား သတ်ငြားအံ့လည်းမသိဟု အမိန့်ရှိတော်မူ၏။ ထိုနောက် စဏ္ဍပဇ္ဇောတမင်းကြီး

သည် အနာရောဂါ ကင်းပျောက် ချမ်းသာသဖြင့် ဆရာဇီဝက၏ အထံသို့ ဆရာဇီဝက လာခဲ့ပါလော့၊ အသင့်အား ငါသည် မြတ်သော ဆုတော်ကို ပေးသနားအံ့ဟု တမန်ကို စေလွှတ်၏။ ဆရာဇီဝက-ကလည်း အရှင်မင်းမြတ် အကျွန်ုပ်သည် မင်းကြီး၏ ထံမှောက်သို့ လာရောက်ခြင်းငှါ မစွမ်းနိုင်ပါ၊ အကျွန်ုပ် ပြုဖူးသော ကျေးဇူးကိုသာ အထူးနှလုံးသွင်း အောက်မေ့တော်မူပါ တော့ဟု ပြန်ကြားလျှောက်ထားလိုက်၏။ ထိုအခါ စဏ္ဍပဇ္ဇောတ မင်းကြီးအား သိဝေယျက ပုဆိုးအစုံသည် ဖြစ်ပေါ်လာ၏။

(အမှာ။ သိဝေယျက ပုဆိုးဟူသည်ကား မြောက်ကျွန်းသူ မြောက်ကျွန်းသားတို့ သူသေကောင်ထုပ်သော မင်္ဂလာမရှိသော အဝတ်ပုဆိုးပေတည်း။

တစ်ဆင့်စကား ကြားသိဖူးသည်မှာ မြောက်ကျွန်း၌ လူတို့သည် သေလွန်သည်ရှိသော် ထိုအဝတ်ဖြင့် ရစ်ပတ်ထုပ်နောင်၍ ချထားစွန့်ပစ်ကုန်၏။ ထိုသူသေကောင်ကို အသားတစ်ဟူသော အမှတ်ဖြင့် ဟတ္ထိသောဏ္ဍငှက်တို့သည် ချီငင်ထိုးဆောင်၍ ဟိမဝန္တာ တောင်ထွတ်၌ ထားသောအခါ အဝတ်ကို ပယ်၍ သူသေကောင်တို့ကို ခဲစားကြကုန်၏။ ထိုခဲရာအရပ်သို့ တောလည်မှဆိုးတို့ တစ်ရံတစ်ခါ သွားရောက်သည်ရှိသော် ထိုအဝတ်ကို တွေ့မြင်၍ ဆောင်ယူပြီးသောကာလ မင်းကြီးအား ဆက်သကြကုန်၏။ ထိုကြောင့် ယင်းသို့သော ပုဆိုးကို စဏ္ဍပဇ္ဇောတ မင်းကြီးအား ရအပ်လေသတည်း။ အချို့ကုန်သော ဆရာကြီးတို့သည်ကား သိဝိတိုင်း၌ လိမ္မာတတ်မြောက်ကုန်သော မိန်းမတို့သည် အရောင်တောက်သော ချည်အမျှင် သုံးခုတို့ဖြင့် ကျစ်ကြကုန်၏။ ထိုချည်တို့ဖြင့် ရက်အပ်သော ပုဆိုးဟူ၍ မိန့်ဆိုတော်မူကြကုန်၏။)

ထိုသိဝေယျက ပုဆိုးသည် အရာ အထောင် အသောင်း အသိန်း-မကသော ပုဆိုးတို့ထက် မွန်မြတ်လှသည်ဖြစ်၍ အဖိုးထိုက်၏။ ထိုသိဝေယျက ပုဆိုးအစုံကို စဏ္ဍပဇ္ဇောတမင်းကြီးသည် ပူဇော်ထိုက်သော အဖိုးအခကိုပြု၍ ဆရာဇီဝကအား ပေးပို့စေ၏။ ဆရာဇီဝက၏ လက်သို့ ကျရောက်ရရှိသောကာလ ဆရာဇီဝကသည် ဤပုဆိုးအစုံသည်ကား အရာထောင်သောင်း အပေါင်းများစွာ ပုဆိုးတကာတို့ထက် လွန်စွာထူးမြတ် အဖိုးထိုက်ပေ၏။ မြတ်စွာဘုရား ကိုယ်တော်မြတ် ဗိမ္ဗိသာရမင်းကြီး ဤနှစ်ဦးကုန်သော ပုဂ္ဂိုလ်မြတ်ဘို့ကို ထား၍ တစ်ပါးကုန်သော သူတို့သည် သုံးဆောင်ခြင်းငှါ မထိုက်တန်လေဟု ကြံမိ၏။

ထိုအခါ၌ မြတ်စွာဘုရားရှင်၏ ကိုယ်တော်သည် စမြင်းဒေါသ များပြားသည်ဖြစ်၏။(ဝမ်းချုပ်တော်မူ၏) ထိုအခါ မြတ်စွာဘုရားရှင်သည် ရှင်အာနန္ဒာကို ဤသို့မိန့်တော်မူ၏–

"ချစ်သားအာနန္ဒာ မြတ်စွာဘုရား ကိုယ်တော်သည် စမြင်းဒေါသာများပြားသည်ဖြစ်၏၊ မြတ်စွာဘုရားယည် ဝမ်းလျှောဆေးကို သောက်လိုက်၏။"

ထိုအခါ အရှင်အာနန္ဒာသည် သမားတော်ဇီဝကသို့ချဉ်းကပ်၍ "ငါ့ရှင်ဇီဝက မြတ်စွာဘုရားရှင်၏ ကိုယ်တော်သည် စမြင်းဒေါသ များနေ၏၊ မြတ်စွာဘုရားသည် ဝမ်းလျှောဆေး သောက်လိုသည်ဟု ပြောဆို၏။ "အရှင်ဘုရား အာနန္ဒာထိုသို့ဖြစ်ပါမူကား မြတ်စွာဘုရားရှင်၏ ကိုယ်တော်ကို ၂-ရက် ၃-ရက်ခန့် စိုစွတ်စေပါလော့၊ (အရည်သက်သက် ဘုဉ်းပေးပါစေလော့)"၊ ထိုအခါ အရှင်အာနန္ဒာသည် မြတ်စွာဘုရားရှင်၏ ကိုယ်တော်ကို ၂-ရက် ၃-ရက်ခန့် စိုစွတ်စေ၏ (ဝမ်းနှုံးရှိ) သမားတော်ဇီဝကထံ ချဉ်းကပ်ပြီးလျှင် "ငါ့ရှင် ဇီဝက မြတ်စွာဘုရားရှင်၏ ကိုယ်တော်သည် စိုစွတ်ခဲ့ပြီ (နှုးညံ့ပျော့ပြောင်းစေခဲ့ပြီ) ဆေးတိုက်ကျေးမည့်အချိန်ကာလကို သိပါလော့" ဟူ၍ ပြောဆို၏။ ထိုအခါ သမားတော်ဇီဝကအား အကြံဖြစ်သည်မှာ ငါသည် ဘုရားရှင်အား အကြမ်းစား ဝမ်းလျှောဆေးကို ပေးရန် မသင့်တော်ချေဟု ကြံစည်၍ ကြာပန်း၊ ကြာပွင့်သုံးခိုင်တို့ကို အထုပ်ထုပ်ဆော ဆေးတို့ဖြင့် ထုံမွမ်းစေ၍ မြတ်စွာဘုရားထံပါးချဉ်းကပ်ပြီးလျှင် ကြာပန်းတစ်ပွင့်ကို မြတ်စွာဘုရားအား ဆက်ကပ်၏။

"ဘုန်းတော်ကြီးသောမြတ်စွာဘုရား ဤပထမကြာပန်းကို နမ်းရှုတော်မူပါ။ ဤသို့နမ်းရှုခြင်းသည် မြတ်စွာဘုရားကို ၁၀-ကြိမ် ဝမ်းလျှောစေပါလိမ့်မည်ဟု လျှောက်ဆား၏။ ဒုတိယကြာပန်းကို မြတ်စွာဘုရားအား ဆက်ကပ်၍ "ဘုန်းတော်ကြီးသောမြတ်စွာဘုရား ဤဒုတိယကြာပန်းကို နမ်းရှုတော်မူပါ၊ ဤသို့နမ်းရှုခြင်းသည် မြတ်စွာဘုရားကို ၁၀ ကြိမ် ဝမ်းလျှောစေပါလိမ့်မည်ဟု လျှောက်ထား၏။ တစ်ဖန် တတိယကြာပန်းကို မြတ်စွာဘုရားအား ဆက်ကပ်၍ ဘုန်းတော်ကြီးသောမြတ်စွာဘုရား၊ ဤဟတိယကြာပန်းကို နမ်းရှုတော်မူပါ၊ ဤသို့ နမ်းရှုခြင်းသည် မြတ်စွာဘုရားကို ၁၀-ကြိမ် ဝမ်းလျှောစေပါလိမ့်မည်၊ ဤနည်းအားဖြင့် မြတ်စွာဘုရားမှင်အား အကြိမ် ၃၀ ဝမ်းလျှောစေပါလိမ့်မည်ဟု လျှောက်ထား၏။ သမားတော် ဆရာဇီဝကသည် မြတ်စွာဘုရားရှင်အား အကြိမ် ၃၀-ဝမ်းလျှောစေမည့်ဆေးကို ပေးလှူ၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် လက်ျာရစ်လှည့်ပတ် အရှိအသေပြု၍ ဖယ်ခွာသွေ၏။ တစ်ဖန် ကျောင်းတော်တံခါးမုခ်မှထွက်ခွါလာစဉ် ဆရာဇီဝကအား ဤသို့ အကြံဖြစ်၏။ ငါသည် မြတ်စွာဘုရားရှင်အား အကြိမ် ၃၀-ဝမ်းလျှောစေမည့်ဆေးကို ပေးလှူအပ်၏။ သို့ရာတွင် မြတ်စွာဘုရား၏ ကိုယ်တော်သည် စမြင်းဒေါသထူပြော၏၊ မြတ်စွာဘုရားကို အကြိမ် ၃၀ ဝမ်းလျှောစေနိုင်လိမ့်မည် မဟုတ်၊ ၂၉-ကြိမ်သာလျှင် ဝမ်းလျှောစေလိမ့်မည်၊ အမှန်စင်စစ် မြတ်စွာဘုရားရှင်သည် ခန္ဓာကိုယ်

နွမ်းတော်မူသည်ဖြစ်၍ ရေချိုးတော်မူလတ္တံ့၊ ထိုသို့ရေချိုးခြင်းသည် ၁-ကြိမ် ဝမ်းလျှောစေလိမ့်ဦးမည်၊ ဤနည်းအားဖြင့် မြတ်စွာဘုရားအား အကြိမ် ၃၀-ဝမ်း လျှောလိမ့်မည်ဟု ကြံစည်၏။ထိုအခါ မြတ်စွာဘုရားရှင်သည် သမားတော်ဆရာဇီဝက၏ စိတ်အကြံအစည်ကို ဉာဏ်တော်ဖြင့် သိမြင်၍ အရှင်အာနန္ဒာကို ဆရာဇီဝက ကြံစည်ပုံကို မိန့်ကြားတော်မူ၏။

"ချစ်သား အာနန္ဒာ ထိုသို့ဖြစ်ပါမူကား ရေနွေးကို စိမ်လော့' 'ဟု မိန့်တော်မူ၏။ "ကောင်းလှပါပြီ ဘုရား"ဟု ရှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဝန်ခံ၍ ရေနွေး စီစဉ်လေ၏။ ထိုအခါ ဆရာဇီဝကသည် မြတ်စွာဘုရား ထံပါးသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် သင့်တင့် လျောက်ပတ်သော အရပ်၌ ထိုင်နေ၏။ ထိုသို့ ထိုင်ပြီးနောက် ဆရာဇီဝကသည် မြတ်စွာဘုရားကို ဤသို့ လျှောက်ထား၏။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား ပင်ပန်းနွမ်းနယ်တော်မူပါသလားဟု မေး၏။ ဇီဝက ပင်ပန်းနွမ်းနယ်တော်မူပါ၏ဟု မိန့်တော်မူ၏။ ဆရာဇီဝကသည် ကျောင်းတော်တံခါးမုခ်မှ ထွက်ခွါစဉ် ဖြစ်ပေါ်သော အကြံအစည်ကို ပြည်လည်လျှောက်ထား၍ ဘုန်းတော်ကြီးသော မြတ်စွာဘုရား ရေသပ္ပါယ်တော်မူပါဘုရား။ ရေသုံးသပ်တော်မူပါဘုရားဟု လျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရားသည် ရေနွေးကို ချိုးတော်မူ၏။ ရေချိုးပြီးသောအခါ မြတ်စွာဘုရားသည် တစ်ကြိမ်ဝမ်းလျှော၏။ ဤနည်းအားဖြင့် မြတ်စွာဘုရားရှင်သည် အကြိမ် သုံးဆယ် ဝမ်းလျှောတော်မူသည်။ ထိုအခါ ဆရာဇီဝကသည် အရှင်ဘုရား မြတ်စွာဘုရား၏ ကိုယ်တော်သည် ပကတိ မဟုတ်ဘဲ ခြေအနေ ပြန်လည်ရောက်သည့် အခါမှသာလျှင် အစာမာ (ဆွမ်း)ကို ဘုဉ်းပေးသင့်ပါသည့် ဘုရား။

မကြာမီ မြတ်စွာဘုရား၏ ကိုယ်တော်သည် ပကတိ ကျန်းမာလာ၏။ ဆရာဇီဝကသည် သိဝိတိုင်းဖြစ် ပုဏ်ဆိုးအစုံကို ယူလာ၍ မြတ်စွာဘုရားရှင်ထံပါး ချဉ်းကပ်၍ ရှိခိုးပြီးလျှင် လျောက်ပတ်သော နေရာ၌ ထိုင်၏။ ထိုင်ပြီးနောက် ဆရာဇီဝကသည်—

"အရှင်ဘုရား တပည့်တော်သည် ဘုရားရှင်ကို ဆုတစ်ခု တောင်းပန်ပါသည်ဟု လျှောက်ထား၏။ ဇီဝက ဘုရားရှင်တို့မည်သည် ဆုပေးခြင်းကို လွန်မြောက်ခဲ့သည်။ အပြစ်မရှိ အပ်စပ်သော ဆုကို တောင်းဆိုလော့ဟု မိန့်တော်မူ၏။ အရှင်ဘုရား မြတ်စွာဘုရားသည် လည်းကောင်း၊ ရဟန်းသံဃာသည် လည်းကောင်း ပုံသက္ကသက်န်းကို ဆောင်ပါကုန်၏။ သိဝိတိုင်းဖြစ် ဤပုဆိုးအစုံသည် စက္ကုပဇ္ဇောတမင်းကြီးက ပို့လိုက်သော ပုဆိုးအစုံဖြစ်ပါ၏။ ပုဆိုးပေါင်း

ရာထောင်သောင်းသိန်းတို့ထက် သာလွန်မွန်မြတ်၏။ ချီးမွမ်းထိုက်၏၊ အကျွန်ုပ်၏ ဤပုဆိုးအစုံကို ခံယူတော်မူပါဘုရား။ ရဟန်းသံဃာအားလည်း ဒါယကာတို့ လှူသော သင်္ကန်းကို ဝတ်ရုံခွင့်ပြုတော်မူပါဘုရား"ဟု ဆုတောင်း၏။ မြတ်စွာဘုရားသည် သိဒိတိုင်းဖြစ် ပုဆိုးစုံကို ခံယူတော်မူ၏။ ထိုနောက် မြတ်စွာဘုရားရှင်သည် ဇီဝကအား တရားဟောပြတော်မူ၏။ တရားဆောက်တည်စေ၏။ စိတ်ကို ရှင်လန်းစေ၍ ဉာဏ်ထက်မြက်စေ၏။ ဆရာဇီဝကလည်း မြတ်စွာဘုရားဟောကြားသော တရားတော်ကို နာယူ ခံယူဆောက်တည်တော်မူ၍ တက်ကြွရှင်လန်းစွာဖြင့် နေရာမှ ထ၍ မြတ်စွာဘုရားရှင်ကို လက်ယာရစ် ရှိခိုး၍ ဖဲသွားလေ၏။ မြတ်စွာဘုရားရှင်သည် ဤအကြောင်းအရာကို အစွဲပြု၍ တရားဟောပြီးနောက် "ချစ်သား ရဟန်းတို့ ဒါယကာတို့ လှူဒါန်းသော သင်္ကန်းကို ဝတ်ရုံခွင့်ပြုတော်မူ၏။ မိမိဆန္ဒအလျောက် ပံ့သကူဆောင်ပုဂ္ဂိုလ် ဖြစ်နိုင်ပါ၏။ ဒါယကာလှူသော သင်္ကန်းကို အလိုရှိသော ရဟန်းများ သာယာနိုင်၏။ သို့ရာတွင် ရ-ရသမျှဖြင့် ရောင့်ရဲတင်းတိမ်မှုကို ငါဘုရား ချီးမွမ်းတော်မူ၏။

ရဟန်းတော်များအား ဒါယကာလှူသော သင်္ကန်းကို ခွင့်ပြုတော်မူသည်ဟု ကြားသိကုန်သော ရာဇဂြိုဟ် ပြည်သူ ပြည်သားတို့သည် ဝမ်းမြောက်ဝမ်းသာ လာရောက်၍ သင်္ကန်းလှူဒါန်းကြရာ တစ်နေ့တည်းဖြင့် ထောင်ပေါင်းများစွာသော သင်္ကန်းအစုံတို့ ဖြစ်ပေါ်လာကုန်၏။

ဇီဝကပဉ္ဇဝတ္ထု ပြီး၏။

၂။ အရှင်မဟာကဿပဝတ္ထု

ဥယျုဥန္တိ– အစရှိသည့် ဤဒေသနာတော်ကို မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းဟော်၌ သီတင်းသုံးတော်မူသောအခါ မဟာကဿပမထေရ်ကြီးကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့ပေသတည်း။

အခါဟပါး၌ မြတ်စွာဘုရားရှင်သည်၊ ရာဇဂြိုဟ်ပြည်၌ ဝါဆိုတော်မူ၍ ဝါကျွတ်ပြီးနောက် လခွဲလွန်သောအခါ ဒေသစာရီ လှည့်လည် ကြွတော်မူမည်ဟု ရဟန်းတို့အား ကြားစေ၏။

ဤသို့ လခွဲမရောက်မီ ကြိုတင်ပြောကြားရသော အကြောင်းမှာ မြတ်စွာဘုရားကိုယ်တော်မြတ်နှင့် အတူတကွ ခရီးကြွသွားလိုသော ရဟန်းတို့သည် သပိတ်ဖုတ်ခြင်း သင်္ကန်းဆိုးခြင်း အစရှိသည်တို့ကို ပြုပြီးသောအခါ ချမ်းသာစွာ

သဉ်းရလတ္တံ့ဟု ကြံတော်မူ၍ မြတ်စွာဘုရားကိုယ်တော်မြတ်တို့၏ အလေ့တံထဉာပြောကြားမြဲ ဓမ္မတာပေတည်း။ ထို့ကြောင့် မြတ်စွာဘုရားရှင်သည် ပြောကြားတော်မူလေသတည်း။

ရဟန်းသို့သည် သပိတ်ဖုက်ခြင်းစသည်ကို ပြု၍ကုန်သည်ရှိသော် မဟာကဿပမထေရ်သည်လည်း သင်္ကန်းကို ဖျင်လျော်၏။ ရဟန်းတို့သည် မဟာကဿပမထေရ်သည် အဘယ့်ကြောင့် သင်္ကန်းကို ဖျင်လျော်ဘိသနည်း၊ ဤရာဇဂြိုဟ်မြို့ကြီး၏ အတွင်းအပ၊ နှစ်ဝကုန်သော ဌာနတို့၌ တစ်ဆယ့်ရှစ်ကုဋေကုန်သောလူတို့သည် နေကြကုန်၏။ ထိုမြို့ကွင်း မြို့ပ နှစ်ဌာနတို့ဧင် မထေရ်၏ ဆွေမျိုးမရှိသော ရပ်ကွက်ဒေသ၌ အလုပ်အကျေး ဒါယကာ ဒါယိကာမတို့သည် ရှိကုန်မဲ့။ အလုပ်အကျေး ဒါယကာ ဒါယိကာမတို့ မရှိသော ရပ်ကွက်ဒေသဌာန၌ မထေရ်၏ ဆွေမျိုးဥာတိတို့ ရှိကုန်၏။ ထိုဒါယကာ ဒါယိကာမတို့သည် မထေရ်အား လေးပါးကုန်သော ပစ္စည်းတို့ဖြင့် ကောင်းစွာချီးမြှင့် လုပ်ကျေးပူဇော်ခြင်းကို ပြုကြကုန်၏။ ဤမျှလောက်သော ကျေးဇူးဥပကာရကို ပယ်၍ မထေရ်သည် ဘယ်ဒေရပ်သို့ ကွာလတ္တံ့နည်း။ အကယ်၍ ကွာတော်မူငြားသော်လည်း မာ ပမာဒ ချောက်မှ ရှောင်လွှဲ၍ မသွားရလတ္တံ့ဟု ကဲ့ရဲ့ရွတ်ချ ပြောဆို ပြစ်တင်ကြကုန်၏။

(အမှာ။ မာ ပမာဒချောက် ဟူသည်ကား မြတ်စွာဘုရားရှင်သည် ဒေသစာရီ ကြွချီတော်မူသည်ရှိသော် ထိုချောက်သို့ ရောက်သည့်အခါ ဆုတ်နစ်ပြန်လည်ခြင်းငှါ ထိုက်ကုန်သော ရဟန်းတို့ကို အသင်တို့သည် ဤအရပ်မှ ဆုတ်နစ် ပြန်လည်ကြကုန်လော မမေ့မလျော့ကြကုန်လင့်ဟု ပြောဆိုဆုံးမတော်မူသော ချောက်ဘည်း။ ထို့ကြောင့် ၎င်းချောက်ကို မာ ပမာဒ ချောက်ဟူ၍ ခေါ်ဆိုသမုတ်သတည်း။)

မြတ်စွာဘုရားရှင်သည် ဒေသစာရီ ကြွချီတော်မူသည်ရှိသော် ကြံဆင်ခြင်တော်မူသည်မှာ ဤရာဇဂြိုဟ်ပြည်၏ မြို့တွင်းမြို့ပ နှစ်ဌာနသော နေရာတို့၌ ကစ်ဆယ့်ရှစ်ကုဋေကုန်သော လူတို့သည် နေကြကုန်၏။ ထိုလူတို့၏ မင်္ဂလာအမာင်္လာ အရာဌာနတို့၌ ရဟန်းတို့ကိုအလိုရှိ၍ ပင့်ဖိတ်အပ်သောအခါ သွားအပ်ရောက်အပ်၏။ ကျောင်းကို အချည်းနှီးပြုပြီးသည့်အခါ သွားခြင်းငှါ မသင့်လျော်အချို့သော ရဟန်းတို့ကို ပြန်လည်စေမှ သင့်လျော်မည်ဟု ကြံဆင်ခြင်တော်မူ၏။ အဘယ်ရဟန်းကို ပြန်လည်စေမှ သင့်လျော်အံ့နည်းဟု ကြည့်ရှုတော်မူပြန်သော် ထိုအလုပ်အကျေး မျှားစွာကုန်သော လူတို့သည် ငါ့သားတော်ကဿပ၏ အဆွေအမျိုး အလုပ်အကျေးတို့သာ ဖြစ်လေသည်။ ကဿပကို ပြန်လည်စေမှ သင့်လျော်မည်ဟု ကြည့်ရှုမြင်တော်မူ၍ မြတ်စွာဘုရား ကိုယ်တော်

မြတ်က မထေရ်ကို ချစ်သား ကဿပ အချည်းနှီးသော ကျောင်းကို ပြုခြင်းငှါ မတတ်ကောင်း။ လူဘို့အား မင်္ဂလာ အမင်္ဂလာ အထူဋ္ဌာနတို့၌ ရဟန်းတို့ကို အလိုရှိကုန်၏၊ အသင်သည် မိမိ၏ ပရိသတ်နှင့်တကွ ဆုတ်နစ်ပြန်လည်လေလော့ဟု မိန့်တော်မူ၏။ ကောင်းပါပြီ မြတ်စွာဘုရားဟု လျှောက်ကြားဝန်ခံ၍ အရှင်မဟာကဿပမထေရ်သည် မိမိ၏ပရိသတ်ကိုယူ၍ ဆုတ်နစ် ပြန်လည်၏။ ရဟန်းတို့သည် ငါ့ရှင်တို့ အသင်တို့သည် မြင်ကြကုန်၏လော မဟာကဿပ မထေရ်သည် အဘယ်ကြောင့် သင်္ကန်းကို ဖွဲ့ပ်လျှော်ဘိသနည်း။ ထိုမထေရ်သည် မြတ်စွာဘုရားကို ကိုယ်တော်မြတ်နှင့် အတူတကွ မသွား မလိုက်ရ လင့်ကုံ့ဟု ဤယခုအခါ၌သာ ငါတို့ ပြောဆိုပြီးသည် ငါတို့ ပြောဆိုသောအတိုင်း ယခုလည်း ဖြစ်လေတော့သည်ဟု ပြောဆို ကဲ့ရဲ့ ရှုတ်ချကုန်၏။

မြတ်စွာဘုရားရှင်သည် ရဟန်းတို့၏ စကားကို ကြားတော်မူ၍ ပြန်လည် မတ်မတ် ရပ်တန့်တော်မူပြီးသောအခါ ချစ်သားရဟန်းတို့ အသင်တို့သည် အဘယ်မည်သော စကားကို ပြောဆို ကုန်ဘိသနည်းဟု မေးတော်မူ၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား မဟာကဿပမထေရ်ကို အကြောင်းပြုသောအားဖြင့် ပြောကြားကြပါသည်ဟု လျှောက်ကြား၍ မိမိတို့ ပြောဆို ဝံ့ငြားသော စကားကို အကုန်ပြန်ကြား၍ လျှောက်ကုန်၏။ မြတ်စွာဘုရားရှင်သည် ထိုစကားကို ကြားတော်မူ၍ ချစ်သားရဟန်းတို့ အသင်တို့သည် ငါ၏သားတော် ကဿပကို အမျိုးတို်ခ်ြလည်းကောင်း ပစ္စည်းတို်ခ်ြလည်းကောင်း ကပ်ငြိသည်ဟု ဆိုကုန်ဘိ၏။ ထိုကဿပသည်ကား ငါဘုရား၏ စကားကို လိုက်နာခြင်းကို ပြုအံ့ဟု ဆုတ်နစ် ပြန်လည်လေသည်၊ ဤကဿပသည် ရှေးလွန်လေပြီးသောအခါ ဆုတောင်း ပဿနာကို ပြုစဉ်ကပင်လျှင် "ပစ္စည်းလေးပါးတို်ခ်ြ မကပ်ငြိဘဲ လမင်းနှင့် တူသည်ဖြစ်၍ အမျိုးတို့သို့ ကပ်ခြင်းငှါ စွမ်းနိုင်သည်ကိုယ်ဖြစ်ရပါလို၏"ဟု ဆုတောင်းပတ္ထနာခြင်းကို ပြုခဲ့ပေ၏၊ ထိုကဿပအား အမျိုးခ်ြလည်းကောင်း၊ ပစ္စည်းခ်ြလည်းကောင်း ကပ်ငြိခြင်းမရှိ။ ငါဘုရားသခင်သည် စန္ဒောပမာပဋိပဒါ ကိုလည်းကောင်း အရိယဝံသပဋိပဒါ ကိုလည်းကောင်း ဟောတော်မူသည်ရှိသော် ငါ၏သားတော် ကဿပကို ဥပမာပြု၍ ဟောကြားကောင်းမှုဖူးပြီဟု မိန့်တော်မူ၏။ ရဟန်းတို့လည်း ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ထိုအရှင်ကဿပ မထေရ်သည် အဘယ်အခါ၌ ဆုတောင်းပတ္ထနာခြင်းကို ဖြစ်စေခဲ့ပါသနည်းဟု မေးလျှောက်ကုန်သည်ရှိသော် ချစ်သားရဟန်းတို့ နာလိုကုန်သလောဟု မေးတော်မူသဖြင့် နာလိုပါကုန်သည်ဟု လျှောက်ကြားကုန်သောကြောင့် အတိတ်ကို ဆောင်တော်မူ၏။

အရှင်မဟာကဿပ၏ ရှေးဆုတောင်း

အတိတ်ဝတ္ထု

ရှေးလွန်လေပြီးသော ကမ္ဘာတစ်သိန်းထက်၌ ပဒုမုတ္တရ အမည်တော်ရသော ဘုရားကိုယ်တော်မြတ်သည် လူတွင် ထင်ရှား ဘုရားဖြစ်တော်မူသတည်း။ ထိုပဒုမုတ္တရ မြတ်စွာဘုရား ရှင်သည် ဟံသာဝတီ အမည်ရှိသော မြို့ကြီး၌ ခေမာ မိဂဒါယ အမည်ရှိသော အာရာမ်ဝယ် ဆောက်လုပ်အပ်သော ကျောင်း၌ သီတင်းသုံး စံနေတော်မူ၏၊ ထိုဟံသာဝတီမြို့၌ ကဿပမထေရ် အလောင်းသည် ဝေဒေဟ-အမည်ရှိသော သူကြွယ်ဖြစ်၏။ များပြားသော စည်းစိမ်ချမ်းသာ ရှိ၏။ တစ်ရံသောအခါ ထိုသူကြွယ်သည် နံနက်စောစောကပင် ကောင်းမြတ်သော ဘောဇဉ်ကို စားသုံးပြီးမှ ဥပုသ်ကျင့်သုံး ဆောက်တည်ပြီးသောအခါ ပန်းနံ့သာ စသည်တို့ကို လက်စွဲလျက် ကျောင်းတော်သို့ သွားရောက်၍ မြတ်စွာဘုရားရှင်ကို ပူဇော်ပြီးသော် သင့်တင့် လျောက်ပတ်သော အရပ်၌ ထိုင်နေ၏။ ထိုခဏ၌ မြတ်စွာဘုရား တပည့်သားတော်ဖြစ်သော နိသဘ အမည်ရှိသော တတိယသာဝကကို—

ဘေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဓုဘဝါဒါနံ ယဒိဒံ နိသဘော—

ဟု ဘေဒဂ်အရာ၌ ထားတော်မူ၏၊

ဥပါသကာ ဒါယကာ သူကြွယ်သည် ထိုသို့ ဟေဒဂ်ထားသည်ကို ကြား၍ ကြည်ညိုသော စိတ်ရှိရကား တရားဟောပြီးသည်၏ အဆုံး၌ လူများအပေါင်း ထသွားသည်ရှိသော် မြတ်စွာဘုရား ကိုယ်တော်မြတ်ကို ချဉ်းကပ် ညွတ်လျိုး ရှိခိုးဦးချ၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား နက်ဖြန်ခါ၌ တပည့်တော်၏ ဆွမ်းကို သည်းခံသာယာ သုံးဆောင်တော်မူပါလော့ဟု လျှောက်ကြား၏။ ဒါယကာ ရဟန်းသံဃာတော်သည်ကား အလွန်များ၏၊ အဘယ်မျှလောက်သော ရဟန်းသံဃာဖြင့် အလိုရှိသနည်းဟု မေးတော်မူလျှင် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အဘယ်မျှလောက် ပါနည်းဟု မေးလျှောက်သဖြင့် ဒါယကာ ခြောက်သောင်းမျှလောက် ရှိကုန်သည်ဟု မိန့်တော်မူသောအခါ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တစ်ပါးသော သာမဏေမျှကိုသော် လည်း ကျောင်း၌ မကြွင်းစေမူ၍ တပည့်တော်ဆွမ်းကို သည်းခံတော်မူပါဟု လျှောက်ကြား ပင့်ဖိတ်သဖြင့် မြတ်စွာဘုရားရှင်သည် ဆိတ်ဆိတ်နေသော အားဖြင့် သည်းခံတော်မူ၏။ သူကြွယ်သည် မြတ်စွာဘုရား ကိုယ်တော်မြတ်၏ သည်းခံခြင်းကိုသိ၍ အိမ်သို့ရောက်ပြီးသော် ကြီးစွာသော အလှူဒါနကို စီရင်၍ နက်ဖြန်မိုးသောက်၌ မြတ်စွာဘုရားအား ကြွတော်မူလာ၍ ကြားလျှောက်

စေ၏။ မြတ်စွာဘုရားရှင်သည် သပိတ်သက်နှံးကို ယူတော်မူ၍ ရဟန်းသံဃာတော်အပေါင်း ခြံရံလျက် သူကြွယ်၏ အိမ်သို့ ကြွသွားတော်မူ၏။ ခင်းထားအပ်သောနေရာ၌ သီတင်းသုံးတော်မူလျက် သူကြွယ်ကပ်လှူအပ်သော ယဝဂုစသည်တို့ကို ခံယူတော်မူ၍ ဘုဉ်းပေးသုံးဆောင်တော်မူ၏။ သူကြွယ်သည်လည်း မြတ်စွာဘုရားအနှီးဌာသာ နေထိုင်၏။

ထိုအတောအဘွင်းဌာ နိသဘမထေရ်သည် ဆွမ်းအလှူဒါယကာ လှည့်လည်တော်မူသည်ရှိသော် ထိုသူကြွယ်အိမ်ရှေ့လမ်းဖြင့်သာ ကြွတော်မူလာ၏၊ သူကြွယ်သည် မထေရ်ကို မြင်သောကြောင့် နေရာမှထ၍ လျင်မြန်စွာ လိုက်ပြီးသော် မထေရ်ကို ရှိခိုးပြီးလျှင် အရှင်ဘုရား သပိတ်ကို ပေးသနားတော်မူပါဟု လျှောက်ကြား၍ တောင်း၏၊ မထေရ်သည် သပိတ်ကို ပေးတော်မူ၏။ အရှင်ဘုရား ဤအရပ်၌သာလျှင် ထိုင်နေသီတင်းသုံးပါဦး၊ မြတ်စွာဘုရားသခင်သည်လည်း ဤအိမ်၌ သီတင်းသုံး၍ရှိပါသည်ဟု လျှောက်လျှင် ဥပါသကာ ငါတို့အား မအပ်ပေလတ္တံ့ဟု မိန့်တော်မူ၏။ သူကြွယ်လည်း မထေရ်၏သပိတ်ကို ယူပြီးသောအခါ ဆွမ်းဖြင့် ပြည့်စေ၍ တဖန်ပြန်ပြီးသောအခါ မထေရ်အား ကပ်လှူ၏။ ထိုနောက် မထေရ်ကို ဧစည်လိုက်၍ အနည်းငယ် ပို့လိုက်ပြီးမှ ပြန်လာပြီးသော် မြတ်စွာဘုရား ကိုယ်တော်မြတ်၏ အထံ၌ ထိုင်နေလျက် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား နိသဘမထေရ်သည် မြတ်စွာဘုရားရှင်သည် အိမ်၌သီတင်းသုံးလျက်ရှိပါသည်ဟူ၍ လျှောက်ကြားပါသော်လည်း အိမ်သို့ ကြွဝင်တော်မူခြင်းငှါ အလိုမရှိ၊ ထိုအရှင်အား အာဠာဝကတို့ထက် လွန်ကဲသော အကြောင်းတို့ဖြင့် ဂုဏ်ထူးတစ်စုံတစ်ခု ရှိပါသလောဟု မေးလျှောက်၏။ ဘုရားရှင်တို့အား ဂုဏ်ကျေးဇူးဌာ ဝန်တိုလျှိုဝှက်ခြင်းမည်သည် မရှိ။ ထိုအခါ မြတ်စွာဘုရား ကိုယ်တော်မြတ်က ဒါယကာ ငါတို့သည် ဆွမ်းကိုငှံ့လင့်လျက် အိမ်၌နေထိုင်ကုန်၏။ ထိုရဟန်းသည်ကား ဤသို့ ထိုင်နေကြည့်ရှုခြင်းမရှိ၊ ငါတို့သည် ရွာနီးဖြစ်သော ကျောင်း၌နေကုန်၏။ ထိုရဟန်းသည် တောကျောင်း၌သာလျှင် နေ၏။ ငါတို့သည် အမိုးမိုးအပ်သော ကျောင်း၌ နေကုန်၏။ ထိုရဟန်းသည် လွင်တီးခေါင်၌သာ နေ၏။ ဤသည်လျှင် ထိုရဟန်းအား ငါတို့ထက်လွန်ကဲသော ဂုဏ်ကျေးဇူးပေတည်းဟု မဟာသမုဒ္ဒရာကို ပြည့်စေဘိသကဲ့သို့ မိန့်ဆိုတော်မူ၏။

ဓုတင်ဆောင် ပုဂ္ဂိုလ်အဖြစ် ဆုတောင်းခြင်း

သူကြွယ်သည် ပကတိအားဖြင့် ထွန်းလင်းတောက်ပ၍နေသော ဆီမီးကို တဖန် ဆီဆပ်၍ သွန်းလောင်းဘိသကဲ့သို့ အတိုင်းထက်အလွန်ပင် ကြည်လင်

နှစ်သက် မြော်နိုးခြင်းရှိသည်ဖြစ်၍ ကြံဆင်ခြင်သည်မှာ ငါ့အား တစ်ပါးသော စည်းစိမ်ချမ်းသာဖြင့် အဘယ်သို့ အကျိုးရှိအံ့နည်း၊ နောင်လာလတ္တံ့သော အနာဂတ်၌ တစ်ဆူသော ဘုရားရှင်၏အထံတော်၌ ဓုတင်ဆောင်ကုန်သော ပုဂ္ဂိုလ်တို့ဝယ် လွန်ကဲထူးမြတ်သည်၏အဖြစ်ကို ဖြစ်စေခြင်းငှါ ဆုတောင်း ပတ္ထနာပြုအံ့ဟု ကြံ၏။ ထိုသူကြွယ်သည် တဖန်လည်း မြတ်စွာဘုရားရှင်ကို ပင့်ဖိတ်၍ ထိုအမှတ်ဖြင့်သာလျှင် ခုနစ်ရက်ပတ်လုံး ကြီးစွာသော အလှူကြီးကို ပေးလှူ၍ ခုနစ်ရက်မြောက်သောနေ့၌ ဘုရားအမှူးရှိသော သံဃာတော်အား တိစီဝရိက်သင်္ကန်းဘို့ကို ပေးလှူပြီး၍ မြတ်စွာဘုရား၏ ခြေတော်ရင်း၌ ဝပ်စင်းရှိခိုးပြီးသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်သည် ခုနစ်ရက်တို့ပတ်လုံး ကြီးစွာသောအလှူကြီးကို ပေးလှူပါ၏။ ကာယကံမေတ္တာ, ဝစီကံမေတ္တာ, မနောကံမေတ္တာကို ကောင်းစွာ ဆောက်တည်အပ်ပါ၏။ ဤကောင်းမှုကြောင့် တပည့်တော်သည် ဖန်ပါးလည်း ဖြစ်သော နတ်မင်း စည်းစိမ်ချမ်းသာ၊ သိကြားမင်း မာရ်မင်း၏ စည်းစိမ်ချမ်းသာ၊ ဗြဟ္မာမင်း စည်းစိမ်ချမ်းသာကို မတောင့်တ မပန်ဆင် မလိုချင်ပါ၊ တပည့်တော်ဘုရားပြုအပ်သော ဤကောင်းမှုသည် နောင်လာလတ္တံ့သော အနာဂတ်၌ တစ်ဆူသော ဘုရားရှင်၏ အထံတော်ဝယ် မဟာနိဿဘမထေရ်သည် ရောက်အပ် ရအပ်သော ရာထူးကို ပြည့်စေခြင်းငှါ ဓုတင်ကို ဆောင်ကုန်သော ပုဂ္ဂိုလ်ဘို့သက် ကဲလွန် ထူးမြောက်သော အဖြစ်၏ အထောက်အပံ့ဖြစ်ပါစေသတဲ့ဟု ဆုတောင်းပတ္ထနာ၏။

မြတ်စွာဘုရားရှင်သည် ဤသူကား ကြီးစွာသောဆုကို ဆုတောင်း ပန်ဆင်၏။ ဤသူသည် ပြည့်စုံလတ္တံ့လော၊ မပြည့်စုံဘဲပင် ရှိမည်လောဟု ကြည့်ရှုတော် မူသည်ရှိသော် ပြည့်စုံလတ္တံ့သည်ကို မြင်တော်မူ၍ ဒါယကာ အသင်သည် ကြီးစွာသော ရာထူးကို တောင့်တအပ်၏။ နောင်လာလတ္တံ့သော အနာဂတ်ဖြစ်သော ကမ္ဘာတစ်သိန်းမြောက်၏ အဆုံး၌ ဂေါတမအမည်ရှိသော ဘုရားသည် လူတွင်ထင်ရှား ဘုရားဖြစ်လတ္တံ့၊ အသင်သည် ထိုဂေါတမဘုရား၏ တတိယသာဝက မဟာကဿပ အမည်ရှိသော မထေရ်သည် ဖြစ်ပေလတ္တံ့ဟု ဗျာဒိတ်စကား ကြားတော်မူ၏။ ထိုကဲ့သို့သော ဗျာဒိတ်စကားကို ကြား၍ ဘုရားတို့မည်သည် နှစ်ခွန်း နှစ်ခွသော စကားကို မိန့်ကြားတော်မူခြင်း မရှိပေ။ မချွတ် ဧကန် အမှန် ရောက်ရတော့မည်ဟု ကြံ၍ နက်ဖြန်မိုးသောက် ရောက်သောနေ့၌ ထိုစည်းစိမ်ချမ်းသာ ရာထူးကို ရတော့မည်ကဲ့သို့ အောက်မေ့၏။ ထိုသူကြွယ်သည် အသက်ရှည်သမျှ ကာလပတ်လုံး တသြ၍ သီလကိုစောင့်ရှောက် ပြီးလျှင် ဒါနထူးထူး အပြားပြား များစွာသော ကောင်းမှုတရားကို ကြိုးစား အားထုတ် ပြုလုပ်ပြီးမှ ထိုဘဝ၌ သေလွန်ခြင်းကို ပြု၍ နတ်ပြည်၌ ဖြစ်လေ၏။

ကေသဒ္ဓကပုဏ္ဏားဘ၀

ထိုအခါမှစ၍ နတ်ပြည်တို့၌လည်းကောင်း၊ လူ့ပြည်တို့၌လည်းကောင်း စည်းစိမ်ချမ်းသာကို ခံစားလျက် ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တစ်ကမ္ဘာထက်၌ ဝိပဿီ မည်၍တာ၀်မူသော မြတ်စွာဘုရားပွင့်တာ၀်မူသဖြင့် ဗန္ဓုမတီပြည်ကို မှီ၍ သားအပေါင်းတို့ ဘေးငြိမ်းရာဖြစ်သော ခေမာ မိဂဒါယ ဥယျာဉ် အရပ်၌ ဆောက်တည်အပ်သော ကျောင်းတော်ဝယ် သီတင်းသုံးတော်မူသည် ရှိသော် နတ်ပြည်မှ စုတေလာ၍ အမှတ်မရှိသော ပျက်စီးလပြီးသော စည်းစိမ်ချမ်းသာ ရှိသော ပုဏ္ဏားမျိုး၌ ဖြစ်လေ၏။ ထိုအခါ ဝိပဿီ မြတ်စွာဘုရားရှင်သည် ခုနစ်နှစ်မြောက်၊ ခုနစ်နှစ်မြောက်၌ တရားတော်ကို ဟောကြားတော်မူ၏။ ကြီးစွာသော ကောလာဟလသည် ဖြစ်လေ၏။ အလုံးစုံသော ဇမ္ဗူဒီပ်ကျွန်း၌ နတ်တို့သည် မြတ်စွာဘုရား ကိုယ်တော်မြတ်သည် တရားဟော်ကို ဟောကြားလတ္တံ့ဟု ပြောကြားကုန်၏။ ပုဏ္ဏားကြီးလည်း တရားနာကြွေးကြော်သံ ဖြင့် တရားဟောမည်ဟူသော သတင်းစကားကို ကြားသိလေ၏။ ထိုပုဏ္ဏားကြီးအား လည်းကောင်း၊ ပုဏ္ဏေးမအားလည်းကောင်း နှစ်ဦးကုန်သော သူတို့အား အပေါ်ရုံပုဆိုးသည် တစ်ထည်သာရှိသောကြောင့် အလုံးစုံသောမြို့၌ ကေသဒ္ဓက ပုဏ္ဏားဟု ထင်ရှားကျော်စော၏။ ပုဏ္ဏားတို့အား တစ်စုံတစ်ခုသော ကိစ္စဖြင့် စည်းဝေးသည်ရှိသော် ပုဏ္ဏေးမကို အိမ်၌ထား၍ မိမိကိုယ်တိုင်သွား၏။ ပုဏ္ဏေးမ တို့အား အစည်းအဝေးရှိသည် ရှိသော် မိမိသည် အိမ်၌နေ၍ ပုဏ္ဏေးမသည် ထိုအ၀တ်ကို ၀တ်ရုံပြီးသော် သွားရောက်၏။ ထိုနေ့၌ကား ပုဏ္ဍားကြီးသည် ပုဏ္ဏေးမကို အိုချစ်နှမ အသင်သည် ညဉ့်၌ဘည်း တရားနာအံ့လော၊ နေ့၌တည်း တရားနာအံ့လောဟု မေး၏။ အရှင် ငါတို့ မိန်းမ မည်သည်ကား ညဉ့်အခါ တရားတော်ကို နာခြင်းငှါ မစွမ်းနိုင်ပါ၊ နေ့အခါ၌သာ နာပါအံ့ဟု ပြော၏။ ပြောပြီး၍ ပုဏ္ဏားကြီးကို အိမ်၌ထားပြီးသော် ထိုအ၀တ်ကို ၀တ်ရုံ၍ ဥပါသိကာမတို့နှင့် အတူပေါက နေ့အခါ၌ သွားရောက်ပြီးသည် ကာလ တင့်အပ်လျောက်ပတ်သော အရပ်၌ ထိုင်နေပြီးလျှင် တရားတော်ကို နာ၍ ဥပါသိကာမတို့နှင့် အတူတကွသာလျှင် ပြန်လာခဲ့၏။

ထိုနောက် ညဉ့်အခါသို့ ရောက်သောအခါ ပုဏ္ဏားကြီးသည် ပုဏ္ဏေးမကို အိမ်၌ထား၍ ထိုအ၀တ်ကို ရုံပြီးသော် ကျောင်းသို့ သွားလေ၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် ပရိသတ်အလယ်ဖြစ်သော တန်ဆာဆင်အပ်သော တရားဟောနေရာ၌ ထိုင်နေ သီတင်းသုံးတော်မူလျက် ဆန်းကြယ်စွာသော ယပ်ကို ကိုင်ယူတော်မူပြီးသော် အာကာသဂင်္ဂါသို့ သက်ဘိသကဲ့သို့လည်းကောင်း၊ မြင်းမိုရ်တောင်အရင်း သမုဒ္ဒရာအတွင်းသို့ သက်ဆင်း၀င်ရောက်

မွေနှောက်ဘီသကဲ့သို့ လည်းကောင်း တရားစကားကို ဟောကြားတော်မူ၏။ ပရိသတ်အကြားဌ ထိုင်နေလျက် တရားတော်ကိုနာသော ကေသဒူက ပုဏ္ဏားကြီးအား ညဉ့်၏ ပထမယံဌသာလျှင် အလုံးစုံသော ကိုယ်ကိုပြည့်လျက် ငါးပါးသော အဆင်းရှိသော ပီတိသည်ဖြင့်၏။

တစ်ထည်သာရှိသောအဝတ်ကို အောင်မြင်စွာလှူဒါန်းခြင်း

ဝတ်ရုံအင်္ကျီသော အဝတ်ကို ခွာပြီးလျှင် ဘုရားရှင်အား လှူဒါန်းပါတော့အံ့ဟု ကြံ၏။ ထိုနောက် တဖန် ကြံဆင်ခြင်ပြန်သည်မှာ ပုဏ္ဏားမအား လည်းကောင်း၊ ငါအား လည်းကောင်း ဤအဝတ် တစ်ထည်သာ ရှိလေသည်။ တစ်စုံကစဲခုသော တင်ပါးသော အဝတ်အရုံသည် မရှိ၊ အဝတ်အရုံကို မရုံမူ၍ အိမ်မှ ပြင်ပကို လှည့်ပတ်သွားလာခြင်းငှာ မစွမ်းနိုင်ဟု ကြံအောက်မေ့ပြီးသောအခါ ဝန်ဘိုစိတ် ဆိုပိတ်သောကြောင့် မပေးလှူလိုသော စိတ်သည် ဖြစ်ပြန်၏။ ညဉ့်၏ ပထမယံမှ ကျော်လွန်၍ မဇ္ဈိမယံသို့ ရောက်ပြန်သော် ရွှေနည်းအတူသာ ပီတိဖြစ်၍ လှူမည်ဟု ကြံသော်လည်း ဝန်တိုမစွဲရစိတ် ပေါ်လာသောကြောင့် မလှူဘဲ ရှိလေ၏။ ညဉ့်အဆုံးဖြစ်သော ပစ္ဆိမယံသို့ ရောက်သောအခါ ရွှေနည်း အတူ ပီတိတရား ဖြစ်ပွားသောကြောင့် ထိုပုဏ္ဏားသည် အဘယ်သို့သော အခြင်းအရာ ဖြစ်စေကာမူ နောင်ခါကာလမှာ နောင်အားလျော်စွာ ဖြစ်စေတော့ဟု ကြံ၍ အပေါ်ရုံအဝတ်ကို ခွာယူပြီးသောအခါ မြတ်စွာဘုရား ခြေတော်ရင်း၌ ထား၏။ ထိုနောက် လက်ဝဲလက်ကို ခွေပိုက်၍ ထားပြီးလျှင် လက်ျာလက်ဖြင့် သုံးကြိမ်တိုင်တိုင် လက်နှိပ်ပေါက်ခတ်၏။ "ဇိတံ မေ ဇိတံ မေ=ငါသည် အောင်ပြီ ငါသည် အောင်ပြီ" ဟု သုံးကြိမ်ကျူးရင် ကြွေးကြော်၏။

ထိုအခါ ပန္ခမမင်းကြီးသည် တရားဟောနေဆဲ၏ နောက်မှ ဟင်းတိမ်အရုံ၏ အဘွင်းဌနေလျက် တရားတော်ကို ကြားနာ၏။ ပြည်ရှင်မင်းတို့ မည်သည်ကား ငါသည် အောင်ပြီ ဟူသော အသံကို မနှစ်သက်၊ မင်းကြီးသည် မင်းချင်းယောကျ်းဘင်ယောက်ကို အချင်း သွားတဲ့ခေါ်။ ထိုအကြောင်းကို မေးခေါ်လော့ဟု ဆို၏။ မင်းချင်းယောကျ်းသည် သွားရောက်၍ မေးအပ်သည် ရှိသော် ကေသဒူက ပုဏ္ဏားက ဆင်-မြင်း စသည်တို့ကို တက်စီးလျက် သန်လျက် စသည်တို့ကို ကိုင်ပြီးသောအခါ သူတစ်ပါး၏ စစ်သည်ကို အောင်ခြင်းမှာကား အံ့ဖွယ်သရဲ ဖြစ်သော အောင်ခြင်း မဟုတ်ခေါ်၊ ငါသည် နောက်မှ ပြေးလိုက်၍လာသော ကြမ်းကြုတ်စွာသော နွားအား ဆောက်ပုတ်ဖြင့် ဦးခေါင်းကို ရိုက်ခဲ့လျက် ထွက်ပြေးစေဘိသကဲ့သို့ လှူလိုသော သဒ္ဓါဘရားကို ပျက်ပြားဆုတ်ယုတ်အောင် လိုက်၍ ဖျက်ဆီးတတ်သော မစ္ဆရ စိတ်ဆိုး

စိတ်ကြွမ်းကို နှိမ်နင်းချိုးဖဲ့လျက် ဝတ်ရုံအပ်သော အဝတ်ကို မြတ်စွာဘုရား ရှင်အား ပေးလှူ၏။ ထိုသို့ ပိတ်ပင်တားမြစ်အပ်သော မစ္ဆေရကို ငါသည် အောင်ပေသည်ဟု ဧပြုလိုက်၏။

မင်းချင်း ယောကျ်ားလည်း ပြန်သွားပြီးသောအခါ ထိုအကြောင်းကို မင်းကြီးအားလျှောက်တင်၏။မင်းကြီးလည်း အချင်းတို့ငါတို့သည် မြတ်စွာဘုရား ကိုယ်တော်မြတ်အား လျှောက်ပတ်သော လှူဖွယ်ကို မသိကြကုန်၊ ပုဏ္ဏားသည် သိပါပေသည်ဟု အဝတ်ပုဆိုးအစုံကို ပုဏ္ဏားအား ပေးပို့စေ၏။ပုဏ္ဏားသည်လည်း ကြံဆင်ခြင်သည်မှာ ဤပုဆိုးအစုံသည် ဆိတ်ဆိတ်တရားနာလျက် ရှေးဦးစွာ ထိုင်နေသော ငါ့အား ဝတ်စုံပာစ်ခုကိုမျှ ပေးသည် မဟုတ်ချေ၊ မြတ်စွာဘုရား ဂုဏ်ကို ပြောဆိုသော ငါ့အားသာ ပေးလှူလေသည်။ မြတ်စွာဘုရားဂုဏ်တော်ကို စွဲ၍ဖြစ်သော ပုဆိုးဖြင့် ငါ့အား ဘယ်အကျိုး ရှိပါအံ့နည်း ဟု ကြံ၍ ထိုပုဆိုးအစုံကိုလည်း မြတ်စွာဘုရား ကိုယ်တော်မြတ်အား ပေးလှူ၏။ မင်းကြီးသည် ထိုပုဆိုးအစုံကို ပုဏ္ဏားသည် အသုံးပြုသနည်း ဟု မေးတော်မူ၏။ မြတ်စွာဘုရား အားသာလျှင် လှူဒါန်းသင့်ဟု လျှောက်တင် ကြားသိရသောအခါ နှစ်စုံသော ပုဆိုးတို့ကို ပေးစေပြန်၏။ ထိုပုဆိုးနှစ်စုံကိုလည်း မြတ်စွာဘုရားရှင်အားသာ လှူဒါန်းပြန်၏။ ဤသို့နည်းဖြင့် ဆတက်ထမ်းပိုး တိုးလျှိုးရဲ့ သုံးဆယ့်နှစ်စုံသော ပုဆိုးသို့တိုင်အောင် ပေးပို့စေ၏။ ပုဏ္ဏားလည်း ဤပုဆိုးတို့ကို တဆင့်ထက်တဆင့် တိုးပွားစေ၍ ယူဘိသကဲ့သို့ ဖြစ်တော့သည်ဟု ကြံဆင်ခြင်၍ မိမိအဖို့ တစ်စုံ ပုဏ္ဏေးမအဖို့ တစ် စုံအားဖြင့် နှစ်စုံကုန်သော ပုဆိုးတို့ကို ယူ၍ ကြွင်းကုန်သော အစုံသုံးဆယ်ကုန်သော ပုဆိုးတို့ကို မြတ်စွာဘုရားရှင်အား သာလျှင် ပေးလှူ၏။

ဗန္ဓုမမင်းကြီးက ပုရောဟိတ်ခန့်ခြင်း

ထိုကာလမှ စ၍ ကေသာဠက ပုဏ္ဏားအား ဘုရားရှင်နှင့် အကျွမ်းဝင်ခြင်းသည် ဖြစ်လေ၏။ ထိုအခါ ချမ်းအေးသော နေ့တစ်နေ့၌ မင်းကြီးသည် မြတ်စွာဘုရား ကိုယ်တော်မြတ်၏အထံသို့ သွားရောက်၍ တရားတော်နာလျက် အဖိုးတစ်သိန်းထိုက်သော မိမိသည် ရုံအပ်သော နီမြန်းသော ကမ္မလာကို ကေသာဠက ပုဏ္ဏားအားပေး၍ အသင်ပုဏ္ဏားသည် ဤနေ့မှစ၍ ဤကမ္မလာကို ရုံပြီးသောအခါ တရားတော်ကို နာလေလော့ဟု မိန့်တော်မူ၏။ ထိုပုဏ္ဏားသည်လည်း ဤအဖိုးထိုက်တန်စွာသော ကမ္မလာဖြင့် ဤခန္ဓာကိုယ် အပုပ်ကောင်ကို တန်ဆာဆင်သဖြင့် အဘယ်မှာလျှင် အကျိုးရှိအံ့နည်းဟု ကြံ၍ ဂန္ဓကုဋိတိုက်၏ အတွင်း၌ မြတ်စွာဘုရားရှင်၏ ညောင်စောင်း အထက်ဝယ် ဗိတာန်ကြက်

သည်ကိုပြု၍ သွားလေ၏။ တစ်နေ့သော အခါဝယ် မင်းကြီးသည် နံနက်စောစောကပင် ကျောင်းတော်သို့ သွား၍ ဇန္ဓကုဋ္ဌိတိုက်အတွင်း မြတ်စွာဘုရား ကိုယ်တော်မြတ်၏ အနီး၌ ထိုင်နေ၏၊ ထိုဧဏတွင် မြတ်စွာဘုရားရှင်မှ တက်ကြွကုန်သော ခြောက်သွယ်ကုန်သော ရောင်ခြည်တော်တို့သည် ကမ္ဗလာ၌ ပြေးခိုက် ထိခတ်သဖြင့် ကမ္ဗလာသည် အထူးအားဖြင့် တင့်တယ်၏။ မင်းကြီးသည် အထပ်ထပ် ကြည့်ရှုသည်ရှိသော် မှတ်မိသောကြောင့် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤကမ္ဗလာကို ဒကာတော်သည် ဧကသာဋကပုဏ္ဏားအား ပေးအပ်ပါသည်။ အရှင်မြတ်အား အဘယ်မှ ရပါအံ့သနည်းဟု မေးလျှောက်၏။ ဒကာတော်မင်းကြီး အသင်တို့သည် ဧကသာဋကပုဏ္ဏားကို ပူဇော်အပ်၏။ ဧကသာဋကပုဏ္ဏားသည် ငါ့အားပူဇော်အပ်၏ဟု မိန့်တော်မူ၏။ မင်းကြီးလည်း ဤပုဏ္ဏားသည် ငါတို့ထက်ပင် သင့်လျော်လျောက်ပတ် ကောင်းမြတ်သော အရာကို သိ၏ဟု ကြံ၍ ကြည်ညိုလှသည် ဖြစ်သောကြောင့် လူတို့အသုံးအဆောင်ဖြစ်သော အလုံးစုံကို တစ်ဦးတစ်ဦးလျှင် ရှစ်ခုရှစ်ခုတို့ကိုပြု၍ သဗ္ဗဌကမည်သော အလှူဆုမြတ်ကို ပေးအပ်ဆောက်နှင်း ပြီးသည်ကာလ ပုရောဟိတ်အရာ၌ ထားတော်မူ၏။ ဧကသာဋကပုဏ္ဏားကြီးသည်လည်း အဋ္ဌအဋ္ဌကမည်သည် ခြောက်ဆယ့်လေးခု ဖြစ်ပေလေသည်ဟု မင်းကြီးပေးသနားတော်မူသောဆုကို ရေတွက်ပြီးလျှင် ခြောက်ဆယ့်လေးပါးကုန်သော စာရေးတံဆွမ်းတွဲကို အမြဲမပြတ် ပြုစုလုပ်ကျွေး၏။ အသက်ရှည်သမျှ ကာလပတ်လုံးဒါန သီလ စသည်ပေါင်းစု ကောင်းမှု ကုသိုလ်ကံကို စီမံအားထုတ်ခဲ့ပြီး၍ ထိုဘဝမှ စုတိသည်ရှိသော် နတ်ပြည်၌ ဖြစ်လေ၏။

ပစ္စေကဗုဒ္ဓါအား အပေါ်ရုံပုဆိုးလှူခြင်း

တဖန် ထိုနတ်ပြည်မှ စုတေ့ခဲ့ပြန်သည်ရှိသော် ဤဘဒ္ဒကမ္ဘာ၌ ကောဏဂုံမြတ်စွာဘုရား ပွင့်တော်မူပြီးသည်မှနောက် ကဿပမြတ်စွာဘုရား ပွင့်တော်မမူမီရှေအဖို့၌ ဤနှစ်ဆူကုန်သော ဘုရားရှင်တို့၏ အကြားတွင် ဗာရာဏသီပြည်၌ တစ်ဦးသော သူကြွယ်၏ အိမ်ဝယ်ဖြစ်လေ၏။ထိုသူသည် အစဉ်အတိုင်း ကြီးပြင်းလာ၍ အိမ်ရာထောင်သော လူ့ဘောင်၌ နေလျက် တစ်နေ့သောအခါ တော၌ ခြေလျင်ခရီးဖြင့် လည့်သည်သွားသည်ရှိသော် ပစ္စေကဗုဒ္ဓါတစ်ပါးသည် မြစ်ကမ်းနား၌ သင်္ကန်းချုပ်ခြင်းအမှုကို ပြုလျက် အပေါ်ထပ် အနားပတ် မလောက်သဖြင့် သင်္ကန်းကိုမချုပ်ဘဲ ပုံထားခြင်းငှါ အားထုတ်သည်ကို တွေ့မြင်သောအခါ အရှင်ဘုရား အဘယ့်ကြောင့် စုပုံ၍ ထားပါသနည်းဟု မေးလျှင် ဒါယကာ အပေါ်ထပ်အနားပတ် မလောက်သောကြောင့် ထားပေသည်ဟု မိန့်တော်မူ၏။ အရှင်ဘုရား ဤပုဆိုးဖြင့် အပေါ်ထပ်အနားပတ်ကို ပြုတော်မူပါဟု အပေါ်ရုံ

ပုဆိုးကို ပေးလှူပြီးသောအခါ အရှင်ဘုရား တပည့်တော်အား ဖြစ်တိုင်း ဖြစ်တိုင်းသော ဘ၀၌ တစ်စုံတစ်ခုသော ဆုတ်ယုတ်ခြင်းသည် မဖြစ်ပါစေသတည်းပဲ ဆုတောင်း ပတ္ထနာခြင်းကို ပြု၏။ သူကြွယ်၏ အိမ်၌လည်း သူကြွယ်၏ မယားသည် သူကြွယ်၏နှမနှင့် ငြင်းခုန် ခိုက်ရန်ကို ပြုစဉ်ပင် ပစ္စေကဗုဒ္ဓါ အရှင်တစ်ပါးသည် ဆွမ်းခံခြင်းငှါ ကြွ၀င်တော်မူလာ၏။ ထိုအခါ သူကြွယ်၏ နှမသည် ပစ္စေကဗုဒ္ဓါအား ဆွမ်းကို ပေးလှူ၍ သူကြွယ်၏မယားကို ရည်ပြီးလျှင် ဤသို့သဘောရှိသော သူမိုက်နှင့် ယူဇနာ၀ေစ်ရာ ၀ေးကွာဌာနက ကြဉ်ရှောင်ရပါလို၏ဟု ပတ္ထနာခြင်းကို ပြု၏။

သူကြွယ်၏မယားလည်း အိမ်ဘံခါးဌ၌ တည်ရှိသောကြောင့် ဆုတောင်းပတ္ထနာသော စကားကိုကြား၍ ဤသူ လှူဒါန်းအပ်သော ဆွမ်းကို ပစ္စေကဗုဒ္ဓါအရှင် သည် မဘုဥ်းပေးစေသတည်းဟု သပိတ်ကိုယူပြီးလျှင် ဆွမ်းကို စွန့်သွန်၍ ညှဉ်ကို ပြည့်စေပြီးလျှင် ပေးလှူ၏။ သူကြွယ်၏ နှမသည် ထိုသို့သော အခြင်းအရာကို မြင်၍ ဟယ်....သူမိုက်မ ငါနှင့်ခိုက်ရန် ဖြစ်ပွားပါသည်ကို ငါ့ကိုသာ ဆဲရေးမူလည်း ဆဲရေးရမည်။ ရေရွတ်မူလည်း ရေရွတ်ရမည်။ ဤသို့ ပါရမီရှိဘော်မူသော အရှင်မြတ်၏ သပိတ်ခတော်မှ ဆွမ်းကို စွန့်သွန်၍ ညှဉ်ကို ထည့်ပေးခြင်းသည် မသင့်ချေတကား၊ ပြောဆို၏။ သူကြွယ်၏ မယားလည်း ထိုခဏတွင်ပင် ဆင်ခြင်တတ်သော ဉာဏ်ပညာ ဖြစ်ပေါ်လာသဖြင့် အရှင်ဘုရား တခဏမျှ ရပ်တန့်တော်မူပါဦးဟု လျှောက်ကြား၍ ညှဉ်တို့ကို စွန့်သွန်ပြီးသော် သပိတ်ကို ဆေးကြောပြီးမှ နုံသာမှုန့်ဖြင့် လိမ်းကျံ၍ စတုမဓုကို ပြည့်စေပြီးလျှင် ပေးလှူ၏။ အထက်မှ ယွန်းလောင်းအပ်သဖြင့် ထွက်သော အရောင်ရှိသော ပဒုမာကြာရွက်အဆင်းဖြင့် တ၀င်း၀င်း တောက်ပသော ထောပတ်ကို သပိတ်၌ ထားပြီးသော် ပေးလှူပေ၏။ ဤဆွမ်းမှ အရောင်သည် ပြောင်ပြောင် တောက်ပဘိသကဲ့သို့ တပည့်တော်မ၏ ကိုယ်မှလည်း အဆင်း အရောင်သည် ပြောင်ပြောင်တောက်ပ ထွန်းလင်းပါစေသတည်းဟု ဆုတောင်း ပတ္ထနာ၏။ ပစ္စေကဗုဒ္ဓါ အရှင်လည်း အနုမောဒနာကို ပြု၍ ကောင်းကင်သို့ ကြွတော်မူ၏။ ထိုသူကြွယ်လင်မယားတို့သည် အသက်ရှည်သမျှ ကာလပဘ်လုံး တည်ပြီးမှ သေလွန်ခဲ့၍ နတ်ပြည်၌ ဖြစ်လေ၏။

ပုပ်စော်နံသော သူဌေးသမီး

တဖန် နတ်ပြည်မှ စုတေပြန်သော် သူကြွယ်သည် ကဿပ မြတ်စွာဘုရား ပွင့်တော်မူသောအခါ ဗာရာဏသီပြည်၌ ကုဋေရှစ်ဆယ် ဥစ္စာကြွယ်၀သော သူဌေးသား ဖြစ်လေ၏။ သူကြွယ်၏ မယားသည်လည်း ထိုသို့ သဘောရှိသည်

သာလျှင် ဖြစ်သော သူဌေးဏ်သမီး ဖြစ်လာ၏။ ထိုသူဌေးသားအား အရွယ်သို့ ကျရောက်သောအခါ ထိုသူဌေးသမီးကသာ ဆောင်ယူ၍ ထိမ်းမြားကုန်၏။ ထို သူဌေးသမီးအား ရှေး၌ ပြုဖူးသော မကောင်းမှု၏ အကျိုးဆက် အာနုဘော် ကြောင့် ခင်ပွန်း အရှင်လင်၏ အိမ်သို့ ဝင်ကာမတ္တ လှေကားခုံ၏ အတွင်းသို့ ကျလျှင် အလုံးစုံသော ကိုယ်သည် ခွါလှစ်အပ်သော ကျင်ကြီးတွင်းကဲ့သို့ စက်ဆုပ်ရွံရှာဖွယ်သော မကောင်းသော အနံ့သည် ဖြစ်လေ၏။ သူဌေးသား သည် ဤအနံ့ကား အဘယ်အနံ့နည်းဟု မေး၍ သူဌေးသမီး၏ အနံ့ပါဟု ဆိုလျှင် ဤသူဌေးသမီးကို အိမ်မှ နှင်ထုတ်ကြကုန်လော့ဟု ဆို၍ ဆောင်ယူ လာသော အမှတ်ဖြင့်သာလျှင် အမျိုးသမီးအိမ်သို့ ပြန်၍ ပို့စေ၏။ ထိုသူဌေး သမီးအား ဤသို့သော နည်းဖြင့် ခုနစ်ဦးကုန်သော သူဌေးသားတို့နှင့် ဆောက်နှင်းကုန်သော အရာတို့၌လည်း ပြန်၍ ပို့သည်သာတည်း။ ထိုအခါ ကဿပမြတ်စွာဘုရားသခင်သည် ပြည်ခွင်နိဗ္ဗာန် ကြွဝင်စံသဖြင့် ကြွင်းကျန်တော် မူရစ်ခဲ့သော ဓာတ်တော်ကို တခဲနက် ထူထဲသော အဖိုးတစ်သိန်း ထိုက်ကုန် သော နီသော ရွှေအုတ်တို့ဖြင့် တစ်ယူဇနာ အမြင့်အစောက်ရှိသော စေတီကို အားထုတ်ကုန်၏။ ထိုစေတီကြီးကို တည်အပ်သည် ရှိသော် သူဌေးသမီးသည် ကြံဆင်ခြင်သည်မှာ ငါသည် ခုနစ်ဦးကုန်သော သူဌေးသားတို့နှင့် ဆောက်နှင်း သော အရာဌာနတို့၌ ပြန်၍ ပို့သည်ကို ခံရ၏။ အသက်ရှည်ကာနေသဖြင့် အဘယ်အကျိုးရှိတော့အံ့နည်းဟု ကြံ၍ မိမိကိုယ်၌ ဆင်ယင်အပ်သော တန်ဆာ တို့ကို ဖျက်ဆီးစေ၍ ရွှေအုတ်ကို ပြုစေ၏၊ ယင်းရွှေအုတ်သည် အလျား တစ်တောင်၊ အနံအပြန့် တစ်ထွာ၊ အထူ လက်လေးသစ် အမြင့်အစောက်ရှိ၏။ ထိုနောက် ရွှေသောအဆင်းရှိသော ဆေးဒန်း မြင်းသီလာဖြင့် ပြီးသော ကျောက်မြေမှုန့်နှင့် တကွ ရှစ်ခုကုန်သော ကြာလက်တို့ကို ယူ၍ စေတီတည်ရာ အရပ်သို့ သွားလေ၏။ ထိုအခါ တစ်ခုသော အုတ်အစဉ်ကို စီသည်ရှိသော် တစ်ချပ်စာ လိုနေ၏။

စန္ဒကူးနံ့လှိုင်ခြင်း

သူဌေးသမီးသည် လက်သမားကို ဖခင် ဤအုတ်ကို ဤအရပ်၌ ထည့်သွင်း၍ စီပါလော့ဟု ဆို၏။ ချစ်သမီး အသင်၏ လာခြင်းသည်ကား ကောင်းသော လာခြင်းပေတည်း။ တစ်ခုသောအုပ်ချပ် လစ်လပ်နေသော အခါ၌ ရောက်လာ ပေသည်။ အသင်၏ ကိုယ်တိုင်ပင် ထည့်သွင်း စီထားပါလေလော့ဟု ဆို၏။ သူဌေးသမီးသည် တက်ပြီးသောအခါ ဆီဖြင့် ဆေးဒန်း မြင်းသီလာ၊ ကျောက်မှုန့်ကို ယှဉ်၍ ဆီဖြင့် လိမ်းကျံ ဖွဲ့နှောင်ပြီးသောအခါ အုတ်ကို စီထား၍ အထက်၌ ကြာပန်းရှစ်လက်တို့ဖြင့် ပူဇော်ခြင်းပြု၍ ကြည်လင်

ညွတ်လျိုး ရှိခိုးပြီးသော် ဖြစ်တိုင်းဖြစ်တိုင်းသော ဘဝ၌ တပည့်တော်မ၏ ကိုယ်မှ စန္ဒကူးနံ့သည် သင်းပျံ့မွှေးကြိုင် လှိုင်ပါစေသတည်း။ ခံတွင်းမှလည်း ကြာညှိပန်းအနံ့ သင်းပျံ့မွှေးထုံပါစေသတည်းဟု ဆုတောင်း ပတ္ထနာ၍ ရှိခိုးဦးတိုက်ကာ လက်ယာရစ် လှည့်လည်သည်ကို ပြု၍ပြန်လာခဲ့၏။ ထိုခဏ၌ သာလျှင် ရှေးဦးစွာ ဆောင်ယူဖူးသော ခင်ပွန်းအရှင် လင်ဟောင်းဖြစ်သော သူဌေးသားအား ထိုသူဌေးသမီးကို အကြောင်းပြုသောအားဖြင့် သတိသည် ထင်ရှားဖြစ်ပေါ်လာ၏။ မြို၌လည်း နက္ခတ်ပွဲသဘင်ကို ကြွေးကြော်၏။ သူဌေးသားသည် မိမိ၏ အနီးအပါး၌ ခိုင်းစေအပ်သော ယောကျ်ား တစ်ယောက်ကို အချင်းယောကျ်ား ယမန်စဉ်ကာလက ငါတို့ဆောင်ယူဖူးသော သူဌေးသမီးကို အသင်သိသည် မဟုတ်ပါလော၊ ထိုသူဌေးသမီးသည် ယခုအခါ အဘယ်မှာနည်းဟု မေး၏။ အရှင့်သား ဆွမျိုးတို့၏ အိမ်၌ သာရှိပါသည်ဟု ဆိုသည်ရှိသော် အချင်းတို့ တိုသူဌေးသမီးကို ဆောင်ယူကုန်လော့၊ နက္ခတ်ပွဲကို ကစားမြူးထူးကုန်ဦးဟု ပြော၏။ ထိုသူတို့သည်လည်း သွားရောက်ပြီးလျှင် ရှိခိုးဦးချ၍ နေကုန်သည်ရှိသော် အမောင်တို့ အဘယ်သို့သော အကြောင်းကြောင့် လာရောက်ပါကုန်သနည်းဟုမေးသည်ကာလ ထိုအကြောင်းကို ကြားကြကုန်၏။ သူဌေးသမီးက အမောင်တို့ အကျွန်ုပ်သည် အဝတ်တန်ဆာဖြင့်သို့စေတီကို ပူဇော်အပ်၏။ အကျွန်ုပ်အား အဝတ်တန်ဆာ မရှိပါဟု ပြော၏။ ထိုသို့သော အကြောင်းကို သွားရောက်၍ သူဌေးသားအား ကြားကုန်၏။ အချင်းတို့ ဆောင်ယူကြကုန်လော့။ ဝတ်ဆင်ရန် တန်ဆာကို ရပါလတ္တံ့ဟု ပြောသဖြင့် ထိုသူတို့သည် သွား၍ ဆောင်ယူခဲ့ကြကုန်၏။

သူဌေးသမီးသည် အိမ်သို့ ဝင်ရောက်သည်နှင့် တပြိုင်နက်တည်းသာလျှင် အလုံးစုံသော စန္ဒကူးနံ့သာသည်လည်းကောင်း၊ ကြာညှိပန်း အနံ့သည်လည်းကောင်း လှိုင်လေ၏။ သူဌေးသားသည် သူဌေးသမီးကို ချစ်နှမ အသင်၏ ကိုယ်မှာ ရှေးဦးစွာ မကောင်းသော အနံ့သည်လှိုင်၏။ ဤယခုတဖန် အသင်၏ ကိုယ်မှ စန္ဒကူးနံ့၊ အာခံတွင်းမှ ကြာညှိပွင့်အနံ့တို့သည်လှိုင်၏။ ထိုအကြောင်းကား အဘယ်သို့ ပေနည်းဟု မေး၏။ သူဌေးသမီးသည် အစမှ စ၍ မိမိပြုအပ်သော အမှုကုန်ကြား၏။ သူဌေးသားလည်း ချစ်နှမ အသင်သည် မြတ်စွာဘုရား သာသနာတော်ဝယ် ဝဋ်မှထွက်မြောက်ရာ ထွက်မြောက်ကြောင်း ကောင်းသော အမှုကို ပြုမိလေစွဟု ပြောဆိုချီးမွမ်း၍ ကြည်ညိုလှသောကြောင့် တစ်ယူဇနာရှိသော ရွှေစေတီကြီးကို ကမ္မလာဖြင့် ဖုံးလွှမ်း ဝန်းရံ၍ ထိုထို့သော အရေပ်၌ လှည်းဘီးစက်မျှ ပမာဏရှိကုန်သော ရွှေပဒုမ္မာကြာတို့ဖြင့် တန်ဆာဆင်၏။ ထိုကြာတို့၌ ကြာလက်တို့သည် တစ်ဆယ့်နှစ်တောင် ပမာဏရှိကုန်၏။ ထိုသူဌေးသည် ဤသို့သောဘဝ၌ အသက်ရှည်သမျှ ကာလပတ်လုံး တည်ပြီးသော် သေလွန်လေသဖြင့် နတ်ပြည်၌ ဖြစ်၏။

ပဒေသာပင်မှ နတ်ဝတ်တန်ဆာ

နတ်ပြည်မှတဖန် စုတိပြန်သော် ဗာရာဏသီပြည်မှ တစ်ယူဇနာမျှ ဝေးကွာသော ရွာတစ်ရွာဝယ် အမှတ်မရှိ မထင်မရှားသော အမတ်မျိုး၌ ဖြစ်လေ၏။ သူငှေးသမီးသည် နတ်ပြည်မှ စုတိလာခဲ့သော် မင်းမျိုး၌ မင်းကြီး၏ သမီးတော်အကြီးဖြစ်လေ၏။ ထိုသူတို့သည် အရွယ်သို့ ရောက်ကုန်သည်ရှိသော် ရွာ၌ နက္ခတ်ပွဲသဘင်ဖြင့် ကြွေးကြော်သောအခါ သတို့သားသည် မိခင်၏ အထံသို့ ကပ်၍ မိခင် အကျွန်ုပ်အား ပုဆိုးကို ပေးသနားတော်မူပါလော့၊ နက္ခတ်ပွဲ ကစားမြူးထူးလိုပါသည်ဟု ဆို၏။ မိခင်သည် ဖွပ်လျော်ပြီးသော အဝတ်ပုဆိုးကို တုတ်ဆောင်၍ပေး၏။ မိခင် ဤအဝတ်ပုဆိုးကား ကြမ်းကြုတ်လှပါသည်။ တစ်ပါးသော သိမ်မွေ့ နူးညံ့သော ပုဆိုးကိုပေးပါဦးဟု ဆိုသဖြင့် တစ်ပါးသော ပုဆိုးကို ထုတ်ဆောင်၍ပေး၏။ ထိုပုဆိုးကိုလည်း ပယ်ပြန်သောကြောင့် တစ်ပါးသောပုဆိုးကို ပေးပြန်၏။ ထိုပုဆိုးကိုလည်း ပယ်ပြန်၏။ ထိုအခါ သတို့သားကို မိခင်က ချစ်သား ငါတို့၏အိမ်၌ ဤမျှလောက် နူးညံ့သောပုဆိုးသာ ရှိပါကုန်သည်။ ဤထက်နူးညံ့သိမ်မွေ့သောပုဆိုးမရှိချေ။ ရခြင်းငှါထိုက်သော ကောင်းမှုဘုန်းကံလည်း ငါတို့မှာမရှိချေဟု ပြော၏။ ထိုသို့ဖြစ်မူကား မိခင် အကျွန်ုပ်သည် ရခြင်းငှါ ထိုက်သောအရပ်သို့ သွားတော့အံ့ဟု ပြောဆိုသည် ရှိသော် ချစ်သား ငါမိခင်သည် အသင်သားငယ်အား ယနေ့ပင်လျှင် ဗာရာဏသီပြည်လုံးကို သိမ်းကျုံး အုပ်ချုပ် မင်းလုပ် စေခြင်းငှါ အလိုရှိပါသည်ဟု ပြော၏။ ထိုသတို့သားသည် မိခင်ကို ရှိခိုးပြီးသောအခါ မိခင် သွားပါတော့မည်ဟု ခွင့်ပန်၏။ မိခင်ကလည်း ချစ်သား သွားလေတော့ဟု ခွင့်ပြု၏။ ထိုသတို့သားအား ခွင့်ပန်၍ သွားငြားသော်လည်း ငါသည် ဤအမည်ရှိသော သူ၏ ထံသို့ သွားအံ့၊ ဤအမည်ရှိသော သူ၏ အထံ၌ နေအံ့၊ ဤအမည်ရှိသော အရပ်သို့ သွားအံ့ဟု ဤကဲ့သို့ ဆုံးဖြတ်ပိုင်းခြား၍ ကြံစည်အပ်သည်မဟုတ်၊ ကောင်းမှုဘုန်းကံကို ရည်သန်သော အမှတ်ဖြင့်သာလျှင် အိမ်မှ ထွက်လာခဲ့၍ ဗာရာဏသီပြည်၏အနီး ဥယျာဉ်ကြီး၌ မင်္ဂလာရှိသော ကျောက်ဖျာ၏ အပြင်ဝယ် ဦးခေါင်းနှင့်တကွ ရုံ၍အိပ်၏။

ထိုအခါသည်ကား ဗာရာဏသီပြည့်ရှင် မင်းကြီးသည် နတ်ရွာစံလွန်ပြီး၍ ခုနစ်ရက်မြောက် ကျရောက်သော အခါပေတည်း၊ အမတ်အပေါင်းတို့သည် မင်းကြီးအလောင်းကို ကောင်းစွာဖုတ်ကြည်း သင်္ဂြိုဟ်ပြီး၍ နန်းရင်ပြင်၌ တိုင်ပင်ကြကုန်၏။ ငါတို့အရှင်မင်းကြီးအား တစ်ယောက်တည်းသော သမီးတော်သာလျှင် ရှိလေသည်။ သားတော် တစ်စုံတစ်ယောက်မရှိ မင်းမရှိသော တိုင်းပြည်သည်လည်း မသင့်လျော် အဘယ်သူသည် မင်းပြုအံ့နည်းဟု တိုင်ပင်ကုန်၏။ ပုရောဟိတ်ပုဏ္ဏားက မျှားစွာကုန်သော သူတို့ကို ကြည့်ရှုစိစစ်နေသဖြင့်

အဘယ်မှာ သင့်လျော်နိုင်အံ့နည်း ဖုတ်သင်းရထားကို စီရင်၍ လွှတ်အံ့ဟု ပြောဆိုပြီးသော ကာလ ထိုသူတို့သည် ဖြူဖွေးနူထွတ်သော ကြာပန်းအဆင်းရှိကုန်သော လေးကောင်ကုန်သော သိန္ဓောမြင်းတို့ကို ယှဉ်ကာ၍ ငါးပါးကုန်သော မင်းမြေးက် တန်ဆာတို့ကိုလည်းကောင်း ထီးဖြူကိုလည်းကောင်း ရထားထက်၌ သာလျှင် တင်တားပြီးသော် ရထားကိုလှတ်လိုက်၍ ရထား၏နောက်မှ တူရိယာတို့ကို တီးမှုတ်စေကုန်၏။ ရထားသည် မြို့၏အရှေ့တံခါးဖြင့်ထွက်၍ ဥယျာဉ်သို့ ရှေ့ရှုသည် ဖြစ်လေ၏။ အချို့ကုန်သော အလုပ်အကျွေးတို့က ရထားသည် ဥယျာဉ်သို့ ရှေ့ရှုသွား၏။ ဆုတ်နစ်ပြန်လည်စေအံ့ဟု ဆိုကုန်၏။ ပုရောဟိတ်ပုဏ္ဏားက မဆုတ်နစ် မပြန်လည်စေလင့် ရှေ့ရှုရာသို့ သွားစေလော့ဟုဆို၏။ ရထားသည် ကျောက်ဖျာအထက်၌ အိပ်စက်၍နေသော သတို့သားကို လက်ျာရစ် လည်ယှက်ကိုပြု၍ သတို့သား၏ ခြေရင်း၌ ဝက်၍ စီးခြင်းငှါ ခန့်သော ယာဉ်ကိစ္စကို စီရင်စေပြီးလျက် တည်၏။

ပုရောဟိတ်ပုဏ္ဏားသည် အနီးသို့သွားရောက်ပြီးလျှင် ရုံ၍ထားသော အဝတ်ပုဆိုးကိုလုစ်၍ ခြေဖဝါးအပြင်ကို ကြည့်ရှုပြီးသော် အို-အချင်းတို့ ဤသူသည် ကား ဤစမ္ဘူဒီပ်ကျွန်းကို ထားဘိဦး ကျွန်းငယ်နှစ်ထောင်နှင့် တကွသော ကျွန်းကြီးလေးကျွန်းတို့၌ မင်းပြုခြင်းငှါ စွမ်းနိုင်လတ္တံ့ဟု ပြောဆို၍ တဖန် တူရိယာတို့ကို တီးမှုတ်ကုန်လော့ဟု သုံးကြိမ်တိုင်အောင် တူရိယာတို့ကို တီးမှုတ်စေ၏။ ထိုအခါ သတို့သားသည် မျက်နှာကိုဖွင့်၍ ကြည့်ရှုပြီးသော အခါ ဖခင်တို့ ဘဘယ်အကြောင်းကြောင့် လာကြကုန်သနည်းဟု မေး၏။ အရှင်မင်းမြတ် အဘယ်အား မင်းအဖြစ်တည်းဟူသော စည်းစိမ်ချမ်းသာသည် ရောက်လာပါသည်ဟု လျှောက်လျှင် အသင်တို့မင်းကြီးကား အဘယ်သို့ သွားသနည်းဟုမေး၏။ အရှင်နတ်ရွာစံလွန်ပါသည်ဟု လျှောက်သည်ရှိသော် အဘယ်နှစ်ရက်မျှလောက် ရှိပြီနည်းဟု မေးမြန်းသဖြင့် ယနေ့ ခုနစ်ရက်မြောက် ကျွဆောက်ပါပြီဟု လျှောက်၏။ ထိုမင်းအား သားတော်သည်လည်းကောင်း၊ သမီးတော်သည်လည်းကောင်း မရှိပါသလောဟု မေးပြန်သဖြင့် အရှင်မင်းမြတ် အသားတော်မရှိပါဟု လျှောက်လျှင် ထိုသို့တပြီကား။ မင်းအဖြစ်ကို ပြုအံ့ဟူ၍ ဝန်ခံ၏။ ထိုဓာတ်သာလျှင်ဥယျာဉ်တွင်းဝယ် အဘိသိက်သွန်းရာ မဏ္ဍပ်ကိုပြုစေ၍ မင်းသမီးကို အလုံးစုံသော တန်ဆာဆင်ပြီးသော် ဥယျာဉ်သို့ဆောင်၍ သတို့သားကို အဘိသိက်သွန်းကြကုန်၏။ ပြုအပ်ပြီးသော အဘိသိက်သွန်းခြင်းရှိသော ထိုသတို့သားအား အဖိုးတစ်သိန်းထိုက်သော အဝတ်ကို ဆောင်ကုန်၏။ ဖခင်တို့ ဤအဝတ်သည်ကား အဘယ်နည်းဟု မေးတော်မူလျှင် အရှင်မင်းမြတ် ဝတ်ရုံခြင်းအကျိုးငှါ ဆောင်ယူလာသော ဒုဝတ်ပါဟုလျှောက်၏။ ဤအဝတ်သည် အလွန်ကြမ်းကြုတ်သည်မဟုတ်တုံလော

တစ်ပါးသော သိမ်မွေ့နူးညံ့သော အဝတ်သည် မရှိပြီလောဟု မေးပြန်လျှင် အရှင်မင်းမြတ် လူတို့သုံးဆောင်ကြသော အဝတ်ဘို့တွင် ဤအဝတ်ထက် နူးညံ့သိမ်မွေ့သော အဝတ်သည်မရှိပါပြီဟုလျှောက်ကြား၏။

အသင်တို့၏ မင်းသည် ဤသို့သဘောရှိသော အဝတ်ကို ဝတ်ရုံသလောဟု မေးတော်မူသည်ရှိသော် သြော်-အရှင်မြင်းမြတ် ဟုတ်ပါ၏ဟု လျှောက်လျှင် အသင်တို့မင်းသည် ကောင်းမှု ဘုန်းကံ မရှိယောင်တကား ထိုသို့ဖြစ်လျှင် ရွှေကရားကို ဆောင်ယူခဲ့လော့ အဝတ်ကိုရစေအံ့ဟုဆို၏။ထိုလူတို့သည်ရွှေကရားကိုဆောင်ယူ၍ ဆက်ကုန်၏။ ထိုမင်းကြီးသည် နေရာမှထတော်မူပြီးသောအခါ လက်တို့တို့လည်းကောင်း၊ ခံတွင်းတို့ကိုလည်းကောင်း ဆေးကြော၍ လက်တော်ဖြင့် ရေကိုယူပြီးလျှင် အရွှေမျက်နှာအရပ်၌ ရွှေကရားဖြင့် ရေကို သွန်းလောင်း၏။ ထိုခဏ၌သာလျှင် တခဲနက် မဟာပထဝီမြေကြီးကို ဖောက်ခွဲ၍ ရှစ်ခုကုန်သော ပဒေသာပင်တို့သည်ပေါက်ကုန်၏။တဖန်ရေကိုယူပြန်၍တောင်မျက်နှာ၊အနောက်မျက်နှာ၊ မြောက်မျက်နှာတို့၌ ရွှေနည်းအတူ သွန်းဧလောင်းပြန်သည်ရှိသော် ရွှေနည်းအတူသာလျှင် ရှစ်ခုရှစ်ခုကုန်သော ပဒေသာပင်တို့သည် ပေါက်ကုန်၏။ ဤသို့အစဉ်အတိုင်းအားဖြင့် လေးပါးကုန်သော အရပ်မျက်နှာတို့၌ သုံးဆယ့်နှစ်ပင်ကုန်သော ပဒေသာပင်တို့သည် ပေါက်ကုန်၏။ထိုမင်းကြီးသည် တစ်ထည်သော နတ်၌ဖြစ်သော ပုဆိုးကို ဝတ်၍၊ တစ်ထည်သော ပုဆိုးကို ရုံ၍ နန္ဒမင်း၏ တိုင်းနိုင်ငံအတွင်း၌ နေထိုင်ကြကုန်သော လူများအပေါင်းတို့သည် ချည်ကို ငင်၍ ပုဆိုးအဝတ် ရက်ခြင်း စသည်တို့ကို မပြုတဲ ပဒေသာပင်၌ ပါလာသော နတ်ဝတ်ပုဆိုးကိုသာ သုံးဆောင်ကုန်စေသတည်းဟူသော စည်ကို လည်စေကြကုန်လော့ဟု စေခိုင်းတော်မူ၍ ထီးဖြူကို စိုက်ဆောင်းတော် မူပြီးသောအခါ တန်ဆာဆင်အပ်သော မြတ်သောဆင်၏ ကျောက်ကုန်းထက်၌ တည်တော်မူလျက် မြို့သို့ဝင်ပြီးလျှင် မြတ်သော ပြာသာဒ်ထက်သို့ တက်၍ ကြီးစွာသော မင်း၏ စည်းစိမ်ချမ်းသာကို ခံစား၏။

အလှူခံပုဂ္ဂိုလ် ရှာဖွေခြင်း

ဤသို့ မင်း၏ စည်းစိမ်ကို ခံစားလျက် ကာလမြင့်ကြာသည် ရှိသော် တစ်နေ့သ၌ မိဖုရားသည်မင်းကြီး၏မြင့်မြတ်ကြီးကျယ်သော စည်းစိမ်ချမ်းသာကို ကြည့်၍ သြော်-မင်းကြီးအား စည်းစိမ်ချမ်းသာသည် ကြီးမြတ်ခြင်း ရှိလေစွတကားဟု ဆို၍ သနားကြင်နာသော ကရုဏာ အခြင်းအရာကို ပြ၏။ မိဖုရားအကြောင်းကား အသို့ဝေနည်းဟု မေးတော်မူသည်ရှိသော် အရှင်မင်းမြတ် အရှင်သည် ဤသို့ကြီးကျယ် မြင့်မြတ်သော စည်းစိမ်ချမ်းသာကို လွန်လေပြီးသော ဘုရားရှင်တို့အား မြတ်နိုးယုံကြည်ခြင်း ရှိကုန်သည်ဖြစ်၍ ကောင်းမှုကုသိုလ်ကံကို စီမံပြုစုခဲ့သောကြောင့်သာ ခံစားရလေသည်။ ဤယခုအခါ၌ကား

နောင်လာလတ္တံ့သော အနာဂတ်ဘဝ၌ ခံစားရမည့် အကြောင်းဖြစ်သော ကုသိုလ်ကောင်းမှုကို မပြုကြကုန်သောကြောင့် ပြောဆိုပါသည်ဟု လျှောက်၏။ ရှင်မိဖုရား အဘယ်သူအား ပေးလှူအံ့နည်း။ သီလရှိသော ပုဂ္ဂိုလ်မရှိချေဟု မိန့်တော်မူသော် အရှင်မင်းမြတ် ဇမ္ဗူဒိပ်ကျွန်းသည် ဟန်ကျပ်ဖြင့် မဆိတ်ပါ။ အရှင်မင်းမြတ် အရှင်မင်းမြတ်တို့သည် အလှူဝတ်ကို စီရင်ကြပါကုန် ကျွန်တော်မသည် ရဟန္တာတို့ကို ရအောင် ပင့်ဆောင်၍ ပေးပါအံ့ဟု လျှောက်တင်၏။ မင်းကြီးသည် တစ်ဖန်မိုးသောက် ရောက်သောနေ့၌ အရှေမျက်နှာတံခါး၌ အလှူဝတ်ကို စီရင်၍ ပေး၏။ မိဖုရားသည် နံနက်စောစောကပင် အင်္ဂါရှစ်ပါးရှိသော ဥပုသ်ကို ဆောက်တည်၍ ပြာသာဒ် အပြင်ထက်၌ အရှေမျက်နှာသို့ ရှေးရှုရင်ဖြင့် ဝပ်ပြီးသော် ဤအရှေအရပ်မျက်နှာ၌ ရဟန္တာ အကယ်၍ ရှိပါသည်ဖြစ်အံ့၊ ထိုရဟန္တာတို့သည် နက်ဖြန်အခါ၌ ကြွတော်မူလာ၍ တပည့်တော်မတို့၏ ဆွမ်းကို ခံယူတော်မူပါကုန်လော့ဟု လျှောက်ကြား၏။ ထိုအရှေမျက်နှာ၌ ရဟန္တာတစ်ပါးမျှ ရှိသည်မဖြစ်ကုန်။ ထိုပုဇာသက္ကာရဖြစ်သော ပစ္စည်းဝတ္ထုကို အထီးကျန်သော ဖုန်းတောင်းယာစကာတို့အား ပေးစွန့်ရကုန်၏။ တစ်ဖန်မိုးသောက် ရောက်သောနေ့ဝယ် တောင်မျက်နှာတံခါး၌ အလှူဝတ္ထုကို စီရင်၍ ထိုအတူသာလျင် ပြု၏။ တဖန်မိုးသောက် ရောက်သောနေ့အခါ အနောက်တံခါး၌ အလှူဝတ်ကို စီရင်၍ ထိုအတူသာ ပြုကုန်၏။

ပဒုမဒေဝီ၏ သားတော် ပစ္စေကဗုဒ္ဓါ ငါးရာ

ထိုသုံးခုကုန်သော အရပ်မျက်နှာတို့၌ ရဟန္တာတစ်ပါးမျှ မရှိသောကြောင့် ကြွလာတော်မမူကုန်။ တစ်ဖန်မိုးသောက် ရောက်သောနေ့အခါ မြောက်မျက်နှာတံခါး၌ အလှူဝတ်ကို စီရင်၍ မိဖုရားသည် ရှေးနည်းအတူသာ လျှောက်ကြား ပင့်ဖိတ်သည်ရှိသော် ဟိမဝန္တာ၌ သီဟင်းသုံးတော်မူကုန်သော ပဒုမဒေဝီ မိဖုရား၏ သားတော် ဖြစ်ကုန်သော ပစ္စေကဗုဒ္ဓါတို့၏ နောင်တော်အကြီးဖြစ်သော မဟာပဒုမပစ္စေကဗုဒ္ဓါသည် ညီတော်ပစ္စေကဗုဒ္ဓါတို့ကို ခေါ်တော်မူ၍ အချင်းတို့ နန္ဒမင်းသည် အသင်တို့ကို ပင့်ဖိတ်အပ်ကုန်၏။ ထိုမင်းအား သည်းခံကြပါကုန်လော့ဟု ထိုပစ္စေကဗုဒ္ဓါတို့ကို သည်းခံစေ၍ တစ်ဖန်မိုးသောက် ရောက်သော နေ့ဝယ် အနောတတ္တအိုင်၌ ခံတွင်းကို ဆေးတော်မူပြီးသော ကာလ ကောင်းကင်ခရီးဖြင့် ကြွတော်မူလာကြ၍ မြောက်တံခါး၌ သက်ဆင်းတော် မူကုန်၏။ လူများအပေါင်းတို့သည် နန်းတော်သို့ သွားရောက်၍ အရှင်မင်းမြတ် ငါးရာကုန်သော ပစ္စေကဗုဒ္ဓါတို့သည် ကြွတော်မူလာပါကုန်သည်ဟု မင်းကြီးအား လျှောက်ကြားကုန်၏။ မင်းကြီးလည်း မိဖုရားနှင့် အတူတကွ သွားရောက်၍ ရှိခိုးဦးချပြီးသော် သပိတ်ကို ယူ၍ ပစ္စေကဗုဒ္ဓါ အရှင်တို့ကို ပြာသာဒ်ထက်သို့ တင်ပြီးသော် ထိုပြာသာဒ် အပြင်ထက်၌ ပစ္စေကဗုဒ္ဓါ

အရှင်တို့အား အလှူဒါနကို ပေးလှူပြီးမှ ဆွမ်းစားခြင်းကိစ္စ အပြီးအဆုံး၌ မင်းကြီးသည် သံဃထေရ်ဖြစ်သော ပစ္စေကဗုဒ္ဓါအရှင်၏ မိဖုရားသည် သံဃနဝက ဖြစ်သော ပစ္စေကဗုဒ္ဓါအရှင်၏ ခြေတော်ရင်း၌ ဝပ်စင်းပြီးသော် အရှင်ဘုရား တို့သည် လေးပါးကုန်သော ပစ္စည်းတို့ဖြင့် မပင်ပန်းကုန်လတ္တံ့။ တပည့်တော်တို့ လည်း ကောင်းမှုဖြင့် မယုတ်ပါကုန်လတ္တံ့။ အကျွန်ုပ်တို့အား အသက်ထက်ဆုံး ဤအရပ်၌ သီတင်းသုံးခြင်းငှါ ပဋိညာဉ်ကို ပေးသနားတော်မူပါကုန်လော့ဟု လျှောက်ကြား၏။ ပဋိညာဉ်ကို ပြုစေပြီးမှ ဥယျာဉ်တော်၌ ငါးရာကုန်သော သစ်ရွက်မိုးသော ကျောင်းတို့ကိုလည်းကောင်း ငါးရာကုန်သော စင်္ကြံတို့ကို လည်းကောင်း အလုံးစုံသော အခြင်းအရာဖြင့် ထိုပစ္စေကဗုဒ္ဓါတို့၏ သီတင်း သုံးတော်မူရန် ဌာနကို ပြည့်စေ၍ ထိုကျောင်းနေရာတို့၌ သီတင်းသုံးစေ၏။

ဤသို့ ကာလမြင့်ကြာ အခါရှည်ဝေးလတ်သော် မင်းကြီးအား ပစ္စန္တရစ် ရွာသည် ပျက်စီးသောကြောင့် မိဖုရားကို ခေါ်တော်မူပြီးလျှင် ရှင်မိဖုရား ငါသည် ပစ္စန္တရစ်ကို ငြိမ်စေ၍ ပြန်လာခဲ့အံ့၊ အသင်သည် ပစ္စေကဗုဒ္ဓါအရှင်တို့၌ မမေ့မလျော့ပါလေလင့်ဟု မိဖုရားကို ဆုံးမ၍ ထွက်သွား၏။ ထိုမင်းကြီး မပြန်လာမီပင်လျှင် ပစ္စေကဗုဒ္ဓါအရှင်တို့၏ အာယုသင်္ခါရသည် ကုန်လေ၏။ မဟာပဒုမပစ္စေကဗုဒ္ဓါအရှင်သည် ညဉ့်သုံးယံတို့ပတ်လုံး စျာန်တည်းဟူသော ကစားခြင်းဖြင့် ကစားတော်မူ၍ နေအရုဏ်တက်သော အခါ၌ တွဲလည်းဆွဲအပ် သော တံကဲပြင်ကိုမှီ၍ ရပ်တော်မူလျက်သာလျှင် အနုပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူ၏။ ဤသို့သော အကြောင်းရှင့်သာလျှင် ကြွင်းကုန်သော ပစ္စေကဗုဒ္ဓါတို့သည်လည်း ပရိနိဗ္ဗာန်စံတော်မူသဖြင့် အလုံးစုံကုန်သော ပစ္စေက ဗုဒ္ဓါတို့သည် ပရိနိဗ္ဗာန် ပြုကုန်၏။ မိဖုရားသည် တဖန်မိုးသောက် ရောက်သော တစ်နေ့သ၌ ပစ္စေကဗုဒ္ဓါတို့၏ နေရာဌာနကို လိမ်းကျံပြုပြင်စေ၍ ပန်းတို့ကို ကြဲပြီးလျှင် အခိုးအထုံကိုပေးပြီးသော် ထိုပစ္စေကဗုဒ္ဓါတို့၏ ကြွလာတော်မူခြင်းကို ကြည့်ရှုမျှော်ငံ့လျက် ထိုင်နေကုန်၏။ ကြွလာတော်မူခြင်းကို မမြင်ရသည်ရှိသော် အမောင် သွားတဲ့ချေ၊ အရှင်မြတ်တို့၏ တစ်စုံတစ်ခု မချမ်းသာသောအမှုကို ကြည့်ရှုပြီးမှ သိသာအောင်ပြု၍ ပြန်လာခဲ့လော့ဟု မင်းချင်းယောကျ်ား တစ်ယောက်ကို စေလွှတ်လိုက်၏။ မင်းချင်းယောကျ်ားလည်း သွားရောက်၍ မဟာပဒုမ ပစ္စေကဗုဒ္ဓါ၏ သစ်ရွက်မိုးသော ကျောင်းကို ဖွင့်လှစ်၍ ကြည့်ရှုသည် ရှိသော် ထိုကျောင်း၌ မမြင်သောကြောင့် စင်္ကြံသို့သွား၍ ကြည့်ရှုအပ်သည် ကာလ တွဲလဲဆွဲသော တံကဲပြင်ကိုမှီ၍ ရပ်တည်တော်မူလျက် ရှိသည်ကို တွေ့မြင်၍ ရှိခိုးဦးချပြီးသော် အရှင်ဘုရား ကြွတော်မူအံ့သော အချိန်အခါ တန်ပါပြီဟု လျှောက်၏ ပရိနိဗ္ဗာန်ပြုပြီးသော အရှင်မြတ်အား အဘယ်မှာ စကားပြောဆိုတော့အံ့နည်း။ ယင်းသို့ စကားမဆို ရှိသောကြောင့် ထိုမင်းချင်း

ယောကျ်ားသည် ''အိပ်ပျော်၍နေသည့် အောက်မေ့မှတ်ထင်သဖြင့် အနီးသို့ ချဉ်းကပ်၍ ကျောက်ကုန်းအပြင်ကို လက်ဖြင့် သုံးသပ်၏။ ခြေတော်တို့၏ အေးသည်အဖြစ်, အသားအရေတော်တို့၏ ခက်ထရော်ရှိသော အဖြစ်တို့ကို မှတ်၍ ပရိနိဗ္ဗာန်ပြုသောအဖြစ် သိပြီးသော် ဒုတိယအရှင်၏ ကျောင်းသို့ သွားရောက် ကြည့်ရှုပြန်၏။ ဤသို့ အစဉ်အတိုင်း အားဖြင့် သွားရောက်ကြည့်ရှုသည်ရှိသော် အလုံးစုံသော ပစ္ဆိကဘုဒ္ဓါတို့ ပရိနိဗ္ဗာန် ဝင်စံကြွယူတော်မူကြသည်၏ အဖြစ်ကိုသိ၍ နန်းတော်သို့ ပြန်လာခဲ့၏။

ရသေ့ရဟန်း ပြုတော်မူခြင်း

မိဖုရားက အမောင် ပစ္ဆေကဗုဒ္ဓါတို့သည် အဘယ်မှာနည်းဟု မေးတော်မူလျှင် အရှင်မိဖုရား ပရိနိဗ္ဗာန် ပြုတော်မူပါကုန်သည်ဟု လျှောက်တင်၏။ မိဖုရားသည် ပြင်းစွာပူဆွေး ငိုကြွေးတမ်းတပြီးမှ နန်းတော်ကထွက်တော်မူ၍ မြို့သူမြို့သား လူအများတို့နှင့်တကွ ထိုအရပ်သို့ သွားရောက်ပြီးလျှင် သာဓုကီဠနပူဇာဖြင့် ကောင်းစွာပူဇော်ပြီးမှ ပစ္ဆေကဗုဒ္ဓါအရှင်မြတ်တို့၏ အလောင်းတော်တို့ကို သင်္ဂြိုဟ်မတော်မူပြီးသောအခါ ဓာတ်တော်တို့ကို ယူ၍ စေတီတည်စေ၏။ မင်းကြီးသည် ပစ္စန္တရစ်ကို ငြိမ်သက်စေ၍ ပြန်လာခဲ့သည်ရှိသော် ဆီး၍ ခရီးဦးကြိုဆိုသော မိဖုရားကို အရှင်မိဖုရား ပစ္ဆေကဗုဒ္ဓါ အရှင်တို့၌ မမေ့မလျော့ဘဲ ပြုစုလုပ်ကျွေးပါ၏လော၊ အရှင်မြတ်တို့အား ရောဂါကင်းကွာ ကျန်းမာပါ၏လောဟု မေးတော်၏၊ အရှင်မင်းမြတ် ပစ္ဆေကဗုဒ္ဓါ သခင်မြတ်တို့သည် ပရိနိဗ္ဗာန်ဝင်စံတော်မူပါကုန်ပြီဟု လျှောက်ကြားလျှင် မင်းကြီးသည် ကြံဆင်ခြင်တော်မူသည်မှာ ဤသို့သဘောရှိကုန်သော ပညာအဆင်ခြင် ဉာဏ်အမြင်ရှိကုန်သော အရှင်မြတ်တို့အားလည်း စုတိချုပ်ကြွေ သေလွန်ခြင်းသည် ဖြစ်တုံသေး၏။ သာမည သတ္တဝါငါတို့မှာကား အဘယ်ဆိုဖွယ် ရှိပါအံ့နည်းဟု ကြံ၏။ ကြံပြီး၍ကား ထို မင်းကြီးသည် မြို့သို့မသွားမူ၍ ဥယျာဉ်တော်သို့သာ ဝင်ပြီးလျှင် သားတော် အကြီးကို ခေါ်၍ ''ဆိုသားတော်အကြီးအား မင်းဟူဖြစ်ကို ခံယူစေပြီးမှ မိမိသည် ရသေ့ရဟန်းအဖြစ်ကို ပြုလေ၏။ မိဖုရားကြီးသည်လည်း မင်းကြီး ရသေ့ရဟန်း ပြုသည်ရှိသော် ငါသည် လူ့ဘောင်၌ နေသဖြင့် အဘယ်သို့ ပြုအံ့နည်းဟု ကြံ၍ ထို့ဉယျာဉ်၌သာလျှင် ရသေ့ရဟန်းပြုလေ၏။ထိုနှစ်ယောက်ကုန်သော မင်းမိဖုရားတို့သည် စျာန်ကို ပွားများစေ၍ ထိုဘဝမှ စုတိသေလွန်သည်ရှိသော် ဗြဟ္မာပြည်၌ ဖြစ်လေကုန်၏။

ပိပ္ပလိလုဒ်နှင့် ဘဒ္ဒကာပိလာနီ

ထိုသူကိုသည် ဗြဟ္မာပြည်၌ တည်နေကုန်စဉ် ငါတို့ မြတ်စွာဘုရားသည် လောကသုံးခွင်၌ ယှဉ်ပြိုင်ကင်းလစ် ဘုရားဖြစ်တော်မူ၍ လည်စေအပ်ပြီးသော

မမွစကြာဒေသနာတော် ရှိလျှင် အစဉ်အတိုင်းအား‌ဖြင့် ရာဇဂြိုဟ်သို့ ကြွဝင်တော်မူ၏။ မြတ်စွာဘုရားသခင်သည် ရာဇဂြိုဟ်ပြည်၌ နေတော်မူသည်ရှိသော် ဤပိပ္ပလိလုလင်သည် ဗြဟ္မာပြည်မှ စုတိလာခဲ့၍ မဂဓတိုင်း၌ မဟာတိတ္ထ ပုဏ္ဏားမဝမ်းဝယ် ဖြစ်လေ၏။ ဘဒ္ဒကာပိလာနီသည် ဗြဟ္မာ့ပြည်မှ စုတိလာခဲ့၍ မဒ္ဒရာဇ်တိုင်း သာဂလပြည်၌ ကောသိယ အနွယ်ဖြစ်သော ပုဏ္ဏား၏ အဂ္ဂမဟေသီဖြစ်သော ပုဏ္ဏေးမဝမ်းဝယ် ဖြစ်လေ၏။ အစဉ်အတိုင်း ကြီးပွားလာသော ထိုသူတို့တွင် ပိပ္ပလိလုလင်သည် အသက်နှစ်ဆယ်မြောက် ကုရောက်သည် အခါ ဘဒ္ဒါသတို့သမီးသည် တဆယ့်ရြောက်နှစ်မြောက် ကျရောက်၍ လာသည်ရှိသော် အမိ အဖတို့သည် သားကိုကြည့်ရှု၍ ချစ်သား....အသင်သည် အရွယ်သို့ ရောက်လာပြီ အမျိုးအနွယ် အဆက်မပျက်သည်ကား တည်စေအပ်၏ဟု အလှန်လျှင် ဝိစီးနှိပ်ကွပ်၍ ပြောဆို ဖျောင်းဖျကြကုန်၏။ ပိပ္ပလိလုလင်ကလည်း အရှင်မိခင် ဖခင်တို့ အသင်တို့သည် ဤသို့သော စကားကို မပြောကြားပါကုန်လင့်။ အကျွန်ုပ်သည် အရှင်တို့ အသက်ထင်ရှားရှိသမျှပတ်လုံး အရှင်တို့ကိုသာ လုပ်ကျွေးပြုစု၍ နေပါအံ့။ အရှင်တို့မရှိသည်ရှိသော် လူ့ဘောင်မှ ထွက်၍ ရဟန်းပြုပါအံ့ဟု ဆို၏။။ အမိ အဖတို့သည် နှစ်ရက် သုံးရက်မြောက် ကျတိုင်းကျတိုင်း ထပ်ကာထပ်ကာ ပြောဆိုကုန်၏။ အမိသည်ကား အမြဲမပြတ် သာလျှင် တောင်းပန် ပြောဆို၏။

ရွှေရုပ်ထက်ပို၍လှသော ဘဒ္ဒကာပိလာနီ

ထိုအခါ လုလင်သည် ငါ၏ မိခင်အား သိစေအံ့ဟု ကြံ၍ နီမြန်းသော ရွှေစင်နီကဲ့ တစ်ထောင်ကို ထုတ်ပေး၍ ပြီးသည်ကာလ ရွှေပန်းထိမ်သည်တို့အား မိန်းမရုပ်ကို သွန်းလုပ်စေ၍ အပြေအပြစ် ကျစ်လျစ်ကောင်းမွန်စွာ ပြုအပ်ပြီးသည်၏ အဆုံး၌ ထိုအရုပ်ကို နီသောအဝတ်တို့ကို ဝတ်ဆင်စေလျက် အဆင်းနှင့် ပြည့်စုံကုန်သော ပန်းတို့ဖြင့်လည်းကောင်း၊ အထူးထူးသော တန်ဆာတို့ဖြင့်လည်းကောင်း တန်ဆာဆင်၍ မိခင်ကို ခေါ်ပြီး၍ မိခင် ဤသို့သော ရှိသော အဆင်းရှုပါရုံနှင့် ပြည့်စုံသော သတ္တိသမီးကို ရပါဘိမူကား အိမ်ယာထောင်သော လူ့ဘောင်၌ နေပါအံ့။ မရသည်ရှိသော် မနေပါပြီဟု ပြောဆို၏။။ ပုဏ္ဏေးမသည် ပညာရှိသည်၏အဖြစ်ကြောင့် ကြံဆင်ခြင်သည်မှာ ငါ၏သားသည် ကောင်းမှုဘုန်းကံရှိ၏၊ ပြုအပ်ပြီးသော ဆုတောင်းပတ္ထနာခြင်းရှိ၏။ ဒါနစသော ကောင်းမှုကိုပြုသည်ရှိသော် တစ်ယောက်တည်းသာလျှင် ပြုသည်မဖြစ်ပေရာ မဋ္ဌတ်သျှင် ကိုသူနှင့် အတူတကွ ကောင်းမှုပြုဖက်ဖြစ်သော ရွှေအဆင်းကဲ့သို့ အဆင်းရှိသော သတ္တိသမီးသည်လည်း ရှိသည်ဖြစ်ပေရာသည်ဟု ကြံ၏။ ကြံပြီး၍ကား ရှစ်ယောက်ကုန်သော ပုဏ္ဏားတို့ကို ခေါ်စေပြီးသော် အလိုခပ်သိမ်းတို့

ဖြင့် ရောင့်ရဲစေ၍ ရွှေရုပ်ကို ရထားထက်သို့ တင်ပြီးလျှင် အမောင်တို့ သွားကြ ချေ။ အကြင်အခါပ၌ ငါတို့နှင့် အမျိုးအနွယ် စည်းစိမ်တို့ဖြင့် တူမျှသော အမျိုးဝယ် ဤရွှေရုပ်နှင့်တူသော အဆင်းရှိသော သတို့သမီးကို ကြည့်ကြကုန် လော။ တွေ့ရှိသောကာလ ထိုသတို့သမီးအား ဤရွှေရုပ်ကို လက်ဆောင်ပဏ္ဏာ ကာရ ပြုလုပ်၍ ပေးခဲ့ကြကုန်လေ၁ဟု စေလွှတ်လိုက်၏။ ထိုပုဏ္ဏားတို့လည်း ကောင်းပါပြီ ဝန်ခံ၍ မြို့မှထွက်လာပြီးသော် အဘယ်အရုပ်သို့ သွားကုန်အံ့နည်း ဟု ကြံကြပြီးလျှင် မဒ္ဒရုဇ်တိုင်းမည်သည်ကား ဒုဆင်းသဏ္ဌာန် ကြံအင် လက္ခဏာ ကောင်းစွာပြည့်စုံသောမိန်းမ ပေါမျှား၏။ ထိုအရုပ်သို့ သွားကုန်အံ့ ဟု တိုင်ပင်ဆုံးဖြတ်၍ မဒ္ဒရုဇ်တိုင်း၌ သာဂလမြို့သို့ သွားကြကုန်၏။

ထိုမြို့သို့ ရောက်သောအခါ ရွှေရုပ်ကို ရေချိုးဆိပ်၌ထား၍ သင်တင့် လျော်ပတ်သောအရပ်က နေကြကုန်၏။ ဘဒ္ဒါသတို့သမီး၏ အထိန်း မိန်းမသည် ဘဒ္ဒါကို ရေချိုးစေပြီးလျှင် တန်ဆာဆင်၍ အသေရေရှိသော တိုက်ခန်း၌ နေစေပြီးမှ ရေချိုးခြင်းငှါ သွားသည်ရှိသော် ထိုရွှေစင်ရုပ်ကို မြင်၍ အရှင်မ သမီးသည် ဤအရုပ်သို့ လာရောက်၍ နေသည်ဟူသော အမှတ်ဖြင့် ခြိမ်းခြောက်၍ ဆိုနှိပ်ခက်ခဲသော အရှင်မ အဘယ်ကြောင့် ဤအရုပ်သို့ လာဘိသနည်း အိမ်သို့ လျင်စွာသွားလေလော့ဟု ဆို၍ လက်ဝါးဖြင့်ဖြင့် ရွယ်မိုး၍ ရိုက်ခတ်၏။ လက်သည် ကျောက်ကို ရိုက်ခတ်ဘိသကဲ့သို့ ကျင်နာ သည်ဖြစ်၍ ကြမ်းတမ်း ခက်မာသောကြောင့် အရုပ်၏အဖြစ်ကို သိပြီးသော် ဖဲသွား၍ ငါ့အား အရှင်မသမီးဟု မှတ်ထင်ပေသည်။ အရှင်သမီးနှင့် နှိုင်းရည်ဖြူ ခြင်းငှါ မသင့်လျော်ပေဟု ပြောဆို၏။ ထိုအခါ လူအပေါင်းတို့သည် ထိုဒုထိန်း မိန်းမကို ခြံရံဝန်းဝိုင်း၍ ဤသို့သဘောရှိသော ဆဆင်းရှိသော အထင်၏ အရှင်မှာ သမီးရှိပါသလောဟု မေးကုန်၏။ ငါတို့အရှင်မ သမီးသည် ဤအရုပ်ဖြင့် အဘယ်မှာ နှိုင်းရည်ဖြူခြင်းငှါ တတ်ကောင်းပါအံ့နည်း။ ဤရွှေရုပ်ထက် အရာထောင် သောင်းမက ပိုလွန်ပြီးသည်ကာလ ငါတို့၏အရှင်မ သမီးက အဆင်းလှပသည်။ တစ်ဆယ့်နှစ်တောင်ရှိသော တိုက်ခန်း၌ ထိုင်နေသည် ရှိသော် ဆီမီးဝန်းရခြင်း ကိစ္စမရှိ။ ကိုယ်ရောင်ဖြင့်သာလျှင် အမိုက်တိုက်ကို ပယ်ဖျောက်နိုင်သည်ဟု ပြော၏။ ထိုသို့တပြီးကား အိမ်သို့သွားကုန်အံ့ဟု ထိုခုဇ္ဇာမည်သော အထိန်းမကြီးကိုယူ၍ ရွှေရုပ်ကို ရထားသို့ တင်ပြီးသော် ကောသိယ အနွယ်ဖြစ်သော ပုဏ္ဏာ၏အိမ်သို့ လာခဲ့၍ အိပ်ကံခါး၌ တုံရပ် ပြီးသော် လာခြင်းကို ကြားကြကုန်၏။

ပိပ္ပလီနှင့် မယ်ဘဒ္ဒါ စာတမန် ပေးပို့ကြခြင်း

ပုဏ္ဏားကြီးလည်း ပဋိသန္ဓာရကိုပြု၍ အဘယ်အရပ်က လာခဲ့ကြကုန် သနည်းဟု မေး၏။ မဂဓရာဇ်တိုင်း မဟာတိတ္ထရွာ၌ ကပိလပုဏ္ဏားကြီး၏ အိမ်မှ

ဤသို့သော အကြောင်းကြောင့် လာခဲ့ပါကုန်သည်ဟု ပြော၏။ အမောင်တို့ ကောင်းမြတ်ပေ၏။ ငါတို့နှင့်တူမျှသော အမျိုးအနွယ် စည်းစိမ်ချမ်းသာရှိသော ပုဏ္ဏားလုလင်အား သတို့သမီးကို ပေးဆောင်၏။ ထိမ်းမြားပါအံ့ဟု ဝန်ခံ၍ လက်ဆောင် ပဏ္ဏာကာရကို သိမ်းယူလိုက်၏။ ထိုတမန် ပုဏ္ဏားကြီးတို့သည် ကပိလ ပုဏ္ဏားကြီးအား သတို့သမီးကို ရအပ်ပါပြီ။ ပြုဖွယ်ကိစ္စကို စီရင်ကြပါ ကုန်လော့ဟု ပြန်ကြား၍ သတင်းပေးပို့လိုက်၏။ ထိုသတင်းစကားကို တဆင့် အားဖြင့် ပိပ္ပလိလုလင်အား ပြောကြားကုန်၏။ ပိပ္ပလိလုလင်လည်း ငါသည် မရပေလတ္တံ့ဟု ကြံပြီးသည်ကာလ ပြောဆိုမိသည်။ ဤယခု ရှာဖွေ၍ရချေပြီ ငါအလိုမရှိသည်၏ အဖြစ်ကို ကမ္ပည်းစာကို ပေးလိုက်အံ့ဟု ကြံ၍ ဆိတ်ကွယ်ရာသို့ ချဉ်းကပ်ပြီးသော် ချစ်နှမဘဒ္ဒါ မိမိအား အမျိုး အနွယ် စည်းစိမ်အားဖြင့် ထိုက်လျော် လျောက်ပတ်သော ယောကျ်ားတပါးကို ရှာကြံ၍ ယူပါလော့၊ ငါသည် လူ့ဘောင်မှ ထွက်ပြီးသည်ကာလ ရဟန်းပြုပါလတ္တံ့။ နောက်၌ နှလုံးမသာယာခြင်း မဖြစ်ပါလင့်ဟု ကမ္ပည်းစာကို ရေး၍ တိတ်တဆိတ် တမန်ကို စေလွှတ်လိုက်၏။ ဘဒ္ဒါလည်း ဤအမည်ရှိသော အမျိုးအား ပေးပို့ ဆောင်နှင်းခြင်းငှါ အလိုရှိသည်ဟူသော သတင်းစကားကို ကြား၍ ဆိတ်ကွယ် ရာသို့ ကပ်လျက် အရှင်ကောင်းသား မိမိအား အမျိုးအနွယ် စည်းစိမ်အား ထိုက်လျော်လျောက်ပတ်သော အမျိုးသမီး တစ်ဦးတစ်ယောက်ကို ဆောင်ယူ တော်မူပါလော့ ကျွန်တော်မသည် လူ့ဘောင်က ထွက်ပြီးသောကာလ ရဟန်း ပြုပါလတ္တံ့။ နောက်၌ နှလုံးမသာယာခြင်း မဖြစ်ပါစေလင့် ဟူသော ကမ္ပည်း စာကို ရေး၍ တမန်ကိုလွှတ်လိုက်၏။ ကမ္ပည်းစာကို ယူဆောင်ကုန်သော တမန် နှစ်ဦးတို့သည် လမ်းခရီးအကြား၌ တွေ့ဆုံမိကြ၍ အကြောင်းကို ပြောကြား ပြီးသော် ကမ္ပည်းစာကို ဖြေယူဖတ်ရှု၍ ကြည့်ကြလျှင် မှာကြားသော အကြောင်းတို့ကို တွေ့မြင်၍ အချင်းတို့ ဤသတို့သား သတို့သမီးငယ်တို့၏ ပြုပုံအမူအရာကို ကြည့်ရှုပါကုန်လော့ဟု ပြောဆိုချီးမွမ်း အံ့သြကြပြီးမှ ထိုကမ္ပည်းစာတို့ကို ဆုတ်ဖြဲ၍ တော၌ စွန့်ပစ်ပြီးသော် ထိုကမ္ပည်းစာနှင့် အလားတူသော ကမ္ပည်းစာကိုရေး၍ အချင်းချင်း လဲလှယ်ပြီးသောကာလ ယူဆောင်ပြီးလျှင် ထိုသူတို့၏အထံသို့ ပို့ကြကုန်၏၊ ဤသို့သော အခြင်းအရာ တို့ဖြင့် ထိုသတို့သား သတို့သမီးငယ်သို့သည် အလိုမရှိဘဲ ထိမ်းမြားဆောင်နှင်း ကုန်၏။

ပိပ္ပလိနှင့် မယ်ဘဒ္ဒါတို့ လက်ထပ်ထိမ်းမြားခြင်း

ထိုထိမ်းမြားဆောင်နှင်းသော နေ့၌ပင် ပိပ္ပလိလုလင်သည် တစ်ခုသော ပန်းကုံးကိုကျစ်၍ ပို့စေ၍ ဘဒ္ဒါလည်း ထိုပန်းကုံးတို့ကို အိပ်ရာ၏အလယ် တည့်တည့်၌ ထား၏။ ညစာစားပြီးသော် အိပ်ရာသို့ တက်ကုန်အံ့ဟု

ကောင်းစွာလာခဲ့၍ သတ္တိသားသည် လက်ယာလက်ဖြင့် တက်၍ လက်ယာ ဘက်က အိပ်နေ၏၊ ဘဒ္ဒါသည် လက်ဝဲဘက်ဖြင့် တက်၍ လက်ဝဲဘက်ဖြင့် အိပ်နေ၏။ ပိပ္ပလိ လုလင်က ချစ်နှမဘဒ္ဒါ အကြင်သူ၏ ဘက်၌ ပန်းတို့သည် ညှိုးနွမ်းကုန်၏၊ ထိုသို့ ပန်းညှိုးနွမ်းသော သူအား ရာဂစိတ် ဖြစ်သည်ကို သိကုန်အံ့၊ ဤပန်းကုံးကို မထိအပ်ဟု ပြောဆို၍ ကတိကဝက်ကို ထားကြ ကုန်၏။ ထိုသူတို့သည် အချင်းချင်း ကိုယ် လက် ထိခိုက်မိအံ့သည်မှ ကြောက် သဖြင့် ညဉ့်သုံးယံတို့ ပတ်လုံး အိပ်ပျော်ခြင်းသို့ မသက်မူ၍သာလျင် လွန်ကုန် ၏။ နေ့အခါ၌လည်း တယောက်ကို တစ်ယောက် ကြည့်ရှု၍ ပြုံးရယ်ခြင်း ကိုမျှ မပြုလေ၊ ထိုနှစ်ဦးကုန်သော သူတို့သည် လောကာမိသဖြင့် မဇရာမယှက် ဘဲ အမိအဖတို့ တည်ရှိသမျှ ကာလပတ်လုံး တစ်စုံတစ်ခုသော အမှုကိုမျှ ကြည့်ရှုစိစစ် စီမံပြောဆိုခြင်း မရှိမူ၍ အမိအဖနှစ်ပါးတို့ လွန်မြောက်သော ကာလမှ ကြည့်ရှုစိစစ်ကုန်၍ ပိပ္ပလိ သတ္တိသားအား ကြီးကျယ်သော စည်းစိမ် ချမ်းသာ ရှိ၏။ ရှစ်ဆယ် ခုနစ်ကုဋ္ဌေသော ဥစ္စာ ရှိ၏။ တစ်နေ့သ၌ ကိုယ်ကို သုတ်သင်ပွတ်သပ်၍ စွန့်ပစ်အပ်သော ရွှေသည် မာဓရာဇ် ကွမ်းစား တစ်ဆယ့် နစ် ကွမ်းစားမျှရှိ၏။ ယန္တရားစက်ဖြင့် လုည့်အပ်ကုန်သော တစ်ဖက် ဆည်ကန် ကြီးတို့သည် ခြောက်ဆယ်မျှလောက် ရှိကုန်၏။ တစ်ဆယ့်နှစ်ယူဇနာ ပမာဏ အနုရာဓမြို့ မျှလောက်ရှိသော ကျွန်အမှုလုပ်တို့၏ နေရာ တစ်ဆယ့်လေးရွာ ရှိ၏။ ဆင်ထိန်း မြင်းထိန်း ရထားထိန်းတို့သည်လည်း တစ်ဆယ့်လေးရွာစီ ရှိကုန်၏။

ပိပ္ပလိနှင့်မယ်ဘဒ္ဒါတို့ လူ့ဘောင်စွန့်ခွါ၍ ရဟန်းပြုကြခြင်း

ထိုပိပ္ပလိလုလင်သည် တစ်နေ့သ၌ တန်ဆာဆင်အပ်သော မြင်းကို တက်စီး ပြီးသော် လူများအပေါင်းခြံရံလျက် အမှုလုပ်ဆောင်ရာ အရပ်သို့ သွားရောက် ၍ လယ်၏အစွန်း၌ ရပ်တည်ပြီးသော် ထွန်ယက်ရာ အရပ်မှ ကျီးအစ ရှိသော ငှက်တို့သည် တီအစရှိကုန်သော ပိုးမွှားတို့ကို ထုတ်ဆောင်ချီယူ၍ ခဲသည်ကို မြင်သောကြောင့် ဖခင်တို့ ဤသတ္တဝါတို့သည် အဘယ်ကို ခဲကုန် သနည်းဟုမေး၏၊ အရှင်တီစသောပိုးမွှားတို့ကို ခဲပါသည်ဟု ပြောကုန်သော် ထို တိရစ္ဆာန် သတ္တဝါတို့ ပြုအပ်သော မကောင်းမှုသည် အဘယ်သူအား ဖြစ်အံ့နည်း ဟု မေး၏။ အရှင်တို့ အရှင်တို့ စေခိုင်း၍ ပြုရပါသည်ကို အရှင်တို့မှသာ ဖြစ် ပေရာ၏ဟု ပြောဆိုကုန်၏။ ပိပ္ပလိလုလင်သည် ဤသူတို့ ပြုအပ်သော မကောင်း မှုသည်ငါ့အား ဖြစ်ခဲ့သည်ဖြစ်အံ့ ငါ့အား အသို့ပြုလတ္တံ့နည်း အလုံးစုံကုန်သော စည်းစိမ်ချမ်းသာပစ္စည်းဥစ္စာတို့ကို ဘဒ္ဒါအား ဆောက်နှင်း အပ်နှံ၍လူ့ဘောင်မှ ထွက်ပြီးလျှင်ရဟန်းပြုတော့အံ့ဟု ကြံ၏။ ဘဒ္ဒကာပိလာနီသည်လည်း အိမ်အရံ

တွင်း၌ သုံးဂုမ္ဘ မျှလောက်ကုန်သော နှမ်းတို့ကို ဖြန့်စေ၍ အထိန်းတို့ဖြင့် ခြံရံ လျက် ထိုင်နေကုန်သည်ရှိသော် ကျီးတို့သည် နှမ်းပိုးတို့ကို ချီယူ၍ ခဲသည်တို့ကို မြင်သောကြောင့် မိခင် ဤကျီးတို့သည် အဘယ်ကို ခဲကုန်သနည်းဟု မေး၏။ အရှင်မ ပိုးတို့ကို ခဲပါကုန်သည်ဟုပြောလျှင် ထိုမကောင်းမှုသည် အဘယ် သူအား ဖြစ်ပါအံ့နည်းဟု မေး၏။ အရှင်မ၊ အရှင်မတို့ ပြုစေသောကြောင့် ပြုပါသည်ကို အရှင်မတို့မှာသာ ဖြစ်ပါလတ္တံ့ဟု ပြောကုန်၏။ ဘဒ္ဒါလည်း လေးတောင်မျှလောက်သော အဝတ် တစ်ကုမ်းစားမျှသော ဆန်ကိုရသည် ရှိသော် ငါ၏ခါး၌ ဝတ်ဆင်ရ၍ ဝမ်းဝအောင် စားရပါ၏၊ ဤမျှလောက်သော သူတို့ပြုအပ်သော အကုသိုလ်သည် ငါ့အား အကယ်၍ ဖြစ်ခဲ့တုံအုံ၊ မချုတ် စင်စစ် ဘဝအထောင်ဘို ပတ်လုံးသော်လည်း ဝဋ္ဌဆင်းရဲမှ ဦးခေါင်းကိုပင် ဖော်၍ လွှတ်မြောက်ခြင်းငှာ စွမ်းနိုင်တော့မည် မဟုတ်။ အရှင်သား လာသည် ရှိသော် အလုံးစုံသော စည်းစိမ်း ချမ်းသာ ပစ္စည်းဥစ္စာက အရှင်အားသာ ဆောက်နှင်းအပ်နှံ၍ လူ့ဘောင်မှ ထွက်ပြီးသောကာလ ရဟန်းပြုတော့အံ့ဟု ကြံ၏။

ဝိပ္ပလိလုလင်သည် ပြန်လာပြီးသော် ရေချိုး၍ ပြာသာဒ်ထက်သို့ တက်ပြီး လျှင် မြတ်သော သူတို့အား ထိုက်သော ပလ္လင်ထက်၌ ထိုင်နေ၏။ ထိုအခါ စကြာမင်းတို့အားသာ ထိုက်တန်သော ဘောဇဉ်ကို စီရင်၍ ဆောင်ခဲ့ကြကုန် ၏။ နစ်ယောက်ကုန်သော သူတို့သည် ခဲဖွယ်ဘောဇဉ်ကို သုံးဆောင်ပြီးမှ အလုပ်အကျွေးတို့ ထွက်သွားသည်ရှိသော် ဆိတ်ငြိမ်ရာသို့ကပ်လျက် ကောင်း မြတ်သော နေရာ၌ ထိုင်နေကုန်၏။ ထိုနောက်မှ ပိပ္ပလိလုလင်က ဘဒ္ဒါကို ရှင်မ ဘဒ္ဒါ ဤအိမ်သို့ အသင်လာစဉ်က အဘယ်မျှလောက်ကုန်သော ဥစ္စာ တို့ကို ယူဆောင်ခဲ့ပါသနည်းဟု မေး၏။ အရှင်သား လုည်းအစီးပေါင်း ငါးသောင်းငါးထောင် တိုက်မျှလောက် ရှိပါသည်ဟု ပြော၏။ ရှင်မဘဒ္ဒါ အသင့်အား ပါလာသော ထိုပစ္စည်း ဥစ္စာတို့ကို လည်းကောင်း ဤအိမ်၌ ရှိသော ပစ္စည်းဥစ္စာ အလုံးစုံတို့ကို လည်းကောင်း အသင်အား ငါသည် ဆောက်နှင်း အပ်နှံပါ၏။ အသင်သာ သိမ်းဆည်းစောင့်ရှောက် ပါလော့ဟု ဆို၏၊ အရှင် အရှင်တို့ကား အဘယ်အရပ်သို့သွားကုန်အံ့ဟု မေးသည်ရှိသော် ငါသည် ရဟန်းပြုတော့အံ့ဟု ဆို၏။ အရှင်သား ကျွန်တော်မ သည်လည်း အရှင်သား လာရောက်အောင် ငံ့လင့်ဆိုင်းတွ၍ နေပါကုန်သည်၊ ကျွန်တော်မ သည်လည်း ရဟန်းပြုပါဘောအံ့ဟုဆို၏။ ထိုသူနစ်ဦးတို့သည်ကား သုံးပါးကုန် သော ဘုံဘဝတို့ကို ဟူးဟူးပြောင်ပြောင် မီးတို့ဖြင့် တောက်လောင်၍နေသော သစ်ရွက်မိုးသော အိမ်ကဲ့သို့ ထင်ကုန်၏။ ထိုသူနစ်ဦးတို့သည် အိမ်စျေးမှ ဖန်ရေစွန်းသော အဝတ်တို့ကိုလည်းကောင်း၊ မြေညက် သပိတ်တို့ကိုလည်း

ကောင်း ဆောင်ယူ၍ အချင်းချင်း ဆံတို့ကိုပယ်ချပြီးသောအခါ လောက၌ အကြင်ရဟန္တာတို့သည် ရှိကုန်၏။ ထိုရဟန္တာတို့ကို ရည်မှန်းပြီးသည်ကာလ ငါတို့ ရဟန်းပြုပါကုန်သည်ဟုဆို၍ သပိတ်အိတ်၌ သပိတ်ကို ထည့်သွင်းလျက် ပခုံးဝ ဆွဲပြီးသောအခါ ပြာသာဒ်ထက်မှ သက်ဆင်းခဲ့ကြကုန်၏။

အိမ်၌ နေကုန်သော ကျွန်အမှုလုပ်တို့တွင် တစုံတစ်ယောက်သော သူတို့မှ မမှတ်မိကြကုန်။ မိမိတို့နေရာဖြစ်သော ထိုရွာမှထွက်၍ ကျွန်အမှုလုပ်တို့၏ ရွာတံခါးဖြင့် သွားသည်ရှိသော် အသွင်အပြင် အမူအရာဖြင့် ထိုရွာ၌နေသော သူတို့သည် မှတ်မိကုန်၏၊ ထိုသူတို့လည်း ငိုကြွေးမြည်တမ်း၍ ခြေတို့ဖြင့် ဖက်ပြီးသောအခါ အရှင်တို့သည် ငါတို့၏ ကိုးကွယ်ရာမဲ့သည်ဖြစ်အောင် အဘယ်ကြောင့် ပြုပါကုန်သနည်းဟု ပြောဆိုကြကုန်၏။ အချင်းတို့ ငါတို့သည် သုံးပါးကုန်သော ဘဝတို့ကို ဟူးဟူးပြောင်ပြောင် မီးတို့ဖြင့် လောင်သော သစ်ရွက်မိုးသော အိမ် စရပ်ကဲ့သို့ မှတ်ထင်မပေသောကြောင့် ရဟန်းပြုကြကုန်သည်။ အသင်တို့ကို တစ်ဦးတစ်ယောက်စီ အကယ်၍ တော်လှန်ခြင်းကို ပြု၍နေအံ့၊ အနှစ်တစ်ရာ ကာလ ကြာသော်လည်း ပြီးဆုံးနိုင်ဖွယ်ရာသောအကြောင်း မရှိ။ သို့ဖြစ်၍ အသင်တို့ဦးခေါင်းကို အသင်တို့ ဆေးကြောပြီးသည့် ကာလ တော်လှန်အပ်သည်ဖြစ်၍အသက်ရှည်ကြကုန်လော့ဟုပြောဆို၏။ထိုသူတို့ ငိုမြည်တမ်းစဉ်ပင် ဖဲ့သွားကြကုန်၏။

ပိပ္ပလိနှင့် မယ်ဘဒ္ဒါတို့သည် နောက်ဆုံး ခွဲခွာကြရာ
မဟာပထဝီမြေကြီးတုန်လှုပ်ခြင်း

မထေရ်သည် ရွှေမှ သွားလျက်သာလျှင် နောက်သို့ ပြန်လည်၍ကြည့်ပြီးလျှင် ကြုံဆင်ခြင်သည်မှာ ဤဘဒ္ဒကာပိလာနီသည် အလုံးစုံသော ဇမ္ဗူဒီပ်ကျွန်း၌ သူတပါး မတူနိုင်သော မိန်းမရတနာ ဖြစ်ပေလေသည်။ ဤသူသည် ငါ၏ နောက်မှလည်း အစဉ်တစိုက် ပါ၍လာ၏။ အမှတ်မထင်အကြင်တစ်စုံတယောက်သောသူသည် ဤသူတို့ကား ရဟန်းပြုလျက်ပင်သော်လည်း ကွေကွင်း၍ ဖြစ်ခြင်းငှါ မဖွယ်မရာ၊ မသင့်လျော် မလျောက်ပတ်သည်ကို ပြုအပ်ကုန်၏ဟု ကြုံစည်ကုန်ထု၏။ အခြို့သောသူသည် ငါထို့၌ စိတ်ကို ပြစ်မှား၍ အပါယ်မှ လွတ်ခြောက်ခြင်းမဖြစ်ပေရာ။ ဤသူကို ပယ်စွန့်၍ ငါသည် သွားခြင်းငှါအပ်၏ ဟူသော စိတ်အကြံသည် ဖြစ်၏။ မထေရ်သည် ရွှေမှ သွားလျက်သာလျှင် နှစ်ဖြာသော ခရီးကို တွေ့မြင်၍ လမ်းထိပ်၌ ရပ်တည်၏။ ဘဒ္ဒါသည်လည်း နောက်မှ လိုက်ပါလာပြီးသော်ကာလ ရှိခိုး၍ ရပ်တည်၏၊ ထိုအခါ ဘဒ္ဒါကို ရှင်မဘဒ္ဒါ ထိုသို့သဘောရှိသော မိန်းမသည် ငါ၏နောက်သို့ လိုက်သည်ကို မြင်သည်

ရှိသော် ဤသူသို့သည် ရဟန်းဖြစ်လျက်သော်လည်း ကွေကွင်း၍ ဖြစ်ခြင်းငှါ မပွမ်းနိုင်ကုန်ဟုကြံ၍ ငါတို့၌ စိတ်ပြစ်မှားသောလူမျှားအပေါင်းသည် အပါယ်၌ ပြည့်သည်ဖြစ်ပေများ၏။ ဤနှစ်ဖြာကုန်သော ခရီးတို့တွင် အသင်သည် တစ်ခုသော လမ်းခရီးကို ယူလေလော့ ငါသည်ကစ်ခုသောလမ်းခရီးဖြင့်သွားအံ့ဟုပြော၏။ သြော် အရှင် ဟုတ်ပါ၏ပေ၏၊ ရဟန်းတို့အား မာတုဂါမမည်သည် အညစ်အကြေးပေတည်း။ ဤသူတို့သည် ရဟန်းပြု၍လည်း ကွေကွင်းခြင်းငှါ မစွမ်းနိုင်ဟု အကျွန်ုပ်တို့အား အပြစ်ကို ပြကုန်လတ္တံ့။ အရှင်တို့သည်တစ်ခုသော ခရီးကို ယူတော်မူကုန်လော့၊ ကျွန်တော်မသည်လည်း တစ်ခုသော ခရီးဖြင့် သွားပါအံ့ဟု သုံးကြိမ်ဘိုင်တိုင် လက်ယာရစ် လှည့်သည်ကိုပြု၍ လေးပါးကုန်သော အရပ်မျက်နှာတို့၌ငါးပါးကုန်သော တည်ရာထိခြင်းဖြင့်ရှိခိုးပြီးသော် ဆယ်ခုသော လက်သည်းရောင်တို့ဖြင့် ပြောင်ပြောင်တောက်ပသော လက်အုပ်ချီ၍ ကမ္ဘာတစ်သိန်းမျှ ပမာဏရှိသော အဓွန့်ကာလ၌ ချစ်ခင်ပေါင်းသင်းဆက်ဆံခဲ့သော မိတ်သန္ဓဝသည် ယနေ့ယခု ကဲ့ပျက်လေပြီဟု ပြောဆို၍ အရှင် အရှင်တို့ ယောကျ်းသားသည်ကား လက်ယာမည်ပါသည်။ သို့ဖြစ်၍ အရှင်တို့သည် လက်ယာဖက်ခရီးကို ယူတော်မူပါ၊ ကျွန်တော်မတို့ မာတုဂါမမည်သည်ကား လက်ဝဲသဘောရှိပါသည်ဟု ဖြစ်၍ လက်ဝဲဖက်လမ်းကိုယူပါအံ့သုဆိုပြီးလျှင် ရှိခိုးပြီးမှ မိမိတို့ယူသော ခရီးသို့ သွားကြလေ၏။ ထိုသူတို့နှစ်ဖြာခဲ့သွားသောကာလ ဤမဟာပထဝီမြေကြီးသည် စကြဝဠာ တောင်နှင့်တကွသော မြင်းမိုရ်တောင်ဟူ၍ ဆောင်ခြင်းငှါ စွမ်းနိုင်ပါ၏။ အသင်တို့ ဂုဏ်ကိုမူကား ဆောင်ခြင်းငှါ မစွမ်းနိုင်ဟု ပြောဆိုဘိသကဲ့သို့ မြည်ဟီးလျက် တုန်လှုပ်၏။ ကောင်းကင်၌ မိုးကြိုးသံကဲ့သို့ မြည်၏။ စကြဝဠာ တစ်သောင်းသည် မဲ့တင်ထပ်၏။

ပြတ်စဉ်ဘုရားသည် ခရီးဦး ကြိုတော်မူခြင်း

မြတ်စဉ်ဘုရားသခင်သည် ဝေဠုဝန်ကျောင်းတော် ဂန္ဓကုဋီတိုက်၌ သီတင်းသုံးတော်မူလျက် မြေတုန်လှုပ်ခသော အသံကို ကြားတော်မူ၍ မြေတုန်လှုပ်ခြင်းသည် အကြောင်း အဘယ်သို့နည်းဟု ဆင်ခြင်တော်မူသည်ရှိသော် ပိပ္ပလိလုလင်၊ ဘဒ္ဒကာပိလာနီတို့သည် ငါ့ကို ရည်ညွှန်းပြီးသည်ကာလ မရေမတွက်နိုင်သော စည်းစိမ်ချမ်းသာကို ပယ်စွန့်ပြီးလျှင် ရဟန်း ပြုအပ်ကုန်၏။ ထိုသူနှစ်ဦးကို ကွေကွင်းသော အရာ၌ နှစ်ဦးကုန်သောသူတို့၏ ဂုဏ်အစွမ်းဖြင့် ဤမဟာပထဝီမြေကြီး တုန်လှုပ်ခြင်း ဖြစ်လေသည်။ ငါဘုရားသည်လည်း ထိုသူတို့အား ချီးမြှင့်ခြင်းကို ပြုခြင်းငှါအပ်၏ဟု ဆင်ခြင်တော်မူ၍ ဂန္ဓကုဋီတိုက်မှထွက်၍ ကိုယ်တော်တိုင်သာလျှင် သပိတ်သင်္ကန်းကို ယူတော်မူ၍ တံပည့်

ဖြစ်ကုန်သော မဟာထေရ်တို့တွင် တစ်စုံတစ်ဦးသော မဟာထေရ်ကို မျှ ကြားသိတော် မမူစေဘဲ သုံးဂါဒုတ်မျှ ပမာဏရှိသော ခရီးဦးကြိုရာ အရပ်သို့ ကြွသွားတော်မူ၍ ရာဇဂြိုဟ်ပြည့်၏လည်းကောင်း နာလန္ဒရွာ၏လည်းကောင်း ဒုကြား ဖြစ်သော ဗဟုပုတ္တက-မည်သော ညောင်ပင်ရင်းဌာ်ဒ် ပလ္လင်ဖွဲ့ခွေထိုင်နေ သီသင်းသုံးတော်မူ၏။ ထိုင်နေ သီတင်းသုံးတော် မူသော်လည်း အမှတ်မထင် အကြင် တစ်စုံတစ်ယောက်သော ပုံသက္ကဆောင်သော ရဟန်းကဲ့သို့ ထိုင်နေ သီတင်းသုံးတော်မမူဘဲ ဘုန်းတည်းဟူသော အသွင်ကို ယူတော်မူ၍ အတောင်ရှစ်ဆယ် မျှလောက် အရပ်ကို တလျှပ်လျှပ် တဝဲဝဲ တခဲနက်သော ရောင်ခြည်တော် ကွန်ရက်ကို လွှတ်ထွက်စေသျှက် ထိုင်နေတော်မူ၏။

ထိုခဏ၌ လွှတ်ထွက်စေအပ်သော ခြောက်သွယ်ကုန်သော ရောင်ခြည်တော် ကွန်ရက်တို့သည် ထိုမှဤမှ ပြေးထွက်မြူးတူး ကွန့်ကုန်သည် ဖြစ်၍ လ-အထောင် နေ-အထောင် အရောင်ဝင်းဝင်း တက်ထွန်းလင်းသော အခါကဲ့သို့ ပြုလျက် ထိုတောအုပ်တစ်ခုလုံး တပြိုင်နက် တခဲနက်သော အရောင်ကို ပြုကုန်၏။ သုံးဆယ့်နှစ်ပါးကုန်သော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး တည်းဟူသော အသရေတော်ဖြင့် အရောင်အဆင်း ထွန်းလင်း မြူးထွက်သော နက္ခတ် ကြယ်တာရာအပေါင်းသည် ကောင်းကင်အပြင် တန်ဆာဆင်လျက် တင့်တယ် စေဘိသကဲ့သို့လည်းကောင်း ကောင်းစွာပင့်သော ပဒုံဝတ်ရှိသော ကြာဖြူ ကြာနီ ဧသော ကြာမျိုးငါးအပေါင်းသည် အိုင်-ကန် စသည်တို့ကို တင့်တယ် စေဘိ သကဲ့သို့လည်းကောင်း တောအုပ်တစ်ခုလုံးသည် အလွန်အကျူး အထူး တင့်တယ်ခြင်း ဖြစ်လေ၏။ ပကတိအတိုင်းအား ဖြင့် ပညောင်ပင်၏ ပင်စည်သည် ဖြူသော အဆင်းရှိ၏။ ရင့်ကုန်သော အရွယ်တို့သည် နီကုန်၏။ ထိုနှဤ့ကား အခက်တစ်ရာရှိသော ပညောင်ပင် အပင်လုံးသည် ဧရှအဆင်းကဲ့သို့ အဆင်း သည် ဖြစ်လေ၏။ မဟာကဿပ မထေရ်လည်း ဤသူသည် ငါ၏ဆရာ ဖြစ်ပေ လတ္တံ့။ ငါဃည် ဤသူကို ရည်မှန်း၍ ရဟန်း ပြုအပ်ပေ၏ဟု မြင်ရာအရပ်မှ စ၍ ညွတ်ရှိုင်းသော ကိုယ်ရှိသည် ဖြစ်၍ သုံးပါးကုန်သော အရာတို့ဌ ရှိခိုးပြီး သော် ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား အရှင်မြတ်သည် တပည့် တော်၏ မှီဝဲဆည်းကပ်ရာ ဆရာဖြစ်တော်မူပါလော့ တပည့်တော်သည် အရှင် မြတ်၏ တပည့်ဖြစ်ပါပြီဟု လျှောက်ကြား၏။

ထိုအခါ မဟာကဿပကို မြတ်စွာဘုရား ကိုယ်တော်မြတ်က ချစ်သား ကဿပ ဤသို့သော ရှိသေ တုံဝပ်ခြင်းအရာကို ဤမဟာပထဝီ မြေကြီးအား အကယ်၍ ပြုခဲ့ငြားအံ့။ ထိုမြေကြီးသည်လည်း ဆောင်ရွက်ခြင်းငှါ မစွမ်းနိုင် ပေရာ။ ဂုဏ်ကျေးဇူး ထူးမြတ် ကြီးကျယ်သော ငါဘုရားအား သာလျှင် သည်းခံ

ရွက်ဆောင် နိုင်လေသည်။ အသင် ပြုအပ်သော ရှိသေ တုံ့ဝပ်ခြင်းသည် ငါဘုရားအား အမွေးမျှ တုန်လှုပ်ခြင်းငှါ မစွမ်းနိုင်။ ချစ်သား ကဿပ လာလှည့် ထိုင်နေလော့။ အသင့်အား ငါသည် အမွေကို ပေးအံ့ဟု မိန့်တော်မူ၏။ ထိုနောက် အရှင်မဟာကဿပအား သုံးပါးသော အဆုံးအမ ဩဝါဒဖြင့် ပဥ္စင်းအဖြစ်ကို ပေးသနားတော်မူ၏။ ပေးတော်မူပြီးမှ ဗဟုပုတ္တက ပညောင်ပင်ရင်းမှ ထွက်ကြွတော်မူလျက် မထေရ်ကို နောက်လိုက် ရဟန်းပြုစေ၍ ကြွတော်မူ၏။ မြတ်စွာဘုရားသခင်၏ ကိုယ်တော်သည် သုံးဆယ့်နှစ်ပါးကုန်သော ယောက်ျားမြတ်တို့၏ လက္ခဏာတော်ကြီးတို့ဖြင့် ဆန်းကြယ် မြင့်မြတ်၏။ မဟာကဿပ မထေရ်သည်လည်း ခုနစ်ပါးကုန်သော ယောက်ျားမြတ်တို့၏ လက္ခဏာတို့ဖြင့် တင့်တယ်၏။ ထိုအရှင်မဟာကဿပသည် ရွှေဖြင့်ပြီးသော လှေကြီး၏ နောက်မှ ဖွဲ့ချီအပ်သော လှေငယ်ကဲ့သို့ မြတ်စွာဘုရား ကိုယ်တော်မြတ်၏ နောက်မှ အစဉ်အတိုင်း လိုက်ကြွလေ၏။

မြတ်စွာဘုရားသည် ရှင်မဟာကဿပနှင့် သက်နှ်းချင်း လဲလှယ်တော်မူရာ မြေကြီးတုန်လှုပ်ခြင်း

မြတ်စွာဘုရားသခင်သည် အစဉ်အတိုင်း ကြွတော်မူ၍ လမ်းခရီး၌ ခရီးမှဖဲ့၍ တခုသောသစ်ပင်ရင်း၌ ထိုင်နေတော်မူအံ့သော အခြင်းအရာကို ပြတော်မူ၏၊ မထေရ်သည် မြတ်စွာဘုရား ထိုင်နေတော်မူလိုသည်ဟု သိ၍ မိမိရုံသောပုဆိုးပိုင်း ဒုကုဋ္ဌကို လေးပိုင်းပြု၍ ခင်း၏ မြတ်စွာဘုရား သခင်သည် ထိုဒုကုဋ္ဌပေါ်၌ ထိုင်နေသီတင်းသုံးတော်မူလျက် လက်ဖြင့် သုံးသပ်တော်မူပြီးသောခါ အချင်းကဿပ အသင်၏ပုဆိုး ဒုကုဋ္ဌသည် နူးညံ့သိမ်မွေ့လှချေသည် တကားဟုမိန့်တော်မူ၏ မထေရ်လည်း မြတ်စွာဘုရားသည် ငါ၏ဒုကုဋ္ဌ နူးညံ့ကြောင်းကို မိန့်တော်မူ၏ ရုံတော်မူလိုသည် ဖြစ်ပေလိမ့်မည်ဟုသိ၍ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား ဤဒုကုဋ္ဌကို ရုံတော်မူပါလော့ ဟု လျှောက်ကြား၏၊ ချစ်သား ကဿပ အသင်သည် အဘယ်ကိုရုံမည်နည်းဟု မေးတော်မူလျှင် အရှင်ဘုရားတို့ သုံးဆောင်တော်မူပြီးသော ဒုကုဋ္ဌဟောင်းကို ရသည်ရှိသော် ရုံပါအံ့ဟု ကြား လျှောက်၏ ချစ်သားကဿပ အသင်သည် သုံးဆောင်အပ်သည်ဖြစ်၍ ဟောင်းနွမ်းလေပြီးသော ဤပံ့သကူသက်နှ်းကို ရုံခြင်းငှာ စွမ်းနိုင်လတ္တံ့လော ဤသက်နှ်းကို ပံ့သကူကောက်ယူသောနေ့၌ ရေလျှင် အဆုံးရှိသည်ကို ပြု၍ မဟာပထဝီ မြေကြီးတုန်လှုပ်၏ ဘုရားရှင်တို့ သုံးဆောင်လေပြီးသော ဤပံ့သကူသက်နှ်းကို နည်းသောဂုဏ်ရှိကုန်သော သူတို့သည် ဆောင်ခြင်းငှာ မစွမ်းနိုင် ကျင့်ဝတ် ပဋိပတ်ကို ဖြည့်သဖြင့်လည်း ဤကဲ့သို့သဘောအားဖြင့် ပံ့သကူဖြစ်ပြီးသော သက်နှ်းကိုရခြင်းငှာ အပ်ပေသည်ဟု မိန့်တော်မူ၍ မထေရ်

နှင့်အတူတကွ သင်္ကန်းလဲလှယ်တော်မူ၏၊ ဤသို့သင်္ကန်းလဲလှယ်ခြင်းကို ပြုတော်မူပြီးသောအခါ မထေရ်ရုံအပ်သော သင်္ကန်းကို မြတ်စွာဘုရား ရုံတော်မူ၏။ မြတ်စွာဘုရားသင်္ကန်းကို မထေရ်ရုံတော်မူ၏။

ထိုအခါ၌ စိတ်စေတနာမရှိသော မဟာပထဝီမြေကြီးသည် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ပြုနိုင်ခဲသောအမှုကို ပြုတော်မူပါပေသည်။ ကိုယ်တော်မြတ် ရုံတော်မူပါသော သင်္ကန်းတော်ကို တပည့်သာဝကအားပေးသနားတော်မူဖူးသည် မရှိပါ၊ အရှင်တို့၏ဂုဏ်ကို အကျွန်ုပ် ဆောင်ခြင်းငှာ မစွမ်းနိုင်ပါဟု မြည်တွန်ဘိသကဲ့သို့ ရေလျှင်အဆုံးရှိသည်ကိုပြု၍ တုန်လှုပ်၏။ မထေရ်သည်လည်း ယခုအခါ ငါသည် ဘုရားရှင်တို့ သုံးဆောင်တော်မူသော သင်္ကန်းကို ရအပ်ပေပြီ ဤယခုအခါ ငါသည် ထိုထက် အလွန်တက်၍ အားထုတ်သဖြင့် အဘယ်အကျိုး ရှိတော့အံ့နည်း ပင်ပန်းခါမျှသာ ရှိတော့မည်ဟု ဤကဲ့သို့တက်ကြွခြင်းကို မပြုမူ၍ ဘုရားရှင်တို့၏ အထံ၌သာလျှင် တစ်ဆယ့်သုံးပါးကုန်သော ဓုတင် ဂုဏ်တို့ကို ကောင်းစွာ ဆောက်တည်၍ ရဟန်းပြုသည်မှနောက် ခုနစ်ရက်မြောက် ကျရောက်သည်တိုင်အောင် ပုထုဇဉ်ဖြစ်၍ ရှစ်ရက်မြောက်သောနေ့ နေအရုဏ် တက်သည်နှင့် တကွနက် တချက်တည်း ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လေ၏။ မြတ်စွာဘုရားသခင်သည် "စန္ဒသမော ဘိက္ခဝေ" အစရှိသည်တို့ဖြင့် မထေရ်ကို ချီးမွမ်းထောမနာ၏၊ နောက်အဖို့၌ ငါဘုရားသာသနာတော်ဝယ် ဓုတင်ကို ဆောင်ကုန်သော ရဟန်းတို့တွင် မဟာကဿပသည် လွန်ကဲထူးမြတ်၏ဟူ၍ ဧတဒဂ်အရာ၌ ထားတော်မူ၏။

မြတ်စွာဘုရားသခင်သည် အရှင်မဟာကဿပမထေရ်၏ ရှေး၌ပြုကျင့်ခဲ့ဖူးသော ဤသို့သော ကောင်းမှုအကျင့်ကို အကျယ်အားဖြင့် ဟောကြားတော်မူပြီး၍ ချစ်သားရဟန်းတို့ စန္ဒောပမ ပဋိပဒါကိုလည်းကောင်း အရိယာဝံသ ပဋိပဒါကိုလည်းကောင်း ငါဘုရား ဟောကြားတော်မူသည် ရှိသော် ငါ၏သားတော် ကဿပကို အစပြု၍သာလျှင် ဟောတော်မူ၏ ငါ၏သားတော် ကဿပအား ပစ္စည်းဥစ္စာတို့၌လည်းကောင်း အမျိုးတို့၌လည်းကောင်း ကျောင်းတို့၌လည်းကောင်း ပရိဝုဏ်တို့၌လည်းကောင်း ကပ်ငြိခြင်းမည်သည်မရှိ။ ဥပမာဆိုသည် ရှိသော် ရှုံညွန်၌ သက်ဆင်း၍ ထိုရှုံညွန်၌ ကျင်လည်ကျက်စားပြီးသော အလိုရှိရာသို့ သွားလေသော ဝမ်းဘဲဟသာကဲ့သို့ ငါ၏သားတော် ကဿပသည်လည်း တစ်စုံတစ်ခုသော ပစ္စည်းစသည်တို့၌ မကပ်ငြိသည် သာလျှင်တည်းဟု မိန့်တော်မူပြီးသော် အနုသန္ဓေကို စပ်တော်မူ၍ တရားတော်ကို ဟောကြားတော်မူလိုသောကြောင့် ဤဂါထာကို မိန့်တော်မူ၏—

၉၁။ ဥယျုဥ္ဇန္တိ သတီမန္တော၊ နနိကေတေ ရမန္တိ တေ။
ဟံသာဝ ပလ္လလံ ဟိတ္ဝာ၊ ဩကမောကံ ဇဟန္တိ တေ။

သတိနှင့် ပြည့်စုံကုန်သော ရဟန္တာပုဂ္ဂိုလ်တို့သည် လုံ့လကြိုးကုတ် အမြဲအားထုတ်နေကြကုန်၏။ နေရာဌာန၌ ပျော်မွေ့ခြင်း မရှိကြကုန်၊ ဟင်္သာတို့သည် ရွှံ့ညွန်ကိုစွန့်၍ သွားကြကုန်သကဲ့သို့ ထိုရဟန္တာပုဂ္ဂိုလ်တို့သည် နေရာမှန်သမျှကို စွန့်ကြကုန်၏။

ဥယျုဥ္ဇန္တိ သတီမန္တော=ဟူသည်မှာ သတိတရား များပြားသောကြောင့် ရဟန္တာပုဂ္ဂိုလ်တို့သည် မိမိတိုးထွင်းသိအပ်သော ဂုဏ်ဖြစ်သည့် စျာန်ဝိပဿနာစသည်တို့၌ ဝသီဘော်ငါးပါးဖြင့် အားထုတ် နေကြကုန်၏ဟု ဆိုလိုသည်။

နနိကေတေ ရမန္တိ တေ=ဟူသည်မှာ ထိုပုဂ္ဂိုလ်တို့အား နေရာဌာန၌ ပျော်မွေ့မှု တပ်မက်မှု မရှိချေ။ ဟံသာဝ=ဟင်္သာတို့ကဲ့သို့ ဟူသော စကားမှာ ဒေသနာ ဦးတည်ချက်မျှသာ ဖြစ်၏။ အဓိပ္ပါယ်ကား-ပြည့်စုံသော စားကျက်ဖြစ်သော ညွန်ပျောင်း၌ ငှက်တို့သည် ရှာဖွေစားသောတ်ပြီးနောက် ထွက်ခွါသွားသည့်အခါ "ငါ၏ရေ၊ ငါ၏ပဒုမ္မာ၊ ငါ၏ကြာညို၊ ငါ၏ကြာခွက်ဟူ၍ ထိုဌာန၌ ကပ်ငြိမှု ငဲ့ကွက်မှု မရှိဘဲ ထိုဌာနကို စွန့်ခွါ၍ ပျံတက်၍ ကောင်းကင်၌ ပျော်မြူး၍ သွားကြကုန်၏။ ဤနည်းအတူ ရဟန္တာတို့သည် ဒါယကာတို့၌ မငြိကပ်ဘဲနေ၍ ဖဲခွါသည့်အခါ၌သည်း "ငါ့ကျောင်း၊ ငါ့အာဆုမ်၊ ငါ့ဒကာဟူ၍ တွယ်တာငဲ့ကွက်မှု မရှိဘဲ သွားကြကုန်၏။ ဩကမောကံ=ဟူသည်ကား တည်ရာမှန်သမျှ တည်ရာအားလုံးကို စွန့်လွှတ်ကြကုန်၏ဟု ဆိုလိုသည်။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်စသည်၌ တည်ကြကုန်၏။

မဟာကဿပမထေရ်ဝတ္ထု ပြီး၏။

၃။ အရှင်ဗေလဋ္ဌသီသဝတ္ထု

ယေသံ သန္နိစယော နတ္ထိ အစရှိသော ဤတရား ဒေသနာတော်မြတ်ကို မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အရှင်ဗေလဋ္ဌသီသ အမည်ရှိသော မထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့သည်။

ထိုအရှင်သည် မြို့ရှာအဘွင်းဌ္ဌ လမ်းတစ်ခုကို ဆွမ်းခံလှည့်လည်၍ ရရှိသော ဆွမ်းကို ဘုဉ်းပေးပြီးနောက် တစ်ဖန် အခြားလမ်းတစ်ခုကို ဆွမ်းခံလှည့်လည်၍ ခြောက်သွေ့သော (ဟင်းလျာမရောနှောသော) ဆွမ်းသက်သက်ကိုသာ ခံယူ၍ ကျောင်းသို့ ယူဆောင်သွားသည်၊ ထိုဆွမ်းကို အခြောက်လှန်း သိမ်းဆည်း ထား၍ နေ့စဉ်အမြဲ ဆွမ်းရှာဖွေရခြင်းသည် ဆင်းရဲဒုက္ခဖြစ်သည်ဟု မှတ်ယူ၍ နှစ်ရက် သုံးရက် ဆွမ်းခံမကြွဘဲ စျာန်ချမ်းသာဖြင့် အချိန်ကုန်လွန်စေ၍ ဆွမ်းဘုဉ်းပေးလိုသည့်အခါတွင် ထိုဆွမ်းခြောက်ကို ဘုဉ်းပေး၏၊ ရဟန်းတို့သည် ထိုအကြောင်းကို သင်ရိုရသေအခါ အရှင်ဗေလဋ္ဌသီသကို ကဲ့ရဲ့ရှုံ့ချကြကုန်၏၊ မြတ်စွာဘုရားအား ထိုအကြောင်းကို ကြားလျှောက်ကုန်၏၊ မြတ်စွာဘုရားသည် ဤကိစ္စကို အကြောင်းပြု၍ နောင်အခါ၌ သိမ့်သိမ်းဆည်းထားခြင်းမှ ရှောင် ကြဉ်ကြစေရန်အလို့ငှါ ရဟန်းတို့အား သိက္ခာပုဒ်တော်ကို ပညတ်တော်မူ၏။

အရှင်ဗေလဋ္ဌသီသမထေရ်မူကား ဥရုဝေလကဿပညီနောင် ရှင်တစ်ထောင်၌ အပါအဝင်ဖြစ်၍ ရဟန္တာအဖြစ်သို့ ရောက်တော်မူပြီးဖြစ်သည်။ အရှင်အာနန္ဒာ မထေရ်၏ ဥပဇ္ဈာယ်ဖြစ်သည်။ လောဘ အလိုဆန္ဒအားကြီးသောကြောင့် ဆွမ်းခြောက်မျှားကို သိမ့်သိမ်းဆည်းခြင်းမဟုတ် အလိုဆန္ဒနည်းပါးသော ကြောင့်သာ ရှိသမျှအချိန်ကို အစာရှာဖွေမှု ကိစ္စ၌ အသုံးမချလိုဘဲ စျာန်ဝင် စားမှု တရားကျင့်သုံးမှု ကိစ္စ၌သာ အသုံးချလိုသောကြောင့် ဆွမ်းခြောက် မျှားကို ထားရှိ ဘုဉ်းပေးခဲ့ခြင်းဖြစ်သည်။ သိက္ခာပုဒ်တော် မပညတ်မီဖြစ်၍ တစ်စုံတစ်ရာ အပြစ်မရှိချေ။ အလိုဆန္ဒနည်းပါးမှုကို အကြောင်းပြု၍ ပြုလုပ် ခဲ့ခြင်း ဖြစ်သောကြောင့် မထေရ်မြတ်အား အပြစ်မရှိကြောင်းကို ထင်ရှား ပြတော်မူလိုသောကြောင့် မြတ်စွာဘုရားရှင်သည် အနုသန္ဓေစကား ဆက်စပ်၍ တရားဟောတော်မူလိုရကား ဤဂါထာကို မိန့်တော်မူ၏။

ယေသံ သန္နိစယော နတ္ထိ၊ ယေ ပရိညာတဘောဇနာ။
သုညတော အနိမိတ္တော စ၊ ဝိမောက္ခော ယေသံ ဂေါစရော။
အာကာသေဝ သကုန္တာနံ၊ ဂတိ တေသံ ဒုရန္နယာ။

အကြင်ပုဂ္ဂိုလ်တို့အား သိုမှီးသိမ်းဆည်းခြင်းမရှိ အကြင်ပုဂ္ဂိုလ်တို့သည် ဘောဇဉ်ကို ပိုင်းခြား သိပြီးဖြစ်ကုန်၏။ ရာဂစသော ကိလေသာမှ ကင်းဝေး သော နိဗ္ဗာန်အာရုံရှိ၏၊ အလှူအပဟု ထင်မှတ်ခြင်း သုဘနိမိတ်စသည်မှ ကင်းသောနိဗ္ဗာန်ကို အာရုံပြုကုန်၏။ ကောင်းကင်၌ ငှက်တို့၏ သွားရာ လမ်း ခရီးကို မသိနိုင်သကဲ့သို့ ထိုရဟန္တာပုဂ္ဂိုလ်တို့၏ လားရာဂတိကို သိရန် ခက်ခဲ လှပေသည်။

ထိုဂါထာ၌ **သန္ဒိစယ**=ဟူသည်မှာ ကံကို သိုမှီးသိမ်းဆည်းခြင်း ပစ္စည်းကို သိုမှီးသိမ်းဆည်းခြင်းဟူ၍ သိုမှီးသိမ်းဆည်းခြင်း ၂-မျိုးရှိသည်။ ထို ၂-မျိုးဝတ္ထုတွင် ကုသိုလ်ကံ အကုသိုလ်ကံသည် ကံကို သိုမှီးသိမ်းဆည်းခြင်းမည်၏။ ပစ္စည်း လေးပါးတို့သည် ပစ္စည်းကို သိုမှီးသိမ်းဆည်းခြင်း မည်၏။ ထိုစကားရပ်၌ ကျောင်းနေ ရဟန်းအား ထန်းလျက် တစ်ခဲ ယင်း၏ လေးပုံ တစ်ပုံမျှ ရှိသော ထောပတ်နှင့် ဆန်တစ်စလယ်ကို ထားရှိရာ၌ ပစ္စည်းကို သုံမှီးသည် မမည်။ ထိုထက်ပို၍ ထားရှိမှသာလျှင် သိုမှီးသည် မည်၏။ အကြင်ပုဂ္ဂိုလ်တို့အား ဤနှစ်မျိုးသော သိုမှီးခြင်းသည် မရှိ။

ပရိညာတ ဘောဇနာ ဟူသည် ပရိညာဉ်သုံးပါးတို့ဖြင့် ဘောဇဉ်ကို ပိုင်းခြားသိပြီးသော ပုဂ္ဂိုလ်ဟု ဆိုလိုသည်။ ယာဂုကို ယာဂုဟု သိခြင်း, ဆွမ်းကို ဆွမ်းဟုသိခြင်း ဤသို့စသည် သိခြင်းသည် ဉာတပရိညာ မည်၏။ အာဟာရ၌ ရွံရှာစက်ဆုပ်ဖွယ်ဟု မှတ်ယူခြင်းသည် ဘောဇဉ်ကို ပိုင်းခြားသိမှု တီရဏ ပရိညာ မည်၏။ စားမျိုမည့် အာဟာရ၌ ဆန္ဒရာဂကို ပယ်ခွါနိုင်သော ဉာဏ်သည် ပဟာန ပရိညာမည်၏၊ ဤသုံးပါးသော ပရိညာဖြင့် အကြင်ပုဂ္ဂိုလ်တို့သည် ဘောဇဉ်ကို ပိုင်းခြား၍ သိကုန်၏။

သူညတော အနိမိတ္တော စ ဟူသော စကားရပ်၌ အပ္ပဏိဟိတ ဝိမောက္ခဟု ခေါ်သော လိုချင်တောင့်တမှုမှ လွတ်မြောက်ခြင်းကိုလည်း ထည့်သွင်းယူရမည် ဤဝိမောက္ခ သုံးမျိုးဟိုသည် နိဗ္ဗာန်၏ အမည်များဖြစ်ကုန်၏။ နိဗ္ဗာန်သည် ရာဂ ဒေါသ မောဟတို့၏ မရှိခြင်းကြောင့် သုညမည်၏၊ ရာဂ ဒေါသ မောဟတို့မှ လွတ်မြောက်ခြင်းကြောင့် သုညတ ဝိမောက္ခမည်၏၊ ထို့အတူ ရာဂစသော အာရုံနိမိတ်တို့၏ မရှိခြင်းကြောင့် အနိမိတ္တမည်၏ ထိုနိမိတ်တို့မှ လွတ်မြောက်ခြင်းကြောင့် အနိမိတ္တ ဝိမောက္ခမည်၏၊ ရာဂအစရှိသော တောင့်တမှုတို့၏ မရှိခြင်းကြောင့် အပ္ပဏိဟိတတို့မည်၏၊ ထိုတောင့်တမှုတို့မှ လွတ်မြောက်ခြင်းကြောင့် နိဗ္ဗာန်ကို အပ္ပဏိဟိတ ဝိမောက္ခဟု ခေါ်ဆိုရ၏။ ဖလသမာပတ် ဝင်စားသည်၏ အစွမ်းအားဖြင့် ထိုနိဗ္ဗာန်ကို အာရုံပြု၍ နေလိုသော ပုဂ္ဂိုလ်တို့အား ဤသုံးပါးသော ဝိမောက္ခတို့သည် ထိုရဟန္တာတို့၏ အာရုံမည်၏။

ဂတိ တေသံ ဒုရန္နယာ=ဟူသည်မှာ ဥပမာကား ကောင်းကင်၌ ပျံသန်းသွားလာကုန်သော ငှက်တို့၏ ခြေရာကို မတွေ့မမြင်ရသောကြောင့် ငှက်တို့၏ ခရီးကို မသိနိုင်၊ ထို့အတူ အကြင်ပုဂ္ဂိုလ်တို့အား ဤနှစ်ပါးသော သိုမှီးသိမ်းဆည်းမှု မရှိ၊ ဤပရိညာ သုံးပါးတို့ဖြင့် ဘောဇဉ်ကို ပိုင်းခြား၍ သိပြီးဖြစ်၏၊ ဤဆိုအပ်ပြီးသော လွတ်မြောက်ရာ နိဗ္ဗာန်အာရုံရှိ၏၊ ထိုပုဂ္ဂိုလ်တို့အား ဘဝ

သုံးပါး၊ ယောနိလေးမျိုး၊ ဂတိငါးပါး၊ ဝိညာဏဋ္ဌိတိခုနစ်ပါး၊ သတ္တာဝါသကိုးပါး၊ ဤငါးပါးသော အဖို့အစုတို့၌ ဤမည်သော ဘဝ, ယောနိ, ဂတိ, သို့ လားရောက်သည်ဟူ၍ လားရောက်မှု မထင်သောကြောင့် ထိုရဟန္တာပုဂ္ဂိုလ်တို့၏ လားရာဂတိကို ပြောဆိုရန် ခက်ခဲလှပေသည်။

၄။ အရှင်အနုရုဒ္ဓါဝတ္ထု

ယဿာသဝါ အစဖြာသော ဤတရားဒေသနာတော်မြတ်ကို မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် အရှင်အနုရုဒ္ဓါ အမည်ရသော မထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့သည်။

ထိုအရှင်သည် တစ်နေ့သောအခါ၌ သင်္ကန်းတော် ဟောင်းနွမ်းဆွေးမြေ့သောကြောင့် သင်္ကန်းချုပ်ရန် အလိုဂ္ဂါ အမိုက်ပုံစသည်တို့၌ သင်္ကန်းလှည့်လည် ရှာဖွေတော်မူ၏။

ဇာလိနီ နတ်သမီး

လွန်လေပြီးသော အဘိတ်ကာလ သုံးခုမြောက်ဘဝ၌ တော်စပ်ခဲ့ဖူးသော မယားဟောင်းသည် တာဝတိံသာနတ်ပြည်၌ဖြစ်၍ ဇာလိနီ အမည်ရှိသော နတ်သမီးဖြစ်လေသတည်း။

ထိုနတ်သမီးသည် အမိုက်ကြားခဲ့သော ပစ်ထားသော ပုဆိုးအဝတ်ကို လှည့်လည် ရှာဖွေသော မထေရ်ကိုမြင်လျှင် မထေရ်၏အကျိုးငှါ အလျှား တစ်ဆယ့်သုံးတောင် အနံအပြန့် လေးတောင်ရှိသော သုံးထည်ကုန်သော နတ်ပုဆိုးတို့ကို ယူခဲ့၍ "ငါသည် ဤနတ်သမီး၏အသင်ဖြင့် အရှင်မထေရ်ကို ဆက်ကပ်လှူဒါန်းခဲ့အံ့။ မထေရ်ဘုရားသည် ငါ၏အလှူကို ခံယူတော်မမူဘဲ ရှိပေလိမ့်မည်"ဟု ကြံပြီးသော် မထေရ် အဝတ်ပုဆိုး ရှာမှီးသော ရွှေတည့်တည့်မှ တစ်ခုသော အမိုက်ပုံဝယ် အဝတ်ပုဆိုး၏ အစွန်းအမြိတ်မျှကိုသာ ဖော်ပြထား၍ တံမြက်ခြေးအမိုက်တို့ဖြင့် ဖုံးအုပ်ထား၏။ မထေရ်သည်လည်း ထိုခရီးလမ်းဖြင့် အဝတ်ထည်စ လှည့်လည် ရှာဖွေသည်ရှိသော် ထိုပုဆိုးအစွန်းအမြိတ်တို့ကို မြင်၍ ပုဆိုးအစွန်းအမြိတ်ကို ကိုင်ဆဲ့ ထုတ်ငင်ယူသောအခါ ပြအပ်ခဲ့ပြီးသော ပမာဏရှိကုန်သော နတ်ပုဆိုးတို့ကိုမြင်လျှင် "ဤအဝတ်ပုဆိုးသည်ကား မြင့်မြတ်ကောင်းမွန်သော ပံသုကူ ဖြစ်လေစ့"ဟု အောက်မေ့တော်မူပြီးသော် ကောက်ယူ၍ ဖဲ့ကြတော်မူ၏။

ပံသုကူ သင်္ကန်းချုပ်ခြင်း

ထို့နောက် မထေရ်သင်္ကန်းကို ချုပ်လုပ်သောနှင့် မြတ်စွာဘုရားသခင်သည် ငါးရာကုန်သော ရဟန်းတို့ခြံရံလျက် မထေရ်၏ ကျောင်းသို့ ကြွ၍ သီတင်းသုံးနေထိုင်တော်မူ၏။ ရှစ်ကျိပ်ကုန်သော မဟာသာဝကတို့သည်လည်း ကြွရောက်၍ ထိုင်နေကြကုန်၏။ သင်္ကန်းကို ချုပ်လုပ်ခြင်းငှါ အရှင်မဟာကဿပမထေရ်သည် အာရင်းခံ ထိုင်နေတော်မူ၏။ အရှင်သာရိပုတ္တရာမထေရ်သည် အလယ်၌ ထိုင်နေတော်မူ၏။ အရှင်အာနန္ဒာမထေရ်သည် အဖျားခံ၌ထိုင်နေတော်မူ၏။ ရဟန်းသံဃာအပေါင်းသည် အပ်ချည်ကို ကျစ်ကုန်၏။ မြတ်စွာဘုရားသခင်သည် အပ်နဖားတင်းခြင် အပ်ကြိုးကို ထိုးငင်တော်မူ၏။ မဟာမောဂ္ဂလာန်မထေရ်သည် အကြင်သူသည် အပ်, အပ်ချည် စသည်ဖြင့် အလိုရှိ၏။ ထိုထိုအလိုရှိရာကို ယူပေးလျက် အနီးခံ၌ လှည့်ပတ်စီစဉ်၍ နေတော်မူ၏။

ဇာလိနီ နတ်သမီးသည် ရှာ၏အတွင်းသို့ ဝင်သွား၍ —

"ငါ၏အရှင်ဖြစ်သော အနုရုဒ္ဓါမထေရ်၏ သင်္ကန်းကို ချုပ်လုပ်လျက် ရှစ်ကျိပ်ကုန်သော မဟာသာဝကတို့ကို ခြံရံပြီးလျှင် ငါးရာကုန်သော ရဟန်းတို့နှင့်တကွ မြတ်စွာဘုရား သီတင်းသုံးတော်မူ၏။ ယင်းကုခဲဖွယ်စသည်တို့ကို ယူပြီးသည်ကာလ ကျောင်းတော်သို့ သွားရောက်ကြကုန်လော့၊ လှူဒါန်းကြကုန်လော့' ဟု ဆွမ်းဘောဇဉ် ခဲဖွယ်တို့ကို စီစဉ်လေ၏။

မဟာမောဂ္ဂလာန် မထေရ်သည်လည်း နံနက်ဆွမ်းချိန်နှင့် နေ့ဆွမ်းအချိန် အကြား၌ ဇမ္ဗူသပြေသီးကို ဆောင်ယူ၏။ ငါးရာကုန်သော ရဟန်းတို့သည် ကုန်အောင်ဘုဉ်းပေးသုံးဆောင်ခြင်းငှါမစ္ဆမ်းနိုင် သိကြားမင်းသည် သင်္ကန်းချုပ်ရာအရပ်၌ မြေကြီးကို အပြေအပြစ်ပြု၏။ မြေအပြင်သည် တန်ဆာဆင်အပ်သော ချိပ်ရေဖြင့် သွန်းလောင်းဆို့ထားဘိသကဲ့သို့ ချောမြေ့ကောင်းမွန်၏။ ရဟန်းတို့သုံးဆောင်စားသောက်သည်မှ ကြွင်းကုန်းသော ယာဂုခဲဖွယ် ဆွမ်းတို့ကား ကြီးစွာသော အစုအပုံသည် ဖြစ်လေ၏။ ရဟန်းတို့သည် "ဤမျှလောက်ကုန်သော ရဟန်းတို့အား ဤမျှလောက်ကုန်သော ယာဂုခဲဖွယ် ဆွမ်းစသည်တို့ဖြင့် မျှလောက်၏ဟု ပမာဏ အဘိုင်းအရှည်ကို မှတ်သားထောက်ဆပြီး ဤမျှလောက်သော ယာဂု စသည်တို့ကို ယူဆောင်ခဲ့ကြကုန်လော့-ဟု အဆွေအမျိုးတို့အား လည်းကောင်း အလုပ်အကျေးတို့အားလည်းကောင်း ဆိုအပ်ပါသည် မဟုတ်တုံလော၊ အရှင်အနုရုဒ္ဓါမထေရ်သည် မိမိ၏ ဆွေမျိုးဉာတိ အလုပ်အကျေးဒါယကာ ဒါယိကာမတို့ များပြားသည် အဖြစ်ကို သိရှိစေလိုသောကြောင့် ပြုလုပ်သည်ထင်၏" ဟု များစွာ ကဲ့ရဲ့ရှုတ်ချ ပြောဆိုကြကုန်၏။

သောတာပန်တည်ခြင်း

ထိုအခါ မြတ်စွာဘုရားက ချစ်သားရဟန်းတို့–အသင်တို့သည် အဘယ်သို့သော စကားကို ပြောကြကုန်ဘိသနည်းဟု မေးတော်မူ၍ ဤမည်သော အကြောင်းဟိတည်းဟု လျှောက်ထားသည် ရှိသော် ချစ်သားရဟန်းတို့ အသို့ပေနည်း၊ အသင်တို့သည် "ဤသို့သဘောရှိသော မျှားစွာသော ဆွမ်းယာဂုခဲဖွယ်ကို အနုရုဒ္ဓါသည် ဆွေမျိုးဥာတိ အလုပ်အကျေး ဒါယကာ ဒါယိကာမတို့ကို ဆောင်ယူစေသည် မှတ်ထင်ကြကုန်သလော"ဟု မေးတော်မူပြန်သဖြင့် ဟုတ်မှန်ပါသည်ဟု ကြားလျှောက်လျှင် ချစ်သားရဟန်းတို့ ငါ၏သားတော်ဖြစ်သော အနုရုဒ္ဓါသည် ဤသို့သဘောရှိသော စကားကို မဆိုပေ။

ထိုစကားမှန်၏ ချစ်သားရဟန်းတို့=ကုန်ပြီးသော အာသဝေါတရား ရှိကုန်သော ရဟန္တာပုဂ္ဂိုလ်တို့သည် ပစ္စည်းဥစ္စာနှင့်စပ်သော စကားတို့ကို ပြောကြားမြွက်ဆိုခြင်း မပြုကြကုန်။ မျှားစွာပိုလွန် ကြွင်းကျန်၍ ရှိသော ဤဆွမ်းခဲဖွယ်ယာဂုတို့သည်ကား နတ်တို့ဘန်ခိုးအာနုဘော်ဖြင့် ဖြစ်လေဘိသည်ဟု မိန့်တော်မူပြီးသော် အနုသန္ဓေကို စပ်၍ တရားတော်ကို ဟောကြား တော်မူလိုသော်ကြောင့် ဤဂါထာကို မိန့်တော်မူ၏—

ယဿာသဝါ ပရိက္ခီဏာ၊ အာဟာရေ စ အနိဿိတော။
သုညတော အနိမိတ္တော စ၊ ဝိမောက္ခော ယဿ ဂေါစရော။
အာကာသေဝ သကုန္တာနံ၊ ပဒံ တဿ ဒုရန္နယံ—

အကြင်ပုဂ္ဂိုလ်တို့အား အာသဝေါတရား လေးပါးတို့သည် ကုန်ခန်းလေပြီ၊ အစာအာဟာရ၌လည်း မှီတွယ်ခြင်းမရှိ သုညတဝိမောက္ခ, အနိမိတ္တဝိမောက္ခတည်း ဟူသော နိဗ္ဗာန်လျှင် အာရုံရှိကြကုန်၏။ ထိုပုဂ္ဂိုလ်တို့၏ လားရာဂတိကို ကောင်းကင်၌ သွားလာကုန်သော ငှက်တို့၏ ခရီးကို မသိမမြင်နိုင်သကဲ့သို့ သိနိုင်ခဲပေ၏။

ထိုဂါထာ၌ ယဿာသဝါ= ဟူသည်ကား အကြင်ပုဂ္ဂိုလ်အား ဖလေးပါးသော အာသဝေါတရားတို့သည် ကုန်ခန်းလေပြီ။

အာဟာရေ စ အနိဿိတော–ဟူသည်ကား အစာအာဟာရ၌ တဏှာ ဒိဋ္ဌိ မှီတွယ်မှုတို့ဖြင့် မှီတွယ်ခြင်း မရှိတော့ချေ။

ပဒံ တဿ ဒုရန္နယာ= ဟူသည်ကား ကောင်းကင်၌ သွားလာကုန်သော ငှက်တို့၏ ခရီးလမ်းကြောင်းကို ကောင်းကင် ဤနေရာ၌ ခြေတို့ဖြင့် နင်းသွား

သည်။ ကောင်းကင် ဤနေရာသည် ရင်အုပ်ဖြင့်ထိ၍ တိုက်၍ သွားသည်။ ဤနေရာကို ခေါင်းဖြင့် တိုက်၍သွားသည်။ ဤနေရာကို အတောင်ဖြင့် ထိ၍သွားသည်။ ဤသို့ စသည်ဖြင့် သိရန် ခက်ခဲသကဲ့သို့ အလားတူပင် ဤသို့ သဘောရှိသော ရဟန်း၏ လားရာခရီးကို ငရဲလမ်းခရီးသို့ သွားသည်။ တိရစ္ဆာန် လမ်းခရီးသို့ သွားသည် စသည်ဖြင့် ပြောဆိုရန် မဖြစ်နိုင်တော့ချေ။ ဒေသနာတော်၏ အဆုံး၌ များစွာသော လူတို့သည် သောတာပတ္တိဖိုလ် အစရှိသည်တို့သို့ ရောက်ကြကုန်၏။

အနုရုဒ္ဓါမထေရ်ဝတ္ထု ပြီး၏။

၅။ မဟာကစ္စာယနဝတ္ထု

ယဿိန္ဒြိယာ အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်းတော်ကြီး၌ သီတင်းသုံးနေတော်မူစဉ် အရှင် မဟာကစ္စာယနမထေရ်ကို အကြောင်းပြု၍ ဟောကြားခဲ့ပါသည်။

မြတ်စွာဘုရားရှင်သည် ပဝါရဏာနေ့ ကြုံသောအခါ၌ မိဂါရမာတာ အမည်ရသော ဝိသာခါသည် ဆောက်လုပ်လှူဒါန်းအပ်သော ပြာသာဒ်၏အောက်၌ သာဝကအများ ခြံရုံလျက် သီတင်းသုံးထိုင်နေတော်မူ၏။ ထိုအခါ အရှင် မဟာ-ကစ္စာယနသည် ဝေးလံသော အဝန္တိတိုင်းတို့၌ သီတင်းသုံးနေသော်လည်း အမြဲလာ၍ မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်ကို နာယူချီးမွမ်းတော်မူသည်သာတည်း။ ထို့ကြောင့် မထေရ်ကြီးတို့သည် အရှင်ကစ္စာယန မထေရ်အတွက် နေရာချန်ထား၍ ထိုင်ကြကုန်၏။

နတ်တို့သေင့်နှင်း သိကြားမင်းသည် စတုမဟာရာဇ်, တာဝတိံသာ နတ်ပြည် နှစ်ပြည်မှ နတ်အပေါင်းနှင့်တကွ သက်ဆင်း၍ နတ်ပန်းနှံသာတို့ဖြင့် မြတ်စွာဘုရားရှင်ကို ပူဇော်ပြီး မတ်တတ်ရပ်လျက် မဟာသာဝက အရှင်မြတ်တို့ကို ကြည့်ရှုစိစစ်ဆု အရှင် ကစ္စာယန မထေရ်ကို မမြင်သောကြောင့် "ငါ၏ အရှင်သည် အဘယ်အကြောင်းကြောင့် မကြွလာ မတွေ့မြင်ရပါသနည်း။ ယခုအခါ ငါ၏ အရှင် ကြွလာလျှင် အလွန်ကောင်းမည်" ဟု သိကြားမင်း ကြံစီသည့် ထိုခဏမှာပင် အရှင်ကစ္စာယနမထေရ်သည်လည်း ကြွလာ၍ မိမိ၏နေရာ၌ ထိုင်နေလျက်သာလျှင် မိမိကို ဖူးမြင်စေ၏။ သိကြားမင်းသည် အရှင်ကစ္စာယန မထေရ်ကို မြင်သျှင် ဖမျက်ခတ်တို့၌ မြဲစွာကိုင်၍ "တပည့်တော်၏ အရှင်

ဖြစ်တော်မူသော အရှင်ဘုရား ကြွတော်မူလာခြင်းသည် အင်မတန် ကောင်းပါ၏၊ တပည့်တော်သည် အရှင်ဘုရား ကြွတော်မူရန် တောင့်တနေမိပါသည် ဘုရား" ဟု လျှောက်ထား၍ လက်နှစ်ဖက်ဖြင့် ခြေတော်တို့ကို သုံးသပ်၍ ပန်း နံ့သာ စသည်တို့ဖြင့် ပူဇော်လျက် ရှိခိုးဦးချကာ သင့်တော်သောအရပ်၌ ထိုင်နေ၏။

ရဟန်းတော်တို့သည် "သိကြားမင်းသည် မျက်နှာလိုက်၍ ပူဇော်ခြင်းပြုလေသည်၊ တစ်ခြားသော မဟာသာဝကတို့အား ထိုမဟာ ကစ္စာယနမထေရ်နည်းတူ ပူဇော်ခြင်းကို မပြုဘဲ အရှင်မဟာကစ္စာယန မထေရ်ကိုတော့ မြင်လျှင်မြင်ချင်း သွက်လက်စွာဖြင့် ဖမျက်တော်ကို ကိုင်ယူ ပွတ်သပ်လျက် "တပည့်တော်၏ အရှင် ဖြစ်တော်မူသော အရှင်ဘုရား ကြွဆောက်တော်မူလာခြင်းသည် အင်မတန် ကောင်းပါ၏၊ တပည့်တော်သည် အရှင်ဘုရား ကြွရောက်တော်မူရန် တောင့်တနေမိပါသည် ဘုရား" ဟု လျှောက်ထားပြီး လက်နှစ်ဖက်ဖြင့် ခြေတော်တို့ကို ပွတ်သပ်ဆုပ်နယ်ကာ ပန်းနံ့သာ စသည်တို့ဖြင့် ပူဇော် ရှိခိုးဦးချပြီးလျှင် သင့်တော်သောအရပ်၌ ထိုင်နေတိသည်" ဟု ကဲ့ရဲ့ကြကုန်၏။

မြတ်စွာဘုရားသည် ထိုရဟန်းတို့ ကဲ့ရဲ့ကြသော စကားတို့ကို ကြား၍ "ချစ်သား ရဟန်းတို့၊ ငါ၏ သားတော်ဖြစ်သော မဟာကစ္စာယန ထေရ်နှင့် တူကုန်သော စက္ခု စသော ဣန္ဒြေတို့၌ စောင့်ရှောက်အပ်သော ဒွါရရှိသော ရဟန်းတို့ကို လူရောနတ်ပါ ချစ်မြတ်နိုးသည်သာတည်း" ဟု မိန့်တော်မူပြီးသော အခါ အနုသန္ဓေစကားစပ်ကို ဟောကြားတော် မူလိုရကား ဤဂါထာကို မိန့်တော်မူ၏။

ယဿိန္ဒြိယာနိ သမထင်္ဂတာနိ၊ အဿာ ယထာ သာရထိနာ သုဒန္ထာ။
ပဟီနမာနဿ အနာသဝဿ၊ ဒေဝါပိ တဿ ပိဟယန္တိ တာဒိနော။

အကြင် ရဟန်းအား စက္ခု စသော ဣန္ဒြေတို့သည် ရထားထိန်းသည် ကောင်းစွာသင်ပြ ဆုံးမအပ်ကုန်သော မြင်းတို့ကဲ့သို့ ငြိမ်သက်တည်ကြည်ကြကုန်၏။ မာန်ကို ပယ်ပြီးဖြစ်၏။ ယိုစီးတတ်သော အာသဝတရားမရှိ လောကခံကြောင့် ထူးခြားမှုမရှိ ထိုကဲ့သို့သော ရဟန်းအား နတ်အပေါင်းတို့သည်လည်း ချစ်မြတ်နိုးကြကုန်၏။

ထိုဂါထာ၌ ယဿ= ဟူသည်မှာ ရဟန်းတစ်ပါးပါးကို ဆိုသည်။ သာရထိ= ဟူသည်မှာ မြင်းကို ကျွမ်းကျင်လိမ္မာစွာ သင်ပြဆုံးမနိုင်သောသူဖြစ်သည်။

ဣန္ဒြိယာနိ=ဟူသည် စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မန ဟူသော ဣန္ဒြေခြောက်ပါး ဖြစ်သည်။

သမထ=ဟူသည် ငြိမ်းအေးရာကို မှီဝဲသည်၏ အဖြစ် ဝါ ငြိမ်းအေးသည်၏ အဖြစ်တည်း။

ပဟီနမာနဿ= ဟူသည် မာနကိုးပါးကို ပယ်သတ်ပြီးခြင်း ဖြစ်သည်။

အနာသဝဿ=ဟူသည် အာသဝေါတရား လေးပါး မရှိခြင်း ဖြစ်သည်။

ဒေဝါပိ ပိဟယန္တိ= ဟူသည် ထိုသူကို လူရောနတ်ပါ တွေ့မြင်လိုကြကုန်၏၊ လာရောက်ခြင်းကို တောင့်တကုန်၏။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော လူတို့သည် သောတာပတ္တိ ဖိုလ် စသည်တို့သို့ ရောက်ကြကုန်၏။

မဟာကစ္စာယနမထေရ်ဝတ္ထု ပြီး၏။

၆။ အရှင်သာရိပုတ္တရာဝတ္ထု

ပထဝီသမော အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည့် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် အရှင်သာရိပုတ္တရာမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့သည်။

တစ်နေ့သောအခါ အရှင်သာရိပုတ္တရာသည် ဝါကျွတ်သည် ဖြစ်၍ ဒေသစာရီကြွချီတော်မူလိုသောကြောင့် မြတ်စွာဘုရားရှင်ကို ပန်ကြား လျှောက်ထားရှိခိုး၍ မိမိ၏ ရဟန်းပရိသတ် အခြံအရံများနှင့်အတူ ထွက်ကြွတော်မူလေ၏။ အခြားသော ရဟန်းအပေါင်းတို့သည်လည်း အရှင်သာရိပုတ္တရာနောက်သို့ အစဉ်တစိုက် လိုက်ကြလေကုန်သည် ရှိသော် အရှင်သာရိပုတ္တရာသည် အမည်အနွယ်အားဖြင့် ထင်ရှားမှတ်မိကုန်သော ရဟန်းတို့ကို အမည် အနွယ်၏ အစွမ်းဖြင့် မြွက်ခေါ်တော်မူလျက် ပြန်လည် နေရစ်စေတော်မူ၏။အမည်အနွယ်အားဖြင့် မထင်ရှားသော ရဟန်းတစ်ပါးသည် "ငါ့ကိုလည်း အမည်အနွယ်ခေါ်ခြင်းဖြင့် ပြောဆိုနှစ်သိမ့်၍ ထားခဲ့ပါမူ မည်မျှ ကောင်းလိမ့်မည်နည်း" ဟုကြံစည်နေ၏။ အရှင်သာရိပုတ္တရာသည် ရဟန်းအပေါင်းအလယ်၌ ထိုရဟန်းကို မမှတ်မိလေသောကြောင့် ထိုရဟန်းသည် "အခြားသော ရဟန်းတို့ကို နာမည်ခေါ်၍ ချီးမြှောက် ပြောဆိုသကဲ့သို့ ငါ့ကို ချီးမြှောက်ခြင်း မပြု အမှုမဲ့ပြုလေသည်" ဟု အရှင်သာရိပုတ္တရာအပေါ် ရန်ငြိုးဖွဲ့လေ၏။ အရှင်သာရိပုတ္တရာ၏

နှစ်ထပ်သင်္ကန်းစွန်းဖြင့် ထိုရဟန်း၏ ဂုံယ်ကို ထိလိုက် တိုက်လိုက်မိသည်ကိုပင် ရန်ငြိုးဖွဲ့ခဲလေ၏။

ထိုရဟန်းသည် "ယခုအခါ၌ သာရိပုတ္တရာမထေရ်သည် ကျောင်းဝင်းအပြင် ရောက်လောက်ပေပြီ" ဟု သိသည်နှင့် တစ်ပြိုင်နက် မြတ်စွာဘုရား အထံသို့ ချဉ်းကပ်ပြီးလျှင် "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အရှင်သာရိပုတ္တရာသည် အရှင်ဘုရားတို့၏ အဂ္ဂသာဝကကြီးဖြစ်သည်ဟူ၍ မာန်တက်လျက် နားအုံ နားတင်း ကဲ့အုံသကဲ့သို့ တိုက်ခိုက်ထိပါး၍ တပည့်တော်ကို မတောင်းပန်ဘဲ ဒေသစာရီ ကြွချီတော်မူသွားပါသည် ဘုရား" ဟု လျှောက်ကြားလေသော် မြတ်စွာဘုရားသခင်သည် အရှင်သာရိပုတ္တရာမထေရ်ကို လိုက်၍ ခေါ်စေ၏။

အရှင်သာရိပုတ္တရာ ပြန်ကြွလာခြင်း

ထိုခဏ၌ အရှင်မဟာမောဂ္ဂလာန်နှင့် အရှင်အာနန္ဒာမထေရ်တို့သည် "ငါတို့၏ နောင်တော်ကြီးဖြစ်သော အဂ္ဂသာဝက အရှင်သာရိပုတ္တရာမထေရ်မြတ်အပေါ် ဤရဟန်း၏ ရန်ငြိုးဖွဲ့မှုကို မြတ်စွာဘုရားသခင် မသိ၍မဟုတ်ဘဲ သိလျက်သာလျှင် ကေသရာဇာ ခြင်္သေ့မင်းကဲ့သို့ ရဲရင့်စွာ ကြုံဝါးစေတော်မူလိုခြင်း ဖြစ်လိမ့်မည်ဟု ကြံစည်ခအောက်မေ့ကြကုန်လျက် ရဟန်းအပေါင်းကို စည်းဝေးစေကြကုန်အံ့" ဟု တိုင်ပင်ကြံစည် ပြုလုပ်ကြကုန်၏။

ထိုသို့ ကြံစည်ပြီးနောက် သံကောက်ကို ကိုင်လျက် ပရိဝုဏ် တံခါးများကို ဖွင့်၍ "အရှင်မြတ်တို့ ကြွတော်မူကြပါဘုရား ကြွတော်မူကြပါဘုရား။ ယခုအခါ အရှင်သာရိပုတ္တရာမထေရ်မြတ်သည် မြတ်စွာဘုရား၌၏ ရွှေမှောက်တော်ဝယ် ကေသရာဇာခြင်္သေ့မင်းကဲ့သို့ ရဲရင့်သော ကြုံဝါးသံကို ကြုံဝါးလိမ့်မည်" ဟု ဆိုလျက် ရဟန်းအပေါင်းကို စည်းဝေးစေကြကုန်၏။

အရှင်သာရိပုတ္တရာ မထေရ်သည်လည်း ပြန်လာပြီးလျှင် မြတ်စွာဘုရား သခင်ကို ရှိခိုးလျက် ထိုင်နေတော်မူရာ ထိုအခါ၌ မြတ်စွာဘုရားသည် အရှင်သာရိပုတ္တရာမထေရ်ကို ထိုရဟန်းငယ် လျှောက်ကြားသည့်စကား မှန်, မမှန် ပြန်ကြားမေး စီစစ်တော်မူ၏။

အရှင်သာရိပုတ္တရာ၏ ခြင်္သေ့ဟောက်သံ

ထိုအခါ မြတ်စွာဘုရားရှင်သည် ထိုအကြောင်းကို မေးတော်မူ၏။ မထေရ်သည် "တပည့်တော်သည် ဤရဟန်းကို မပုတ်ခတ် မတိုးဝှေ့ ပါဘုရား" ဟူ၍ မဖြေဆိုဘဲ မိမိ၏ ဂုဏ်ခကျေးဇူးစကားကို လျှောက်ထားလိုရကား "အရှင်ဘုရား

ဤသာသနာတော်၌ မိမိခန္ဓာကိုယ်ကို ကာယဂတာသတိဖြင့် မရှုမဆင်ခြင်ဘဲ နေသော ပုဂ္ဂိုလ်သည်သာလျှင် သီတင်းသုံးဖော် တစ်ပါးပါးကို ထိပါးပုတ်ခတ်တိုးဝှေ့ပြီးနောက် ထိုအယူကို မစွန့်ဘဲ (မဘောင်းပန်ဘဲ) ဒေသစာရီ ခရီးထွက်ခွါသွားနိုင်ပေဆု၏" ဟူ၍ လျှောက်ထားပြီးလျှင် "အရှင်ဘုရား ဥပမာအားဖြင့် ပထဝီမြေကြီးပေါ်၌ စင်ကြယ်သော ပစ္စည်းကိုလည်း ပစ်စွန့်ကုန်၏။ မစင်ကြယ်သော ပစ္စည်းကိုလည်း စွန့်ပစ်ကုန်၏။ ထိုသို့ စွန့်ပစ်ကြသော်လည်း မြေကြီးသည် နှစ်သက်ခြင်း မုန်းတီးခြင်းမရှိ။ ပကတိသဘောအတိုင်း တည်နေသကဲ့သို့ တပည့်တော်၏ စိတ်သည် ဤမဟာပထဝီမြေကြီးနှင့် တူညီပါသည်ဘုရား။ တပည့်တော်၏ စိတ်သည် ရေနှင့်လည်းကောင်း, မီးနှင့်လည်းကောင်း, လေနှင့်လည်းကောင်း, ခြေသုတ်ပုဆိုးနှင့်လည်းကောင်း, ဒွန်းစဏ္ဍားလူငယ်နှင့်လည်းကောင်း, ချိုကျိုးနွားလားနှင့်လည်းကောင်း တူညီပါသည်ဘုရား။ မိမိကိုယ်ကို မြွေသေကောင်ပုပ်ကဲ့သို့ ငြီးငွေ့သည်ကိုလည်းကောင်း, ခန္ဓာကိုယ်ကို ရွက်ဆောင်ထားရသည်မှာ အပုပ်အိုးကို သယ်ဆောင်နေရသကဲ့သို့လည်းကောင်း ထင်ရှားပြသ လျှောက်ထားလေ၏။ မထေရ်သည် မိမိ၏ ဂုဏ်တို့ကို ဤဥပမာကိုးခုတို့ဖြင့် လျှောက်ထားသောအခါ ဥပမာတစ်ခု လျှောက်ပြီးတိုင်း ဤမဟာပထဝီမြေကြီးသည် ရေကို အဆုံးအပိုင်းအခြားပြု၍ တုန်လှုပ်လေ၏။ ခြေသုတ်ပုဆိုးဥပမာ ဒွန်းစဏ္ဍားလူငယ်ဥပမာ, အပုပ်အိုးဥပမာတို့ကို ဥပမာဆောင်၍ လျှောက်ထားသောအခါ ပုထုဇဉ် ရဟန်းတို့သည် မျက်ရည်မဆည်နိုင် ဖြစ်ကြကုန်၏။ ရဟန္တာပုဂ္ဂိုလ်တို့အား တရားသံဝေဂ ဖြစ်ကြလေ၏။

မထေရ်သည် မိမိ၏ ဂုဏ်ကျေးဇူးကို လျှောက်ထားနေစဉ်မှာပင်လျှင် စွပ်စွဲသော ရဟန်းငယ်မှာ တစ်ကိုယ်လုံး ပူလောင်မှု ဖြစ်လေ၏။ ထိုရဟန်းငယ်သည် ထိုခဏမှာပင် မြတ်စွာဘုရား၏ ခြေတော်ရင်း၌ ဝပ်တွား၍ မိမိ၏ စွပ်စွဲမိသော အပြစ်ကို ဝန်ခံဖော်ပြပြီးလျှင် အပြစ်ကို ပြောကြားလေ၏၊ တောင်းပန်လေ၏။ မြတ်စွာဘုရားသည် မထေရ်ကိုခေါ်တော်မူ၍ "ချစ်သားသာရိပုတ္တရာ ဤအချည်းနှီးသောယောကျ်ားအား သည်းခံလေလော့၊ သည်းမခံပါက ထိုရဟန်း၏ ဦးခေါင်းသည် ခုနစ်စိတ် ကွဲလေရာ၏" ဟု မိန့်တော်မူ၏။ မထေရ်သည် ဆောင့်ကြောင့်ထိုင်၍ လက်အုပ်ချီပြီးလျှင် "အရှင်ဘုရား တပည့်တော်သည် ထိုအရှင်အား သည်းခံပါ၏။ အကယ်၍ တပည့်တော်မှာ အပြစ်ရှိခဲ့ပါလျှင် ထိုအရှင်သည် အကျွန်ုပ်အား သည်းခံပါလော့" ဟူ၍ လျှောက်ထား၏။ "ငါ့ရှင်တို့ ယခုပင်လျှင် မထေရ်မြတ်၏ မနှိုင်းယှဉ်အပ်သော၊ ဂုဏ်ကျေးဇူးကို ရှုကြကုန်လော့။ မုသာဝါဒဖြင့် စွပ်စွဲသော ဤကဲ့သို့သော ရဟန်း၏ အပေါ်၌ အနည်းငယ်မျှသော အမျက်ဒေါသ ထွက်ခြင်းကို မပြုမူ၍ ကိုယ်တိုင် ဆောင့်ကြောင့်ထိုင် လက်အုပ်ချီ၍ တောင်းပန်ပေပြီ" ဟူ၍ ရဟန်းတို့က ဆိုကုန်၏။

ရဟန်းတို့ ချီးမွမ်းကြသော စကားကို မြတ်စွာဘုရားသခင် ကြားသိတော်မူ၍ "ချစ်သားရဟန်းတို့ အဘယ်သို့သောစကားကို ပြောကြားနေကြသနည်း" ဟု မေးတော်မူသည် ရှိသော် "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤမည်သောအကြောင်းတို့ပါတည်း" ဟု တည်တည်တည့်တည်း လျှောက်ထားကြလေလျှင် "ချစ်သား ရဟန်းတို့ ငါ၏သားတော် သာရိပုတ္တရာကဲ့သို့သော ပညာရှိ အရိယာပုဂ္ဂိုလ်တို့သည် အမျက်ဒေါသ လုံးဝ မထွက်တော့ချေ။ ချစ်သား ရဟန်းတို့ ငါ၏ သားတော် သာရိပုတ္တရာသည် မဟာပထဝီမြေကြီးကဲ့သို့သော တည်ကြည်ငြိမ်သက်သော စိတ်ရှိ၏။ မြဲမြံစွာစိုက်ထားသော ကျောက်တိုင်ကြီးကဲ့သို့ တုန်လှုပ်ခြင်း မရှိ၊ ရေကြည်အိုင်ကဲ့သို့ အေးမြကြည်လင်ဖြူစင်သော စိတ်လည်းရှိ၏။" ဟု မိန့်တော်မူပြီး၍ အနုသန္ဓေစကားစပ်ကို ဟောကြားတော်မူလိုရကား ဤဂါထာကို မိန့်တော်မူ၏-

ပထဝိသမော နော ဝိရုဇ္ဈတိ၊ ဣန္ဒခီလုပမော တာဒိ သုဗ္ဗတော။
ရဟဒေါဝ အပေတကဒ္ဒမော၊ သံသာရာ န ဘဝန္တိ တာဒိနော။

အကြင်ပုဂ္ဂိုလ်သည် မြေကြီးနှင့်တူသော သည်းခံခြင်းရှိ၍ ဆန့်ကျင်မှုမရှိ၊ တံခါးတိုင်ကဲ့သို့ လောကဓံတရား ရှစ်ပါးကြောင့် တုန်လှုပ်ခြင်း မရှိ၊ ကောင်းမြတ်သော အကျင့်ရှိ၏။ ရှုံညွှန်မရှိသော ရေကြည်အိုင်နှင့်တူ၏။ ထိုသို့သော ပုဂ္ဂိုလ်အား သံသရာကျင်လည်မှု မရှိတော့ချေ။

ထိုဂါထာ၏ အဓိပ္ပါယ်မှာ—ရဟန်းတို့ ဥပမာမည်သည်ကား ပထဝီမြေကြီး၌ စင်ကြယ်ကုန်သော ပန်းနံ့သာ စသည်တို့ကိုလည်း ပြစ်ချကုန်၏။ မစင်ကြယ်သော ကျင်ကြီးကျင်ငယ်စသည်တို့ကိုလည်း ပစ်ချကုန်၏။ ဥပမာတစ်နည်းကား မြို့တံခါးပေါက်၌ နက်ရှိုင်းစွာ တူးမြှုပ်ထားသော တံခါးတိုင်ကို ကလေးသူငယ်စသည်တို့သည် ကျင်ငယ်ဖြင့် ပန်းကုန်၏။ ကျင်ကြီးလည်း စွန့်ကုန်၏။ အချို့သော ပုဂ္ဂိုလ်တို့သည်ကား ထိုတံခါးတိုင်ကို ပန်းနံ့သာစသည်တို့ဖြင့် ပူဇော်ကြကုန်၏။ ထိုသို့ ပြုမူရာ၌ ပထဝီမြေကြီးသည် လည်းကောင်း၊ တံခါးတိုင်သည် လည်းကောင်း ဆန့်ကျင်ခြင်း, မဆန့်ကျင်ခြင်း (လက်ခံခြင်း, ငြင်းပယ်ခြင်း) မပြုချေ။ ဤအတူသာလျှင် ရဟန္တာပုဂ္ဂိုလ်သည် လောကဓံတရား ရှစ်ပါးတို့ကြောင့် မတုန်လှုပ်ခြင်း သဘောရှိ၍ တာဒိ (ဒိဃတိုင်း)ဟု ခေါ်ရသည်။

အကျင့်ကောင်းသော ပုဂ္ဂိုလ်ကို "သုဗ္ဗတဟု" ခေါ်ရသည်။ ထိုပုဂ္ဂိုလ်သည် "ဤသူတို့ကား ငါ့ကို ပစ္စည်းလေးပါးဖြင့် ပူဇော်ကြကုန်၏။ ဤသူတို့သည် မပူဇော်ကြကုန်" ဟူ၍ ပူဇော်သော ပုဂ္ဂိုလ်၌လည်း လိုက်လျောမှု မပြု။ မပူဇော်သော ပုဂ္ဂိုလ်၌လည်း ဆန့်ကျင်မှုမပြု။ စင်စစ်သော်ကား မြေကြီးနှင့်တူ၏။

တံခါးတိုင်နှင့်တူ၏။ ဥပမာတစ်နည်းကား ရှုံသွန်ကင်းသော ရေအိုင်သည် ကြည်လင်သော ရေရှိ၏။ ဤနည်းအတူ ရဟန္တာပုဂ္ဂိုလ်သည် ကိလေသာကင်းပြီးသောကြောင့် ထာဝရှုံသွန် စသည်တို့မှ ကင်းသဖြင့် အလွန် ကြည်လင်သည်သာလျှင် ဖြစ်၏။ ထိုပုဂ္ဂိုလ်အား သုဂတိ ဒုဂ္ဂတိဘဝတို့၌ ကျင်လည်သည်၏ အစ္စမ်းအားဖြင့် ကျင်လည်မှုသံသရာ မရှိတော့ချေ။

ဒေသနာတော်၏အဆုံး၌ ရဟန်းပေါင်း ကိုးဆယောင်တို့သည် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။

ဣဘရိပုဉ္ဇမထေရ်ဝတ္ထု ပြီး၏။

၇။ ကောသမ္မီပြည်သား တိဿမဟာရ်၏ တပည့်ငယ် ရှင်သာမဏေဝတ္ထု

သန္တံ တဿ မနံ ဟောတိ-အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တိဿရဟန်း၏ တပည့်ငယ် ရှင်သာမဏေကို အကြောင်းပြု၍ ဟောတော်မူခဲ့၏။

ကောသမ္မီပြည်၌ နေလေ့ရှိသော တစ်ယောက်သော အမျိုးကောင်းသား သည် မြက်စွာဘုရား သာသနာတော်ဝယ် ရှင်ပြု၍ ပဉ္စင်းဖြစ်ပြီးနောက် ကောသမ္မီပြည်၌ နေလေ့ရှိထသော ကောသမ္မီဝါသီ တိဿမထေရ်ဟု ထင်ရှား၏။ ထိုမထေရ်အား ကောသမ္မီပြည်၌ ဝါဆို၍ ဝါကျွတ်မြောက်သောအခါ အလုပ်အကျွေး ဒါယကာသည် တိစီဝရိက်သင်္ကန်းကိုလည်းကောင်း၊ ထောပတ် တင်လဲကိုလည်းကောင်း ယူဆောင်ခဲ့ပြီးလျှင် မထေရ်၏ခြေရင်း၌ ထား၏။ ထိုအခါ ဥပသကာ ကျောင်းဒါယကာကို မထေရ်က ဒါယကာ-ဤဝတ္ထုကား အဘယ်နည်းဟူ၍ မေးတော်မူ၏။ ဒါယကာကလည်း အရှင်ဘုရား အရှင်မြတ်တို့သည် တပည့်တော်၏ကျောင်း၌ ဝါကပ်ဆိုသည်မဟုတ်တုံလော တပည့်တော်၏ကျောင်း၌ ဝါကပ်ဆို၍ ဝါမှထမြောက်ကုန်သော အရှင်ဘိုးအား ဤသို့သော လာဘ်လာဘကို ရအပ်ပါကုန်သည် အရှင်ဘုရား အလှူခံတော်မူပါကုန်လော့ဟု လျှောက်ထား၏။

မထေရ်ကလည်း ဒါယကာ-ရှိပါစေတော့၊ ဤအလှူဝတ္ထုဖြင့် ငါအား အသိုမရှိဟု မိန့်ဘော်မူလျှင် အရှင်ဘုရား-အာဘယ်အကြောင်းကြောင့်ပါနည်း

ဝင်] ၇။ ကောသမ္မီပြည်သား တိဿမထေရ်၏ တပည့်ငယ် ရှင်သာမဏေဝတ္ထု ၆၃

ဟု မေးလျှောက်၏။ ဒါယကာ–ငါ၏အထံ၌ အပ်စပ်အောင်ပြုတတ်သော သာမဏေမျှလည်းမရှိဟု မိန့်တော်မူ၏။ အရှင်ဘုရား ကပ္ပိယကာရက အကယ်၍ မရှိသည်ဖြစ်အံ့ တပည့်တော်၏သားငယ်သည် အရှင်မြတ်အထံ၌ သာမဏေဖြစ်ပါလတ္တံ့ဟု ဧလျှောက်ကြားသည်ကို မထေရ်က သည်းခံဟော်မူ၏။

ခုနစ်နှစ်သား သာမဏေ

ဒါယကာသည် ခုနစ်နှစ်မျှလောက်သာ ရှိသေးသော မိမိ၏သားငယ်ကို မထေရ်၏အထံသို့ ဆောင်ယူ၍ ဤသူငယ်ကို ရှင်ပြုပါကုန်လော့ဟု အပ်နှံ၏။ ထိုအခါ မထေရ်သည် ထိုသူငယ်အား ဆံတို့ကိုရေဆွတ်၍ တစပဉ္စက ကမ္မဋ္ဌာန်းကိုပေး၍ ဆံကိုရိတ်ပြီးသည်ကာလ ရှင်သာမဏေပြု၏။ ထိုသာမဏေသည် သင်္ခုန်း၏အဆုံး(ဆံချအပြီး)၌သာလျှင် ပဋိသန္ဓိဒါနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လေ၏။

မထေရ်သည် သူငယ်ကို ရှင်ပြုပြီးသောကာလ ထိုကောသမ္မီပြည်၌ လခဲ့မျှလောက် ကာလပတ်လုံး သီတင်းသုံးတော်မူပြီးလျှင် မြတ်စွာဘုရားသခင်ကို ဖူးမြော်ကန်တော့အံ့ဟု သာမဏေငယ်ကို ဘဏ္ဍာထုပ်ကို ယူစေပြီးလျှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ သွားသည်ရှိသော် လမ်းခရီးအကြား၌ တစ်ခုသောကျောင်းသို့ တည်းခိုရန် ဝင်ရောက်၏။ သာမဏေငယ်သည် ကျောင်းသို့ ရောက်သောအခါ ဥပဇ္ဈာယ်ဆရာ၏ အိပ်ရာနေရာကို သုတ်သင်ပြင်ဆင်၏။ ထို့သို့ ဥပဇ္ဈာယ်ဆရာ၏ နေရာကို သုတ်သင်စဉ်ပင်လျှင် ညအခါကခလသို့ ကျရောက်သောကြောင့် မိမိနေရာကို သန့်ရှင်းသုတ်သင်ခြင်းငှါ မစွမ်းနိုင်လေ။ ထိုအခါ လာရောက်ခစားထိုင်နေသော သာမဏေငယ်ကို မထေရ်က ငါ့ရှင် သာမဏော–အသင်၏အိပ်ရာနေရာကို သုတ်သင်ရပြီလော်ဟု မေးတော်မူသဖြင့် အရှင်ဘုရား–တပည့်တော်၏နေရာကို သုတ်သင်ခြင်းငှါ အခွင့်ကိုမရပါ ဟု လျှောက်ကြား၏။ ထိုသို့ဖြစ်ပါမူ မောင်ရှင်သာမဏော–ငါ၏အိပ်ရာနေရာ အနီးအပါးဖြစ်သော တိုက်ခန်း၏အတွင်း၌သာ ပျင် နေလေလော့။ ဤအရပ်ဒေသသို့ တစ်ခါတစ်ခေါက်မျှ မရောက်ဖူးသော အာဂန္တုဖြစ်သော အသင်အား အပပြင်ဘက်၌ နေခြင်းသည် ဆင်းရဲခြင်းဖြစ်ပေလိမ့်မည်ဟု မိန့်တော်မူ၏။ ထိုနောက် အခါနှိုးကျရောက်သည်ရှိသော် သာမဏေကိုခေါ်၍ ကျောင်းအိပ်ရာသို့ဝင်၏။ မထေရ်သည်ကား ပုထုဇဉ်ဖြစ်သောကြောင့် အိပ်ရာ၌ လျောင်းအိပ်ကာမျှဖြင့်သင်လျှင် အိပ်ပျော်ခြင်းသို့ သက်လေ၏။

သာမဏေသည် ကြံဆင်ခြင်သည်မှာ ယနေ့ဥပဇ္ဈာယ်ဆရာနှင့် အတူတကွ သုံးညဉ့်တိုင်အောင် လုံး တစ်မိုးတစ်ရံတည်းသောကျောင်းအိပ်ရာတိုက်ခန်း၌နေရသော

ငါအား အကယ်၍ လျောင်းအိပ်ခဲ့သည် ဖြစ်အံ့၊ ငါ၏ဥပဇ္ဈာယ်ဆရာမထေရ်သည်(သဟဿေးယျ) အာပတ်သို့ ရောက်ခဲ့ပေရာသည်။ ဤယခုညဉ့်၌ ငါသည် လျောင်းအိပ်ခြင်းကို မပြုမူ၍ ထိုင်နေလျက်သာလျှင် ညဉ့်သုံးယံကို လွန်စေတော့အံ့ဟု ကြံဆင်ခြင်၏။ ကြံပြီး၍ကား ဥပဇ္ဈာယ်ဆရာ၏ ညောင်စောင်းအနီး၌ ပလ္လင်ဖွဲ့ခွေထိုင်နေလျက်သာလျှင် ညဉ့်ကို လွန်မြောက်စေ၏။ မထေရ်သည်မိုးသောက်သောကာလ၌ အိပ်ရာမှထ၍ သာမဏေကိုအပြင်ဘက်သို့ ထုတ်စေခြင်းငှာ လျှော်လောက်ပြီဟု ကြံ၍ ညောင်စောင်းနံပါး၌ ထားအပ်သောယပ်ကို ကိုင်ယူပြီးလျှင် ယပ်၏အဖျားဖြင့် သာမဏေ၏ဖျာကို ခေါက်၍ ယပ်ကို အထက်သို့မြောက်လျက် သာမဏေအပြင်ဘက်သို့ ထုတ်လေ့ဟု ဆို၏။ ယပ်ရွက်၏အရိုးသည် သာမဏေ၏မျက်စိ၌ ထိခိုက်ပုတ်ခတ်မိသဖြင့် ထိုခဏ၌ သာလျှင် မျက်စိကွဲပျက်လေ၏။

ထိုသာမဏေသည် အကြောင်းအသို့ပါနည်းဟု မေးလျှောက်၍ သာမဏေငယ် လျှင်မြန်စွာထ၍ အပအပြင်ဘက်သို့ ထုတ်လေလေ့ဟု မိန့်ဆိုတော်မူသည် ရှိသော် အရှင်ဘုရား တပည့်တော်အား မျက်စိကွဲပျက်ခဲ့ပါပြီဟု မလျှောက်မထားဘဲ တစ်ဖက်သောလက်ဖြင့် မျက်စိကို ဖုံးအုပ်၍ ပြင်ဘက်သို့ ထုတ်သွားရှာ၏။ ဝတ်ကြီးဝတ်ငယ်ပြုသောအခါလည်း မျက်စိကွဲပျက်၍ ရှိခြေပြီဟူ၍ ဆိတ်ဆိတ်မနေမူ၍ တစ်ဖက်သောလက်ဖြင့် မျက်စိကိုဖုံးအုပ် ပိတ်ထားပြီးသော အခါ တစ်ဖက်သောလက်ဖြင့် တံမြက်ဆုပ်ကို ကိုင်ယူ၍ ဝစ္စကုဋ္ဌိ,မျက်နှာသစ်ရာ အရပ်တို့ကို တံမြက်လှည်းပြီးမှ မျက်နှာသစ်ရေ, လုပ်ဆေးရေတို့ကို တည်ထား၍ ပရိဝုဏ်ကို တံမြက်လှည်း၏။ ထိုသာမဏေငယ်သည် ဥပဇ္ဈာယ်ဆရာအား ဒန်ပူကို ပေးသည်ရှိသော် တစ်ဖက်သော လက်ဖြင့်သာလျှင် ပေး၏။

ထိုအခါ ဥပဇ္ဈာယ်ဆရာက သာမဏေကို မောင်ရှင်သာမဏေ အသင်သည် ဥပဇ္ဈာယ်ဆရာတို့အား ပြုရာသော ဝတ်ကို မသင်ကြားဖူးလေသလော။ ဥပဇ္ဈာယ်ဆရာတို့အား တစ်ဖက်သော လက်ဖြင့် ဒန်ပူပေးခြင်းငှာ မအပ်သည် မဟုတ်တုံလောဟု ဆို၏။ သာမဏေသည်လည်း အရှင်ဘုရား– ဆရာဥပဇ္ဈာယ်တို့အား တစ်ဖက်သော လက်ဖြင့် ဒန်ပူပေးခြင်းငှာ မအပ်သည် အဖြစ်ကို တပည့်တော် သိပါ၏။ ယင်းသို့ပင် သိသော်လည်း တပည့်တော်အား တစ်ဖက်သော လက်သည် အချည်းနှီး မအားမလပ် ခဲ့ပါသောကြောင့် တစ်ဖက်သော လက်ဖြင့်သာ ပေးရပါသည်ဟု လျှောက်ကြား၏။ မထေရ်ကလည်း သာမဏေ အကြောင်းအသို့နည်းဟု မေးတော်မူလျှင် သာမဏေသည် ဖြစ်ရင်းမူလမှစ၍ ထိုအကြောင်း အလုံးစုံတို့ကို အကုန်ပြောကြား လျှောက်ထား၏။ မထေရ်သည် သာမဏေ လျှောက်ထားသော စကားကို ကြားသိလျှင်

ထိတ်လန့် တုန်လှုပ်သော စိတ်ရှိသည်ဖြစ်၍ မောင်ရှင် သာမဏေ ငါသည် ဝန်လေးသော အမှုကို ပြုမိလေစွတကားဟု ပြောဆိုပြီးလျှင်–

"ခမာဟိ မေ သပ္ပုရိသ၊ နာဟ မေတံ ဇာနာမိ၊ အဝဿယော မေ ဟောဟိ"–

ဟူသော ပါဋ္ဌိကို ရွတ်ဆို၍ လက်အုပ်ချီမိုး ရှိခိုးပြီးသော် ခုနစ်နှစ်မျှသာရှိသော သာမဏေငယ်၏ ခြေရင်း၌ ဆောင့်ကြောင့် ထိုင်လေ၏။

အဓိပ္ပါယ်ကား။ သည်းခံနိုင်သော အလေ့အကျင့်နှင့် ပြည့်စုံပေသော သူတော်ကောင်း၊ မသိသည်အလိုက် မိုက်မှားသော ငါ့အား အပြစ်တစ်ဖန် မပြုဘဲ သည်းခံပါလော့၊ သင်၏ဆရာ ငါသည် အသင်သာမဏေ၏ မျက်စိကွဲပျက်သော အခြင်းအရာကို ငါမသိခဲ့လေ၊ သူတော်ကောင်းအစစ် ဖြစ်ပေသော မောင်ရှင် သာမဏေ၊ အသင်သည် မသိသည့်အလျောက် မိုက်မှားမိသော ငါဆရာမထေရ်အား ထောက်တည်မှီခိုရာ ဖြစ်ပါစေလော့ဟု ကန်တော့ဝန်ချ တောင်းပန်၏။

ထိုအခါ မထေရ်ကို သာမဏေက အရှင်ဘုရား– အရှင်မြတ်အား တပည့်တော်သည် ဤကဲ့သို့သော အကြောင်းကို လျှောက်ထား ပြောဆိုခြင်းမှာ သည်ကဲ့သို့ ကန်တော့ဝန်ချ တောင်းပန် စေလိုသောကြောင့် ပြောဆိုလျှောက်ထားသည် မဟုတ်ပါ။ အရှင်ဘုရားတို့၏ စိတ်ကို အမျက်ထွက်ခြင်းမှ အစဉ်စောင့်ရှောက်လိုသဖြင့် ဤသို့သော အကြောင်းစကားကို တပည့်တော် လျှောက်ထားခြင်း ဖြစ်ပါသည်။ ယခု ဤကဲ့သို့ ဖြစ်ရာ၌ အရှင်ဘုရားတို့အား အပြစ် ရှိမည်မဟုတ် တပည့်တော်အားလည်း အပြစ်ရှိမည် မဟုတ် စင်စစ်မူကား ကျင်လည်ပြေးသွားရာ သံသရာဝဋ္ဌ၏သာလျှင် ဤသို့သော အပြစ်ဖြစ်ပါသည်၊ အရှင်ဘုရားတို့သည် ကြောင့်ကြပူပန် စိုးရိမ်ခြင်း မဖြစ်ပါစေလင့်၊ တပည့်တော်သည် အရှင်မြတ်တို့အား ဤကဲ့သို့ နှလုံးမသက်မသာ ကျင်နာဖောက်ပြန်ခြင်း မဖြစ်စေလိုကြောင်း ကောင်းစွာ စောင့်ရှောက်လိုသဖြင့် သာလျှင် အစဦးက မလျှောက်ကြားဘဲ တိတ်တဆိတ် နေပါသည်ဟု လျှောက်ထား၏။ မထေရ်လည်း သာမဏေငယ်က နှစ်သိမ့်စေသော်လည်း သက်သာရာကို မရနိုင်ဘဲ ထိတ်လန့်ဘုန်လှုပ် ဖြစ်ပွားလျက်သာ သာမဏေငယ်၏ ဘဏ္ဍာထုပ်ကို မိမိကိုယ်တိုင် ရွက်ဆောင်ယူငင်၍ မြတ်စွာဘုရား၏ အထံတော်သို့ သွား၏။

မြတ်စွာဘုရားထံ လျှောက်ထားခြင်း

မြတ်စွာဘုရားရှင်သည်လည်း ထိုဆရာတပည့် နှစ်ဦးတို့၏ လာရောက်ခြင်းကို ကြည့်ရှုတော်မူလျက်သာလျှင် ထိုင်နေတော်မူ၏။ ထိုမထေရ်သည် မြတ်စွာဘုရား

ရွင်ကို ရိုခိုးပြီးသော် မြတ်စွာဘုရားရှင်နှင့် အတူတကွ ဝမ်းမြောက်စကားပြောကြားရ၏ ဘုရားကိုယ်တော်မြတ်က "ချစ်သားရဟန်း အသင့်အား မျှတခန့်ကျန်းပါ၏လော တစ်စုံတစ်ခု အလှန်အကဲ မချမ်းသာခြင်းရှိသလော"ဟု မေးတော်မူသောကြောင့် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်အား ခန့်ကျန်းပါ၏။ တပည့်တော်အား တစ်စုံတစ်ခု အလှန်အကဲ မချမ်းသာခြင်း မရှိ ပါ။ စင်စစ်မှာမူကား ဤသာမဏေငယ်ကဲ့သို့ ကြီးကွယ် မြင့်မြတ် လွန်ကဲသော ဂုဏ်ကျေးဇူးအထူးနှင့် ပြည့်စုံသော တစ်ပါးသောသူကို တပည့်တော်သည် တစ်စုံတစ်ယောက်မျှ မတွေ့မမြင်ဖူးပါဟု လျှောက်ကြား၏။

ချစ်သားရဟန်း ဤသာမဏေငယ်သည် အဘယ်ကဲ့သို့သော အမှုကို ပြုစုရွက်ဆောင် ပေးသနည်းဟု ဧမေးတော်မူပြန်လျှင် ထိုမဏေရ်သည် ဖြစ်ရင်းမူလ အစမှပြန်၍ အကြောင်းမျိုးစုံတို့ကို မြတ်စွာဘုရားရှင်အား ပြန်ကြား လျှောက်ထားပြီးလျှင် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤသို့ တပည့်တော်ဓ ည် သည်းခံစေအပ်သည်ရှိသော် သာမဏေငယ်က တပည့်တော်ကို "ဤအရာ၌ အရှင်ဘုရားအားလည်း အပြစ်မရှိ၊ တပည့်တော်အားလည်း အပြစ်မရှိ ကျင်လည်ပြေးသွား၍ သံသရာဝဋ်ဆင်းရဲ၏သာလျှင် ဤအပြစ်ဖြစ်လေသည်။ အရှင်ဘုရားတို့သည် စိုးရိမ်ကြောင့်ကြခြင်းကို မဖြစ်ကြပါစေလင့်"ဟု သက်သာရာကို ရစေသည်ဖြစ်၍သာလျှင် လျှောက်ထားပြောဆိုပါသည်။ တပည့်တော်၌ အမျက်ဒေါသကို မပြုပါ။ ဘုန်းတော်ကြီးပေါ်မူသော မြတ်စွာဘုရား ဤသို့သောသဘောရှိသော ဂုဏ်ကျေးဇူးနှင့်ပြည့်စုံသော ပုဂ္ဂိုလ်ကို တပည့်တော်သည် ရှေးအခါကာလက တစ်စုံတစ်ယောက်မျှ မတွေ့မထင် မမြင်ဖူးပါဟု လျှောက်ထား၏။

တိဿမဏေရ် ပဒ္ဒိသမ္ဘိဒါပတ္တိ အရဟတ္တဖိုလ် တည်ခြင်း

ထိုအခါ မဏေရ်ကို မြတ်စွာဘုရားရှင်က ချစ်သား ရဟန်း ကုန်ပြီးသော အာသဝေါဝါဒရားရှိကုန်သော ရဟန္တာပုဂ္ဂိုလ်တို့ မည်သည်ကား ဘာစုံဘာစ်ယောက်သောသူအား အမျက်ဒေါသထွက်ခြင်း မပြုကုန်။ ပြစ်မှားခြင်း မရှိကုန်၊ ငြိမ်သက်တည်ကြည်သော ဤနွေ့ ငြိမ်သက်တည်ကြည်သော စိတ်ရှိသည်သာလျှင် ဖြစ်ကုန်၏ဟု မိန့်တော်မူပြီးသော် အနုသန္ဓေကိုစ၍ တရားတော်ကို ဟောကြားတော် မူလိုသောကြောင့် ဤဂါထာကို မိန့်တော်မူ၏-

သန္တံ တဿ မနံ ဟောတိ၊ သန္တာ ဝါစာ စ ကမ္မ စ။
သမ္မဒညာ ဝိမုတ္တဿ၊ ဥပသန္တဿ တာဒိနော-

ကောင်းစွာသိမြင်၍ ကိလေသာမှ လွတ်မြောက်ပြီးသော ငြိမ်းချမ်းပြီးသော ထိုရဟန္တာပုဂ္ဂိုလ်၏ စိတ်သည် ငြိမ်းချမ်းသည်သာလျှင် ဖြစ်၏။ စကားသည် လည်းကောင်း, အလုပ်သည်လည်းကောင်း ငြိမ်းချမ်းသည်သာဖြစ်၏။

ထိုဂါထာ၌ သန္တံ တဿ=ဟူသည်ကား အာသဝေါကုန်ခန်းပြီးသော သာမဏေအား အဘိဇ္ဈာစသည်တို့ မရှိခြင်းကြောင့် စိတ်သည် ငြိမ်းချမ်းသည် ငြိမ်းအေးသည် ငြိမ်သက်သည်ဖြစ်၏။ ထို့အတူ မုသာ၀ါဒစသည်တို့၏ မရှိခြင်းကြောင့် စကားသည်လည်း ငြိမ်သက်၏။ ပါဏာတိပါတ စသည်တို့၏လည်း မရှိခြင်းကြောင့် ကာယကံသည်လည်း ငြိမ်သက်၏။

သမ္မဒညာ ဝိမုတ္တဿ=ဟူသည်ကား နည်းမှန်လမ်းမှန် အကြောင်းအားဖြင့် သိပြီး၍ လွတ်မြောက်မှု ၅-မျိုးတို့နှင့် လွတ်မြောက်ပြီးသော။

ဥပသန္တဿ=ဟူသည်ကား ကိုယ်တွင်း၌ ရာဂစသည်တို့၏ ငြိမ်းချမ်းခြင်းဖြင့် ငြိမ်းချမ်းပြီးသော။

တာဒိနော=ဟူသည်ကား ထိုသို့သဘောရှိသော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံပြီးသော။

ဒေသနာတော်၏အဆုံး၌ ကောသမ္ဗီပြည်၌နေသော တိဿမထေရ်သည် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်၏။ ကြွင်းသော လူမျှားစွာတို့ အားလည်း အကျိုးရှိသော တရားဟောကြားမှု ဖြစ်လေ၏။

ကောသမ္ဗီပြည်သား တိဿမထေရ်၏ တပည့်
သာမဏေ၀တ္ထု ပြီး၏။

၈။ အရှင်သာရိပုတ္တရာ မထေရ်မြတ် ဖြေဆိုသော၀တ္ထု

အသဒ္ဓါ-အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝနကျောင်းတော်၌ နေတော်မူစဉ် အရှင် သာရိပုတ္တရာမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

အခါတစ်ပါး၌ သုံးကျိပ်မျှလောက်ကုန်သော တောကျောင်းနေ ရဟန်းတို့သည် မြတ်စွာဘုရားရှင်၏ ထံတော်သို့ လာရောက်ဦးချ ထိုင်နေကြကုန်၏။ မြတ်စွာဘုရားရှင်သည် ထိုရဟန်းတို့အား ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်၏ အကြောင်း ဥပနိဿယ ပြည့်စုံမှုကို မြင်တော်မူသောကြောင့် အရှင်သာရိပုတ္တရာ

မထေရ်ကို ခေါ်တော်မူပြီးလျှင် ချစ်သား သာရိပုတ္တရာ အကြင် ပုဂ္ဂိုလ်သည် သဒ္ဓိန္ဒြေကို ပွားများ၍ အကြိမ်များစွာ အလေ့အလာပြု၍ အမြိုက်နိဗ္ဗာန်ကို ရ၏။ အမြိုက်နိဗ္ဗာန် အဆုံးရှိ၏။ ထိုပုဂ္ဂိုလ်သည် ထင်ရှားတိတိ ရှိခဲပေ၏ဟု ပြောဆို၏။ ထိုစကားကို အသင် ယုံကြည်အံ့လော။ ဤနည်းအတူ ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေဟု ဆိုအပ်ကုန်သော ဤငါးပါး တို့ကို အကြောင်းပြုသောအားဖြင့် ပြဿနာကို မေးတော်မူ၏။

မထေရ်သည်လည်း ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား သဒ္ဓိန္ဒြေကို ပွားများ၍ အကြိမ်များစွာ လေ့လာခဲ့သော် အမြိုက်နိဗ္ဗာန်ကိုရ၏၊အမြိုက်နိဗ္ဗာန် အဆုံးရှိ၏။ ဤအရာ၌ တပည့်တော်သည် မြတ်စွာဘုရားအား ယုံကြည်သော အားဖြင့် ရောက်အပ်သည် ယုံကြည်၍လက်ခံသည် မဟုတ်ပါ။ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား အကြင်ပုဂ္ဂိုလ်တို့အား ထိုတရားကို သိမြင် တတ်သော ဉာဏ်ပညာဖြင့် ကိုယ်တိုင် မသိ မမြင် မျက်မှောက်မပြု မတွေ့ဖူးခေ။ ထို့သူတို့သည်သာလျှင် ဤသို့သော အရာဌာန၌ သူတစ်ပါးကို ယုံကြည်၍ ရောက်ခြင်း၊ လက်ခံခြင်း ဖြစ်ပါလိမ့်မည်ဟု ဤသို့ ပြဿနာကို ဖြေဆို၏။ ထိုသို့ဖြေဆိုသော စကားကိုကြား၍ ရဟန်းတို့သည် သာရိပုတ္တရာ မထေရ်ကား ရှေးက မိမိယူဖူးသော မိစ္ဆာအယူကို မစွန့်လွှတ်သေး။ ယခုထက် တိုင်အောင်လည်း မြတ်စွာဘုရား ကိုယ်တော်မြတ်အား မယုံကြည်သေးသည် သာလျှင်တည်းဟု စကားကို ဖြစ်စေကြကုန်၏။

ပဋိသမ္ဘိဒါပတ္တဲ့ အရဟတ္တဖိုလ်ရခြင်း

မြတ်စွာဘုရားသခင်သည် ရဟန်းတို့ ပြောဆိုကြသော ထိုစကားကို ကြားသိတော်မူ၍ ချစ်သားရဟန်းတို့ အဘယ်စကားကို ပြောဆိုကြကုန်သနည်း။ ငါဘုရားက ဤနှြေငါးပါးတို့ကို မပွားများမူ၍ သမထ, ဝိပဿနာကို မပွားမူ၍ မဂ်ဖိုလ်တို့ကို မျက်မှောက်ပြုခြင်းငှါ စွမ်းနိုင်သောသူမည်သည် ရှိ၏။ ချစ်သား သာရိပုတ္တရာ ထိုစကားကို အသင်ယုံကြည်ပါ၏လော ဟု မေးတော်မူ၏။ ထိုသာရိပုတ္တရာသည် ဤသို့သော အခြင်းအရာဖြင့် မျက်မှောက်ပြုခဲ့သော ပုဂ္ဂိုလ်ရှိသည်ဟု မယုံကြည်ပါဟု ပြန်၍လျှောက်ထားခြင်း ဖြစ်လေသည်။ ပေးလှူခြင်း၏ လည်းကောင်း၊ ပြုအပ်သောကံ၏ လည်းကောင်း အကျိုးကို မရ၊ အကျိုးမရှိဟု ပြောဆိုသည်ကိုသော မယုံကြည်ခြင်း ဖြစ်၏။ ဘုရားအစ ရှိသော ရတနာသုံးပါးတို့၏ ဂုဏ်ကို မယုံကြည်သည် မဟုတ်ပေ။ စင်စစ်မှာ မူကား ထိုသာရိပုတ္တရာသည် မိမိသည် ရအပ်ကုန်သော ဈာန်ဝိပဿနာ မဂ်ဖိုလ် တရားတို့၌ သူတစ်ပါးတို့အား ယုံကြည်သောအားဖြင့် ရောက်ခြင်းမဟုတ် ရခြင်းမဟုတ်၊ ထိုကြောင့် သာရိပုတ္တရာကို မကဲ့ရဲ့ မနှုတ်ချအပ်ဟု မိန့်တော်မူပြီး၍

အနုသန္ဓေကို စပ်တော်မူပြီး တရားဟောတော်မူလိုရကား ဤဂါထာကို မိန့်တော်မူ၏။

အဃဒ္ဒါ အကတညူ စ၊ သန္ဓိစ္ဆေဒါ စ ယော နရော။
ဟတာ၀ကာသော ၀နွှာသော၊ သ ၀ေ ဥတ္တမပေါရိသေ၁–

ပြောတိုင်း မယုံကြည်သူသည်လည်းကောင်း၊ မပြုမလုပ်အင်သော မူလအရှိတရား (နိဗ္ဗာန်)ကို သိသူသည်လည်းကောင်း၊ သံသရာ၀ဋ်အဆက်အစပ်ကို ဖြတ်တတ်သူသည်လည်းကောင်း၊ ကံ၏ အကျိုးပေးခွင့်ကို ပယ်ပြီးသူသည်လည်းကောင်း၊ အာသာဆန္ဒကို အန်ထုတ်ပြီးသူသည်လည်းကောင်း စင်စစ် ယောကျ်ားမြတ်မည်၏။

ထိုဂါထာ၏ အဓိပ္ပါယ်မှာ။ ။မိမိရရှိထားသော ဂုဏ်ထူးကို သူတစ်ပါး ပြောစကားအရ ယုံကြည်လက်ခံမှု မရှိသူသည် **အသဒ္ဒါ** မည်၏၊ မပြုမလုပ်အပ်သော မူလ ပင်ကိုရှိတရားကို သိတတ်သူသည် **အကတညူ** မည်၏၊ နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးသူဟု ဆိုလိုသည်၊ သံသရာ၀ဋ်ဆင်းရဲအစပ်ကို ဖြတ်ပြီးသူသည် **သန္ဓိစ္ဆေဒ** မည်၏၊ ကုသိုလ် အကုသိုလ်ကံ မျိုးစေ့ကုန်သောကြောင့် ဖြစ်ပေါ်ခွင့် အကျိုးပေးခွင့်ကို ပယ်ဖျက်ပြီးသူသည် **ဟတာ၀ကာသ** မည်၏၊ **မဂ်**လေးပါး တို့ဖြင့် ပြုနှယ်ကိစ္စကို ပြုပြီးသောကြောင့် ဤသူသည် **အာသာဆန္ဒ**ကို ပျို့အန်ပြီးသူဖြစ်၏၊ ဤသို့သဘော ရှိသော လူသည် လောကုတ္တရာတရားကို ထိုးထွင်းသိပြီးသောကြောင့် ယောကျ်းမြတ်အဖြစ်သို့ ရောက်၏။

ဂါထာ၏အဆုံး၌ တောခနရဟန်း သုံးဆယ်တို့သည် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ကုန်၏၊ ကြင်နာသော လူမျှားအားလည်း အကျိုးရှိသော တရားဟောကြားမှု ဖြစ်၏။

သာရိပုတ္တထေရ်၀တ္ထု ပြီး၏။

၉။ ရှားတောနေ ရှင်ရေ၀တ၀တ္ထု

ဂါဒမ ၀ါ–အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားရှင်သည် ဇေတ၀နာရုံကျောင်းတော်၌ နေတော်မူစဉ် ရှားဟောကျောင်းနေ ရှင်ရေ၀တကို အကြောင်းပြု၍သာ ဟောတော်မူ၏။

အကြောင်း အတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့တည်း
ပစ္စုပ္ပန်ဝတ္ထု

အရှင်သာရိပုတ္တရာမထေရ်သည် ရှစ်ဆယ့်ခုနစ်ကုဋ္ဌေသော ပစ္စည်းဥစ္စာကို ပယ်စွန့်၍ ရဟန်းပြုတော်မူသည်ရှိသော် စာလာ, ဥပစာလာ, သီသူပစာလာ ဟူဆိုအပ်ကုန်သော သုံးယောက်ကုန်သော နှမတော်တို့ကိုလည်းကောင်း၊ စုန္ဒ, ဥပသေနဟု ဆိုအပ်ကုန်သော နှစ်ယောက်ကုန်သော ညီတော်တို့ကိုလည်းကောင်း သာသနာဝယ် ရဟန်းပြုစေ၏။

အထွေးဆုံး ရေပတ

အထွေးဆုံးဖြစ်သော ရေဝတသတ္တိသား တစ်ယောက်သည်သာလျှင် အိမ်၌ကြွင်းကျန်ရစ်ခဲ့၏။ ထိုအခါ မယ်တော်ဖြစ်တော်မူသော သာရိပုတ္တရာမထေရ်သည် ငိုးဆင်ခြင်သည်မှာ "ငါ၏ သားတော်ကြီး ဖြစ်သော ဥပတိဿသည် ဤမျှလောက်သော စည်းစိမ်ချမ်းသာ ပစ္စည်းဥစ္စာကို စွန့်ပယ်၍ ရဟန်းပြုပြီးနောက် သုံးယောက်ကုန်သော နှမငယ်၊ နှစ်ယောက်ကုန်သော ညီငယ်တို့ကိုလည်း ရဟန်းပြုစေဘိသည်။ ရေဝတ သားငယ်တစ်ယောက်သည်သာ အိမ်၌ကြွင်းကျန်ရစ်ခဲ့ပေတော့သည်။ ဤရေဝတကိုလည်း အကယ်၍ ရဟန်းပြုခွင့်ပြုသည် ဖြစ်အံ့၊ ဤမျှလောက်သော ငါတို့၏ ပစ္စည်းဥစ္စာ ရတနာတို့သည် ပျက်စီးခြင်းသို့ ရောက်ပေတော့မည်။ မျိုးရိုးအစဉ်အဆက်သည်လည်း ပြတ်လတ္တံ့။ ထိုရေဝတ သားငယ်ကို ငယ်စဉ်ကာလ ယခုကပင် ဃရာဝါသ အိမ်ရာထောင်ခြင်းဖြင့် ဖွဲ့ပေးအံ့"ဟု ကြံ၏။ သာရိပုတ္တရာမထေရ်သည်လည်း ရဟန်းတို့ကို ငါ့ရှင်တို့– ငါ၏ ညီငယ်ဖြစ်သော ရေဝတသည် ရဟန်းပြုလိုသည်ဖြစ်၍ အကယ်၍ လာရောက်ခဲ့အံ့။ ရောက်လျှင်ရောက်ချင်း ထိုရေဝတကို ရှင်ပြုလိုက်ကြပါကုန်လော့။ ငါ၏ မိခင် ဖခင်တို့သည်ကား မိစ္ဆာဒိဋ္ဌိတို့ ဖြစ်လေကုန်သည်။ ထိုမိခင် ဖခင်တို့ကို ပန်ကြား ခွင်တောင်းနေသဖြင့် အဘယ်အကျိုး ရှိအံ့နည်း။ ငါသည်သာလျှင် ထိုရေဝတ၏ အဲမိအဖ ဖြစ်တော့သည်ဟု ကြိုတင်၍ ပြောဆို စေခိုင်း မှာထား၏။

ရေဝတ မင်္ဂလာဆောင်

မယ်တော်ဖြစ်သော သာရိပုတ္တရာမထေရ်သည်လည်း ရေဝတသတ္တိသားကို ခုနစ်နှစ်သားမျှသာ ရှိပါသေးလျက် အိမ်ရာထောင်ခြင်းဖြင့် ဖွဲ့နှောင်လိုသည် ဖြစ်သော ကြောင့် တူမျှသော ဇာတ်ရှိသော အမျိုးဌာ သတို့သမီးငယ် တစ်ယောက်ကို ခွင့်ပန်တောင်းဆို၍ နေ့ရက် သတ်မှတ်ပြီးလျှင် ရေဝတသတ္တိသာ ကို ဝတ်စားတန်ဆာ ဆင်ယင်စေပြီးသော် ကြီးကျယ်များပြားသော အခြံအရံနှင့်တကွ ယူဆောင်၍ သတို့သမီး၏ အမျိုးအိမ်သို့ သွားလေ၏။

ထိုအခါ မင်္ဂလာဆောင်ပြီးနောက် နှစ်ဦးသားတို့၏ ဆွေမျိုးဉာတိတို့သည် စည်းဝေးကုန်ပြီးသော် ရေခဲ့က်ဦလက်နှိုက်၍ မင်္ဂလာတို့ကို ဖတ်ဆိုကြကုန်ပြီးလျှင် သတို့သမီးငယ်၏ ကြီးပွားခြင်းကို လိုလားကုန်သော အဆွေအမျိုးတို့သည် ချစ်သမီး အသင်၏ အဖွားမ မျက်မြင် ကိုယ်တွေ့ တရားကိုကြည့်လော့၊ အသင်၏ အဖွားမကဲ့သို့ ကြာမြင့်စွာ အသက်ရှည်စေလော့ဟု ပြောဆိုကြကုန်၏။

ရေ၀တ သတို့သားသည် ဤသူ၏အဖွားမ၏ မျက်မြင်ကိုယ်တွေ့ တရားသည် အဘယ်သို့ပါလေသနည်းဟု ကြံ၍ "ဤသူ၏ အဖွားမသည် အဘယ်သူ ဖြစ်လေသနည်း" ဟု မေး၏။ ထိုအခါ ရောတ သတို့သားကို ချစ်သား အသို့နည်း အသင်သည် ဤသူ၏ အဖွားမကို မမြင်သလော။ အသက် တစ်ရာ့နှစ်ဆယ် ရှည်သော ကျိုးကြေသော သွားရှိသော ဖြူသောဆံပင်ရှိသော တွန့်သောအရေ ရှိသော မွဲမည်းတို့ဖြင့် ဖျက်ဆီးအပ်သော ကိုယ်ရှိသော ခါးကုန်းနေသော ဤအသက်ကြီး အိုမသည် ထိုသူငယ်မ၏ အဖွား မဟုတ်တုံလောဟု ပြောဆိုကြကုန်၏။

ဖခင်တို့ အသို့နည်း ဤသူငယ်မသည်လည်း ထိုအဖွားကဲ့သိုပင် ဖြစ်လတ္တံ့လောဟု မေး၏၊ ချစ်သား ဤသူငယ်မသည်လည်း အကယ်၍ အသက်ရှည်ခဲ့သည် ဖြစ်အံ့ ထိုအဖွားမနှင့်အတူပင်သာလျှင် ဖြစ်ပေလတ္တံ့ဟု ပြောဆိုကြကုန်၏။ ရေ၀တ သတို့သားသည် စဉ်းစားကြံဆင်ခြင်သည်မှာ "ဤသို့ သဘောရှိသော ခန္ဓာကိုယ်သည်လည်း အိုခြင်းဇရာဖြင့် ပြင်းစွာနှိပ်စက်ဖိစီးအပ်သည် ဖြစ်၍ ဤသို့သော ဖေါက်ပြန်ခြင်းသို့ ရောက်ရပေလတ္တံ့။ ငါ၏ နောင်တော်ကြီး ဖြစ်သော ဥပတိဿသည် ဤသို့ အကြောင်းကို မြင်တော်မူသည် ဖြစ်ပေလိမ့်မည်။ ငါသည်လည်း ယနေ့ပင်လျှင် ထွက်ပြေး၍ ရဟန်းပြုခြင်းငှါ အပ်တော့သည်သာ" ဟုကြံ၏။ ထိုနောက် အဆွေအမျိုးတို့သည် သတို့သားကို သတို့သမီးနှင့်အတူတကွ တစ်ခုတည်းသော ယာဉ်ထက်သို့ တင်ပြီး၍ ယူဆောင်ပြီးသည်ကာလ ဖဲသွားကြကုန်၏။

ရဟန်းပြုလိုသော ရေ၀တ

ရောဟ သတို့သားသည် အဝန်ငယ် သွားမိသည်ရှိသော် ကိုယ်လက်သုတ်သင်ခြင်းကိစ္စကို ရည်ညွှန်း ပြောဆိုပြီးသောအခါ ယာဉ်ကို ရပ်တန့်ကြဦးလော့၊ ကိစ္စပြီးဆုံးသောအခါ ငါလာခဲ့အံ့ဟု ပြောဆိုပြီး ယာဉ်မှသက်ဆင်း၍ တစ်ခုသောချုံ၌ အာဂန်ငယ်ကြာမြင့်ခြင်းကို ပူပြီးသော် ပြန်လာခဲ့၏။ နောက် တစ်ဖန် အတန်ငယ် သွားမိပြန်သည်ရှိသော် ရှေးနည်းဖြင့်သာလျှင် တစ်ပါးသော ကိစ္စကို ရည်ညွှန်းပြောဆို သက်ဆင်း လှည့်ပတ်ပြီး၍ တစ်ဖန်ပြန်၍ တက်၏။

နောက်တစ်ဖန်လည်း ရှေးနည်းအတူသာလျှင် ပြု၏။ ထိုအခါ သတ္တိသား၏ အဆွေအမျိုးတို့သည် ကျိသူငယ်အား ကိစ္စထမြောက်ခြင်းတို့သည် မကြာခဏ သာလျှင် ဖြစ်ရလေ့ကုန်သည်ဟု အောက်မေ့မှတ်ထင်၍ ရှေးကကဲ့သို့ မြဲမြံသော အစောင့်အရှောက်ကို မပြုကြကုန်။ သတ္တိသားသည်လည်း တစ်ဖန် အတန်ငယ် သွားမိပြန်သည်ရှိသော် ရှေးနည်းအတူသာလျှင် တစ်ပါးသော ကိစ္စကို ရည်ညွှန်း ပြောဆို၍ ယာဉ်မှ သက်ဆင်းပြီးလျှင် "အသင်တို့သည် ယာဉ်ကို မောင်းနှင်၍ ရွှေမှသွားကြကုန်လော့။ ငါသည်နောက်မှ တဖြည်းဖြည်းလိုက်လာခဲ့အံ့ဟု" ဟု ပြောဆို၍ ယာဉ်မှ သက်ဆင်းပြီးလျင် တစ်ခုသော ချုံသို့ ရှေးရှုသွား၏။ သတ္တိသား၏ အဆွေအမျိုးတို့သည်လည်း နောက်မှ လိုက်လာလတ္တံ့ဟူသောအမှတ်ဖြင့် ယာဉ်ကိုမောင်းနှင်၍ သွားကြကုန်၏။

ရေဝတ သတ္တိသားသည်လည်း ထိုအရပ်မှ ထွက်ပြေး၍လာခဲ့ရာ တစ်ခုသော အရပ်၌ သုံးကျိပ်မျှလောက်သော ရဟန်းတို့သည် နေကြကုန်၏။ ထိုရဟန်းတို့ ထံသို့ သွားရောက်မြဲသောအခါ ရှိခိုးဦးချ၍ "အရှင်ဘုရားတို့ တပည့်တော်အား အစဉ်သနားသဖြင့် ရှင်ပြုတော်မူကြကုန်လော့" ဟု တောင်းပန်လျှောက်ထား၏။ ရဟန်းဘို့က "ငါ့ရှင် သတ္တိသားငယ် အသင်သည် အဖိုးထိုက်တန်လှသော အလုံးစုံသောတန်ဆာတို့ဖြင့် ဆင်ယင်ဝတ်စား ထားအပ်ပေ၏။ငါတို့သည်အသင့် အား ပြည့်ရှင်မင်းမြတ်၏ သားတော်ဟူ၍ လည်းကောင်း၊ အမတ်ကြီးသားဟူ၍ လည်းကောင်း မသိကြကုန်။ အဘယ်သို့သာလျှင် ရှင်ပြု၍ ပေးနိုင်ကုန်အံ့နည်း" ဟု ပြောဆိုကြကုန်၏။ အရှင်ဘုရားကို အရှင်မြတ်တို့သည် တပည့်တော်ကို မသိပါကုန်သလောဟု မေးလျှောက်ပြန်လျှင် သတ္တိသားငယ် ဩဇာ ဟုတ်ပေ၏။ ငါတို့မသိကြကုန်ဟု ပြောဆိုသဖြင့် အရှင်ဘုရားတို့ တပည့်တော်သည် ဥပတိဿ၏ ညီငယ်ပါတည်းဟု လျှောက်၏။ သတ္တိသားငယ် ဥပတိဿ မည်သောသူသည် အဘယ်သူပေးနည်းဟု မေးတော် မူကြပြန်သောအခါ ဩဇာ ဟုတ်ပေ၏။ အရှင်ဘုရားတို့ အရှင်မြတ်တို့သည် တပည့်တော်၏ နောင်တော်ကို သာရိပုတ္တရာဟူ၍ ပြောဆိုသမုတ်ကြကုန်သည်။ ထိုကြောင့် တပည့်တော်သည် ဥပတိဿဟူ၍ လျှောက်ထားသည်ကို မသိကြပါကုန်သည်ဟု လျှောက်၏။

ထိုအခါမှ ရဟန်းတို့က အသင်သည် သာရိပုတ္တရာမထေရ်၏ ညီငယ်ပေလော ဟု မေးတော်မူကြသဖြင့် ဟုတ်မှန်ပါသည်ဟု လျှောက်ထားလျှင် ထိုသို့ဖြစ်ရကား သတ္တိသားငယ် လာလှည့်ခဲ့လော အသင်၏ နောင်တော်ကြီး ဖြစ်သော သာရိပုတ္တရာမထေရ်သည် အသင်အား ရှင်ပြုရန်အလို့ငှါ ခွင့်ပြုပြီးဖြစ်သည်ဟု ပြောဆိုပြီးလျှင် ရဟန်းတို့သည် ရေဝတ သတ္တိသား၏ အဝတ်ဝန်ဆာတို့ကို ချတ်ပယ်၍ သင့်တင့်လျောက်ပတ်သော အရပ်တစ်ခုဌာ သိုမှီးသိမ်းဆည်းထား

စေပြီးသောအခါ ရှင်ပြု၍ ရှင်သာရိပုတ္တရာမထေရ်အား သတင်းစကားကို ပြောကြားလိုက်ကြကုန်၏။

သာရိပုတ္တရာမထေရ်သည် ထိုသတင်းစကားကို ကြားတော်မူ၍ မြတ်စွာဘုရား ရှင်အား ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တောကျောင်းနေရဟန်းတို့သည် တပည့်တော်၏ ညီငယ် ရေဝတကို ရှင်ပြုအပ်ပြီဟူ၍ သတင်းစကားကို ပြောကြားလိုက်ပါကုန်သည်။ တပည့်တော်သည် သွားရောက်၍ ထိုရေဝတကို ကြည့်ရှုပြီးသောအခါ ပြန်လာခဲ့ပါအံ့ဟု လျှောက်ထား ပန်ကြား၏။ မြတ်စွာဘုရားရှင်သည်လည်း ချစ်သားသာရိပုတ္တရာ မသွားလေနှင့်ဦး၊ သည်းခံဦးလော့ဟု မိန့်တော်မူ၍ သွားခြင်းငှါ အခွင့်ကိုမပေး၊ သာရိပုတ္တရာ မထေရ်သည်လည်း တစ်ဖန် နှစ်ရက်,သုံးရက်ကို လွန်မြောက်ပြန်သဖြင့် ပန်ကြားလျှောက်ထား ပြန်၏။ မြတ်စွာဘုရားသခင်သည် ချစ်သား သာရိပုတ္တရာ သည်းခံဦးလော့။ ငါဘုရားသည်လည်း ထိုအရပ်သို့ ကြွသွားလိုက်ပါအံ့ဟု မိန့်တော်မူပြီးသောအခါ သွားခြင်းငှါ အခွင့်ပေးတော်မမူ။

ရေဝတသည် ရှားတော၌ သီတင်းသုံးခြင်း

ရေဝတ သာမဏေသည်လည်း ငါသည် ဤအရပ်၌ အကယ်၍ နေခဲ့တုံသည် ဖြစ်ခဲ့အံ့ အဆွေအမျိုးတို့သည် ငါ့ကို အစဉ်လိုက်၍ ခေါ်စေကုန်လတ္တံ့ဟု ကြံ၍ ထိုရဟန်းတို့၏ အထံ၌ အရဟတ္တဖိုလ် တိုင်အောင်သော ကမ္မဋ္ဌာန်းကို သင်ယူ၍ သပိတ်သင်္ကန်းကို ယူပြီး ဒေသစာရီ လှည့်လည် ကြွသွားသည်ရှိသော် ထိုအရပ်မှ ယူဇနာသုံးဆယ်မျှလောက် ဝေးကွာသော အရပ်၌ တစ်ခုသော ရှားတောသည်ရှိ၏။ ထိုရှားတောသို့ ကြွရောက်သီတင်းသုံး နေတော်မူ၍ ဝါတွင်းသုံးလတို့၏ အတွင်း၌သာလျှင် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လေ၏။ အရှင်သာရိပုတ္တရာ မထေရ်သည်လည်း ပဝါရဏာပြုပြီးသော် မြတ်စွာဘုရား ကိုယ်တော်မြတ်သို့ ချဉ်းကပ် ဝပ်တွားလျက် ရေဝတ သာမဏေ သီတင်းသုံးသော ထိုရှားတောသို့ သွားရန် အလိုငှါ ခွင့်ပန်လျှောက်ကြား၏။ မြတ်စွာဘုရားသခင်က ချစ်သား သာရိပုတ္တရာ ငါတို့သည်လည်း သွားပေအံ့-ဟု မိန့်တော်မူ၍ ငါးရာကုန်သော ရဟန်းတို့နှင့် အတူတကွ ထွက်ကြွတော်မူ၏။

အတန်ငယ် သွားမိသည်ရှိသော် အာနန္ဒာမထေရ်သည် နှစ်ဖြာသော ခရီးလမ်းတို့ကို တွေ့၍ ရပ်တန့်တော်မူပြီးသော် ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား အရှင်ရေဝတ၏ နေရာဖြစ်သော အရပ်သို့ သွားရောက်အံ့သော လမ်းခရီး နှစ်ဖြာတို့တွင် ဤလမ်းခရီးကား ကွေ့ကောက်သောလမ်း ဖြစ်ပါသည်။ ယူဇနာ ခြောက်ဆယ်တိုင်တိုင် ဝေးကွာလျက် လူတို့၏ နေရာပါတည်း။

တစ်ခုသော လမ်းခရီးသည်ကား ဖြောင့်မတ်သော ခရီးပါတည်း။ ယူဇနာသုံးဆယ်မျှလောက်သာ ဝေးကွာလျက် ဘီလူးတို့ သိမ်းဆည်း စောင့်ရောက်သော နေရာပါတည်း။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား နှစ်ကြောင်းနှစ်ဖြာကုန်သော ဤခရီးလမ်းတို့တွင် အဘယ်ခရီးဖြင့် ကြွတော်မူပါကုန်အံ့နည်းဟ မေးလျှောက်၏။ ချစ်သား အာနန္ဒာ သီဝလိသည် ငါတို့နှင့် အတူတကွ လိုက်ပါလာသည် မဟုတ်တုံလော-ဟု မေးတော်မူသဖြင့် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား သီဝလိမင်းထံ၌ ပါလာပါသည်ဟု လျှောက်ထားလှုင် ချစ်သား အာနန္ဒာ ငါ့သားတော် သီဝလိသည် ပါလာသည် ရှိသော် ဖြောင့်မတ်သော လမ်းခရီးကို သာလျှင် ယူလေလော့ဟု မိန့်တော်မူ၏။

မြတ်စွာဘုရားသခင်သည် "ငါသည် အသင်တို့အား ယာဂုဆမ်း စသည်တို့ကို ဖြစ်စေအံ့။ ဖြောင့်မတ်သော လမ်းခရီးကို ယူလေလော့"ဟု မိန့်ဆိုတော်မမူဘဲ ကောင်းမှုဘုန်းကံ ရှိကုန်သော ထိုထိုသို့သော သူတို့အား အကျိုးပေးခွင့်ကာလ သင့်သည်ကို သိနှင့်တော်မူသည် အားလျော်စွာ ချီးမြှင့်တော်မူလိုသောကြောင့် ငါ၏ သားတော် သီဝလိသည် ပါလာခဲ့သည်ဖြစ်အံ့။ ဖြောင့်မတ်သော လမ်းခရီးကို ယူလေလော့ဟု မိန့်ဆိုတော်မူသတည်း။

နတ်တို့က ကျောင်းဆောက် လှူဒါန်းခြင်း

ဘီလူးတို့သည် သိမ်းဆည်းစောင့်ရှောက်အပ်သော ထိုတောအုပ်လမ်းခရီးသို့ မြတ်စွာဘုရား ကြွသွားတော်မူသည် ရှိသော် နတ်အပေါင်းတို့သည် ငါတို့၏ အရှင်ဖြစ်တော်မူသော သီဝလိမထေရ်အား ပူဇော်သက္ကာရကို ပြုကြကုန်အံ့ဟု ကြံ၍ တစ်ယူဇနာ တစ်ယူဇနာ အထက်၌ တစ်ဆောင် တစ်ဆောင်သော ကျောင်းတို့ကို ဖန်ဆင်းပြုလုပ်စေ၍ တစ်ယူဇနာမှ အထက် ပို့လွန်တက်၍ ကြွသွားတော်မူခြင်းကို မကြေးဘဲ တစ်ခုသော ကျောင်း၌ တစ်ည၌ တစ်ည၌ တည်းခိုကိန်းဝပ်စေပြီးမှ နံနက်မိုးသောက် ကျရောက်သောအခါ စောစောကပင်လျှင် နတ်၌ ဖြစ်သော ယာဂုစသည်တို့ကို ကိုင်ယူ လက်စံကုန်လျက် ငါတို့၏ အရှင်ဖြစ်သော သီဝလိမထေရ်သာ့ အဘယ်အရပ်၌ ထိုင်နေ သီတင်းသုံးတော်မူပါလိမ့်မည်နည်းဟု မေးမြန်းစိစစ်လှည့်လည်ကြကုန်၏။ သီဝလိမထေရ်သည် မိမိအား ရှေးရှုဆောင်ယူ ပေးလှူဒါန်းသော ယာဂုစသည်ကို ဘုရားအမှူးရှိသော သံဃာအား ပေးပို့လှူဒါန်းစေ၏။ ဤသို့သော အခြင်းအရာဖြင့် မြတ်စွာဘုရားသခင်သည် အခြံအရံနှင့်တကွ သီဝလိမထေရ်၏ ကောင်းမှုဘုန်းကံကိုသာလျှင် ခံစားတော်မူလျက် ယူဇနာ သုံးဆယ်ရှိသော ကန္တာရ ခရီးလမ်းသို့ ကြွသွားတော်မူ၏။

ဂန္ဓကုဋိကို ဖန်ဆင်းခြင်း

ရှားတောနေ ရှင်ရေဝတသည်လည်း မြတ်စွာဘုရား ကြွလာတော်မူသည်ကို သိ၍ မြတ်စွာဘုရားရှင်၏ သီတင်းသုံးတော်မူရန် ဂန္ဓကုဋိကို ဖန်ဆင်း၏။ ငါးရာကုန်သော အထူတ်တပ်သော တည်းခိုကျောင်းတို့ကို လည်းကောင်း၊ ငါးရာကုန်သော စင်္ကြံတို့ကိုလည်းကောင်း၊ ငါးရာကုန်သော ညဉ့်သန့်ရာ နေသန့်ရာတို့ကို လည်းကောင်း ဖန်ဆင်း၍ ထားပေ၏။ မြတ်စွာဘုရားသင်္ဃာသည် ကြွရောက်တော်မူ၍ ထိုအရှင်ရေဝတ၏ အထံ၌ တစ်လမျှပတ်လုံး သီတင်းသုံး စံနေတော်မူ၏။ ထိုသို့ အရှင်ရေဝဟ၏ အထံ၌ မြတ်ဘုရားသည် ကြွသွား သီတင်းသုံး ဇနတော်မူသော်လည်း အရှင်သီဝလိမထေရ်၏ ကောင်းမှုဘုန်းကံကိုသာ ခံစား၍ သီတင်းသုံးတော်မူ၍ ပုပ္ပါရုံကျောင်းတော်သို့ ပြန်ကြွတော်မူ၏။

ရဟန်းကြီးနှစ်ပါး

မြတ်စွာဘုရားရှင်သည် အရှင်ရေဝတ ကျောင်းခွင်သို့ ကြွဝင်တော် မူစဉ် ကာလ နောက်တော်၌ ပါလာသော မျှားစွာသော ရဟန်းတို့တွင် ကြီးမှ ရဟန်းပြုကုန်သော ရဟန်းကြီး နှစ်ပါးတို့သည် ရှားတောသို့ ဝင်သောကာလ ဤသို့ ကြုံဆင်ခြင် ကြကုန်သည်မှာ "ဤရဟန်း၏ကျောင်း အရိပ်အာဝါသ ပရိဝုဏ်အရံ စသည်တို့သည် သင့်တင့်သပွါယ် ဖွယ်ရာလျောက်ပတ် အလွန် ကောင်းမြတ်လှပေ၏။ ဤမျှလောက်သော နဝကမ္မအမှုကို ပြုစုအားထုတ်နေသော ထိုရဟန်းသည် ရဟန်းတို့၏ ကျင့်ကြံအားထုတ်ဖွယ်ရာသော တရားကို အဘယ်မှာအားထုတ် ပြုလုပ်ခြင်းငှါ စွမ်းနိုင်ပါတုံအံ့နည်း။ မြတ်စွာဘုရားရှင်သည် သာရိပုတ္တရာမထေရ်၏ ညီငယ်ဖြစ်သော ကြာင့် မျက်နှာကြီးငယ်ထေ့က် ရွယ်သမှု ကြည့်ရှုပြီး ရဟန်းပြုသစ်စဖြစ်သော ဤသို့ သဘောရှိသော သီတင်းငယ် ရဟန်း၏အထံသို့ ကြွလာတော် မူခဲ့ချေသည်တကား" ဟု ကြုံစည်ကြကုန်၏။

မြတ်စွာဘုရားသခင်သည်လည်း ထိုနေ့မိုးသောက်ကာလ လောကကိုကြည့်ရှုတော် မူသည်ရှိသော် ရဟန်းကြီးနှစ်ပါးတို့ကို မြင်တော်မူ၍ ထိုရဟန်းကြီး နှစ်ပါးတို့၏ စိတ်အကြံအစည်ကို သိတော်မူ၏။ မြတ်စွာဘုရားသခင်လည်း အရှင်ရေဝတ၏ သီတင်းသုံးတော်မူရာဖြစ်သော ရှားတောကျောင်း၌ ဝင်စံလပတ်လုံး သီတင်းသုံး ကိန်းအောင်းတော်မူပြီး၍ ပြန်လည်ထွက်ကြွတော် မူလာခဲ့သော နေ့၌ အကြင်သို့သော အခြင်းအရာဖြင့် ဓိဋ္ဌာန်ကော် မူအပ်သည်ရှိသော် ထို ရဟန်းကြီး ဘိုသည် မိမိတို့၏ ဆီမှတ်ရေဗူး, ဖိနပ်တို့ကို သက်လွတ်ကင်း မေ့လျော့ခြင်း ဖြစ်ပေကုန်ရာ၏။ ထိုသို့သော အခြင်းအရာဖြင့် ဓိဋ္ဌာန်တော်မူပြီး၍

ထွက်ကြွပြန်လည်တော်မူခဲ့သောအခါ ကျောင်းဥပစာရကို လွန်မြောက် အပြင်ဘက်သို့ ရောက်သောကာလ၌ ဓိဋ္ဌာန်တော်မူအပ်သော တန်ခိုးတော်ကို ဖြေဖျောက် စွန့်လွှတ်တော်မူပေ၏၊ ထိုသို့တန်ခိုးတော်ကို ဖြေဖျောက်စွန့်လွှတ်သောအခါ ထိုရဟန်းကြီးနှစ်ပါးတို့သည် ငါသည် ဤသို့ ဤသို့သော ဝတ္တရားကို မေ့လျော့ခဲ့၏၊ မယူဆောင်မိခဲ့၊ ငါသည်လည်း မေ့လျော့ခဲ့သည်ဟု နှစ်ဦးကုန်သော ရဟန်းကြီးတို့သည် အချင်းချင်း ပြောဆိုကြပြီးသော် ဆုတ်နစ်ပြန်လည်ခဲ့၍ ဒီမိဘို့၏ ပစ္စန္တိမ ဒေသလျှင် ဤနှစ်ခုသောအရပ်ကို မမှတ်မိသောကြောင့် ရှားပင်မှပေါက်ထွက်သော သစ်ငုတ် ဆူးငြောင့်တို့ဖြင့် ထိုးကျင့်သည်ကို ခံရလျက် လှည့်လည်ရှာဖွေသောအခါ တစ်ခုသောရှားပင်၌ တွဲလဲ ဆွဲအပ်သော မိမိ၏ ဘဏ္ဍာထုပ်ကို တွေ့မြင်၍ ဖြေယူပြီးသောကာလ ဖဲသွားကြကုန်၏၊ မြတ်စွာဘုရားရှင်သည်လည်း ရဟန်းသံဃာအပေါင်းတို့ကိုယူတော်မူ၍ တစ်လဖြင့်သာလျှင် သီဝလိမထေရ်၏ ကောင်းမူဘုန်းကံကို ခံစားလျက်သော ကြွသွားတော်မူပြီးသော် ပုဗ္ဗာရုံကျောင်းသို့ ဝင်စံတော်မူ၏။

တစ်နေ့မိုးသောက် နုံနက်သို့ရောက်သည်ရှိသော် ရဟန်းကြီး နှစ်ပါးတို့သည် နုံနက်စောစောကပင် ခံတွင်းကိုဆေးကြော၍ အာဂန္တုကဘတ်ကို ပေးလှူလေ့ရှိသော် ဝိသာခါဒါယိကာမကြီး၏အိမ်သို့ သွားရောက်၍ ယာဂုကို သောက်ကုန်အံ့ဟု ကြံပြီးလျှင် အိမ်သို့ကြွရောက်ပြီးသည်ကာလ ယာဂုခဲ့ဖွယ်ကိုသောက်သုံး၍ ထိုင်နေကြကုန်၏။

ဝိသာခါ၏ လျှောက်ထားချက်

ထိုအခါ ဝိသာခါဒါယိကာမကြီးက အရှင်ဘုရားတို့ အရှင်မြတ်တို့သည် မြတ်စွာဘုရားကိုယ်တော်မြတ်နှင့်တကွ ရေဝတမထေရ်၏ ကိန်းအောင်းရာ တောကျောင်းသို့ ကြွတော်မူခဲ့ကြသည်မဟုတ်တုံလောဟု မေးလျှောက်၏။ ရဟန်းကြီးတို့ကလည်း သြော် ဟုတ်ပေ၏ဟု ပြောလျှင် အရှင်ဘုရားတို့ ရေဝတမထေရ်သည် သီဘင်းသုံးဆာဖြစ်သော်ဘုရားတောကျောင်းပရိဝုဏ်သည်မှ လျော်ပျော်ဖွယ်ရာ ကောင်းပါ၏လောဟု မေးလျှောက်ပြန်၏။ ဒါယိကာမကြီး ရေဝတမထေရ်၏သီတင်းသုံးရာဖြစ်သော ထိုတောကျောင်းသည် ပျော်ပါး နှစ်သက်ဖွယ်ရာအဘယ်မှာကောင်းနိုင်ပါအုံးနည်း၊ သက်သက်သော ရှားဆူးငုတ်တို့ဖြင့် ထွေးရှုပ်လိမ်ခက် ပြိတ္တာတို့နေရာနှင့်သာ တူလေသည်ဟု ပြောဆိုကုန်၏။

ထိုခဏဝယ် ရဟန်းငယ် နှစ်ပါးတို့လည်း ကြွတော်မူလာ ကြကုန်၏။ ဝိသာခါ ဒါယိကာမကြီးသည်လည်း ထိုရဟန်းငယ်နှစ်ပါးတို့အား ယာဂုခဲ့ဖွယ်တို့ကို ပေးလှူပြီး၍ ရှေးနည်းအတူသာလျှင် မေးလျှောက်ပြန်၏။ ထိုရဟန်းငယ်

နှစ်ပါးတို့က ဒါယိကာမကြီး ရေ၀တအရှင်သည် သီတင်းသုံးရာဖြစ်သော ထို အရပ်ဒေသကို သာမည်ဖြစ်သော ငါတို့ကဲ့သို့သော သူသည် ပြောဆို ချီးမွမ်း ခြင်းငှါ အဘယ်မှာစွမ်းနိုင်ပါတုံအံ့နည်း၊ တ၁၀တိ ံသ၁ နတ်တို့ရှာ၀ယ် သုဓမ္မာ နတ်သဘင်နှင့်သာ တူလှပေသည်။ တန်ခိုးဖြင့် ဖန်ဆင်းထားဘိသကဲ့သို့ ရှိပါ ပေသည်ဟု ပြောဆိုကြကုန်၏။

ဝိသာခါဒါယိကာမသည်လည်း ရှေးဦးစွာ ကြွလာတော်မူကုန်သော ရဟန်း တို့သည် တစ်ပါးသော အခြင်းအရာဖြင့် ပြောဆိုကြကုန်၏။ နောက်မှ ကြွတော် မူလာကြကုန်သော ရဟန်းတို့သည် တစ်ပါးသော အခြင်းအရာတို့ဖြင့် ပြောဆို လေသည်။ ထိုရဟန်းနှစ်ဦးတို့တွင် ရှေးဦးပထမ ကြွတော် မူလာကြကုန်သော ရဟန်းတို့သည် တစ်စုံတစ်ခုပစ္စည်း၀တ္ထုကို မေ့လျော့၍ ကျန်ရစ်ခဲ့သောကြောင့် တန်ခိုးတော်ကို ဖြေလွှတ်သောအခါ၌ ဆုတ်နစ် ပြန်လည်ကြွလာတော် မူကြ ကုန်သည် ဖြစ်ပေလိမ့်မည်။ နောက်မှကြွတော်မူလာသော ရဟန်းတို့သည်ကား တန်ခိုးအာဘိညာဉ် စီမံဖန်ဆင်းသောအခါ၌ သွားရောက်တော်မူကြသည် ဖြစ် ပေလိမ့်မည်။ မိမိဉာဏ်ပညာ အားလျော်စွာ ကြံဆင်ခြင်ပြီး၍ မြတ်စွာဘုရား ရှင်သည် ကြွ၀င်တော်မူလာသောအခါ၌ မေးလျှောက်တော့အံ့ဟု ဆုံးလင့်၍ နေ၏။

ထိုနောက် တစ်ခဏအတွင်းမှာပင် မြတ်စွာဘုရားရှင်သည် သံဃာတော် အပေါင်းခြံရုံလျက် ဝိသာခါ ဒါယိကာမအိမ်သို့ ကြွလာတော်မူ၍ ခင်းထား အပ်သော မြတ်သောနေရာ၌ ထိုင်နေသီတင်းသုံးတော်မူ၏။ ဝိသာခါ ဒါယိကာမ သည်လည်း ဘုရားအမှူးရှိသော သံဃာအပေါင်းကို ကောင်းမွန်ရှိသေစွာ လုပ်ကျွေးပြုစုပြီး၍ ဆွမ်းစားခြင်းကိစ္စ ပြီးဆုံးသောအခါ၌ မြတ်စွာဘုရား ကိုယ်တော်မြတ်ကို ညွတ်ပျပ်ရှိကျိုး ရှိခိုးဦးချပြီးသော် ဘုန်းတော်အလွန်ကြီး တော်မူသော မြတ်စွာဘုရား၊ အရှင်မြတ်တို့နှင့်အတူတကွ ကြွသွားတော်မူကြ ကုန်သော ရဟန်းတို့တွင် အခွါသောရဟန်းတို့က အရှင်ရေ၀တ၏ နေရာအရပ် သည် ရှားဆူး သစ်ငုတ်တို့ဖြင့် ဖုံးအုပ်ဖျက်ဆီး တောကြီးအလယ် မဟင်္ဂတယ် မလျောက်ပတ်ဟု ပြောဆိုကြပါကုန်သည်။ အခွါသောရဟန်းတို့ကလည်း မေ့ လျော့ပျော်ပါးဖွယ် တင့်တယ်လျောက်ပတ်၏ဟု ပြောဆိုကြပါကုန်သည်၊ ဤသို့ ဖြစ်ခြင်းသည် အကြောင်း အဘယ်သို့ပါ နည်းဟု မေးလျှောက်၏။

သေ၁တ၁ပန်တည်ကြခြင်း

မြတ်စွာဘုရားရှင်သည် ဝိသာခါလျှောက်ထားသော ထိုစကားကို ကြားသိ တော်မူ၍ ဒါယိကာမဝိသာခါ ရှာဖြစ်စေ, တောဖြစ်စေ အကြင်သူသော

ဌာနဒေသအရပ်၌ ကိလေသာ ကင်းစင်သော ရဟန္တာပုဂ္ဂိုလ်တို့သည် သီဘင်းသုံးနေကြကုန်၏။ ထိုအရပ်ဒေသ ထိုဌာနတို့သည် မွေ့လျော် ပျော်ပါးဖွယ်ကောင်းလှပေသည်သာလျှင်တည်းဟု မိန့်တော်မူပြီးသော် အနုသန္ဓေကို စပ်တော်မူ၍ တရားတော်ကို ဟောကြားတော်မူလိုသောကြောင့် ဤဂါထာကို မိန့်တော်မူ၏—

ဂါမေ ဝါ ယဒိ ဝါ ရညေ၊ နိန္နေ ဝါ ယဒိ ဝါ ထလေ။
ယတ္ထ အရဟန္တာ ဝိဟရန္တိ၊ တံ ဘူမိ ရာမဏေယျကံ—

အဓိပ္ပါယ်ကား။ ။ရွာဖြစ်စေ, တောဖြစ်စေ, ချိုင့်ဝှမ်းဖြစ်စေ,ကျည်းကုန်းဖြစ်စေ, ရဟန္တာတို့နေရာအရပ်သည် ပျော်မွေ့ဖွယ်သာလျှင် ဖြစ်၏။

ထိုစကားရပ်၌ ရဟန္တာတို့သည် ရွာ၌ ကိုယ်၏ ဆိတ်ငြိမ်မှုကို မရပါမူ၊ စိတ်၏ ဆိတ်ငြိမ်မှုကိုကား ရသည်သာဖြစ်၏၊ ထိုရဟန္တာတို့အား နတ်နှင့်တူသော အာရုံတို့သည်လည်း စိတ်လှုပ်ရှားစေရန် မစွမ်းနိုင်ကြကုန်၊ ထို့ကြောင့် ရွာဖြစ်စေ, တောဖြစ်စေဟု ဆိုလိုသည်။

ထိုရဟန္တာများ နေရာအရပ်သည် ပျော်မွေ့ဖွယ် ရှိသည်သာတည်း၊

ဒေသနာတော်၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်၌ တည်ကုန်၏။

အရှင်သီဝလိ၏ ရှေးအကြောင်း

နောက်အခါ၌ ရဟန်းတော်တို့သည် "ငါ့ရှင်တို့၊ သီဝလိ မထေရ်သည် အဘယ်သို့သော အကြောင်းကြောင့် ခုနစ်နှစ်, ခုနစ်လ, ခုနစ်ရက်တို့ ပတ်လုံး အမိုဝမ်းတိုက်၌ ကိန်းပိုက်သန္ဓေ ကိန်းအောင်း၍ နေရပါလိမ့်မည်နည်း။ အဘယ်သို့သော အကြောင်းကြောင့် ငရဲ၌ ကျက်၍ ခံစားရပါလိမ့်မည်နည်း။ အဘယ်သို့သော အကျိုးဆက် အာနိသင်ကြောင့် ဤမျှလောက်သော လာဘ်လာဘအခြံအရံ အထွတ်အမြတ်သို့ ရောက်ရပါလိမ့်မည်နည်း" ဟူသော စကားကို ဖြစ်စေကြကုန်၏။ မြတ်စွာဘုရားသခင်သည် ရဟန်းတို့ ပြောဆိုကြသော ထိုစကားကို ကြားတော်မူ၍ ချစ်သားရဟန်းတို့ အဘယ်သို့သော စကားကို ပြောဆိုကြကုန်သနည်းဟု မေးသည်ရှိသော် ဘုန်းတော်ကြီးတော် မူသော မြတ်စွာဘုရား ဤအမည်ရှိသော အကြောင်းပါတည်းဟု လျောက်ထားသည့်ကာလ မြတ်စွာဘုရားသည် ထိုအရှင်သီဝလိမထေရ်၏ ရှေး၌ ပြုခဲ့ဖူးသောကံကို ဟောကြားတော်မူလိုသည် ဖြစ်သောကြောင့် ဤသို့ မိန့်တော်မူ၏။

ချစ်သားရဟန်းတို့ ဤဘဒ္ဒကပ်ကမ္ဘာမှ ပြန်၍ရေတွက်သော် အထက်ကိုးဆယ့်တစ် ကမ္ဘာကာလ၌ ဝိပဿီဘုရားသည် ထင်ရှားလူ၌ဖြစ်သတည်း။

ဘုရားစင်စစ်ဖြစ်တော်မူပြီးသောအခါ တစ်ရံကာလ ဇနပုဒ် လှည့်လည်ခြင်းကို လှည့်လည်တော်မူလျက် ကြွခဲ့ရာ ခမည်းတော်မင်းကြီး၏မြို့သို့တစ်ဖန်ပြန်ရောက်တော်မူ၏။ ခမည်းတော် မင်းတရားလည်း ဘုရားအမှူးရှိသော သံဃာတော်အာဂန္တုက အလှူဝတ်ကို စီမံပြီး၍ မြို့သူမြို့သားတို့သည် ငါ၏ အလှူဒါန ပြုလုပ်ရာ၌ အပေါင်းအဖော် ဖြစ်ပါကုန်လောဟု မြို့သူမြို့သားတို့၏ အထံသို့ သတင်းစကား မှာထားစေခိုင်း၏။မြို့၌နေသူ လူအပေါင်းတို့သည် ကောင်းစွာ ပြုစုဆောင်ရွက်၍ ငါတို့သည်လည်း မင်းကြီးလှူဒါန်းအပ်သော ဤအလှူဝတ္ထု ဒါနထက် ဆတက်ပိုလွန် ကောင်းမြတ်သော အလှူကို ပေးလှူကုန်အံ့ဟု ညှိနှိုင်းတိုင်ပင်၍ မြတ်စွာဘုရားရှင်ကို ပင့်ဖိတ်ပြီးသော် နောက်နေ့၌ အလှူဝတ္ထုကို ပြုစုစီရင်၍ ဘုရင်မင်းမြတ်ထံသို့ သတင်းစကားကို ပို့ကုန်၏။

ဘုရင်မင်းမြတ်သည် မြို့သူမြို့သား လူများအပေါင်းတို့၏ အလှူဝတ္ထုကို ကြည့်ရှုပြီးသော် ဤလှူဖွယ်ဝတ္ထုထက် ဆတက်ပိုလွန် ကောင်းမွန်အောင် လှူဒါန်းဦးအံ့ဟု ကြံ၍ နောက်တစ်နေ့၌ မြတ်စွာဘုရားကိုပင့်ဖိတ်၍ လှူဒါန်းပြန်၏။ ဤသို့သောနည်းဖြင့် မင်းကြီးသည် မြို့သူမြို့သားအပေါင်းတို့ကို ရှုံးစေခြင်းငှာ မစွမ်းနိုင်၊ မြို့သူမြို့သားအပေါင်းတို့သည်လည်း မင်းကြီးကို ရှုံးစေခြင်းငှာ မစွမ်းနိုင်၊ ခြောက်ကြိမ်မြောက်၌ မြို့သူ မြို့သားအပေါင်းတို့သည် ဤသူတို့ပြုစု လှူဒါန်းသော အလှူဝတ္ထု၌ ဤအမည်ရှိသော အလှူဝတ္ထုသည်ကား မပါမရှိဟု ပြောဆိုရန် အခွင့်မရအောင် ငါတို့ပြုစုလှူဒါန်းအံ့ဟု ညီညွတ်တိုင်ပင် ကြံစည်၍ နောက်တစ်နေ့၌ အလှူဝတ္ထုကို ပြုစုစီမံပြီးလျှင် ဤအလှူ၌ အဘယ်ဝတ္ထုသည် မပါမရှိသနည်းဟု ကြည့်ရှုစိစစ်သည်ရှိသော် စိမ်းစိုသော ပျားလဘို့ရည်တစ်ခု မပါမရှိသည်ကို ကြည့်ရှု၍ မြင်ကုန်၏၊ ချက်အပ် ပြီးသော ပျားရည်ဘို့သည်ကား များစွာပင် ပါရှိပေ၏။ ထိုအခါ လူများအပေါင်းတို့သည် မကျိမချက်ရသေးသော အသစ်ဖြစ်သော ပျားရည်အလို့ငှာ မြို့တံခါးလေးရပ်တို့၌ လေးထောင်သော အသပြာတို့ကို ယူစေ၍ စေလွှတ်ကြကုန်၏။

ငွေတစ်ထောင် ပေးရသော ပျားရည်

ယင်းသို့သောအခါ ဇနပုဒ်နေသူ လူတစ်ယောက်သည် ရှာစားကိုတွေ့ခြင်းငှာ လာခဲ့သည်ရှိသော် လမ်းခရီးအကြား၌ ပျားလဘို့ကို တွေ့မြင်၍ ပျားကောင်တို့ကို ထွက်ပြေးစေပြီးသော် သစ်ခက်ကို ချိုးဖဲ့ဖြတ်ထောက်၍ သစ်ခက်တုတ်တံနှင့်တက္ခသော ပျားလဘို့ကိုယူပြီးလျှင် ရှာစားအား ပေးဆောင်အံ့ဟု ကိုင်ယူဆွဲငင်၍ မြို့သို့ဝင်၏။

ပျားရည်အလို့ငှာ ဖွေရှာလှည့်ပတ်သော မြို့သားတို့သည် ဇနပုဒ်သား ထိုယောကျ်ားကို တွေ့မြင်၍ အချင်းယောကျ်ား အသင့်ပျားလဘို့သည် ရောင်းရန်

ဖြစ်သလောဟု မေး၏။ အရှင် ဆောင်းရန်မဟုတ်ပါဟု ဆို၏။ အဆွေယောကျ်ား အသင်သည် ဤအသပြာတစ်ကျပ်ကို ယူဆောင်၍သွားပါ၊ ငါ့အား ပျားလဘို့ကို ပေးခဲ့ပါဟု တောင်း၏။ ဇနပုဒ်သား ယောကျ်ားလည်း စဉ်းစားကြံဆင်ခြင်သည်မှာ ဤပျားလဘို့ဘို့သည် တစ်မတ်မျှသော်လည်း အဖိုးမထိုက်၊ သို့ပါလျက်ကို ဤယောကျ်ားသည် တစ်ကျပ်သော အသပြာကို ပေး၏။ ဤသူ၌ အသပြာများစွာ ပါဟန်တူချေသည်။ တန့်ရပ်ပြောဆိုပြီးသည်ကာလ ဆတက်ထမ်းပိုး အဖိုးတိုးအောင် ပြုဒပ်၏ဟုကြံ၏၊ ကြံပြီး၍ကား အရှင် အကျန်ပ်သည် မပေးနိုင်ပါဟု ဆို၏။ ထိုသို့ဖြစ်လျှင် နှစ်ကျပ်သောအသပြာတို့ကို ယူလော့ဟု ပေး၏။ မရောင်းနိုင်ပါဟု ဆိုပြန်လျှင် အတန်တန်သောအသပြာတို့ကို ပွားများတိုးတက်၍သာ ပေးလာသဖြင့် အသပြာတစ်ထောင်သို့ ရောက်သောအခါ မိမိ၌ပါလာသော အသပြာတစ်ထောင်အိတ်ကို ဒကုန်အပ်နှင်း၏။

ထိုအခါ ဇနပုဒ်သားက အရှင် အသင်သည် ရှုးသွပ်နေသလော၊ သို့တည်း မဟုတ် ပစ္စည်းဥစ္စာအသပြာတို့ သိုထားစရာ နေရာ မရှိ၍လော၊ တစ်မတ်မျှ အဖိုးထိုက်တန်သော ပျားရည်ကို အသပြာတစ်ထောင် ပေးဆောင်ဘိသည်ကား အကြောင်းအသို့ပေနည်းဟု မေးမြန်းပြောဆို၏။

အရှင် ငါသည် ပျားလဘို့ကား ဤမျှလောက်သောအဖိုး ထိုက်တန်သည်ကို သိ၏။ သို့သော်လည်း ငါ့အား ပြုဖွယ်ကိစ္စ တစ်ခုရှိပေသည်။ ထို့ကြောင့် ဤသို့ ဆိုပေသည်ဟု ပြော၏။ အရှင် အသင်တို့ကိစ္စဟူသည် အဘယ်ပါနည်း-ဟု မေးမြန်းသဖြင့် အချင်းယောကျ်ား လူအများသည် ရဟန်းသံဃာတော်အပေါင်း ခြောက်သောင်းရှစ်ထောင်မျှလောက် အခြံအရံရှိသော ဝိပဿီသခင် ဘုရားရှင်အား လှူဒါန်းဆက်ကပ်ဖို့ရာ ကြီးစွာသော ဒါနကို ကောင်းစွာ စီရင်အပ်၏။ ထို သို့စီရင်ရာ၌ လှူဒါန်းဖွယ်ရာ ပစ္စည်းဝတ္ထုအလုံးစုံသည် အကုန်ပြည့်စုံပါလျက် မကျိုးမချက်ရသေးသော ပျားရည်တစ်ခုသည်သာလျှင် မပါမရှိချေ၊ ထို့ကြောင့် ငါသည် ဤသို့ဝယ်ယူခြင်း ဖြစ်ပေသည်၏ဟု ပြော၏။

ဇနပုဒ်သားကလည်း ဤသို့ဖြစ်ခဲ့ပါလျှင်မူ ငါသည် အဖိုးဖြင့် မရောင်းလိုပါ၊ ကုသိုလ်ဒါန၌ အဖိုဘာဂကို အကယ်၍ရသည်ဖြစ်အံ့ ပေးပါမည်ဟု ပြောဆို၏။ ဝယ်ယူသော မြို့သားသည် လျှင်မြန်စွာသွားပြီးသော် မြို့သူမြို့သား လူများအပေါင်းတို့အား ထိုအကြောင်းကို ပြောကြား၏။ မြို့သူမြို့သားအပေါင်းတို့သည်လည်း ဇနပုဒ်သားယောကျ်း၏ သဒ္ဓါတရား အားကြီးသည်ကို သိ၍ကောင်းပါပြီ၊ ကုသိုလ်အဖို့ကို ရပါစေတော့ဟု ပြောဆိုဝန်ခံပြီးလျှင် ဘုရားအမှူးရှိသော သံဃာတော်သို့ ပင့်ဖိတ်ထိုင်နေစေပြီး၍ ယာဂုခဲဖွယ်ကိုဆက်ကပ်လှူဒါန်းပြီးလျှင် ကြီးစွာသော ရွှေခွက်ကိုဆောင်ယူစေပြီးသော် ပျားလဘို့ကို ညှစ်စေကုန်၏။

ထိုဇနပုဒ်သား ယောက်ျားသည်ပင်လျင် လက်ဆောင်ပေးရန် အကျိုးငှါ နို့မေ်းအိုးတစ်လုံးကိုလည်း ဆောင်ယူအပ်ခဲ့သည်ဖြစ်၍ ထင်းရှားရှိပေ၏။ ဇနပုဒ် ယောက်ျား တောတွင်းသားသည် နို့မေ်းကို ရွှေခွက်၌ သွန်းလောင်း ထည့်သွင်း ပြီးသော် ပျားရည်ဖြင့် ရောနှောလှောက်ဖျော်၍ ဘုရားအမှူးရှိသော သံဃာ တော်အား အစမှစ၍ အစဉ်အတိုင်း ပေးလှူဆက်ကပ်၏။ ထိုနို့ပျားရည်သည် အလိုရှိတိုင်း ခံယူသုံးဆောင်တော်မူကြကုန်သော ခြောက်သောင်းရစ်ထောင်မျှ လောက်ကုန်သော အလုံးစုံသော သံဃာတော်တို့အား ပြည့်စုံလုံလောက်ရုံမျှ မကမူ၍ ပိုလွန်ကြွင်းကျန်ခြင်း ဖြစ်သည်သာလျှင်တည်း။

ဤနေရာ၌ အနည်းငယ်မျသော ပျားရည်သည် များစွာကုန်သော ရဟန်း တို့အား အဘယ်ကြောင့် ပြည့်စုံလုံလောက် အဆုံးသို့ ရောက်နိုင်ပါလိမ့်မည်နည်း ဟူ၍ မကြံစည် မတွေးတောအပ်။ ထိုစကားမှန်၏၊ အနည်းငယ်မျသော ထိုပျားရည်သည် မြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် အလုံးစုံသော ရဟန်း တို့အား ပြည့်စုံလုံလောက်၍ အဆုံးသို့ရောက်ပေ၏။ မြတ်စွာဘုရား တန်ခိုးတော် အရာသည် မကြံစည်အပ် မကြံစည်ထိုက်။ မကြံစည်အပ်သော တရားလေးပါး ရှိကုန်၏၊ ထိုလေးပါးတို့ကို ကြံစည်သူအား ရူးသွပ်ခြင်း အဖို့မျှသာ ဖြစ်ပေ၏။

ပြည့်ရှင်မင်းဖြစ်ခြင်း

ဇနပုဒ်သား ထိုယောက်ျားသည်လည်း ဤမျလောက်သော ကုသိုလ် ကောင်းမှုကံကို စီမံအားထုတ်ပြုလုပ်၍ အသက်၏အဆုံး၌ နတ်ပြည်၌ဖြစ်၍ ဤမျှလောက်သောကာလ သံသရာ ကျင်လည်ပြေးသွား၍သာ လာခဲ့ရာ တစ်ပါးသောအခါဝယ် နတ်ပြည်မှ စုတေ့ခဲ့ပြီးသော် ဗာရာဏသီပြည့်ရှင် ဘုရင် မင်းမြတ်၏ အမျိုး၌ဖြစ်၍ ခမည်းတော်မင်းမြတ်သည် နတ်ရွာစံသည်ရှိသော် မင်းအဖြစ်သို့ ရောက်လေ၏။ ထိုမင်းမြတ်သည် တရံရောအခါ တစ်ခုသောမြို့ကို တိုက်ခိုက်သိမ်းယူအံ့ဟု သွားရောက်ပြီးသော် စစ်သည် ဗိုလ်ပါများစွာတို့ဖြင့် ဝန်းရံ၍ထား၏၊ မြို့သူမြို့သားလူတို့အားလည်း စစ်ကိုလည်း ထိုးမည်လော၊ မင်းအဖြစ်ကိုလည်း ပေးအပ်မည်လော ဟူသော သတင်းစကားကို ပို့စေ လိုက်၏။ မြို့သူမြို့သား အပေါင်းတို့လည်း ငါတို့သည် မင်းအဖြစ်ကိုလည်းပေအပ် ခြင်းငှါအလိုမရှိ။ စစ်ဆင်တိုက်ခိုက်ခြင်းငှါလည်း အလိုမရှိဟု ပြောဆိုပြန်ကြား ပြီးသော် မြို့၏ တံခါးငယ်တို့ဖြင့် ထွက်၍ ထင်းရှေတို့ကို ဆောင်ယူခြင်း စသော အလုံးစုံကုန်သော အမှုကိစ္စတို့ကို ပြုစုရွက်ဆောင်ကြကုန်၏။ ဗာရာဏသီပြည့်ရှင် မင်းမြတ်သည်လည်း လေးခုကုန်သော မြို့၏ တံခါးမကြီးတို့ကို စောင့်ရှောက် လုံခြုံစေလျက် ခုနစ်နှစ် ခုနစ်လတို့ပတ်လုံး မြို့ကိုဝန်းရံပိတ်ဆို့၍ ထား၏။

ဘုရင့်မယ်တော်ကြီး

ထိုနောက်မင်းကြီး၏မယ်တော်ဖြစ်သော မိဖုရားကြီးက ငါ၏သားတော်သည် ဘယ်ကဲ့သို့ပြုလုပ်ပါလိမ့်မည်နည်းဟု မေးသည်၊အရှင်မိဖုရားကြီး ဤအခြင်းအရာအား‌ဖြင့် ပြုလုပ်ပါသည်ဟု ပြောကြားလျှောက်တင်သဖြင့် အကြောင်းဖြစ်အင်ကို ကြဉီးသိရသည်ရှိသော် ငါ၏ သားတော်သည် မိုက်မဲလေစွတကား။ သွားကြချေ မြို့တံခါးယ်တို့ကိုလည်း ဆို့ပိတ်တားမြစ် ငန်းရံရမည်ဟု ဝင်လျှောက်ချေကုန်လော့ ဟု စေလွှတ်လိုက်၏ မင်းကြီးသည်လည်း မယ်တော် စေလွှတ်လိုက်သော သတင်းစကားကို ကြားသိရ၍ မယ်တော်ကြီးစေခိုင်းသော အတိုင်းကို ပြုပေ၏၊ မြို့သူမြို့သား အပေါင်းတို့သည် အပြင်ဘက်သို့ ထွက်ခွင့်ကို မရကုန်သည်ရှိသော် ခုနှစ်ရက်မြောက်သော နေ့၌ မိမိတို့၏ ပြည်ရှင်မင်းကို သတ်ပြီးသောအခါ ဝန်းရံလာသော ထိုမင်းကြီးအား မင်းအဖြစ်ကို ပေးအပ်ကြကုန်၏။

ထိုမင်းကြီးသည် ဤမျှလောက်သော အကုသိုလ်ကံကို စီမံအားထုတ် ပြုလုပ်ခဲ့ပြီးသော် အသက်၏ အဆုံးဝယ် အဝီစိငရဲ၌ ဖြစ်ရပြီ၍ ဤမြေကြီးသည် အထက်သို့ တစ်ယူဇနာမျှလောက် မြင့်မောက် တက်ကြွသည်တိုင်အောင် ကျက်၍ ခံစားခဲ့ရပြီးသော် ထိုအဝီစိငရဲမှ စုတေသေလွန်၍ သာဝတ္ထိပြည်၌ မယ်တော်ဖြစ်ခဲ့ဖူးသော သုပ္ပဝါသာ ဝမ်းတိုက်၌ ကိန်းပိုက်သန္ဓေ တည်နေ၍ ခုနှစ်နှစ် ခုနစ်လတို့ပတ်လုံး အမိဝမ်း၌ ကိန်းအောင်းရ၏။ ဖွားမြင်သည်ကာလ ခုနစ်ရက်မျှတို့ပတ်လုံးလည် အမိ၏ ယောနိဝ၌ ဖီလာကန့်လန့် တွေ့ဝေမိန်းမောနစ်မြောခံစားရ၏။

ချစ်သားရဟန်းတို့ သီဝလိမထေရ်သည် ထိုအခါ ကာလက မြို့ကိုဝန်းရံပိတ်ပင် သိမ်းယူအပ်သော မကောင်းမှုကံကြောင့် ဤမျှလောက်သော ကာလပတ်လုံး ငရဲ၌ ကျက်စားခဲ့ရပြီးလျှင် လေးခုကုန်သော တံခါးငယ်တို့ကို ပိတ်ထားသော အပြစ်ကြောင့် ထိုငရဲမှ စုတိပြောင်းကြွေ သေလွန်၍ လာခဲ့ပြီးသောအခါ ထိုသုပ္ပဝါသာ အမည်ရသော မိခင်၏ဝမ်း၌ ပဋိသန္ဓေတည်နေစဲယူ၍ ခုနှစ်နှစ် ခုနစ်လ ခုနစ်ရက်တို့ပတ်လုံး ကိန်းအောင်း၍ နေရ၏၊ အသစ်စက်စက် ယိုယွက်လာစဖြစ်သော ပျားရည်ကို ပေးလျှံပူဇော်သည့် အမှုကြောင့် လာဘ်လာဘပြန့်ပြောသည်၏ အဖြစ်၌ အဆွတ်အထိပ်သို့ ရောက်လေဘိသည်-ဟု မိန့်တော်မူ၏။

သောဘာပန် တည်ကြခြင်း

နောက်တစ်ဖန် တစ်နေ့သောနေ့၌ ရဟန်းတို့သည် ရေဝတ မည်တူင် မောင်ရှင်သာမဏေ၏ လာဘ်လာဘသည်လည်း အံ့သြဖွယ် ရှိပေစွ၊ ကောင်းမှု

ဘုန်းကံရှိပေစ့၊ ရဟန်းတော် တစ်ပါးစီအား အထွတ်တပ်သော ပြာသာဒ် စကြံ့ ပရိဝုဏ် အာရုမ် တစ်ခုစီစသောအားဖြင့် ငါးရာကုန်သော စုလစ်မွန်းချန် အထွတ်တပ်သော ပြာသာဒ်၊ ငါးရာကုန်သော စကြံ့၊ ငါးရာကုန်သော နေ့သန့်ရာ ညဉ့်သန့်ရာတို့ကို ပြုလေဘီသည်ဟူသော စကားကို ဖြစ်စေကြကုန်၏။ မြတ်စွာ ဘုရားသခင်သည် ကြွတော်မူလာ၍ ချစ်သားရဟန်းတို့ ယခုအခါ အဘယ်သို့ သော စကားကို ပြောကြား စည်းဝေးကုန်ဘိသနည်းဟု မေးတော်မူ၏၊ ဤ အမည်ရှိသော အကြောင်းပါတည်းဟု လျှောက်ကြားသည်ရှိသော် ချစ်သား ရဟန်းတို့ ငါ၏ သားတော်အား ကောင်းမူလည်းမရှိ မကောင်းမူလည်း မရှိ၊ နှစ်ဦးနှစ်ပါးစုံသော ကုသိုလ် အကုသိုလ်ကို ထိုထိုသော မက်ဖိုလ်ဉာဏ်ဖြင့် ပယ်လှန်စွန့်ပစ် အပ်ပြီဟု မိန့်တော်မူပြီးမှ ဗြာဟွဏဝက်၌ လာလော ဤဂါထာကို မိန့်တော်မူ၏။

ယောဓ ပုညဉ္စ ပါပဉ္စ၊ ဥဘော သင်္ဂံ ဥပစ္စဂါ။
အသောကံ ဝိရဇံ သုဒ္ဓံ၊ တမဟံ ဗြူမိ ဗြာဟွဏံ–

အကြင်သူသည် ဤလောက၌ ကုသိုလ် အကုသိုလ် နှစ်မျိုးလုံး၌ ငြိတွယ်မှုကို လွန်မြောက်၏ စိုးရိမ်မှုမရှိ ရာဂမြူကင်း၏ စင်ကြယ်၏ ထိုသူကို ဗြာဟွဏဟူ၍ ငါဘုရားမိန့်တော်မူ၏။

ဤဒေသနာတော်၏ အဆုံး၌လည်း များစွာကုန်သော သူတို့သည် သောတာ ပတ္တိဖိုလ်-စသည်တို့သို့ ရောက်လေကုန်၏။

ရှားတောနေ ရှင်ရေဝတဝတ္ထု ပြီး၏။

၁၀။ မထင်ရှားသော မိန်းမဝတ္ထု

ရမဏိယာနိ–အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်ယောက်သော မိန်းမကို အကြောင်းပြု၍ ဟောတော်မူ၏။

အိမ်စဉ်မပြတ် ဆွမ်းခံရပ်လျက် ပိဏ္ဍပါတ်ဓုတင်ကို ဆောက်တည်သော ရဟန်းတစ်ပါးသည် မြတ်စွာဘုရား အထံ၌ ကမ္မဋ္ဌာန်းကိုယူ၍ ယိုယွင်း အိုမင်း ပျက်စီးလေပြီးသော ဥယျာဉ်ဟောင်းကြီးတစ်ခုသို့ ကြွသွားဝင်ရောက်၍ ရဟန်းတို့ တရားကို အားထုတ်၍နေ၏။

ပြည့်တန်ဆာမ

တစ်ယောက်သော ပြဿ်တန်ဆာမိန်းမသည် "ငါသည် ဤအမည်ရှိသော အရပ်သို့ သွားနှင့်ပေအံ့။ အသင်သည် ထိုအရပ်သို့ လိုက်၍ လာခဲ့ပါ"ဟု ယောကျ်ားတစ်ယောက်နှင့် ချိန်းချက်မှာထား၍ သွား၏။ ထိုယောကျ်ားသည် လည်း မလာရောက်ခဲ့ချ။ ထိုမိန်းမသည် မိမိချိန်းချက်မှာထားသော ယောကျ်ား လာအံ့ခဲသော ခရီးလမ်းကို မျော်ကြည့်နေခဲ့ရာ ထိုယောကျ်ားကို မမြင်လျှင် ထိုယောကျ်ားအပေါ် စိတ်ကုန်၍ ထိုမှဤမှ လှည့်သွားသည်နှာ ဥယျာဉ်အဘွဲ့သို့ ဝင်လာပြီး တင်ပလ္လင်ခွေထိုင်နေသော ရဟန်းကို မြင်၍ ထိုမှ ဤမှကြည့်ရှုသော အခါ တစ်စုံတစ်ယောက်သော သူကိုမျှ မပွေ့ဖက်မြင်သောကြောင့် ဤရဟန်း သည် ယောကျ်ားသာဖြစ်၏၊ ရဟန်းကို ငါ့အစ္စမ်းရှိသမျှ မာယာကို ပြပြီး သည့် အခါ လှည့်ပတ်ရတော့မည်ဟု ကြံဖြီးလျှင် မထေရ်၏ ရှေ့တည့်တည့်က ရပ်နေပြီး ခါးဝတ်ကို မကြာခဏ ဖြည်ချတ်ခြောင်းလဲ၍ ဝတ်၏။ ဆံထုံးကို ဖွေကာ ဖြေကာ မကြာခဏ ထုံးဖွဲ့၏။ လက်ခုပ်တီးလျက် ပြုံးစိုးရယ်၏။။

မထေရ်အား ထိတ်လန့်တုန်လှုပ်ခြင်း သံဝေဂ ဖြစ်၍ အလုံးစုံသော ကိုယ်ကို ပုံ့နှံ့၏၊ "အဘယ်သို့သောအကြောင်း ဖြစ်ပါလိမ့်မည်နည်း"ဟု စဉ်းစား ဆင်ခြင်၏၊ မြတ်စွာဘုရား ရှင်သည်လည်း ငါဘုရား၏ အထံ၌ ကမ္မဋ္ဌာန်းကို သင်ယူပြီးလျှင် ရဟန်းတရားကို အားထုတ်အံ့ဟူ၍ သွားသောရဟန်းအား အကယ်သို့ဖြစ်လေသနည်းဟု စူးစမ်းဆင်ခြင်တော်မူသည်ရှိသော် မထေရ်အရှင် မြတ်အား မလျော်ကပ်တ် မသင့်တင့် မပြုကျင့်ထိုက်သော အမူအရာ ယုတ်မာသော အာစာရဖြင့် ဖြားယောင်း ဖျောင်းဖျသော ထိုမိန်းမကိုမြင်တော်မူ၍ မဃထေရ်အား သံဝေဂစိတ်ရှိသည်၏အဖြစ်ကိုသိတော်မူသောကြောင့် ဂန္ဓကုဋိတိုက် ကျောင်းတော်၌ သီတင်းသုံးတော်မူလျက်သာလျှင် ချစ်သားရဟန်း ကာမကို ရှာမှီးလေ့ရှိကုန်သော သူတို့အတွက် ပျော်မွေ့ဖွယ်မဟုတ်သော ဌာနသည် ဇုဂကဲးသော ရဟန္တာပုဂ္ဂိုလ်တို့အား ပျော်မွေ့ဖွယ်ရာဌာန ဖြစ်၏ဟု ထိုရဟန်းနှင့် အတူတကွ စကားမန်ဆိုတော်မူ၏။

ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်ခြင်း

မိန့်ဆိုတော်မူပြီး၍ ရောင်ခြည်တော်ကို လွှတ်၍ပုံ့နှံ့တော်မူစေပြီးထိုရဟန်း အား တရားဟောတော်မူသည်ဖြစ်၍ ဤဂါထာကို မိန့်တော်မူ၏။

ရမဏီယာနိ အရညာနိ၊ ယတ္ထ န ရမတိ ဇနော။
ဝီတရာဂါ ရမိဿန္တိ၊ န တေ ကာမဂဝေသိနော။

မွေလျော်ဖွယ်ရှိသော တောအရပ်တို့သည်ရှိကုန်၏ လူဝတ်ကြောင်များ မပျော်မွေသည့် အရပ်ဌာန၌ ရဟန္တာများပျော်မွေကုန်လတ္တံ့။ ကာမဂုဏ်ကို ရှာနေကြသော လူများသည် ထိုအရပ်ဌာနကို မပျော်မွေကုန်လတ္တံ့။

ထိုဂါထာ၌ ပျော်မွေဖွယ်ရာတောအရပ် ဟူသည် ကောင်းစွာပွင့်သော ပင်ပျိတို့ဖြင့် တန်ဆာဆင်အပ်သောသန့်ရှင်းကြည်လင်သောရေနှင့်ပြည့်စုံကုန်၏။ ထိုတောအရပ်၌ ယင်ကောင်သည် ပဒုမ္မာကြာပွင့်၌ မပျော်သကဲ့သို့ ကာမဂုဏ် ရှာမှီးသူများသည် မပျော်မွေချေ။ ရဟန္တာတို့သည်ကား ပျားကောင်တို့သည် ပဒုမ္မာကြာ၌ ပျော်မွေကုန်သကဲ့သို့ ထိုတောအရပ်၌ပျော်မွေကုန်၏။ အကြောင်းမူ ထိုရဟန္တာတို့သည် ကာမဂုဏ်ကို ရှာမှီသူများ မဟုတ်ကြကုန်။

ဒေသနာ၏အဆုံး၌ ထိုမထေရ်သည် ပလ္လင်ဖွဲ့ခွေ ထိုင်နေသော ထိုနေရာ၌ ပင်လျင် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ရောက်၍ အထက်ကောင်းကင် ခရီးဖြင့် ကြွလာခဲ့ပြီးသောအခါ မြတ်စွာဘုရားရှင်၏ဂုဏ်ကို ချီးမွမ်းထောမနာ ခြင်းကိုပြုလျက် မြတ်စွာဘုရားရှင်၏ခြေတော်စုံတို့ကို ရှိခိုးပြီး ကြွတော်မူလေ၏။

မထင်ရှားသော မိန်းမဝတ္ထု ပြီး၏။

ခုနစ်ခုမြောက် အရဟန္တဝဂ် ပြီး၏။

၈။ သဟာသမဝဂ်

၁။ တမ္ဗဒါဋ္ဌိက စောရဃာတက ဝတ္ထု

သဟာဿမပိ စေ ဝါစာ–အစရှိသော ဤတရားဒေသနာတော်မြတ်ကို မြတ်စွာဘုရားရှင်သည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် တမ္ဗဒါဋ္ဌိက အမည်ရသောသူကို အကြောင်းပြုရှိ၍ ဟောကြားတော်မူခဲ့၏။

ခိုးသားငါးရာ

လေးရာကိုးဆယ့်ကိုးယောက်ကုန်သော ခိုးသားအပေါင်းတို့သည် ရွာ,နိုဂုံး, ဇနပုဒ်တို့ကို ပျက်စီးအောင် ဖျက်ဆီးလုယူခြင်း စသည်တို့ကိုပြုလျက် အသက်မွေးခြင်းကို ပြုကြကုန်၏။ ထိုအခါ တစ်ကိုယ်လုံး ပြောက်ကျားလျက် နီသော ကျင်စွယ်ရှိသော တမ္ဗဒါဋ္ဌိက အမည်ရှိသော ယောကျ်ားတစ်ယောက်သည် ထိုခိုးသူတို့၏ အထံသို့သွားရှိ၍ "ငါသည်လည်း အသင်တို့နှစ်အတူတကွ အသက်မွေးလိုပါသည်"ဟု ဆို၏။ ထိုအခါ ခိုးသူတို့လည်း ထိုယောကျ်ားကို မိမိတို့အထက်က အကြီးအမှူး ခေါင်းဆောင်ကြီးအား ပြု၍ "ဆရာ ဤသူသည်လည်း အကျွန်ုပ်တို့အဆံ၌ နေခြင်းငှါ အလိုရှိ၍ လာရောက်ပါသည်"ဟု ပြောကြကုန်၏။

ထိုအခါ သူခိုးအကြီးအမှူးသည် ထိုတမ္ဗဒါဋ္ဌိက အမည်ရသော ယောကျ်ားကို ကြည့်ရှု၍ ဤယောကျ်ားကား အမိ၏ သားမြက်ကိုသော်လည်း ဖြတ်၍ အဖ၏ လည်ချောင်းသွေးကိုသော်လည်း ထုတ်ယူစားသောက်ခြင်းငှါ စွမ်းနိုင်သော အလွန်ကြမ်းကြုတ် ခက်ထန်သော သူဖေတည်းဟု ကြံပြီးလျှင် "အမောင်တို့ ဤသူကား ငါတို့၏ အဆံ၌ နေရန် ကိုက်မရှိပေ"ဟု ပယ်လိုက်၏။ ထိုယောကျ်ားသည် အကြီးအမှူး ခေါင်းဆောင်ကြီးသည် ပယ်ချားအပ်သော်လည်း လာ၍ အကြီးအမှူး၏သာလျှင် အရင်းနှီးဆုံး ခိုးသားတစ်ယောက်ကို လုပ်ကျေးပြုစုလျက် နှစ်သက် ချစ်ခင်စေ၏။ ထိုခိုးသားသည်လည်း တမ္ဗဒါဋ္ဌိက အမည်ရသော ခိုးသားကို ခေါ်ငင်ယူဆောင်၍ ခိုးသူအကြီးအမှူး၏ အထံ၌ ချဉ်းကပ်ပြီးလျှင် "ဆရာ ဤယောကျ်ားသည် သင့်တင့် ကောင်းမြတ်ပါ၏၊ အကျွန်ုပ်ဒေါသည်း ကျေးဇူးဥပကာရ များပြားလှသည်။ထိုယောကျ်ားကို လက်ခံထားပါကုန်လော့" ဟု အထပ်ထပ်အဖန်ဖန် တောင်းပန်ပြောဆို၍ ခိုးသူအကြီးအမှူးကို လက်ခံစေ၏။

ခိုးသူသတ် တမ္ဗဒါဋ္ဌိက

ထို့နောက် တစ်ခန့်သောအခါ မြို့ပြုမြို့သား အပေါင်းဘို့သည် မင်းချင်းယောကျ်ားတို့နှင့် ဒေတူတကွ ပူးပေါင်း၍ ထိုငါးရာသော ခိုးသူတို့ကို ဖမ်းယူနှောင်ဖွဲ့ပြီးလျှင် တရားဆုံးဖြတ်သော အမတ်ကြီးထံသို့ ခေါ်ဆောင်ကုန်၏။

တရားဆုံးဖြတ်သော အမတ်တို့သည်လည်း ငါးရာကုန်သော ထိုခိုးသူတို့အား ပုဆိန်ဖြင့် ဦးခေါင်းကို ဖြတ်ပိုင်းရန် စေခိုင်းလိုက်ကုန်၏။ ထိုနောက်မ အဘယ်သူသည် ဤခိုးသူတို့ကို သတ်အံ့နည်းဟု ရှာဖွေသည်ရှိသော် ထိုခိုးသူတို့ကို သတ်ခြင်းငါ အလိုရှိသော တစ်စုံတစ်ယောက်သော သူကို ရှာမတွေ့သောကြောင့် ခိုးသူ အကြီးအမူးကို "အသင်သည် ဤခိုးသူတို့ကို သတ်ပါလော့ ဤခိုးသူတို့ကို သတ်ပေးသည် ရှိသော် အသင်၏ အသက်လည်း ချမ်းသာလတ္တံ့၊ ချီးမြှင့်သော လာဘ်လာဘကိလည်း ရပါလတ္တံ့၊ သို့ဖြစ်၍ ထိုခိုးသားတို့ကို သတ်လော့" ဟု ပြောဆိုကြကုန်၏။

ခိုးသူ အကြီးအမူးလည်း မိမိကိုမှီ၍ နေကြသော သူတို့ဖြစ်သောကြောင့် ထိုခိုးသူတို့ကို သတ်ခြင်းငှါ အလိုမရှိသောအားဖြင့် ငြင်းပယ်၏။ ဤနည်းအားဖြင့် လေးရာကိုးဆယ့် ကိုးယောက်ကုန်သော ခိုးသူတို့ကို မေးကုန်၏။ အလုံးစုံသော ခိုးသူတို့သည်လည်း မသတ်လိုခြင်းကြောင့် ပယ်ကြကုန်၏။ အလုံးစုံသောခိုးသူတို့ နောက်ဆုံး၌ ပြောက်ကျားသော ကိယ်ရှိသော တမ္ဘဒါဌိက အမည်ရသော ယောကျ်ားကို ရှေးနည်းအတူသာလျင် မေးမြန်းကြကုန်၏။ တမ္ဘဒါဌိက ခိုးသူသည်လည်း ကောင်းပါပြီဟု ဝန်ခံပြီးလျှင် ထိုအလုံးစုံသော ခိုးသူတို့ကို သတ်၍ မိမိအသက်ကိုလည်းကောင်း ချီးမြှင့်သော လာဘ်လာဘကို လည်းကောင်း ရ၏။ ဤသို့သော အကြောင်းဖြင့် မြို့၏ တောင်မျက်နှာမှလည်း ငါးရာသော ခိုးသူတို့ကို ဖမ်းဆောင်ခဲ့ပြီးသော်၊ တရားဆုံးဖြတ်သော အမတ်တို့အားပြု၍ ထိုအမတ်တို့က ဦးခေါင်းကို ဖြတ်ခြင်းငှါ စေခိုင်းသည်ရှိသော် ခိုးသူအကြီးအမူးကို အစပြု၍ မေးအပ်ကုန်သည်ရှိသော တစ်စုံတစ်ယောက်မျှ သတ်ဝံ့သည့်သူ မရှိသောကြောင့် "ရှေယမန်နေ့၌ ယောကျ်ားတစ်ယောက်သည် ခိုးသားငါးရာတို့ကို သတ်၏။ ထိုယောကျ်ားသည် ယခု အဘယ်အရပ်မှာ နေသနည်း" ဟု မေးမြန်းစိစစ်သည့်အခါ ဤမည်သော အရပ်ဌာန၌ ငါတို့သည် သွေမြင်၏ဟု ဆိုသည်ရှိသော် ထိုတမ္ဘဒါဌိက အမည်ရသော ယောကျ်ားကို ခေါ်စေပြီးလျှင် အချင်းယောကျ်ား အသင်သည် ဤခိုးသူတို့ကို သတ်ပါလော့၊ ထိုသို့ သတ်ပေးသည်ရှိသော် အသင်အား ပူဇော် ချီးမြှင့်သော လာဘ်ကို ရပေလတ္တံ့ဟု ပြောဆိုတိုက်တွန်း ခိုင်းစေကုန်၏။

ထိုတမ္ဘဒါဌိက သည်လည်း ကောင်းပြီဟု ဝန်ခံ၍ ထိုအလုံးစုံသော ခိုးသူတို့ကို သတ်ဖြတ်ပြီးသောအခါ ပေးကမ်းချီးမြှင့်သော လာဘ်ကို ခံယူ၏။ ထိုနောက် တမ္ဘဒါဌိက ခိုးသူသတ်ယောကျ်ားကို ဤသူကား ခိုးသားတို့ကို သတ်ဖြတ်သော အရာဌာန၌ သင့်လျော်လျောက်ပတ်၏။ အမြဲ ခိုးသားတို့ကို သတ်ဖြတ်သော အရာ၌ ထိုသူကိုသာလျှင် ထားအံ့ဟု တိုင်ပင် ပြောဆိုပြီး၍ ခိုးသားတို့ကို သတ်ဖြတ်သော ရာထူးကို တမ္ဘဒါဌိက ယောကျ်ားအား မြှောက်စားခြင်းကို ပြုပြီးလျှင် လာဘ်ပူဇော်သက္ကာရကို ပေးသနားကြကုန်၏။

ထိုဘမ္မဒါဋ္ဌိက ခိုးသူသတ်ယောကျ်ားသည် အနောက်မျက်နှာ အရပ်မှ လည်းကောင်း၊ ဘောင်မျက်နှာ အရပ်မှလည်းကောင်း ဆောင်ယူခဲ့အပ်ကုန်သော ငါးရာ ငါးရာကုန်သော ခိုးသူတို့ကိုလည်း သတ်လေ၏။ ဤသို့သော အခြင်းအရာ လေးမျက်နှာတို့မှ ဆောင်ယူခဲ့အပ်ကုန်သော နှစ်ထောင်ကုန်သော ခိုးသူတို့ကို သတ်ပြီးသော် ထိုအခါမှစ၍ နေ့တိုင်း နေ့တိုင်း ဆောင်ယူအပ်ကုန်သော နှစ်ယောက် သုံးယောက်ကုန်သော လူတို့ကို အစဉ်မပြတ် သတ်ပြီးလျှင် အနှစ်ငါးဆယ်တိုင်အောင် ခိုးသူသတ်အမှုကိုသာ ပြု၍ နေ၏။

ဏထူးကျခြင်း

ထိုဘမ္မဒါဋ္ဌိက ခိုးသူသတ်ယောကျ်ားသည် အရှယ်ကြီးရင့် အိုမင်းသောအခါ၌ တစ်ချက်တည်း ခုတ်ဖြတ်ခြင်းဖြင့် ဦးခေါင်းကို ဖြတ်ကောင် ဖြတ်ခြင်းငှါ မစွမ်းနိုင်တော့ချေ။ နှစ်ကြိမ်, သုံးကြိမ် ခါနိုင်ကာ ခုတ်ဖြတ်၍ သတ်ရသဖြင့် အသတ်ခံရသော သူဘို့ကို ပင်ပန်းစေ၏။ မြို့သူ မြို့သားတို့သည် တစ်ပါးသော ခိုးသူသတ် ယောကျ်ားသည် ဖြစ်ပေါ်ပေလတ္တံ့။ ဤသူသည်ကား အသတ်ခံရသော သူကို ပင်ပန်းစေ၏။ ဤသူသတ်ယောကျ်ားဖြင့် အဘယ် အကျိုးရှိတော့အံ့နည်းဟု ကြံကြကုန်ပြီးလျှင် ထိုမြောက်စား ချီးမြှင့်အပ်သော ဆုထူးမှ ဖယ်ရှားကြကုန်၏။

တမ္ဘဒါဋ္ဌိက ခိုးသူသတ်ယောကျ်ားသည် ရှေးအခါ ခိုးသူသတ်အမှုကို ပြုစဉ်က အစာ မချေရသေးသော အဝတ်(သစ်)ကို ဝတ်ရုံခြင်းငှါ လည်းကောင်း၊ ဆီဦးထောပတ်နှင့် တကွသော နို့ယာဂုကို သောက်ခြင်းငှါ လည်းကောင်း၊ မြှတ်လေးပန်းတို့ကို ပန်ဆင်ခြင်းငှါ လည်းကောင်း၊ နံ့သာလိမ်းကျံခြင်းငှါ လည်းကောင်း ဤလေးပါးကုန်သော အဆာတို့ကို မသုံးဆောင် မခံစားရ။ ခိုးသူသတ် ဆုထူးမှ လျော်ကျသောနေ့၌ ငါ့အား နို့နှင့်ရောသော ယာဂုကို စီရင်ကျွေးချက်၍ ပေးကုန်လော့ဟု အလုပ်အကျွေးတို့အား မှာထား ပြောဆို၍ အစာ မချေသေးသော အပတ်, မြှတ်လေးပန်း, လိမ်းကျံဖွယ်ရာ နံ့သာတို့ကို ယူဆောင်စေ၍ မြင်ဆီပ်သို့ သွားရောက် ရေချိုးပြီးသောအခါ အဝတ်သစ်ကို ဝတ်ရုံ၍ မြှတ်လေးပန်းတို့ကို ပန်ဆင်ပြီးလျှင် နံ့သာတို့ဖြင့် လိမ်းကျံအပ်ပြီးသော ကိုယ်ရှိသည်ဖြစ်၍ အိမ်သို့ ပြန်လာခဲ့ပြီး ထိုင်နေ၏။

အရှင်သာရိပုတ္တရာအား နို့ယာဂု လှူခြင်း

ထိုအခါ တမ္ဘဒါဋ္ဌိက ခိုးသူသတ်ယောကျ်ား၏ အလုပ်အကျွေးတို့သည် ဆီဦးထောပတ်ဖြင့် စီရင်အပ်သော နို့ယာဂုကို ဆောင်ယူခဲ့ပြီးလျှင် ရှေ့၌ တည်ထား၍ လက်ဆေးရေကို ဆောင်ယူကြကုန်၏။ ထိုခဏ၌ အရှင်သာရိပုတ္တရာသည်

သမာပတ်မှ ထတော်မူ၍ ယနေ့ ငါသည် အဘယ်၌ ဆွမ်းအလှိုငါ ကြွရောက်လှည့်လည်အပ်သနည်းဟု မိမိတို့၏ ဆွမ်းခံရာကို ကောင်းစွာ ကြည့်၍ ဆင်ခြင်တော်မူသည်ရှိသော် ထိုတမ္ဘဒါဌိက ခိုးသူသတ် ယောကျ်ားအိမ်၌ စီရင်အပ်သော ယာဂုကို မြင်၍ အသို့နည်း၊ ဤယောကျ်ားသည် ငါကြွသွားသည်ရှိသော် ငါ့အား ချီးမြှင့် လှူဒါန်းခြင်းကို ပြုအံ့လော၊ မပြုအံ့လောဟ စူးစမ်းဆင်ခြင်တော်မူပြန်သည်ရှိသော် ငါ့ကိုမြင်က ငါ့အား ချီးမြှင့် လှူဒါန်းခြင်းကို ပြုလတ္တံ့။ ထိုသို့ ချီးမြှင့် လှူဒါန်းခြင်းကို ပြုခြင်းကြောင့် ထို အမျိုးကောင်းသားသည် ကြီးစွာသော စည်းစိမ်ချမ်းသာကို ရလတ္တံ့ ဟု သိတော်မူ၍ သင်္ကန်းကို ရုံတော်မူပြီးသော် သပိတ်ကို လက်စွဲကိုင်၍ ထိုတမ္ဘဒါဌိက ခိုးသတ်ယောကျ်ား၏ အိမ်တံခါး၌ ရပ်ကာမျှဖြင့်သာလျှင် မိမိ၏ ကိုယ်ကို ပြတော်မူ၏။

တမ္ဘဒါဌိက ခိုးသူသတ်ယောကျ်ားသည် အရှင်သာရိပုတ္တရာ မထေရ်ကိုမြင်၍ ကြည်ညိုစိတ်ဖြင့် ကြုံဆင်ခြင်သည်မှာ ငါသည် မြင့်ရည်စွာသော ကာလပတ်လုံး ခိုးသူတို့အား သတ်ဖြတ်သော အမှုကို ပြုလုပ်ရသည်ဖြစ်၍ များစွာကုန်သော သူတို့ကို သတ်အပ်ကုန်၏။ ဤယခုအခါ ငါ၏အိမ်၌လည်း နို့ယာဂုကို စီရင်အပ်၏။ မထေရ်အရှင်မြတ်သည့်လည်း ကြွလာတော်မူ၍ ငါ၏အိမ်တံခါးဝ၌ ကြွရောက်ရပ်တည်တော်မူ၏။ ဤယခုအခါ ငါသည် အရှင် မထေရ်မြတ်အား ပေးလှူဖွယ်ဝတ္ထုကို ပေးလှူခြင်းငှါ သင့်ပေသည်ဟု ကြံ၏။ ရှေ့မှာ တည်ထားအပ်သော ယာဂုကို ပယ်ပြီး၍ မထေရ်၏ ထံမှောက်သို့ သွားရောက်ချဉ်းကပ် ရှိခိုးဦးချပြီးလျှင် အိမ်၏ အတွင်းသို့ ပင့်သွင်း ထိုင်နေ သီတင်းသုံးစေပြီးမှ အရှင်မြတ်၏ သပိတ်၌ နို့ယာဂုကို ထည့်လောင်း၍ ဆီဦး ထောပတ်ကို ထပ်၍ သွန်းလောင်းပြီးသော် မထေရ်အရှင်မြတ်ကို ယပ်ခပ်လျက် တည်နေ၏။

တုသိတာ နတ်ပြည်၌ ဖြစ်ခြင်း

ထိုအခါ တမ္ဘဒါဌိက ခိုးသူသတ်ယောကျ်ားအားလည်း မြင့်ရှည်စွာသောနေ့ညဉ့် တို့ပတ်လုံး တစ်ရံတစ်ခါမျှ မရစဖူး မသုံးဆောင်ရဖူးသဖြင့် အထူးစီရင်အပ်သော နို့ယာဂုကို သောက်ခြင်းငှါ အားကြီးစွာသော အလိုဆန္ဒသည် ဖြစ်လေ၏။ အရှင်သာရိပုတ္တရာ မထေရ်သည် ထိုခိုးသူသတ်ယောကျ်ား၏ အလိုအဇ္ဈာသယကို သိ၍ဒါယကာ အသင်သည် မိမိ၏ယာဂုကို သောက်ဦးလော့ဟု မိန့်တော်မူ၏။ ထိုတမ္ဘဒါဌိက ခိုးသူသတ်ယောကျ်ားသည် တစ်ပါးတစ်ယောက်သောသူ၏လက်၌ ယပ်ကိုပေးပြီးသော် ယာဂုကိုသောက်၏။ မထေရ်လည်း ယပ်ခပ်၍ တည်သော ယောကျ်ားကို ဒါယကာ သွားလေလော့၊ ငါ့အား ယပ်မခပ်နှင့်တော့ဟု မိန့်တော်မူ၏။ တမ္ဘဒါဌိက ခိုးသူသတ်ယောကျ်ားသည် မိမိ၏အလ်ဆန္ဒ ရှိသမျှလောက် ဝမ်းပြည့်အောင် ယာဂုကို သောက်ပြီးသော် ထလာခဲ့၍ မထေရ်ကို

ယပ်ာလ ခပ်လျက်သာလျင် တည်နေ၍ ဆွမ်းစားခြင်းကိစ္စ ပြီးသောအခါ မထေရ်၏ သဂိတ်ကိုယူ၏။ မထေရ်သည် ထိုယောကျ်ားအား တရားအနုမောဒနာကို ဟောကြားခြင်းငှါ အားထုတ်၏။

ထိုတမျှငါဋ္ဌိက ခိုးသူသတ်ယောကျ်ားသည် မိမိ၏စိတ်ကို ဟောကြားတော်မူအပ်သော မထေရ်၏ တရားစကားဌာန နားစိုက်သင်းခံ သက်ဝင်ယုံကြည်ခြင်းကို ပြုခြင်းငှါ မစွမ်းနိုင်လေ။ ထိမထေရ်သည် ထိုသို့အကြောင်းမှတ်၍ ဒါယကာ မိမိ၏စိတ်ကို ငါဟောကြားအပ်သော တရားဒေသနာသို့ အစဉ်လျောက်သော အာဒါးဖြင့် သက်ဝင်ယုံကြည်ခြင်းကို အဘယ်ကြောင့် ပြုခြင်းငှါ မစွမ်းနိုင်ပါသနည်းဟု မေးတော်မူသည့်ကာလ ဘုန်းတော်ကြီးသော အရှင်ဘုရား တပည့်တော်သည် မြင့်ရှည်စွာသော နေ့ညဉ့်ပတ်လုံး ကြမ်းကြုတ် ခက်ထန်သော အမှုကို ပြုစုအပ်သဖြင့် များစွာသော လူတို့ကို သတ်ဖြတ်ခဲ့ဖူးပါသည် ထိုကြောင့် တပည့်တော်သည် မိမိပြုအပ်သော မကောင်းမှု အကုသိုလ်ကံကို ကြံစည်အောက်မေ့လျက် မိမိ၏စိတ်ကို အရှင်မြတ်၏ တရားဒေသနာတော်သို့ အစဉ်လျောက်သောအားဖြင့် သက်ဝင်ယုံကြည် နာယူခြင်းကို ပြုခြင်းငှါ မစွမ်းနိုင်ပါဟု လျောက်ကြားလျှင် မထေရ်သည် ထိုယောကျ်ားအား လှည့်စားဦးအံ့ဟု ကြံ၍ "ဒါယကာ၊ အသို့ပေနည်း အသင်သည် မိမိအလိုအားလျော်စွာ ပြုပေသလော၊ သို့တည်းမဟုတ် တစ်ပါးသော သူတို့သည် ပြုစေအပ်သည်ဖြစ်၍ ပြုပေသလော" ဟု မေးတော်မူ၏။

အရှင်ဘုရား ပြည့်ရှင်မင်းမြတ်သည် ပြုစေအပ်သည်ဖြစ်၍ ပြုရပါသည်ဟု လျောက်ကြားလျှင် "ဒါယကာ အသို့နည်း ဤသို့ သူတပါးသ ည် ပြုစေအပ်သည်ဖြစ်၍ ပြုလုပ်ရသော အသင့်အား ဓားကုသိုလ်ဖြစ်သလော" ဟု မိန့်တော်မူ၏။ ထိုသို့ မိန့်တော်မူလျှင် နုံ့နွေးသော ဉာဏ်သဘောရှိသော ခိုးသူသတ်ယောကျ်ားသည် မထေရ်က ဆိုအပ်သည်ရှိသော် "ငါ့အား အကုသိုလ်မရှိ" ဟု အမှတ်ရှိသည်ဖြစ်၍ ထိုသို့ဖြစ်ပါမူ အရှင်ဘုရား တရားစကားကို ဟောကြားတော်မူပါလေ့ဟု လျောက်၏။ မထေရ်သည် ဆွမ်းအနုမောဒနာ ဒေသနာကို ကောင်းစွာ ဟောပြတော်မူသည် ရှိသော် ထိုခိုးသူသတ် ယောကျ်ားသည် တည်ကြည် ခိုင်ခံ့သော စိတ်ရှိသည်ဖြစ်၍ မထေရ် ဟောကြားသော တရားတော်ကို နာလျက် သောတာပတ္တိမဂ်၏ အောက်အဖို့ဖြစ်သော အနုလောမခန္တီဉာဏ်ကို ဖြစ်စေ၏။ အရှင်သာရိပုတ္တရာ မထေရ်လ ည်း အနုမောဒနာကို ပြုပြီးသည့်ကာလ ဖဲကြိုးတော်မူ၏၊ ခိုးသူသတ် ယောကျ်ားသ ည် မထေရ်အရှင်မြတ်ကို နောက်ထပ်စဉ်စိုက် အနည်းငယ် လိုက်ပို့ပြီးလျှင် ဆုတ်နစ်ပြန်လှည့်၍ လာခဲ့ရာ တစ်ယောက်သော ဘီလူးမသည် သားငယ်ရှိသော နွားမ၏အသွင် ပြုပြင်ဖန်ဆင်း အုတ်း

လိုက်လာ၍ ရင်၌ ဝေ့ခတ်ပြီး သတ်လေ၏။ ထိုခိုးသူသတ် ယောကျ်ားသည် နွားမ ဝေ့ခတ်သော ဒဏ်ဖြင့် သေလွန်၍ တုသိတာနတ်ပြည်၌ ဖြစ်လေ၏။

တရားသဘင် အစည်းအဝေးခွင်၌ ကြွလာဝင်ရောက်ကုန်သော ရဟန်းတို့သည် ခိုးသူသတ်ယောကျ်ားကြီးသည် အနှစ်ငါးဆယ်တို့ ကာလပတ်လုံး ကြမ်းကြုတ်ခက်ထန်သော အမှုကိုပူ၍ ယနေ့ပင်လျှင် ထိုခိုးသူသတ်၏ အဖြစ်မှလွတ်၏။ ယနေ့ပင်လျှင် အရှင်သာရိပုတ္တရာမထေရ်အား ဆွမ်းကို ပေးလူ၍ ယနေ့ပင်လျှင် သေလွန်ခဲ့၏။ အသို့နည်း၊ ထိုခိုးသူသတ်ယောကျ်ားသည် ယခုအခါ အတီအရပ်၌ ဖြစ်ပါလိမ့်မည်နည်း ဟူသော စကားကို ဖြစ်စေကြကုန်၏။

မြတ်စွာဘုရားသခင်သည် အစည်းအဝေးခွင်သို့ ကြွဝင်တော်မူခဲ့၍ ချစ်သား ရဟန်းတို့ ငါဘုရားကြွလာဆဲသောအခါ၌ အဘယ်သို့သော စကားကို ပြောကြား စည်းဝေး နေထိုင်ကြကုန်သနည်းဟု မေးတော်မူသောကြောင့် ဤအမည်ရှိသော အကြောင်းပါတည်းဟု လျှောက်ကြားသည်ရှိသော် ချစ်သားရဟန်းတို့ ထိုခိုးသူသတ်ယောကျ်ားသည် တုသိတာနတ်ပြည်၌ဖြစ်လေသည်ဟုမိန့်တော်မူ၏။

များစွာသောသူတို့ သောတာပန်တည်ခြင်း

ထိုအခါ ရဟန်းတို့က ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အရှင်မြတ်တို့သည် အဘယ်သို့ မိန့်ကြားတော်မူကြပါကုန်သနည်း။ အနှစ်ငါးဆယ်ရှိသော ဤမျလောက်သော ကာလပတ်လုံး ဤမျလောက်သော အတိုင်းအရှည်ရှိသော များပြားလှစွာသော လူတို့ကို သတ်ဖြတ်၍ တုသိတာနတ်ပြည်၌ ဖြစ်နိုင်ပါသလောဟု လျှောက်ကြားကုန်၏။ ချစ်သား ရဟန်းတို့ ဩော်-ဟုတ်လှပေ၏။ ထိုခိုးသူသတ်ယောကျ်ားသည် ကြီးကျယ်မြင့်မြတ် ကောင်းမွန်သော အဆွေခင်ပွန်းကို ရအပ်၏။သာရိပုတ္တရာ၏ တရားဒေသနာကို ကြားနာရ၍ အနုလောမဉာဏ်ကို ဖြစ်စေပြီးလျှင် ဤဘဝမှ စုတေ့သည်ရှိသော် တုသိတာနတ်ပြည်၌ ဖြစ်လေသတည်းဟု မိန့်တော်မူပြီး ဤဂါထာကို မိန့်တော်မူ၏။

သုဘာသိတံ သုဏိတွာန၊ နဂရေ စောရဃာတကော။
အနုလောမခန္တိ လဒ္ဓါန၊ မောဒတီ ကိဒိဝံ ဂတော-

ရာဇဂြိုဟ် မြို့တော်၌ ရှိသော ခိုးသားယောကျ်ားသည် တရားစကားကို ကြားနာရ၍ အနုလောမခန္တီဉာဏ်ကို ရသောကြောင့် နတ်ပြည်သို့ ရောက်၍ ပျော်မွေ့ရ၏။

ဤသို့ ဟောကြားတော်မူပြီးသော အဆုံး၌ ရဟန်းတို့က တဖန် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ အနုမောဒနာ တရားမည်သည် အားကြီးလှသည် မဟုတ်ပါ၊ ထိုယောကျ်ား ပြုခဲ့သော အကုသိုလ်မကောင်းမှုကံက များပြားလှပါသည်။ ဤမျလောက် တစ်ခဏ အနည်းငယ်သော

တရားကို ကြားနာရသ၍ဖြင့် အာဘယ်ခကြာင့် တရားအထူးကို ဖြစ်စေနိုင်ပါသနည်း ဟု မေးလျောက်ကြပြန်၏။ မြတ်စ္စာဘုရား ကိုယ်တော်မြတ်က ချစ်သား ရဟန်းတို့ ငါဘုရား ဟောကြားအပ်သော တရားတော်ကို အားနည်းသ,သ် ဟူ၍လည်းကောင်း များသသ် ဟူ၍လည်းကောင်း ဝိုင်းတာမူ မပြုကြကုန်လင့်၊ တစ်ခုန်းသောစကား တော်လံးသော အကွရာဖြစ်လင့်ကစား အကျိုး စီးပွားများသည်ကို မှီကုန်သသ်ဖြစ်၍ မြတ်ကုန်သည်သာလျင်တည်းဟု မ်န့်တော်မူပြီးလျင် အနုသန္ဓေကို စပ်ရ၏ တရားတော်ကို ဟောကြားတော်မူလိုပြန်သော ကြောင့် ဤဂါထာကို မိန့်တော်မူ၏။

သဟာဃ မပိ ဧစ ဝါစာ၊ အနတ္ထပဒသံဟိတာ။
ကေ အတ္ထပဒံ သေယျော၊ ယံ သုတ္ဝာ ဥပသမ္မတိ။

အနက် အခိ,ပါယ် ကင်းမဲ့သော စကားများ, အကျိုးမရှိသော စကားများကို အခွန်းတစ်ထောင် ကြားနာရ၍ခင်းထက် ရာဂ ငြိမ်းအေးကြောင်း အကျိုးရှိသည့် စကားဟ,စ်ခွန်းကို ကြားနာရခြင်းသည် ပို၍မြတ်၏။

ထိုဂါထာ၌–သ'ဟာဃ=ဟူသော စကားသသ် အရေအတွက်ကို ပိုင်းခြားခြင်း ဖြစ်၏ တစ်ထောင် နှစ်ထောင် စသည်ဖြင့် ကျိကဲ့သို့ ထောင်ဂဏန်းဖြင့် ရေတွက် ပိုင်းခြားအပ်သော စကား မည်သည် ရှိကုန်၏။ ထိစကားများသည် အကျိုး မဲ့နှင့် စပ်ကုန်၏၊ ကောင်းကင်အကြောင်း ဖွဲ့ဆိုခြင်း, တောအကြောင်း တောင်အကြောင်း ဖွဲ့ဆိုခြင်း စသည်တို့ကို ပြတတ်ကုန်သော ထွက်မြောက်မှုကို မဖော်ပြတတ်ကုန်သော အကျိုးမဲ့သော စကားခွန်းရေတို့သည် များလျင် များသသောက် ယုတ်ညံ့သည်ဟု ဆိုလို၏။

ကေ အတ္ထပဒံ=ဟူသည် "ဤကား ကိုယ်ကာယ ဖြစ်သည်။ ဤကား ကာယဟု ရှုဆင်ခြင်သော သတိ ဖြစ်သည်။ ဤသို့ ဝိဇ္ဇာသုံးပါး အစဉ်အတိုင်း ရောက်အပ်၏၊ တရားအဆုံးအမတော်ကို ပြုကျင့်အပ်၏။ ဤသို့ သဘောရှိသော စကားတစ်ခွန်းကို ကြားနာရ၍ ရာဂစသည်တို့ ငြိမ်းခြင်းဖြင့် ငြိမ်းလေ၏။ ထို အကျိုးစီးပွား ပြီးစေတတ်သော နိဗ္ဗာန်နှင့် ဆက်စပ်သော ခန္ဓာ အာယတန ဓာတ်, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, သတိ'ဋ္ဌာန်တို့ကို ပြတတ်သော စကားဟစ်ခွန်း မျှသည်ပင်လျင် မ်န့်မြတ်သည် ဖြစ်၏"ဟု ဆိုလိုသည်။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သောလူတို့သည် သောတာပတ်တိုဖိုလ် စသည်တို့သို့ ဆိုက်ရောက်ကြကုန်၏။

တမ္မဒါဋ္ဌိက စေ,ရဃာတကဝတ္ထု ပြီး၏။

၂။ ဗာဟိယ ဒါရုစီရိယ မထေရ်ဝတ္ထု။

သဟဿမပိ စေ ဂါထာ– အစရှိသော ဤဂုဏ်းဒေသနာတော်မြတ်ကို မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဒါရုစီရိယမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့သည်။

အခါတစ်ပါး၌ လူအပေါင်းတို့သည် လှေဖြင့် မဟာသမုဒ္ဒရာသို့ ကူးသန်းသွားရောက်ကြသည်ရှိသော် မဟာသမုဒ္ဒရာ၏ အဟင်း၌ လှေကွဲပျက်သဖြင့် ငါး၊ လိပ် မကန် တို့၏အစာ ဖြစ်ကုန်၏။ ထိုလူအပေါင်းတို့တွင် ဂုဏ်သည် တစ်ယောက်သည် ပျဉ်ချပ်တစ်ခုကို ဆွဲယူ၍ လုံလကြိုးကုတ် အားထုတ် ကူးသွားသည်ရှိသော် သုပ္ပါရကဆိပ်ကမ်းသို့ ရောက်သွားလေ၏။ ထိုကုန်သည် ယောကျ်ားအား အဝတ် ၎ရုံသည် မရှိတော့ပေ။ တစ်စုံတစ်ခုသော အဝတ်ကို ကြည့်ရှု ရှာဖွေသည်ရှိသော် မတွေ့မမြင်သောကြောင့် ထင်းခြောက်တို့ကို လျှဲတို့ဖြင့် ရစ်ပတ်ချည်နှောင်၍ ဝတ်ရုံခြင်းကို ပြုပြီးလျှင် နတ်ကုန်းစင်မှ အိုးခြမ်းခွက်ငယ်ကိုကိုင်လျက် သုပ္ပါရက သင်္ဘောဆိပ်ရှာသို့ သွားလေ၏။

လူအပေါင်းတို့သည် ထိုယောကျ်ားကို မြင်၍ ယာဂုထမင်း စသည်တို့ကို ပေးကမ်းပြီးလျှင် ဤယောကျ်ားကား ရဟန္တာတစ်ပါး ဖြစ်ပေလိမ့်မည်ဟု ချီးမွမ်းပြောဆိုကြကုန်၏။ အဝတ်တို့ကို ဆောင်ယူပေးကမ်းအပ်သည်ရှိသော် ငါသည် အကယ်၍ ဤအဝတ်တို့ကို ဝတ်သော်လည်း ဝတ်မိခဲ့အံ့၊ ရုံသော်လည်း ရုံမိခဲ့အံ့၊ ငါ့အား လာဘ်ပူဇော်သက္ကာရ ဆုတ်ယုတ်ပျက်စီးခြင်း ပြစ်ပေလတ္တံ့ဟု ကြံ၍ ထိုအဝတ်တို့ကို ပယ်စွန့်ပြီးလျှင် သစ်သားအဝတ်ကိုသာလျှင် ဝတ်ရုံသုံးဆောင်၏။ ထိုအခါ လူအပေါင်းတို့သည် ရဟန္တာပေတည်းဟု ပြောဆိုသမုတ်သော စကားကိုကြား၍ ထိုယောကျ်ားအား ဤသို့သော စိတ်ဒုက္ခသည် ဖြစ်၏။ “လောကဌ ရဟန္တာဟူ၍လည်းကောင်း၊ အရဟတ္တမဂ်သို့ ရောက်ကုန်သည် ဟူ၍ လည်းကောင်း သမုတ်ခေါ်ဆိုအပ်ကုန်သော် အကြင်ပုဂ္ဂိုလ်တို့သည် ရှိကြကုန်၏။ ထိုပုဂ္ဂိုလ်တို့တွင် ငါသည်လည်း ဝစ်ယောက်ယောက် ဖြစ်တန်ရာ၏”ဟု ကြံစည်အောက်မေ့ မှတ်ထင်၍ နေလေ၏။

ရဟန်း ခုနစ်ပါး

ရှေးလွန်လေပြီးသောအခါ၌ ကဿပမြတ်စွာဘုရား သာသနာတော်သည် တဖြည်းဖြည်း ဆုတ်နစ်ခဲ့သည်ရှိသော် သာမဏေ စသည်တို့၏ ဖောက်ပြန်ပျက်စီးသော အမှုအကျင့်ကို မြင်၍ ခုနစ်ပါးကုန်သော ရဟန်းတို့သည် ထင်တံလန့်တုန်လှုပ်ခြင်းသို့ ရောက်ကုန်ရာ ၏ အကြင်မျှလောက်ကာလအတွင်း၌ မြတ်စွာဘုရားရှင်၏ သာသနာတော်သည် မပျောက်ကွယ်သေး၊ ထိုမျှလောက်ကာလအတွင်း၌ ငါတို့သည် မိမိ၏တည်ရာဖြစ်သော တရားကို ကြိုးစား

အားထုတ် ပြုလုပ်ကြကုန်အံ့ဟု တိုင်ပင် ညီညွတ်ပြီးသည်ကာလ ဘုရားကိုယ်စား တည်ထားအပ်သော ဇရပ်စေတီကြီးကို ရှိခိုးပြီးလျှင် တောသို့ဝင်ကုန်သည်ရှိသော် တစ်ခုသောတောင်ကိုမြင်၍ အသက်ဦ အာလယ ရှိကြကုန်သော သူဟို့သည် ဤနေရာ ဌာနက ဆုတ်နစ်ပြန်လည်ကြကုန်လော့။ အသက်ရှင်ခြင်းဦ အာလယကင်းသောသူတို့သည် ဤတောင်သို့ တက်ကုန်လော့ဟု ပြောဆို၍ လှေကားကို ချည်ဖဲ့ပြီးသော် အလုံးစုံ ခုနစ်ပါးကုန်သော ရဟန်းတို့သည် ထိုတောင်သို့ ရွှေ့ရှု့တက်၍ လှေကားကို ပယ်ချက်ချပစ်လိုက်ပြီးလျှင် ရဟန်းတရား့ို အားထုတ်ကုန်၏။

ထိုမထေရ်ခုနစ်ပါးတို့တွင် အကြီးအမှူးဖြစ်သော သံဃထေရ်သည် တစ်ညဉ့်ကို လွန်ကာမျှဖြင့်သာလျှင် အရဟာတ္တုလ်သို့ ရောက်လေ၏။ အရဟာတ္တဖိုလ်သို့ ရောက်ပြီးသော ထိုသံဃထေရ်သည် အနောတတ္တာအိုင်၌ နာဂလတာ ဒန်ပူကို ခဲ၏။ ခံတွင်းကို ဆေးကြောပြီးလျှင် ဥဉ္ဇာရကုရုကျွန်းမှဆွမ်းကို ဆောင်ယူ၍ ကြွင်းကျန်သော ရဟန်းခြောက်ပါးတို့ကို ငါ့ရှင်တို့ အသင်တို့သည် ဤဒန်ပူကိုခဲ၍ ခံတွင်းကို ဆေးကြောပြီးသည်ကာလ ဤဆွမ်းကို ဘုဉ်းပေးသုံးဆောင် ကြကုန်လော့ဟု ပြောဆို့ပေးလှူ၏။

ကြွင်းကုန်သော ရဟန်းတို့က အရှင်ဘုရား အသို့ပေနည်း။ အကျွန်ုပ်တို့သည် ရှေးအဖို့ကာလက အကြင်သူသည် ရှေ့ဦးစွာ အရဟာတ္တဖိုလ်သို့ ရောက်၏။ ထိုသူသည် ဆောင်ယူအပ်သော ဆွမ်းကို ကြွင်းကုန်သော သူတို့သည် သုံးဆောင်စားသောက်ကုန်အံ့ဟု ဤကဲ့သို့သော ကတိကဝတ်ကို ပြုကြပါကုန်သလောဟု မေးလျှောက်သဖြင့် ငါ့ရှင်တို့ ဤသို့သော ကတိကဝတ်ကိုမူကား မပြုအပ်ပေဟု ပြောဆို၏။ ဤသို့သော ကတိကဝတ်ကို မပြုအပ်သည်ရှိသော် အရှင်ဘုရားတို့ကဲ့သို့ တရား

အထူးကို ဖြစ်စေ၍ မိမိ၏ ယောက်ျားတို့၏ အစွမ်းသတ္တိဖြင့် စားခြင်းငှါစားနိုင်သည်ရှိသော် စားသုံးကုန်အံ့ဟု ဒုတိယမထေရ်သည် ဆောင်ယူ လှူဒါန်းအပ်သော ဆွမ်းကိုလည်း အလိုမရှိကုန်။

ထိုမထေရ် ခုနစ်ပါးတို့တွင် အရဟတ္တဖိုလ်သို့ ရောက်သော မထေရ်သည် ပရိနိဗ္ဗာန် ပြုလေ၏။ အနာဂါမ်တည်သော မထေရ်သည် ဗြဟ္မာ့ပြည်၌ ဖြစ်လေ၏။ ကြွင်းကုန်သော မထေရ်ငါးပါးတို့သည် တရားအထူးကို ဖြစ်စေခြင်းငှါ မစွမ်းနိုင်ကုန်သည်ဖြစ်၍ ခြောက်ကပ်ပြီးလျှင် ခုနစ်ရက် မြောက်သောနေ့၌ သေလွန်သည်ရှိသော် နတ်ပြည်၌ဖြစ်၍ ဘုရားပွင့်တော်မူသော ဤယခုအခါ၌ ထိုနတ်ပြည်မှ စုတေကျကာ ထိုထိုသို့သော အမျိုးတို့၏အိမ်တို့၌ ဖြစ်ကြကုန်၏။

ရဟန်းတော်ငါးပါး

ထိုမထေရ်ငါးပါးတို့တွင်–

တစ်ပါးသော မထေရ်သည် ပက္ကုသာတိမင်းကြီး ဖြစ်လာ၏။

တစ်ပါးသော မထေရ်သည် အရှင်ကုမာရကဿပ မထေရ် ဖြစ်လာ၏။

တစ်ပါးသော မထေရ်သည် ဗာဟိယ ဒါရုစီရိယ မထေရ် ဖြစ်လာ၏။

တစ်ပါးသော မထေရ်သည် အရှင်ဒဗ္ဗအမည်ရှိသော မလ္လာမင်းသား ရဟန်း ဖြစ်လာ၏။

တစ်ပါးသော မထေရ်သည် သဘိယပရိဗိုဇ် ဖြစ်လာ၏။

ထိုခုနစ်ပါးကုန်သော မထေရ်တို့တွင် အနာဂါမ်တည်၍ ဗြဟ္မာ့ပြည်သို့ လားရောက်နေသော ရဟန်းရှိ၏၊ ထိုဗြဟ္မာကြီးကို သားချင်းတော်စပ်သည်ဟု ဆိုလိုသည်၊ ထိုအနာဂါမ်ဗြဟ္မာကြီးအား ဤသို့သောအကြံသည် ဖြစ်၏။

ဤဗာဟိယ ဒါရုစီရိယသည် ရှေးအခါ ငါနှင့်အတူတကွ လှေကားကိုဖွဲ့ချည်၍ တောင်ထိပ်သို့ တက်ရောက်ပြီးလျှင် ရဟန်းတရားကို အားထုတ်ပြုလုပ်ခဲ့ဖူး၏။ ဤယခုအခါဝယ် ဤအယူကိုယူပြီးလျှင် လှည့်လည်၍ နေသည်ရှိသော် ပျက်စီးခြင်း ကြီးစွာ ပျက်စီးခဲ့ရာ၏။ ယခုအခါ ငါသည် ထိုဗာဟိယဒါရုစီရိယကို ထိတ်လန့်ခြင်း ဖြစ်စေအံ့ဟု ကြံ၏။ ထိုနောက်၌ ဗာဟိယဒါရုစီရိယသို့ ချဉ်းကင်၍ အချင်းဗာဟိယဒါရုစီရိယ၊ အသင်သည် ရဟန္တာလည်းမဟုတ်၊ အရဟတ္တမဂ်သို့လည်း မရောက်၊ အရဟတ္တမဂ်သို့ ရောက်နိုင်သော အကျင့်သည်လည်း အသင့်အား မရှိဟု ပြော၏။

ဗာဟိယဒါရုစီရိယသည် ကောင်းကင်၌ ရပ်တည်လျက် စကားပြောဆိုသော အနာဂါမ်ဗြဟ္မာကြီးကို ကြည့်ရှုလျက် "ဩဝ် အဖွယ်ရှိစွဝ်ကား ဝန်လေး

သောအမှုကို ပြုမိလေစွတကား ငါသည် မိမိကိုယ်ကို ရဟန္တာဖြစ်ပေသည်ဟု ကြုံမိပေ၏။ ဤသူသည်လည်း ငါ့ကို "အသင်သည် ရဟန္တာမဟုတ်သေး၊ အရဟတ္တမဂ်သို့ မရောက်သေးဟူ၍ ပြောဆိုလာ၏။ လောက၌ အခြားသော ရဟန္တာ ရှိသေးယောင်တကားဟု ကြုံ၏။

ကြုံပြီးသည့်နောက်၌ ထိုအနာဂါမ်ဗြဟ္မာကြီးကို အို အချင်းနတ်မင်း ဤယခုအခါ လောက၌ ရဟန္တာသည်လည်းကောင်း၊ အရဟတ္တမဂ်သို့ ရောက်သော ပုဂ္ဂိုလ်သည်လည်းကောင်း ရှိပါသေးသလောဟု မေးသဖြင့် အနာဂါမ် ဗြဟ္မာကြီးက ထိုဗာဟိယဒါရုစီရိယအား အချင်း ဗာဟိယဒါရုစီရိယ မြောက်ပိုင်း အရပ် ဇနပုဒ်ဘို့၌ သာဝတ္ထိအမည်ရှိသော မြို့ရှိ၏။ ထိုသာဝတ္ထိမြို့၌ ဥေယျမံ တရားငါးပါးတို့ကို ကိုယ်တော်တိုင်သာလျှင် သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့် အကြွင်းအကျန် မရှိ သိမြင်တော်မူတတ်သော လူ, နတ်, ဗြဟ္မာတို့၏ ပူဇော် အထူးကို ခံတော်မူထိုက်သော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားရှင်သည် ဤယခုအခါ၌ သီတင်းသုံးနေတော်မူ၏။ ထိုမြတ်စွာ ဘုရားသည် ကိလေသာ အာသဝေါတရားတို့ကို ပယ်ရှားသုတ်သင် ကုန်စင်ပြီး သောအားဖြင့် ရဟန္တာအစစ်လည်း ဖြစ်တော်မူ၏။ သူတစ်ပါးတို့အား ကိလေသာ တရားတို့ကို ပယ်ရှားလျက် ရဟန္တာဖြစ်စေခြင်းငှါ တရားဒေသနာကိုလည်း ကောင်းစွာ ဟောကြား ပြသတော်မူပေသည်ဟု ပြောကြား၏။

မြတ်စွာဘုရားထံ သွားခြင်း

ဗာဟိယဒါရုစီရိယသည် ညဉ့်အဖို့၌ အနာဂါမ် ဗြဟ္မာကြီး ပြောကြားသော စကားကို ကြား၍ ထိတ်လန့်တုန်လှုပ်သော စိတ်ရှိသဖြင့် ထိုခဏ၌ပင်လျှင် သုပ္ပါရကရွာမှ ထွက်ခဲ့၍ တစ်ညဉ့်တည်းဖြင့် (ညတွင်းချင်း) သာဝတ္ထိပြည်သို့ သွားလေ၏၊ ယူဇနာနှစ်ရာရှိသော ခရီးကို တစ်ညဉ့်တည်းဖြင့်သာလျှင် သွား လေ၏။

[ယူဇနာနှစ်ရာ ဝေးကွာသော ထိုသာဝတ္ထိပြည်သို့ တစ်ညဉ့်တည်းဖြင့် သွားရောက်နိုင်ခြင်းမှာ ဗြဟ္မာမင်း၏ အာနုဘော်ကြောင့် မှတ်ရာ၏။ အချို့ကုန်သော ဆရာမြတ်တို့သည်ကား ဘုရားရှင်၏ အာနုဘော် ကြောင့် သွားရောက်နိုင်သည်ဟု မိန့်ဆိုတော်မူကြကုန်၏။]

ထိုဗာဟိယဒါရုစီရိယသည် သာဝတ္ထိပြည်သို့ ရောက်သောအချိန်ဝယ် မြတ်စွာ ဘုရားရှင်သည် သာဝတ္ထိပြည် မြို့တွင်းသို့ ဆွမ်းခံကြွဝင်တော်မူ၏။ ထိုဗာဟိယ ဒါရုစီရိယသည် နံနက်ဆွမ်း ဘုဉ်းပေးပြီးသည်ဖြစ်၍ ကိုယ်၏ လေ လံထိုင်းမှိုင်း ခြင်းမှ လွတ်စေခြင်းငှါ လွင်တီးခေါင်၌ စင်္ကြံကြွသွားကုန်သော များစွာကုန်သော ရဟန်းအပေါင်းတို့ကို အရှင်တို့ ဤယခုအခါ၌ မြတ်စွာဘုရားရှင်သည် အဘယ်

အရပ်မှာ ရှိပါသနည်းဟု မေး၏။ ရဟန်းတို့သည် မြတ်စွာဘုရားအား သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံဝင်တော်မူသည်ဟု ပြောဆိုကြပြီးလျှင် ထိုဗာဟိယဒါရုစီရိယကို သင်သည် ဘယ်အရပ်မှ လာခဲ့ပေသနည်းဟု မေးကြကုန်၏။

သုပ္ပါရကမှ လာခဲ့ပါသည်ဟု ပြောဆိုသည် ရှိသော် ဘယ်အခါ၌ ထွက်၍ လာခဲ့သနည်းဟု မေးပြန်သဖြင့် ယမန်နေ့ ညချမ်းအခါက ထွက်၍ လာခဲ့ပါသည်ဟု ပြောလျှင် အသင်သည် ဝေးသောအရပ်မှ လာခဲ့ရပေ၏။ ဤနေရာ၌ ထိုင်ကုန်ဦးလော့၊ ခြေတို့ကို ဆေးကြော၍ ဆီဖြင့် လိမ်းကျံပြီးလျှင် တစ်ဆောမျှ နားနေပါဦးလော့၊ ပြန်ကြွတော်မူလာသည်ရှိသော် မြတ်စွာဘုရားကို ဖူးမြော်ခြင်းငှါ ရပါလတ္တံ့ဟု ပြောဆိုကုန်၏။

တရားဟောရန် လျှောက်ထားခြင်း

အရှင်ဘုရားတို့ တပည့်တော်သည် မြတ်စွာဘုရား ကိုယ်တော်မြတ်၏ လည်းကောင်း၊ တပည့်တော်၏ လည်းကောင်း အသက်အန္တရာယ် ငြိတွယ်ကျရောက် သေလွန်ရမည်ကို မသိနိုင်ပါ။ တစ်ညဉ့်တည်းဖြင့်သာလျှင် တစ်စုံတစ်ခုသော အရပ်၌ အနည်းငယ်မျှ ရပ်တန့်ခြင်း၊ အနည်းငယ်မျှ ထိုင်နေခြင်း မရှိမူ၍ ယူဇနာနှစ်ရာရှိသော ခရီးကို လာခဲ့ပါသည်။ မြတ်စွာဘုရားရှင်ကို ရှိခိုးပြီးသောအခါမှသာ နားနေမှုကို ပြုပါတော့အံ့ဟု ပြောဆိုပြီး၍ အဆောတလျင် သာဝတ္ထိမြို့တွင်းသို့ဝင်၍ မနှိုင်းမယှဉ်နိုင်သော ဘုရားအသရေတော်ဖြင့် ဆွမ်းခံလှည့်လည် ကြွသွားတော်မူသော မြတ်စွာဘုရားကို တွေ့မြင်ရသည်ရှိသော် ဂေါတမရှင်တော်ဘုရားကို တပည့်တော် ဖူးချင်နေသည်မှာ ကြာမြင့်လှချေပြီ တကားဟု မြောဆိုမြည်တမ်းလျက် မြတ်စွာဘုရားသခင်ကို မြင်သောအရပ်မှစ၍ ကိုယ်ကို ညွှတ်ကိုင်းကာ သွားရောက်ပြီးသော် ခရီးအကြား၌သာလျှင် ငါးပါးသော တည်ခြင်းဖြင့် ရှိခိုးဦးချ၍ ဖမျက်တော်တို့၌ မြဲစွာ ကိုင်ပြီးလျှင် ဘုန်းတော်ကြီးသော မြတ်စွာဘုရား တပည့်တော်အား တရားတော်မြတ်ကို ဟောကြားတော်မူပါလော့၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားတပည့်တော်အား တရားတော်မြတ်ကို ဟောကြားတော်မူပါလော့၊ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော တရားတော်သည် တပည့်တော်အား ရှည်ကြာလေးမြင့်စွာ စီးပွားချမ်းသာ ဖြစ်စိမ့်သောငှါ တရားဟောကြားတော်မူပါဟု လျှောက်ထား၏။

ထိုအခါ မြတ်စွာဘုရားက အချင်းဗာဟိယဒါရုစီရိယ ငါဘုရားသည် မြို့တွင်းသို့ ဆွမ်းခံကြွဝင်ဆဲသောအခါဖြစ်၍ အခွင့်အခါမဟုတ်သေးဟု ထိုဗာဟိယဒါရုစီရိယကို ပယ်မြစ်တော်မူပြီးဗာဟိယဒါရုစီရိယ-က ထိုစကားကိုကြား၍ ဘုန်းတော်ကြီး မြတ်တော်မူသော မြတ်စွာဘုရား သံသရာ၌ လှည့်လည်ပြေးသွား၍ နေရသော သတ္တဝါတို့ မည်သည်မှာ ကဗဋ္ဌီကာရ အာဟာရကို မရဖူးသည်ဟူ၍ မရှိပါ၊

အရှင်ဘုရားတို့၏ လည်းကောင်း၊ တပည့်တော်တို့၏ လည်းကောင်း အသက်အန္တရာယ်ကို မသီနှိုင်ပါ၊ တရားတော်ကိုသာ ဟောကြားတော်မူပါလေဟု တောင်းပန် လျှောက်ဆား၏။ မြတ်စ္စာဘုရားရှင်သည် နှစ်ကြိမ်မြောက် လျှောက်ထားသည်ကိုလည်း ပယ်မြစ်တော်မူသည်သာလျှင်တည်း။

[ယင်းသို့ နှစ်ကြိမ်တိုင်တိုင် ပယ်ရှားတော်မူခြင်းမှာ မြတ်စ္စာဘုရားရှင်အား ဤသို့သော အကြံတော်သည် ဖြစ်ပေသတတ်။ "ဤသူအားငါဘုရားကို ဖူးမြင်ရသော ကာလမှစ၍ အလုံးစုံသော ကိုယ်ကို ပီတိဖြင့် မပြတ် အထပ်ထပ် ဖြစ်ပွားလှုပ်မိုးမိုး၍ နေ၏။ အားကြီးသော ပီတိအဟုန် ရှိသောကြောင့် တရားတော်ကို ကြားနာရသော်လည်း တရားတော်ကို ထိုးထွင်း၍ သိမြင်ခြင်းငှါ မစွမ်းနိုင်ပေလတ္တံ့။ ထိုအားကြီးလှစွာသော ပီတိအဟုန်ကို ပယ်ရှားသက်သာစေလျက် လျစ်လျူရှုခြင်းဥပေက္ခာ ဖြစ်စေဦးတော့၊ တစ်ညဉ့်ချင်းဖြင့်သာလျှင် ယူဇနာနှစ်ရာဝေးကွာဒေသ ရပ်ဌာနခရီးကို တစ်ဟုန်တည်း လာရောက်ရသည်၏ အဖြစ်ကြောင့် ပြင်းပြပူလောင်လျက် အလွန်လျှင် ပင်ပန်းခြင်း ရှိ၏။ ထိုပင်ပန်းပူလောင်ခြင်းသည်လည်း အနည်းငယ်မျှ ငြိမ်းချမ်းသက်သာအေးမြရာကို ရစေဦးတော့"ဟု ဤသို့သော အကြံတော်သည် ဖြစ်၏။ ထို့ကြောင့် နှစ်ကြိမ်တိုင်တိုင် ပယ်ရှားတော်မူသတည်း။]

ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်ခြင်း

ထို့နောက် သုံးကြိမ်မြောက် တောင်းပန် လျှောက်ထားပြန်၏။ ထိုအခါမှ မြတ်စ္စာဘုရားသည် လမ်းခရီး အကြာဒွဲ့ တန့်ရပ်တော်မူလျက်သာလျှင် "အိုဗာဟိယ မြင်လျှင် မြင်ကာမတ္တဖြစ်အောင် ဤသို့လော့ကျင့်ရမည်"အစရှိသော တရားတော်ကို ဟောကြားတော်မူ၏။

ဗာဟိယဒါရုစီရိယသည် မြတ်စ္စာဘုရား ဟောကြားတော်မူအပ်သော တရားတော်ကို နာလျက်သာလျှင် အလုံးစုံသော အာသဝေါ တရားတို့ကို ကုန်ခန်းစေလျက် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လေ၏။

ထိုအရဟတ္တဖိုလ်သို့ ရောက်သော ခဏ၌သာလျှင် မြတ်စ္စာဘုရားကို ရဟန်းအဖြစ်ကို တောင်းပန် လျှောက်ကြားသဖြင့် "အသင့်အား သပိတ်သင်္ကန်းပြည့်စုံပြီလော"ဟု မေးတော်မူသည် ရှိသော် "မပြည့်စုံသေးပါ"ဟု လျှောက်၏။ မြတ်စ္စာဘုရားက ထိုသို့ဖြစ်လျှင် သပိတ်သင်္ကန်းကို ရှာမှီးချေဦးလော့"ဟု မိန့်ဆို ဟော်မူပြီး၍ ဖဲကြွတော်မူ၏။

[အသို့ပေနည်း၊ မြတ်စ္စာဘုရားသည် ဤကဲ့သို့ ရဟန်းပြုပါမည့် အကြောင်းနှင့် တောင်းပန်လျှောက်ထားအပ်သည် ရှိသော်"ဟိဘိက္ခု"

ခေါ်တော်မူသည် ဖြစ်၍ ရဟန်းအဖြစ်ကို ပေးသနားတော်မူသည် မဟုတ်တုံလော့၊ ဤဗာဟိယဒါရုစီရိယကို သပိတ်, သင်္ကန်း, အရှာအဖွေစေခိုင်းပြီးသောအခါ အဘယ်ကြောင့် ရဟန်းအဖြစ်ကို ပေးတော်မမူပါသနည်း ဆိုခဲ့ငြားအံ့။

ရဟန်း ပြုရပါမည့်အကြောင်း တောင်းပန် လျှောက်ကြားသော အခါ၌ "ဟိဘိက္ခု ရဟန်းအဖြစ်ဖြင့် မြတ်စွာဘုရား ရဟန်းအဖြစ်ကို ပေးသနားတော်မူခြင်းမှာ တန်ခိုးဖြင့် ပြီးသော သပိတ်သင်္ကန်း ဖြစ်လတ္တံ့သော ကောင်းမှုအဆောက်အဦ ရှိသော သူအားသာလျှင် "ဟိဘိက္ခု" ခေါ်တော်မူလေသည်။ ထိုဗာဟိယဒါရုစီရိယကား အနှစ်နှစ်သောင်းတို့ ကာလပတ်လုံး ရဟန်းတရားကို အားထုတ်လျက် ရဟန်းမည်သည်ကား မိမိသည် ပစ္စည်း ပရိက္ခရာတို့ကို ရသည် ရှိသော် တစ်ပါးသော သူကို ငဲ့ကွက် တွယ်တာညှာတာခဲခြင်း ပေးကမ်းခြင်းငှါ မသင့်၊ မိမိသည်သာလျှင် သုံးဆောင်ခြင်းငှါ အပ်သည်ဟု နှလုံးသွင်းပြီး တစ်ပါးသော ရဟန်းအား သော်လည်း သပိတ်ဖြင့် လည်းကောင်း သင်္ကန်းဖြင့် လည်းကောင်း ချီးမြှင့် ပေးကမ်းခြင်းကို မပြုခဲ့ဖူးပေ။ ထို့ကြောင့် ထိုဗာဟိယဒါရုစီရိယအား တန်ခိုးဖြင့် ပြီးသော သပိတ်သင်္ကန်း မဖြစ်လတ္တံ့ဟု သိတော်မူ၍ "ဟိဘိက္ခု" အဖြစ်ဖြင့် ရဟန်းအဖြစ်ကို ပေးတော်မမူသတည်း။]

နွားဝှေ့၍ ပရိနိဗ္ဗာန်စံခြင်း

ထိုဗာဟိယ ဒါရုစီရိယသည်လည်း သပိတ်သင်္ကန်းကို ရှာမှီးလျက် လှည့်လည် စဉ်ပင်လျှင် ဘီလူးမတစ်ယောက်သည်လည်း နွားမ၏ အသွင်ဖြင့် လျင်မြန်စွာ ပြေးလိုက်လာခဲ့၍ ပေါင်၌ ဝှေခတ်ပြီးလျှင် အသက်ကုန်ခြင်းသို့ ရောက်စေ၏။

မြတ်စွာဘုရားသည် ဆွမ်းခံခြင်းငှါ လှည့်လည်တော်မူ၍ ဆွမ်းစားခြင်းကိစ္စပြီးဆုံးသဖြင့် မျှားစွာကုန်သော ရဟန်းတို့နှင့် အတူတကွ ထွက်ကြွတော်မူသည် ရှိသော် တံမြက်ခြေးစုရာဖြစ်သော အရပ်၌ ကျနေသော ဗာဟိယ ဒါရုစီရိယ၏ ခန္ဓာကိုယ် ရုပ်အလောင်းကို တွေ့မြင်၍ "ချစ်သား ရဟန်းတို့ တစ်ခုသော အိမ်တံခါး၌ တည်သော ညောင်စောင်းကို ဆောင်ယူစေပြီးလျှင် ဤခန္ဓာကိုယ် ရုပ်အလောင်းကို မြို့မှ ထုတ်ဆောင်၍ မီးသင်္ဂြိုဟ်ပြီးလျှင် စေတီကို တည်ထားပြုစုကြကုန်လော့" ဟု ရဟန်းတို့ကို စေခိုင်းတော်မူ၏။ ရဟန်းတို့လည်း ဘုရားအမိန့်တော်အတိုင်း ပြုကြကုန်၏။ ပြုလုပ်ဆောင်ရွက်ပြီးသောအခါ ကျောင်းတော်သို့ ပြန်သွားကြပြီးလျှင် မြတ်စွာဘုရားသို့ ချဉ်းကပ်၍ မိမိတို့ ပြုအပ်ခဲ့ပြီးသောကိစ္စကို ကြားလျှောက်ပြီးသော် ထိုဗာဟိယဒါရုစီရိယ၏ တမလွန်ဘဝလားရာ ဂတိကို မေးလျှောက်ကြကုန်၏။ ထိုအခါ မြတ်စွာဘုရားရှင်သည်

ရဟန်းအခပါင်းတို့အား ထိုဗာဟိ ဃဒါရုစီရိယ၏ နိဗ္ဗာန်ယူသိမ်း ငြိမ်းပြီးသည်၏ အဖြစ်ကို မိန့်တော်မူပြီးနောက်—

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ခိပ္ပါဘိညာနံ ယဒိဒံ ဗာဟိယော ဒါရုစီရိယော–

ဟု ခိပ္ပါဘိညအရာ၌ ဧတဒဂ် ထားတော်မူ၏။

အနက်ကား။ ။ဘိက္ခဝေ၊ သံသရာရေး လာမည့်ဘေးကို မြော်တွေး ရှုငြား ရဟန်းများကို။ မမ၊ ငါဘုရား၏။ သာဝကာနံ၊ တပည့်သာဝက ဖြစ်ကုန်သော။ ဘိက္ခူနံ ခိပ္ပါဘိညာနံ၊ အလျင်အမြန် ထိုးထွင်းသော အဘိညာဉ် ရှိကုန်သော ရဟန်း ဘိုးတို့၌။ ယဒိဒံ-ယော ဧသော ဗာဟိယော ဒါရုစီရိယော၊ အကြင် ဗာဟိယ ဒါရုစီရိယသည်။ အတ္ထိ၊ ရှိ၏။ ဧတံ-ဧသော ဗာဟိယ ဒါရုစီရိယော၊ ထိုဗာဟိယ ဒါရုစီရိယသည်။ အဂ်ဂံ-အဂ္ဂေါ၊ အမြတ် ဆုံးတည်း။

သောတာပန် တည်ကြခြင်း

ထိုနောက် ရဟန်းတို့က ဘုန်းတော်ကြီးသော မြတ်စွာဘုရား "အရှင်ဘုရား တို့က ဗာဟိယ ဒါရုစီရိယသည် အရဟတ္တဖိုလ်သို့ ရောက်သည်ဟူ၍ မိန့်ဆိုတော် မူကြကုန်၏။ အဘယ်အခါ၌ ထိုဗာဟ်ယ ဒါရုစ်ရိယသည် အရဟတ္တဖိုလ်သို့ ရောက်ပါသနည်း" ဟု မေးလျှောက်ကုန်သဖြင့် "ချစ်သား ရဟန်းတို့ ငါဘုရား၏ တရားတော်ကို ကြားနာရသောအခါ၌ အရဟတ္တဖိုလ်သို့ ရောက်လေသည်" ဟု မိန့်တော်မူလျှင် အရှင်ဘုရားတို့သည် အဘယ်အခါ၌ ထိုဗာဟိယ ဒါရုစီရိယအား တရားတော်ကို ဟောကြားပါသနည်းဟု မေးလျှောက်ကြပြန်သည် ရှိသော် ချစ်သား ရဟန်းတို့ ဆွမ်းခံခြင်းအလို့ငှါ လှည့်လည်ကြွသွားသော ငါဘုရားသည် လှမ်းခရီးအကြား၌ တန့်နား ရပ်တည်တော်မူလျက် ဟောကြားတော်မူအပ်သည် ဟု မိန့်တော်မူ၏။ ရဟန်းတို့ကလည်း ဘုန်းတော်ကြီးတော်မူသော မြတ်စွာ ဘုရား အရှင်ဘုရားတို့သည် လှမ်းခရီးအကြား၌ ဘန့်နားရပ်တည်၍ ဟောကြား တော်မူအပ်သော တရားတော်မြတ်သည်ကား အနည်းငယ်မျှသာ ဖြစ်ပါသည်။ အသို့ပေနည်း၊ ထိုခဏကာလ အခိုက်အတန့်ဖြစ်သော အနည်းငယ်မျှသာ ဖြစ်သော တရားသည် အရဟတ္တဖိုလ်တည်းဟူသော တရားအထူးကို ဖြစ်စေနိုင်ပါသလောဟု မေးလျှောက်ကုန်ပြန်သဖြင့် မြတ်စွာဘုရား ကိုယ်တော်မြတ်က ချစ်သား ရဟန်းတို့ အသို့နည်း၊ ငါဘုရား တရားတော်ကို နည်းသည်ဟူ၍ လည်းကောင်း၊ များသည်ဟူ၍လည်းကောင်း အတိုင်းအရှည်ကို ယူကြကုန် ကုန်သလော။ ချစ်သား ရဟန်းတို့ ငါဘုရားတရားကို အနည်းအများကို ပမာဏ မထားကြကုန်ပေလင့်။ အကျိုးစီးပွား မဲ့ကုန်သော အထောင်မက များပြားကုန်သော ဂါထာတို့သည်လည်း မြတ်လှသည်မဟုတ်။ အကျိုးစီးပွား

နှင့်စပ်သော အကျိုးစီးပွားကိုမှီသော တစ်ခုသောဂါထာပါဠိ ပဒပင်သော်လည်း မြတ်လှသည်သာလျှင်ဝ ည့်းဟု မိန့်တော်မူပြီး၍ အနုသန္ဓေကို စပ်တော်မူ၍ တရားတော်ကို ဟောကြားတော်မူလိုသောကြောင့် ဤဂါထာကို မိန့်တော်မူ၏-

သဟသ မပိ စေ ဂါထာ၊ အနတ္ထပဒသံဟိတာ။
ကေ ဂါထာပဒံ သေယ္ယော၊ ယံ သုတ္ဝာ ဥပသမ္မတိ-

အနက် အဓိပ္ပါယ် ကင်းမဲ့သော ပုဒ်များး ပါဝင်သော ဂါထာပေါင်း တစ်ထောင်ကို ကြားနာရခြင်းထက် ရာဂငြိမ်းအေးကြောင်း အကျိုးရှိသည့် ဂါထာတစ်ပုဒ်ကို ကြားနာရခြင်းသည် ပို၍ မြတ်၏။

ထိုဂါထာ၌- ကေ ဂါထာပဒံ သေယ္ယော ဟူသည် "အပ္ပမာဒေါ အမတံ ပဒံ ။ပ။ ယထာ မတာ"ဟူသော ဂါထာသည် တစ်ဂါထာပင် ဖြစ်သော်လည်း မြတ်၏ဟု ဆိုလိုသည်။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြကုန်၏။

ဗာဟိယဒါရုစီရိယဝတ္ထု ပြီး၏။

၃။ ကုဏ္ဍလကေသီထေရီမဝတ္ထု

ယော စ ဂါထာနံ တံ ဘာသေ-အစရှိသော ဤဓမ္မဒေသနာကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည့်ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူ၍ ကုဏ္ဍလကေသီကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့ပေသတည်း။

ရာဇဂြိုဟ်ပြည်ကြီး၌ သူဌေးကြီး တစ်ယောက်အား တစ်ဆယ့်ခြောက်နှစ်အရွယ် လှပတင့်တယ် ရှုချင်စဖွယ် သမီးငယ်တစ်ယောက် ရှိ၏။ ထိုသမီးငယ် တစ်ဆယ့်ခြောက်နှစ်အရွယ် ရောက်သောအခါ ချစ်ငဲ့ဖွယ်ရာသော ယောကျ်ားတစ်ပါး၌ ဖောက်ပြားသောစိတ်ရှိသဖြင့် ဝပ်မကဲ့နှစ်သက် လျှပ်ပေါလော်လည်မည်ကို စိုးရိမ်ကြောင့်ကြပူပန်ခြင်းရှိသောကြောင့် အမိအဖ နှစ်ပါးတို့သည် ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်အပြင် ကျက်သရေရှိသော တိုက်ခန်း၌ အလုပ်အကျွေးဖြစ်သော ကျွန်မတစ်ယောက်ကိုသာ ပေးလျက် သမီးငယ်ကို ထိန်းသိမ်းစောင့်ရှောက်လျက် ထားကြကုန်၏။

ခိုးသူကို အသပြာတစ်ထောင် ပေး၍ ကြိုက်ခြင်း

ထိုအခါ တစ်နေ့သ၌ ခိုးသူတစ်ယောက်ကို ဖမ်းယူပြီးလျှင် ကြိုးလက်ပြန်တို့ဖြင့် တုပ်ဖွဲ့ချည်နှောင်၍ လမ်းဆုံလမ်းဝိုင်း၌ ကြိမ်တို့ဖြင့် ရိုက်နှက်ပုတ်ခတ်ပြီးသောအခါ ခိုးသားတို့ သတ်ရာဖြစ်သော အရပ်သို့ ဆောင်ယူကြကုန်၏။

သူဌေးသမီးသည် လူပေါင်းများစွာတို့၏ အသံကို ကြား၍ ဤအသံသည်ကား အဘယ်သို့သောအသံ ဖြစ်ပါလိမ့်မည်နည်းဟု ပြာသာဒ်အပြင်ထက်၌ တည်လျက် လေသောက်ပြတင်းကို ဖွင့်လှစ်၍ ကြည့်ရှုသည်ရှိသော် တုပ်နှောင်၍ ထားစေပ်သော ခိုးသူယောကျ်ားကို မြင်သဖြင့် ချစ်ခင်နှောင်ဖွဲ့ တိမ်းညွတ်သောစိတ် ရှိသည်ဖြစ်၍ ဤလုလင်ယောကျ်ားကို ငါရပါမူကား တော်လေစ့ဟု တောင့်တ မြည်တမ်း စွဲလမ်းပြီး အာဟာရကို ပယ်ချစွန့်ပစ်၍ ညောင်စောင်း၌ အိပ်နေ၏။

ထိုအခါ ဗိခင် သူဌေးကတော်သည် ထိုကဲ့သို့ အစာအာဟာရ မစားသောက်သည်ကို သိ၍ လျင်မြန်စွာ ချဉ်းကပ်လာရောက် ပြီးလျှင် ချစ်သမီး အကြောင်း အဘယ်သို့ ရှိပေသနည်းဟု မေးမြန်း စိစစ်သည် ရှိသော် သူဌေးသမီးက အိုမိခင် ခိုးသူဟူ၍ တုပ်နှောင် ဖမ်းယူသွားသော ထို လုလင်ယောကျ်ားကို ကျွန်တော်မသည် အကယ်၍ ရပါအံ့၊ အသက်ရှည်ပါလိမ့်မည်။ ထိုလုလင် ယောကျ်ားကို အကယ်၍ မရလျှင် ကျွန်တော်မအား အသက်ရှည်တော့မည် မဟုတ်ပါ၊ ဤအိပ်ရာ့ညောင်စောင်း၌သာလျှင် သေလွန်သွားရပါလတ္တံ့ဟု ပြောကြား၏။ ထိုသို့ ပြောကြားသော စကားကို မိခင်ဖြစ်သော သူဌေးကတော်သည် ကြား၍ ချစ်သမီး ဤမထင်ရှားသော ခိုးသူယောကျ်ား၌ ချစ်ခင်ခြင်းကို မပြုပါလင့်။ ငါတို့အား ဇာတ်အားဖြင့်လည်းကောင်း၊ စည်းစိမ်အားဖြင့်လည်းကောင်း တူမျှသော အမျိုးဇာတ် ရှိသော တစ်ယောက်သော ယောကျ်ားကို အသင်ချစ်သမီးသည် ရပါလိမ့်မည်ဟု ပြောဆိုတားမြစ်တောင်းပန်၏။

ဤသို့တောင်းပန်သော် မိခင် ကျွန်တော်မအား တစ်ပါးသော ယောကျ်ားဖြင့် ကိစ္စ မရှိပါ။ ဤလုလင် ယောကျ်ားကို အကယ်၍ မရခဲ့သည် ရှိသော် ကျွန်တော်မသည် သေရပါတော့မည်ဟု ပြောကြား၏။ မိခင်ဖြစ်သော သူဌေးကတော်သည် မိမိသမီးကို တားမြစ်ပြောဆို ဖျောင်းဖျပါသော်လည်း နားလည်စေခြင်းငှါ မစွမ်းနိုင်သည် ဖြစ်၍ ဖခင်ဖြစ်သော သူဌေးကြီးအား အကြောင်းစုံကို အကုန်ပြန်ကြားပေ၏။ ဖခင်ဖြစ်သော သူဌေးကြီးလည်း သမီး၏ အထံသို့ ချဉ်းကပ်၍ အထပ်ထပ် အဖန်ဖန် တောင်းပန် တားမြစ်ပါသော်လည်း နားလည်စိမ့်သောငှါ မစွမ်းနိုင်သောကြောင့် ငါသည် အဘယ်သို့ ပြုလုပ်ရပါမည်နည်းဟု ကြံပြီးသော် ခိုးသူကို ဖမ်းယူသွားသော မင်းချင်း ယောကျ်ားအား အသင်တို့သည် ဤအသပြာတို့ကို ယူပြီး ကိုခိုးသူကို ငါ့အား ပေးပါလော့ဟု တစ်ထောင်သော အသပြာထုပ်ကို ပို့စေ၏။

မင်းချင်း ယောကျ်ားလည်း ကောင်းပြီဟု ဝန်ခံလျက် တစ်ထောင်သော အသပြာကိုယူ၍ ထိုခိုးသူကို လွှတ်ပြီး တစ်ခြားတစ်ယောက်ကိုသတ်၍ ခိုးသူကို သွတ်အပ်ပြီဟု မင်းကြီးအား ကြားလျှောက်၏။ သူဌေးကြီးသည်လည်း

ရောက်လာသော ခိုးသူယောကျ်ား လုလင်ငယ်အား မိမိ၏ သမီးကို ပေးအပ်ဆောက်နှင်း၏၊ သူဌေးသမီးသည်လည်း ထိုအခါကာလမှ စ၍ ငါ၏ လင်ကို ချစ်ခင်နှစ်သက်စေအံ့ဟု ကြံ၍ အလုံးစုံသော အဝတ်တန်ဆာတို့ကို ဆင်ယင်ဝတ်စားပြီးသော် မိမိကိုယ်တိုင်သာလျင် ထိုလင်ယောကျ်ားအတွက် ယာဂုထမင်းဟင်း အစရှိသည်တို့ကို စိမံချက်ပြုတ် ပြုစုလုပ်ကျွေးပေ၏။

ခိုးသူ၏ မာယာ

နှစ်ရက် သုံးရက်ကို လွန်သဖြင့် ခိုးသူက ကြံစည်သည်မှာ အဘယ်အခါကာလ၌ ငါသည် ဤသူဌေးသမီးကို သတ်ပြီးလျှင် ထိုသူဌေးသမီးဝတ်ဆင်သော တန်ဆာတို့ကို ယူပြီး တစ်ခုသော ဆူရာတင်းကုပ်၌ ရောင်းချဖလှယ်၍ ဝယ်ယူစားသောက်ခြင်းငှါ ရပါအံ့နည်းဟု ကြံ၏။ ကြံပြီး၍ကား ထိုခိုးသူသည် နည်းလမ်းတစ်ခု အကြံရသဖြင့် အစာအာဟာရကို ပယ်ချစွန့်ပစ် မစားမသောက်မူ၍ ညောင်စောင်း၌ အိပ်နေ၏။

ခိုးသူ၏ သတ်ရန် အကြံ

ထိုအခါ သူဌေးသမီးသည် မိမိလင်အထံသို့ ချဉ်းကပ်၍ အရှင် ချစ်လင်အသင်အား အကြောင်းအသို့ရှိလေသနည်း။ နာကျင်ပါသလောဟု မေး၏။ ချစ်နှမ ငါ့အား နာကျင်ခြင်း မရှိပေဟု ပြောဆို၏။ ကျွန်တော်မ၏ မိခင်ဖခင်တို့ကအရှင့်အား အမျက်ထွက်ကြသလောဟု မေး၏။ ချစ်နှမ အသင်၏ မိခင်ဖခင်နှစ်ပါးတို့ကလည်း ငါ့အား အမျက်ထွက်ခြင်းမရှိပေဟု ပြန်ပြော၏။ အမောင်ချစ်လင် ထိုသို့ မဟုတ်ခဲ့သည်ရှိသော် အဘယ်အကြောင်းပါနည်းဟု မေးသဖြင့် ငါ့ကို နှောင်ဖွဲ့ထုတ်ဆောင်သောအခါ ငါသည် ထိုနေ့၌ ခိုးသူတို့ကို ပစ်ချသော တောင်ကမ်းပါးပြတ်၌ စောင့်ရှောက်သော နတ်အား ပူဇော်ခြင်းအမှုကို ပြုပါမည်ဟု ဝန်ခံမိသည်။ ထိုသို့ အကြောင်းကြောင့်လည်း အသက်ကို ရပေသည်။ အသင်ချစ်နှမကိုလည်း ထိုနတ်မင်း မ-စသော အာနုဘော်တော်ကြောင့်သာလျှင် ရအပ်ပေသည်။ အသင်ချစ်နှမ ထိုနတ်မင်းအား ပူဇော်ခြင်းအမှုကို ဖြစ်စေအံ့ဟု ကြံမိပေသည်။ ထိုသို့ ကြံစည်မိသောအရာသည် မပြည့်စုံသေးသောကြောင့် မိမိ၏ စိတ်၌ မချမ်းမသာ ရှိရလေသည်ဟု ပြန်ပြော၏။

သူဌေးသမီးကလည်း အမောင်ချစ်လင် မစိုးရိမ်ပါလင့်၊ နတ်အား ပူဇော်ခြင်းကို ပြုပါမည်။ အဘယ်ဝတ္ထုဖြင့် အလုံရှိသည်ဟု မိန့်ဆိုတော်မူပါလော့ဟု ပြော၏။

ချစ်နှမ ရေမရောသော နို့အဖျော် ထမင်းတို့ဖြင့်လည်းကောင်း၊ ပေါက်ပေါက်လျှင် ငါးခုမြောက်သော ကြက်ရုံးပန်းတို့ဖြင့်လည်းကောင်း အလိုရှိသည်ဟု ပြောလျှင် ချစ်လင် ကောင်းပါပြီ၊ ကျွန်တော်မသည် ပြုစုစီမံအံ့ဟု ဝန်ခံပြီးလျှင်

သူဌေးသမီးသည် နတ်အား ပူဇော်ဖွယ်ဖြစ်သော ပစ္စည်းဝတ္ထု အလုံးစုံတို့ကို အကုန် ပြုပြင် စီရင်ပြီး အမောင်ချစ်လင် လာလှည့်၌၊ နတ်အား ပူဇော်ခြင်းငှါ သွားကြကုန်အံ့ဟု ဆို၏။

ချစ်နှမ ထိုသို့ဖြစ်လျှင် အသင်၏ ဆွေမျိုးညာတိတို့ကို ဆုတ်နစ်ပြန်လည်စေ၍ (မလိုက်စေဘဲ) အသင်၏ ကိုယ်ကို အဖုံးအမျှား ထိုက်သော အဝတ်တန်ဆာတို့ဖြင့် တန်ဆာဆင်လေလော့၊ ငါတို့သည် နှစ်သက်ရှင်ပျ ဝမ်းသာစွာ ကစား မြူးထူးလျက် သွားကြကုန်အံ့ဟု ပြော၏။ သူဌေးသမီးသည်လည်း မိမိ၏အရှင် ခင်ပွန်းလင် ပြောဆိုတိုင်းပင် ပြု၏။

ထိုနောက် တောင်ခြေရင်းသို့ ရောက်သောအခါ သူဌေးသမီးကို ချမ်နှမ ကျိတောင်ခြေရင်းမှ အဏက်သို့ ငါတို့ နှစ်ယောက်တည်းသာလျှင် တက်သွား ကြကုန်အံ့။ ကြွင်းသော လူတို့ကို နေရစ်စေ၍ ပူဇော်ဖို့ရာ ဖြစ်သော ခွက်ကို အသင်ချစ်နှမကိုယ်တိုင် ရွက်ခဲ့ပါလော့ဟု ပြော၏။ သူဌေးသမီးသည် ထိုသို့ ပြောဆိုတိုင်းပင် ပြု၏။ ခိုးသူသည် သူဌေးသမီးကို လှည့်ပတ်ခေါ်ဆောင် ပြီးသောအခါ ခိုးသူပစ်ချရာ တောင်ထက်သို့ တက်ခဲ့၏။

[စောရပပါတ တောင်ဟူသည်ကား– ထိုတောင်၏ တစ်ဖက်သော နံပါးဖြင့် လူတို့သည် တက်ကြ၏။ တစ်ဖက်သော နံပါးဌ ခိုးသားတို့ကို ချသတ်သော ကမ်းပါးပြတ် ရှိ၏။ ထိုတောင်ထိပ်ဌ တည့်သဖြင့် ထိုတစ်ဖက်သော နံပါးဖြင့်သာလျှင် ခိုးသူတို့ကို ကျူးစေကုန်၏။ ထိုကမ်းပါးပြတ်ဌ ချအပ်သော ခိုးသူတို့သည် အပိုင်းပိုင်း ဖြစ်၍ မြေကြီးဌ ကျကုန်၏။ ထို့ကြောင့် ၎င်းတောင်ကို စောရပပါတတောင် ဟူ၍ ခေါ်ဆိုသမုတ်အပ်၏]

သူဌေးသမီး တောင်ပန်ချက်

သူဌေးသမီးသည် ခိုးသားတို့ ချသတ်ရာဖြစ်သော တောင်ထိပ်ဌ တန့်ရပ်၍ အမောင်ချစ်လင် နတ်မင်းအား ပူဇော်ခြင်းအမှုကို ပြုပါလော့ဟု ပြောဆို၏။ ခိုးသူယောကျ်ားသည် စကားမပြော ဆိတ်ဆိတ်သာလျှင်နေ၏။ တစ်ဖန် သူဌေး သမီးက အမောင်ချစ်လင် အဘယ်ကြောင့် ဆိတ်ဆိတ်နေပါသနည်းဟု မေးသည် ရှိသော် ချစ်နှမ ငါ့အား နတ်ပူဇော်ခြင်းဖြင့် အလိုမရှိ၊ ငါသည် နတ်ကို ပူဇော် လိုသောကြောင့် မဟုတ်၊ အသင့်အား လှည့်ပတ်ဖြားယောင်း ခေါ်ဆောင် လာခဲ့ပေသည်ဟု ပြောဆို၏။

အမောင်ချစ်လင် ကျွန်တော်မအား အဘယ်အကြောင်းကြောင့် လိမ်လည် လှည့်ပတ် ခေါ်ဆောင်ခဲ့ပါသနည်းဟု မေးပြန်၏၊ ချစ်နှမ အသင့်ကို သတ်ပြီး

အသင်ဝတ်ဆင်သော အဝတ်တန်ဆာ ပစ္စည်းဥစ္စာတို့ကို ယူငင်ပြီးလျှင် ထွက်ပြေး ခြင်းငှါ အလိုရှိ၏။ ထို့ကြောင့် အသင့်အား လှည့်ပတ် ခေါ်ဆောင်ခဲ့ပေသည်ဟု ပြော၏။

သူဌေးသမီးသည် သေအံ့သော ဘေးဖြင့် ခြိမ်းခြောက် အပ်သည် ဖြစ်၍ အမောင်ချစ်လင် အရှင်သည် အဘယ်သို့သော စကားကို ပြောကြား မိန့်ဆိုတော်မူဘိသနည်း၊ ကျွန်မတော်သည် လည်းကောင်း၊ ဝတ်ဆင်အပ်သော အဝတ်တန်ဆာပစ္စည်းဥစ္စာတို့သည်လည်းကောင်း အရှင် ချစ်လင်၏ ပစ္စည်းဥစ္စာချည်းသာ မဟုတ်တုံလော၊ အမောင် ချစ်လင် ဤကဲ့သို့ မပြုပါလင့်ဟု အဖန်တလဲလဲ တောင်းပန်အပ်သော်လည်း အသင်သည် ငါ့အား မတောင်းပန်လင့်၊ အသင့်အား သတ်တော့မည်ဟုသာ ပြော၏။

အမောင် ချစ်လင် ဤသို့ ဖြစ်သော် ကျွန်မ သေလွန်သဖြင့် အရှင့်အား အဘယ်အကျိုး ရှိပါအံ့နည်း။ အဝတ်တန်ဆာ ပစ္စည်းဥစ္စာ အလုံးစုံတို့ကို အကုန်သိမ်းယူ၍ ကျွန်မအား အသက်ချမ်းသာပေးပါလော့။ ဤနေ့ကာလ ဤအခါမှစ၍ ကျွန်တော်မကို သေပြီဟူ၍ မှတ်တော်မူပါ၊ အိမ်ကျန်မကဲ့သို့ အမှုကိစ္စ ဟူသမျှတို့ကို ပြုလုပ်ပါမည်ဟု အတည်တည်သော အကြောင်းတို့ဖြင့် တောင်းပန်လိုသည် ဖြစ်သော့ကြောင့် ဤဂါထာကို ရွတ်၏—

ဣမေ သုဝဏ္ဏကေယူရာ၊ မုတ္တာ ဝေဋ္ဌုရိယာ ဗဟူ။
သဗ္ဗံ ဟရဿု ဘဒ္ဒန္တေ၊ မံ စ ဒါသီတိ သာဝယ။

အမောင်ချစ်လင် အို သခင် ဤ ရွှေလက်ကောက်များနှင့် ပုလဲကြောင်မျက်ရွဲတို့သည် များပြားလှပါ၏။ အားလုံးစုံသော တန်ဆာကို ယူပါ၊ ငါ့ကိုလည်း ကျွန်မအဖြစ် ပြောကြား ကြေညာပါလော့။

ခိုးသူယောကျ်ားသည် ထိုစကားကို ကြား၍ ချစ်နှမ ဤသို့ ပြုသည့် ရှိသော် သင်သည် အမိအဖတို့အား ပြောကြားပေလတ္တံ့၊ သတ်မည်သာလျှင်ကတည်း။ ပြင်းစွာ ငိုကြွေး မနေနှင့်တော့ဟု ဆိုလို၍ ဤဂါထာကို ရွတ်ဆို၏—

မာ ဗာဠ္ဌံ ပရိဒေဝေသိ၊ ခိပ္ပံ ဗန္ဓာဟိ ဘဏ္ဍိကံ။
နှ တုယ္ဟံ ဇီဝိတံ အတ္တိ၊ သဗ္ဗံ ဂဏ္ဍာမိ ဘဏ္ဍကံ။

ချစ်နှမ အလွန်အမင်း မငိုကြွေးပါလင့်၊ အဝတ်တန်ဆာထုပ်ကို ချက်ချင်း ထုတ်လေတော့၊ အသင် ချစ်နှမ သေရတော့မည်၊ အဝတ်တန်ဆာ ဘဏ္ဍာ အားလုံးကို ငါယူတော့မည်။

သူဌေးသမီး၏ ပညာစမ်း

ထိုသို့ ပြောဆိုသော စကားကို ကြားသိရသည် ရှိသော် သူဌေးသမီးသည် သြော် ဤအမှုသည် ဝန်လေးသောအမှု ဖြစ်လေစွတကား၊ ပညာမည်သည် ချက်ပြုတ်၍ စားသောက်ရခြင်း အလို့ငှါ ပြုပြင်အပ်သည် မဟုတ်ပေ။ စင်စစ် သော်ကား စိစစ်ကြံဖန်ခြင်းငှါ ပြုပြင်အပ်၏။ ဤသူအား ငါသည် ပြုအပ်သော အမှုကို သိစေအပ်ဟု ကြံ၏။ ကြံပြီးသည်မှနောက်၌ သူဌေးသမီးက အမောင် ချစ်လင် အကြင်အခါ၌ အသင့်ကို ခိုးသူဟူ၍ မင်းချင်းယောကျ်ား အာဏာ သားတို့သည် ဖမ်းဆီးတုပ်နှောင်လျက် သတ်ခြင်းငှါ ထုတ်ဆောင်၏။ ထိုအခါ ကျွန်တော်မသည် ဤလုလင် ယောကျ်ားကိုမှ မရခဲ့လျှင် သေရပါတော့မည့် အကြောင်းနှင့် ဖျောင်းဖျပူဆာ မျှားစွာသော စကားတို့ဖြင့် မိခင်ဖခင်တို့အား ပြောကြားအပ်ပေ၏။ ထိုသို့ပြောကြားခြင်းဟူသော အကြောင်းကြောင့် မိခင်ဖခင်တို့သည် တစ်ထောင်မျှလောက်သော အသပြာတို့ကို စွန့်လွှတ်၍ မင်းချင်းယောကျ်ား အာဏာသားတို့အား ပေးသွင်းပြီးလျှင် ခေါ်ဆောင်ယူငင်ပြီးသော အခါ အိမ်၌ ကျွန်တော်မနှင့် ထိမ်းမြားလက်ထပ်ခြင်းကို ပြုကုန်၏။ ထိုနေ့ကာလ ထိုမှစ၍ အရှင်ချစ်လင်အား ကျွန်တော်မသည် အသက်သေဘေးမှ ရွေးယူခြင်း, သူဌေးတို့၏ စည်းစိမ်ချမ်းသာကို ပေးခြင်း အစရှိသော ကြီးစွာသော ကျေးဇူး ဥပကာရကို ပြုအပ်ပါသည်။ ယခုအခါ ကျွန်တော်မသည် ကောင်းစွာ ထင်ထင် ရှုမြင်ပြီး အမောင်ချစ်လင်ကို ဇာလိုရှိတိုင်း ဖူးမြော်ရအောင် အခွင့်ကို ပေးသနား ပါလော့ဟု ပြော၏။ ခိုးသား ယောကျ်ားသည် ချစ်နှမ ကောင်းလှပေ၏၊ ကောင်းစွာ ရှုမြင်အပ်သည်ကို ပြုပြီး ရှိခိုးဖူးမြော်လေလော့ဟု ခွင့်ပေး၍ တောင်စွန်း၌ ရပ်တည်၏။

ခိုးသူ သေဆုံးခြင်း

ထိုအခါ သူဌေးသမီးသည် ခိုးသား ယောကျ်ားကို သုံးကြိမ် လက်ယာရစ် လှည့်လည်သည်ကို ပြု၍ လေးပါးသောအရပ်မျက်နှာတို့၌ ရှိခိုးပြီးသော် အမောင် ချစ်လင် အရှင်အား ဤယခု ကျွန်တော်မ ဖူးမြင်ရခြင်းသည် နောက်ဆုံးဖူးမြင် ရခြင်းပါတည်း။ အရှင်သည်လည်း ကျွန်တော်မအား ရှုမြင်ရခြင်းသည် နောက်ဆုံး ရှုမြင်ရခြင်းပါတည်း။ ဤမှ နောက်ကာလ၌ ကျွန်တော်မသည် အသင်ချစ်လင်အား ဖူးမြင်ရတော့မည် မဟုတ်၊ အရှင်သည် ကျွန်တော်မအား မြင်ရတော့မည် မဟုတ်၊ ရွေးမှ လည်းကောင်း၊ နောက်မှ လည်းကောင်း လည်ကို ဖက်ယမ်း၍ သတိမေ့လျော့သည် ဖြစ်၍ တောင်စွန်း၌ ရပ်တည်နေသော ခိုးသားယောကျ်ားကို နောက်အဖို့က ရပ်နေပြီး တစ်ဖက်သော လက်ဖြင့် ပခုံး၌ ကိုင်လျက် တစ်ဖက်သော လက်ဖြင့် အောက်ပိုးကျိုက်အပ်သော ပုဆိုးစွန်၌ ကိုင်လျက် တောင်ကမ်းပါးပြတ်၌ တွန်းချလိုက်၏။

ခိုးသားယောကျ်ားသည် တောင်ဝှမ်း၌ ထိခိုက်ပုတ်ခတ်မိအပ်သည် ဖြစ်၍ အပိုင်းပိုင်း အတုံးတုံး ဖြစ်ပြီးလျှင် မြေကြီး၌ ကျ၏။

တောင်စောင့်နတ်က ချီးမွမ်းခြင်း

စောရပပါတ တောင်ထိပ်၌ စောင့်ရှောက်သော နတ်သည် ထိုနှစ်ဦးသောသူတို့၏ အပြုအမူ အခြင်းအရာကို မြင်၍ ထိုမိန်းမအား ကောင်းချီးကို ပေးပြီးလျှင် ချီးမွမ်းထောမနာလိုသည်ဖြင့်သောကြောင့် ဤဂါထာကို ရွတ်ဆို၏—

နံ သော သဗ္ဗေသု ဌာနေသု၊ ပုရိသော ဟောတိ ပဏ္ဍိတော။
ဣတ္ထိပိ ပဏ္ဍိတာ ဟောတိ၊ တတ္ထ တတ္ထ ဝိစက္ခဏာ။

အိုအာချင်းတို့ အရာဌာနအားလုံးတို့၌ ယောကျ်ားသည်သာ ပညာရှိသည် မဟုတ်၊ ထိုထိုကိစ္စ၌ စိစစ်ဆင်ခြင်တတ်သော မိန်းမသည်လည်း ပညာရှိသည် ဖြစ်၏။

သူဌေးသမီး ပရိဗိုဇ်မ

ထိုသူဌေးသမီးသည် ခိုးသူကို ချောက်ကမ်းပါးသို့ ပစ်ချပြီး စဉ်းစားကြံဆင်ခြင်သည်မှာ အကယ်၍ ငါသည် အိမ်သို့ ပြန်သွားသည် ဖြစ်ခဲ့အံ့၊ အသင်၏ အရှင်ခင်ပွန်းလင်သည် အဘယ်မှာနည်းဟု မေးမြန်းကြကုန်လတ္တံ့။ ဤသို့ မေးမြန်းသည် ရှိသော် ငါက သတ်ပစ်ခဲ့သည်ဟု ပြောလျှင် ဆုံးမခက်ခဲလှသော သူယုတ်မ အသင်သည် တစ်ထောင်သော အသပြာကို ပေး၍ ထိုယောကျ်ားကို ခေါ်ဆောင်စေပြီးလျှင် ယခုတစ်ဖန် မိဘသည်ပင်လျှင် ထိုယောကျ်ားကို သတ်ပြန်ဘိသည်ဟု ဝန်းဝိုင်း၍ နှုတ်လှံ ထိုးကြကုန်လတ္တံ့၊ ထိုသူသည် ငါ၏ အဝတ်တန်ဆာအလှိုင်ငါ ငါ့ကို သတ်မည် ပြုသည်။ သို့ဖြစ်၍ ငါက ရှေးဦးစွာ သတ်ပစ်လိုက်ပေသည်ဟု ပြောဆိုသော်လည်း ငါ၏ စကားကို မယုံကြည်ဘဲ ရှိကြကုန်လတ္တံ့။ ငါ့အား အိမ်သို့ ပြန်သွားသဖြင့် အဘယ်အကျိုး ရှိအံ့နည်းဟု ကံ၏။

ကြံပြီး၍ကား ထိုအရပ်၌ပင်လျှင် အဖိုးထိုက်သော အဝတ်တန်ဆာတို့ကို စွန့်ပစ်၍ တောသို့ ဝင်ပြီးလျှင် အစဉ်အတိုင်း လှည့်လည်၍ လာခဲ့ရာ ပရိဗိုဇ်တို့၏ နေရာဖြစ်သော ကျောင်းအာရာမ်ဘစ်ခုသို့ ရောက်၍ အရှင်ဘုရားတို့ ကျွန်တော်မသည် အရှင်မြတ်ဘို့၏ အထံ၌ ရဟန်းပြုလိုပါသည်။ ကျွန်တော်မအား ရဟန်းအဖြစ်ကို ပေးသနားတော်မူပါကုန်လော့ဟု တောင်းပန်၏။

ထိုအခါ ပရိဗိုဇ်တို့သည် သူဌေးသမီးကို ရဟန်းပြုပေးကြကုန်၏။ရဟန်း ပြုပြီးသောအခါ သူဌေးသမီးသည် အရှင်ဘုရားတို့ အရှင်မြတ်တို့၏ ရဟန်းအဖြစ်၌ အဘယ်သည် မြတ်ပါသနည်းဟု မေးလျှောက်သဖြင့် ချစ်နှမ ဆယ်ပါးကုန်သောကသိုဏ်း၌ ပဋိကံကို ပြုပြီး စျာန်ကိုမူလည်း ဖြစ်စေရာ၏။ ဝါဒတစ်ထောင်ကို သင်ယူမူလည်း သင်ယူရာ၏။ ဤသည်လျှင် ငါတို့၏ ရဟန်းအဖြစ်၌ မြတ်သောအကျိုးစီးပွါးတည်းဟု ပြော၏။

ဝါဒတစ်ထောင် တတ်သော ပရိဗိုဇ်မ

အရှင်ဘုရားတို့ တပည့်တော်မသည် ရှေးဦးစွာ စျာန်ကို ဖြစ်စေခြင်းငှါ မစွမ်းနိုင်ပါလတ္တံ့။ ဝါဒတစ်ထောင်ကို သင်ယူပါအံ့ဟု လျှောက်ထား၏။ ထိုအခါ ပရိဗိုဇ်မကို ဝါဒတစ်ထောင်ကို သင်ယူစေပြီး၍ ချစ်နှမ အသင်အားဤယခုအခါ၌ အတတ်ပညာကို ကောင်းစွာ သင်ယူ တတ်မြောက်အပ်ပေပြီ။ အသင်သည် ဇင်္ဂုံဒိပ်ကျွန်း အပြင်၌ လှည့်လည်၍ မိမိနှင့် အတူတကွ အမေးပုစ္ဆာ ပြဿနာကို ဖြေဆိုခြင်းငှါ စွမ်းနိုင်သော သူကို ရှာဖွေ ကြည့်ရှုပါလေလော့ဟု ပြောဆိုကြပြီး ထိုပရိဗိုဇ်မ၏ လက်၌ သပြေခက်ကို ပေး၍ ချစ်နှမသွားလေလော့။ လူဖုံစုံသော အကြင်သူသည် အသင်နှင့် အတူတကွ အမေးပုစ္ဆာကို ဖြေဆို၏။ ဖြေဆိုခြင်းငှါ စွမ်းနိုင်သော ထိုသူ၏ ခြေရင်း အလုပ်အကျွေးဖြစ်လေလော့။ ရဟန်းဖြစ်သော အကြင်ပုဂ္ဂိုလ် တစ်စုံတစ်ယောက်သည် အကယ်၍ စွမ်းနိုင်သည် ဖြစ်ခဲ့အံ့။ ထိုပုဂ္ဂိုလ်၏ အထံ၌ ရဟန်းပြုလေလော့ဟု ပြောဆို မှာထား၍ လွှတ်လိုက်ကြကုန်၏။

ထိုပရိဗိုဇ်မသည် လက်၌ ကိုင်စွဲအပ်သော သပြေခက်ကို အကြောင်းပြုသော အားဖြင့် ဇမ္ဗုပရိဗိုဇ်မဟု အမည်ရှိသည် ဖြစ်၍ ထိုအရပ်မှ ထွက်ခဲ့ပြီးသော် မြင်တိုင်း မြင်တိုင်းသော သူတို့ကို ပြဿနာကို မေးမြန်းလုက် လှည့်လည်၏။ ထိုဇမ္ဗုပရိဗိုဇ်မနှင့် အတူတကွ စကားပြောဆိုခြင်းငှါ စွမ်းနိုင်သော သူမည်သည် တစ်စုံတစ်ယောက်မျှ ရှိသည် မဖြစ်။ ဤအရာ၌ ဤလမ်းခရီးမှ ဇမ္ဗုပရိဗိုဇ်မလာသည်ဟု ကြားသိသည် ရှိသော် လူတို့သည် မတွေ့မမြင်သော အရပ်သို့ပုန်းလျှိုး ထွက်ပြေးကြကုန်၏။ ထိုပရိဗိုဇ်မသည် ရွာ နိဂုံး ဇနပုဒ်သို့ ဆွမ်းခံဝင်သည် ရှိသော် ရွာတံခါး၌ သဲစုသဲပုံကို ပြုပြီး ထိုသဲစုသဲပုံထက်၌ သပြေခက်ကို စိုက်ပြီးလျှင် ငါနှင့် အတူတကွ စကားပြောဆိုခြင်းငှါ စွမ်းနိုင်သော သူသည် ဤသပြေခက်ကို နင်းခြေစေသတည်းဟု ဆဲပြီးမှ ရွာသို့ ဝင်လေ၏။ သပြေခက်ရှိသော ထိုအရပ်၌ပြန်သို့ ချဉ်းကပ်ခြင်းငှါ စွမ်းနိုင်သော သူမည်သည် တစ်စုံတစ်ယောက်မျှ မရှိလေ။ ထိုပရိဗိုဇ်မသည်လည်း ရှိဟောင်းဖြစ်သော သပြေခက်သည် ညှိုးနွမ်းပြန်သည် ရှိသော် တစ်ပါးသော အသစ်ဖြစ်သော သပြေခက်ကို ကိုင်စွဲ ယူဆောင်ပြန်၏။

ပရိဗိုဇ်မနှင့် အရှင်သာရိပုတ္တရာ

ဤသို့သော အကြောင်းဖြင့် လှည့်လည်၍ လာခဲ့ရာ သာဝတ္ထိပြည်သို့ ရောက်၍ မြို့တံခါး၌ သဲပုံသဲစုကို ပြုပြီးလျှင် သပြေခက်ကို စိုက်ထား ပြီးသော် ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင် ပြောဆို၍ မြို့တွင်းသို့ ဆွမ်းခံခြင်းငှါ ဝင်၏။ များစွာကုန်သော ရွာသားငယ်တို့သည် သပြေခက်ကို ဝန်းဝိုင်းခြံရံ ကြည့်ရှု ရပ်တည်ကြကုန်၏။

ထိုအခါ အရှင်သာရိပုတ္တရာ မထေရ်သည် ဆွမ်းအလို့ငှါ လှည့်လည် ပြီးနောက် ဆွမ်းစားခြင်းကိစ္စ ပြီး၍ သာဝတ္ထိမြို့တွင်းမှ ထွက်ကြွတော်မူလာ ခဲ့သည် ရှိသော် သပြေခက်ကို ဝန်းရံ ကြည့်ရှု ရပ်တည်ကြကုန်သော သူငယ်တို့ကို မြင်တော်မူ၍ ဤဝတ္ထုကား အကြောင်း အဘယ်သို့ ရှိသနည်းဟု မေးတော်မူ၏။ ထိုသူငယ်တို့သည် မထေရ်အား ထိုအကြောင်း အလုံးစုံကို အကုန် ပြောကြား လျှောက်ထားကုန်၏။ ထိုသို့ ဖြစ်ပါမူကား သူငယ်တို့ ဤသပြေခက်ကို နင်းနယ်၍ ပစ်လိုက်ကြကုန်လော့ဟု မိန့်တော်မူသည် ရှိသော် တပည့်တော်တို့သည် ထိုပရိဗိုဇ်မကို ကြောက်ရွံ့လှပါကုန်သည်ဟု လျှောက်ထားသဖြင့် သူငယ်တို့ ငါသည် ပြဿနာကို ဖြေဆိုအံ့။ အသင်တို့သည် ဤသပြေခက်ကို ချိုးဖဲ့ နင်းနယ်၍ ပစ်လိုက်ကြကုန်လော့ဟု မိန့်တော်မူ၏။ ထိုသူငယ်တို့သည် မထေရ်၏ စကားဖြင့် ဖြစ်သော နှစ်သက် ဝမ်းသာခြင်း ရှိသည်ဖြစ်၍ မထေရ် မိန့်ဆိုတော် မူတိုင်း သပြေခက်ကို ချိုးဖဲ့ နင်းနယ်လျက် ဖရိုဖရဲ ကြဲမြောက် ပစ်လွှင့်ကုန်၏။

ပရိဗိုဇ်မသည် မြို့တွင်းမှ ပြန်လာခဲ့၍ ထိုသူငယ်တို့ကို ရေရွတ်ပြီးလျှင် အသင် တို့နှင့် တကွ ငါ့အား အမေးပုစ္ဆာ ပြဿနာဖြင့် ပြောဆိုဖွယ်ကိစ္စ မရှိ။ အဘယ် ကြောင့် ငါ၏ သပြေခက်ကို ချိုးဖဲ့ နင်းနယ်ကြကုန်ဘိသနည်းဟု ဆို၏။ သူငယ် တို့ကလည်း ငါတို့သည် မိမိဘာသာအားဖြင့် ချိုးဖဲ့ နင်းနယ်ကြကုန်သည် မဟုတ်။ အရှင်သာရိပုတ္တရာ မထေရ်သည် ချိုးဖဲ့ နင်းနယ် စေအပ်သည် ဖြစ်၍ ပြုအပ်ကုန် သည်ဟု ဆိုကြကုန်သည် ရှိသော် အရှင်သာရိပုတ္တရာ အနီးသို့ ချဉ်းကပ်၍ အရှင်ဘုရား အရှင်တို့သည် သပြေခက်ကို ချိုးဖဲ့ နင်းနယ် စေအပ်ကုန်သည် ဟူသည် ဟုတ်မှန်ပါသလောဟု မေးလျှောက်၏။ နှမ သြော်– ဟုတ်ပေ၏ဟု မိန့်တော်မူသည် ရှိသော် ထိုသို့ ဖြစ်ပါမူကား အကျွန်ုပ်နှင့် တကွ ပြဿနာကို ဖြေဆိုကုန်အံ့လောဟု မေးလျှောက်လျှင် နှမ ကောင်းပြီ၊ ဖြေဆိုအံ့ဟု ဝန်ခံ တော်မူ၏။

ထို ဇမ္ဗုပရိဗိုဇ်မသည် ညချမ်းသော အခါ၌ ပြဿနာကို မေးခြင်းငှါ အရှင် သာရိပုတ္တရာမထေရ်၏ အထံသို့ သွားလေ၏။ အလုံးစုံသောမြို့သည် ချောက်ချား

တုန်လှုပ်၏။ နှစ်ဦးကုန်သော ပညာရှိတို့၏ ပြောဆိုသော စကားကို ကြားနာကုန်အံ့ဟု မြို့သူ, မြို့သားအပေါင်းတို့သည် ပရိဗိုဇ်မနှင့် အတူတကွသာလျှင်သွားရောက်၍ မထေရ်ကို ရှိခိုးပြီးလျှင် သင့်တင့် လျောက်ပတ်သော အရပ်၌ ထိုင်နေကြကုန်၏။

ဗုဒ္ဓပဥ္ဉာကို မေးခြင်း

ပရိဗိုဇ်မသည် အရှင်သာရိပုတ္တရာ မထေရ်ကို အရှင်ဘုရား ပြဿနာကို မေးပါအံ့ဟု လျှောက်ကြား၏။ နှမ မေးလော့ဟု မိန့်တော်မူသည် ရှိသော် ထိုပရိဗိုဇ်မသည် ဝါဒတစ်ထောင်ကို မေး၏။ မေးတိုင်း မေးတိုင်းသော ပြဿနာကို မထေရ်သည် ဖြေဆိုတော်မူ၏။ ထို့နောက် ပရိဗိုဇ်မကို မထေရ်က အသင်၏ အမေးပုစ္ဆာသည် ဤမျှပင်သာ ရှိသလော။ ဤမှ တစ်ပါး အခြားသော အမေးပုစ္ဆာ ရှိသေးသလောဟု မေးတော်မူ၏။ အရှင်ဘုရား ဤမျှလောက်သာ ပါတည်းဟု ကြားလျှောက်သည် ရှိသော် နှမ အသင်သည် ငါ့အား မျှားစွာသော ပုစ္ဆာတို့ကို မေးအပ်ကုန်၏။ ငါတို့သည်လည်း အသင့်အား တစ်ခုသော ပုစ္ဆာကို မေးကုန်အံ့။ အသင်သည် ငါ့ဘို့၏ အမေးပုစ္ဆာကို ဖြေဆိုလတ္တံ့လောဟု မေးဘော်မူသဖြင့် အရှင်ဘုရားတို့ ဤယခုအခါ၌ သိမြင်သည်ရှိသော် ဖြေဆိုပါအံ့၊ မေးတော်မူပါကုန်လော့ဟု လျှောက်၏။ မထေရ်သည် တစ်ခုမည်သည် အဘယ်နည်းဟူသော အမေးပုစ္ဆာကို မေးတော်မူ၏။ ထိုပရိဗိုဇ်မသည် ဤသို့သော အမေးပုစ္ဆာမည်သည် ဤသို့ ဖြေဆိုအပ်၏ဟု မသိနိုင်သည်ဖြစ်၍ အရှင်ဘုရား ဤပြဿနာသည် အဘယ်အမည် ရှိသနည်းဟု မေးလျှောက်၏။ နှမ ဗုဒ္ဓပဥ္ဉာ မည်သော ပြဿနာပေတည်းဟု မိန့်တော်မူသဖြင့် အရှင်ဘုရားတို့ ထိုပြဿနာကို တပည့်တော်မအားလည်း ပေးတော်မူပါကုန်လော့ဟု လျှောက်ကြား၏။ မထေရ်က ငါကဲ့သို့ သဘောရှိသော ရဟန်းအဖြစ်သည် အကယ်၍ ဖြစ်ခဲ့အံ့။ ပြဿနာကို သင်ပေးအံ့ဟူ၍ မိန့်တော်မူသည်ရှိသော် တပည့်တော်မကို ရဟန်းပြုပါကုန်လော့ဟု တောင်းပန်၏။ မထေရ်သည် ရဟန်းမိန်းမတို့အား အကြောင်းကြား၍ ရဟန်းပြုစေ၏။

ပဋိသမ္ဘိဒါပတ္တ ရဟန္တာမ ဖြစ်ခြင်း

ထိုပရိဗိုဇ်မသည် ရဟန်းပြုပြီး၍ ပဥ္စင်းအဖြစ်ကို ရသဖြင့် ကုဏ္ဍလကေသီ ထေရီမ မည်သည် ဖြစ်၍ နှစ်ရက်, သုံးရက်ကို လွန်သဖြင့်သာလျှင် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လေ၏။ ရဟန်းအပေါင်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့ ကုဏ္ဍလကေသီ ထေရီမအား မြတ်စွာဘုရား တရားတော်ကို ကြားနာရခြင်း မျှားစွာ မရှိဘဲ ရဟန်းကိစ္စ အပြီးအဆုံးသို့ ရောက်လေသည်။

တစ်ယောက်သော ခိုးသူယောကျ်ားနှင့် အတူတက္ခ ကြီးစွာသော စစ်ဆင်ခြင်း အမှုကို ပြု၍ ထိုသူခိုးကို အောင်မြင်ပြီးသည့်အခါ လာခဲ့ပေသတတ် ဟူသော စကားကို ဖြစ်စေကြကုန်၍ မြတ်စွာဘုရားရှင်သည် တရားသဘင် အစည်း အဝေးခွင်သို့ ကြွဝင်တော်မူလာခဲ့၍ ချစ်သား ရဟန်းတို့ ငါဘုရား ကြွလာတော်မူဆဲသော ဤယခုအခါ၌ အဘယ်မည်သော စကားဖြင့် ပြောကြား စည်းဝေး ထိုင်နေကြကုန်ဘိသနည်းဟု မေးတော်မူသည့် အခါ ဤအမည်ရှိသော အကြောင်းပါတည်းဟု လျှောက်ထားသည် ရှိသော် ချစ်သား ရဟန်းတို့ ငါဘုရားသည် ဟောကြားတော်မူအပ်သော တရားတော်ကို နည်းသည်ဟူ၍ လည်းကောင်း, များသည်ဟူ၍လည်းကောင်း အတိုင်းအရှည် ပမာဏကို မရေတွက်ကြကုန်လင့်ဟု မိန့်တော်မူပြီး၍ ချစ်သား ရဟန်းတို့ အကျိုးစီးပွါးမဲ့သော စကားသည် ပုဒ်ပေါင်းတစ်ထောင်ပင် ဖြစ်လေငြားသော်လည်း မြင့်မြတ်သည် မဟုတ်။ အကျိုးစီးပွါးနှင့် စပ်သော တစ်ခုသော ပုဒ်သည် မြင့်မြတ်သည် သာလျှင်တည်း။ ချစ်သား ရဟန်းတို့ အဇျတ္တိက၌ ဖြစ်သော ကိလေသာတည်း ဟူသော ခိုးသူကို အောင်မြင်ခြင်းမှ တစ်ပါး ကြွင်းသော ခိုးသူတို့ကို အောင်စွမ်းနိုင်သော သူအား အောင်ခြင်းမည်သည် မဟုတ်။ မိမိ၏ အဇျတ္တသန္တာန်၌ ရှိသော အစမထင် ကျင်လည် ပြေးသွားရာ သံသရာတည်းဟူသော ဝဋ္ဌဆင်းရဲ၌ အမြဲမပြတ် အထပ်ထပ် ကိန်းအောင်းတိုက်ခိုက် သတ်ဖြတ်၍ နေသော အလွန် ကြီးမား ခိုင်ခံ့သော ကိလေသာတည်းဟူသော ခိုးသူကို အောင်မြင်သော သူအားသာလျှင် အောင်ခြင်းမည်သည် ဖြစ်ပေသည်ဟု မိန့်တော်မူပြီး၍ စကားစပ်ကို ပြလိုရကား ဤဂါထာကို ဟောကြားတော်မူ၏—

ယော စ ဂါထာသတံ ဘာသေ၊ အနတ္ထပဒသံဟိတာ။
ဧကံ ဓမ္မပဒံ သေယျော၊ ယံ သုတ္ဒာ ဥပသမ္မတိ။
ယော သဟဿံ သဟဿေန၊ သင်္ဂါမေ မာနုသေ ဇိနေ။
ဧကဉ္ဇေ ဇေယျမတ္တာနံ၊ သ ဝေ သင်္ဂါမဇုတ္တမော။

အနက်အဓိပ္ပါယ် ကင်းမဲ့သော စကားနှင့်စပ်သော အရာမက များပြားသော ဂါထာကို ရွတ်ဆိုရခြင်းထက် ကိလေသာမီး ငြိမ်းအေးစေနိုင်သော တရား တစ်ပုဒ်ကို ကြားနာရခြင်းက မြတ်၏။

စစ်မြေပြင်၌ လူတစ်သန်းကို အောင်နိုင်သူထက် ကိုယ်တွင်း ကိလေသာကို တစ်ကြိမ် အောင်နိုင်သူက မြတ်၏။

ထိုဂါထာ၌—

ဂါထာသတံ-ဟူသည်ကား အကြင်ပုဂ္ဂိုလ်သည် ဂါထာတစ်ရာကို ရွတ်ဆို ရာ၏ဟု ဆိုလိုသည်။

အနုတ္ထပဒသံဟိတာ ဟူသည်ကား ကောင်းကင်ဘဲ့စသော အကျိုးမဲ့သော ပုဒ်တို့နှင့် ဆက်စပ်သော။

ဓမ္မပဒ ဟူသည်ကား အကျိုးပြီးစေတတ်သော ခန္ဓာစသည်နှင့် စပ်သော။

ဓမ္မပဒသည် လေးမျိုးရှိ၏၊ သူတပါး၏ စည်းစိမ်ကို မတပ်မက်ခြင်းသည် ဓမ္မပဒမည်၏။ ဒေါသ မထွက်ခြင်းသည် ဓမ္မပဒမည်၏။ သမ္မာသတိသည် ဓမ္မပဒမည်၏။ သမ္မာသမာဓိသည် ဓမ္မပဒမည်၏။ ဤဆို အပ်သော ဓမ္မပဒ တို့ဘွင် ဓမ္မပဒတစ်ခုသည်ပင်လျှင် မွန်မြတ်လှ၏။

ယော သဟဿံ သဟသေနဟူသည်ကား စစ်သူရဲတစ်ယောက်သည် ဗိုလ်ခြေ တစ်သန်းကို စစ်မြေပြင်၌ အောင်နိုင်၏။ လူတစ်သန်းကို နိုင်၍ အောင်ပန်း ဆွတ်၏။ ဤအောင်နိုင်မှုသည် အမြတ်ဆုံး မဟုတ်သေး။

ကေ့ဇေယျမတ္တာနံ ဟူသည်ကား နေ့သန့်ရာ ညဉ့်သန့်ရာ ဌာနတို့၌ အတွင်းကမ္မဋ္ဌာန်းကို သုံးသပ်လျက် မိမိ၏ လောဘစသော ကိလေသာတို့ကို အောင်ခြင်းဖြင့် မိမိကိုယ်ကို အောင်ရာ၏။

သဝေ သင်္ကါမဇုတ္တမော ဟူသည်ကား ထိုသူသည် စစ်ပွဲ အောင်သူတကာ တို့ထက် မြတ်သော စစ်မြေဦးစီး စစ်သည်သူရဲ မည်၏။

ဒေသနာတော်၏ အဆုံး၌ မျှားစွာသော လူတို့သည် သောတာပတ္တိဖိုလ် စသည်တို့၌ တည်ကုန်၏။

ကုဏ္ဍလကေသီထေရီမဝတ္ထု ပြီး၏။

၇။ အနုတ္ထပုစ္ဆကဗြာဟ္မဏဝတ္ထု

အတ္ထာ ဟဓ-အစရှိသော ဤတရား ဒေသနာတော်မြတ်ကို မြတ်စွာဘုရား ရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် အနုတ္ထပုစ္ဆကဗြာဟ္မဏကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့သည်။

မြတ်စွာဘုရားသခင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် တစ်ယောက်သော ပုဏ္ဏားကြီးသည် "အသို့နည်း၊ မြတ်စွာဘုရားရှင်သည် အကျိုးစီးပွား တိုးပွားခြင်းအကြောင်း ကောင်းသည်ကို သိလေသလော၊ သို့မဟုတ် ဆုတ်ယုတ်ပျက်စီးကြောင်း မကောင်းသော အကျိုးမဲ့ကိုသော်လည်း သိလေသလော။ ထိုသို့သော အကြောင်းကို မေးလျှောက်ဦးအံ့" ဟု ကြံ၍ မြတ်စွာဘုရား၏ အထံသို့ သွားရောက်ချဉ်းကပ်ပြီး၍ ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား အရှင်မြတ်တို့သည် အကျိုးစီးပွားတိုးပွားမှုန် အကြောင်း

ကောင်းမြတ်သည်ကိုသာ သိကုန်ပါသလော၊ တစ်ပါးလည်းဖြစ်သော အကျိုးစီးပွား ဆုတ်ယုတ်ခြင်းအကြောင်း မကောင်းသည်ကိုလည်း သိပါသေးသလောဟု လျှောက်၏။ ဘုရားကိုယ်တော်မြတ်က ပုဏ္ဏားကြီး ငါဘုရားသည် အကျိုးစီးပွား တိုးပွားမြင့်မြတ်သည်ကိုလည်း သိတော်မူ၏။ အကျိုးစီးပွား ပျက်ပြားဆုတ်ယုတ်သည်ကိုလည်း သိတော်မူ၏ဟု မိန့်တော်မူ၏။ ထိုသို့ဖြစ်လျှင် အရှင်ဘုရား တပည့်တော်အား အကျိုးစီးပွား ပျက်ပြားစေတတ်သည်ကို ဟောကြားတော် မူကုန်လေ့ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် ပုဏ္ဏားကြီးအား ဤဂါထာကိုဟောတော်မူ၏–

ဥဿုရသေယျံ အာလသျံ၊ စဏ္ဍိက္ကံ ဒီဃသောဏ္ဍိယံ။
ကေဿဒ္ဓါနဂမနံ၊ ပရဒါရူပသေဝနံ။
တေံ ဗြာဟ္မဏ သေဝဿု၊ အနတ္ထံ တေ ဘဝိဿတိ။

နေမြင့်အောင် အိပ်ခြင်း၊ ပျင်းရိခြင်း၊ ကြမ်းကြုတ်ခြင်း၊ နေ့ရောညဉ့်ပါသေရည် အမြဲသောက်ခြင်း၊ တစ်ယောက်တည်း ခရီးရှည်သွားခြင်း၊ သူတစ်ပါးမယားကို ပြစ်မှားခြင်းတို့ကို အမြဲပြုလုပ်သည်ရှိသော် အသင်အား အကျိုးစီးပွား ပျက်စီးလတ္တံ့။

ထိုသို့ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော စကားတော်ကိုကြား၍ ပုဏ္ဏားကြီးသည် ဂဏာစရိယ, ဂဏဇေဋ္ဌက ဖြစ်တော်မူသော မြတ်စွာဘုရား ကောင်းပါပေ၏။ ကောင်းပါပေ၏။ အရှင်မြတ်တို့သည် အကျိုးစီးပွား တိုးတက်မြင့်မြတ်သည်ကိုလည်း သိတော်မူကုန်၏။ အကျိုးစီးပွား ပျက်ပြားဆုတ်ယုတ်တတ်သည်ကိုလည်း သိတော်မူပေကုန်၏ဟု ကောင်းချီးပေး၏။ ဤသို့ကောင်းချီးပေးသည်ရှိသော် မြတ်စွာဘုရားသခင်က ပုဏ္ဏားကြီး အကျိုးစီးပွား မရှိသည်ရှိသည် တိုးတက်ပွားများ ဆုတ်ယုတ်ပျက်စီးသည်ကို သိတတ်သောအရာ၌ ငါဘုရားနှင့်တူသော တစ်စုံတစ်ယောက်သော သူမည်သည် မရှိ-ဟု မိန့်တော်မူ၏။

ထိုနောက် မြတ်စွာဘုရားသည် ပုဏ္ဏားကြီး၏ အဇ္ဈာသယကို ဆင်ခြင်တော်မူ၍ ဏ္ဍားကြီး အသင်သည် အဘယ်အမှုဖြင့် အသက်မွေးသနည်းဟု မေးတော်မူသည်ရှိသော် အို-အရှင်ဂေါတမ ကြွေအန်လောင်းတမ်း ကစားခြင်းအမှုဖြင့် အသက်မွေးပါသည်ဟု လျှောက်၏။ အသို့နည်း ကြွေအန်လောင်းတမ်း ကစားခြင်းအမှုကို ပြုသော အသင်အား အောင်နိုင်ခြင်း ဖြစ်သလော။ သို့မဟုတ်ရှုံးခြင်းပင်ဖြစ်သလောဟု မေးတော်မူလျှင် ရှင်ဂေါတမ အောင်သောအခါလည်း ရှိပါ၏။ ဆုံးရှုံးသောအခါလည်း ရှိပါ၏ဟု လျှောက်ကြားသည်ရှိသော် ပုဏ္ဏားကြီး ဤသို့ သူတစ်ပါးကို ကြွေအန်ကစားခြင်း တည်းဟူသော အနည်းငယ်

မျသော အောင်နိုင်ခြင်းဖြင့် အောင်နိုင်သောသူ၏ အောင်ခြင်းသည် မြတ်လှသည် မဟုတ်သေး။ အကြင်ပုဂ္ဂိုလ်သည် ကိလေသာကို အောင်နိုင်ခြင်းဖြင့် မိမိကိုယ်ကို အောင်စွမ်းနိုင်၏။ ထိုပုဂ္ဂိုလ်၏ အောင်နိုင်ခြင်းသည် သာလျှင် မြင့်မြတ်ပေ၏။

သောတာပန်တည်ခြင်း

ထိုစကားမှန်၏။ ပုဏ္ဏားကြီး ထိုကိလေသာကို အောင်နိုင်၍ ထားသော သူသို့ တစ်စုံတစ်ယောက်သော သူသည် ပြန်၍ အောင်နိုင်ခြင်းကို ပြုခြင်းငှါ မစွမ်းနိုင်ဟု မိန့်တော်မူပြီး၍ စကားစပ်ကို ဟောကြားလိုရကား ဤဂါထာကို မိန့်တော်မူ၏–

အတ္တာ ဟဝေ ဇိတံ သေယ္ယော၊ ယဉ္စ စာ ယံ ဣတရာ ပဇာ။
အတ္တာဒန္တသ ပေါသဿ၊ နိစ္စံ သညတစာရိနော။
နေဝ ဒေဝေါ န ဂန္ဓဗ္ဗော၊ န မာရော သဟ ဗြဟ္မုနာ။
ဇိတံ အပဇိတံ ကယိရာ၊ တထာရူပသ ဇန္တုနော။

မိမိကိုယ်၌ဖြစ်သော ကိလေသာကို အောင်နိုင်ခြင်းသည် မြတ်၍ သူတစ်ပါး အပေါ် အောင်နိုင်ခြင်းသည် မမြတ်။ မိမိကိုယ်ကို ဆုံးမလျက် ကိုယ်နှုတ်နှလုံး သုံးပါးကို စောင့်စည်းသော အကျင့်ရှိသော ထိုသို့သော သတ္တဝါဟု ဆိုအပ်သော ယောကျ်ား၏ အောင်နိုင်ခြင်းကို နတ်, ဗြဟ္မာ, ဂန္ဓဗ္ဗ, မာရ်မင်းတို့သည် တဖန်ပြန်၍ ရှုံးအောင် မပြုလုပ်နိုင်ပေ။

ထိုဂါထာ၌ ဟဝေ=သည် နိပါတ်ပုဒ်ဖြစ်၏။

ဇိတံ=ဟူသည် "ဇိတော သေယ္ယော"ဟု ရှိသင့်သည်ကို "ဇိတံ"ဟု လိင်ကို ပြောင်း၍ ထားသည်ဟု ဆိုသည်။ မိမိကိုယ်ခန္ဓာ၌ ရှိသော ကိလေသာကို အောင်ခြင်းကြောင့် မိမိကိုယ်ကို အောင်ခြင်းသည် မြတ်၏ဟူလို။

ယဉ္စ စာယံ ဣတရာ ပဇာ=ဟူသည် ကြွင်းသော လူများသည် ငြူအန် ဂစားခြင်းဖြင့်လည်းကောင်း၊ ပစ္စည်းဥစ္စာ ဆောင်ယူခြင်းဖြင့် လည်းကောင်း၊ စဉ်တိုက်ခြင်းဖြင့် လည်းကောင်း၊ အင်အားဖြင် ဖိနှိပ်ခြင်းဖြင့် လည်းကောင်း အောင်နိုင်ရာ၏၊ ထိုသို့အောင်နိုင်ခြင်းသည် မြင့်မြတ်သည်မဟုတ်၊ အဘယ်ကြောင့် မိမိကိုကိုယ် အောင်နိုင်ခြင်းသည် ကောင်းသနည်း၊ အခြားသူအပေါ်၌ အောင်ခြင်းသည် မမြတ်သနည်း၊ မိမိကိုယ်ကို အောင်နိုင်သော သူသည် ကာယကံစသည်ကို အမြဲစောင့်စည်း၏၊ ဤသို့ စောင့်စည်းမှုရှိသော ပုဂ္ဂိုလ်

အား နတ်, ဂန္ဓဗ္ဗ, မာရ်နတ်တို့သည် ဗြဟ္မာမင်းနှင့် ပူးပေါင်း၍ ထိုသူကို တဖန် ရှုံးစေမည်ဟု ကြိုးပမ်းငြားအံ့၊ မင်္ဂဖြင့် ပယ်ပြီးသော ကိလေသာတို့ကို တဖန် ပြန်ဖြစ်စေအံ့ဟူ၍ ကြိုးပမ်းငြားသော်လည်း မတတ်နိုင်ချေ၊ စီးပွားဥစ္စာချင်း ပြိုင်၍ ရှုံးသောသူသည် အခြားသော နေရာမှအကူအညီရယူ၍ မိမိအပေါ် အနိုင်ယူသွားသူကို ပြန်လည် ရှုံးနိမ့်သွားအောင် ပြုလုပ်နိုင်၏၊ မိမိကိုယ်ကို နိုင်သူအား ဣန္ဒြေသို့ တဖန် ရှုံးနိမ့်အောင် မပြုနိုင်ချေ။

ဒေသနာတော် အဆုံး၌ များစွာသော လူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

အနတ္တပုဏ္ဏကဇာတ်ဟူ၍ ဝတ္ထုပြီး၏။

၅။ အရှင်သာရိပုတ္တရာ၏ ဥဒ်းရိးပုဏ္ဏားကြိုးဝတ္ထု

မာဓသမာဓသေ-အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အရှင်သာရိပုတ္တရာမထေရ်၏ ဥဒ်းရိးပုဏ္ဏားကြိုးကို အကြောင်းပြု၍ ဟောတော်မူ၏။

ဗြဟ္မဒေဝပြည်ခရီးစဉ်

အရှင်သာရိပုတ္တရာမထေရ်သည် တစ်ရံသောအခါ မယ်တော်၏ မောင်ဖြစ်သော ပုဏ္ဏားကြီး၏ အထံသွား၍ အသို့ပေနည်း၊ ဒါယကာ ပုဏ္ဏားကြီး တစ်စုံတစ်ခုသာလျှင် ဖြစ်သော ကုသိုလ် ကောင်းမှုကို ပြုပါ၏လော့ဟု မေးတော်မူလျှင် အရှင်ဘုရား တပည့်တော်သည် ကုသိုလ်ကောင်းမှုကို ပြုပါ၏ဟု လျှောက်၏။ အဘယ်သို့သော ကုသိုလ်ကောင်းမှုကို ပြုလုပ်သနည်းဟု မေးတော်မူပြန်သည်ရှိသော် လတိုင်းလတိုင်း တစ်ထောင်သော အသပြာကို စွန့်ကြဲသဖြင့် အလှူဒါနကို ပေးကမ်းလှူဒါန်းပါ၏ဟု လျှောက်၏။

အဘယ်သူအား ပေးလှူသနည်းဟု မေးတော်မူပြန်ရာ နိဂဏ္ဌတို့အား ပေးလှူပါသည်ဟု လျှောက်၏။ အဘယ်သို့သော ဆုကို တောင့်တရည်သန်ပြီးသည့်အခါ ဒါနကို ပြုလုပ်နည်းဟု မေးတော်မူပြန်လျှင် အရှင်ဘုရား ဗြဟ္မဒေဝပြည်ကို တောင့်တရည်သန်ပြီး ပေးကမ်းလှူဒါန်း ပါသည်ဟု လျှောက်၏၊ ပုဏ္ဏားကြီး အသို့ပေနည်း ဤသို့ပြုလုပ်ခြင်းသည် ဗြဟ္မဒေဝပြည်သို့ သွားရာလမ်းခရီးပူ၍ ထင်မှတ်ပေသလော ဟု မေးတော်မူလျှင် အရှင်ဘုရား သြော် ဟုတ်မှန်ပေ၏ဟု လျှောက်၏။

ဤကဲ့သို့ အဘယ်သူ ပြောဟောသနည်းဟု မေးတော် မူပြန်သည် ရှိသော် အရှင်ဘုရား တပည့်တော် မှီဝဲဆည်းကပ်သောဆရာတို့ကပြောဟောပါသည်ဟု လျှောက်ထား၏။ ပုဏ္ဏားကြီး အသင်သည် ဗြဟ္မာ့ပြည်သို့ ရောက်ကြောင်း ကောင်းမြတ်သော လမ်းခရီးကို မသိ၊ အသင်၏ ဆရာတို့သည်လည်း မသိ။ ငါတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားကိုယ်တော်မြတ် တစ်ပါးတည်း သာလျှင် ဗြဟ္မာ့ပြည်သို့ ရောက်ခြင်း၏ အကြောင်း ကောင်းမွန်သော လမ်းခရီးကို သိတော်မူသည်ဟုဆို၍ ပုဏ္ဏားကြီးကို ဘုရားသခင်၏ အထံတော်သို့ ခေါ်ဆောင်ခဲ့၏၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤပုဏ္ဏားကြီး သည် ဤကဲ့သို့လျှောက်ထားပါသည် စသည်တို့ဖြင့် ပြောဆိုမေးမြန်း စိစစ်ခဲ့ သမျှသော အကြောင်းအလုံးစုံကို အကုန်ပြန်ကြား လျှောက်ထားပြီးသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်သည် တောင်းပန်ပါ၏။ ထိုပုဏ္ဏားကြီးအား ဗြဟ္မာ့ပြည်၏ လမ်းခရီးကို ညွှန်ကြားဟောပြတော် မူပါလော့ဟု လျှောက်၏။

သောတာပန် တည်ခြင်း

မြတ်စွာဘုရားရှင်က ပုဏ္ဏားကြီး ဤသို့ပြောဆို ပြုလုပ်သောဟူသည် ဟုတ်မှန်ပေသလောဟု မေးတော်မူ၍ ရှင်ကြီးဂေါတမ ဩော် ဟုတ်မှန်လှ ပေသည်ဟု လျှောက်သည်ရှိသော် ပုဏ္ဏားကြီး အသင်သည် ဤသို့ ပေးကမ်း လှူဒါန်း စွန့်ကြဲသဖြင့် အနှစ်တစ်ရာပတ်လုံး ပေးလှူအပ်သော ဒါနထက် သော်လည်း တစ်မုဟုတ် တစ်ခဏမျှ ကြည်ညိုလှစွာသော စိတ်ဖြင့် ငါဘုရား၏ တပည့်သား သံဃာတော်အား ကြည့်ရှုဖူးမြော်ခြင်းသည် လည်းကောင်း၊ တစ်ယောက်ချို တစ်ဇွန်းမျှသော ဆွမ်းကို ပေးကမ်း လှူဒါန်းခြင်း ဒါနသည် လည်းကောင်း အကျိုးကြီးမြတ်လှပေသည်ဟု မိန့်တော်မူပြီး၍ စကားစပ် တရားဆက်ဟောလိုရကား ဤဂါထာကို မိန့်တော်မူ၏—

မာသေ မာသေ သဟဿေန၊
ယော ယဇေထ သတံ သမံ။
ဧကဉ္ဇ ဘာဝိတတ္တာနံ၊
မုဟုတ္တ မပိ ပူဇယေ။
သာယေဝ ပူဇနာ သေယျော၊
ယဉ္ဇေ ဝဿသတံ ဟုတံ။

အကြင်ပုဂ္ဂိုလ်သည် လတိုင်း လတိုင်း တစ်ထောင်သော ဥစ္စာကို စွန့်လျက် နှစ်တစ်ရာပတ်လုံး ယဇ်ပူဇော်၏။ အကြင်ပုဂ္ဂိုလ်သည်ကား ဘာဝနာဖြင့် ဖုံးလွှမ်း

နေသော ရဟန်းတို့အား တစ်မုဟုတ်မျှ ပူဇော်ရာ၏။ထိုပူဇော်သူ နှစ်ဦးတို့တွင် ဘာဝနာပွားနေသော ရဟန်းတို့အား ပူဇော်ခြင်း သည်သာလျှင်မြတ်၏၊ အနှစ်တစ်ရာပတ်လုံး ယဇ်ပူဇော်ခြင်းသည် မမြတ်။

ထိုဂါထာ၌–သဟဿေန=ဟူသည် တစ်ထောင်သော ဥစ္စာကို စွန့်ခြင်းဖြင့်ဟု ဆိုသည်။

ယော ယဇေထ သတံ သမံ=ဟူသည် အကြင်ပုဂ္ဂိုလ်သည် အနှစ်တစ်ရာပတ်လုံး လတိုင်း လဘိုင်း တစ်ထောင်ကို စွန့်လျက် လောကီလူအပေါင်းအား အလှူကို ပေးရာ၏။

ကေဥ ဘာဝိတတ္တာနံ=ဟူသည် အကြင်ပုဂ္ဂိုလ်သည်ကား သီလအစရှိသော ဂုဏ်ကျေးဇူးအထူးဖြင့် ပွားအပ်သော စိတ်ရှိသောအောက်ထစ်ဆုံးသောတာပန်ပုဂ္ဂိုလ် အမြတ်ဆုံး ရဟန္တာပုဂ္ဂိုလ်အား အိမ်တစ်ခါးသို့ ရောက်စဉ် ဆွမ်းတစ်ဇွန်း၊ သို့မဟုတ် ဆွမ်းတစ်နပ်စာ ဖြစ်စေ၊ ပုဆိုးကြမ်းတစ်ထည်ဖြစ်စေ လှူဒါန်းကာမျှဖြင့် ပူဇော်ရာ၏။

သာယေဝ ပူဇနာ သေယျော=ဟူသည် ထိုရဟန်းတို့အား ပူဇော်ခြင်း သည်သာလျှင် မြတ်၏ဟု ဆိုလိုသည်။

ဒေသနာတော်၏အဆုံး၌ အရှင်သာရိပုတ္တရာ၏ ဦးရီးတော် ပုဏ္ဏားနှင့်တကွ အခြား များစွာသော လူအပေါင်းတို့သည် သောတာပတ္တိဖိုလ် အစရှိသည် တို့သို့ ရောက်ကုန်၏။

အရှင်သာရိပုတ္တရာ၏ ဦးရီးပုဏ္ဏားကြီးဝတ္ထုပြီး၏။

၆။ အရှင်သာရိပုတ္တရာ၏ တူပုဏ္ဏားဝတ္ထု

ယော စ ဝဿ သတံ ဇန္တူ–အစရှိသော ဤ တရားဒေသနာတော်ကို မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဋ္ဌုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူ၍ အရှင်သာရိပုတ္တရာ မထေရ်၏တူ ပုဏ္ဏားကို အကြောင်း၍ ဟောကြားတော်မူ၏။

တစ်ရံရောအခါ အရှင်သာရိပုတ္တရာ မထေရ်သည် မိမိ၏တူဖြစ်သော ပုဏ္ဏား၏ အထံသို့ ကြွရောက်တော်မူ၍ ပုဏ္ဏား အသင်သည် တစ်စုံတစ်ခုသော ကုသိုလ်ကောင်းမှုကို ပြုပါ၏လောဟု မေးတော်မူလျှင် အရှင်ဘုရား ဩော်-ပြုပါ၏ဟု လျှောက်ကြား၏။ အဘယ်သို့သောကုသိုလ်ကောင်းမှုကို ပြုသနည်းဟု မေးတော်

မူပြန်သည်ရှိသော် အရှင်ဘုရား လတိုင်းလတိုင်း တစ်ကောင် တစ်ကောင်သော ဆိတ်ကို သတ်ပြီးသည့်အခါ မီးကိုလုပ်ကျွေးပူဇော်ပါသည်ဟု လျှောက်၏။ အာဘယ်အကျိုးငှါ ဤသို့ ပြုလုပ်သနည်းဟု မေးတော်မူပြန်လျှင် အရှင်ဘုရား ဤသို့ပြုလုပ်ခြင်းသည် ဖြဟ္မဉ့်ပြည်သို့ ရောက်ကြောင်း ကောင်းမြတ်သော လမ်းခရီးဖြစ်ပါသတဲ့ဘုရားဟု လျှောက်ကြား၏။ အဘတ်သူပြောသနည်းဟု မေးတော်မူပြန်သဖြင့်၊ ကျန်ုပ်၏ ဆရာမြတ်တို့သည် ဆုံးမပြောဟော ဩပ်ပါသည်ဟု လျှောက်၏။ ပုဏ္ဏား အာ ဉ်သည် ဖြဟ္မဉ့်ပြည်၏ လမ်းခရီးကိုလည်း မသိ၊ အသင်၏ ဆရာတို့သည်လည်း ဖြဟ္မဉ့်ပြည်၏ လမ်းခရီးကို မသိကြလေ။ အသင်ပုဏ္ဏား လာလှည့်၊ ငါတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားရှင်၏ အထံသို့ သွားကြကုန်အံ့ဟု ပြောဆိုပြီးသည့်အခါ ထိုတူတော်ဖြစ်သော ပုဏ္ဏားကို မြတ်စွာဘုရားရှင်၏ အထံသို့ ခေါ်ဆောင်ခဲ့ပြီးသော် ထိုအကြောင်း အလုံးစုံကို အကုန်ပြန်ကြား လျှောက်ထားပြီး၍ ဘုန်းတော်ကြီးတော်မူသော် မြတ်စွာဘုရား အရှင်မြတ်တို့သည် ဤပုဏ္ဏားအား ဖြဟ္မဉ့်ပြည်၏ လမ်းကြောင်းကို ပြောကြားညွှန်ပြတော်မူပါကုန်လော့ဟု တောင်းပန် လျှောက်ကြား၏။

သောတာပန် တည်ခြင်း

မြတ်စွာဘုရားကိုယ်တော်မြတ်က "ပုဏ္ဏား ဤအတိုင်း ဟုတ်မှန်ပေသလော" ဟု မေးတော်မူ၍ အရှင်ဂေါတမ ဤသို့လျှောက်ထားတိုင်း ဟုတ်မှန်ပေ၏ဟု လျှောက်ကြားသည် ရှိသော် ပုဏ္ဏား အနှစ်တစ်ရာ ပတ်လုံးလည်း ဤသို့မီးကို လုပ်ကျွေးသောသူအား ထိုမီးကို လုပ်ကျွေးခြင်းသည် ငါဘုရား၏ တပည့်သားသံဃာတော်အား တစ်ခဏမျှ ပူဇော်ရသည်ကို မမီနိုင်ဟု မိန့်တော်မူပြီးသော် အနုသန္ဓေကို စပ်၍ တရားတော်ကို ဟောကြားတော် မူလိုသောကြောင့် ဤဂါထာကို မိန့်တော်မူ၏။

ယော စ ဝဿသတံ ဇန္တု၊ အဂ္ဂိံ ပရိစရေ ဝနေ။
ဧကဉ္စ ဘာဝိတတ္တာနံ၊ မုဟုတ္တမပိ ပူဇယေ။
သာယေဝ ပူဇနာ သေယ္ယော၊ ယဉ္စေ ဝဿသတံ ဟုတံ။

ပုဂ္ဂိုလ်တစ်ယောက်သည် ဘောဇ္ဈနေ၍ အနှစ်တစ်ရာပတ်လုံး မီးကို လုပ်ကျွေး၏ ပုဂ္ဂိုလ်တစ်ယောက်သည်ကား သီလ သမာဓိ အစရှိသော ဂုဏ်တို့နှင့် ပြည့်စုံသော ရဟန်းတို့အား တစ်ကြိမ် တစ်ခါသာ ပူဇော်၏။ ထိုနှစ်ယောက်တို့ ပူဇော်ကြခြင်းတွင် သီလ,သမာဓိရှိသော ရဟန်းတို့အား ပူဇော်ခြင်းသည်သာ မြတ်၏၊ အနှစ်ဘစ်ရာပတ်လုံး မီးကိုလုပ်ကျွေးသူ၏ ပူဇော်ခြင်းသည် မမြတ်။

ထိုဂါထာ၌–ဇန္တု=ဟူသည် သတ္တဝါဟု ဆိုလိုသည်။

အဂ္ဂိ ပရိစရေ စနေ=ဟူသည် ပပဉ္စတရားကင်းရန် တောင့်တ၍ တောသို့ ဝင်ကာ မီးကို လုပ်ကျွေးပူဇော်ရာ၏ ဟူလို။

ဒေသနာတော်၏ အဆုံး၌ အရှင်သာရိပုတ္တရာ၏ တူပုဏ္ဏားနှင့်တကွ များစွာသော လူအပေါင်းတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြကုန်၏။

အရှင်သာရိပုတ္တရာ၏ တူပုဏ္ဏား၏ ဝတ္ထုပြီး၏။

၇။ အရှင်သာရိပုတ္တရာ၏ အဖော် ပုဏ္ဏားကြီးဝတ္ထု

ယံကိဉ္စိ ယိဋ္ဌံ ဝါ–ဤသို့အစရှိသော တရားဒေသနာတော်မြတ်ကို မြတ်စွာ ဘုရားရှင်သည် ဝေဋ္ဌုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အရှင် သာရိပုတ္တရာမထေရ်၏ အဖော် ပုဏ္ဏားကြီးကို အကြောင်းပြု၍ ဟောကြား တော်မူခဲ့သည်။

အခါတစ်ပါး၌ အရှင်သာရိပုတ္တရာမထေရ်သည် လူဖြစ်စဉ်က မိမိ၏အဖော် ခင်ပွန်ဖြစ်သော ပုဏ္ဏားကြီးအထံသို့ ကြွသွားတော်မူ၍ အချင်းပုဏ္ဏားကြီး အသို့ပေနည်း၊ ကုသိုလ်ကောင်းမှု တစ်စုံတစ်ခုကို ပြုစု အားထုတ်ပါ၏ဇောဟု မေးတော်မူသဖြင့်၊ အရှင်ဘုရား ဩော် ပြုစုံအားထုတ်ပါ၏ဟု လျှောက်၏။ အဘယ်သို့သော ကုသိုလ်ကောင်းမှုကို ပြုစုအားထုတ်ပါသနည်းဟု မေးတော်မူ ပြန်သည် ရှိသော် အရှင်ဘုရား များစွာသော ပစ္စည်းဥစ္စာကို စွန့်ကြဲသဖြင့် ယဇ်ပူဇော်ခြင်းအမှုကို ပြုပါသည်ဟု လျှောက်၏။ပုဏ္ဏားကြီး အဘယ်သို့သော အကျိုးကို တောင့်တရည်သန်ပြီး ပြုလုပ်သနည်းဟု မေးတော်မူပြန်လျှင် အရှင် ဘုရား ဗြဟ္မာ့ပြည်သို့ ရောက်ကြောင်း ကောင်းမြတ်သော လမ်းခရီး ဖြစ်ပေ လိမ့်မည်ဟု ရည်သန်ပြီး ပြုလုပ်ပါသည်ဟု လျှောက်၏။ ဤသို့ အဘယ်သူသည် ပြောဟော ဆုံးမသနည်းဟု မေးတော်မူပြန်သည် ရှိသော် အရှင်ဘုရား တပည့် တော် ဆရာမြတ်တို့သည် ဆုံးမပြောဟောအပ်ပါသည်ဟု လျှောက်၏။

အချင်းပုဏ္ဏားကြီး အသင်သည် ဗြဟ္မာ့ပြည်၏ ခရီးလမ်းကြောင်းကိုလည်း မသိ၊ အသင်၏ ဆရာတို့သည်လည်း မသိ၊ ပုဏ္ဏားကြီး လာလှည့်၊ ငါတို့ဆရာ မြတ်စွာဘုရား အထံသို့ သွားကြကုန်အံ့ဟု ပြောဆိုပြီး ထိုပုဏ္ဏားကြီးကို မြတ်စွာ ဘုရား အထံတော်သို့ ခေါ်ဆောင်ခဲ့၍ ထိုအကြောင်း အလုံးစုံတို့ကို အကုန်

ပြန်ကြား လျှောက်ထားပြီးသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အရှင်မြတ်ဘို့သည် တပည့်ခံတော်၏ အာဒေဖော်ခင်ပွန်းဖြစ်သော ဤပုဏ္ဏားကြီးအား ဖြဟ္မာ့ပြည်၏ လမ်းခရီးကို ကောင်းစွာ သွန်ပြ ဆုံးမ ဟော ကြားတော် မူပါကုန်လေ့ဟု လျှောက်ကြားတောင်းပန်၏။

သောတာပန်တည်ခြင်း

မြတ်စွာဘုရား ကိုယ်တော်မြတ်က "ပုဏ္ဏား ကြီး ဤ သို့ပြုလုပ်သောဘူသည် ဟုတ်နှန်းပသလော" ဟု မေးတော်မူ၍ ရှင်မဂါတမ ဤသို့ လျှောက်ထား သည့်အကိုင်း ဟုတ်မှန်ပါပေ၏ဟု ဝန်ခံလျှောက်ထားသည်ရှိသော်၊ ပုဏ္ဏားကြီး အသင်သည် ဘစ်နှစ်ပတ်လုံး ယာဇ်ပူဇော်ခြင်းကို ပူဇော်သဖြင့် လောကီဘုံသား လူအပေါင်းအား အလှူပေးခြင်းသည် ကြည့်သိုစိတ်ဖြင့် ငါဘုရား၏ တပည့်သား ရဟန်းတော်တို့အား ရိုသေညွတ်သျှိုး ရှိခိုးရသော သူတို့အား ထင်ရှား ဖြစ်ပေါ်သော ကောင်းမြတ်သော ကုသိုလ်စေဘနာ၏ လေးဖို့တစ်ဖို့ မျှလောက် သော်လည်း အဖိုးမထိုက် မမှန်မြတ်ဟု မိန့်တော်မူသိုသော စကားစပ်ကိုပြု၍ တရားဘော်ကို ဟောကြားတော်မူလိုရကား ဤဂါထာပါဠိကို မိန့်တော်မူ၏—

ယံကိဉ္စိ ယိဋ္ဌဉ္စု ဟုတဉ္စု ဧလောကေ၊
သံဝစ္ဆရံ ယဇေထ ပုညပေက္ခော။
သဗ္ဗမ္ပိ တံ န စတုဘာဂမေတိ၊
အဘိဝါဒနာ ဥဇ္ဇုဂတေသု သေယျော။

လောကဌ် ကောင်းမှုငဲ့ရှာ အလုံးစုံသော ထိမ်းမြားမင်္ဂလာပြုခြင်း စသည့် အခါ လှူသော အလှူကိုလည်းကောင်း၊ ပကတိခိုးရာ အခါဌ် လှူသော အလှူကိုလည်းကောင်း၊ တစ်နှစ်ပတ်လုံး ပေ.လှူပူဇော်ခြင်းသည် မဇ္ဈိမပဋိပတ် အကျင့်မြတ်ကို ဖြောင့်မတ်စွာ ကျင့်ကုန်သော အရိယာပုဂ္ဂိုလ်တို့ဌ် ရှိခိုးခြင်း ကုသိုလ်စေတနာ၏ လေးဖို့တစ်ဖို့ကို မမီမရောက်၊ ထို့ကြောင့် အရိယာပုဂ္ဂိုလ် တို့ဌ် ရှိခိုးခြင်းသည် မြင့်မြတ်၏။

ထိုဂါထာဌ်–

ယံကိဉ္စိ=ဟူသည် အကြွင်းအကျန် မရှိသော အပိုင်းအခြားဖြစ်သည်။

ယိဋ္ဌံ=ဟူသည် များသောအားဖြင့် မင်္ဂလာပြုခြင်း အစရှိသည်တို့ဌ် အလှူ ပေးခြင်း ဖြစ်သည်။

ဟုတံ=ဟူသည် အထူးပြုပြင် စီမံ၍ ပြုအပ်သော ည့်သည်တို့အား အလှူ ပေးခြင်းနှင့် ကံ, ကံ၏အကျိုးကို ယုံကြည်၍ ပြုအပ်သော အလှူပေးခြင်း ဖြစ်သည်။

သံဝစ္ဆရံ ယဇေထ=ဟူသည် တစ်နှစ်ပတ်လုံး အမြဲမပြတ် ဆိုခဲ့ပြီးသော အခြင်းအရာရှိသော အလှူကို စကြဝဋ္ဌာအပေါင်း၌ ရှိသော လောကီလူသား အပေါင်းအား ပေးလှူရာ၏ဟု ဆိုလိုသည်။

ပုညပေက္ခာ=ဟူသည် ကောင်းမှုကို အလိုရှိသောဟု ဆိုလိုသည်။

ဥဇုဂတေသု = ဟူသည် အောက်ထစ်ဆုံး သောတာပန် ပုဂ္ဂိုလ်များနှင့် အထက်ဆုံး ရဟန္တာပုဂ္ဂိုလ်တို့၌ ဖြစ်သည်။

ဆိုလိုရင်း အဓိပ္ပါယ်မှာ။ အလုံးစုံသော ဒါနသည် ဤဥဇုဂတဖြစ်သော သောတာပန် ရဟန္တာပုဂ္ဂိုလ်တို့၌ ကြည်ညိုစိတ်ဖြင့် ကိုယ်ကိုညွှတ်၍ ရှိခိုးသူအား ဖြစ်ပေါ်ထင်ရှားသော ကုသိုလ်စေတနာအကျိုး၏ လေးဖိုတစ်ဖိုပင် မထိုက်၊ ထိုကြောင့် ဥဇုဂတဖြစ်သော သောတာပန် ရဟန္တာပုဂ္ဂိုလ်တို့၌ ရှိခိုးခြင်း သည်သာ မြင့်မြတ်၏ ဟု ဖြစ်၏။

ဒေသနာတော်၏ အဆုံး၌ အရှင်သာရိပုတ္တရာ၏ အဖေါ်ပုဏ္ဏားနှင့် တက္ခ အခြားသော များစွာသော လူအပေါင်းတို့သည် သောတာပတ္တိဖိုလ် စသည် တို့သို့ ရောက်ကုန်၏။

အရှင်သာရိပုတ္တရာ၏ အဖော်ပုဏ္ဏားဝတ္ထု ပြီး၏။

၈။ အာယုဝစုန သတ္ဌိသားဝတ္ထု

အဘိဝါဒန သီလိဿ–အစရှိသော တရားဒေသနာတော်မြတ်ကို မြတ်စွာ ဘုရားရှင်သည် ဒီဃလဂ်ဂိကအမည်ရှိသော ရွာကို အမှီပြုလျက် တောကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဒီဃာယုသတ္ဌိသားကို အကြောင်းပြု၍ ဟောကြား တော်မူခဲ့သည်။

ဒီဃလဂ်ဂိကမြို့၌ နေလေ့ရှိကုန်သော အဆွေခင်ပွန်း ပုဏ္ဏားနှစ်ယောက် တို့သည် သာသနာတော်ပြင်ပ ရသေ့ရဟန်း၏ အဖြစ်ကို ပြုလုပ်ကြကုန်၍ လေးဆယ့်ရှစ်နှစ်တို့ပတ်လုံး ပြင်းပြသော အကျင့်ကို ကျင့်ကြံအားထုတ် ကြကုန်၏။ ပုဏ္ဏား နှစ်ယောက်တို့တွင် ပုဏ္ဏားတစ်ယောက်သည် ငါ၏ အမျိုး အဆက်သည် ပျက်စီးပေလတ္တံ့ လူထွက်တော့အံ့”ဟု ကြံပြီး၍မိမိကျင့်အပ်သော အကျင့်ကို သူတစ်ပါးတို့အား တစ်ရာသောနွား, တစ်ရာသောအသပြာတို့နှင့် ရောင်းချ၍ ဇနီးသည် ပစ္စည်းဥစ္စာကိုတည်ရှိစေ၏၊ထိုနောက်ထိုပုဏ္ဏား၏မယား သည် သားတစ်ယောက်ကို ဖွားမြင်လေ၏၊ အခြားအဖော် ရသေ့သည်ကား

အရပ်တစ်ပါးသို့ သွားရောက် နေထိုင်ပြီးလျှင် တစ်ဖန်ပြန်လာ၍ ဒီဃလဂိုက မြို့သို့ ရောက်လာ၏၊ ရသေ့လူထွက်ပုဏ္ဏားသည် အဖော်ရသေ့၏ ကြွရောက်လာသော အဖြစ်ကို ကြားသိ၍ သားမယားကို ခေါ်ဆောင်ပြီး ရသေ့ကို ဖူးမြော်ခြင်းငှာ သွားလေ၏၊ ရသေ့၏ ထံမှောက်သို့ ရောက်သောအခါ သားငယ်ကို မိခင်၏လက်၌ ပေးပြီး၍ မိမိသည် ရှေးဦးစွာရှိခိုး၏၊ မိခင်သည်လည်း သားငယ်ကို တစ်ဖန် ဖခင်၏လက်၌ ပေးအပ်ပြန်၍ မိမိလည်ရှိခိုး၏၊ အဆုံးခင်ပွန်းဖြစ်သော ရသေ့က "ဒီဃာယုကာ ဟောထ=အသင်တို့အား ရှည်သော အသက်ရှိသည်ဖြစ်ကြပါစေကုန်သတည်း" ဟု ဆုတောင်းမြွက်ဆို၏။ သားငယ်ကို ရှိခိုးစေသည်ရှိသော် ဆိတ်ဆိတ်သာလျှင် ဖြစ်၍နေ၏။

ထို့အခါ ရသေ့ကို "အရှင်ဘုရား တပည့်တော်တို့သည် ရှိခိုးကြကုန်သည် ရှိသော်ရှည်သောအသက်ရှိသည်ဖြစ်ကြပါစေကုန်သတည်း" ဟုမိန့်ဆိုဆုပေးတော်မူပါလျက် ဤသူငယ် ရှိခိုးသောအခါ၌ အဘယ်ကြောင့် ဆုပေးတော် မမူပါသနည်း၊ ဤသူငယ်အား အဘယ်သို့သော အန္တရာယ် ရှိပါသနည်းဟု မေးလျှင် ဒါယကာပုဏ္ဏား အသင်၏သားငယ်အား အန္တရာယ် ရှိ၏ဟု ပြောဆို၏၊ အရှင်ဘုရား ဤသူငယ်အား အဘယ်မျှလောက် အသက်ရှည်ပါအံ့နည်းဟု မေးလျှောက်ပြန်သော် ဒါယကာပုဏ္ဏား ခုနစ်ရက်မျှလောက်သာ အသက် ရှည်ပေလိမ့်မည်ဟု မိန့်တော်မူ၏၊ အရှင်ဘုရား ထိုအန္တရာယ်ကျရောက်မည်ကို တားမြစ်နိုင်ဖွယ်ရာသော အကြောင်း ရှိပါသလောဟု မေးလျှောက်ပြန်သဖြင့် ဒါယကာငါသည်ကား တားမြစ်နိုင်ဖွယ်ရာသော အကြောင်းကို မသိဟု ပြောဆို၏၊ အရှင်ဘုရား အဘယ်သူသည် သိနိုင်ရာပါအံ့နည်းဟု မေးလျှောက်ပြန်လျှင် ရဟန်းဂေါတမသည် သိနိုင်ရာ၏၊ ထိုရဟန်းဂေါတမ ထံမှောက်သို့ သွားရောက်ပြီး မေးလျှောက်လေလော့ဟု ပြောဆိုသဖြင့်၊ အရှင်ဘုရား ထိုရဟန်းဂေါတမ၏ ထံမှောက်သို့ သွားရောက်သည်ရှိသော် အကျင့်မှ ဆုတ်ယုတ် ပျက်စီးမည်ကို ကြောက်ရုံရှပါသည်ဟု လျှောက်လျှင် ဒါယကာ အသင်သည် အသင်၏သားဌ ချစ်ခင်ခြင်း အဘယ်၍ရှိသည် ဖြစ်ခဲ့အံ့ အကျင့်မှ ဆုတ်ယုတ် ပျက်စီးအံ့သည် ကြံစည်ခြင်းကို မပြုမူ၍ ထိုရဟန်းဂေါတမ၏ အထံသို့သာ သွားရောက်ပြီး မေးလျှောက်လေတော့ဟု ပြောဆို၏။

ထိုပုဏ္ဏားသည် မြတ်စွာဘုရား သီတင်းသုံးရာ ဖြစ်သော တောကျောင်းသို့ သွားရောက်ချဉ်းကပ်၍ ရှေးဦးစွာ မိမိသည်ရှိခိုး၏၊ မြတ်စွာဘုရားသည် "ဒီဃာယုကောဟောဟိ=အသင်အား အသက်ရှည်ပါစေ" ဟု မိန့်ဆို ဆုပေးတော်မူ၏၊ မယားခင်ပွန်းမ ရှိခိုးသော အခါ၌လည်း ထိုအတူသာ ဆုပေးတော်မူ၍ သားငယ်အား ရှိခိုးစေသောအခါ၌ ဆိတ်ဆိတ်သာ သီတင်းသုံး နေတော်မူ၏၊

ထိုပုဏ္ဍားသည် ရှေးနည်းအတူသာလျှင် မေးလျှောက်၏၊ မြတ်စွာဘုရားသည်လည်း ရှေးနည်းအတူသာလျှင် ဖြေဆိုတော်မူ၏။

[ရှေးဦးစွာ ဖြေဆိုလိုက်သော သာသနာပြင်ပ ရသေ့ရဟန်းပြုသော ထိုပုဏ္ဍားသည် သဗ္ဗညုတဉာဏ်တော်ကို ထိုးထွင်း၍ မသိဘဲသာလျှင် မိမိ၏ လောကီ အတတ် မန္တန်သည်သဗ္ဗညုတ ဉာဏ်တော်နှင့်နှီးနှောပေသတတ် စင်စစ်မူကား အန္တရာယ် တားမြစ်ခြင်း၏ အကြောင်းကို မသိမမြင်လေ။]

အသက်ရှည်သော အစီအရင်

ပုဏ္ဍားသည် မြတ်စွာဘုရားကို "အရှင်ဘုရား အန္တရာယ်ကို တားမြစ်နိုင်ခြင်း အကြောင်းတစ်စုံတစ်ခုမျှရှိပါအံ့လော" ဟုမေးလျှောက်၏၊ ပုဏ္ဍားကြီးအန္တရာယ်ကို တားမြစ်ခြင်းငှာ စွမ်းနိုင်သည် ဖြစ်ပေရာ၏ဟု မိန့်တော်မူလျှင် အရှင်ဘုရား အဘယ်သို့ ဖြစ်ပါအံ့နည်းဟု မေးလျှောက်သဖြင့် ပုဏ္ဍားအသင်သည် မိမိအိမ်တံခါး၌ မဏ္ဍပ်ကို ဆောက်လုပ်ပြီး ထိုမဏ္ဍပ်၏ အလယ်၌ အင်းပျဉ်ကို ပြု၍ ဝန်းရံပြီးသော် နေရာမှစ်ခုတို့ကိုလည်းကောင်း, နေရာတစ်ဆယ့်ခြောက်ခုတို့ကိုလည်းကောင်း ခင်းစေပြီး၍ ထိုနေရာတို့၌ ငါဘုရား၏ တပည့်သား သံဃာတော်တို့ကို နေထိုင်စေပြီးလျှင် ခုနစ်ရက်ပတ်လုံး အဆက်မပြတ် ပရိတ်အရံအတားကို အကယ်၍ ပြုခြင်းငှာ စွမ်းနိုင်သည်ဖြစ်အံ့ ထိုသူငယ်အား ဤသို့သော အန္တရာယ်သည် ပျက်စီး ပပျောက်ပေရာ၏ဟု မိန့်တော်မူ၏။

အရှင်ဂေါတမ အကျွန်ုပ်သည် မဏ္ဍပ် စသည်တို့ကို မိန့်ဆိုတော်မူသည့် အတိုင်း ပြုလုပ်ခြင်းငှာ စွမ်းနိုင်ပါ၏၊ အရှင်ဘုရားတို့၏ တပည့် သာဝကတို့ကို မူကား အဘယ်သို့ ရနိုင်ပါအံ့နည်းဟု မေးလျှောက်၏။ မြတ်စွာဘုရားက ပုဏ္ဍားအသင်သည် ဤမျှလောက် အဆောက်အအုံ လောက်လုံပြည့်ဝအောင် ပြုသည်ရှိသော် ငါဘုရားသည် ငါ၏တပည့်သားဖြစ်သော သံဃာတော်တို့ကို စေလွှတ်လိုက်အံ့" ဟုမိန့်တော်မူသဖြင့်အရှင်ဂေါတမကောင်းလှပါပြီဟု ဝန်ခံလျှောက်ထားပြန်သွားပြီးသည်ရှိသော် ထိုပုဏ္ဍားသည် မိမိ၏ အိမ်တံခါး၌ ကိစ္စအားလုံးကို တဝတည်းပြီးဆုံးစေပြီး၍ မြတ်စွာဘုရား၏အထံသို့ သွားရောက်လျှောက်ထား၏၊ မြတ်စွာဘုရားသည် ရဟန်းတို့ကို စေလွှတ်တော်မူ၏၊ ရဟန်းတို့သည် ကြွသွားကုန်ပြီးသော် ခင်းထားအပ်သော ထိုနေရာ၌ ထိုင်နေကုန်၍ သူငယ်ကို အင်းပျဉ်ထက်၌ အိပ်စေကုန်ပြီးလျှင် ရဟန်းတို့သည် ခုနစ်ညဉ့် ခုနစ်နေ့ပတ်လုံး မပြတ် ပရိတ်တော်ကို ရွတ်ဖတ်သရဇ္ဈာယ်ကြကုန်၏။

ကလေးကို စားမည့်ဘီလူး

ခုနစ်ရက်မြောက်သော နေ့၌ မြတ်စွာဘုရားသည် ကိုယ်တော်တိုင် ကြွတော်မူလာ၏၊ ထိုမြတ်စွာဘုရား ကြွလာတော်မူသည်ရှိသော် အလုံးစုံသော စကြဝဋ္ဌာ၌ ရှိကုန်သော နတ်တို့သည် စည်းဝေးကြကုန်၏၊ အဝရုဒ္ဓက အမည်ရသော တစ်ယောက်သော ဘီလူးသည် တဆယ့်နှစ်နှစ်တို့ ကာလပတ်လုံး ဝေဿဝဏ် နတ်မင်းကြီးကို ခစားလုပ်ကျွေးလျက် ထိုနတ်မင်းကြီးအထံမှ ဆုကို ရသည်ရှိသော် ဤနေ့မှနောက် ခုနစ်ရက်မြောက်သောနေ့၌ ဤသူငယ်ကို ယူလေလော့ဟူသော ဆုကိုရ၏၊ ထိုကြောင့် ထိုအဝရုဒ္ဓကဘီလူးသည်လည်း လာရောက်၍ ရပ်တည်၏။ မြတ်စွာဘုရားသည် ထိုအရပ်သို့ ကြွသွားတော် မူသည်ရှိသော် တန်ခိုးကြီးကုန်သော နတ်တို့သည် စည်းဝေးလာရောက်ကြ ကုန်သည်ရှိသော် တန်ခိုးငယ်ကုန်သော နတ်တို့သည် နေရာအခွင့်ကို မရကြကုန်သည်ဖြစ်၍ဆုတ်နစ်ဆုတ်နစ်၍သာ တစ်ဆယ့်နှစ်ယူဇနာရှိသော အရပ်တို့သို့ ဖဲသွားကြကုန်၏။ အဝရုဒ္ဓက ဘီလူးသည်လည်း ထိုတစ်ဆယ့်နှစ်ယူဇနာ မျှလောက်သော အရပ်၌ ပင်လျှင် ဖဲသွား၍ နေရ၏။

မြတ်စွာဘုရားသည် အလုံးစုံသော ညဉ့်ပတ်လုံး ပရိတ်အရံ အတားကို ပြုတော်မူ၏။ခုနစ်ရက် လွန်မြောက်သည်ရှိသော် အဝရုဒ္ဓက ဘီလူးသည် သူငယ်ကို ယူခြင်းငှာ မရ၍ ရှစ်ရက်မြောက်သောနေ့ အရုဏ်တက်ခါမျှ၌ သူငယ်ကို ဆောင်ယူပြီးလျှင် မြတ်စွာဘုရားရှင်ကို ရှိခိုးစေကုန်၏။ ဘုရားကိုယ်တော် မြတ်သည် "ဒီဃာယုကော ဟောဟိ" အသင်အား ရှည်သော အသက်ရှိသည် ဖြစ်စေလော့ဟု ဆုပေး မိန့်ဆိုတော်မူ၏။ပုဏ္ဍားက အရှင်ဂေါတမ ဤသူငယ်သည် အဘယ်မျှလောက် အသက်ရှည်သည်ဖြစ်၍ လူ့ပြည်၌ တည်ပါလတ္တံ့နည်း ဟု မေးလျှောက်၏၊ ပုဏ္ဍား ဤသူငယ်သည် အသက်တစ်ရာ့နှစ်ဆယ်ရှည်သည်ဖြစ်၍ တည်နေပေလတ္တံ့ဟု မိန့်ဆိုတော်မူ၏။ ထိုအခါ သူငယ်အား အာယုဝစုန ကုမာရ ဟူသော အမည်ကို ပြုကြကုန်၏။ ထိုအာယုဝစုန သတို့သားသည် ကြီးပွားခြင်းကို စွဲ၍ အရွယ်သို့ ကျရောက်သည်ရှိသော် ငါးရာကုန်သော ဥပါ-သကာတို့ဖြင့် ခြံရံလျက် လှည့်လည်သွားလာ၏။

ထိုအခါ တစ်နေ့သ၌ တရားသဘင် အစည်းအဝေးဝယ် ရဟန်းအပေါင်း တို့သည် "ငါ့ရှင်တို့ အာယုဝစုန သတို့သားကို ကြည့်ရှုကြပါကုန်လော့။ ထို အာယုဝစုနသတို့သားသည် ခုနစ်ရက်မြောက်သောနေ့၌ အကယ်၍ သေလွန်သည်ဖြစ်ခဲ့အံ့၊ ဤကဲ့သို့ ငါးရာသော ဥပါသကာတို့ဖြင့် ခြံရံလျက် လှည့်လည်သွားလာခြင်း မရှိနိုင်ပေရာ၊ ထို အာယုဝစုန သတို့သားသည် ဤယခုအခါ၌ အသက် တစ်ရာ့နှစ်ဆယ် တည်နေရသည် ဖြစ်၍ ငါးရာသော ဥပါသကာတို့ဖြင့်

ခြံရံလှည့်လည်၍ နေရပေသည်။ ငါ့ရှင်တို့ ဤသတ္တဝါတို့အား အသက်ကို ပွဲားစေတတ်သော အကြောင်းတရားသည် ရှိသေးယောင်တကား" ဟူသော စကားကို ဖြစ်စေကြကုန်၏။

သောတာပန်တည်ကြခြင်း

မြတ်စွာဘုရားရှင်သည် တရားသဘင်သို့ ကြွဝင်တော်မူလာခဲ့၍ ချစ်သား ရဟန်းတို့ငါဘုရားကြွတော်မူလာဆဲသော ဤယခုအခါ၌ အဘယ်တရားစကားကို ပြောကြားစည်းဝေး ထိုင်နေကြကုန်သနည်းဟု မေးတော်မူသဖြင့် ဤအမည် ရှိသော အကြောင်းပါတည်းဟု လျှောက်ကြားသည်ရှိသော် ချစ်သားရဟန်းတို့ စင်စစ်အားဖြင့် အသက်သာလျှင် တိုးပွားသည် မဟုတ်သေး၊ ဤသတ္တဝါတို့သည် မိမိထက် ဂုဏ်အားဖြင့် မြင့်မြတ်ကြီးကျယ်ကုန်သော သူတို့ကို ရှိသေမြတ်နိုးရှိခိုးကုန်သည်ရှိသော် အရှိအသေပြုကုန်သည်ရှိသော် လေးပါးသော အကြောင်းတို့သည် ပွားကုန်၏။ ဘေးအန္တရာယ် ငြိတွယ်ခြင်းမှ လွတ်မြောက်ကုန်၏။ မိမိ၏ အသက်အပိုင်းအခြား ကာလပတ်လုံး တည်နေရကုန်၏ဟု မိန့်တော်မူပြီးသော် အနုသန္ဓေကိုစပ်၍ တရားတော်ကို ဟောကြားတော် မူလိုသောကြောင့် ဤဂါထာကို မိန့်တော်မူ၏—

အဘိဝါဒနသီလိဿ၊ နိစ္စံ ဝုဍ္ဎာပစာယိနော။
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊ အာယု ဝဏ္ဏော သုခံ ဗလံ။

အသက် သီကွာ ဂုဏ်ဝါကြီးသူတို့အား ရှိသေမြတ်နိုး ရှိခိုးလေ့ရှိသော ပုဂ္ဂိုလ်အား အသက်ရှည်ခြင်း, အဆင်းလှခြင်း, ချမ်းသာကြီးခြင်း, ခွန်အားကြီးခြင်း ဤတရားလေးပါးတို့သည် တိုးပွားကုန်၏။

ထိုဂါထာ၌ –

အဘိဝါဒနသီလိဿ=ဟူသည် ရှိခိုးလေ့ရှိသော အမြဲမပြတ် ရှိခိုးခြင်းကိစ္စ မျှားပြားသောဟု ဆိုလိုသည်။

ဝုဍ္ဎာပစာယိနော=ဟူသည် လူပုဂ္ဂိုလ်အနေဖြင့် ထိုနှစ်မှ ရှင်ပြုသောသာမဏေ ငယ်ကို ရှိခိုးခြင်း၊ ရှင်ရဟန်းအနေနှင့် သီကွာ ဝါကြီးသော ရှင်ရဟန်းအား ရှိခိုးခြင်း၊ ဂုဏ်အားဖြင့် ကြီးမြတ်ကုန်သော သူတို့ကို ပူဇော်ခြင်း ဤသို့အမြဲ ပူဇော်ခြင်းကို ဆိုလိုသည်။

စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ= ဟူသည် အသက်တမ်း တိုးပွားလာသည်ရှိသော် အခြားသော ဝဏ္ဏ သုခ ဗလ တို့သည် တိုးပွားလာကုန်၏၊ အနှစ်ငါးဆယ် သက်တမ်းရှည်စေနိုင်သော ကုသိုလ်ပြုထားသူသည် နှစ်ဆယ့်ငါးနှစ်အရွယ်၌

အသက်အန္တရာယ် ဖြစ်လာငြားအံ့ ထိုအန္တရာယ်သည် ရှိခိုးပူဇော်မှုကြောင့် ငြိမ်းအေးစေ၏။ သက်တမ်းဆုံးသည်အထိ နေနိုင်၏။ ထိုပုဂ္ဂိုလ်၏ အဆင်းစသည် တို့သည်လည်း သက်တမ်းနှင့်အတူ တိုးပွားကုန်၏။ အန္တရာယ်မရှိဘဲ မူလ ကံအတိုင်းရှိသူတို့၏ သက်တမ်းသည်မူကား တိုးပွားခြင်း မရှိနိုင်ပေ။

ဒေသနာတော်၏ အဆုံး၌ အာယုဝစုနသတို့သားသည် ဥပါသကာ ငါးရာ တို့နှင့်တကွ သောတာပတ္တိဖိုလ်၌ တည်ကြ၍ အခြားများစွာသော သူတို့သည် လည်း သောတာပတ္တိဖိုလ် စသည်ဘို့သို့ ရောက်ကြကုန်၏။

အာယုဝစုနသတို့သားဝတ္ထု ပြီး၏

၉။ သံကိစ္စသာမဏေဝတ္ထု

ယောစ ဝဿ သတံ ဇီဝေ–အစရှိသော ဤတရားဒေသနာတော်မြတ်ကို မြတ်စွာဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် သံကိစ္စ သာမဏေကို အကြောင်းပြု၍ ဟောတော်မူ၏။

သာဝတ္ထိပြည်၌ သုံးကျိပ်မျှလောက်ကုန်သော အမျိုးသားတို့သည် မြတ်စွာ ဘုရားရှင်၏ တရားစကားကို ကြားနာရသည်ဖြစ်၍ ဘုရားသာသနာတော်၌ ရင်ကိုပေးပြီး ရဟန်းပြုကြကုန်၏။ ထိုရဟန်းတို့သည် ပဥ္စင်းအဖြစ်ကို ခံယူပြီး နောက် ငါးဝါရှိသော် မြတ်စွာဘုရားရှင်ထံသို့ ချဉ်းကပ်ပြီး၍ မြတ်စွာဘုရား သာသနာတော်၌ ဂန္ထဓုရ, ဝိပဿနာဓုရအားဖြင့် နှစ်ပါးကုန်သော ဓုရတို့ကို ကြားနာရ၍ အိုမင်းကြီးရင့်သော အရွယ်သို့ ရောက်ပြီးမှ ရဟန်းပြုရသဖြင့် ဂန္ထဓုရ၌ အားထုတ်ခြင်းကို မပြုမူ၍ ဝိပဿနာဓုရကိုသာလျှင် ဖြည့်ခြင်းငှါ အလိုရှိသည် ဖြစ်၍ အရဟတ္တဖိုလ်တိုင်အောင်သော ကမ္မဋ္ဌာန်းကို ဟောကြား စေပြီးသော် "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်တို့သည် တစ်ခုသော တောအုပ်သို့ သွားပါကုန်အံ့"ဟု မြတ်စွာဘုရားရှင်ကို ပန်ကြား လျှောက်ထားကုန်၏။

ခုနစ်နှစ်သား သာမဏေ

မြတ်စွာဘုရားရှင်က "အဘယ်သို့သော အရပ်သို့ သွားကုန်လတ္တံ့နည်း"ဟု မေးတော်မူသည် ဖြစ်၍ ဤအမည်ရှိသော အရပ်သို့ သွားပါကုန်အံ့ဟု ကြားလျှောက်သည်ရှိသော် ထိုအရပ်၌ တစ်ယောက်သော စားကြွင်းစား ယောကျ်ားကို အမှီပြု၍ ထိုရဟန်းတို့အား ဘေးကြီးဖြစ်လတ္တံ့။ ထို ဘေးကြီး

သည် သံကိစ္စသာမဏေ လိုက်ပါသွားရောက်သည် ရှိသော် ငြိမ်းပျောက်ပေလတ္တံ့။ ထိုသို့ ငြိမ်းပျောက်သော အခါ၌ ထိုရဟန်းတို့အား ရဟန်းကိစ္စပြီးဆုံးပြည့်စုံခြင်းသို့ ရောက်ပေလတ္တံ့ဟု သိမြင်တော်မူ၏။ သံကိစ္စ သာမဏေမည်သည်ကား အရှင်သာရိပုတ္တရာ မထေရ်၏ တပည့်ဖြစ်သော ခုနစ်နှစ်အရွယ်မျှလောက်သာ ရှိသော သာမဏေပေတည်း။

သံကိစ္စသာမဏေ၏ အကြောင်း

ထို သံကိစ္စသာမဏေ၏ မိခင်သည် သာဝတ္ထိပြည်၌ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသော အမျိုး၏ သမီးတည်း။ ထို သံကိစ္စသာမဏေသည် ဝမ်း၌ ပဋိသန္ဓေ တည်နေကိန်းအောင်းစဉ်ပင်လျှင် မိခင်ဖြစ်သော အမျိုးသမီးသည် တစ်ခုသော အနာ နှိပ်စက်လာသဖြင့် ထိုခဏပင်လျှင် သေလွန်ခြင်းကို ပြုလေ၏။ ထိုမိန်းမ အလောင်းကို သုသာန်သခ်ျိုင်းသို့ ထုတ်ဆောင်၍ မီးတိုက်အပ်ဆည် ရှိသော် ဝမ်းဗိုက်သားကို ထား၍ ကြွင်းသော အသားအရေတို့ကို မီးလောင်ကျွမ်းလေ၏။ ထိုအခါ ထိုမိန်းမ ဝမ်းဗိုက်သားကို ထင်းပုံမှ ချ၍ နှစ်နေရာ သုံးနေရာတို့၌ တံစိုးဝါးတို့ဖြင့် ထိုးကုန်၏။ တံစိုးဝါး၏ အစွန်းသည် သူငယ်၏ မျက်စိအစွန်းကို ထိုးခတ်မိ၏။ ဤသို့သော အခြင်းအရာအားဖြင့် ဝမ်းဗိုက်သားကို ထိုးကြိတ်၍ မီးကျီးစု၌ ထည့်ပြီးလျှင် မီးကျီးတို့ဖြင့် သာလျှင် ဖုံးလွှမ်း၍ ဖဲသွားကုန်၏။ ဝမ်းဗိုက်သားကို မီးလောင်ကျွမ်းလေ၏။ မီးကျီးစု အထက်၌ ရွှေဆင်းတုနှင့် တူသော သူငယ်သည် ပဒုမ္မာကြာတိုက်၌ လျောင်းအိပ်ဘိသကဲ့သို့ ဖြစ်၏။

[ထိုစကားမှန်၏၊ ပစ္ဆိမဘဝိက သားဖြစ်သော သတ္တဝါအား မြင်းမိုရ်တောင်ကြီးဖြင့် လွှမ်းမိုးဖိညှပ်အပ်သော်လည်း အရဟတ္တဖိုလ်သို့ မရောက်ဘဲ အသက်ကုန်ခြင်းမည်သည် မရှိ။ ထို့ကြောင့် ၎င်းသူငယ်သည် အသက် ပျက်စီးခြင်း မဖြစ်လေသတည်း။]

တစ်ဖန်မိုးသောက် ရောက်သောနေ့၌ ထင်းပုံကို မီးငြိမ်းကုန်အံ့ဟု လာကုန်သည်ရှိသော် ထိုအခြင်းအရာဖြင့် လျောင်းအိပ်နေသော သူငယ်ကို မြင်လျှင် ဤမျှလောက်သော ထင်းသစ်တို့သည် လောင်ကျွမ်းကုန်သည်ဖြစ်၍ အလုံးစုံသော မိခင်၏ ကိုယ်ကို မီးလောင်ကျွမ်းပါလျက် သူငယ်ကို မီးမလောင်ကျွမ်း။ အကြောင်းအသို့ ဖြစ်လတ္တံ့နည်းဟု အံ့ဖွယ်သရဲ မဖြစ်ဖူးမြဲသော စိတ်ရှိကုန်သည် ဖြစ်၍ သူငယ်ကို ယူပြီးလျှင် ရွာသို့ သွားရောက်သည်အခါ နိမိတ်ဖတ်တတ်သော သူတို့ကို မေးမြန်းကြကုန်၏။ နိမိတ်ဖတ်တတ်သော သူတို့က ဤသူငယ်သည် အကယ်၍ အိမ်ရာဖွဲ့နှောင်သော လူ့ဘောင်၌ နေသည်ဖြစ်အံ့။

အမျိုးခုနစ်ဆက်တိုင်အောင် အဆွေအမျိုးတို့သည် ပင်ပန်းဆင်းရဲခြင်း ဖြစ်ကုန်လတ္တံ့။ အကယ်၍ သာသနာထမ်း ရဟန်းပြုခဲ့သည်ဖြစ်အံ့၊ ငါးထုကုန်သော ရဟန်းတို့ဖြင့် ခြံရံလျက် လှည့်လည်ရလတ္တံ့ဟု ပြောဆိုကြကုန်၏။

ရှင်သာမဏေ ပြုခြင်း

ထိုအခါ တံစူးဝါးကြောင့် သူငယ်၏ မျက်စိအစုန်းထောင့် ပျက်စီးသည့်အဖြစ်ကြောင့် သံကိစ္စဟူသော အမည်ကို ပြုကြကုန်၍ ထိုသူငယ်အား နောက်အခါ၌လည်း သံကိစ္စဟူသော အမည်သည် ထင်ရှားလေ၏။ ထိုနောက် သူငယ်ကို အဆွေအမျိုးတို့သည် "ရှိစေတော့ ကြီးပြင်းသောကာလ ငါတို့၏ အရှင် ဖြစ်တော်မူသော သာရိပုတ္တရာ မထေရ်၏ အထံ၌ ရဟန်းပြုစေအံ့" ဟု နှလုံးသွင်း၍ မွေးမြူကြကုန်၏။ သံကိစ္စသတို့သားသည် ခုနစ်နှစ်သားအရွယ်သို့ ကျရောက်သောအခါ အဆွေအမျိုးတို့က ချစ်သား အသင့်အား မိခင်၏ ဝမ်းတိုက်၌ ကိန်းပိုက်တည်နေစဉ် ကာလ၌ပင်လျှင် အသင်၏ မိခင်သည် သေလွန်လေသည်၊ သေလွန်ပြီးသော ထိုဇာသင့်မိခင်၏ ကိုယ်ကို မီးတိုက်အပ်သည် ရှိသော် လောင်ကျွမ်း၍ သွားသော်လည်း အသင့်ကို မလောင်ကျွမ်း။ ကြင်းကျန်၍ ရှိခဲ့သည်ဟု ပြောဆိုကြကုန်၏။ သတို့သားသည် အဆွေအမျိုးတို့၏ ပြောဆိုသော စကားကိုကြား၍ ငါသည် ဤသို့သဘောရှိသော ကြောက်မက်ဖွယ်သော ဘေးကြီးမှ လွတ်ပေသတတ်။ အိမ်ရာထောင်သော လူဘောင်၌ နေသဖြင့် အဘယ်အကျိုး ရှိအံ့နည်း။ ရဟန်းပြုတော့အံ့ဟု ကြံ၍ အဆွေအမျိုးတို့အား အကြောင်းကိုကြား၏။ အဆွေအမျိုးတို့ကလည်း "ချစ်သား၊ ကောင်းလှပေပြီ" ဟု ဝန်ခံ၍ အရှင်သာရိပုတ္တရာ မထေရ်၏ ဒူးထံသို့ ခေါ်ဆောင်ခဲ့ပြီးသော် အရှင်ဘုရား ဤသူငယ်ကို ရဟန်းပြုတော်မူပါကုန်လော့ဟု ဆောက်နှင်းအပ်နှံကုန်၏။ မထေရ်သည် "တစပဉ္စက" ကမ္မဋ္ဌာန်းကို ပေး၍ ရှင်သာမဏေပြုတော်မူ၏။ ထိုသူငယ်သည် သင်တုန်းရိတ်ပြီးသည့် အဆုံး၌သာလျှင် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လေ၏။ ဤသာမဏေသည် သံကိစ္စသာမဏေမည်၏။

ရဟန်း သုံးကျိပ်

မြတ်စွာဘုရားသခင်သည် "ထို သံကိစ္စသာမဏေသည် လိုက်ပါ သွားရောက်သည်ရှိသော် ကြောက်မက်ဖွယ်သော ဘေးကြီးသည်လည်း ငြိမ်းပျောက်လတ္တံ့၊ ထိုရဟန်းတို့အားလည်း ရဟန်းကိစ္စသည် ပြီးဆုံးပြည့်စုံခြင်းသို့ ရောက်လတ္တံ့" ဟု သိမြင်တော်မူ၍ အို-ချစ်သားရဟန်းတို့ အသင်တို့၏ နောင်တော်ကြီးဖြစ်သော သာရိပုတ္တရာမထေရ်ကို ကြည့်ရှုဖူးမြော်ပြီးသည်ကာလ သွားကြကုန်လော့ဟု

မိန့်တော်မူ၏။ ထိုရဟန်းတို့သည်လည်း ကောင်းပါပြီဟု ဝန်ခံလျှောက်ထား၍ အရှင်သာရိပုတ္တရာ မထေရ်၏ အထံသို့ သွားရောက်ကြပြီး ငါ့ရှင်တို့ အကြောင်း အဘယ်သို့နည်းဟု မေးတော်မူသည်ရှိသော် အရှင်ဘုရား တပည့်တော်တို့သည် မြတ်စွာဘုရား အထံတော်၌ ကမ္မဋ္ဌာန်းကိုယူ၍ တောသို့ဝင်လိုကုန်သည် ဖြစ်သော ကြောင့် ခွင့်ပန်လျှောက် ကြားပါကုန်သည်။ ထိုသို့ လျှောက်ကြားသောအခါ တပည့်တော်တို့အား မြတ်စွာဘုရားက အသင်တို့၏ နောင်တော်ကြီးဖြစ်သော သာရိပုတ္တရာကို ကြည့်ရှုဖူးမြော်ပြီးသည့်အခါ သွားကြကုန်လော့ဟု မိန့်တော်မူလိုက်ပါသည်၊ ထို့ကြောင့် အရှင်ဘုရား၏ ထံမှောက်သို့ လာရောက်ကြပါကုန်သည်ဟု လျှောက်၏။

မထေရ်သည် "မြတ်စွာဘုရားရှင်သည် ဤရဟန်းတို့ကို တစ်စုံတစ်ခုသော အကြောင်းဖြစ်အင်ကို သိမြင်တော်မူသောကြောင့် ဤအရပ်သို့ စေလွှတ်လိုက်သည် ဖြစ်ပေကုန်လတ္တံ့"ဟု ထိုအကြောင်းသည် အဘယ်အကြောင်းနည်းဟု ဆင်ခြင်တော်မူသည်ရှိသော် မြတ်စွာဘုရားသိမြင်တော်မူသော အကြောင်း အခြင်းအရာကိုသိမြင်တော်မူ၍ ငါ့ရှင်တို့-အသင်တို့အားအလုပ်အကျွေးဖြစ်သော သာမဏေတစ်စုံတစ်ယောက် ရှိပါသလောဟု မေးတော်မူလျှင် အရှင်ဘုရား မရှိပါဟုလျှောက်၏။ အကယ်၍ မရှိခဲ့လျှင် ဤသံကိစ္စသာမဏေကို ခေါ်ယူ၍ သွားကုန်လော့ဟု မိန့်သည့်ကာလ အရှင်ဘုရား ဤအကြောင်းကား မသင့်ပါ၊ သာမဏေကို အမှီပြုပြီးလျှင် တပည့်တော်တို့အား ကြောင့်ကြခြင်း ဖြစ်ပါလိမ့်မည်၊ တောဌ်နေကုန်သော တပည့်တော်တို့အား သာမဏေဖြင့် အဘယ် အကျိုးရှိအံ့နည်းဟု လျှောက်ကုန်၏။ ငါ့ရှင်တို့ ဤသာမဏေကို အမှီပြု၍ အသင်တို့အား ကြောင့်ကြမရှိ။ စင်စစ်သော်ကား အသင်တို့ကိုမှီ၍ ဤ သာမဏေအား ကြောင့်ကြဖြစ်လိမ့်မည်။ မြတ်စွာဘုရားရှင်သည်လည်း အသင်တို့ကို ငါ၏အထံသို့ စေလွှတ်လိုက်ခြင်းသည် အသင်တို့နှင့် အတူတကွ သာမဏေကို ထည့်လိုက်စေလိုသော တောင့်တခြင်းဖြင့် တောင့်တတော်မူလျက် စေလွှတ်လိုက်ပေသည်၊ သို့ဖြစ်၍ ဤသာမဏေကို ခေါ်ယူပြီးသည်ကာလ သွားကြကုန်လော့ဟု မိန့်တော်မူ၏။

ထိုရဟန်းတို့သည်လည်း ကောင်းပါပြီဟု ဝန်ခံ၍ သာမဏေနှင့် အတူတကွ သာလျှင် သုံးကျိပ်တစ်ပါးကုန်သော ရဟန်းတို့သည် မထေရ်ကို ပန်ကြား ခွင့်တောင်းလျက် ကျောင်းမှထွက်ခဲ့ပြီး ဒေသစာရီလှည့်လည်ကြကုန်သည် ရှိသော် ယူဇနာတစ်ရာ့နှစ်ဆယ်ထက်၌ အမျိုး အိမ်ခြေတစ်ထောင်ရှိသော တစ်ခုသောရွာသို့ ရောက်ကုန်၏။ လူတို့သည် ထိုရဟန်းတို့ကိုမြင်လျှင် ကြည့်ညို သော စိတ်ရှိသည်ဖြစ်၍ ရှိသေကောင်းမွန်စွာ လုပ်ကျွေး၍ အရှင်ဘုရားတို့

အဘယ်အရပ်သို့ ကြွကုန်လတ္တံ့နည်းဟု မေးလျှောက်ကုန်သည်ရှိသော် ဒါယကာတို့ ချမ်းသာသောအရပ်သို့ သွားကုန်အံ့ဟု မိန့်ဆိုကုန်သဖြင့် ခြေရင်း၌ ဝပ်ပြီးလျှင် အရှင်ဘုရားတို့ အရှင်မြတ်တို့သည် ဤအရပ်ကို အမှိပြု၍ ဝါတွင်းသုံးလပတ်လုံး သီတင်းသုံးကုန်သည်ရှိသော် တပည့်တော်တို့သည် ငါးပါးသော သီလကို ကောင်းစွာဆောက်တည်၍ ဥပုသ်စောင့်သုံးခြင်းအမှုကို ပြုပါကုန်အံ့၊ အရှင်မြတ်တို့သည် ဝါကပ်ဆိုတော်မူကြပါကုန်လော့ဟု တောင်းပန်ကြကုန်၏။ မထေရ်တို့သည်လည်း ဝန်ခံကြကုန်၏။

ကျောင်းဆောက်လျှုဒါန်းကြခြင်း

ထိုအခါ လူတို့သည် မထေရ်တို့၏ ညဉ့်သန့်ရာ, နေ့သန့်ရာ, စင်္ကြံကြွရာ ဖြစ်သော သစ်ရွက်မိုးသော ကျောင်း,ဇရပ်တို့ကို ဆောက်လုပ်စီရင်၍ ယနေ့ ငါတို့၏အလှည့်၊ နက်ဖန် ငါတို့၏အလှည့် စသည်တို့ဖြင့် အားထုတ်ခြင်းသို့ ရောက်သည်ဖြစ်၍ လုပ်ကျွေးခြင်းကို ပြုကြကုန်၏။ မထေရ်တို့သည် ဝါသို့ ကပ်သောနေ့၌ ငါ့ရှင်တို့ ငါတို့သည် သက်တော်ထင်ရှား ရှိတော်မူသော မြတ်စွာဘုရား၏ အထံတော်၌ ကမ္မဋ္ဌာန်းကို ယူခဲ့၏။ ပဋိပတ္တိနှင့် ပြည့်စုံခြင်းမှ ကြဉ်၍ မြတ်စွာဘုရားရှင်ကို နှစ်သက်စေခြင်းငှာ မစွမ်းနိုင်ပေရာ။ ငါတို့အား အပါယ်လေးပါး တံခါးတို့သည် ဟင်းလင်းပွင့်သည်သာလျှင် ဖြစ်ကုန်၏။ ထို့ကြောင့် ငါတို့သည် နံနက်စောစောကပင်လျှင် ဆွမ်းခံသော အချိန်အခါကို လည်းကောင်း၊ ညချမ်းသောအခါ၌ မထေရ်အား ခစားသော အချိန်အခါကို လည်းကောင်း ကြဉ်ထား၍ တစ်ပါးသောကာလ၌ နှစ်ပါးသောရဟန်းတို့သည် တစ်ခုသောနေရာ၌ ဟွေ့ဆုံနေထိုင်သည် မဖြစ်ကုန်အံ့။ အကြင်ရဟန်းအား မချမ်းမသာ အနာရောဂါ အစရှိသော တစ်ခုံတစ်ခုသော အမှုကိစ္စသည် ဖြစ်ခဲ့အံ့၊ ထိုရဟန်းသည် ကျောက်စည်ကိုထိုးခတ်၍ ထိုကျောက်စည်ကိုထိုးခတ်သော အမှတ်ဖြင့် ထိုရဟန်း၏အထံသို့သွား၍ ဆေးကုခြင်းအမှုကို ပြုကြကုန်အံ့၊ ဤအခါမှစ၍ ညဉ့်အဖို့၌လည်းကောင်း၊ နေ့အဖို့၌လည်းကောင်း မမေ့မလျော့ ကုန်သည်ဖြစ်၍ ကမ္မဋ္ဌာန်းကို အားထုတ်ကုန်အံ့ဟု ကတိကဝတ်ကို ပြုကြကုန်၏။

သူဆင်းရဲ ယောကျ်ား

ထိုရဟန်းတို့သည် ဤသို့သော ကတိကဝတ်ကို ပြု၍နေကြကုန်သည်ရှိသော် တစ်ယောက်သော သူဆင်းရဲယောကျ်ားသည် သမီးကိုမှီ၍ အသက်မွေးမြူလျက် ထိုအရပ်၌ ငတ်မွတ်ခြင်း ဖြစ်သည်ရှိသော် အခြားသော သမီးတစ်ယောက်ကို မှီ၍ အသက်မွေးမြူလိုသောကြောင့် ခရီးအစဉ်အတိုင်း သွား၏။ မထေရ်တို့သည်လည်း ရွာ၌ ဆွမ်းအလို့ငှါ လှည့်လည်ပြီး၍ သီတင်းသုံးရာ အရပ်သို့

လာခဲ့ကုန်သည် ရှိသော် ခရီးလမ်းအကြားဖြစ်သော တစ်ခုသောမြစ်၌ ရေချိုးပြီးသော် သဲစုထက်၌ ထိုင်ကြ၍ ဆွမ်းစားခြင်းကိစ္စကို ပြုကြကုန်၏။ ထိုဆွမ်းစားသော ခဏ၌ ခရီးသွားယောကျ်ားသည် ထိုအရပ်သို့ ရောက်လာခဲ့၍ တင့်အပ်လျောက်ပတ်သော အရပ်၌ တည်နေ၏။

ထိုအခါ ဒါယကာကို မထေရ်တို့က အဘယ်အရပ်သို့ သွားမည်နည်းဟု မေးကုန်၏။ ထိုယောကျ်ားသည် အကြောင်းအလုံးစုံကို အကုန်ပြန်ကြားလျောက်ထား၏။ မထေရ်တို့သည် ထိုယောကျ်ား၌ သနားခြင်း ကရုဏာကို ဖြစ်စေ၍ ဒါယကာ အသင်သည် အလွန် ဆာမွတ်ဟန်ရှိပေသည် သွားတည့်ချေသစ်ရွက်ကို ဆောင်ယူခဲ့လော့။ အသင်အား ငါတို့သည် တစ်ပါးတစ်ပါးသော ရဟန်းထံမှ တစ်ခုတစ်ခုစီသော ထမင်းခဲကို ပေးကုန်အံ့ဟု ပြောဆို၍ ထိုယောကျ်ားသည် သစ်ရွက်ကို ဆောင်ယူခဲ့သည်ရှိသော် မိမိတို့သည် သုံးဆောင်စားသောက်သောနည်းဖြင့် သာလျှင် လက်သုပ်ဟင်းလျာတို့ကို စုတင်၍ တင်ခုတစ်ခုသော ထမင်းခဲကို ပေးကုန်၏။

[ထိုရဟန်းတို့သည် ဤသို့ ပေးကမ်း ချီးမြှင့်ခြင်းသည်ကား ဆွမ်းစားသောအခါ လာရောက်သော ည့ဲသည် အာဂန္တုအား ဆွမ်းကို ပေးလိုသော ဂရဟန်းသည် အဦးဖြစ်သော ဆွမ်းကို မပေးမူ၍ မိမိသုံးဆောင်အပ်သော နည်းဖြင့်သာလျှင် အနည်းငယ်ကိုသော် လည်းကောင်း၊ များစွာကိုသော် လည်းကောင်း ပေးကမ်းအပ်ပေ၏။ ထိုကြောင့် ရဟန်းတို့သည် ပေးကမ်းချီးမြှင့်ခြင်း အခြင်းအရာကို ပြုကုန်၏။]

ထိုအခါ ဒါယကာသည် ထမင်းစားခြင်း ကိစ္စ ပြီးဆုံးသောအခါ မထေရ်တို့ကို ရှိခိုးဦးချ၍ အရှင်ဘုရားတို့ အသို့ပေနည်း အရှင်တို့ကို တစ်စုံတစ်ယောက်သော သူသည် ပင့်ဖိတ်အပ်ပါ ကုန်သလောဟု မေးလျှောက်၏။ ဒါယကာ ငါတို့ကို တစ်စုံတစ်ယောက်သော သူသည် ပင့်ဖိတ်ခြင်းမရှိ။ လူတို့သည် နေ့တိုင်းနေ့တိုင်း ဤသို့ သဘောရှိသည်သာလျှင် ဖြစ်သော အစာအာဟာရကို ပေးလှူကုန်၏ဟု ပြော၏။ ထိုယောကျ်ားသည် ကြံဆင်ခြင်သည်မှာ "ငါတို့သည် အမြဲမပြတ် အခါကာလပတ်လုံး ထကြွလှုံလ ဥဿာဟ ဝီရိယတို့ကို ကောင်းစွာ ဖြစ်စေလျက် အမှုကိစ္စကို ပြုလုပ်ဆောင်ရွက်ရပါသော်လည်း ဤသို့သဘောရှိသော အစာအာဟာရကို ရခြင်းငှါ မစွမ်းနိုင်ကုန်။ ငါ့အား တစ်ပါးသော အရပ်သို့ သွားသဖြင့် အဘယ်အကျိုးရှိတော့အံ့နည်း" ဟု ကြံ၏။ ကြံပြီး၍ကား မထေရ်ရဟန်းတို့ကို ဒါယကာက တပည့်တော်သည် ဝတ်ကြီး ဝတ်ငယ်ကို ပြုလုပ်ရွက်ဆောင်၍ အရှင်ဘုရားတို့၏ အထံတော်၌ နေခြင်းငှါ အလိုရှိပါ

သည်ဟု လျှောက်ကြား၏၊ ရဟန်းတို့ကသည်း ဥပါသကာ ကောင်းပါပြီဟု ဝန်ခံ၏။ ထိုယောကျ်ားသည် မထေရ် အရှင်မြတ်တို့နှင့် အတူတကွ အရှင်မြတ်တို့၏ သီတင်းသုံးရာ အရပ်သို့ လိုက်သွား၍ ကောင်းမွန်စွာ ဝတ်ကြီးဝတ်ငယ်တို့ကို ပြုလျက် ရဟန်းတို့ကို အလွန်နှစ်သက်စေလျက် နှစ်,လ လွန်မြောက်သဖြင့် သမီးကို ရှုမြင်လိုသည်ဖြစ်၍ ငါသည် အကယ်၍ မထေရ် အရှင်မြတ်တို့ကို ပန်ကြားခွင့်တောင်းအပ်သည် ဖြစ်ခဲ့အံ့၊ ငါ့ကို မလွတ်ပေလတ္တံ့။ မပန်ကြားဘဲ သာလျှင် သွားတော့အံ့ဟု ကြံ၍ ထိုရဟန်းတို့အား အကြောင်းကို မကြားမူ၍ သာလျှင် ထွက်သွားလေ၏။ ဤသို့ ရဟန်းတို့အား မပန်ကြားဘဲ သွားခြင်းသည်သာလျှင် ထိုသူ၏ ထင်ရှားပေါ်လွင်သော ချတ်ယွင်းမှုပေတည်း။

နတ်ပူဇော်သော ခိုးသားငါးရာ

ဤယောကျ်ားသည် ရဟန်းတို့အား မပန်မကြားမူ၍ ထွက်သွားခဲ့သည်ရှိသော် ထိုယောကျ်ား သွားသော လမ်းခရီးဖြစ်သော တစ်ခုသောတောအုပ်၌ ငါးရာကုန်သော ခိုးသူတို့အား "အကြင်သူသည် တောအုပ်သို့ ဝင်လာ၏။ ထိုသူကို သတ်ပြီးသည် ကာလ၊ ထိုသူ၏ အသား အသွေးဖြင့် အရှင်နတ်တို့အား ပူဇော်ခြင်းအမှုကို ပြုပါကုန်အံ့"ဟု နတ်အား တောင်းပန်လျှောက်ထားခြင်းကို ပြုပြီးသည်ကာလ၊ စောင့်စား ဆိုင်းငံ့၍ နေရာ ခုနစ်ရက် မြောက်သည် ဖြစ်လေ၏။ ထိုခုနစ်ရက် မြောက်သောနေ့မှာမူကား ခိုးသူ အကြီးအမှူးသည် သစ်ပင်သို့တက်၍ ကြည့်ရှုသည်ရှိသော် ခရီးအစဉ်အတိုင်း ရှေးရှုလာသော ထိုယောကျ်ားကို မြင်၍ ခိုးသူတို့အား အမှတ်ပေး၏။ ခိုးသူတို့သည် ထိုယောကျ်ားတောအုပ်၏ အလယ်သို့ ဝင်ဆောက်သော အဖြစ်ကို သိ၍ ဝန်းဝိုင်း ဖမ်းယူပြီးသော် မြဲမြံစွာ တုတ်ဖွဲ့ချည်နှောင်၍ ပွတ်ကျေ ပွတ်ခုံနှင့်တကွ မီးကိုဖြစ်စေပြီး၍ ထင်းတို့ကို စုဆောင်းပြီးသည့်ကာလ ကြီးစွာသော မီးပုံကြီးကို ပြုပြီးလျှင် တံစို့တို့ကို ရွေကုန်၏။

ထိုယောကျ်ားသည် ခိုးသူတို့ ပြုလုပ်သော အမှုအရာတို့ကို မြင်၍ အရှင်တို့ ဤအရပ်၌ ဝက်သည်လည်း မရှိ၊ သား, သမင်စသည်တို့ကိုလည်း မမြင်၊ အဘယ်ကြောင့် ဤသို့သော အမှုကို ပြုကြပါကုန်သနည်းဟု မေးသဖြင့် အသင့်ကို သတ်ဖြတ်၍ အသင်၏ အသားအသွေးဖြင့် နတ်အား ပူဇော်ခြင်းအမှုကို ပြုကုန်အံ့ဟု ပြောဆိုကြကုန်၏။ ထိုယောကျ်ားသည် သေဘေးဖြင့် ခြိမ်းခြောက်အပ်သည်ဖြစ်၍ ရဟန်းတို့၏ ကျေးဇူးဥပကာရကို အောက်မေ့ခြင်းငှာ မစွမ်းနိုင်ဘဲ မိမိ၏အသက်ကို စောင့်ရှောက်လိုမှု သက်သက်ကြောင့် အရှင်တို့အကျွန်ုပ်သည် စားကြွင်းစားပါတည်း။ စားကြွင်းထမင်းကို စား၍ ကြီးပွားရကုန်သော စားကြွင်းစားတို့ မည်သည် ယုတ်ညံ့ပါ၏၊ ရဟန်းဘော် အရှင်မြတ်တို့

သည်ကား ဟုတ်ဟုတ် ညားညားသော အမျိုးမှထွက်၍ ရဟန်းပြုအပ်သည် သော်လည်း မင်းမျိုးတို့ပေတည်း။ ဤအမည်ရှိသော အရပ်၌ သုံးကျိပ်တစ်ပါး မျှလောက်ကုန်သော ရဟန်းတို့သည် နေထိုင်ကြကုန်၏။ ထိုရဟန်းတို့ကို သတ်၍ ပူဇော်ခြင်းအမှုကို ပြုကုန်ဘိလော့၊ ဤသို့ပြုအပ်သည်ရှိသော် အသင်တို့အား နတ်မင်းသည် အလွန်နှစ်သက်ပေလိမ့်မည်ဟု ပြော၏။

ခိုးသူတို့သည် ထိုသူ၏စကားကို ကြား၍ ဤသူသည် ကောင်းသော စကား ကို ပြောကြား၏။ ဤသူယုတ်ကို ပူဇော်သဖြင့် အဘယ်အကျိုးရှိပါအံ့နည်း၊ မင်းမျိုးတို့ကို သတ်ပြီး ပူဇော်ခြင်း အမှုကို ပြုကုန်အံ့ဟု ကြံ၍ လာလှည့် ထို ရဟန်းတို့၏ နေရာကို ညွှန်ပြလော့ဟု ပြောဆို၏။ ထိုယောကျ်ားကိုပင်လျှင် ခရီးညွှန်ပြုလုပ်၍ ထိုအရပ်သို့ရောက်လျှင် ကျောင်း၏ အလယ်၌ တစ်ပါးသော ရဟန်းကိုမျှ မမြင်ရသောကြောင့် ရဟန်းတို့သည် အတီမှာနည်းဟု မေးကြ ကုန်၏။ ထိုယောကျ်ားသည် ဤအရပ်၌ နှစ်, လတို့ပတ်လုံး နေအပ်သည်၏ အဖြစ်ကြောင့် ထိုရဟန်းတို့၏ ကတိကဝတ်ကို သိသည်ဖြစ်၍သာလျှင် မိမိ၏ နေ့သန့်ရာ ညဉ့်သန့်ရာတို့၌ အသီးသီး ထိုင်နေကုန်ပါသည်။ ထိုကျောက်စည်ကို ထိုးခတ်ပါလော့၊ ထိုကျောက်စည် အသံဖြင့် စုဝေးပါကုန်လတ္တံ့ဟု ပြော၏။

ခိုးသူအကြီးအမှူးသည် ကျောက်စည်ထိုးခတ်၏။ ရဟန်းတို့သည် ကျောက် စည်သံကို ကြား၍ အခါမဟုတ်သည်၌ ကျောက်စည်ကို ထိုးခတ်အပ်၏။ တစ်စုံတစ်ယောက်သော ရဟန်းအား မချမ်းမသာ တစ်စုံတစ်ခုသော အကြောင်းအခြင်းအရာသည် ဖြစ်ပေလိမ့်မည်ဟု ကြွတော်မူလာခဲ့ကြ၍ ကျောင်း ၏ အလယ်၌ အစဉ်အတိုင်းအားဖြင့် ခင်းထားအပ်ကုန်သော သစ်သား အင်းပျဉ်နေရာတို့၌ ထိုင်နေကုန်၏။ အကြီးအမှူးဖြစ်သော သံဃထေရ်သည် ခိုးသူတို့ကို ကြည့်ရှု၍ ဥပါသကာတို့ အဘယ်သူသည် ဤကျောက်စည်ကို တီးခတ်အပ်သနည်းဟု မေးတော်မူ၏။ ခိုးသူအကြီးအမှူးက အရှင်ဘုရား တပည့်တော်တို့သည် တီးခတ်အပ်ပါသည်ဟု လျှောက်သဖြင့် အဘယ်အကြောင်း ကြောင့် တီးခတ်အပ်သနည်းဟု မေးပြန်လျှင် အကျွန်ုပ်တို့သည် တောအုပ်ကို စောင့်ရှောက် သိမ်းဆည်းသော နတ်အား တောင်းပန် လျှောက်ကြား အပ်ပါ သည်။ ထိုသို့တောင်းပန် လျှောက်ကြားအပ်သည် ဖြစ်သောကြောင့် ပူဇော် ခြင်း အမှုကို ပြုခြင်းငှါ ရဟန်းတစ်ပါးကို ယူ၍ သွားလိုပါသည်။ သို့ဖြစ်၍ ကျောက်စည်ကို တီးခတ်ပါသည်ဟု လျှောက်၏။

ရဟန်းသုံးကျိပ် ဒုက္ခ

ခိုးသူတို့ ပြောဆိုသော စကားကိုကြားလျှင် မထေရ်ကြီးက ကြွင်းသော မထေရ်ငယ်တို့ကို ငါ့ရှင်တို့ ညီငယ်တို့အား ဖြစ်ပေါ်လာသော ကိစ္စမည်သည်မှာ

အကြီးဆုံးဖြစ်သော နောင်တော်သည်သာလျှင် ရွက်ဆောင်အားထုတ် ပြုလုပ်ပြီးငြိမ်းစေရာသည်။အသက်အန္တရာယ် ငြိတွယ်ကျရောက် ပေါ်ပေါက်လာသော ဤအန္တရာယ်သည် အလုံးစုံကုန်သော သူတို့အား မဖြစ်ပါစေလင့်တော့ဟု နှလုံးသွင်းပြီး၍ ငါသည့်မိမိ၏ အသက်ကို အသင်တို့၏အတွက် ခိုးသူတို့လက်၌ စွန့်လွှတ်၍ ထိုခိုးသူတို့နှင့် အတူတကွ လိုက်ပါသွားတော့မည်။ ညီချစ်ဖြစ်ကုန်သော အသင်တို့သည် မမေ့မလျော့ မပေါ့ဆဘဲ ရည်ရွယ်သည့်အတိုင်း ရဟန်းတရားကို ကြိုးစားအားထုတ်ရစ်ကြကုန်လော့ဟု ပြောဆိုမှာထား၏။ ထိုသို့ မထေရ်ကြီးပြောဆိုမှာထားသော စကားကို ကြားလျှင် နှစ်ပါးမြောက်သော ဒုတိယ မထေရ်က နောင်တော်သခင် အရှင်ဘုရား နောင်တော်အကြီးတို့၏ ရွက်ဆောင်ဖွယ်ရာ ကိစ္စတာဝန်မည်သည်မှာ မိမိအောက်ရွယ် ဒုတိယ ညီငယ်၏ အတွက် တာဝန်ဖြစ်ပါသည်။ အရှင်ဘုရား၏ အောက် ညီငယ်ဖြစ်သော တပည့်တော်သည် ခိုးသူယောကျ်ားတို့နှင့်အတူတကွ လိုက်ပါ၍ သွားပါအံ့၊ အရှင်ဘုရားတို့သည် မမေ့မလျော့ မပေါ့မသွမ်း ကောင်းမွန်စွာ ရဟန်းတရားကို ကြိုးစားအားထုတ်ရစ်ကြပါကုန်လော-ဟု ပြောဆို လျှောက်ထား၏။

ဤသို့သော အကြောင်းဖြင့်သာလျှင် တပည့်တော်တို့သည် လိုက်သွားပါမည်ဟု ဝန်ခံ၍ အစဉ်အတိုင်း သုံးကျိပ်သော ရဟန်းတို့သည် အသီးသီးပြောဆိုကြကုန်၏။

ဤသို့ သုံးကျိပ်သော ရဟန်းတို့သည် သူတစ်ပါးအတွက် မိမိအသက်ကို စွန့်လွှတ်ရန် ပြောဆိုကြခြင်းမှာ တစ်ယောက်တည်းသော အမိက ဖွားမြင်အပ်သော ညီသားအစ်ကိုတို့လည်း မဟုတ်ကြ၊ တစ်ယောက်တည်းသော အဖ၏သားတို့လည်း မဟုတ်ကြ၊ ရာဂကင်းကုန်သော ရဟန္တာလည်း မဟုတ်ကုန်သေး။ စင်စစ်မှာမူကား ငါသည်လိုက်သွား၍ အသက်ကိုအသေခံသည်ရှိသော် ကြွင်းကျန်ရစ်ခဲ့ကုန်သော ရဟန်းတို့သည် ဖြောင့်တန်းကောင်းမွန်စွာ ချမ်းသာသောအားဖြင့် ရဟန်းတရားကို အားထုတ်ရစ်ကြပေလိမ့်မည်ဟု သူတပါး၏ အကျိုးငှာသာလျှင် အစဉ်အတိုင်း မိမိ၏အသက်ကို ငဲ့ကွက်ခြင်းမရှိဘဲ စွန့်လွှတ်ကြကုန်သတည်း။ ထိုသုံးကျိပ်သောရဟန်းတို့ထွင် တစ်ဦးသော ရဟန်းမျှ အသင်သည် လိုက်သွားလေလော့ဟု ဆိုခြင်းငှာ စွမ်းနိုင်သောမည်သည် မဖြစ်လေ။ သံကိစ္စသာမဏေသည် ထိုရဟန်းတို့၏ စကားကိုကြား၍ အရှင်ဘုရား အရှင်မြတ်တို့သည် ဤအရပ်ဒေသ၌ နေတော်မူကြပါကုန်။ တပည့်တော်တို့သည် အရှင်ဘုရားတို့ တရားကိုအားထုတ်ရန်အတွက် မိမိအသက်ကို စွန့်လွှတ်လျက် ခိုးသားအပေါင်းတို့နှင့် လိုက်သွားပါအံ့ဟု လျှောက်၏။ ထိုအခါ ရဟန်းတို့က ငါ့ရှင်သာမဏေ အလုံးစုံသော ငါတို့တစ်စုသည် ယခုမနေ အသတ်ခံရကုန်သော်လည်း

အသင် သာမဏေကို တစ်ယောက်ထီးတည်း ငါ့တို့မလွတ်ပါကုန်လတ္တံ့ဟု ပြောဆိုကုန်၏။

သံကိစ္စသာမဏေက အရှင်ဘုရားတို့ အရှင်မြတ်တို့သည် အဘယ်သို့သော အကြောင်းကြောင့် တပည့်တော်ကို မလွတ်ပါကုန်သနည်းဟု မေးလျှောက်၏။ ငါ့ရှင် သာမဏေ၊ အသင်သည် တနားစစ်သူကြီး အစစ်ဖြစ်ပေသော အရှင် သာရိပုတ္တရာမထေရ်မြတ်၏ ရင်းချာလှစွာသော တပည့်သာမဏေပေတည်း၊ ငါတို့သည် အသင့်ကို အကယ်၍ လွတ်လိုက်ကုန်သည်ဖြစ်အံ့၊ ငါ၏သာမဏေကို ခေါ်၍ ခိုးသူတို့အား ဆောက်နှင်းအပ်နှံ ထည့်ပေးလိုက်ကုန်ဘိသည်ဟု မထေရ်သည် ငါတို့အား ကဲ့ရဲ့ပြစ်တင်တော်မူပေလတ္တံ့။ ထိုသို့ မထေရ် ကဲ့ရဲ့ပြစ်တင်သည်ကို ငါတို့ ဖြေရှင်းခြင်းငှာမစွမ်းနိုင်ပါကုန်လတ္တံ့၊ထို့ကြောင့် အသင် သာမဏေကို ငါတို့မလွတ်နိုင်ပါကုန်ဟု ပြောကြကုန်၏။ သံကိစ္စ သာမဏေက အရှင်ဘုရားတို့ မြတ်စွာဘုရားရှင်သည် အရှင်မြတ်တို့ကို တပည့်တော်၏ ဥပဇ္ဈာယ်ဘုရားဖြစ်တော်မူသော အရှင်သာရိပုတ္တရာမထေရ်၏ အထံသို့ စေလွှတ်တော်မူခြင်းသည်လည်း တပည့်တော်အား ဥပဇ္ဈာယ်ဆရာသည် အရှင်ဘုရားတို့နှင့်အတူကက္ခ စေလွှတ်ထည့်ပေးစေလိုတော်မူသည်။ကျိယခု ဖြစ်လတ္တံ့ သော အကြောင်းကို သိမြင်တော်မူနှင့်သော်ကြောင့် တည့်ပေးစေလိုတော်မူသည်။ သို့ဖြစ်၍ အရှင်ဘုရားတို့သည် ဤအရပ်၌ နေရစ်တော် မူကြပါကုန်လော့၊ တပည့်တော်သည်သာလျှင် ခိုးသူတို့နှင့် အတူတကွ လိုက်သွားပါတော့မည်ဟု ပြောဆို၍ မထေရ်တို့သည် တောင်းပန် တားမြစ်ပါသော်လည်း မရ၊ ထိုသံကိစ္စ သာမဏေသည် သုံးကျိပ်သော ရဟန်းမထေရ်တို့ကို ရိုခိုးဦးချပြီးလျှင် အရှင် ဘုရားတို့ တပည့်တော်အား အပြစ်ကြီး အပြစ်ငယ်သည့် အကယ်၍ ရှိသည်ဖြစ်ပါအံ့၊ အရှင်မြတ်တို့သည် သည်းခံတော်မူကြပါကုန်လော့ဟု ကန်တော့ဝန်ချတောင်းပန်၍ ခိုးသားတို့နှင့်အတူတကွ ထွက်၏။

ထိုအခါ ရဟန်းသုံးဆယ်တို့အား ကြီးစွာသံဝေဂဖြစ်၍ ဖြစ်ပွားလာသဖြင့် မျက်ရည်ဖြင့် ပြည့်ကုန်သော မျက်စိရှိကုန်သည်ဖြစ်၍ နှလုံးသားသည် ပြင်းစွာတုန်လှုပ်၏။ အကြီးအမှူးဖြစ်သော မဟာထေရ်က ခိုးသူတို့ကိုခေါ်၍—

ဒါယကာတို့၊ ခုနစ်နှစ်ရှယ် ဤသူငယ်ကလေးသည် အသင်တို့သည် မီးကို ပြုပြင်သည်တို့ကိုလည်းကောင်း။ တံစို့ ရွေသည်တို့ကိုလည်းကောင်း၊ သစ်ရွက်ခင်းသည်တို့ကိုလည်းကောင်း မြင်ရသည်ရှိခဲသော် တုန်လှုပ်ခြင်း ဖြစ်ပါလတ္တံ့၊ သို့ဖြစ်၍ ခုနစ်နှစ်ရှယ် လူမမယ်ဖြစ်သော ဤသူငယ်ကလေးကို မမြင်ဖုံးကွယ်ရာ အရပ်၌ထားပြီးမှ ရွက်ဆောင်ဖွယ်ဟူသမျှ ထိုအလုံးစုံသော ကိစ္စတို့ကိုပြုလုပ်ကြကုန်လော့ဟု ပြောဆိုမှာထားလိုက်၏။

သာမဏေကို သန်လျက်ဖြင့်ခုတ်ခြင်း

ခိုးသူတို့သည် သာမဏေကိုခေါ်၏သွားပြီး သင့်တင့်သောအရပ်၌ ထားပြီးလျင် အလုံးစုံသောကိစ္စတို့ကို ပြုလုပ်ကြကုန်၏။ ကိစ္စပြီးဆုံးသောအခါ ခိုးသူအကြီးအမှူးသည် သန်လျက်ကို အိမ်မှ ချတ်နုတ်ပြီး၍ သာမဏေအထံသို့ ချဉ်းကပ်လာ၏။သာမဏေသည်လည်း သီတင်းသုံးထိုင်နေသည်ရှိသော် စျာန်ကို ဝင်စားသည်ဖြစ်၍သာလျင် ထိုင်နေတော်မူ၏။ ခိုးသူအကြီးအမှူး ဖြစ်သော သူသည် သန်လျက်ကို ပြန်လုန်ရွယ်မိုး၍ သာမဏေ၏ ပခုံး၌ခုတ်ပိုင်းသည်ဖြစ်၍ ကျစေ၏။ သန်လျက်သည် ညွှတ်ခွေကောက်လိမ်ပြီးလျင် အသွားကိုအသွားချင်း ထိခိုက်လေ၏။ ထိုခိုးသူကြီးသည် ကောင်းစွာ မခုတ်ပိုင်းအပ်သည် ဖြစ်သော ကြောင့်သာ ဤသို့ဖြစ်ရလေသည်ဟု အောက်မေ့ မုတ်ထင်သဖြင့် အဖန်ဖန် အထပ်ထပ် သန်လျက်သွားကို ဖြောင့်မတ်၍ ခုတ်ဖြတ်၏။ သန်လျက်သည် ထန်းရွက်ကဲ့သို့ ရစ်ပတ်ခွေလိပ်လျက် ဓားရိုးရင်းသို့သာ ခေါက်လိပ်၍သွား၏။

[ထိုစကားမှန်၏။ သာမဏေကို စျာန်ဝင်စားသော အခိုက်အတန့်ကာလ၌ မြင်းမိုရ်တောင်ကြီးဖြင့် လွှမ်းမိုးဖိညှပ်အပ်သော်လည်း သတ်ခြင်းငှါ စွမ်းနိုင်သောမည်သည် မရှိ။ ဤသန်လျက်ငယ်ဖြင့် ခုတ်ပိုင်းသတ်ဖြတ်ရာ၌ အဘယ်မှာဆိုဖွယ်ရာရှိပါအံ့နည်း။]

အံ့ဖွယ်သရဲ မဖြစ်ဖူးမြဲသော ထိုသို့သော တန်ခိုးကော်ကို မြင်၍ ခိုးသူအကြီးအမှူးသည်ကြံဆင်ခြင်၏၊ "ရှေးအခါ၌ ငါ၏သန်လျက်သည် ကျောက်တိုင်ကိုသော်လည်းကောင်း၊ ရှားနှစ် သစ်ငုတ်ကိုသော်လည်းကောင်း သစ်ညှောက်သစ်ညွှန့်ကဲ့သို့ အပိုင်းပိုင်းပြတ်စေ၏၊ ဤယခုအခါ၌ တစ်ခါတည်း ထန်းရွက်ကို ရစ်ပတ်ခွေလိပ်ဘိသကဲ့သို့ ဖြစ်လေဘိသည်၊ဤသန်လျက်မည်သည် စိတ်စေတနာမရှိသော်လည်း ဤမောင်ရှင်သူငယ်၏ ဂုဏ်ကျေးဇူးအထူးကို သိဘိသေး၏၊ ငါသည် စိတ်စေတနာရှိသည် ဖြစ်ပါလျက် မသိချေတကား" ဟု စဉ်းစားကြံစည်အောက်မေ့၏။ ကြံစည်ပြီးသောအခါ ထိုခိုးသူကြီးသည် သန်လျက်ကိုမြေကြီး၌ ပစ်ချစွန့်ပစ်၍ သာမဏေ၏ခြေရင်း၌ ရင်ဖြင့်ဝပ်စင်းပြီးသော် "အရှင်ဘုရား တပည့်တော်တို့သည် ဥစ္စာဟူသော အကြောင်းကြောင့် တောအုပ်သို့ဝင်ရောက်နေကြပါသည်၊ တပည့်တော်တို့ကို အဝေးမှသာလျင် မြင်ကုန်သည်ရှိသော် ကစ်ထောင်မျှလောက်သော လူတို့သည်လည်း တုန်လှုပ်ကုန်၏။ နှစ်ခွန်းသုံးခွန်းသော စကားတို့ကို ပြောဆိုခြင်းငှာ မစွမ်းနိုင်ကြပါကုန်၊ အသင် မောင်ရှင်သာမဏေမှာမူကား ပူပန်ခြင်းမျှလည်း မရှိ၊ မောင်ရှင်သာမဏေ၏ မျက်နှာသည် မှိုက်ဖိုဝ၌ ဦးသစ်စသောရွှေကဲ့သို့လည်းကောင်း၊ကောင်းစွာပွင့်သစ်သော မဟာလှေကားပွင့်ကဲ့သို့ လည်းကောင်း၊ ကြည်လင်သန့်ရှင်း ထွန်းလင်းစံပုယ်

တင့်တယ်ခြင်း ရှိပါပေသည်၊ အဘယ်သို့သော အကြောင်းကြောင့် ပါနည်းဟု မေးမြန်းလျှောက်လိုသောကြောင့် ဤဂါထာကို ရွတ်ဆို၏—

တဿ တေ နတ္တိ ဘီတတ္တံ၊ ဘိယျော ဝဏ္ဏော ပသီဒတိ၊
ကသ္မာ နပရိဒေဝေသိ၊ ဧဝရူပေ မဟဗ္ဘယေ။

မောင်ရှင် သာမဏေဝယ် ဤသို့သဘောရှိသော ဘေးကြီးတွေ့သောအခါ၌ အသင် မောင်ရှင် သာမဏေအား ထိတ်လန့်ခြင်းမရှိ ရွံ့ကြောက်ခြင်းမရှိ။ ရှေးအခါကထက် ကဲလွန်ပိုမိုပြီး အဆင်းသဏ္ဌာန်ကြည်လင်လှပလေဘိသည်။အဘယ်သို့သော အကြောင်းကြောင့် ငိုကြွေး မြည်တမ်းခြင်း မရှိပါလေသနည်းဟု မေးလျှောက်၏။

မကြောက်တရား

သာမဏေသည် စျာန်မှထတော်မူ၍ ထိုခိုးသားကြီးအား တရားဟောတော်မူလိုသောကြောင့် "ဒါယကာ ရွာသူကြီး ရဟန္တာပုဂ္ဂိုလ်၏ ခန္ဓာကိုယ် အတ္တဘောမည်သည် ဦးခေါင်းထက်၌ သယ်ပိုးရွက်ဆောင်၍ထားအပ်သော လေးစွာသော ဝန်ကဲ့သို့ ဖြစ်ပေ၏။ ထိုခန္ဓာကိုယ်သည် ကွဲသော်လည်းကောင်း ပျက်စီးသော်လည်းကောင်း နှစ်သက်သည်သာလျင်တည်း၊ ရွံ့ကြောက်တုန်လှုပ် ထိတ်လန့်ခြင်း မဖြစ်"ဟု မိန့်တော်မူပြီး၍ ဤဂါထာတို့ကို ရွတ်ဆို၏—

နတ္ထိ စေတသိကံ ဒုက္ခံ၊ အနပေက္ခဿ ဂါမဏိ။
အတိက္ကန္တာ ဘယာ သဗ္ဗေ၊ ခီဏသံယောဇနဿ ဝေ။

ခီဏာယ ဘဝနေတ္တိယာ၊ ဒိဋ္ဌေ ဓမ္မေ ယထာတထေ။
နဘယံ မရဏေ ဟောတိ၊ ဘာရနိက္ခေပနေ ယထာ။

ဒါယကာခိုးသား ရွာသူကြီး၊ ငဲ့ကွက်တွယ်တာခြင်းမရှိသောရဟန္တာပုဂ္ဂိုလ်အား စိတ်ဆင်းရဲခြင်း ဒုက္ခမည်သည် မရှိ၊ ကြွင်းမဲ့ဥဿုံ ကုန်ပြီးသော သံယောဇဉ်ရှိသော ရဟန္တာပုဂ္ဂိုလ်သည် အလုံးစုံသော ကြောက်ရွံ့ခြင်းဘေးကို လွန်မြောက်ပြီးဖြစ်ပေ၏၊ ဘဝတည်းဟူသော ကြိုး၏ ကုန်ဆုံး ပြတ်တောက်သဖြင့် မျက်မှောက်ထင်ထင် ဟုတ်မှန်တိုင်း သိမြင်ပြီးသော ရဟန္တာပုဂ္ဂိုလ်သည် ဦးခေါင်းထက်၌ ဝန်ကို ရွက်ဆောင်သယ်ပိုးလာရသောသူသည် ဝန်ကိုပစ်ချဘိသကဲ့သို့ ကြောက်ခြင်းဘေးမှကင်းသော သေလွန်ခြင်းသည် ဖြစ်ပေသည်"ဟု မိန့်ဆိုတော်မူ၏။

ခိုးသားငါးရာ ရဟန်းပြုကြခြင်း

ထိုသာမဏေ၏ တရားစကားတို့ကို ကြားနာရသည် ရှိသော် ငါးရာကုန်သော ခိုးသူတို့ကို ကြည့်ရှု၍ အသင်တို့သည် အဘယ်သို့ ပြုကြကုန်လတ္တံ့နည်းဟု ဆို၏။ အရှင် အသင်တို့သည် အဘယ်အကြံ ရှိပါသနည်းဟု ခိုးသားတို့က မေးသဖြင့် အို အချင်းတို့၊ ငါ့အား ရှေးဦးစွာ ဤသို့ သဘောရှိသော တန်ခိုး ဣဒ္ဓိပါဒ်ကို မြင်ရသည်ဖြစ်၍ အိမ်ရာ ဖွဲ့နှောင်သော လူ့ဘောင်၌ နေဖွယ်ကိစ္စ မရှိတော့ပြီ။ အရှင်မြတ်၏ အထံတော်၌သာ ရဟန်းပြုတော့အံ့ဟု ပြော၏။ ခိုးသူတို့က အရှင် အကျန်ပ်တို့သည်လည်း အတူတကွပင် ရဟန်းပြုကြကုန်တော့အံ့ဟု ပြန်ပြောသဖြင့် အမောင်တို့ ကောင်းလှပေပြီဟု ပြောဆိုဝန်ခံ၏။ ထိုနောက် ငါးရာကုန်သော ခိုးသားတို့သည် မောင်ရှင်သာမဏေကို ရှိခိုး ဦးချပြီးသည့် အခါ ရဟန်းအဖြစ်ကို တောင်းပန်ကြကုန်၏။ သံကိစ္စသာမဏေသည် ထိုခိုးသားတို့အား မိမိတို့စွဲကိုင်သော သန်လျက်သွားတို့ဖြင့်သာလျှင် ဆံတို့ကိုလည်းကောင်း၊ အဝတ်စွန်းမြိတ်အဆာတို့ကိုလည်းကောင်း ရိတ်ဖြတ်ပြီးလျှင် နီသောမြေညက်ဖြင့် တပ်ဆိုး၍ ထိုအဝတ်သက်နှံးတို့ကို ဖုံးလွှမ်းဝတ်ရုံစေပြီးသော် ဆယ်ပါးကုန်သောသီလတို့၌ ဆောက်တည်စေ၍ ထိုခိုးသူရဟန်းတို့ကို ခေါ်ဆောင်ပြီးသည်ကာလ လာခဲ့ရာ လမ်းခရီးအကြား၌ စဉ်းစားဆင်ခြင်သည်မှာ "အကယ်၍ငါသည် တောကျောင်း၌ ကြွင်းကျန်ရစ်ခဲ့သော ထိုမထေရ်တို့ကို မတွေ့မြင် မသိရှိဘဲလျက် သွားခဲ့တုံအံ့။ မထေရ်အရှင်တို့သည် ရဟန်းတရားကို အားထုတ်ပြုလုပ်ခြင်းငှါ မစွမ်းနိုင်ကုန်လတ္တံ့။ ခိုးသူတို့သည် ငါ့ကို ယူဆောင်ထွက်လာခဲ့သော အခါမှ စ၍ ထိုမထေရ်ရဟန်းတို့တွင် တစ်ပါးသော အရှင်မျှလည်း မျက်ရည်ကို တည်တံ့ သိမ်းဆည်းခြင်းငှါ မစွမ်းနိုင်လေ။ ငါတို့သာမဏေငယ်သည် ခိုးသားတို့ သတ်အပ်သည် ဖြစ်၍ သေပင် သေရလေပြီလော၊ သို့တည်းမဟုတ် မသေဘဲပင် တည်ရှိနေချေသေးမည်လောဟု တွေးတောကြံစည်လျက် ကမ္မဋ္ဌာန်းကို ရှေးရှုခြင်းငှါ မရပေလတ္တံ့။ ထို့ကြောင့် ငါသည် ထိုရဟန်းတို့နှင့် တွေ့ဆုံပြီးမှ သွားတော့အံ့" ဟု ကြံ၏။ ကြံဆင်ခြင်ပြီး၍ ထို သံကိစ္စသာမဏေသည် ရဟန်းငါးရာ ခြံရံလျက် သုံးကျိပ်ကုန်သော မထေရ်အရှင် သီတင်းသုံးတော်မူရာဖြစ်သော တောကျောင်းသို့ သွားရောက်ပြီးသည့် အခါ မိမိကိုယ်ကို ပြသဖြင့် သက်သာရာကို ရစေ၏။

မထေရ်တို့က "သူတော်ကောင်းအစစ် ဖြစ်ပေသော ငါ့ရှင် သံကိစ္စသာမဏေအသင့်အား အဘယ်သို့သော အကြောင်းဖြင့် အသက်ကို ရပေသနည်း" ဟု မေးကုန်သည်ရှိသော် အရှင်ဘုရားတို့ ဤခိုးသားတို့သည် တပည့်တော်အား သတ်လိုကုန်သည်ဖြစ်၍ လုံ့လပြုကုန်သော်လည်း သတ်ခြင်းငှါ မစွမ်းနိုင်သောကြောင့် တပည့်တော်၏ ဂုဏ်ကျေးဇူး၌ အထူးကြည်ညိုသည် ဖြစ်၍

တပည့်တော်၏ တရားကို ကြားနာရသည်ဖြစ်၍ ရဟန်းပြုကြကုန်၏။ အရှင်ဘုရားတို့ တပည့်တော်သည် အရှင်တို့အား တွေ့မြင်လိုသောအားဖြင့် လာရောက်ပါသည်။ တပည့်တော်၏ အလိုဆန္ဒ ကိစ္စ ပြီးဆုံးပေပြီ။ တပည့်တော်သည် သွားပါတော့အုံ၊ အရှင်မြတ်တို့သည် မမေ့မလျော့ ရဟန်းတရားကို အားထုတ်တော်မူကြပါကုန်လော့။ တပည့်တော်သည် ဘုရားရှင် အထံသို့ သွားပါတော့မည်ဟု ပြောဆို လျှောက်ထားပြီးမှ ထိုမထေရ်အပေါင်းတို့ကို ရှိခိုးပြီးသော် မိမိ၏ တပည့်ဖြစ်ကုန်သော ငါးရာကုန်သော ခိုးသား ရဟန်းတို့ကို ခေါ်ယူလျက် လာခဲ့ရာ ဥပဇ္ဈာယ်ဆရာ ဖြစ်တော်မူသော အရှင်သာရိပုတ္တရာ မထေရ်အထံသို့ ရှေးဦးစွာ ဝင်ရောက် ချဉ်းကပ် ရှိခိုးဦးချ၏။

ခိုးသားငါးရာ ပဋိသမ္ဘိဒါပတ္တ ရဟန္တာ ဖြစ်ကြခြင်း

အရှင်သာရိပုတ္တရာမထေရ်က "ငါ့ရှင် သံကိစ္စ အသင့်အား အတွင်းနေ တပည့်တို့ကို ရအပ်ပေသလော" ဟု မေးတော်မူသည်ရှိသော် "ဩော်ဟုတ်ပါ၏ အရှင်ဘုရား"ဟု ဝန်ခံ၍ အလုံးစုံ ဖြစ်သမျှသော အကြောင်းကို ကြားလျှောက်၏။ မထေရ်က "ငါ့ရှင်သံကိစ္စ သွားချေ မြတ်စွာဘုရားရှင်ကို ရှိခိုးဖူးမြင်လေလော့" ဟု ခိုင်းစေတော်မူသည် ရှိသော် "ကောင်းပါပြီ အရှင်ဘုရား" ဟု ဝန်ခံလျှောက်ထားလျက် မထေရ်ကို ရှိခိုး၍ ထိုရဟန်းတို့ကို ခေါ်ယူပြီးလျှင် မြတ်စွာဘုရား အထံတော်သို့ သွား၏။ ဘုရားရှင်ကလည်း "ချစ်သား သံကိစ္စ အသင့်အား အတွင်းနေ တပည့်တို့ကို ရအပ်ကုန်သလော"ဟု မေးတော်မူသည်ရှိသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဟုတ်မှန်လှပါသည်"ဟု ဝန်ခံ၍ အလုံးစုံသော အကြောင်းအရာတို့ကို လျှောက်ထား၏။ မြတ်စွာဘုရားရှင်သည် "ချစ်သား ရဟန်းတို့ အသင်တို့သည် ဤသို့ ပြုလုပ်ခဲ့သော ဟူသည် ဟုတ်မှန်သလော"ဟု မေးတော်မူ၍ "အရှင်ဘုရား ဟုတ်မှန်ပါသည်" ဟု ကြားလျှောက်သည် ရှိသော် "ချစ်သား ရဟန်းတို့ အသင်တို့အား ခိုးသူအမှုကို ပြု၍ သီလ ကင်းရှင်းသော ဒုဿီလ၏ အဖြစ်၌ တည်ပြီးလျှင် အနှစ်တစ်ရာပတ်လုံး အသက်ရှည်ရသောထက် ဤယခုအခါ သီလ၌ တည်၍ တစ်နေ့ တစ်ရက်မျှသော်လည်း အသက်ရှည်ရခြင်းသည် မြတ်၏ ဟု မိန့်တော်မူပြီးမှ အနုသန္ဓေကို စပ်၍ တရားတော်ကို ဟောတော်မူလိုသော ကြောင့် ဤဂါထာကို မိန့်တော်မူ၏—

ယော စ ဝဿသတံ ဇီဝေ၊ ဒုဿီလော အသမာဟိတော။
ကောဟံ ဇီဝိတံ သေယျော၊ သီလဝန္တဿ စျာယိနော။

သီလမရှိဘဲ သမာဓိ တည်ကြည်မှု မရှိဘဲ အနှစ်တစ်ရာ အသက်ရှည် နေရခြင်းထက် သီလရှိ၍ စျာန်သမာဓိဖြင့် နေသော ပုဂ္ဂိုလ်အား တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

ထိုကါထာ၌-ဒုဿီလော=ဟူသည် သီလမရှိသော ပုဂ္ဂိုလ်တည်း။

သီလဝန္တဿ=စသည်ကား သီလမရှိသော ပုဂ္ဂိုလ်၏ အနှစ်တစ်ရာ အသက်ရှည်ရခြင်းထက် သီလရှိသော ပုဂ္ဂိုလ်၏ စျာန်ဝင်စားလျက် တစ်ရက်ကာ တစ်ခဏမျှ အသက်ရှည်ရခြင်းသည် မြတ်သေး၏။

ထိုဒေသနာကါထာ၏အဆုံး၌ ငါးရာကုန်သော ရဟန်းတို့သည် ပဋိသမ္ဘိဒါ တို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လေကုန်၏။ စည်းဝေးရောက်လာကုန် သော များစွာသော လူအပေါင်းတို့အား လည်း အကျိုးရှိသော ဓမ္မဒေသနာ သည် ဖြစ်၏။

၀
အဓိမုတ္တသာမဏေ

ဤဒေသနာကါထာ၌ပင်လျှင် အဓိမုတ္တသာမဏေ၏ အကြောင်း၀တ္ထုကိုလည်း ဟောကြားတော်မူသောကြောင့် ထို အဓိမုတ္တသာမဏေ၏ အကြောင်းကို ဆက်၍ ဆိုလိုက်ဦးအံ့။

နောက် အခါတစ်ပါး၌ သံကိစ္စသာမဏေသည် ပဉ္စင်းဖြစ်၍ ဆယ်၀ါပြည့် ဖြောက် မထေရ်အဖြစ်သို့ ရောက်သည်ရှိသော် အလုပ်အကျွေး သာမဏေကို မွေး၏။ ထိုသာမဏေသည်ကား သံကိစ္စမထေရ်၏သာလျှင် နှမ၏သား တူဖြစ်သော အဓိမုတ္တ အမည်ရှိသော သာမဏေပေတည်း။

ထို့နောက် သံကိစ္စ မထေရ်သည် သာမဏေ အသက်ပြည့်သောအခါ ခေါ်တော်မူ၍ အမောင်ရှင်သာမဏေ၏ အသင့်အား ပဉ္စင်းခံပေးကုန်အံ့။ သွားခဲ့ အဆွေအမျိုးတို့၏အထံ၌ နှစ်အပိုင်းအခြားကို သေချာစွာ မေးမြန်း စိစစ်၍ လာခဲ့လော့ဟု မှာ၍ လွှတ်လိုက်၏။ အဓိမုတ္တသာမဏေသည် မိခင် ဖခင်တို့ ထံသို့ သွားသည်ရှိသော် လမ်းခရီးအကြား၌ ခိုးသူငါးရာ တို့သည် နတ်ပူဇော်ခြင်းငှါ ဖမ်းဆောင်အပ်သော် ထိုခိုးသားတို့အား တရားကို ဟောကြား၏။ ခိုးသားတို့သည် ကြည်ညိုစိတ်ရှိကုန်၍ မောင်ရှင်သာမဏေ အသင့်အား ငါတို့သည် လွှတ်လိုက်ပါကုန်အံ့။ အသင်သည် ဤအရပ်ဒေသ ဤဌာန၌ ငါတို့ရှိသည်ကို တစ်စုံတစ်ယောက်သော သူအား မပြောကြားအပ်ပေ ဟု ပြောဆိုသဖြင့် ဝန်ခံသည်ရှိသော် လွှတ်လိုက်၏။

အဓိမုတ္တသာမဏေ၏ မိဘမျှား

အဓိမုတ္တသာမဏေသည် ခိုးသူတို့က လွှတ်လိုက်သည်ဖြစ်၍ လာခဲ့သည် ရှိသော် ခရီးရင်ဆိုင်အားဖြင့် ခိုးဆူတို့ နေရာဖြစ်သော ထိုလမ်းခရီးသို့သာလျှင်

အစဉ်အတိုင်း လာကြကုန်သော အာမိအဖတို့ကို မြင်လျက်လည်း ခိုးသူတို့ မှာထားအပ်သော သစ္စာစကားကို စောင့်ရှောက်သော အားဖြင့် မပြောမကြားလေ။ ခရီးစဉ်အတိုင်း လာကြကုန်သည်ရှိသော် ခိုးသူတို့သည် သာမဏေ၏ မိခင် ဖခင်တို့ကို ဖမ်းယူပြီးလျှင် နှိပ်စက်ညှဉ်းပန်းသည့်အခါ ချစ်သားအငိုမုတ္တာ အသင်ချစ်သားသည်လည်း ခိုးသူတို့နှင့် အတူတကွ တပေါင်းတည်း ဖြစ်ချေ ယောင်တကား ငါတို့အား ဤအရပ်ဒေသ၌ ခို သူတို့ ရှိသည်ကဲ့ဖြစ်ကို မပြောမကြားလေဟု ပြောဆိုဝိုင်းကြား မြည်တမ်းကြကုန်သော သာမဏေ၏ မိခင် ဖခင်တို့၏ အသံကို ခိုးသူတို့ကြားသို၍ ထို မောင်ရှင်သာမဏေသည် မိမိ၏ မိခင်ဖခင်တို့အားသော်လည်း မပြောမကြားဘဲ ဟည်နိုင်ပါပေသည်ဟု အတိုင်း ထက်အသွန် ကြည်ညိုသောစိတ် ရှိကုန်သည်ဖြစ်၍ ထိုအဓိမုတ္တာသာမဏော၏ အထံ၌ ရဟန်းအဖြစ်ကို တောင်းပန်ကြကုန်၏၊ ထိုအဓိမုတ္တာသာမဏေသည်လည်း သံကိစ္စသာမဏောကဲ့သို့ ထိုအလုံးစုံကုန်သော ခိုးသူတို့ကို ရဟန်းပြုစေ၍ ဥပဇ္ဈာယ် ဆရာဖြစ်သော သံကိစ္စမထေရ်၏အထံသို့ ခေါ်ဆောင်ခဲ့ပြီး၍ သံကိစ္စမထေရ်က မြတ်စွာဘုရားအထံသို့ စေလွှတ်အပ်သည်ဖြစ်၍ သွားရောက်ပြီးလျှင် ထိုအကြောင်းအလုံးစုံကို အကုန်ကြားလျှောက်ကုန်၏။

ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်ကြခြင်း

မြတ်စွာဘုရားမျှင်သည် ချစ်သား ရဟန်းတို့ ဤသို့ပြုလုပ်သော ဟူဉ သည် ဟုတ်မှန်ပေသလောဟု မေးတော်မူ၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဟုတ်မှန်ပါသည်ဟု လျှောက်သည်ရှိသော် ရှေးနည်းဖြင့်သာလျှင် အနုသန္ဓေကို စပ်၍ တရားတော်ကို ဟောကြားတော် မူလိုသောကြောင့် ပေါ စ ဝဿ-သတံ ။ပ။ စျာယိနော။ ဤဂါထာကိုပင် မိန့်တော်မူ၏—

ထိုဒေသနာ၏အဆုံး၌ ငါးရာကုန်သော ရဟန်းတို့သည် ပဋိသမ္ဘိဒါ ၄လေးပါး တို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လေကုန်၏။

[ဤဝတ္ထု၌ သံကိစ္စသာမဏော၏ မိခင်သေလွန်၍ သုသာန်၌ မီးတိုက် သောအခါ သူငယ်ကို ရသောအရာ၌ ဝိသုဒ္ဓိမဂ်အဋ္ဌကထာနှင့် ၎င်း အဋ္ဌကထာသည် အဆိုမညီကြ။ ပ်သုဒ္ဓိမဂ်အဋ္ဌကထာ၌မူကား မိခင်၏ အလောင်းကို မီးတိုက်သောအခါ ဟံစုံ့ဖြင့်ထိုး၍ မျက်စိ အထောင့် အစွန်းကို ထိုးမိသဖြင့် သူငယ်၏အသံကိုကြား၍ မီးပုံ ထင်းစည်းဆက်မှု ချခဲ့ယူငင်ရသည်ဟု ဆို၏။]

သံကိစ္စသာမဏေဝတ္ထုပြီး၏။

၁၀။ ခါဏုကောဏ္ဍညမထေရ်ဝတ္ထု

ယော စ ဝဿသတံ– အစရှိသော ဤတရား ဒေသနာတော်မြတ်ကို မြတ်စွာဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ခါဏုကောဏ္ဍညမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့သည်။

ထိုကောဏ္ဍည မထေရ်သည် မြတ်စွာဘုရားထံ၌ ကမ္မဋ္ဌာန်းကို သင်ယူ၍ ထုက်ခဲ့ဘိသွားပြီးလျှင် တောကျောင်း၌ သီတင်းသုံးတော်မူလျက် အရဟတ္တဖိုလ် သို့ ရောက်ပြီးသည်ရှိသော် မြတ်စွာဘုရားအား ကြားလျှောက်အံ့ဟု မိမိ ကိန်းအောင်းသော တောကျောင်းမှ လာခဲ့ရာ လမ်းခရီးအကြား၌ ပင်ပန်းသော ကြောင့် လမ်းမှ ဖဲ၍ တောထဲသို့ဝင်ပြီး ကျောက်ဖျာတစ်ခု အပြင်၌ ထိုင်လျက် ဈာန်ဝင်စားတော်မူ၏။

ခိုးသားငါးရာ

ထိုအခါ ခိုးသူငါးရာတို့သည် ရွာတစ်ရွာကို ဖျက်ဆီးလုယက်၍ မိမိ၏ခွန်အား ရှိသလောက် ပစ္စည်းဥစ္စာဘဏ္ဍာတို့ကို ထုပ်ပိုးချည်နှောင်ဦးခေါင်းဖြင့် ရွက်ဆောင်၍ သွားကြကုန်သည်ရှိသော် ခရီးဝေးသို့ရောက်၍ ပင်ပန်းရကား "ငါတို့သည် အရပ်ဝေးမှ လာကြကုန်ဘိသည်။ ဤကျောက်ဖျာ၌ တစ်ဏာမျှအပန်းဖြေ နားနေကုန်အံ့" ဟု ပြောဆိုတိုင်ပင်၍ လမ်းခရီးမှ ဖဲပြီး တောထဲသို့ သွား၍ ကျောက်ဖျာပြင်သို့ ရောက်ကြသဖြင့် မထေရ်ကို မြင်သော်လည်း ဤသည်ကား သစ်ငုတ်ဟု မှတ်ထင်ကြကုန်၏။ ထိုနောက် ခိုးသားတစ်ယောက်သည် မထေရ်၏ဦးခေါင်း၌ ဘဏ္ဍာထုပ်ကို တင်ထား၏။ ခိုးသူတစ်ယောက်သည်လည်း မထေရ်ကို မှီပြီး ဘဏ္ဍာထုပ်ကို ထား၏။ ဤနည်းဖြင့် ခိုးသူငါးရာတို့သည် ဘဏ္ဍာထုပ် ငါးရာတို့ဖြင့် ဝန်းရံစုပုံထားပြီး မိမိတို့သည်လည်း ထိုင်နေလျက် အိပ်ပျော်ကုန်၏။ နေအာခွင်တက်သော် အိပ်ရာမှနိုးကြ၍ မိမိတို့၏ ဘဏ္ဍာထုပ် တို့ကို ယူကြကုန်သည်ရှိသော် မထေရ်ကို မြင်၍ ဘီလူးဟူသော အမှတ်သညာဖြင့် ပြေးခြင်းငှါ၊ အားထုတ်ကုန်၏။

ထိုအခါ ခိုးသားတို့ကို မထေရ်က "ဒါယကာတို့ မကြောက်မလှုံ့ကြကုန်လင့်။ ငါသည် မြတ်စွာဘုရား သာသနာတော်ထမ်း ရဟန်းဖြစ်သည်" ဟု မိန့်တော်မူ၏။ ထိုခိုးသူဘို့သည် မထေရ်၏ခြေရင်း၌ ဝပ်စင်းဦးချ၍ "အရှင်ဘုရား တပည့်တော်တို့သည် သစ်ငုတ်ဟူသော အမှတ်ရှိသည်ဖြစ်၍ ဤသို့ ပြုမိပါကုန်သည်။ သည်းခံတော်မူပါလော့" ဟု မထေရ်ကို သည်းခံစေပြီး၍ ခိုးသူ အကြီးအမှူးက ငါသည် အရှင်မြတ်၏အထံ၌ ရဟန်းပြုတော့အံ့ဟု ဆိုသည်ရှိသော် ကြင်းကုန်

သော သူတို့က ငါတို့သည်လည်း ရဟန်းပြုကုန်တော့အံ့ဟု ဆိုကြလေလျှင် အလုံးစုံသော ခိုးသူတို့သည် တူသောအလိုဆန္ဒ ရှိကုန်သည်ဖြစ်၍ မထေရ်ကို ရဟန်းပြုပေးပါမည့် အကြောင်းနှင့် တောင်းပန် လျှောက်ကြားကြကုန်၏။ မထေရ်လည်း သံကိစ္စသာမဏေကဲ့သို့ အလုံးစုံသော ထိုခိုးသူတို့ကို ရဟန်းပြုစေတော်မူ၏။ ထိုအခါမှစ၍ မထေရ်အား "ခါဏုကောဏ္ဍည"ဟူသော အမည်သည် ထင်ရှားလေ၏။

ခိုးသားငါးရာ ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်ကြခြင်း

ခါဏုကောဏ္ဍညမထေရ်သည် ထိုငါးရာသော ရဟန်းတို့နှင့်အတူတက္ခ မြတ်စွာဘုရား အထံတော်သို့ သွားရောက်၍ "ချစ်သား ကောဏ္ဍည အသို့ပေနည်း အသင့်အား အတွင်းနေ တပည့်တို့ကို ရအပ်ကုန်သလော"ဟု မြတ်စွာဘုရား မေးတော်မူသည်ရှိသော် ထိုဖြစ်ခြင်းအကြောင်း အလုံးစုံကို အကုန်ပြန်ကြားလျှောက်ထား၏။ မြတ်စွာဘုရားက "ချစ်သားရဟန်းတို့ ဤသို့ပြုလုပ်သော ဟူသည် ဟုတ်မှန်ပေသလော"ဟု မေးတော်မူသည့်ကာလ ဘုန်တော်ကြီးတော်မူသော မြတ်စွာဘုရား ဩော်ဟုတ်မှန်ပါ၏။ တစ်ပါးသောသူအား ဤသို့သဘောရှိသော တန်ခိုးအာနုဘော်ကို တပည့်တော်တို့ မတွေ့ မမြင်ဖူးပါ။ ထိုကြောင့် ရဟန်းပြုကြပါကုန်သည်ဟု ရှိခိုးနားတော်ကြားလျှောက်သည်ရှိသော် ချစ်သားရဟန်းတို့ ဤသို့ သဘောရှိသော ပညာအလျှင်း ကင်းရှင်း ချိုင့်သော အမှု၌ တည်၍ အနှစ်တစ်ရာပတ်လုံး အသက်ရှည်ရသောထက် ဤယခုအခါ ပညာနှင့် ပြည့်စုံသဖြင့် ရောက်အပ်ကုန်သော စိတ်ရှိကုန်သော အသင်တို့အား တစ်နေ့ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြင့်မြတ်၏ဟု မိန့်တော်မူပြီးသော် အနုသန္ဓေကို စပ်၍ တရားတော်ကို ဟောကြားတော် မူလိုသောကြောင့် ဤဂါထာကို မိန့်တော်မူ၏—

ယော စ ဝဿသတံ ဇီဝေ၊ ဒုပ္ပညော အသမာဟိတော။
ကောဟံ ဇီဝိတံ သေယျော၊ ပညဝန္တဿ စျာယိနော။

အသိဉာဏ် ကင်းမဲ့၍ တည်ကြည်မှုမရှိသောသူ၏ အနှစ်တစ်ရာ အသက်ရှည်ရခြင်းထက် အသိဉာဏ်နှင့် ပြည့်စုံသော စျာန်သမာဓိရှိသူ၏ တစ်နေ့တာမျှ အသက်ရှည်ရခြင်းသည် မွန်မြတ်၏။

ထိုဂါထာ၌–ဒုပ္ပညော=ဟူသည် ပညာမရှိ၊ ပညာမဲ့သူတည်း။
ပညာဝန္တဿ=ဟူသည် ပညာရှိသူတည်း။

ထိုဂါထာ၏ အဆုံး၌ ငါးရာကုန်သော ရဟန်းတို့သည် ပဋိသမ္ဘိဒါတို့နှင့် တက္ခ အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။ ကြွင်းကုန်သော များစွာသော သူတို့သည်လည်း အကျွတ်တရားကို ရကြကုန်၏။

၁၁။ သပ္ပဒါသမထေရ်ဝတ္ထု

ယော စ ဝဿသတံ ဇီဝေ-အစရှိသော ဤတရားဒေသနာတော်မြတ်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သပ္ပဒါသမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့သည်။

သာဝတ္ထိပြည်၌ နေသော အမျိုးသားတစ်ယောက်သည် မြတ်စွာဘုရားဟောကြားသော ဒေသနာကို ကောင်းစွာကြားနာရသည်ဖြစ်၍ ရဟန်းပြုပြီးလျှင် ခဲယဉ်းစွာ ရအပ်သော ပဉ္စင်းအဖြစ် ရှိသည်ဖြစ်၍ နေစဉ် တစ်နေ့သော အခါ မထေရ်သည် ရဟန်း၏ အဖြစ်၌ မမွေ့လျော်ခြင်း ဖြစ်လေ၏။ ထိုအခါ မထေရ်သည် ငါကဲ့သို့သဘောရှိသော အမျိုးကောင်းသားအား ဘုရားသားတော် ရဟန်းဖြစ်ပြီးလျက် ယုတ်လျော့ပျက်စီး၍ လူအဖြစ်သို့ တစ်ဖန်ပြန်ရောက်ခဲ့သော် မသင့်ချေ။ ရဟန်း၏အဖြစ်၌ တည်နေလျက် အသက်သေဆုံးရခြင်းသည် မြတ်သေးသည်ဟု ကြံ၍ မိမိ၏ သေလွန်ဖို့ရာ အကြောင်းကိုသာ ရှာကြံဆည်းပူးလျက် လှည့်လည်၏။

ထိုအခါ တစ်နေ့သ၌ နံနက်စောစောကလျှင် ဆွမ်းစားပြီးကုန်သော ရဟန်းတို့သည် ကျောင်းသို့ သွားရောက်၍ မီးဘင်းကုပ်၌ မြွေကို တွေ့မြင်ကြသည်ရှိသော် ထိုမြွေကို တစ်ခုသော အိုး၌ ထည့်သွင်းပြီးလျှင် အိုးကိုလုံစွာပိတ်၍ ယူဆောင်ကာ ကျောင်းမှ ထွက်သွားကြကုန်၏။

မြွေကိုက်ခံခြင်း

သာသနာတော်၌ ငြီးငွေ့သော ထိုရဟန်းသည်လည်း ဆွမ်းစားပြီး၍ ရွာမှ ထွက်လာခဲ့သည်ရှိသော် မြွေလွှတ်ရန် သွားကြကုန်သော ရဟန်းတို့ကို တွေ့မြင်၍ ငါ့ရှင်တို့ ဤဝတ္ထုသည်ကား အဘယ်ဝတ္ထုနည်းဟု မေးသဖြင့် ငါ့ရှင် မြွေသတ္တဝါတည်းဟု ပြောဆိုလျှင် ဤမြွေဖြင့် အဘယ်သို့ ပြုကုန်လတ္တံ့နည်းဟု မေးမြန်းသည့်အခါ ငါ့ရှင် ထိုမြွေကို လွှတ်အံ့ဟု ယူလာခဲ့ကြပေသည်ဟု ပြော၏။ မထေရ်သည် ထိုရဟန်းတို့ ပြောဆိုသောစကားကို ကြား၍ ဤမြွေဖြင့် ငါ့ကို ကိုက်ခဲစေပြီး သေလွန်တော့အံ့ဟု ကြံ၍ ငါ့ရှင်တို့ ဆောင်ယူခဲ့ကြကုန်လော့၊ ငါ့ကို ပေးလိုက်ကြကုန်လော့၊ ဆောင်ယူသွားပြီးသည့်အခါ ငါ စွန့်လွှတ်ပေအံ့ဟု ပြောဆိုပြီးလျှင် ရဟန်းတို့လက်မှ မြွေထည့်သော အိုးကို ယူခဲ့၍ တစ်ခုသောအရပ်၌ ထိုင်နေပြီးသော် ထိုမြွေဖြင့် မိမိကိုယ်ကို ကိုက်ခဲစေ၏၊ မြွေသည် ကိုက်ခဲခြင်းငှါ အလိုမရှိ။ မထေရ်သည် အိုးထဲသို့ လက်ကိုထည့်၍ ထိုမှ ဤမှ မြွေကို မွေနှောက်၏။ ကြမ်းတမ်းသော မြွေ၏ ခံတွင်းကို ဖွင့်၍ မြွေ၏ ခံတွင်းသို့ လက်ကို သွင်း၏။ ထိုသို့ ပြုလုပ်ပါသော်လည်း မြွေသည် မထေရ်ကို

မကိုက်လေ။ ထိုအခါ မထေရ်သည် ဤမြေကား လျင်မြန် ထက်မြက်သော အဆိပ်ရှိသော ကြမ်းခက်သော မြွေမဟုတ်ဟု နှလုံးသွင်း၍ ထိုမြွေကို ပယ်စွန့် ပြီးလျှင် ကျောင်းသို့ သွားလေ၏။

ကျောင်းသို့ ရောက်သောအခါ ထိုမထေရ်ကို ရဟန်းတို့က ငါ့ရှင် အသင် အား မြွေကို စွန့်လွှတ်ခဲ့ပြီလော်ဟု မေးကြသဖြင့် ငါ့ရှင်တို့ အသင်တို့ ယူဆောင်ခဲ့သော ထိုမြွေသည် ထက်မြက်လျင်မြန် ပြင်းထန် ကြမ်းကြုတ်သော အဆိပ်ရှိသော မြွေမဟုတ်ဟု ပြော၏။ ငါ့ရှင် အသို့ဆိုသနည်း။ ဤမြွေသည် ကြမ်းကြုတ် ခက်ထန် လျင်မြန်သော အဆိပ်ရှိသော မြွေသာတည်း။ ကြီးစွာ သော ပါးပျဉ်းကို ပြု၍ ရှူးရှူးဟူသော အသံကို မြည်လျက်နေသောကြောင့် ငါတို့သည် ဆင်းရဲငြိုငြင် ပင်ပန်းစွာ ဖမ်းယူရကုန်၏။ အသင် အဘယ်ကြောင့် ဤသို့ ဆိုသနည်းဟု မေးကြလျှင် ငါ့ရှင်တို့ ငါသည် လက်ချောင်းကို ထိုမြွေအား ကိုက်စေသော်လည်း မကိုက်။ ခံတွင်းကိုဖွင့်၍ လက်ကို ထည့်ပါသော်လည်း ထိုမြွေကို ကိုက်စေခြင်းငှါ မတတ်နိုင်။ ထို့ကြောင့် ငါဆိုပေသည်ဟု ပြော၏။ ထိုသို့ ပြောဆိုသော စကားကို ကြား၍ ရဟန်းတို့သည် ဆိတ်ဆိတ် နေကြကုန်၏။

ထို့နောက် တစ်နေ့သ၌ ရဟန်းတို့သည် ရေချိုးသည် ရှိသော် နှစ်ခု သုံးခု ကုန်သော သင်တုန်းခားတို့ကိုယူ၍ ကျောင်းသို့သွားပြီးလျှင်သင်တုန်းခားတစ် လက်ကို မြေ၌ ချထား၍ သင်တုန်းခားတစ်လက်ဖြင့် ရဟန်းတစ်ပါးသည် ရဟန်း တို့၏ဆံကို ရိတ်ချ၍နေ၏။ သာသနာတော်၌ ငြိုးငွေ့သော ထိုမထေရ်သည် မြေ၌ ချထားအပ်သော သင်တုန်းခားကိုယူ၍ ဤသင်ဓုန်းခားဖြင့် လည်ကို လှီးဖြတ်၍ မိမိကိုယ်ကို မိမိ သတ်တော့အံ့ဟု နှလုံးသွင်းပြီးလျှင် သစ်ပင်ရင်းတစ်ခု၌ လည်ပင်းကို ကပ်မှီလျက် သင်တုန်းခားကို လည်မျှို၌ တင်ထားပြီးသော် ရဟန်း ဖြစ်သောအခါမှစ၍ မိမိသီလကို ဆင်ခြင်လိုက်သောအခါ အညစ်အကြေး ကင်းသော လပြည့်ဝန်းကဲ့သို့လည်းကောင်း၊ ကောင်းစွာ ပွတ်တိုက်အပ်ပြီးသော ပတ္တမြားလုံးကဲ့သို့ လည်းကောင်း အညစ်အကြေးကင်းသော သီလကို မြင်လေ၏။ သီလကိုဆင်ခြင်သော ထိုမထေရ်၏ တစ်ကိုယ်လုံးကို ပုံ့နှံ့သောနှစ်သက်ခြင်း ပီတိသည် ဖြစ်၏။ မထေရ်သည် ပီတိကို ခွါပြီးလျှင် ဝိပဿနာကို ပွားများသည် ရှိသော် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်၍ သင်တုန်းခားကို ယူပြီးလျှင် ကျောင်းအလယ်သို့ ပြန်ဝင်လာ၏။

ထိုအခါ မထေရ်ကို ရဟန်းတို့က ငါ့ရှင် အသင်သည် အဘယ်အရပ်သို့ သွား သနည်းဟု မေးကြကုန်၏။ ငါ့ရှင်တို့ ငါသည် ဤသင်တုန်းဖြင့် မိမိ၏ လည်ကို ဖြတ်၍ သေတော့အံ့ဟု သွားသော်သည်ဟု ပြောသဖြင့် ငါ့ရှင် ထိုသို့ သေရအံ့သော

ငှာ သွားသဖြင့် အဘယ်ကြောင့် မသေသနည်းဟု မေးကြပြန်လျှင် ငါ့ရှင်တို့ ဤယခုအခါ၌ ငါသည် လက်နက်ကို ဆောင်ယူခြင်းငှါ မထိုက်ပေပြီ။ ထိုစကား မှန်၏။ ငါသည် ဤသင်တုန်းဓားဖြင့် လည်ကိုဖြတ်အံ့ ဟူ၍ ကြံစည်ပြီး၍သွား၏။ ဤယခုမှာမူကား ဉာဏ်တည်း ဟူသော သင်တုန်းဖြင့် အလုံးစုံသော ကိုလေသာ တို့ကို ဖြတ်အပ်ပေပြီ ဟု ပြော၏၊ ရဟန်းတို့သည် ဤမထေရ်သည်ကား မဟုတ် မမှန်သောအားဖြင့် စျာန်မင်ဖိုလ် တရားကို ဖြေကြား ပြောဆိုဘိသည်ဟု မြတ်စွာဘုရားရှင်အား လျှောက်ကြားကုန်၏။

မြတ်စွာဘုရားသည် ထိုရဟန်းတို့ စကားကို ကြားသိတော်မူ၍ ချစ်သား ရဟန်းတို့ အာသဝေါကုန်ပြီးသော ရဟန္တာတို့ မည်သည်ကား မိမိလက်ဖြင့် မိမိကိုယ်ကို သတ်ခြင်းကို မပြုကုန်ဟု မိန့်တော်မူ၏။ ထိုအခါ ရဟန်းတို့က "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အရှင်ဘုရားတို့က ဤမထေရ်ကို အာသဝေါတရား ကုန်ပြီးသော ရဟန္တာ ဟူ၍ မိန့်ဆိုတော်မူကြကုန်၏။ ဤသို့ ရဟန္တာဖြစ်ခဲ့သည်ရှိသော် အရဟတ္တဖိုလ်သို့ ရောက်စေတတ်သော အကြောင်း ဥပနိဿယ ပြည့်စုံခြင်း ရှိပါလျက် အဘယ်သို့သော အတွက်ကြောင့် လူထွက် လိုသည် ဖြစ်၍ သာသနာတော်၌ မမွေ့မလျော်ခြင်း ဖြစ်ရလေသနည်း။ ထိုမထေရ်၏ အရဟတ္တဖိုလ်သို့ ရောက်ခြင်း အကြောင်းကား အဘယ်ပါနည်း၊ ထိုမြွေသည် အဘယ်ကြောင့် မထေရ်ကို မကိုက်ပါသနည်း" ဟု မေးလျှောက်၏။

ကျွန်ဖြစ်ခဲ့ဖူးသော မြွေ

ချစ်သား ရဟန်းတို့ ထိုမြွေသည် ဤမထေရ်၏ သုံးခုမြောက်သော ကိုယ်၏ အဖြစ်၌ ကျွန်အမူလုပ်သည် ဖြစ်ပေ၏။ ထိုကြောင့် မြွေသည် မိမိအရှင်ဖြစ်သော မထေရ်၏ ကိုယ်ကို ကိုက်ခြင်းငှာ မစွမ်းနိုင်။ ဤသို့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် မေးလျှောက်အပ်သောအကြောင်း တစ်ပါးကို ဖြေကြား တော်မူ၏။ ထိုအခါမှ စ၍ ထိုရဟန်းသည် သပ္ပဒါသ မထေရ်မည်လေ၏။

ထိုနောက် ကြွင်းကျန်သော အကြောင်းနှစ်ပါးကို ဟောကြားတော်မူပြန်၏။ ချစ်သား ရဟန်းတို့၊ ကဿပ မြတ်စွာဘုရားရှင် လက်ထက်တော်အခါက အမျိုးကောင်းသား တစ်ယောက်သည် မြတ်စွာဘုရား ဟောကြားအပ်သော တရားစကားကို နာရ၍ ထိတ်လန့်တုန်လှုပ်သော သံဝေဂတရား ရှိရကား သာသနာတော်၌ ရဟန်းပြု၍ ပဉ္စင်းအဖြစ်ကို ရ၏။ ထိုရဟန်းသည် နောက် အဖို့၌ မမွေ့လျော်ခြင်း ဖြစ်သည်ရှိသော် အဖော်ဖြစ်သော ရဟန်းတစ်ပါးအား အကြောင်းကို ကြား၏။ ထိုရဟန်းသည် သာသနာတော်၌ မပျော်မွေ့သော ထိုအဖော်ရဟန်းအား အစဉ်မပြတ်သာလျှင် လူ၏အဖြစ်၌ အပြစ်ကိုပြ၍ ဆုံးမ

ပြောဆို၏။ သာသနာတော်၌ မပျော်မွေ့သော ရဟန်းသည် ထိုစကားကို ကြား၍ သာသနာတော်၌ မွေ့လျော်ပြီးလျှင် ရှေး မမွေ့လျော်စဉ်အခါက မဆေးကြောအပ်သည်ဖြစ်၍ အညစ်အကြေးတို့ဖြင့် လိမ်းကျုံနေသော ရဟန်း ပရိက္ခရာတို့ကို တစ်ခုသော ထုံးအိုင်၏ကမ်းနံဘေး၌ ဆေးကြောခြင်းကိုပြုလုပ်ထိုင်နေ၏။ တရားစကား ဟောကြားသော ရဟန်းသည်လည်း ပရိက္ခရာတို့ကို ဆေးကြော၍နေသော ရဟန်း၏အနီးအပါး၌သာလျှင် ထိုင်နေ၏။

ပရိက္ခရာလိုချင်မှု

ထိုအခါ အဖော်ဖြစ်သော တရားစကား ဟောကြားဖူးသော ရဟန်းကို ပရိက္ခရာဆေးကြောသုတ်သင်သော ရဟန်းက "ငါ့ရှင် ငါသည် သာသနာတော်၌ မမွေ့လျော်၍ ရှေးအခါက လူထွက်ဖြစ်ခဲ့သည်ရှိသော် ဤပရိက္ခရာတို့ကို အသင်အား ပေးလှူခဲ့မည်ဟု နှလုံးသွင်းမိပေသည်" ဟု ပြော၏။ ထိုရဟန်းက ပစ္စည်းကိုလိုချင်၍ ကြံဆင်ခြင်သည်မှာ "ဤရဟန်းသည် သာသနာတော်၌ ရဟန်းဖြစ်သဖြင့် လည်းကောင်း၊ လူထွက်သဖြင့် လည်းကောင်း ငါ့အား အဘယ်အကျိုးရှိအံ့နည်း၊ ဤ ယခုအခါ၌ ပရိက္ခရာတို့ကိုရအောင် ဖျက်ဆီးအံ့" ဟု ကြံ၏။ ကြံစည်ပြီးသော ကာလမှစ၍ ထိုရဟန်းသည် "ငါ့ရှင် ငါတို့အား သာသနာတော်၌ အသက်ရှည်ရခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ငါတို့သည် အိုးခြမ်းခွက်ကို လက်၌စွဲကိုင်ကာ သူတစ်ပါး အမျိုးအိမ်တို့၌ ဆွမ်းအလှူခံ၍ လှည့်လည်တောင်းခံလျက် စားသောက်ကြရကုန်၏။ သား မယားတို့နှင့် အတူတကွ အလွှာပ သလွှာပမျှကိုလည်း မပြုကြရကုန်"။ ဤသို့ အစရှိသည်တို့ကို ပြောဆိုလျက် လူဘဝ၏ ဂုဏ်ကျေးဇူးစကားကို ပြော၏။

အဖော်ဖြစ်သော ရဟန်းသည် ထိုရဟန်းစကားကို ကြား၍ တစ်ဖန် မပျော်မွေ့ခြင်း ဖြစ်လာသဖြင့် ဤရဟန်းသည် ငါ့အား ရှေးဦးစွာ သာသနာတော်၌ မပျော်မွေ့ပါဟု ပြောသည်ရှိသော် လူ၏ အဖြစ်၌ အပြစ်ကိုပြ၍ ဆုံးမသွန်သင်၏။ ဤယခုအခါ၌ အမြဲမပြတ် လူဘဝ၏ ဂုဏ်ကျေးဇူးစကားကို ပြောကြား၏။ အကြောင်း အသို့ပေနည်းဟု၊ ကြံအောက်မေ့သည်ရှိသော် ငါသုံးဆောင်သော ဤရဟန်းပရိက္ခရာတို့၌ လိုချင်သော လောဘကြောင့် ဖျောင်းဖျပြောဆိုခြင်း ဖြစ်လေသည်ဟု သိ၍ မိမိအလိုလိုသာလျှင် မိမိ၏စိတ်ကို ဆုံးမလျက် ဆုတ်နစ်စေ၏။

ချစ်သား ရဟန်းတို့ ဤရဟန်းအား ကဿပမြတ်စွာဘုရား လက်ထက်၌ ရဟန်းတစ်ပါးအား သာသနာတော်မှ ဆန့်ကျင်စေသည့် အဖြစ်ကြောင့် ဤ ယခုအခါ၌ မိမိသည် သာသနာတော်၌ မမွေ့လျော်ခြင်း ဖြစ်ရလေသည်။ ချစ်သား ရဟန်းတို့ ထိုရဟန်းသည်ပင်လျှင် ကဿပမြတ်စွာဘုရားလက်ထက်၌ ဘုန်စ် နှစ်သောင်းတို့ ကဿပတ်လုံး ရဟန်းတရားကို အားထုတ်ဆည်းပူးခဲ့

ဖူး၏။ ထိုကောင်းမှုကြောင့် ဤယခုအခါ၌ အရဟာတ္တဖိုလ်၏ ဥပနိဿယ အကြောင်း ပြည့်ဝခြင်း ဖြစ်ရလေသည် ဟု မိန့်တော်မူ၏။

အရဟာတ္တဖိုလ် ရခြင်းအကြောင်း

ရဟန်းတို့သည် ဤသို့သော အကြောင်းကို မြတ်စွာဘုရားအထံမှ ကြားနာရပြီး၍ ထိုထက်အလွန် "ဘုန်းတော် ကြီးဘဲမူသော မြတ်စွာဘုရား ဤရဟန်းသည် သင်တုန်းသွားကို လည်ချောင်းထက်၌ တင်ထားကာမျှ ကာလဖြင့် သာလျှင် အရဟာတ္တဖိုလ်သို့ ရောက်ပေသတတ်၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ခဏမတ္တ ဤမျှလောက်သော ကာလဖြင့် အရဟာတ္တမဂ်ကို ရခြင်းဖြစ်နိုင်ပါမည်လော" ဟု မေးလျှောက်ကြကုန်၏။

ချစ်သား ရဟန်းတို့ သြော်- ဟုတ်ပေ၏။ အားထုတ်အပ်သော ဝီရိယရှိသော ရဟန်းအား ခြေကိုပင့်ကြွ၍ မြေကြီး၌နင်းချသည်ရှိသော် ကြွအပ်သော ခြေတို့သည် မြေကြီးသို့ မရောက်မီပင်လျှင် အရဟာတ္တမဂ်သည် ဖြစ်နိုင်၏။ ချစ်သား ရဟန်းတို့ ပျင်းရိပေါ့လျော့သော ပုဂ္ဂိုလ်၏ အနှစ်တစ်ရာပတ်လုံး အသက်ရှည် တည်နေရသောထက် အားထုတ်အပ်သော ဝီရိယာရှိသော ပုဂ္ဂိုလ်၏ တစ်ခဏမျှ အသက်ရှည်ရခြင်းသည် မြင့်မြတ်သည်သာလျှင်တည်းဟု မိန့်တော်မူပြီးသော် စကားစပ်ကိုပြု၍ တရားတော်ကို ဟောကြားတော်မူလိုသောကြောင့် ဤဂါထာကို မိန့်တော်မူ၏။

ယော စ ဝဿသတံ ဇီဝေ၊ ကုသီတော ဟီနဝီရိယော။
ဧကာဟံ ဇီဝိတံ သေယ္ယော၊ ဝီရိယမာရဘတော ဒဠှံ။

ပျင်းရိ၍ ဝီရိယ မရှိသောပုဂ္ဂိုလ်၏ အသက်တစ်ရာ ရှင်ရခြင်းထက် အမြဲ ဝီရိယရှိသော ပုဂ္ဂိုလ်၏ တစ်နေ့တစ်ရက် အသက်ရှင်ရခြင်းသည် မြတ်၏။

ထိုဂါထာ၌-ကုသီတော=ဟူသော ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသဝိတက်ဟူသော ဝိတက် သုံးပါးတို့သည် နှိပ်စက်အပ်သည်ဖြစ်၍ ပျင်းရိသော ပုဂ္ဂိုလ်ဟု ဆိုလိုသည်။

ဟီနဝီရိယော=ဟူသည် ဝီရိယ မရှိသူတည်း။

ဝီရိယမာရဘတော ဒဠှံ=ဟူသည် ပထမစျာန်, ဒုတိယစျာန်ဟူသော စျာန်နှစ်ပါးကိုရအောင် မြဲမြံသော ဝီရိယဖြင့် အားထုတ်သောပုဂ္ဂိုလ်ဟု ဆိုလိုသည်။

ဒေသနာတော်အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

သပ္ပဒါသ မထေရ်ဝတ္ထုပြီး၏။

၁၂။ ပဋ္ဌာစာရာထေရီမဝတ္ထု

ယော စ ဓဿသတံ ဇီဝေ အစရှိသော ဤတရားဒေသနာတော်မြတ်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ပဋ္ဌာစာရာ ထေရီကို အကြောင်းပြု၍ ဟောကြားတော်မူ ခဲ့သည်။

ထိုပဋ္ဌာစာရီ ဘိက္ခုနီမသည် သာဝတ္ထိပြည်၌ ကုဋ္ဌေလေးဆယ် ဥစ္စာကြွယ် သဖြင့် ကြီးကျယ်သော စည်းစိမ်ချမ်းသာရှိသော သူဌေးကြီး၏သမီး ဖြစ်ပေ သတတ်၊ အလွန်အဆင်းလှ၏၊ ထိုပဋ္ဌာစာရီ သတ့ိသမီးငယ်၏ တစ်ဆယ့် ခြောက်နှစ် အရွယ်ရောက်သောအခါ ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်အထက်၌ အစောင့်အရှောက်ထားလျက် နေစေကုန်၏။ ယင်းသို့ ခက်ခဲသော အစောင့် အရှောက်တို့ဖြင့် နေစေပါသော်လည်း ပဋ္ဌာစာရီ သတ့ိသမီးသည် မိမိ၏ အလုပ် အကျွေးဖြစ်သော သတ့ိသားငယ်တစ်ယောက်နှင့် အတူတကွ ဖောက်ပြန် လွန်ကျူး ပြုကျင့်၏။

မိဘတို့စိတ်ထား

ထိုနောက် ပဋ္ဌာစာရီ၏ အမိအဖဖြစ်ကြကုန်သော သူဌေးခင်ပွန်းလင်မယား တို့သည် မိမိတို့နှင့် အမျိုးဇာတ်အားဖြင့်တူမျသော အမျိုး၌ တစ်ယောက်သော သတ့ိသားအား ထိမ်းမြားဆောက်နှင်းရန် နေ့ရက်ကို ချိန်းချက်ပြောဆို၍ ထားကြကုန်၏။ ထိုချိန်းထားသော နေ့ရက်သို့ နီးကပ်လာသည်ရှိသော် ပဋ္ဌာစာရီ သတ့ိသမီးသည် ထိုအလုပ်အကျွေး ယောကျ်ားငယ်အား အမောင် ချစ်လင် ကျွန်တော်မကို အမိအဖနှစ်ပါးတို့က ဤအမည်ရှိသော အမျိုးအားထိမ်းမြား ဆောက်နှင်းပေးအပ်လိုက်ကုန်လတ္တံ့။ ကျွန်တော်မသည် လင့်အိမ်သို့ လိုက်ပါ သွားရသောအခါ၌ ကျွန်တော်မအားပေးပို့ရန် လက်ဆောင်ပဏ္ဍာ ယူပြီး လာရောက်သော်လည်း ကျွန်တော်မ၏ထံသို့ ထွက်ဝင်လာခွင့် ရတော့မည် မဟုတ်၊ ကျွန်တော်မ၌ မေတ္တာသက်ဝင်ချစ်ခင်စုံမက်ခြင်းအကယ်၍ ရှိခဲ့သည် ဖြစ်ပါအံ့၊ ဤယခုအခါက ပင်လျှင် ကျွန်တော်မကို မရရအောင် ကြံဆောင် ခိုးယူပြီးသည့် အခါ တစ်ရင်တစ်ကျေး အဝေးဒေသသို့ ထွက်ပြေးပါလော့ဟု ပြော၏။

သတ့ိသားသည် သူဌေးသမီး ပြောဆိုသော ထိုစကားကို ကြား၍ ချစ်နှမ ကောင်းလှပေပြီဟု ဝန်ခံပြီးလျှင် ထိုသို့ဖြစ်ပါမူ အကျွန်ုပ်သည် နက်ဖြန်နံနက် စောစောကပင်လျှင် သာဝတ္ထိမြို့ တံခါး၏ အနီးအပါး ဤအမည်ရှိသော

နေရာဌာန၌ စောင့်ဆိုင်းပြီး နေနှင့်ပါအံ့၊ အသင်သည် တစ်စုံတစ်ခုသော အကြောင်းဖြင့် ကြံဆောင်ပြီးလျှင် နေအိမ်မှ ထွက်ခွာ၍ ထိုအရပ်သို့လိုက်၍သာ လာခဲ့ပါလော့ဟု ပြောဆိုမှာထား၏။ယင်းသို့ မှာထားပြီး၍ နှစ်ခုမြောက်သော နေ့၌ ချိန်းချက်သော နေရာ၌ သွားရောက် စောင့်ဆိုင်းနေ၏၊ သူဌေးသမီး သည်လည်း နံနက် စောစောကပင် ညစ်နွမ်းသော အဝတ်ကိုဝတ်ရုံ၍ ဆံပင် တို့ကို ဖရိုဖရဲ ကြဲစေပြီး၍ ဆန်ကွဲ ဖွဲ့ စသည်ဖြင့် ကိုယ်ကို လိမ်းကျံပြီး အိုးကို ယူ၍ ကျွန်မတို့နှင့် အတူတကွ သွားဘိသကဲ့သို့ နေအိမ်မှ ထွက်ခဲ့ပြီးသော် ထိုအရပ်သို့ သွားလေ၏။

အလုပ်အကျွေး ထိုယောကျ်ားသည် သူဌေးသမီးကို ယူဆောင်၍ ဝေးစွာ သော အရပ်သို့ သွားရောက်ပြီးလျှင် တစ်ခုသောရွာ၌ နေထိုင်ခြင်းကိုပြု၍ တော၌ လယ်ထွန်ခြင်းအမှုကို ပြုလုပ် ရွက်ဆောင်ပြီး ထင်း သစ်ရွက် တို့ကို ဆောင်ယူ၍ အသက်မွေးမြူရ၏။

ပဋ္ဌာစာရီ လင်သား ဒုက္ခ

သူဌေးသမီးသည် အိုးဖြင့် ရေကို ရွက်၍ မိမိလက်ဖြင့် စပါးထောင်းခြင်း, ထမင်း, ဟင်း ချက်ခြင်း စသည်တို့ကို ပြုလုပ်လျက် ပင်ပန်း ရွမ်းနယ် ဆင်းရဲ သည်ဖြစ်၍ မိမိ ယုတ်မာမှု၏အကျိုးကို ခံစားရလေ၏။ ထို့နောက် သူဌေး သမီး၏ ဝမ်း၌ ပဋိသန္ဓေ တည်နေလေ၏။ ပဋိသန္ဓေ ကိုယ်ဝန်ရင့်သည်ရှိသော် ထိုသူဌေးသမီးသည် မိမိအရှင် ခင်ပွန်းလင်ကို အမောင်ချစ်လင် ဤဌာန၌ ကျေးဇူးဥပကာရ မ, စကြည့်ရှု ပြုစုမည့်သူ တစ်စုံတစ်ယောက်မျှမရှိ။ မိခင် ဖခင်တို့ မည်သည်ကား ရင်သွေးဖြစ်သော သမီး,သားတို့၌ နူးညံ့သော စိတ်နှလုံး ရှိပါကုန်၏။ ထိုမိခင် ဖခင်တို့၏ အရပ်ဒေသသို့ ကျွန်တော်မကို လိုက်ပို့တော် မူလိုက်ပါလော့။ ထိုမိခင် ဖခင်တို့နေရာဖြစ်သော အရပ်ဒေသ၌ ကျွန်တော်မ သည် မီးဖွားပါအံ့ဟု တောင်းပန်ပြောဆို၏။ ထိုယောကျ်ားသည် ထိုစကား ကြား၍ အို-ချစ်နှမ အသင်သည် အဘယ်စကားကို ပြောကြားလေဘိသနည်း။ မိခင် ဖခင်တို့သည် အကျွန်ုပ်ကို မြင်ကြကုန်သည် ရှိသော် အထူးထူး အပြား ပြား ချုပ်နှောင် ရိုက်ပုတ်ခြင်းတို့ကို ပြုလုပ်ပေကုန်ရာ၏။ ထို့ကြောင့် အသင့် မိခင် ဖခင်တို့၏ စံရာဖြစ်သော ထိုအရပ်သို့ ပြန်၍ တစ်ဖန်သွားရောက် လိုက်ပို့ အံ့သောငှာ မဝံ့စွမ်းနိုင်ပါဟု ပယ်ရှားတားမြစ်ကန့်ကွက်၏။

ပထမ သားဦး ဖွားခြင်း

သူဌေးသမီးသည် အဖန်ဖန် အထပ်ထပ် မပြတ်တောင်းပန် ပြောဆို ပါသော်လည်း အခွင့်ကို မရသောကြောင့် ထိုယောကျ်ား၏ တောသို့

ထွက်သွားသောကာလ၌ အိမ်နီးချင်းတို့ကို ခေါ်၍ ကျွန်မ၏ ခင်ပွန်းလင်သည် တောမှ ပြန်လာ၍ ကျွန်တော်မကို အကယ်၍ မတွေ့မမြင်ခဲ့သည်ရှိသော် ဘယ်အရပ်သို့ သွားပါလိမ့်မည်နည်း ဟူ၍ မေးပါလတ္တံ့။ ထိုအခါ ကျွန်မ၏ မိမိအမျိုးအိမ်သို့ သွားသည့် အဖြစ်ကို ပြောကြား လိုက်ပါလော့ဟု ပြောဆိုမှာထား၍ အိမ်တံခါးတို့ကို ပိတ်ပြီးသော် သွားလေ၏။

လင်ယောကျ်ားသည်လည်း တောမှ ပြန်လာ၍ မိမိ၏ မယားကိုမတွေ့မမြင်သည် ရှိသော် အိမ်နီးချင်းတို့ကို မေးမြန်းပြီးလျှင် ထိုအကြောင်းကို ကြားသိရသဖြင့် ထိုမယားကို ပြန်လည်စေအံ့ဟု နှလုံးသွင်းပြီးလျှင် အစဉ်တစိုက်လိုက်သွား၏။ မယားကို တွေ့မြင်သောအခါ များစွာသော အချင်းအရာတို့ဖြင့် တောင်းပန် ပြောဆိုပါသော်လည်း ဆုတ်နစ် ပြန်လည်စေခြင်းငှာ မစွမ်းနိုင်လေ။ ထို့နောက် တစ်ခုသော နေရာ၌ သူဌေးသမီးအား ကမ္မဇလေတို့သည် လှုပ်လေကုန်၏။ သေဌေးသမီးသည် တစ်ခုသော ချုံကြားသို့ဝင်သွား၍ အရှင်ချစ်လင် ကျွန်တော်မအား ကမ္မဇလေတို့သည် တုန်လှုပ်လေကုန်ပြီဟု ပြောဆိုလျက် မြေကြီး၌ လျောင်းအပ်ပြီးလျှင် ဘယ်ညာတစောင်း တပြောင်းပြန်ပြန်လည်လျက် ငြိုငြင် ပင်ပန်းစွာ သားငယ်ကို ဖွားမြင်ပြီး၍ အမောင် ချစ်လင် အကြင်သားငယ်ကို ဖွားမြင်ခြင်း အကျိုးငှာ ကျွန်တော်မသည် အမျိုးအိမ်သို့ သွားရာ၏။ ထို သားဖွားခြင်း၏ အကျိုးကိစ္စသည် ပြီးပေပြီဟု ဆို၍ တစ်ဖန်သာလျှင် ထိုခင်ပွန်းလင်နှင့် အတူတကွ မိမိတို့ နေရာအရပ်သို့ ပြန်လာပြီး နေထိုင်၏။

ကံဆိုးပ သွားရာ မိုးလိုက်လို့ရွာ

ထိုသူဌေးသမီးအား တစ်ပါးသောအခါ၌ တစ်ဖန် ကိုယ်ဝန် တည်ပြန်လေ၏။ ကိုယ်ဝန် ရင့်မာသည်ရှိသော် ရှေးနည်းအတူသာလျှင် ခင်ပွန်းလင်ကို တောင်းပန်ပြောဆို၍ အခွင့်ကို မရသဖြင့် သားငယ်ကို ရင်ခွင်ထက်၌ ပွေ့ယူပြီး ရှေးနည်းတူ ဖဲသွား၏။ ခင်ပွန်းလင်သည် အစဉ်လိုက်လာ၍ ဆုတ်နစ်ပြန်လည်ခြင်းငှာ တောင်းပန် ပြောဆိုပါသော်လည်း ဆုတ်နစ်ပြန်လည်ခြင်းငှာ အလိုမရှိ ငြင်းပယ်ဘိ၏။ ထိုသူတို့ သွားနေကုန်စဉ် အခါမဲ့သော မိုးကြီးသည် သည်းစွာ ရွာလာ၏။ ထက်ဝန်းကျင် အရပ်မျက်နှာတို့မှ အရောင်ပြောင်ပြောင် တောက်သော မီးတောက် မီးလျံကဲ့သို့ လျှပ်စစ်တို့ ထွက်ကုန်၏။ မိုးခြိမ်းသံတို့ဖြင့် ပြိုကွဲဘိသကဲ့သို့ သည်းထန်စွာသော မိုးကြီးလည်း လေတို့ဖြင့် မပြတ်တိုးဝှေ့ တိုက်ခတ်လျက် ပိတ်ချပ် မိုက်မှောင်သော ကောင်းကင်ရှိသည် ဖြစ်လေ၏။ ထိုခဏ၌သာလျှင် မယားအား ကမ္မဇလေတို့သည် လှုပ်ကုန်၏။ ထို မယားသည်မိမိ လင်ယောကျ်းကိုခေါ်၍ အမောင်ချစ်လင် ကျွန်တော်မအား

ကံကြောင့်ဖြစ်သော လေအဟုန်တို့သည် လှုပ်ချက်နုန်ပြီ တည်တံ့၍ နေအံ့သောငှာ မစွမ်းနိုင်ချေပြီ။ မခံနိုင်အောင် ဖြစ်နေပြီ မိုးမစွတ်သော အရပ်ဒေသဌာနတစ်ခုကို ရှာကြံပေးပါဟု တောင်းပန် ပြောဆို၏။

မောင်ဒါသ မြေကိုက် သေဆုံး

ထိုယောကျ်ားသည် လက်၌ ပါရှိသော ပဲခွပ်ကို ကိုင်စွဲလျက် ထိုမှကျွမ်းလှည့်လည်စူးစမ်း ရှာဖွေသည် ရှိသော် တစ်ခုသော တောင်ပို ထိပ်ထက်၌ ပေါက်ရောက်သော ချုံပိတ်ပေါင်းကို တွေ့၍ ဖြတ်ပိုင်းခြင်းငှာ အားထုတ်၏။ ထိုအခါ တောင်ပို့မှ ထွက်၍ ကြမ်းကြုတ် ထက်မြက်လျင်မြန်သော အဆိပ်ရှိသော မြွေသည် ခဲလေ၏။ ထိုမြွေခဲသော ဒဏ်၌သာလျှင်၊ ယောကျ်ား၏။ ကိုယ်သည် အတွင်း၌ တက်ကြွကုန်သော အဆိပ်ရေတို့ကြောင့် မီးတောက်မီးလှဲတို့ဖြင့် လောင်စွဲဘိသကဲ့သို့ ညှိမဲ့သောအဆင်းရှိသည်ဖြစ်၍ ထိုမြွေခဲရာ အရပ်၌ပင် လဲလေ၏။

မိုးရေထဲ၌ တစ်ညလုံးဒုက္ခ

မယားသည်လည်း ကြီးစွာသော ဆင်းရဲဒုက္ခကို ခံစားလျက် မိမိလင် လာလိမ့်မည်ဟု ကြည့်ရှုလျက် မမြင်ရဘဲသာလျှင် သားငယ်တစ်ယောက်ကို ဖွားမြင်လေ၏။ နှစ်ယောက်ကုန်သော သားငယ်တို့သည် လေထန် မိုးရွာ ခိုက်ခိုက်တုန်ချမ်းသည်ကို မခံနိုင်၍ ကျယ်စွာသော အသံဖြင့် ပြင်းထန်စွာ ဟစ်အော်ငိုကြွေး မြည်းတမ်းကြကုန်၏။ ထိုမိန်းမလည်း နှစ်ယောက်ကုန်သော သားငယ်တို့ကို မိမိ၏ရင်ကြား၌ ထား၍ နှစ်ဖက်ကုန်သော ဒူး, နှစ်ဖက်ကုန်သော လက်တို့ဖြင့် မြေ၌ ထောက်ပြီးသော် အထက်က ဝပ်မှောက်လျက်၊ ပြင်းထန်ကြောက်မက်ဖွယ်သော ဒုက္ခကိုခံစားလျက် ဤပုံစံအတိုင်း တစ်ညဉ့်လုံးကို လွန်မြောက် စေရသောအားဖြင့် တစ်ကိုယ်လုံးသည် သွေးမရှိဘိသကဲ့သို့ ဖြူဖပ်ဖြူရော် အဆင်းရှိသည် ဖြစ်လေ၏။

ထိုမိန်မသည် နေအရုဏ်တက်သည်ရှိသော် သားတစ်အဆင်းနှင့်တူသော နီတာရဲသော သားငယ်တစ်ယောက်ကို ရင်ခွင်ဖြင့်ပွေ့၍ သားကြီးကို လက်စဲလျက် ချစ်သား လာလှည့်။ အသင်၏ ဖခင်သည် ဤလမ်းခရီးဖြင့် မိုးမှောင်မှုက်သော အကာလ ညအခါ၌ သွားဟန်ရှိသည်ဟု ပြောဆိုလျက် မိမိ၏ ခင်ပွန်းလင် သွားရာလမ်းခရီးသို့ လိုက်သွားသည်ရှိသော်၊ တောင်ပို့၏ ထိပ်ထက်၌ သေလွန်၍ လဲကျလျက် ညှိမဲ့သောအဆင်း မာတောင့်သော ကိုယ်ရှိသော ထိုခင်ပွန်းလင် လူသေကောင် အလောင်းကို တွေ့မြင်၍ ငါ့ကို အမှီပြုပြီး ငါ၏လင် ယောကျ်ား သည် လမ်းခရီးအကြား၌ သေလွန်ရချေပြီဟု ငိုကြွေးမြည်တမ်းလျက် သားကြီး

ကို လက်ဝယ်ကိုင်ဆွဲ ရင်ခွင်ထဲ၌ သားငယ်ကို ပို့က်လျက် တစိုက်စိုက် သွားရှာလေ၏။

သားငယ်စွန့်ခြို သားကြီးရေမျော

အလုံးစုံသောညဉ့်ပတ်လုံးမိုးသည်းစွာ ရွာအပ်သည်ဖြစ်သောကြောင့် ဒုးပမာဏ၊ ခါးပမာဏ ရင်စိုပမာဏမျှသောရေဖြင့် ပြည့်သောအစိုရဝတီမြစ်ကို တွေ့မြင်၍ မိမိ၏ ဉာဏ်ပညာ နုံနှေးသည့် အဖြစ်ကြောင့် နှစ်ယောက်သော သားငယ်တို့နှင့် အတူတကွ ရေကို ကူးခြင်းငှါ မစွမ်းနိုင်ဘဲ သားအကြီးကို ဤမှာဘက်ကမ်း၌ ထားခဲ့၍၊ သားငယ်ကို ထိုမှာဘက်ကမ်းသို့ သွားရောက်ပြီးလျှင် သစ်ခက်ကိုခင်း၍ ဤသစ်ခက်အခင်းထက်၌ အိပ်နေစေပြီးသော် ကျန်ရစ်ခဲ့သော သားအကြီးကို ယူဆောင်ခြင်းငှါ သားအကြီး၏ထံသို့ သွားလေ၏။ မိုက်မဲနုနယ်ငယ်ရွယ်လှစွာသော သားကို စွန့်ပစ်ပယ်ထားလျက် ရဲရဲတင်းတင်း ကူးသွားနိုင်ခြင်းငှါ မစွမ်းနိုင်ရကား အဖန်ဖန် အထပ်ထပ် မပြတ်ပြန်လည်၍ ကြည့်လျက် သဘလျင် ကူးသွား၏၊ ထိုသို့ကူသွားသောမိန်းမ၏ မြစ်လယ်သို့ ကျရောက်သော အခါ၌ တစ်ကောင်သော သိမ်းစွန်သည် နုနယ်နီထွေး ကလေးသူငယ်ကို မြင်၍ သားတစ်ပျှသော အမှတ်ရှိသဖြင့် ကောင်းကင်မှ သက်ပြီးသည်ကာလ ထိုးသုတ်ခြီဆောင်လေ၏။

ထိုသူဌေးသမီးဖြစ်သော မိန်းမသည် သားငယ်ကို ထိုးဆောင်ခြီယူခြင်းငှါ သက်သော ထိုသိမ်းစွန့်ကိုမြင်၍ နှစ်ဖက်သောလက်တို့ကို မြှောက်ကြွ ရိုက်တီး၍ ရှူးရှူးဟူ၍ သုံးကြိမ်တိုင်တိုင် ကျယ်စွာသော အသံကို ဟစ်အော်ကြွေးကြော်၏။ သိမ်းစွန်သည် ဝေးသည့်အဖြစ်ကြောင့် ထိုဟစ်အော် ကြွေးကြော်သော အသံကို မကြားမူ၍ ဆာလျင်သူငယ်ကို ယူဆောင်ပြီးသည့်အခါလ ကောင်းကင်သို့ ပျံတက်၍ သွား၏။ ဤမှာဘက်ကမ်း၌ တည်ရှိသော သားကြီးသည် မြစ်လယ်၌ နှစ်ဘက်သော လက်မောင်းတို့ကို ရိုက်မြှောက် တီးခတ်ပြီးလျင် ကျယ်စွာသော အသံကို ဟစ်အော် ကြွေးကြော်သော မင်ခင်ကိုမြင်၍ မိခင်သည် ငါ့ကို ခေါ်ဘိလေသည်ဟူသောအမှတ်ဖြင့် ရေသို့သက်ဆင်း၍ လာခဲ့ရာ ကြီးစွာသောရေအဟုန်တိုက်ခတ်သည်ဖြစ်၍ ရေ၌ ကျရောက်မျောပါလေ၏။ ဤသို့သော အခြင်းအရာဖြင့် ထိုသူဌေးသမီး၏ သားအငယ်ကို သိမ်းစွန်သည် ယူဆောင်၏။ သားကြီး သည်ရေမျောပါ၍ သွား၏။ ထိုသူဌေးသမီးသည်၊ ငါ၏ရင်သွေး သားအငယ်ကို သိမ်းစွန်သည် ထိုးဆောင် ခြီယူသွားလေပြီ။ တစ်ယောက်သော သားကြီးသည် ရေဖြင့် မျောပါနစ်မွန်းသွားလေပြီ၊ ငါ၏လင်သည် တောမြို့ငအုပ်ကြီးလမ်းခရီး၌ သေလွန်ခဲ့ချေပြီဟု အထွေထွေသော အကြောင်းတို့ကို ရှုံးပေါင်း တ,ဆို ငိုယိုမြည်တမ်း ဟစ်အော်လျက် ခရီးစဉ်အတိုင်း သွားသည်ရှိသော်၊ သာဝတ္ထိပြည်မှ

လာသော တစ်ယဲ့ဂက်သော ယောကျ်ားကို တွေ့မြင်၍ ဖခင်၊ ဖခင်သည် အဘယ်အရပ်၌ နေပါသနည်းဟု မေး၏။

မိဘများ သေဆုံးခြင်း

ချစ်သမီး၊ သာဝတ္ထိပြည်၌ နေပေသည်ဟု ပြောလျှင် ဖခင် သာဝတ္ထိပြည်၌ နေခဲ့ပါလျှင် ထိုသာဝတ္ထိပြည်၌ ဤအမည်ရှိသော ခရီးဝယ် ဤသို့ သဘော ရှိသော ဤအမည်ရှိသော အမျိုးအမည်သည် ရှိပါသည်။ ထိုအမျိုး သူဌေးကြီးကို ဖခင် သိပါ၏လော်ဟု မေးသဖြင့် ချစ်သမီး ထိုအမျိုးကိုသိပါ၏၊ ယင်းသို့ပင် သိသော်လည်း ဤသို့သော အကြောင်းကို မမေးပါလင့်။ အသင်သည် အကယ်၍ တစ်ပါးသောအကြောင်းကို သိလိုသည်ဖြစ်အံ့ မေးပါလော့ဟု တောင်းပန်ပြောဆို၏။ ဖခင်၊ တစ်ပါးသောအကြောင်းဖြင့် မေးမြန်းဖွယ်ရာ ကိစ္စ မရှိပါ။ ထိုသူတို့၏ အကြောင်းအခြင်းအရာကိုသာ မေးလိုပါသည်ဟု ပြော၏။ ချစ်သမီး ငါသည်မပြောလိုသည် ဖြစ်သောကြောင့် အဖန်ဖန် အထပ်ထပ် အားဖြင့် တားမြစ် တောင်းပန်ပါသော်လည်း အခွင့်ကိုမရ၊ အသင်သိလိုသော ဆန္ဒရှိလျှင်ပေလျှင် ပြောဆိုရတော့မည်။ ချစ်သမီး ယမန်နေ့ တစ်ညဉ့်ပတ်လုံး မိုးကြီးသည်းထန်စွာ ရွာသည်ကို သိမြင်ပါ၏လော်ဟု မေးသဖြင့် ဖခင် ကျန်တော်မသိပါသည်။ ကျန်တော်မ ကိုယ်တိုင်ပင်လျှင် ထိုအလုံးစုံသော ညဉ့်ပတ်လုံး မိုးကြီးသည်းထန်စွာ ရွာခြင်းကြောင့် ဆင်းရဲဒုက္ခ ရောက်ရပါသည်။ တစ်ပါးသော သူအား ရောက်ရသည်မဟုတ် ကျန်တော်မအား မိုးကြီးသည်းထန်စွာ ရွာသွန်းချသဖြင့် ဒုက္ခတွေ့ရောက် ထမြောက်ခဲ့ရသော အကြောင်းကို နောက်မှ အသင် ဖခင်အား ပြောဆိုပါဦးမည်။ ကျန်တော်မအား ထိုသူဌေးကြီးတို့၏ အိမ်၌ဖြစ်သော အကြောင်းသတင်းစကားကို ပြောကြားတော်မူပါဦးလော့ဟု အတန်တန် တောင်းပန်သဖြင့်-

ချစ်သမီး ယနေ့ညဉ့်၌ သူဌေးကြီး, သူဌေး၏မယား, သူဌေး၏သား ဤသုံးယောက်သော သူတို့သည် ပြင်းထန်စွာသော လေကြီးသည် တိုက်ခတ်လှုပ်မိုးအပ်သည်ဖြစ်၍ အိမ်သည်ပြို၏။ ထိုသို့ ပြိုခြင်းကြောင့် သုံးယောက်ကုန်သော သူတို့သည် သေလွန်ကြရသဖြင့် တစ်ခုတည်းသော ထင်းပုံထက်၌ သုံးယောက်စုံ၍ မီးတိုက် သင်္ဂြိုဟ်ကြရကုန်၏။ ချစ်သမီး ယခု ဤက ကြည့်ရှုထင်ထင် မြင်ရသော ထိုမီးခိုးသည် ထိုမီးသင်္ဂြိုဟ်သော အရပ်က ထသော မီးခိုးပေတည်းဟု လက်ညှိုးညွှန်ပြ ပြောဆို၏။

ပဋာစာရီ ရှုးသွပ်ခြင်း

သူဌေးသမီးသည် ထိုခဏ၌ ဝတ်၍ထားအပ်သော မိမိ၏ အဝတ်သဲ့သည် လျှောကျသည်ကို မသိတော့ချေ။ ရှုးသွပ်သော ဥမ္မတ္တကအဖြစ်သို့ ရောက်၍ မိမွေးတိုင်းသာလျှင် မြည်တမ်းဟစ်အော်လျက်-

ငါ၏ ရင်သွေးဖြစ်ငြား နှစ်ယောက်သော သားတို့သည် သေလွန်ကုန်ပြီ။ ငါ၏အရှင် ငယ်ချစ်လင်သည်လည်း လမ်းခရီး၌ သေလွန်ရချေပြီ။ ငှါ့၏ မိခင်, ဖခင်, မောင်ကြီး သုံးယောက်ကုန်သောသူတို့ကို တစ်ခုတည်းသော ထင်းပုံ၌ သုံးယောက်စု၍ မီးသင့်ဂိုဟ်ရချေပြီဟု ငိုကြွေး မြည်တမ်း ပြောဆိုလျက် အ၀တ် မကပ် အရင်ဖုပ်သို့ လှည့်ပတ်ပြေးသွားလေ၏။ လူတို့သည် ထိုမိန်းမကို မြင်ကြကုန်၍ အရူးမ, အရူးမဟု ပြောဆိုကုန်လျက် အမှိုက်မြေမှုန့်ကို ယူပြီးလျှင် ဦးခေါင်းထက်၌ မြောက်ကြဲကုန်ပြီးမှ ခဲအုတ်ကျောက်တို့ဖြင့် ပတ်ခ၀ါကုန်၏။

မြတ်စွာဘုရားထံ ရောက်ရခြင်း

မြတ်စွာဘုရားသခင်သည် ဇေတ၀နကျောင်းတော်ကြီး၌ လေးပါးသော ပရိသတ်တို့၏ အလယ်၀ယ် တင့်တယ်စွာ သီတင်းသုံးတော်မူ၍ တရားတော်ကို ဟောကြားတော်မူလျက် ဇေတ၀နကျောင်းတော် မြတ်စွာဘုရား တရားဟောရာသို့ ရှေးရှုလာသော ကမ္ဘာတစ်သိန်း ကာလပတ်လုံး ဖြည့်အပ်သော ပါရမီရှိသော ဆုတောင်းပတ္ထနာနှင့် ပြည့်စုံသော ထိုသူဌေးသမီးကို မြင်တော်မူ၏။

ထိုသူဌေးသမီးသည် ပဒုမုတ္တရ မြတ်စွာဘုရားသခင်၏ လက်ထက်တော်၌ ပဒုမုတ္တရ မြတ်စွာဘုရားသခင်သည် တစ်ပါးသော ဝိနည်းကိုဆောင်သော ရဟန်းမိန်းမကို လက်မောင်း၌ ကိုင်ပြီးသည်ကာလ နန္ဒ၀နဥယျာဉ်၌ ထားဘိသကဲ့သို့ တေဒဂ်အရာ၌ ထားအပ်သည်ကို တွေ့မြင်၍ "တပည့်တော်မသည်လည်း အရှင်ဘုရားကဲ့သို့သော သဘောရှိသော မြတ်စွာဘုရားသခင်၏ အထံတော်၌ ဝိနည်းကို ဆောင်ကုန်သော ရဟန်း မိန်းမတို့၏ အကြား၌ အထူတ်အမြတ် ရာထူးကို ရပါလို၏" ဟု ကုသိုလ်ကောင်းမှုကို ပြုစုအားထုတ်ပြီးသောအခါ ဆုတောင်း ပတ္ထနာခြင်းကို ဖြစ်စေ၏။ ပဒုမုတ္တရ မြတ်စွာဘုရားသည် အနာဂတံသဉာဏ်တော်ကို ဖြန့်တော်မူ၍ ကြည့်ရှုတော်မူသည်ရှိသော် ဆုတောင်း ပတ္ထနာသည့်အတိုင်း ပြည့်စုံမည့်အဖြစ်ကို သိမြင်တော်မူ၍ နောင်အခါ ဂေါတမအမည်ရှိသော ဘုရား၏ သာသနာတော်၌ ဤဒါယိကာမသည် ပဋ္ဌာစာရီဟူသော အမည်ဖြင့် ဝိနည်းကို ဆောင်ကုန်သော ရဟန်းမိန်းမတို့တွင် အထူတ်အမြတ် ဖြစ်လတ္တံ့ဟု ဗျာဒိတ်စကား ကြားတော်မူ၏။

ဤသို့ပြုအပ်သော ဆုတောင်းပတ္ထနာခြင်း ရှိသည်ဖြစ်၍ ပြည့်၀သော ကောင်းမှု အဆောက်အဦးရှိသော ထိုသူဌေးသမီးကို မြတ်စွာဘုရားသခင်သည် အ၀ေးမှသာလျှင် ရှေးရှုလာသည်ကို မြင်တော်မူ၍ ဤဒါယိကာမအား ငါဘုရားကိုထား၍ အခြားသော ကိုးကွယ်ရာမည်သည်တစ်စုံတစ်ယောက်မျှ မရှိ။ ထိုဒါယိကာမသည် တစ်ပါးသော လမ်းခရီးသို့ ဖဲကြဿားဆောက်ခြင်းမရှိ

ကျောင်းတော်သို့သာ ရှေးရှုလာစေရန် မြတ်စွာဘုရား ဓိဋ္ဌာန်တော်မူ၏။ ပရိသတ်တို့သည့် ထိုဒါယိကာမကိုမြင်လျှင် ဤအရူးမကို ဤအရပ်သို့လာရောက်ခွင့်ကို မပေးကြကုန်လင့် တားမြစ်ကြကုန်လော့ဟု ပြောဆိုကြကုန်၏။

မြတ်စွာဘုရားရှင်သည် ဖယ်ကြကုန်လော့ မဟန့်တား မဟန့်ကွက်ကြကုန်လင့်ဟု မိန့်တော်မူပြီး၍ မနီးမဝေးသော အရပ်သို့ ရောက်လာသောအခါ၌ နှမ သတိရလော့ဟု မိန့်တော်မူ၏။ သူဌေးသမီးသည် ထိုခဏ၌ပင်လျှင် ဘုရား၏ တန်ခိုးတော်ကြောင့် သတိကိုရ၏။ ထိုအခါ၌ မိမိအား ဝတ်၍ထားအပ်သော အဝတ် ကျွတ်ပြုတ်လျောကျသည်၏ အဖြစ်ကို ဆင်ခြင်မိ၍ ရှက်ခြင်းကြောက်ခြင်းဖြစ်၍ ဆောင့်ကြောင့်ထိုင်နေ၏။ (ဒူးတုပ်ထိုင်လိုက်၏)

ထိုအခါ ယောကျ်ားတစ်ယောက်သည် ထိုသူဌေးသမီးအား အပေါ်ရုံ ပုဆိုးကို ပစ်၍ ပေးလိုက်၏။ ထိုသူဌေးသမီးသည် ထိုအဝတ်ကို ကောက်ယူဝတ်ရုံ၍ မြတ်စွာဘုရားသခင်သို့ ချဉ်းကပ်ပြီးလျှင် ရှေ့စင်၏ အဆင်းကဲ့သို့ ဝင်းဝင်းတောက်ပ ရောင်မြူးကြွသော ဘုရားခြေတော်စုံတို့၌ ငါးပါးသော ထည့်ခြင်းဖြင့် ရှိခိုးဦးချ၏။

ဘုန်းတော် အလွန်ကြီးတော်မူလှပါသော မြတ်စွာဘုရား အရှင်ဘုရားတို့သည် တပည့်တော်မ၏ မှီခိုကိုးကွယ်ရာ ထောက်တည်ရာ ဖြစ်ပါကုန်လော့၊ တပည့်တော်မ၏ သားငယ်တစ်ယောက်ကို သိမ်းစွန်သည် ချီဆောင်ယူငင်၍ သွားပါသည်။ သားအကြီးသည် မြစ်ရေ၌ မျောပါ နစ်မွန်း၍ သွားပါသည်။ တပည့်တော်မ၏ လင်ယောကျ်ားသည် ကန္တာရစခန်း တောလမ်းခရီး၌ သေလွန်ခဲ့ရပါသည်။ တပည့်တော်မ၏ မိခင် ဖခင်တို့သည်လည်းကောင်း မောင်အကြီးသည်လည်းကောင်း နေအိမ်ပြိုကွဲ ဖိညှပ်အပ်ကုန်သည် ဖြစ်၍ စုတေသေလွန်ကြကုန်သဖြင့် တစ်ခုတည်းသော ထင်းပုံထက်၌ သုံးယောက် သုံးလောင်း ပေါင်းစုပြီးသည့်အခါ မီးတိုက်ရပါကုန်ပြီ။

သမုဒ္ဒရာရေထက် များသော မျက်ရည်များ

မြတ်စွာဘုရားရှင်သည် ထိုသူဌေးသမီး၏ စကားကို ကြားတော်မူ၍ ပဋာစာရီ မစိုးရိမ် မကြောင့်ကြလင့်။ မှီခိုကိုးကွယ်ရာ ထောက်တည်ရာ ဖြစ်ခြင်းငှါ စွမ်းနိုင်သော ငါဘုရားရှင်၏ ထံမှောတ်သို့ လာရောက် ချဉ်းကပ်၍သာ ရှိပေသည်။ ပဋာစာရီ အသင့်အားယခုပစ္စက္ခ ပစ္စုပ္ပန်ဘဝ၌ သားငယ်ကို သိန်းစွန်သည် ယူဆောင်၍ သွားခြင်း တစ်ယောက်သော သားငယ်သည် ရေဖြင့် မျောပါ နစ်မွန်းခြင်း ခင်ပွန်းအရှင် လင်ယောကျ်ားသည် လမ်းခရီး၌ သေလွန်ခဲ့ခြင်း မိခင်, ဖခင်, မောင်အကြီးတို့သည် အိမ်ပြိုကွဲခြင်းဖြင့် ဖိညှပ်အပ်သည် ဖြစ်၍ သေလွန်ခြင်းဟို့ကြောင့် မိမိ စိတ်ကိုမျှ မိမိ အစိုးမရ

လောက်အောင် စိုးရိမ်ပူဆွေး ငိုကြွေး မြည်တမ်းခြင်း၌ သောက ပရိဒေဝ တရားတို့သည် ဖြစ်ပွါး တောက်လောင် ရဘိသကဲ့သို့ ဤနည်း အတူသာလျှင် အစမထင် ကျင်လည်ပြေးသွားရာ ရှည်ဝေးလှစွာသော သံသရာ၌ သား အစရှိသည်တို့၏ သေသွန်သောအခါဝယ် ငိုကြွေး မြည်တမ်းခဲ့ရသော အသင်၏ မျက်ရည်တို့သည် လေးစင်းကုန်သော မဟာသမုဒ္ဒရာတို့၏ ရေအစုတို့ထက်ပင် သော်လည်း များပြားလှသေးဟု မိန့်တော်မူပြီး၍ ဤဂါထာကို မိန့်တော်မူ၏–

စတူသု သမုဒ္ဒေသု ဇလံ ပရိတ္တကံ၊
တတော ဗဟုံ အဿုဇလံ အနပ္ပကံ။
ဒုက္ခေန ဖုဋ္ဌဿ နရဿ သောစနာ၊
ကိံ ကာရဏာ အမ္မ တုဝံ မပဇ္ဇသိ။

ချစ်သမီး ပဋ္ဌာစာရီ လေးစင်းကုန်သော သမုဒ္ဒရာတို့၌ ရှိသော ရေအပေါင်း အစုသည် နည်းသေး၏။ ဆင်းရဲဖြင့် တွေ့ထိသူအား စိုးရိမ် ပူပန်ခြင်းကြောင့် ဖြစ်ပေါ်လာသော မရေမတွက်နိုင်သော မျက်ရည်အစုသည် ထိုလေးစင်းကုန် သော သမုဒ္ဒရာတို့၌ ရှိသော ရေအစုထက်ပင်သော်လည်း များပြားလှသေး၏။ ချစ်သမီး ပဋ္ဌာစာရီ အဘယ်သို့သော အကြောင်းကြောင့် မေ့လျော့လေဘိ သနည်းဟု မိန့်တော်မူ၏။ ဤသို့ မြတ်စွာဘုရားရှင်သည် အစမထင် ကျင်လည် ပြေးလွှား သံသရာဝဋ္ဌဒုက္ခ တရားတော်ကို ဟောကြားတော်မူသည်ရှိသော် ထိုပဋ္ဌာစာရီ သူဌေးသမီး၏ ကိုယ်၌ စိုးရိမ်ပူပန်ခြင်း သောကသည် နည်းပါး ခြင်းသို့ ရောက်လေ၏။

အရူးပျောက်၍ သောတာပန်တည်ခြင်း

ထိုနောက် သောကတရား နည်းပါးသည့် အဖြစ်ကို သိတော်မူပြီးသော် တစ်ဖန် မြတ်စွာဘုရားရှင်သည် ထိုသူဌေးသမီးကို ခေါ်တော်မူ၍ ပဋ္ဌာစာရီ ရင်သွေးဖြစ်သော သားအစရှိသည်တို့ မည်သည်ကား တမလွန်လောကသို့ သေလွန်၍ သွားရသော သူအား ပုန်းအောင်းမှီခို ကိုးကွယ်ရာအဖြစ်ကို ဖြစ်စေ ခြင်းငှါ မစွမ်းနိုင်ပါကုန်။ ထို့ကြောင့် သားသမီး အစရှိသည်တို့သည် ထင်ရှား ရှိပါကုန်သော်လည်း ပုန်းအောင်းမှီခို ကိုးကွယ်ရာ မရှိသည်သာတည်း။ ပညာ ရှိသော သူသည် သီလကို သုတ်သင် စင်ကြယ်စေ၍ မိမိ၏ နိဗ္ဗာန်ရောက်ခြင်း အကြောင်းဖြစ်သော ခရီးကောင်းကိုသာလျှင် ပြုစုပြင်ဆင် သုတ်သင်ခြင်းငှါ အပ်၏ဟု မိန့်တော်မူပြီး၍ တရားတော်ကို ဟောကြားတော်မူလိုသောကြောင့် ဤနှစ်ဂါထာကို မိန့်တော်မူ၏။

နသန္တိ ပုတ္တာ တာဏာယ၊ နပိတာ နပိ ဗန္ဓဝါ။
အန္တကေနာဓိပန္နဿ၊ နတ္ထိ ဉာတီသု တာဏတာ။
တေမတ္ထံ ဝသံ ဥတ္ဝာ၊ ပဏ္ဍိတော သီလသံဝုတော။
နိဗ္ဗာနဂမနံ မဂ္ဂံ၊ ခိပ္ပမေဝ ဝိသောဓယေ။

သားသမီးတို့သည် ကိုးကွယ်အားထားရာ မဟုတ်, မိဖဆွေမျိုးတို့သည်လည်း အားကိုးရာ မဟုတ်။ သေမင်းနှိပ်စက် ခံရ၍ သေခါနီးသူအား ဆွေမျိုးတို့သည်လည်း ကိုးကွယ် ပုန်းအောင်း အားထားရာ မဟုတ်ကုန်၊ ဤတရားသဘော အလိုကို သိ၍ ပညာရှိသောသူသည် သီလကို စောင့်ထိန်းလျက် လျင်မြန်စွာ နိဗ္ဗာန်ရောက်ကြောင်း လမ်းခရီးကို သုတ်သင်ရာ၏။

ဒေသနာတော်၏ အဆုံး၌ ပဋာစာရီသည် မဟာပထဝီ မြေထု၌ မြေမှုန့်စုပမာဏ များပြားလှကုန်သော ကိလေသာတို့ကို လောင်ကျွမ်းစေလျက် သောတာပတ္တိဖိုလ်၌ တည်လေ၏။ တစ်ပါးလည်း ဖြစ်ကုန်သော များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

ထို သူဌေးသမီးသည် သောတာပန် ဖြစ်ပြီး၍ မြတ်စွာဘုရားရှင်ထံ ရဟန်းပြုခွင့် တောင်းပန် လျှောက်ကြား၏။ မြတ်စွာဘုရားရှင်သည် ရဟန်းမိန်းမတို့၏ အထံသို့ စေလွှတ်၍ ရဟန်းပြုစေ၏။ ထိုသူဌေးသမီးသည် ရအပ်သော ပဉ္စင်းအဖြစ် ရှိသည်ဖြစ်၍ ရှောင်တခင် လျင်မြန်သော အကျင့်ရှိသည် ဖြစ်သောကြောင့် ပဋာစာရီ ဟူ၍သာလျှင် အမည် ထင်ရှားလေ၏။

ပဋိသမ္ဘိဒါပတ္တ ရဟန္တာမ ဖြစ်ခြင်း

ထိုပဋာစာရီ ဘိက္ခုနီမသည် တစ်နေ့သော အခါ၌ အိုးဖြင့် ရေကို ယူဆောင်ပြီးလျှင် ခြေတို့ကို ဆေးလျက် ရေကို သွန်းလောင်း၏။ ထိုသွန်းလောင်းအပ်သော ရေသည် အနည်းငယ်သော အရပ်သို့ သွား၍ ပြတ်၏။ နှစ်ကြိမ်မြောက်၌ သွန်းလောင်းအပ်သော ရေသည် ရှေးဦးစွာ လောင်းအပ်တော ထိုရေထက် အနည်းငယ် ဝေးစွာ သွားလျက် ပြတ်ပြန်၏။ သုံးကြိမ်မြောက်၌ သွန်းလောင်းအပ်သော ရေသည် နှစ်ကြိမ်မြောက် သွန်းလောင်းအပ်သော ရေထက်လည်း အနည်းငယ် ဝေးကွာစီးသွားလျက် ပြတ်ပြန်၏။ ပဋာစာရီ ဘိက္ခုနီမသည် ထိုအာရုံကိုပင်လျှင် ယူ၍ သုံးပါးသော အရွယ်တို့ကို ပိုင်းခြားပြီးလျှင် ငါသည် ရှေးဦးစွာ သွန်းလောင်းအပ်သော ရေကဲ့သို့ ဤသတ္တဝါတို့သည် ပထမအရွယ်၌ သေလွန်ကုန်၏။ ထိုပထမ သွန်းလောင်းအပ်သော ရေထက် အနည်းငယ် ဝေးကွာ စီးသွားသော နှစ်ကြိမ်မြောက်

သွန်းလောင်းအပ်သော ရေကဲ့သို့ ဤသတ္တဝါတို့သည် မဇ္ဈိမ အရွယ်၌လည်း သေလွန်ကုန်၏။ နှစ်ကြိမ်မြောက် သွန်းလောင်းအပ်သော ထိုရေထက် အနည်းငယ် ဝေးကွာ စီးသွားသော သုံးကြိမ်မြောက် သွန်းလောင်းသော ရေကဲ့သို့ ဤသတ္တဝါတို့သည် အဆုံးဖြစ်သော ပစ္ဆိမအရွယ်ကို မလွန်မြောက် နိုင်ဘဲ ထိုပစ္ဆိမ အရွယ်၌သာလျှင် သေလွန်ရကုန်၏ဟု အောက်မေ့ ကြံစည်၏။ မြတ်စွာဘုရားသင်သည် ဂန္ဓကုဋ္ဌိတိုက်၌ သီတင်းသုံး စံနေတော် မူလျက် သာလျှင် ကိုယ်ရောင်တော်ကို လွှတ်၍ ထိုပဋာစာရီ ဘိက္ခုနီမ၏ ရှေ့ရှုတူရှု မျက်မှောက်၌ ရပ်တည်၍ မိန့်ဆိုတော် မူဘိသကဲ့သို့ ပဋာစာရီ ဤသို့သော အခြင်းအရာဖြင့် ငါးပါးကုန်သော ခန္ဓာတို့၏ ဖြစ်ခြင်း, ပျက်ခြင်းကို မကြည့်ရှု မဆပ်ခြင်သောသူ၏ အနှစ်တစ်ရာတိုင်တိုင် အသက်ရှည်ရသောထက် ထိုခန္ဓာ ငါးပါးတရားတို့၏ ဖြစ်ခြင်း, ပျက်ခြင်းကို ဆင်ခြင်သောသူ၏ တစ်နေ့ တစ်ရက် တစ်ခဏမျှသော်လည်း အသက်ရှည်ရခြင်းသည် မြင့်မြတ်၏ဟု မိန့်တော်မူပြီးမှ အနုသန္ဓေကို စပ်၍ တရားတော်ကို ဟောကြားတော် မူလိုသောကြောင့် ဤဂါထာကို မိန့်တော်မူ၏။

ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ကောဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။

ရုပ်နာမ်တို့၏ ဖြစ်ခြင်း ပျက်ခြင်းကို မသိမမြင်ဘဲ အနှစ်တစ်ရာ အသက်ရှည်ခြင်းထက် ရုပ်နာမ်တို့၏ ဖြစ်ခြင်း ပျက်ခြင်းကို မြင်လျက် တစ်နေ့ တစ်ရက်မျှ အသက်ရှင်ရခြင်းသည် သာလွန် မြင့်မြတ်၏။

ဤဂါထာ၌ အပဿယံ ဥဒယဗ္ဗယံ-ဟူသည် ခန္ဓာငါးပါးတို့၏ လက္ခဏာ ၂၅-ပါးတို့ဖြင့် ဖြစ်ခြင်း, ပျက်ခြင်းကို မသိမမြင်ဘဲ-ဟု ဆို၏။

ပဿတော ဥဒယဗ္ဗယံ-ဟူသည်ကား ထိုခန္ဓာတို့၏ ဖြစ်ခြင်း, ပျက်ခြင်းကို သိမြင်သောသူ၏ တစ်ရက်မျှ အသက်ရှင်ရခြင်းသည် အခြားသူ၏ အသက်ရှင်ရ ခြင်းထက် ပို၍ မြင့်မြတ်၏။

ပဋာစာရီဝတ္ထု ပြီး၏

၁၃။ ကိသာဂေါတမီထေရီမဝတ္ထု

ယော စ ဝဿသတံ ဇီဝေ- အစရှိသော ဤတရားဒေသနာတော်မြတ်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ကိသာဂေါတမီ ထေရီမကို အကြောင်းပြု၍ ဟောကြားတော် မူခဲ့သည်။

သာဝတ္ထိပြည်ဝယ် သူဌေးတစ်ယောက်၏ အိမ်၌ ကုဋ္ဌေလေးဆယ်ကုန်သော ပစ္စည်းဥစ္စာ ငွေအသပြာတို့သည် မီးသွေးဖြစ်၍ တည်ကုန်၏။ သူဌေးကြီးသည်

မီးသွေးဖြစ်သွားသော ထိုပစ္စည်းဥစ္စာ အသပြာတို့ကို မြင်၍ နှိပ်စက်ပူပန်ခြင်း သောကရှိသည် ဖြစ်သောကြောင့် အစာ အာဟာရကို ပယ်ချ စွန့်ပစ်၍ ညောင်စောင်း၌ အိပ်နေ၏။ ထိုသူဌေး၏ မိတ်ဆွေတစ်ယောက်သည် အိမ်သို့သွားရောက်၍ အချင်း အဘယ်သို့သော အကြောင်းကြောင့် သောက ဖြစ်ပွားဘိသနည်းဟု မေးမြန်းသဖြင့် ထိုအကြောင်း အလုံးစုံကို အကုန်ပြန်ကြားသည်ရှိသော် အို....အဆွေ မစိုးရိမ် မပူပန်ပါလင့်၊ ငါသည် အကြောင်းတစ်ခုကို သိရှိပါ၏။ ထိုအကြောင်းကိုသာ ကောင်းစွာ ပြုဘိလော့ ဟုပြော၏။ အဆွေ အဘယ်ကဲ့သို့ ပြုရပါအံ့နည်းဟု ပြန်၍ မေးသောအခါ မိမိ၏ အိမ်စျေး၌ ဖျာတို့ကို ဖြန့်ခင်း၍ ထိုဖျာ အခင်းထက်၌ ထိုမီးသွေးကို အစုအပုံ ပြုပြီးလျှင် မီးသွေး ရောင်းသည့်ပမာ အနီး၌ ထိုင်နေပါလော့၊ လာတိုင်းလာတိုင်းကုန်သော လူတို့တွင် အကြင်သူတို့သည် "သူဌေးကြီး၊ သူတစ်ပါးတို့မှာ အဝတ်အထည်, ဆီ, ပျား, တင်လဲ, သကာ စသည်တို့ကို ရောင်းချကုန်၏။ အသင့်မှာ မီးသွေးကို ရောင်းချလျက် ထိုင်နေဘိသည်တကား" ဟုပြောဆိုကုန်လတ္တံ့၊ ထိုသို့ ပြောဆိုကုန်သော လူတို့ကို "အချင်းတို့၊ မိမိ၏ ပစ္စည်းဥစ္စာကို မိမိ မရောင်းချသည် ရှိသော် အသို့ ပြုရမည်နည်း" ဟု ပြန်၍ ပြောဆိုလိုက်ဘိလော့။ အကြင် လူတို့သည်ကား "သူဌေးကြီး၊ တစ်ပါးသော သူတို့မှာ အဝတ်အထည်, ဆီ, ပျား, တင်လဲ, သကာ စသည်တို့ကို ရောင်းချကုန်၏။ သင့်မှာကား ရွှေငွေ အသပြာတို့ကို အဘယ်ကြောင့် ရောင်းဝယ် နေဘိသနည်းဟု ဆိုပေလိမ့်မည်။ ထိုသူတို့ကို ရွှေငွေဟူသည် အတီမှာနည်းဟု မေးရမည်။ ဤ အစုအပုံကြီးသည် ရွှေငွေမဟုတ်လော့ဟု ပြောလျှင် ထိုရွှေငွေကို ယူ၍ ပေးပါလော့ဟု ပြော၍ ထိုသူ ကောက်ယူ၍ ပေးအပ်သည်ကို လက်တို့ဖြင့် ခံယူပါလော့။ ဤသို့ ပေးသောပစ္စည်းသည် အသင်၏ လက်ပေါ်၌လည်း ရွှေငွေဖြစ်ပေလတ္တံ့။ ထိုသို့ ကောက်ယူပေးသော သူသည် အကယ်၍ သတို့သမီးဖြစ်ခဲ့အံ့။ အသင်၏ အိမ်၌ ရှိသော သားအား ယူဆောင်ထိမ်းမြား၍ ကုဋ္ဌေလေးဆယ်ကုန်သော ပစ္စည်းဥစ္စာတို့ကို ထိုသတို့သမီးအား ဆောက်နှင်း၍ ထိုသူတို့ကို ပေးကမ်းချီးမြှင့်သည်ကို ခံယူသုံးဆောင်လေလော့။ အကယ်၍ သတို့သားဖြစ်ခဲ့အံ့ အသင်၏အိမ်၌ အရွယ်ရောက်ပြီး သမီးငယ်တစ်ယောက်ကို ချီးမြှောက်ထိမ်းမြား ထိုသူအား ပေး၍ ကုဋ္ဌေလေးဆယ်ကုန်သော ထိုရွှေတို့ကို နှင်းအပ်ပြီးလျှင် ထိုသူတို့ ပေးကမ်း ချီးမြှင့်သည်ကို ခံယူစားသုံးဘိလော့ဟုပြော၏။

မီးသွေးမှ ရွှေငွေ ပြန်ဖြစ်ခြင်း

သူဌေးကြီးသည် ဤအကြောင်းသည်ကား ကောင်းမြတ်၏ဟု ကြံ၍ မိမိ၏ အိမ်စျေး၌ မီးသွေးတို့ အစုအပုံကို ပြုပြီးသော် ရောင်းချဘိသကဲ့သို့ ထိုင်နေ၏။

အကြင်သူတို့သည် "သူဌေးကြီး သူတစ်ပါးတို့မှာ အဝတ်အထည်, ဆီ, ပျား, တင်လဲ, သကာတို့ကို ရောင်းချကြကုန်၏။ အသင့်မှာ အဘယ်သို့သော အကြောင်းကြောင့် မီးသွေးတို့ကို ရောင်းချခြင်းကို ပြုဘိသနည်း" ဟု ပြောဆိုကုန်၏။ ထိုလူတို့အား မိမိ၏ ပစ္စည်းကို မရောင်းချသည် ရှိသော် အသို့ ပြုရမည်နည်းဟု ပြန်ပြော၏။

ထိုအခါ ကြုံလှီသော ကိုယ်ရှိသည်၏ အဖြစ်ကြောင့် ကိသာဂေါတမီ ဟူ၍ အမည်အားဖြင့် ထင်ရှားသော ရှေးအခါက ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသော သူဌေးမျိုး ဖြစ်၍ နောက်မှ ပစ္စည်းဥစ္စာ ပျက်စီးနွမ်းပါးသော အမျိုး၏ သတို့သမီးတစ်ယောက်သည် မိမိ၏ တစ်စုံတစ်ခု ပြုဖွယ်ကိစ္စဖြင့် အိမ်စျေးတံခါးသို့ သွားရောက်သည် ရှိသော် ထိုသူဌေးကို တွေ့မြင်၍ "ဖခင်၊ ကြွင်းကုန်သော လူတို့သည် အဝတ်အထည် ဆီ, ပျား, တင်လဲ, သကာ အစရှိသည်တို့ကို ရောင်းချ ပါကုန်သည်။ အသင် ဖခင်သည် အဘယ်ကြောင့် ရွှေငွေတို့ကို ရောင်းချ ထိုင်နေကုန်ဘိသနည်း" ဟု ပြော၏။

"ချစ်သမီး၊ ရွှေငွေတို့သည် အတီမှာနည်း" ဟု မေးလျှင် "ဖခင် အရှင်သည် ထိုရွှေငွေတို့ကိုသာလျှင် ကိုင်လျက် ထိုင်နေပါသည် မဟုတ်လော" ဟု ပြော သဖြင့် "ချစ်သမီး၊ ထိုရွှေငွေကို ငါ့အား ယူငင်၍ ပေးပါလော့" ဟု ဆို၏။ ထိုကိသာဂေါတမီသည် တစ်လက်ခုပ် ပြည့်မျှလောက်သော ရွှေငွေတို့ကို ကျုံးယူ၍ သူဌေးကြီး၏ လက်ထဲ၌ ထည့်ထား၏။ ထိုလက်၌ ထည့်ထားလိုက် အပ်သော မီးသွေးသည် ရွှေငွေ ဖြစ်လေ၏။ ထို့နောက် သူဌေးကြီးက "ချစ်သမီး အသင်၏ နေအိမ် အတီမှာနည်း" ဟု မေး၍ ဤအမည်ရှိသော အမျိုးနေအိမ် ပါတည်းဟု ပြောသည်ရှိသော် ထိုသတို့သမီးအား လင်မရှိသည်၏ အဖြစ်ကို သိ၍ ထိုပစ္စည်းဥစ္စာတို့ကို သိမ်းဆည်း သိုမှီးစေပြီးလျှင် ထိုသတို့သမီးကို မိမိ၏ သားအား ဆောင်ယူစေပြီး၍ ကုဋ္ဌေ လေးဆယ်ကုန်သော ပစ္စည်းဥစ္စာ အသပြာ ရွှေငွေတို့ကို ဆောက်နှင်းပေးအပ် ခံယူစေ၏။ ထိုအလုံးစုံသော မီးသွေးအစုသည် ရွှေငွေ သာလျှင် ဖြစ်လေ၏။

သားသေကို ပွေ့လျက် ဆေးဝါးရှာခြင်း

နောင်သောအခါ ကိသာဂေါတမီအား ပဋိသန္ဓေကိုယ်ဝန် တည်ရှိလေ၏။ ဆယ်လကို လွန်မြောက်သဖြင့် တစ်ယောက်သော သားငယ်ကို ဖွားမြင်၍ ထိုသားငယ်သည် ခြေဖြင့်သွားလာ လှည့်ပတ်နိုင်လောက်သော အခါ၌သေလွန် ခြင်းကို ပြုလေ၏။ ထို ကိသာဂေါတမီသည် ရှေးအခါက သေလွန်လေသော သူကိုမတွေ့မမြင်ဖူးသေးသောကြောင့် သားငယ်၏အလောင်းကို မီးတိုက်သင့်ဂိုဟ် ခြင်းငှါ သုသာန်သခ်ျိုင်းသို့ ထုတ်ဆောင်သည်တို့ကို တားမြစ်ပိတ်ပင်၍ ငါ၏

သားငယ်အား ကုစားနိုင်သော ဆေးကို မေးမြန်းရှာဖွေဦးမည်ဟု ပြောဆိုလျက် သားငယ်အလောင်းကို ရင်ခွင်ထက်ဖြင့် ပိုက်ဖက် ပွေ့ယူပြီး၊ သာအခါ ငှက်၏ သားငယ်အား အသက်ပြန်ရှင်လာအောင် ကုစားနိုင်သော ဆေးကို သိရှိကြကုန်ယင်လောဟု မေးမြန်း၍ အိမ်စဉ်အတိုင်း လှည့်လည်လေ၏။

ထိုအခါ ကိသာဂေါတမီကို လူအပေါင်းတို့က ချစ်သမီး အသင်သည် မသေလွန်ပြီးသော မိမိ၏သားကို ကုစားနိုင်သော ဆေးရှာပါသလောဟု မေးမြန်းလှက် လှည့်လည်ဘိသည်မှာ အသင်အား ရူးသွပ်ခြင်း ဖြစ်လေပြီဟု ပြောဆိုကြကုန်၏၊ ဤသို့ ပြောဆိုကြကုန်သော်လည်း ကိသာဂေါတမီသည် ဤသူတို့မသိကြသောကြောင့်သာ ရှိပေလိမ့်မည်။ ငါ၏သားကို ပြန်၍ အသက်ရှင်အောင် ကုစားနိုင်သောသူ တစ်ယောက်ယောက် ကောန်ဂျိတန်ရှာသည်ဟု အောက်မေ့ပြီးလျှင် လှည့်လည် မေးမြန်းသည်သာတည်း။

တစ်ယောက်သော ပညာရှိ

ထိုနောက် ပညာရှိသော ယောကျ်ားတစ်ယောက်သည် တွေ့၍ ဤသူငယ်မသည် ယခုပိုက်ထား သေလွန်သွားသော သားသူငယ်သည် ရှေးဦးစွာ ဖွားမြင်အပ်သော သား ဖြစ်ပေလိမ့်မည်။ သေလွန်သည်ကို မမြင်ဖူးသည် ဖြစ်ပေလိမ့်မည်။ ငါသည် ဤသူငယ်မ၏ ကိုးကွယ်ရာ မှီခိုနာဖြစ်ခြင်းငှါ အပ်၏ဟု ကြံ၏။ ကြံပြီး၍ကား ချစ်သမီး ငါသည် ဆေးကိုမသိ၊ ဆေးသိ၍ ကုစားနိုင်သော သူကိုမူကား သိပါ၏ဟု ပြော၏။ ဖခင် အသင်သည် မသိလျှင် အဘယ်သူ ဘုရားပါ အံ့နည်းဟု မေးသဖြင့် ချစ်သမီး မြတ်စွာဘုရားသခင်သည်ကား သိပါ၏။ အသင်သည် ထိုမြတ်စွာဘုရား အထံတော်သို့ သွားရောက်၍ မေးလျှောက်ပါလေလော့ဟု ပြောလိုက်၏။ ဖခင် ကောင်းပါပြီ။ မြတ်စွာဘုရား အထံတော်သို့ သွားရောက် မေးမြန်းပါအံ့ဟု ဝန်ခံပြောဆို၍ မြတ်စွာဘုရား အထံတော်သို့ သွားရောက်ပြီးသော် မြတ်စွာဘုရားသို့ ချဉ်းကပ်၍ သင့်တင့် လျောက်ပတ်သော အရပ်၌တည်နေပြီးသည်ကာလ အရှင်ဘုရား အရှင်မြတ်တို့သည် တပည့်တော်မ၏ သားအား ကုစားနိုင်သောဆေးကို သိနားလည်သော ဟူသည် ဟုတ်မှန်ပါကုန်၊ သလောဟု မေးလျှောက်၏။ သြော်-ဟုတ်မှန်ပေ၏ဟု မိန့်တော်မူလျှင် အရှင်ဘုရား အဘယ်သို့သော ဝတ္ထုကို ရခြင်းငှါ အပ်ပါသနည်းဟု မေးလျှောက်သဖြင့် တစ်လက်ဆုပ်မျှလောက်သော မုန်ညင်းစေ့ ရခြင်းငှါ အပ်ပေသည်ဟု မိန့်တော်မူ၏။ အရှင်ဘုရား အရှင်မြတ်အလိုရှိသော မုန်ညင်းစေ့ကို ရပါလတ္တံ့။ အဘယ်သူ၏ အိမ်၌ မုန်ညင်းစေ့ကို ရခြင်းငှါ အပ်ပါသနည်းဟု မေးလျှောက်သဖြင့် အကြင်သူ၏ အိမ်၌ သားသည်လည်းကောင်း သမီးသည်လည်းကောင်း တစ်စုံတစ်ယောက်သောသူမျှ မသေကုန်စဖူး ထိုသူ၏ အိမ်၌ဖြစ်သော မုန်ညင်းစေ့ကို ရခြင်းငှါ အပ်ပေသည်ဟု မိန့်တော်မူ၏။

မရန္နိုင်သော မုန်ညင်းစေ့

ကိသာဂေါတမီ သည် ကောင်းပါပြီ ဘုရားဟု ဝန်ခံလျှောက်ထား၍ မြတ်စွာဘုရားကို ရှိခိုးပြီးသော် သားငယ် သူသေကောင်ကို ရင်ခွင်ထက်၌ ပိုက်ဖက်ပွေ့ယူပြီးလျှင် ရွာသို့ ဝင်ရောက်၍ ရှေးဦးစွာသော အိမ်တံခါးဦး ရပ်တည်ပြီး၍ ဤအိမ်၌ မုန်ညင်းစေ့ ရှိပါသလော ရှိခဲ့လျှင် ကျွန်တော်မသား၏ ဆေးအလှိုဋ္ဌါ မုန်ညင်းစေ့ကို ပေးသနားပါကုန်လော့ဟု ပြောသဖြင့် ရှိပါ၏ဟု ဆိုသည်ရှိသော် ထိုသို့ပြုပါမူ ပေးသနားပါကုန်လော့ဟု ဆင့်၏။ အိမ်ရှင်ဖြစ်သူက ယူဆောင်၍ မုန်ညင်းစေ့တို့ကို ပေးကြကုန်သည်ရှိသော် ဤအိမ်၌ သားသည် လည်းကောင်း သမီးသည်လည်းကောင်း သေဖူးသော တစ်စုံတစ်ယောက် သောသူ မရှိပါသလောဟု မေးသဖြင့် ချစ်သမီး အသို့ပြောဆိုဘိသနည်း၊ အသက်ရှည်ရှည်တည်နေသော အမျိုးအိမ်တို့မည်သည် နှစ်ယောက် သုံးယောက်သော သူတို့သည်လည်းကောင်း မျှားစွာသော သူတို့သော်လည်းကောင်း သေလွန်ကြဖူးကုန်သည်သာတည်း။ မသေကုန်ဖူးသောသူမည်သည် မရှိဟု ပြောသည်ရှိသော် ထိုသို့တပြီးကား အသင်တို့၏ မုန်ညင်းစေ့ကို ပြန်ယူကုန်လော့ ထိုမုန်ညင်းစေ့ဖြင့် ငါ၏သားအား ဆေးအမှုကို မပြုနိုင် အလိုမရှိဟု ပြန်၍ပေး၏။ ဤသို့သော နည်းဖြင့်သာလျှင် အစဖြစ်သော အိမ်မှ မေးမြန်းလှည့်လည်၏။

သားသေရုပ်လောင်း ပစ်စွန့်ခြင်း

ထို ကိသာဂေါတမီသည် တစ်ခုသောအိမ်၌ ပင်သော်လည်း မုန်ညင်းစေ့တို့ကို မရဘဲ ညနေချမ်းအခါသို့ ကျရောက်သောအခါ၌ ကြံဆင်ခြင်သည်မှာ ဩော် အံ့ဖွယ်ရှိဒေပစ္စ။ ငါသည် ဝန်လေးသောအမှုကို ပြုမိလေစ့၊ ငါသည်သာလျှင် သားငယ်သေလွန်ဘိသည်ဟူသော အမှတ်သညာကို ပြုမိပေသည်။ အလုံးစုံသော ရွာဘို့၌ အသက်ရှည်ရှည် တည်နေရသော သူတို့သည် မျှားစွာ သေလွန်ကုန်၏ဟု ကြံ၏၊ ဤသို့ ကြံစဉ်ပင်လျှင် သားငယ်၌ဖြစ်သော ချစ်ခြင်းသည် နည်းပါး၍ နှလုံးခုိင်မာခြင်းသို့ ရောက်လေ၏။ ကိသာဂေါတမီသည် သားငယ်၏ ရုပ်အလောင်းကို တောခွေ စွန့်ပစ်ပြီးသော် မြတ်စွာဘုရား အထံတော်သို့ သွားရောက်ချဉ်းကပ်ရှိခိုး ဦးချ၍ ထိုင်နေ၏။

ထိုအခါ ဘုရားကိုယ်တော်မြတ်က ကိသာဂေါတမီ အသို့နည်း အသင့်အား တစ်လက်ဆုပ်မျှလောက်သော မုန်ညင်းစေ့ကို ရပါ၏လောဟု မေးတော်မူသဖြင့် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား မရခဲ့ပါ။ အလုံးစုံသော ရွာတို့၌ အသက်ရှည်ရှည် တည်နေရကုန်သော သူတို့သည် မျှားစွာပင် သေလွန်ကြရပါကုန်သည်ဟု လျှောက်၏။

သောတာပန် တည်ကြခြင်း

ထိုအခါ မြတ်စွာဘုရားသခင်က ကိသာဂေါတမီ အသင်သည် ငါ၌သာလျှင် သားငယ်သေဆုံးဘိသည် ဟူ၍ အောက်မေ့ မှတ်ထင်သလော သတ္တဝါတို့အား ဤသေလွန်ခြင်းသည် မြဲသောသဘောသာတည်း။ တစ်ဟုန်တည်း စီးဆင်းနေသော ရေအယဉ်ကြီးကဲ့သို့ သေမင်းသည် မပြည့်စုံနိုင်သော အလိုအဇ္ဈာသယ ရှိကုန်သော သတ္တဝါအားလုံးတို့ကို ဆွဲငင်ယူဆောင်လျက် အပါယ်လေးပါးတည်း ဟူသော မဟာသမုဒ္ဒရာ၌ ထည့်သွင်းလိုက်လေတော့သည်ဟု မိန့်တော်မူပြီး၍ တရားတော်ကို ဟောကြားတော်မူလိုသောကြောင့် ဤဂါထာကို မိန့်တော်မူ၏။

တံ ပုတ္တပသုသမ္မတ္တံ၊ ဗျာသတ္တမနသံ နရံ။
သုတ္တံ ဂါမံ မဟောဃောဝ၊ မစ္စု အာဒါယ ဂစ္ဆတိ။

သားသမီး ကျွဲနွား ဥစ္စာများကို စွဲလမ်းပြီး မရသေးသော အရာကို တောင့်တလိုချင်သော လူအပေါင်းကို အိပ်မောကျနေသော ရွာတစ်ရွာလုံးကို ရေအလျှဉ်ကြီးသည် တိုက်မျှောယူငင်သွားသကဲ့သို့ သေမင်းသည် ခေါ်ဆောင်နိုင်၏။

ထို ကိသာဂေါတမီသည် မြတ်စွာဘုရားကို ရှင်ရဟန်းပြုပေးပါရန် တောင်းပန်လျှောက်ကြား၏။ မြတ်စွာဘုရားသခင်သည် ဘိက္ခုနီမတို့၏ အထံသို့ စေလွှတ်၍ ရှင်ပြုစေ၏။ ကိသာဂေါတမီသည် ရှင်ပြုပြီးသည့်နောက်၌ ပဉ္စင်း၏ အဖြစ်ကိုရ၍ ကိသာဂေါတမီ မထေရ်မဟု ထင်ရှားလေ၏။

ပဋိသမ္ဘိဒါပတ္တ ရဟန္တာမ ဖြစ်ခြင်း

ထိုမထေရ်မသည် တစ်နေ့သောအခါ ဥပုသ်အိမ် သိမ်၌ အလှည့်အကြိမ်သို့ ရောက်၍ ဆီမီးညှိထွန်း ထိုင်နေလျက် ဆီမီးလျှံတို့သည် ပျက်စီးသည်တို့ကို လည်းကောင်း ဖြစ်ပေါ်သည်တို့ကိုလည်းကောင်း ကြည့်ရှု၍ ဤမီးလျှံ အတူသာလျှင် ဤသတ္တဝါတို့သည် ဖြစ်လည်း ဖြစ်ကုန်၏။ ချုပ်လည်းချုပ်ကုန်၏၊ နိဗ္ဗာန်သို့ရောက်ကုန်သော သူတို့သည်သာလျှင် မထင်ကုန်သတည်း ဟူသော အာရုံကိုယူ၏။ မြတ်စွာဘုရားရှင်သည် ဂန္ဓကုဋ္ဌိတိုက်၌ သီတင်းသုံးတော်မူလျက် သာလျှင် ကိုယ်ရောင်တော်ကို လွှတ်၍ ထိုမထေရ်မ၏ မျက်မှောက်၌ ထိုင်ပြီးသည့်ကာလ ပြောဟောဘိသကဲ့သို့ ကိသာဂေါတမီ ဤဆီမီးလျှံ အတူသာလျှင် ဤသတ္တဝါတို့သည် ဖြစ်လည်း ဖြစ်ကုန်၏။ ချုပ်လည်း ချုပ်ကုန်၏။ နိဗ္ဗာန်သို့ ရောက်ကုန်သော သူတို့သည်သာလျှင် မထင်ကုန်သည် ဂေါတမီ နိဗ္ဗာန်ကို မမြင်ကုန်သော သူတို့အား အနှစ်တစ်ရာတိုင်တိုင် အသက်ရှည်ရသောထက်

နိဗ္ဗာန်ကို ရှုမြင်သော ပုဂ္ဂိုလ်၏ တစ်ခဏမျှလည်း ဖြစ်သော အသက်ရှည်ရခြင်းသည် မြင့်မြတ်သည်လျှင်တည်းဟု မိန့်တော်မူပြီး၍ စကားစပ်ကိုပြု၍ တရားတော်ကို ဟောကြားတော်မူလိုသောကြောင့် ဤဂါထာကို မိန့်တော်မူ၏။

ယော စ ဝဿသတံ ဇီဝေ၊ အပဿံ အမတံ ပဒံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော အမတံ ပဒံ။

သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက် မပြုနိုင်သော ပုဂ္ဂိုလ်၏ အနှစ်တစ်ရာ အသက်ရှည်ရခြင်းသည်, သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုသော ပုဂ္ဂိုလ်၏ တစ်နေ့ တစ်ရက် အသက်ရှည်ရခြင်းက ပို၍မြတ်၏။

ထိုဂါထာ၌-အမတံ ပဒံ=ဟူသည် သေခြင်းကင်းရာ အဖို့အစုဟူသော မသေရာ အမြတ်နိဗ္ဗာန် ကို ဆိုလိုသည်။

ဒေသနာတော်၏အဆုံး၌ ကိသာဂေါတမီ ထေရိမသည် ထိုင်နေလျက်သာလျှင် ပဋိသမ္ဘိဒါနှင့်တကွ အရဟတ္တဖိုလ်၌ တည်လေ၏။

ကိသာဂေါတမီဝတ္ထု ပြီး၏။

၁၄။ ဗဟုပုတ္တိကထေရိမဝတ္ထု

ယော စ ဝဿသတံ ဇီဝေ-အစရှိသော ဤတရား ဒေသနာတော်မြတ်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်၌ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဗဟုပုတ္တိကထေရိမကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့သည်။

သာဝတ္ထိပြည်ဝယ် တစ်ခုသောအမျိုး၌ သား ခုနစ်ယောက် သမီးခုနစ်ယောက် တို့သည် ရှိကုန်၏။ ထိုအလုံးစုံသော သားသမီးတို့သည် အရွယ်သို့ရောက်ကုန်သည်ရှိသော် အသီးအသီး အိမ်ရာ တည်ထောင်ခြင်းကို ဖြစ်စေကြ၍ မိမိတို့၏ ကြိုးစားမှုဖြင့် ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာခြင်းသို့ ရောက်ကုန်၏။ ထိုသူတို့အား တစ်နေ့တွင် ဖခင်သည် သေလွန်လေ၏။ မိခင်ဖြစ်သော ဥပါသိကာမကြီးသည် လင်ယောကျ်ား ပျက်စီးသွားသော်လည်း ပစ္စည်း ဥစ္စာ စည်းစိမ်ချမ်းသာကို သားသမီးတို့အား ခွဲခြမ်းဝေဖန်၍ မပေးကမ်း ထိုအခါ သားသမီးတို့က မိခင် အကျွန်ုပ်တို့၏ ဖခင်သည် သေလွန်၍ သွားသည်ရှိသော် မိခင်အား တစ်ယောက်ထီးတည်း ပစ္စည်းဥစ္စာ ကောင်းမွန်စွာ တည်စေ တိုးပွားစေလျက် ကြွယ်ရှပြုပြင် စီရင်ခြင်းဖြင့် အဘယ်အကျိုးရှိပါအံ့နည်း၊ အကျွန်ုပ်တို့သည် တစ်ယောက်တည်းသော မိခင်ကို မလုပ်မကျွေး မပြုစုနိုင်ပါလတ္တံ့လော ဟု

ပြောဆိုကြကုန်၏။ မိခင်သည်လည်း ထိုသားသမီးတို့ ပြောဆိုသောစကားကို ကြားရှိသော်လည်း ဆိတ်ဆိတ်နေသဖြင့် သားသမီးတို့သည် အဖန်ဖန်ပြောဆို သည်ရှိသော် မိခင်သည် "ငါ့အား သားသမီးတို့သည် ပြုစုလုပ်ကျွေးကုန်လတ္တံ့၊ ဤပစ္စည်း ဥစ္စာတို့ကို ကြည့်ရှု စိစစ်စီမံပြုစုရသဖြင့် အဘယ်အကျိုး ရှိတော့အံ့နည်း" ဟု နှလုံးသွင်းပြီးလျှင် အလုံးစုံသော ဥစ္စာနှစ်ကို သားသမီးတို့အား အညီအမျှ ခွဲဝေ၍ ပေး၏။

သားသမီးတို့စိတ်သဘောထား

ထို့နောက် နှစ်ရက်သုံးရက်ကိုလွန်မြောက်သဖြင့် သားအကြီး၏ အိမ်သို့ သွားရောက်၏။ သားအကြီး၏ မယားသည် "သြော်-အံ့ဖွယ်ရှိစွ။ ပစ္စည်းဥစ္စာကို ခွဲဝေပေးစဉ်အခါ ငါ၏အရှင် လင်သည် အကြီးအကဲဖြစ်ပါလျက် တစ်စုံတစ်ခုမျှကို ပိုလွန်၍ ပေးကမ်းသည် မဟုတ်ပါဘဲလျက် နှစ်စုကို ပေးရသကဲ့သို့ ယခုငါတို့၏ ဤအိမ်သို့သာ လာရောက်၍ နေသည်" ဟု စောင်းမြောင်းပြောဆို၏။ ကြွင်းကုန်သော သား၏ အိမ်သို့ သွားရောက် ပြန်သော်လည်း မယားတို့က ဤနည်းအတူသာလျှင် ပြောဆိုကြကုန်၏။ သမီးအကြီးကို အစပြုပြီးသည့်အခါ သမီးတို့ အိမ်သို့ သွားရောက်သော အခါ၌လည်း ရှေးနည်း အတူသာလျှင် ပြောဆိုကြကုန်၏။

ထို ဥပါသိကာမကြီးသည် သားသမီးတို့ မထီမဲ့မြင် ပြုအပ်သည်၏ အဖြစ်သို့ ရောက်၍ ဤသားသမီးတို့၏ အထံ၌ နေသဖြင့် ငါ့အား အဘယ်အကျိုးရှိအံ့နည်း လူ့အဖြစ်မှ ထမြောက်အောင် ခွာရှောင်၍ ရဟန်းဘောင်၌ ရဟန်းပြုပြီးလျှင် အသက်ရှည်တော့အံ့ဟု ကြံပြီးသော် ရဟန်းမိန်းမတို့၏ ကျောင်းသို့ သွားရောက်၍ ရှင်ရဟန်းပြုပေးရန် တောင်းပန်ပြောဆို၏။ ဘိက္ခုနီမတို့သည် ထိုဥပါသိကာမကြီးကို ရှင်ပြု၍ ပေးကြကုန်၏။

ရဟန်းတရားကို ကြိုးစားအားထုတ်ခြင်း

ထိုဥပါသိကာမကြီးသည် ရအပ်သော ပဥ္စင်းအဖြစ် ရှိသည်ဖြစ်၍ ဗဟုပုတ္တိက မထေရ်မ ဟု ထင်ရှား၏။ ထိုမထေရ်မသည် အရွယ်လွန်ပြီး ကြီးရင့်သောအခါ၌ ငါသည် ရဟန်းပြုရပေသည်။ မမေ့မလျော့သည်ဖြစ်၍ ရဟန်းတရားကို ကြိုးစား အားထုတ်မှသာ သင့်လျော်ချေမည်ဟု ကြံ၍ ရဟန်းမိန်းမတို့အား ဝတ်ကြီးဝတ်ငယ်ကို ပြုပြီးသည်ရှိသော် အလုံးစုံသော ညဉ့်ပတ်လုံး ရဟန်းတရား အားထုတ်ခြင်းကို ပြုအံ့ဟူ၍ ပြာသာဒ်၏ အောက်၌ တစ်ခုသော တိုင်ကို လက်ဖြင့်ကိုင်လျက် ထိုတိုင်ကို လှည့်လျက်သာလျှင် ရဟန်းတရား အားထုတ်ခြင်းကို ပြု၏။ အမိုက်တိုက်ဖြင့်ပြီးသော ဤသို့သော နေရာ၌ ငါ့အား စကြံသွားသည့်ရှိသော် သစ်ပင်၌ လည်းကောင်း၊ ညောင်စောင်း၌လည်းကောင်း

တစ်စုံတစ်ခုသော အရပ်၌ ဦးခေါင်းကို ထိပါးတိုက်ခိုက်ပေရာ၏ဟု နှလုံးပြု၍ သစ်ပင်ကို လက်ဖြင့်ကိုင်၍ လှည့်လည် ရစ်ပတ်လျက်သာလျှင် မြတ်စွာဘုရား ဟော ကြားတော်မူ သော တရားတော်ကို သာ ပြုလုပ်အံ့ဟု တရား တော်ကို အောက်မေ့ဆင်ခြင်၍သာ ရဟန်းတရားကို ကြိုးစားအားထုတ်၏။

ပဋိသမ္ဘိဒါပတ္တ ရဟန္တာဝမ ဖြစ်ခြင်း

မြတ်စွာဘုရားသခင်သည် ဂန္ဓကုဋီတိုက်၌ သီတင်းသုံး ထိုင်နေတော်မူလျက် သာလျှင် ကိုယ်ရောင်ကို လွှတ်တော်မူ၍ မထေရ်မ၏ ရှေ့တူရူမျက်မှောက်၌ ထိုင်နေသီတင်းသုံးတော်မူပြီးလျှင် မထေရ်မနှင့် အတူတကွ စကား မိန့်ဆိုတော် မူဘိသကဲ့သို့ "ချစ်သမီး ဗဟုပုတ္တိကာ ငါဘုရား ဟောကြားသော တရားတော်ကို မအောက်မေ့ မဆင်ခြင်သော ပုဂ္ဂိုလ်၏ အနှစ်တစ်ရာ အသက်ရှည်ရှုည် နေရသောထက် ငါဘုရားသည် ဟောကြား မြွက်ဖော် တရားတော်ကို အောက်မေ့ဆင်ခြင်သော ပုဂ္ဂိုလ်၏ တစ်မုဟုတ္တ တစ်ခဏမျှသော်လည်း အသက် ရှည်ရခြင်းသည် မြင့်မြတ် သည်သာတည်းဟု မိန့်တော်မူပြီး၍ စကားစပ်ကို ပြလိုရကား ဤဂါထာကို မိန့်တော်မူ၏။

ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဓမ္မမုတ္တမံ။
ကောဟံ ဇီဝ်တံ သေယျော၊ ပဿတော ဓမ္မမုတ္တမံ။

မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ဟူသော မြတ်သောတရားတော်ကို မရှုမဆင်ခြင်သော ပုဂ္ဂိုလ်အား အသက်တစ်ရာရှည်ရခြင်းထက် မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ဟူသော မြတ်သောတရားတော်ကို ပွားများဆင်ခြင် သော ပုဂ္ဂိုလ်၏ တစ်နေ့တစ်ရက် အသက်ရှည်ရခြင်းသည် သာ၍မြတ်၏။

ဤဂါထာ၌-

ဓမ္မမုတ္တမံ=ဟူသည် လောကုတ္တရာတရား ကိုးပါးတည်း။ ထိုလောကုတ္တရာ တရားသည် မြတ်သောတရား မည်၏ဟု ဆိုလိုသည်။

ဇီဝိတံ သေယျော=ဟူသည် အကြင်သူသည် ထိုလောကုတ္တရာတရား ကိုးပါး ကို မရှုမမြင်၊ ထိုမရှုမမြင်သော ပုဂ္ဂိုလ်၏ အသက်တစ်ရာ ရှည်နေရခြင်းထက် ထိုလောကုတ္တရာတရား ကိုးပါးကို ရှုဆင်ခြင် ထိုးထွင်း၍သိသော ပုဂ္ဂိုလ်၏ တစ်နေ့ တစ်ရက် တစ်ခဏမျှ အသက်ရှည်နေရမူသည် မြတ်၏ဟု ဆိုလိုသည်။

ဒေသနာတော်၏အဆုံး၌ ဗဟုပုတ္တိက ထေရိမသည် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်၌ တည်လေ၏။

ဗဟုပုတ္တိက ထေရိမဝတ္ထု ပြီး၏။
ရှစ်ခုမြောက် သဟဿဝဂ် ပြီး၏။

၉။ ပါပဝဂ်

၁။ စူဋ္ဌကေသာဋ္ဌက ပုဏ္ဏားကြီးဝတ္ထု

အဘိတ္ထရေထ ကလျာဏေ–အစရှိသော ဤတရားဒေသနာတော်မြတ်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် စူဋ္ဌကေသာဋ္ဌက မည်သော ပုဏ္ဏားကြီးကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့သည်။

[ဝိပဿီ မြတ်စွာဘုရားသခင်၏ လက်ထက်တော်၌လည်း ကေသာဋ္ဌက ပုဏ္ဏားကြီးတစ်ယောက်၊ ယခု ငါတို့မြတ်စွာဘုရား လက်ထက်တော်၌ လည်း ကေသာဋ္ဌက ပုဏ္ဏားကြီး တစ်ယောက်အားဖြင့် နှစ်ဦးနှစ်ယောက် ရှိ၏။ ထို့ကြောင့် ရှေးဝိပဿီ မြတ်စွာဘုရား လက်ထက်တော်က ဖြစ်ဖူးသော ကေသာဋ္ဌက ပုဏ္ဏားကြီးကို မဟာကေသာဋ္ဌက ပုဏ္ဏား ကြီးဟူသော အမည်ဖြင့် မှတ်ရာ၏၊ ယခု ဂေါတမ မြတ်စွာဘုရား လက်ထက်တော်၌ ဖြစ်သော ပြဆိုလတ္တံ့သော ကေသာဋ္ဌက ပုဏ္ဏား ကြီးကို စူဋ္ဌကေသာဋ္ဌက ပုဏ္ဏားကြီးဟု ခွဲခြား၍ မှတ်သားရာ၏။]

အကြောင်း အတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့ပေတည်း

ပစ္စုပ္ပန်ဝတ္ထု

သာဝတ္ထိပြည်၌ နေလေ့ရှိသော တစ်ဦးသော ပုဏ္ဏားကြီးအား လွှမ်းရုံ အပ်သော အပေါ် တင် ပုဆိုးသည် တစ်ထည်မျှသာ ရှိသောကြောင့် ကေသာဋ္ဌက ဟူသော အမည်ရှိပေ၏။ မယားဖြစ်သော ပုဏ္ဏေးမအားလည်းကောင်း၊ မိမိ အား လည်းကောင်း နှစ်ဦးနှစ်ယောက်သော သူတို့အား ထိုတစ်ထည်မျှသော အပေါ် တင်ပုဆိုးသာရှိ၏။ ထိုကြောင့် ပုဏ္ဏားကြီးသည် တစ်စုံတစ်ခုသော ကိစ္စဖြင့် အိမ်မှအပ ပြင်ဘက်သို့ သွားသော အခါ၌ ပုဏ္ဏေးမသည် အိမ်အတွင်း၌ နေရ၏။ ပုဏ္ဏေးမသည် တစ်စုံတစ်ခုသောကိစ္စဖြင့် အိမ်မှ အပ ပြင်သို့ ထွက်သွားသော အခါ၌ ပုဏ္ဏားကြီးသည် အိမ်တွင်း၌ နေရ၏။ ထိုအခါ ပုဏ္ဏားကြီးနှင့် ပုဏ္ဏေးမနှစ်ဦးတို့သည် ထိုအပေါ် ရုံပုဆိုးကို တစ်လှည့် စီသာ ရုံရ၏။

တစ်ယောက် တစ်လှည့် တရားနာခြင်း

ထိုအခါ တစ်နေ့သ၌ မြတ်စွာဘုရား ကျောင်းတော်ဝယ် တရားနာ ကြွေးကြော်အပ်သည်ရှိသော် ပုဏ္ဏားကြီးက "အို....ရှင်မ မြတ်စွာဘုရား ကျောင်းတော်၌ တရားနာ ကြွေးကြော်အပ်၏။ အသို့ပေနည်း အသင်သည်

နေ့အခါ၌ တရားနာခြင်းငှါ သွားအံ့လော။ သို့တည်းမဟုတ် ညဉ့်အဖို့၌တည်း သွားပါအံ့လော။ အပေါ် ဝတ်ရုံအပ်သော ပုဆိုးသည် တစ်ထည်သာရှိသော ကြောင့် ငါတို့ နှစ်ယောက် အတူတကွ တစ်ပြိုင်နက်တည်း သွားခြင်းငှါ မတတ်ကောင်း" ဟု ပြော၏။ ပုဏ္ဏေးမက အရှင်ချစ်လင် ကျွန်တော်မသည် နေ့အခါ၌ သွားပါအံ့ဟု ပြောဆို၍ အပေါ်တင် ပုဆိုးကို ရုံပြီးလျှင် သွားလေ၏။

ပုဏ္ဏားကြီးသည် တစ်နေ့ပတ်လုံး အိမ်၌သာလျှင် အချိန် ကုန်လွန်စေ၍ ညဉ့်အဖို့၌ သွားရောက် ပြီးသော် မြတ်စွာဘုရားသခင်၏ ရှေတည့်တည့်မှ ထိုင်နေလျက်သာလျှင် တရားတော်ကို နာ၏။ ထိုသို့ တရားတော်ကို ကြားနာ ရသောအခါ ပုဏ္ဏားကြီး၏ တစ်ကိုယ်လုံး၌ ပျံ့နှံ့လျက် ငါးမျိုးသော ပီတိသည် ဖြစ်၏။ ထိုပုဏ္ဏားကြီးသည် မြတ်စွာဘုရားရှင်ကို ပူဇော်လှူဒါန်းလိုသည် ဖြစ်၍ အကယ်၍ ငါသည် ဤအပေါ်ရုံပုဆိုးကို ပေးလှူခဲ့သည် ဖြစ်အံ့။ ပုဏ္ဏေးမအား လည်းကောင်း၊ ငါ့အားလည်းကောင်း ဝတ်ရုံဖို့ရာ ရှိတော့မည် မဟုတ်ဟု ကြံ၏။ ထိုနောက် မပေးလှူလို ဝန်တိုသော မစ္ဆေရစိတ် တစ်ထောင်သည် ဖြစ်၏။ တစ်ဖန် ပေးလှူလိုသော သဒ္ဓါစိတ်သည် ဖြစ်ပေါ်လာပြန်၏။ ထိုသဒ္ဓါစိတ်ကို ပိတ်ပင်တားဆီး နှိပ်စက်လျက် တစ်ဖန် မစ္ဆေရစိတ် တစ်ထောင် ဖြစ်ပြန်၏။ ဤသို့သော အခြင်းအရာအားဖြင့် ကြီးစွာသော မစ္ဆေရစိတ်သည် နှောင်ဖွဲ့၍ ယူဘိသကဲ့သို့ သဒ္ဓါစိတ်ကို နှိပ်စက် တားမြစ်ပြီးလျှင် ထိုမြတ်စွာဘုရားအား ဤအပေါ်ရုံပုဆိုးကို ပေးလှူရသည်ရှိသော် သင့်လျော်မည်လော မသင့်လျော် မည်လောဟု တွေးတော ကြံစည်စဉ်ပင်လျှင် ညဉ့်၏ ပထမယာမ် ကုန်ခန်းခြင်းသို့ ရောက်လေ၏။

ကေသာဋ္ဌက ပုဆိုးအလှူ

မဇ္ဈိမယာမ်သို့ ရောက်သောအခါ၌လည်း ပေးလှူခြင်းငှါ မစွမ်းနိုင်လေ။ ပစ္ဆိမယာမ်သို့ ရောက်သည်ရှိသော် ထိုပုဏ္ဏားကြီးသည် ကြံဆင်ခြင်သည်မှာ ငါ၏ သဒ္ဓါစိတ်သည် မစ္ဆေရစိတ်နှင့် အတူတကွ ပြိုင်ဆိုင်၍ စစ်ထိုးကြစဉ်ပင်လျှင် ပထမ မဇ္ဈိမ နှစ်ယာမ်တို့ကို လွန်မြောက်ခဲ့ချေပြီ၊ မပေးမလှူလို ဝန်တိုတတ်သော မစ္ဆေရ စိတ်သည် ဤမျှသော အခြင်းအရာဖြင့် ငါ့အား ပွါးများ၍ လာခဲ့သည်ရှိသော် ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ် လေးဘုံသော အပါယ်တို့မှ ဦးခေါင်း ဖေါ်ခြင်းငှါမျှကို သော်လည်း မပေးဖေလတ္တံ့။ ယခုအခါ ငါသည် ထိုအပေါ်ရုံ ပုဆိုးကို လှူဒါန်း ပူဇော်တော့အံ့" ဟု ကြံ၏။ ကြံပြီး၍ကား ထိုပုဏ္ဏားသည် ဆို့ ပိတ် မြေးယှက်ဝင်တတ်သော တစ်ထောင်မျှလောက်သော မစ္ဆေရစိတ်ကို နှိပ်စက်ဖိစီး၍သဒ္ဓါစိတ်ကို ရှေသွားပြုပြီးလျှင် အပေါရုံပုဆိုးကို ယူ၍ မြတ်စွာ ဘုရား ခြေတော်ရင်း၌ စုပုံ တင်ထားပြီးလျှင် "ဇိတံ မေ၊ ဇိတံမေ" "ငါ့အား

အောင်အပ်ပြီ၊ ငါ့အား အောင်အပ်ပြီ”ဟု သုံးကြိမ်တိုင်တိုင် ကျယ်စွာသော အသံဖြင့် ဟစ်အော် ကြွေးကြော်ခြင်းကို ပြု၏။

သာဝတ္ထိပြည်ကြီးရှင် ဘုရင်ပသေနဒီ ကောသလမင်းကြီးသည် တရား တော်ကို ကြားနာလျက် ပုဏ္ဏားကြီး ကြွေးကြော်သော ထိုအသံကို ကြားတော် မူ၍ မင်းချင်းယောကျ်ားတို့ကို “အချင်းတို့ ဤသူကို မေးကြကုန်လော့ ဤသူသည် တစ်စုံတစ်ခုကို အောင်မြင်ပေလိမ့်မည်”ဟု မိန့်ဆို စေခိုင်းတော်မူ၏။ မင်းချင်းယောကျ်ားတို့သ ည် သွားရောက် မေးအပ်သည်ရှိသော် ထိုအကြောင်း အလုံးစုံကို အကုန်ပြန်ကြား၏။ ပသေနဒီ ကောသလမင်းကြီးသည် ထိုစကားကို ကြားသိတော်မူလျှင် ဤပုဏ္ဏားကား ပြုနိုင်ခဲ့လှသောအမှုကို ပြုစု လှ။ ဒါန်း ပေ၏။ ငါသည် ပုဏ္ဏားအား ချီးမြှင့်ခြင်းကို ပြုအံ့ဟု နှလုံးသွင်းတော်မူ၍ တစ်ခုသော ပုဆိုးအစုံကို ပေးပို့၏။ ထိုပုဏ္ဏားသည် မင်းကြီးပေးပို့သော ပုဆို း အစုံကိုလည်း မြတ်စွာဘုရားရှင်အား သာလျှင် လှ။ ဒါန်းပူဇော်၏။ မင်းကြီးသည် တင်ဖန် နှစ်စုံသော ပုဆိုး၊ လေးစုံသော ပုဆိုး၊ ရှစ်စုံသော ပုဆိုး၊ တစ်ဆယ့် ခြောက်စုံသော ပုဆိုးတို့ကို နှစ်ဆတက်တိုးသည်ကို ပြု၍ ပေးကမ်းချီးမြှင့်တော် မူ၏။ ပုဏ္ဏားကြီးသည် ထိုပုဆိုးတို့ကို မြတ်စွာဘုရားအားသာလျှင် ပေးလှ။ ပူဇော်ပြန်၏။ ထိုနောက်တစ်ဖန် မင်းကြီးသည် ပုဏ္ဏားအား သုံးဆယ့်နှစ်စုံသော ပုဆိုးတို့ကို ပေးပို့စေပြန်၏။ ပုဏ္ဏားကြီးသည် မိမိအား ပြည့်ရှင်မင်းကြီးက ဆတက်ဆမ်းပိုး တိုးချတိုးချသာ ပေးသနားအပ်သည် ဒ။ ဖြစ်ကုံ သိသောကြောင့် ရတိုင်းရတိုင်းသော ပုဆိုးတို့ကို စွန့်လွှတ် ပေးလှ။ လေဘိသည်ဟု သူတစ်ပါးတို့ ကဲ့ရဲ့ရွဲတ်ချစကား ပြောကြသည်မှ လွတ်စေခြင်းငှါ ထိုသုံးဆယ့်နှစ်စုံသော ပုဆိုးမှ မိမိအလို့ငှါ ပုဆိုးတစ်စုံ ပုဏ္ဏားမ အလို့ငှါ ပုဆိုးတစ်စုံအား ဖြင့် နှစ်စုံသော ပုဆိုးတို့ကို ယူထား၍ ကြင်းကုန်သော သုံးဆယ်ကုန်သော ပုဆိုးအစုံတို့ကို မြတ်စွာဘုရားအားသာလျှင် ပေးလှ။ ပူဇော်လေ၏။ ပသေနဒီ ကောသလမင်းကြီး သည် ထိုပုဏ္ဏားဌ ခုနစ်ကြိမ်တိုင်တိုင် ပေးကမ်းချီးမြှင့်ရပြီးသော်လည်း နောက်၌ တစ်ဖန် ပေးကမ်းချီးမြှင့်လိုသော စိတ်ရှိသည်သာလျှင်တည်း။

[မဟာ ကောသဠက ပုဏ္ဏားကြီးနှင့် စူဠ ကောသဠက ပုဏ္ဏားကြီး တို့၏ အထူးမှာကား ရှေးဝိပဿီမြတ်စွာဘုရား လက်ထက်တော်၌ ဖြစ်ပေါ်သော ကောသဠက ပုဏ္ဏား သည် ခြောက်ဆယ့်လေးစုံကုန်သော ပုဆိုးတို့ဝင် နှစ်စုံကုန်သော ပုဆိုးတို့ကို ထုတ်နုတ်ယူငင်၏။ ယခု ဂေါတမဘုရား လက်ထက်တော်၌ ဖြစ်သော စူဠ ကောသဠက ပုဏ္ဏား သည်ကား သုံးဆယ့်နှစ်စုံသော ပုဆိုးတို့ဝင် နှစ်စုံသော ပုဆိုးကို ထုတ်နုတ်ယူငင်၏။ ဤမျှလောက်သာ ထူးသတည်း။ ဤကားအမှာ။]

အဖိုးတစ်သိန်းထိုက် ကမ္ပလာ

ပသေနဒီ မင်းမြတ်သည် မင်းချင်းယောက်ျားတို့ကို အို အချင်းတို့ ဤပုဏ္ဏား ကြီးသည် ပြုနိုင်ခဲ့လှစ္ဆာသော ခဲယဉ်းသောအမှုကို ပြုပေ၏။ ငါ၏နန်းတော် တွင်း၌ ကမ္ပလာနှစ်ထည်တို့ကို ဆောင်ယူခဲ့ကုန်လော့ဟု ခိုင်းစေတော်မူသဖြင့် မင်းချင်းယောက်ျားတို့ လျင်မြန်စွာ ပြန်သွားဆောင်ယူ ဆက်သအပ်ကုန်သည် ရှိသော် မင်းကြီးသည် အဖိုးတစ်သိန်းထိုက်သော ထိုကမ္ပလာ နှစ်ထည်တို့ကို ပုဏ္ဏားကြီးအား ပေးစေ၏။ ပုဏ္ဏားကြီးသည် ဤ ကမ္ပလာတို့သည်ကား အဖိုး ထိုက်သည်ဖြစ်၍ အလွန်မွန်မြတ်၏။ ငါ၏ကိုယ်၌ ခြုံရုံ သုံးဆောင်ခြင်းငှါမထိုက် မြတ်စွာဘုရား သာသနာတော်အားသာလျှင် သင့်လျော်လျောက်ပတ် ထိုက်တန် လေသည်ဟု ကြံ၍ တစ်ထည်သော ကမ္ပလာကို ဂန္ဓကုဋ္ဌိတိုက်အတွင်း၌ မြတ်စွာ ဘုရား လျောင်းအိပ်တော်မူရာ ဖြစ်သော နေရာ၏ အထက်ဝယ် ဗိတာန် ကြက်သည်ကို ပြု၍ဖွဲ့ချည်၏။ တစ်ထည်သော ကမ္ပလာကို မိမိအိမ်၌ အမြဲ ဆွမ်းဘုဉ်းပေးသော ရဟန်းတစ်ပါး၏ ဆွမ်းစားခြင်းကိစ္စကို ပြုရာအရပ်၌ ဗိတာန်ကြက်၍ ဖွဲ့ချည်၏။

သဗ္ဗစတုက္က ဆုရခြင်း

ပသေနဒီ ကောသလမင်းကြီးသည် ညချမ်းသောအခါ၌ မြတ်စွာဘုရား အထံတော်သို့ သွားရောက် ဆည်းကပ်၍ ဗိတာန် ကြက်ထားသော ထို ကမ္ပလာကို မှတ်မိသောကြောင့် "ဘုန်းတော် ကြီးတော်မူသော မြတ်စွာ ဘုရား ဤဗိတာန်ကို အဘယ်သူသည် ပူဇော်လှူဒါန်းခြင်းကို ပြုအပ်ပါ သနည်း"ဟု မေးလျောက်၍ ဒကာတော်မင်းကြီး ကေသာဋ္ဌက ပုဏ္ဏား ကြီးသည် ပြုလှူပေသည်ဟု မိန့်တော်မူသည် ရှိသော် ပုဏ္ဏားကြီးသည် ဒကာတော်၏ ကြည်ညို နှစ်သက်သော အရာဌာန၌ သာလျှင် ကြည်ညို လှူဒါန်းပြုစုပါပေသည်ဟု လျောက်ထား ပြန်လည်လာခဲ့ပြီးလျှင် ပုဏ္ဏားကြီးကို ခေါ်တော်မူ၍ လေ.စီးသော ဆင်၊ လေးစီးသော မြင်း၊ လေးထောင်သော အသပြာ၊ လေးယောက်သော မိန်းမ၊ လေးယောက်သော ကျွန်မ၊ လေး ယောက်သော ယောက်ျား၊ လေးခုသော ရွာမြတ်အားဖြင့် ခုနစ်လီ ခုနစ်ကြိမ် တိုင်တိုင် လေးခုအပေါင်းရှိသော သဗ္ဗစတုက္ကမည်သော ဆုကို ပုဏ္ဏားကြီးအား ပေးသနားတော်မူ၏။

သောတာပန် တည်ခြင်း

ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့ ဩဝ်-အံဖွယ်ရှိစွတကား၊ စူဋ္ဌ ကေသာဋ္ဌက ပုဏ္ဏားကြီးအား ပြုအပ်သော ကုသိုလ်ကံသည် တစ်မုဟုတ္တ

တစ်ခဏမျှဖြင့်သာ သဗ္ဗစတုက္က မည်သောဆုကို ရရှိခံစား ရလေသည်။ ဤ ယခုအခါ၌ ပြုအပ်သော ကုသိုလ်ကောင်းမှုသည် ပာနေ့ပင်လျှင် အကျိုးပေး လေသည် ဟူသော စကားကို ဖြစ်စေကြကုန်၏။

မြတ်စွာဘုရားသခင်သည် တရားသဘင်သို့ ကြွဝင်တော်မူလာ၍ ချစ်သား ရဟန်းတို့ ငါဘုရား ကြွတော်မူလာသော ဤယခုအခါ၌ အဘယ်ကဲ့သို့သော စကားဖြင့် ပြောကြားစည်းဝေး နေထိုင်ကြကုန်ဘိသနည်းဟု မေးတော်မူ၍ ဤအမည်ရှိသော အကြောင်းပါတည်းဟု လျှောက်ထားသည်ရှိသော် ချစ်သား ရဟန်းတို့၊ ဤကေသာဌက ပုဏ္ဏားကြီးသည် ပထမယာမ်၌ ငါဘုရားအား အကယ်၍ ပေးလှူခြင်းငှါ စွမ်းနိုင်ခဲ့သည်ဖြစ်အံ့ အလုံးစုံ အပေါင်းအစု တစ်ဆယ့် ခြောက်ခုသော သဗ္ဗသောဌသကဆုကို ရပေရာ၏။ မဇ္ဈိမယာမ်၌ အကယ်၍ လှူခြင်းငှာ စွမ်းနိုင်ခဲ့သည် ဖြစ်အံ့၊ အလုံးစုံ အပေါင်းအစု ရှစ်ခု အရေအတွက် ရှိသော သဗ္ဗဌကမည်သော ဆုကို ရပေရာ၏။ ယခုအခါ ပုဏ္ဏားကြီးသည် အားကြီးသော ပစ္ဆိမယာမ်၌သာလျှင် လှူဒါန်းအပ်သည့် အဖြစ်ကြောင့် သဗ္ဗ-စတုက္ကဆုကို ရလေ၏။ ချစ်သား ရဟန်းတို့ ကောင်းမှုကုသိုလ်ကံကို ကြံစည် အားထုတ် ပြုလုပ်လိုသဖြင့် ဖြစ်ပေါ်လာသော စိတ်ကို မယုတ်စေမူ၍ ကြံစည် ဖြစ်ပေါ်သော ခဏ၌သာလျှင် ပြုစုအားထုတ်အပ်၏။ နုံ့နှေးကြန့်ကြာသဖြင့် ပြုစုအားထုတ်အပ်သော ကုသိုလ်ကံသည် အကျိုးပေးသည်ရှိသော် နုံ့နှေးသည် ဖြစ်၍သာလျှင် အကျိုးကို ပေးတတ်၏။ ထိုကြောင့် ကြံစည်ဖြစ်ပေါ်သော အခြားမဲ့၌သာလျှင် ကုသိုလ်ကောင်းမှုကို ပြုစုအားထုတ်အပ်၏ဟု မိန့်တော် မူပြီးသော် အနုသန္ဓေကိုစပ်၍ တရားတော်ကို ဟောကြားတော် မူလိုသော ကြောင့် ဤဂါထာကို မိန့်တော်မူ၏။

အဘိတ္ထရေထ ကလျာဏေ၊ ပါပါ စိတ္တံ နိဝါရယေ။
ဒန္ဓံဟိ ကရောတော ပုညံ၊ ပါပသ္မိံ ရမတိ မနော။

ကုသိုလ်ကောင်းမှု မပြုလုပ်သော သူ၏ စိတ်သည် နုံ့နှေးတတ်၏။ ထို့ကြောင့် ကောင်းမှုကုသိုလ်ကို အဆောတလျင် ပြုကုန်သော သတ္တဝါတို့၏ စိတ်သည် မကောင်းမှု၌ မွေ့လျော်တတ်၏။ ထို့ကြောင့် မကောင်းမှုမှ စိတ်ကို တားမြစ် ရာ၏။

အဘိတ္ထရေထ=ဟူသည် အဆောတလျင် အလျင်အမြန် ပြုလုပ်ရာ၏ဟု ဆိုလိုသည်။ လူပုဂ္ဂိုလ်များမှာ စာရေးတန် ဆွမ်းဒါနစသည်တို့တွင် ကုသိုလ်မှု တစ်ခုခုကို ပြုအံ့ဟူ၍ စိတ်ကူးဖြစ်လာခဲ့သော် အခြားသူတို့ အခွင့်မရနိုင်သည်။ ငါရှေ့ဆုံး ဦးအောင်ဟူ၍ အဆောတလျင် ပြုသင့်၏။ အရှင်ရဟန်းများမူ

ဥပဇ္ဈာယ်ဝတ် စသည်တို့ကို ပြုသည့်အခါ သူတပါးအား အခွင့်မပေးမူ၍ ငါပထမ ငါအလျင်ဟူ၍ အဆောတလျင် ပြုရမည်။

ပါပါစိတ္တံ=ဟူသည် ကာယဒုစရိုက်စသော မကောင်းမှုကံမှ လည်းကောင်း အကုသိုလ် စိတ္တုပ္ပါဒ်မှလည်းကောင်း စိတ်ကို အစွမ်းကုန် တားမြစ်ရာ၏။

ဒန္ဓံ ဟိ ကရောတော=ဟူသည် အကြင်သူသည် ပေးရအံ့လော-မပေးရ အံ့လော ပြည့်စုံအံ့လော-မပြည့်စုံအံ့လော ဤကဲ့သို့ ရှုံညွှန်ထူသောလမ်းကို သွား ရသကဲ့သို့ ကုသိုလ်ကောင်းမှုကို နှေးကွေးစွာပြု၏၊ ထိုဧကသာဌက ပုဏ္ဏားအား ယုတ်မာသော ဝန်တိုစိတ် တစ်ထောင်သည် အခွင့်ရသကဲ့သို့တည်း။

ပါပသို့ ရမတိ မနော=ဟူသည် စိတ်သည် ကောင်းမှုကုသိုလ် ပြုခိုက်၌ သာလျှင် ကောင်းမှု၌ မွေ့လျော်၏ ထိုမှလွတ်သွားလျှင် မကောင်းမှုဘက်သို့ ကိုင်းရှိုင်းသွားလေတော့သည်။

ထိုဒေသနာ ဂါထာ၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာ ပတ္တိဖိုလ်-စသည်တို့သို့ ရောက်လေကုန်၏။

စူဠဧကသာဌက ပုဏ္ဏားကြီးဝတ္ထု ပြီး၏။

၂။ သေယျသက မထေရ်ဝတ္ထု

ပါပဥ္ဇေ ပုရိသော–အစရှိသော ဤဓမ္မဒေသနာတော်ကို ရှင်တော်ဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သေယျသက အမည်ရှိသော မထေရ်တစ်ပါးကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုသေယျသက ရဟန်းသည် လာဋ္ဌုဒါယီမထေရ်၏ အတူနေ တပည့်တည်း။ ထိုသေယျသက ရဟန်းသည် နောက်တစ်ရံတစ်ခါ၌ မိမိသည် သာသနာတော်၌ မမွေ့လျော်နိုင်သော အဖြစ်ကို ဆရာဖြစ်သော လာဋ္ဌုဒါယီ မထေရ်အား ပြောကြား၍ ထိုဆရာဖြစ်သော လာဋ္ဌုဒါယီ မထေရ်သည် ပထမသံဃာဒိသိသ် အမှု၌ တိုက်တွန်းဆောက်တည် ပြုလုပ်စေသောကြောင့် သာသနာတော်၌ မမွေ့လျော်ခြင်း ဖြစ်တိုင်းဖြစ်တိုင်း ထိုပထမသံဃာဒိသိသ် အမှုကို ပြု၏။ မြတ်စွာဘုရားရှင်သည် ထိုသို့ပြုသောအမှုကို ကြားသိတော်မူ၍ ထိုသေယျသက ရဟန်းကို ခေါ်စေတော်မူပြီးလျှင် သေယျသက အသင်သည် ဤသို့ပြုလုပ်သော ဟူသည် ဟုတ်မှန်ပေသလောဟု မေးတော်မူ၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဟုတ်မှန်ပါသည်ဟု လျှောက်ထားသည်ရှိသော် အသင်သည်

ဝန်လေးသော အမှုကို အဘယ်ကြောင့် ပြုဘိသနည်း၊ မင်္ဂိုလ်မှ အချည်းနှီး ဖြစ်သော ယောကျ်ား ဤသို့သော အမှုကို ပြုကျင့်ခြင်းငှါ မသင့်တင့် မလျောက်ပတ်ဟု အထူးထူး အပြားပြား များစွာသော အခြင်းအရာဖြင့် ကဲ့ရဲ့ချတ်ချတော်မူပြီးသော် သိက္ခာပုဒ်ကို ပညတ်တော်မူ၍ ဤသို့သဘော ရှိသော အမှုကို ပြုကျင့်လွန်ကျူးခြင်းသည် မျက်မှောက်ပစ္စုပ္ပန် အတ္တဘောဌ်လည်းကောင်း၊ တမလွန်လောက နောက်နောင်သော ဘဝဌ်လည်းကောင်း အလွန်အကဲ ဆင်းရဲဒုက္ခကို ဖြစ်စေတတ်သည်သာလျှင်တည်းဟု မိန့်တော်မူပြီး ပျင် အနုသန္ဓေကို ပယ်၍ တရားတော်ကို ဟောကြားတော်မူလိုသောကြောင့် ဤဂါထာကို မိန့်တော်မူ၏။

ပါပဉ္စေ ပုရိဒသော ကယိရာ၊ န နံ ကယိရာ ပုနပ္ပုနံ၊
န တမ္ပိ ဆန္ဒံ ကယိရာထ၊ ဒုက္ခော ပါပဿ ဥစ္စယော။

ယောကျ်ားသည် အကယ်၍ မကောင်းမှု ပြုမိငြားအံ့၊ ထိုအမှုကို ထပ်ခါထပ်ခါ မပြုရာ၊ မကောင်းမှုဌ် ဆန္ဒကို မပြုကုန်လင့်၊ မကောင်းမှု စုစည်းတိုးပွားခြင်းသည် ဆင်းရဲ၏။

ထိုဂါထာ၏ အဓိပ္ပါယ်မှာ– အကယ်၍ ယောကျ်ားသည် မကောင်းမှုကို စာစ်ကြိမ် ပြုမိအံ့၊ ထိုခဏဌ်သာလျှင် ဤအမှုကား မသင့်လျော် ဤအမှုကား ရှုန့်ရင်းကြမ်းတမ်း၏ဟု ဆင်ခြင်၍ ထိုအမှုကို ထပ်ခါထပ်ခါ မပြုရာ၊ ထိုအမှုဌ် လိုလားနှစ်သက်မှု ဖြစ်လာပါက ထိုနှစ်သက်မှုကို ပယ်ဖျောက်၍ ပြုလုပ်ဘဲနေရာ၏၊ အဘယ့်ကြောင့်နည်း၊ မကောင်းမှု စုဆောင်းမိလျှင် တိုးပွားလာလျှင် ဤလောကနှင့် တမလွန်လောကဌ် ဆင်းရဲကိုသာ ဆောင်အပ်၏။

ထိုဒေသနာ ပါဠိဂါထာ၏ အဆုံးဌ် များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

ဆေယျသကမထေရ်ဝတ္ထု ပြီး၏။

၃။ လာဇာနတ်သမီးဝတ္ထု

ပုဉ္ဉဉ္စေ အစရှိသော ဤဂါထာကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ဌ် သီတင်းသုံးနေတော်မူစဉ် လာဇာအမည်ရှိသော နတ်သမီးကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

အရှင်မဟာကဿပ မထေရ်မြတ်သည် ရာဇဂြိုဟ်ပြည်၏အနီး ပိပ္ပလိဂူလိုဏ်ဥစ္စာ သီတင်းသုံးတော်မူလျက် စျာန်ကို ဝင်စားတော်မူ၍ ခုနစ်ရက်မြောက်သော် နွေဦးစျာန်မှ ထတော်မူသည်ရှိသော် ဒီဗ္ဗစက္ခုဖြင့် ဆွမ်းခံဂုဏ် အရပ်ကို သတ်မှတ်ကြည့်ရှုတော်မူသည်ရှိသော် သလေးနှံကိုယူ၍ ပေါက်ပေါက်ပြုလျက်နေသော သလေးခင်းစောင့်တစ်ယောက် မိန်းမကိုမြင်တော်မူ၍ "အသို့နည်း ဒါယိကာမသည် သဒ္ဓါတရားရှိသလော သဒ္ဓါတရား မရှိသလော"ဟု စူးစမ်းဆင်ခြင်တော်မူ၏။ သဒ္ဓါတရားရှိသည်အဖြစ်ကို သိတော်မူပြီး၍ ငါ့အား သင်္ဂြိုဟ်ချီးမြှင့်ပေးကမ်းလှူဒါန်းနိုင်အံ့လောဟု ဆင်ခြင်တော်မူပြန်သည်ရှိသော် ရဲရင့် ဝံ့ကြွသော အမျိုးသမီးသည် ငါ့ကိုသင်္ဂြိုဟ်ချီးမြှင့် ပေးကမ်းခြင်း ပြုလတ္တံ့၊ ထို့သို့ ပြုခြင်းကြောင့်လည်း ကြီးကျယ်မြင့်မြတ်သော စည်းစိမ်ချမ်းသာကို ရပေလတ္တံ့'ဟု သိမြင်တော်မူပြီး သင်္ကန်းကိုရုံတော်မူပြီး၍ သပိတ်ကိုယူပြီးလျှင် သလေးခင်း၏အနီးဌာသာလျှင် ရပ်တည်တော်မူ၏။ အမျိုးသမီးသည် မထေရ်ကို မြင်သကတည်းကပင်လျှင် ကြည်ညိုသော စိတ်ရှိသဖြင့် ငါးမျိုးရှိသော ပီတိဖြင့် တွေ့ဆိုသော ကိုယ်ရှိရကား ဘုန်းတော်ကြီးတော်မူသော အရှင်ဘုရား ခေတ္တရပ်တန့်ခြေတော်မူပါဦးဟု လျှောက်ကြား၍ ပေါက်ပေါက်တို့ကိုယူပြီး လျင်စွာသော အဟုန်ဖြင့် သွားရောက်လျက် မထေရ်၏သပိတ်၌ ထည့်လောင်း၍ ငါးပါးသော တည်ခြင်းဖြင့်ရှိခိုးဦးချပြီးသော် ဘုန်းတော်ကြီးသောအရှင်ဘုရား၊ ဤကောင်းမှုကုသိုလ်ကံကြောင့် အရှင်ဘုရားတို့သည် မျက်မှောက်ထင်ထင် သိမြင်အပ်သော တရာ၏အဖို့ကဲ့သည် ဖြစ်ရပါလို၏ဟု ဆုတောင်းခြင်းကို ပြု၏။

ရွှေဗိမာန်၌ နတ်သမီးဖြစ်ခြင်း

မထေရ်ကလည်း "ဤသို့ အသင်ဆုတောင်းတိုင်း ဖြစ်စေလော့"ဟု ဒေါနမောဒနာကို ပြုတော်မူ၏။ ထိုအမျိုးသမီးသည်လည်း မထေရ်ကို ရှိခိုးဦးချ၍ မိမိပြုလုပ်လှူဒါန်းအပ်သောဒါနကို ဆင်ခြင်လျက် ဆုတ်နစ်ပြန်လည်၍လာခဲ့၏။ ထိုအမျိုးသမီး သွားလာရာဖြစ်သော လယ်ကန်သင်းလမ်းခရီး၌ တစ်ခုသောတွင်း ဝယ်ကြမ်းတမ်းသော အဆိပ်ရှိသော တစ်ကောင်သောမြွေသည် အိပ်နေ၏။ ထိုမြွေသည် မထေရ်ကသွားသည်ရှိသော်သလုံးမြင်းခေါင်းကို သင်္ကန်းဖြင့်ဖုံးလွှမ်းအပ်သည်ဖြစ်သောကြောင့် မထေရ်အားကိုက်ခြင်းငှါ မစွမ်းနိုင်။ အမျိုးသမီး ဒါယိကာမသည် မိမိပြုလှူအပ်သော ဒါနကိုအောက်မေ့၍ ဆုတ်နစ်ပြန်လည်ခဲ့သောအခါ မြွေရှိသော ဆိုးနေရာသို့ ရောက်လာသဖြင့် မြွေသည်ဘင်းဝမှ ထွက်လာ၍ ထိုအမျိုးသမီးကို ကိုက်ခဲ့ပြီး ထိုနေရာ၌ပင် လဲကျစေ၏။

ထိုလယ်စောင့်အမျိုးသမီးသည် ကြည်ဖြူသောစိတ်ဖြင့် သေလွန်ခြင်းကိုပြုခဲ့သည်ရှိသော် တာဝတိံသာနတ်ပြည်ဝယ် ယူဇနာသုံးဆယ်ရှိသော ရွှေဗိမာန်

ကြီးဌ္ဌ အိပ်ပျော်သောယောကျ်ား နိုးသော်လားကဲ့သို့ အလုံးစုံသောတန်ဆာတို့ဖြင့် တန်ဆာဆင်အပ်သောသုံးဂါဝုတ်ပမာဏရှိသော အာတ္တဘောခန္ဓာကိုယ်ဖြင့် ဖြစ်လေ၏။ တစ်ဆယ့်နှစ်ယူဇနာရှိသော နတ်ဌ်ဖြစ်သော နတ်ပုဆိုးကိုဝတ်၍ တစ်ကာယ်ကို သိုင်းရုံလျက် နတ်သမီးတစ်ထောင်ခြံရံပြီးလျှင် မိမိရှေးဘဝကပြုခဲ့ဖူးသော ကောင်းမှုကိုပြုခြင်းငှါ ဗိမာန်၏တံခါးဌ္ဌ ရှေ့ဖြင့်ပြီးသောပေါက်ပေါက်ပန်းတို့ဖြင့် ပြီးသော တဲ့လဲဆဲ့သော ရှေ့ခွက်တို့ဖြင့် တန်ဆာဆင်လျက်တည်၏။

ထိုနတ်သမီးသည် မိမိ၏ စည်းစိမ်ချမ်းသာကို ကြည့်ရှု၍ အသို့နည်း၊ ငါသည် အဘယ်သို့သော ကုသိုလ်ကောင်းမှုကို ပြုစု အားထုတ်ခြင်းကြောင့် ဤသို့သော စည်းစိမ်ချမ်းသာကို ရပါလိမ့်မည်နည်းဟု နတ်တို့မျက်စိဖြင့် ကြည့်ရှု ဆင်ခြင် အပ်သည် ရှိသော် အရှင် မဟာကဿပမထေရ်အား လှူဒါန်းအပ်သော ပေါက်ပေါက်ပင့် အလှူ၏ အကျိုးဖြင့် ရရှိပေသည်ဟု သိလေ၏။ ထိုနတ်သမီးသည် "ငါသည် အနည်းငယ်မျှသော ကောင်းမှုကံကြောင့် ဤသို့သဘောရှိသော စည်းစိမ် ချမ်းသာကြီးကို ရဘိလေသည်။ ယခုအခါ ငါသည် မဲ့လျော့နေခြင်းငှာ မသင့်လျော်၊ အရှင် မထေရ်မြတ်အား ဝတ်ကြီး ဝတ်ငယ် ရွက်ဆောင်ဖွယ်ရာ အမှုကိစ္စကို ပြုစု ရွက်ဆောင်၍ ဤစည်းစိမ်ချမ်းသာ မြင့်ရှည်စွာ တည်သည်ကို ပြုအံ့" ဟု ကြံ၍ နံနက်စောစောကပင် ရှေ့ဖြင့်ပြီးသော တံမြက်ဆုပ်ကိုလည်းကောင်း၊ အမှိုက်ကျုံးယူ၍ စွန့်ပစ်ရန် ရှေ့ဖြင့်ပြီးသော ခြင်းကောင်းကိုလည်းကောင်း ကိုင်ယူဆဲ့ဝင်၍ သက်ဆင်းလာရောက်ပြီး အရှင်မဟာကဿပမထေရ်၏ ပရိဝုဏ်ကို တံမြက်လှည်းပြီး၍ သောက်ရေ သုံးဆောင်ရေတို့ကို တည်ထား၏။

ရှေတံမြက်စည်းနှင့် နတ်သမီး

မထေရ်သည် ထိုသို့ ပြုစုလုပ်ကိုင်၍ထားသော အခြင်းအရာကို တွေ့မြင်၍ သူငယ် တစ်စုံတစ်ယောက်သည် လည်းကောင်း၊ သာမဏေတစ်စုံတစ်ယောက် သည်လည်းကောင်း တက်ကြီးဝတ်ငယ်ကို ပြုအပ်သည်ဖြစ်ပေလိမ့်မည်ဟုမူတ်ထင်တော်မူ၏။ ထိုလာဇာ နတ်သမီးသည် ဒုတိယနေ့၌လည်း ရှေးနည်းအတူပင် ပြု၏။ မထေရ်ကလည်း ရှေးနည်းအတူသာလျှင် မှတ်ထင်တော်မူ၏။ ဝ.တိယနေ့၌ မထေရ်သည် ထိုနတ်သမီး၏ တံမြက်လှည်းသံကို ကြား၍ တံခါး၏ သံကောက်ပေါက်တို့ဖြင့် ပုံ့နှံ့ ဝင်ရောက်လာသော ကိုယ်ရောင်ကိုမြင်လျှင် တံခါးကို ဖွင့်လှစ်တော်မူပြီးသော် ဤ၌ တံမြက်လှည်းသောသူကား အဘယ်သူဖြစ်သနည်းဟု မေးတော်မူ၏။ အရှင်ဘုရား တပည့်တော်မသည် အရှင်ဘုရားတို့၏ အလုပ်အကျေး လာဇာနတ်သမီးပါတည်းဟု လျှောက်၏။

ငါ့အား ဤအမည်ရှိသော အလုပ်အကျွေး ဒါယိကာမသည် မရှိချေဟု မိန့်တော်မူသော်၊ အရှင်ဘုရား တပည့်တော်မသည် သလေးခင်းကို စောင့်ရှောက်၍နေစဉ် အရှင်ဘုရား ကြွလာတော်မူ၍ ပေါက်ပေါက်ပွင့်တို့ကို လျှုဒါန်းပြီး ဝမ်းမြောက်သော စိတ်စေတနာနှင့် ဆုတ်နစ်ပြန်လည်ရာ အဆိပ်ပြင်းသော မြွေသည် ခဲအပ်သောကြောင့် သေလွန်၍ တာဝတိံသာ နတ်ပြည်၌ ဖြစ်ရပါသည်၊ အရှင်ဘုရား တပည့်တော်မသည် အရှင်ဘုရားကို အမှီပြုပြီး ဤစည်းစိမ်ချမ်းသာကို ရအပ်သည်ဖြစ်၍ ဤယခုအခါ၌လည်း အရှင်ဘုရား တို့အား ဝတ်ကြီး ဝတ်ငယ်ကိုပြုပြီးလျှင် စည်းစိမ် ချမ်းသာကို အမြဲထာဝရ ခိုင်ခံ့ တည်တံ့ခြင်းကို ပြုလုပ်အံ့ဟု နှလုံးသွင်းပြီး လာရောက် ပြုစုပါသည်ဟု လျှောက်၏။

နတ်သမီး မနေ့တစ်နေ့ကလည်း အသင်သည်ပင် ဤအရပ်၌ တံမြက်လှည်း သလော၊ အသင်သည်ပင်လျှင် သောက်ရေ သုံးဆောင်ရေတို့ကို တည်ထား သလောဟု မေးတော်မူသဖြင့်၊ မှန်ပါသည် အရှင်ဘုရားဟု လျှောက်သည် ရှိသော် အသင်နတ်သမီး ဖဲသွားလော့၊ အသင်ပြုအပ်ပြီးသော ဝတ်ကြီး ဝတ်ငယ်မှာမူကား ပြုအပ်သည်ပင် ရှိစေတော့။ ဤအခါမှစ၍ နောက်နောင် ကာလကို ဤဌာန ဤအရပ်သို့ မလာခဲ့လင့်ဟု မိန့်တော်မူ၏။ လာဇာ နတ်သမီးသည် အရှင်ဘုရား တပည့်တော်မကို မဖျက်ဆီးပါကုန်လင့်။အရှင်ဘုရား တို့၏ ဝတ်ကြီး ဝတ်ငယ်ကို ပြုပြီး စည်းစိမ် ချမ်းသာ၏ မြဲမြံ ခိုင်ခံ့ တည်တံ့ သည်ကို ပြုခြင်းငှာ တပည့်တော်မအား အခွင့်ကို ပေးသနားတော်မူပါကုန် လော့ဟု တောင်းပန်၏။

အသင်နတ်သမီး ဖဲသွားပါလော့၊ ငါ့အား နောင်အခါ၌ ဆန်းကြယ်သော ယပ်ကို ကိုင်ယူ၍ ပရိသတ်အလယ်ဝယ် တင့်တယ်စွာ ထိုင်နေ သီတင်းသုံးပြီး တရားဟော ဓမ္မကထိက ပုဂ္ဂိုလ်တို့သည် "မဟာကဿပ မထေရ်ကြီးအား နတ်သမီးတစ်ယောက်သည် လာရောက်၍ ဝတ်ကြီးဝတ်ငယ်တို့ကို ပြုပြီးလျှင် သောက်ရေ သုံးဆောင်ရေကို တည်ထား လုပ်ကျွေးဖူးသတဲ့"ဟု ဤကဲ့သို့ ပြောဆိုအပ်သည်ကို မပြုပါ လေလင့်၊ ဤအခါမှ စ၍ နောက်နောင်သော အခါ၌ ဤအရပ်သို့ မလာပါနှင့် ဖဲသွားပါလော့ဟု မိန့်တော်မူ၏။ လာဇာ နတ်သမီးသည် အရှင်ဘုရားတို့ တပည့်တော်မကို မဖျက်ဆီးပါကုန်လင့်ဟု အ ဖန် တ လဲ လဲ တောင်း ပန် သည် သာ လျှင် တည်း။ မ ထေရ် က "ဤ နတ်သမီးသည် ငါ၏ ပြောဆိုအပ်သော စကားကို မနာယူ"ဟု ကြံတော်မူ၍ "အသင် နတ်သမီးသည် ပမာဏကို မသိလေစွတကား" ဟု မိန့်တော်မူ၍ လက်ဖျံစ်တီး၏။

ဓမ္မပဒတ္ထု (တ) ၁၂-ပ-မ-သ-စ

နတ်သမီးသည် ထိုအရပ်၌ တည်နေခြင်းငှာ မစ္စမ်းနိုင်သည် ဖြစ်ရကား ကောင်းကင်သို့ တက်၍ လက်အုပ်ချီမိုး ရှိခိုးပြီး အရှင်ဘုရားတို့ တပည့်တော် မသည် ရအပ်ပြီးသော စည်းစိမ်ချမ်းသာကို ဖျက်ဆီးတော် မမူကြပါကုန်လင့် မြဲမြံခိုင်ခံ့ဘည်တဲ့သည်ကို ပြုခြင်းငှါ ခွင့်ပေးသနားတော် မူကြပါကုန်ဟု ငိုကြွေး လေ၏။

နတ်သမီးသောတာပန်တည်ခြင်း

မြတ်စွာဘုရား ရှင်သည် ဂန္ဓကုဋိတိုက်၌ သီတင်းသုံးတော် မူလျက် သာလျှင် ထိုလာဇာနတ်သမီး ငိုကြွေးသံကို ကြား၍ ကိုယ်ရောင်တော်ကို လွှတ်ပြီးလျှင် နတ်သမီး၏ မျက်မှောက်၌ ထိုင်၍ ပြောဟောဘိသကဲ့သို့ နတ် သမီး ငါ၏သားတော် ကဿပအား စောင့်စည်းသည်ကို ပြုခြင်းသည်သာလျှင် တာဝန်ပေတည်း၊ ကောင်းမှုကို အလိုရှိကုန်သော သူတော်အားကား "ဤသို့သော အမှုဝတ္ထု အရာသည် ငါတော်အား အကျိုးစီးပွားများ၏" ဟု မှတ်သားပြီး ကောင်းမှုကို ပြုခြင်းသည်သာလျှင် တာဝန်ပေတည်း၊ကောင်းမှုကို ပြုခြင်းသည် ဤပစ္စုပ္ပန်ဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌ လည်းကောင်း ချမ်းသာသော အကျိုးအာနိသင်ကိုသာ ခံစားရလေသည်ဟု မိန့်တော်မူပြီးသော် စကားစဝ် ပြတော်မူလိုသောကြောင့် ဤဂါထာကိုမိန့်တော်မူ၏။

ပုဉ္ဉဉ္စေ ပုရိသော ကယိရာ၊ ကယိရာ နံ ပုနပ္ပုနံ။
တမ္မိ ဆန္ဒံ ကယိရာထ၊ သုခေါ ပုညဿ ဥစ္စယော။

ယောကျွဲသည် ကုသိုလ်ကောင်းမှုကို ပြုသင့်သည်ဟု ယူဆငြားအံ့၊ ထိုကုသိုလ်မှုကို အဖန်ဖန် ပြုရာ၏၊ ထိုကုသိုလ်မှု၌ လိုလားနှစ်သက်မှု ပြုရာ၏ ကောင်းမှုဘိုးပွားခြင်းသည် ချမ်းသာကြောင်း ဖြစ်ပေ၏။

အဓိပ္ပါယ်ကား။ ။ယောကျွဲသည် ကောင်းမှုကိုပြုရာ၏၊ ငါသည် ကုသိုလ် ကောင်းမှုတစ်ကြိမ် ပြုပြီး၍ ဤမျှလောက်ဖြင့် တော်သင့်ပြီဟု အားရတင်းတိမ် မနေဘဲ အမြဲမပြတ် ပြုလုပ်သင့်၏။

တမ္မိ=ဟူသည် ထိုကုသိုလ်ကောင်းမှု ပြုလုပ်ရာ အခါ ဟုဆိုလိုသည်။

ဆန္ဒံ=ဟူသည် လိုလားနှစ်သက်စွာ အားထုတ်ပြုလုပ်ခြင်းကို ဆိုလိုသည်။

သုခေါ ပုညဿ ဥစ္စယော=ဟူသည် ကုသိုလ်ကောင်းမှု တိုးပွားခြင်းသည် ပစ္စုပ္ပန်လောက တမလွန်လောက၏ ချမ်းသာခြင်း အကြောင်းဖြစ်သည်ဟု ဆိုလိုသည်။

ဒေသနာတော်၏အဆုံး၌ လာဇာနတ်သမီးသည် လေ့ဆယ့်ငါးယူဇနာမျှလောက် ကောင်းကဲင်ထက်၌ ရပ်တည်လျက်သာလျှင် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။

လာဇာဒေဝီတာဝတ္ထု ပြီး၏။

၄။ အနာထပိဏ်သူဌေးကြီးဝတ္ထု

ပါပေါပို့ ပဿတိ ဘဒ္ဒံ–အစရှိသော ဤတရားဒေသနာတော်မြတ်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အနာထပိဏ်သူဌေးကြီးကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့သည်။

အနာထပိဏ်သူဌေးကြီးသည် ကျောင်းဆောက်ခြင်းကို ရည်ညွှန်း၍သာလျှင် အသပြာငါးဆယ့်လေးကုဋေကို ဘုရားသာသနာတော်၌ လှူဒါန်းပြီး မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူသည်ရှိသော် နေ့တိုင်း နေ့တိုင်း တစ်နေ့သုံးကြိမ် ဆည်းကပ်ခြင်းငှာ မြတ်စွာဘုရားထံသို့ သွား၏။ သွားသည်ရှိသော်လည်း သာမဏေတို့သည်လည်းကောင်း၊ ရဟန်းငယ်တို့သည်လည်းကောင်း "သူဌေးကြီးသည် အဘယ်ဝတ္ထုကို ယူ၍လာသနည်း၊ မယူဘဲပင် လာသလော"ဟု ကြည့်ရှုကြကုန်လတ္တံ့ဟု နှလုံးသွင်း၍ အချည်းနှီးသော လက်ဖြင့် သွားရောက်ဆည်းကပ်ဖူးသည် မှုရှိ။ နံနက်စာစားပြီး သွားသည်ရှိသော် ယာဂုကိုသာလျှင် ယူ၍သွား၏။ နေ့လည်စာစားပြီးသွားသည်ရှိသော် ထောပတ် ဆီဦး အစရှိသော ဆေးတို့ကို ယူ၍သွား၏။ ညချမ်းသောအခါ၌ ပန်းနံ့သာ အခိုးအထုံစသည်တို့ကို လက်စဲ့ကိုင်ယူလျက် ကျောင်းတော်သို့ သွား၏။ ဤနည်းဖြင့်သာလျှင် အမြဲကာလပတ်လုံး နေ့တိုင်းနေ့တိုင်း အလှူပေးလှူ၍ သီလကိုစောင့်ရှောက်၏။

နောက်အဖို့၌ အနာထပိဏ်သူဌေးကြီးအား ဥစ္စာကုန်ခြင်းသို့ ရောက်လေ၏၊ ကုန်သည်တို့သည်လည်း ထိုသူဌေးကြီးလက်မှ တစ်ဆယ့်ရှစ်ကုဋေဟုဆိုအပ်သော ဥစ္စာကိုကြွေးမြီ ချေးငှားယူငင်ကုန်၏။ မိဘ,ဘေး,ဘိုး အမျိုးအစဉ်အဆက်မှ ရအပ်သော မြစ်၏ကမ်းနားဌာန သိုမှီးမြုပ်နှံ၍ ထားအပ်သော ငွေတစ်ဆယ့်ရှစ်ကုဋေမျှတို့သည်လည်း ရေတိုက်ခတ်ပြီး ကမ်းပါးပြို၍ မဟာသမုဒ္ဒရာသို့ ပါဝင်လေကုန်၏။ ဤသို့ အစဉ်အတိုင်းအား ဖြင့် ထိုအနာထပိဏ်သူဌေးကြီးအား ပစ္စည်းဥစ္စာကုန်ခြင်းသို့ ရောက်လေ၏။ ထိုသူဌေးကြီးသည် ဤသို့ ပစ္စည်းဥစ္စာ

ကုန်ခန်းသော်လည်း သံဃာတော်တို့အား အလှူဒါနကို ပေးလှူသည်သာလျှင်တည်း။ မွန်မြတ်သည်ကို ပြုရှိမူ ဘား ပေးလှူခြင်းငှာ မစွမ်းနိုင်လေ။

ဆန်ကွဲထမင်းအလှူ

ထိုအနာထပိဏ်သူဌေးကြီးကို ဟစ်နေ့သဉ် မြတ်စွာဘုရားက ဒါယကာသူဌေးကြီး၊ အသင်၏အိမ်၌ အလှူဒါနကို ပေးလှူရပါ၏လောဟု မေးတော်မူသည်ရှိသော်၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အလှူဒါနကို ပေးလှူရပါ၏၊ ထိုသို့ ပေးလှူရပါသော်လည်း ရှေးအခါကကဲ့သို့ မွန်မြတ်သော ပစ္စည်းဝတ္ထုကို ပြုစုပေးလှူခြင်းငှာ မစွမ်းနိုင်ဘဲ ပအုံးရည်လျှင် နှစ်ခုမြောက်သော ဆန်ကွဲထမင်းကို ပေးလှူရပါတော့သည်ဟု လျှောက်၏။ ထိုအခါသူဌေးကြီးကို မြတ်စွာဘုရားက ဒါယကာသူဌေးကြီး ခေါင်းပါးယုတ်ညံ့သော အလှူဝတ္ထုကို ငါသည် ပြုစုပေးလှူရလေသည်ဟု မအောက်မေ့လင့်။ စိတ်မွန်မြတ်သည်ရှိသော် ဘုရားအစရှိသော သူတော်ကောင်းတို့အား ပေးကမ်းလှူဒါန်းအပ်သော ဒါနသည် ခေါင်းပါးယုတ်ညံ့ခြင်းမည်သည် မရှိ။ အမှန်စင်စစ် အသင်သူဌေးကြီးသည် ရှစ်ယောက်သော အရိယာပုဂ္ဂိုလ်တို့အား အလှူဒါနကို ပေးလှူရ၏။ ငါဘုရားသည် ဝေလာမပုဏ္ဏားဖြစ်စဉ်အခါ၌ အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်းကို ခုံလောက်ချင်းစပ်သည်ကိုပြု၍ ကြီးစွာသောအလှူကြီးကို ပေးကမ်းလှူဒါန်းခြင်းအားဖြင့် ဖြစ်စေအပ်သော်လည်း သရဏဂုံသုံးပါးနှင့် ပြည့်စုံသောသူ တစ်စုံတစ်ယောက်မျှကိုလည်း မရရှိ။ ဤသို့ ဖြစ်သောကြောင့် ဒါယကာသူဌေးကြီး မြတ်သောအလှူခံပုဂ္ဂိုလ်မည်သည် အလွန်ရခဲတွေ့ကြုံခဲ၏။ ထိုကြောင့် အသင်သည် ငါ့အား ခေါင်းပါးယုတ်ညံ့သော အလှူဝတ္ထုကို ပေးလှူရသည်ဟု မအောက်မေ့လေလင့်ဟု မိန့်တော်မူပြီး သူဌေးကြီးအား ဝေလာမသုတ်ကို ဟောကြားတော်မူ၏။

အိမ်တံခါးမုခ် စောင့်သောနတ်

ထိုနောက် သူဌေးကြီး၏ အိမ်တံခါးမုခ်စောင့်နတ်သည် မြတ်စွာဘုရားသည်လည်းကောင်း၊ တပည့်သားသံဃာတော်သည်လည်းကောင်း အိမ်သို့ကြွဝင်သည်ရှိသော် ထိုဘုရားသံဃာတို့၏ တန်ခိုးတော်ကြောင့် မိမိနေရာ၌ မနေနိုင်၍ အကြင်အခြင်းအရာဖြင့် ပြုလုပ်ပြောဆိုအပ်သည်ရှိသော် ဤဘုရားသံဃာတို့သည် ဤသူဌေးကြီးအိမ်သို့ မကြွဝင်ကုန်၊ ထိုအခြင်းအရာဖြင့် သူဌေးကြီးကို ကွဲပြားပျက်စီးအောင် ပြောဆိုပေအံ့ ဟု ကြံ၍ စကားကို ပြောဆိုလိုပါသော်လည်း စည်းစိမ်ဥစ္စာ ပြည့်စုံကြွယ်ဝ အစိုးရသောအရာ၌ တစ်စုံတစ်ခုမျှ ပြောဆိုခြင်းငှာ မစွမ်းနိုင်လေ။ ဤယခုအခါ၌မူကား သေဌေးကြီးသည် ပစ္စည်း

ဥစ္စာ များစွာကုန်ခန်း ပင်ပန်း ဆင်းရဲခြင်းသို့ ရောက်လေပြီ၊ ငါသည် ပြောဆို အပ်သည်ရှိသော် ငါ၏ စကားကို မှတ်သား နာယူလိမ့်မည် ဟု အောက်မေ့ မှတ်ထင် ပြီးလျှင် ညဉ့်အဖို့၌ သူဋ္ဌေးကြီး၏ ကျက်သရေရှိသော အိပ်ရာတိုက်ခန်းသို့ ဝင်၍ ကောင်ကင်၌ ရပ်တည်၏။

သေဋ္ဌေးကြီးက နတ်ကို နှင်ထုတ်ခြင်း

ထိုအခါ ကောင်းကင်၌ ရပ်တည်သော နတ်ကို မြင်၍ ဤသူသည် အဘယ်သူပေနည်းဟု သူဋ္ဌေးကြီးက မေးသဖြင့် သူဋ္ဌေးကြီး ငါသည် အသင်၏ လေးခုမြောက် တံခါးမုခ်စောင့်နတ်ပါတည်း။ အသင့်အား အဆုံး အမကို ပေးခြင်းငှါ လာရောက်ပေသည်ဟု ပြော၏။ ထိုသို့ ဆိုသော် အသင်၏ အဆုံးအမ စကားကို ပြောကြားပါလော့ဟု တောင်းပန်သည်ရှိသော် သေဋ္ဌေးကြီး အသင်သည် နောက်အဖို့ကာလကို အနည်းငယ်မျှ ငဲ့ကွက်ခြင်း ကြည့်ရှုခြင်း မရှိမူ၍သာလျှင် ရဟန်းဂေါတမ၏ သာသနာ၌ ပစ္စည်းဥစ္စာ များစွာကို ဖရိုဖရဲ စွန့်ကြဲပေးကမ်း လှူဒါန်းလေဘိသည်။ ဤယခုအခါ ပစ္စည်းဥစ္စာ ကုန်ခန်း၍ ဆင်းရဲခြင်း ဖြစ်ပါသော်လည်း ထိုရဟန်းဂေါတမကို မစွန့်လွှတ်သေးသည်ဘာလျှင်တည်း။ ဤသို့ ဖြစ်ခဲ့သည်ရှိသော် နှစ်ရက် သုံးရက် လွန်မြောက်သဖြင့်သာလျှင် ဆာလောင် မွတ်သိပ်ခြင်းကို ဖျောက်ခြင်းငှာ အစာအဟာရကိုသော်သည်း မရပေလတ္တံ့၊ အသင့်အား ရဟန်းဂေါတမဖြင့် အဘယ်အကျိုးရှိအံ့နည်း။ အလွန်အကြူး လှူဒါန်းခြင်းမှ ကြဉ်ရှောင်၍ ကုန်သွယ်ခြင်း, ရောင်းဝယ်ခြင်း အမှုကြီးငယ်၌ လုံလဥဿာဟကို ယှဉ်စေလျက် ပစ္စည်းဥစ္စာကို တည်စေဦးလော့ဟု ပြောဆို၏။

သူဋ္ဌေးကြီးက "အသင်နတ်သည် ငါ့အား ပေးအပ်သော အဆုံးအမသည် ဤသည်ပင်လော" ဟု မေးသဖြင့် သေဋ္ဌေးကြီး၊ ဩော်-ဟုတ်ပေသည်ဟု ဝန်ခံသည်ရှိသော် သွားလေလော့၊ အသင်ကဲ့သို့ သဘောရှိသော နတ်တို့၏ အရာအထောင်အသောင်းအသိန်းဖြင့်သော်လည်း ငါ့ကို တုန်လှုပ်စေခြင်းငှါ မစွမ်းနိုင်ပေလတ္တံ့။ အသင်သည် မသင့်မလျောက်ပတ်သော စကားကို ပြောဆို၏။ အသင်နတ်သည် ငါ၏ အိမ်၌နေသဖြင့် အဘယ်အကျိုးရှိအံ့နည်း။ လျှင်လျှင်မြန်မြန်ပင် ငါ၏ နေအိမ်မှ ယခုထွက်သွားပါလော့ဟု နှင်ထုတ်လိုက်၏။ ထိုနတ်သားသည် သောတာပန် အရိယာသာဝကဖြစ်သော သေဋ္ဌေးကြီး၏ စကားကို ကြား၍ ရပ်တည်၍ နေခြင်းငှာ မစွမ်းနိုင်ရကား ကလေးသူငယ်တို့ကို ကိုင်ဆွဲယူငင်၍ ထွက်သွားရရှာ၏ ထွက်သွားပြီးသောအခါ တစ်ပါးသောနေရာ၌ နေဖို့ရာ အခွင့်ဌာနကို မရရှိသောကြောင့် သေဋ္ဌေးကြီးကို ကန်တော့ ဝန်ချ

တောင်းပန် သည်းခံစေပြီးသောကာလ ထိုနေရာဌာနဌိပင်နေရတော့အံ့ဟု နှလုံးသွင်း၍ မြို့စောင့်နတ်သို့ ချဉ်းကပ်ပြီးသော် မိမိပြုအပ်သော အပြစ်ကို ကြား၍ အချင်းနတ်မင်း....လာလှည့်ပါလော့ သေဋ္ဌေးကြီး၏ အထံသို့ အကျွန်ုပ်ကို ဆောင်ယူ၍ သေဋ္ဌေးကြီးကို သည်းခံစေပြီးလျှင် အကျွန်ု၏ နေရာအရပ်သို့ပြန်၍ ပေးပါစေလော့ဟု ပြော၏။

မြို့စောင့်နတ်ကလည်း "အသင်သည် မသင့်မလျော်က်ပတ်သည်ကို ပြောဆို ပြစ်မှားအပ်၏၊ ငါသည် ထိုသူဋ္ဌေးကြီး၏ အထံသို့ သွားရောက် တောင်းပန်ခြင်းငှါ မစွမ်းနိုင်" ဟု ထိုနတ်၏ စကားကို ပယ်လိုက်၍ ထိုနတ်သားသည် တစ်ဖန် စာတုမဟာရာဇ်နတ်မင်းကြီးတို့၏အထံသို့ ထွက်သွား ပြောကြားပါသော်လည်း ထိုနတ်မင်းကြီးတို့က ပယ်ရှားလိုက်သောကြောင့် သိကြားနတ်မင်း၏အထံသို့ ချဉ်းကပ်ပြီးလျှင် ထိုအကြောင်းအခြင်းအရာ အလုံးစုံကို အကုန် ပြန်ကြားလျှောက်ထားသော် နတ်တို့ကို အစိုးရတော်မူသော အရှင်သိကြားမင်း၊ အကျွန်ုပ်သည် နေရာကို မရသည်ဖြစ်၍ ကလေးသူငယ်ကို လက်ဖြင့် ကိုင်ဆွဲအမြဲမပြတ် လှည့်ပတ်သွားလာ ကိုးကွယ်ရာမဲ့၍ နေပါသဖြင့် အရှင်သိကြားမင်းသည် အကျွန်ုပ်၏ နေရာကို တောင်းပန် ပြောဆို ပေးသနားတော်မူပါဦး ဟု အထပ်ထပ် အဖန်ဖန် တောင်းပန် လျှောက်ကြား၏။

သိကြားမင်း ညွှန်ကြားချက်

ထိုအခါ သိကြားမင်းက အချင်းနတ်သား .... ငါသည် အသင်၏ အကြောင်းကြောင့် အနာထပိဏ်၏ သေဋ္ဌေးကြီးကို တောင်းပန် ပြောဆို ခြင်းငှာ မစွမ်းနိုင်၊ တစ်ခုသော အကြောင်းကိုမူကား အသင့်အား ငါ-ညွှန်ပြ ပြောဆိုအံ့ဟု ဆိုသဖြင့် "ကောင်းလှပါပြီ အရှင်သိကြားမင်း မိန့်ဆိုတော်မူပါလော့" ဟု တောင်းပန်သည့်အခါ၊ သွားတည့်ချေ သူဋ္ဌေးကြီး၏ စာရင်းကိုင် အစောင့်အရှောက်၏ အသွင်ကို ယူပြီးလျှင် သူဋ္ဌေးကြီးလက်မှ စေလွှတ်ဘိသကဲ့သို့သော ကမ္ဘည်းစာသို့ ယူဆောင်၍ သူဋ္ဌေးကြီး အထံမှ ကြွေးမြီကို ချေးငှားယူဆောင်၍ ရောင်းဝယ်သွားလာကုန်သော ကုန်သည်တို့၏ အထံမှ တစ်ဆယ့်ရှစ်ကုဋေမျှလောက်သော အသပြာငွေကို မိမိ၏ တန်ခိုးဖြင့် ရအောင် သုတ်သင်ယူဆောင်၍ အချည်းနှီးသော တိုက်ခန်းဌ ပြည့်စေလော့၊ သမုဒ္ဒရာသို့ ပါဝင်လေသော သူဋ္ဌေးကြီး၏ မီဘ, ဘေး, ဘိုး, အမျိုးဥစ္စာဖြစ်သော တစ်ဆယ့်ရှစ်ကုဋေ မျှလောက်သော ဥစ္စာသည်ရှိ၏။ ထိုဥစ္စာတို့ကို မိမိအာနုဘော်ဖြင့် ယူဆောင်၍ တိုက်ခန်းဌ ပြည့်စေလော့။ တစ်ပါးလည်းဖြစ်သော ဤအမည်ရှိသော အရပ်၌ အရှင်စိုးပိုင်သူမရှိသော တစ်ဆယ့်ရှစ်ကုဋေသော ဥစ္စာသည်ရှိ၏။ ထိုဥစ္စာကိုလည်း ယူဆောင်၍ ကျီကြတိုက်ခန်းတို့၌ ပြည့်စေလော့။ ဤသို့

အားဖြင့် ငါးဆယ့်လေးကုဋ္ဌေကုန်သော ပစ္စည်းဥစ္စာတို့ကို တိုက်ခန်း၌ ပြည့်စေခြင်း တည်းဟူသော ဒဏ်အမှုကို ပြုပြီးသည့်ကာလ သူဌေးကြီးကို သည်းခံစေလော့ဟု မိန့်ဆိုညွှန်ကြား၏။

နတ်သား၏ တောင်းပန် ဝန်ချခြင်း

ထိုနတ်သည်လည်း "ကောင်းပါပြီ အရှင်သိကြားမင်း"ဟု ဝန်ခံ၍ ပြောဆိုအပ်သော နည်းဖြင့်သာလျင် အလုံးစုံသော အမှုကိစ္စတို့ကို ပြုစုရွက်ဆောင်ပြီးသော် တစ်ဖန် သူဌေးကြီး၏ ကျက်သရေရှိသော အိပ်ရာတိုက်ခန်းသို့ဝင်၍ ကိုယ်ရောင်ကိုလွှတ်ပြီးလျင် ကောင်းကင်၌ ရပ်တည်၍ ဤသူကား အဘယ်သူနည်းဟု မေးသည်ရှိသော်၊ အရှင်သူဌေးမင်း ငါသည် အသင်၏နေအိမ် စထုတ္ထမုခ်တံခါးဝ၌ စောင့်ရှောက်ရသော ပညာမရှိ မသိ မလိမ္မာ မိုက်မဲစ္ဘာသော နတ်ပါတည်း။ ငါသည် မိမိ၏ မိုက်မဲသည့်အဖြစ်ကြောင့် အသင်သူဌေးကြီးတို့၏ အထံ၌ မလျော်ကန် မသင့်မြတ် မလျောက်ပတ်သော အကြင်စကားကို ပြောမိပါသည်၊ ထိုစကားကို ငါ့အား အပြစ်မထားမူ၍ သည်းခံပါကုန်လော့။ ငါသည် သိကြားနတ်မင်း၏ ပြောဆို ညွှန်ကြားအပ်သော စကားဖြင့် ငါးဆယ့်လေး ကုဋ္ဌေသော ပစ္စည်းဥစ္စာကို ဆောင်ယူ စုဆောင်း၍ အချည်းနှီးသော အသင်၏ တိုက်ခန်းကျီကြ ဘဏ္ဍာထားရာတို့ကို ပြည့်စေခြင်းတည်းဟူသော ဒဏ်အမှုကိုလည်း ပြုအပ်ပါပြီ။ တစ်စုံတစ်ခုမျှသော နေရာကို မရသည်ဖြစ်၍ ငါသည်လည်း ပင်ပန်းလှပါပြီဟု တောင်းပန်ဝန်ချ၏။

အနာထပိဏ် သူဌေးကြီးသည်လည်း "ဤနတ်သည် ငါသည် ဒဏ်ထားခြင်း အမှုကို ပြုအပ်ပါပြီဟု ပြော၏။ မိမိ၏အပြစ်ကိုလည်း ဝန်ခံ၏။ ထိုနတ်ကို မြတ်စွာဘုရားရှင်အား ပြဦးအံ့"ဟု ကြံ၏။ ကြံပြီး၍ကား သူဌေးကြီးသည် ထိုနတ်ကို မြတ်စွာဘုရားရှင် အထံတော်သို့ ခေါ်ဆောင်၍ ထိုနတ်သည် ပြုအပ်သောအမှု အလုံးစုံတို့ကို အကုန်ပြန်ကြား လျောက်ထား၏။ နတ်သည် မြတ်စွာဘုရား ခြေတော်ရင်း၌ ဦးခေါင်းဖြင့် ဝပ်စင်းထိခတ်၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်သည် မိုက်မဲတွေဝေသည့် အဖြစ်ကြောင့် အရှင်ဘုရားတို့၏ ဂုဏ်ကျေးဇူးတော်ကို မသိမူ၍ ယုတ်မာဆော စကားကို ပြောကြားမြွက်ဆိုမိပါသည်။ ထိုစကားကို တပည့်တော်အား အပြစ်မထားဘဲ သည်းခံတော်မူကြပါကုန်လောဟု မြတ်စွာဘုရားရှင်ကို ကန်တော့ဝန်ချ သည်းခံစေပြီး၍ သူဌေးကြီးကိုလည်း ကန်တော့ဝန်ချသည်းခံစေ၏။

တံခါးစောင့်နတ် သောတာပန်တည်ခြင်း

မြတ်စွာဘုရားရှင်သည် ကောင်းသောအမှု မကောင်းသော အမှုတို့၏ အကျိုးကွဲပြားသည့် အစွမ်းအားဖြင့် သူဌေးကြီးကိုလည်းကောင်း၊ တံခါးစောင့်

နတ်ကိုလည်းကောင်း ဆုံးမတော်မူလိုသည်ဖြစ်၍ ဒါယကာသူဌေးကြီး ဤ ပစ္စက္ခပစ္စပ္ပန်ဘဝ၌ ပါပညစ်ကျူး မကောင်းမှုကို ပြုသော ပုဂ္ဂိုလ်သည် အကြင် မျှလောက် မိမိပြုအပ်သော မကောင်းမှု အကုသိုလ်ကံသည် အကျိုးမပေးသေး ထိုမျှလောက်သော ကာလပတ်လုံး သင့်တင့်ကောင်းမြတ်သော အာရုံတို့ကို တွေ့ကြုံထင်မြင် ရသေး၏။ အကြင်အခါ၌ကား ထိုမကောင်းမှုကို ပြုသော ပုဂ္ဂိုလ်အား မိမိပြုအပ်သော မကောင်းမှုကံသည် အကျိုးကို ဖြစ်စေ၏။ ထိုအခါ၌ ယုတ်မာသော အကျိုးအာနိသင်ကိုသာလျှင် တွေ့မြင် ခံစားရလေ၏။ ကောင်းမှုကုသိုလ်ကို ပြုသော ပုဂ္ဂိုလ်သည်လည်း အကြင်မျှလောက် ကာလ ပတ်လုံး မိမိ ပြုအပ်သော ကောင်းမှုကုသိုလ်သည် အကျိုးကို မဖြစ်စေသေး၊ ထိုမျှလောက် ကာလပတ်လုံး မကောင်းသော အကျိုးအာနိသင်ကို တွေ့မြင် ရသေး၏။ အကြင်အခါ၌ကား မိမိပြုအပ်သော ကုသိုလ်ကောင်းမှုသည် အကျိုးကို ဖြစ်စေ၏။ ထိုအခါ ကောင်းမြတ်သော ဝတ္ထုအာရုံကိုသာလျှင် တွေ့ကြုံ ရှုမြင်ရလေတော့သည် ဟု မိန့်တော်မူပြီးသော် အနုသန္ဓေကို စပ်၍ တရားတော်ကို ဟောကြားတော် မူလိုသောကြောင့် ဤဂါထာကို မိန့်တော်မူ၏။

ပါပေါ ပိ ပဿတိ ဘဒြံ၊ ယာဝ ပါပံ န ပစ္စတိ။
ယဒါ စ ပစ္စတိ ပါပံ၊ အထ ပါပေါ ပါပါနိ ပဿတိ။

ဘဒြော ပိ ပဿတိ ပါပံ၊ ယာဝ ဘဒြံ န ပစ္စတိ။
ယဒါ စ ပစ္စတိ ဘဒြံ၊ အထ ဘဒြော ဘဒြာနိ ပဿတိ။

သူယုတ်မာသည် မကောင်းမှု မရင့်ကျက်မီ ကောင်းကျိုးချမ်းသာကို တွေ့မြင်ရ၏၊ မကောင်းမှု ရင့်ကျက်သောအခါ၌ သူယုတ်မာသည် မကောင်းကျိုး (ဆင်းရဲဒုက္ခ) ကို တွေ့မြင်ရ၏။

ကောင်းသောသူသည် ကောင်းမှုကံ မရင့်ကျက်မီ မကောင်းကျိုး (ဆင်းရဲဒုက္ခ)ကို တွေ့မြင်ရ၏။ ကုသိုလ်ကံ ရင့်ကျက်လာသောအခါ သူကော် ကောင်းသည် ကောင်းကျိုးချမ်းသာကို တွေ့ရ၏။

ထိုဂါထာ၌–

ပါပေါ=ဟူသည် ကာယဒုစရိုက် စသော ယုတ်မာမှုနှင့် တွေ့ကြုံသော ပုဂ္ဂိုလ်တည်း။ ထိုသူသည် ရှေးက ပြုဖူးသော သုစရိုက်မှု၏ အာနုဘော်ကြောင့် ဖြစ်သောသော ချမ်းသာကို ခံစားရသည်ဖြစ်၍ ကောင်းကျိုးကို တွေ့မြင်ရ၏။

ယာဝ ပါပံ န ပစ္စတိ= ဟူသည် အကြင်မျှလောက် ထိုမကောင်းမှုကံသည် ဤဘဝ၌ လည်းကောင်း၊ နောင်ဘဝ၌ လည်းကောင်း အကျိုးမပေးနိုင်သေး ဟု

ဆိုလိုသည်။ ထို မကောင်းမှုသည် ဤဘဝ၌ လည်းကောင်း၊ နောင်ဘဝ၌ လည်းကောင်း အကျိုးပေးနိုင်သောအခါ ဤဘဝ၌ အမျိုးမျိုးသော နှိုင်စက်ညှဉ်းပန်းမှုများ နောင်ဘဝ၌ အပါယ်ဆင်းရဲကို ခံစားရသည်ရှိသော် သူယုတ်မာသည် မကောင်းကျိုးတို့ကိုသာလျှင် တွေ့မြင်ရ၏ ဟု ဆိုလိုသည်။

ဒုတိယဂါထာ၌ ကာယသုစရိုက် စသော ကောင်းသောကံနှင့် ပြည့်စုံသော သူတော်ကောင်းကို ဆိုသည်။ ထိုသူသည် ရှေးကပြုဖူးသော ဒုစရိုက်ကံ အစွမ်းကြောင့် ဖြစ်သော ဆင်းရဲကို ခံစားရသည်ရှိသော် မကောင်းကျိုးကို တွေ့ရ၏ဟု ဆိုလိုသည်။

ယာဝ ဘဒြံ နပစ္စတိ= ဟူသည် အကြင်မျှလောက် ကောင်းသောကံသည် ဤဘဝ၌ လည်းကောင်း၊ နောင်ဘဝ၌ လည်းကောင်း အကျိုးမပေးသေးဟု ဆိုလိုသည်။

ယဒါ= ဟူသည် ထိုကောင်းသော ကံသည် ကောင်းသော အကျိုးကို ပေး၏ဟု ဆိုလိုသည်။

အထ ဘဒြော ဘဒြာနိ ပဿတိ= ဟူသည် ထိုအခါ ဤဘဝ၌ လာဘ်ပူဇော်ခြင်း စသော ကောင်းသောချမ်းသာ နောင်ဘဝ၌ နတ်စည်းစိမ် ခံစားရခြင်း ဟူသော ကုသိုလ်ကံ ရင့်ကျက်သူသည် ကောင်းကျိုးချမ်းသာတို့ကို တွေ့မြင်ရ၏ ဟု ဆိုလိုသည်။

ဒေသနာတော်၏ အဆုံး၌ တံခါးစောင့်နတ်သည် သောတာပတ္တိဖိုလ်၌ တည်၍ ကြွရောက်လာသော ပရိသတ် အတွက်လည်း အကျိုးရှိသော တရားတော်ဖြစ်လေ၏။

အနာထပိဏ်သူဌေးကြီးဝတ္ထု ပြီး၏။

၅။ အသညတ ပရိက္ခာရ ရဟန်းဝတ္ထု

မာဝ မညေထ ပါပဿ– အစရှိသော ဤတရားဒေသနာတော်မြတ်ကို မြတ်စွာ ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အသညတ ပရိက္ခာရ မည်သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့သည်။

ထိုရဟန်းသည် အကြင်တစ်စုံတစ်ခုသော ညောင်စောင်းအင်းပျဉ်အစရှိသော ရဟန်းတို့အသုံးအဆောင်ကို အပြင်ဘက်၌ထိုင်နေသုံးဆောင်ပြီးသော်ထိုနေရာ၌ သာလျှင် စွန့်ပစ်၍ထားခဲ့၏။ အသုံးအဆောင် ပစ္စည်းဥစ္စာသည် မိုးစွတ်ခြင်း, နေပူခြင်း, ခြခဲခြင်း စသည်တို့ဖြင့်ပျက်စီး၏။ ထိုရဟန်းကို ရဟန်းအပေါင်းတို့က ငါ့ရှင် အသုံးအဆောင် ပရိက္ခရာ မည်သည် သိမ်းဆည်း၍ မိုးမစွတ် နေမပူ ခြမခဲသော အရပ်တို့၌ ထားအပ်သည် မဟုတ်ပါတုံလောဟုပြောဆိုသည်ရှိသော်၊ ငါ့ရှင်တို့ ငါသည် တစ်ခဏသာလျှင် သုံးဆောင်၏။ ဤနေရာ၌လည်း တစ်ခဏ မျသာ ထားပါသည်။ ထိုအသုံးအဆောင်အား ပျက်စီးစေလိုသော စိတ်လည်း ငါ့အား မရှိပါ။ ထိုခဏမျ ထားခဲ့ခြင်းကြောင့် ပျက်စီးခြင်း၏ အကြောင်းလည်း ဖြစ်မည်မဟုတ်ဟု ပြောဆိုပြီး၍ ရှေးနည်း အတူသာလျှင် ပြု၏။ ရဟန်းတို့သည် ထိုရဟန်းပြုသော အမူအရာကို မြတ်စွာဘုရားရှင်အား ကြားလျှောက် ကြကုန်၏၊

သောတာပန် စသည် တည်ကြခြင်း

မြတ်စွာဘုရားရှင်သည် ထိုရဟန်းကို ခေါ်စေတော်မူပြီးလျှင် "ချစ်သား ရဟန်း အသင်သည် ဤသို့ ပြုလုပ်သော ဟူသည် ဟုတ်မှန်ပေသလော" ဟု မေးတော်မူ၏။ မြတ်စွာဘုရား မေးတော်မူသော်လည်း ထိုရဟန်းသည် "မြတ်စွာ ဘုရား ထိုအသုံးအဆောင် ပစ္စည်း ဥစ္စာတို့ကို ခဏသာ အပြင်ဘက်၌ ထားခြင်း ကြောင့် အဘယ်အပြစ် ရှိပါသနည်း။ တပည့်တော်သည် ထိုပစ္စည်း ဥစ္စာတို့ကို ပျက်စီးစေလိုသော စိတ်လည်း မရှိပါ။ ဤမျလောက်ကာလ ထားကာမျှဖြင့် ပျက်စီးခြင်း၏ အကြောင်းလည်း ဖြစ်နိုင်မည် မဟုတ်ပါ" ဟု ရှေးနည်း အတူ သာလျှင် မထီမဲ့မြင် ပြု၍ လျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် ထိုရဟန်းကို ချစ်သားရဟန်း....ရဟန်းတို့မည်သည် ဤသို့ပြုလုပ်ခြင်းငှါ မအပ်။ မကောင်းမှု အကုသိုလ် မည်သည် အနည်းငယ်ဟူ၍ မထီမဲ့မြင် မပြုအပ်။ လွင်တီး ခေါင်၌ ထားအပ်သော ဟင်းလင်းပွင့်သော အဝရှိသော အိုးခွက်သည် မိုးရွာ သွန်းသည်ရှိသော် တစ်စက် တစ်ပေါက်သော မိုးပေါက်ကျကာမျှဖြင့် အကယ် ၍ကား မပြည့်။ ထိုသို့ တစ်စက်သော မိုးရေပေါက် ကျကာမျှဖြင့် မပြည့်သော် လည်း အဖန်ဖန်အထပ်ထပ် မပြတ် မိုးရွာသွန်းသည်ရှိသော် တစ်စက် တစ်ပေါက် သော မိုးရေမိုးပေါက်သည် ကျလာဖန်များသဖြင့် ကြီးစွာသော အိုးစရည်းပင် သော်လည်း ပြည့်ရလေဘိသကဲ့သို့၊ ထို့အတူသာလျှင် မကောင်းမှု ပြုလုပ်သော ပုဂ္ဂိုလ်သည် အစဉ်အတိုင်းအားဖြင့် များစွာ ကြီးကျယ်သော မကောင်းမှု အစုကို ပြုလုပ်သည်၏ အဖြစ်သို့ ရောက်လေ၏ဟု မိန့်တော်မူပြီးလျှင် စကားစပ်ကို ပြလိုရကား ဤဂါထာကို မိန့်တော်မူ၏။

မာ ၀ မညေထ ပါပဿ၊ နမန္ဒံ အာဂမိဿတိ။
ဥဒဗိန္ဒုနိပါတေန၊ ဥဒကုမ္ဘောပိ ပူရတိ။
ဗာလော ပူရတိ ပါပဿ၊ ထောကံ ထောကမ္ပိ အာစိနံ။

အနည်းငယ်သော မကောင်းမှုကံ၏ အကျိုးသည် ရောက်မလာနိုင်ပါ။ မထီမဲ့မြင် မပြုသင့်။ မိုးရေပေါက်သည် အကြိမ်ကြိမ်ကျသည်ရှိသော် ရေအိုးကြီးသည်ပင် ပြည့်ရလေသကဲ့သို့ ထို့အတူ သူမိုက်သည် မကောင်းမှုကို အနည်းငယ်ပင် ပြုသော်လည်း ပြုလုပ်မှု များသည်ရှိသော် မကောင်းမှုတို့ များပြားလာနိုင်သည် သာတည်း။

ထိုဂါထာ၌–

မာ၀ မညေထ–ဟူသည် မသိမမြင်ရာဟု ဆိုလိုသည်။

ပါပဿ=ဟူသည် မကောင်းမှုကို ဆိုလိုသည်။

နမန္ဒ အာဂမိဿတိ=ဟူသည် "ငါသည် မကောင်းမှုကို အနည်းငယ်သာ ပြု၏။ ထိုကံသည် ငါ့အား အကျိုးမပေးနိုင်" ဟု ဤသို့ မကောင်းမှုကံကို (ကံ၏ အကျိုးကို) မသိမမြင်ခြင်းကို ဆိုလိုသည်။

ဥဒကုမ္ဘောပိ=ဟူသည် မိုးရွာခဲ့သော် နှုတ်ခမ်းဝကို ဖွင့်၍ ထားအပ်သော အိုး, ခွက် တစ်ခုခုသည် မိုးရေပေါက်သည် တစ်ပေါက်ချင်း ကျသော်လည်း ဆက်ကာ ဆက်ကာ များစွာ ကျသည်ရှိသော် ပြည့်၏ဟု ဆိုလိုသည်။

ပူရတိ ပါပဿ=ဟူသည် ထိုမိုးရေပေါက် ဥပမာနည်းတူ သူမိုက်သည် နည်းနည်းလေးသော မကောင်းမှုကို ဆည်းပူးပြုလုပ် တိုးပွါးစေသည်ရှိသော် မကောင်းမှုများ များပြားလာသည်သာလျှင် တည်းဟု ဆိုလိုသည်။

မြတ်စွာဘုရားရှင်သည် လှင်တီးခေါင်၌ ညောင်စောင်း စသော အိပ်ရာနေရာ ခင်း၍ ပြကတေ့အတိုင်း မသိမ်းမဆည်း မသိုမှီးသော ရဟန်းအား ဤအမည်ရှိသော အာပတ်သင့်စေဟု သိက္ခာပုဒ် ပညတ်တော်မူ၏။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

အသညတပရိက္ခာရ ရဟန်းဝတ္ထု ပြီး၏။

၆။ ဗိဠာလပဒက သူဌေးကြီးဝတ္ထု

မာဝ မညေထ ပုညဿ – အစရှိသော ဤတရားဒေသနာတော်မြတ်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဗိဠာလပဒက မည်သော သူဌေးကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့သည်။

တရံရောအခါ သာဝတ္ထိပြည်၌ နေလေ့ရှိကြကုန်သော သူတို့သည် အပေါင်းအစုကို ဖဲ့သဖြင့် ရဟန်းသံဃာတော် အပေါင်းအား အလှူကို ပေးလှူကုန်၏။ ထိုအခါ တစ်နေ့သ၌ မြတ်စွာဘုရားရှင်သည် အနုမောဒနာကို ပြုသည်ရှိသော် ဒါယကာတို့ ဤလောက၌–

၁–အခြို့သောသူသည် မိမိသည်ဆာလျှင် ပစ္စည်းဥစ္စာကို ပေးလှူ၏။ သူတစ်ပါးကို မဆောက်မတည် မလှူဒါန်းစေ။ ထိုသူသည် ဖြစ်တိုင်း ဖြစ်တိုင်းသော ဘုံဘဝ အရာဌာန၌ စည်းစိမ်ချမ်းသာ၏ ပြည့်စုံခြင်းကို ရ၏။ အခြေအရံ၏ ပြည့်စုံခြင်းကို မရမရှိ။

၂–အခြို့သောသူသည် မိမိ၏ ပစ္စည်းဥစ္စာတို့ကို စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းကိုမပြု။ သူတစ်ပါးကိုသာလျှင် နှိုးဆော် တိုက်တွန်း လှူဒါန်းပေးကမ်း ဆောက်တည်စေ၏။ ထိုသူသည် ဖြစ်တိုင်း ဖြစ်တိုင်းသော ဘုံဘဝဌာန၌ အခြံအရံ ပြည့်စုံခြင်းကိုမူကား ရ၏။ မိမိအား ပစ္စည်းဥစ္စာ သုံးဆောင်ခံစားဖွယ်ရာဖြစ်သော စည်းစိမ်မရှိ။

၃–အခြို့သောသူသည် မိမိ၏ ပစ္စည်းဥစ္စာကိုလည်းမစွန့်ကြဲ မပေးကမ်း၊ သူတစ်ပါးကိုလည်း မဆောက်တည် မလှူဒါန်းစေ။ ထိုသူသည် ဖြစ်တိုင်း ဖြစ်တိုင်းသော ဘုံဘဝဌာန၌ ပစ္စည်းဥစ္စာ စည်းစိမ်ချမ်းသာ၏ ပြည့်စုံခြင်းကိုလည်း မရ။ အခြံအရံ၏ ပြည့်စုံခြင်းလည်း မရှိ၊ စားကြွင်းစားဖြစ်ပြီးသည်ကာလ လှည့်လည်ရ၏။

၄–အခြို့သောသူသည် မိမိ၏ ပစ္စည်းဥစ္စာကိုလည်း စွန့်ကြဲပေးကမ်း လှူဒါန်း၏။ သူတစ်ပါးကိုလည်း နှိုးဆော် ဆောက်တည် လှူဒါန်းစေ၏။ ထိုသူသည် ဖြစ်တိုင်း ဖြစ်တိုင်းသော ဘုံဘဝဌာန၌ ပစ္စည်းဥစ္စာ စည်းစိမ်ချမ်းသာ၏ ပြည့်စုံခြင်းကိုလည်းရ၏။ အခြံအရံ၏ ပြည့်စုံခြင်းကိုလည်း ရ၏ဟု ဟောကြားတော်မူ၏။

[ဤနေရာ၌ ပါဠိသာဓကကို အလိုရှိတော်မူကြပါမူ ပထမတဲ့ စာအုပ် အရှင်ဒေ၀ဒတ်၏ သင်္ကန်းရသော ၀တ္ထု၌ ကြည့်ရှုလျှင် ယူတော်မူကြပါကုန်။ ပါဠိချင်းတူသောကြောင့် မထည့်သွင်းလိုက်ပေပြီ။]

တစ်ယောက်သော ပညာရှိ

ထိုအခါ ပညာရှိသော တစ်ယောက်သော ယောကျ်ားသည် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ထိုတရားတော်ကိုကြား၍ ဤသို့သော အကြောင်းသည် သော်....အံ့ဖွယ်ရှိစွတကား။ ငါသည် ယခုအခါ၌ နှစ်ပါးစုံသော အကျိုး၏ ပြည့်စုံခြင်းကို ဖြစ်စေတတ်သော ကုသိုလ်တရားမှကံကို စီမံအားထုတ် ပြုလုပ်ပေအံ့ဟု ကြံပြီးလျှင် မြတ်စွာဘုရားရှင်သည် နေရာမှထ၍ ကြွသွားတော်မူသောအခါ ဘုန်းတော်ကြီးဟောမူသော မြတ်စွာဘုရား အရှင်မြတ်တို့သည် နက်ဖြန် တပည့်တော်တို့၏ ဆွမ်းကို ခံယူတော်မူပါကုန်လော့ဟု ပင့်လျှောက်၏။ ဒါယကာ အသင့်အား အဘယ်မျှလောက်ကုန်သော သံဃာတို့ဖြင့် အလိုရှိဘိသနည်းဟု မေးတော်မူသည်ရှိသော်၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အလုံးစုံသော ရဟန်းသံဃာတော်တို့ဖြင့် အလိုရှိပါသည်ဟု လျှောက်ကြားသဖြင့် မြတ်စွာဘုရား ကိုယ်တော်မြတ်သည် သည်းခံတော်မူ၏။

ထိုပညာရှိကောကျ်ားသည် ရှာတွင်းသို့ဝင်၍ အို မိခင် ဖခင်တို့၊ အကျွန်ုပ်သည် နက်ဖြန်ခါ၌ ဆွမ်းအလို့ငှါ ဘုရားအမှူးရှိသော သံဃာတော်ကို ပင့်ဖိတ်အပ်၏။ အကြင်သူသည် အကြင်မျှလောက် အရေအတွက်ရှိကုန်သော ရဟန်းတို့အား ပေးကမ်းလှူဒါန်းခြင်းငှါ စွမ်းနိုင်၏။ ထိုသူသည် ထိုမျှလောက် ရဟန်းတို့၏ ယာဂုအစရှိသည်ကို စီမံချက်ပြုတ်ရန် အလို့ငှါ ဆန် အစရှိသော၀တ္ထုကို ပေးဘိလော့၊ တစ်ခုသောအရပ်၌ ပေါင်းစုချက်ပြုတ်စေ၍ အလှူကို လှူဒါန်းကုန်အံ့ဟု ကြွေးကြော်လျက် လှည့်လည်၏။

စိတ်ထားညံ့သော သူဌေးကြီး

ထိုအခါ တစ်ယောက်သော သူဌေးသည် မိမိအိမ်စေ့း တံခါး၀သို့ ရောက်လာသောဆိုင်ယောကျ်ားကိုမြင်သျှင် "ဤသူသည်မိမ်အားစွမ်းနိုင်လောက်ရုံသော ရဟန်းတို့ကို မပင့်ဖိတ်မူ၍ အလုံးစုံသောရွာကို သိမ်းကျုံး၍ လှည့်လည်လေဘိသည်"ဟု အမျက်ထွက်၍ အသင်သည် ယူဆောင်အပ်သောခွက်ကို ဤသို့ယူခဲ့လော့ဟု ပြောဆိုပြီးလျှင် လက်သုံးချောင်းတို့ဖြင့် ကိုင်ယူ၍ အနည်းငယ်မျှသော ဆန်ကို ထည့်လှူ၏။ ထို့အတူ ပဲနောက် ပဲကြီးကိုလည်း အနည်းငယ် အနည်းငယ် ထည့်လှူ၏။ ထိုအခါကာလမှစ၍ သူဌေးကြီး ဗိဠာလ ပဒက သူဌေးမင်းသည် ဖြစ်လေ၏။ ထောပတ် တင်လဲ စသည်တို့ကို ပေးလှူသော

အခါလည်း ခြင်ခွက်၌ ထည့်၍ တစ်ခုသော အထောင့်ကို ပြုပြီးလျှင် အပေါက် အပေါက် အစက်အစက်ကို ယိုစီးစေလျက် အနည်းငယ် အနည်းငယ်မျှကိုသာ ထည့်လျှ၏။ ပညာရှိ ဒါယကာသည် ကြွင်းကုန်သော တစ်ပါးသော သူတို့ပေးလှူအပ်သော ပစ္စည်းဝတ္ထုကိုတစ်ပေါင်းတည်း စုသည်ကိုပြု၍ ဤသူဌေးကြီး ယူအပ်သော ပစ္စည်းဝတ္ထုကို အသီးအခြားပြု၍ ခံယူ၏။

သူဌေးကြီးသည် ထိုယောကျ်ားး ပြုလုပ်သော အမူအရာကို ကြည့်ရှု၍ ဤသူသည် ငါပေးလှူအပ်သောပစ္စည်းဝတ္ထုကို အဘယ်ကြောင့် အသီးအခြား ခံယူပါလိမ့်မည်နည်းဟု ကြံပြီးလျှင် ထိုယောကျ်ား၏ နောက်မှနောက်မှ အစဉ်အစိုက် လိုက်၍ ကြည့်ရှုစိမ့်သောဌာ တစ်ယောက်သော အလုပ်အကျေးယောကျ်ားငယ်ကို "အချင်း သွားတည့်ချေ၊ ဤသူသည် ငါ၏အမူကို တစ်စုံတစ်ခု ပြောဆို၏။ ထိုအကြောင်းကို သိအောင် ပြုလေလော့"ဟု မှာထားစေလွှတ်လိုက်၏။ ထိုပညာရှိသော ယောကျ်ားသည် အစဉ်အတိုင်း သွားရောက်၍ "သူဌေးကြီးအား အကျိုးများသည် ဖြစ်ပါစေသတည်း" ဟု ရည်ညွှန်းပြီး ယာဂုဆွမ်းမုန့်တို့၏ အလို၌ဌာ တစ်စေ့ နှစ်စေ့သော ဆန်တို့ကို ဝေမျှထည့်သွင်း၍ ပဲနောက် ပဲကြီးတို့ကိုလည်း ထိုနည်းတူစွာ ထည့်ပြီး၍ ဆီ, တင်လဲ အပေါက်အစက်တို့ကိုလည်း အလုံးစုံသော ဘောဇဉ်တို့၌ ထည့်၏။ အလုပ်အကျေးငယ်သည် ပြန်သွား၍ သူဌေးကြီးအား ပြောကြား၏။

သတ်ရန် အားထုတ်သောသူဌေးကြီး

သူဌေးကြီးသည် ထိုစကားကို ကြား၍လည်း ဤသူသည် ပရိသတ်အလယ်၌ ငါ၏ ကျေးဇူးမဲ့ ကဲ့ရဲ့ ရှုတ်ချသော စကားကို အကယ်၍ ပြောဆိုသည်ဖြစ်အံ့၊ ငါ၏ အမည်ကို ထုတ်ဖော်ပြောဆိုကာမျှ၌သာလျှင် ထိုယောကျ်ားကို ပုတ်ခတ် ရိုက်လှဲ၍ သတ်အံ့ဟု ကြံ၍ အဝတ်ရုံ၏ အတွင်း၌ ခားငယ်ကိုဖွဲ့၍ နက်ဖြန် မိုးသောက်ရောက်သောနေ့၌ သွားရောက်၍ ဆွမ်းပြုစု လုပ်ကျွေးသောနေရာ၌ ရပ်တည်၏။ ထိုယောကျ်ားသည် ဘုရား အမှူးရှိသောရဟန်းသံဃာအပေါင်းကို ဆွမ်းလုပ်ကျွေးပြီး၍ မြတ်စွာဘုရားရှင်ကို "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်သည် လူများအပေါင်းကို ကောင်းစွာဆောက်တည်စေပြီး ဤအလှူဒါနကို လှူဒါန်းပေးကမ်းအပ်ပါသည်။ ထိုသို့လှူဒါန်းရာ၌ ထည့်ဝင်ကြသော လူတို့သည် မိမိ၏ အစွမ်းသတ္တိရှိသည့်အလျောက် များစွာကုန်သော ဆန်အစရှိသောအလှူဝတ္ထုတို့ကိုလည်းကောင်း၊ အနည်းငယ်မျှသော် ဆန်အစရှိသော အလှူဝတ္ထုတို့ကိုလည်းကောင်း ထည့်ဝင် လှူဒါန်းကြပါကုန်သည်။ ထိုအလုံးစုံသော သူတို့အား အကျိုးကြီးမြတ်သည်ဖြစ်ပါစေသတည်းဟု ကြားလျောက်၏။

သူဌေးကြီးသည်ထိုစကားတို့ကိုကြား၍စဉ်းစားကြံဆင်ခြင်သည်မှာ ငါသည်ဤအမည်ရှိသော သူဌေးသည်လက်ဖြင့်ယူပြီးသောကာလဆန်အစရှိသောအလှူကို ပေးလှူပါကုန်သည်ဟု ငါ၏ အမည်ကိုထုတ်ဖော်ပြောဆိုသည်ရှိသော် အမည်ကို ပြောဆိုကာမျှ၌ ဤသူကို သတ်အံ့ဟူ၍ လာခဲ့ပေသည်။ဤယောကျ်ားသည်ကား အလုံးစုံ ယူကျုံး ပေါင်းရုံးသည်ကိုပြု၍ အကြင်သူသည် ကွမ်းစားခွက် စသည်တို့ဖြင့် ချင့်တွက်နှိုင်းယှဉ်၍ ပေးလှူပါသည်။ အကြင်သူတို့သည်လည်း လက်သုံးချောင်းဖြင့် ဖျစ်ယူ၍ ပေးလှူပါသည်။ ထိုအလုံးစုံသော သူတို့အား အကျိုးကြီးမြတ်သည် ဖြစ်ပါစေသတည်းဟု ပြောဆိုလျှောက်ထား၏။

ငါသည် ဤသို့သဘောရှိသော သူတော်ကောင်းကို အကယ်၍ သည်းမခံစေခဲ့သည်ဖြစ်အံ့၊ နတ်တို့ လက်နက် မိုးကြိုးစက်မည်သည် ငါ၏ ဦးထိပ်ထက်၌ ကျပေလတ္တံ့ဟု ကြံပြီး၍ သူဌေးကြီးသည် ထိုပညာရှိယောကျ်ား၏ ခြေရင်း၌ ငပ်စင်းပြီးသော် အရှင် အကျွန်ုပ်အား သည်းခံပါလော့ဟု ပြော၏။ ဤအမှုကား အဘယ်နည်းဟု ထိုပညာရှိ ယောကျ်ားက မေးသည်ရှိသော် မိမိပြုလုပ်ကြံစည်မိခဲ့သော အလုံးစုံကို အကုန်ပြန်ကြား၏။

သူဌေးကြီး သောတပန်တည်းခြင်း

မြတ်စွာဘုရားရှင်သည် ထိုအမှုအရာကို မြင်တော်မူ၍ ဤအမှုကား အဘယ်နည်းဟု အလှူဒါနကို နှိုးဆော်တိုက်တွန်း၍ ပေးလှူသော ယောကျ်ားကို မေးတော်မူ၏။ ထိုယောကျ်ားသည် လွန်ခဲ့သော နေ့မှစ၍ ဖြစ်သမျှသော အကြောင်း အလုံးစုံကို လျှောက်ကြား၏။ ထိုအခါ မြတ်စွာဘုရားရှင်က သူဌေးကြီးကို အသင်သူဌေးကြီး ဤသို့ပြုလုပ်သော ဟူသည် ဟုတ်မှန်ပေသလော ဟု မေးတော်မူ၍၊ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဟုတ်မှန်ပါသည်ဟု ဝန်ခံလျှောက်ထားသည်ရှိသော်၊ ဒါယကာ သူဌေးကြီး ကုသိုလ်ကောင်းမှုမည်သည် အနည်းငယ်ဟူ၍ မအောက်မေ့အပ်။ ငါကဲ့သို့သော သဘောရှိသော ဘုရားအမှူးရှိသော ရဟန်း သံဃတော်အပေါင်းအား စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းဒါနကို ပြုလုပ်လှူဒါန်း၍ အနည်းငယ်မျှတကားဟု မမှတ်ထင်အပ်၊ ပညာရှိသောလူတို့သည် ကောင်းမှုကို ပြုသည်ရှိသော် အထက်သို့ မျက်နှာမူ၍ထားသဖြင့် ဟင်းလင်းပွင့်သော အိုးသည် ရေဖြင့် ပြည့်ကုန်ဘိသကဲ့သို့ အစဉ်အတိုင်း ကုသိုလ်ကောင်းမှုဖြင့် ပြည့်ကုန်သည် သာလျှင်တည်းဟု မိန့်တော်မူပြီးသော် အနုသန္ဓေကိုစပ်၍ တရားတော်ကို ဟောကြားတော် မူလိုသောကြောင့် ဤဂါထာကို မိန့်တော်မူ၏။

မာ ဝမညေထ ပုညဿ၊ နမန္ဒံ အာဂမိဿတိ။
ဥဒဗိန္ဒုနိပါတေန၊ ဥဒကုမ္ဘောပိ ပူရတိ။
ဓီရော ပူရတိ ပုညဿ၊ ထောကံ ထောကမ္ပိ အာစိနံ။

ကုသိုလ်ကောင်းမှုကို အနည်းငယ်ဟူ၍ အထင်မသေးရ။ ရေတစ်စက်ချင်းကျသဖြင့် ရေအိုးကြီးပြည့်ရ၏။ ဤနည်းအတူ ပညာရှိသည် ကုသိုလ်ကိုအနည်းငယ်စီ စုပေါင်းဆည်းပူး၍ ကုသိုလ်ဖြင့်ပြည့်သည်။

ထိုဂါထာ၏အဓိပ္ပါယ်ကား။ ပညာရှိသည် ကုသိုလ်ပြု၍ ငါသည် အနည်းငယ်သော ကုသိုလ်ကိုပြုလုပ်အပ်၏၊ အားနည်းသောကြောင့် အကျိုးမသက်ရောက်လတ္တံ့၊အနည်းငယ်သောကံသည် ငါ့ကို အဘယ်မှာတ္ဆေလတ္တံ့နည်း၊ငါသည်လည်း ထိုကံကို အဘယ်မှာတ္ဆေပါအံ့နည်း၊ဘယ်တော့ အကျိုးပေးမှာလဲ၊ ဤသို့ ကုသိုလ်ကို အထင်မသေးရ၊ဥပမာကား-ရေတစ်ပေါက်ချင်းကျသဖြင့် အဖုံးဖွင့်ထားသော အိုးစရည်ကြီးသည် ပြည့်သကဲ့သို့ ပညာရှိသည် အနည်းငယ်စီသော ကုသိုလ်ကို ဆည်းပူးလျက် ကုသိုလ်ဖြင့်ပြည့်၏။

ထိုဒေသနာပါဌ်ဂါထာ၏အဆုံး၌ သူဌေးကြီးသည် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။ ထိုမှတစ်ပါး များစွာသော ပရိသတ်တို့သည်လည်း အကျွတ်တရားကို ရကုန်၏။

၇။ မဟာဓန ကုန်သည်ပတ္ထု

ဝါဏိဇောဝ– အစရှိသော ဤဒေသနာတော်ကို မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ကိန်းအောင်း စံပယ်တော်မူစဉ် မဟာဓနမည်သော ကုန်သည်ဟစ်ဦးကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ထိုမဟာဓန ကုန်သည်၏အိမ်၌ ငါးရာကုန်သော ခိုးသူတို့သည် ခိုးဌက်ယူငင်ခြင်းငှါ အခွင့်အခါကို ရှာမှီးလျက် ကြည့်ရှုဆိုင်းငံ့ လှည့်လည်ဓနရာ တစ်စုံတစ်ခုပြုလုပ်ခိုးဌက်ယူငင်ဖို့ရာ ဖြစ်သောအခါ မရကုန်၊ နောက်အဖို့ဖြစ်သော တစ်ပါးသောအခါ၌ မဟာဓနကုန်သည်သည် ငါးရာကုန်သော လှည်းတို့ကို ပစ္စည်းဘဏ္ဍာတို့ဖြင့် ပြည့်စေ၍ ရဟန်းတော်တို့အား "တပည့်တော်သည် ဤအမည်ရှိသော အရပ်သို့ ကုန်ကူးသန်းခြင်းငှါ သွားပါအံ့ အကြင်ရဟန်းတော်တို့သည် ထိုအရပ်သို့ ကြွသွားတော်မူလိုကုန်၏။ ကြွသွားတော်မူလိုကုန်သော ထိုရဟန်းတော်တို့သည် ထွက်ကြွတော် မူကြပါကုန်လော့။ လမ်းခရီးအကြား၌ ဆွမ်းဘောဇဉ်တို့ဖြင့် မပင်ပန်းဘဲဖြစ်ပါကုန်လိမ့်မည်" ဟု သတင်းစကားလျှောက်ကြားမှာထားလိုက်၏။ ထိုသို့သော သတင်းစကားကို ကြား၍ ငါးရာကုန်သော ရဟန်းတို့သည် ထိုကုန်သည်နှင့်အတူတကွ ထွက်ကြွတော်မူကြကုန်၏။

မဟာဓနကုန်သည်နှင့် ခိုးသားငါးရာ

ထိုငါးရာကုန်သော ခိုးသားတို့သည်လည်း မဟာဓနကုန်သည် ထွက်သွားသည်ဟု ကြားသိသောကြောင့် လမ်းခရီး တောအုပ်၌ သွားရောက်စောင့်ဆိုင်းတည်နေကုန်၏။ ကုန်သည်လည်း သွားရောက်၍ တောအုပ်အဝဖြစ်သော တစ်ခုသောရွာ၌ တည်းခိုနေထိုင်ခြင်းကို ပြု၍ နှစ်ရက် သုံးရက်တို့ ကာလပတ်လုံး နွားလှည်းတို့ကို ပြုပြင်စီရင်၏။ ထိုရဟန်းတို့အား အမြဲမပြတ် နိစ္စဘတ်ဆွမ်းဝတ်ဖြင့် မချတ်မယွင်းရအောင် ပြုစုလုပ်ကျွေး ပေးလှူသည်သာလျှင်တည်း။

ခိုးသူတို့သည် ထိုကုန်သည်ကား အလွန်မြင့်ကြွ၍ လာခဲလှသည်။ သွေးပါချေ။ ထိုမဟာဓနကုန်သည်၏ ရွာမှထွက်အံ့သောနေ့ကို သိအောင်ပြုပြီး လာခဲ့လော့ဟု တစ်ယောက်သော ခိုးသူကို စေလွှတ်ကုန်၏။ ထိုခိုးသူသည် ရွာသို့သွားရောက်၍ မိမိအဖော်ခင်ပွန်း လူတစ်ယောက်ကို အချင်း မဟာဓနကုန်သည်ကြီးသည် အဘယ်အခါ၌ ရွာမှ ထွက်၍ သွားလတ္တံ့နည်းဟု မေး၏။ ထိုလူကလည်း နှစ်ရက် သုံးရက်ကို လွန်မြောက်က သွားပေလိမ့်မည်ဟု ပြောပြီးသော် အဘယ်အကျိုးငှါ အသင်မေးမြန်းဘိသနည်းဟု ပြန်၍ မေး၏။ ထိုအခါ ခိုးသူယောကျ်ားက အချင်း ငါတို့ ငါးရာကုန်သော ခိုးသူတို့သည် ထိုမဟာဓနကုန်သည်ကို လုယက်ဖျက်ဆီး ပစ္စည်းဥစ္စာကို ယူခြင်း အကျိုးငှါ တောအုပ်၌ လာရောက် စောင့်ငုံနေကြပေသည်ဟု ပြော၏။

ဤမှတစ်ပါး ခင်ပွန်းယောကျ်ားကလည်း ထိုသို့ဖြစ်ပါမူကား အသင်သွားလေလော့။ လျင်စွာထွက်ပေလတ္တံ့ဟု ပြောဆို လွှတ်လိုက်ပြီးလျှင် အသို့နည်း ငါသည် ခိုးသူတို့ကိုလည်း တားမြစ်ရအံ့လော၊ သို့တည်းမဟုတ် ကုန်သည်တို့ကို မူလည်း တားမြစ်ရအံ့လောဟု ကြံဆင်ခြင်ပြီး၍ ခိုးသူတို့ဖြင့် ငါ့အား အဘယ်အကျိုး ရှိအံ့နည်း။ မဟာဓနကုန်သည်ကို အမှီပြုပြီးသည့်အခါ ငါးရာကုန်သော ရဟန်းတို့သည် ပင်ပန်းနှမ်းနယ်ခြင်းမရှိ၊ ဆွမ်းဘောဇဉ် အာဟာရတို့ဖြင့် မျှတတည်နေ အသက်ရှည်ရကုန်၏။ ကုန်သည်အား အမှတ်သညာကို ပေးအံ့ဟု ကြံ၍ ထိုယောကျ်ားသည် ကုန်သည်၏အထံသို့ သွားပြီးသော် အရှင်ကုန်သည်တို့ အသင်တို့သည် အဘယ်သို့သော နေ့ရက်၌ သွားကုန်လတ္တံ့နည်းဟု မေးသဖြင့် သုံးရက်မြောက်သောနေ့၌ သွားပေအံ့ဟု ဆိုသည်ရှိသော် အကျွန်ုပ်၏စကားကို လိုက်နာသည်ကို ပြုကုန်လော့၊ ဤအမည်ရှိသော တောအုပ်၌ ငါးရာကုန်သော ခိုးသူတို့သည် အသင်ကုန်သည်တို့ လာလတ္တံ့သည်ကို မျှော်ငံ့ဆိုင်းလင့်၍ တည်ကုန်၏။ မသွားကြပါကုန်လင့်ဦးဟု ပြောဆို တားမြစ်သည်ရှိသော် အသင် အဘယ့်ကြောင့် သိနိုင်သနည်းဟု မေးသဖြင့် ထိုခိုးသူတို့၏

အတွင်း၌ အကျွန်ုပ်၏ အဆွေခင်ပွန်းသည် ရှိ၏။ ထို အဖော်ခင်ပွန်း ပြောကြား သော စကားဖြင့် သိအပ်ပါသည်ဟု ပြော၏။

ထိုသို့ဖြစ်ပါမူ ငါ့အား ဤလမ်းခရီးကိုသွားသဖြင့် အဘယ်အကျိုးရှိအံ့နည်း။ ဆုတ်နစ်ပြန်လည်၍ အိမ်သို့သာလျှင် သွားတော့အံ့ဟု ပြော၏။ ထိုကုန်သည်ကြီး မလာ၍ ကြာမြင့်ပြန်သည်ရှိသော် တစ်ဖန် ခိုးသူတို့ စေလွှတ်အပ်သော ခိုးသူ ယောကျ်ားသည် လာရောက်၍ ထိုအဆွေကို မေးမြန်းသဖြင့် သတင်းစကားကို ကြားသိရသည်ရှိသော် လျင်စွာ ပြန်လာခဲ့၍ ကုန်သည်ကြီးသည် ဆုတ်နစ် ပြန်လည်၍ အိမ်သို့သာလျှင် သွားပေလိမ့်သတတ်ဟု ခိုးသူတို့အား ပြောကြား၏။

ခိုးသူတို့သည် ထိုစကားကို ကြား၍ ထိုတောအုပ်မှ ထွက်ပြီးလျှင် ဤမှ တစ်ပါးဖြစ်သော အပြန်ဖြစ်သော လမ်းခရီး၌ ဆိုင်းငံ့မျှော်လင့်၍ တည်နေ ကြကုန်၏။ ထိုကုန်သည်ကြီး မလာ၍ ကြာမြင့်သည် ရှိသော် တစ်ဖန်လည်း ထိုငါးရာကုန်သော ခိုးသားတို့သည် ယခင်စေခိုင်းအပ်သော ယောကျ်ားကိုပင် ကုန်သည်ကြီး အထံသို့ သတင်းစကားကို ကြားသိရန် အလို့ငှါ စေလွှတ်ကြ ကုန်၏။ ထိုခိုးသားသည်လည်း ရှေးနည်းအတူသာလျှင် မိမိအဖော် ယောကျ်ား၏ အထံသို့ သွား၍ မေးမြန်းစိစစ်သောကြောင့် ထိုခိုးသား၏ အပြန်လမ်းခရီး၌ တည်ရှိသည့်အဖြစ်ကို သိ၍ တစ်ဖန် ထိုယောကျ်ားသည် ကုန်သည်ကြီးအား ပြောကြားပေ၏။

ရဟန်းငါးရာ ပြန်ကြွခြင်း

မဟာဓန ကုန်သည်ကြီးလည်း ငါ့အား ဤအရပ်၌ တစ်စုံတစ်ခု ချိုင့်ခြင်း အမှုမရှိပြီ။ ဤသို့ ဖြစ်ခဲ့သည် ရှိသော် ဤအရပ်မှ တစ်ပါးသော အရပ်သို့ မသွားသေးမူ၍ ဤအရပ်၌ပင်လျှင် နေဦးတော့မည်ဟု ကြံပြီးလျှင် ရဟန်းတို့၏ အထံသို့ သွားရောက်၍ အရှင်ဘုရားတို့ ခိုးသူတို့သည် တပည့်တော်ကို ဖျက်ဆီး လုယက်ခြင်းငှါ လမ်းခရီး၌ စောင့်ဆိုင်းငံ့လင့်၍ နေကြပါကုန်သည်။ ပစ်ဖန် ဆုတ်နစ်ပြန်လည်အံ့ဟု ကြံပြန်ပါသော်လည်း ထိုအကြောင်းကို ခိုးသူတို့ကြား၍ အပြန်လမ်းခရီး၌ စောင့်ဆိုင်းငံ့လင့်၍ နေကြပါကုန်ပြီ။ တပည့်တော်သည် ဤအရပ်မှ တစ်ပါးသော အရပ်သို့ မသွားနိုင်သေးဘဲ အနည်းငယ်မျှ ဤအရပ် ဒေသ၌ပင်လျှင် နေရပါလိမ့်ဦးမည်။ သို့ဖြစ်၍ ဤအရပ်၌ သီတင်းသုံးတော်မူလို ကုန်သော အရှင်ကောင်းတို့သည်လည်း သီတင်းသုံးတော် မူကြပါကုန်လော့။ ဖဲကြွတော်မူလိုကုန်သော အရှင်ကောင်းတို့သည်လည်း အရှင်မြတ်တို့ အလိုရှိ နှစ်သက်တော်မူသည့်အတိုင်း ပြုတော်မူပါကုန်လော့ဟု လျှောက်၏။

ရဟန်းတို့သည် "ဒါယကာ ဤသို့ဖြစ်ခဲ့သည်ရှိသော် ငါတို့သည် ဆုတ်နစ်ပြုန်လည် ကုန်တော့မယဲ့"ဟု မဟာဓန ကုန်သည်ကြီးကို ပန်ကြားပြီးသော် တစ်ဖန် ၁၀၀ဝတ္ထဳပြည့်သို့သာလျှင် ပြန်သွား၍ မြတ်စွာဘုရားရှင်ကို ကြည်လင်ညွတ်လျှိုး ရှိခိုးဦးချပြီး ထိုင်နေကြကုန်၏။

ရဟန်းငါးရာ ပဒုံသမ္ဘိဒါပတ္တ ရဟန္တာဖြစ်ခြင်း

မြတ်စွာဘုရားရှင်က ချစ်သားရဟန်းတို့ အသို့ပေနည်း၊ အသင်တို့သည် မဟာမန ကုန်သည်နှင့် အတူဘက္ခ မသွားကြကုန်သလောဟု မေးတော်မူသည်ရှိသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား သြော် ဟုတ်မှန်ပါ၏၊ မဟာဓန ကုန်သည်ကြီးအား လုယက်ဖျက်ဆီးခြင်းငှါ နှစ်သက်သော လမ်းခရီးတွင် ခိုးသူတို့ထ၍ နေကြကုန်သည်။ ထိုနောက် မဟာဓန ကုန်သည်ကြီးသည် ထိုအရပ်၌သာလျှင် တည်နေရပါတော့သည်။ တပည့်တော်တို့သည်ကား ပြန်လာခဲ့ပါကုန်သည်ဟု လျှောက်ကြားသည်ရှိသော် ချစ်သားရဟန်းတို့ မျှားစွာသော ပစ္စည်းဥစ္စာရှိသော ကုန်သည်သည် ဖျက်ဆီးလုယက် လတ္တံ့သော ခိုးသူတို့၏ ရှိသည့်အဖြစ်ခကြောင့် ခိုးသူရှိသော ထိုလမ်းခရီးကို ကြဉ်ရှောင်လေဘ်သကဲ့သို့ လည်းကောင်း၊ အသက်ရှည်လိုသော ယောကျ်ားသည် လျင်မြန်စွာ လတ်တလော သေစေတတ်သော အဆိပ်ကို ကြဉ်ရှောင်ဘိသကဲ့သို့ လည်းကောင်း ငါဘုရား သာသနာကို ထမ်းဆောင်မသော ရဟန်းကောင်းသည်လည်း သုံးပါးသော ဘဝတို့ကို ခိုးသူတို့ထသော ခရီးလမ်းနှင့် တူကုန်သည်ဟု သိ၍ ယုတ်မာညစ်ကျမကောင်းမှုကို ကြဉ်ရှောင်ခြင်းငှါ သင့်လျော်လျောက်ပတ်ပေသည်ဟု မိန့်တော်မူပြီးသော် အနုသန္ဓေကို စပ်၍ တရားတော်ကို ဟောကြားတော်မူလို၍သာကြောင့် ဤဂါထာကို မိန့်တော်မူ၏—

ဝါဏိဇော ဘယံ မဂ္ဂံ၊ အပ္ပသတ္ထော မဟဒ္ဓနော။
ဝိသံ ဇီဝိတုကာမော ဝ၊ ပါပါနိ ပရိဝဇ္ဇယေ။

ကုန်သည်သည် အပေါင်းအဖော်နည်း၍ ပစ္စည်းဥစ္စာများသော ကုန်သည်သည် ဘေးရှိသောလမ်းကို ရှောင်သကဲ့သို့၊ အသက်ရှည်လိုသူသည် အဆိပ်ကို ရှောင်သကဲ့သို့၊ မကောင်းမှုများကို ရှောင်ကြဉ်ရာ၏။

ထိုဂါထာ၌—

ဘယံ=ဟူသည် ကြောက်အပ်သော ခိုးသူဘို့ ထကြွသောကြောင့် ဘေးရန်ရှိသော်။

အဓိပ္ပါယ်ကား။ ။ပစ္စည်းဥစ္စာများသော ကုန်သည်အဖော် နည်းပါးသော လှည်းကုန်သည်သည် ဘေးရန်ရှိသောလမ်းကို ရှောင်ကြဉ်သကဲ့သို့ အသက်

ရှည်လိုသူသည် လတ်တလော သေစေတတ်သော အဆိပ်ကို ရှောင်ကြဉ်သကဲ့သို့ ပညာရှိသောရဟန်းသည် အနည်းငယ်သော မကောင်းမှုကိုလည်း ရှောင်ကြဉ်ရာ၏။

ထိုဒေသနာ ပါဠိဂါထာ၏ အဆုံး၌ ထိုငါးရာကုန်သော ရဟန်းတို့သည် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ကုန်၏။

မဟာဓနကုန်သည်ဝတ္ထု ပြီး၏။

၈။ ကုက္ကုဋ္ဌမိတ္တ မုဆိုးဝတ္ထု

ပါဏိမှိ စေ=ဤသို့စသည့် ဓမ္မဒေသနာကို မြတ်စွာဘုရားသည် ဝေဋ္ဌဝန်ကျောင်းတော်၌ ကိန်းအောင်းမွေ့လျော်စဉ် ကုက္ကုဋ္ဌမိတ္တ အမည်ရှိသော နေသာဒအမျိုး မုဆိုးတစ်ဦးကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ရာဇဂြိုဟ်ပြည်ကြီး၌ တစ်ယောက်သော သူဌေးသမီးသည် အရွယ်သို့ ရောက်သည်ရှိသော် ဘုံခုနစ်ဆင့်သော ပြာသာဒ်၏ အထက်၌ ကျက်သရေရှိသော တိုက်ခန်း၌ အစောင့်အရှောက်အလို့ငှါ တစ်ယောက်သော အလုပ်အကျွေးကို ပေး၍ မိဘတို့သည် မွေးမြူကုန်၏။

သူဌေးသမီးနှင့် မုဆိုး

တစ်နေ့သောအခါ ညနေချမ်းအချိန်၌ လေသောက် ပြတင်းဖြင့် ခရီးမကို ကြည့်ရှုသည်ရှိသော် ငါးရာကုန်သောကျော့ကွင်း ငါးရာကုန်သော တံစို့တို့ကို ကိုင်ယူလျက် သားသမင်တို့ကို သတ်၍ အသက်မွေးမြူသော ငါးရာကုန်သော သမင်သားတို့ကို သတ်၍ ထိုအသားတို့ဖြင့် လှည်းတို့ကို ပြည့်စေပြီးလျှင် လှည်းဦး၌ ထိုင်နေ၍ ထိုအသားတို့ကို ရောင်းစားခြင်းငှါ မြို့သို့ ရှေးရှုဝင်လာသော ကုက္ကုဋ္ဌမိတ္တ မုဆိုးကိုမြင်၍ ထိုကုက္ကုဋ္ဌမိတ္တမုဆိုး၌ ချစ်ခင်တိမ်းညွှတ်သော စိတ်ရှိရကား အလုပ်အကျွေး၏ လက်၌ လက်ဆောင်ကို ပေး၍ သွားချေ ဤလက်ဆောင်ကိုပေး၍ ထိုသူ၏ ပြန်သွားအံ့သော အခါကို သိပြီးသည့်အခါ လာခဲ့လော့ဟု မှာထားစေလွှတ်၏။

အလုပ်အကျွေး မိန်းမသည်လည်း ကုက္ကုဋ္ဌမိတ္တ မုဆိုး၏ အထံသို့ သွားရောက်၍ လက်ဆောင် ပဏ္ဏာကာရကို ပေးပြီးလျှင် ပြန်အံ့သော အခါကို မေးမြန်း၏။ မုဆိုးကလည်း ယနေ့ သား, ဟင်းမျိုးကို ရောင်းချပြီး နံနက်

စောစောမှသာလျှင် ဤအမည်ရှိသော တံခါးဖြင့် ထွက်သွားပေအံ့ဟု ပြော၏။ အလုပ်အကျွေး မိန်းမသည် မုဆိုးပြောသော စကားကို မှတ်သားနာယူခဲ့၍ ပြန်လာပြီးလျှင် ထိုသူဌေးသမီးအား ပြေားကြား၏။

သူဌေးသမီးသည် မိမိသည် ယူခြင်းငှါ သင့်လျော် လျောက်ပတ် ကောင်းမြတ်သော အ၀တ်တန်ဆာ ပစ္စည်း ဥစ္စာကို ထုပ်ပိုး ပြုပြင် စီရင်၍ နံနက်စောစောမှသာလျှင် ညစ်နွမ်းသော အ၀တ်ကို ၀တ်၍ ရေအိုးကို ယူပြီးလျှင် ကျွန်မတို့နှင့် အတူတကွ ရေဆိပ်သို့ သွားဘိသကဲ့သို့ ထွက်ခဲ့ပြီး၍ ထိုမုဆိုး လာလတ္တံ့သော လမ်းခရီးက ကြည့်ရှုမျှော်ငံ့ တည်နေလင့်၏။ ကုက္ကုဋ္ဌမိတ္တ မုဆိုးသည် နံနက်စောစောကပင် လှည်းကို မောင်းနှင်ထွက်လာခဲ့၏။ သူဌေးသမီးသည် လှည်းမောင်းနှင်သောအခါ လှည်းနောက်မှသာလျှင် လိုက်သွား၏။

ကုက္ကုဋ္ဌမိတ္တ မုဆိုးသည် သူဌေးသမီးကို မြင်၍ အသင်ချစ်နှမ အသင်သည် အဘယ်သူ၏သမီးပေနည်းဟု မေး၍ အသင်ချစ်နှမ အသင့်ကို ငါတို့ အဘယ် သူ၏ သမီးဟူ၍ မသိကုန်၊ သင်သည် ငါ၏ နောက်သို့ မလိုက်လာပါလင့်ဟု တားမြစ်ပြောဆို၏။

အရှင် အသင်သည် ကျွန်တော်မကို ခေါ်ဆောင်သည် မဟုတ်ပါ ကျွန်တော်မ အလိုအလျောက် လိုက်လာပါသည်၊ အရှင်သည် ဆိတ်ဆိတ်ဖြစ်၍သာလျှင် မိမိ၏လှည်းကို မောင်းနှင်ပါလော့ဟု ပြော၏။ ကုက္ကုဋ္ဌမိတ္တ မုဆိုးသည် ထိုသို့ ပြောဆိုပါသော်လည်း အဖန်ဖန် အထပ်ထပ် တားမြစ်သည်သာလျှင်တည်း။

ထိုအခါ သူဌေးသမီးက အရှင် အသရေမည်သည် မိမိထံမှောက်သို့ လာရောက်သည်ကို တားမြစ်ခြင်းငှာ မသင့်လျော်ပါဟု ပြော၏။ ကုက္ကုဋ္ဌမိတ္တ မုဆိုးသည်လည်း ယုံမှားမဲ့ ဤသတ္တိသမီးသည် ငါ၌ မေတ္တာသက်ဝင် ချစ်ခင် တိမ်းညွတ်၍ လိုက်လာတော့သည်ဟု လာသောအကြောင်းကို သိ၍ သူဌေးသမီး ကို လှည်းထက်သို့ တင်ယူပြီးလျှင် သွား၏။ သူဌေးသမီး၏ မိခင်ဖခင်တို့ သည်လည်း ထိုမှဤမှ ရှာဖွေကြည့်ရှုစေ၍ မတွေ့မမြင်ကုန်သည်ရှိသော် ငါတို့၏ သမီးသည် သေလွန်သည်ဖြစ်ပေလိမ့်မည်ဟု အောက်မေ့မှတ်ထင်၍ သူသေ၏ အဖို့ကို ရည်မှတ်ပြီးလျှင် ကျွေးမွေးလှူဒါန်းခြင်းဟု ဆိုအပ်သော မတကဘတ်ကို ပြုကြကုန်၏။ ထိုသူဌေးသမီးသည်လည်း ကုက္ကုဋ္ဌမိတ္တ မုဆိုးနှင့် အတူတကွ သင့်နေကြ၍ သံ၀ါသကို အစွဲပြုပြီး အစဉ်အတိုင်း ခုနစ်ယောက်ကုန်သော သားတို့ကို ဖွားမြင်လေ၏။ ထိုသားတို့သည် အစဉ်အားဖြင့် ကြီးပွားသည့် အလျောက် အရွယ်သို့ ရောက်သည် ရှိသော် ထိုက်လျောက်သော သတ္တိသမီး တို့နှင့် ထိမ်းမြားလက်ထပ်၍ အိမ်ရာဖွဲ့နှောင်ခြင်းကို ပြု၏။

ကုက္ကုဋ္ဌမိတ္တ မုဆိုးထံသို့ မြတ်စ္စာဘုံရား ကြွတော်မူခြင်း

ထိုနောက် တစ်နေ့သ၌ ဘုရားကိုယ်တော်မြတ်သည် မိုးသောက်ယံ လောက ကို ကြည့်ရှုတော်မူသည်ရှိသော် သား, ခွေးမတို့နှင့် တကွသော ကုက္ကုဋ္ဌမိတ္တ မုဆိုးကို ဉာဏ်တော်တည်းဟူသော ကွန်ရက်သို့ ဝင်လာသည်ကို မြင်တော်မူ၍ ထိုသူတို့သည် အသင့်ဖြစ်ပေလတ္တံ့နည်းဟု ဆင်ခြင်တော်မူပြန်သည် ရှိသော် တစ်ကျိပ်ငါးယောက် ကုန်သော သူ့ဘို့အား သောတာပတ္တိမဂ် အကြောင်း ဥပနိဿယ ပြည့်ဝ စုံလင်သည်ကို မြင်တော်မူသောကြောင့် နံနက်စောစောကပင် လျှင် သပိတ်, သင်္ကန်းကို ယူတော်မူပြီး ကုက္ကုဋ္ဌမိတ္တ မုဆိုး၏ ကျေးကွင်းထောင် ထားရာအရပ်သို့ ကြွသွားတော်မူ၏။ မြတ်စ္စာဘုရား ကြွသွားလာမူသော ထိုနေ့ ပတ်လုံး ကျေးကွင်း၌ ဖဲ့မိသော တစ်ကောင်မျှသော သား, သမင်ရှိသည် မဖြစ်၊ မြတ်စ္စာဘုရားရှင်သည် ထိုကျေးကွင်း၏ အရင်း၌ ခြေတော်ရာကို ပြ၍ ရွှေတည့်တည့်မှ တစ်ခုသော ချုံ၏အောက် အပြင်ဖြစ်သော ချမ်းအေးသော အရိပ်၌ ထိုင်နေတော်မူ၏။

ကုက္ကုဋ္ဌမိတ္တ မုဆိုးသည် နံနက်စောစောကပင်လျှင် လေးကို ယူ၍ ကျေးကွင်း ထောင်ထားရာအရပ်သို့ သွားရောက်ပြီးလျှင် အစမှ စ၍ ကျေးကွင်းတို့ကို ကြည့်ရှုလျက် ကျေးကွင်း၌ တစ်ကောင်သော သားသမင်မျှ မိသည်ကို မတွေ့ မမြင်ဘဲ မြတ်စ္စာဘုရား ခြေတော်ရာကို မြင်လေ၏။ ထိုအခါ ကုက္ကုဋ္ဌမိတ္တ မုဆိုးအား အဘယ်သူသည် ငါ၏ ကျေးကွင်း၌ ဖဲ့မိသော သားသမင်တို့ကို အလျင်ဖြေချတ် လွှတ်၍ လှည့်လည်ဘီသနည်းဟု ကြံပြီး၍ကား ခြေရာရှင်ဖြစ်သော မြတ်စ္စာဘုရား၌ ရန်ငြိုးဖွဲ့ပြီး အစဉ်အလျောက် လိုက်၍သွားသည် ရှိသော် ချုံရှင်း၌ သီတင်းသုံးတော်မူသော မြတ်စ္စာဘုရားရှင်ကို တွေ့မြင်၍ ဤသူသည် ငါ၏ သား, သမင်တို့ကို ဖြေလွှတ်အပ်သည် ဖြစ်ပေလိမ့်မည်။ ဤသူကို သတ်ပေအံ့ဟု ကြံ၍ လေးကို ဆွဲငင်၍ တင်၏။

မြတ်စ္စာဘုရားရှင်သည်ကား လေးကို ဆွဲငင် တင်ယူခြင်း အခွင့်ကို ပေးတော်မူ၍ လေးညှို့ကို ချခြင်း (ပတ်လွှတ်ခြင်း)အခွင့်ကို ပေးတော်မမူ၊ ထိုမုဆိုးသည် မြားကို ပစ်လွှတ်ခြင်းငှါ လည်းကောင်း၊ ချခြင်းငှါ လည်းကောင်း မစုံမ်းနိုင်သောကြောင့် နံရိုးတို့သည် ကျိုးထွက်အံ့သကဲ့သို့ ခံတွင်းမှ တံတွေးအလိမ်းလိမ်း ယိုစီးကပ်ငြိလျက် ပင်ပန်းနွမ်းနယ်သော သဘောရှိသည် ဖြစ်၍ မတုန်မလှုပ် တည်နေ၏။

သားခုနစ်ယောက်

ထိုအခါ မယား ခင်ပွန်းမက သားတို့၏ အိမ်သို့သွား၍ ချစ်သားတို့ အသင်တို့၏ ဖခင်သည် ခါတိုင်းနှင့် မတူမူ၍ ယခုအခါ ဒေါလွန်ကြောမြင့်ချေသည်၊

အသင်တို့၏ ဖခင်ထံသို့ အမြန် လိုက်သွားပါကုန်လော့ဟု မိခင်က စေလတ် အပ်သည် ဖြစ်သောကြောင့် ခုနစ်ယောက်သော သားတို့သည့် အသီးသီး လေးတို့ကို ကိုင်ဆဲ့ယူငင်ပြီး လိုက်သွားကြသဖြင့် မတုန်မလှုပ် လေးကို မပစ်လွှတ် မချနိုင်ဘဲ တည်နေသော ဖခင်ကိုလည်းကောင်း၊ ချုံရင်းခြံ တည်နေတော်မူသော မြတ်စွာဘုရားရှင်ကို လည်းကောင်း တော့်မြင်၍ ဤသူသည် ငါတို့ ဖခင်၏ ရန်သူဖြစ်ပေလိမ့်မည်ဟု အောက်မေ့၍ ခုနစ်ယောက်ကုန်သော သားတို့သည် လေးကို ဆဲငင်၍ တင်ကုန်၏။ မြတ်စွာဘုရား တန်ခိုးတော်ကြောင့် ထို ခုနစ်ယောက်သော သားတို့သည်လည်း ဖခင်နှင့် အလားတူစွာ လေးကို ဆဲငင်၍ တင်ခြင်းငှါ စွမ်းနိုင်ပါလျက် ပစ်လွှတ်ချခြင်းငှါ မစွမ်းနိုင်ဘဲ မတုန်မလှုပ်တည်နေကြကုန်၏။

ချွေးမမျှားနှင့်အတူ လိုက်သွားခြင်း

ထိုအခါ သားတို့၏ မိခင်ဖြစ်သော မိန်းမသည် "ငါ၏ အရှင်ခင်ဗျန်းလင်သည် အလွန်ပင် ကြာမြင့်သည်ဟူ၍ ခုနစ်ယောက်ကုန်သော သားဘို့ကို နောက်ထပ် တစ်ဖန် စေလွှတ်ပြန်ပါသည်။ ထိုသားတို့သည်သည်း မပေါ်လာ။ အလွန်ပင် ကြာမြင့်ချေသည်ဟု အောက်မေ့ကြံဆင်ခြင်ပြီးသော အခါ ခုနစ်ယောက်ကုန်သော ချွေးမတို့နှင့်အတူတကွ လိုက်သွား၍ လေးကို ကိုင်ငင် ဆဲတင်လျက် မတုန်မလှုပ် တည်နေကုန်သော ခင်ဗျန်းလင်နှင့် တကွသော သားတို့ကို မြင်၍ အဘယ်သူသည် ဤသူတို့၏ လေးကို ကိုင်ငင် ဆဲထားပါလိမ့်မည်နည်း" ဟု ကြံ၍ ထို ဤဒေသရပ်ဌာနကို ကြည့်ရှုညွှန်ကြားသော မြတ်စွာဘုရားကို မြင်၍ လက်မောင်းနှစ်ဖက် တို့ကို မြှောက်ချီပြီး ကျန်မတို့၏ ဖခင်ကို မဖျက်ဆီး ကြပါကုန်လင့်ဟု ကျယ်စွာသော အသံကို ပြု၍ ဟစ်အော်၏၊

ကုက္ကုဋမိတ္တ မုဆိုးသည် မယားခင်ဗျန်းမ ဟစ်အော်သော ထိုအသံကို ကြား၍ ငါ့အား ပျက်စီးခြင်း ဖြစ်လေစတကား၊ ဤသူသည် ငါ၏ ယောကျ်မ ပေတကား၊ ငါသည် ဝန်လေးသော အမှုကို ပြုမိလေစဟု ကြံ၏။ မုဆိုး၏ သားတို့သည်လည်း ဤသူသည် ငါတို့၏ အဘိုး ဖြစ်ပေသတတ်။ ငါဘို့သည် ဝန်လေးသော အမှုကို ပြုမိလေကုန်သည်ဟု ကြံစည် အောက်မေ့ကုန်၏။ ကုက္ကုဋမိတ္တ မုဆိုးသည်ကား ဤသူကား ငါ၏ ယောကျ်မပေတည်ဟု မေတ္တာစိတ်ကို ဖြစ်စေ၏၊ မုဆို၏ သားတို့သည်လည်း ငါတို့၏ အဘိုးပေတည်းဟု မေတ္တာစိတ်ကို ဖြစ်ကြကုန်၏။

သား ချွေးမမျှားနှင့် မုဆိုး သေတာပန်တည်ခြင်း

ထိုအခါ သူ့ဌေးသမီးသည် ထိုသား လင် ခင်ဗျန်းတို့၏ လက်၌ ရှိသော လေးဘူးကို လျင်စွာ ဆဲငင် ဖွန့်ပစ်ပြီး၍ ငါ၏ ဖခင်ကို သည်းခံစေကြကုန်လော့

ဟု ပြောဏ်။ မြတ်စွာဘုရားရှင်သည် ထိုသူတို့၏ နူးညံ့သော စိတ်ရှိသည် အဖြစ်ကို သိတော်မူ၍ လေးကို ချခြင်းငှါ ခွင့်ပေးတော်မူ၏။ ထိုအလုံးစုံသော သူတို့သည် မြတ်စွာဘုရားရှင်ကို ရှိခိုးဦးချ၍ အရှင်ဘုရားတို့ တပည့်တော်တို့အား သည်းခံတော် မူပါကုန်လော့ဟု လျှောက်ကြား သည်းခံစေပြီး သင့်တင့် လျှောက်ပတ်သော အရပ်၌ ထိုင်နေကြကုန်၏။ ထိုသို့ ထိုင်နေကြသောအခါ မြတ်စွာဘုရားရှင်သည် ထိုသူတို့အား အစဉ်သော တရားစကားကို ဟောကြား တော်မူ၏။ ဒေသနာတော်အဆုံး၌ ကုက္ကုဋ္ဌမိတ္တ မုဆိုးသည် သား ခုနစ်ယောက်, ချွေးမ ခုနစ်ယောက်တို့နှင့် အတူတက္ခ မိမိလျှင် တစ်ဆယ့်ငါးယောက်မြောက် ဖြစ်၍ သောတာပတ္တိဖိုလ်၌ တည်လေ၏။

မြတ်စွာဘုရားရှင်သည် ဆွမ်း အလို့ငှါ လှည့်လည်တော် မူ၍ ညချမ်းသောအခါ ကျောင်းတော်သို့ ကြွတော်မူ၏။ ထိုအခါ အာနန္ဒာ မထေရ်သည် ဘုရား ကိုယ်တော်မြတ်သို့ ချဉ်းကပ်၍ ဘုန်းတော်ကြီး တော်မူသော မြတ်စွာဘုရား အဘယ်အရပ်သို့ ကြွတော်မူပါကုန်သနည်းဟု မြတ်စွာဘုရားကို မေးလျှောက်၏။ ချစ်သား အာနန္ဒာ၊ ကုက္ကုဋ္ဌမိတ္တ မုဆိုး၏ အထံသို့ ကြွသွားပေသည်ဟု မိန့်တော်မူလျှင် ဘုန်းတော်ကြီးတော် မူသော မြတ်စွာဘုရား အရှင်မြတ်တို့သည် ထိုမုဆိုးကို ပါဏာတိပါတကို ပြုကျင့်ခြင်းမှ ပစ်စွန့်ဝေးစွာ မပြုကျင့်ဖို့ရာအကြောင်း ကောင်းစွာသော နည်းဥပဒေသဖြင့် ဆုံးမခြင်းကို ပြုတော်မူအပ်ပါသလောဟု လျှောက်ထား သဖြင့် ချစ်သားအာနန္ဒာ ဩော်-ဟုတ်ပေ၏။ ငါဘုရားသည် ထိုကုက္ကုဋ္ဌမိတ္တ မုဆိုးလျှင် တစ်ဆယ့်ငါးယောက် မြောက်သော သူတို့၏ မတုန်မလှုပ်သော အစလသဒ္ဓါ၌ တည်ပြီးသည်အခါ သုံးပါးကုန်သော ရတနာတို့၌ ယုံမှားခြင်း ကင်းသည်ဖြစ်၍ ပါဏာတိပါတကံကို မပြုမလုပ်သော အဖြစ်ဖြင့် ဖြစ်စေအပ် လေပြီဟု မိန့်တော်မူ၏။

လင်မုဆိုး မယား သောတာပန်ဖြစ်ခြင်း

ရဟန်းတို့က ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ထိုမုဆိုးအား ခင်ပွန်းမ မယားသည် ရှိပါသလောဟု မေးလျှောက်သဖြင့် ချစ်သားရဟန်းတို့ ဩော်-ရှိပေ၏ ထိုခင်ပွန်းမ မယားသည် အမျိုးမိဘတို့အိမ်၌နေစဉ် သတို့သမီး အဖြစ်ကပင် သောတာပတ္တိဖိုလ်သို့ ရောက်လေသည်ဟု မိန့်တော်မူ၏။ ထိုနောက် ရဟန်းတို့သည် တရားသဘင် အစည်းအဝေးခွင်၌ ငါ့ရှင်တို့ ကုက္ကုဋ္ဌမိတ္တ မုဆိုး၏ ခင်ပွန်းမယားသည် ငယ်ရွယ်စဉ်ဖြစ်သော သတို့သမီးအဖြစ်၌ပင် သောတာပတ္တိ ဖိုလ်သို့ ရောက်၍ ထိုမုဆိုး၏ အိမ်သို့ သွားရောက်ပြီးလျှင် ခုနစ်ယောက်သော သားတို့ကို ရပေသတတ်။ ထိုခင်ပွန်းမယားသည် ဤမျှလောက်သော ကာလ

ပတ်လုံး အရှင်လင်ယောကျ်ားဖြစ်သော မုဆိုးက လေးကို ဆောင်ယူခဲ့လျှ် မြားတို့ကို ဆောင်ယူခဲ့လျှ် လုံကို ဆောင်ယူခဲ့လျှ် ပိုက်ကွန်ကို ဆောင်ယူခဲ့လျှ်ဟု စေခိုင်းပြောဆိုသည်ရှိသော် ထိုအလုံးစုံသော ၀တ္ထုတို့ကို ဆောင်ယူ၍ ပေး၏၊ ထိုမုဆိုးသည် ထိုမယားခင်ပွန်းမ ယူ၍ ပေးအပ်ကုန်သော လေးမြားစသည်တို့ကို ကိုင်ယူ၍ သွားဆောက်ပြီးသည့်အခါ ပါဏာတိပါတ အမှုကို ပြု၏။ ဒေသို့ပေနည်း၊ သောတာပန် ပုဂ္ဂိုလ်တို့သည်လည်း သူတစ်ပါး၏ ဇီ၀ိတိန္ဒြေ အသက်ကို ပယ်ဖျက်ချသတ်ခြင်းတည်းဟူသော ပါဏာတိပါတ အမှုကို ပြုလုပ်ကြကုန်သလော ဟူသော စကားကို ဖြစ်ကြစေကုန်၏။

မြတ်စွာဘုရားရှင်သည် ကြွလာတော်မူပြီး၍ ချစ်သား ရဟန်းတို့ ငါဘုရား ကြွလာတော်မူဆဲသော ဤယခုအခါ၌ အဘယ်သို့သော စကားဖြင့် ပြောကြား စည်းဝေး ထိုင်နေကုန်ဘိသနည်းဟု မေးတော်မူသဖြင့် ဤအမည်ရှိသော စကား ပါတည်းဟု လျှောက်ကြားကုန်သည်ရှိသော် ချစ်သား ရဟန်းတို့ သောတာပန် ပုဂ္ဂိုလ်တို့သည် သူတစ်ပါး၏ ဇီ၀ိတိန္ဒြေ အသက်ကို ပယ်ဖျက် ချသတ်ခြင်တည်းဟူသော ပါဏာတိပါတ အမှုကို မပြုကုန်။ ထိုမိန်းမသည်ကား အရှင်လင်၏ စကားကို လိုက်နာခြင်း ပြုအံ့ဟု ထိုသို့သော အခြင်းအရာဖြင့် ပြုလေ၏။ ဤလေးမြား စသည်တို့ကို ယူသွား၍ ထိုအရှင်လင်ယောကျ်ားသည် သူတစ်ပါး၏ အသက်ကို သတ်ဖျက်ခြင်း ၂ပြုစေသင့်တည်းဟူသော စိတ်သည် ထိုမိန်းမအား မရှိ။ ထိုစကား မှန်၏၊ လက်၀ါးအပြင်၌ အနာမရှိသည်ရှိသော် အဆိပ်ကို ကိုင်ယူသော သူအား ထိုအဆိပ်သည် အစဉ်လောင်ကျွမ်းစေခြင်းငှါ မစွမ်းနိုင် ဘိသကဲ့သို့ ထိုအတူသာလျှင် အကုသိုလ်စေတနာမရှိသဖြင့် စင်စစ် အကုသိုလ်ကို မပြုလုပ်သောသူအား လေးအစရှိသည်တို့ကို ဆောင်၍ ပေးသော်ငြားလည်း အကုသိုလ်မည်သည် မဖြစ်ဟု မိန့်တော်မူပြီးသော် အနုသန္ဓေကို စပ်၍ တရားတော်ကို ဟောကြားတော်မူလိုသောကြောင့် ဤဂါထာကို မိန့်တော်မူ၏။

ပါဏိမှိ စေ ၀ဇော နာသ၊ ဟရေယျ ပါဏိနာ ဝိသံ။
နာပဇ္ဇဏံ ဝိသမန္တေတိ၊ နတ္ထိ ပါပံ အကုပ္ပတော၀။

လက်၌ အနာမရှိလျှင် လက်ဖြင့် အဆိပ်ကို ကိုင်နိုင်၏။ အဆိပ်သည် အနာ မရှိသော လက်သို့ အစဉ်မလိုက်။မကောင်းမှု မပြုသူအား မကောင်းမှု မရှိချေ။

နာသ=ဟူသည် မဖြစ်ဟု ဆိုလို၏။

ဟရေယျ=ဟူသည် ဆောင်ခြင်းငှါ စွမ်းနိုင်အံ့။ အဘယ်ကြောင့်နည်း၊ အနာ မရှိသော လက်သည် အဆိပ်သို့ အစဉ်မလိုက်နိုင်၊ ဤအတူသာလျှင် လေးစသည်

တို့ကို ယူဆေးငင်ပေးသူအား အကုသိုလ်စေတနာ မရှိသောကြောင့် မကောင်းမှု မပြုသူအား မကောင်းမှု မရှိ၊ အနာဂရှိသော လက်သို့ အဆိုပ်မလိုက်သကဲ့သို့ သူ၏စိတ်သည် မကောင်းမှုသို့ အစဉ်မလိုက်ချေ။

ထိုဒေသနာတော်၏ အဆုံးဌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်လေကုန်၏။

ကုက္ကုဋမိတ္တ မုဆိုး အတိတ်ဝတ္ထု

နောက်အဖို့ဖြစ်သော တစ်ပါးသောအခါဌ ရဟန်းတို့သည် ဂါရဝတို့ သားချေးမတို့နှင့်အတူတကွ ကုက္ကုဋမိတ္တ မုဆိုးအား အဘယ်သို့လျှင် သောဝာပတ္တိမဂ်၏ ဥပနိဿယအကြောင်း ကောင်းစွာပြည့်ဝစုံလင်ခြင်း ဖြစ်ပါလိမ့်မည်နည်း အဘယ်သို့သော အကြောင်းကြောင့် မုဆိုး၏အမျိုးဌ ဖြစ်ရပါလိမ့်မည်နည်း ဟူသောစကားကို ဖြစ်ကြစေကုန်၏။

မြတ်စွာဘုရားရှင်သည် ကြွလာတော်မူ၍ ချစ်သား ရဟန်းတို့ ဂါဝုရားကြွတော်မူလာဆဲသော ယခုအခါဌ အဘယ်သို့သော စကားဖြင့် ပြောကြားစည်းဝေးထိုင်နေကုန်ဘိသနည်းဟု မေးတော်မူ၍ ဤအမည်ရှိသော စကားပါတည်းဟု လျှောက်ကြားသဒ်ရှိ၊သဒ် ချစ်သား ရဟန်းတို့ လွန်လေခဲ့ပြီးသော ဤဘဒ္ဒကမ္ပာဌ ကဿပ မြတ်စွာဘုရား၏စေတီတော်ကို စီမံကြကုန်သည်ရှိသော် ဤစေတီ၏ အင်္ဂတေမြေညက်သည် အသို့ဖြစ်လတ္တံ့နည်း, ရေသည်ဖြစ်လတ္တံ့နည်း ဟု ပြောဆိုကြကုန်၏။ ထိုနောက် ထိုသူတို့အား စိမ်းရွှေသော မြင်းသီလာဖြင့် ပြီးသော မြေညက်သည် ဖြစ်ပေလတ္တံ့၊ နှမ်းဆီသည် ရေကိစ္စကို ပြီးစေလတ္တံ့ဟု ကြံကြကုန်၏။ ကြံပြီး၍ကား ထိုသူများ အပေါင်းတို့သည် စိမ်းရွှေသော မြင်းသီလာကျောက်ကို ထောင်းကြိတ်၍ ဆီဖြင့် ကြိတ်နယ်ပြီးလျှင် အုတ်နှင့် စေ့စပ်ပြီး ရွှဖြင့် စီကုန်လျက် အတွင်းအဖို့ဌ စီကြကုန်၏။

ကဿပမြတ်စွာဘုရားစေတီတော်

အပဖြစ်သော မျက်နှာအဝဌကား တစ်ခဲနက်သော ရွှဖြင့် ပြီးသောအုတ်တို့သည်သာလျှင် ဖြစ်ကုန်၏။ တစ်ချပ်တစ်ချပ်သော ရွှအုတ်သည် အဖိုးတစ်သိန်းထိုက်၏။ စေတီပြီးလုခါနီးဌ ဓာတ်တော်ကို ဌာပနာ သိုမှီးအံ့သော အခါဌ လူများအပေါင်းတို့သည် ဓာတ်တော်ကိုသိုမှီး ဌာပနာသောအခါ များစွာသောပစ္စည်းဥစ္စာဖြင့် အလိုရှိကုန်၏။ အဘယ်သူကို အကြီးအမှူးပြုကုန်အံ့နည်းဟု ကြံစည်ပြောဆို တိုင်ပင်ကြကုန်၏။

ထိုအခါ ရွာငယ်၌နေလေ့ရှိသောတစ်ယောက်သောသူဌေးသည် ဓာတ်တော်ကို သိုမီးဌာပနာရာ၌ ငါသည် အကြီးအမှူးဖြစ်ပေအံ့ဟု တစ်ကုဋ္ဌေသောငွေတို့ကို ထည့်လှူ၏။ ထိုသို့ထည့်လှူသည်ကိုမြင်၍ မြို့ကြီး၌နေသော ဤအမည်ရှိသော သူဌေးကြီးသည် ပစ္စည်းဥစ္စာကိသာ ရှာမီးစုဆောင်း၍နေဘိသည်၊ ဤသို့သဘောရှိသော ဘုရားစေတီတော်ကြီး၌ သော်လည်း အကြီးအမှူးဖြစ်ခြင်းငါ မစွမ်းနိုင်။ ရွာငယ်၌နေသောသူဌေးသည် တစ်ကုဋ္ဌေမျှလောက်သောငွေကို ထည့်လှူပြီးသော အကြီးအမှူးပြုလေဘိသည်ဟု မြို့ကြီး၌ နေသော သူဌေးကို ကဲ့ရဲ့ရှုတ်ချကြကုန်၏။

မြို့ကြီး၌နေသော သူဌေးသည်လည်း ထိုသူတို့ ကဲ့ရဲ့ရှုတ်ချသောစကားကို ကြားရှ် ငါသည် နှစ်ကုဋ္ဌေသော အသပြာငွေကို ထည့်လှူ၍ အကြီးအမှူးပြုပေအံ့ဟု ပြောဆိုပြီးသည့်အခါ နှစ်ကုဋ္ဌေသောအသပြာငွေတို့ကို ထည့်လှူ၏။ ရွာငယ်၌နေသော သူဌေးသည် ငါသည်သာလျှင် အကြီးအမှူးဖြစ်ပေအံ့ဟု ပြောရှ် သုံးကုဋ္ဌေသော အသပြာငွေတို့ကို ပေးလှူ၏။ ဤသို့ အစဉ်အတိုင်းအားဖြင့် တစ်လှည့်စီတက်ပွားရှ် လာခဲ့ရာ မြို့ကြီး၌ နေသော သူဌေးသည် ရှစ်ကုဋ္ဌေသော ဥစ္စာတို့ကို ပေးလှူ၏။

ရွာငယ်၌ နေသော သူဌေး၏ အိမ်၌ အလုံးစုံသော ငွေအသပြာသည် ကိုးကုဋ္ဌေသာရှိ၏။ မြို့၌နေသောသူဌေးမူကား ကုဋ္ဌေလေးဆယ်ရှိ၏။ ထိုကြောင့် ရွာငယ်၌နေသောသူဌေးက ကြံတွေး ဆင်ခြင်သည်မှာ "ငါသည် အဘယ်ရှ် ကိုးကုဋ္ဌေငွေ လှူပါမည်ဆိုခဲ့အံ့၊ ထိုသို့ဆိုခဲ့သည်ရှိသော် ငါ၏အိမ်၌ ဥစ္စာမရှိသည်၏အဖြစ်သည် ထင်ရှားပေလတ္တံ့" ဟု ကြံ၏။ ကြံပြီးရှ်ကား ထိုရွာငယ်၌နေသောသူဌေးက ငါသည် ဤမျှလောက် ပမာဏရှိသော ရှစ်ကုဋ္ဌေသော ပစ္စည်းဥစ္စာကို ပေးလှူပါအံ့၊ ငါ၏သား ခုနစ်ယောက် ချေးမခုနစ်ယောက် မယားနှင့်တကွ စေတီတော်၌ ဘုရားကျွန်ဖြစ်ပါအံ့ဟု ပြောဆိုရှ် ခုနစ်ယောက်သော သား, ခုနစ်ယောက်သော ချေးမ, မယားခင်ပွန်းတို့ကို ယူ၍ မ်မိကိုယ်နှင့်တကွ စေတီတော်အား ဆောက်နှင်း၏။

စေတီတော်ကို ပြုခဲ့ဖူးသော ကောင်းမူ

မြို့ကြီး၌နေသော သူဌေးသည် ငါသည် ပစ္စည်းဥစ္စာပေးခြင်းငှါ စွမ်းနိုင်၏။ ဤသူသည်ကား သားမယားနှင့် တကွသော မိမိ၏ကိုယ်ကို ဆောက်နှင်း ပေးလှူနိုင်ပေ၏။ ဤသူသည်သာလျှင် အကြီးအမှူးဖြစ်ပါစေတော့ဟု ပြောဆိုပြီးသော ထိုသူကို အကြီးအမှူးအဖြစ် ပြုကြကုန်၏။

ချစ်သားရဟန်းတို့ ဤသို့သော အစဉ်အတိုင်းအာ·ဖြင့် ထိုတစ်ကျိပ်ခြောက်ယောက်ကုန်သောသူတို့သည် စေတီတော်၏ဘုရားကျွန်ဖြစ်ကြကုန်၏။ တိုင်းပြည်

နေသူ ဗိုလ်လူအများတို့က ထိုသူတို့အား အစဉ်သနားသဖြင့် တော်လှန်သည်ကို ပြုကြကုန်၏၊ ထိုသို့ပြုကုန်သော်လည်း စေတီတော်၌သာ ဝတ်ကြီးဝတ်ငယ်ကို ပြုစုသုတ်သင်လျက် အသက်ရှည်သမျှကာလပတ်လုံး တည်နေပြီး၍ ထိုဘဝမှ စုတေသည်ရှိသော် နတ်ပြည်၌ ဖြစ်ကုန်၏။ တစ်ဆူသော ဘုရားရှင်၏ အကြား ကာလပတ်လုံး ထိုသူတို့သည် နတ်ပြည်၌သာလျှင် တည်နေရကုန်ပြီးသော် ယခု အခါ ငါဘုရားပွင့်တော်မူသောအခါ၌ ခင်ပွန်းမ မယားသည် နတ်ပြည်မှစုတေ လာခဲ့၍ ရာဇဂြိုဟ်ပြည်၌ သူဌေးသမီးဖြစ်လေ၏။ ထိုသူဌေးသမီးသည် သတို့ သမီးအဖြစ်ဖြင့် ငယ်စဉ်ကပင် သောတာပတ္တိဖိုလ်သို့ရောက်လေ၏။ မသိမမြင် အပ်သေးသော သစ္စာရှိသောသတ္တဝါမည်သည် ပဋိသန္ဓေသည် ဝန်လေးလှ၏။ ထိုသူဌေးသမီး၏ ခင်ပွန်းအရှင် လင်ယောကျ်ားသည် လှည့်လည်ပြောင်းသွေး သည်ရှိသော် မုဆိုးအမျိုး၌ ဖြစ်လေ၏။ ထိုကြောင့် သူဌေးသမီးသည် ထိုမုဆိုး ယောကျ်ားအား မြင်ကာမျှဖြင့် တစ်ပြိုင်နက်သာလျှင် ရှေး၌ ဖြစ်ခဲ့ဖူးသော ချစ်ခင်ခြင်းသည် လွှမ်းမိုးလေ၏။ ထိုစကားမှန်၏။

ပုဗ္ဗေဝ သန္ဒိဝါသေန၊ ပစ္ဆာပွန္ဒဟိတေန ဝါ။
ဧဝံ တံ ဇာယတေ ပေမံ၊ ဥပ္ပလံဝ ယထောဒကေ–

ဟူသော ဂါထာကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့၏။ (ဤဂါထာသည် ယောသက သူဌေးကြီးဝတ္ထု၌ပါပြီး။)

ထိုယူဌေးသမီးသည် ရှေး၌ဖြစ်ခဲ့ဖူးသော ချစ်ခင်ခြင်း ရှိသည်ဖြစ်၍သာလျှင် မုဆိုး၏နေအိမ်သို့သွားရောက်ရလေ၏။ ထိုသူတို့၏သားတို့သည်လည်း နတ်ပြည်မှ စုတေလာခဲ့၍ ထိုသူဌေးသမီးဝမ်း၌ ပဋိသန္ဓေကို တည်နေစဲယူကုန်၏။ ချွေးမ တို့သည်လည်း ထိုထိုသို့သော အမျိုးတို့၏ အိမ်၌ ဖြစ်ကြကုန်၍ အရွယ်သို့ ရောက်ကုန်သည်ရှိသော် ထိုမုဆိုး၏အိမ်သို့သာလျှင် သွားရောက်ကြကုန်၏။

ချစ်သားရဟန်းတို့ ထိုအလုံးစုံသောသူတို့သည် ကဿပဘုရားသာသနာတော် ထွန်းလင်းတောက်ပစဉ်အခါက စေတီကို ပြုခဲ့ဖူးသော ကောင်းမှုကုသိုလ်၏ အစွမ်းကြောင့် သောတာပတ္တိဖိုလ်သို့ ရောက်လေကုန်သည်ဟု မိန့်တော်မူ၏။

ကုက္ကုဋမိတ္တ မုဆိုးဝတ္ထု ပြီး၏

၉။ ကောက ခွေးမုဆိုးဝတ္ထု

ယော အပ္ပဒုဋ္ဌဿ–အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရား ရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ကောကအမည်ရှိသော ခွေးမုဆိုးကို အကြောင်းပြု ဟောကြားတော်မူ၏။

ထိုမုဆိုးသည် တစ်နေ့သောအခါ၌ လေးကိုယူ၍ ခွေးအပေါင်းတို့ ခြံရံလျက် တောသို့သွားသည်ရှိသော် ခရီးအကြား၌ ဆွမ်းအလို့ငှါ ကြွတော်မူသောရဟန်း တစ်ပါးကို တွေ့မြင်၍ အမျက်ထွက်ပြီးလျှင် ငါ့အား ယနေသူယုတ်မာကိုတွေ့မြင်ရ၏။ ယနေ့ တစ်စုံတစ်ခုကိုမျှ ရသည် မဖြစ်လတ္တံ့ဟု ကြံ၍ ဖဲသွား၏။

မထေရ်သည်လည်း ရွာ၌ ဆွမ်းအလို့ငှါ လှည့်လည်၍ ဆွမ်းစားပြီးနောက် တစ်ဖန် ကျောင်းသို့ ပြန်ကြွလာ၏။ ခွေးမုဆိုးသည်လည်း တောသို့လှည့်လည်၍ တစ်စုံတစ်ခုသော သားကောင်ကို မရသောကြောင့် ပြန်လည်ခဲ့သည်ရှိသော် တစ်ဖန် ထိုမထေရ်ကို မြင်၍ ယနေ့ ငါသည် ဤသူယုတ်ကို မြင်ရသောကြောင့် တောသို့သွားသည်ရှိသော် တစ်စုံတစ်ခုသော သားကိုမျှမရ၊ ဤယခုအခါ၌ ငါ၏ အထံသို့ ရှေးရှုလာသောအားဖြင့် တွေ့မြင်ရပြန်၏။ သူယုတ်ကို ခွေးတို့ဖြင့် ကိုက်ခဲစေအံ့ဟု အချက်ပေး၍ ခွေးတို့ကို လွှတ်၏။ မထေရ်သည် ဒါယကာ ဤသို့ မပြုပါလင့်ဟု တောင်းပန်၏။ ငါသည် ယနေ့ အသင့်ကို တွေ့မြင်ရသောကြောင့် တစ်စုံတစ်ခုသော သားဟင်းမျိုးကို မရ။ တစ်ဖန်လည်း ငါ၏ မျက်မှောက် ရောက်လာပြန်ဘိသည်။ အသင့်ကို ခွေးတို့ဖြင့် ကိုက်ခဲစေအံ့ဟု ဆို၍ ခွေးတို့ကို လွှတ်သည်သာလျှင်တည်း။ မထေရ်သည် လျင်သောအဟုန်ဖြင့် တစ်ခုသော သစ်ပင်သို့ ပြေးတက်၍ တစ်သူ (လက်ခုပ်တစ်ဖောင်)မျှ ပမာဏရှိသော အရပ်၌ ထိုင်နေ၏။

ခွေးတို့သည် သစ်ပင်ကို ဝန်းရံကုန်၏။ မုဆိုးသည် သွား၍ အသင့်အား သစ်ပင်သို့ တက်ပြေးသော်လည်း လွှတ်ခြင်းမရှိပြီဟု ပြောပြီးလျှင် မထေရ်၏ ခြေဖဝါးအပြင်၌ မြားသွားဖြင့် ထိုး၏။ မထေရ်က "ဒါယကာ ဤသို့မပြုပါလင့်၊ ငါ့အား သက်သာရာကို ပေးပါလော့"ဟု အဖန်ဖန်အထပ်ထပ် မပြတ်ပြောဆို တောင်းပန်သည်သာတည်း။

ခွေးစာဖြစ်သော မုဆိုး

ခွေးမုဆိုးသည် မထေရ်၏ တောင်းပန်သော စကားကို မနာမယူမူ၍ အဖန်ဖန်အထပ်ထပ် ထပ်ကာထပ်ကာ မြားသွားတို့ဖြင့် ထိုး၏။ မထေရ်သည် တစ်ခုသော ခြေဖဝါးအပြင်၌ မြားသွားဖြင့် ထိုးအပ်သည်ဖြစ်၍ အလွန် နာကျင်သည်ရှိသော် ထိုခြေကို ပင့်၍ နှစ်ခုမြောက်သော တစ်ဖက်သောခြေကို တွဲလဲဆွဲပြန်၏။ ထိုတွဲလဲဆွဲအပ်သော ခြေကိုထိုး၍ နာကျင်ပြန်သည်ရှိသော် တစ်ဖက်သော ခြေကို ချ၍ ထိုခြေကို တင်ပြန်၏။ ဤသို့သောနည်းဖြင့် ချကာပင့်ကာ လဲလှယ်သောမထေရ်၏ ခြေနှစ်ဖက်တို့ကို မြားသွားဖြင့် ထိုး၏။ မထေရ်၏ကိုယ်သည် မီးရှူးတို့ဖြင့် မြှိုက်ဘို့သကဲ့သို့ ဖြစ်၏။ မထေရ်သည်

ပြင်းထန်စွာသော ဝေဒနာကို ခံစားရသည်ဖြစ်၍ သတိကို ဖြစ်စေခြင်းငှါ မစွမ်းနိုင်လေ၊ မိမိရုံအပ်သောသက်နှ်းသည် အရုံပျက်စီး၍ ကျွတ်ကျသည်ကို မသိလိုက်၊ ထိုသက်နှ်းကျသည်ရှိသော် ကောက မုဆိုးကို ဦးခေါင်းမှစ၍ လွှမ်းခြုံ ပြီးလျှင် ကျလေ၏။

ခွေးတို့သည် မထေရ်ကျပြီဟူသော အမှတ်ဖြင့် သက်နှ်း၏အတွင်းသို့ ဝင်၍ မိမိအရှင်ကို စားသောက် ကိုက်ခဲ၍ အရိုးမျှကြွင်းသည်ကို ပြုကုန်၏။ ခွေးတို့သည် ကိုက်ခဲစားသောက်ပြီးသောအခါ သက်နှ်းအတွင်းမှ ထွက်၍ အပပြင်ဘက်၌ တည်ကြကုန်၏။ ထိုအခါ မထေရ်သည် ခွေးတို့အား တစ်ခုသော သစ်ကိုင်း ချောက်အား ချိုး၍ ပစ်၏။ ခွေးတို့သည် မထေရ်ကို မြင်၍ ငါတို့သည် မိမိတို့၏ အရှင်ကိုသာလျှင် ခဲအပ်လေကုန်ပြီဟု သိသောကြောင့် တောသို့ ပြေးဝင်ကြ ကုန်၏။

မထေရ်သည် ငါ၏ သက်နှ်းအတွင်းသို့ ဝင်သောကြောင့် ဤဒါယကာ မုဆိုးသည် သေကြေပျက်စီးခြင်းသို့ ရောက်ရ၏။ အသို့ပေနည်း၊ ငါ၏သီလသည် အပြစ်အနာစာရ မရှိမူ၍ စင်ကြယ်ကောင်းမွန်စွာ တည်ရှိပါဦးမည်လောဟု အလို့လို့ကို ဖြစ်စေ၏။ မထေရ်သည် သစ်ပင်မှ သက်ဆင်း၍ မြတ်စွာဘုရား အထံတော်သို့ သွားရောက်ပြီးလျှင် အစမှစ၍ ထိုဖြစ်ရင်းအကြောင်းကို ရုံးပေါင်း ညွှတ်တွား လျှောက်ထားပြီးသည့်အခါ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်၏ သက်နှ်းကို မှီ၍ ထိုဒါယကာသည် သေကြေ ပျက်စီးရပါသည်၊ အသို့ပေနည်း တပည့်တော်အား ရဟန်းအဖြစ် မရှိပြီလောဟု မေးလျှောက်၏။

မြတ်စွာဘုရားရှင်သည် ထိုရဟန်း လျှောက်ထားသော စကားကို ကြားတော်မူ၍ ချစ်သားရဟန်း အသင်၏သီလသည် ညစ်နွမ်းကျိုးပေါက် ပျက်စီးခြင်းမရှိ။ အသင့်အား ရဟန်းအဖြစ် ရှိပါ၏။ ထိုမုဆိုးသည် မပြစ်မှား ထိုက်သောသူအား ပြစ်မှား ဖျက်ဆီးခြင်းကြောင့် ပျက်စီးခြင်းသို့ ရောက်ရ လေသည်။ ထိုမုဆိုးသည် သက်သက် ဤယခု ဘဝ၌သာလျှင် ပျက်စီးခြင်းသို့ ရောက်ရသည် မဟုတ်သေး။ ရှေးလွန်လေပြီးသော ဘဝ၌လည်း မပြစ်မှား ထိုက်သောသူအား ပြစ်မှား ဖျက်ဆီးခြင်းကြောင့် ပျက်စီးခြင်းသို့ ရောက်ဖူး သည်သာလျှင်တည်းဟု မိန့်တော်မူပြီး၍ ထိုအကြောင်းကို ထင်ရှားပြတော်မူလို သောကြောင့် အတိတ်ကို ဆောင်တော်မူ၏။

ခွေးမုဆိုး၏ အတိတ်ဝတ္ထု

ချစ်သားရဟန်း ရှေးလွန်လေပြီးသောအခါ၌ တစ်ယောက်သော ဆေး သမားသည် ဆေးအမှုကို ပြုစုကုစားရန် အလို့ငှါ ရွာသို့ လှည့်လည်သည်

ရှိသော် တစ်စုံတစ်ခု ပြုစုကုစားဖွယ် အမှုကို မရမရှိသောကြောင့် ဆာလောင်မွတ်သိပ်ရကား ရွာမှ ထွက်သွား၍ ရွာ၏တံခါး၌ ကစားမြူးထူး၍ နေကုန်သော သူငယ်တို့ကို တွေ့မြင်လျှင် ဤသူငယ်တို့ကို မြွေဖြင့် ကိုက်စေ၍ ဆေးအမှုကို ကုစားပြီး စားစရာ ရပေတော့မည်ဟု ကြံ၍ တစ်ခုသော သစ်ခေါင်းတွင်း၌ ဦးခေါင်းကို ထုတ်၍ အိပ်နေသောမြွေကို ပြပြီးလျှင် အို အချင်းသူငယ်တို့ ဤသည်ကား ဆက်ရက် (ဇရက်) ငယ်တည်း။ ထိုဆက်ရက်ငယ်ကို ဖမ်းယူကြကုန်လော့ဟု ပြော၏။ ထိုအခါ တစ်ယောက်သောသူငယ်သည် မြွေ၏လည်ပင်း၌ မြဲစွာ ကိုင်ဆုပ်မိလျှင် ဆက်ရက်ငယ် မဟုတ်။ မြွေ၏ အဖြစ်ကို သိ၍ ဟစ်အော်မှည်တွန်လျက် မနီးမဝေး၌ ရှိသော ဆေးသမား၏ ဦးထိပ်ထက်သို့ ပစ်ချလိုက်၏။ မြွေသည် ဆေးသမား၏ ကျောက်ကုန်းကို မြဲစွာ ရစ်ပတ်ပြီးလျှင် ခဲအပ်သည် ဖြစ်၍ ထိုနေရာ၌ပင် အသက်ကုန်ခြင်းသို့ ရောက်စေ၏။

အရဟတ္တဖိုလ်တည်ခြင်း

ချစ်သားရဟန်းတို့ ဤကောက အမည်ရှိသော ခွေးမုဆိုးသည် ဤသို့သော အခြင်းအရာဖြင့် ရှေးအခါကလည်း မပြစ်မှားအပ်သောသူကို ပြစ်မှား ဖျက်ဆီးခြင်းကြောင့် ပျက်စီးခြင်းသို့ ရောက်ဖူးသည်သာလျှင်တည်းဟု ဤသို့သော အတိတ်ကို ဆောင်တော်မူပြီးလျှင် အနုသန္ဓေကို စပ်၍ တရားတော်ကို ဟောကြားတော်မူလိုသောကြောင့် ဤဂါထာကို မိန့်တော်မူ၏—

ယော အပ္ပဒုဋ္ဌဿ နရဿ ဒုဿတိ၊
သုဒ္ဓဿ ပေါသဿ အနင်္ဂဏဿ။
တမေဝ ဗာလံ ပစ္စေတိ ပါပံ၊
သုခုမော ရဇော ပဋိဝါတံဝ ခိတ္တော။

ထိုဒေသနာ ပါဌ် ဂါထာ၏ အဆုံး၌ ရဟန်းသည် အရဟတ္တဖိုလ်၌ တည်လေ၏။ ထိုရဟန်းမှ တစ်ပါးကုန်သော များစွာကုန်သော သူတို့သည်လည်း အကျွတ်တရားကို ရကုန်၏။

သူမိုက်သည် မပြစ်မှားထိုက်သော စင်ကြယ်၍ ကိလေသာဟူသော အညစ်အကြေးကင်းသော ရဟန္တာအရှင်မြတ်အား ပြစ်မှား၏။ လေညာသို့ ပစ်လွှတ်အပ်သော နူးညှံ့သော မြူသည် ထိုသူထံသို့သာလျှင် ပြန်လာကျသကဲ့သို့ ပြစ်မှားသောသူသို့သာလျှင် မကောင်းမှု၏ အကျိုးသည် ပြန်လာ၏။

ကောက ခွေးမုဆိုးဝတ္ထု ပြီး၏။

၁၀။ မဏိကာရကုလူပက တိဿမထေရ်ဝတ္ထု

ဂဗ္ဘ မေကေ=အစရှိသော ဒေသနာတော်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ပတ္တမြား

ထွင်းသမား၏ အိမ်သို့ အချိန်မပြတ် ဆွမ်းကပ်ခံလေ့ရှိသော တိဿမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့၏။

ထိုတိဿ မထေရ်သည် တစ်ယောက်သော ပတ္တမြား ထွင်းသမား အိမ်၌ တစ်ဆယ့်နှစ်နှစ်တိုင်တိုင် ဆွမ်းဘဉ်းပေးတော်မူ၏။ ထိုအိမ်၌ လင်မယား နှစ်ယောက်တို့သည် မထေရ်၏ မိခင်, ဖခင်အရာ၌ တည်ပြီးလျှင် မထေရ်ကို လုပ်ကျွေးပြုစုကြကုန်၏။ ထိုနောက် တစ်နေ့သ၌ ပတ္တမြား ထွင်းသမား ထိုဒါယကာသည်မထေရ်၏ ရှေ့မှ အသားဟင်းကို ဖြတ်လှီးခုတ်စဉ်း၍ ထိုင်နေ၏၊ ထိုထိုင်နေသောအခါ သာဝတ္ထိပြည်ရှင် ဘုရင်ပသေနဒီ ကောသလ မင်းကြီး သည် ပတ္တမြား ရတနာတစ်ခုကို "ဤပတ္တမြားကို ပတ်၍ ထွင်းပြီးသည့်အခါ ငါ့အား ပို့ဆက်လာစေ ယတည်း" ဟု စေလွှတ်ပေးပို့လိုက်၏။

ပတ္တမြားပျောက်မှု

ပတ္တမြားထွင်းသမားသည် သွေးပေကျံနေသော မိမိ လက်ဖြင့်သာလျှင် ထိုပတ္တမြားကို ကိုင်ယူ၍ သေတ္တာထက်၌ တင်ထားပြီးလျှင် လက်ကို ဆေးကြောခြင်းငှါ အိမ်တွင်းသို့ ဝင်သွား၏။ ထိုအိမ်၌ မွေးထားအပ်သော ကြိုးကြာငှက် တစ်ကောင်သည် သွေးလိမ်းကပ်သောအနှံဖြင့် သားဟင်းဟုထင်ကာ ထိုပတ္တမြား ကို မထေရ်ကြည့်ရှုနေစဉ်ပင်လျှင် ကောက်၍ မျိုလေ၏။ ပတ္တမြား ထွင်းသမား သည် အိမ်တွင်းမှ ထွက်လာ၍ ပတ္တမြားကို မမြင်သည်ရှိသဲ့ ထိုပတ္တမြားကို အဘယ်သူ ယူသနည်းဟု မယားကိုလည်းကောင်း၊ သားသမီးကို လည်းကောင်း အစဉ်အတိုင်း မေး၍ ထိုသူတို့က မယူပါကုန်ဟု ပြောဆိုကြကုန်သည် ရှိသော် မထေရ်သည် ခိုးယူသည်ဖြစ်ပေလတ္တံ့ဟု ကြံ၍ မယားနှင့် အတူတကွ "ရှင်မ မထေရ်သည် ပတ္တမြားကို ခိုးယူသည် ဖြစ်ပေလိမ့်မည်" ဟု တိုင်ပင်ပြောဆို၏။

မယားကလည်း အမောင်ချစ်လင် ဤသို့ မဆိုပါလင့်၊ ဤမျှလောက်သော ကာလပတ်လုံး ငါသည် မထေရ်၏ တစ်စုံတစ်ခု ချွတ်ယွင်းသော အမှုကို မတွေ့မမြင်ဖူးပါ၊ ထိုမထေရ်သည် အသင်၏ ပတ္တမြားတုံးကို ယူလိမ့်မည် မဟုတ်ပါဟု ပြော၏။

ပတ္တမြား ထွင်းသမားသည် မထေရ်ကို "အရှင်ဘုရား ဤနေ့ရာ၌ ထားသော ပတ္တမြားရတနာကို အရှင်ဘုရားတို့သည် ယူအပ်ပါကုန်သလော" ဟု မေးလျှောက်သည်ရှိသော် ဒါယကာ ငါသည် မယူပေဟု ပြော၏၊ အရှင်ဘုရား ဤနေ့ရာ၌ တစ်စုံတစ်ယောက်မျှ ရှိသည်မဟုတ် အရှင်ဘုရားသည်သာလျှင် ယူအပ်သည် ဖြစ်ပေလိမ့်မည်။ တပည့်တော်၏ ပတ္တမြားရတနာကို ပေးပါကုန်လော့ဟု တောင်း၏၊ ထိုပတ္တမြား ထွင်းသမားသည် အကြိမ်ကြိမ်မေးမြန်း တောင်းဆို၍

မထေရ် ဝန်မခံသည် ရှိသော် တစ်ဖန် မယားကို "ရှင်မ မထေရ်သည် ပတ္တမြားကို ခိုးယူအပ်သည် ဖြစ်ပေလိမ့်မည်၊ ထိုမထေရ်ကို နှိပ်စက်ညှဉ်းပန်း၍ မေးဦးအံ့" ဟု ပြော၏၊ မယားကလည်း "အမောင် ချစ်လင် ငါတို့အား မပျက်စီးပါစေလင့်၊ ပြည့်ရှင်မင်းမြတ်က ပတ္တမြား၏ အတွက်ကြောင့် နှိပ်စက် တောင်းဆိုသည့်အခါ မပေးဆပ်နိုင်သဖြင့် ငါတို့သည် ကျွန်အဖြစ်သို့ ရောက်ရပါမူကား မြတ်ပါသေး၏၊ ဤသို့သဘောရှိသော ရဟန်းတော်ကို အပြစ်မြင်၍ စွပ်စွဲပြောဆိုခြင်းငှါ မသင့်လျော်ပါ" ဟု တောင်းပန်ပြောဆို၏။

မထေရ်ကို နှိပ်စက်ခြင်း

ထိုပတ္တမြား ထွင်းသမားက "ရှင်မ ငါတို့အားလုံးတို့သည် ကျွန်အဖြစ်သို့ ရောက်ရကုန်သော်လည်း ပတ္တမြားလောက် အဖိုးထိုက်တန်သည်မဟုတ်ကုန်" ဟု ပြောဆိုပြီးမှ ကြိုးကို ယူပြီးလျှင် မထေရ်၏ ဦးခေါင်းကို ရစ်ပတ်ချည်နှောင်၍ တုတ် လှံတံဖြင့် ရိုက်နှက်၏။

မထေရ်၏ ဦးခေါင်းမှလည်းကောင်း၊ နားနှာခေါင်းတို့မှ လည်းကောင်း သွေးတို့သည် ယိုစီးကျထွက်လာကုန်၏။ မျက်စိတို့သည် ပြူးပြူးထွက်အံ့သော အခြင်းအရာသို့ရောက်ကုန်၏။ မထေရ်သည် ရိုက်ခတ်အပ်သောဒဏ်ရာဖြင့် ဆင်းရဲဝေဒနာဖြင့် မေ့မျော၍ မြေကြီး၌ လဲလေ၏ ကြိုးကြာငှက်သည် သွေးအနှံ့ဖြင့် လာ၍ မထေရ် ကျထွက်သော သွေးကို သောက်၏။ ထိုအခါ ပတ္တမြား ထွင်းသမားသည် မထေရ်အပေါ် ဒေါသအရှိန်ဖြင့် ကြိုးကြာငှက်ကို "အသင်သည် အဘယ်သို့ ပြုတိသနည်း" ဟု ဆို၍ ခြေဖြင့် ကန်ထုတ်လိုက်၏။ ထိုကြိုးကြာငှက်သည် တစ်ချက်တည်း ကန်ထုတ်ခြင်းဖြင့်သာလျှင် သေ၍ ပက်လက်လဲနေ၏။

ကြိုးကြာငှက်သေမှ မိန့်တော်မူခြင်း

မထေရ်သည် ထိုကြိုးကြာငှက် သေသည်ကို မြင်၍ ဒါယကာ ဦးခေါင်း၌ ရစ်ပတ် ချည်နှောင်အပ်သော ကြိုးကို ရှေးဦးစွာ ငါ့အား ဖြေလျှော့ပေးရန် ဤကြိုးကြာငှက် သေလွန်သည်ကို လည်းကောင်း၊ မသေဘဲပင် ရှဉ်းမည်ကို လည်းကောင်း ကြည့်ရှုပါဦးလော့ဟု ပြော၏။ ထိုအခါ မထေရ်ကို ပတ္တမြား ထွင်းသမားက "ဤကြိုးကြာငှက်သည် သေလေပြီ၊ ဤကြိုးကြာငှက် သေရဘိသကဲ့သို့ အသင်သည်လည်း သေရလတ္တံ့ဟု ပြော၏၊ ဒါယကာ အသင်၏ ပတ္တမြားကို ဤကြိုးကြာငှက်သည် မျိုရှ် ထားအပ်ပေသည်၊ အကယ်၍ ဤကြိုးကြာငှက် မသေသည်ဖြစ်အံ့၊ ငါသည် အသင်ရိုက်နှက်သောဒဏ်ရာကြောင့် ဤနေရာ၌ပင် သေလွန်၍ သွားရသော်လည်း အသင့်အား ပတ္တမြားကို မပြောကြားပေလတ္တံ့ဟု မိန့်တော်မူ၏။

ပတ္တမြားထွင်းသမား**သည်** ကြိုးကြာဌက်၏ ရင်ကို ခွဲ၍ ကြည့်ရှုသည် ရှိသော် ပတ္တမြားကို တွေ့မြင်၍ တုန်လှုပ်ထိတ်လန့်သည် ဖြစ်၍ မထေရ်၏ ခြေရင်း၌ ဝပ်စင်း ဦးချပြီးလျှင် အရှင်ဘုရား**တို့** တပည့်တော်တို့အား သည်းခံတော်မူပါကုန်လော့၊ မသိသည်**၏** အဖြစ်ကြောင့် တပည့်တော် ပြုမိပါသည်ဟု လျှောက်၏။ ဒါယကာ အသင်အား**လည်း** အပြစ်သည် မရှိ၊ ငါအား**လည်း** အပြစ် မရှိ၊ စင်စစ်မှာကား သံသရာဝဋ်ဆင်း**ရဲ**၏သာလျှင် အပြစ်ဖြစ်လေသည်။ အသင့်အား ငါသည်းခံ၏ဟု မိန့်ဟော်မူ၏။

တောင်းပန်ခြင်း**ကို** လက်မခံ

အရှင်ဘုရား အရှင်တို့သည် အကယ်၍ သည်းခံကုန်သည်ဖြစ်အံ့၊ ပကတိသော အမှတ်ဖြင့်သာလျှင် တပည့်တော်၏ အိမ်၌ ထိုင်နေ သီတင်းသုံးတော်မူ၍ ဆွမ်း**ကို** ခံယူဘုဉ်းပေးသုံးဆောင်တော်မူပါလော့ဟု လျှောက်၏။ ဒါယကာ ငါသည် ဤအခါမှ စ၍ သူတပါး**တို့**၏ အိမ်မှီးအတွင်းသို့ မသွားမဝင်တော့အံ့၊ ဤအပြစ်သည် အိမ်တွင်းသို့ ဝင်ခြင်း**၏** အပြစ်သာလျှင် ဖြစ်လေသည်။ ဤအခါမှ စ၍ ခြေတို့းသည် ကျိုးပျက်ကုန်သည် ရှိသော်သာလျှင် အိမ်၏ တံခါး၌ ထိုင်နေ သီတင်းသုံးလျက် ဆွမ်း**ကို** ခံယူ သုံးဆောင်တော့မည်ဟု ဤစကားရပ်**ကို** မိန့်တော်မူ၏—

> ပစ္စတိ မုနိနော ဘတ္တံ၊ ထောကံ ထောကံ ကုလေ ကုလေ။
> ပိဏ္ဍိကာယ စရိဿာမိ၊ အတ္ထိ ဇင်္ဃလံ မမ။

ဒါယကာ ရဟန်းအား အိမ်တိုင်း အိမ်တိုင်း၌ ချက်အပ်သော ဆွမ်းအနည်းငယ်**ကို** လှည့်လည်၍ အလှူခံနိုင်သော ခြေထောက်ကောင်းစွာ ရှိနေသရွေ့ လှည့်လည်ဆွမ်းခံ**ကြ**မေတော့အံ့။

ပရိနိဗ္ဗာန်ပြုခြင်း

ဤသို့ မိန့်ဆိုတော်မူပြီး၍ မထေရ်သည် မကြာမီပင်လျှင် ပတ္တမြားထွင်းသမား ရိုက်ခတ်သော ထိုအနာတို့ဖြင့် ပရိနိဗ္ဗာန်ပြုဘော်မူ၏။ ကြိုးကြာဌက်သည် ပတ္တမြားထွင်းသမား**၏** မယားဝမ်းဝယ် ပဋိသန္ဓေ တည်နေလေ၏။ ပတ္တမြားထွင်းသမား**သည်** သေသည် ရှိသော် ငရဲ၌ ဖြစ်လေ၏။ ပတ္တမြား ထွင်းသမား**သည်** သေသည် ရှိသော် ငရဲ၌ ဖြစ်လေ၏။ ပတ္တမြား ထွင်းသမား**၏** မယားခင်ပွန်းမသည် မထေရ်၌ နူးညံ့သော စိတ်နှလုံးရှိသည်၏ အဖြစ်ကြောင့် သေပြီးသည့်နောက် နတ်ပြည်၌ ဖြစ်လေ၏။

ရဟန်း**တို့**သည် မြတ်စွာဘုရားရှင်အား ထိုသူ**တို့**၏ တမလွန် လောက**ကို** မေးလျှောက်ကြကုန်၏။ ဘုရားကိုယ်တော်မြတ်က ချစ်သားရဟန်း**တို့** အချို့သော

သူတို့သည် အမိ၏ ဝမ်းတိုက်၌ ဖြစ်ကုန်၏။ ယုတ်မာကုန်သော အချို့ကုန်သော သူတို့သည် ငရဲ၌ ဖြစ်ကုန်၏။ ကောင်းမှုရှိကုန်သော အချို့ကုန်သော သူတို့သည် နတ်ပြည်၌ ဖြစ်ကုန်၏။ အာသဝေါတရား ကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်တို့ သည်ကား ပရိနိဗ္ဗာန်ပြုကုန်၏ဟု မိန့်တော်မူပြီး၍ စကားစပ်ကို ပြလိုရကား ဤဂါထာကို မိန့်တော်မူ၏—

ဂဗ္ဘမေကေ ဥပပဇ္ဇန္တိ၊ နိရယံ ပါပကမ္မိနော။
သဂ္ဂံ သုဂတိနော ယန္တိ၊ ပရိနိဗ္ဗန္တိ အနာသဝါ။

အချို့သော ပုဂ္ဂိုလ်သည် လူ့ပြည်၌ ဖြစ်၏။ မကောင်းမှုပြုသော သူသည် ငရဲ၌ ဖြစ်၏။ ကောင်းမှုပြုသော သူသည် နတ်ပြည်၌ ဖြစ်၏။ အာသဝေါ ကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန် ပြုကုန်၏။

ထိုဂါထာ၌– ဂဗ္ဘံ ဟူသည် လူ၏ ဝမ်းဗိုက်ကို ဆိုလိုသည်။

ဒေဿနာတော်၏ အဆုံး၌ မျှားစွဲကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

မဏိကာရကုလူပကတိဿမထေရ်ဝတ္ထု ပြီး၏။

၁၁။ တယောဇနဝတ္ထု

နံ အန္တလိက္ခေ–အစရှိသော ဤတရားဒေဿနာတော်မြတ်ကို မြတ်စွာဘုရား ရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ပုဂ္ဂိုလ်သုံးမျိုးတို့ကို အကြောင်းပြု၍ ဟောကြားတော်ခဲ့သည်။

မြတ်စွာဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ ကိန်းအောင်းစံပယ်တော် မူခိုက်အခါ မျှားစွဲသော ရဟန်းတို့သည် မြတ်စွာဘုရားရှင်ကို ဖူးမြော်ခြင်းငှါ လာကြကုန်သည် ရှိသော် လမ်းခရီးအကြား၌ တစ်ခုသော ရွာသို့ ဆွမ်းအလို့ငှါ ဝင်တော်မူကြကုန်၏။

မိုးလောင် သေဆုံးသောကျိုး

ရွာ၌ နေသူ လူအပေါင်းတို့သည်လည်း ထိုရဟန်းတို့၏ သပိတ်တို့ကို ယူ၍ ဆွမ်းစားဇရပ်၌ ထိုင်နေသီတင်းသုံးစေမူပြီးလျှင် ယာဂုခဲဖယ်တို့ကို ပေးလှူ၍ ဆွမ်းစားချိန်ကို ငံ့လင့်လျက် တရားကို နာ၍ ထိုင်နေကြကုန်၏။ ထိုခဏ၌ ထမင်းကို ချက်၍ ဟင်းလျာကို စီရင် ချက်ပြုတ်သော တစ်ယောက်သော

မိန်းမ၏ အိုးမှ မီးလျှံသည် ထပြီးလျှင် အမိုးကို စွဲလောင်၏။ ထိုမီးလောင်ရာ အရပ်မှ တစ်ခုသော မြက်ကရွတ်ခွေသည် ထပြီး မီးတောက်၍သာလျှင် ကောင်းကင်သို့ တက်လေ၏။ ထိုခဏ၌ တစ်ကောင်သော ကျီးသည် ကောင်းကင်၌ ပျံသွားသည် ရှိသော် ထိုမြက်ကရွတ်ခွေ၌ လည်ကို စွပ်မိ၍ မြက်နွယ်ဖြင့် ရစ်ပတ်လျက် မီးလောင်ပြီး ရွာ၏ အလယ်၌ ကျ၏။

ရဟန်းတို့သည် ထိုအခြင်းအရာကို မြင်၍ ငါ့ရှင်တို့ ကျီးသတ္တဝါသည် ပျက်စီးခြင်းသို့ ရောက်သည်ကို ကြည့်ရှု ကြပါကုန်လော့၊ ပြုအပ်သော ကံမည်သည် "ဩော် ဝန်လေးလေစွ"။ ဤကျီးတိရစ္ဆာန် ပြုအပ်သော ကံကို မြတ်စွာဘုရားရှင်ကို ကြဉ်ထားရှိ အဘယ်သူ သိနိုင်လတ္တံ့နည်း။ ထိုကျီးတိရစ္ဆာန်၏ ပြုအပ်သော ကံကို မြတ်စွာဘုရားအား မေးလျှောက်ကုန် အံ့ဟု ကြံ၍ ဖဲသွားကြကုန်၏။

လှေသူကြီးမယား

တစ်ပါးလည်း ဖြစ်ကုန်သော ရဟန်းတို့သည် မြတ်စွာဘုရားကို ဖူးမြင်ခြင်း အကျိုးငှါ လှေတက်သို့ တက်စီး၍ သွားကြကုန်သည် ရှိသော် လှေသည် သမုဒ္ဒရာ၌ မရွှေမရှားတန့်ရပ်၍ နေ၏။ လူတို့သည် ဤလှေ၌ ယုတ်မာသောသူ ပါရှိသည် ဖြစ်ပေရာ၏ဟု ပြောဆိုတိုင်ပင်၍ သူယုတ်စာရေးတံကို ချကုန်၏။ လှေသူကြီး၏ မယားသည် ပထမအရွယ် တင့်တယ်လှပ ရှုချင်ဖွယ် ရှိလှ၏။ သူယုတ်စာရေးတံသည် ထိုလှေသူကြီး၏ မယားအား ကျရောက်လေ၏။ သူယုတ်စာရေးတံကို တစ်ဖန်ပြန်၍ ချကုန်ဦးလော့ဟု ပြောဆို၍ သုံးကြိမ်တိုင် အောင် ချအပ်ကုန်သော်လည်း သုံးကြိမ်တိုင်အောင် ထိုလှေသူကြီး၏မယားအား သာလျှင် ကျရောက်လေ၏။ လူတို့သည် "အရှင် အသို့ပြုအံ့နည်း"ဟု ဆို၍ လှေသူကြီး၏ မျက်နှာကို ကြည့်ကြကုန်၏။ လှေသူကြီးသည် မိန်းမတစ်ယောက် အတွက် လူများအပေါင်းကို မပျက်စီးစေကောင်း၊ ထိုမိန်းမကို ရေ၌ ပစ်စွန့်ကြ ကုန်လော့ဟု ဆို၏။ ရေ၌ ပစ်စွန့်အံ့ဟူ၍ ကိုင်ငင်ဆွဲယူသည် ရှိသော် ထိုမိန်းမ သည် သေအံ့သောဘေးမှ တွေးတော ရှုံကြောက်လှသည် ဖြစ်သောကြောင့် ကျယ်စွာသော အသံဖြင့် ဟစ်အော်ခြင်းကို ပြု၏။

ထိုအသံကို ကြား၍ လှေသူကြီးသည် ဤမိန်းမအား ပျက်စီးကုန်သော အဝတ်တန်ဆာတို့ဖြင့် အဘယ်အကျိုးရှိတော့အံ့နည်း၊ အလုံးစုံသော အဝတ် တန်ဆာတို့ကို ချွတ်ယူ၍ တစ်ခုသော ပုဆိုးပိုင်းကို ဝတ်စေ၍ စွန့်ပစ်ကြ ကုန်လော့။ ယင်းသို့ စွန့်ပစ်သော အခါ၌လည်း ထိုမိန်းမသည် ရေ၌ ပေါလော မျော၍ နေသည်ကို ငါသည် မကြည့်နိုင်။ ထိုမိန်းမသည် ရေ၌ မပေါ်ဘဲ တစ်ကြိမ် တစ်ခါတည်း နစ်မြုပ်၍ သွားသဖြင့် ငါမမြင်ရသော အခြင်းအရာဖြင့်

တစ်ခုသော သဲအိုးကို လည်၌ မြဲစွာ ဖွဲ့ချည်ပြီးလျှင် သမုဒ္ဒရာ၌ ပစ်ချကုန်လော့ဟု စေခိုင်း၏။ ထိုသူတို့သည်လည်း လှေသူကြီးခိုင်းစေသောအတိုင်း ပြုလုပ်ကြကုန်၏။ ၎ရှေ့ ပစ်ချအပ်ဖသော ထိုမိန်းမကိုလည်း ကျရာအရပ်၌သာလျှင် ငါးလိပ်တို့သည် လုယက်ကိုက်စားကုန်၏။

ရဟန်းတို့သည် ထိုသို့သော အကြောင်းကို သိရှိရသည် ရှိသော် မြတ်စွာဘုရားရှင်ကို ထား၍ တစ်ပါးတစ်ယောက်သော အဘယ်မည်သော သူသည် ထိုမိန်းမ၏ ကံကို သိနိုင်ပါ့နည်း။ ထိုမိန်းမ ပြုအပ်သောကံကို မြတ်စွာဘုရား အထံသို့ ရောက်သည့်အခါ မေးလျှောက်ကုန်အံ့ဟု နှလုံးသွင်း၍ အလိုရှိသော အရပ်သို့ ရောက်ကုန်သည် ရှိသော် လှေမှ သက်ဆင်း၍ ဖဲသွားကြကုန်၏။

အာဂန္တုကရဟန်း ခုနစ်ပါး

တစ်ပါးလည်း ဖြစ်ကုန်သော ခုနစ်ပါးကုန်သော ရဟန်းတို့သည် မြတ်စွာဘုရားရှင်ကို ဖူးမြင်ခြင်းအလို့ငှါ ခရီးစဉ်အဘို့ငှါး လာခဲ့ကုန်သည် ရှိသော် ညချမ်းသောအခါ၌ တစ်ခုသော ကျောင်းသို့ ဝင်ရောက်၍ တည်းခိုနေထိုင်ရာ အရပ်ကို မေးလျှောက်ကြကုန်၏။ တစ်ခုသော လိုဏ်ဉ်လည်း ခုနစ်ခုကုန်သော ညောင်စောင်းတို့သည် ရှိကုန်၏။ ထိုခုနစ်ပါးကုန်သော အာဂန္တုကရဟန်းတို့အား ထိုညောင်စောင်းတို့ကို ရ၍ လိုဏ်ဉ် အိပ်ကြကုန်သည်ရှိသော် ညဉ့်အဖို့၌ အိမ်အထွတ်မျှလောက်ရှိသော ကျောက်သည် လိမ့်ကျလာ၍ လိုဏ်တံခါးကို ပိတ်ဆို့လေ၏။

အာဝါသိကရဟန်းတို့သည် ငါတို့သည် လိုဏ်ကို အာဂန္တုကရဟန်းတို့အား နေရာပြုပြင် စီရင်ခင်းကျင်း၍ ပေးအပ်ကုန်သည် ဖြစ်၍ ဤလိုဏ်၌ ရောက်ရှိကုန်၏။ ဤကျောက်ကြီးသည်လည်း လိုဏ်တံခါး ပိတ်လျက် တည်၏။ ထိုကျောက်ကို ပယ်ပစ်ကုန်အံ့ဟု ပြောဆို၍ ထက်ဝန်းကျင် ရွာကြီး ခုနစ်ရွာတို့မှ လူအပေါင်းတို့ကို စည်းဝေးစေ၍ လုံ့လပြုပြီး ပယ်ရှားပါကုန်သော်လည်း နေ့ရှည်မှ ရွေ့လျားတုန်လှုပ်စေခြင်းငှါ မစွမ်းနိုင်ကုန်။ အတွင်း၌ တည်ရှိကုန်သော ရဟန်းတို့သည်လည်း လုံ့လကို ပြုကုန်သည်သာလျှင်တည်း။ ဤသို့ အတွင်းရော အပြင်ပါ များစွာသော လူစုသည် လုံ့လပြုသော်လည်း ခုနစ်ရက်ပတ်လုံး ကျောက်ကို ရွေ့လျားတုန်လှုပ်စေခြင်းငှါ မစွမ်းနိုင်ကုန်။ အာဂန္တုကရဟန်းတို့သည် ခုနစ်ရက်ပတ်လုံး ပြင်းထန်စွာ ဆာလောင် မွတ်သိပ်သောကိုယ် ရှိကုန်သည် ဖြစ်၍ ကြီးကျယ်သော ဆင်းရဲဒုက္ခကို ခံစားရကုန်၏။ ခုနစ်ရက်မြောက်သော နေ့၌ ကျောက်သည် အလိုသာလျှင် လိမ့်၍ သွား၏။

ရဟန်းတို့သည် ငါတို့အား ဤကဲ့သို့ ယုတ်မာညစ်ညမ်းသော အကျိုးဝိပါက်ကို မြတ်စွာဘုရားရှင်ကို ထား၍ တစ်ပါး တစ်ယောက်သော အဘယ်မည်သော

သူသည် သိနိုင်ပါလတ္တံ့နည်း။ မြတ်စွာဘုရားကို မေးလျှောက်ကုန်အံ့ဟု ကြံ၍ ဖဲသွားကြကုန်၏။

ထိုရဟန်းတို့လည်း လမ်းခရီးအကြာဌ္ဌ ကျီးသေကို တွေ့ခဲ့သော ရဟန်း, လှေမှ သက်ဆင်းခဲ့သော ရဟန်းတို့နှင့် ပေါင်းဆုံမိ၍ အလုံးစုံသော ရဟန်းတို့သည် တင်ပေါင်း တစ်စုတည်းသာလျှင် မြတ်စွာဘုရားရှင်သို့ ချဉ်းကပ်ဝပ်လျှိုး ရှိခိုးပြီးသော် သင့်တင့်လျောက်ပတ်သော အရပ်၌ ထိုင်နေကြပြီးလျှင် မြတ်စွာဘုရားရှင်သည် နှုတ်ဆက်စကား ပြောကြားအပ်သည် ရှိသော် မိမိတို့ တွေ့မြင်ခဲ့ရ ဖြစ်ခဲ့ရတိုင်းသော အကြောင်းတို့ကို အစဉ်အတိုင်း မေးလျှောက်ကြကုန်၏။ မြတ်စွာဘုရားရှင်သည်လည်း ထိုသုံးဦးသော သူတို့၏ ပြုခဲ့ဖူးသော မကောင်းမှု အကုသိုလ်ကံကို အစဉ်အတိုင်း ဤသို့ မိန့်တော်မူ၏။

ကျီး၏ အတိတ်ဝတ္ထု

ချစ်သား ရဟန်းတို့ ရှေးဦးစွာ အသင်တို့ မေးလျှောက်အပ်သော ထိုကျီးတိရစ္ဆာန်သည် မိမိပြုအပ်ခဲ့သော ကံကိုသာလျှင် ခံစားရလေ၏။ ချစ်သား ရဟန်းတို့ ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ လယ်သမား ယောကျ်ား တစ်ယောက်သည် မိမိ၏ နွားကို ဆုံးမခြင်းငှါ မစွမ်းနိုင်။ ထိုနွားသည် မောင်းနှင်အပ်သော်လည်း အနည်းငယ်သာ သွား၍ အိပ်၏။ တံဖျာ ကြိမ် တုတ်ဖြင့် ပုတ်ခတ်ရိုက်နှက် ထစေသော်လည်း အနည်းငယ် သွား၍ ရှေးနည်းအတူသာလျှင် တစ်ဖန် အိပ်ပြန်၏။ လယ်သမား ယောကျ်ားသည် ထိုနွားကို လုံ့လပြု၍ တားမြစ် ဆုံးမခြင်းငှါ မစွမ်းနိုင်သောကြောင့် ပြင်းစွာ ထွက်သောအမျက်ရှိသည် ဖြစ်၍ ဤအခါမှ စ၍ အသင်အား ချမ်းသာစွာ အိပ်ရပေတော့မည်ဟု ပြောဆို၍ ကောက်ရိုးစုကဲ့သို့ ပြုပြီးလျှင် ကောက်ရိုးဖြင့် နွား၏ လည်ကို ရစ်ပတ်၍ မီးတိုက်၏။ နွားသည် ထိုအရပ်၌ပင်လျှင် မီးလောင်၍ သေလေ၏။

ချစ်သား ရဟန်းတို့ ထိုဒုခါဌ် ဤကဲ့သို့သော မကောင်းမှု အကုသိုလ်ကံကို ပြုခဲ့ခြင်းကြောင့် ထိုကျီးတိရစ္ဆာန်သည် မိမိပြုခဲ့သော ထိုမကောင်းမှုကံ၏ အကျိုးဆက်ဖြင့် ရှည်စွာသော နှေးညှဉ်ပတ်လုံး ငရဲ၌ ကျက်ရပြီး အကျိုးကြွင်း၏ အစွမ်းဖြင့် ခုနစ်ကြိမ်တိုင်တိုင် ကျီးတိရစ္ဆာန်၏ အမျိုးဌ ဖြစ်၍ ဤနည်း အတူသာလျှင် ကောင်းကင်၌ မီးလောင် သေလွန်ရဖူးပြီဟု မိန့်တော်မူ၏။

လှေသူကြီးမယား အတိတ်ဝတ္ထု

ထို့နောက် မြတ်စွာဘုရားကိုယ်တော်မြတ်က ချစ်သားရဟန်းတို့ နှစ်ခုမြောက် အသင်တို့ မေးလျှောက်အပ်သော လှေသူကြီး၏ အမျိုးဌ ဖြစ်သော ထိုမိန်းမ

သည်လည်း မိမိပြုအပ်သော အကုသိုလ်ကံကိုသာလျှင် မိမိခံစားရလေသည်။ ချစ်သား ရဟန်းတို့ ထိုမိန်းမသည် ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ တစ်ယောက်သော သူကြွယ်၏ မယား ဖြစ်ပေသတတ်။ ရေကို ရွက်ခြင်း, စပါး ထောင်းခြင်း, ထမင်း ချက်ခြင်း အစရှိသော အလုံးစုံသော အမှုကိစ္စတို့ကို ကိုယ်တိုင် မိမိလက်ဖြင့်သာလျှင် ပြုလေ့ရှိ၏။

ထိုမိန်းမအား အိမ်၌ မွေးမြူထားအပ်သော တစ်ကောင်သော ခွေးသည် ရှိ၏။ ထိုမိန်းမသည် အလုံးစုံသော အမှုကိစ္စတို့ကို ပြုလုပ်၍ နေသည် ရှိသော် ထိုခွေးသည် ကြည့်ရှုလျက်သာလျှင် ထိုင်နေ၏။ လယ်တောသို့ ထမင်းကို ပို့ခြင်းငှါ ယူဆောင်သွားသည် ရှိသော်လည်းကောင်း၊ ထင်းသစ်ရွက် စသည်တို့၏ အကျိုးငှါ တောသို့ သွားသည် ရှိသော်လည်းကောင်း ထိုမိန်းမနှင့် အတူ တကွသာလျှင် လိုက်သွား၏။ ထိုသို့ သွားသည်ကို မြင်သောအခါ ပျိုမျစ်နုနယ် လူသူငယ်တို့က အချင်းတို့ ခွေးမုဆိုးသည် ထွက်သွားလေပြီ။ ယနေ့ ငါတို့သည် သားဟင်းမျိုးတို့ဖြင့် စားရကုန်တော့အံ့ဟု ပြက်ရယ်ပြုကုန်၏။

သူကြွယ်မသည် ထိုသူငယ်တို့ ပြက်ရယ်ပြုသော စကားဖြင့် ရှက်နိုးလှသည် ဖြစ်၍ ခွေးကို ခဲ တုတ် စသည်တို့ဖြင့် ပစ်လွှတ် ပုတ်ခတ်၍ ထွက်ပြေးစေ၏။ ခွေးသည် အနည်းငယ် ထွက်ပြေးပြီး၍ ဆုတ်နစ်တစ်ဖန် အစဉ်တစိုက် လိုက်ပြန် သည်သာလျှင်တည်း။

[ထိုခွေးသည် သူကြွယ်မ၏ သုံးခုမြောက်သော အတ္တဘော ခန္ဓာ ကိုယ်၏ အဖြစ်၌ လင်ယောကျ်ား ဖြစ်ခဲ့သတတ်။ ထို့ကြောင့် ချစ်ခင်ခြင်းကို ဖြတ်ခြင်းငှါ မစွမ်းနိုင်ပေ။ ထိုစကားမှန်၏၊ အစမထင် ကျင်လည်ရာဖြစ်သော သံသရာ၌ မယားသည်လည်းကောင်း၊ လင်သည် လည်းကောင်း မဖြစ်ဖူးသောသူမည်သည် မရှိ။ ထိုသို့ပင်ဖြစ်သော်လည်း နီးသော အတ္တဘော၏အဖြစ်၌ ဖြစ်ကုန်သော ဆွေမျိုးတို့၌ ကဲလွန်သော ချစ်ခင်ခြင်းသည် ဖြစ်တတ်၏။ ထို့ကြောင့် ထိုခွေးသည် သူကြွယ်မကို စွန့်လွှတ်ခွါရှောင်၍ နေခြင်းငှါ မစွမ်းနိုင်လေသတည်း။]

ခွေးသတ်သော မိန်းမ

ထိုသူကြွယ်မသည် ခွေးအား အမျက်ထွက်၍ လယ်၌ နေသော ခင်ပွန်း လင်အား ယာဂုပို့ရန် အလို့ငှါ ယူဆောင်သွားသည် ရှိသော် ကြိုးကို ရင်ခွင်၌ ထည့်သွင်းယူဆောင်၍ သွား၏။ ခွေးသည်လည်း ထိုသူကြွယ်မနှင့် အတူတကွ သာလျှင် လိုက်သွား၏။ ထိုသူကြွယ်မသည် ခင်ပွန်းအရှင် လင်ယောကျ်ားအား ယာဂုကို ကျွေးပြီးလျှင် အချည်းနှီးသော အိုးကို ယူခဲ့၍ ရေရှိရာ အရပ်တစ်ခုသို့

သွားပြီးလျှင် အိုးကို သဲဖြင့် ပြည့်စေပြီးသည့်အခါ အနီးဌ မိမိကို ကြည့်၍ တည်ရှိသော ခွေးအား အသံကို ပြု၏။ ခွေးသည် ငါ့အား သာယာစွာသော အသံဖြင့် ခေါ်သည်ကို မရဒေါသည်ကား ကြာလှလေပြီ။ ယခု ငါ့အား သာယာစွာသောအသံဖြင့် ခေါ်ဆိုသည်ကို ရအပ်ပေသည်ဟု ဝမ်းမြောက်သော စိတ်ဖြင့် အမြီးကို လှုပ်လျက် သူကြွယ်မ အထံသို့ ချဉ်းကပ်၏။ သူကြွယ်မသည် ထိုခွေး၏ လည်ပင်းဌ မြဲမြံစွာ ကိုင်ဖမ်း၍ တစ်ခုသော ကြိုးစွန်းဖြင့် အိုးကို ဖွဲ့ချည်၍ တစ်ခုသော ကြိုးစွန်းကို ခွေး၏ လည်ဌ ဖွဲ့ချည်ပြီးလျှင် အိုးကို ရေသို့ ရွေးရွှဲလို့မ့်ချလိုက်၏။ ခွေးသည် အိုး၏ နောက်သို့ အစဉ်တစိုက် လိုက်ပါ၍ ရေဌ ကျသဖြင့် ထိုရေဌပင်လျှင် သေလေ၏။

ထိုမိန်းမသည် ဤသို့ပြုခဲ့ဖူးသော ကံ၏အကျိုးဖြင့် ရှည်ကြာစွာသော နေ့ညဉ့် ပတ်လုံး ငရဲဌ ကျက်၍ ခံရပြီးလျှင် အကျိုးကြွင်း၏ အစွမ်းဖြင့် တစ်ထူသော ကိုယ်၏ အဖြစ်ဌ သဲဖြင့် ပြည့်သောအိုးကို လည်ဌ ဖွဲ့ချည်ပြီးသော် ရေဌ ပစ်ချ၍ သေလွန်ခြင်းကို ပြုရလေပြီဟု မိန့်တော်မူ၏။

ဖွတ်ဖမ်းသော သူငယ် ခုနစ်ယောက်

ထိုနောက်တစ်ဖန် မြတ်စွာဘုရားရှင်က ချစ်သား ရဟန်းတို့ သုံးခုမြောက် မေးလျှောက်သော အရာဌလည်း အသင်ချစ်သားတို့သည် မိမိဟို၏ပြုအပ်သော ကံကိုသာလျှင် မိမိတို့ ခံစားရလေသည်။ ချစ်သား ရဟန်းတို့ ရွှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်ဌ နေလွှဲကုန်သော ခုနစ်ယောက်ကုန်သော နွားကျောင်းသား သူငယ်တို့သည် တစ်ခုသောတောအုပ်အရပ်ဌ ခုနစ်ရက်သော အလှည့်အကြိမ်ဖြင့် နွားတို့ကို လှည့်လည် ထိန်းကျောင်းကုန်သည် ၌သော် တစ်နေ့သဌ နွားတို့ကို စီစစ် ရေတွက်လျက် မောင်းနှင်၍ လာကြကုန်သည့်အခါ တစ်ကောင်သော ကြီးစွာသော ဖွတ်ကို တွေ့မြင်၍ အနဉ် လိုက်ကြကုန်၏။ ဖွတ်သည် လျင်စွာ ပြေးသွားပြီးလျှင် တစ်ခုသော တောင်ပို့သို့ ဝင်လေ၏။

ထိုတောင်ပို့အား ခုနစ်ခုသော အပေါက်တို့သည် ရှိကုန်သောကြောင့် သူငယ်တို့သည် ငါတို့ ယနေ့ ဖမ်းယူခြင်းငှါ မစွမ်းနိုင်ကုန်သေး၊ နက်ဖြန်ခါဌ လာ၍ ဖမ်းယူကုန်အံ့ဟု ပြောဆို၍ တစ်ယောက် တစ်ယောက်သော သူငယ်သည် တစ်ခု တစ်ခုသော သစ်ခက်ဆုပ်ကို ယူခဲ့၍ ခုနစ်ယောက်ကုန်သော သူငယ်တို့သည် ခုနစ်ခုကုန်သော အပေါက်တို့ကို ပိတ်ဆို့ပြီး၍ ဖဲသွားကြကုန်၏။

တစ်ဆယ့်လေးဘဝ ဝဋ်ခံရခြင်း

ထိုသူငယ်တို့သည် တစ်ဖန် မိုးသောက် ရောက်သော အခါဌ ထိုဖွတ်ကို နှလုံးမသွင်းမိ သတိမရ၊ တစ်ပါးသော အရပ်ဒေသဌ နွားတို့ကို ထိန်းကျောင်း၌-

ခုနစ်ရက်မမြောက်သော နေ့၌ နွားတို့ကို မောင်းနှင်၍ သွားကုန်သည် ရှိသော် ထိုတောင်ပို့ကို မြင်၍ သတိရသောကြောင့် အသို့နည်း၊ ထိုဖွတ်၏ ရှိ, မရှိ အဖြစ်ကို သိရကုန်အံ့ဟု မိမိတို့ ပိတ်သားအပ်ကုန်သော အပေါက်တို့ကို အသီးသီး ဖွင့်ကြကုန်၏။ ဖွတ်သည် အသက်ရှင်သေးသော်လည်း အစာအာဟာရ မစားရသည် ဖြစ်၍ အရိုးအရေမျှသာ ကြွင်းကျန်သဖြင့် တုန်လှုပ်လျက် ထွက်လာ၏။ သူငယ်တို့သည် ထိုဖွတ်ကို ဖြင်ရသည် ရှိသော် သနားကြင်နာသဲသည် ဖြစ်၍ ဤဖွတ်ကို မသတ်ကြပါကုန်လင့်။ ခုနစ်ရက်ပတ်လုံး အစာအာဟာရ ပြတ်ခဲ့လေပြီဟု ပြောဆို တိုင်ပင်၍ ဖွက်၏ ကျောက်ကုန်းကို သုံးသပ်ဆုပ်နယ်ပြီးလျှင် ချမ်းသာစွာ သွားလေလော့ဟု လွှတ်လိုက်ကြကုန်၏။

ထိုသူငယ်တို့သည် ဖွတ်အား မသတ်အပ်သည်၏ အဖြစ်ကြောင့် ငရဲ၌မူကား မခံစားကြရကုန်။ ထိုခုနစ်ယောက်သော သူတို့သည် တစ်ပေါင်း တစ်စုတည်း ဖြစ်ပြီး တစ်ဆယ့်လေးဘဝသော ကိုယ်၏ အဖြစ်တို့၌ ခုနစ်ရက် ခုနစ်ရက်တို့၏ ကာလပတ်လုံး အစာအာဟာရ ပြတ်ကုန်၏။ ချက်သားရဟန်းတို့ ထိုအခါ အသင်တို့သည် ခုနစ်ယောက်သော နွားကျောင်းသား သူငယ်ငှဲ့ ဖြစ်၍ ထိုသို့သော မကောင်းမှုကံကို ပြုအပ်ခဲ့ဖူး၏ဟု ဤသို့ အစဉ်အတိုင်းအားဖြင့် ထိုရဟန်းတို့ မေးလျှောက်အပ်သော အမေးပုစ္ဆာကို မြတ်စွာဘုရားရှင်သည် ဖြေကြားမိန့်ဆိုတော်မူ၏။

ရဟန်းမျှား သောတာပန်စသည် တည်ခြင်း

ထိုအခါ တစ်ပါးသော ရဟန်းက မြတ်စွာဘုရားရှင်ကို "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အသို့ပေနည်း၊ မကောင်းမှု အကုသိုလ်ကံကို ပြုမိသောကြောင့် ကောင်းကင်၌ ပျံတက်သော သူအားလည်းကောင်း၊ သမုဒ္ဒရာသို့ သွားသော သူအားလည်းကောင်း၊ တောင်ကြားသို့ ဝင်သော သူအားလည်းကောင်း လွှတ်မြောက်ခြင်း မရှိပါသလော"ဟု မေးလျှောက်၏။ မြတ်စွာဘုရားရှင်က "ချစ်သား ရဟန်း ဟုတ်မှန်လှပေ၏၊ မကောင်းမှု ပြုမိသော သူအား ကောင်းကင် အစရှိသည်တို့တွင် တစ်စုံတစ်ခုမျှ လွှတ်မြောက်နိုင်သော အချပ်မည်သည် မရှိ၊ ကောင်းကင်, သမုဒ္ဒရာ, တောင်, လိုဏ်ခေါင်းတို့၌ တည်နေသော်လည်း အကုသိုလ် မကောင်းမှုကံမှ မလွှတ်နိုင်ပေရာ"ဟု မိန့်တော်မူပြီးသော် အနုသန္ဓေကို စပ်၍ တရားတော်ကို ဟောကြားတော်မူလိုသောကြောင့် ဂျေါဂါထာကို မိန့်တော်မူ၏—

နာ အန္တလက္ခေ နာ သမုဒ္ဒမဇ္ဈေ၊
နာ ပဗ္ဗတာနံ ဝိဝရံ ပဝိဿ။
နာ ဝိဇ္ဇတီ သော ဇဂတိပ္ပဒေသော၊
ယတ္ထဋ္ဌိတော မုစ္စေယျ ပါပကမ္မာ။

ကောင်းကင်၌ တည်နေသည် ဖြစ်စေ, သမုဒ္ဒရာအလယ်၌ နေသည် ဖြစ်စေ, တောင်လိုဏ်ခေါင်းသို့ ဝင်ပုန်းနေသည် ဖြစ်စေ မကောင်းမှုကို ပြုပြီးသူသည် ထိုမကောင်းမှုမှ မလွတ်မြောက်နိုင်၊ လွတ်မြောက်ဖွယ်ရာ အရပ်မရှိ။

ထိုဂါထာ၏ ဒေဝိပွါယ်ကား-တစ်စုံတစ်ယောက်သောသူသည် "ဤအကြောင်းဥပါယ် တစ်မျိုးဖြင့် ကံကြမ္မာဆိုးမှ လွတ်မြောက်နိုင်လိမ့်မည်" ဟု ကြံ၍ ကောင်းကင်၌သော်လည်း ထိုင်နေရာ၏။ ယူဇနာပေါင်း ရှစ်သောင်းလေးထောင်နက်ရှိုင်းသော မဟာသမုဒ္ဒရာအောက်သို့လည်း ဝင်ပုန်းရာ၏။ တောင်ခေါင်းတောင်ချောက်ကြားဌ်သော်လည်း နေထိုင်ရာ၏။ ထိုသို့ ပုန်းအောင်းကြသော်လည်း ကံကြမ္မာဆိုးမှ မလွတ်မြောက်နိုင်ရာ။ အရှေ့အရပ် အစရှိသော အရပ်မျက်နှာတို့၌ မှီတွယ် ပုန်းအောင်းနေသော်လည်း ကံကြမ္မာဆိုးမှ လွတ်မြောက်ရာ အခွင့်အလမ်း မရှိတော့ချေဟု ဆိုလိုဖါသည်။

ဒေသနာတော်၏ အဆုံးဌ် ထိုရဟန်းတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။ ရောက်လာကုန်သော လူအပေါင်းအတွက်လည်း အကျိုးရှိသော တရားဟောခြင်း ဖြစ်လေ၏။

တယောဇနဝတ္ထု ပြီး၏

၁၂။ သုပ္ပဗုဒ္ဓသာကီဝင်မင်းကြီးဝတ္ထု

နအန္တလိကွေ အစရှိသော ဤတရားဒေသနာတော်မြတ်ကို မြတ်စွာဘုရား ရှင်သည် ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ သီတင်းသုံး စံနေတော်မူစဉ် သုပ္ပဗုဒ္ဓသာကီဝင်မင်းကြီးကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့သည်။

ထိုသုပ္ပဗုဒ္ဓမင်းကြီးသည် မြတ်စွာဘုရားရှင်ကို ဤသိဒ္ဓတ္ထ မင်းသားသည် ငါ၏ သမီးတော်ကို စွန့်ပစ် ပယ်ထားလျက် တောထွက်ကြသွားလေသည်။ တစ်ဖန် ဘုန်းကံကြီးမား ငါ၏ သားတော် ဒေဝဒတ်ကိုလည်း လူဇာတ် ပယ်ရှောင် သာသနာတော်ဘောင်၌ ယူဆောင် ရဟန်းပြုစေပြီး၍ မိမိ၏ ရန်သူအရာ၌ ထားလေသည် တစ်ချက်ဟု ဤနှစ်ပါးသော အကြောင်းအချက်တို့ဖြင့် မြတ်စွာဘုရားရှင်၌ ရန်ငြိုးတပ်ဖွဲ့ခြင်းကို ပြု၍ တစ်နေ့သ၌ ထိုသိဒ္ဓတ္ထမင်းသား ဘုရားဂေါတမအား ပင့်ဖိတ်ရာ အရပ်သို့ သွားရောက်၍ စားသောက်ခြင်း အခွင့်ကို မပေးအံ့ဟု ကြံပြီးလျှင် မြတ်စွာဘုရား ကြွတော်မူအံ့သော ခရီးကို တားမြစ်ပိတ်ပင်၍ ခရီးမဲ့ သွားကို သောက်လျက် ထိုင်နေ၏။

ထို့နောက် မြတ်စွာဘုရားရှင်သည် ရဟန်း သံဃာတော်အပေါင်း ခြံရုံလျက် ကြွတော်မူသည် ရှိသော် မြတ်စွာဘုရား ကြွတော်မူလာပါသည်ဟု သုပ္ပဗုဒ္ဓ မင်းကြီးအား လျှောက်ကြားကြကုန်၏။ သုပ္ပဗုဒ္ဓ မှင်းကြီးက အို အချင်းတို့ ရွှေမှ ဖယ်ရှောင်၍ သွားကြကုန်ဟု ထိုသိဒ္ဓတ္ထမင်းသားအား ပြောကြားလိုက်ကြပါကုန်လော့။ ဤသိဒ္ဓတ္ထမင်းသားထက် ငါသည် အရွယ်အားဖြင့် ကြီးရင့်သည်၊ သို့ဖြစ်၍ ငါသည် ထိုသိဒ္ဓတ္ထမင်းသားအား ခရီးကို ဖယ်ရှောင်၍ မပေးနိုင်ဟု ပြော၏။ အဖန်တလဲလဲ ပြောဆို တောင်းပန်ပါသော်လည်း ရှေးနည်းအတူ သာလျှင် ပြော၍ ထိုင်နေ၏။ မြတ်စွာဘုရားရှင်သည် ၀ရီးတော်၏ အထံမှ သွားအံ့သော လမ်းခရီးကို မရသည် ဖြစ်၍ ထိုအရပ်မှ ဆုတ်နစ် ပြန်လည်၍ ကြွသွားတော်မူ၏။

သုပ္ပဗုဒ္ဓမင်းကြီးသည်လည်း တစ်ယောက်သော အလုပ်အကျွေးယောကျ်ားကို "အချင်း သွားပါချေ၊ ထိုသိဒ္ဓတ္ထမင်းသား၏ ပြောဆိုသော စကားကို မှတ်သား နာယူ၍ လာခဲ့လော့" ဟု စေလွှတ်လိုက်၏။ မြတ်စွာဘုရားရှင်သည်လည်း ဆုတ်နစ်ပြန်လည်လျက် ပြုံးရှင်ခြင်းကို ပြုတော်မူသည် ရှိသော် အရှင်အာနန္ဒာ မထေရ်က ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ပြုံးရှင်တော်မူခြင်း၏ အကြောင်းကား အဘယ်သို့ ရှိပါသနည်းဟု လျှောက်၏။ ချစ်သား အာနန္ဒာ သုပ္ပဗုဒ္ဓမင်းကြီးကို မြင်၏လော့ဟု မိန့်တော်မူ၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား မြင်ပါ၏ဟု လျှောက်သည် ရှိသော် ချစ်သား အာနန္ဒာ ထိုသုပ္ပဗုဒ္ဓ မင်းကြီးသည် အလွန်၀န်လေးသော အမှုကို ပြုအပ်ပေ၏။ ငါကဲ့သို့သော သဘောရှိသော ဘုရားအား ကြွသွားရာ ဖြစ်သော လမ်းခရီးကို အနှောင့်မပေး သောအားဖြင့် တားမြစ်ပိတ်ပင်သောကြောင့် ယနေ့မှ ခုနစ်ရက်မြောက်သော နေ့၀ယ် ပြာသာဒ်၏ အောက်ဖြစ်သော စောင်းတန်းလှေကားရင်းဦ (မြေမျိုခံ) မြေကြီးသို့ ၀င်ရလတ္တံ့ဟု မိန့်တော်မူ၏။ မင်းချင်း ယောကျ်ားသည်လည်း မြတ်စွာဘုရား မိန့်ဆိုတော်မူသော ထိုစကားကို ကြား၍ သုပ္ပဗုဒ္ဓမင်းကြီး၏ အထံသို့ သွားရောက်ပြီးလျှင် ငါ၏ တူတော်သည် အဘယ်ကဲ့သို့သော စကားကို ပြောဆိုဘိသနည်းဟု မေးသဖြင့် ကြားခဲ့တိုင်းသော စကားကို ပြန်ကြား လျှောက်ထား၏။

သုပ္ပဗုဒ္ဓမင်းကြီး မြေမျိုခံရခြင်း

သုပ္ပဗုဒ္ဓမင်းကြီးသည် မင်းချင်းယောကျ်ား လျှောက်တင်သော ထိုစကားကို ကြား၍ ဤယခုအခါ၌ ငါ့တူတော်၏ စကားသည် ခွက်ယှင်းသည်ဟူ၍ မရှိ။ စင်စစ်အားဖြင့်သာလျှင် ထိုသိဒ္ဓတ္ထမင်းသား ပြောဆိုသည့် အတိုင်းသာလျှင် ဖြစ်တတ်လေသည်။ ဤသို့ ဖြစ်သော်လည်း ထိုသိဒ္ဓတ္ထမင်းသားကို ယခုအခါ

ငါ မုသာဝါဒဖြင့် နှိပ်စက်အံ့။ ထိုသိဒ္ဓတ္ထမင်းသားသည် ငါ့ကို ခုနစ်ရက်မြောက်သောနေ့၌ မြေကြီးသို့ ဝင်ရလတ္တံ့ဟု မမှတ်မသား သာမည အားဖြင့် မပြောမဆိုမူ၍ ပြာသာဒ်၏ အောက်ဖြစ်သော စောင်းတန်း လှေကားရင်း၌သာလျှင် မြေကြီးသို့ ဝင်ရလတ္တံ့ဟု ပြောဆို၏။ ဤအခါမှ စ၍ ငါသည် ထိုအရပ်သို့ မသွားဘဲ နေအံ့၊ ထိုသို့ နေသည် ရှိသော် ထိုအရပ်၌ ငါသည် မြေကြီးသို့ မဝင်ရလတ္တံ့။ ယင်းသို့ မဝင်ရသောအခါ ထိုသိဒ္ဓတ္ထမင်းသားအား မုသာဝါဒဖြင့် နှိပ်အံ့ဟု ကြံ၏။

ကြံပြီး၍ကား ထိုသုပ္ပဗုဒ္ဓမင်းကြီးသည် မိမိ၏ အသုံးအဆောင် အလုံးစုံကို ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်၏ အထက်သို့ တင်၍ စောင်းတန်းလှေကားကို ပယ်ဖြုတ်စေပြီးလျှင် ဘံခါးကို ပိတ်စေ၍ တစ်ခုသော တံခါး၌ နှစ်ယောက် နှစ်ယောက်ကုန်သော လက်ဝေ့ လက်ပန်းသည်တို့ကို ထားပြီးလျှင် အကယ်၍ ငါသည် မေ့လျော့သဖြင့် ပြာသာဒ်အောက်သို့ သက်လိုသည် ဖြစ်အံ့၊ ငါ့ကို တားမြစ်ကြ ကုန်လော့ဟု ပြောဆိုမှာထား၍ ခုနစ်ဆင့်မြောက်သော ပြာသာဒ်၏ ကျက်သရေရှိသော ကိုက်ခန်း၌ နေ၏။

မြတ်စွာဘုရားရှင်သည် ထိုအကြောင်းကို ကြား၍ ချစ်သား ရဟန်းတို့ သုပ္ပဗုဒ္ဓမင်းကြီးသည် သက်သက် ပြာသာဒ်ခုနစ်ဆင့်သို့ တက်နေရုံ မဟုတ်သေး၊ အထက်ကောင်းကင်သို့ ပျံတက်၍ နေသည်ဖြစ်စေ၊လှေဖြင့် သမုဒ္ဒရာရေအပြင်သို့ ပြေးဝင်၍ နေသည်ဖြစ်စေ၊တောင်ကြား လိုဏ်ခေါင်းသို့ ခိုအောင်း ပုန်းဝင်သည် ဖြစ်စေ ငါဘုရား မိန့်ဆိုအပ်သော စကားမည်သည် မှန်သည်လည်း ရှိ၏၊ မမှန်သည်လည်း ရှိတတ်၏ဟု နှစ်ဖြာ နှစ်ကွဲ ဖြစ်သောမည်သည် မရှိ၊ ငါဘုရား မိန့်တော်မူအပ်သော နေရာ၌သာလျှင် ထိုသုပ္ပဗုဒ္ဓမင်းကြီးသည် မြေသို့ ဝင်ရလတ္တံ့ဟု မိန့်တော်မူပြီးလျှင် အနုသန္ဓေကို စပ်၍ တရားတော်ကို ဟောကြားတော်မူလိုသောကြောင့် ဤဂါထာကို မိန့်တော်မူ၏—

နအန္တလိက္ခေ နသမုဒ္ဒမဇ္ဈေ၊
နပဗ္ဗတာနံ ဝိဝရံ ပဝိဿ။
နဝိဇ္ဇတိ သော ဇဂတိပ္ပဒေသော၊
ယတ္ထဋ္ဌိတံ နပ္ပသဟေယျ မစ္စု။

ကောင်းကင်ထက်၌ နေသော်လည်းကောင်း၊ သမုဒ္ဒရာအလယ်၌ နေသော်လည်းကောင်း၊ တောင်လိုဏ်ခေါင်းသို့ ဝင်နေသော်လည်းကောင်း သေမင်းလက်မှ မလွတ်နိုင်၊ သေမင်း မနှိပ်စက်နိုင်သော နေရာဟူ၍ မရှိချေ။

ထိုဂါထာ၌– ယတ္ထဋ္ဌိတံ နပ္ပသဟေယျ မစ္စု ဟူသည် သေမင်းမလွှမ်းမိုး မနှိပ်စက်နိုင်သော နေရာဟူ၍ ဤမဟာပထဝီမြေပေါ်၌ ဆံချည်ဖျားတစ်ထောက် တစ်နေရာမျှ မရှိခေျ။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်လေကုန်၏။

ခုနစ်ရက်မြောက်သောနေ့ မြတ်စွာဘုရား ကြွသွားတော်မူရာ လမ်းခရီးကို ပိတ်ထားသော အချိန်အခါ၌ ပြာသာဒ်၏ အောက်ဝယ် သုပ္ပဗုဒ္ဓမင်းကြီး၏ မင်္ဂလာ မြင်းတော်သည် မြည်ဟီးလျက် ထိုထိုသို့သော နံရံကို တိုက်ခိုက်တိုးဝှေ၏။ ထိုသုပ္ပဗုဒ္ဓမင်းကြီးသည် ပြာသာဒ်၏ အထက်၌ နေလျက်သာလျှင် မြင်းသံကို ကြား၍ ဤအသံသည်ကား အဘယ်နည်းဟု မေးလျှင် မင်္ဂလာမြင်းတော်၏ အသံပါဟု တင်လျှောက်၏။ ထိုမြင်းသည်ကား သုပ္ပဗုဒ္ဓမင်းကြီးကို မြင်ရမှ ငြိမ်သက်ကောင်းမွန်စွာ နေတတ်၏။

ထိုအခါ သုပ္ပဗုဒ္ဓမင်းကြီးသည် မင်္ဂလာမြင်းတော်ကို ဖမ်းလိုသည် ဖြစ်၍ ထိုင်နေရာမှ ထပြီးလျှင် တံခါးသို့ ရှေးရှုသွား၏။ တံခါးတို့သည် အလိုလိုသာလျှင် ပွင့်ကုန်၏။ စောင်းတန်းလှေကားသည် မိမိ၏ အနီး၌သာလျှင် ရောက်တည်လာ၏။ တံခါး၌ စောင့်ရှောက်ကုန်သော လက်ဝှေ လက်ပမ်းသည်တို့သည် ထိုသုပ္ပဗုဒ္ဓမင်းကြီး၏ လည်၌ ကိုင်၍ အောက်သို့ ရှေးရှု တွန်းထိုး ချပစ်လိုက်ကြကုန်၏။ ဤသို့သော နည်းဖြင့်သာလျှင် ခုနစ်ခုကုန်သော အဆင့်အထပ်တို့၌ တံခါးတို့သည် အလိုလိုသာလျှင် ဟင်းလင်းပွင့်ကုန်၏။ စောင်းတန်းလှေကား တို့သည် ပယ်ဖြုတ်၍ ထားအပ်ကုန်သော်လည်း ထိုထားမြဲတိုင်းသော နေရာ၌ သာလျှင် တည်ရှိကုန်၏။ ထိုထိုသို့သော တံခါးတို့၌ အစောင့်အရှောက် ထားကုန်သော လက်ဝှေ လက်ပမ်းသည်တို့သည်လည်း လည်၌ ကိုင်၍သာလျှင် အောက်သို့ရှေးရှု တွန်းပစ်လိုက်ကြကုန်၏။

ထို့နောက် သုပ္ပဗုဒ္ဓမင်းကြီးသည် ပြာသာဒ်၏ အောက်ဖြစ်သော စောင်းတန်း လှေကားရင်း၌ ကျရောက်ကာမျှဖြင့်သာလျှင် မဟာပထဝီ မြေကြီးသည် မြည်ဟီးကွဲအက်၍ခံ၏။ ထိုသုပ္ပဗုဒ္ဓမင်းကြီးသည် မြေသို့ ဝင်ပြီး အဝီစိငရဲ၌ ဖြစ်ရ လေသတည်း။

သုပ္ပဗုဒ္ဓသာကီဝင်မင်းကြီးဝတ္ထု ပြီး၏။

ကိုးခုမြောက် ပါပဝဂ် ပြီး၏။

၁၀။ ဒဏ္ဍာဝင်

၁။ ဆဗ္ဗဂ္ဂီရဟန်းတို့ ဝတ္ထု

သမ္မေ တသန္တိ–အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ဟောတော်မူ၏။

တစ်ပါးသောအခါ၌ သတ္တရသဝဂ္ဂီ ရဟန်းတို့သည် ကျောင်းအိပ်ရာ နေရာတို့ကို ပြုစုပြင်ဆင် သုတ်သင်ပြီးစီးကြသည် ရှိသော် ဆဗ္ဗဂ္ဂီရဟန်းတို့က ငါတို့သည် သီတင်းကြီး ဖြစ်ကုန်သည်။ ထိုနေရာ၌ ငါတို့အား ရောက်ထိုက် ရထိုက်ပေသည်ဟု ပြောဆိုသဖြင့် သတ္တရသဝဂ္ဂီရဟန်းတို့က ငါတို့သည် မပေးကုန်။ ငါတို့သည် ရှေးဦးစွာ ပြုစုပြင်ဆင် သုတ်သင်အပ်ကုန်သည်ဟု ဆိုကုန်သည် ရှိသော် ဆဗ္ဗဂ္ဂီရဟန်းတို့သည် သတ္တရသဝဂ္ဂီ ရဟန်းတို့ကို ရိုက်နှက်ပုတ်ခတ်ကုန်၏။ သတ္တရသဝဂ္ဂီရဟန်းတို့သည် သေအံ့သော ဘေးဖြင့် ဘွဲ့တော ကြောက်ရွံ့ကုန်သည်ဖြစ်၍ ကျယ်စွာသော အာသံကို မြည်တွန် ဟစ်အော်ကုန်၏။ မြတ်စွာဘုရားရှင်သည် ထိုသတ္တရသဝဂ္ဂီ ရဟန်းတို့ ဟစ်အော်သော အသံကို ကြား၍ ဤအသံသည်ကား အာဘယ်နည်းဟု မေးတော်မူသည် ရှိသော် ဤအမည်ရှိသော အကြောင်းပါဟု လျှောက်ကြားကြသဖြင့် ချစ်သား ရဟန်းတို့ ဤအခါမှ စ၍ ရဟန်းမည်သည် ဤသို့ သဘောရှိသော အမှုကို မပြုအပ်, မပြုထိုက်။ အကြင်ရဟန်းသည် ပြုကျင့်ခဲ့ငြားအံ့၊ ထိုရဟန်းသည် ဤအမည်ရှိသော အာပတ်သို့ ရောက်စေသတည်းဟု ပဟာရဒါနသိက္ခာပုဒ်ကို ပညတ်တော်မူပြီး၍ ချစ်သား ရဟန်းတို့ ရဟန်းတို့ မည်သည်မှာ ငါသည် ဒဏ်မှ ထိတ်လန့် တုန်လှုပ်၏။ သေခြင်းမှ ကြောက်ရွံ့ဘိသကဲ့သို့ ထို့အတူသာလျှင် တစ်ပါးသော သတ္တဝါတို့သည်လည်း ဒဏ်မှ ထိတ်လန့်ခြင်း, သေခြင်းမှ ကြောက်ရွံ့ခြင်း ဖြစ်ကြပေလိမ့်မည်ဟု သိ၍ သူတပါးကို မပုတ်မခတ်အပ်, သူတပါးကို မသတ် မဖျက်ဆီးအပ်ဟု မိန့်တော်မူပြီးသော် အနုသန္ဓေကို စပ်၍ တရားတော်ကို ဟောကြားတော်မူလိုသောကြောင့် ဤဂါထာကို မိန့်တော်မူ၏—

သမ္မေ တသန္တိ ဒဏ္ဍာသ၊ သမ္မေ ဘာယန္တိ မစ္စုနော။
အတ္တာနံ ဥပမံ ကတ္ဝာ၊ န ဟနေယ္ယ န ဃာတယေ။

သတ္တဝါအားလုံးတို့သည် အပြစ်ဒဏ်မှ ကြောက်ရွံ့ကုန်၏။ ခပ်သိမ်းသော သူတို့သည် မိမိအသက်ကို ချစ်မြတ်နိုးကုန်၏။ မိမိကိုယ်ကို ဥပမာပြု၍ သူတပါးကို မသတ်ဖြတ်ရာ မညှဉ်းဆဲရာ။

ထိုဂါထာဌီ–သဗ္ဗေ တသန္တိ–ဟူသည် ခပ်သိမ်းသော သတ္တဝါတို့သည် မိမိအပေါ် ပြစ်ဒဏ်ကျလာသည် ရှိသော် ထိုပြစ်ဒဏ်မှ ကြောက်လန့်ကြကုန်၏။

မစ္စုနော–ဟူသည့် သေခြင်းမှလည်း ကြောက်ကုန်သည်သာတည်း။

ဤဒေသနာဒတာ်၌ သဒ္ဒါအားဖြင့် ကြွင်းမဲ့ဥသုံ ခြုံ၍ ဟောထားဇော်မူ၏။ အနက်အဓိပ္ပါယ်အားဖြင့်မူကား ခြွင်းချက်ထားရသည်။ ဥပမာကား– "တိုင်းသူပြည်သားအားလုံး စုဝေးကြစေ"ဟု ဘုရင်၏ အမိန့်ဖြင့် စည်လည်သော်လည်း မင်းနှင့် အမတ်ကြီးများကို ချန်ထား၍ ကြွင်းသော လူအများသာ စုဝေးရကုန်၏။ ဤနည်းအတူ ဤနေရာ၌ သဗ္ဗေ တသန္တိ၊ အလုံးစုံသော သတ္တဝါတို့သည် ကြောက်ကုန်၏ဟု ဆိုထားသော်လည်း အာဇာနည်ဆင်, အာဇာနည်မြင်း, အာဇာနည် နွားလားဥသဘ နှင့် ရဟန္တာ ဤလေးဦးတို့ကို ထား၍ ကြွင်းသော ပုဂ္ဂိုလ်သာလျှင် ထိတ်လန့်တတ်ကုန်၏ ဟူ၍ သိအပ်သည်။ ဤသူလေးဦးတို့တွင် ရဟန္တာသည် သက္ကာယဒိဋ္ဌိကို ပယ်ပြီးသောကြောင့် သတ်တတ်သောလူ (လူသတ်သမား)ကို မတ္တွေသောကြောင့် ရဟန္တာ၏ ဉာဏ်အမြင်၌ ပုဂ္ဂိုလ် သတ္တဝါ မရှိသောကြောင့် မကြောက်ချေ၊ အခြားသုံးဦးတို့သည်ကား သက္ကာယဒိဋ္ဌိ အားကြီးသောကြောင့် မိမိ၏ ဆန့်ကျင်ဘက် ရန်သူ ပြိုင်ဖက်ကို မတ္တွေသောကြောင့် မကြောက်ကုန်။

နဟနေယျ နသာတယေ ဟူသည် ငါသည် ဒဏ်မှကြောက်သကဲ့သို့ တပါးသော သတ္တဝါတို့သည်လည်း ဒဏ်မှကြောက်ကြလိမ့်မည်ဟု မိမိနှင့် နှိုင်းဆ၍ သူဘပါးကို မပုတ်ခတ် မညှဉ်းဆဲခြင်းကို ဆိုလိုသည်။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြကုန်၏။

ဆဗ္ဗဂ္ဂီရဟန်းတို့ဝတ္ထု ပြီး၏

၂။ ဆဗ္ဗဂ္ဂီရဟန်းတို့ဝတ္ထု

သဗ္ဗေ တသန္တိ–အစရှိသည့် ဤတရားဒေသနာတော်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

တပါးသောအခါ၌ ရှေးနည်းအတူသာလျှင် သတ္တရသဝဂ္ဂီ ရဟန်းတို့သည် ကျောင်းအိပ်ရာ နေရာတို့ကို ပြုစုပြင်ဆင် သုတ်သင်ပြီးစီးသည် ရှိသော် ဆဗ္ဗဂ္ဂီရဟန်းတို့က ငါတို့သည် သီတင်းကြီး ဖြစ်ကုန်၏။ ဤနေရာသည် ငါတို့အား

ရောက်ကုန်၏။ ငါတို့ ရထိုက်ကုန်၏ဟု ပြောဆိုသဖြင့် သတ္တရသဝဂ္ဂီ ရဟန်းတို့က ငါတို့မပေးနိုင်ကုန်။ ငါတို့သည် ရှေးဦးစွာ သုတ်သင်အပ်ကုန်သည်ဟု ပြောဆိုကုန်သည့် ရှိသော် ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် သတ္တရသဝဂ္ဂီ ရဟန်းတို့ကို လက်ဝါးပျက်ဖြင့် ရွယ်မိုးခြောက်လှန့်ကုန်၏။

သတ္တရသဝဂ္ဂီ ရဟန်းတို့သည် ကြောက်ရွံ့ကုန်သောကြောင့် ဟစ်အော်ကြသော အသံကို မြတ်စွာဘုရား ဟောကြားတော်မူ၍ ဤအသံသည် အဘယ်အသံနည်းဟု မေးတော်မူလျှင် ဤအမည်ရှိသော အကြောင်းပါတည်းဟု လျှောက်ကြားသဖြင့် ချစ်သားရဟန်းတို့ ဤအခါမှစ၍ ရဟန်းမည်သည် ဤသို့သဘောရှိသော အမှုကို မပြုရ, မပြုထိုက်။ အကြင်ရဟန်းသည် ဤသို့သဘောရှိသော အမှုကို ပြုခဲ့ငြားအံ့။ ထိုရဟန်းအား ဤမည်ရှိသော အာပတ်သို့ ရောက်စေဟု တလသတ္တိက သိက္ခာပုဒ်ကို မြွက်ထုတ် ပညတ်တော်မူပြီး၍ ချစ်သားရဟန်းတို့ ရဟန်းမည်သည်ကား ငါသည် ဒဏ်မှ ထိတ်လန့် ကြောက်ရွံ့သကဲ့သို့ ထိုအတူ တစ်ပါးသော သူတို့သည်လည်း ထိတ်လန့် ကြောက်ရွံ့ပေသတတ်။ ငါသည် ငါ၏ ဇီဝိတိန္ဒေ အသက်ကို ချစ်မြတ်နိုးသကဲ့သို့ ထိုအတူ သာလျှင် တစ်ပါးသော သူတို့သည်လည်း မိမိတို့၏ အသက်ကို ချစ်မြတ်နိုးခြင်းဖြစ်ကြပေလိမ့်မည်ဟု သိ၍ သူတပါးကို မပုတ်ခတ်အပ် မသတ်ဖြတ်အပ်ဟု မိန့်တော်မူပြီးသော် အနုသန္ဓေကို စပ်၍ တရားတော်ကို ဟောကြားတော်မူလိုသောကြောင့်—

သဗ္ဗေ တသန္တိ ဒဏ္ဍဿ၊ သဗ္ဗေသံ ဇီဝိတံ ပိယံ။
အတ္တာနံ ဥပမံ ကတ္ဝာ၊ နဟနေယျ နဃာတယေ။

သတ္တဝါအားလုံးတို့သည် အပြစ်ဒဏ်မှ ကြောက်ကုန်၏၊ ခပ်သိမ်းသောသူတို့သည် မိမိအသက်ကို ချစ်မြတ်နိုကုန်း၏။ မိမိကိုယ်ကို ဥပမာပြု၍ သူတပါးတို့ကို မသတ်ဖြတ်ရာ မညှဉ်းဆဲရာ။

ထိုဂါထာ၌—**သဗ္ဗေသံ ဇီဝိတံ ပိယံ** ဟူသည် ရဟန္တာကို ချန်ထား၍ ကြွင်းသော သတ္တဝါတို့သည် မိမိအသက်ကို ချစ်၏၊ သာယာ၏၊ ရဟန္တာတို့သည်ကား အသက်ရှည်ရခြင်း၌လည်းကောင်း၊ သေရခြင်း၌လည်းကောင်း လျစ်လျူရှုတတ်၏။

ထိုဒေသနာ ပါဌ်ဂါထာ၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်လေကုန်၏။

ဆဗ္ဗဂ္ဂီရဟန်းတို့ဝတ္ထု ပြီး၏

၃။ သမ္မဟုလကုမာရကဝတ္ထု

သုခကာမာနိ ဘူတာနိ အစရှိသော ဤတရားဒေသနာတော်မြက်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် များစွာကုန်သော လုလင်ငယ်တို့ကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့သည်။

တစ်ပါးသောအခါ၌ မြတ်စွာဘုရားရှင်သည် သာဝတ္ထိမြို့တွင်း၌ ဆွမ်းခံခြင်းငှါ လှည့်လည် ကြွဝင်တော်မူလာသည်ရှိသော် ခရီးအကြား၌ များစွာကုန်သော လုလင်ငယ်တို့သည် အဆိပ်ပြင်းသော မြွေတစ်ကောင်ကို တုတ်လှံတံဖြင့် ရိုက်နှက်ပုတ်ခတ်သည်တို့ကို တွေ့မြင်တော်မူ၍ သူငယ်တို့ အသင်တို့သည် အဘယ်သို့သော အမှုကို ပြုကြကုန်သနည်းဟု မေးတော်မူ၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား မြွေကို တုတ်လှံတံဖြင့် ရိုက်နှက်ပုတ်ခတ်ပါသည်ဟု လျှောက်၏။ အဘယ်အကြောင်းကြောင့် ရိုက်နှက်ပုတ်ခတ် ကုန်သနည်းဟု မေးတော်မူပြန်လျှင် ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ ကိုက် ခဲ အပ်သည်မှ ကြောက်သောကြောင့် ရိုက်နှက် ပုတ်ခတ်ပါသည်ဟု လျှောက်ကြားကုန်သည်ရှိသော် သူငယ်တို့ အသင်တို့သည် မိမိအား ချမ်းသာသည်ကို ပြုအံ့ဟု ဤသို့သူတစ်ပါးကို ရိုက်နှက်ပုတ်ခတ်ခြင်းသည် ဖြစ်တိုင်းဖြစ်တိုင်းသော ဘုံဘဝ၌ ချမ်းသာကို ရသည် မဖြစ်ပေလတ္တံ့။ မိမိချမ်းသာခြင်းကို တောင့်တသော သူသည် သူတစ်ပါးကို ညှဉ်းဆဲပုတ်ခတ်ခြင်းငှါ မအပ်ဟု မိန့်တော်မူပြီးလျှင် စကားစပ်ကို ပြလိုရကား ဤဂါထာကို ဟောကြားတော်မူ၏—

သုခကာမာနိ ဘူတာနိ၊ ယော ဒဏ္ဍေန ဝိဟိံသတိ။
အတ္တနော သုခမေသာနော၊ ပေစ္စ သော နလဘတေ သုခံ။

သုခကာမာနိ ဘူတာနိ၊ ယော ဒဏ္ဍေန နဟိံသတိ။
အတ္တနော သုခမေသာနော၊ ပေစ္စ သော လဘတေ သုခံ။

မိမိချမ်းသာလိုမှုအတွက် မိမိကဲ့သို့ ချမ်းသာစွာ နေလိုသူ သတ္တဝါတို့ကို သတ်ဖြတ်ညှဉ်းဆဲသော ပုဂ္ဂိုလ်သည် ဤဘဝ နောင်ဘဝတို့၌ ချမ်းသာမှုကို မရနိုင်၊ မိမိချမ်းသာမှုအတွက် မိမိကဲ့သို့ ချမ်းသာစွာနေလိုသူ သတ္တဝါတို့ကို မသတ်ဖြတ် မညှဉ်းဆဲသောပုဂ္ဂိုလ် ဤဘဝ နောင်ဘဝတို့၌ ချမ်းသာမှုကို ရနိုင်၏။

ထိုဂါထာ၌ ယော ဒဏ္ဍေ နဟိံသည် တုတ်ဖြင့်ဖြစ်စေ ခဲ စသည်ဖြင့်ဖြစ်စေ ညှဉ်းဆဲတတ်သော ပုဂ္ဂိုလ်ဟု ဆိုလိုသည်။

ပေစ္စ သော နလဘေတေ သုခံ= ဟူသည့် ထိုညွှဉ်းဆဲသော ပုဂ္ဂိုလ်သည် နောင်ဘဝ၌ လူခြမ်းသာ, နတ်ခြမ်းသာ, မြတ်သော နိဗ္ဗာန်ခြမ်းသာမျှားကို မရနိုင်ဟု ဆိုလိုသည်။

ဒုတိယဂါထာ၌ **ပေစ္စ သော လဘတေ**=ဟူသည် ထိုမညှဉ်းဆဲတတ်သော ပုဂ္ဂိုလ်သည် နောင်ဘဝ၌ လူခြမ်းသာ, နတ်ခြမ်းသာ မြတ်သော နိဗ္ဗာန်ခြမ်းသာဟူသော ခြမ်းသာသုံးမျိုးကို ရနိုင်၏ဟု ဆိုလိုပါသည်။

ဒေသနာတော်၏ အဆုံး၌ လုလင်ငယ်ငါးရာတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

သမ္မဟုလကုမာရဝတ္ထု ပြီး၏။

၄။ ကောဏ္ဍဓာနမထေရ်ဝတ္ထု

မာဝေါစ ဖရုသံ ကိဉ္စိ အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားရှင် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ကောဏ္ဍဓာနမထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုကောဏ္ဍဓာနမထေရ်အား ရဟန်းပြုသောနေ့မှစ၍ မိန်းမနှင့်တူသော အဆင်းရုပ်ကာ လှုပစ္စာဒသာ မိန်းမရုပ်သွင်တစ်ခုသည် မထေရ်နှင့် အတူတကွ လိုက်ပါလှည့်လည်၏။ မထေရ်သည် ထိုမိန်းမရုပ်သွင်ကို မမြင်ရ။ အခြားသောလူ အပေါင်းတို့သည်ကား ကြည့်ရှုထင်ထင် မြင်ရ၏။ ကောဏ္ဍဓာန မထေရ်သည် ရဟန္တာ၏အတုံးသို့ ဆုမ်းခံခြင်းငှါ ကြွဝင် လှည့်လည်သည်ရှိသော် လူတို့သည် မထေရ်အား တစ်ခုသောဆွမ်းကို ပေးလှူရ၏ အရှင်ဘုရား ဤဆွမ်းသည် အရှင်ဘုရားအား ဖြစ်ပါစေလော့၊ ဤဆွမ်းသည်ကား အရှင်ဘုရား၏ အဖေ၏ ခင်ပွန်းမအား ဖြစ်ပါစေသော့ဟု ပြောဆို၍ နှစ်ကြိမ်ခန့်မြောက်သောဆွမ် ကိုလည်း လှူဒါန်းကြကုန်၏။

အတီတဝတ္ထု

ထိုကောဏ္ဍဓာနမထေရ်၏ ရှေးဘဝပြုခဲ့ဖူးသော မကောင်းမှုကံသည် အဘယ်နည်း ဟူမူကား-

ကာသပမြတ်စွာဘုရားသည် လူတွင်ထင်ရှား ဘုရားဖြစ်တော်မူသောအခါ အဖေခင်ပွန်း ဖြစ်ကုန်သော ရဟန်းနှစ်ပါးတို့သည် တစ်ယောက်တည်းသော

မိခင်တို့၏ဝမ်းမှ ဖွားမြင်အပ်သော ညီရင်းအစ်ကိုဘမျှ အလွန်လျှင် အာက္ခမ်း တဝင် ချစ်ခင်ညီညွတ်သည် ဖြစ်ကြကုန်၏။

သက်တော်ရှည်ဘုရားရှင်တို့၏ လက်ထက်၌ တစ်နှစ်ကို တစ်ကြိမ်တစ်ကြိမ် သော်လည်းကောင်း၊ ခြောက်လကို တစ်ကြိမ် တစ်ကြိမ် သော်လည်းကောင်း ရဟန်းတို့သည် ဥပုသ်ပြုခြင်းငှါ စည်းဝေးကြကုန်၏။ ထိုကြောင့် ရဟန်းနှစ်ပါး တို့သည်လဲ့ဥ်း ဥပုသ်အိမ်သို့ သွားကုန်အံ့ဟု ပြောဆိုတိုင်ပင်၍ နေရာအရပ်မှ ထွက်သာကြကုန်၏။ တဘဝတိ ံသာနတ်ပြည်၌ဖြစ်သော နတ်တစ်ယောက်သည် ထိုမှဟန်းနှစ်ပါးကိုမြင်၍ ဤရဟန်းနှစ်ပါးတို့သည် အလွန်လျှင် အာက္ခမ်းတဝင် ခင်မင်ညီညွတ်ကြကုန်၏။

အသို့နည်း ငါတို့သည် ဤရဟန်းနှစ်ပါးတို့ကို ကဲ့ပြားအောင် ခဲခြင်းငှါ စုမ်း နိုင်ပါအံ့လောဟု ကြံပြီးလျှင် မိမိသည် မိုက်သည့်အဖြစ်ကြောင့် ကြံစည်ပြီး နောက် ချက်ချင်း သက်ဆင်းလာခဲ့၍ ရဟန်းနှစ်ပါးတို့တွင် ရဟန်းတစ်ပါးက ငါ့ရှင် တစ်ခဏမျှငံ့လင့်ပါဦး။ ငါသည် ကိုယ်လက်သန့်စင်ခြင်းကိစ္စဖြင့် အလိုရှိ ပါသည်ဟု ပြောဆိုပြီး ချုံတစ်ခုအတွင်းသို့ သွားသည်ရှိသော် ထိုနတ်လည်း တစ်ယောက်သော မိန်းမ၏ရုပ်အသွင်ကို ဖန်ဆင်း၍ မထေရ်ဝင်သွားသော ချုံ အဘွင်းသို့ လိုက်ပါဝင်သွား၍ မထေရ်ထွက်လာသောအခါ၌ လက်တစ်ဘက်ဖြင့် ဆံထုံးကို ပုတ်သပ်ကိုင်မ၍ လက်တဘက်ဖြင့် အဝတ်ကို ကိုင်ဆွဲပြင်ဝတ်၍ မထေရ်၏ နောက်မှ ထွက်၍လိုက်လာ၏။

မိန်းမပျိုကို အဖေ၁ရဟန်းက မြင်ခြင်း

မထေရ်သည် ထိုမိန်းမကိုမမြင်၊မထေရ်ကို ငံ့လင့်၍ ရှေ့မှသွားနှင့်သော အဖေ၁ ရဟန်းသည် ဆုတ်နစ်ပါန်လည်၍ ကြည့်ရှုသည်ရှိသော် ထိုသို့သော အမူအရာကို ပြုလျက် ထွက်၍လိုက်လာသော မိန်းမကို မြင်လေ၏။ နတ်သည် ထိုအဖေ၁ရဟန်း သည် မြင်အပ်သည့်အဖြစ်ကိုသိ၍ ကဲ့ယ်လေ၏။ အဖေ၁ရဟန်းသည် မိမိ၏အထံ သို့ ရောက်သာသော ထိုကိုယ်လက်သန့်စင်သော ရဟန်းကို ငါ့ရှင် အသင့်အား သင့်လျော်စီးပြီဟု ဆို၏။

ငါ့ရှင် ငါ့အား ဤသို့သဘောရှိသောအမှုသည် မရှိပါတကားဟုပြောသည်ရှိ သော် ဤယခုပင်လျှင် အသင်၏နောက်မှ ထွက်လာသော ဤသို့သောအမှုအရာ ပြုပြင်သော ပျိုမျစ်နုနယ် မိန်းမငယ်တစ်ယောက်ကို ငါသည် မြင်အပ်၏။ အသင်က ငါ့အား ဤသဘောရှိသောအမှုသည် မရှိပါဟု အဘယ်ကြောင့်ပြောဆို သနည်းဟု ပြော၏။ ထိုရဟန်းသည် မိုးကြိုးစက်ဖြင့် ဦးထိပ်၌ ပစ်အပ်ဘိသကဲ့သို့ ငါ့ရှင် ငါ့ကို မဖျက်ဆီးပါလင့်၊ ငါ့အား ဤသို့ သဘောရှိသော အမှုသည် မရှိပေဟု တောင်းပန်ပြောဆို၏။

အဖော်ရှင်ရဟန်းက ငါသည် ကိုယ်တိုင်မျက်စိဖြင့် မြင်ရ၏၊ အသင်၏စကား ကို အဘယ်ကဲ့သို့ ယုံကြည်နိုင်အံ့နည်းဟု ပြောဆို၍ အတူတက္ခ မသွားဘဲ တောင်ဝှေးတုတ်တံ တစ်ပြန်မျှလောက် ခွဲပြီးလျှင် ဖဲသွား၏။ ဥပုသ်အိမ်ရှိလည်း ငါသည် ဤရဟန်းနှင့်အတူတက္ခ ဥပုသ်ကို မပြုအံ့ဟု ထိုင်နေ၏။ ထိုမှတစ်ပါးသော ရဟန်းကလည်း အရှင်ဘုရားတို့ တပည့်တော်၏သီလ၌ အဏုမြူခန့်မျှလည်း ဖြစ်သော စွန်းငြိ မည်းညစ်ခြင်းသည် မရှိပါဟု ရဟန်းတို့ကို လျှောက်၏။ အဖော် ရဟန်းကလည်း တပည့်တော်သည် ကိုယ်တိုင်မြင်အပ်ပါသည်ဟု ပြော၏။

နတ်သားသည် ထိုရဟန်းနှင့်အတူတက္ခ ဥပုသ်ပြုခြင်းငှါ အလိုမရှိသည်ကို မြင်ရသဖြင့် ငါသည် ဝန်လေးသောအမှုကို ပြုအပ်၏ဟုကြံ၍ အရှင်ဘုရားတို့ ဤအရှင်အား သီလပျက်စီးခြင်းမရှိပါ၊ တပည့်တော်သည် စုံစမ်းသည်၏အစွမ်း ဖြင့် ဤအမှုကို ပြုအပ်ပါသည်။ အရှင်ဘုရားတို့သည် ထိုရဟန်းနှင့်အတူတက္ခ ဥပုသ်ပြုတော်မူကြပါကုန်လော့ဟု လျှောက်ထား၏။ထိုနတ်သား၏ကောင်းကင်၌ ရပ်တည်လျက် ပြောဆိုသောစကားကို ကြားသိရသောအခါမှ ယုံကြည်၍ ထို ရဟန်းနှင့်အတူတက္ခ ဥပုသ်ကိုပြု၏၊ ထိုမထေရ်နှစ်ပါးတို့သည်ကား ရှေး၌ကဲ့သို့ နူးညံ့သော စိတ်နှလုံးရှိသည်မဟုတ်၊ စိတ်ကွဲပြားသော အဖြစ်သို့ ရောက်လေ၏။ ထိုနတ်သားသည် ဤမျှလောက် မကောင်းမှုကံကိုပြုခဲ့၍ အသက်၏ အဆုံး၌ မထေရ်တို့သည် ထိုက်သည်အားလျော်စွာ ချမ်းသာသဖြင့် ဖြစ်ကုန်၏။

နတ်သားသည် အင်စိငရဲ၌ဖြစ်၍ ဘုရားရှင်တစ်ဆူ၏အကြား ကာလပတ်လုံး အဝီစိငရဲ၌ကျက်၍ ခံစားခဲ့ရပြီးသော် ဤယခု မြတ်စွာဘုရားသည် ပွင့်တော်မူ သောအခါဝယ် သာဝတ္ထိပြည်၌ ဖြစ်ပြီးလျှင် ကြီးပြင်းခြင်းကိုစွဲ၍ သာသနာ တော်၌ ရှင်ပြု၍ ပဉ္စင်းအဖြစ်ကို ရလေ၏။ ထိုမထေရ်၏ ရဟန်းပြုသော နေ့မှစ၍ ထိုမိန်းမအသွင်ရုပ်သည် မထေရ်၏နောက်မှ အစဉ်တစိုက်လိုက်၍နေဘိ သကဲ့သို့ ထင်မြင်ရ၏။ ထိုကြောင့် မထေရ်အား ကောဏ္ဍဓာန မထေရ်ဟူသော အမည်ကို ပြုကုန်၏။

ဘုရင်ကို တိုင်ကြားခြင်း

ထိုသို့သော အခြင်းအရာဖြင့် လှည့်လည်သွားလာ၍ နေသော ထိုကောဏ္ဍ-ဓာန မထေရ်ကို မြင်၍ ရဟန်းတို့သည် အနာထပိဏ် သူဌေးကြီးကို ဒါယကာသူဌေးကြီး ဤဒုဿီလရဟန်းကို အသင်၏ကျောင်းမှ နှင်ထုတ်ပါလော့။ ဤဒုဿီလရဟန်းကိုမြို့၍ ကြွင်းကုန်သော ရဟန်းတို့အား အရှိန်အစော်မဲ့ခြင်း ဖြစ်ပါသည်ဟု ပြောကြကုန်၏။ အရှင်ဘုရားတို့ အသို့ပေနည်း။ ကျောင်းတော်၌ မြတ်စွာဘုရားသခင်သည် မရှိသလောဟု မေးလျှောက်သဖြင့် ဒါယကာ ရှိပါ၏ဟု ပြောဆိုကုန်သည်ရှိသော် အရှင်ဘုရားတို့ ထိုသို့ဖြစ်လျှင် ဘုရားရှင်သည်ပင်

သိတော်မူလတ္တံ့ဟု လျှောက်လိုက်၏။ ရဟန်းတို့သည် ဝိသာခါ ဒါယိကာမကြီး၏ အထံသို့ သွားရောက်၍လည်း ပြောဆိုကြကုန်၏။ ဝိသာခါ ဒါယိကာမသည်လည်း ထိုရဟန်းတို့အား အနာထပိဏ်သူဌေးကြီး အတူသာလျှင် တို့ပြန်စကား လျှောက်ထားလိုက်၏။ ရဟန်းတို့သည်လည်း ထိုအနာထပိဏ်သူဌေးကြီး, ဝိသာခါ ဒါယိကာမတို့က မိမိတို့ ပြောကြားသော စကားကို ဝန်မခံ မလိုက်နာသည် ရှိသော် ပသေနဒီ ကောသလ မင်းကြီးအား ဒကာတော် မင်းမြတ် ကောဏ္ဍဓာန မထေရ်သည် မိန်းမတစ်ယောက်ကို ယူဆောင် လှည့်လည်လျက် အလုံးစုံသော ရဟန်းတို့အား အရှိန်အစော် အကျော်အစောမဲ့ကို ဖြစ်စေ၏။ ထိုမထေရ်ကို အသင်မင်းကြီးတို့၏ တိုင်းနိုင်ငံမှ နှင်ထုတ်ပါကုန်လော့ဟု ပြောကြားကြကုန်၏။

ဘုရင်ကိုယ်တိုင် စောင့်ဖမ်းခြင်း

အရှင်ဘုရားတို့ ထိုမထေရ်သည် အဘယ်အရပ်မှာ နေပါသနည်းဟု မေးလျှောက်သည်ရှိသော် ဒကာတော်မင်းကြီး ကျောင်းတော်၌ နေသည်ဟု ပြောဆိုကြ၏။ အဘယ်မည်သော ကျောင်း၌ နေပါသနည်းဟု မေးလျှောက်ပြန်သဖြင့် ဤအမည်ရှိသော ကျောင်း၌ နေသည်ဟု ပြောကြ၏။ ထိုသို့ဖြစ်လျှင် အရှင်ဘုရားတို့သည် ကြွတော်မူကြကုန်လော့။ ဒကာတော်သည် ထို မိန်းမကို ဖမ်းအံ့ဟု လျှောက်ထားလိုက်၏။ ပသေနဒီ ကောသလမင်းကြီးသည် ညချမ်းအခါ၌ မြတ်စွာဘုရား ကျောင်းတော်သို့သွား၍ ကောဏ္ဍဓာနမထေရ် သီတင်းသုံးသော ထိုကျောင်းကို ဓင်းချင်းယောကျ်ားတို့ဖြင့် ဝန်းရံစေ၍ မထေရ်၏ နေရာဌာနသို့ ရှေးရှုသွား၏။

မထေရ်သည် မျှားစွာသော အသံကိုကြား၍ ကျောင်းမှထွက်၍ ကြည့်ရှုပြီး မုခ်ဦး၌ ရပ်တည်၏။ ထိုမိန်းမရုပ် အသွင်သည်လည်း မထေရ်၏ နောက်အဖို၌ ရပ်တည်၍နေသည်ကို ပသေနဒီ ကောသလမင်းကြီးသည် မြင်၏။ မထေရ်သည် မင်းကြီး၏လာသည့်အဖြစ်ကိုသိ၍ ကျောင်းပေါ်သို့ တက်ပြီးလျှင် ထိုင်နေ၏။ မင်းကြီးသည် မထေရ်ကို ရှိမခိုး။ ထိုမိန်းမရုပ်ကိုလည်း မမြင်ရလော။ မင်းကြီးသည် တံခါးကြား၌လည်းကောင်း၊ ညောင်စောင်း၏အောက်၌ လည်းကောင်း ကြည့်ရှုသည်ရှိသော် မမြင်ရသောကြောင့် မထေရ်ကို အရှင်ဘုရား ဤအရပ်၌ မိန်းမတစ်ယောက်ကို မြင်ရပါသည်။ ထိုမိန်းမသည် အဘယ်မှာနည်းဟု မေးလျှောက်၏။

မထေရ်သည် မျှားစွာသော အသံကိုကြား၍ ကျောင်းမှထွက်၍ ကြည့်ရှုပြီး မုခ်ဦး၌ ရပ်တည်၏။ ထိုမိန်းမရုပ် အသွင်သည်လည်း မထေရ်၏ နောက်အဖို၌ ရပ်တည်၍နေသည်ကို ပသေနဒီ ကောသလမင်းကြီးသည် မြင်၏။ မထေရ်သည် မင်းကြီး၏လာသည့်အဖြစ်ကိုသိ၍ ကျောင်းပေါ်သို့ တက်ပြီးလျှင် ထိုင်နေ၏။ မင်းကြီးသည် မထေရ်ကို ရှိမခိုး။ ထိုမိန်းမရုပ်ကိုလည်း မမြင်ရလော။ မင်းကြီးသည် တံခါးကြား၌လည်းကောင်း၊ ညောင်စောင်း၏အောက်၌ လည်းကောင်း ကြည့်ရှုသည်ရှိသော် မမြင်ရသောကြောင့် မထေရ်ကို အရှင်ဘုရား ဤအရပ်၌ မိန်းမတစ်ယောက်ကို မြင်ရပါသည်။ ထိုမိန်းမသည် အဘယ်မှာနည်းဟု မေးလျှောက်၏။

ဒကာတော်မင်းကြီး ငါသည် မမြင်ပေဟု ပြောသဖြင့် အရှင်ဘုရား ဤယခုအခါ၌ပင်လျှင် ဒကာတော်လည်း အရှင်ဘုရားတို့၏ နောက်အဖို၌ တည်နေသည်ကို မြင်ရပါသည်ဟု လျှောက်ထားသော်လည်း ဒကာတော်မင်းကြီး

ငါကား မမြင်မိပေဟု မိန့်ဆိုတော်မူ၏။ ဤအမှုကား အကြောင်းအသို့ပေနည်း ဟု ကြံ၍ အရှင်ဘုရား ဤအရပ်မှသာလျှင် ထွက်ကြွတော် မူပါကုန်ဦးဟု လျှောက်လေလျှင် မထေရ် ထွက်သွား၍ မုခ်ဦး၌တည်ပြန်သည်ရှိသော် တစ်ဖန် ထိုမိန်းမ ဒေသင်ရုပ်သည် မထေရ်၏ နောက်အဖို့၌ တည်ပြန်၏။ မင်းကြီးသည် ထိုမိန်းမအသွင်ရုပ်ကို မြင်၍ တစ်ဖန် ဒေထက် အပြင်ထက်သို့ တက်လေ၏။ မင်းကြီး၏ လာသော အဖြစ်ကို သိ၍ မထေရ်သည် ထိုင်နေ၏။

မင်းကြီးသည် ထိုမိန်းမ အသွင်ရုပ်ကို ထိုမှ ဤမှကြည့်ရှုသော်လည်း မမြင်ရ သောကြောင့် အရှင်ဘုရား ထိုမိန်းမသည် အတီမှာနည်းဟု တစ်ဖန် မေးလျှောက်၏။ ဒကာတော်မင်းကြီး ငါသည် မမြင်ပါဟု ပြောသည်အခါ အရှင်ဘုရား အဘယ်သို့ ပြောဆိုကုန်သနည်း။ ဒကာတော်သည် ယခုပင်လျှင် အရှင်ဘုရား၏ နောက်အဖို့၌ မြင်လိုက်ပါသည်ဟု လျှောက်၏။ ဒကာတော် မင်းကြီး လူမျှား အပေါင်းသည်လည်း ငါ၏ နောက်မှ နောက်မှ မိန်းမ တစ်ယောက် လိုက်ပါလှည့်သည်သည်ဟု ပြောဆိုကြ၏။

ကောသလမင်းကြီး ဒါယကာခံခြင်း

ငါသည်ကား မမြင်ရပေဟု ပြော၏။ မင်းကြီးသည် ဤမထေရ်ပြောသော စကားသည် သင့်လျော်လျောက်ပတ်ခြင်း ဖြစ်ပေလိမ့်မည်ဟု မှတ်၍ တစ်ဖန် မထေရ်ကို "အရှင်ဘုရား အရှင်သည် ဤအရပ်မှ ထ၍ ကြွတော်မူပါကုန်ဦး" ဟု လျှောက်သဖြင့် မထေရ်သည် သက်ဆင်း၍ မုခ်ဦး၌ တည်သည်ရှိသော် တစ်ဖန် ထိုမိန်းမအသွင်ရုပ်သည် မထေရ်၏ နောက်အဖို့၌ ရုပ်တည်သည်ကို မြင်ပြန် သောကြောင့် အထက်အပြင်သို့ တက်ရောက်ပြန်၏။

မထေရ်၏အပါးသို့ ရောက်ပြန်သောအခါ ထိုမိန်းမအသွင်ရုပ်ကို မမြင်ရ။ မင်းကြီးက တစ်ဖန် မထေရ်ကို မေးလျှောက်ပြန်၍ မထေရ်က ဒကာတော် မင်းကြီး ငါသည် မမြင်ပါဟု ဖြေဆိုသည်ရှိသော် ဤမထေရ် ပြောဆိုသော စကားသည် သင့်လျော်မှန်ကန်သည်ဟု သံသယကင်းရှင်း ဆုံးဖြတ်ခြင်းကိုပြု၍ မထေရ်၏ အထံသို့ ချဉ်းကပ်ပြီးလျှင် အရှင်ဘုရား ဤသို့သဘောရှိသောသိလ ညစ်နွမ်းဖွယ်အကြောင်း မကောင်းသော ဝိသဘာဂပုဂ္ဂိုလ်သည် အရှင်ဘုရား၏ နောက်အဖို့မှ လိုက်ပါ လှည့်လည်သည်ကို မြင်ရသည်ရှိသော် တစ်ပါး တစ်ယောက်သောသူသည် အရှင်ဘုရားတို့အား ဆွမ်းကို မပေးလှူပါလတ္တံ့။ အမြဲမပြတ် ဒကာတော်၏ နန်းတော်သို့ ကြွဝင်တော်မူပါကုန်လော့။ ဒကာတော် သည်သာလျှင် ပစ္စည်းလေးပါးတို့ဖြင့် ချီးမြှင့်လုပ်ကျွေး ပြုစုပါအံ့ဟု မထေရ်ကို ပင့်ဖိတ်၍ ဖဲသွား၏။

ရဟန်းတို့သည် "ငါ့ရှင်တို့ ယုတ်မာသော မင်းကြီး၏ပြုလုပ်သောအမူအရာကို ကြည့်ရှုကြပါကုန်လော့။ ထိုရဟန်းကို ကျောင်းမှနင်ထုတ်ပါဟု ပြောဆိုသည်ကို လာရောက်ပြီး ပစ္စည်းလေးပါးတို့ဖြင့် ဖိတ်မံ၍ သွားလေဘိသည်" ဟု ကဲ့ရဲ့ရှုတ်ချကြကုန်၏။ ထိုကောဏ္ဍဓာနမထေရ်ကို လည်း အို အချင်း ဒုဿီလ ဤယခုအခါ၌ မင်းကြီးသည် လူတုန်, လူချိဟု ပြောဆိုနိုင်သည့်အဖြစ်ကို ဖြစ်စေအပ်ပေသည်ဟု ပြောဆိုကြကုန်၏။

[ဤသို့ လူတုန်လူချိ၏ အဖြစ်ကို မင်းကြီးသည် ပြောဆိုနိုင်ခြင်းကို ဖြစ်စေဘိသည်ဟူရာ၌ ထိုမထေရ်သည် ရှေးအဖို့က ရဟန်းတို့သည် မိမိအား ပြောဆိုကုန်သည်ရှိသော် တစ်စုံတစ်ခုကိုမျှပြန်၍ ပြောဆိုခြင်းငှာ မစွမ်းနိုင်သောကြောင့် အသင်တို့သည်သာ သီလ မရှိသော ဒုဿီလ၊ အသင်တို့သည်သာ လူတုန်, လူချိ၊ အသင်တို့သည်သာ မိန်းမကို ယူ၍ လှည့်လည်ကုန်ဘိသည်ဟု နှုတ်လှန် ထိုးတတ်သော အလေ့ရှိ၏။ ထိုကြောင့် ပြောဆိုလေသတည်း။]

ထိုရဟန်းတို့သည်လည်း မြတ်စွာဘုရားသခင်အထံသို့ သွားရောက် ချဉ်းကပ်၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ကောဏ္ဍဓာနမထေရ်ကို တပည့်တော်တို့သည် ပြောဆိုအပ်သည်ရှိသော် တပည့်တော်တို့ကို ဒုဿီလ အစရှိသည်တို့ကို ဆို၍ ဆဲရေးပါသည်ဟု လျှောက်ကြားကြကုန်၏။ မြတ်စွာဘုရားသည် ထိုကောဏ္ဍဓာန မထေရ်ကို ခေါ်စေ၍ ချစ်သားရဟန်း အသင်သည် ဤသို့ ဆဲရေးပြောဆိုသော ဟူသည် ဟုတ်မှန်ပေသလောဟု မေးတော်မူ၏။

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဟုတ်မှန်ပါသည်ဟု လျှောက်သည်ရှိသော် အဘယ်အကြောင်းကြောင့်နည်းဟု မေးတော်မူပြန် သဖြင့် တပည့်တော်နှင့် အတူတကွ တပည့်ဘော်ကို ထိပါးပုတ်ခတ်၍ ပြောဆိုသောကြောင့် ဆဲရေးမိပါသည်ဟု လျှောက်၏။မြတ်စွာဘုရားက ချစ်သား ရဟန်းတို့ အသင်တို့သည် ဤရဟန်းနှင့် အတူတကွ အဘယ်ကြောင့် ထိပါးပုတ်ခတ်၍ ပြောဆိုကြသနည့်းဟု မေးဘော်မူပြန်သဖြင့် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤရဟန်း၏ နောက်မှ မိန်းမဘစ်ယောက် လိုက်ပါလှည့်လည်သည်ကို မြင်ရသောကြောင့် ပြောဆိုကြပါသည်ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားက ချစ်သားရဟန်း ဤရဟန်းတို့က အသင်သည် မိန်းမတစ်ယောက်နှင့် အတူတကွလှည့်လည်သည်ကို မြင်ရသောကြောင့် ပြောဆိုကြကုန်သည်၊ အသင်သည် မမြင်ရဘဲလျက်သာလျှင် ဤရဟန်းတို့ကို အဘယ်ကြောင့် ဆဲရေး ပုတ်ခတ်၍ ပြောဆိုဘိသနည်း၊ ရှေး၌ အသင်သည် ယုတ်မာ

သော သဘောရှိသော အယူကို အမှီပြုပြီး အသင့်အား ဤသို့ ဖြစ်ရသည် မဟုတ်တုံလော၊ဤယခုအခါ၌လည်း ယုတ်မာသော မကောင်းမှုကံကို အဘယ်ကြောင့် စွဲယူပြန်ဘိသနည်းဟူ မိန့်တော်မူ၏။

များစွာသောသူတို့ သောတာပန်တည် ကြခြင်း

ရဟန်းတို့က ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား ဤရဟန်းသည် ရှေးက ပြုခဲ့ဖူးသော မကောင်းမှုကံသည်ကား အဘယ်သို့ ပါနည်းဟု မေးလျှောက်ကြကုန်၏။ ထိုအခါ မြတ်စွာဘုရား ရှင်သည် ရဟန်းတို့အား ထိုကောဇွာခာန မထေရ်၏ ရှေး၌ပြုခဲ့ဖူးသော မကောင်းမှုကံကို ဟောကြားတော်မူပြီး၍ ချစ်သာရဟန်း ဤသို့သော မကောင်းမှုကံကိုမှီ၍ အသင်သည် ဤမျှလောက် ဖောက်ပြန် ပျက်စီးခြင်းသို့ ရောက်ရ၏။ ဤ ယခုတစ်ဖန် ထိုသို့သဘောရှိသော မကောင်းမှုကို ပြုစုစီရင် ယူငင်ခြင်းငှါ မသင့်လျော် ဤမှ နောက်ကာလ၌ ရဟန်းတို့နှင့် တတူတ ကွ စကားပြောဆိုခြင်းကို မပြုလင့်။ အနားမျက်နှာရေးဝ၌ ပြတ်သော ကြေးခွက်နှင့်တူစွာ အသံဆိတ်သည် ဖြစ်လေလော့၊ ဤသို့ပြုအပ်သည်ရှိသော် နိဗ္ဗာန်သို့ ရောက်သည်မည်သည် ဖြစ်ပေလိမ့်မည်ဟု မိန့်တော်မူပြီးသော် စကားစပ်ကို ပြလို၍ ဤနှစ်ဂါထာတို့ကို မိန့်တော်မူ၏—

မာဝေါစ ဖရုသံ ကိဉ္ဇိ၊ ဝုတ္တာ ပဋိဝဒေယျုံ တံ။
ဒုက္ခာ ဟိ သာရမ္ဘကထာ၊ ပဋိဒဏ္ဍ ဖုသေယျုံ တံ။

သစေ နေရေသိ အတ္တာနံ၊ ကံသော ဥပဟတော ယထာ။
ဧသ ပတ္တောသိ နိဗ္ဗာနံ၊ သာရမ္ဘော တေ နဝိဇ္ဇတိ။

ပုဂ္ဂိုလ် တစ်စုံတစ်ယောက်ကိုလည်း ကြမ်းကြုတ်သော စကားကို မဆိုပါလင့်၊ သင်ဆိုအပ်သော သူတို့သည် သင့်ကို တစ်ဖန်ပြန်၍ ဆိုကုန်ရာ၏။ မှန်၏၊ ချုပ်ချယ်သော စကားမည်သည် ဆင်းရဲ၏၊ သင့်ကို တစ်ဖန် ဒဏ်ပြန်မှုသည် ရောက်လာပေကုန်ရာ၏။

အနားပြတ်သော ကြေးခွက်သည် အသံမထွက်သကဲ့သို့ မိမိကိုယ်ကို မတုန်မလှုပ်အောင် အကယ်၍ နေခြင်းငှါ စွမ်းနိုင်သည်ဖြစ်အံ့၊ ဤသို့ နေခြင်းငှါ စွမ်းနိုင်သည်ရှိသော် ဤသင်သည် နိဗ္ဗာန်သို့ရောက်၏။ သင့်အား ချုပ်ချယ်ခြင်းသည် မရှိ။

ထိုဂါထာ၌ —

မာဝေါစ ဖရုသံ ကိဉ္ဇိ=ဟူသည် တစ်ပါးသောပုဂ္ဂိုလ် တစ်စုံတစ်ယောက်ကိုလည်း ကြမ်းတမ်းသော စကားကို မပြောဆိုပါလင့်ဟု ဆိုလိုသည်။

ဝုတ္တာ=ဟူသည် သင်သည် အခြားသူတို့ကို သီလမရှိကုန်ဟု ပြောအပ်ကုန်၏ဟု ဖြစ်၏။

ပဋိဝဒေယျုံ=ဟူသည် သင်သည် သူတစ်ပါးတို့ကို သီလမရှိကုန်ဟု ပြောသကဲ့သို့ တစ်ဖန်ပြန်၍ ပြောကုန်ရာ၏ဟု ဆိုသည်။

သာရမ္ဘကထာ=ဟူသည် အကြောင်းကျော်လွန်၍ အစုံအပြိုင် ပြောဆိုအပ်သော စကားဟု ဆိုသည်။

ပဋိဒဏ္ဍာ=ဟူသည်ကိုယ်ဖြင့် ပြုလုပ်အပ်သော ဒဏ်ခတ်ခြင်း အစရှိသည်တို့ဖြင့် သူတစ်ပါးကို ပုတ်ခတ်သူအား ထိုနှင့်အလားတူ ပြန်ဒဏ်တို့သည် သင်၏ ဦးခေါင်းထက်၌ ကျရောက်ကုန်ရာ၏ဟု ဖြစ်၏။

သစေ နေရေသိ=ဟူသည် မိမိကိုယ်ကို မတုန်မလှုပ်အောင် ပြုခြင်းငှါ အကယ်၍ စွမ်းနိုင်အံ့ဟု ဖြစ်၏။

ကံသော ဥပဟတော ယထာ=ဟူသည် နှုတ်ခမ်းအနားရေးကို ဖြတ်လျက် လက်ဝါး မျှလောက်ပြု၍ ထားအပ်သော ကြေးခွက်ကဲ့သို့ ထိုစကားမှန်၏။ လက်ခြေတို့ဖြင့်လည်းကောင်း၊ ဒုတ်ဖြင့်လည်းကောင်း တီးခတ်ပါသော်လည်း အသံမထွက်ဟု ဖြစ်သည်။

သေ ပတ္တောသိ=ဟူသည် နှုတ်ခမ်း အနားရစ်ပြတ်သော ကြေးခွက်သည် အသံမထွက်ခြင်းကဲ့သို့သော သဘောရှိသော အကျင့်ကို ဖြစ်ခြင်းငှါစွမ်းနိုင်အံ့၊ ဤအကျင့်ကို ဖြည့်ကျင့်ဆဲ ဖြစ်လတ်သော် ယခုအခါ မရောက်သေး သော်လည်း ဤပုဂ္ဂိုလ်သည် နိဗ္ဗာန်ရောက်သူမည်၏ဟု ဆိုလိုသည်။

သာရမ္ဘော တေ နဝဇ္ဇတိ=ဟူသည် ဤသို့ဖြစ်သော် သင်သည် သီလမရှိ၊ သင်တို့သည် သီလမရှိကြကုန်၊ ဤသို့အစရှိသော ကျော်လွန်သော အကြောင်းရှိသော စကားအမှတ်အသားဟု ဆိုအပ်သော ချုပ်ချယ်ခြင်းသည် သင့်အား မရှိ၊ ထိုချုပ်ချယ်မှုမျိုး မဖြစ်တော့သည်သာဟု ဆိုလိုသည်။

ဒေသနာတော်အဆုံး၌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ်အစရှိသည်ဘို့သို့ ရောက်ကုန်၏။ ကောဏ္ဍဓာန မထေရ်သည်လည်း မြတ်စွာဘုရားတို့သည် ပေးအပ်သော အဆုံးအမ၌တည်၍ အရဟတ္တဖိုလ်သို့ရောက်ပြီး၍ မကြာမြင့်မီပင်လျှင် ကောင်းကင်၌ ပြန်ကြွ၍ ပထမဆုံး စာရေးတံမဲကို ယူပြီ။

ကောဏ္ဍဓာနမထေရ်ဝတ္ထုပြီး၏။

၅။ ဝိသာခါအစရှိကုန်သော ဒါယိကာမတို့၏ ဥပုသ်စောင့်သုံးသောဝတ္ထု

ယထာဒဏ္ဍေန—အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ပုဗ္ဗာရုံကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဝိသာခါအစရှိကုန်သော ဥပါသိကာမတို့အား ဥပုသ်စောင့်သုံးခြင်း အမှုကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့ပြီ။

သာဝတ္ထိပြည်ကြီး၌ တစ်နေ့သော ဥပုသ်နေ့ဝယ် ငါးရာမျှလောက်ကုန်သော မိန်းမကြီးငယ် တစ်စုတို့သည် ဥပုသ်စောင့်ကျောင်းတော်သို့ သွားကြကုန်၏။ ဝိသာခါဒါယိကာမသည် ထိုဥပုသ်သည်မိန်းမတို့တွင် မိန်းမကြီးတို့၏ အထံတို့သို့ ချဉ်းကပ်၍ "မိခင်တို့၊ မိခင်တို့သည် အဘယ်အကျိုးငှါ ဥပုသ်စောင့်သုံး ကြပါကုန်သနည်း" ဟု မေး၏။

အရွယ်လွန်ကြီးရင့်သော ထိုမိန်းမတို့က "ချစ်သမီး ငါတို့သည် နတ်စည်း စိမ်ချမ်းသာကို တောင့်တ၍ ဥပုသ် စောင့်သုံးကြသည်" ဟု ပြောဆိုသည်ရှိသော် မိန်းမလတ်တို့၏ အထံသို့ကပ်၍ "အသင်တို့သည် အဘယ်သို့ ဆုတောင်း၍ ဥပုသ်စောင့်သုံးကြသနည်း" ဟု မေး၏။

ထိုအလယ်, အလတ်ရှိသော မိန်းမတို့က "ငါတို့သည် လင်လုဘက် (မယားငယ်)မှ လွှတ်ကင်းပါစေခြင်း အကျိုးငှါ စောင့်သုံးပါသည်" ဟု ဆို၏။ မိန်းမပျိုတို့၏ အထံသို့ ချဉ်းကပ်ပြန်၍ အသင်တို့သည် အဘယ်သို့ ဆုတောင်း၍ ဥပုသ်စောင့်သုံး ကြကုန်သနည်းဟု မေး၏။

ထိုမိန်းမပျိုတို့ကလည်း "ကျွန်တော်မတို့သည် ရှေးဦးပထမ ကိုယ်ငန်တည်သောကာလ၌ သားရတနာကို ရပါစေခြင်း အကျိုးငှါ ဥပုသ်စောင့်သုံးပါသည်" ဟု ပြောဆိုသည်ရှိသော် တစ်ဖန် သတို့သမီးငယ်တို့၏အထံသို့ သွားရောက်ချဉ်းကပ်ပြန်၍ "ချစ်သမီးတို့ အသင်တို့သည် အဘယ်ဆုတောင်း၍ ဥပုသ်စောင့်သုံးကြကုန်သနည်း" ဟု မေး၏။

ထိုသတို့သမီးငယ်တို့က "မိခင် ကျွန်တော်မတို့သည် ငယ်ရွယ်နုနယ်စဉ်မှာပင် လင့် အိမ်သို့ လိုက်ပါ သွားရောက်ရခြင်း အကျိုးငှါ ဥပုသ်စောင့်သုံးပါသည်" ဟု ပြောဆိုသည်ရှိသော် ဝိသာခါ ဒါယိကာမသည် ပြောဆိုအပ်သော စကားအလုံးစုံကို အကုန်မှတ်သား နာယူပြီးလျှင် ထိုမိန်းမတို့ကိုခေါ်၍ မြတ်စွာ

ဘုရား အထံတော်သို့ သွားရောက်ပြီး အစဉ်အတိုင်းအား ဖြင့် မြတ်စွာဘုရား အား ကြားလျှောက်၏။

နွားကျောင်းသား ဥပမာ

ဝိသာခါ လျှောက်ကြားသော ထိုစကားကို ကြားတော်မူ၍ ဘုရားကိုယ်တော် မြတ်က "ဝိသာခါ ဤသတ္တဝါတို့အား ဇာတိ, ဇရာ, ဗျာဓိ, မရဏမည်သည် လက်ဦး စွဲကိုင်အပ်သော တုတ်လုံကန်ရှိသော နွားကျောင်းသားနှင့်တူ၏။ ဇာတိသည် ဇရာ၏ အထံသို့, ဇရာသည် ဗျာဓိ၏ အထံသို့, ဗျာဓိသည် မရဏ၏ အထံသို့ တစ်ဆင့်တစ်ဆင့် စေလွှတ်၍ မရဏသည် ခေါင်းဖြင့်ပိုင်းဖြတ် အပ်သကဲ့သို့ ဇီဝိတိန္ဒြေ အသက်ကို ပယ်ဖျက် ပိုင်းဖြတ်အပ်ကုန်၏။ ဤသို့ ပိုင်းဖြတ်အပ်သော်လည်း ဤသတ္တဝါတို့သည် ဇာတိ ဇရာ ဗျာဓိ မရဏဟု ဆိုအပ်သော ဘေးဒုက္ခခပ်သိမ်း ကင်းငြိမ်းရာရပ်ဌာန် နိဗ္ဗာန်တည်းဟူသော ဝိဝဋ္ဋကို တောင့်တခြင်းမည်သည် မရှိကြကုန်။ အဖန်တလဲလဲ အမြဲမပြတ် အထပ်ထပ် ကျင်လည်ပြေးသွားရာ သံသရာတည်းဟူသော ဝဋ္ဋဆင်းရဲကိုသာလျှင် တောင့်တကြလေကုန်သည်" ဟု မိန့်တော်မူပြီးမှ စကားစပ်ကိုပြလို၍ ဤဂါထာကို မိန့်တော်မူ၏-

ယထာ ဒဏ္ဍေန ဂောပါလော၊ ဂါဝေါ ပါဇေတိ ဂောစရံ။
ဧဝံ ဇရာ စ မစ္စု စ၊ အာယုံ ပါဇေန္တိ ပါဏိနံ။

နွားကျောင်းသားသည် နှင်တံဖြင့် နွားတို့ကို ကျက်စားရာအရပ်သို့ မောင်းနှင်သကဲ့သို့ ဤအတူ အိုခြင်းတရားသည် သည်လည်းကောင်း၊ သေခြင်းတရားသည်လည်းကောင်း သတ္တဝါတို့၏ အသက်ကို မောင်းနှင်းသတ်ဖြတ်လေကုန်၏။

ထိုဂါထာ၌-ပါဇေတိ=ဟူသည် လိမ္မာကျွမ်းကျင်သော နွားကျောင်းသား သည် တော်သို့ ဝင်ကုန်သော နွားတို့ကို ကြိမ်ဖြင့် ဆီးတား၍ ထိုးငြိမ်ဖြင့်ပင် ပုတ်ခတ်လျက် ရေမြက်ပေါများ ကျက်စားရာအရပ်သို့ ပို့ဆောင်ပေး၏ ဟု ဆိုလိုသည်။

အာယုံ ပါဇေန္တိ=ဟူသည် ဇီဝိတိန္ဒြေကို(အသက်ကို)သတ်ခြင်း, ပစ်ချခြင်း တည်း။ အိုခြင်း, သေခြင်းသည် နွားကျောင်းသားနှင့်တူ၏၊ နွားအပေါင်းသည် ဇီဝိတိန္ဒြေ(အသက်)နှင့်တူ၏။ နွားတို့ ကျက်စားရာ အရပ်သည် သေမင်းနှင့်တူ၏။ ထိုဇာတိ, ဇရာ, ဗျာဓိ, မရဏ တရားတို့တွင် ရှေးဦးစွာသော ပဋိသန္ဓေတည်နေခြင်း သည် သတ္တဝါဘို့၏ အသက်ကို အိုခြင်းဆီသို့ စေလွှတ်၏၊ အိုခြင်းတရားသည်

နာခြင်းတရားဆီသို့ စေလွှတ်၏၊ နာခြင်းတရားသည် သေခြင်းတရားဆီသို့ စေလွှတ်၏၊ ထိုသေခြင်းတရားသည်ပင်လျှင် ပုဆိန်ဖြင့် ဖြတ်သကဲ့သို့ ဖြတ်တောက်၍ သွား၏။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

ဥပုသ်ကျင့်သုံးသော မိန်းမတို့၏ ဝတ္ထုပြီး၏။

၆။ အဇဂရပေတဝတ္ထု

(စပါးကြီးမြေပြိုတွာဝတ္ထု)

အထ ပါပါနိ ကမ္မာနိ–အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ပေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် စပါးကြီးမြေပြိုတွာကို အကြောင်းပြု၍ ဟောတော်မူခဲ့သည်။

အခါတစ်ပါး၌ မဟာမောဂ္ဂလာန် မထေရ်သည် အရှင်လက္ခဏ မထေရ်နှင့် အတူတကွ ဂိဇ္ဈကူဋ် တောင်ထက်မှ ဆင်းသက်တော်မူခဲ့ကြသည် ရှိသော် ဒိဗ္ဗစက္ခုဖြင့် နှစ်ဆယ့်ငါးယူဇနာရှိသော စပါးကြီးမြေပြိုတွာကို မြင်တော်မူ၏။ ထိုမြေပြိုတွာ၏ ဦးခေါင်းမှ ထသော မီးတောက်မီးလျှံသည် အမြီးအဆုံး တိုင်အောင် သွား၏။ အဆုံးအမြီးမှ ထသော မီးလျှံသည် ဦးခေါင်းသို့တိုင် ရောက်အောင် သွား၍ နံပါးနှစ်ဖက်မှ ထသော မီးတောက်မီးလျှံသည် အလယ်အဖို့သို့ တက်ကုန်၏။ အရှင်မဟာမောဂ္ဂလာန် မထေရ်သည် ထိုပြိုတွာကို မြင်၍ ပြုံးခြင်းကို ပြုတော်မူ၏။

လက္ခဏမထေရ်က ပြုံးခြင်း အကြောင်းကို မေးအပ်သည် ရှိသော် ငါ့ရှင် ဤပြဿနာကို ဖြေဆိုခြင်းငှါ အခါအခွင့် မဟုတ်သေး။ မြတ်စွာဘုရား အထံတော်၌ ငါ့ကို မေးလော့ဟု ပြောဆို၍ ရာဇဂြိုဟ်ပြည်ဘွင်း၌ ဆွမ်းခံလှည့်လည်ပြီးသော် မြတ်စွာဘုရား အထံတော်သို့ သွားရောက်ကြသော အခါ၌ လက္ခဏမထေရ် မေး၍ "ငါ့ရှင် ထိုအရပ်၌ ငါသည် ပြိတ္တာဘစ်ကောင်ကို မြင်အပ်၏။ ထိုပြိတ္တာအား ဤသို့သော အတ္တဘောသည် ဖြစ်၏။ ငါသည် ထိုပြိတ္တာကို မြင်သောကြောင့် ဤသတ္တဝါကို ငါ့အား ရှေးအခါက မမြင်ဖူးလေစွတကား" ဟု နှလုံးသွင်း၍ ပြုံးခြင်းကို ပြုပေသည်ဟု ပြော၏။

မြတိစ္စာဘုရားရှင်က ချစ်သား ရဟန်းတို့ ငါ၏ တပည့်သာဝကတို့သည် မျက်စိအမြင် ရှိသည် ဖြစ်၍ နေကြပေကုန်စွတကား။ ဤသို့ အစရှိသည်ဖြင့်

မိန့်ဆိုတော်မူလျက် မထေရ်၏ စကားကို တည်စေပြီးလျှင် ချစ်သား ရဟန်းတို့ ငါဘုရားသည်လည်း ထိုပြိတ္တာကို ဗောဓိပင်ခြေ ပလ္လင်ဗဟို သီတင်းသုံး နေတော်မူစဉ်ကပင်လျှင် မြင်တော်မူအပ်လေ၏။ ယင်းသို့ မြင်အပ်သော်လည်း အကြင်သူတို့သည် ငါဘုရား ဟောကြားသော စကားကို မယုံကြည်ကုန်။ ထိုသူတို့အား အကျိုးစီးပွါးမဲ့ခြင်း ဖြစ်ပေလိမ့်မည်ဟု မဟောကြားဘဲ နေသည်။ ယခုအခါ၌မူကား ငါ့သားတော် မောဂ္ဂလာန်ကို သက်သေ ရသောကြောင့် ဟောကြားတော်မူပေသည်ဟု မိန့်တော်မူ၏။ ရဟန်းတို့သည် ထိုပြိတ္တာ၏ ရှေးမကောင်းမှုကံကို မေးလျှောက်ကြကုန်သည် ဖြစ်၍ ဤသို့ ဖြေကြားတော်မူ၏။

ကဿပမြတ်စွာဘုရား ကျောင်းတော်ကို မ်ားရှိ့ခဲ့ခြင်း

ချစ်သား ရဟန်းတို့ ကဿပ မြတ်စွာဘုရား ပဉ္စင်္တော်မူသော အခါ၌ သုမင်္ဂလ သူဌေးကြီးသည် ဥသဘ နှစ်ဆယ်ရှိသော အရပ်၌ ရှေ့အုတ်တို့ဖြင့် မြေကြီးကို ခင်း၍ ဝယ်ယူပြီးမှ ထိုမျှလောက်သော ဥစ္စာဖြင့်သာလျှင် ကျောင်းကို ဆောက်လုပ်ပြီးသော် ထိုမျှလောက်သော ဥစ္စာကို စွန့်ကြဲသဖြင့် သာလျှင် ကျောင်း ပူဇော်ခြင်းကို ပြုလုပ်ဧ၍ ဆောက်နှင်း လှူဒါန်း၏။ ထိုသုမင်္ဂလ သူဌေးကြီးသည် တစ်နေ့သ၌ နံနက် စောစောကပင်လျှင် မြတ်စွာဘုရား အထံတော်သို့ သွားသည်ရှိသော် မြို့တံခါးဝယ် ဇရပ်တစ်ခု၌ ဖန်ရည် စွန်းသော အဝတ်ကို ဦးခေါင်းနှင့် တကွ ခြုံရုံ၍ ခွဲညွန့် လင်မ်းကပ်သော ခြေတို့ဖြင့် အိပ်နေသော ခုံးသူတစ်ယောက်ကိုမြင်၍ ခြေဦး ခွဲညွန့်လိမ်းကပ်သော ဤသူသည်ကား ညှဉ်၌ လှည့်လည်ပြီး အိပ်နေသောလူ ဖြစ်ပေလိမ့်မည်ဟု ဆို၏။

ခိုးသူသည် မျက်နှာကိုဖွင့်၍ ကြည့်ရှုသည် ရှိသော် သူဌေးကြီးကို မြင်၍ ရှိစေဦးတော့ အသင့်အား ပြုဖွယ်ကစ္စကို သိစေအံ့ဟု ရန်ငြိုးကို ဖွဲ့ပြီးလျှင် ခုနစ်ကြိမ်တိုင်တိုင် လယ်ကို မီးတိုက်လောင်ကျမ်းစေ၏။ ခုနစ်ကြိမ်တိုင်တိုင် ခြုံဖြင့် နှားတို့၏ ခြေတို့ကို ခုတ်ဖြတ်၏။ ခုနစ်ကြိမ် တိုင်တိုင် အိမ်ကို မီးတိုက်လောင် ကျမ်းစေ၏။ ထိုခိုးသူသည် ဤမျှလောက်ဖြင့်လည်း အမျက်ဒေါသကို ငြိမ်းစေခြင်းငှါ မစွမ်းနိုင်သောကြောင့် ထိုသုမင်္ဂလသူဌေးကြီး၏ အလုပ်အကျေးဇယ်နှင့် အတူတကွ အဆွေခင်ပွန်း ကျမ်းဝင်ဆက်ဆံ ပေါင်းသင်းနှီးနှောသည်ကို ပြု၍ အသို့နည်း? အသင်၏ သူဌေးကြီးအား အဘယ်ကို နှစ်သက်မြတ်နိုးအပ်သနည်းဟု မေးသည်ရှိသော် မြတ်စွာဘုရား သီတင်းသုံးတော်မူသော ဂန္ဓကုဋီတိုက်သည် နှစ်သက်မြတ်နိုးဆုံး ဖြစ်ပေ၏။ ထိုဂန္ဓကုဋီတိုက်ထက် နှစ်သက်မြတ်နိုးသော တစ်ပါးသော ဝတ္ထုသည် သူဌေးကြီးအား မရှိဟု ပြော၏။ ခိုးသူသည် ထိုစကားကို ကြား၍ ရှိစေဦးတော့။ ဂန္ဓကုဋီကို မီးတိုက်လောင်ကျမ်းစေ

ပြီး၍ အမျက်ကို ငြိမ်းစေတော့အံ့ဟု ကြံပြီးလျှင် မြတ်စွာဘုရားသည် ဆွမ်းခံ ကြွဝင်တော်မူဆဲသော အခါ၌ သောက်ရေအိုး သုံးဆောင်ရေအိုးတို့ကို ရိုက်ခွဲ ထုချေ၍ ဂန္ဓကုဋ္ဌိကို မီးတိုက်လေ၏။

ကျောင်းဒါယကာ သူဌေးကြီး စေတနာ

သူဌေးကြီး ဂန္ဓကုဋ္ဌိကို မီးလောင်သတဲ့ဟု ကြား၍ လာခဲ့သည် ရှိသော် မီးတောက် မီးလျံ ထသောအခါ၌ ရောက်သွား၍ မီးလောင်စွဲသော ဂန္ဓကုဋ္ဌိကို ကြည့်လျက် သားမြီးဖျားခန့် လောက်မျှသော်လည်း နှလုံးမသက်မသာကို မပြုမူ၍ လက်ဝဲလက်မောင်းကို ကွေးပြီးလျှင် လက်ယာ လက်မောင်းဖြင့် ပြင်းစွာ လက်ပန်းပေါက် ခတ်လေ၏။ ထိုအခါ အနီး၌ တည်ရှိကြကုန်သော သူတို့က အရှင် ဤမျှလောက်သော ပစ္စည်းဥစ္စာကို စွန့်လွှတ်၍ ပြုလုပ်လှူဒါန်းအပ်သော ဂန္ဓကုဋ္ဌိတိုက်ကို မီးမြှိုက်လောင်ကျွမ်းရာ၌အဘယ်ကြောင့် လက်ပမ်းပေါက်ခတ် ပါသနည်းဟု မေးကြကုန်၏။

ထိုသူဌေးကြီးက အမောင်တို့ ငါ့အား ဤမျှလောက်သော ကောင်းမှု ကုသိုလ်ကံကို ပြု၍ မီးအစရှိကုန်သော ရန်သူမျိုး ငါးပါးတို့နှင့် မဆက်ဆံသော မြတ်စွာဘုရားရှင်၏ သာသနာတော်၌ ပစ္စည်းဥစ္စာ သိုမှီးမြှုပ်နှံခြင်းငှါ ရအပ်ပေ၏။ ယခုတစ်ဖန်လည်း ဤမျှလောက်သော ပစ္စည်းဥစ္စာကို စွန့်လွှတ်၍ မြတ်စွာဘုရားရှင်သည် သီတင်းသုံးတော်မူရာဖြစ်သော ဂန္ဓကုဋ္ဌိတိုက်ကို ပြုခြင်းငှါ ရပေတော့မည်ဟု အောက်မေ့ နှလုံးသွင်း၍ စိတ်ပျော်ရွှင်စွာ လက်ပမ်းပေါက် ခတ်ပေသည်ဟု ပြော၏။

သူဌေးကြီးအား သတ်လိုသော ခိုးသူ

ထိုသူဌေးကြီးသည် တစ်ဖန် ထိုမျှလောက်သော ပစ္စည်းဥစ္စာတို့ကို စွန့်လွှတ်၍ ဂန္ဓကုဋ္ဌိကို ဆောက်လုပ်စေပြီးလျှင် ရဟန်း နှစ်သောင်း အခြံအရံ ရှိသော မြတ်စွာဘုရားရှင်အား ပေးလှူ၏။ ခိုးသူသည် ထိုသို့ ပြုလုပ်လှူဒါန်းသည်ကို မြင်၍ "ငါသည် ဤသူဌေးကို မသတ်ဘဲ နှလုံးမသက်သာ မျက်နှာညှိုးငယ်သည်ကို ပြုခြင်းငှါ မစွမ်းနိုင်လတ္တံ့။ ရှိစေဦးတော့၊ ထိုသူဌေးကြီးကို သတ်ပေအံ့ ဟု ကြံ၏။ ကြံပြီး၍ကား အဝတ်အရုံ၏ အတွင်း၌ ဓားငယ်ကို ထည့်သွင်း ဖွဲ့ချည်၍ ခုနစ်ရက်ပတ်လုံး သတ်အံ့သော အခွင့်ကို ငံ့လင့် ရှာဖွေကြည့်ရှုလှည့်လည်ပါသော်လည်း သတ်နိုင်အံ့သော အခွင့်ကို မရလေ။

သူဌေးကြီးသည်လည်း ခုနစ်ရက်တို့ပတ်လုံး ဘုရားအမှူးရှိသော ရဟန်း သံဃာ အပေါင်းတို့အား အလှူဒါနကို ပေးလှူ၍ မြတ်စွာဘုရားကို ရှိခိုးဦးချ

ပြီးသော် ဘုန်းတော်ကြီးတော်မူသော ဗြတ်စ္စာဘုရား ယောကျ်ားတစ်ယောက် သည် ခုနစ်ကြိမ်တိုင်တိုင် တပည့်တော်၏ လယ်ကို မီးဖြင့် တိုက်ပါသည်၊ ခုနစ်ကြိမ် တိုင်တိုမ် နွားခြံ၌ နွားတို့၏ ခြေတို့ကို ဖြတ်ပါသည်။ ခုနစ်ကြိမ်တိုင်တိုင် အိမ်ကို မီးဖြင့် တိုက်ပါသည်။ ဤပုဂ္ဂိုအခါ ဂန္ဓကုဋ္ဌိကိုလည်း ထိုယောကျ်ားသည်ပင်လျှင် မီးဖြင့် တိုက်အပ်သည် ဖြစ်ပါလိမ့်မည်၊ တပည့်တော်သည် ဤအလုပ်ဒါန၌ ရှေးဦးစွာသော အဖို့ကို ထိုယောကျ်ားအား ပေးလေပါ၏ဟု လျှောက်ကြား၏။

ခိုးသူသည် ထိုသို့ လျှောက်ကြားသော သူဌေး၏စကားကို ကြား၍ "ငါ့အား ဝန်လေးသောအမှုကို ပြုအပ်ခဲလစွတကား။ ဤသို့သော အခြင်းအရာ မျိုးစွာအပြား ပြစ်မှားခြင်းပြုအပ်သော ငါ၌ ဤသူဌေးကြီးအား အမှုက် ထုတ်ခြင်းမျသော်လည်း မရှိ။ ဤယခုပြုအပ်သော အလုပ်ဒါန၌လည်း ငါ့အား သာလျှင် ရှေးဦးစွာသော အဖို့ကို ပေးဝေလေသည်။ ငါသည် ဤသူဌေးကြီး၌ ကြီးစွာသော အခြင်းအရာတို့ဖြင့် ဖျက်ဆီးပြုလုပ် ပြစ်မှားမိ၏။ ဤသို့ သဘော ရှိသော သူတော်ကောင်းယောကျ်ားကို သည်းခံစေသော ငါ့အား နတ်တို့ လက်နက် မိုးကြိုးစက် ဒဏ်သည်လည်း ငါ၏ ဦးထိပ်ထက်၌ ကျပေရာ၏" ဟု ကြံ၍ သူဌေးကြီး၏ ခြေရင်း၌ ဝပ်ဆင်းပြီးသော် အရှင် အကျွန်ုပ်အား သည်းခံ တော်မူပါလော့ဟု တောင်းပန် ပြောဆိုပြီး ဤအမှုကား အဘယ်နည်းဟု မေးသည်ရှိသော် အရှင် အကျွန်ုပ်သည် ဤမျှလောက်သောအမှုကို ပြုလုပ်မိပါသည်။ ထိုကြောင့် အကျွန်ုပ်အား သည်းခံတော်မူပါလော့ဟု ပြော၏။

ထိုအခါ ခိုးသူကို သူဌေးကြီးက "အသင်သည် ငါ၏ ဤသို့ ဤသို့သော ပစ္စည်းဝတ္ထုကို ဤမျှလောက် ဖျက်ဆီး ပြုလုပ်အပ်သည် မဟုတ်လော" ဟု မေးမြန်း၍ အရှင် သြော် ဟုတ်မှန်ပါပေ၏။ အကျွန်ုပ်သည် ပြုအပ်ပေ၏ဟု ပြောသည်ရှိသော် ငါသည် အသင့်ကို မမြင်ဖူးချေတကား။ အဘယ်ကြောင့် ငါ့အား အမျက်ထုတ်၍ ဤသို့ ပြုဘိသနည်းဟု မေး၏။ ထိုခိုးသူက တစ်နေ့သ၌ မြို့မှ ထွက်လာသောအခါ ထိုသူဌေးကြီး ဆိုးယုတ်သော စကားကို အောက်မေ့စေ၍ အကျွန်ုပ်အား ဤသို့သော အကြောင်းကြောင့် အမျက်ဒေါသကို တက်ကြွဖြစ်ပွါးစေအပ်ပါသည်ဟု ပြော၏။ သူဌေးကြီးသည် မိမိဆိုးယုတ်သော စကားကို အောက်မေ့၍ အမောင် သြော် ဟုတ်ပေ၏။ ငါသည် ဆိုမိပေ၏။ ဆိုမိသော ထိုစကားကို ငါ့အား သည်းခံပါလော့ဟု ခိုးသူကို သည်းခံစေ၍ အမောင် ထလော့။ အသင်အား ငါ သည်းခံ၏။ အမောင် အလိုရှိတိုင်းသွား လေလော့ဟု ပြော၏။

အရှင် အကျွန်ုပ်အား အကယ်၍ သည်းခံသည်ဖြစ်အံ့။ သားမယားနှင့် တကွသော အကျွန်ုပ်ကို အိမ်၌ ခိုင်းစေအပ်သော ကျွန်အမှုလုပ်ကို ပြုပါလော့ ဟု တောင်းပန်ပြောဆို၏။ အမောင် အသင်သည် ငါဤမျှလောက် ပြောဆိုမိ

ကာမျှဉ်သာလျှင် ဤသို့သဘောရှိသော ဖျက်ဆီးဖြတ်တောက်ခြင်းကို ပြုတုံသေး၏။ အိမ်ဉ်နေသဖြင့် အသင်နှင့်အတူတက္ခ တစ်စုံတစ်ခုသော စကားကိုမျှ ပြောဆိုခြင်းငှါ မဝံ့။ အသင်သည် အိမ်ဉ်နေသဖြင့် ငါ့အား ပြုဖွယ်ကိစ္စမရှိ။ အမောင် အသင့်အား ငါ သည်းခံ၏။ သွားလေလော့ဟု ပြောဆို၍ လတ်လိုက်၏။

ခိုးသူသည် ထိုသို့သော အမှုကိုပြု၍ အသက်၏အဆုံးဉ် အဝီစိငရဲဉ် ဖြစ်ရလေ၏။ ရှည်စွာသော နေ့ညဉ့်ပတ်လုံး ထိုအဝီစိငရဲဉ်ကျက်၍ ခံစားရပြီးသော် အကျိုးကြွင်း၏အစွမ်းဖြင့် ဤယခု ဂိဇ္ဈကုဋ္ဌ်တောင်ဉ် ကျက်၍ အလွန်အမင်း ဆင်းရဲဒုက္ခကို အစဉ်အတိုင်း ခံစားရ၏။

များစွာသောသူတို့ သောတာပန်တည်ခြင်း

မြတ်စွာဘုရားရှင်သည် ဤသို့ အကျယ်အားဖြင့် ထိုပြိတ္တာသည် ပြုခဲ့ဖူးသော ရှေး မကောင်းမှုကံကို ဟောတော်မူပြီးမှ ချစ်သားရဟန်းတို့ သူမိုက်တို့ မည်သည်ကား အကုသိုလ် မကောင်းမှု ကံတို့ကို ပြုကုန်သည်ရှိသော် အပြစ်ဝိပါက ခံစားရမည့် ဖြစ်အင်ကို မမြင်မသိကုန်။ နောက်ဉ်သော်ကား မိမိပြုအပ်သော မကောင်းမှု အကုသိုလ်ကံတို့ဖြင့် ပြင်းထန် လောင်ကျွမ်း စေအပ်သော အခါ မိမိ၏ မှီရာဖြစ်သော တောကို မိမိသာလျှင် ဖျက်ဆီးသော တောမီးနှင့် တူကုန်သည်သာလျှင် ဖြစ်ကုန်၏ဟု မိန့်တော်မူပြီးသော် စကားစပ်ကို ပြလို၍ ဤဂါထာကို မိန့်တော်မူ၏။

အထ ပါပါနိ ကမ္မာနိ၊ ကရံ ဗာလော နဗုဇ္ဈတိ။
သေဟိ ကမ္မေဟိ ဒုမ္မေဓော၊ အဂ္ဂိဒဇ္ဇောဝ တပ္ပတိ။

ယုတ်ညံ့သော မကောင်းမှုတို့ကို ပြုသော လူမိုက်သည် မကောင်းမှုပြုလုပ်စဉ် ခံစားရမည့်အပြစ်ကို မသိ။ နောက်ကျမှ ထိုပညာကင်းမဲ့သော လူမိုက်သည် ထိုမိမိပြုမိခဲ့သော ကံတို့ကြောင့် ငရဲမီးလောင်ခံ၍ ပူလောင်ရ၏။ ပူပန်ရ၏။

ထိုဂါထာဉ်— အထ ပါပါနိ=ဟူသည် လူမိုက်သည် စိတ်ဆိုးခြင်းကြောင့် မကောင်းမှုကို ပြုလုပ်သောအခါဉ်လည်း အပြစ်ကို မသိ၊ ပြုလုပ်ပြီးသောအခါလည်း အပြစ်ကို မသိခြင်းကို ဆိုလိုသည်။ မကောင်းမှုကို ပြုသောသူသည်လည်း မကောင်းမှုကို ပြုလုပ်သည်ကို မသိခြင်း မည်သည်မရှိ။ ဤမကောင်းမှုကံ၏ အကျိုးတရားကို မသိခြင်းကိုပင် "နဗုဇ္ဈတိ" မသိခြင်းဟု ဆိုလိုပါသည်။

သေဟိ=ဟူသည် ပညာမရှိသော ပုဂ္ဂိုလ်သည် မကောင်းမှုကို ပြုမိသော မိမိဥစ္စာဖြစ်သော ကံကြောင့် ငရဲ၌ဖြစ်ရ၍ မီးလောင်ခံရသကဲ့သို့ ပူလောင်ခြင်းကို ခံရ၏ဟု ဆိုလိုသည်။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

အဇဂရပေတဝတ္ထု ပြီး၏။

၇။ မဟာမောဂ္ဂလာနမထေရ်ဝတ္ထု

ယော ဒဏ္ဍေန–အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဝေဋ္ဌုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မဟာမောဂ္ဂလာန်မထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

တစ်ပါးသောအခါ၌ တိတ္ထိတို့သည် စုရုံးစည်းဝေး၍ ငါ့ရှင်တို့ အသင်တို့သည် ရဟန်းဂေါတမအား အဘယ်သို့သော အကြောင်းကြောင့် လာဘ်ပူဇော်သက္ကာရ များစွာ ပြန့်ပြောခြင်းဖြစ်သည်ဟူ၍ သိကြကုန်သလောဟု မေး၏။ ငါတို့သည် မသိကုန်၊ အသင်တို့သည်ကား သိပါကုန်သလောဟု ပြန်၍မေးသဖြင့် ဩော်သိပါကုန်၏။ မဟာမောဂ္ဂလာန် အမည်ရှိသော မထေရ်ရဟန်းတစ်ပါးကို အမှီပြုပြီးသည်ကာလ လာဘ်ပူဇော်သက္ကာရ များစွာပြန့်ပြောခြင်း ဖြစ်လေသည်။ ထိုမဟာမောဂ္ဂလာန်မထေရ်သည် နတ်ပြည် နတ်ရွာသို့ သွားပြီးလျှင် နတ်သမီး နတ်သားတို့သည် ပြုအပ်သော ကုသိုလ်ကောင်းမှုကံကို စိစစ်မေးမြန်း၍ပြန်လာပြီးသောအခါ လူတို့အား ဤအမည်ရှိသော ကောင်းမှု ကုသိုလ်ကံကို စီမံပြုလုပ်ခဲ့ခြင်းကြောင့် ဤသို့သော သဘောရှိသော စည်းစိမ်ချမ်းသာကို ခံစားရ၏ဟု ပြောဟော၏။

ငရဲသို့ သွားရောက်ပြီးသောအခါ ငရဲ၌ဖြစ်ကုန်သော သူတို့၏ ပြုလုပ်ခဲ့သော မကောင်းမှုကံကို စိစစ်မေးမြန်း၍ ပြန်လာခဲ့ပြီးလျှင် လူတို့အား ဤအမည်ရှိသော မကောင်းမှု အကုသိုလ်ကံကို စီမံပြုလုပ်ခြင်းကြောင့် ဤသို့သဘောရှိသော ဆင်းရဲဒုက္ခကို အစဉ်ခံစားရကုန်၏ဟု ပြောဟော၏။ လူတို့သည် ထိုမဟာမောဂ္ဂလာန်၏ စကားကိုကြားနာရ၍ များစွာသောလာဘ်ပူဇော်သက္ကာ အဖြာဖြာသော ပစ္စည်းဝတ္ထုတို့ကို ရှေးရှုဆောင်ယူ ပေးလှူကုန်၏၊ ထိုကြောင့် လာဘ်ပူဇော်သက္ကာ ပြန့်ပြောခြင်း ဖြစ်လေသည်။ အကယ်၍ ထိုမဟာမောဂ္ဂလာန်

မထေရ်ကို သတ်ဖြတ်ခြင်းကို ပြုခြင်းငှါ စွမ်းနိုင်သည် ဖြစ်ကုန်အံ့။ထိုလာဘ်ပူဇော် သက္ကာရသည် ငါတို့အား ဖြစ်ပေလတ္တံ့ဟု ပြော၏။

အရှင်မောဂ္ဂလာန်ကို သတ်ခြင်း

ကြွင်းကုန်သော တိတ္ထိတို့က ငါ့ရှင် အသင်ပြောအပ်သော ဤအကြောင်းသည်ကား ရှိပေ၏ဟု တိုင်ပင်ကြကုန်၏။ တိုင်ပင်ပြီး၍ တိတ္ထိအားလုံးတို့သည် တူမျှသော အလိုရှိကြကုန်သည်ဖြစ်၍ အမှုတစ်စုံတစ်ခုကို ရှာကြံပြုလုပ်၍ ထိုမဟာမောဂ္ဂလာန်ကို သတ်စေကုန်အံ့ဟု မိမိ၏အလုပ်အကျွေး ဒါယကာတို့ကို ဆောက်တည်လူဒါန်းစေ၍ အသပြာတစ်ထောင်ကိုရသည်ရှိသော် လူသတ်လျက်လှည့်လည်ကုန်သော ခိုးသူတို့ကို ခေါ်စေပြီးလျှင် မဟာမောဂ္ဂလာန်မထေရ်သည် ဣသိဂိလိတောင် ကာလသီလ ကျောက်ဖျာထက်၌ နေ၏။ ထိုအရပ်သို့ သွားရောက်ပြီးလျှင် ထိုမဟာမောဂ္ဂလာန်မထေရ်ကို သတ်ကြကုန်လော့ဟု ပြောဆို၍ ခိုးသူတို့အား အသပြာတို့ကို ပေးကုန်၏။ ခိုးသူတို့သည် ဥစ္စာကို နှစ်သက်တပ်မက်သော လောဘကြောင့် ကောင်းပါပြီဟု ဝန်ခံပြီးသော် မထေရ်ကို သတ်ကုန်အံ့ဟု သွားရောက်ကြ၍ မတေရ် သီတင်းသုံးတော်မူရာ အရပ်ကို ဝန်းရံကြကုန်၏။

မဟာမောဂ္ဂလာန်မထေရ်သည် ထိုခိုးသူတို့ ဝန်းရံအပ်သည်၏ အဖြစ်ကို သိတော်မူ၍ သံကောက်ပေါက်ဖြင့် ထွက်ပြီး ဖဲကြွတော်မူ၏။ ခိုးသူတို့သည် ထိုနေ့ပတ်လုံး မထေရ်ကို မတွေ့မမြင်သောကြောင့် တစ်ဖန် မိုးဆောက် ရောက်သောနေ့၌ သွားရောက်ပြီးလျှင် ဝန်းရံကြကုန်၏။ မထေရ်သည် သိတော်မူသည်ဖြစ်၍ အထွတ်ချက်ဝန်းကို ဖောက်ခွဲပြီးလျှင် ကောင်းကင်သို့ တက်ကြွတော်မူ၏။ ဤနည်းဖြင့် ထိုခိုးသူတို့သည် ရှေးဦးစွာသောလ၌ လည်းကောင်း၊ အလယ်ဖြစ်သောလ၌လည်းကောင်း မထေရ်ကို ဖမ်းယူခြင်းငှာ မစွမ်းနိုင်ကုန်။ အဆုံးဖြစ်သော လသို့ ရောက်သည်ရှိသော်ကား မထေရ်သည် မိမိပြုအပ်ခဲ့သော မကောင်းမှု အကုသိုလ်ကံ၏ ဆွဲငင်အပ်သည်အဖြစ်ကို သိတော်မူသောကြောင့် ဖဲကြွတော်မမူ။ ခိုးသူတို့သည် သွားရောက်၍ မထေရ်ကို ဖမ်းပြီးလျှင် ဆန်ခွဲလုံးခန့်မျှလောက်ကုန်သော အရိုးတို့ကို ပြုကုန်လျက် ထုချေ ခွဲဖျက်ကုန်၏၊ ထိုသို့ ထုချေရိုက်နှက်ပြီးမှ မထေရ် သေလေပြီ ဟူသော အမှတ်ဖြင့် တစ်ခုသော ချုံထက်၌ စွန့်ပစ်၍ ဖဲသွားကြကုန်၏။

တန်ခိုးပြတော်မူခြင်း

မထေရ်သည် မြတ်စွာဘုရားရှင်ကို ရှိခိုးဖူးမြော်ပြီးမှသာလျှင် ပရိနိဗ္ဗာန်ပြုတော့အံ့ဟု နှလုံးသွင်းတော်မူ၍ အတ္တဘောကို စျာန် တည်းဟူသော ရစ်ပတ်

နှောင့်ဖွဲ့ခြင်းဖြင့် ရစ်ပတ်နှောင်ဖွဲ့ပြီးသောအခါ မြဲမြံသည်ကို ပြု၍ ကောင်းကင်ခရီးဖြင့် မြတ်စွာဘုရား အထံတော်သို့ သွားရောက်ပြီးလျှင် ဘုရားကိုယ်တော်မြတ်ကို ညွှတ်ပြတ်ရှိကျိုး ရှိခိုးဦးတင်ပြီးသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်သည် ပရိနိဗ္ဗာန်ပြုပါတော့မည်ဟု ကြားလျှောက်၏။

ချစ်သားမောဂ္ဂလာန် အသင်သည် ပရိနိဗ္ဗာန်ပြုအံ့လောဟု မေးတော်မူသဖြင့် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဩော်-ဟုတ်ပါ၏။ ပရိနိဗ္ဗာန် ပြုပါတော့မည်ဟု လျှောက်၏။ အဘယ်အရပ်ကို သွား၍ ပရိနိဗ္ဗာန်ပြုတော့အံ့နည်းဟု မေးတော်မူပြန်သည်ရှိသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ကာလသိလ အရပ်သို့ သွားရောက်၍ ပရိနိဗ္ဗာန်ပြုအံ့ဟု လျှောက်၏။ ထိုသို့ဖြစ်လျှင် ချစ်သားမောဂ္ဂလာန် ငါဘုရားအား တရားတော်ကို ဟောခဲ့၍ သွားလေလော့။ ထိုသို့သဘောရှိသော တပည့်သာဝကအား ငါဘုရား၏ ဤယခုအခါ တွေ့မြင်ရခြင်းသည် အဆုံးစွန်သော တွေ့မြင်ရခြင်း ပေတည်း။ ဤမှနောက်ကာလ၌ တွေ့မြင်ရခြင်း မရှိတော့လေပြီဟု မိန့်တော်မူ၏။

အရှင်မောဂ္ဂလာန် မထေရ်သည် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အရှင်ဘုရား မိန့်ထားသည့်အတိုင်း ပြုပါမည်ဟု ဝန်ခံလျှောက်ထားပြီးမှ မြတ်စွာဘုရားကို ရှိခိုးပြီးသော် ထန်းတစ်ဆင့်ခန့် ပမာဏရှိသော ကောင်းကင်သို့ တက်ကြွတော်မူ၍ တစ်ဖန် ဆင်းသက်ပြီးသော် မြတ်စွာဘုရားရှင်ကို ရှိခိုး၍ ထိုနောက် ထမ်းနှစ်ဆင့်ခန့်၊ ထိုနောက် ထန်းသုံးဆင့်ခန့် ထိုနောက် ထန်းလေးဆင့်ခန့်၊ ထိုနောက် ထန်းငါးဆင့်ခန့်၊ ထိုနောက် ထန်းခြောက်ဆင့်ခန့်အားဖြင့် အစဉ်အတိုင်း တိုးတက်လာခဲ့၍ ခုနစ်ကြိမ်မြောက်ဝယ် ထန်းခုနစ်ဆင့် ပမာဏရှိသော ကောင်းကင်၌ ရပ်တည်လျက် အထူးထူး အပြားပြား များစွာသော တန်ခိုးဣဒ္ဓိပါဒ်ကို အထပ်ထပ်ပြသည်ကို ပြုပြီးလျှင် တရားတော်ကို ဟောကြား၍ မြတ်စွာဘုရားရှင်ကို ရှိခိုးပြီးလျှင် ကာလသိလ အရပ် တောအုပ်သို့ ကြွသွား၍ ပရိနိဗ္ဗာန် ပြုတော်မူ၏။

ခိုးသားတို့ကို ဖမ်းဆီးအပြစ်ပေးခြင်း

မဟာမောဂ္ဂလာန် မထေရ်ကို ခိုးသူတို့သည် သတ်အပ်ကုန်သတတ်ဟူသော စကားသည် အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်းကို ပျံ့နှံ့လေ၏။ အဇာတသတ်မင်းကြီးသည် ထိုခိုးသူတို့ကို ရှာမှီးခြင်းကျိုးအငှာ သူလျှိယောကျ်ားတို့ကိုစေလွှတ်၏။ ထိုခိုးသူတို့သည်လည်း သေတင်းကုပ်၌ သေကို သောက်ကုန်သည်ရှိသော် ခိုးသူတစ်ယောက်သည် ခိုးသူတစ်ယောက်၏ ကျောက်ကုန်းကို ရိုက်နှက် ပုတ်ခတ်၍ လဲကျလေ၏။ လဲကျသော ခိုးသူက ရိုက်နှက်သော ခိုးသူကို အိုအချင်း ဆိုနိုင်ခက်သော သူမိုက် အသင်သည်အဘယ်ကြောင့် ငါ၏

ကျောက်ကုန်းကို ပုတ်ခတ်ရိုက်နှက်၍ လဲကျစေဘိသနည်းဟု ခြိမ်းခြောက်၍ ပြော၏။ အိုအချင်း ကြမ်းကြုတ်သော ခိုးသူ အသို့နည်း၊ အသင်သည် မဟာ-မောဂ္ဂလာန် မထေရ်ကို ရှေးဦး ရိုက်နှက်ပုတ်ခတ်သလော ဟု မေးသဖြင့် အသို့နည်း ရိုက်နှက် ပုတ်ခတ် သည့် အဖြစ်ကို အသင် မသိသလောဟု ပြန်၍ ပြော၏၊ "ဤသို့သော အခြင်းအရာဖြင့် ငါသည် ရိုက်နှက်ပုတ်ခတ်အပ်၏။ ငါသည် ရိုက်နှက်ပုတ်ခတ် အပ်၏" ဟု ငြင်းခုံ ခိုက်ရန်ဖြစ်ကြသော ထိုခိုးသူတို့၏ စကားကို သူလျှိုယောက်ျားတို့ ကြားသိ၍ ထိုအလုံးစုံသော ခိုးသူတို့ကို ဖမ်းယူ ပြီးလျှင် မင်းကြီးအား လျှောက်ကြားကြကုန်၏။

မင်းကြီးသည် ခိုးသူတို့ကိုခေါ်စေ၍ အသင်တို့သည် မထေရ်ကိုသတ်သလော ဟု မေးတော်မူ၏။ အရှင်မင်းမြတ် ဩော် သတ်အပ်ပေ၏ဟု ဝန်ခံ လျှောက်တင် သည်ရှိသော် အသင်တို့ကို အဘယ်သူ စေခိုင်း တိုက်တွန်းအပ်သနည်းဟု မေးတော်မူသဖြင့် အချည်းနှီး အဝတ်မဝတ်ကုန်လော တိတ္ထိတို့သည် တိုက်တွန်း စေခိုင်းပါသည်ဟု လျှောက်ထား၏။ မင်းကြီးသည် အဝတ်မဝတ်ကုန်သော တိတ္ထိငါးရာတို့ကို ဖမ်းယူစေ၍ ခိုးသူငါးရာတို့နှင့် အစူတကွ မင်းရင်ပြင်ဝယ် ချက်အတိုင်းအရှည် ပမာဏရှိသော တွင်းတို့၌တူးမြှုပ်စေ၍ ကောက်ရိုးတို့ဖြင့် ဖုံးအုပ်စေပြီးလျှင် မီးကို တိုက်ရှိုစေကုန်၏။ ထိုနောက် ထိုတိတ္ထိတို့အား မီးလောင်မြှိုက်သည့်အဖြစ်ကို သိပြီးသော် သံထွန်သွားတို့ဖြင့် ထွန်စေ၍ အလုံးစုံသော သူတို့ကို အပိုင်းအပိုင်း အတုံးအတုံး ပြုစေကုန်၏။

ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့ မဟာမောဂ္ဂလာန် မထေရ်သည် မိမိအား မသင့်မလျော်မလျောက်ပတ်သည်သာလျှင်ဖြစ်သော သေလွန်ခြင်းဖြင့် သေခြင်းသို့ရောက်ရဘိသည်ဟူသော စကားကို ဖြစ်စေကြကုန်၏။ မြတ်စွာဘုရား ရှင်သည် တရားသဘင် အစည်းအဝေးခွင်သို့ ကြွဝင်တော်မူလာပြီး ချစ်သား ရဟန်းတို့ ငါဘုရား ကြွတော်မူလာဆဲသော ဤယခုအခါ၌ အဘယ်မည်သော စကားဖြင့် ပြောကြားစည်းဝေးထိုင်နေကုန်ဘိသနည်းဟုမေးတော်မူ၍ ဤအမည် ရှိသော စကားပါတည်းဟု လျှောက်ကြားသည် ရှိသော် ချစ်သားရဟန်းတို့ ငါ့သားတော်ဖြစ်သော မဟာမောဂ္ဂလာန်သည် ဤခန္ဓာကိုယ်အတ္တဘော အဖြစ် အားသာလျှင် မိမိအား မသင့်လျော် မလျောက်ပတ်သော သေခြင်းသို့ ရောက်ရ၏။ ထိုမောဂ္ဂလာန်သည် ရှေး၌ပြုခဲ့သော မကောင်းမှု ကံအား သင့်လျော် လျောက်ပတ်သည်သာလျှင် ဖြစ်သော သေခြင်းသို့ ရောက်ရပေ၏ဟု မိန့်တော် မူပြီး၍ ရဟန်းတို့က ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား မဟာ မောဂ္ဂလာန် မထေရ်၏ ရှေး၌ပြုဖူးသော မကောင်းမှုကား အဘယ်နည်းဟု မေးလျှောက်သောကြောင့် အကျယ်ချဲ၍ ဟောကြားတော်မူ၏။

အရှင်မဟာမောဂ္ဂလာန် အတိတ်ဝတ္ထု

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ နေလေ့ရှိသော အမျိုးကောင်းသားတစ်ယောက်သည် မိမိကိုယ်တိုင်သာလျှင် စပါးထောင်းခြင်း, ဆန်ဖွပ်ခြင်း, ထမင်းဟင်း ချက်ခြင်း စသည်တို့ကို ပြုလုပ်လျက် အမိ, အဖ နှစ်ပါးတို့ကို အားထုတ်စီရင် ပြုပြင်လုပ်ကျွေး၏။ ထိုအခါ အမျိုးသား၏ အမိ အဖတို့က သားကို "ချစ်သား အသင် တစ်ယောက်ချင်းသာလျှင် အိမ်၌ လည်းကောင်း၊ တော၌လည်းကောင်း အမှုကို ပြုလုပ်ရသောကြောင့် ပင်ပန်းလှပေသည်၊အသင့်အား သတ္တိသမီးတစ်ယောက်ကို ဆောင်ယူကုန်အံ့" ဟု ပြောဆိုကြကုန်၏။ အမျိုးကောင်းသားက အို မိခင် ဖခင်တို့ အကျွန်ုပ်အား ဤသို့ အိမ်ထောင်ချထားခြင်းဖြင့် အလိုမရှိပါ။ အကျွန်ုပ်သည် အရှင် မိခင် ဖခင် နှစ်ပါးတို့ အသက်ရှည်သမျှ ကာလပတ်လုံး မိမိ၏ လက်ဖြင့်သာလျှင် လုပ်ကျွေး ပြုစုပါအံ့ဟု ပြော၏။ ထိုသားသည် ပယ်ရှားအပ်သော်လည်း အဖန်ဖန် အထပ်ထပ် အစဉ်မပြတ် သားကို တောင်းပန်၍ သတ္တိသမီးတစ်ယောက်ကို ဆောင်ကြကုန်၏။

မယား၏ ကုန်းစကား

ထိုသတ္တိသမီးသည် နှစ်ရက်, သုံးရက်မျှလောက်သာလျှင် အမိ, အဖ နှစ်ပါးတို့ကို လုပ်ကျွေးပြုစု၍ နောက်၌ ထိုအမိအဖ နှစ်ပါးတို့အား ကြည့်ရှုခြင်းမျှကိုသော်လည်း အလိုမရှိလေ။ အမောင်ချစ်လင် အသင်၏ အမိ,အဖ တို့နှင့် အတူတကွ အိမ်နေရာဌာနတစ်ခု၌ ကျွန်တော်မသည် နေခြင်းငှါ မစွမ်းနိုင်ပါဟု ချုပ်ချယ်စောင်းမြောင်း ဖြားယောင်းဖျောင်းဖျ၍ ပြောဆိုပါသော်လည်း ထိုယောကျ်ားသည် မိမိ၏စကားကို မနာယူသည်ရှိသော် လင်ယောကျ်ား၏ အပသို့သွားသောအခါ၌ သင်ပန်း လျှော်ပိုင်းတို့ကို လည်းကောင်း၊ ယာဂုဖတ် အမြှုပ်တို့ကို လည်းကောင်း ယူ၍ ထိုသို့သော အိမ်နေရာ၌ ကြဲဖြန့် လိမ်းကျံသည်ကို ပြုပြီးလျှင် လင်ယောကျ်ားသည် လာ၍ ဤအမှုသည်ကား အသယ်နည်းဟု မေးအပ်သည်ရှိသော် ဤအမှုသည် မျက်စိကန်းပျက် သူအိုကြီးတို့၏ အမှုပေတည်း။ အလုံးစုံသော အိမ်ကို လိမ်းကျံ ညစ်နွမ်းသည်ကို ပြုလုပ်လျက် လှည့်လည် နေထိုင်ကြကုန်သည်။ ထိုသူအိုကြီး တို့နှင့် အတူတကွ တစ်ခုတည်းသော အိမ်နေရာဌာန၌ ကျွန်တော်မသည် နေခြင်းမှာ မစွမ်းနိုင်ပါဟု ပြော၏။

မိဘနှစ်ပါးကို ပြစ်မှားသောသား

ဤသို့သော အခြင်းအရာဖြင့် ထိုမိန်းမသည် လင်ယောကျ်ားကို အဖန်ဖန် အထပ်ထပ် မပြတ် ပြောဆိုအပ်သည် ရှိသော် ဤသို့သဘောရှိသော

ဖြည့်ဆည်းပူးအပ်ပြီးသော ပါရမီသမ္ဘာရ ပြည့်ဝလုံလောက်သော သတ္တဝါဖြစ်သော ပုဂ္ဂိုလ်သည်လည်း မြင်းမိုရ်တောင်မျှ ပမာဏမက ဂုဏ်ကျေးဇူးဝိသေသနှင့် ပြည့်ဝစုံလင်သော မိခင် ဖခင် နှစ်ပါးတို့နှင့်အတူတက္ခ ချစ်မြတ်နိုးလှသော မိတ်၏အဖြစ်သည် ပျက်စီးလေ၏။ ထိုယောကျ်ားသည် ရှိစေဦးတော့၊ ထိုသူတို့အား ပြုအပ်သောအမှုကို သိစေအံ့ဟု ပြောပြီးလျင် ထိုမိခင်ဖခင် နှစ်ပါးတို့ကို စားဖွယ်သောက်ဖွယ်တို့ဖြင့် ပြုပြင်ကျွေးမွေးပြီး၍ အိုမိခင်ဖခင်တို့ ဤအမည်ရှိသော အရပ်၌ အသင်တို့၏ အဆွေအမျိုးသည် အရှင်မိခင် ဖခင်တို့၏ လာရောက်ခြင်းကို တောင့်တကြကုန်၏။ ထိုအရပ်သို့ သွားကုန်အံ့ဟု ပြောဆိုပြီး အမိအဖနှစ်ပါးတို့ကို လှည်းယာဉ်ထက်၌ တင်၍ ယူဆောင်ထွက်သွားလျက် တောအုပ်အလယ်သို့ ကျရောက်သောအခါ၌ ဖခင် ကြိုးတို့ကို ကိုင်ပါလော့၊ နွားတို့သည် နှင်တံအမှတ်ဖြင့် သွားပါကုန်လတ္တံ့။ ဤအရပ်၌ ခိုးသူတို့သည် နေကြကုန်၏။ အကျွန်ုပ်လှည်းမှ သက်ဆင်းပါဦးအံ့ဟု ပြောဆိုရှ် ဖခင်၏လက်၌ ကြိုးတို့ကို ပေးပြီးလျင် လှည်းမှ သက်ဆင်း၍ အတန်ငယ် သွားမိသည်ရှိသော် အသံကို ဖောက်ပြန် လှည့်လည်စေ၍ ခိုးသူတို့၏ ထကြွသော အသံကို ပြု၏။

အမိအဖ နှစ်ပါးတို့သည် မျက်စိကွယ်ယွင်း အဆင်းသဏ္ဌာန်ကို မမြင်ရ အသံမျှကိုသာ ကြားရသည်ဖြစ်၍ ခိုးသူတို့ ထကြွလေကုန်ပြီ ဟူသော အမှတ်ဖြင့် အို ချစ်သား ငါတို့သည် အိုမင်းကြလေကုန်ပြီ။ ငယ်ရွယ် နုနယ်သော အသင်သားမောင်သည် မိဘနှစ်ပါး ငါတို့အားကို ပယ်ရှားလွတ်လို မိမိကိုယ်သာလျှင် ဘေးမှလွတ်ကြောင်းပုန်းအောင်းစောင့်ရှောက်ပါလေလော့ဟု ပြောဆိုဟစ်အော်ကုန်၏။ ထိုယောကျ်ားသည် မိခင် ဖခင် နှစ်ပါးတို့၏ သား၌ ချစ်ခင်သော အခြင်းအရာဖြင့် ဆို့စဉ်ကလောက် ဟစ်အော်ပါသော်လည်း ကရုဏာမဖက် ရက်စက် ကြမ်းကြုတ် ခိုးသူ၏ အသံကို ပြုလုပ်ပြီးလျှင် ရိုက်နှက်ပုတ်ခတ် သတ်ဖြတ်ပြီးသော် တောအုပ်၌ စွန့်ပစ်ခဲ့၍ အိမ်သို့ ပြန်သွားလေ၏။

မြတ်စွာဘုရားရှင်သည် မဟာမောဂ္ဂလာန် မထေရ်၏ ရှေး၌ပြုခဲ့ဖူးသော ဤသို့သော မကောင်းမှုကံကို ဟောကြားတော်မူပြီး ချစ်သား ရဟန်းတို့ ငါ၏သားတော် မောဂ္ဂလာန်သည် ဤမျှသော ကံကိုပြုခြင်းကြောင့် အသိန်းမက များလှစ္စာသော နှစ်တို့ပတ်လုံး ငရဲကျရောက် ခံစားရပြီး၍ အကျိုးအကြွင်း အကျန်ဖြင့် ဘဝပေါင်းတစ်ရာ၌ ယခုဘဝ အတူသာလျှင် ရိုက်နှက်ပုတ်ခတ် ထုချေ၍ မှုန့်မှုန့်ညက်ညက် ကြေလျက် သေခြင်းသို့ ရောက်ရ၏။

ရဟန်းတော်များ သောတာပန်တည်ခြင်း

ချစ်သား ရဟန်းတို့ ဤသို့ဖြင့် ငါ့သားတော် မောဂ္ဂလာန်သည် မိမိကံအား လျော်စွာ သေခြင်းကို ရအပ်၏။ ခိုးသူ ငါးရာတို့နှင့်တက္ခ တိတ္ထိငါးရာတို့သည်

မပြစ်မှားထိုက်သော ငါ၏သားတော် မောဂ္ဂလာန်၌ ပြစ်မှားခြင်းကြောင့် ထိုကံအားလျော်စွာ သေခြင်းကို ရကုန်ဘိသည်၊ ထိုစကားမှန်၏။ မပြစ်မှား ထိုက်သော ပုဂ္ဂိုလ်အား ပြစ်မှား လွန်ကျူးသည်ရှိသော် ဆယ်ပါးသော အကြောင်းတို့ဖြင့် အချည်းနှီး ပျက်စီးခြင်းသို့ ရောက်ရသည်သာလျှင်တည်းဟု မိန့်တော်မူပြီးသော် ထိုအကြောင်းကို ပြလို၍ ဤဂါထာတို့ကို ဟောတော်မူ၏။

ယော ဒဏ္ဍေန အဒဏ္ဍေသု၊ အပ္ပဒုဋ္ဌေသု ဒုဿတိ။
ဒသန္နမညတရံ ဌာနံ ခိပ္ပမေဝ နိဂစ္ဆတိ။

ဝေဒနံ ဖရုသံ ဇာနိံ၊ သရီရဿ စ ဘေဒနံ။
ဂရုကံ ဝါပိ အာဗာဓံ၊ စိတ္တက္ခေပဉ္ဇ ပါပုဏေ။

ရာဇတော ဝါ ဥပသဂ္ဂံ၊ အဗ္ဘက္ခာနဉ္ဇ ဒါရုဏံ။
ပရိက္ခယဉ္ဇ ဉာတိနံ၊ ဘောဂါနဉ္ဇ ပဘင်္ဂုရံ။

အထ ဝါဿ အဂါရာနိ၊ အဂ္ဂိ ဍုဟတိ ပါဝကော။
ကာယဿ ဘေဒါ ဒုပ္ပညော၊ နိရယံ သောပပဇ္ဇတိ။

အကြင်သူသည် ဒဏ်မထားထိုက်သူတို့ကို ဒဏ်ထား၏၊ မပြစ်မှားထိုက်သော ပုဂ္ဂိုလ်တို့၌ ပြစ်မှား၏၊ ထိုသူသည် ဤဒဏ်ဆယ်ပါးတို့ဘွင် တစ်ပါးပါးသို့ လျင်မြန်စွာ ရောက်ရ၏။

ကြမ်းကြုတ်သော ဝေဒနာသို့လည်းကောင်း၊ စည်းစိမ်ဆုံးရှုံးခြင်းသို့ လည်းကောင်း၊ ခန္ဓာကိုယ်ပျက်စီးခြင်းသို့လည်းကောင်း၊ မျက်စိကန်းခြင်း စသော ကြီးလေးသော (ကု-မရသော) အနာရောဂါသို့လည်းကောင်း၊ စိတ်ပျံ့ ရူးသွပ်ခြင်းသို့လည်းကောင်း၊ မင်းကြောင့်ဖြစ်သောဘေးသို့လည်းကောင်း၊ ကြမ်းကြုတ်သော စွပ်စွဲခံရခြင်းသို့လည်းကောင်း၊ ဆွေမျိုးတို့ ပျက်စီး ကုန်ခန်းခြင်းသို့ လည်းကောင်း၊ စည်းစိမ်တို့၏ ပျက်စီးခြင်းသို့လည်းကောင်း ရောက်ရာ၏။

ထို့ပြင် ထိုသူ၏ နေရာအိမ်တို့ကို ပကတိ မီးလောင်သည် လည်းကောင်း၊ မိုးကြိုးလောင်မီး ကျခြင်းသည်လည်းကောင်း ဖြစ်၏၊ ထိုပညာမဲ့သူသည် သေသောအခါ၌ ငရဲသို့ ရောက်ရ၏။

ထိုဂါထာ၌ **အဒဏ္ဍေသု**= ဟူသည် **ကာယ** ဒဏ်စသည် မရှိကုန်သော ရဟန္တာပုဂ္ဂိုလ်တို့၌ ဟုဆိုလိုသည်။

အပ္ပဒုဋ္ဌေသု=ဟူသည် သူတစ်ပါးတို့အပေါ်၌ လည်းကောင်း၊ မိမိအပေါ်၌ လည်းကောင်း အပြစ်မရှိသော ပုဂ္ဂိုလ်တို့၌ ဟု ဆိုလိုသည်။

ဒဿန္နမည်တရုံ ဌာနံ=ဟူသည် ဒုက္ခဖြစ်ခြင်းအကြောင်း ဆယ်ပါးတို့တွင် တစ်ပါးပါးသောအကြောင်းသို့ ဟု ဆိုလိုသည်။

ဝေဒနံ=ဟူသည် ဦးခေါင်းခဲသော ရောဂါ စသော ကြမ်တမ်းသောပေးနာ ဟု ဆိုလို၏။

ဇာနိ=ဟူသည် ငြိုငြင်ပင်ပန်းစွာ ရအပ်သော ဥစ္စာ၏ ဆုံးရှုံးခြင်းတည်း။

ဘေဒနံ=ဟူသည် လက်ပြတ်ခြင်း စသော ကိုယ်အင်္ဂါ၏ပျက်စီးခြင်းတည်း။

ဂရုကံ=ဟူသည် ဖက်ဆကပ်နာ စွဲကပ်ခြင်း, မျက်စိတစ်ဖက်သာ ရှိခြင်း, ဆံ့ အသူ, ကွေးကောက်ခွင်ခြင်း, နူနာစွဲကပ်ခြင်း စသော ကြီးမားသောအနာ ဖြစ်ခြင်းကို ဆိုလိုသည်။

စိတ္တက္ခေပံ=ဟူသည် ရူးသွပ်ခြင်းတည်း။

ဥပသဂ္ဂံ=ဟူသည် အခြံအရံကို လုယက်ခြင်း, စစ်သူကြီးအရာ စသည်ကို လုယူခြင်း စသော မင်း, မင်းမှုဖြစ်သော ဘေးဟု ဆိုလိုသည်။

အမ္ဘက္ခာနံ=ဟူသည် ရှေးဦး မြင်ဖူး မကြားဖူး မကြံစည်ဖူးပါလျက် ''သင်သည် ဤအိမ်ခြံဂိုဏ်ရောက် ခိုးယူသည်။ ဤမည်သောမင်းကို ပြစ်မှားသည်''စသော ကြမ်းတမ်းသော စွပ်စွဲမှုကို ဆိုလိုသည်။

ပရိက္ခယဉ္စ ဉာတီနံ=ဟူသည် မိမိ၏ မှီခိုရာ အားထားရာ၏ အဖြစ်ကို စွမ်းဆောင်နိုင်ကုန်သော ဆွေမျိုးတို့၏ သေကျေကုန်ဆုံးခြင်းကို ဆိုလို့သည်။

ပဘင်္ဂုံရံ=ဟူသည် ပျက်စီးသည်၏အဖြစ် ပုပ်သည်၏အဖြစ်တည်း။

ထိုသူ၏အိမ်၌ စပါးသည် ပုပ်သွား၏ ရွှေသည် မီးသွေးဖြစ်သွား၏၊ ပုလဲသည် ဝါစေ့ဖြစ်သွား၏၊ ငွေသည် အိုးခြမ်းကဲ့စသည် ဖြစ်သွား၏၊ ခြေနှစ်ချောင်း ခြေလေးချောင်း ရှိစေသော သတ္တဝါတို့သည် မျက်စိတစ်ဖက်ကန်း, လက်ကောက်သည် စသည်တို့ဖြစ်၏။

အဂ္ဂိ ဒုဟတိ=ဟူသည် တစ်နှစ်တွင် နှစ်ကြိမ် သုံးကြိမ်သော ပဂးတိုစေသော မီးသည် လောင်တတ်၏၊ ၎င်းမီးမလောင်ခဲ့သော် လောင်မီးကျ၍ လောင်တတ်၏၊ ဓမ္မတာအတိုင်း အလိုလိုဖြစ်ပေါ်၍ လောင်မီးကျတတ်၏။

နိရယံ=ဟူသည် မျက်မှောက်ဘဝ၌ ဤဒဏ်ဆယ်ပါးတို့တွင် တစ်ပါးပါး ကျရောက်ပြီးလျက်လည်း မလွဲမသွေ နောင်ဘဝ၌ ငရဲသို့ ရောက်ရဦးမည်ဟု ပြခြင်း ''နိရယံ သောပပဇ္ဇတိ''ဟု ဟောတော်မူ၏။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

[ဤဝတ္ထုဌ္ဌ မဟာမောဂ္ဂလာန် မထေရ်၏ အကြောင်းကို ဆိုသော စတ္တာလီသနိပါတ် သရဘင်္ဂဇာတ် အဋ္ဌကထာနှင့် ဤဓမ္မပဒ အဋ္ဌကထားသည် အနည်းငယ်မျှ အဆိုမညီကြ၊ ဇာတ် အဋ္ဌကထာ မထေရ်က ခိုးသားတို့ လုပ်ကြံရာ၊ ခုနစ်ရက်ကြာကြောင်းကို ဆိုသည်။ ဤအဋ္ဌကထာဌ္ဌ ပဿမ လ, မဇ္ဈိမ လ, ပစ္ဆိမ လ-ဟု လကို ပိုင်းခြား၍ ဆိုသည်။ အတိတ်ဆောင်ဝတ္ထုဝယ် ဇာတ်အဋ္ဌ-ကထာဌ္ဌ အမိ အဘ နှစ်ပါးတို့ကို အသေမသတ် အိမ်သို့ ပြန်ဆောင်သည်ဟု ဆိုသည်။ ဤအဋ္ဌကထာဌ္ဌ သတ်ဖြတ်၍ တောဌ္ဌ စွန့်ပစ်ခဲ့ကြောင်းကို ဆိုသည်။

ဤသို့ ကဲ့ပြားခြင်းသည် ဘာဏကဆောင် ပုဂ္ဂိုလ်တို့၏ အလိုသို့ လိုက်ဟန် လက္ခဏာထင်လေသည်။ [ကြံဆင်ခြင်ကြကုန်]

မဟာမောဂ္ဂလာနမထေရ်ဝတ္ထု ပြီး၏။

၈။ ဗဟုဘဏ္ဍိကရဟန်းဝတ္ထု

နန္ဒကစရိယာ–အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်ဌ္ဌ သီတင်းသုံးတော်မူစဉ် ဗဟုဘဏ္ဍိက ရဟန်းကို အကြောင်းပြု၍ ဟောတော်မူခဲ့သည်။

သာဝတ္ထိပြည်သား သူကြွယ်တစ်ယောက်သည် မိမိ၏မယား၊ သေလွန်သော ကြောင့် သာသနာတော်၌မှ ရဟန်းပြုလေ၏။ ထိုသူကြွယ်သည် ရဟန်းပြုသော်လည်း ပရိပုဏ်ကိုလည်းကောင်း၊ မီးတင်းကုပ်ကိုလည်းကောင်း၊ ဘဏ္ဍာသိုမှီးရာ တိုက်ခန်းကိုလည်းကောင်း ပြုစေပြီးလျှင် အလုံးစုံသော ဘဏ္ဍာသိုမှီးရာတိုက်ခန်းကို ဆီ, ထောပတ် စသည်တို့ဖြင့် ပြည့်စေ၍ ရဟန်းပြု၏။ ရဟန်းပြုပြီးသောအခါ မိမိ၏ကျွန်တို့ကိုခေါ်စေ၍ အလိုရှိတိုင်းသော အစာအာဟာရကို ချက်ပြုတ်စေ၍ စားသောက်၏၊ များစွာသော ပစ္စည်းဘဏ္ဍာ, ပရိက္ခရာ, အသုံးအဆောင်လည်းရှိသည် ဖြစ်ပေ၏၊ ညဉ့်အခါဌ္ဌ တစ်ပါးသော အဝတ်အရုံကို ဝတ်ရုံ၍ နေ့အခါဌ္ဌ တစ်ပါးသော အဝတ်အရုံကို ဝတ်ရုံ၏။ နေ့အခါဌ္ဌ တစ်ပါးသော ကျောင်းအစွန်ဌ္ဌ နေ၏။

များစွာသော ပစ္စည်းဘဏ္ဍာ

တစ်နေ့သဌ္ဌ သင်္ကန်းအိပ်ရာခင်းတို့ကို ခြောက်သွေ့စေသောအားဖြင့်နေပူဌ္ဌ ဖြန့်လှန်းသော ထိုသူကြွယ်ရဟန်းအား ကျောင်းစဉ် လှည့်လည်ကုန်သော ရဟန်း

တို့သည် တွေ့မြင်၍ ငါ့ရှင် ဤသင်္ဃန်း အိပ်ရာခင်းတို့သည် အဘယ်သူ၏ ဥစ္စာပေနည်းဟု မေးသဖြင့် ငါ၏ဥစ္စာပေတည်းဟု ဝန်ခံပြောဆိုသည် ရှိသော် ငါ့ရှင် မြတ်စွာဘုရားရှင်သည် သင်္ဃန်းသုံးထည်တို့ကို အနှူးအညှတ် ခွင့်လွှတ်ပေးသနားအပ်ကုန်သည် မဟုတ်တုံပါလော၊ အသင်သည် အလိုနည်းပါးသော ဘုရားရှင်၏ သာသနာတော်၌ မွေ့လျော်ရွက်ထမ်း ရဟန်းပြုသည်ဖြစ်ပါလျက် ဤသို့ မျှားစွာသော ပရိက္ခရာအသုံးအဆောင်ရှိသည် ဖြစ်ရလေဘိသနည်းဟု ပြောဆိုပြီး ထိုရဟန်းကို မြတ်စွာဘုရား အထံတော်သို့ ခေါ်ဆောင်ခဲ့၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤရဟန်းသည် အလွန်မျှားပြားသော ပစ္စည်းဘဏ္ဍာ ဥစ္စာရှိပါသည်ဟု ကြားလျှောက်ကုန်၏။

မြတ်စွာဘုရားရှင်က "ချစ်သား ရဟန်း အသင်သည် ပစ္စည်းဘဏ္ဍာမျှားစွာသော ဥစ္စာရှိသည်ဟူသည် ဟုတ်မှန်ပေသလော" ဟုမေးတော်မူ၍ "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဟုတ်မှန်ပါသည်" ဟု လျှောက်ကြားသည် ရှိသော် ချစ်သား ရဟန်း အသင်သည် ငါဘုရားရှင်သည် အလိုနည်းစေခြင်း အကျိုးငှါ တရားတော်ကို ဟောကြားအပ်ပါလျက် အဘယ်ကြောင့် ဤသို့ မျှားသော ပစ္စည်းဘဏ္ဍာရှိသည် ဖြစ်လေသနည်းဟု မိန့်တော်မူ၏။

သူကြွယ်ရဟန်းသည် ထိုမျှလောက် မိန့်ဆိုခြင်းဖြင့်သာလျှင် အမျက်ထွက်သည်ဖြစ်၍ ဤ ယခုအခါ၌ တပည့်တော်သည် ဤသို့သော အခြင်းအရာအားဖြင့် လှည့်လည်နေထိုင်ပါတော့မည်ဟု ပြောဆိုပြီးလျှင် ရုံ၍ထားအပ်သော ကိုယ်ရုံကို စွန့်ပစ်၍ ပရိဿတ်အလယ်၌ တစ်ထည်သော သင်္ဃန်း သင်းပိုင်ကို ဝတ်၍ ရပ်တည်၏။

ထိုအခါ သူကြွယ်ရဟန်းကို မြတ်စွာဘုရားရှင်သည် ထောက်ပံ့တော်မူလျက် ချစ်သား ရဟန်း အသင်သည် ဟိရီ, ဩတ္တပ္ပကို ရှာမှီးတတ်သော ရေစောင့်ရက္ခိုဿ် ဖြစ်သော ရှေးအခါ၌လည်း ဟိရီ, ဩတ္တပ္ပကို ရှာမှီးလျက် တစ်ဆယ့်နှစ်နှစ်တို့ကာလပတ်လုံး နေရ၏။ ဤ ယခုအခါ၌ အလေးအမြတ်ပြုထိုက်သော ငါဘုရား သာသနာတော်၌ ရဟန်းပြုသည် ဖြစ်ပါလျက် လေးပါးသော ပရိဿတ်အလယ်၌ ကိုယ်ရုံကို စွန့်ချပြီးသောအခါ ဟိရီ, ဩတ္တပ္ပကို ပယ်၍ အဘယ်ကြောင့် ရပ်တည် ပြန်ဘိသနည်း ဟု မိန့်တော်မူ၏။ ထိုသူကြွယ်ရဟန်းသည် မြတ်စွာဘုရား စကားတော်ကို ကြား၍ ရှက်ကြောက်ခြင်းကို ထင်စေပြီးလျှင် ထိုကိုယ်ဝတ်သင်္ဃန်းကို ကောက်ယူ ဝတ်ရုံပြီး၍ မြတ်စွာဘုရားရှင်ကို ကြည်လင်ညွတ်ပျိုး ရှိခိုးဦးချ သင့်တင့်လျောက်ပတ်သော အရပ်ဒေသ၌ ထိုင်နေ၏။

ရဟန်းတို့သည် ထိုသူကြွယ်ရဟန်း၏ ရှေးအကြောင်းကို အကျယ်ဝိတ္ထာရ ဟောပြပါမည့် အကြောင်းနှင့် မြတ်စွာဘုရားရှင်ကို တောင်းပန်လျှောက်ထားကုန်၏။ဘုရားကိုယ်တော်မြတ်သည် အတိတ်ကိုဆောင်၍ ဟောကြားတော်မူ၏။

ရေစောင့်ရက္ခိုသ်ဘီလူး

အတိတ်ဝတ္ထု

ချစ်သား ရဟန်းတို့ ရှေးအခါက ဗာရာဏသီ မင်းမြတ်၏ မဟေသီ မိဖုရား၏ ဝမ်းတိုက်၌ ငါဘုရားလောင်းသည် ပဋိသန္ဓေ တည်နေစွဲယူ၏။ ဖွားမြင်ပြီးသော အခါ ထိုမင်းသားအား ဘွဲ့အမည်ယူသောနေ့၌ မဟိ သကုမာရမင်းသားဟု မှည့်ခေါ်ကုန်၏။ ထိုမင်းသား ပြေးသွားနိုင်သည့် အရွယ် အရောက်တွင် တစ်ယောက်သော သားတော်ကို ဖွားမြင်ပြန်ရာ ညီတော် ထိုမင်းသားသည် စန္ဒကုမာရ အမည်ရလေ၏။

ထိုမင်းသားတို့၏ မယ်တော် မိဖုရားသည် သေလွန်သော် မင်းဖျားရာဇာသည် ဆင်းဝါသဏ္ဌာန် ကြန်အင်ပြည့်မြောက် တစ်ယောက်သော မိဖုရားငယ်ကို အဂ္ဂမဟေသီဒေဝီ ရာထူး၌ ချီးကျူးမြောက်စား ထားတော်မူ၏။ ထိုမိဖုရားသည်လည်း သားတော်တစ်ယောက် ဖွားလေ၏။ ထိုသားတော်အား သူရိယကုမာရ ဟု နာမည်ပေးကြလေ၏။ ထိုသားတော်ကလေးကိုမြင်၍ မင်းကြီးသည် နှစ်သက်ရကား "အသင်မိဖုရား အသင်မိဖုရား၏ သားငယ်အား ဆုမြတ်ကို ငါ ပေး၏"ဟု မိန့်တော်မူ၏။ မိဖုရားကလည်း "အရှင်မင်းမြတ် ကောင်းလှပါပြီ၊ အလိုရှိသော အခါ၌ ယူပါအံ့"ဟု လျှောက်ထား၍ သားတော် သူရိယကုမာရသည် အရွယ်ကျရောက်သောအခါ၌ မိဖုရားသည် ပြည့်ရှင်မင်းမြတ်ကို "အရှင် မင်းမြတ် အရှင်မင်းမြတ်သည် ကျွန်တော်မ၏ သားအား ဖွားသန့်စင်သောကာလ၌ ဆုမြတ်ကို ပေးအပ်ပါသည်။ ထိုပေးအပ်သော ဆုကို ဤယခုအခါ၌ ယူလိုသော ဆန္ဒရှိပါပြီ။ ကျွန်တော်မ၏သားအား မင်းအဖြစ်ကို ပေးသနားတော်မူပါလော့" ဟု လျှောက်တင်၏။

ပြည့်ရှင်မင်းကြီးက "အရှင်မိဖုရား ငါ၏ သားတော်ကြီး နှစ်ယောက်တို့သည် ထွန်းတောက်သော မီးပုံကြီး၏အသွင် အလွန်ပင် ပြည့်စုံသော ဘုန်းလက်ရုံး ပညာတို့ဖြင့် ထွန်းလင်းတောက်ပလျက် လှည့်လည်၍ ရှိကြကုန်သည်။ အသင်၏ သားတော်ဖြစ်သော ထိုမင်းသားငယ်အား ငါသည် မင်းအဖြစ်ကို ပေးခြင်းငှာ မစွမ်းနိုင်ဟု ပယ်ရှား တားမြစ်ပါသော်လည်း ထိုမိဖုရားက အဖန်တလဲလဲ ထပ်ကာထပ်ကာ တောင်းပန် လျှောက်တင်သည်ကို သိမြင်တော်မူ၍ "ဤ မိဖုရားသည် သူ၏သားကို မင်းအဖြစ် ပေးအပ်ခဲ့သည် ရှိသော် ငါ့သားတော်

ကြီးတို့၏လည်း အချည်းနှီးချိုနဲ့ အကျိုးမဲ့မကောင်း ပျက်စီးခြင်းအကြောင်းကို သော်လည်း ပြုလုပ်ရာ၏" ဟု ကြံဆင်ခြင်တော်မူပြီးလျှင် သားတော်ကြီးတို့ကို ခေါ်စေပြီးမှ "ချစ်သားတို့ ငါ မင်းဖျားသည် သူရိယကုမာရ မင်းသား ဖွားမြင်စဉ်အခါ၌ ဆုကို ပေးအပ်၏။ ထိုပေးအပ်သောဆုကို ဤယခုအခါ၌ သူရိယကုမာရ၏ မယ်တော် မိဖုရားသည် သူ၏ သားကို မင်းအဖြစ်ဖြင့် ဆောက်နှင်းအပ်နှံပါမည့်အကြောင်း တောင်းပန် လျှောက်တင်၏။

ငါသည် ထိုသူရိယကုမာရ မင်းသားအား မင်းအဖြစ်ကို ပေးခြင်းငှာ အလိုမရှိ။ ထိုသူရိယကုမာရ၏ မယ်တော်သည် မိမိသားချစ် မင်း၏ အဖြစ်ကို မရသောကြောင့် အမျက်ဒေါသ ကောဓဖြစ်ပွား အသင်သားတော်တို့၏ အကျိုးစီးပွားမဲ့ကို သော်လည်း ပြုရာ၏။ အသင်ချစ်သားတို့သည် တိုင်းပြည်မှ ထွက်သွားကြကုန်လော့၊ တော၌ နေပြီးလျှင် ငါဖခင်သည် နတ်ရွာစံမှ လာရောက်၍ မင်းအဖြစ်ကို ယူကြကုန်လော့" ဟု ပြောဆို မှာထား စေလွှတ်၏။

မင်းသားညီနောင် သုံးယောက်

မဟိ ံသကုမာရ, စန္ဒကုမာရမင်းသား ညီနောင် နှစ်ပါးတို့သည် ခမည်းတော် မင်းဖျားကို ညွှတ်တွားရိုကျိုး ရှိခိုးပြီးလျှင် ပြာသာဒ်မှ သက်ဆင်းလျက် သွားသည်ရှိသော် မင်းရင်ပြင်၌ ကစား၍နေသော သူရိယကုမာရ မင်းသားသည် နောင်တော်တို့ကို မြင်၍ ထိုအကြောင်း အလုံးစုံကို အကုန်သိရပြီးသော် နောင်တော်တို့နှင့် အတူတကွ လိုက်သွားပါတော့မည် ဟု ပြောဆို၍ နောင်တော်တို့နှင့် အတူတကွသာလျှင် ထွက်သွား၏။ ထိုမင်းသားသုံးပါးတို့သည် ဟိမဝန္တာသို့ရောက်သောအခါ၌ ဘုရားအလောင်းမဟိ ံသမင်းသားသည် ခရီးမှ ဖဲ့၍ အမှတ်မရှိ တစ်ခုသော သစ်ပင်၏အရင်း၌ ထိုင်နေပြီးလျှင် သူရိယကုမာရ မင်းသားကို "ညီချစ် ထိုအိုင်သို့သွား၍ ရေချိုးသုံးသပ် သုံးဆောင်ပြီးသော အခါ ငါတို့၏ အဖိုငှါလည်း ပဒုမ္မာကြာရွက်တို့ဖြင့် ရေကို ဆောင်ယူခဲ့ပါလော့" ဟု ပြောဆို စေလွှတ်၏။

ထိုအိုင်သည်ကား ဝေဿဝဏ္ဏ နတ်မင်းကြီး၏ အထံမှ ဒကရက္ခိုသ်ဘီလူး တစ်ကောင်သည် ရအပ်သောအိုင်ပေတည်း။ ဝေဿဝဏ္ဏနတ်မင်းကြီးသည်လည်း ထိုရက္ခိုသ်ကို ဒေဝဓမ္မတရားကို ထင်ရှားသိရှိသော သူကိုထား၍ ဒေဝဓမ္မ တရားကို သိရှိသောသူမှ တစ်ပါးသောသူတို့သည် ဤအိုင်သို့ သက်ကုန်အံ့။ ဒေဝဓမ္မတရားကို မသိဘဲ ဤအိုင်သို့ သက်ကုန်သော ထိုသူတို့ကို အသင်စားခြင်း ငှါ ရစေလော့ဟု အမိန့်ပေး၏။

ထိုအခါမှစ၍ ခက္ခိုသ်သည် ထိုအိုင်သို့ သက်ဆင်းတိုင်း သက်ဆင်းဟိုင်းသော သူဘို့ကို ဒေ၀ဓမ္မတို့ကို မေး၍ မသိသောသူတို့ကို စား၏။ သူရိယကုမာရမင်းသား သည်လည်း မစုံစမ်း မဆင်ခြင်မူ၍သာလျှင် ထိုအိုင်သို့ သက်ဆင်းလေ၏။ ရက္ခိုသ်ဘီသူးက အသင်သည် ဒေ၀ဓမ္မတို့ကို သိ၏ဆိုလော်ဟု မေးအပ်သဖြင့် ဒေ၀ဓမ္မတို့မည်သည် လူနေတို့ကို ဆိုသည်ဟု ပြော၏။ ထိုအခါ သူရိယကုမာရ မင်းသားကို အသင်သည် ဒေ၀ဓမ္မတို့ကို မသိဟုဆို၍ ရေထဲသို့ သွင်းပြီးလျှင် မ်မိနေရာ၌ ထား၏။

ဘုရားအဓိလောင်းသည်လည်း သူရိယကုမာရမင်းသား သွားခြင်း ကြောင့် သည်အဖြစ်ကြောင့် စန္ဒကုမာရမင်းသားကို ထင်၍ တဖန် စေလွှတ်ပြန်၏။ စန္ဒကုမာရ မင်းသားသည်လည်း သူရိယကုမာရ မင်းသား အတူသာလျှင် သွားဆောက်၍ အိုင်သို့ သက်ဆင်းသောအခါ ဒကရက္ခိုသ်က အသင်သည် ဒေ၀ဓမ္မတို့ကို၊ သိ၏လော ဟု မေးသဖြင့် ဒေ၀ဓမ္မတို့ မည်သည် လေးပါးသော အရပ်ဘို့ကို ဆိုသည်ဟု ပြော၏။ ဒကရက္ခိုသ်သည်လည်း ထို စန္ဒကုမာရ မင်းသားကို အသင်သည်လည်း ဒေ၀ဓမ္မတို့ကို မသိဟု ပြော၍ ရေသို့ သွင်းပြီးလျှင် သူရိယကုမာရ မင်းသားအတူသာလျှင် မိမိနေရာ၌ ထား၏။

ဘုရားအလောင်းတော်သည်လည်း ထို စန္ဒကုမာရမင်းသား ကြောမြင့်သည် ရှိသော် တစ်စုံတစ်ခုသော အန္တရာယ် ငြိတွယ်ကျရောက်ခြင်း ရှိပေလိမ့်မည်ဟု မိမိကိုယ်တိုင် လိုက်သွားပြီးလျှင် ညီနှစ်ယောက်တို့၏လည်း ဆင်းသော ခြေရာကိုသာ တွေ့မြင်၍ ပြန်ဘက်သော ခြေရာကို မမြင်သောကြောင့် ဤရေအိုင်သည် ရက္ခိုသ်သိမ်းဆည်း ဖောင့်ခရာက်အပ်သော ရေကန် ဖြစ်ပေလိမ့်မည်ဟု သိ၍ သန်လျက်ကို အိမ်မှ နှုတ်ပြီးလျှင် ရပ်တည်၏။

ရက္ခိုသ်ယည် အိုင်သို့ မဆင်းသော ဘုရားအလောင်းကို မြင်၍ တစ်စုံတစ်ခု အမူအကိစ္စ ပြုလုပ် ဆောင်ရွက်သော ယောကျ်ား၏ အသွင်ဖြင့် လာပြီးလျှင် အိုအချင်းယောကျ်ား အသင်သည် ခရီး ပင်ပန်းလျက် အဘယ့်ကြောင့် ဤအိုင်သို့ သက်ဆင်း၍ ရေချိုးခြင်း, ရေကိုသောက်ခြင်း, ကြာစွယ်ကို စားခြင်း, ပန်းပန်ခြင်းကိုပြု၍ မသွားဘဲသနည်းဟု ပြော၏။ ဘုရားအလောင်း သည် ထိုသူကို မြင်လျှင် ဤသူကား ဘီလူးတည်းဟု သိ၍ အသင်သည် ငါ၏ ညီတော်တို့ကို ဖမ်းယူအပ်သလောဟု မေး၏။ ဩဝါ ဟုတ်ပေ၏။ ငါသည် ဖမ်းယူအပ်သည်ဟု ပြောသဖြင့် အဘယ်အကြောင်းကြောင့် ဖမ်းယူဘိသနည်း ဟု မေးပြန်လျှင် ငါသည် ဤအိုင်သို့ သက်ဆင်းတိုင်း သက်ဆင်းတိုင်းသော လူတို့ကို ရက္ခိုသ်ဟု ပြော၍ အသို့ပေနည်း။ သက်ဆင်းတိုင်းသော အလုံးစုံသော သူတို့ကို ရသခေလာဟု မေးပြန်သည်ရှိသော် ဒေ၀ဓမ္မ သိဓသောသူတို့ကို ချန်ထား

၍ ကြွင်းသော အလုံးစုံသော သူတို့ကို ရပေသည်ဟု ပြော၏။ ဒေဝဓမ္မမည်သည်ကားရှိ၏။ အသင့်အား ဒေဝဓမ္မတို့ဖြင့် အလိုရှိသလောဟု မေးပြန်လျှင်ညြော် ဟုတ်ပါပေ၏။ အလိုရှိပါသည်ဟု ပြော၏။ ငါသည် ဟောပေအံ့ဟု ပြောသည်ရှိသော် ထိုသို့ ဖြစ်ပါမူကား ဒေဝဓမ္မတို့ကို ဟောပြပါလော့ဟု တောင်းပန်၏။

ဒေဝဓမ္မတရားကို ဟောကြားခြင်း

ဘုရားအလောင်းက ညစ်နွမ်းသောကိုယ်ဖြင့် ငါသည် ဟောခြင်းငှါ မတတ်ကောင်းဟု ပြောဆိုသဖြင့် ဘီလူးသည် ဘုရားအလောင်းကို ရေချိုးစေပြီးလျှင် သောက်ရေ သုံးဆောင်ရေတို့ကို သုံးဆောင်စေပြီးမှ တန်ဆာဆင်ပြီး တန်ဆာဆင်အပ်သော မဏ္ဍပ်၏အလယ်၌ ပလ္လင်သို့ တက်စေပြီးလျှင် မိမိသည် ဘုရားအလောင်း၏ ခြေရင်း၌ ထိုင်နေ၏။ ထိုအခါ ဘီလူးကို ဘုရားအလောင်းသည် ရှိသေစွာ နာလေလော့ဟု မိန့်ဆိုပြီး ဤဂါထာကို ဟောတော်မူ၏–

ဟိရိသြတ္တပ္ပသမ္ပန္နာ၊ သုက္ကဓမ္မသမာဟိတာ၊
သန္တော သပ္ပုရိသာ လောကေ၊ ဒေဝဓမ္မာတိ ဝုစ္စရေ။

သတ္တလောက၌ အရှက်အကြောက်နှင့် ပြည့်စုံကုန်သော ဖြူစင်သော ကုသိုလ်တရားကို့နှင့် ပြည့်စုံကုန်သော ကိုယ်နှုတ်နှလုံး သုံးပါးလုံး ငြိမ်သက်ကုန်သော ယောကျ်ားမြတ်တို့ကို နတ်တို့၏ အကျင့်တရားရှိကုန်သော သူမြတ်တို့ဟူ၍ ဘုရားရှင်တို့ မိန့်ဆိုအပ်ကုန်၏။

ဒေဝဓမ္မတရားကြောင့် ဘီလူးလက်မှ လွတ်ခြင်း

ဘီလူးသည် ဤသို့သော တရားဒေသနာကို ကြားနာရ၍ နှစ်သက်ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ ဘုရားအလောင်းကို အိုပညာရှိ အကျွန်ုပ်သည် အသင့်အား နှစ်သက်ကြည်ညိုပါ၏။ တစ်ယောက်သော ညီတော်ကိုပေးအံ့။ အဘယ်ညီတော်ကို ဆောင်ယူအံ့နည်းဟု မေးသဖြင့် ညီတော်အငယ်ကို ဆောင်ယူခဲ့လော့ဟု ပြော၏။ ပညာရှိ အသင်သည် သက်သက်သော်ကား ဒေဝဓမ္မတို့ကို သိသည်သာလျှင်တည်း အသင် ပညာရှိသည် ထိုဒေဝဓမ္မတို့၌ မကျင့်လတ္တံ့လောဟု ပြော၏။ အဘယ်အကြောင်းကြောင့်နည်းဟု မေးသည်ရှိသော် အသင်သည် ညီတော်အကြီးကိုထား၍ ညီတော်အငယ်ကို ဆောင်စေလျက် ကြီးသောသူအား အရှိအသေ မပြုလေဟု ပြော၏။ အိုဘီလူး ဒေဝဓမ္မတို့ကိုလည်း ငါသည်သိပါ၏။ ထိုဒေဝဓမ္မတို့၌လည်း ကျင့်ပါ၏။ ငါတို့သည် ထိုညီတော်အငယ်ကို အကြောင်းပြု၍ ဤတောအုပ်သို့ ဝင်ရောက်ရကုန်သည်။ အိုဘီလူး အကြောင်းကို ငါပြောဦးအံ့။ ထိုညီတော်အငယ်ဖြစ်သော့ သူရိယကုမာရ၏ အကျိုးငှါ

ငါတို့၏ ခမည်းတော်ကို သူရိယကုမာရ၏ မယ်တော်သည် မိမိ၏သားအား ထီးနန်းစည်းစိမ် စိုးပိုင်ရခြင်း တည်းဟူသော မင်းအဖြစ်ကို တောင်း၏၊ ငါတို့၏ ခမည်းတော်သည် ထိုမိဖုရား တောင်းသော ဆုကို ပေးသနားတော်မမူဘဲ ငါတို့အား အစဉ်စောင့်ရှောက်ခြင်းအကျိုးငှါ တောဒ္ဒနေခြင်းကို ခွင့်ပေး စေလွှတ်တော်မူ၏။ ထိုညီတော် မင်းသားငယ်သည် ငါတို့ တားမြစ်သော်လည်း မဆုတ်နစ် မပြန်လည်မူ၍ ငါတို့နှင့် အတူတကွ တောထဲသို့ လိုက်ပါ၍လာ၏။ ထိုမင်းသားငယ်ကို တောတွင်း၌ ဘီလူးတစ်ကောင်သည် စားအပ်သည် ဟူ၍ ငါတို့ ပြောဆိုသော်လည်း ငါတို့၏ စကားကို တစ်စုံတစ်ယောက်သောသူမျှ မယုံကြည်ပေလတ္တံ့၊ ထို့ကြောင့် ငါသည် ကဲ့ရဲ့အပ်သော ဘေးမှ တွေးရွံ့ကြောက်သည်ဖြစ်၍သာလျှင် ညီတော်အငယ်ကို ဆောင်စေဘိသည်ဟု မိန့်တော်မူ၏။

ဘီလူးကို တိုင်းပြည်သို့ ခေါ်ခဲ့ခြင်း

ဘီလူးသည် ဘုရားလောင်းအား ကြည်ညိုသောစိတ် ရှိသည်ဖြစ်၍ ကောင်းသော ပညာရှိ အသင်သည်သာလျှင် ဒေဝမွတို့ကို သိမြင်နိုင်လှပါပေသည်ဟု ချီးမွမ်း အံ့ဩ၍ ညီနောင် နှစ်ယောက်တို့ကို ဆောင်ယူပြီးလျှင် ပေးအပ်၏။ ထိုအခါ ဒကရက္ခိုသ်ကို ဘုရားအလောင်းသည် ဘီလူး၏ အဖြစ်၌ အပြစ်ကို ဟောပြ မိန့်ဆို၍ ငါးပါး သီလတို့၌ တည်စေ၏။ ဘုရားအလောင်းသည် ထိုဒကရက္ခိုသ် ကြည့်ရှု စောင့်ရှောက်အပ်သော အစောင့်အရှောက် ရှိသည်ဖြစ်၍ ထိုတောအုပ်၌ပင်လျှင် နေပြီးသော် ခမည်းတော် မင်းမြတ်သည် နတ်ရွာစံခြင်းကို ပြုသောအခါ ဘီလူးကို ခေါ်ဆောင်ခဲ့၏။

ဗာရာဏသီပြည်သို့ သွားပြီးလျှင် မင်းအဖြစ်ကို ယူ၍ စန္ဒကုမာရ မင်းသားအား အိမ်ရှေမင်း အဖြစ်ကို သူရိယကုမာရ မင်းသားအား စစ်သူကြီးအရာကို အသီးသီး ချီးမြှောက် ပေးသနားတော်မူပြီး၍ ဘီလူးအား မွေ့လျော်ဖွယ်ရှိသော အရပ်၌ နေရာနတ်ကွန်းကို ပြုစေပြီးလျှင် အကြင်သို့သော အခြင်းအရာအားဖြင့် ပြုအပ်သည်ရှိသော် လာဘ်လာဘ ပြန့်ပြော များပြားခြင်းသည်ဖြစ်၏။ ထိုသို့သော အခြင်းအရာဖြင့် ဘီလူးအား ချီးမြှင့်ခြင်းကို ပြုတော်မူ၏။

ဇာတ်တော်ကို ပေါင်းခြင်း

မြတ်စွာဘုရားရှင်သည် ဤသို့သော ဓမ္မဒေသနာကို ဆောင်တော်မူ၍ ချစ်သားရဟန်းတို့ ထိုရှေးအခါက ဒကရက္ခိုသ်သည် ဤယခုအခါ များစွာသော ပစ္စည်းဘဏ္ဍာရှိသော သူကြွယ်ရဟန်း ဖြစ်လာ၏။ ညီတော်အငယ် ဖြစ်သော သူရိယကုမာရမင်းသားသည် အာနန္ဒာဖြစ်လာ၏။ စန္ဒကုမာရမင်းသားသည်

သာရိပုတ္တာ၃ ဖြစ်လာ၏။ မဟိံသကုမာရ မင်းသားသည်ကား ငါဘုရားပင် တည်းဟု ဇာတ်တော်ကို ပေါင်းတော်မူ၏။

ဤသို့ မြတ်စွာဘုရားရှင်သည် ကေကနိပါတ် ဒေဝဓမ္မဇာတ်ကို ဟောကြား တော်မူပြီး၍ ချစ်သားရဟန်း အသင်သည် ရှေးအခါ၌ ဤသို့သော အခြင်း အရာဖြင့် ဒေဝဓမ္မတို့ကို ရှာမှီးလျက် ရှာခြင်း, ပြောဆိုခြင်းဟု ဆိုအပ်သော ဟိရိသြတ္တပ္ပနှင့် ပြည့်စုံပြီးသည့်ကာလ လုံ့လဉာဏ်၌ လာခဲ့ပါလျက် ဤယခုအခါ လေးပါးသော ပရိသတ်၏အလယ်၌ ဤသို့သော အကြောင်းဖြင့် ရပ်တည်၍ ငါဘုရား ရွှေတော်မှာ အလိုနည်းသည် ဖြစ်ပေ၏ဟု ပြောဆိုလျက် မသင့် မလျော်ကန်သော အမှုကို ပြုလေဘိသည်။ ထိုစကားမှန်၏၊ ချစ်သားရဟန်း ထိုကိုယ်ဝတ်ကို ပယ်ချတ်ခြင်းဒုစရိုက်သည်မျှဖြင့် သမဏမဟုတ်သေးဟု မိန့်တော်မူပြီးသော် စကားကို စပ်ပြလိုက်၍ ဤဂါထာကို မိန့်တော်မူ၏။

၀ ၄

နာ နဂ္ဂစရိယာ နာ ဇဋာ နာ ပင်္ကာ၊
နာနာသကာ ထဏ္ဍိလသာယိကာ ဝါ။
ရဇောဇလ္လ မုက္ကုဋ္ဌိကပဓာနံ၊
သောဓေန္တိ မစ္စံ အဝိတိဏ္ဏကင်္ခံ။

ယုံမှားသံသယကို မလွန်မြောက်နိုင်သေးသော သတ္တဝါကို အဝတ်မစည်း အချိုးနှိုးသော အကျင့်တို့သည် မသုတ်သင်နိုင်ကုန်။ ဆံကျစ်တို့သည် မသုတ် သင်နိုင်ကုန်၊ ကိုပင်္ဂလိမ်းကျံသော ဖုံညှန်တို့သည် မသုတ်သင်နိုင်ကုန်၊ အစာ အဝတ်ခံ နေခြင်းတို့သည် မသုတ်သင်နိုင်ကုန်၊ မြေ၌အိပ်ခြင်းတို့သည် မသုတ် သင်နိုင်ကုန်၊ မွှေအညစ်အကြေး ယှက်ထွေးလိမ်းကျံခြင်းသည် မသုတ်သင် နိုင်ကုန်၊ ဆောက်ကြောင့်ထိုင်ခြင်း အကျင့်သည်လည်း မသုတ်သင်နိုင်ကုန်။

ထိုဂါထာ၌—

နာနာသကာ=ဟူသည် အစာမစား၌ နေခြင်းတည်း။
ထဏ္ဍိလသာယိကာ=ဟူသည် မြေ၌ အိပ်ခြင်းတည်း။
ရဇောဇလ္လံ=ဟူသည် ရှုံ့နှံလိမ်းကျံခြင်းဖြင့် ခန္ဓာကိုယ်၌ စွဲမှီသော မြူမှုန် တည်း။
ဥက္ကုဋ္ဌိကပဓာနံ=ဟူသည် ဆောင့်ကြောင့် ထိုင်ခြင်းဖြင့် အားထုတ်ခြင်း တည်း။

ဆိုလိုသည်မှာ–သတ္တဝါတစ်ယောက်သည် "ငါသည် လောကမှ ထွက်မြောက်ရာ ဖြစ်သော စင်ကြယ်သော နိဗ္ဗာန်သို့ ရောက်လိမ့်မည်ဟု ကြံလျက် အဝတ် မစည်း အချည်းနှီးသော အကျင့်စသည်တို့တွင် တစ်မျိုးမျိုးသော အကျင့်ကို

ကျင့်ရာ၏။ ထိုသူသည် မှားသော အယူသာ တိုးပွားရာ၏ ပင်ပန်းမှုသာ ဖြစ်ရာ၏။ မှန်၏ ထိုအ၀တ်မစည်း အချည်းနှီးကျင့်ခြင်း စသည်တို့သည် ယုံမှားခြင်း ရှစ်မျိုးကို မလွန်မြောက်နိုင်သောကြောင့် ယုံမှားသံသယကို မလွန်မြောက်နိုင်သော သတ္တ၀ါကို မစင်ကြယ်စေနိုင်ကုန်။

ဒေသနာတော်၏ အဆုံးဌ် များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

ဗဟုဘဏ္ဍိက မထေရ်၀တ္ထု ပြီး၏။

၉။ သန္တိမဟာမတ္တ၀တ္ထု

အလင်္ကာတော စေ၀ိ–အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတ၀နကျောင်းတော်ဌ သီတင်းသုံးနေတော်မူစဉ် သန္တိအမတ်ကြီးကို အကြောင်းပြု၍ ဟောတော်မူခဲ့သည်။

ထိုသန္တိအမတ်ကြီးသည် အခါတစ်ပါးဌ် ပသေနဒိကောသလမင်းကြီး၏ သိမ်းဆည်းစိုးပိုင်ရာ ရွာတို့၏ အစွန်ဖြစ်သော ရွာငယ်တစ်ရွာတွင် ဘေးမျှားစွာ နှောင့်ယှက်သောကြောင့် ပျက်စီးသည်ကို သိမ်းဆည်းစောင့်ရှောက် ငြိမ်သက်စေပြီးလျှင် ပြန်လာခဲ့၏။ ထိုအခါ သန္တိအမတ်ကြီးမှာ ပသေနဒိကောသလမင်းကြီးသည် နှစ်သက် မြတ်နိုးတော်မူသည် ဖြစ်၍ ခုနစ်ရက်တို့ပတ်လုံး မင်းအဖြစ်ကို ဆောက်နှင်းအပ်နှံပြီးလျှင် ကခြင်း သီခြင်းဌ် လိမ္မာတတ်မြောက်သော မိန်းမငယ်တစ်ယောက်ကို ပေးသနားတော်မူ၏။ ထိုအမတ်ကြီးသည် ခုနစ်ရက်တိုပတ်လုံး သုရာဖြင့် ယစ်မူး မေ့လျော့သည်ဖြစ်၍ ခုနစ်ရက်မြောက်သောနေ့ဌ် အလုံးစုံသော တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်သော မြတ်သောဆင်ကျောက်ကုန်းထက်ဌ် တက်စီးလျက် ရေချိုးဆိပ်သို့ သွားသည်ရှိသော် ဆွမ်းအလိုငှါ ကြွ၀င်တော်မူလာသော မြတ်စွာဘုရားရှင်ကို တံခါးဒွါရကြားဌ် တွေ့မြင်၍ မြတ်သော ဆင်ကျောက်ကုန်းထက်က သာလျှင် ဦးခါင်းကို လျှပ်ပြီး ရှိခိုး၏။

မြတ်စွာဘုရားရှင်သည် ပြုံးခြင်းကို ပြုတော်မူ၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ပြုံးတော်မူခြင်းကို ပြုဆုဌ် အကြောင်းအဘယ်သူ့ ရှိပါသနည်းဟု အာနန္ဒာမထေရ်သည် မေးလျှောက်အပ်သည်ရှိသော် ပြုံးခြင်းအကြောင်းကို ကြားတော်မူလျက် ချစ်သား အာနန္ဒာ အသင်သည် သန္တိအမတ်ကြီးကို မြင်၏လော အလုံးစုံသော တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်သော သန္တိ

အမတ်ကြီးသည် ယနေ့ပင်လျှင် အလုံးစုံသော တန်ဆာတို့ကို ဆင်ယင်ဝတ်စား လျက် ငါဘုရားထံမှာက်သို့ လာရောက်ချဉ်းကပ် တရားတော်မြတ်ကို နာရသဖြင့် လေးပါဒနှိုသောဂါထာ၏ အဆုံးဌ် အလုံးစုံသော ကိလေသာတို့ကို ပယ်သတ်၍ အရဟတ္တဖိုလ်သို့ ရောက်ပြီးလျှင် ထန်းခုနစ်ဆင့်ခန့် ပမာဏရှိသော အထက် ကောင်းကင်ဌ ထိုင်နေပြီး ပရိနိဗ္ဗာန်ပြုလတ္တံ့ဟု မိန့်တော်မူ၏။ လူမျှားအပေါင်း သည် အာနန္ဒာမထေရ်နှင့်အတူတကွ မိန့်ဆိုတော်မူသော မြတ်စွာဘုရား၏ စကားတော်ကို ကြားလေ၏။

ထိုသို့ကြားရာဌ် မိစ္ဆာဒိဋ္ဌိတို့က အို အချင်းတို့ နှုတ်မှ စကားဖြစ်ခြင်း မျှကို သာလျှင် ပြောဆိုသော ရဟန်းဂေါတမ၏ အမှုအရာကို ကြည့်ရှုကြပါ ကုန်လော့။ ယနေ့ ဤသန္တတိအမတ်ကြီးသည် ဤသို့သော အခြင်းအရာဖြင့် သူရာကို သောက်စား ယစ်မူး မေ့လျော့ပြီး ဝတ်ဆင်မြဲတိုင်းသော အဝတ် တန်ဆာဖြင့်သာလျှင် ထိုရဟန်းဂေါတမ အထံဌ် တရားကို ကြားနာရ၍ ပရိနိဗ္ဗာန် ပြုလတ္တံ့သတဲ့။ ယနေ့ပင်လျှင် ထိုရဟန်းဂေါတမကို မုသာဝါဒဖြင့် နှိပ်ပေအုံ့ဟု ကြံကြကုန်၏။ "သမ္မာဒိဋ္ဌိတို့က ဘုရားရှင်တို့၏ ကြီးမြတ်သော အာနုဘော် တော်သည် သြော် အုံဖွယ်ရှိပေစွ။ ယနေ့အခါ ငါတို့သည် ဘုရားရှင်၏ တင့်တယ် စံပယ်ခြင်းကိုလည်းကောင်း၊ သန္တတိအမတ်ကြီး၏ တင့်တယ် စံပယ် ခြင်းကိုလည်းကောင်း ရှုမြင်ခြင်းငှါ ရပေကုန်တော့မည်" ဟု ကြံကြကုန်၏။

ကချေသည်မလေး သေဆုံးခြင်း

သန္တတိအမတ်ကြီးသည်လည်း ရေချိုးရောဆိပ်ဌ် တစ်နေ့လယ်လုံး ရေဌ် ကစားမြူးတူး၍ ဥယျာဉ်သို့ သွားရောက်ပြီးလျှင် သေတင်းကုတ်မြေအပြင်ဌ် ထိုင်နေ၏၊ ကချေသည် ထိုမိန်းမသည်လည်း သဘင်၏ အလယ်သို့သက်၍ ကခြင်း, သီခြင်းကို ပြခြင်းငှါ အားထုတ်၏။ အမတ်ကြီးအား ကိုယ်၏ တင့်တယ် စံပယ်ခြင်းကို ပြခြင်းငှါ ခုနစ်ရက်ပတ်လုံး နည်းသောအာဟာရ ရှိသည်အဖြစ်ကြောင့် ထိုနေ့ပဘ်လုံး ကခြင်း သီခြင်းကို ပြအပ်သည်ရှိသော် ဝမ်းတွင်းဌ်ဖြစ်သော လေယင်ခုန်းသည် တက်ကြွဖြစ်ပေါ်လာ၍ နှလုံးသားကို စူးဝင်ထိုးကျင့်၍ သွား၏။ ကချေသည် မိန်းမသည် ထိုခဏဌ်ပင်လျှင် ဖွင့်သော ခံတွင်း ဖွင့်သော မျက်စိတို့ဖြင့် ရှောင်တခင် သေလွန်လေ၏။

သန္တတိအမတ်ကြီးသည် ထိုမိန်းမကို စူးစမ်းကြပါကုန်လော့ဟု ဆို၍ အ ချင်း သေရှာလေပြီဟု ပြောကာမျှဌ်သာလျှင် အားကြီးစွာဖြစ်ပွားသော သောကဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ ထိုသန္တတိ အမတ်ကြီးအား ခုနစ်ရက်ပတ်လုံး သောက်အပ်သော သုရာတို့သည် ပူလုံစွာသော အိုးကင်းဌ် ကျဒေါပ်၊သော ရေပေါက်ကဲ့သို့ ထိုခဏချင်းဖြင့် သာလျှင် ကုန်ခြင်းသို့ ရောက်လေ၏။ သန္တတိ

အမတ်ကြီးသည် ပြင်းထန်စွာ ဖြစ်ပွားသော ဤသို့သော ငါ၏သေးဂ ကို မြတ်စွာဘုရားရှင်ကို ကြဉ်ထား၍ တစ်ပါးသော သူတို့သည် ငြိမ်းချမ်းစေခြင်းငှါ မစ္ဆမ်းနိုင်ကုန်လတ္တံ့ဟု နှလုံးသွင်း၍ စစ်သည်အပေါင်း ခြံရံလျက် ညနေချမ်း အခါ၌ မြတ်စွာဘုရား အထံတော်သို့ လာရောက်ပြီး ရှိခိုးဦးချပြီးသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်အား ဤသို့သဘော ရှိသော သောကတရားသည် ဖြစ်ပွား၍ နေပါသည်။ ထို့သို့ဖြစ်ပွားသော တပည့်တော်၏ သောကကို အရှင်ဘုရားတို့သည် ငြိမ်းအေးစေခြင်းငှါ စွမ်းနိုင် ပေကုန်လိမ့်မည်ဟု မှတ်ထင်သောကြောင့် လာရောက်ခြင်း ဖြစ်ပါသည်။ အရှင်ဘုရားတို့သည် တပည့်တော်၏ မှီခိုကိုးကွယ်ရာ ဖြစ်တော်မူပါကုန်လော့ဟု လျှောက်ကြား၏။

သန္တတိအမတ်ကြီး ရဟန္တာဖြစ်ခြင်း

ထို့အခါ အမတ်ကြီးကို မြတ်စွာဘုရားက အသင်သည် ဖြစ်ပွားသော သောကကို ငြိမ်းအေးစေခြင်းငှါ စွမ်းနိုင်သည်သာလျှင် ဖြစ်သော ငါဘုရား၏ အထံတော်ကို လာရောက်မိသည် ဖြစ်ပေသည်။ ဤမိန်းမသည် ဤသို့သော အကြောင်းဖြင့်သာလျှင် သေလွန်သောအခါ၌ သောကတရား ဖြစ်ပွား ငိုကြွေးရသော အသင်၏ မျက်စိမှ ကျဆုတ်ယိုစီးသော မျက်ရေတို့သည် လေးစင်းကုန်သော မဟာသမုဒ္ဒရာတို့၏ ရေထက်ပင်သော်လည်း အားကြီးစွာ ပိုလွန်များပြားကုန်၏ဟု မိန့်တော်မူပြီး ဤဂါထာကို မိန့်တော်မူ၏-

ယံ ပုဗ္ဗေ တံ ဝိသောသေဟိ၊ ပစ္ဆာ တေ မာဟု ကိဉ္စနံ။
မဇ္ဈေ စေ နော ဂဟေဿသိ၊ ဥပသန္တော စရိဿသိ။

သန္တတိအမတ်ကြီး အကြင်တရာကြောင့် ဖြစ်သော ဥပါဒါန်သည် ရှေးဦး ဖြစ်၏။ ထိုဥပါဒါန်ကို သုတ်သင်လေလော့၊ နောက်၌ တရာဖြင့် စွဲလမ်းခြင်းကို သင့်အား မဖြစ်ပါစေလင့်။ အလယ်၌ စွဲလမ်းပူပန်ခြင်းကို အကယ်၍ မယူခဲ့သည် ဖြစ်အံ့။ ဤသို့ မယူခဲ့သည်ရှိသော် သင်သည် တရာစသော မီးတို့မှ ငြိမ်းသည် ဖြစ်၍ နိဗ္ဗာန်ရောက်လတ္တံ့။

သန္တတိအမတ်ကြီး အကြင်တရာကြောင့် ဖြစ်သော ဥပါဒါန်သည် ရှေးဦး ဖြစ်၏။ ထိုဥပါဒါန်ကို သုတ်သင်လေလော့၊ နောက်၌ တရာဖြင့် စွဲလမ်းခြင်းကို သင့်အား မဖြစ်ပါစေလင့်။ အလယ်၌ စွဲလမ်းပူပန်ခြင်းကို အကယ်၍ မယူခဲ့သည် ဖြစ်အံ့။ ဤသို့ မယူခဲ့သည်ရှိသော် သင်သည် တရာစသော မီးတို့မှ ငြိမ်းသည် ဖြစ်၍ နိဗ္ဗာန်ရောက်လတ္တံ့။

ဂါထာ၏အဆုံး၌ သန္တတိအမတ်ကြီးသည် အရဟတ္တဖိုလ်သို့ ရောက်၍ မိမိ၏ အာယုသင်္ခါရကို ကြည့်ရှုသည်ရှိသော် အသက်၏ ပျက်ဆုံးအံ့သော အခါသို့ ရောက်သဖြင့် ယင်းဖောက် သွေဖည် မတည် မဖြစ်အံ့သည့် အဖြစ်ကို သိသောကြောင့် ဘုရားကိုယ်တော်မြတ်ကို "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ အရှင်ဘုရားသည် တပည့်တော်အား ပရိနိဗ္ဗာန်ပြုခြင်းကို ခွင့်ပေးသနားတော်မူပါလော့"ဟု တောင်းပန် လျှောက်ကြား၏။

မြတ်စွာဘုရားသည် ထိုသန္တိအမတ်ကြီး ပြုခဲ့သော ကောင်းမှုကို သိမြင်တော်မူပြီး ဖြစ်သော်လည်း မုသာဝါဒဖြင့် နှိပ်အံ့ဟူ၍ စည်းဝေး လာရောက်ကုန်သော မိစ္ဆာဒိဋ္ဌိတို့သည် အခွင့်ကို မရကုန်လတ္တံ့။ ဘုရား၏ တင့်တယ် စံပယ်ခြင်းကိုလည်းကောင်း၊ သန္တိအမတ်ကြီး၏ တင့်တယ် စံပယ် ခြင်းကိုလည်းကောင်း ကြည့်ရှုကုန်အံ့ဟု စည်းဝေးလာရောက်ကြကုန်သော သမ္မာဒိဋ္ဌိဖြစ်ကုန်သော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် ဤ အမတ်ကြီးပြုအပ်သော ကုသိုလ်, ကောင်းမှုကံကို ကြားနာရသည်ဖြစ်၍ ကုသိုလ်ကောင်းမှုကံတို့၌ နှစ်သက်ရှိသေခြင်းကို ပြုကုန်လတ္တံ့ဟု ဤသို့သော အကြောင်းနှစ်ပါးကို မှတ်ပြီးလျှင် အမတ်ကြီး ထိုသို့ဖြင့်လျှင် အသင်ပြုအပ် ခဲ့သော ကုသိုလ် ကောင်းမှုကံကို ငါဘုရားအား ဟောကြားခဲ့ဦးလော့ ဟောကြားသော အခါ၌လည်း မြေကြီး၌ ရပ်တည်လျက် မဟောကြားမူ၍ ထန်းခုနစ်ဆင့်ခန့် ပမာဏရှိသော ကောင်းကင်ယာဉ်၌ တည်နေလျက် ဟောကြားလေလော့ဟု မိန့်တော်မူ၏။

သန္တိအမတ်ကြီး ကောင်းကင်မှ တရားဟောခြင်း

သန္တိအမတ်ကြီးသည် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ကောင်းလှပါပြီဟု ဝန်ခံလျှောက်ထား၍ မြတ်စွာဘုရားကို ရှိခိုးပြီးသော် ထန်းတစ်ဆင့်ခန့် ပမာဏရှိသော ကောင်းကင်သို့တက်၍ သက်ဆင်းပြန်လာ ပြီးသော် တစ်ဖန် မြတ်စွာဘုရားကို ရှိခိုးပြီး၍ ထန်းနှစ်ဆင့်ခန့် ပမာဏရှိသော ကောင်းကင်ကက်သို့ တက်ပြန်လျက် ဤသို့ အစဉ်အတိုင်းအားဖြင့် သက်၍ သက်၍ အဆင့်ဆင့် တက်ပြီး ထန်းခုနစ်ဆင့်ခန့် ပမာဏရှိသော ကောင်းကင် ထက်၌ ပလ္လင်ဖွဲ့ခြေခြင်းဖြင့် ထိုင်နေပြီး၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာ ဘုရား တပည့်တော်၏ ရှေး၌ပြုခဲ့ဖူးသော ကောင်းမှုကုသိုလ်ကံကို နာကြား ဝေဖန်မှုပါကုန်လော့ဟု လျှောက်၏။

အတိတ်ဝတ္ထု

ဤဘဒ္ဒကပ်ကမ္ဘာမှ ရေတွက်သော် ကိုးဆယ့်တစ်ကမ္ဘာတက် ဝိပဿီ ဘုရားရှင် ပဋိစ္စသမုပ္ပါဒ်တော်မူသောအခါ၌ တပည့်တော်သည် ဗန္ဓုမတီ ပြည်ကြီး၏ အတွင်းဝယ် တင်ဦးသော အမျိုး၌ဖြစ်၍ ကြံဆင်ခြင်၏။ ဤသို့ စူးစမ်း ဆင်ခြင်သည်ရှိသော် လူမျှားအပေါင်းကို အို လူမျှားအပေါင်းတို့ အသင် တို့သည် ဥပုသ်နေ့တို့၌ ရှစ်ပါးသီလ ဥပုသ်ကို ဆောက်တည် ကြကုန်လော့။ စွမ်းနိုင်သမျှ ဒါနအလှူကို ပေးလှူကြကုန်လော့။ အစ, အလယ်, အဆုံး သုံးပါးသော ကောင်းခြင်းနှင့် ပြည့်စုံသော တရားတော်ကို ကြားနာကြပါ

ကုန်လေ၃့။ ဘုရားရတနာ အစရှိသည်တို့နှင့် တူမျှသော တစ်ပါးသော ရတနာမည်သည် မရှိ။ သုံးပါးကုန်သော ရတနာတို့အား ပူဇော်သက္ကာရကို ပြုကြကုန်လေ၃့ဟု ကြွေးကြော်လျက် လှည့်လည်၏။

မြင်း, ရထား စသည်ကို ဘုရင်က ပေးခြင်း

ကြွေးကြော်အပ်သော တပည့်တော်၏ အသံကို ကြား၍ ဝိပဿီဘုရားရှင်၏ ခမည်းတော် ဗန္ဓုမတီမင်းကြီးသည် တပည့်တော်ကို ခေါ်စေ၍ အမောင် အဘယ်အမှုကို ပြုလုပ်၍ လှည့်လည်ဘိသနည်းဟု မေးတော်မူသည်ဖြစ်၍ အရှင်မင်းမြတ် ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးကို ပြ၍ လူမျိုးအပေါင်းကို ကုသိုလ်ကောင်းမှုတို့၌ ဆောက်တည်စေပြီးလျှင် လှည့်လည်ပါသည်ဟု လျှောက်ကြားသည်ရှိသော် အဘယ်၀တ္ထု၌ ထိုင်နေလျက် လှည့်လည်ရဘိသနည်းဟု တပည့်တော်ကို မေးသောကြောင့် အရှင်မင်းမြတ် ခြေဖြင့် သာလျှင် သွားလာ လှည့်လည်ရပါသည်ဟု တပည့်တော်က လျှောက်တင်သည်ရှိသော် အမောင် အသင်သည် ဤသို့ လှည့်လည်ခြင်းငှါ မထိုက်၊ ဤပန်းကုံးကို ပန်ဆင်၍ မြင်း၏ ကျောက်ကုန်းထက်၌ ထိုင်နေပြီးလျှင် လှည့်လည်လေလော့ဟု တပည့်တော်အား ပုလဲပန်းဆိုင်းနှင့် တူသော ပန်းကုံးကို ချီးမြှင့်တော်မူပြီး ဆုံးမအပ်ပြီးသော မြင်းတစ်စီးကို ပေးသနား‌တော်မူပါသည်။

ထိုအခါ မင်းကြီးသည် ပေးသနားအပ်သော အမှတ်ဖြင့် မြင်း၏ ကျောက်ကုန်းထက်၌ နေပြီးလျှင် ကြွေးကြော် လှည့်လည်သော တပည့်တော်ကို တစ်ဖန် မင်းကြီးက ခေါ်စေပြီးလျှင် အမောင် အဘယ်အမှုကို ပြုလုပ်၍ လှည့်လည်ဘိသနည်းဟု မေးတော်မူ၍ အရှင်မင်းမြတ် ရှေးနည်းအတူသာလျှင် ပြုလုပ် လှည့်လည်ပါသည်ဟု လျှောက်တင်သည် ရှိသော် အမောင် ရထားသည်လည်း အသင် ပြုလုပ်သော ထိုအမှုနှင့် မသင့်မလျော် မလျောက်ပတ်သေးဟု မိန့်တော်မူပြီးလျှင် တပည့်တော်အား ကြီးစွာသော စည်းစိမ် ချမ်းသာကိုလည်းကောင်း, အဖိုးများစွာ ထိုက်သော တန်ဆာကိုလည်းကောင်း ချီးမြှင့်တော်မူပြီးမှ တစ်ကောင်သော ဆင်ကိုလည်း ပေးသနား‌တော်မူပါသည်။

မေ့းပျံ့ကြိုင်လှိုင်သော စန္ဒကူးနံ့

ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်သည် အလုံးစုံသော တန်ဆာတို့ဖြင့် တန်ဆာဆင်လျက် ဆင်ကျောက်ကုန်းထက်၌ ထိုင်နေပြီးသော် အနှစ်ရှစ်သောင်းတို့ ကာလပတ်လုံး တရားနာ ကြွေးကြော်ခြင်းအမှုကို ပြုလုပ်ခဲ့ဖူးပါသည်။ ထိုသို့ ပြုလုပ်ခဲ့ဖူးသော တပည့်တော်အား ဤမျှလောက်သော ကာလပတ်လုံး ဤကိုယ်မှ စန္ဒကူးအနံ့သည် ပျံ့နှံ့၍ တကြိုင်ကြိုင် လှိုင်ပါသည်။ ခံတွင်းမှ ကြာညိုအပွင့်နံ့သည် ပျံ့နှံ့သင်းကြိုင် လှိုင်ပါ၏။ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား ဤသည်လျှင် တပည့်တော်သည် ရှေး၌ ပြုခဲ့ဖူးသော ကောင်းမှုပါတည်းဟု လျှောက်၏။

ဤသို့သော အကြောင်းဖြင့် ထိုသန္တတိအမတ်ကြီးသည် မိမိ ပြုခဲ့ဖူးသော ရှေးကောင်းမှုကို ဟောကြားပြီး၍ကောင်းကင်၌ ထိုင်နေလျက်သာလျှင် တေဇော ဓာတ်ကို ဝင်စား၍ ပရိနိဗ္ဗာန်ပြုတော်မူ၏။ ကိုယ်၌ မီးလျံတို့သည် ထလျက်အသား, အသွေးကို လောင်ကျွမ်းစေ၏။ ရှေပန်းတို့ ကဲ့သို့သော ဓာတ်တော်တို့သည် ကြွင်းကုန်၏။

မြတ်စွာဘုရားရှင်သည် စင်ကြယ်သော အဝတ်ကို ဖြန့်စေ၍ ဓာတ်တော်တို့သည် ဖြန့်အပ်သော ထိုအဝတ်၌ ကျကုန်၏။ ထိုဓာတ်တော်တို့ကို သပိတ်၌ ထည့်ပြီးလျှင် လူများ အပေါင်းတို့သည် ကြည်လင် ညွှတ်လျှိုး ရှိခိုးပူဇော်ရသည်ရှိသော် ကောင်းမှု အဖို့ရှိသည် ဖြစ်ပေလိမ့်မည်ဟု နှလုံးသွင်းတော်မူ၍ လမ်းဆုံလေးခွ ခရီးမ၌ စေတီကို ပြုစေ၏။

သမဏ ဗြာဟ္မဏ ပြဿနာ

ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့ ထိုသန္တတိအမတ်ကြီးသည် ဂါထာ၏ အဆုံး၌ အရဟတ္တဖိုလ်သို့ ရောက်၍ ဝတ်ဆင်အပ်သော အဝတ်တန်ဆာရှိလျက်သာလျှင် ကောင်းကင်၌ ထိုင်နေ၍ ပရိနိဗ္ဗာန် ပြုတော်မူ၏။ အသို့ပေနည်း ထိုအမတ်ကြီးကို သမဏဟူ၍ပင် ခေါ်ဆိုခြင်းငှါ အပ်အံ့လော, သို့တည်းမဟုတ် ဗြာဟ္မဏဟူ၍ပင် ခေါ်ဆိုခြင်းငှါ အပ်အံ့လော ဟူသော စကားကို ဖြစ်စေကြကုန်၏။

မြတ်စွာဘုရားရှင်သည် ကြွဝင်တော်မူလာပြီး ချစ်သား ရဟန်းတို့ ငါဘုရားကြွတော်မူလာဆဲသော ဤယခုအခါ၌ အဘယ်သို့သော စကားဖြင့် ပြောကြားစည်းဝေး ထိုင်နေကြကုန်သနည်းဟု မေးတော်မူ၍ ဤအမည်ရှိသော အကြောင်းပါတည်းဟု လျှောက်ကြားသည်ရှိသော် ချစ်သား ရဟန်းတို့ ငါဘုရားသားတော်ကို သမဏ ဟူ၍လည်း ဆိုခြင်းငှါ အပ်သည့်သာလျှင်တည်းဟု

မိန့်တော်မူပြီး၍ တရားတော်ကို ဟောကြားတော်မူလိုသောကြောင့် ဤဂါထာကို မိန့်တော်မူ၏။

အလက်္ခတော ဧစပိ သမံ စရေယျ၊
သန္တေါ ဒန္တေါ နိယတော ဗြဟ္မစာရီ။
သဗ္ဗေသု ဘူတေသု နိဓာယ ဒဏ္ဍံ၊
သော ဗြာဟ္မဏော သော သမဏော သ ဘိက္ခူတိ။

အကြင်သူသည် ကိလေသာ ငြိမ်း၍ ဣန္ဒြေကို ဆုံးမပြီး၏။ မဂ်လေးပါးဖြင့် မြဲ၏။ မြတ်သောအကျင့်ကို ကျင့်လေ့ရှိသည် ဖြစ်၍ သတ္တဝါအပေါင်းတို့၌ ဒဏ်ပေးခြင်းကို စွန့်ပစ်ချထား၍ အညီအမျှ အကယ်၍ ကြင့်အံ့၊ ထိုသူသည် အဝတ်တန်ဆာတို့ဖြင့် တန်ဆာ ဆင်အပ်သော်လည်း မကောင်းမှု ပယ်ပြီးသော ဗြာဟ္မဏလည်း မည်၏။ ထိုသူသည် မကောင်းမှု ငြိမ်းပြီးသော သမဏလည်း မည်၏၊ ထိုသူသည် ကိလေသာ ခွဲဖျက်ပြီးသော ဘိက္ခုလည်းမည်၏။

ထိုဂါထာ၌-**အလက်္ခတော**=ဟူသည် အဝတ်တန်ဆာတို့ဖြင့် တန်ဆာဆင်ခြင်းတည်း။

အဓိပ္ပါယ်ကား- အဝတ်တန်ဆာ စသည်တို့ဖြင့် တန်ဆာ ဆင်အပ်သော ပုဂ္ဂိုလ်သည် ကိုယ် စသည်တို့ဖြင့် အညီအမျှ အကယ်၍ ကျင့်ငြားအံ့။ ရာဂ စသော ကိလေသာတို့၏ ငြိမ်းအေးခြင်းဖြင့် ငြိမ်သက်သော ဣန္ဒြေတို့ကို ဆုံးမခြင်းဖြင့် ယဉ်ကျေးပြီးမသော, မဂ္ဂနိယာမဖြင့် မြဲသော, မြတ်သောအကျင့်ကို ကျင့်ခြင်းဖြင့် ဗြဟ္မစာရီမည်သော ပုဂ္ဂိုလ်သည် ကာယဒဏ် စသည်တို့ကို ချထားအပ်ပြီးသည်၏ အဖြစ်ကြောင့် သတ္တဝါအားလုံးအပေါ်၌ ဒဏ်ကို စွန့်ပစ်ချထားပြီး၍ ဤသို့ သဘောရှိသော ပုဂ္ဂိုလ်ကို မျှောအပ်ပြီးသော မကောင်းမှု ရှိသောကြောင့် ဗြာဟ္မဏလည်းမည်၏။

ငြိမ်းစေအပ်ပြီးသော မကောင်းမှု ရှိသောကြောင့် သမဏလည်းမည်၏။ ကိလေသာတို့ကို ဖေါက်ခဲ့ ဖျက်ဆီးပြီးသောကြောင့် ဘိက္ခုလည်း မည်၏ဟု ဆိုထိုက်ပါပေ၏။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်ဘို့သို့ ရောက်ကုန်၏။

သန္တတိ မဟာမတ္တဝတ္ထု ပြီး၏။

၁၀။ ပိလောဘိကဘိဿတ္ထေရဝတ္ထု

ဟီရိနိသေဓော-အစရိသော ဤဘရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတာန်ကျောင်း၌ သီဟင်းသုံး နေတော်မူစဉ် ပိလောဘိက မထေရ်ကို အကြောင်းပြု၍ ဟောတော်မူခဲ့သည်။

အခါဘပါး၌ အာနန္ဒာမထေရ်သည် ပုဆိုးပိုင်းတစ်ခုကို ဝတ်၍ အိုးခြမ်းခွက်ကို လက်၌ ကိုင်စွဲပြီး အစာအာဟာရ ထမင်းစသည်ရဖိုရန် တောင်းခံလှည့်လည်သော သူငယ်တစ်ယောက် ကိုတွေ့မြင်၍ အသင်သူငယ် အသို့ပေနည်း။ အသင်အား ဤသို့ လှည့်လည် တောင်းခံ၍ အသက်ရှည် ရသောထက် ရဟန်းပြုရသည့် အဖြစ်သည် မမြတ်ပါသလောဟု မေးတော်မူ၏။ အရှင်ဘုရားတပည့်တော်ကို အဘယ်သူသည် ရဟန်းပြု၍ ပေးပါအံ့နည်းဟု မေးလျောက်သည်ရှိသော် ငါသည် ရဟန်းပြု၍ ပေးပေအံ့ဟု ပြောဆိုပြီးမှ ထိုသူငယ်ကို ယူဆောင် ခေါ်သွားပြီးလျှင် မိမိလက်ဖြင့် ကိုင်တွယ် ရေချိုးစေပြီး ကမ္မဋ္ဌာန်းကို ပေး၍ ရဟန်းပြုတော်မူ၏။

ပုဆိုးပိုင်းနှင့် အိုးခြမ်းကွဲ

ထိုသူငယ်ဝတ်အပ်သော ပုဆိုးပိုင်းကို ဖြန့်၍ ကြည့်ရှုသည်ရှိသော် ရေစစ်ပြုရုံမျှလောက် လုံလောက်သော တစ်စုံတစ်ခုသော အပိုင်းအပြတ်အစိတ်ကို မမြင်သောကြောင့် အိုးခြမ်းခွက်နှင့်တကွ တစ်ခုသောသစ်ပင်၏ သစ်ခက်၌ထားစေ၏။ ထိုလူသည်ရဟန်းပြုပြီးရအပ်သော ပဋ္ဌင်းအဖြစ်ရှိသဖြင့် ဘုရားရှင်တို့အားကြီးမားစွာဖြစ်သော လာဘ် ပူဇော်သက္ကာရကို သုံးဆောင်စားသောက်လျက် အဖိုးများစွာထိုက်ကုန်သော သက်နှင်းတို့ကို ဖုံးလွှမ်းဝတ်ရုံ လှည့်လည်ရသည်ရှိသော် ဆူဖြိုးသော ကိုယ်ရှိသည်ဖြစ်၍ မပျော်ပိုက်သောကြောင့် "ငါ့အားလူများအပေါင်း၏ သဒ္ဓါတရား ဖြစ်ပွားရှေးရှု ပေးလှူပူဇော်အပ်သော အဝတ်သက်နှင်းကို ဆင်မြန်းဝတ်ရုံ သုံးဆောင်လှည့်လည်သဖြင့် အဘယ်အကျိုး ရှိအံ့နည်း၊ မိမိ၏ပုဆိုးပိုင်းကိုသာလျှင် ဝတ်ရုံတော့အံ့ဟု ကြံ၍ ထိုပုဆိုးပိုင်းထားရာအရပ်သို့ သွားပြီးလျှင် ပုဆိုးပိုင်းကိုကိုင်၍ "အက်မရှိ အသရေမဲ့သော ဟယ်သူယုတ်၊ ဤသို့သဘောရှိသော မြတ်ထွတ်လှစွာသော အဝတ်တို့၏ ဖုံးလွှမ်းဝတ်ရုံရသော အရာကိုပယ်ကာ စွန့်ပစ်၍ စုတ်ညစ်ချူချာ လွန်စွာယုတ်ကြမ်းသော ဤပုဆိုးပိုင်းကို ဝတ်ရုံပြီး အိုးခြမ်းခွက်ငယ်ကို လက်ဝယ် ကိုင်စွဲလျက် အမြဲမပြတ် သူယုတ်တို့ဓလေ့ အိမ်တိုင်းစေ့အောင် တစ်နေ့မခြား စားသောက်ရန် ထမင်းဟင်းကို တောင်းခံလှည့်လည်ခြင်းငှါ အဘယ်ကြောင့် သွားလိုဘိ

သနည်း”ဟု ထိုပုဆိုးပိုင်း အိုးခြမ်းခွက်ငယ်ကို ဝတ်ရုံပြီး မိမိသည်ပင်လျှင် မိမိကိုယ်ကို ဆုံးမ၏။ ဆုံးမစဉ်ပင်လျှင် စိတ်သည် တွန့်တိုဆုတ်နစ်လေ၏။

အရဟတ္တဖိုလ်သို့ ရောက်ခြင်း

ထိုမထေရ်သည် ပုဆိုးပိုင်းကို ထိုအရပ်၌ပင်လျှင် သိုမှီး၍ ဆုတ်နစ်ပြန်လည် ပြီးသော် ကျောင်းသို့သာလျှင် သွားလေ၏။ ထိုမထေရ်သည် နှစ်ရက် သုံးရက် လွန်မြောက်ပြန်သဖြင့် တစ်ဖန်လည်း သာသနာ၌ မလျော်သောကြောင့် ရှေးနည်းအတူသာလျှင် မိမိကိုယ်ကို ပြောဆိုဆုံးမ၍ ဆုတ်နစ် ပြန်လည်၏။ တစ်ဖန်လည်း ထိုရှေးနည်းအတူသာလျှင် ဖြစ်ပြန်၏။ ဤသို့သော အခြင်းအရာအားဖြင့် ပြန်ကာသွားကာ များစွာအတည်တည် လှည့်လည်သော ထိုရဟန်းကို မြင်၍ ရဟန်းတို့က “ငါ့ရှင် အသင်သည် အဘယ်သို့ မကြာခဏ သွားဘိသနည်း”ဟု မေးကြကုန်၏။

ထိုမထေရ်က ငါ့ရှင်တို့၊ ငါသည် ဆရာ၏အထံသို့ သွားပေသည်ဟု ပြောဆို၍ ဤသို့သော အကြောင်းဖြင့် မိမိ၏ပုဆိုးပိုင်းကိုသာလျှင် အာရုံပြုပြီး မိမိကိုယ်ကို ဆုံးမတားမြစ်လျက် နှစ်ရက် သုံးရက် လွန်သဖြင့်သာလျှင် အရဟတ္တဖိုလ်သို့ ရောက်လေ၏။

ရဟန်းတို့က ငါ့ရှင် အသို့ပေနည်း၊ ဤယခုအခါ၌ အသင်သည် ဆရာ၏ အထံသို့ မသွားပြီလော၊ ဤလမ်းခရီးသည် နေ့စဉ်မပြတ် အထပ်ထပ် အတည်တည် အသင်လှည့်လည်သော လမ်းခရီး မဟုတ်တုံလောဟု ပြောဆို့ကြကြကုန်၏။ ထိုမထေရ်က ငါ့ရှင်တို့၊ ငါသည် ဆရာနှင်အတူတကွ ရောနှော စပ်ယှက် ပေါင်းဖက်ခြင်း ရှိသော်သာလျှင် သွားရောက်ခြင်းရှိပေသည်။ဤယခု အခါ၌မူကား ငါ့အား ထိုဆရာနှင့် ပေါင်းဖက်ယှဉ်တွဲ မှီဝဲစပ်ယှက်ခြင်းကင်းပြတ်လေပြီ၊ ထိုကြောင့် ငါသည် ဆရာ၏အထံသို့ မသွားပေသတည်းဟု ပြော၏။

ထိုရဟန်းတို့သည် မြတ်စွာဘုရားရှင်အား ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ ပိလောတိကမထေရ်သည် မဂ်ဖိုလ်တရား တစ်ပါးသောစကားကို ပြောကြားဖြေဆိုပါသည်ဟု ကြားလျှောက်ကုန်၏။ ချစ်သား ရဟန်းတို့၊ အဘယ်သို့သောစကားကို ပြောကြားလေသနည်းဟု မေးတော်မူသည် ရှိသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဤအမည်ရှိသောစကားကို ပြော ကြားပါသည်ဟု လျှောက်ထားကြကုန်၏။

သောတာပန် စသည်ဖြစ်ခြင်း

မြတ်စွာဘုရားရှင်သည် ထိုသို့လျှောက်ထားသော စကားကို ကြားတော်မူ၍ ချစ်သားရဟန်းတို့ သြော် ဟုတ်ပေ၏၊ ငါ၏သားတော်ဖြစ်သော ပိလောတိက

သည် နှိုးနှောရောယှက် ပေါင်းဝက်ခြင်းရှိသော်သာလျှင် ဆရာ၏အထံသို့သွား လေသည်၊ ကျိယခုအခါ၌ကား ထိုပိလောတိကအား နှိုးနှော ရောက်ယှက်ခြင်း ကင်းပြတ်လျက် မိမိသည်ပင်လျှင် မိမိကိုယ်ကို ဆုံးမ တားမြစ် စင်ကြယ်စေ၍ အရဟတ္တဖိုလ်သို့ရောက်လေပြီဟု မိန့်တော်မူပြီး ဤဂါထာတို့ကို မိန့်တော်မူ၏—

ဟိရိနိသေဓော ပုရိသော၊ ကောစိ လောကသ္မိံ ဝိဇ္ဇတိ။
ယော နိဒ္ဒံ အပဗောဓေသိ၊ အဿော ဘဒ္ဒော ကသာမိဝ။

အဿော ယထာ ဘဒ္ဒြော ကသာ နိဝိဋ္ဌော၊
အာတာပိသံဝေဂိနော နော ဘဝတ္ထာ။

သဒ္ဓါယ သီလေန စ ဝီရိယေန စ၊ သမာဓိနာ မမ္မဝိနိစ္ဆယေန စ။
သမ္ပန္နဝိဇ္ဇာစရဏာ ပတိဿတာ၊ ဇဟိဿထ ဒုက္ခမိဒံ အနပ္ပကံ။

ကောင်းသောမြင်းသည် ကြိမ်လုံးမှ (ကြိမ်ခြွက်ခံရခြင်းမှ) ရှောင်ကြဉ် သကဲ့သို့ ဝါးကြိမ်တို့မခံသကဲ့သို့ အချက်ဖြင့် မကောင်းမှုကို တားဆီးတတ်သော ယောဂျိုးသည် အိပ်ငိုက်ခြင်းကို ပယ်ရှား တားစေ၏။ ထိုကဲ့သို့သော ပုဂ္ဂိုလ် မျိုးသည် လောက၌ အနည်းငယ်မျှသာရှိ၏။

ကြိမ်ခြွက်ခံရသော မြင်းသည် ထိတ်လန့်တုန်လှုပ်လျက် လုံ့လအားထုတ်မှု ပြုသကဲ့သို့ သင်တို့သည်လည်း ကိလေသာကို ပူပန်စေကုန်လော့ ထိတ်လန့် တုန်လှုပ်ကြကုန်လော့။ သဒ္ဓါတရားနှင့်လည်းကောင်း, သီလနှင့်လည်းကောင်း, ဝီရိယနှင့် လည်းကောင်း, သမာဓိနှင့် လည်းကောင်း, ကြောင်းကျိုးဆင်ခြင်သိတတ်သော ဓမ္မဝိနိစ္ဆယနှင့်လည်းကောင်း ပြည့်စုံကြသည်ဖြစ်၍ ဝိဇ္ဇာစရဏ နှင့် ပြည့်စုံပြီး သတိတရား ထင်ရှားရှိကုန်သည်ဖြစ်၍ အတိုင်းမသိမျှားပြား သော ဤသံသရာ ဝဋ်ဆင်းရဲကို စွန့်လွှတ်ကြကုန်လတ္တံ့။

ဤဂါထာ၌ ကိုယ်တွင်း၌ ဖြစ်သော အကုသလဝိတက်ကို အချက်ဖြင့် တားဆီး၏။ ထို့ကြောင့် ဟိရိ နိသေဓ မည်၏။

ကောစိလောကသ္မိံ = ဟူသည် ဤသို့သဘောရှိသော ပုဂ္ဂိုလ်ကို ရခဲ၏။ လောက၌ တစ်စုံတစ်ယောက်မျှသာလျှင် ရှိနိုင်၏။

ယောနိဒ္ဒံ =ဟူသည် မမေ့မလျော့ ရဟန်းတရားကို အားထုတ်သူသည် မိမိအား ဖြစ်ပေါ်လာသော အိပ်ငိုက်ခြင်းကို ပယ်လျက် နိုးတတ်သည်။

ကသာမိဝ=ဟူသည် ကောင်းသောမြင်းသည် မိမိအပေါ်ကျမည့် ကြိမ်ကို ပယ်ရှားဘိ သကဲ့သို့ မိမိအပေါ် ကျခွင့်မပေး၊ ဤသို့အိပ်ငိုက်နေသူကို အကြင် သူသည် နှိုးတတ်၏၊ ထို့ကြောင့် ထိုပုဂ္ဂိုလ်မျိုးကို ရခဲ၏-ဟူလို-

ဒုတိယဂါထာ၏ အကျဉ်းချုပ် အဓိပ္ပါယ်ကား-ဤသို့တည်း-ရဟန်းတို့ကောင်းသောမြင်းသည် မွေလျှော့မှု အကြောင်းပြု၍ ကြိမ်ဖြင့် အရိုက်ခံရ၏၊ ငါကဲ့သို့ကောင်းသောမြင်းသည် ကြိမ်ဖြင့် အရိုက်ခံရ၏ ဟူ၍ နောက်ကာလ၌ အားထုတ်မှုကို ပြုသကဲ့သို့ ထို့အတူ အကျွန်ုပ်သည်လည်း ပြင်းစွာအားထုတ်ကြကုန်လော့၊ သံဝေဂဖြစ်ကြကုန်လော့။

ဤသို့ပြုသည်ရှိသော လောကီ လောကုတ္တရာ နှစ်ဖြာသော သဒ္ဓါတရားနှင့်လည်းကောင်း စတုပါရိသုဒ္ဓိသီလဖြင့်လည်းကောင်း ကိုယ်စိတ်နှစ်ပါး အားထုတ်မှုနှင့်လည်းကောင်း၊ သမာပတ် ရှစ်ပါးကည်းဟူသော သမာဓိနှင့်လည်းကောင်း အကြောင်းဟုတ်သည် မဟုတ်သည်ကို သိခြင်း လက္ခဏာရှိသော တရားတော်၌ ဆုံးဖြတ်တတ်သော ဉာဏ်ပညာနှင့် ပြည့်စုံသည်ဖြစ်၍ ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး စရဏတစ်ဆယ့်ငါးပါးတို့နှင့် ပြည့်စုံမှုကြောင့် ဝိဇ္ဇာစရဏနှင့်ပြည့်စုံ၏ ဟူလို-

သတိတရား ထင်ရှားရှိသည်ဖြစ်၍ အတိုင်းမသိ များပြားသော ဤဝဋ်ဆင်းရဲကို ပယ်စွန့်လတ္တံ့ ဟူလို-

ဒေသနာတော်၏ အဆုံး၌ လူများအပေါင်းသည် သောတာပတ္တိဖိုလ်စသည်သို့ ရောက်ကြကုန်၏။

ပိလောတိက တိဿတ္ထေရ ဝတ္ထု၊ ပြီး၏။

၁၁။ သုခသာမဏေရဝတ္ထု။

ဥဒကံ ဟိ နယန္တီ-အစရှိသော ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူစဉ် သုခသာမဏေကို အကြောင်းပြု၍ ဟောတော်မူ၏။

ရှေးလွန်လေပြီးသောအခါ၌ ဗာရာဏသီ ပြည်ကြီးဝယ် ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာသော သူဌေးကြီးတစ်ဦးအား ဂန္ဓအမည်ရှိသော သားတော်ယောက်သည် ဖြစ်ပေ၏။ မင်းကြီးသည် ထိုဂန္ဓ သူဌေးသား၏ ဖခင်ဖြစ်သော သူဌေးကြီးသည် စုတိပြောင်းကြွေ သေလွန်ခြင်းကို ပြုသည်ရှိသော် ထိုဂန္ဓသတို့သားကို ခေါ်စေ၍ ကြီးစွာသော ပူဇော်သက္ကာရဖြင့် ချီးမြှင့်ပြီးသော် ထိုဂန္ဓ သတို့သားအား သာလျှင် သူဌေးကြီး ရာထူးကို အထူးခမြာက်စား ပေးသနားတော်မူ၏။ သူဌေးသားသည် ထိုအခါမှစ၍ ဂန္ဓသူဌေးဟူသော အမည်သည် ထင်ရှားလေ၏။ ထိုနောက် ဘဏ္ဍာစိုးသည် ဥစ္စာထားရာ တိုက်ခန်းတံခါးကို ဖွင့်လှစ်၍ အရှင်

ဤမျှလောက်သော ပစ္စည်းဥစ္စာသည်ကား အသင့်ဖခင်၏ ပစ္စည်းဥစ္စာပေတည်း။ ဤမျှလောက်သော ပစ္စည်းဥစ္စာကား အရှင့် အဘိုးတော်၏ ပစ္စည်းဥစ္စာပါတည်းဟု ထုတ်ဆောင်ပြီး အသီးသီး ပြောဆို ညွှန်ကြားပြသ၏။ ထိုဂန္ဓသူဌေးသည် ဥစ္စာအစုကို ကြည့်ရှုပြီးလျှင် ဘဏ္ဍာစိုး အသို့ပေနည်း၊ ထိုအမိ, အဘ, အဘိုးအဘေးတို့သည် ဤပစ္စည်းဥစ္စာကို တစ်စုံတစ်ခုမျှ ယူ၍ မသွားကြပါကုန်သလောဟု မေး၏။

အရှင် ပစ္စည်းဥစ္စာကိုယူ၍ တမလွန်ဘဝကို သွားလာနိုင်သောသူမည်သည် တစ်စုံတစ်ယောက်မျှ မရှိပါ။ သတ္တဝါတို့သည် မိမိပြုအပ်သော ကုသိုလ်, အကုသိုလ်ကိုသာလျှင်ယူ၍ သွားရပါကုန်သည်ဟု ပြော၏။ ထိုဂန္ဓသူဌေးသည် ကြံဆင်ခြင်သည်မှာ "ထို မိခင်, ဖခင် စသည်တို့သည် ပညာ နုံ့နဲမိုက်မဲသည်အဖြစ်ကြောင့် ပစ္စည်းဥစ္စာကို မျှားစွာပွားစီးတည်စေပြီး စွန့်ပစ်ခဲ့၍ သွားရကုန်သည်၊ ငါသည်ကား ထိုပစ္စည်းဥစ္စာအလုံးစုံကို အကုန်ယူငင်၍ သွားအံ့"ဟု ကြံ၏။ ဤသို့ကြံပြီးသော်လည်း အလှူကို ပေးလှူအံ့၊ ပူဇော်သက္ကာရကိုမူလည်း ပြုပေအံ့ဟု မကြံမူ၍ ဤအလုံးစုံသော ပစ္စည်းဥစ္စာကို စားသောက်၍ သွားပေအံ့ဟု ကြံ၏။

တစ်သိန်းတန် ထမင်းစားပွဲ

ထိုဂန္ဓသူဌေးသည် တစ်သိန်းသောဥစ္စာကို စွန့်လွှတ်၍ ဖန်ဖြင့်ပြီးသော ရေချိုးအိမ်ကို ပြုစေ၏။ တစ်သိန်းသော အသပြာကိုပေး၍ ဖန်ဖြင့်ပြီးသည်သာလျှင်ဖြစ်သော ရေချိုးဆုအင်းပျဉ်ကို ပြုစေ၏။ တစ်သိန်းသော အသပြာကိုပေး၍ ဘောဇဉ်ထည့်သော ခွက်ကိုပြုစေ၏။တစ်သိန်းကိုသာလျှင်ဖြစ်သော အသပြာကိုပေး၍ ဘောဇဉ်စားဆုအရပ်၌ မဏ္ဍပ်ကို ပြုစေ၏။ တစ်သိန်းသောအသပြာကိုပေး၍ ဘောဇဉ်ခွက်၌ ထည့်လောင်းခစား လုပ်ကျွေးရာကို ပြုစေ၏။ တစ်သိန်းသာလျှင်ဖြစ်သော အသပြာကိုပေး၍ လေသောက်ပြတင်းကို တည်လုပ်စေ၏။ မိမိ၏နံနက်စာအလို့ငှါ တစ်ထောင်သော အသပြာကိုပေး၏။ ညစာအလို့ငှါလည်း တစ်ထောင်သော အသပြာကိုသာလျှင် ပေး၏။ လပြည့်နေ့၌ကား စားသုံးရန်ခဲဖွယ်ဘောဇဉ်အလို့ငှါ တစ်သိန်းသောအသပြာကို ပေးစေ၏။ ထိုတစ်သိန်းအဖိုးတန် စီမံအပ်သော ထမင်းကို သုံးဆောင်စားသောက်သောနေ့၌ တစ်သိန်းသော အသပြာကို စွန့်လွှတ်၍ မြို့ကို တန်ဆာဆင်ပြီးသော် "ဂန္ဓသူဌေး၏ ထမင်းဘောဇဉ် စားသုံးသော အခြင်းအရာကို ကြည့်ရှုစေသတည်း" ဟူသော စည်ကို လှည့်လည်စေ၏။ လူများအပေါင်းသည် ညောင်စောင်းကြီးငယ်တို့ကို ဖွဲ့လျက် စည်းဝေးစေ၏။

ထိုဂန္ဓသူဌေးသည်လည်း အဖိုးတစ်သိန်းထိုက်သော ရေချိုးအိမ်၌ အဖိုးတစ်သိန်းထိုက်သော အင်းပျဉ်ဝယ် ထိုင်နေ၏။ တစ်ဆယ့်ခြောက်လုံးကုန်သော

နံသာရေတို့ဖြင့် ရေချိုးပြီးလျှင် လေသောက် ပြတင်းကို ဖွင့်လှစ်စေပြီးသည် ကာလ အဖိုးတစ်သိန်းထိုက်သော ပလ္လင်၌ ထိုင်နေ၏။ ထိုသို့ ထိုင်နေသောအခါ ဘောဇဉ်ခွက်၌ သွန်းလောင်းထည့်ဖို့ရာ စီရင်အပ်သော အဖိုးတစ်သိန်းထိုက်သော နေထွဋ်၌ ဘောဇဉ်ခွက်ကို ထားပြီးလျှင် အဖိုးတစ်သိန်းထိုက်သောဘောဇဉ်ကို စီရင်ပွားများစေကုန်၏။ ထိုဂန္ဓသေဋ္ဌေးသည် ကချေသည်အပေါင်း ခြံရံလျက် ဤသို့သဘောရှိသော စည်းစိမ်ချမ်းသာ၏ ပြည့်စုံခြင်းဖြင့် ဧမံအပ်သော ထို ဘောဇဉ်ကို စား၏။

ဇနပုဒ် တောတွင်းသား

အခါတစ်ပါး၌ ရှင်ငယ်တစ်ရှာ၌နေသော တစ်ယောက်သောသူသည် မိမိ၏ အစာရိက္ခာကို ဆောင်ယူခြင်းငှါ၊ ထင်းသစ်စသည်တို့ကို လှည်း၌ထည့်သွင်း ဝင် ဆောင်၍ မြို့သို့သွားရောက်ပြီးသည်ကာလ မိမိအဖော်ခင်ပွန်း၏အိမ်၌ နေခြင်းကို ပြု၏။ ထိုအခါ လပြည့်နေ့သည် ဖြစ်၏။ ဂန္ဓသူဋ္ဌေး၏ ထမင်းဘောဇဉ် စား သော တင့်တယ်စံပယ်ခြင်းကို ကြည့်ရှုစေသတည်းဟု မြို့၌စည်ကို လှည့်လည်စေ ကုန်၏။

ထိုအခါ ဇနပုဒ်သား ည့ွှေသည်ဖြစ်သော ထိုယောကျ်ားကို အဖော်ငင်ပွန်း ဖြစ်သော ယောကျ်ားက အသင်သည် ဂန္ဓသူဋ္ဌေး၏ ထမင်းဘောဇဉ်ကို စား သုံးသော တင့်တယ်စံပယ်ခြင်းကို မြင်ဖူး၏လောဟု မေး၏။ အဆွေ တစ်ခါ တစ်ရံမျှ မမြင်ဖူးပါဟု ပြောသည်ရှိသော် ထိုသို့ဖြစ်ပါမူကား လာလှည့်သွားကြ ကုန်အံ့၊ ဂန္ဓသေဋ္ဌေးသည် မြို့၌စည်ကို လှည့်လည်စေ၏။ ကြီးစွာသောစည်းစိမ် ချမ်းသာကို ကြည့်ရှုကုန်အံ့ဟု ပြောဆို၍ မြို့နေယောကျ်ားသည် ဇနပုဒ်သား ခင်ပွန်းဖြစ်သော ထိုယောကျ်ားကို ခေါ်ဆောင်၍သွား၏။ လူမျှားအပေါင်းသည် ညောင်စောင်းကြီး, ညောင်စောင်းငယ်၌ တက်ရောက်၍ ကြည့်ရှု၏။ ဇနပုဒ်ရှာ ငယ်နေ ဖြစ်သော ယောကျ်ားသည် ထမင်းနှံကိုနှံ၍သာလျှင် မြို့နေခင်ပွန်းကို "အဆွေ ငါ့အား ထိုခွက်ဝယ် ထည့်ထားအပ်သော ထမင်းခဲ၌ မုတ်သိပ်ခြင်း ဖြစ်လေသည်"ဟု ပြော၏။

ထမင်းတစ်နပ် သုံးနှစ်ကျန်ခံခြင်း

အဆွေ ဤထမင်းကို မတောင့်တလင့်၊ ရခြင်းငှါ မစွမ်းနိုင်လတ္တံ့ဟု ပြော၏။ အဆွေ မရသည် ရှိသော် ငါသည် အသက်ရှင်တော့မည် မဟုတ်ဟု ပြော၏။ ထိုမြို့သားယောကျ်ားသည် ဇနပုဒ်ရှာငယ်သား ထိုယောကျ်ားကို တားမြစ်ခြင်းငှါ မစွမ်းနိုင်သောကြောင့် ပရိသတ်အစုန်၌ ရပ်တည်လျက် အရှင် အသင့်အား ရှိခိုးပါ၏ဟူ၍ သုံးကြိမ်တိုင်တိုင် ကျယ်စွာသော အသံကို

ကျူးရင့်ပြီး ဤသူသည် အဘယ်သူနည်းဟု ဆိုသည် ရှိသော် အရှင် အကျွန်ုပ် ပါတည်းဟု ပြောသဖြင့် ထိုအကြောင်းကား အဘယ်နည်းဟု မေးပြန်လျှင် အရှင် တစ်ခုသော ဇနပုဒ်ရွာငယ်၌နေသော ဤယောကျ်ားသည် အရှင်သူဌေး တို့၏ ခွင့်ဝယ် ထည့်အပ်သော ထမင်းခဲ၌ မွတ်သိပ်ခြင်းကို ဖြစ်စေ၏။ တစ်ခုသော ထမင်းခဲကို ပေးပါစေကုန်သော့ဟု တောင်း၏။ ရခြင်းငှါ မစုမ်း နိုင်ဟု ပြန်၍ပြောသဖြင့် အဆွေ အသို့နည်း၊ အသင့်အား ကြားအပ်ပြီလောဟု မေး၏။ အဆွေ ငါ့အား ကြားအပ်ပေ၏။ စင်စစ်သော်ကား ထိုထမင်းခဲကို ရအပ်သည် ရှိသော် အသက်ရှင်ပေလိမ့်မည်။ မရသည် ရှိသော် ငါ့အား သေခြင်း ဖြစ်ရတော့အံ့ဟု ပြော၏။

ထိုယောကျ်ားသည် ထပ်၍တစ်ဖန် ဤသူသည် ထိုထမင်းခဲကို မရခဲ့သော် သေရပါလိမ့်မည်၊ ဘို့ဖြစ်၍ ထိုသူအား အသက်ဇီဝိတိန္ဒြေကို ပေးသနားပါ ကုန်လော့ဟု ဟစ်အော်ပြန်၏။ ဂန္ဓသူဌေးကလည်း အိုအချင်း ထမင်းခဲမည် သည် တစ်ရာသော်လည်း ဒဖိုးထိုက်၏။ နှစ်ရာသော်လည်း အဖိုးထိုက်၏။ အကြင်အကြင်သို့သော သူသည် တောင်း၏၊ ထိုသို့သော သူအား ပေးဒေါ် သည်ရှိသော် ငါသည် အဘယ်ကို စားရအံ့နည်းဟု ပြော၏။ အရှင် ဤယောကျ်ား သည် ထမင်းခဲကို မရခဲ့သော် သေရပါတော့မည်။ သို့ဖြစ်၍ ထိုယောကျ်ားအား အသက်ဇီဝိတိန္ဒြေကို ပေးသနားပါကုန်လော့ဟု ထပ်၍တစ်ဖန် ပြောဆိုပြန်၏။

အချည်းနှီးသက်သက်အားဖြင့် ရခြင်းငှါ မတတ်ကောင်း။ ရသည့် ရှိသော် ထိုသူတို့၏ အသက်သည် အကယ်၍ ရှင်သည် ဖြစ်အံ့၊ သုံးနှစ်တိုပတ်လုံး ငါ၏အိမ်၌ အခစားအမှုကို ပြုလုပ်လေလော့။ ဤသို့ ပြုလုပ်အပ်သည် ရှိသော် ထိုသူအား ထမင်းခွက်ကို ပေးစေအံ့ဟု သူဌေးက ပြော၏။

ဇနပုဒ်ရွာသားဖြစ်သော ယောကျ်ားသည် သူဌေးပြောသော စကားကို ကြား၍ အဆွေ ဤသို့ သူဌေးပြောဆိုတိုင်း ရှိစေတော့ဟု အဖော်မြို့သား ခင်ပွန်း ယောကျ်ားကို ပြောဆို့ပြီးလျှင် သားမယားကို ပယ်စွန့်၍ ထမင်း ခွက်ကို ရခြင်းအကျိုးငှါ သုံးနှစ်တိုပတ်လုံး အခစားအမှုကို ပြုလုပ်တော့မည်ဟု ကြံ၍ သူဌေးကြီးအိမ်သို့ ဝင်၏။

ထိုယောကျ်ားသည် အခစားအမှုကို ပြုလုပ်သည် ရှိသော် အလုံးစုံသော အမှုကိစ္စတို့ကို ရှိသေကောင်းမွန်စွာ ပြုလုပ်၍ အိမ်၌လည်းကောင်း၊ တော၌ လည်းကောင်း၊ ညဉ့်၌လည်းကောင်း၊ နေ့၌လည်းကောင်း အလုံးစုံသော ပြုလုပ်ဖွယ် အမှုတို့သည် ပြုအပ်ပြီးသည်သာလျှင် ထင်ကုန်၏။ ဘတ္တာဘတိက ဟူ၍ ပြောဆိုသည် ရှိသော် အလုံးစုံသော မြို၌လည်း ထင်ရှား၏။ ထိုနောက်

ထိုယောက်ျားအား ထမင်းခွက်ကို ရပါစိမ့်သောငှါ ပြုလုပ်အပ်သော နေ့သည် ပြည့်သည် ရှိသော် သူဌေး၏ ထမင်းစားသုံးသော အမှုကြီးငယ်ကို ရွက်ဆောင်သော အစေခံ ယောက်ျားက သူဌေးကြီးသို့ ချဉ်းကပ်၍ အရှင်ထမင်းခွက်ကို ရပါအံ့သောငှါ နေ့သည်ပြည့်ပါစြီ။ ထိုသူသည် ပြုနိုင်ခဲသော အမှုကို ပြုအပ်ပါသည်။ သုံးနှစ်တို့ပတ်လုံး အခစားအမှုကို ပြုသဖြင့် တစ်ခုသော အမှုကိစ္စမျှလည်း မချိုယွင်း မပျက်စီးဖူးပါဟု ပြော၏။

ထိုအခါ သူဌေးကြီးက ထိုအမှုလုပ် ယောက်ျားအား မိမိ ညစာ, နံနက်စာ အလို့ငှါ နှစ်ထောင်သော အသပြာတို့ကို လည်းကောင်း၊ ဇနပုဒ်ရွာငယ်သား အမှုလုပ် ထိုယောက်ျား၏ နံနက်စာ အလို့ငှါ တစ်ထောင်သော အသပြာတို့ကို လည်းကောင်း ပေး၍ ယနေ့ ငါ့အား ပြုဖွယ်သော အခြေအရံ အစောင့်အရှောက်ကို ဇနပုဒ်ရွာငယ်သား ထိုယောက်ျားအားသာလျှင် ပြုလုပ်ကြကုန်လော့ဟု ပြောဆိုပြီးမှ စိန္တာမဏိ အမည်ရှိသော မယားကိုထား၍ ကြွင်းသော လူများ အပေါင်းသည်လည်း ယနေ့ ဇနပုဒ်ရွာငယ်သား ထိုယောက်ျားကို သာလျှင် ခြံရံကြကုန်လော့ဟု စေခိုင်း၍ ထိုအလုံးစုံသော စည်းစိမ်ချမ်းသာကို ဆောက်နှင်း၏။ ဇနပုဒ်ရွာငယ်သား ထိုယောက်ျားသည် သူဌေးချိုးသောရေဖြင့် သူဌေး၏ တိုက်ခန်း အင်းပျဉ်၌ ထိုင်နေပြီးသော် ရေချိုး၍ သူဌေးဝတ်သော ပုဆိုးတို့ကို ဝတ်ပြီးသည့်အခါ သူဌေးထိုင်နေရာဖြစ်သော ထိုပလ္လင်၌သာလျှင် ထိုင်နေ၏။ သူဌေးသည်လည်း မြို့၌ ဘတ္တဘတိက အမည်ရသော သူသည် ဂန္ဓသူဌေးကြီးအိမ်၌ သုံးနှစ်တို့ပတ်လုံး အခစားအမှုကို ပြု၍ ထမင်းခွက်ကို ရအပ်၏။

ခမ်းနားကြီးကျယ်သော ထမင်းစားပွဲ

ဘတ္တဘတိက အမည်ရသော ထိုယောက်ျား၏ ထမင်းစားသော စည်းစိမ်ချမ်းသာကို ကြည့်ရှုလာစေကုန်သတည်းဟု စည်ကို လှည့်လည်စေ၏။ လူများ အပေါင်းသည် ညောင်စောင်းကြီး, ညောင်စောင်းငယ်၌ တက်ရောက်၍ ကြည့်ရှုပါ။ ကြည့်တိုင်း ကြည့်တိုင်းသော နေရာအရပ်သည် တုန်လှုပ်အပ်သော အခြင်းအရာသို့ ရောက်သည် ဖြစ်လေ၏။ ကချေသည်တို့သည် ခြံရံ၍ တည်ကုန်၏။ ထိုယောက်ျား၏ ရှေ့မှ ထမင်းခွက်ကို နှစ်သက်ဖွယ်ပင် စီရင်၍ထားကုန်၏။

ထိုနောက် ဇနပုဒ်ရွာငယ်သား ထိုယောက်ျား၏ လက်ဆေးအံ့သောအခါငယ် ဂန္ဓမာဒနတောင်၌ သီတင်းသုံးတော်မူသော တစ်ပါးသော ပစ္စေကဗုဒ္ဓါအရှင်သည် ခုနစ်ရက်မြောက်သောနေ့၌ သမာပတ်မှ ထတော်မူ၍ အဘယ်သို့သော အရပ်၌ ယနေ့ ဆွမ်းခံလှည့်လည်ခြင်းအလို့ငှါကြွသွားရအံ့နည်းဟု စုံစမ်းဆင်ခြင်သည်ရှိသော် ဘတ္တဘတိက အမည်ရသော ရွာငယ်သား ထိုယောက်ျားကို မြင်

တော်မူလေ၏။ ထိုနောက် ပစ္စေကဗုဒ္ဓါအရှင်အား ဤသို့သောအကြံသည်ဖြစ်၏ "ဤယောကျ်ားသည် သုံးနှစ်တို့ကာလပတ်လုံး အခစားအမှုကိုပြု၍ ထမင်းဘောဇဉ်ခွက်ကို ရပေ၏။ အသို့ပေနည်း၊ ထိုယောကျ်ားအား သဒ္ဓါတရားရှိလေသလော့ မရှိလေသလောဟု စုံစမ်းဆင်ခြင်ပြန့်သည် ရှိသော် သဒ္ဓါတရားရှိသည့် အဖြစ်ကို သိ၍ သဒ္ဓါတရား ထင်ရှားရှိပါသော်လည်း အချို့သောသူတို့ကို ချီးမြှင့်ပေးကမ်း လှူဒါန်းခြင်းကို ပြုခြင်းငှါ မစွမ်းနိုင်ကုန်လတ္တံ့။ အသို့နည်း၊ ငါ့ကို မူကား ချီးမြှင့် ပေးကမ်း လှူဒါန်းခြင်းကို ပြုခြင်းငှါ စွမ်းနိုင်ပါလတ္တံ့လောဟု ဆင်ခြင်တော်မူပြန်၏။ ထိုသို့ ဆင်ခြင်တော်မူသောအခါ ထိုယောကျ်ားသည် ငါ့အား ချီးမြှင့်ပေးကမ်း လှူဒါန်းခြင်းငှါလည်း စွမ်းနိုင်လတ္တံ့။ ငါ့အား ချီးမြှင့် လှူဒါန်းသည်ကို မှီ၍ ကြီးစွာသော စည်းစိမ်ချမ်းသာကို ရလတ္တံ့" ဟု သိမြင်တော်မူပြီး၍ သက်နှံးကို ရုံတော်မူပြီးသော် သပိတ်တော်ကို ယူတော်မူ၍ ကောင်ကင်သို့ ပျံတက်ကြွသွားပြီးသောအခါ ပရိသတ်အစွန်၌ မကြွသွားမူ၍ ထိုယောကျ်ား၏ ရှေ့ပည့်တည့်မှ တန့်ရပ်တော်မူ၍သာလျှင် ကိုယ်ကို ပြတော်မူ၏။

အရှင်ပစ္စေကဗုဒ္ဓါအား ဆွမ်းလှူခြင်း

ထိုယောကျ်ားသည် ပစ္စေကဗုဒ္ဓါကို မြင်၍ ကြံဆင်ခြင်သည်မှာ "ငါသည် ရှေးရှေးသောကာလ ဘဝထိုထို၌ အလှူခံပုဂ္ဂိုလ်တို့အား မပေးကမ်းမလှူဒါန်းသဖြင့် ဒါနမရှိသည့်အဖြစ်ကြောင့် ထမင်းတစ်ခွက်၏ အကျိုးငှါ သုံးနှစ်တိုင်တိုင် သူတပါး၏အိမ်၌ အခစားအမှုကိုပြုလုပ်ရ၏။ဤယခုအခါ၌ ဤထမင်းဘောဇဉ်ကို စားရသည်ရှိသော် တစ်နေ့တည်းမျှလောက်သာ ငါ့အား စောင့်ရှောက်ပေရာ၏။ ထိုထမင်းဘောဇဉ်ကို အရှင်မြတ်အား အကယ်၍ ငါပေးလှူခဲ့သည် ဖြစ်အံ့။ များစွာကုန်သော ကမ္ဘာကုဋ္ဌေ တစ်ထောင်တို့ ကာလပတ်လုံး ငါ့အား စောင့်ရှောက်ပေလတ္တံ့။ ထိုထမင်းဘောဇဉ်ကို အရှင်မြတ်အားသာလျှင် ပေးလှူတော့အံ့ဟု ကြံ၏။ ကြံပြီး၍ကား ထိုယောကျ်ားသည် သုံးနှစ်တိုင်တိုင် အခစားအမှုကို ပြုလုပ်၍ ရအပ်သော ထမင်းခွက်၌ တစ်ခဲမျှသော ထမင်းကိုလည်း ခံတွင်း၌ မထည့်သွင်းမူ၍ ထမင်းဘောဇဉ်၌ တပ်မက်သော တဏှာကို ပယ်ဖျောက်ပြီးသော် ကိုယ်တိုင်သာလျှင် ထမင်းခွက်ကိုယူ၍ ပစ္စေကဗုဒ္ဓါ အရှင့်ထံသို့ သွားရောက်ပြီးလျှင် ထမင်းခွက်ကို တစ်ပါးသောသူ၏လက်၌ ပေးထားပြီးမှ ငါးပါးသော တည်ရာရှိသော ရှိခိုးခြင်းဖြင့် ရှိခိုးပြီး၍ ထမင်းခွက်ကို လက်ဝဲလက်ဖြင့် ကိုင်ယူပြီးသော် လက်ယာလက်ဖြင့် ပစ္စေကဗုဒ္ဓါ၏ သပိတ်၌ ထည့်လောင်း၏။ ပစ္စေကဗုဒ္ဓါအရှင်သည် ထမင်း၏ ထက်ဝက်မျှလောက်ကြွင်းသောအခါ၌ သပိတ်ကို လက်ဖြင့် ပိတ်၏။

ထိုအခါ ဘတ္တဘတိက မည်သော ထိုယောကျ်ားက ဘုန်းတော်ကြီးတော်မူသော အရှင်ဘုရား ဤထမင်းသည် တစ်ယောက်သော သူ၏သာလျှင် အဖို

ပါတည်း။ နှစ်ဖြာခွဲဝေခြင်းကို ပြုခြင်းငှါ မတတ်ကောင်းပါ၊ တပည့်တော်ကို ယခုဘဝအတွက်သာ ချီးမြှင့်ခြင်းကို ပြုတော်မမူပါကုန်လင့်။ တမလွန်ဘဝအတွက် ချီးမြှင့်ခြင်းကိုလည်း ပြုတော်မူပါကုန်လော့။ အကြွင်းချန်သားသည်ကို မပြုမူ၍ အကြွင်းမဲ့အကုန် အလုံးစုံကိုသာလျှင် ပေးလှူပါအံ့ဟု လျှောက်ကြား၏။

[ထိုစကားမှန်၏။ မိမိအား အနည်းငယ်ကိုသာလည်း မကြွင်းကျန်စေမူ၍ အကြွင်းမဲ့အားဖြင့် ပေးလှူအပ်သောဒါန မည်သည် အကျိုးကြီးမြတ်သည် ဖြစ်ကုန်၏ဟု ၎င်းအဌကထာ၌ မိန့်တော်မူ၏။]

ထိုယောကျ်ားသည် ထိုသို့သော အခြင်းအရာဖြင့် ပြောဆိုပြုလုပ်လျက် အလုံးစုံသော ထမင်းဘောဇဉ်ကို ပေးလှူပြီးသော် တစ်ဖန် ရှိခိုးဦးချပြီး အရှင်ဘုရား တစ်ခုသော ထမင်းခွက်ကို အမှီပြု၍ သုံးနှစ်တိုင်တိုင် တပည့်တော်အား သူတပါး၏အိမ်၌ အခစားအမှုကို ပြုလုပ်ရသဖြင့် ကြီးစွာသော ဆင်းရဲဒုက္ခကို အစဉ် ခံစားခဲ့ရပါသည်ဘုရား၊ ဤယခုအခါ ဖြစ်တိုင်း ဖြစ်တိုင်းသော ဘုံဌာန၌ ချမ်းသာရိပ်ငြိမ် စည်းစိမ်ကြွယ်ဝ ပေါများလှသည်သာလျှင် ဖြစ်ပါစေသတည်း။ အရှင်ဘုရားတို့ သိမြင်အပ်သော တရား၏သာလျှင် အဖို့ရှိသည် ဖြစ်ပါစေသတည်းဟု ဆုတောင်းပတ္ထနာ လျှောက်ကြား၏။

ပစ္စေကဗုဒ္ဓါ အရှင်သည်လည်း "ဒါယကာ အသင့်အား အလိုခပ်သိမ်းကို ပေးတတ်သော စိန္တာမဏိ ပတ္တမြားရတနာကဲ့သို့လည်းကောင်း၊ ပန္နရသီ တိထီ ရက်စေ့ ထွန်းပြည့်သော လမင်းကဲ့သို့လည်းကောင်း ဤသို့ တောင့်တရည်သန် ကြံစည်ဘိုင်းသော ဆုတောင်း ပတ္ထနာတို့သည် ပြည့်စုံပါစေသတည်းဟု အနုမောဒနာကို ပြုလို၍ ဤနှစ်ဂါထာကို မိန့်ဆိုတော်မူ၏—

ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု။
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ စန္ဒော ပန္နရသော ယထာ။

ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု။
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ မဏိဇောတိရသော ယထာ။

သင်လိုလားတောင့်တတိုင်း လျင်မြန်စွာ ပြည့်စုံပါစေသတည်း။ ၁၅-ရက်နေ့တွင် ထွက်ပေါ်သော လမင်းသည် ပြည့်သကဲ့သို့ ခပ်သိမ်းသော အကြံအစည်ကောင်း တို့သည် ပြည့်စုံပါစေသတည်း။ သင့်အား ကြံစည်လိုလား တောင့်တတိုင်း လျင်မြန်စွာ ပြည့်စုံပါစေသတည်း။ မဏိဇောတ ပတ္တမြားကဲ့သို့ ကောင်းသော အကြံအစည်အားလုံးသည် ပြည့်စုံပါစေသတည်း။

[အနည်းငယ်မျှသော ဆွမ်းသည် ငါးရာကုန်သော ပစ္စေကဗုဒ္ဓါ အရှင်တို့အား အဘယ်ကြောင့် လောက်ငှပါလိမ့်မည်နည်းဟု မကြံစည်

အပ်၊ ထိုစကားမှန်၏။ မကြံအပ်, မကြံဘဲညီထိုက်ကုန်သော လေးပါး ကုန်သော အစိန္တေယျတို့ကို ဟောတော်မူအပ်ကုန်၏။ ထိုလေးပါးတို့ဝင် ဤအရာဌာနသည်ကား ပစ္စေကဗုဒ္ဓါ ဝိသယ မကြံစည်အပ်သော အရာဌာနပေတည်းဟု ၎င်းအဋ္ဌကထာ၌ မိန့်တော်မူ၏။]

သူဌေးကြီးက စည်းစိမ်ထက်ဝက်ကို ပေးအပ်ခြင်း

လူများအပေါင်းသည်လည်း ပစ္စေကဗုဒ္ဓါ အမှင်တို့အား ဆွမ်းကို ခဲ့ခြမ်း ဝေဖန်၍ ပေးလှူအပ်သည်ကို မြင်သည်ရှိသော် ကောင်းချီးတစ်ထောင်တို့ကို ဖြစ်စေ၏။ မိုးကြိုးစက်ကျသော အသံကဲ့သို့ ဖြစ်လေ၏။ ထိုအသံကိုကြား၍ ဂန္ဓသူဌေးသည် "ထမင်းတည်းဟူသော အစာ အာဟာရကြောင့် အခစားအမှုကို ပြုလုပ်သော ဘတ္တဘတိက အမည်ရသော ယောကျာ်းသည် ငါပေးအပ်သော စည်းစိမ်ကို ဆောင်ရွက်ခြင်းငှါ မစွမ်းနိုင်ပေလတ္တံ့။ ထိုသို့ မစွမ်းနိုင်ခြင်းကြောင့် လူများအပေါင်းသည် ပြက်ရယ်မှုပြုလျက် စည်းဝေးဟစ်အော်သည် ဖြစ်ပေလိမ့်မည်"ဟု ကြံ၏။ ကြံပြီး၍ကား ထိုဂန္ဓသူဌေးသည် ထိုအကြောင်း ဖြစ်ပုံ အလုံစုံကို အကုန်ကြားသိရခြင်း အကျိုးငှါ လူတို့ကို စေလွှတ်၏။

ထိုလူတို့သည် သွားရောက် ကြည့်ရှု ပြန်လာခဲ့ပြီးမှ အရှင် ထိုယောကျာ်းသည် စည်းစိမ်ချမ်းသာကို ရွှင်ဆောင် နိုင်ရုံမျှမက ဤသို့ သဘောရှိသည် ဖြစ်ပေသည်ဟု ပြော၍ ထို့ဖြစ်ခြင်း အလုံးစုံကို အကုန် ပြန်ကြားကုန်၏။ သူဌေးကြီးသည် ထိုစကားကို ကြား၍ သာလျှင် ငါးပါးအဆင်းရှိသော ပီတိဖြင့် တွေ့ထိသော ကိုယ်ရှိသည်ဖြစ်၍ "သြော် အံ့ဖွယ်ရှိစွ။ ထိုယောကျာ်းသည် ပြုနို ခဲသောအမှုကို ပြုလုပ်ပေသည်။ ငါသည် ဤမျှလောက်သော ကာလ ပတ်လုံး ဤသို့သဘော ရှိသော စည်းစိမ်ချမ်းသာ၌ တည်လျက် တစ်စုံတစ်ခု သော ဒါနဝတ္ထုကို ပြုစုပေးလှူခြင်းငှါ မစွမ်းနိုင်လေ"ဟု ကြံ၍ ထိုယောကျာ်း ကို ခေါ်စေပြီးလျှင် အသင်သည် ဤအမည်ရှိသော အမှုကဲ့ပြုလုပ်အပ်သော ဟူသည် ဟုတ်မှန်ပေသလောဟု မေး၍ အရှင် သြော်- ဟုတ်မှန်ပါသည်ဟု ပြောသည်ရှိသော် အချင်းယောကျာ်း ယခု တစ်ထောင်သော အသပြာကို ယူ၍ အသင်၏ဒါန၌ ငါ့အားလည်း ကုသိုလ်အဖို့ကို ပေးပါလော့ဟု ပြော၏။ ထိုယောကျာ်းသည် သူဌေးပြောဆိုတိုင်းကို ပြုပေ၏။ သူဌေးကြီးသည် ထိုယောကျာ်းအား အလုံးစုံသော မိမိ၏ ပစ္စည်းဥစ္စာကို အလယ်၌ခွဲ၍ ထက်ဝက်သော ပစ္စည်းဥစ္စာ စည်းစိမ်ကို ပေး၏။

ထိုယောကျာ်းသည် ရုတ်တရက် ခဏ သူဌေးကြီး၏ အထံမှ ထက်ဝက်သော စည်းစိမ်ချမ်းသာရခြင်းမှာ ဒါနဝတ္ထုကို ပြုစုလှူဒါန်းသော အရာဝယ် သမ္ဘဒါလေးပါးရှိ၏။ လေးပါးဟူသော်ကား-

၁-ဝတ္ထုသမ္ပဒါတစ်ပါး၊
၂-ပစ္စယသမ္ပဒါတစ်ပါး၊
၃-စေတနာသမ္ပဒါတစ်ပါး၊
၄-ဂုဏ်းတိရေကသမ္ပဒါတစ်ပါး။

အားဖြင့် လေးပါးအပြားရှိ၏။

ထိုလေးပါးတို့တွင် နိရောဓသမာပတ်မှ ထသော ရဟန္တာ အနာဂါမ် အလှူခံပုဂ္ဂိုလ်သည် ဝတ္ထုသမ္ပဒါမည်၏။

ပစ္စည်းဥစ္စာတို့၏ တရားသဖြင့် သင့်တင့်ညီညွတ်စွာ ဖြစ်ပေါ်ရရှိခြင်းသည် ပစ္စယသမ္ပဒါမည်။

လှူသည်မှ ရှေ့အဖို့ ဖြစ်သောကာလ, လှူဆဲသောကာလ, လှူပြီးသည်မှ နောက်အဖို့ကာလဟု ဆိုအပ်သော သုံးပါးသောကာလတို့၌ စေတနာ၏ နှစ်သက်ဝမ်းသာသော သောမနဿနှင့်တကွ ဉာဏ်နှင့်ယှဉ်သော အဖြစ်သည် စေတနာသမ္ပဒါမည်၏။

အလှူခံပုဂ္ဂိုလ်၏ သမာပတ်မှ ထသော အဖြစ်သည် ဂုဏ်ဝတိရေကသမ္ပဒါမည်၏ဟု ဂုဏ်အင်္ဂကဆာ၌ မိန့်တော်မူ၏။

ထိုယောဂျိုး၏ အလှူဒါနသည် လေးပါးသော သမ္ပဒါတို့နှင့် ညီညွတ်ပြည့်စုံ၏။ ညီညွတ်ပြည့်စုံဟန်ကား-

၁။ ဤယောဂျိုး၏ အလှူခံပုဂ္ဂိုလ်သည် ရဟန္တာ ဖြစ်သော ပစ္စေကဗုဒ္ဓါ အလှူခံပေတည်း။

၂။ အခစားအမှုကို ပြုလုပ်၍ ရအပ်သော ပစ္စည်းဖြစ်သဖြင့် တရားသဖြင့် ဖြစ်သော ပစ္စည်းတည်း။

၃။ မလှူမီ, လှူဆဲ, လှူပြီးဟု ဆိုအပ်သော သုံးပါးသောကာလတို့၌ စင်ကြယ်သောစေတနာ ရှိသည့်အဖြစ်ကြောင့် စေတနာသမ္ပဒါဖြစ်၏။

၄။ သမာပတ်မှ ထမြောက်ခါမျှဖြစ်သော ပစ္စေကဗုဒ္ဓါအရှင်သည် ဂုဏ်ဝတိရေက ဖြစ်၏။ ဤသို့အားဖြင့် လေးပါးကုန်သော သမ္ပဒါတို့သည် ပြည့်စုံကုန်၏။ ထိုလေးပါးသော သမ္ပဒါတို့သို့ အစုံမီးသတ်ဖြင့် မျက်မှောက်သော ကိုယ်၏ အဖြစ်၌သာလျှင် ကြီးစွာသော စည်းစိမ်ချမ်းသာသို့ ရောက်လေသတည်း။

ဘတ္တဘတိကသူဌေးကြီး

နောက်အဖို့၌လည်း မင်းကြီးသည် ဤယောကျ်ား ဖြူလုပ်သောအမှုကို ကြားသိ၍ ထိုယောကျ်ားကို ခေါ်စေပြီးလျှင် တစ်ထောင်သော အသပြာကို ပေး၍ ကုသိုလ်အဖို့ကိုယူပြီးမှ နှစ်သက်သောစိတ်ရှိသဖြင့် ကြီးစွာသော စည်းစိမ်ချမ်းသာကို ချီးမြှင့်၍ သူဌေးကြီးအရာကို ပေးသနားတော်မူ၏။ ထိုသူဌေးအား ဘတ္တဘတိကသူဌေးဟူသော အမည်ကိုပြု၏။ ထိုဘတ္တဘတိက သူဌေးသည် ဂန္ဓသူဌေးနှင့် အတူတကွ အဖော်ခင်ပွန်းဖြစ်၍ တစ်နေ့တည်း၌ အတူတကွ စားသောက်ခြင်း စသည်ကိုပြုလျက် အသက်ရှည်သမျှ ကာလပတ်လုံး တည်နေလျက် ထိုသူဌေး၏ဘဝမှ စုတေခဲ့သည်ရှိသော် နတ်ပြည်၌ဖြစ်၏။ တစ်ဆူသော ဘုရားရှင်၏ အကြား ကာလပတ်လုံး နတ်ပြည်၌ဖြစ်သော စည်းစိမ်ချမ်းသာကို အစဉ်ခံစား၍ ဂေါတမဘုရား ပွင့်တော်မူသော ဤယခုအခါ၌ သာဝတ္ထိပြည်ဝယ် သာရိပုတ္တရာ မထေရ်၏ အလုပ်အကျွေး အမျိုးအိမ်၌ ပဋိသန္ဓေ တည်နေစဲ့ယူလေ၏။

ထိုနောက် သူငယ်၏မိခင်သည် ရအပ်သော ကိုယ်ဝန်၏ အစောင့်အရှောက် ရှိသည်ဖြစ်၍ နှစ်ရက်သုံးရက်ကို လွန်သဖြင့် "ငါသည် ရဟန်းငါးရာတို့နှင့် အတူတကွ သာရိပုတ္တရာမထေရ်အား သတရသမည်သော ဘောဇဉ်ကို ပေးလှူ၍ ဖန်ရည်စွန်းသော အဝတ်တို့ကို ဝတ်ရုံပြီးသည့်အခါ ရွှေခွက်ငယ်ကို ယူပြီးလျှင် အစွန်ဆုံးဖြစ်သော နေရာ၌ထိုင်နေလျက် ထိုရဟန်းတို့၏ စားကြွင်းကို သုံးဆောင်စားသောက်ရပါမူကား ဩဇာ-ကောင်းလေစ" ဟူသော ချင်ခြင်းသည်ဖြစ်၍ ထိုချင်ခြင်း ဖြစ်တိုင်းသာလျှင် ပြုလုပ်ပြီးသည့်အခါ ချင်ခြင်းကို ပယ်ဖျောက်စေ၏။

သုခကုမာရ သတို့သား

ထိုအမျိုးသမီးသည် ကြွင်းသော မင်္ဂလာတို့၌လည်း ထိုသို့သဘောရှိသော အလှူဒါနကို ပေးလှူ၍ သားကိုဖွားမြင်ပြီးသော် အမည်မှည့်အံ့သော နေ့၌ အရှင်ဘုရား တပည့်တော်မ၏သားအား သိက္ခာပုဒ်တို့ကို ပေးသနားတော်မူပါ ကုန်လော့ဟု အရှင်သာရိပုတ္တရာမထေရ်ကို လျှောက်၏။မထေရ်က ဤသူငယ်အား အဘယ်အမည်ရှိသနည်းဟု မေးတော်မူ၏။ အရှင်ဘုရား တပည့်တော်မ၏သား ပဋိသန္ဓေတည်နေသောကာလမှ စ၍ ဤအိမ်၌ တစ်စုံတစ်ခုသော ဆင်းရဲဒုက္ခ မည်သည် မဖြစ်ဖူးပါ၊ ထို့ကြောင့် တပည့်တော်မ၏ ထိုသူငယ်အား "သုခကုမာရ"ဟူသော အမည်သည် ဖြစ်ပါလိမ့်မည်ဟု လျှောက်ကြားသည် ရှိသော် သူငယ်၏ ထိုအမည်ကိုသာလျှင် ယူ၍ သိက္ခာပုဒ်တို့ကို ပေးသနားတော်မူ၏။

ထိုအခါ သူငယ်၏မိခင်သည် "ငါ့သားငယ်၏ အလိုဆန္ဒ အစ္ဆာသယကို ငါသည် အဘယ်အခါကာလမှ မဖျက်ဆီးအံ့"ဟု စိတ်အကြံသည်ဖြစ်၏။ ထို အမျိုးသမီးသည် သားငယ်၏ နားထင်းမင်္ဂလာ စသည်တို့၌လည်း ရှေးနည်း အတူသာလျှင် အလှူဒါနကို ပေးလှူ၏။

သတ္တိသားသည်လည်း ခုနစ်နှစ်သားအရွယ်သို့ ကျရောက်သောအခါ၌ မိခင် အကျွန်ုပ်သည် မထေရ်၏အထံ၌ ရဟန်းပြုခြင်းငှါ အလိုရှိပါသည်ဟု ခွင့်ပန်၏။ မိခင်က ချစ်သား ကောင်းပါပြီ၊ ငါမိခင်သည် အသင် ချစ်သား၏ အလိုဆန္ဒ အစ္ဆာသယကို မဖျက်ဆီးပါအံ့ ဟူသော အကြံသည်ရှိပေ၏ဟု ပြောဆိုပြီးမှ မထေရ်ကို ပင့်ဖိတ်၍ ဆွမ်းကျွေးပြီးသော် အရှင်ဘုရား တပည့်တော်မ၏ သားသည် ရဟန်းပြုခြင်းငှာ အလိုရှိပါသည်။ ဤသူငယ်ကို တပည့်တော်မသည် ညချမ်းသောအခါ၌ ကျောင်းတော်သို့ ဆောင်ခဲ့ပါအံ့ဟု လျှောက်ထား လွှတ်လိုက်ပြီးလျှင် ဆွေမျိုးအပေါင်းတို့ကို စည်းဝေးစေ၍ ငါ၏ သားငယ်အား လူအဖြစ်၌ ပြုလုပ်ချီးမြှင့်ဖွယ်ရာ စည်းစိမ်ချမ်းသာ အမှုကိစ္စ ဟူသမျှကို ယနေ့ပင်လျှင် ချီးမြှင့်ခြင်းကို ပြုကုန်အံ့ဟု ပြောဆို၍ သားငယ်ကို တန်ဆာဆင်ပြီးသော် ကြီးစွာသော အာသရေ၏ တင့်တယ်ခြင်းဖြင့် ကျောင်းသို့ ဆောင်ယူ၍ မထေရ်အား ဆောင်နှင်းအပ်နှံ၏။

ခုနစ်နှစ်သား သာမဏော

မထေရ်သည်လည်း ထိုသူငယ်ကို အသင်သူငယ် ရဟန်းအဖြစ်မည်သည် ပြုနိုင်ခဲ၏။ အသင်သည် မွေ့လျော်ခြင်းငှါ စွမ်းနိုင်အံ့လောဟု မေးတော်မူ၍ အရှင်ဘုရား အရှင်မြတ်တို့၏ အဆုံးအမ သြဝါဒအရာကို လိုက်နာပြုလုပ် နိုင်ပါလိမ့်မည်ဟု သူငယ်က လျှောက်ထားသည်ရှိသော် ကမ္မဋ္ဌာန်းကို ပေး၍ ရှင်ပြု၏။ သူငယ်၏ မိခင်ဖခင် တို့သည်လည်း သူငယ်အား ရဟန်းပြုပြီးသည် ရှိသော် ပူဇော်သက္ကာရကို ပြုကုန်လျက် ကျောင်းတော်၏ အတွင်း၌သာလျှင် ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော သံဃာအား သတရသ ဘောဇဉ်ကို ပေးလှူ၍ ညချမ်းသောအခါ၌ မိမိ၏အိမ်သို့ ပြန်သွားကုန်၏။

ရှစ်ရက်မြောက်သောနေ့၌ သာရိပုတ္တရာမထေရ်သည် ရဟန်းသံဃာတော် အပေါင်း ဆွမ်းခံကြွဝင်သည်ရှိသော် သာမဏေကို သပိတ်သင်္ကန်း ယူစေလျက် ရွာသို့ ဆွမ်းအလို့ငှါ ကြွဝင်တော်မူလေ၏။ သာမဏေသည် လမ်းခရီးအကြား၌ မြောင်းတူးသော သူ, မြားဖြောင့်သော သူ, သစ်ရွေသော သူတို့ကို တွေ့မြင်၍ ရှေး၌ ပြဆိုအပ်ခဲ့ပြီးသော ပဏ္ဍိတသာမဏေကဲ့သို့ပင် မေး၏။ မထေရ်သည် လည်း ထိုသာမဏေအား ပဏ္ဍိတသာမဏေကို ဖြေကြားဘိသကဲ့သို့ သာလျှင် ဖြေကြားတော်မူ၏။ သာမဏေသည် ထိုအကြောင်းတို့ကို ကြား၍ အရှင်ဘုရား

အရှင်မြတ်ဘုရားသည် မိမိ၏ သပိတ်သင်္ကန်းကို အကယ်၍ ယူကုန်သည်ဖြစ်အံ့၊ တပည့်ဟော် ဆုတ်နစ်ပြန်လည်လိုပါသည်ဟု လျှောက်ကြားသည့် အခါ မထေရ်သည်-ထိုသာမဏေ၏ အဇ္ဈာသယကို မဖျက်ဆီးမူ၍ ငါ့ရှင်သာမဏော ငါ၏ သပိတ်သင်္ကန်းကို ပေးဘိလော့ဟု မိန့်တော်မူ၍ သပိတ်သင်္ကန်းကို ယူအပ်သည် ရှိသော် မထေရ်ကိုရှိခိုး၍ ဆုတ်နစ်ပြန်လည်လျက် အရှင်ဘုရား တပည့်တော်အား အစာအာဟာရကို ဆေးကြော်ယူခဲ့သည်ရှိသော် သတရသ ဘောဇဉ်ကို ဆောင်ယူတော် မူခဲ့ပါလော့ဟု လျှောက်၏၊

ငါ့ရှင်သာမဏော၊ ထိုသတရသ ဘောဇဉ်ကို အဘယ်အရပ်မှာ ရနိုင်ပါအံ့နည်းဟု မိန့်တော်မူလျှင် အရှင်ဘုရား ကိုယ်တော်အရှင်မြတ်၏ ကောင်းမှုဘုန်းကံကြောင့် မရသော်လည်း တပည့်တော်၏ ကောင်းမှုဘုန်းကံဖြင့် ရပါကုန်လတ္တံ့ဟု လျှောက်ထားလိုက်၏။

သိကြားမင်းနှင့် နတ်မင်းကြီးတို့က စောင့်ခြင်း

ထိုအခါ မထေရ်သည် သာမဏေအား သံကောဏ်ကို ပေး၍ ရွာသို့ ဆင်္ဃံခံခြင်းအလို့ငှါ ကြွသွင်တော်မူ၏။ သာမဏေသည်လည်း ကျောင်းတော်သို့ ပြန်လာ၍ မထေရ်၏ တိုက်ခန်းကို ဖွင့်ပြီးသည့်အခါ တံခါးကို ပိတ်ပြီးသော် မိမိ၏ခန္ဓာကိုယ်၌ ဉာဏ်ကို သက်စေ၍ ထိုင်နေ၏။ ထိုသာမဏော၏ ဂုဏ်ကျေးဇူး တန်ခိုးရှိန်ကြောင့် တာဝတိံသာ နတ်ပြည်ဝယ် သိကြားမင်း၏ နေရာသည် ပူလောင်လော အခြင်းအရာကိုပြု၏။ သိကြားမင်းသည် ထိုအကြောင်းသည် အသို့ပေနည်းဟု ကြည့်ရှုသည် ရှိသော် သာမဏေကို မြင်၍ သုခသာမဏေသည် ဥပဇ္ဈာယ်ဆရာအား သပိတ်သင်္ကန်းကို အပ်နှံခဲ့ပြီးလျှင် ရဟန်းတရားကို အားထုတ်ပွါးလုပ်မည်ဟု ဆုတ်နစ်ပြန်လည်၏၊ ငါသည် ထိုအရပ်သို့ သွားခြင်းငှါ အပ်၏ဟု ကြံ၍ လေးယောက်သော နတ်မင်းကြီးတို့ကို ခေါ်စေပြီးလျှင် အမောင်တို့ သွား၍ကုန်လော့။ ကျောင်း၏အနီး၌ မကောင်းသော အသံရှိကုန်သော ငှက်ဘီကို ပြေးစေကြကုန်လော့ဟု စေခိုင်း၏။ နတ်မင်းကြီးတို့သည်လည်း သိကြားမင်း စေခိုင်းသည့်အတိုင်း ပြုလုပ်၍ အနီး၌ အစောင့်အရှောက်ကို ယူကြကုန်၏။

လနတ်သား နေနတ်သားတို့ကိုလည်း မိမိ၏ ဗိမာန်တို့ကို ကိုင်ယူဆွဲဆောင်၍ တည်ကြကုန်လော့ဟု စေခိုင်း၏။ ထိုလနတ်သား နေနတ်သား တို့သည်လည်း သိကြားမင်း စေခိုင်းသည့်အတိုင်း ပြုကြကုန်၏။ ကိုယ်တိုင်လည်း လှည့်လည်ရာဖြစ်သော အရပ်၌ အစောင့်အရှောက်ကို ယု၏။ ကျောင်းသည် အသံကင်းတိတ်ဆိတ်သည်ဖြစ်လေ၏။သာမဏေသည် တည်ကြည်သော စိတ်ရှိသဖြင့် ဝိပဿနာကို ပွားများ၍ သုံးပါးသော ဖိုလ်တို့သို့ ရောက်လေ၏။

အရှင်သာရိပုတ္တရာ မထေရ်သည် သာမဏေက သတရသ ဘောဇဉ်ကို ဆောင်ယူခဲ့ပါလေ၁ဟု ငါ့အား လျှောက်ထားလိုက်သည်။ အဘယ်သူ၏ အိမ်၌ ရောင်းဝှါ တတ်ကောင်းပါအံ့နည်းဟု ကြည့်ရှုတော်မူသည် ရှိသော် အစ္စာသယနှင့် ပြည့်စုံသော တဂ်ဦးသော အလုပ်အကျွေးအိမ်ကို မြင်တော်မူ၍ ထိုအမျိုးအိမ်သို့ ကြွသွားသည်ရှိသော် ဒေရှင်ဘုရားတို့ အရှင်မြတ်တို့အား ယနေ့တပည့်တော်တို့၏ နေအိမ်သို့ ကြွလာတော်မူခြင်းတို့ဖြင့် ကောင်းစွာ ပြုအပ်ပေ၏ဟု နှစ်သက်ရွှင်လန်းသော စိတ်ရှိကုန်သော ထိုအလုပ်အကျွေး ဒါယကာ ဒါယိကာမ တို့သည် သပ်တ်ကို ယူ၍ မထေရ်ကို ထိုင်နေ သီတင်းသုံးစေပြီးလျှင် ယာဂု ခဲဖွယ်ကို ပေးလှူပြီးသည့် အခါ ဆွမ်းစားချိန် ကာလတိုင်အောင် တရားစကားကို လျှောက်ကြား တောင်းပန်သောကြောင့် ထိုဒါယကာ ဒါယိကာမတို့အား အသက်ထက်ဆုံး နှလုံးသွင်းအပ် အောက်မေ့အပ်သော တရားစကားကို ဟောကြားတော်မူပြီးလျှင် အခါကာလကိုမှတ်၍ ဒေသနာကို ပြီးဆုံးစေ၏။

ထို အခါ မထေရ်အား သတရသ ဘောဇဉ်ကို ပေးလှူသော် ထိုဘောဇဉ်ကို ခံယူ၍ ကြွသွားတော်မူလိုသော မထေရ်ကို မြင်ရသည်ရှိသော် အရှင်ဘုရားတို့ ဘုဉ်းပေးတော်မူပါကုန်ဦးလော့။ တစ်ပါးလည်း ဖြစ်သော အဖို့ကို ပေးလှူပါကုန်ဦးအံ့ဟု လျှောက်ထားပြီးမှ မထေရ်ကို ဆွမ်းကျွေးပြီးလျှင် တစ်ဖန် သပ်တ်ပြင်ဆင်မှုလောက်သော ဘောဇဉ်ကို ပေးလှူကြကုန်၏။ မထေရ်သည် ထိုဘောဇဉ်ကိုယူ၍ သာမဏေသည် မှတ်သိပ်ဆာလောင်ငဲ့ လှုရော့မည်ဟု ဆောဆောလျင်လျင် ကျောင်းတော်သို့ ကြွသွားလေ၏။

မြတ်စွာဘုရားကိုယ်တော်တိုင် ထွက်ကြွ တန့်ရပ်တော်မူခြင်း

ထိုနေ့ပတ်သုံး မြတ်စွာဘုရားရှင်သည် နံနက်စောစောက ပင်လျှင် ကျောင်းတော်မှ ထွက်၍ ဂန္ဓကုဋီတိုက်၌ ထိုင်နေတော်မူလျက် ဆင်ခြင်တော်မူ၏။ ယနေ့ သုခသာမဏေသည် ဥပဇ္ဈာယ်ဆရာအား သပိတ်သင်္ကန်းကို ပေးအပ်၍ ရဟန်းတရားကို ပြုလုပ်အားထုတ်အံ့ဟု ဆုတ်နစ် ပြန်လည်လာ၏။ အသို့နည်း ထိုသာမဏေအား ကိစ္စပြီးဆုံးအံ့လောဟု ဆင်ခြင်တော်မူသည် ရှိသော် ထိုသာမဏေသည် သုံးပါးကုန်သော ဂေါ်ဖို့လ်တို့သို့ ရောက်အပ်သည့် အဖြစ်ကို မြင်တော်မူ၍ ယနေ့ ဤသာမဏေသည် အရဟာတ္တဖိုလ်သို့ ရောက်ခြင်းငှါ စွမ်းနိုင်လတ္တံ့လောဟု အထက်သို့တက်၍ တစ်ဖန် အလွန်အားဖြင့်လည်း စူးစမ်းဆင်ခြင်ပြန်သည် ရှိသော် သာရိပုတ္တရာသည် "ငါ၏ သာမဏေငယ်သည် ဆောလောင်မှတ်သိပ် လှုရော့မည်ဟု လျင်စွာသောအဟုန်ဖြင့် ဆွမ်းကိုယူဆောင်၍ ရွာမှထွက်လာ၏။ အဂ်ယ်၍ ဤသာမဏေသည် အရဟာတ္တဖိုလ်သို့ မရောက်မီ ဆွမ်းကို ဆောင်ယူ ပေးပို့သည် ဖြစ်အံ့၊ ဤသာမဏေအား အရဟာတ္တဖိုလ်၏

အန္တရာယ်ဖြစ်ပေလတ္တံ့၊ ငါဘုရား ကြွသွား၍ တံခါးမုခ်၌ အစောင့်အရှောက်ကို ယူခြင်းငှါ အပ်၏ဟု ကြံတော်မူ၍ ဂန္ဓကုဋ္ဌိဘိုက်မှ ထွက်ကြွတော်မူပြီးလျှင် တံခါးမုခ်၌ တန့်ရပ်တော်မူ၍ အစောင့်အရှောက်ကို ယူ၏။ မထေရ်သည်လည်း ဆွမ်းကို ဆောင်၏။

ထိုအခါ မြတ်စွာဘုရားရှင်သည် အရှင်သာရိပုတ္တရာ မထေရ်ကို အောက်ဖြစ်သော ပဏ္ဍိတသာမဏေဝတ္ထု၌ ဆိုအပ်ပြီးခဲ့သော နည်းဖြင့်သာလျှင် လေးပါးကုန်သော ပြဿနာတို့ကို မေးတော်မူ၏ မထေရ်ကလည်း ဖြေဆိုတော်မူ၏။ အမေးအဖြေ၏ အဆုံး၌ သာမဏေသည် အရဟတ္တဖိုလ်သို့ ရောက်လေ၏။

မြတ်စွာဘုရားရှင်သည် မထေရ်ကို ခေါ်တော်မူ၍ ချစ်သားသာရိပုတ္တရာ သွားတည့်ချေ။ အသင်၏ သာမဏေအား ဆွမ်းကိုပေးဘိလော့ဟု မိန့်တော်မူ၏။ မထေရ်သည် ကြွသွား၍ တံခါးကို ခေါက်တော်မူ၏။ သာမဏေသည် ထွက်လာ၍ ဥပဇ္ဈာယ်ဆရာအား ဝတ်ကိုပြုလျှင် ငါ့ရှင် သာမဏေ၊ ဆွမ်းစားခြင်းကိစ္စကို ပြုလေလော့ဟု မိန့်တော်မူသည်ရှိသော် မထေရ်အား ဆွမ်းဖြင့် အလိုမရှိသည့် အဖြစ်ကိုသိ၍ ခုနစ်နှစ်သာရှိသော သတို့သားငယ်သည် ထိုခဏ၌ သာလျှင် အရဟတ္တဖိုလ်သို့ ရောက်၍ နိဗ္ဗာန်တည်းဟူသော တည်ရာရပ်ထံကို ဉာဏ်ဖြင့်ဆင်ခြင်လျက် ဆွမ်းစားခြင်းကိစ္စကို ပြုလျက် သပိတ်ကိုဆေး၏။

ထိုအခါ၌ လေးယောက်သော နတ်မင်းကြီးတို့သည် အစောင့်အရှောက်ကို လွှတ်ကုန်၏၊ လ, နတ်သား နေ, နတ်သားတို့သည်လည်း ဗိမာန်တို့ကို လွှတ်ကြကုန်၏။ သိကြား နတ်မင်းသည်လည်း လှည့်လည်ရာ အရပ်၌ အစောင့်အရှောက်ကို လွှတ်၏။ နေမင်းသည် ကောင်းကင်အလယ် ဖြစ်သော မွန်းတည့်ရာ အရပ်ကို လွန်မြောက်သည်ဖြစ်၍သာ ထင်၏။ ရဟန်းတို့သည် ညချမ်းသော အခါသည် ထင်၏။ သာမဏေသည်လည်း ဤယခုအခါ၌သာလျှင် ဆွမ်းစားခြင်းကိစ္စကို ပြုအပ်ပေ၏။ အသို့ပေနည်း။ ယနေ့ နံနက်အခါသည် အားကြီးကြာမြင့်သည် ဖြစ်လေသလော၊ ညချမ်းသော အခါကာလသည် နည်းလေသလောဟူ ပြောဆိုကုန်၏။

သောတာပန် တည်ခြင်း

မြတ်စွာဘုရာ ရှင်သည် ကြွတော်မူလာ၍ ချစ်သားရဟန်းတို့ ငါဘုရား ကြွတော်မူဆဲသော ဤယခုအခါ၌ အဘယ်မည်သော စကားဖြင့် ပြောကြားစည်းဝေး နေထိုင်ကုန်ဘိသနည်းဟု မေးတော်မူသည်အခါ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ယနေ့သည် အခါခပ်သိမ်းနှင့် မတူမူ၍ နံနက်အခါသည် အားကြီးကြာမြင့်ခြင်း ဖြစ်ပါသည်။ ညချမ်းအခါသည် နည်းပါသည်

သာမဏောသည်လည်း ဤယခုပင်လျှင် ဆွမ်းစားခြင်း ကိစ္စကို ပြုအပ်ပါသည်။ ထိုသာမဏော ဆွမ်းစားခြင်းကိစ္စ ပြီးဆုံးသည့်နှင့် တစ်ပြိုင်နက် တစ်ချက်တည်း နေသည် မှန်းတည်ခြင်းကို လွန်မြောက်သည် ဖြစ်၍သာလျှင် ထင်ပါသည်ဟု လျှောက်ကုန်သည်ရှိသော် ချစ်သားရဟန်းတို့ ကောင်းမှုရှိကုန်သော ပုဂ္ဂိုလ်တို့အား ရဟန်းတရားကို အားထုတ် ပြုလုပ်သောအခါ၌ ဤသို့သော အခြင်းအရာဖြင့် သာလျှင် ဖြစ်တတ်သည်။

ထိုစကားမှန်၏။ ယနေ့ လေးယောက်ကုန်သော နတ်မင်းကြီးတို့သည် အနီးဖြစ်သော အရပ်၌ အစောင့်အရှောက်ကို ယူကြကုန်၏။ လ,နတ်သား နေနတ်သားတို့သည် ဗိမာန်တို့ကို ကိုင်ငင်ဆဲယူ၍ တည်ကုန်၏။သိကြားနတ်မင်းသည် လှည့်လည်ရာအရပ်၌ အစောင့်အရှောက်ကို ယူ၏။ ယနေ့ သုခသာမဏောသည် မြောင်းဖြင့် ရေကို ဆောင်ယူကုန်သော သူတို့ကိုလည်းကောင်း၊ မြားကို ဖြောင့်ကုန်သော မြားသမားတို့ကိုလည်းကောင်း၊ လှည်းဘီးစက် စသည်ကို ပြုလုပ်ကုန်သော သစ်ရွေယောကျ်ားလက်သမားတို့ကိုလည်းကောင်း တွေ့မြင်၍ မိမိကိုယ်ကို ဆုံးမပြီးသည်ကာလ အရဟာတ္တဖိုလ်သို့ ရောက်လေသည်ဟု မိန့်တော်မူပြီး ဤဂါထာကို မိန့်တော်မူ၏—

ဥဒကံ ဟိ နယန္တိ နေတ္တိကာ၊ ဥသုကာရာ နမယန္တိ တေဇနံ။
ဒါရုံ နမယန္တိ တစ္ဆကာ၊ အတ္တာနံ ဒမယန္တိ သုဗ္ဗတာ။

ရေယူသော တောင်သူတို့သည် ရေကို မြောင်းကြီး မြောင်းငယ် အသွယ်သွယ်ဖြင့် ဆောင်ယူကုန်၏၊ မြားသမားတို့သည် ကောက်ကွေ့သော မြားကို မီးပြ၍ ဖြောင့်ကြကုန်၏။ လက်သမားတို့သည် သစ်သားကို ရွှေကြကုန်၏။ ဆုံးမလွယ်ကူ သူတော်စင်တို့သည် မိမိကိုယ်ကို ဆုံးမကြကုန်၏။

ထိုဂါထာ၌— သုဗ္ဗတာ ဟူသည် ဆိုဆုံးမလွယ်သူဟု ဆိုလိုသည်၊ လွယ်ကူစွာ သြဝါဒပေး ဆုံးမအပ်၏ ဟူလို။

ဒေသနာတော်၏ အဆုံး၌ များစွာသော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

သုခသာမဏောဝတ္ထု ပြီး၏။

တစ်ဆယ်ခုမြောက် ဒဏ္ဍဝဂ် ပြီး၏။

၁၁။ ဇရာဝဂ်

၁။ ဝိသာခါ၏ အဆွေခင်ပွန်းမဝတ္ထု

ကော နု ဟာသော ကိမာနန္ဒော အစရိသော ဤတရားဒေသနာတော် မြတ်ကို မြတ်စွာဘုရားရှင်သည် သာဝတ္တိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ဝိသာခါ၏ အဆွေခင်ပွန်းမကို အကြောင်းပြု၍ ဟောတော်မူ၏။

သာဝတ္တိပြည်၌ နေလေ့ရှိကုန်သော ငါးရာကုန်သော အမျိုးသားတို့သည် "ဤသို့ ပြုလုပ်ထားသည်ရှိသော် ငါတို့၏ မယားဖြစ်ကုန်သော ဤမိန်းမတို့သည် မမေ့မလျော့သော နေခြင်း ရှိကုန်သည် ဖြစ်ပေကုန်လိမ့်မည်" ဟု ကြံ၍ မိမိ မိမိ၏ မယားတို့ကို ဝိသာခါ ဒါယိကာမသို့ ဝန်ခံစေပြီး ဆောက်နှင်းအပ်နှံ၍ ထားကြကုန်၏။ ထိုမယားတို့သည် ဥယျာဉ်သို့လည်းကောင်း ကျောင်းသို့ လည်းကောင်း သွားကြကုန်သည်ရှိသော် ဝိသာခါ ကျောင်းအမနှင့် အတူတကွ သာလျှင် သွားကုန်၏။ ထိုမိန်းမတို့သည် တစ်ပါးသောအခါ၌ ခုနစ်ရက်ပတ်လုံး သုရာသဘင်သည် ဖြစ်လတ္တံ့ ဟု သဘင်ကို ကြွေးကြော်အပ်သည်ရှိသော် မိမိ အရှင် ခင်ပွန်းလင်တို့၏ အလို့ငှါ သုရာသဘင်ကို ကစား၍ ရှစ်ရက်မြောက်သော နေ့၌ အမှုလုပ်စည် ကြွေးကြော်သောအခါ အမှုပြုလုပ်ခြင်းငှါ သွားကြကုန်၏။

အရက်သောက်သော မိန်းမငါးရာ

ထိုမိန်းမတို့သည်လည်း "ငါတို့သည် ခင်ပွန်း လင်ယောကျ်ား၏ မျက်မှောက်၌ သေကို သောက်ခြင်းငှါ မရကုန်။ ကြွင်းကုန်သော သေတို့သည် ရှိကုန်၏။ ဤသေတို့ကို အကြင်သို့သော အခြင်းအရာဖြင့် ငါတို့ သောက်အပ်သည်ရှိသော် ထိုခင်ပွန်း လင်ယောကျ်ားတို့သည် မသိကုန်။ ထိုသို့သော အခြင်းအရာဖြင့် သောက်ကုန်အံ့" ဟု ကြံကုန်လျက် ဝိသာခါ၏ အထံသို့ သွားပြီးသည်ကာလ အရှင်မ ငါတို့သည် ဥယျာဉ်ကို လှည့်လည် ရှုမြင်ခြင်းငှါ အလိုရှိပါသည်ဟု မြောရ၍ မိခင်တို့ ကောင်းပြီ ထိုသို့ဖြစ်ပါမူကား ပြုလုပ်ဖွယ်ကိစ္စ အမှုဟူသမျှကို စီမပြုစု၍ ထွက်ကြကုန်လော့ဟု ဆိုသည်ရှိသော် ထိုဝိသာခါနှင့် အတူတကွ ဖုံးကွယ်သော အခြင်းအရာဖြင့် သေကို ထုတ်ဆောင်စေ၍ ဥယျာဉ်၌ သေကို သောက်ပြီးသော် မူးယစ်ကုန်သည် ဖြစ်၍ လှည့်လည်ကုန်၏။

ဝိသာခါသည်လည်း "ဤမိန်းမတို့သည် မသင့်မလျောက်ပတ်သော အမှုကို ပြုအပ်ပေ၏။ ဤယခုအခါ၌ ရဟန်းပေါတမ၏ တပည့်မဖြစ်သော ဝိသာခါသည် သေကို သောက်၍ လှည့်လည်ဘိသည်ဟု တိတ္ထိတို့သည် ကဲ့ရဲ့ရှုတ်ချကုန်လတ္တံ့" ဟု ကြံ၍ ထိုမိန်းမတို့ကို "မိခင်တို့ အသင်တို့သည် မသင့်မလျော်သော အမှုကို ပြုအပ်၏။ ငါ့အားလည်း အရှိန်အစော် အကျော်အစောမဲ့ကို ဖြစ်စေအပ်၏။ အသင်

တို့၏ အရှင် လင်ယောကျ်ားတို့သည် အသင်တို့အား အမျက်ထွက်ကုန်လတ္တံ့။ ယခုအခါ၌ အသင်တို့သည် အဘယ်သို့ ပြုကုန်လတ္တံ့နည်း" ဟု ပြော၏။ အရှင်မငါတို့သည် ဖျားနာဟန်ကို ပြ၍ ဖျောင်းဖျ ပြောဆိုကုန်အံ့ဟု ပြော၏။ မိခင်တို့ ထိုသို့ ဖြစ်ပါမူ မိမိ၏ ပြုအပ်သော ကံသည်ပင်လျှင် အသင်တို့အား ထင်ရှား ပါကုန်လတ္တံ့ဟု ပြောဆိုပြီးမှ ထိုမိန်းမတို့သည် အိမ်သို့ ပြန်သွား၍ မကျန်းမာ ရောဂါ စွဲကပ်နေသော သူနာ၏ အမူအရာကို ပြုကြကုန်၏။

ထိုအခါ ထိုမိန်းမတို့၏ အရှင် လင်ယောကျ်ားတို့သည် ဤအမည်ရှိသော သူတို့သည် အတိမ္မာနသ်းဟု မေး၍ မကျန်းမမာ ဖျားနာ၍ ရှိပါကုန်သည်ဟု ပြောသဖြင့် ကြားသိရကုန်သည် ရှိသော် မခ္ခုတ်စင်းစစ် ထိုမိန်းမတို့သည် ကြင်နာကျန်၍ ရှိသော သေဘို့ကို သောက်ကုန်သည် ဖြစ်ကုန်လိမ့်မည်ဟု မှတ်၍ ထိုမိန်းမဘို့ကို ပုတ်ခတ် ညှဉ်းပန်းပြီးလျှင် အချည်းနှီး ပျက်စီးခြင်းသို့ ရောက်စေကုန်၏။ ထိုမိန်းမတို့သည် နောက်အဖို့ဖြစ်သော သဘင် အကြိမ်၌လည်း ရှေးနည်း အတူသာလျှင် သေကို သောက်လိုကုန်သည် ဖြစ်သောကြောင့် ဝိသာခါသို့ ချဉ်းကပ်၍ အရှင်မ ငါတို့အား ဥယျာဉ်သို့ ခေါ်ဆောင်ပါဦးဟု ဘောင်းပန် ပြောဆိုသည်ရှိသော် အသင်တို့သည် ရှေးဦးလည်း ငါ့အား အဓိကျော်အစောမဲ့ကို ဖြစ်စေကုန်လျက် သူးကြကုန်၏။ ဂါသည် အသင်တို့အား မခေါ်ဆောင်တော့အံ့ဟု ပြောဆို၍ ဝိသာခါက ပယ်မြစ်အပ်သည် ရှိသော် ဤယခုအခါ၌ သေကို သောက်ဟးမူးယစ်ခြင်းဟု ဆိုအပ်သော ဤသို့သော မေ့လျော့ခြင်းကို ငါဘို့ မပြုကုန်ဟုအံ့ဟု ဖြားယောင်း ဖျောင်းဖျ သက်သာရာကို ရစေပြီးသော် တစ်ဖန် ဝိသာခါသို့ ချဉ်းကပ်၍ အရှင်မ ငါဘို့သည် ဘုရားကို ပူဇော်ခြင်းငှာ အလိုရှိပါကုန်၏။ ငါတို့အား ကျောင်းတော်သို့ ဆောင်ပါကုန်လော့ဟု ပြောဆိုကြကုန်၏။

အရက်မူး၍ သီဆိုကခုန်ကြခြင်း

ဝိသာခါက သည်းမိခင်တို့ ဤအမှုသည်ကား သင့်တင့်လျောက်ပတ်ကောင်းမြဟ်သ၍ သွားတော်ကြကုန်လော့။ပေါင်းချုပ်ကို ပြုကြကုန်လော့ဟု စေခိုင်း၏။ ထိုမိန်းမတို့သည် ပန်းတောင် တို့ဖြင့် နှံသာပန်း စသည်တို့ကို ကိုင်ယူပြီးလျှင် သေဖြင့်ပြည့်သော လက်ဆုပ်ခွက်ငယ်တို့ကို လက်တို့ဖြင့် ကိုင်ဆွဲ၍ ပုဆိုးဘို့ကို အပေါ်က ဝတ်ရုံဖုံးအုပ်၍ ဝိသာခါသို့ ချဉ်းကပ်ပြီးလျှင် ထို့ဝိသာခါနှင့် အဘူတက္က ကျောင်းတော်သို့ ဝင်သည်ရှိသော် သင့်တင့် လျောက်ပတ်သော အာရပ်၌ ထိုင်နေ၍ လက်ဆုပ်ခွက်ငယ်ဖြင့်သာလျှင် သေကိုသောက်ပြီး၍ ခွက်ငယ်တို့ကို စွန့်ပစ်ပြီးသော် တနားသဘင်၌ မြတ်စွာဘုရားသခင်၏ရှေ့ဝော်မှ ထုံင်နေကြကုန်၏။ ဝိသာခါသည် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဤ

မိန်းမတို့အား တရားတော်ကို ဟောကြားတော်မူပါကုန်လော့ဟု လျှောက်၏။ ထိုမိန်းမတို့သည်လည်း သေယစ်သော အဟုန်ဖြင့် တုန်လှုပ်သော ကိုယ်ရှိကုန်သည်ဖြစ်၍ ပျော်မြူးကခုန်ကုန်အံ့, သီချင်းသီကုန်အံ့ ဟူသောစိတ်ကို ဖြစ်စေကြကုန်၏။

ထိုအခါ မာရ်မင်း၏ အသင်းပါဖြစ်သော တစ်ယောက်သော နတ်သည့် ဤမိန်းမတို့၏ကိုယ်၌ ပူးဝင်၍ ရဟန်းဂေါတမ၏ ရှေ့၌ ဖောက်ပြန်သော အခြင်းအရာကို ပြပေအံ့ဟု ကြံပြီးလျှင် ထိုမိန်းမတို့၏ ကိုယ်တို့၌ ပူးဝင်ကုန်၏။ ထိုမိန်းမတို့တွင် အချိုသော မိန်းမတို့သည် မြတ်စွာဘုရား ရှေ့တော်မှ လက်ကို ပုတ်ခတ် ရိုက်တီး၍ ရယ်ရွှင်ကုန်၏၊ အချိုသော မိန်းမတို့သည် က,ခြင်းငှာ အားထုတ်ကုန်၏။ မြတ်စွာဘုရားသခင်သည် ဤအကြောင်းကား အဘယ်သို့နည်းဟု ဆင်ခြင်တော်မူသည်ရှိသော် ထိုအကြောင်းကို သိရှိတော်မူ၍ "ဤယခုအခါ၌ မာရ်နတ်၏ အသင်းပါသူတို့အား အခွင့်ကို ရခြင်းငှာ မပေးအံ့။ ငါဘုရားသည် ဤမျှလောက်သော ကာလပတ်လုံး ပါရမီတို့ကို ဖြည့်ဆည်းပူးတော်မူသဖြင့် မာရ်နတ်၏ အသင်းပါသော သူတို့အား အခွင့်ကိုရစေခြင်းငှာ ဖြည့်ဆည်းပူးအပ်သည်မဟုတ်"ဟု ကြံတော်မူ၍ ထိုမိန်းမတို့ကို ထိတ်လန့်စေခြင်းငှာ အောက်မျက်မှေးတော်မှ ညိုသော ရောင်ခြည်တော်တို့ကို လွှတ်တော်မူ၏။

ထိုခဏ၌သာလျှင် အမိုက်အတိပြီးသည် ဖြစ်လေ၏။ ထိုမိန်းမ တို့သည် ကြောက်ရွှံ့သည် ဖြစ်ကုန်၏။ သေအံ့သောဘေးဖြင့် ခြိမ်းခြောက်အပ်သည် ဖြစ်သောကြောင့် အလွန်ရွှံ့ကြောက်သဖြင့် ထိုမိန်းမတို့၏ ဝမ်း၌ သုရာသည် ကြေ၍ ယစ်မူးခြင်း ပျောက်လေ၏။

သောတာပန်တည်သော မိန်းမငါးရာ

မြတ်စွာဘုရားသခင်သည် ထိုင်နေ သီတင်းသုံးတော် မူသော ပလ္လင်၌ ကွယ်ပျောက်ခဲ့ပြီးလျှင် မြင်းမိုရ်တောင်ထိပ်၌ တည်တော်မူ၍ ဥဏ္ဏလုံမွေးရှင်တော်မှ ဖြူသော ရောင်ခြည်ဘော်ကို လွှတ်တော်မူ၏။ ထိုခဏ၌သာလျှင် လ,ဗိမာန်တစ်ထောင် တက်ကြွထွန်းလင်းဘိသကဲ့သို့ ဖြစ်လေ၏။ ထိုနောက်မှ ထိုမိန်းမတို့ကို ခေါ်တော်မူ၍ အသင်တို့သည် ငါဘုရား၏ အထံတော်သို့ လာရောက်ပါကုန်လျက် ယစ်မူး မေ့လျော့၍ လာရောက်ခြင်းငှာ မသင့်။ ယစ်မူး မေ့လျော့ခြင်းကြောင့် မာရ်နတ်၏ အသင်းပါဖြစ်သော နတ်သည် အခွင့်ကိုရ၍ အသင်တို့တို့ ရယ်ရွှင်ခြင်း စသည်ကို မပြုသင့်သောအရာ၌ ရယ်ရွှင်ခြင်း စသည်ကို ပြုစေဘိ၏။ ဤယခုအခါ၌ အသင်တို့သည် ရာဂ, အစရှိသော မီးတို့ကို

ငြိမ်းစေခြင်း အကျိုးငှာ အားထုတ်သည်ကို ပြုခြင်းငှာ အပ်၏ဟု မိန့်တော်မူပြီး ဤဂါထာကို မိန့်တော်မူ၏။

ကော နု ဟာသော ကိမာနန္ဒော၊ နိစ္စံ ပဇ္ဇလိတေ သတိ။
အန္ဓကာရေန သြနဒ္ဓါ၊ ပဒီပံ န ဂဝေသထ။

တစ်ဆယ့်ဟစ်ပါးသော မီးတို့ဖြင့် အမြဲတောက်လောင်နေသည်ဖြစ်ပါလျက် အဘယ့်ကြောင့် ပျော်ရွှင် နှစ်သက်နေကြသနည်း၊ အမိုက်တိုက်ဖြင့် မြေးယှက်ဖွဲ့ထားခြင်းဖြစ်ပါလျက် အဘယ့်ကြောင့် ဆီမီးကို မရှာကြသနည်း။

ထိုဂါထာ၌ အာနန္ဒော=ဟူသည် နှစ်သက်ခြင်းတည်း ဤသို့ဆိုလို၏။ ဤလောကဓာတ်၌ ရာဂစသော တစ်ဆယ့်တစ်ပါးသော မီးတို့ဖြင့် အမြဲတောက်လောင်နေသည်ဖြစ်ပါလျက် သင်တို့အား ပျော်ရွှင်နှစ်သက်မှုသည် အဘယ့်ကြောင့် ဖြစ်ပါသနည်း မပြုသင့်သည်မဟုတ်ပါလော၊ အကြောင်းတရား ရှစ်ပါးရှိသော အဝိဇ္ဇာအမှောင်တိုက်ဖြင့် မြေးယှက်အပ်သည် ဖြစ်ပါလျက် သင်တို့သည် ထိုအမှောင်တိုက်ကို ပယ်ဖျောက်ခြင်းငှာ အဘယ့်ကြောင့် ဉာဏ်ဆီမီးတိုင်ကို မရှာမှီးကြသနည်း မပြုလုပ်ကြသနည်း။

ထိုဒေသနာတော်၏ အဆုံး၌ ငါးရာကုန်သော ထိုမိန်းမတို့သည် သောတာပတ္တိဖိုလ်၌ တည်ကြကုန်၏။ မြတ်စွာဘုရားသခင်သည် ထိုမိန်းမတို့၏မတုန်မလှုပ်သော အစလသဒ္ဓါ၌ တည်သည်၏အဖြစ်ကို သိတော်မူပြီး၍ မြင်းမိုရ်တောင်ထက်မှ သက်ဆင်းကြွလာတော်မူခဲ့ပြီးသော် ဘုရားနေရာ၌ ထိုင်နေသီတင်းသုံးတော်မူ၏။

ထိုအခါ မြတ်စွာဘုရားသခင်ကို ဝိသာခါ ဒါယိကာမက ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤသုရာ မည်သည် ယုတ်မာသော သဘော ရှိပါသည်။ ဤသို့ သဘောရှိသည် မည်သော ဤမိန်းမတို့သည် အရှင်ဘုရား ကဲ့သို့သော သဘောရှိသော မြတ်စွာဘုရားသခင်၏ ရှေ့မှ ထိုင်နေပါလျက် ဤရိယာပုထ်မျှကိုလည်း တည်စေခြင်းငှာ မစွမ်းနိုင်ကုန်ဘဲ ထ၍ လက်ကို ရိုက်တီးပုတ်ခတ်ပြီးလျှင် ရယ်ရွှင်ခြင်း, သီခြင်း,ကခြင်း စသည်တို့ကိုအားထုတ်ကြပါကုန်သည်ဟု လျှောက်၏။

မြတ်စွာဘုရားသခင်က ချစ်သမီး ဝိသာခါ သြော်–ဟုတ်ပေ၏။ ထိုသုရာမည်သည် အလွန်အကြူး အထူးသဖြင့် ယုတ်မာ ညစ်ညမ်းသည် သာလျှင်တည်း။ ထိုသုရာကို မှီ၍ များစွာကုန်သော သတ္တဝါတို့သည် အချည်းနှီးပျက်စီးခြင်းသို့ ရောက်ဖူးလေသည် ဟု မိန့်တော်မူသည့်အခါ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ထိုသုရာသည် အဘယ်အခါ၌ စ၍ ဖြစ်ပါသနည်းဟု

မေးလျှောက်သည်ရှိသော် ထိုသုရာ၏ ဖြစ်ခြင်းကို အကျယ်အားဖြင့် ဟောပြတော်မူခြင်းငှာ လွန်လေပြီးသော အတိတ်ကို ဆောင်၍ ဂုမ္ဘဇာတ်ကို ဟောကြားတော်မူ၏။

[ဤနေရာ၌ အတိတ်ဖြစ်သော ဂုမ္ဘဇာတ်သည် ဂါထာသုံးဆယ်မျှလောက် ရှိသဖြင့် အလွန်ကျယ်ဝန်း၍ ကျမ်းလေးမည် စိုးသောကြောင့် မထည့်လိုက်ပြီ။ ၎င်းဇာတ်ဝတ္ထုကို အလိုရှိကြကုန်သော ပုဂ္ဂိုလ်တို့မှာ တိုံသန်ပါတ် ဇာတ်အဋ္ဌကထာ၌ နှစ်ခုမြောက်သော ဂုမ္ဘဇာတ်အဖွင့်ကို ကြည့်ရှုတော် မူကြပါကုန်။]

ဝိသာခါ၏ အဆွေခင်ပွန်းမဝတ္ထုပြီး၏။

၂။ သိရိမာပြည့်တန်ဆာမဝတ္ထု

ပဿ စိတ္တကတံ အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဋ္ဌဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ပြည့်တန်ဆာမ သိရိမာကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့ပေသည်။

ထိုသိရိမာ ပြည့်တန်ဆာမသည် ရာဇဂြိုဟ်ပြည်ကြီး၌ အဆင်းသဏ္ဌာန်ကြန်အင်လက္ခဏာအလွန်တရာလှပသော ပြည့်တန်ဆာမိန်းမပေတည်း။ တစ်နှစ်သောဝါတွင်း၌ သုမနသူဌေးသား၏ မယာခင်ပွန်းမဖြစ်သော ပုဏ္ဏားသူဌေးကြီးသမီး ဥတ္တရာအမည်ရသော ဥပါသိကာမအား ပြစ်မှားလွန်ကျူး၍ ထိုဥတ္တရာ ဥပါသိကာမကို ကန်ကော့ဝန်ချ နှစ်သက်စေလိုသည်ဖြစ်၍ ထိုဥတ္တရာ ဥပါသိကာမ၏အိမ်၌ ရဟန်းသံဃာတော်နှင့်တကွ ဆွမ်းစားခြင်း ကိစ္စကို ပြုတော်မူသော မြတ်စွာဘုရားအရှင်ကို သည်းခံစေပြီး၍ ထိုနေ့၌ပင်—

အကျောဓေန ဇိနေ ကောဓံ၊ အသာဓုံ သာဓုနာ ဇိနေ။
ဇိနေ ကဒရိယံ ဒါနေန၊ သစ္စေနာ'လိကဝါဒိနံ။

ဟူသော မြတ်စွာဘုရားသခင်၏ ဆွမ်းအနုမောဒနာကို ကြားနာရ၏။ ထိုဒေသနာတော်၏အဆုံး၌ သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။

(ဤသည်ကား ဤဝတ္ထု၌ အကျဉ်းသခေ်ပမျှသာတည်း။ အကျယ်ဖြစ်သောစကားကိုကား ကောဓဝဂ် အနုမောဒနာဂါတာ၏ အဖွင့်၌ သာလျှင် ထင်ရှားစွာ ဖြစ်ပါလတ္တံ့။)

ဤသို့ ပြအင်ခဲ့ပြီးသော အစဉ်အတိုင်းအားဖြင့် ထိုသိရိမာသည် သောတာပဘွဲ့ဖိုလ်သို့ရောက်၍ ရဟန်းသံဃာ အပေါင်းကို ပင့်ဖိတ်ပြီးလျှင် ၀ေစ်ဖန်မိုးသောက်ရောက်သောနေ့၌ ကြီးစွာသောအလှူကို ပေးလှူ၍ ရဟန်းသံဃာတော်အား အဋ္ဌကဘတ် ဂ-ပါးတဲ့ဆွမ်းကို အမြဲမပြတ် ဆောက်တည်လှူဒါန်းလုပ်ကျွေး၏၊ အဦးအစမှစ၍ ဗေးမြဲမပြတ် ရှစဲပါးကုန်သော ရဟန်းတို့သည် သီရိမာ၏အိမ်သို့ အကြိမ်အလှည့် အစဉ်အားဖြင့် ကြွသွားတော် မူကြကုန်၏။ ထောပတ်ကို ခံယူကြပါကုန်လော့၊ နို့ကို ခံယူတော်မူကြပါကုန်လော့ဟု ဤသို့အစရှိသော စကားတို့ကိုလျှောက်ကြား၍ ထို ရဟန်းတို့၏ သပိတ်ကို ပြည့်စေကုန်၏၊ တစ်ပါးသောရဟန်းသည် ရအပ်သော ဆွမ်းသည်လည်း သုံးပါးလေးပါးလည်း ဖြစ်ကုန်သော ရဟန်းတို့အား သုံးဆောင် မျှဝေလောက်၏။ နေ့တိုင်း နေ့တိုင်း တစ်ဆယ့်ခြောက်ကျပ်သော အသပြာကို ရိက္ခာပြုလုပ်ကုန်ခမ်းစေသဖြင့် ဆွမ်းကိုပေးလှူ၏။

သိရိမာကို ချစ်ခင်စဲလန်းသော ရဟန်း

ထိုနောက် တစ်နေ့သ၌ တစ်ပါးသော ရဟန်းသည် သိရိမာ၏အိမ်၌ အဋ္ဌကဘတ်ကို ဘုဉ်းပေး သုံးဆောင်တော်မူပြီး၍ သုံးယူဇနာထက်၌ တစ်ခုသော ကျောင်းသို့ ကြွတော်မူ၏။ ထိုကျောင်း၌ ညချမ်းသောအခါ၀ယ် ဤသို့သဘော ရှိသောအရပ်၌ ထိုင်နေ သီတင်းသုံးသော ထိုရဟန်းကို ငါ့ရှင် အသင်သည် အဘယ်ရပ်ကွက်၌ နေအဘယ်သူ၏အိမ်၌ ဆွမ်းကိုခံယူဘုဉ်းပေးသုံးဆောင်၍ လာခဲ့ပေသနည်းဟု မေးကုန်၏။ ငါ့အား သိရိမာ ဒါယိကာမသည် လှူဒါန်းအပ်သော အဋ္ဌကဘတ်ကို ခံယူသုံးဆောင်၍ လာခဲ့ပေသည်ဟု ပြော၏။ ငါ့ရှင် ထို သိရိမာဒါယိကာမသည် မြတ်နိုးနှစ်သက်ဖွယ်ကို ပြုလုပ်၍ ပေးကမ်း လှူဒါန်းပါ၏လောဟုမေးသဖြင့် ထိုသိရိမာ၏ လှူဒါန်းအပ်သော ဆွမ်းကို ချီးမွမ်းပြော-ဆိုခြင်းငှါ မစွမ်းနိုင်၊ အလွန်လျှင် မွန်မြတ်သည်ကိုပြု၍ ပေးလှူပေသည်၊ တစ်ပါး တစ်ပါးသော ရဟန်းရအပ်သောဆွမ်းသည် သုံးပါးလေးပါးလည်းဖြစ်ကုန်သော ရဟန်းတို့အား ဘုဉ်းပေးမျှတလောက်၏၊ ထိုသိရိမာ လှူဒါန်းအပ်သော လှူဖွယ်၀တ္ထုထက်လည်း ထိုသိရိမာအား ကြည့်ရှုရခြင်းသည် သာလျှင် မွန်မြတ်သည်ထက် မွန်မြတ်ပေသည်၊ ထိုမိန်းမသည် ဤသို့ ဤသို့သော သဘောရှိ၏စသည်ဖြင့် ယို သိရိမာ၏ဂုဏ်ကျေးဇူးတို့ကို ချီးမွမ်းပြောဆို၏။

ထိုအခါ တစ်ပါးသော ရဟန်းသည် သိရိမာ၏ ဂုဏ်ကျေးဇူး စကားကို ကြား၍ မရှုမြင်ရဘဲဖြင့်သာလျှင် ချစ်ခြင်းကို ဖြစ်စေပြီးသော် "ငါသည် သွားဆောက်၍ ထိုသိရိမာကို ရှုမြင်ခြင်းငှါအပ်၏" ဟု ကြံ၍ မိမိ၀ါစဉ်ကို ပြောကြားပြီး၍ ထိုရဟန်း၏၀ါစဉ်ကို မေးသည်ရှိသော် ငါ့မျှင် နဲ့က်ဖန်ခါ

ထိုသိရိမာ၏ အိမ်၌ အသင်သည် သံဃထေရ် ဖြစ်၍ အဌကဘတ်ကို ရလတ္တံ့ဟု ပြော၏၊ ထိုရဟန်းသည် ပြောဆိုသော စကားကို ကြားရသော ခဏ၌သာလျှင် သပိတ်သင်္ကန်းကိုယူ၍ ဖဲသွားပြီးသော် စောစောဏပင်လျှင် နေအရုဏ် တက်သောအခါ၌ စာရေးတန်အဦးကို ယူရာအရပ်သို့ ဝင်သွား၍ ရပ်တည်နေလျက် သံဃထေရ်သည်ဖြစ်၍ သိရိမာ၏အိမ်၌ အဌကဘတ်ကို ရလေ၏။

ထိုရဟန်းကို ပြောကြားလိုက်သော ရဟန်းသည် ယမန်နေ့က သိရိမာ၏ အိမ်၌ ဆွမ်းကိုဘုဉ်းပေး၍ ဖဲကြွသွား၏ ထိုရဟန်း ဖဲကြွသွာသော အခါ၌သာလျှင် သိရိမာ၏ကိုယ်၌ မကျန်းမမာ ရောဂါကပ်ငြိခြင်း ဖြစ်လေ၏ ထိုကြောင့် သိရိမာသည် ဆင်ယင် ဝတ်စားရာ တန်ဆာ အသုံးအဆောင်တို့ကို ချတ်ထားပြီးလျှင် မိမိကိုယ်ကိုမပြုမပြင် မဆင်ယင်ဘဲ ညှိုးငယ်စွာ လျောင်း၍နေ၏ ထိုအခါ သိရိမာအား အလုပ်အကျွေး ကျွန်မတို့သည် အဌကဘတ် စာရေးတံ အလှည့်ကိုရ၍ ကြွလာတော်မူကြကုန်သော ရဟန်းတို့ကိုမြင်၍ ပြောကြားကြကုန်၏။ ထိုသိရိမာသည် မိမိလက်ဖြင့် သပိတ်တို့ကို လှမ်းယူလင့်၍ ရဟန်းတို့ကို ထိုင်နေစေခြင်းငှာလည်းကောင်း ပြုစုလုပ်ကျွေးခြင်းငှာ လည်းကောင်း မစွမ်းနိုင်သောကြောင့် ကျွန်မတို့ကို မိခင်တို့ သပိတ်တို့ကိုယူ၍ အရှင်မြတ်တို့ကို ထိုင်နေတော် မူစေပြီးလျှင်ယာဂုတို့ကို တိုက်ပြီးသည့်ကာလ ခဲဖွယ်ကို ပေးလှူပြီးသော် ဆွမ်းစားချိန်တိုင်သော အခါ၌ သပိတ်တို့ကို ပြည့်စေ၍ ပေးလှူကြကုန်လော့ဟု စေခိုင်း၏။

ကျွန်မတို့ကလည်း အရှင်မ ကောင်းပါပြီဟု ဝန်ခံပြီးလျှင် ရဟန်းတို့ကို အိမ်တွင်းသို့ ပင့်သွင်း၍ ယာဂုကို တိုက်ပြီး၍ ခဲဖွယ်ကို ပေးလှူပြီးလျှင် ဆွမ်းစားချိန် တိုင်သောအခါ၌ သပိတ်၌ ဆွမ်းဖြင့် ပြည့်စေ၍ သိရိမာအား ကြားကြကုန်၏။ သိရိမာကလည်း ငါ့ကိုချီပွေ့ယူဆောင်ကြပါကုန်လော့ အရှင်မြတ်တို့ကို ရှိခိုးပါအံ့ဟု ပြောသဖြင့် ထိုကျွန်မတို့သည် ချီပွေ့၍ ရဟန်းတော်တို့၏ အထံသို့ ဆောင်ယူသည်ရှိသော် သိရိမာသည် တုန်လှုပ်သော ကိုယ်ရှိသဖြင့်သာလျှင် ရဟန်းတို့ကို ရှိခိုးဦးချ၏။

သိရိမာကိုစွဲ၍ ဒုက္ခဖြစ်သော ရဟန်း

ထိုရဟန်းသည် သိရိမာကို ကြည့်ရှုပြီးလျှင် "ဤသိရိမာ ဒါယိကာမသည် မမာမကျန်း ဘေးဘျမ်းရောဂါ စွဲကပ်လာသောအခါ၌ သော်လည်း ဤသို့သဘောရှိသော အဆင်းသဏ္ဌာန်၏ တင့်တယ်လှပခြင်း ရှိတုံသေး၏။ ရောဂါမရှိပကတိ ကျန်းမာသောအခါ၌ အလုံးစုံသော တန်ဆာတို့ကို ဆင်ယင်အပ်သည်ရှိသော် ဤသိရိမာအား အဆင်း၏ ပြည့်စုံခြင်းသည် အဘယ်သို့သဘောရှိသည်

ဖြစ်ပေလိမ့်မည်နည်း”ဟု ကြံ၏၊ ထိုသို့ကြံသောအခါ၌ ထိုရဟန်းအား တစ်ကုဋ္ဌေမျှလောက် မကသော နှစ်တို့ပတ်လုံး စုဝေးတည်ရှိသော ကိလေသာသည် လှည့်လည်တိုးပွား အားကြီးတက်ကြွလေ၏။ ထိုရဟန်းသည် သိမြင်ဆင်ခြင်တတ်သော ဉာဏ်ကင်းသည်ဖြစ်၍ ဆွမ်းကိုစားခြင်းငှာ မစွမ်းနိုင်သောကြောင့် သပိတ်ကိုယူ၍ ကျောင်းသို့သွားပြီးလျှင် သပိတ်ကိုပိတ်၍ သင့်တင့်လျောက်ပတ်သော အရပ်၌ သိုမှီးထားပြီးလျှင် တစ်ဘက်သော သင်္ကန်းစွန်းကို ဖြန့်ခင်းပြီးသော် အိပ်နေလေ၏။ ထိုအခါအဖော်ဖြစ်သော တစ်ပါးသော ရဟန်းက ထိုရဟန်းကို အဖန်ဖန် အထပ်ထပ် မပြတ်ပြောဆို တောင်းပန် ပါသော်လည်း ဆွမ်းကို စားစေခြင်းငှာ မစွမ်းနိုင်။ ထိုရဟန်းသည် ပြတ်သော ဆွမ်းရှိသည်ဖြစ်လေ၏။ ထိုနေ့ညနေချမ်းအခါ၌ပင်လျှင် သိရိမာသည် သေလွန်ခြင်းကို ပြု၏။ ဗိမ္ဗိသာရမင်းကြီးသည် မြတ်စွာဘုရား ရှင်အား ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား ဇီဝက၏ နှမငယ်ဖြစ်သော သိရိမာသည် သေလွန်ခြင်းကို ပြုပါသည်ဟူသော သတင်းစကားကို စေလွှတ်လိုက်၏။

သိရိမာကိုကြည့်ရှုရန်မင်းအာဏာ

မြတ်စွာဘုရားရှင်သည် လျှောက်ကြားလာသော ထို သတင်းစကားကို ကြားတော်မူလျှင် မင်းကြီးအား ဒကာတော်မင်းကြီး သိရိမာ၏ ရုပ်အလောင်းကို မီးတိုက်သင်္ဂြိုဟ်ဖွယ် ကိစ္စမရှိ၊ သူကောင်မြှုပ်ရာဖြစ်သော သုသာန်၌ အကြင်သို့သော အခြင်းအရာဖြင့် ထားအပ်သည်ရှိသော် ထိုသိရိမာ၏ရုပ်အလောင်းကို ကျီး, ခွေး, သိန်း, စွန် လင်းတ အစရှိသော သတ္တဝါတို့သည် မကိုက်ခဲကုန်၊ ထိုသို့သောအခြင်းအရာဖြင့် လျောင်းစေ၍ စောင့်ရှောက် စေကုန်လော့ဟု အကြောင်းစကား မှာထားစေလွှတ်လိုက်၏၊ ဗိမ္ဗိသာရ မင်းကြီးသည်လည်း မြတ်စွာဘုရား မိန့်တော်မူသည့်အတိုင်း ပြုပေ၏။ အစဉ်အတိုင်း အားဖြင့် သုံးရက်တို့ကို လွန်ကုန်သည်ရှိသော် လေးရက်မြောက်သောနေ့၌ သိရိမာ၏ ရုပ်အလောင်းကိုယ်သည် ဖူးဖူးရောင်သည်ဖြစ်လေ၏။ ကိုးခုကုန်သော အမာဝတို့မှ ပိုးလောက်တို့သည် ယိုစီးကျထွက်ကုန်၏။ အလုံးစုံကုန်သော ကိုယ်သည် ကွဲပျက်သည်ဖြစ်၍ ပုပ်သိုးသော သလေးထမင်းအိုးစရည်းကဲ့သို့ ဖြစ်လေ၏။

မင်းကြီးသည် မြို့တော်၌ “အိမ်စောင့်ဖြစ်သော သူငယ်တို့ကို ထား၍ သိရိမာ၏ ရုပ်အလောင်းကို ကြည့်ရှုခြင်းငှါ မလာရောက်သော သူတို့အား ရှစ်ကျပ်သော အသပြာကို ပေးဆောင်ရခြင်းတည်း ဟူသော ဒဏ်ထိုက်စေသတည်း”ဟု စည်ကိုလည်စေ၏။ မြတ်စွာဘုရားရှင်၏ အထံတော်သို့လည်း ဘုရားအမှူးရှိသော ရဟန်းသံဃာတော်အပေါင်းသည် သိရိမာ၏ ရုပ်အလောင်းကို ကြည့်ရှုခြင်းငှါ ကြွလာတော်မူကြပါစေ ကုန်သတည်းဟု စေလွှတ်လျှောက်

ကြားလိုက်၏။ ထိုရဟန်းငယ်သည်လည်း လေးရက်တို့ ကာလပတ်လုံး တစ်စုံတစ်ခုသောစကားကို မပြောမဆိုရ။ အစာအာဟာရကို မယူဘဲ ပြတ်သောဆွမ်းရှိသည် ဖြစ်၍သာလျှင် အိပ်နေ၏။ သပိတ်၌ ဆွမ်းသည် ပုပ်သိုးသည်ဖြစ်၍ သပိတ်၌ အညစ်အကြေးသည် ထလေ၏။

ထိုအခါ အဖော်ဖြစ်သော ရဟန်းတစ်ပါးက ထိုရဟန်းသို့ ချဉ်းကပ်၍ ငါ့ရှင်, မြတ်စွာဘုရားရှင်သည် သိရိမာကို ရှုမြင်ခြင်းငှါ ကြွတော် မူလတ္တံ့ဟု ပြော၏။ ထိုရဟန်းသည် ပြောဆိုသော စကားကို ကြားရသည့် အခါ မွတ်သိပ်ဆာလောင်သော်လည်း သိရိမာဟု ဆိုကာမျှ၌သာလျှင် အဆောတလျင်ထ၍ အဘယ်ကိုပြောသနည်းဟု မေး၏။ မြတ်စွာဘုရားရှင်သည် သိရိမာကို ကြည့်ရှုခြင်းငှါ ကြွလတ္တံ့။ အသင်သည်လည်း သွားလတ္တံ့လောဟု ပြောသည်ရှိသော် ငါသည် လိုက်ပေအံ့ဟုပြော၍ ပုပ်သိုးသောဆွမ်းကို စွန့်ပစ်ပြီးလျှင် သပိတ်ကိုဆေးကြော၍ သပိတ်အိတ်၌ ထည့်သွင်းထားပြီးသော် ရဟန်းသံဃာတော်အပေါင်းနှင့်အတူတကွ လိုက်သွားလေ၏။ မြတ်စွာဘုရားသည် ရဟန်းသံဃာအပေါင်း ခြံရံလျက် တစ်ဘက်နံပါး၌ ရပ်တည်တော်မူ၏။ မင်း ပရိသတ်သည်လည်းကောင်း၊ ဒါယကာ ပရိသတ်သည်လည်းကောင်း တစ်ဘက် တစ်ဘက်သော နံပါး၌ အသီးသီး ရပ်တည်ကြကုန်၏။

သိရိမာကို ယူချင်သူမရှိ

မြတ်စွာဘုရားရှင်သည် မင်းကြီးကို ဒကာတော် မင်းကြီး၊ ဤသူသည် အဘယ်သူပေနည်းဟု မေးတော်မူ၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဇီဝက၏နှမငယ် သိရိမာမည်သော သူပါတည်းဟု လျှောက်သဖြင့် ဖူးဖူးရောင်ထလျက် ကိုးပေါက်သော အမာဝတို့မှ ထွက်ကျ ယိုစီးသော ပိုးလောက် အပုပ်တို့ဖြင့်ပြည့်သော ဤသူသေကောင်သည် သိရိမာပင်လောဟု မေးတော်မူပြန်လျှင်၊ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ ဩော်ဟုတ်ပါပေ၏ဟု ဝန်ခံလျှောက်ကြား၏။ ထိုသို့ဖြစ်ပါမူကား "အသပြာတစ်ထောင်ကို ပေး၍ သိရိမာကို ယူကုန်လော့" ဟူ၍ မြို့၌စည်ကို လည်စေလော့ဟု မိန့်တော်မူ၏။ မင်းကြီးသည် မြတ်စွာဘုရားမိန့်တော်မူတိုင်းကိုပြုစေ၏၊ တစ်ယောက်သောသူသည်လည်း ငါယူမည် ငါ့အား ဖြစ်စေလော့ဟု ဆိုသောသူမည်သည်မရှိ။ မင်းကြီးသည် မြတ်စွာဘုရားရှင်အား ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တစ်စုံတစ်ယောက်သော သူမျှလည်း ယူမည့်သူ မရှိပါကုန်ဟု လျှောက်ကြားသဖြင့် ထိုသို့ဖြစ်ပါမူကား ဒကာတော်မင်းကြီး၊ အဖိုးကို ယုတ်လျော့စေလော့ဟု မိန့်တော်မူ၏။

မင်းကြီးသည် ငါးရာသောအသပြာတို့ကိုပေး၍ ယူစေကုန်သတည်းဟု စည်ကို လှည့်လည်စေသည် ရှိသော် တစ်စုံတစ်ယောက်သော ယူမည့်သူကို မမြင်သောကြောင့် တစ်ဖန် ယုတ်လျော့ပြန်၍ နှစ်ရာ့ငါးဆယ်သော အသပြာ၊ နှစ်ရာသောအသပြာ၊ တစ်ရာသောအသပြာ၊ ငါးဆယ်သောအသပြာ၊ နှစ်ဆယ့် ငါးကျပ်သောအသပြာ၊ တစ်ဆယ်သောအသပြာ၊ ငါးကျပ်သော အသပြာ၊ တစ်ကျပ်သော အသပြာ၊ တစ်ဝက်သော အသပြာ၊ တစ်ပဲသော အသပြာ စသောအားဖြင့် အစဉ်အတိုင်း ယုတ်လျော့၍ လာခဲ့လေရာ တစ်ချင်ရွေးလောက်သော အသပြာကို ပေး၍ သိရိမာကို ယူစေကုန်သတည်းဟု စည်ကို လှည့်လည်ပါစေသော်လည်း တစ်စုံတစ်ယောက်သော သူသည် ထိုသိရိမာကို အလိုမရှိလေ။ထိုနောက် အဖိုးအခမပေးရဘဲ အချည်းနှီး သက်သက်သော်လည်း ယူကြကုန်လော့”ဟု စည်ကို လှည့်လည်စေပြန်၏။ ငါသည် ယူအံ့ ဟူ၍ လည်းကောင်း၊ ငါ့အား ဖြစ်ပါစေသတည်း ဟူ၍လည်းကောင်း ဆိုသောသူ မည်သည် တစ်စုံတစ်ယောက်မျှရှိသည်မဖြစ်။

ရှစ်သောင်းလေးထောင်သော သတ္တဝါတို့ ကျွတ်တမ်းဝင်ခြင်း

မင်းကြီးသည် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ အဖိုးအခမပေးရဘဲ အချည်းနှီး သက်သက်ပင် သော်လည်း ယူမည့်သူ မရှိပါဟု လျှောက်၏။ ဘုရားကိုယ်တော်မြတ်က ချစ်သားရဟန်းတို့၊ လူများ အပေါင်းအား ချစ်မြတ်နိုးအပ်သော မာတုဂါမကို ကြည့်ရှုကြပါကုန်လော့၊ ဤရာဇဂြိုဟ်မြို့၌ပင်လျှင် တစ်ထောင်သော အသပြာကိုပေး၍ တစ်နေ့မျှကာလကို ရကြကုန်၏။ဤယခုအခါ၌မူကား အဖိုးအခမပေးရဘဲ အချည်းနှီးသက်သက်ပင်သော်လည်း ယူမည့်သူ တစ်စုံတစ်ယောက်မျှမရှိ။ ဤသို့သဘောရှိသော ရုပ်မည်သည် ကုန်ခြင်းပျက်ခြင်းသို့ရောက်၏၊ ချစ်သားရဟန်းတို့ ကျင်နာနှိပ်စက်တတ်သော အတ္တဘောကို ကြည့်ကြကုန်လော့ဟုမိန့်တော်မူပြီး၍ ဤဂါထာကိုမိန့်တော်မူ၏—

ပဿ စိတ္တကတံ ဗိမ္ဗံ၊ အရုကာယံ သမုဿိတံ။
အာတုရံ ဗဟုသင်္ကပ္ပံ၊ ယဿ နတ္ထိ ဓုဝံ ဌိတိ။

ဆန်းကြယ်စွာ ပြုအပ်သော သိရိမာ၏ရုပ်တုကို ကြည့်ပါလော့၊ ကိုးပေါက်ဒွါရအမာဝရှိ၏၊ အရိုးတို့ဖြင့် စိုက်ထောင်ထား၏၊ နာကျင်တတ်၏၊ အထူးထူးကြံစီအပ်၏၊ စေ့စေ့ကြည့်ရှုပါလော အကြင် ကိုယ်ခန္ဓာသည် အမြဲတည်နေခြင်းမရှိချေတကား။

ထိုဂါထာ၌—

စိတ္တကတံ=ဟူသည် ပြုအပ်သော ဆန်းကြယ်မှု ရှိ၏၊ အဝတ်တန်ဆာ ပန်းမာလာ ဆိုးရည်တို့ဖြင့် ဆန်းကြယ်သည်ဟူလို။

ဗိမွံ=ဟူသည် ရှည်ရမည့်နေရာ ဌာနတို့၌ ရှည်သော အင်္ဂါကြီးငယ်တို့နှင့် ကောင်းစွာတည်သော အတ္တဘောတည်း။

အရုကာယံ=ဟူသည် ကိုးပေါက်သောဒွါရအမာဝတို့ဖြင့် အနာဖြစ်နေသော ကိုယ်ကို ဆိုလိုသည်။

သမုဿိတံ=ဟူသည်အရိုးသုံးရာတို့ဖြင့် စိုက်ဆောက်အပ်သော ကိုယ်တည်း။

အာတုရံ=ဟူသည် အခါခပ်သိမ်း ဣရိယာပုထ် စသည်တို့ဖြင့် ပယ်ရှားအပ်သောကြောင့် အမြဲဖျားနာတတ်သော သဘောတည်း။

ဗဟုသင်္ကပ္ပံ=ဟူသည် လူအများက အမျိုးမျိုးကြံစည်အပ်သော အကြံပင်ဘည်း။

ယဿ နတ္ထိ ဓုဝံ ဌိတိ=ဟူသည် အကြင်ခန္ဓာကိုယ်အား မြဲသော သဘောတည်ဘံသောသဘောမရှိ၊ အမှန်စင်စစ် ကဲ့ပျက်ခြင်း ဖရိုဖရဲကြဲခြင်းသဘောရှိ၏၊ ဤကိုယ်ကို ရှုကြကုန်လော ဟူလို။

ဒေသနာတော်၏အဆုံး၌ ရှစ်သောင်းလေးထောင်ကုန်သော သတ္တဝါတို့သည် တရားကို ထိုးထွင်းသိမှုဖြစ်လေ၏။ ထိုရဟန်းသည်လည်း သောတာပတ္တိဖိုလ်၌ တည်လေ၏။

သိရိမာ ပြည့်တန်ဆာမဝတ္ထု ပြီး၏။

၉။ ဥတ္တရာထေရမဝတ္ထု

ပဒုဇ္ဇလဉ္ဆမိဒံ–အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် ဥတ္တရာမထေရ်မကို အကြောင်းပြု၍ ဟောတော်မူ၏။

ဥတ္တရာမထေရ်မသည် ပဋိသန္ဓေမှ၍ရေလျှင် အသက် တစ်ရာ့နှစ်ဆယ်ရှည်၏။ ဆွမ်းအလိုဌါ လှည့်လည်ကြွဝင်၍ ရအပ်သောဆွမ်းတို့ကို ခရီးအကြာင်း၌ ရဟန်း တစ်ပါးကို တွေ့မြင်၍၊ အရှင်ဘုရား တပည့်တော်မသည် ဆွမ်းကိုလှူဒါန်းသည် ရှိသော် ခံယူတော်မူပါအံ့လော့ဟု ဆွမ်းဖြင့်ပန်ကြားသည်ရှိသော်၊ မမြစ်ပယ်မူ၍ ခံယူသောရဟန်းအား အသုံးစုံသောဆွမ်းကို ပေးလှူ၍ အာဟာရ ကင်းပြတ်သည် ဖြစ်လေ၏။ ဤနည်းအတူ နှစ်ရက်မြောက်သောနေ့ သုံးရက်မြောက်သော နေ့၌လည်း ထိုရဟန်းအားသာလျှင် ရှေးယခင် ပွေ့ခဲ့သောနေရာ၌ တွေ့မြင်သည်ရှိသော် ထိုနေရာ၌ပင်လျှင် ဆွမ်းကိုပေးလှူ၍ အာဟာရကင်းပြတ်သည် ဖြစ်လေ၏၊ လေးရက်မြောက်သောနေ့၌ ဆွမ်းအလိုဌါ လှည့်လည်သည်ရှိသော် ကျဉ်းမြောင်းရာဖြစ်သော တစ်ခုသောအရပ်ဒေသ၌ မြတ်စွာဘုရားကို

တွေ့မြင်၍ လမ်းမုဖဲရှောင်သည့်အခါ တွဲလဲကျနေသော မိမိ၏ သက်နှ်းစွန်းကို နင်းမိ သောကြောင့် တည်တံ့ခြင်းငှါ မစွမ်းနိုင်ဘဲ ပြန်လှန်၍ လဲလေ၏။ မြတ်စွာဘုရားရှင်သည် ထိုမထေရ်မ၏အထံသို့ ကြွသွားတော်မူ၍ နှမ၊ အသင်၏ အတ္တဘောသည် အိုမင်းရင့်ရော်လေပြီ၊ မကြာမြင့်မီပင်လျှင် ပျက်စီးလတ္တံ့ဟု မိန့်တော်မူ၍ ဤဂါထာကို မိန့်တော်မူ၏။

ပရိဇိဏ္ဏ မိဒံ ရူပံ၊ ရောဂနိဋ္ဌံ ပဘင်္ဂုရံ။
ဘိဇ္ဇတိ ပူတိသန္ဒေဟော၊ မရဏန္တံ ဟိ ဇီဝိတံ။

ဤရုပ်သည် ဆွေးမြေ့အိုမင်းလေသည်၊ ရောဂ၊တို့၏ တည်ရာဖြစ်၏၊ပျက်စီး တတ်၏။ ပုပ်သောဤကိုယ်သည် မကြာမီ ပျက်စီးလတ္တံ့ အသက်ရှင်ခြင်းသည် သေခြင်းလျှင် အဆုံးရှိ၏။

ထိုဂါထာ၏အဓိပ္ပါယ်ကား အိုနှမ သင်၏ ဤခန္ဓာကိုယ်ရုပ်သည် အိုမင်းသည် ၏ အဖြစ်ဖြင့် ဆွေးမြေ့လေ၏၊ ထိုရုပ်သည် ရောဂါအားလုံးတို့၏ နေရာရပ်ဌာန ဖြစ်၍ ရောဂါ၏ အသိုက်ဖြစ်၏၊ ငယ်ရွယ်သော မြေခွေးကိုပင် မြေခွေးအိုဟူ၍ ဆိုအပ်သကဲ့သို့ နုပျိုသော ဆင်တုံးမနွယ်ကို နွယ်ပုပ်ဟူ၍ ဆိုအပ်သကဲ့သို့၊ဤအတူ ထိုနွေ့မွေးဖွားရှ် ရှေအဆင်းရှိသော်လည်းအမြဲတမ်းအပုပ်ယိုစီးနေသောကြောင့် ပျက်စီးတတ်၏ဟူလို၊ဤသို့ပုပ်သော သင်၏ကိုယ်သည် ပျက်စီးတတ်၏။မကြာမီ ပျက်စီးလိမ့်မည်ဟု သိအပ်၏။ အဘယ်ကြောင့်နည်း၊ သတ္တဝါတို့၏ အသက်ရှင် ခြင်းသည် သေခြင်းသည် အဆုံးရှိ၏ ဟူလို။

ဒေသနာတော်၏အဆုံး၌ ထေရီမသည် သောတာပတ္တိဖိုလ်သို့ရောက်၏၊ လူ အပေါင်းအားလည်း အကျိုးရှိသော တရားဟောကြားမှုဖြစ်၏။

ဥတ္တရာထေရီမဝတ္ထု ပြီး၏။

၄။ သမ္မဟုလအဓိမာနိက ရဟန်းဝတ္ထု

ယာနီမာနိ–စသော ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် များစွာကုန် သော အထင်ကြီးသောရဟန်းတို့ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ငါးရာကုန်သော ရဟန်းတို့သည် ဘုရားကိုယ်တော်မြတ်၏ အထံ၌ သင်အံ့ စီးဖြန်းကမ္မဋ္ဌာန်းကိုယူ၍ တောသို့ဝင်ရောက်ပြီးလျှင် လုံ့လ ဝီရိယ ဥဿာဟပြု ကုန်လျက် စျာန်ကိုဖြစ်စေပြီးသော် ကိလေသာတို့၏ ဥပါဒ်မပေါ်လာသဖြင့်

ငါတို့အား ရဟန်းကိစ္စ ပြီးဆုံးပေပြီ၊ ငါတို့အား ရအပ်သော ကျေးဇူးဂုဏ်ကို ဘုရားကိုယ်တော်မြတ်အား ကြားလျှောက်ကုန်အံ့ဟု လာခဲ့ကြကုန်၏။ မြတ်စွာ ဘုရားရှင်သည် ထို ရဟန်းတို့၏ တံခါးမုခ်အဝသို့ ကျရောက်သောအခါ၌ သာလျှင် အာနန္ဒာမထေရ်ကို ချစ်သား အာနန္ဒာ၊ ထိုရဟန်းတို့အား ကျောင်း တော်သို့ ဝင်လာ၍ ငါဘုရားကို ဖူးမြင်ခြင်းဖြင့် ပြုဖွယ်ကိစ္စမရှိ။ သူကောင်စွန့် ပစ်ရာဖြစ်သော သခ်ျိုင်းသို့ သွားရောက်ပြီးလျှင် ထိုသခ်ျိုင်းမှ ပြန်လာခဲ့၍ ငါဘုရားကို ကြည့်ရှုဖူးမြင်စေကုန်သတည်းဟု မိန့်တော်မူ၏။ အာနန္ဒာမထေရ် သည် ကြွသွားတော်မူ၍ ထိုရဟန်းတို့အား မြတ်စွာဘုရား မိန့်တော်မူသော အကြောင်းကို ပြန်ကြားပေ၏။

ထိုရဟန်းသည် ငါတို့အား သူကောင်စွန့်ပစ်သော သုသာန်ဖြင့် အဘယ်သို့ ပြုလုပ်အံ့နည်းဟုမငြင်းပယ်မပြောဆိုမူ၍သာလျှင် မြင့်ရှည်စွာသော အဓွန့်ကာလ ကိုမြင်တော်မူသော မြတ်စွာဘုရားသည် တစ်စုံတစ်ခုသောအကြောင်းကို သိမြင် တော်မူသည် ဖြစ်ပေလိမ့်မည်"ဟုကြံ၍ သုသာန်သို့သွားပြီးသော် ထိုသုသာန်၌ သူကောင်ပုပ်တို့ကိုကြည့်ရှုကုန်လျက် တစ်ရက်, နှစ်ရက်ကာလမျှ ကြာမြင့်သည် ဖြစ်၍စွန့်ပစ်ကျရောက်ကုန်သောသူကောင်ပုပ်တို့ကို အရိုးစုဟူသောအဋ္ဌိကသညာ ကိုရ၍ ထိုခဏ၌စွန့်ပစ်ကျရောက်ကုန်သော လတ်တလော စိုစွတ်သောသူသေ၏ ကိုယ်တို့၌ တပ်မက်ခြင်းရာဂကို ဖြစ်စေကုန်၏။ ထိုခဏ၌ မိမိတို့အား ညစ်ညူး တတ်စွာ ကိလေသာရှိသည့်အဖြစ်ကို သိကြကုန်၏။

ရဟန်းတော်ငါးရာ

မြတ်စွာဘုရားရှင်သည် ဂန္ဓကုဋ္ဌိတိုက်၌ သီသင်းသုံးတော်မူလျက် သာလျှင် ကိုယ်ရောင်တော်ကို ပြန့်နှံ့စေ၍ ထိုရဟန်းတို့၏ မျက်မှောက်၌မိန့်ဆိုတော်မူဘိ သကဲ့သို့ ချစ်သား ရဟန်းတို့၊ အသင်တို့အား ဤသို့ သဘောရှိသော အရိုးစုကို မြင်၍ ရာဂတည်းဟူသော မွေ့လျော်ခြင်းကို ဖြစ်စေခြင်းငှါ သင့်လျော်လျောက်ပတ်အံ့လောဟု မိန့်တော်မူပြီး၍ ဤဂါထာတော်ကို မိန့်တော်မူ၏။

ယာနိမာနိ အပတ္ထာနိ၊ အလာဗူနေဝ သာရဒေ။
ကာပေါတကာနိ အဋ္ဌိနိ၊ တာနိ ဒိသွာန ကာ ရတိ။

တန်ဆောင်မုန်းလအခါ၌ စွန့်ပစ်ထားသော ဗူးသီးခြောက်ကဲ့သို့ စွန့်ပစ်အပ် သော ခိုအဆင်းကဲ့သို့ ဖြူမွဲသော အရိုးတို့ကို မြင်ရ၍ အဘယ်မှာ မွေ့လျော် ပျော်ရွှင်မှု ရှိနိုင်အံ့နည်း။

ထိုဂါထာဌ်-

အပတ္ထာနိ=ဟူသည် စွန့်ပစ်အပ်ကုန်သော ဟူလို။

သာရဒေ=ဟူသည် တန်ဆောင်မုန်းလအခါဌ် လေ, နေပူတို့သည် တိုက်ခတ်အပ်ကုန်သည်ဖြစ်၍ ထိုထိုအရပ်တို့ဌ် ဖရိုဖရဲ လွင့်ကြဲ စွန့်ပစ်အပ်သော ဗူးခြောက်တိကဲ့သို့။

ကာပေါတကာနိ=ဟူသည် ခိုခြေ အဆင်းနှင့်တူသော အဆင်းရှိကုန်သော (အရိုးတို့ကို)။

တာနိ ဒိသွာန=ဟူသည် ဤသို့ သဘောရှိသော ထိုအရိုးတို့ကို မြင်ရ၍ သင်တို့အား မေ့လျော့ခြင်းသည် အဘယ်အကျိုးရှိအံ့နည်း။ အနည်းငယ်မျှသော ကာမဂုဏ်တို့ဌ် မေ့လျော့ခြင်းကိုပင် မပြုမသင့်ပေ။

ဒေသနာတော်၏အဆုံးဌ် ထိုရဟန်းငါးရာတို့သည် နေမြဲတိုင်း ဣရိယာပုထ်ဖြင့် သာလျှင် အရဟာဋ္ဌဖိုလ်သို့ ရောက်တော်မူကြ၍ မြတ်စွာဘုရားကို ချီးမွမ်းကြကုန်လျက် လာရောက် ရှိခိုးကြလေသည်။

သမ္မဟုလ အဓိမာနိကရဟန်း၀တ္ထု၊ ပြီး၏။

၅။ ဇနပဒကလျာဏီ ရူပနန္ဒာထေရီမ၀တ္ထု၊

အဌ်ဒိနံ နဂရံ ကတံ-အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်ဌ် သီတင်းသုံး နေတော်မူစဉ် ဇနပဒကလျာဏီမည်သော ရူပနန္ဒာထေရီမကို အကြောင်းပြု၍ ဟောတော်မူ၏။

ညီတော် နန္ဒမင်းသား၏ ကြင်ဖော်၊ မိထွေးတော် ဂေါတမီ၏ ရင်နှစ်သမီးချစ်ဖြစ်သော ဇနပဒကလျာဏီ မင်းသမီးသည် တစ်နေ့သောအခါဌ် ကြံဆင်ခြင်သည်မှာ "ငါ၏ မောင်တော် အကြီးသည် လေးကျွန်းလုံးကို အုပ်ဖုံးလွှမ်းမိုး အစိုးရသော စကြာမင်း ဖြစ်ဆိုက်သော မင်း၏ အသရေကို ထွေးစွန့်၍ ပစ်အပ်သော တံတွေးပေါက်မျှ ဟုမှာကဲ့သို့ ပယ်ချစွန့်လွှတ် ဖန်ရည်စွန်းသော အ၀တ်ကို ၀တ်ရုံသမျှ ရဟန်းပြု၍ သုံးခုဘ၀ သုံးလောကဌ် မရဖြိုင်ဖက် အဂ္ဂပုဂ္ဂိုလ အမြတ်ဆုံး ဘုရားဖြစ်တော်မူလေပြီ။ ထိုမောင်တော်အကြီး၏ ရင်သွေး ရာဟုလာ မင်းသားသည်လည်း ဘုရားသာသနာတော်၌ ရဟန်းပြုလေပြီ။ မောင်ရင်းမင်းနန် ငါ့သက်နှံသည်လည်း သာသနာတော်ထဲမ်း ရဟန်းပြုလေပြီ။ ငါ၏မယ်တော်သည်လည်း ရဟန်းပြုလေပြီ။ ဤမျှလောက်သော ဆွေရင်း

မျိုးချာ ပေါင်းများစွာတို့ သာသနာတော်ထမ်း ရဟန်းပြုကြပါကုန် လျက်လည်း ငါတစ်ယောက်တည်း အချည်းနှီးခဲ့ရှောင် အိမ်ရာထောင်သော လူ့ဘောင်၌ နေသဖြင့် အဘယ်အကျိုးရှိအံ့နည်း။ ဘုရားသာသနာ ကောင်းစွာ ရွက်ထမ်း ရဟန်းပြုတော့မည်”ဟု ကြံ၏။ ကြံပြီး၍ကား ထိုမင်းသမီးသည် ရဟန်းမိန်းမ တို့၏ ကျောင်းသို့ သွားရောက်၍ ရဟန်းပြုလေ၏။

မြတ်စွာဘုရားထံ မသွားဘဲ နေခြင်း

ထိုသို့ ရဟန်းပြုသော်လည်း သဒ္ဓါတရား ဖြစ်ပွားသောအားဖြင့် ရဟန်း ပြုသည် မဟုတ်။ ဆွေမျိုးဉာဘိ အမိပေါက်ဖော် တော်စပ်သော သူတို့၌ ချစ်ခင် စုံမက်ခြင်းဖြင့်သာလျှင် ရဟန်းပြုလေ၏။ ထိုဇနပဒကလျာဏီ ရဟန်းမိန်းမသည် အလှန် အဆင်းလှသည်၏ အဖြစ်ကြောင့် ရူပနန္ဒာ-ဟု ထင်ရှားကျော်စော၏။ မြတ်စွာဘုရား ရှင်သည် ရုပ်သည့် အနိစ္စ, ဒုက္ခ, အနတ္တ၊ ဝေဒနာသည် အနိစ္စ, ဒုက္ခ, အနတ္တ၊ သညာသည့် အနိစ္စ, ဒုက္ခ, အနတ္တ၊ သင်္ခါရတို့သည် အနိစ္စ, ဒုက္ခ, အနတ္တ။ ဝိညာဏ်သည် အနိစ္စ, ဒုက္ခ, အနတ္တ-တည်းဟု ဤသို့သော တရားတော်ကို ဟောကြားတော်မူသတည်းဟု ကြား၍ ထိုရူပနန္ဒာဘိက္ခုနီမ သည် “ဤသို့သဘောရှိသော ရွှေချင်စဖွယ် တင့်တယ်လှပသော ဂါ၏ အဆင်း၌ အပြစ်ကို ပြ၍ မောင်တော်ဘုရားသည် တရားဟောတော် မူပေလိမ့်မည်”ဟု ကြံ၍ မြတ်စွာဘုရားရှင်၏ မျက်မှောက်တော်သို့ မသွားရောက်။

သာဝတ္ထိပြည်၌ နေလေ့ရှိကုန်သော ဒါယကာ ဒါယိကာမတို့သည် နံနက် စောစောကပင်လျှင် အာသ့။ဒါနကို ပေးလှူ။ပြီး၍ ကောင်းစွာခံယူဆောက်တည် အပ်သော ဥပုသ်သုံးခြင်းရှိကုန်လျက် စင်ကြယ်ကောင်းမြတ်သော အပေါ်တင် ပုဆိုးကို ရုံပြီးသည့်အခါ ပန်း, နံ့သာ စသည်တို့ကို လက်စဲ့ကုန်လျက် ညချမ်းသော အခါ ဇေတဝန်ကျောင်းတော်၌ စုရုံးစည်းဝေး၍ တရားတော်ကို နာကြကုန်၏။ မြတ်စွာဘုရား တရားဟောရာ၌ တရားတော်ကို နာလိုသော သမ္မာဆန္ဒ ဖြစ်ကြ ကုန်သော ရဟန်း မိန်းမ အပေါင်းတို့သည် ကျောင်းတော်သို့ သွားရောက်၍ တရားတော်ကို ကြားနာ၏၊ တရားတော်ကို ကြားနာ၍ မြို့သို့ ဝင်ကြကုန်သည် ရှိသော် မြတ်စွာဘုရားဂုဏ်ကျေးဇူးစကားကို ပြောဆိုချီးမွမ်းကုန်လျက်သာလျှင် ဝင်သွားကြကုန်၏။

ပြမာဏလေးပါးကို ပဓာနထားကြသော ဇလာကလူ့ရွာ သတ္တဝါ အပေါင်း၌ မြတ်စွာဘုရားရှင်ကို ဖူးမြင် ကြရကုန်သော အကြင် သတ္တဝါတို့အား ကြည်ညိုခြင်း မဖြစ်။ ထို ကြည်ညိုခြင်း မဖြစ်နိုင်သော သတ္တဝါတို့သည် အနည်းမျှသာ ရှိကုန်၏။ ထိုစကားမှန်၏၊ အဆင်း၌ ပမာဏထားကုန်သော သတ္တဝါသည် လက္ခဏာတော်ကြီး, လက္ခဏာ တော်ငယ်တို့ဖြင့် တင့်တယ်စွာ တန်ဆာဆင်အပ်သော ဇမ္မူရစ်

ရွှေစင် အဆင်းကဲ့သို့သော အဆင်းရှိသော မြတ်စွာဘုရားရှင်၏ ကိုယ်တော်ကို မြင်၍ ကြည်ညိုကြကုန်၏။ ဂုဏ်သတင်း ကျော်စောသံ၌ ပမာဏထားကြကုန်သော သူတို့သည်လည်း အရာမက များပြားလှကုန်သော ဇာတ်တော် အဖြစ်တော်တို့ကို မှီ၍ ဖြစ်သော မြတ်စွာဘုရားရှင်၏ ဂုဏ်ကျေးဇူး အသံတော်ကိုလည်းကောင်း၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသောတရားဟောသောအသံတော်ကိုလည်းကောင်း ကြားနာရ၍ ကြည်ညိုကြကုန်၏။ ခေါင်းပါးသော အကျင့်၌ ပမာဏထားကြကုန်သော သူတို့သည်လည်း မြတ်စွာဘုရားရှင်၏ သင်္ကန်းအစရှိသော ခေါင်းပါးသော အဖြစ်ကို စဲ့လျက် ကြည်ညိုကြကုန်၏။ တရားတော်၌ ပမာဏထားကြကုန်သော သူတို့သည်လည်း အားဆယ်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားရှင်၏ သီလတော်သည် ကျိုသို သဘောရှိ၏။ သမာဓိတော်သည် ကျိုသိုသဘောရှိ၏။ ပညာတော်သည် ကျိုသိုသဘောရှိ၏၊ မြတ်စွာဘုရားရှင်သည် သီလအစရှိသောဂုဏ်တို့ကြောင့် တုဖက်နှိုင်းပို့ တစ်စုံတစ်ယောက်သောသူမျှ မရှိဟု ကြည်ညိုကြကုန်၏။]

မြတ်စွာဘုရား ရှင်၏ ဂုဏ်ကျေးဇူးစကားကို ပြောဆိုချီးမွမ်းထောမနာကြကုန်သော ထိုသူတို့အား ခံတွင်း မဆုံ ပျံ့နှံ့ အားကြီးလှပေ၏။ ရူပနန္ဒာမထေရ်မသည် ရဟန်းမိန်းမတို့၏ လည်းကောင်း ဒါယိကာမိန်းမတို့၏ လည်းကောင်း အထံမှ မြတ်စွာဘုရားရှင်၏ ဂုဏ်ကျေးဇူးစကားကို ကြားနာရ၍ ကြံဆင်ခြင်သည်မှာ "ငါ၏မောင်တော်ကြီးဖြစ်သော ဘုရားရှင်၏ ဂုဏ်ကျေးဇူးကို အလွန်ပင် ပြောဆိုချီးမွမ်းကြလေသည်။ တစ်နေ့မျှလည်း ငါ၏အဆင်း၌ အပြစ်ကို ပြ၍ မိန့်တော်မူခဲသော်လည်း အဘယ်မျှလောက် မိန့်တော်မူနိုင်လတ္တံ့နည်း၊ ယခုအခါ ငါသည် ရဟန်းမိန်းမတို့နှင့် အတူတကွ လိုက်ပါသွားရောက်၍ မိမိကိုယ်ကို မပြမူ၍သာလျှင် မြတ်စွာဘုရားရှင်ကို ဖူးမြင်၍ ထိုမြတ်စွာဘုရားရှင်၏ တရားတော်ကို ကြားနာပြီးမှ ပြန်လာခဲ့တော့အံ့" ဟု ကြံ၏။ ကြံပြီး၍ကား ထိုရူပနန္ဒာမထေရ်မသည် ငါသည် ယနေ့ တရားနာသွားအံ့ဟု ရဟန်းမိန်းမတို့အား ကြားပေ၏။

တစ်ဆယ့်ခြောက်နှစ်ရွယ် မိန်းမငယ်

ရဟန်းမိန်းမတို့သည် ကျိရူပနန္ဒာသည်ကား ကြာမြင့်ရှည်စွာ ယခုအခါ မြတ်စွာဘုရားရှင်အား ဖူးမြော်ခြင်းကို ပြုခြင်းငှါ သွားရောက်လိုသော စိတ်ဖြစ်လာ၏။ ယနေ့ မြတ်စွာဘုရားရှင်သည် ကျိရူပနန္ဒာ မထေရ်မကို အကြောင်းပြု၍ ဆန်းကြယ်သော ဓမ္မဒေသနာ အထူးထူးသော နည်းကို ဟောကြားတော်မူလတ္တံ့ဟု နှစ်သက်ရွှင်လန်းသောစိတ် ရှိကုန်သည် ဖြစ်၍ ထိုရူပနန္ဒာမထေရ်မကို

ခေါ်ယူပြီးလျှင် ထွက်လာခဲ့ကြကုန်၏။ ရူပနန္ဒာ မထေရ်မသည် ထွက်လာသည်မှ စ၍ ငါသည် မိမိကိုယ်ကို မြတ်စွာဘုရားအား မပြမထင် မမြင်စေပေအံ့ဟုကြံ၏။

မြတ်စွာဘုရားရှင်သည် "ယနေ့ရူပနန္ဒာသည် ငါဘုရားအား ခစားဆည်းကပ်ခြင်းငှါ လာရောက်လတ္တံ့။ ထိုရူပနန္ဒာအား အဘယ်သို့သော တရားစကား ဟောကြားဆုံးမခြင်းဖြင့် သင့်လျော်လျောက်ပတ်အံ့နည်း" ဟု ကြံဆင်ခြင်တော်မူပြီးသော် ဤရူပနန္ဒာသည် အဆင်း၌ အလေးအမြတ်ပြု၏။ မိမိ၏ ခန္ဓာကိုယ်အတ္တဘော၌ အားကြီးသော နှစ်သက်မြတ်နိုးခြင်းရှိ၏။ဆူးဖြင့် ဆူးကို ထွင်နုတ်ဘိသကဲ့သို့ ထိုရူပနန္ဒာအား အဆင်းဖြင့်သာလျှင် အဆင်း၌ မာန်ယစ်ခြင်းကို ဆုံးမခြင်းသည် သင့်လျောက်ပတ်၏" ဟု ဆုံးဖြတ်ခြင်းကို ပြုပြီး၍ ထိုရူပနန္ဒာမထေရ်မ၏ ကျောင်းသို့ဝင်လာသောအခါ၌ တစ်ဆယ့်ခြောက်နှစ်ရွယ် တင့်တယ်ထူးဆန်း နီမြန်းသော အဝတ်ကို ဝတ်ရုံပြီးသောအခါ အလုံးစုံသော တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်သော ယပ်ကို ကိုင်ယူလျက် ကိုယ်တော်မြတ်၏ အထံ၌ ယပ်ခပ်တည်နေသော အထူးသဖြင့် လှပတင့်တယ်ခြင်းရှိသော မိန်းမငယ်တစ်ယောက်ကို တန်ခိုးတော်၏အစွမ်းဖြင့် ဖန်ဆင်း၍ ထားတော်မူ၏။

ထိုဖန်ဆင်း၍ ထားအပ်သော မိန်းမငယ်ကို မြတ်စွာဘုရားရှင်သည် လည်းကောင်း၊ ရူပနန္ဒာသည်လည်းကောင်း ဤနှစ်ဦးကုန်သော သူတို့သာ မြင်ရ၏။ရူပနန္ဒာမထေရ်မသည် ရဟန်းမိန်းမတို့နှင့် အတူတကွ ကျောင်းတော်သို့ ဝင်၍ ရဟန်းမိန်းမတို့၏နောက်ကွယ်၌ တည်လျက် ငါးပါးသော တည်ရာရှိသော ရှိခိုးခြင်းဖြင့် မြတ်စွာဘုရားရှင်ကို ရှိခိုးဦးချပြီးလျှင် ရဟန်းမိန်းမတို့၏အကြား၌ ထိုင်နေပြီးမှ ခြေဖျားတော်မှစ၍ မြတ်စွာဘုရားကို ကြည့်ရှုလျက် လက္ခဏာတော်ကြီးတို့ဖြင့် ဆန်းကြယ်သော လက္ခဏာတော်ငယ်တို့ဖြင့် ထွန်းလင်းတောက်ပသောတစ်လံမျှလောက်သော ကိုယ်ရောင်တော်ဖြင့် မြူးကွန့်ယှက်သန်း ခြံရံအပ်သောဘုရားရှင်၏ ကိုယ်တော်ကို ကြည့်ရှု၍ လပြည့်ဝန်းနှင့်တူသော အသရေရှိသော မျက်နှာတော်ကို ကြည့်မျှော်လျက် အနီး၌တည်နေသော မိန်းမရုပ်ကို မြင်လေ၏။

မထေရ်မသည် မိန်းမရုပ်ကို ကြည့်ရှု၍ မိမိအတ္တဘောကို ကြည်ရှုသည်ရှိသော် ရွှေဟင်္သာမ၏ရွှေမှ ကျီးမနှင့်တူသော မိမိကိုယ်ကို အယုတ်အားဖြင့် အောက်မေ့မှတ်ထင်၏။ တန်ခိုးဖြင့်ပြီးသော မိန်းမရုပ်ကို မြင်ရသော ကာလမှစ၍ သာလျှင် မထေရ်မအား မျက်စိတို့ကို မမှိတ်ကုန်။ ဩဝ်-အံ့ဖွယ်ရှိစွ၊ ဤမိန်းမ၏ဆံပင်တို့သည် တင့်တယ်ပေစွ။ ဤမိန်းမ၏ နဖူးသည် တင့်တယ်ပေစွ-စသည်တို့ဖြင့် အလုံးစုံကုန်သော ကိုယ်အရပ် အစိတ်တို့၏ လှပတင့်တယ်သော အဆင်းအသရေဖြင့် ကောင်းစွာ ငင်အပ်သော စိတ်ရှိသည်ဖြစ်၍ ထိုအဆင်း၌ အားကြီးသော ချစ်ခင်နှစ်သက်ခြင်းသည် ဖြစ်လေ၏။

မိန်းမငယ်၏ အိုနာသေခြင်း

မြတ်စွာဘုရားရှင်သည် မထေရ်မအား ထိုမိန်းမ ရုပ်အဆင်း၌ နှစ်သက်မွေ့လျော်သည်ကို သိတော်မူ၍ တရားတော်ကို ဟောကြားတော်မူလိုသော ကြောင့် ထိုမိန်းမရုပ်ကို တစ်ဆယ့်ခြောက်နှစ်အရွယ်၏ အဖြစ်မှ လွန်မြောက် စေပြီးသော် အနှစ်နှစ်ဆယ် အရွယ်မျှလောက် ဂျရောက်သည်ကို ပြု၍ ပြတော်မူ၏။ ရူပနန္ဒာသည် ကြည့်ရှု၍ ဤအဆင်းသည် ရှေးနှင့် တူသည် မဟုတ်ဟု အနည်းငယ်တပ်မက်ခြင်း ကင်းသောစိတ် ဖြစ်၏။ မြတ်စွာဘုရားရှင် သည် အစဉ်အတိုင်းဖြင့်သာလျှင် ထိုမိန်းမရုပ်အား တစ်ကြိမ် သားဖွားသော အဆင်းကို၊ အလယ်, အလတ် အရွယ်ရှိသော မိန်းမ၏အဆင်းကို၊ အိုမင်းလေပြီး အရွယ်ကြီးသော မိန်းမ၏အဆင်းကို ပြတော်မူ၏။

ရူပနန္ဒာမထေရ်မသည်လည်း ဤအဆင်းသည်လည်း ကွယ်ခဲ့၏။ ဤအဆင်း သည်လည်း ကွယ်ခဲ့၏ဟု အစဉ်အတိုင်းအားဖြင့်သာလျှင် အောက်မေ့ကြည့်ရှု၍ အိုမင်းသောအခါ၌ ထိုအဆင်းကို တပ်နှစ်သက်ခြင်း ကင်းလျက် သွားကျိုး၍ ဆံဖြူသော ဦးခေါင်းရှိသော ဖရိုဖရဲ ကျဲတဲ ယိုင်ကောက်သော နံရိုးရှိသော တောင်ဝှေးလျှင် လက်စဲ့ကိုင်မှီရွာရှိသော တုန်လှုပ်လဲကျသွားသော ဒုဆင်းကို မြင်ရသည်ရှိသော် လွန်စွာ တပ်မက် နှစ်သက်ခြင်း ကင်းလေ၏။

ထိုနောက် ရူပနန္ဒာမထေရ်မအား မြတ်စွာဘုရားရှင်သည် ထိုမိန်းမရုပ်ကို ရောဂါအနာဖြင့် ဖိစီးနှိပ်စက်အပ်သည်ကိုပြု၍ ပြတော်မူ၏။ ထိုမိန်းမရုပ်သည် ထိုခဏာပင်လျှင် တောင်ဝှေးကိုလည်းကောင်း၊ ထမ်းရွက်ကိုလည်းကောင်း စွန့်ပစ်၍ ကျယ်စွာသောအသံကို ဟစ်အော်မြည်တမ်းလျက် မြေကြီး၌ လဲကျ ပြီးလျှင် မိမိ၏ကျင်ငယ်, ကျင်ကြီး၌ လိမ်းကပ်နစ်မြုပ်လျက် ထိုမှဤမှ လူးလှိမ့် လေ၏။

ရူပနန္ဒာမထေရ်မသည် ထိုကဲ့သို့ ဖောက်ပြန်ပျက်စီးသည်ကို မြင်ရသည် ရှိသော် အလွန်ပင် တပ်နှစ်သက်ခြင်း ကင်း၏။ မြတ်စွာဘုရားရှင်သည်လည်း ထိုမိန်းမ၏ သေလွန်သော အခြင်းအရာကို ပြပြန်၏။ ထိုခဏ၌ပင်လျှင် ဖူးဖူးရောင်သည့်အဖြစ်ကို ရောက်လေ၏။ ကိုးပေါက်ဒွါရ အမာ၀တို့မှ ပြည်အပုပ်ရည်တို့သည်လည်းကောင်း၊ ပိုးလောက်ရည်တို့သည်လည်းကောင်း ယိုစီးကျထွက်လာကုန်၏။ ကြီးအစရှိသည်တို့သည် ရုံးစုစည်းဝေးလာ၍ ထိုးဆွ လုယက်ကုန်၏။ ရူပနန္ဒာမထေရ်မသည်လည်း ဖောက်ပြန်ပျက်စီးသော ထိုမိန်းမရုပ်ကိုကြည့်၍ ဤမိန်းမသည် ဤအရပ်၌ဘနဒ်ပင်လျှင် အိုခြင်းသို့ရောက်၏၊ နာခြင်းသို့ ရောက်၏၊ သေခြင်းသို့ ရောက်၏။

ငါ၏ ဤခန္ဓာကိုယ်လည်း ဤမိန်းမအတူသာလျှင် အိုခြင်း, နာခြင်း, သေခြင်းတို့သည် လာရောက်ပေကုန်လတ္တံ့ဟု မိမိကိုယ်ကို အနိစ္စအားဖြင့် ရှု၏၊ အနိစ္စအားဖြင့် ရှုမြင်အပ်သည်ရှိသော် ဒုက္ခ, အနတ္တအားဖြင့်လည်း မြင်အပ်သည် သာလျှင်တည်း။ ထိုနောက် မထေရ်မအား ဘဝသုံးပါးတို့သည် တောက်လောင်နေသော မီပုံကြီးကဲ့သို့လည်းကောင်း၊ လည်၌ ဖွဲ့ချည်၍ ထားအပ်သော သူကောင်ပုပ်ကဲ့သို့လည်းကောင်း ထင်ကုန်၏။ ကမ္မဋ္ဌာန်းသို့ ရှေးရှု စိတ်သည် ပြေးဝင်၏။

ရူပနန္ဒာ မထေရ်မ သောတာပန်တည်ခြင်း

မြတ်စွာသုရားရှင်သည်လည်း ထိုရူပနန္ဒာမထေရ်မအား အနိစ္စအားဖြင့် ထင်မြင်သည့်အဖြစ်ကို သိတော်မူ၍ "အသို့နည်း မိမိအလိုလိုသာလျှင် မိမိ၏ တည်ရာကို ပြုခြင်းငှါ စွမ်းနိုင်လတ္တံ့လောဟု ကြည့်ရှုတော်မူသည်ရှိသော် မစွမ်းနိုင်ပေလတ္တံ့။ အခြားဖြစ်သော အပမှ အထောက်အပံ့ကို ရခြင်းငှါ သင့်လျော်ပေ၏"ဟု ကြံဆင်ခြင်တော်မူပြီး၍ ထိုမထေရ်မအား သင့်လျော်သည်၏ အစွမ်းဖြင့် တရားတော်ကို ဟောကြားတော်မူလို၍ ဤဂါထာတို့ကို ဟောတော်မူ၏–

အာတုရံ အသုစိံ ပူတိံ၊ ပဿ နန္ဒေ သမုဿယံ။
ဥဂ္ဃရန္တံ-ပဂ္ဃရန္တံ၊ ဗာလာနံ အဘိပတ္ထိတံ။

ယထာ ဣဒံ တထာ ဧတံ၊ ယထာ ဧတံ တထာ ဣဒံ၊
ဓာတုတော သုညတော ပဿ၊ မာ လောကံ ပုန ရာဂမိ။
ဘဝေ ဆန္ဒံ ဝိရာဇေတွာ၊ ဥပသန္တော စရိဿတိ။

အို–ရူပနန္ဒာ နာကျင်ဘတ်သော ပုပ်သိုး၍ မစင်ကြယ်သော သုံးရာသော အရိုးဘို့ဖြင့် စိုက်ထောင်အပ်သော အထက်သို့ ပျို့အန်ခြင်း အောက်သို့ ယိုစီးခြင်းရှိသော ဤခန္ဓာကိုယ်ကို သေချာစေ့ငု ကြည့်ရှုပါလော ဤကိုယ်ကို လူမိုက်တို့သည် အလွန်မြတ်နိုး တောင့်တကုန်၏။ ဤနိမ္မိတရုပ်မိန်းမသည် မစင်မကြယ် ပုပ်သိုးဆွေးမြေ့သကဲ့သို့၊ ထို့အတူ သင်၏ခန္ဓာကိုယ်သည်လည်း မစင်မကြယ် ရှံဖွယ်ပုပ်သိုး၏၊ အသင်၏ ခန္ဓာကိုယ်သည် မစင်မကြယ် ပုပ်သိုးသကဲ့သို့ ထို့အတူ ဤဖန်ဆင်းထားသော မိန်းမသည်လည်း မစင်မကြယ် ရှံဖွယ်ပုပ်သိုး၏၊ ဤခန္ဓာကိုယ်ကို အသက်ဝိညာဉ် ကင်းဆိတ်မှု သုညဓာတ် အားဖြင့် ကြည့်ရှုလော့၊ တဖန် ဤလောကသို့ မကပ်ရောက်လေလင့်၊ ဘဝ သုံးပါး၌ နှစ်သက်မှုကို ကင်းကွာစေ၍ ရာဂစသည် ကင်းငြိမ်းလျက် နိဗ္ဗာန်သို့ သွားရလတ္တံ့–

မြတ်စွာဘုရားရှင်သည် ဤဒေသနာတော်ကို ရူပနန္ဒာ ဘိက္ခုနီမအား အကြောင်းပြု၍ ဤဂါထာတို့ကို ဟောတော်မူပြီ။

ရဟန္တာ ထေရီမ ဖြစ်ခြင်း

ရူပနန္ဒာထေရီမသည် ဒေသနာသို့ အစဉ်လျှောက်သဖြင့် ဉာဏ်ကိုစေလွှတ်၍ သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။ထိုနောက် ရူပနန္ဒာမထေရ်မအား အထက်မဂ်ဖိုလ်သုံးပါးတို့ကို ဝိပဿနာဖြင့် ထုံစေတော်မူလိုသောကြောင့် သုညတကမ္မဋ္ဌာန်းကို ဟောကြားတော်မူခြင်းငှါ ရူပနန္ဒာ ဤကိုယ်အတ္တဘော၌ အနှစ်သာရရှိ၏ဟူသော အမှတ်ကို မပြုလေလင့်။ ဤခန္ဓာကိုယ်၌ အနည်းငယ်မျှလည်းဖြစ်သော အနှစ်သာရသည် မရှိ။ ဤခန္ဓာကိုယ်သည် သုံးရာသော အရိုးတို့ကို စိုက်ထောင်အပ်သည် ဖြစ်၍အရိုးစုတည်းဟူသော မြို့,ပြည်, ရွာမျှသာ လျှင်တည်းဟု မိန့်တော်မူလိုရကား ဤဂါထာကို ဟောကြားတော်မူ၏။

အဋ္ဌိနံ နဂရံ ကတံ၊ မံသလောဟိတလေပနံ။
ယတ္ထ ဇရာ စ မစ္စု စ၊ မာနော မေက္ခော စ ဩဟိတော။

အရိုးတို့ကို စိုက်ထောက်၍ အသားအသွေးတို့ဖြင့် မွမ်းမံလိမ်းကျံလျက် ခန္ဓာကိုယ်တည်းဟူသော မြို့တော်ကို တဏှာယောကျ်ား လက်သမားသည် ဆောက်လုပ်ထား၏။ ထိုမြို့တော်၌ အိုခြင်း, သေခြင်း, မာနထောင်လွှာခြင်း သူကျေးဇူးကို ချေဖျက်ခြင်းတို့သည် သက်ဝင်၍ တည်နေ၏။

ထိုဂါထာ၌ ကောက်ပဲသီးနှံတို့ကို သိမ်းထားခြင်းအလို့ငှါ သစ်သားတို့ကို စိုက်ထောင်၍ နွယ်ကြိုးတို့ဖြင့် ချည်နှောင်လျက် မြေညက်အင်္ဂတေတို့ဖြင့် လိမ်းကျံ၍ မြို့တော်ဟုဆိုအပ်သော ပြင်ပ၌ အိမ်ကိုဆောက်ကုန်သကဲ့သို့ ဤအတူ အတွင်း၌လည်း အရိုးသုံးရာတို့ကို စိုက်ထောင်၍ အကြောတို့ဖြင့် မြေးယှက်လျက် အသားအသွေးတို့ဖြင့် လိမ်းကျံပြီး အရေခွံဖုံးအုပ်ထားသော မြို့တော်ကို အိုမင်းဆွေးမြေ့ခြင်း လက္ခဏာရှိသော ဇရာ, သေခြင်းသဘောရှိသောသေမင်း လုံးရပ်သဏ္ဌာန်နှင့် ပြည့်စုံမှု စသည်တို့ကို အစွဲပြု၍ အထင်ကြီးသော သဘောရှိသောမာန သူပြုဖူးသော ကျေးဇူးကို ချေဖျက်တတ်သော မက္ခ ဤတရားဆိုးများ သိုမှီး သိမ်းဆည်းထားခြင်းငှါ မြို့တော်ကို ဆောက်လုပ်ထား၏၊ ထိုမြို့တော်၌ ကိုယ်၏ နာကျင်မှု စိတ်၏ နာကျင် ဆင်းရဲမှုများကို သိုမှီးထား၏ ထိုမြို့တော်မှ တစ်စုံတစ်ခု တန်ဖိုးရှိသော ပစ္စည်းရစရာ ယူစရာ မရှိချေ။

ဒေသနာတော်၏အဆုံး၌ ထေရီမသည် အရဟတ္တဖိုလ်သို့ရောက်၏၊လူအပေါင်းအားလည်း အကျိုးရှိသော တရားဟောကြားမှု ဖြစ်လေသည်။

ဇနပဒကလျာဏီ ရူပနန္ဒာထေရီမဝတ္ထု ပြီး၏။

၆။ မလ္လိကာဒေဝီဝတ္ထု

ဇီရန္တိ ဝေ–အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် မလ္လိကာ မိဖုရားကို အကြောင်းပြု၍ဟောတော်မူ၏။

ထိုမလ္လိကာ မိဖုရားကြီးသည် တစ်နေ့သောအခါ၌ ရေချိုးအိမ်တိုက်ခန်းသို့ ဝင်၍ ခံတွင်းကို ဆေးကြောပြီးသော် ညှတ်ရိုင်းသော ကိုယ်ရှိသည် ဖြစ်၍ သလုံးမြင်းခေါင်းကို ဆေးကြောခြင်းငှါ အားထုတ်၏။ ထိုမိဖုရားကြီးနှင့် အတူ တက္ခသာလျှင် ဝင်သွားလိုက်ပါသော မင်းအိမ်၌ မွေးမြူ၍ ထားအပ်သော အကျွမ်းဝင်သော ခွေးတစ်ကောင်သာ ရှိ၏။ ထိုခွေးသည် ထိုသို့သော အခြင်းအရာဖြင့် ညှတ်ရိုင်းသော ကိုယ်ရှိသည် ဖြစ်၍ သလုံးမြင်းခေါင်းကို ဆေးကြော၍ နေသော မိဖုရားကိုမြင်၍ မသူတော်တို့၏ ပေါင်းဖော်ခြင်းဖြင့် ပေါင်းဖော်ခြင်းကိုပြုအံ့သောငှါ အားထုတ်၏။ ထိုမိဖုရားကြီးသည် အတွေ့ကို သာယာသော အားဖြင့် ရပ်တည်၍ နေ၏။ ပဿေနဒိကောသလမင်းကြီးသည် အထက်ဖြစ်သော ပြာသာဒ်၌ လေသောက်ပြတင်းဖြင့် ကြည့်ရှုသည် ရှိသော် ထိုသို့သော အခြင်းအရာကိုမြင်၍ ထိုနောက် မိမိထံမှောက်သို့ မိဖုရားကြီး ရောက်လာသောအခါ သူယုတ်မ ပျက်လေလော့။ အဘယ်ကြောင့် ဤသို့ သဘောရှိသည်ကို ပြုဘိသနည်းဟု ဆို၏။

မလ္လိကာသည် မင်းကြီးအား လှည့်ပတ်ခြင်း

အရှင်မင်းမြတ် ကျွန်တော်မသည် အဘယ်ကို ပြုအပ်ပါသနည်းဟု မေးသည် ရှိသော် အသင်သည် ခွေးနှင့် အတူတကွ နှီးနှောစပ်ယှက်သည် မဟုတ်တုံလော ဟု မိန့်တော်မူလျှင် အရှင်မင်းမြတ်၊ ကျွန်တော်မအား ထိုအမှုသည် မရှိပါဟု လျှောက်တင်သည့်အခါ ငါသည် ကိုယ်ဘိုင်မြင်၏။ အသင်၏ စကားဖြင့် အဘယ်မှာ ယုံကြည်နိုင်အံ့နည်း။ သူယုတ်မ ပျက်လေလော့ဟု မိန့်တော်မူ၏။ မင်းကြီး အမှတ်မထင် အကြင်တစ်စုံတစ်ယောက်သော သူသည် ဤရေချိုးအိမ်သို့ ဝင်သည် ရှိသော် ဤလေသောက်ပြတင်းဖြင့် ကြည့်ရှုသောသူအား တစ်ယောက်သာလျှင် ဖြစ်သောသူကို နှစ်ယောက် နှစ်ဖြာအားဖြင့် ထင်မြင်တတ်ပါသည်။ အရှင်မင်းမြတ် ကျွန်တော်မအား အကယ်၍ မယုံခဲ့သည် ဖြစ်အံ့။ ထိုရေချိုးအိမ်သို့ ကြွဝင်တော်မူပါလော့။ ကျွန်တော်မသည် ရေချိုးအိမ်သို့ ကြွဝင်သော အရှင်မင်းကြီးကို ဤလေသောက် ပြတင်းဖြင့် ကြည့်ရှု၍ နေပါအံ့ဟု မဟုတ်မမှန်သည်ကို လှည့်ပတ်ပြောဆို၏။ မင်းကြီးသည် ထုံထိုင်းသော သဘောရှိသော ကြောင့် မိဖုရား လှည့်ပတ် ပြောဆိုသော စကားကို ယုံကြည်၍ ရေချိုးအိမ်သို့ ဝင်လေ၏။

ထိုမိဖုရားသည်လည်း လေသောက်ပြတင်း၌ ရပ်တည် ကြည့်ရှုလျက် မိုက်မဲသော မင်းကြီး အသင့်အား ဆိတ်မနှင့် အတူတကွ ရောယှက် ပေါင်းဖေါ် ခြင်းကို အဘယ်ကြောင့် ပြုဘိသနည်းဟု ပြော၏။ မင်းကြီးသည်လည်း ချစ်နှမ ငါသည် ဤသို့ သဘောရှိသောအမှုကို မပြုမလုပ်ပါဟု ဆိုအပ် သော်လည်း ကျွန်တော်မ ကိုယ်တိုင် မြင်အပ်၏။ အရှင်မင်းကြီး စကားဖြင့် အဘယ်မှာ ယုံကြည်နိုင်ပါအံ့နည်းဟု ပြော၏။ ထိုစကားကို ကြား၍ မင်းကြီးသည် "စင်စစ် ဤရေချိုးအိမ်သို့ ဝင်ရောက်သည်ရှိသော် တစ်ယောက် သော သူကိုပင်လျှင် နှစ်ယောက်သော အဖြစ်ဖြင့် ထင်မြင်လေသည်"ဟု ယုံကြည်၏။

တစ်ဆယ့်လေးကုဋ္ဌေအလှူသည် မကယ်နိုင်

မလ္လိကာမိဖုရားသည် "ဤမင်းကြီးသည်ကား မိုက်မဲတွေဝေသည့် အဖြစ် ကြောင့် ငါလှည့်ပတ်သည်ကို ယုံကြည်၏။ ငါသည် မကောင်းမှုကို ပြုအပ်၏။ ခင်ပွန်းသခင် အရှင်ဖြစ်သော ဤမင်းကြီးကိုလည်း မဟုတ်မမှန်သောအားဖြင့် စွပ်စွဲအပ်၏။ ငါပြုအပ်သော ဤအမှုကို မြတ်စွာဘုရား ရှင်သည်လည်း သိတော်မူလတ္တံ့။ နှစ်ပါးကုန်သော အဂ္ဂသာဝကတို့သည် လည်းကောင်း, ရှစ်ကျိပ်ကုန်သော မဟာသာဝကတို့သည်လည်းကောင်း သိတော်မူကြပေကုန် လတ္တံ့။ ငါ့အား ဩော် ဝန်လေးသောအမှုကို ပြုမိလေစွ"ဟု ကြံ၏။

ဤမလ္လိကာမိဖုရားသည် မင်းကြီး၏ အသဒိသအလှူကို ပေးလှူရာ၌ အပေါင်းအဖော်သည် ဖြစ်ပေ၏။ ထိုအသဒိသ အလှူ၌လည်း တစ်ခုသော နေ့၌ စွန့်ကြဲလှူဒါန်းအပ်သော အလှူသည် တစ်ဆယ့်လေးကုဋ္ဌေ အဖိုးထိုက်၏။ မြတ်စွာဘုရားရှင်အား ပေးလှူအပ်သော ထီးဖြူ, ထိုင်နေရာပလ္လင်, သပိတ်ခြေ, ခြေဆေးအင်းပျဉ် ဤလေးပါးတို့သည် ဤ၍ ဤမျှဟု ရေတွက်၍ မပြနိုင်ကုန်။ ထိုမလ္လိကာ မိဖုရားကြီးသည် သေခါနီး ကာလ၌ ဤသို့ သဘောရှိသော ကြီးကျယ်စွာ စွန့်ကြဲလှူဒါန်းအပ်သော ဒါန အစရှိသော ကုသိုလ်ကောင်းမှုကို မအောက်မေ့ နှလုံးမသွင်းမူ၍ မိမိအရှင် ခင်ပွန်းလင်ဖြစ်သော မင်းကြီးအား မဟုတ်မမှန်သော စကားဖြင့် စွပ်စွဲမိသော ထိုမကောင်းမှု ကံကိုသာလျှင် အောက်မေ့ နှလုံးသွင်းလျက် သေလွန်ခြင်းကို ပြုခဲ့သည်ရှိသော် အဝီစိငရဲ၌ ဖြစ်လေ၏။

အဝီစိမှ လွတ်၍ တုသိတာဘုံ၌ ဖြစ်ခြင်း

ပသေနဒီကောသလ မင်းကြီးအား များစွာသော မိဖုရားတို့တွင် ထိုမလ္လိကာ မိဖုရားကြီးအား လွန်ကဲပိုမို၍ အလွန်လျှင် ချစ်ခင်မြတ်နိုးခြင်း ဖြစ်ပေ၏။

ထိုပသေနဒီ ကောသလ မင်းကြီးသည် အားကြီးစွာသော သောကဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ မိဖုရား၏ ရုပ်အလောင်းကို ကောင်းစွာ သင်္ဂြိဟ်ခြင်းကို ပြုပြီးသည်ကာလ ထိုမိဖုရား၏ ဖြစ်ရာအရပ်ကို မေးလျှောက်အံ့ဟု မြတ်စွာဘုရား အထံတော်သို့ သွားလေ၏။ မြတ်စွာဘုရားရှင်သည် အကြင်သို့သော အခြင်းအရာဖြင့် ပြုအပ်သည်ရှိသော် ထိုမင်းကြီးသည် မိမိကြံစည်၍ လာခဲ့သော အကြောင်းကို မအောက်မေ့မိ၊ ထိုသို့သော အခြင်းအရာဖြင့် ဓိဋ္ဌာန်ခြင်းကို ပြုတော်မူ၏။

ထိုမင်းကြီးသည်လည်း မြတ်စွာဘုရား အထံတော်၌ တစ်သက်ပတ်လုံး နှလုံးသွင်းအပ်, အောက်မေ့အပ်သော တရားစကားကို ကြားနာပြီးသော် နှန်းအိမ်တော်သို့ ပြန်ဝင်သောကာလ၌ အောက်မေ့မိ၍ အချင်းတို့ ငါသည် မလ္လိကာ မိဖုရား၏ ဖြစ်ရာ အရပ်ကို မေးလျှောက်အံ့ဟူ၍ မြတ်စွာဘုရား အထံတော်သို့ သွားရောက်ပြီးလျှင် မေ့လျော့ခဲ့ဘိသည်။ နက်ဖန်ခါ၌ တစ်ဖန် မေးလျှောက်ပေအံ့ဟု ပြောဆို၍ တစ်ဖန် မိုးသောက်ရောက်သော နေ့၌လည်း မြတ်စွာဘုရား အထံတော်သို့ သွားပြန်၏။ မြတ်စွာဘုရား ရှင်သည်လည်း အစဉ်အတိုင်းအား ဖြင့် ခုနစ်ရက်တို့ပတ်လုံး အကြင်သို့သော အခြင်းအရာဖြင့် ပြုအပ်သည်ရှိသော် ထိုမင်းကြီးသည် မိမိကြံစည်လာရောက်သော အကြောင်းကို မအောက်မေ့မိ။ ထိုသို့သော အခြင်းအရာဖြင့် ဓိဋ္ဌာန်ခြင်းကို ပြုတော်မူ၏။ မလ္လိကာမိဖုရားသည်လည်း ခုနစ်ရက်မျှပတ်လုံးသာလျှင် ငရဲ၌ကျက်၍ ခံစားရပြီးသော် ရှစ်ရက်မြောက်သောနေ့၌ ထိုအဝီစိငရဲမှ စုတေခဲ့၍ တုသိတာနတ်ပြည်၌ ဖြစ်လေ၏။

မြတ်စွာဘုရားရှင်သည် ထိုမင်းကြီးအား မအောက်မေ့နိုင်သည့် အဖြစ်ကို အဘယ်ကြောင့် ပြုတော်မူလေသနည်း ဟူမူကား ထိုမင်းကြီးသည် မလ္လိကာမိဖုရားအား အလွန်လျှင် ချစ်မြတ်နိုးခြင်း, နှစ်သက်ခြင်း ဖြစ်ပေ၏။ မင်းကြီး၏ နှလုံးကို ပွားစေတတ်သော မိဖုရားပေတည်း။ ထိုကြောင့် ထိုမိဖုရား၏ ငရဲ၌ ခံစားရသော အဖြစ်ကို ကြားသိရသည်ရှိသော် ဤသို့ သဘောရှိသော သဒ္ဓါတရားနှင့် ပြည့်စုံသော မိဖုရားသည်လည်း ငရဲ၌ ဖြစ်ရချေသေး၏။ အလှူဒါနကို ပေးလှူ၍ အသို့ပြုအံ့နည်းဟု မိစ္ဆာဒိဋ္ဌိအယူကို ယူပြီးလျှင် ငါးရာကုန်သော ရဟန်းတို့အား နန်းအိမ်တော်၌ အမြဲမပြတ် ပေးကမ်း လှူဒါန်းခြင်းကို ဖြစ်စေအပ်သော နိစ္စဘတ်ကို ဖျက်ဆီးစေ၍ ငရဲ၌ဖြစ်ပေရာ၏။ ထို့ကြောင့် မင်းကြီးအား ခုနစ်ရက်ပတ်လုံး မအောက်မေ့နိုင်သည့် အဖြစ်ကို ပြုစတော်မူ၍ ရှစ်ရက်မြောက်သော နေ့၌ ဆွမ်းအလို့ငှာ လှည့်လည် ကြွဝင်တော်မူသည်ရှိသော် မြတ်စွာဘုရား ကိုယ်တော်တိုင်သာလျှင် မင်းကြီး၏ နန်းအိမ်တော် တံခါးသို့ ကြွသွားတော်မူ၏။

မင်းကြီးသည် မြတ်စွာဘုရား ကြွတော်မူလာသည် ဟု ကြား၍ သပိတ်ကို ယူပြီးသော် ပြာသာဒ်ထက်သို့ တက်ခြင်းငှာ အားထုတ်၏။ မြတ်စွာဘုရား ရှင်သည်ကား ရထားတင်းကုပ်၌ ထိုင်နေတော် မူအံ့သောငှာ အခြင်းအရာကို ပြတော်မူ၏။ မင်းကြီးသည် မြတ်စွာဘုရားရှင်ကို ထိုရထား တင်းကုပ်၌ ပင်လျှင် ထိုင်နေ သီတင်းသုံးတော်မူစေပြီး၍ ယာဂု၊ ခဲဖွယ်ဖြင့် လုပ်ကျွေးပြုစုပြီး၍ ရှိခိုးထိုင်နေလျက်သာလျှင် ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား ဒကာတော်သည် မလွိကာမိဖုရား၏ ဖြစ်ရာအရပ် ဌာနကို မေးလျှောက်အံ့ ဟူ၍ လာဆောက်သည်ရှိသော် မေ့လျော့၍သာ နေပါသည်၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ထိုမလွိကာ မိဖုရားသည် အတိအရပ်၌ ဖြစ်ပါလေသနည်း ဟု မေးလျှောက်သဖြင့် ဒကာတော်မင်းကြီး တုသိတာ နတ်ပြည်၌ ဖြစ်လေသည်ဟု မိန့်တော်မူ၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ထိုမိန်းမမူ တုသိတာ နတ်ပြည်၌ မဖြစ်သည်ရှိမသော် ဟစ်ပါးသော အဘယ်မည်သော သူသည် ဖြစ်နိုင်ပါလတ္တံ့နည်း။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ထိုမိန်းမနှင့်တူသော တစ်စုံတစ်ယောက်သော မိန်းမသည် မရှိပါ။ ထိုမလွိကာ မိဖုရားအား ထိုင်နေရာ စသည်တို့၌ နက်ဖြန်ခါ မြတ်စွာဘုရားရှင်အား ဤသို့ ဤသို့သော အလှူဒါနကို ပေးလှူအံ့၊ ဤအမည်ရှိသော အလှူကို ပြုလုပ်အံ့ဟု ဤသို့သော အခြင်းအရာဖြင့် အလှူဒါန စီရင်ခြင်းကို ထား၍ တစ်ပါးသောကိစ္စမည်သည် တစ်စုံဘစ်ခုမျှ မရှိပါ။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ထိုမိဖုရား၏ တမလွန်လောကသို့ ပြောင်းသွား သေလွန်သော ကာလမှစ၍ ဒကာတော်အား မိမိကိုယ်ကို ကောင်းမွန်စွာ ရွက်ဆောင်နိုင်ခြင်းမည်သည် မဟုတ်ပါဟု လျှောက်၏။

မျှားစွာသောသူတို့ သောတာပန်ဖြစ်ခြင်း

ထိုအခါ မင်းကြီးကို မြတ်စွာဘုရားရှင်သည် ဒကာတော်မင်းကြီး မကြံစည်မစိုးရိမ်လင့်၊ ဤသေခြင်းတရားမည်သည် အလုံးစုံသော သတ္တဝါတို့အား မြဲသော သဘောတရားပေတည်းဟု မိန့်တော်မူပြီး၍ ဒကာတော် မင်းကြီး ဤရထားသည် အဘယ်သူ၏ ရထားနည်းဟု မေးတော်မူ၏။ မေးတော်မူသော ထိုစကားကို ကြား၍ မင်းကြီးသည် ဦးထိပ်ထက်၌ လက်အုပ်ကိုတင်ထား၍ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား ဒကာတော်၏ ဘိုးတော်ဖြစ်သော မင်းကြီး၏ ရထားပါတည်းဟုလျှောက်၏။ ဤရထားကား အဘယ်သူ၏ ရထားနည်းဟု တစ်စီးသော ရထားကို မေးတော်မူပြန်သည်ရှိသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဒကာတော်၏ ခမည်းတော် ဖြစ်သော မင်းကြီး၏ ရထားပါတည်း ဟု လျှောက်၏။ ဤရထားကား အဘယ်သူ၏ ရထားနည်းဟု တစ်စီးသောရထားကို မေးတော် မူပြန်သည်ရှိသော် ဘုန်းတော်

ကြီးတော်မူသော မြတ်စွာဘုရား ဒကာတော်၏ ရထားဖြစ်ပါသည်ဟု လျှောက်၏။ ဤသို့ အစဉ်အတိုင်းအားဖြင့် မြတ်စွာဘုရားရှင်သည် မေးအပ်သည်ဖြစ်၍ မင်းကြီး လျှောက်ထားသည်ရှိသော် မြတ်စွာဘုရားရှင်က ဒကာတော်မင်းကြီး အသင့် ဘိုးတော်မင်းကြီး၏ ရထားသည် အသင်မင်းကြီး၏ ခမည်းတော် ရထားသို့ အဘယ်အကြောင်းကြောင့် မမီနိုင်သနည်း၊ အသင့် ခမည်းတော်၏ ရထားသည် အသင်မင်းကြီး၏ ရထားကို အဘယ်ကြောင့် မမီနိုင်သနည်း ဟု မေးတော်မူပြီးမှ ဒကာတော် မင်းကြီး ဤသို့ သဘောရှိသည် မည်သော ထင်းသစ်သားကို ပြုလုပ်စီမံ၍ ထားအပ်သော ရထားအားသော်လည်း ဆွေးမြည့် ဟောင်းနွမ်း အိုမင်းခြင်းသို့ ရောက်သေး၏၊ အတ္တဘောရှိသော သတ္တဝါအား အဘယ်မှာ ဆိုဖွယ်ရာ ရှိပါအံ့နည်း။ ဒကာတော် မင်းကြီး သူတော်ကောင်း တရားအားသာလျှင် ယိုယွင်းဟောင်းနွမ်းသော ဇရာ, မရှိလေသည်။ သတ္တဝါတို့အား ကြီးရင့် အိုမင်းခြင်းဇရာ, မရှိသောမည်သည် တစ်စုံတစ်ယောက်မျှ မရှိဟု မိန့်တော်မူလိုရကား ဤဂါထာကို မိန့်တော်မူ၏။

ဇီရန္တိ ဝေ ရာဇရထာ သုစိတ္တာ၊
အထော သရီရမ္ပိ ဇရံ ဥပေတိ။
သတဉ္စ ဓမ္မော နဇရံ ဥပေတိ၊
သန္တော ဟဝေ သဗ္ဗိ ပဝေဒယန္တိ။

ရတနာတို့ဖြင့် ကောင်းစွာ ဆန်းကျယ်သော မင်း၏ ရထားတို့သည် ဆွေးမြည့်အိုမင်းကြကုန်သေး၏။ ခန္ဓာကိုယ်သည်လည်း ထို့အတူပင် ဆွေးမြည့် အိုမင်းခြင်းသို့ ရောက်ရသေး၏။ သူတော်ကောင်းတို့၏ တရားတော်သည်ကား ဆွေးမြည့်အိုမင်းခြင်းသို့ မရောက်နိုင်ဟု သူတော်ကောင်းတို့သည် သူတော် ကောင်းတို့နှင့် အချင်းချင်း ဆွေးနွေးပြောကြားကြကုန်၏။

ထိုဂါထာ၌—

ဝေ=ဟူသည် အနက်မရသော နိပါတ်ပုဒ် ဖြစ်သည်။

သုစိတ္တာ=ဟူသည် ရတနာ ၇-ပါးတို့ဖြင့် လည်းကောင်း၊ အခြား ရထား ဟန်ဆာ တို့ဖြင့် လည်းကောင်း၊ အလွန်ဆန်းကြယ်စွာ ပြုအပ်ကုန်သော မင်း မိဖုရားတို့၏ ရထားတို့သော်မှလည်း ဆွေးမြည့်ပျက်စီးကြကုန်၏။

သရီရမ္ပိ=ဟူသည် မင်းမိဖုရားတို့၏ စီးတော်ရထားသို့သည်သာ ဆွေးမြည့် ပျက်စီးကြရသည် မဟုတ်၊ ကောင်းစွာ ကျွေးမွေးသုတ်သင် စောင့်ရှောက်ထား အပ်သော ဤခန္ဓာကိုယ်ကြီးသည်လည်း သွားကျိုး ဆံဖြူခြင်း အစရှိသည်တို့ ဖြစ်လျက် အိုမင်းရင့်ရော်ခြင်းသို့ ရောက်ရ၏။

သတဥ္ဇ=ဟူသည် ဘုရားအစရှိသော သူတော်ကောင်းတို့၏ လောကုတ္တရာ ၉-ပါးသည်ကား တစ်စုံတစ်ခု မနှောင့်ယှက်နိုင်သဖြင့် မဆွေးမြည့် မပျက်စီးနိုင်တော့ပေ။

ပဝေဒယန္တိ=ဟူသည် ဘုရား အစရှိသော သူတော်ကောင်းတို့သည် ပညာရှိတို့နှင့် အတူတကွ ပြောဆိုကြကုန်၏။

ဒေသနာတော်အဆုံး၌ များစွာသော ပုဂ္ဂိုလ်တို့သည် သောတာပတ္တိဖိုလ် အစရှိသည်တို့သို့ ဆိုက်ရောက်ကြလေ၏။

မလ္လိကာမိဖုများဝတ္ထု ပြီး၏။

၇။ လာဋ္ဌုဒါယီမထေရ်ဝတ္ထု

အပ္ပဿုတာယံ–အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် လာဋ္ဌုဒါယီမထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုလာဋ္ဌုဒါယီ မထေရ်သည် မင်္ဂလာကို ပြုလုပ်ကုန်သော သူတို့၏ အိမ်သို့သွား၍ "တိရော ကုဋ္ဌေသု တိဋ္ဌန္တိ" ဤသို့ အစရှိသည်ဖြင့် မင်္ဂလာမဲ့သော တရားစကား စသည်တို့ကို ဟောကြားပြောဆို၏။ မင်္ဂလာမရှိသော အမှုကို ပြုလုပ်ကုန်သော သူတို့၏ အိမ်သို့ ကြွသွား၍ "တိရော ကုဋ္ဌေသု တိဋ္ဌန္တိ" အစရှိသော တရားစကားကို ဟောကြားခြင်းငါ သင့်လျော် လျောက်ပတ်သော အရာတို့၌ "ဒါနဥ္စ ဓမ္မစရိယာ စ" ဤသို့ အစရှိသောနည်းဖြင့် မင်္ဂလသုတ် တရားစကားကိုလည်းကောင်း၊ "ယံ ကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ" ဟူသော ရတနသုတ်ကိုလည်းကောင်း ဟောကြား၏။

ဤသို့သော နည်းဖြင့် ထိုသို့သော အရာတို့၌ သင့်လျော်လျောက်ပတ်သော တရားစကားကို ဟောကြား မြွက်ဆိုမည်ဟု ကြံပါသော်လည်း သင့်လျော်သော အရာဝတ္ထုအမှုမှ တစ်ပါးသော မသင့်လျော်သော စကားကို ဟောကြားပြောဆိုမိ၏။ ထိုသို့ပြောဆိုမိသော်လည်း "ငါသည် အရာဌာနနှင့် မသင့်လျော်မစပ်ဆိုင်သော တရားစကားကို ဟောကြားပြောဆိုမိသည်" ဟု မသိလေ။

ရဟန်းတို့သည် ထိုလာဋ္ဌုဒါယီမထေရ်၏ ဟောကြားပြောဆိုသည်ကို ကြားသိ၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အသို့ပေနည်း။ လာဋ္ဌုဒါယီမထေရ်အား မင်္ဂလာ, အမင်္ဂလာ အရာဌာနတို့၌ ကြွသွားသည်ရှိသော် တစ်ပါး

အခြားသော တရားစကားကို ဟောကြားပြောဆိုလိုလျက် မိမိပြောဆိုထိုက်သော အရာဌာနမှတစ်ပါး အခြားသော စကားကိုသာလျှင် ဟောကြားပြောဆိုပါသည် မဟုတ်ပါတုံလောဟု ကြားလျှောက်ကြကုန်၏။ မြတ်စွာဘုရားရှင်က ချစ်သားရဟန်းတို့ ဤလာဌုဒါယီသည် ဤယခုအခါ၌သာလျှင် တစ်ပါးသော စကားကို ပြောဆိုလျက် တစ်ပါးသောစကားကို ပြောဆိုသည် မဟုတ်သေး။ ရှေးအခါ၌လည်း လိမ်လည်ဖောက်ပြန် မတော်မမှန်သောအား တစ်ပါးသော အခြင်းအရာ အားဖြင့် ပြောကြားဖူးသည် သာလျှင်တည်းဟု မိန့်တော်မူပြီး၍ အတိတ်ကို ဆောင်တော်မူ၏။

အဂ္ဂိဒတ္တပုဏ္ဏားနှင့် သား သောမဒတ္တ

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်ကြီး၌ အဂ္ဂိဒတ္တအမည်ရှိသော ပုဏ္ဏားကြီး၏ သားဖြစ်သော သောမဒတ္တအမည်ရှိသော သတို့သားသည် ပြည့်ရှင်မင်းမြတ်အား ခစားလုပ်ကျွေးဆည်းကပ်၏။ ထိုသောမဒတ္တလုလင်ကို ပြည့်ရှင်မင်းကြီးသည် သည်းတွင်းနှလုံး ယူကြုံးတပ်မှတ် ချစ်မြတ်နိုးခြင်းဖြစ်ပေ၏။ ဖခင်ဖြစ်သော အဂ္ဂိဒတ္တပုဏ္ဏားကြီးသည်ကား လယ်ယာလုပ်ခြင်းအမှုကို အမှီပြု၍ အသက်မွေး၏။ ထိုပုဏ္ဏားကြီးအား နှစ်ကောင်သော နွားတို့သည် ရှိသည် ဖြစ်ကုန်၏။ ထိုနှစ်ကောင်သော နွားတို့တွင် တစ်ကောင်သော နွားသည် သေလွန်သောကြောင့် ပုဏ္ဏားကြီးသည် မိမိ၏သားကို ချစ်သား သောမဒတ္တ မင်းကြီးအား ငါ၏အလို့ငှါ တောင်းပန်လျှောက်ကြား၍ တစ်ကောင်သော နွားကို ဆောင်ယူခဲ့ပါလော့ဟု ပြော၏။

သောမဒတ္တသည်လည်း "ငါသည် အကယ်၍ မင်းကြီးအား တောင်းလျှောက်သည်ဖြစ်အံ့၊ ငါ့အား ဖျင်းသိမ် ပေါ့လျော့သော အဖြစ်သည် ထင်ရှားပေလတ္တံ့"ဟု ကြံ၍ ဖခင် အသင်တို့သည်သာလျှင် မင်းကြီးအားတောင်းဆိုလျှောက်တင်ပါကုန်လော့ဟု ပြောဆိုသဖြင့် ထိုသို့ဖြစ်ပါမူကား ချစ်သား အသင်သည် မင်းအိမ်နန်းတော်သို့ ခစားခြင်းငှါ သွားသောအခါ ငါ့ကို ခေါ်ယူ၍ သွားပါလော့ဟု ပြောသည်ရှိသော် သောမဒတ္တလုလင်သည် ကြံဆင်ခြင်သည်မှာ "ဤဖခင်ပုဏ္ဏားကြီးသည် နုံ့နှေးသောပညာရှိ၏။ ကြွတော်မူလော့ အစရှိသော စကားမျှကိုလည်း မသိ။ တစ်ပါးသော စကားကို ပြောဆိုလိုလျက် တပါးသော အခြင်းအရာစကားကို ပြောဆိုတတ်၏။ ထိုဖခင်ပုဏ္ဏားကို မင်းကြီးအား ပြောဆို လျှောက်တင်ဖွယ်သော စကားကို သင်ကြားပြီး၍ နန်းတော်သို့ ဆောင်ပေအံ့"ဟု ကြံ၏။ ကြံပြီး၍ကား ထိုဖခင်ပုဏ္ဏားကြီးကို ခေါ်ယူပြီးလျှင် ကြိတ်မြက်ချုံအမည်ရှိသော သုသာန်သို့သွား၍ မြက်စည်းတို့ကို ထုံးဖွဲ့ချည်နှောင်၍ ဤသည်ကား ပြည့်ရှင်မင်းတည်း၊ ဤသည်ကား အိမ်ရှေ

မင်းတည်း၊ ဤသည်ကား စစ်သူကြီးတည်းဟု အမှတ်သညာကို ပြုပြီးလျှင် အစဉ်အတိုင်းအားဖြင့် ဖခင်ကိုပြ၍ အရှင်ဖခင်တို့သည် မင်းအိမ်နန်းတော်သို့ သွားသည်ရှိသော် ရှေ့သို့တက်သောအခါ ဤသို့သွားရ၏။ နောက်သို့ ဆုတ်သော အခါ ဤသို့ဆုတ်ရ၏။ ပြည့်ရှင်မင်း မည်သည် ဤသို့ပြောဆိုအပ်၏။ အိမ်ရှေ့မင်း မည်သည် ဤသို့ပြောဆိုအပ်၏။ ပြည့်ရှင် မင်းကြီးသို့ချဉ်းကပ်၍ အရှင်မင်းမြတ် အရှင်အား အောင်မြင်ခြင်း ဖြစ်ပါစေသတည်းဟု ဤသို့သော အခြင်းအရာဖြင့် လျှောက်ထားပြီးသော် ဤဂါထာကိုရွတ်၍ နွားကို တောင်းကုန်လော့ဟု ပြောဆို၍ ဤဂါထာကို သင်ယူစေ၏—

ဒွေ မေ ဂေါဏာ မဟာရာဇ၊ ယေဟိ ခေတ္တံ ကသာမသေ။
တေသု ဧကော မတော ဒေဝ၊ ဒုတိယံ ဒေဟိ ခတ္တိယ။

အရှင်မင်းမြတ် အကျွန်ုပ်အား နှစ်ကောင်သော နွားတို့သည်ရှိကုန်၏။ အကြင်နှစ်ကောင်သော နွားတို့ဖြင့် လယ်ကို ထွန်ရပါကုန်သည်။ ထိုနှစ်ကောင်သော နွားတို့တွင် တစ်ကောင်သော နွားသည် သေလွန်၍ သွားပါသည်။ သို့ဖြစ်ပါ၍ အရှင်မင်းမြတ်သည် အကျွန်ုပ်အား အဖော်ဖြစ်သော နှစ်ကောင်မြောက်သော နွားကို ပေးသနားတော်မူပါလော့။

အဂ္ဂိဒတ္တပုဏ္ဏားကြီးသည် ထိုဂါထာကို တစ်နှစ်မျှလောက် လေ့ကျက်သည်ကိုပြု၍ ဝါစုဂ္ဂတ နှုတ်ရအာဂုံ အလုံးစုံပီပြင်စေလျက် လေ့ကျက်မိသည့်အဖြစ်ကို သားဖြစ်သော သောမဒတ္တအား ပြန်ကြားသည်ရှိသော် ဖခင် ထိုသို့ဖြစ်ပါမူကား တစ်စုံတစ်ခုသာလျှင် ဖြစ်သော လက်ဆောင်ပဏ္ဏာကာရကို ယူဆောင်၍ လာခဲ့ပါကုန်လော့။ အကျွန်ုပ်သည် ရှေးဦးစွာ သွားနှင့်ပြီးသည့်အခါ မင်းကြီး၏ အထံ၌ နေပါအံ့ဟု ပြောဆိုသည်ရှိသော် ချစ်သား ကောင်းပါပြီဟု ဝန်ခံ၍ လက်ဆောင်ပဏ္ဏာကာရကို ယူပြီးလျှင် သားဖြစ်သော သောမဒတ္တသည် မင်းကြီး၏အထံဝယ် ခစားတည်ရှိသောအခါ၌ အားထုတ်ခြင်းကို ရောက်သည်ဖြစ်၍ မင်းအိမ် နန်းတော်သို့ သွားရောက်သည့်အခါ မင်းကြီးသည် နှစ်သက်ရွင်လန်းသော စိက်ရှိသဖြင့် ပြုအပ်သော ဝမ်းမြောက် ဝမ်းသာခြင်း ရှိသည်ဖြစ်၍ ဖခင် မလာစဖူး အထူးဝိသေသ ကြာမြင့်သော ကာလမှ ကြွဝင်တော်မူလာ ပေကုန်သည်တကား၊ ဤနေရာဌာန၌ ထိုင်နေ၍ အကြင်သို့သော ပစ္စည်းဝတ္ထုအကြောင်းအမှုဖြင့် အလိုရှိ၏။ ထိုသို့ အလိုရှိသော ပစ္စည်းဝတ္ထု အကြောင်းအမှုကို လျှောက်တင် ပြောဆိုကုန်လော့ဟု ခွင့်ပေး မိန့်ဆိုတော်မူသည် ရှိသော်—

ဒွေ မေ ဂေါဏာ မဟာရာဇ၊ ယေဟိ ခေတ္တံ ကသာမသေ။
တေသု ဧကော မတော ဒေဝ၊ ဒုတိယံ ဂဏှ ခတ္တိယ။

ဤဂါထာကို ရွတ်ဆိုလျှောက်တင်၏။

အရှင်မင်းမြတ် အကျွန်ုပ်ဒေါသ လယ်ထွန်စရာ နှစ်ကောင်သော နွားတို့သည်ရှိပါကုန်၏။အရှင်မင်းမြတ် ထိုနှစ်ကောင်တို့တွင် တစ်ကောင် သေလွန်ခဲ့၏။ သို့ဖြစ်၍ အရှင်မင်းကြီးသည် အဖော်ဖြစ်သော နှစ်ကောင် မြောက်သော နွားကို ယူတော်မူပါ။

မင်းကြီးသည် ဖခင် အဘယ်ကို ပြောကြားလျောက်တင်သနည်း။ ထပ်၍ တစ်ဖန် ပြောဆို လျောက်တင်ပါဦးဟု မိန့်တော်မူသည်ရှိသော်လည်း ထိုဂါထာ ကိုသာလျှင် ရွတ်ဆို လျောက်တင်၏။

မင်းကြီးသည် ပုဏ္ဏားအား ခိုးမြောက်ခြင်း

မင်းကြီးသည် ထိုပုဏ္ဏားကြီး ခွေတ်ယွင်းသည်ဖြစ်၍ ပြောဆိုလျောက်တင် အပ်သည့် အဖြစ်ကို သိသောကြောင့် ပြုံးရယ်ခြင်းကို ပြု၍ သေမင်္ဂလာ အသင် တို့၏ အိမ်၌ နွားတို့သည် ပေါများခြေယောင်ဘကားဟု မိန့်ဆိုသည့်အခါ အရှင်မင်းမြတ် အရှင်မင်းမြတ်တို့သည် ပေးသနားတော်မူဖွယ်သည် ဖြစ်ပါလိမ့်မည်ဟု လျောက်တင်သည်ရှိသော် ဘုရားလောင်းအား နှစ်သက်သည်ဖြစ်၍ အင်္ဂါဒတ္တာပုဏ္ဏားကြီးအား တစ်ဆယ့်ခြောက်ကောင်သော နွားတို့ကိုလည်း ကောင်း တန်ဆာဆင်အပ်သော ဘဏ္ဍာကိုလည်းကောင်း ထိုပုဏ္ဏားကြီး၏ နေရာ ဖြစ်သော ရွာကိုလည်းကောင်း ပုဏ္ဏားကြီးတို့အား ပေးကမ်းခိုးမြင့်ထိုက်သော ပစ္စည်းဝတ္ထုကို ကြည့်ရှု ပေးသနားတော်မူ၍ ကြီးစွာသော အခြံအရံဖြင့် ပုဏ္ဏားကြီးကို လွှတ်လိုက်၏။

အင်္ဂါဒတ္တာ ပုဏ္ဏားကြီးသည် ကိုယ်လုံးဖြူသော သိန္နောမြင်းတို့ဖြင့် အပ်သော ရထားကို စီးနင်း၍ များစွာသော အခြံအရံဖြင့် ရွာသို့ထွက်သွား၍ သားဖြစ် သော ဘုရားအလောင်း သေမင်္ဂလာပုဏ္ဏားသည် ဖခင်ဖြစ်သော ပုဏ္ဏားကြီး နှင့် အတူတကွ ရထားစီးသွား၍ ဖခင်ပုဏ္ဏားကြီးအား ဤသို့ဆို၏။

ဖခင် အဖန်တလဲလဲ အမြဲမပြတ် မမေ့မလျော့သည်ဖြစ်၍ ကစ်နှစ် လုံး ဗိရဏတ္ထမ္ဘက အမည်ရသော သုသာန်၌ လွှဲကျက်ခြင်းလုံ့လကို ပြုအပ်ပေ၏။ ထိုသို့ပြုအပ်ပါသော်လည်း ပရိသတ်အလယ်သို့ သက်ဝင် ချဉ်းကပ်၍ ပြောဆိုအပ်သည်ရှိသော် ဆိုလိုသော အကြောင်းမှတစ်ပါး အခြားသောစကားကို ပြောဆိုမိ၏။ ဖခင် နည်းသော ပညာရှိသော သူကို အမြဲလွှဲကျက်ခြင်းသည် မစောင့်ရှောက်နိုင်။

ဘုရားလောင်းပြောသော ထိုစကားကိုကြား၍ အင်္ဂါဒတ္တာပုဏ္ဏားကြီးသည် သားဖြစ်သော သေမင်္ဂလာအား ဤသို့ ပြန်ကြားပြောဆို၏-

ချစ်သား သောမဒတ္တ ပစ္စည်းဥစ္စာကို တောင်းသောသူသည် ပစ္စည်းဥစ္စာ မရခြင်းနှင့် ပစ္စည်းဥစ္စာရခြင်း ဤနှစ်ပါးသို့ ရောက်တတ်၏။ ပစ္စည်းဥစ္စာကို တောင်းမှုသည် ဤသို့သဘော ရှိသတည်း။

များစွာသောသူတို့ သောတာပန်တည်ခြင်း

မြတ်စွာဘုရားရှင်သည် အတိတ်၌ဖြစ်သော ဤမေ္မဒေသနာကို ဆောင်တော်မူ၍ ချစ်သားရဟန်းတို့ ထိုအခါ ပြည့်ရှင်မင်းမြတ်သည် ယခုအခါ၌ အာနန္ဒာဖြစ်လာ၏။ အဂ္ဂိဒတ္တပုဏ္ဏားသည် လာဋ္ဌုဒါယီဖြစ်လာ၏။ သောမဒတ္တပုဏ္ဏားသည် ငါဘုရားသာလျှင်တည်းဟု ဇာတ်တော်ကို ပေါင်းတော်မူပြီးမှ ချစ်သားရဟန်းတို့ ဤယခုအခါ၌သာလျှင် မဟုတ်သေး။ ရှေးသောအခါ၌လည်း ဤလာဋ္ဌုဒါယီသည် မိမိ၏ နည်းသောအကြားအမြင်ရှိသည့် အဖြစ်ကြောင့် တစ်ပါးသော စကားကိုပြောကြား မြွက်ဆိုလိုလျက် တစ်ပါးသော စကားကိုသာလျှင် ပြောဆိုမိ၏။ ထိုစကားမှန်၏။ နည်းသော အကြားအမြင်ရှိသော ယောကျ်ားသည် နွားပိုက်နွားလားနှင့် တူသောအဖို့ရှိသည် မည်သည် ဖြစ်ပေ၏ဟု ဟောတော်မူလို၍ ဤဂါထာကို မိန့်တော်မူ၏—

အပ္ပဿုတာယံ ပုရှိသော၊ ဗလိဗဒ္ဓေါ ဇီရတိ။
မံသာနိ တဿ ဝဍ္ဎန္တိ၊ ပညာ တဿ န ဝဍ္ဎတိ။

ထိုမြတ်စွာဘုရားသည် ပြအပ်ခဲ့ပြီးသော အစဉ်အတိုင်းအားဖြင့် ဗောဓိပင်ရင်း၌ သီတင်းသုံး ထိုင်နေတော်မူလျက် အကြားအမြင် နည်းသော ဤယောကျ်ားသည် နွားလားကဲ့သို့အချည်းနှီးကြီးထွားလာ၏၊ထိုယောကျ်ားအား အသားတို့သာ တိုးပွားကုန်၏၊ ပညာ မူကား မတိုးပွား။

ထိုဂါထာ၌—

အပ္ပဿုတာယံ=ဟူသည် တစ်ခုသော သုတ္တန် ငါးဆယ်(ပဏ္ဏာသ)နှစ်ခုသော သုတ္တန်ငါးဆယ်(ပဏ္ဏာသ)တို့ကို အာဂုံမရခြင်း, တစ်နည်းအားဖြင့် ပါဋ္ဌိတော်ဝဂ်အလိုက် အောက်ထစ်ဆုံးသုတ္တန် တစ်ခု နှစ်ခုမျလည်း အာဂုံမရသောကြောင့် ဤပုဂ္ဂိုလ်သည် ဗဟုသုတ နည်း၏၊ သို့ရာတွင် ကမ္မဋ္ဌာန်းကို သင်ယူ၍ အားထုတ်သူသည်အကြားအမြင် ဗဟုသုတများသည်သာလျှင်ဖြစ်၏။

ဗလိဗဒ္ဓေါ ဇီဝတိ=ဟူသည် နွားထီးကြီးသည် ကြီးရင့် တိုးပွားလာသည် ရှိသော် အမိအတွက်လည်းကောင်း၊ အဖအတွက်လည်းကောင်း၊ ဆွေမျိုးတို့အတွက်လည်းကောင်း အကျိုးစီးပွား တိုးပွားခြင်းမရှိ အကျိုးမဲ့သာလျှင် ကြီးရင့် အိုမင်းသွား၏၊ ဤအတူ ဤရဟန်းသည် ဥပဇ္ဈာယ်ဝတ်ကိုမပြု၊ ဆရာဝတ်နှင့် အာဂန္တုကဝတ် စသည်တို့ကို မပြု၊ ဘာဝနာအားထုတ်မှုလည်း မပြု၊ အကျိုးမဲ့ကြီးရင့် အိုမင်းလာ၏။

မံသာနိ တဿ ဝစုန္တိ=ဟူသည် နွားထီးသည် ထမ်းပိုး ထွန်တုံးစသည်တို့ကို ထမ်းဆောင်ခြင်းငှာ မစွမ်းနိုင်သေးဟူ၍ ထိုနွားထီးကို တောဌ်သာလျှင် လှည့်လည်စားသောက်၍ အသားများ တိုးပွားကုန်၏၊ ဤအတူသာလျှင် ဤရဟန်းသည် ဥပဇ္ဈာယ် စသည်တို့က ခွင့်လွှတ်ထား၍ သံဃာတော်ကို အမှီပြု၍ ဖြစ်ပေါ်လာသော ပစ္စည်းလေးပါးတို့ကို ရရှိ၍ အထက်သို့ အန်အောင်ပြုမှု စသည်တို့ကို ပြုပြီး၍ (ဆေးကုမှုပြု၍) ကိုယ်ကို မွေးမြူသောသူအား အသားတို့သည် တိုးပွားကုန်သည်ရှိသော် ပြည့်ဖြိုးသောကိုယ်ရှိသည် ဖြစ်၍ လှည့်လည်၏။

ပညာ တဿ=ဟူသည် ထိုသူအား လောကီ လောကုတ္တရာ ပညာ သည်ကား လက်တစ်ဆစ်မျှ မတိုးပွားချေ။ တောဌ် ချုံနွယ် စသည်တို့သည် တိုးပွားကုန်သကဲ့သို့ ခြောက်ဒွါရတို့ကို မှီ၍ တဏှာသည် လည်းကောင်း၊ ကိုးပါးသော မာနသည်လည်းကောင်း တိုးပွားကုန်၏။

ဒေသနာတော်၏အဆုံး၌ လူအပေါင်းသည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

လာဋ္ဌဒါယီမထေရ် ဝတ္ထုပြီး၏။

၈။ ဥဒါနဝတ္ထု

အနေကဇာတိသံသာရံ–အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာ ဘုရားသည် ဗောဓိပင်ရင်း၌ သီတင်းသုံးတော်မူလျက် ဥဒါန်းကြူးရင့်တော်မူ၍ နောက်အဖို့၌ အရှင်အာနန္ဒာထေရ် မေးလျှောက်သဖြင့် ဟောတော်မူ၏။

ထိုမြတ်စွာဘုရားသည် ပြုအပ်ခဲ့ပြီးသော အစဉ်အတိုင်းအားဖြင့် ဗောဓိပင်ရင်း၌ သတင်းသုံး ထိုင်နေတော်မူလျက် နေမဝင်မီပင်လျှင် မာရ်စစ်သည် အပေါင်းကို ဖျက်ဆီးပေါ်မူ၍ ညဉ့်၏ ပထမယာမ်၌ ပုဗ္ဗေနိဝါသ ဉာဏ်ကို ဖုံးလွှမ်း ကတ်သော မောဟ တည်းဟူသော အမိုက်ကို ဖောက်ခွဲတော်မူ၍ မဇ္ဈိမယာမ်၌ ဒိဗ္ဗစက္ခုဉာဏ်ကို သုတ်သင်တော်မူ၍ ပစ္ဆိမယာမ်ဝယ် သတ္တဝါတို့၌ သနားခြင်းရှိသည် အဖြစ်ကို စွဲ၍ ပဋိစ္စသမုပ္ပါဒ်၌ ဉာဏ်သက်ဝင်စေပြီးသော် ထိုပဋိစ္စသမုပ္ပါဒ် တရားတော်မြတ်ကို အနုလုံ ပဋိလုံ၏ အစွမ်းဖြင့် သုံးသပ်တော်မူလျက် နေအရုဏ်တက်သောအခါ၌ မိမိအလိုလိုကိုယ်တော်တိုင်သာလျှင် သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထိုးထွင်း သိခြင်းသို့ ရောက်တော်မူပြီဟု ဆိုအပ်သော ဘုရားအဖြစ်သို့ ရောက်တော်မူပြီး၍ အသိန်းမက များပြားလှ ကုန်သော ဘုရားရှင်တို့သည် မစွန့်အပ်သော ဥဒါန်း ကျူးရင့်တော်မူခြင်းကို ကျူးရင့်တော်မူလို၍ ဤဂါထာကို မိန့်တော်မူ၏။

အနေကဇာတိ သံသာရုံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။

ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ နကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသခ်တံ။
ဝိသခ်ါရဂတံ စိတ္တံ၊ တဏ္ဍာနံ ခယမဇ္ဈဂါ။

အဖန်ဖန် ပဋိသန္ဓေနေရခြင်းသည် ဆင်းရဲလှစွာ၏၊ ခန္ဓာအိမ်ကို ဆောက်လုပ်တတ်သူ တဏ္ဍာလက်သမားကို ရှာလျက် ဘဝများစွာ သံသရာပတ်လုံးကျင်လည်ခဲရလေပြီ။

ခန္ဓာအိမ်ကို ဆောက်လုပ်တတ်သော ဟယ် တဏ္ဍာလက်သမား ငါသည် သင့်ကို ပညာမျက်စိဖြင့် ယခုမြင်အပ်ပြီ၊ ခန္ဓာအိမ်ကို နောင်တစ်ဖန် သင် ဆောက်လုပ်ရတော့မည်မဟုတ်၊ သင်၏ ကိလေသာတည်းဟူသောအခြင်ရနယ် အားလုံးတို့ကို ငါချိုးဖျက်အပ်ပြီ၊ အဝိဇ္ဇာတည်းဟူသော အိမ်အထွဋ်ကို ဖျက်ဆီးအပ်ပြီ။ ငါ၏စိတ်သည် ပြုပြင်ခြင်းကင်းရာ နိဗ္ဗာန်သို့ရောက်ပြီ တဏ္ဍာကုန်ရာကုန်ကြောင်း အရဟတ္တဖိုလ်ကို ရပြီ။

ထိုဂါထာ၌—

ဂဟကာရံ ဂဝေသန္တော=ဟူသည် ငါသည် အတ္တဘောတည်းဟူသောအိမ်ကို ပြုလုပ်တတ်သော တဏ္ဍာယောကျ်ားလက်သမားကို ရှာသည် ရှိသော် အကြင်ဉာဏ်ဖြင့် ထိုတဏ္ဍာယောကျ်ားလက်သမားကို မြင်ခြင်းငှာ တတ်ကောင်း၏။ ထိုဗောဓိဉာဏ်အကျိုးငှာ ဒီပင်္ကရာဘုရားရှင်၏ ခြေတော်ရင်း၌ ပြုအပ်သော ရှေ့ရှုဆုတောင်း ကောင်းမှုရှိသည်ဖြစ်၍ ဤမျှသော ကာလတိုင်တိုင် များစွာသော ဘဝအရာ အထောင်ဟု ဆိုအပ်သော ဤသံသရာဝဋ်ကို ထိုဗောဓိဉာဏ်ကို မရခြင်းကြောင့် အကြိမ်ကြိမ် အဖန်ဖန် ကျက်စားကျင်လည်ခဲ့ရလေပြီ။

ဒုက္ခာ ဇာတိ ပုနပ္ပုနံ=ဟူသည် ခန္ဓာတည်ဆောက်သူ တဏ္ဍာယောကျ်ားလက်သမားကို ရှာဖွေခြင်းအကြောင်းကို ပြဆိုသော စကားတည်း။ အိုခြင်းနာခြင်း သေခြင်းတို့ရောနှောနေသော ဤဇာတိမည်သည် အဖန်ဖန်အထပ်ထပ်ကပ်ရောက်ခြင်းငှာ ဆင်းရဲ၏။ ထိုတဏ္ဍာလက်သမားကို ငါသည် မတွေ့မြင်ခဲ့သော် မဆုတ်နစ်၊ ထို့ကြောင့် ထိုတဏ္ဍာယောကျ်ားလက်သမားကို ရှာမှီးလျက် ပြေးသွား ကျင်လည်ခဲ့ရလေပြီ။

ဒိဋ္ဌောသိ=ဟူသည် သဗ္ဗညုတဉာဏ်ကို ထိုးထွင်း၍ သိခြင်းကြောင့် ငါသည် ယခုအခါ၌ မြင်အပ်ပြီ။

ပုန ဂေဟံ=ဟူသည် တစ်ဖန် ဤသံသရာဝဋ်၌ အတ္တဘောဟု ဆိုအပ်သော ငါ၏အိမ်ကို မပြုတော့ပြီ။

သဗ္ဗာတေ ဖာသုကာ ဘဂ္ဂါ=ဟူသည် သင်တဏ္ဍာယောက်ျားလက်သမား၏ အကြွင်းမရှိ အလုံးစုံသော ကိလေသာတည်းဟူသော အခြင်ရနယ်တို့ကို ငါသည် ဖျက်ဆီးရိုက်ချိုးအပ်ပြီ။

ဂဟကူဋံ ဝိသခ်တံ=ဟူသည် သင်သည် ပြုလုပ်အပ်သော ဤအတ္တဘော တည်းဟူသောအိမ်၏ အဝိဇ္ဇာတည်းဟူသော အဝန်းအဝိုင်းချက်ကို ငါသည် ဖျက်ဆီးအပ်ပြီ။

ဝိသခ်ါရဂတံ စိတ္တံ=ဟူသည် ယခုအခါ၌ ငါ၏စိတ်သည် ပြုပြင်စီမံမှုမရှိသော နိဗ္ဗာန်သို့ အာရုံပြုခြင်း၏ အစွမ်းဖြင့် ရောက်အပ် အစဉ်သက်ဝင်အပ်ပြီ။

တဏ္ဍာနံ ခယမဇ္ဈဂါ=ဟူသည် တဏ္ဍာတို့၏ ကုန်ခြင်းဟု ဆိုအပ်သော အရဟတ္တဖိုလ်ကို ရအပ် ရောက်အပ်ပြီ ဟူလို—

ဥဒါနဝတ္ထု ပြီး၏။

၉။ မဟာဓနသေဋ္ဌိပုတ္တဝတ္ထု

အစရိတ္ဒာ–အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဣသိပတနမည်သော မိဂဒါဝုန်တော၌ သီတင်းသုံးနေတော်မူစဉ် များစွာသော စည်းစိမ်ဥစ္စာရှိသော သူဌေးသားကိုအကြောင်းပြု၍ ဟောတော်မူ၏။

ထိုသူဌေးသားသည် ဗာရာဏသီပြည်၌ ကုဋေရှစ်ဆယ် ဥစ္စာကြွယ်ဝသော အမျိုး၌ဖြစ်လေ၏။ထိုအခါ သူငယ်၏မိခင် ဖခင်ဖြစ်ကုန်သော သူဌေးကြီးတို့သည် ကြုံဆင်ခြင်ကြကုန်သည်မှာ "ငါတို့၏အမျိုး၌ ပစ္စည်းဥစ္စာများစွာကြွယ်ဝ ပေါ်များလှ၏။ ထိုပစ္စည်းဥစ္စာ စည်းစိမ်ချမ်းသာကို သားငယ်အား ငါတို့၏လက်၌ ထား၍ အလိုရှိတိုင်းချမ်းသာစွာ သုံးဆောင်ခံစားစေအုံ၊တစ်မါးသော အမှုကိစ္စဖြင့် ပြုလုပ်ဖွယ်မရှိ"ဟု ကြုံကြပြီမှး ကခြင်း,သီခြင်း, တီးမှုတ်ခြင်းမျှကိုသာလျှင် သင်စေကုန်၏၊ထိုဗာရာဏသီမြို့ကြီး၌ပင်လျှင်ကုဋေရှစ်ဆယ်ကြွယ်ဝသော စည်းစိမ်ရှိသော အမျိုး၌ သတို့သမီးတစ်ယောက်သည်လည်း ရှိပေ၏။ ထိုသတို့သမီး၏ မိခင် ဖခင်တို့သည်လည်း ရှေးနည်းအတူသာလျှင် ကြုံစည်ကြ၍ ထိုသတို့သမီး ငယ်ကို ကခြင်း, သီခြင်း, တီးမှုတ်ခြင်းမျှကိုသာလျှင် သင်စေ၏။ ထိုသတို့သား သတို့သမီးငယ်တို့ အရွယ်ကျရောက်သောအခါ ထိမ်းမြား လက်ထပ်ခြင်း မင်္ဂလာသည် ဖြစ်ပေ၏၊ ထိုမှ နောက်၌ သတို့သား သတို့သမီးတို့၏ မိခင် ဖခင်ဖြစ်ကုန်သော သူဌေးကြီးတို့သည် သေလွန်ခြင်းကို ပြုကြကုန်၏။ ကုဋေ တစ်ရာ့ခြောက်ဆယ်သော ပစ္စည်းဥစ္စာသည် တစ်ဘုတည်းသော အိမ်၌သာလျှင် အပေါင်းအစုသည် ဖြစ်လေ၏။

သေသောက်ကြူးတို့ ဉာဏ်ဆင်ပုံ

သူဌေးသားသည် တစ်နေ့ တစ်နေ့တွင် သုံးကြိမ် သုံးကြိမ် ပြည့်ရှင် မင်းကြီးအား ခစားခြင်းသို့ သွားရောက်၏။ ထိုအခါ ဗာရာဏသီ အမည်ထင်ရှား သော ထိုမြို့ကြီး၌ သေသောက်ကြူးတို့သည် ကြံကြကုန်သည်မှာ "ဤသူဌေး သားသည် အကယ်၍ သေသောက်ကြူး ဖြစ်ခဲ့အုံ၊ ငါတို့အား ချမ်းချမ်း သာသာ ကောင်းမွန်စွာ သေကိုသောက်ရခြင်း ဖြစ်ပေလိမ့်မည်။ ထိုသူဌေး သားကို သေသောက်ကြူး၏ အဖြစ်သို့ ရောက်အောင် ဖြားယောင်း လှည့် ပတ်ပြောဆို သင်ပြကုန်အုံ့" ဟု ကြံစည် ကြကုန်၏။ ကြံပြီး၍ကား ထို သေသောက်ကြူးတို့သည် သေကို ယူခဲ့၍ ခဲဖွယ်ဖြစ်သော အသားဟင်းမျိုး တို့ကိုလည်းကောင်း၊ ဆားပျက်သော သကာခဲတို့ကိုလည်းကောင်း ပုဆိုးစွန်း၌ ဖွဲ့ချည်ပြီးသော် အမြစ်အဖုတို့ကိုယူ၍ မင်းအိမ်နန်းတော်မှ ပြန်လာလတ္တံ့သော ထိုသူဌေးသား၏ လမ်းခရီးကို ကြည့်ရှု မျှော်ငံ့လျက် ထိုင်နေကြကုန်ပြီးသော် ပြန်လာသော သူဌေးသားကိုမြင်၍ သေကိုသောက်ပြီးလျှင် ဆားပျက်သော သကာခဲကို ခံတွင်း၌ ထည့်၍ အမြစ် အဥ အဖုတို့ကို ခဲ၍ "အိုအရှင် အနှစ် တစ်ရာ အသက်ရှည်ပါစေသတည်း။သူဌေးသားကို မှီ၍ ငါတို့သည် စားသောက် လိုပါကုန်၏ဟု ပြောဆိုကြကုန်၏။

ကုဋ္ဌေရှစ်ဆယ် ကုန်ခြင်း

သူဌေးသားသည် သေသောက်ကြူးတို့၏ စကားကိုကြား၍ နောက်မှ လိုက်လာသောအလုပ်အကျွေးငယ်ကို ဤသူတို့သည် အဘယ်ဝတ္ထုကို သောက်မျိုကုန်ဘိသနည်းဟု မေးသဖြင့် အရှင် တစ်ခုသော အဖျော်ကို သောက်ပါကုန်သည် ဟု ပြော၏။ ထိုအဖျော်သည် နှစ်သက်ဖွယ်ရှိသလောဟု မေးပြန်သည်ရှိသော် အရှင် အသက်ရှည်ရှည် တည်နေရသော ဤလူ့ပြည်လောက၌ ဤအဖျော်နှင့် တူသော သောက်သင့် သောက်ထိုက်သော တစ်စုံတစ်ခုသော အဖျော်ဝတ္ထု မည်သည် မရှိပါဟု ပြော၏။ ထိုသူဌေးသားသည် ဤသို့ဖြစ်ခဲ့သည်ရှိသော် ငါသည်လည်း သောက်ခြင်းငှါ သင့်လျော် လျောက်ပတ်၏ဟု ပြော၍ အနည်း ငယ်မျှသော သေကို ဆောင်ယူစေပြီးလျှင် သောက်၏။ ထိုနောက် မကြာမြင့်မီ လျှင်-သူဌေးသား၏ သေသောက်သော အဖြစ်ကိုသိ၍ သေသောက်ကြူးတို့သည် သူဌေးသားကို ခြံရံကုန်၏။ သွားတိုင်း လာတိုင်းသော အခါ၌ ကြီးစွာသော အခြံအရံရှိသည် ဖြစ်ကုန်၏။ သူဌေးသားသည် တစ်ရာသော အသရာပြာတို့ဖြင့် လည်းကောင်း၊ နှစ်ရာသော အသပြာတို့ဖြင့် လည်းကောင်း သေကို ပေးဝယ် ယူဆောင်စေ၍ သောက်သည်ရှိသော် အစဉ်အားဖြင့်သာလျှင် ထိုင်နေရာ စသည်တို့၌ အသပြာအစုကိုသား၍ သေကိုသောက်လျက် ဤအသပြာဖြင့် ပန်းကို

ဝယ်ယူခဲ့လော့၊ ဤအသပြာဖြင့် နံ့သာကို ဝယ်ယူခဲ့လော့၊ ဤသူသည် သီချင်းဥစ္စာ လိမ္မာ၏။ ဤသူသည် ကခြင်းဥစ္စာ လိမ္မာ၏၊ ဤသူသည် တီးမှုတ်ခြင်းဥစ္စာ လိမ္မာ၏၊ ဤသူအား တစ်ထောင်သော အသပြာကို ပေးကြကုန်လော့။ ဤသူအား နှစ်ထောင်သော အသပြာကို ပေးကြကုန်လော့ဟု ဤသို့သော အခြင်းအရာဖြင့် ဖရိုဖရဲ စွန့်ကြဲပစ်လွှင့်လျက် မကြာမီပင်လျှင် မိမိ၏ဥစ္စာဖြစ်သော ကုဋ္ဌေရှစ်ဆယ် သော အသပြာတို့ကို ကုန်စေ၍ အရှင် အသင်၏ပစ္စည်းဥစ္စာအစုသည် ကုန်ခြေပြီဟု ပြောဆိုသည်ရှိသော် အသို့နည်း၊ ငါ့မယား ဒင်ပုန်း၏ ပစ္စည်းဥစ္စာသည် မရှိပြီလေးဟု မေးသဖြင့် အရှင် ရှိပါသေး၏ဟု ပြော၏။

ကုဋ္ဌေတစ်ရာ့ခြောက်ဆယ် ကုန်ခြင်း

ထိုသို့ဖြစ်ပါမူကား ထိုပစ္စည်းဥစ္စာကို ဆောင်ယူခဲ့ကုန်လော့ဟု ပြောခြင်းပြီးသော် မယားမှပါသော ထိုပစ္စည်းဥစ္စာ အလုံးစုံကို ရှေးနည်း အတူသာလျှင် ကုန်စေ၍ အစဉ်အတိုင်းဖြင့် လယ် အာရာမ်၊ ဥယျာဉ်, ယာဉ်, လှည်း, ရထား တို့ကိုလည်း ကုန်စေ၏။ ယုတ်သော အပိုင်းအခြားအားဖြင့် အိုးခွက်ဘာဏ္ဍာ အခင်းအရံ ထိုင်နေရာ အစရှိသော အလုံးစုံသော မိမိ၏ပစ္စည်းဥစ္စာကိုရောင်းချ ဖလှယ်၍ စားသောက်၏။ ထိုနောက် သူဌေးသား အရွယ်ကြီးရင့်သောအခါ၌ အကြင်သူတို့သည် ဘူဌေးသား၏ အမျိုးဥစ္စာ အိမ်နေရာကို ဝယ်ယူ၏။ ထိုသူတို့သည် သူဌေးသား လင်းမယားတို့ကို အိမ်မှ နှင်ထုတ်ကုန်၏။ ထိုသူဌေးသားသည် မယားကို ဆောင်ယူ၍ သူတစ်ပါး၏ အိမ်နံရံကုပ်မှီ၍ နေရလျက် အိုးခြမ်းမှက်ကို လက်၌ ကိုင်စွဲတောင်းခံ လှည့်လည်၍ လူများအပေါင်း၏ စားကြွင်းကို စားခြင်းငှါ အားထုတ်၏။

တောင်းခံစားသောက်ရသော သူဌေးလင်မယား

ထိုနောက် တစ်နေ့သင်္ဃ ဆွမ်းစားဇရပ် တံခါးဝယ် ရပ်တည်ပြီးလျှင် သာမဏေငယ်တို့သည် ပေးအပ်သော စားကြွင်း ထမင်းကို ခံယူကုန်သော သူဌေးသား လင်မယားတို့ကို မြင်တော်မူ၍ မြတ်စွာဘုရားရှင်သည် ပြုံးခြင်းကို ပြုတော်မူ၏။

ထိုအခါ မြတ်စွာဘုရားရှင်ကို အာနန္ဒာမထေရ်က ပြုံးတော်မူခြင်း အကြောင်းကို မေးလျှောက်၏။ မြတ်စွာဘုရားရှင်သည် ပြုံးခြင်းအကြောင်းကို မိန့်တော်မူလိုသောကြောင့် ချစ်သားအာနန္ဒာ ဤဗာရာဏသီ မြို့တော်ကြီး၌ ကုဋ္ဌေတစ်ရာ့ခြောက်ဆယ်မျှလောက်သော ဝစ္ဆည်းဥစ္စာကို ကုန်စေ၍ မယားကို ယူဆောင်ပြီးလျှင် ထမင်း အစာအာဟာရအလို့ငှါ တောင်းခံလှည့်လည်သော ဤသူဌေးသားကိုကြည့်ရှုပါလော့၊ အကယ်၍ ဤသူဌေးသားသည် ပထမအရွယ်၌

ပစ္စည်းကို မကုန်းခန်းစေမူ၍ ကုန်သွယ်ခြင်းစသော အမှုကြီးငယ်၌ လုံ့လဝီရိယကို အားထုတ်ခဲ့သည်ဖြစ်အံ့ ဤဗာရာဏသီပြည်ကြီး၌ ပင်လျှင် မြတ်သော သူဌေးကြီး ဖြစ်ပေရာ၏။ အကယ်၍ လူ့ဘောင်မှ ရှောင်ခွာ၍ ငါဘုရား သာသနာတော်ထမ်း ရဟန်းပြုခဲ့သည် ဖြစ်အံ့ အရဟတ္တဖိုလ်သို့ ရောက်ပေရာ၏။ ထိုသူဌေးသား၏ မယား ခင်ပွန်းမသည်လည်း အနာဂါမိဖိုလ်၌ တည်ပေရာ၏။

မဇ္ဈိမအရွယ်၌ ပစ္စည်းဥစ္စာတို့ကို မကုန်ခန်းစေမူ၍ ကုန်သွယ်ခြင်းအစရှိသော အမှုကြီးငယ်၌ အားထုတ်သည်ဖြစ်ခဲ့အံ့ အလယ်, အလတ် ဒုတိယအဆင့် သူဌေးကြီးဖြစ်ပေရာ၏။ လူ့ဘောင်မှ ရှောင်ခွာ၍ ငါဘုရား သာသနာတော်ထမ်း ရဟန်း ပြုအပ်သည်ရှိသော် အနာဂါမိဖိုလ်၌ တည်သည် ဖြစ်ပေရာ၏။ ထိုသူဌေးသား၏ မယားခင်ပွန်းမသည်လည်း သကဒါဂါမိဖိုလ်၌ တည်ရာ၏။

ပစ္ဆိမအရွယ်၌ စည်းစိမ်ချမ်းသာ ပစ္စည်းဥစ္စာတို့ကို မကုန်ခန်းစေမူ၍ ကုန်သွယ်ခြင်းအစရှိသော အမှုကြီးငယ်၌ အကယ်၍ လုံ့လဝီရိယ ပြုခဲ့အံ့ တတိယဆင့် သူဌေးကြီး ဖြစ်ပေရာ၏။ လူ့ဘောင်မှ ရှောင်ခွာ၍ ငါဘုရား သာသနာတော်ထမ်း ရဟန်းပြုသည်ရှိသော်လည်း သကဒါဂါမ်၏ အဖြစ်သည် ဖြစ်ပေရာ၏။ ထိုသူဌေးသား၏ မယားခင်ပွန်းမသည်လည်း သောတာပတ္တိဖိုလ်၌ တည်ပေရာ၏။

လူအများ သောတာပန်တည်ခြင်း

ဤယခုအခါ၌မူကား ထိုသူဌေးသားသည် လူတို့၏ စည်းစိမ်ချမ်းသာမှ ပျက်စီးဆုတ်ယုတ်၊ ရဟန်း၏ အဖြစ်မှလည်း ပျက်စီး ဆုတ်ယုတ်သည်ဖြစ်၍ ခြောက်သောညွှန်အိုင်၌ ကြံမှိုင်ဘွေဝေ ငေးမောချနေသော ကြိုးကြာငှက်ကဲ့သို့ ဖြစ်ရလေတော့သည်ဟု မိန့်တော်မူလိုရကား ဤဂါထာကို ဟောကြားတော်မူ၏။

အစရိတွာ ဗြဟ္မစရိယံ၊ အလဒ္ဓါ ယောဗ္ဗနေ ဓနံ။
ဇိဏ္ဏကောဋ္ဌာဝ စျာယန္တိ၊ ခီဏမငစ္ဆဝ ပလ္လလေ။

အစရိတွာ ဗြဟ္မစရိယံ၊ အလဒ္ဓါ ယောဗ္ဗနေ ဓနံ။
သေန္တိ စာပါတိခီဏာဝ၊ ပုရာဏာနိ အနုတ္ထုနံ။

သူမိုက်တို့သည် အရွယ်ရှိခိုက် မြတ်သောအကျင့်ကို မကျင့်လိုက်မိ ဥစ္စာကို ကိုလည်း မရလိုက်မိသောကြောင့် ငါးကုန်ခန်းသော ညွှန်အိုင်၌ အတောင်ကျွတ်သော ကြိုးကြာအိုတို့ကဲ့သို့ အရွယ်လွန်သောအခါ ကြံမှိုင်၍သာ နေကြရကုန်၏။

သူမိုက်တို့သည် အရွယ်ရှိခိုက် မြတ်သောအကျင့်ကို မကျင့်လိုက်မိ ဥစ္စာကိုလည်း မရလိုက်မိသောကြောင့် လေးမှလွတ်ပြီးနောက် အရှိန်ကုန်သောမြားတို့တဲ့သို့ ရှေးဖြစ်ဟောင်း ချမ်းသာသုခတို့ကို ညည်းတွားအောက်မေ့၍သာ နေကြရကုန်၏။

ထိုဂါထာ၌—

အစရိတွာ=ဟူသည် မြတ်သော အကျင့်ဖြင့် နေခြင်းကို။

ယောဗွနေ=ဟူသည် မဖြစ်သေးသော စည်းစိမ်တို့ ဖြစ်စေခြင်းငှါ၊ ဖြစ်ပြီးသော စည်းစိမ်ကို စောင့်ရှောက်ခြင်းငှါ စွမ်းနိုင်သောကာလ၌ ဥစ္စာကိုမူလည်း မရမူ၍။

ခီဏမစ္ဆေ–ဟူသည် ဤသို့ သဘောရှိသော လူမိုက်တို့သည် ရေမရှိသောကြောင့် ငါးမရှိသော ရွှံ့သွန်အိုင်၌ အားကုန်ခြင်းသို့ရောက်သော ကြိုးကြာအိုတို့ကဲ့သို့ ကြံမှိုင်နေကုန်၏။

ဆိုသိုသည်မှာ။ ။ညွှန်အိုင်၌ ရေကုန်နေသကဲ့သို့ ဤသူဌေးသား သူဌေးသမီးတို့အား နေစရာဌာနသည် မရှိချေ၊ ငါးတို့ ကုန်ခန်းခြင်းကဲ့သို့ ဤသူတို့အား စည်းစိမ်ဥစ္စာ မရှိတော့ချေ၊ အားကုန်ခန်းကုန်သော ကြိုးကြာတို့၏ ပျံတက်မသွားနိုင်သကဲ့သို့ ယခုအခါ ဤလင်မယားတို့၏ ကြည်းကြောင်း ရေကြောင်း ခရီးစသည်တို့ဖြင့် ဥစ္စာတို့ကို ရောင်းဝယ်တည်တံ့စေခြင်းငှါ မစွမ်းနိုင်ကုန်။ ထို့ကြောင့် ဤလင်မယားတို့သည် အတောင်စွမ်းအားကုန်သော ကြိုးကြာတို့ကဲ့သို့ ဤအိမ်နံရံ၌မှီ၍ မှိုင်နေကြကုန်၏။

စာပါတိခီဏာ=ဟူသည် လေးမှလွတ်လိုက်သော လွတ်ထွက်လာသော၊ **အခိပ္ပါယ်မှာ**။ ။လေးမှလွတ်လိုက်သော မြားဟူသည် အရှိန်ရှိသလောက်သွားရှိကျကုန်၏။ ကောက်ယူမည့်သူ မရှိခဲ့သော် ထိုနေရာ၌သာလျှင် ခြစာဖြစ်၏။ ထို့အတူ ဤသူတို့သည် အရွယ်သုံးပါးကို လွန်ကုန်၍ ယခုအခါ မိမိကိုယ်ကို ထုတ်ဆောင်ခြင်းငှါ မစွမ်းနိုင်ဘဲ သေကြရကုန်လတ္တံ့။

ပုရာဏာနိ အနုတ္ထုနံ=ဟူသည် ငါတို့သည် ဤသို့ စားဖူး၏၊ ဤသို့သောက်ဖူး၏ဟူ၍ ရှေး၌ပြုဖူးသော အစားအသောက် အကအခုန် အဆိုအတီးစသည်တို့ကို ငြီးတွားပြောဆိုလျက် အဖန်ဖန် တအောင့်မေ့မေ့ လွမ်းဆွေးကြလျက် အိပ်ကြကုန်၏။

ဒေသနာတော်၏အဆုံး၌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

မဟာဓနသူဌေးသားဝတ္ထု ပြီး၏။
တစ်ဆယ့်တစ်ခုမြောက် ဇရာဝဂ်ပြီး၏။

၁၂။ အတ္တဒဏ္ဍဝဂ်

၁။ ဗောဓိရာဇကုမာရဝတ္ထု

အတ္တာနဥ္ဉေ–မိမိစိတ်ဖြင့် ကျိုးကြောင်းသိသော ဉာဏ်ရှိသော သူတစ်ပါးကို မြတ်စွာဘုရားသည် ဟောကြားတော်မူပ၏ သိပ်သည်းသုံးသပ်နေတော်မူစဉ် ဗောဓိရာဇ မင်းသားကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုဗောဓိမင်းသားသည် မြေအပြင်၌ ပစ်ပါးသော ပြာသာဒ်တို့နှင့် မတူသော လှပတင့်တယ်သော ကောင်းကင်သို့ ပျံတက်အံ့သကဲ့သို့သော ကောကနုဒ အမည်ရှိသော ပြာသာဒ်ကို ပြုစေပြီးလျှင် လက်သမားကို အချင်းအသင်သည် အရပ်တစ်ပါး၌လည်း ဤသို့သဘောရှိသော ပြာသာဒ်ကို ပြုဖူးပြီလော, သို့တည်းမဟုတ် ဤပြာသာဒ်သည် အသင့်အား ရှေးဦးစွာသော အတတ်ပေလောဟု မေးတော်မူ၏။

အရှင်မင်းမြတ် ဤပြာသာဒ်သည် အကျွန်ုပ်အား ရှေးဦးစွာသော အတတ်ပါတည်းဟု လျှောက်တင်သည်ရှိသော် ထိုမင်းသားသည် "ဤလက်သမားကား သူတစ်ပါးတို့အား လည်း ဤသို့သဘောရှိသော ပြာသာဒ်ကို အကယ်၍ ပြုလုပ်ပေးခဲ့သည် ဖြစ်အံ့။ ဤပြာသာဒ်သည် အံ့ဖွယ်သရေ ထူးကဲ မွန်မြတ်သည် မဖြစ်ပေလတ္တံ့။ ဤလက်သမားကို ငါသည် သတ်ခြင်းငှါလည်းကောင်း၊ လက်သမား၏ လက်ချေတို့ကို ဖြတ်ခြင်းငှါလည်းကောင်း၊ မျက်စိတို့ကို ထုတ်ဖောက်ခြင်းငှါလည်းကောင်း ပြုအပ်ပေ၏။ ဤသို့ ပြုအပ်သည်ရှိသော် ဤသို့ သဘောရှိသော ခရီးမှမ်းအံ့သဖွယ် တင့်တယ် လျှောက်ပတ် ကောင်းမြတ်သော သူတစ်ပါး၏ ပြာသာဒ်ကို ပြုလုပ်၍ ပေးခြင်းငှါ မစွမ်းနိုင်လတ္တံ့ ဟု ကြံ၏။ ကြံပြီး ထိုမင်းသားသည် မိမိကြံစည်အပ်သော ထိုအကြောင်းကို မိမိ၏ ချစ်ခင်အပ်သော အဖော်ခင်ပွန်းဖြစ်သော သဉ္ဇဝ၏သားဖြစ်သော လုလင်အား ပြောကြား၏။

ထိုလုလင်သည် "ယုံမှားမဲ့ ဤမင်းသားသည် လက်သမားကို ဖျက်ဆီးလတ္တံ့။ အဖိုးအတိုင်းမသိ ထိုက်သော အဘတ်ပညာ တတ်မြောက်ပြီးသော သူသည် ငါ၏မျက်မှောက် ကြည့်ရှု တွေ့မြင်ရပါလျက် မပျက်စီးပါစေသတည်း။ ထိုလက်သမားအား အမှုတ်သညာကို ပေးအံ့" ဟု ကြံပြီးမှ လုလင်သည် လက်သမားသို့ ချဉ်းကပ်၍ အချင်းလက်သမား အသင့်အား ပြာသာဒ်၌ ပြုလုပ်ဖွယ်ကိစ္စသည် ပြီးဆုံးပြီလော, မပြီးဆုံးလေသေးသလောဟု မေးလျှင် ပြီးပါပြီဟု ပြောဆိုသည်ရှိသော် မင်းသားသည် အသင့်ကို ဖျက်ဆီးခြင်းငှါ အလိုရှိ၏။ မိမိကိုယ်ကို စောင့်ရှောက်လေလော့ဟု ပြော၏။

ဌက်ရုပ်ယာဉ်ပျံ

လက်သမားကလည်း အရှင် အသင်သည် အကျွန်ုပ်အား သင့်တင့်ကောင်းမြတ်သည်ကို ပြောကြား အပ်ပေ၏။ အကျွန်ုပ်အား ကြားသိရသဖြင့် ဤအရာ၌ ပြုလုပ်ဖွယ်ကို အကျွန်ုပ်သည် သိပါ၏တဘဲအံ့ဟု ပြောဆိုဝန်ခံ၍ အချင်း လက်သမား အသွားပေနည်း။ ငါတို့၏ ပြာသာဒ်၌ ပြုလုပ်ရွက်ဆောင်ဖွယ် အမှုကိစ္စသည် ပြီးပါပြီလောဟု ဗောဓိမင်းသားသည် မေးအပ်သည်ရှိသော် အရှင်မင်းမြတ် မပြီးဆုံးသေးပါ မျှားစ့ဉာပင် ကြွင်းကျန်၍ ရှိပါသေးသည် ဟု လျှောက်တင်၏။ အဘယ်အမှုသည် ကြွင်းကျန်သနည်းဟု မေးတော်မူပြန်သဖြင့် အရှင်မင်းမြတ် နော ဂ်၌ ဌလျှောက်ဘင်ပါအံ့ သစ်တို့ကို သာလျှင် ဆောင်ပါစေကုန်ဦးလော့ဟု ပြော၏။ အဘပါသစ်တို့ကို ဆောင်စေအံ့နည်းဟု မေးတော်မူပြန်သည်ရှိသော် အရှင်မင်းမြတ် အနှစ်မရှိ ခြောက်သွေ့ကုန်သော သစ်တို့ကို ဆောင်ပါစေကုန်လော့ဟု လျှောက်၏။

ဗောဓိမင်းသားသည် လက်သမား လျှောက်တင်တိုင်းသော သစ်တို့ကို ဆောင်ယူစေ၍ ပေးသနားတော်မူ၏။ တိုနောက် မင်းသားကို လက်သမားက အရှင်မင်းမြတ် ဤအခါမှစ၍ အကျွန်ုပ်၏အထံသို့ တစ်စုံတစ်ယောက်သော သူမျှ မလာရောက်ပါစေလင့်။ အဘယ်ကြောင့်နည်း ဟူမူကား သိမ်မွေ့နူးညံ့သော အမှုကို ပြုလုပ်ရသောသူအား သူတစ်ပါးတို့နှင့် အတူတက္ခ စကားပြောဆိုရသည် ရှိသော် ပြုလုပ်သော အမှုသည် ပျက်စီး ချို့ယွင်းခြင်းသည် ဖြစ်တတ်ပါသည်။ ထမင်း အစာ အာဟာရ စားချိန်တိုင်သော အခါကာလ၌ အကျွန်ုပ်၏ မယားသည်သာလျှင် အာဟာရကို ဆောင်ယူ ပို့လာပါလိမ့်မည်ဟု လျှောက်တင်၏။

မင်းသားသည်လည်း ကောင်းပါပြီဟု ဝန်ခံ၏။ ထိုလက်သမားသည်လည်း တိုက်ခန်းတစ်ခုဌ၌ ထိုင်နေ၍ မင်းသားပို့လာသော ဟောင်းရော်သော သစ်တို့ကို ရွေပြီးလျှင် မိမိ၏ သား, မယားအား အတွင်း၌ ထိုင်နေခြင်းငှါ လောက်သော ဂဠုန်ဌက်ရုပ်ကို ပြု၍ အာဟာရ ပို့လာသော အခါ၌ မယားကို "ချစ်နှမအိမ်၌ ရှိသော ပစ္စည်းဥစ္စာ အလုံးစုံတို့ကို အကုန်ရောင်းချ၍ ဤ, ငွေကိုသာ ယူခဲ့လော့"ဟု ပြော၏။

မင်းသားသည်လည်း ကောင်းပါပြီဟု ဝန်ခံ၏။ ထိုလက်သမားသည်လည်း တိုက်ခန်းတစ်ခုဌ၌ ထိုင်နေ၍ မင်းသားပို့လာသော ဟောင်းရော်သော သစ်တို့ကို ရွေပြီးလျှင် မိမိ၏ သား, မယားအား အတွင်း၌ ထိုင်နေခြင်းငှါ လောက်သော ဂဠုန်ဌက်ရုပ်ကို ပြု၍ အာဟာရ ပို့လာသော အခါ၌ မယားကို "ချစ်နှမအိမ်၌ ရှိသော ပစ္စည်းဥစ္စာ အလုံးစုံတို့ကို အကုန်ရောင်းချ၍ ဤ, ငွေကိုသာ ယူခဲ့လော့"ဟု ပြော၏။

မင်းသားသည်လည်း လက်သမားအား အရပ်တစ်ပါးသို့ မထွက်မသွားနိုင်စေခြင်းငှါ လက်သမား၏ အိမ်ကို ဝန်းရံ၍ အစောင့်အရှောက်ကို ထား၏။ လက်သမားသည်လည်း ဌက်ရုပ် ပြီးသောအခါ၌ ယနေ့ အလုံးစုံသော သားငယ်တို့ကို ယူဆောင်ပြီး လာခဲ့ဘိလော့ဟု မယားကို ပြော၍ နံနက်စာ စားပြီးဘည်ရှိသော် သား, မယားကို ဌက်ရုပ်၏ ဝမ်း၌ ထိုင်နေစေပြီး၍ လေသောက် ပြတင်းဖြင့် ထွက်ပြေးလေ၏။ လူအပေါင်းတို့အား အရှင်မင်းမြတ်

လက်သမားသည် ထွက်ပြေးလေပြီဟု ဟစ်အော် မြည်တမ်းကုန်စဉ်ပင်လျှင် ထိုလက်သမားသည် ကောင်းကင်ထက်၌ ပျံသွား၍ ဟိမဝန္တာ၌ သက်ဆင်းပြီးလျှင် တစ်ခုသော မြို့ကို ဖန်ဆင်း တည်ထောင်၍ ကဋ္ဌဝါဟနမင်း ဟူသော အမည်ဖြင့် မင်းဖြစ်လေ၏။

သား, သမီး မရနိုင်သော ဗောဓိမင်းသား

ဗောဓိမင်းသားသည်လည်း ပြာသာဒ် ပူဇော်ခြင်းကို ပြုအံ့ဟု မြတ်စွာဘုရားရှင်ကို ပင့်ဖိတ်ပြီးလျှင် ပြာသာဒ်၌ နံ့သာလေးမျိုးတို့ဖြင့် အပြေအပြစ်ကို ပြုပြီး ရှေးဦးစွာသော လှေကားခုံမှ စ၍ ပုဆိုးကို ဖြန့်ခင်း၏။ ထိုမင်းသားသည် သား, သမီး တစ်စုံတစ်ယောက်မျှ မရှိပေသတတ်။ ထို့ကြောင့် "ငါသည် သားကိုသော်လည်းကောင်း, သမီးကိုသော်လည်းကောင်း အကယ်၍ ရမည် ဖြစ်ခဲ့ပါအံ့၊ မြတ်စွာဘုရားရှင်သည် ဤပုဆိုး အခင်းထက်သို့ နင်းတက်ပေလတ္တံ့ဟု ကြံစည်ဓိဋ္ဌာန်ပြီး ခင်း၏။ ထိုမင်းသားသည် မြတ်စွာဘုရား ကြွတော်မူလာသည်ရှိသော် ဘုရားကိုယ်တော်မြတ်ကို ထိခြင်းငါးပါး ရှိခိုးခြင်းဖြင့် ရှိခိုး၍ သပိတ်ကို ယူပြီးသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ကြွဝင်တော်မူကြပါကုန်လော့ဟု ဓတောင်းပန် လျှောက်ကြား၏။

မြတ်စွာဘုရားသည် ကြွဝင်တော်မမူ။ မင်းသားသည်လည်း နှစ်ကြိမ် သုံးကြိမ် တိုင်တိုင် တောင်းပန် လျှောက်ကြား၏။ မြတ်စွာဘုရားရှင်သည် ကြွဝင်တော်မမူဘဲသာလျှင် အာနန္ဒာ မထေရ်ကို ကြည့်တော်မူ၏။ မထေရ်သည် မြတ်စွာဘုရား ကြည့်တော်မူသော အမှတ်ဖြင့်သာလျှင် မြတ်စွာဘုရားသည် မနင်းမကြွမည့် အဖြစ်ကို သိ၍ "ဒကာတော် မင်းသား ထိုအခင်းပုဆိုးကို ဆောင်ယူစေလော့၊ မြတ်စွာဘုရားရှင်သည် ပုဆိုးအခင်းကို နင်းကြွတော်မမူပေလတ္တံ့"ဟု ပြော၏။ မင်းသားသည် "မြတ်စွာဘုရားရှင်သည်ကား နောက်ဖြစ်လတ္တံ့သော လူများအပေါင်းကို အကြောင်းတစ်စုံတစ်ရာ ဖြစ်ဖို့ရာ အရေးတွေးတော ကြည့်ရှုသည် ဖြစ်ပေလိမ့်မည်" ဟု အောက်မေ့၍ ပုဆိုးတို့ကို ဆောင်ယူစေ၏။

ထိုမင်းသားသည် ပုဆိုးကို ဆောင်ယူပြီးမှ မြတ်စွာဘုရားရှင်ကို ပြာသာဒ် နန်းတွင်းသို့ ပင့်သွားပြီးသော် ယာဂု ခဲဖွယ်ဖြင့် ကောင်းစွာ ပြုပြင် စီရင်လုပ်ကျွေး ပူဇော်ပြီး၍ သင့်တင့်လျောက်ပတ်သော အရပ်၌ ထိုင်နေလျက် ဦးညွတ် ရှိခိုးပြီးသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဒကာတော်သည် အရှင်ဘုရားအား ကျေးဇူးဥပကာရ များပြားလှသော ဒါယကာပါတည်း၊ သုံးကြိမ်တိုင်တိုင် ကိုးကွယ်ခြင်းသို့ ရောက်ပါသည်။ ပထမဆုံးအကြိမ်ဝယ် ဝမ်း၌ တည်ရှိသေးလျက် တစ်ကြိမ် ကိုးကွယ်ခြင်းသို့ ရောက်ပါသည်။ ဒုတိယ

အကြိမ် ပျို့မျစ်နုနယ် သူငယ်အရွယ်၌ ကိုးကွယ်ခြင်းသို့ ရောက်ပါသည်။ တတိယအကြိမ် သိကြားလိမ္မာသည့် အရွယ်သို့ ရောက်သောအခါ၌ ကိုးကွယ်ခြင်းသို့ ရောက်ပါသည်။ ထိုမျှလောက် မှီဝဲ ဆည်းကပ်သည် ဖြစ်၍ ပြုစုလုပ်ကျွေးသော ဒကာတော်၏ ပုဆိုး အခင်းကို အဘယ်ကြောင့် မနင်းကြပါကုန်သနည်းဟု မေးလျှောက်၏။

မြတ်စွာဘုရားရှင်က မင်းသား အာသို့ပေနည်း၊ အသင်သည် "ငါကား သားကိုသော်လည်းကောင်း၊ သမီးကိုသော်လည်းကောင်း အကယ်၍ ရမည် ဖြစ်ခဲ့အံ့။ မြတ်စွာဘုရားရှင်သည် ငါ၏ ပုဆိုးအခင်းကို နင်းကြတော်မူပေလတ္တံ့"ဟု ကြံစည်ဆောက်တည်ပြီး ပုဆိုးတို့ကို ခင်းအပ်သည် မဟုတ်တုံလော့ဟု မေးတော်မူ၏။

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဟုတ်မှန်ပါပေ၏။ ဒကာတော် သည် ကြံစည်ဆောက်တည်၍ ခင်းမိပေသည်ဟု လျှောက်ထားသည် ရှိသော် မင်းသား ထို့ကြောင့် ငါဘုရားသည် ပုဆိုးအခင်းကို မနင်း မကြွပေသည်ဟု မိန့်တော်မူ၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အာသို့ပေနည်း၊ ဒကာတော်သည် သားကိုသော်လည်းကောင်း၊ သမီးကိုသော်လည်းကောင်း မရပါအံ့လော့ဟု မေးလျှောက်သဖြင့် မင်းသား သြော် ဟုတ်ပေ၏ မရပေလတ္တံ့ဟု မိန့်တော်မူလျှင် အာဘယ်သို့သော အကြောင်းကြောင့်ပါနည်းဟု မေးလျှောက်၏။

မင်းသား ရှေးဘဝ၌ မယား ခင်ပွန်းနှင့် တကွသော အသင်မင်းသားသည် မေ့လျော့ခြင်းသို့ ရောက်ကြ၏။ ထို့ကြောင့် မရပေလတ္တံ့ဟု မိန့်တော်မူပြီး ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အဘယ်သို့သောအခါ၌ ပါနည်းဟု မေးလျှောက်ပြန်၏။ ထိုအခါ ဗောဓိမင်းသားအား မြတ်စွာဘုရားရှင်သည် အတိတ်ကိုဆောင်၍ ဟောကြားတော်မူ၏။

လှေပျက်သော လင်မယား

ရှေးလွန်လေပြီးသောအခါ၌ အရာမက မျှားပြားလှစွာကုန်သော သူတို့သည် လှေကြီးဖြင့် သမုဒ္ဒရာသို့ ကူးကြကုန်၏။ လှေသည် သမုဒ္ဒရာ အလယ်၌ ကွဲပျက်၏။ သမီးခင်ပွန်း လင်မယားနှစ်ယောက်တို့သည် တစ်ခုသော ပျဉ်ချပ်ကို ယူ၍ ကျန်းငယ်တစ်ခုအကြားသို့ ကူးဝင်ကြကုန်၏။ ကြွင်းကုန်သော အလုံးစုံသော လူတို့သည် ထိုသမုဒ္ဒရာ၏ အလယ်၌သာလျှင် သေလွန်ပျက်စီးကြကုန်၏။ ထိုကျန်းငယ်၌ မျှားသော ငှက်အပေါင်းသည် နေ၏။

ထိုသမီးခင်ပွန်း လင်မယားတို့သည် စားသောက်ဖွယ်ဖြစ်သော ပစ္စည်းဝတ္ထု တစ်စုံတစ်ခုတို့ကို ကြည့်ရှု၍ မမြင်သောကြောင့် ဆာလောင် မွတ်သိပ်ရကား

ငှက်ဥတို့ကို မီးကျီးတို့၌ ဖုတ်၍ စားကုန်၏။ ထိုငှက်ဥတို့သည် မစားလောက်ကုန်သဖြင့် ကုန်ပြန်သည် ရှိသော် ငှက်ငယ်တို့ကို ဖမ်း၍ စားကုန်၏။ ဤနည်းဖြင့် ပထမအရွယ် မဇ္ဈိမအရွယ်, ပစ္ဆိမအရွယ်ဟူသော အရွယ်သုံးပါး၌ စားသောက်ကုန်သည်သာလျှင်တည်း။

အရွယ်တစ်ခု၌သော်လည်း "ငါတို့သည် သူတစ်ပါး၏ အသက်ကို သတ်ဖြတ်စားသောက်ခြင်း အကုသိုလ်ကိုသာပြုကျင့်၍နေသဖြင့် မသင့်လျော်ချေတကား။ ထိုအကုသိုလ်တရားကို ပယ်ရှား ဖြတ်တောက်မှ တော်ချေမည်" ဟု လင်မယား နှစ်ယောက်တို့တွင် တစ်ယောက်သော သူသည်လည်း မမေ့မလျော့ခြင်းသို့ မရောက်တော့ချေ။

ဗောဓိမင်းသား သောတာပန်တည်ခြင်း

မြတ်စွာဘုရားရှင်သည် ထိုမင်းသား၏ ရှေး၌ ပြုခဲ့ဖူးသော ဤမကောင်းမှုကို ပြတော်မူပြီး မင်းသား အသင်သည် ထိုအခါက အရွယ်တစ်ခု၌သော်လည်း မယားနှင့် အတူတကွ မမေ့မလျော့ခြင်းသို့ အကယ်၍ ရောက်ခဲ့သည် ဖြစ်အံ့။ အရွယ်တစ်ခု၌ပင်လျှင် သားသည်လည်းကောင်း၊ သမီးသည်လည်းကောင်း ဖြစ်ပေရာ၏။ အသင်တို့ သမီးခင်ပွန်း လင်မယား နှစ်ယောက်တို့တွင် တစ်ယောက်သော သူသည် အကယ်၍ မမေ့မလျော့သည် ဖြစ်ခဲ့အံ့။ ထိုသူကို စွဲ၍ သားသည်လည်းကောင်း၊ သမီးသည်လည်းကောင်း ဖြစ်ပေရာ၏။

မင်းသား မိမိကိုယ်ကို ချစ်ခင်မြတ်နိုးအပ်သည်ဟု အောက်မေ့မှတ်ထင်သော သူသည် အရွယ်သုံးပါးတို့၌ မမေ့မလျော့သဖြင့် မိမိကိုယ်ကို စောင့်ရှောက်အပ်၏။ ဤသို့ အရွယ်သုံးပါးလုံးတို့၌ စောင့်ရှောက်ခြင်းငှါ မစွမ်းနိုင်သည် ရှိသော် အရွယ်တစ်ခု၌သော်လည်း စောင့်ရှောက်အပ်သည်သာလျှင်တည်းဟု မိန့်တော်မူပြီး ဤဂါထာကို မိန့်တော်မူ၏—

အတ္တာနဉ္စေ ပိယံ ဇညာ၊ ရက္ခေယျ နံ သုရက္ခိတံ။
တိဏ္ဏံ အညတရံ ယာမံ၊ ပဋိဇဂ္ဂေယျ ပဏ္ဍိတော။

မိမိကိုယ်ကို ချစ်အပ်၏ဟု သိပါမူ ထိုမိမိကိုယ်ကို ကောင်းစွာ စောင့်ရှောက်ခြင်းဖြင့် စောင့်ရှောက်ရာ၏။ ပညာရှိသည် အရွယ်သုံးပါးတို့တွင် တစ်ပါးပါးသောအရွယ်၌ (လုံ့လ ထုတ်ကာ) သုတ်သင်ရာ၏။

ထိုဂါထာ၌–ယာမ ဟူသည် မြတ်စွာဘုရားရှင်သည် မိမိကိုယ်တိုင် တရားအရှင် ဖြစ်တော်မူ၍ တရားဟောခြင်း၌ ကျွမ်းကျင်တော်မူသောကြောင့် ဤလူ့ရွာ၌ အရွယ်သုံးပါးတို့တွင် တစ်ပါးပါးသောအရွယ်ကို ယာမ်နှင့်တင်စား၍ ဟောတော်မူ၏။ (ညဉ့်သုံးယာမ်) ဤသို့အဓိပ္ပါယ် သိအပ်၏။

ရဲကွေယျ နံ သုရကွိတံ ဟူသည် ကောင်းစွာ စောင့်ရှောက်အပ်သော နည်းလမ်းဖြင့် မိမိကိုယ်ကို စောင့်ရှောက်ရာ၏။ အကယ်၍ လူဝတ်ကြောင် ဖြစ်ပါက မိမိကိုယ်ကို စောင့်ရှောက်မည်ဟူ၍ ပြာသာဒ်အထက်ထပ်၌ ကောင်းစွာ လုံခြုံသော တိုက်ခန်းသို့ ဝင်၍ ကောင်းမွန်စွာ စောင့်ရှောက်၍ နေသော်လည်း မိမိကိုယ်ကို စောင့်ရှောက်ရာ မရောက်ချေ။ ရှင်ရဟန်းဖြစ်ပါက ကောင်းသော လုံခြုံသော ပြတင်းနှင့် တံခါးကို ပိတ်ထားသော ဂူအတွင်း၌ နေသော်လည်း မိမိကိုယ်ကို စောင့်ရှောက်ရာ မရောက်ချေ။ လူဖြစ်ခဲ့သော် စွမ်းအားအလျောက် ဒါန သီလ စသည့် ကောင်းမှုတို့ကို ပြုလုပ်ခြင်းသည် မိမိကိုယ်ကို စောင့်ရှောက်ရာ ရောက်၏။ ရှင်ရဟန်း ဖြစ်ခဲ့သော် ဝတ်ကြီး ဝတ်ငယ်ပြုခြင်း, စာပေသင်ခြင်း, တရားနှလုံးသွင်းခြင်းတို့၌ အားထုတ်ကြိုးပမ်းခြင်းသည် မိမိကိုယ်ကို စောင့်ရှောက်ရာ၏။ ဤသို့ အရွယ်သုံးပါးလုံး မစွမ်းနိုင်ခဲ့သော် အရွယ်တစ်ခုခု၌လည်း ပညာရှိယောကျ်ားသည် မိမိကိုယ်ကို သုတ်သင်ရာ၏။ အကယ်၍ လူဝတ်ကြောင် သည် ပထမအရွယ်၌ ပျော်မြူးခြင်းများလျက် ကုသိုလ်ပြုခြင်းငှါ မစွမ်းနိုင်အုံ၊ မဇ္ဈိမအရွယ်၌ မမေ့မလျော့ ကုသိုလ်ပြုရမည်။ အကယ်၍ မဇ္ဈိမအရွယ်၌ သားမယားကို မွေးမြူရသဖြင့် ကုသိုလ်မပြုနိုင်ငြားအုံ။ ပစ္ဆိမအရွယ်၌ ပြုရမည် သာတည်း။ ဤသို့ ပြုသည် ရှိသော် မိမိကိုယ်ကို သုတ်သင်ရာ ရောက်၏။ ဤသို့ မပြုသော သူသည် မိမိကိုယ်ကို ချစ်ရာမရောက် အပါယ်သို့ ရောက်အောင် ပြုရာ ရောက်၏။ အကယ်၍ ရှင်ရဟန်း ဖြစ်ပါမူ ပထမအရွယ်၌ စာပေသင်ကြား သရဇ္ဈာယ်ခြင်းကို ပြုလျက်, အာဂုံဆောင်လျက်, ပို့ချလျက်,ဝတ်ကြီး ဝတ်ငယ်ကို ပြုလျက် မေ့လျော့ခြင်းသို့ ရောက်ငြားအုံ၊ ဒုတိယအရွယ်၌ မမေ့မလျော့ ရဟန်း တရားကို အားထုတ်ရမည်။

အကယ်၍ ပထမအရွယ်၌ သင်ယူခဲ့သော ပရိယတ္တိ၏ အဋ္ဌကထာကို လည်းကောင်း၊ အခိပ္ပါယ် အဆုံးအဖြတ်ကိုလည်းကောင်း၊ အကြောင်းအကျိုးကို လည်းကောင်း မေးမြန်းလျက် ဒုတိယအရွယ်၌ မေ့လျော့ခဲ့ငြားအုံ၊ ပစ္ဆိမအရွယ်၌ မမေ့မလျော့ ရဟန်းတရားကို အားထုတ်ရမည်သာတည်း။ ဤသို့ ပြုခြင်းသည် မိမိကိုယ်ကို သုတ်သင်ရာရောက်၏၊ ဤသို့ မပြုသူသည် မိမိကိုယ်ကို ချစ်သည် မမည်၊ နောင်တပူပန်ခြင်းဖြင့် ပူလောင်လေ၏။

ဒေသနာတော်အဆုံး၌ ဗောဓိမင်းသားသည် သောတာပတ္တိဖိုလ်၌ တည်၏။ ဆောက်လာသော ပရိသတ်များ အတွက်လည်း အကျိုးရှိသော တရားဟော ခြင်းသည် ဖြစ်၏။

ဗောဓိရာဇကုမာရဝတ္ထု ပြီး၏။

၂။ ဥပနန္ဒသက္ကပုတ္တတ္ထေရဝတ္ထု

အတ္တာနမေဝ ပဌမံ– အစရှိသော ဤဂါထာရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ဥပနန္ဒမည်သော သာကီဝင်မင်းသားကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုအရှင် ဥပနန္ဒသက္ကပုတ္တမထေရ်သည် တရားစကားကို ဟောကြား ဆုံးမခြင်းငှါ ကောင်းစွာ လိမ္မာတတ်မြောက်၏။ အလိုနည်းခြင်း အပြစ်ဆိုတာ အစရှိသည်နှင့် စပ်သော ထိုမထေရ် ဟောကြားသော တရားစကားကို နာကြားရသည့် ဖြစ်၍ မျှားစွာသော ရဟန်းတို့သည် တိစီဝရိတ်သင်္ကန်းတို့ဖြင့် ပူဇော်လှူဒါန်း၍ ဓုတင်တို့ကို ဆောက်တည်ကုန်၏။ ဓုတင် ဆောက်တည်သော ထိုရဟန်းတို့သည် စွန့်လွှတ်အပ်ကုန်သော ပရိက္ခရာတို့ကို ထို ဥပနန္ဒသက္ကပုတ္တမထေရ် ပင်လျှင် အကုန်သိမ်းယူ၏။ ထိုဥပနန္ဒသက္ကပုတ္တမထေရ်သည် တစ်ခုသော ဝါ၏ အတွင်း၌ ဝါဆိုခြင်းငှါ နီးလှတ်သည် ရှိသော် ဇနပုဒ်သို့ သွားလေ၏။

ထိုအခါ ကျောင်းတိုက်တစ်ခု၌ ရဟန်းငယ် သာမဏေငယ်တို့သည် ထိုမထေရ်ကို တရားစကား ဟောကြားဆုံးမတတ်သော အရာ၌ ချစ်ခင် မြတ်နိုးခြင်း ရှိသဖြင့် အရှင်ဘုရားတို့ ဤကျောင်း၌ ဝါသို့ ကပ်တော်မူကြပါကုန်လော့ဟု တောင်းပန် လျှောက်ထားပြီး ဤကျောင်း၌ ဝါဆိုသင်္ကန်း အဘယ်မျှလောက် ရတတ်ပါသနည်းဟု မေး၏။ ထိုသာမဏေငယ်တို့က တစ်ထည်စီ ရတတ်ပါသည်ဟု လျှောက်ထားသည်ရှိသော် ထိုကျောင်း၌ ဖိနပ်ကို ထား၍ တခြားကျောင်းသို့ သွားပြန်၏။

နှစ်ခုမြောက်သော ကျောင်းသို့ သွားရောက်ပြီးလျှင် ဤကျောင်း၌ ဝါဆိုသင်္ကန်း အဘယ်မျှလောက် ရတတ်သနည်းဟု မေး၍ ပုဆိုးနှစ်ထည်မျှလောက် ရတတ်ပါသည်ဟု ပြောသည်ရှိသော် ထိုကျောင်း၌ တောင်ဝှေးကို ထား၏။ သုံးခုမြောက်သော ကျောင်းသို့ သွားရောက်ပြီးလျှင် ဤကျောင်း၌ ဝါဆိုသင်္ကန်း အဘယ်မျှလောက် ရတတ်ပါသနည်းဟု မေး၏။ ပုဆိုး သုံးထည်တို့ကို ရတတ်ပါသည်ဟု ပြောသည် ရှိသော် ထိုကျောင်း၌ ဖဲနပ်ကို ထား၏။

လေးခုမြောက်သော ကျောင်းသို့ သွားရောက်ပြီးလျှင် ဤကျောင်း၌ အဘယ်မျှလောက်သော ဝါဆိုသင်္ကန်းကို ရတတ်ပါသနည်းဟု မေး၍ လေးထည်သော ပုဆိုးတို့ကို ရတတ်ပါသည်ဟု ပြောသည် ရှိသော် ကောင်းလှပေပြီ၊ ငါသည် ဤကျောင်း၌ နေအံ့ဟု ဝန်ခံပြောဆို၏။ ထိုကျောင်း၌ ဝါကပ်၍ လူတို့အား လည်းကောင်း၊ ရဟန်းတို့အား လည်းကောင်း တရားစကားကို ဟောကြားတော်မူပေ၏။

ထိုလူရဟန်းအပေါင်းတို့သည် အရှင်ဥပနန္ဒသကျပုတ္တမထေရ်ကို မျှားစ့ာကုန်သော အဝတ်တို့ဖြင့်လည်းကောပ်း၊ မျှားစ့ာကုန်သော သင်္ကန်းတို့ဖြင့်လည်းကောင်း ပူဇော်လှူဒါန်းကုန်၏။ ထိုမထေရ်သည် ဝါကျွတ်သည့် ရှိသော် ဤမှတစ်ပါး ကုန်သော ပထမ, ဒုတိယ, တတိယ, သုံးကျောင်းတို့၌လည်း ငါသည် အာသင်တို့၏ ကျောင်း၌ အသုံးအဆောင် ဖြစ်သော ပရိက္ခရာကို ထားအပ်သည်အဖြစ်ကြောင့် ဝါဆိုသင်္ကန်းကို ရသင့်ရထိုက်၏။ အသင်တို့သည် ငါ၏ အဖို့ကို ပို့လာစေသတည်းဟူသော သတင်းစကားကို စေလွှတ်ပြောကြား၍ အလုံးစုံသော ပစ္စည်းဥစ္စာကို ဆောင်ယူစေပြီးလျှင် လှည်းယာဉ်ကို ပြည့်စေ၍ သွားလေ၏။

ဓမ္မကထိက ဥပနန္ဒ

ထိုအခါ ကျောင်းတိုက်တစ်ခု၌ ရဟန်းငယ်နှစ်ပါးတို့သည် ပုဆိုးဖျင်နှစ်ထည်တို့ကိုလည်းမကောင်း၊ ကမ္မလာတစ်ထည်ကိုလည်းကောင်း ရ၍ အသင့်အား ပုဆိုးတို့သည် ဖြစ်စေကုန်လော့။ ငါ့အား ကမ္မလာကို ပေးလော့ဟု ပြောဆို၍ ခဲ့ဝေခြင်းငှါ မစ္ဆမ်းနိုင်ကြသောကြောင့် လမ်းခရီးအနီး၌ ထိုင်နေ၍ ငြင်းခုံကြကုန်၏။ ထိုရဟန်းငယ်တို့အား ဥပနန္ဒ သကျပုတ္တမထေရ်သည် ရှေးရှုလာသည်ကို မြင်လျှင် အရှင်ဘုရား အရှင်ဘုရားတို့သည် တပည့်တော်တို့အား ခဲ့ခြမ်း ဝေဖန်၍ ပေးသနားတော်မူပါကုန်လော့ဟု ပြောဆိုကုန်၏။

အသင်တို့၏ ပစ္စည်းဥစ္စာကို အသင်တို့သာလျှင် ဝေဖန်ကုန်လော့ဟု ပြောသည် ရှိသော် တပည့်တော်ဘို့သည် ခဲ့ဝေခြင်းငှါ မစ္ဆမ်းနိုင်ပါကုန်။ အရှင်ဘုရားတို့သည် တပည့်တော်တို့အား ခဲ့ဝေပေးပါကုန်လော့ဟု ထပ်၍ ပြောဆိုတောင်းပန်ကြကုန်၏။ ထိုသို့ဖြစ်လျှင် အသင်တို့သည် ငါ့ပြောဆိုသောစကား၌ တည်ကုန်အံ့လောဟု မေးသဖြင့် အရှင်ဘုရား သြော်-ဟုတ်ပါ၏။ အရှင်ဘုရား ပြောဆိုသော စကား၌ တည်ပါကုန်အံ့ဟု ပြော၏။ ထိုသို့ဖြစ်လျှင် ကောင်းပါပြီဟု ဝန်ခံ၍ ထိုရဟန်း နှစ်ပါးတို့အား နှုတ်ထည်သော ပုဆိုးဖျင်တို့ကို တစ်ပါးလျှင် တစ်ထည်ကျ ဝေငှပေးသနား၍ ဤကမ္မလာသည် တရားဟောဓမ္မကထိက ဖြစ်ကုန်သော ငါတို့အား ဝတ်ရုံခြင်းငှါ ထိုက်တန်၏ဟု ပြောဆို၍ ကောင်းမွန်ကြီးကျယ်သော ကမ္မလာကို ယူပြီး ဖဲ့သွားလေ၏။

ရဟန်းငယ်နှစ်ပါးတို့သည် နှလုံးမသာယာသည် ဖြစ်၍ ဘုရားအထံတော်သို့ သွားရောက်ပြီးလျှင် ထိုသို့သော အကြောင်းကို ကြားလျှောက်ကြကုန်၏။ မြတ်စွာဘုရားရှင်က ချစ်သားရဟန်းတို့ ဥပနန္ဒ သကျပုတ္တသည် ဤယခုအခါ၌သာလျှင် အသင်တို့၏ ပစ္စည်းဥစ္စာကို ယူ၍ အသင်တို့ကို နှလုံးမသက်သာဖွယ်ကို ပြုသည် မဟုတ်သေး။ ရှေး၌လည်း ပြုဖူးသည်သာလျှင်တည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

ငါးကြင်းသားနှင့် ဖျံနှစ်ကောင်

ရှေးလွန်လေပြီးသော အခါ၌ ကုမ်းခြေ၌ ကျက်စားသော ဖျံတစ်ကောင်လည်းကောင်း၊ ရေနက်၌ ကျက်စားသော ဖျံတစ်ကောင်လည်းကောင်း ဤသို့နှစ်ကောင်ကုန်သော ဖျံတို့သည် ကြီးစွာသော ငါးကြင်းကို မျှ၍ ငါ့အား ခေါင်းပိုင်း အဖို့သည် ဖြစ်စေလော့၊ အသင့်အား အမြီးပိုင်း အဖို့သည် ဖြစ်စေလော့ဟု အချင်းချင်းကဲ့ပြား ငြင်းခုံခြင်းသို့ ရောက်၍ ခဲ့ဝေခြင်းငှါ မစ္ဆမ်းနိုင်သောကြောင့် တစ်ကောင်သော မြေခွေးကို မြင်လျှင် ဦးရီး ဤငါးကြင်းကို ငါတို့အား ခဲ့ဝေ၍ ပေးပါလော့ဟု ပြော၏။ မြေခွေးကလည်း ငါ့ကို တရားဆုံးဖြတ်သော အရာ၌ ထားအပ်သော သူတည်း။ ထိုတရားဆုံးဖြတ်ရာ၌ ကြာမြင့်စွာ ထိုင်နေရသည် ဖြစ်၍ သလုံးမြင်းခေါင်း ဆန့်စေခြင်း အကျိုးငှါ လာခဲ့သည် ဖြစ်ပေသည်။ ဤယခုအခါ၌ အသင်တို့ကို ခဲ့ဝေ၍ ပေးခြင်းငှါ ငါ့အား အချိန်မရှိဟု ပြော၏။

ဦးရီး ဤသို့ မပြုပါကုန်လင့်၊ ခဲ့ဝေ၍သာ ပေးပါလော့ဟု ပြောပြန်၏။ ငါဆုံးဖြတ်သော စကား၌ အသင်တို့ တည်ကုန်အံ့လောဟု မေးသဖြင့် ဦးရီး တည်ပါကုန်အံ့ဟု ပြော၏။ ထိုသို့ ဖြစ်ပါမူကား ကောင်းပါပြီဟု ဝန်ခံ၍ ထိုမြေခွေးသည် ဦးခေါင်းကို ဖြတ်၍ တစ်ခုသော အရပ်၌ ထားသည်ကို ပြု၏။ အမြီးကို ဖြတ်၍ တစ်ခုသော အရပ်၌ ထားသည်ကို ပြု၏။ ဤသို့ ပိုင်းဖြတ်ခဲ့ဝေထားသည်ကို ပြုပြီးသော် အမောင်တို့ အသင်တို့နှစ်ဦးကွင် အကြင်သူသည် မြစ်နားကမ်းခြေ၌ လျှောက်လှမ်း လှည့်လည်ရ၏။ ထိုသူသည် အမြီးပိုင်းကို ယူလော့။ အကြင်သူသည် နက်စွာသော ရေကို သွားလာ လှည့်လည်ရ၏။ ထိုသူအား ခေါင်းပိုင်းသည် ဖြစ်စေလော့။ ဤအပိုင်း၏သည်ကား တရားဆုံးဖြတ်ရာ၌ တည်သော ငါ့အဖို့ ဖြစ်ပေလတ္တံ့ဟု ပြောဆို၍ ထိုဖျံတို့အား သိစေလိုသောကြောင့် ဤဂါထာကို ရွတ်ဆို၏—

အနုတီရစာရိ နဂုံဌံ၊ သီသံ ဂမ္ဘီရစာရိနော။
အထာယံ မစ္ဆီမော ခဏ္ဍော၊ ဓမ္မဋ္ဌသ ဘဝိဿတိ။

ကမ်းခြေသို့ အစဉ်လျှောက်လှိုက်ရသော သင်သည် အမြီးကို ယူလေလော့၊ နက်သောရေ၌ လှည့်လည်ရသော သင့်အား ခေါင်းပိုင်းသည် ဖြစ်စေလော့၊ ဤအလယ်ပိုင်းသည် တရားဆုံးဖြတ်သော အရာ၌ တည်သော ငါ့အား ဖြစ်လတ္တံ့။

ဤသို့သော ဂါထာကို ရွတ်ဆိုပြီးမှ အလယ်ပိုင်းကို ယူ၍ ဖဲသွားလေ၏။ ထိုနှစ်ကောင်သော ဖျံတို့သည်လည်း နှလုံးမသာမယာသည် ဖြစ်၍ ထိုမြေခွေးကို ကြည့်ရှုပြီး ရပ်ဉာဏ်ကြကုန်၏။

မြတ်စွာဘုရားရှင်သည် ဤသို့သော အတိတ်ဇာတ်ကို ဆောင်ပြတော်မူပြီး၍ ချစ်သား ရဟန်းတို့ ထိုအခါကာလက တစ်ကောင်သော ငါးကြင်း၏ အတွက်ကြောင့် ကဲ့ပြားငြင်းခုံခြင်းကို ပြုကုန်သော နှစ်ကောင်သော ဖျံတို့သည် အသင် ရဟန်းနှစ်ဦးတို့ ဖြစ်ကြကုန်၏။ ထိုအခါ ခွဲဝေ၍ ပေးသော မြေခွေးသည် ယခုအခါ ဥပနန္ဒသက္ကပုတ္တ ဖြစ်လာသည်ဟု ဇာတ်တော်ကို ပေါင်းတော်မူပြီး၍ ချစ်သား ရဟန်းတို့ ဥပနန္ဒသက္ကပုတ္တသည် လွန်လေပြီးသော ရှေးအခါ၌လည်း အသင်တို့ကို နှလုံးမသာမယာခြင်းကို ပြုဖူးသည် သာလျှင်တည်းဟု မိန့်တော်မူပြီးလျှင် ထိုရဟန်းတို့ကို သက်သာရာ ရစေ၍ ဥပနန္ဒသက္ကပုတ္တ ရဟန်းကို ကဲ့ရဲ့ရှုတ်ချတော်မူလျက် ချစ်သား ရဟန်းတို့ သူတစ်ပါးကို ဆုံးမသော သူမည်သည် ရှေးဦးစွာ မိမိကိုယ်ကို သင့်တင့် လျောက်ပတ်သော အရာ၌ တည်စေအပ်၏ဟု မိန့်တော်မူလိုရကား ဤဂါထာကို ဟောကြားတော်မူ၏—

အတ္တာနမေဝ ပဌမံ၊ ပတိရူပေ နိဝေသယေ။
အာဇညမနုသာသေယျ၊ န ကိလိဿေယျ ပဏ္ဍိတော။

ရှေးဦးစွာ မိမိကိုယ်ကို သင့်လျော်သော အကျင့်၌ တည်စေရာ၏၊ ထိုနောက်မှ သူတစ်ပါးကို ဆုံးမရာ၏၊ ပညာရှိသည် သူတစ်ပါးကဲ့ရဲခံရခြင်းဖြင့် မညစ်နွမ်းစေရာ။

ထိုဂါထာ၌– ပဋိရူပေ နိဝေသယေ ဟူသည် လျောက်ပတ်သော ဂုဏ်ကျေးဇူး၌ တည်စေရာ၏။

အဓိပ္ပါယ်ကား။ ။အပ်ိစ္ဆတာ (အလိုနည်းခြင်း) စသော ဂုဏ်တို့ဖြင့် လည်းကောင်း၊ အရိယာနွယ်ဝင် ကျင့်စဉ် စသည်တို့ဖြင့် လည်းကောင်း သူတစ်ပါးကို ဆုံးမလိုသူသည် မိမိကိုယ်ကို ရှေးဦးစွာ ထိုဂုဏ်အကျင့်တို့၌ တည်စေရာ၏။ ဤသို့ တည်စေပြီးနောက် သူတစ်ပါးကို ထိုဂုဏ်အကျင့်တို့ဖြင့် ဆုံးမရာ၏။ မိမိကိုယ်ကို ထိုဂုဏ်အကျင့်၌ မထည့်သွင်းမူ၍ သူတစ်ပါးကိုသာလျှင် သက်သက် ဆုံးမသည် ရှိသော် သူတစ်ပါးထံမှ ကဲ့ရဲမှုကို ရ၍ ညစ်နွမ်းသည် မည်၏။ ထိုဂုဏ်အကျင့်၌ မိမိကိုယ်ကို တည်စေ၍ ဆုံးမသည် ရှိသော် သူတစ်ပါးထံမှ ချီးမွမ်းခြင်းကို ရ၏။ ထို့ကြောင့် ညစ်နွမ်းသည် မမည်ချေ။ ဤသို့ ပြုလုပ်သော ပညာရှိသည် ညစ်နွမ်းရာ မရောက်။

ဒေသနာတော်၏ အဆုံး၌ ထိုရဟန်းတို့သည် သောတာပတ္တိဖိုလ်၌ တည်ကုန်၏။ လူအပေါင်းအား လည်း အကျိုးရှိသော တရားဟောခြင်းသည် ဖြစ်လေ၏။

ဥပနန္ဒသက္ကပုတ္တတ္ထေရဝတ္ထု ပြီး၏။

၃။ ပခာနိကတိဿတ္ထေရဝတ္ထု

အတ္တာနဥ္ဧ အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ပခာနိကတိဿမထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုပခာနိကတိဿမထေရ်သည်ကား မြတ်စွာဘုရား အထံတော်၌ ကမ္မဋ္ဌာန်းကို သင်ယူ၍ ငါးရာသော ရဟန်းတို့ကို ခေါ်ဆောင်ပြီးသော် တောကျောင်း၌ ဝါကပ်၍ ငါ့ရှင်တို့ သက်တော်ထင်ရှား ရှိသော မြတ်စွာဘုရားရှင် အထံတော်၌ အသင်တို့အား ကမ္မဋ္ဌာန်းကို ယူခဲ့ပေ၏။ မမေ့မလျော့သည် ဖြစ်၍ ရဟန်းတရားကို အားထုတ်ကြကုန်လော့ဟု ဆုံးမတော်မူပြီးလျှင် မိမိသည်ကား တိုက်ခန်းသို့ သွားရောက်၍ လျောင်းကာ အိပ်၏။ ရဟန်းတို့သည် ပထမယာမ်၌ စင်္ကြံသွား၍ တရားကို အားထုတ်ပြီးမှ မဇ္ဈိမယာမ်၌ ကျောင်းသို့ သွားရောက်၍ ဝင်ကုန်၏။

တရားထူး မရသော ရဟန်းများ

ထိုမထေရ်သည် အိပ်ရာမှ နိုးသောအခါ ထိုရဟန်းတို့၏ အထံသို့ သွား၍ အသင်တို့သည် အိပ်ပြီးလျှင် ထပ်၍ တစ်ဖန် အိပ်ပြန်ကုန်ဘိသည်။ လာလှည့်ကြကုန်လော့။ လျှင်စွာ ထွက်၍ ရဟန်းတရားတို့ကို အားထုတ်ကြကုန်လော့ဟု ပြောဆိုပြီးလျှင် မိမိသည် ကျောင်းတွင်းသို့ သွားရောက်၍ ရှေးနည်းအတူသာလျှင် အိပ်၏။ ဤမှတစ်ပါးသော ရဟန်းတို့သည်လည်း မဇ္ဈိမယာမ်၌ တရားကိုအားထုတ်၍ ပစ္ဆိမယာမ်၌ ကျောင်းတွင်းသို့ ဝင်ကြကုန်၏။

ထိုမထေရ်သည် တစ်ဖန်လည်း အိပ်ရာမှ နိုး၍ ထိုရဟန်းတို့၏ အထံသို့ သွားပြီးလျှင် ထိုရဟန်းတို့ကို ကျောင်းမှအပ အပြင်သို့ ထွက်ပြီး ရဟန်းတရားကို အားထုတ်စေပြီးမှ မိမိသည် တစ်ဖန် ပြန်သွားပြီးသော် ရဟန်းတရားကို အားထုတ်စေပြီးမှ မိမိသည် တစ်ဖန် ပြန်သွားပြီး ရှေးနည်းအတူသာလျှင် အိပ်ပြန်၏။ ထိုမထေရ်သည် ဒခါခပ်သိမ်း ကာလပတ်လုံး ဤသို့ ပြုအပ်သည် ရှိသော် ထိုရဟန်းတို့သည် သရဇ္ဈာယ်ခြင်းကိုလည်းကောင်း၊ ကမ္မဋ္ဌာန်းကို လည်းကောင်း နှလုံးသွင်းခြင်းငှါ မစွမ်းနိုင်ကုန်။ စိတ်ဖောက်ပြန် ချိုယွင်းခြင်းသို့ ရောက်လေ၏။ ထိုရဟန်းတို့သည် ငါတို့၏ ဆရာကား အလွန်လျှင် အားထုတ်အပ်သော ဝီရိယရှိ၏။ ထိုဆရာကို ဝိုင်းဝန်းဖမ်းဆီးကုန်အံ့ဟု တိုင်ပင်၍ ဖမ်းဆီးကုန်သည် ရှိသော် ထိုဆရာ ဖြစ်သော မထေရ်၏ အမူအရာကို မြင်၍ ငါ့ရှင်တို့ ငါတို့၏ ဆရာသည် ပျက်စီးလေစွ၊ ငါတို့အား အချည်းအနှီးသော မြည်တွန်ခြင်းခြင့် မြည်တွန်ဆုံးမ လေဘိသည်ဟု ပြောဆိုကြကုန်၏။

ကောင်းမှန်စွာ အိပ်ပျော်ခြင်းကို မရကုန်ဘဲ လွန်စွာ အိမ်ပျက်ခြင်းဖြင့် နှိပ်စက်အပ်သည် ဖြစ်၍ ပင်ပန်းကုန်သော ထိုရဟန်းတို့အား တစ်ပါးသော ရဟန်းမျှသည်လည်း တရားအထူးကို ဖြစ်စေခြင်းငှါ မစွမ်းနိုင်။ ထိုရဟန်းတို့သည် ဝါကျွတ်သည်ရှိသော် မြတ်စွာဘုရား အထံတော်သို့ သွားရောက်၍ မြတ်စွာဘုရားရှင်သည် ပဋိသန္ဓေရကို ပြုပြီးမှ ချစ်သားတို့ အသို့ပေနည်း။ အသင်တို့အား မမေ့မလျော့သည်ဖြစ်၍ ရဟန်းတရားကို အားထုတ်ကြကုန်၏ လောဟု မေးတော်မူသည် ရှိသော် ရဟန်းတို့သည် ထိုအကြောင်းကို ကြားလျှောက်ကြကုန်၏။

ဘုရားကိုယ်တော်မြတ်က ချစ်သား ရဟန်းတို့ ဤရဟန်းသည် ယခုအခါ၌သာလျှင် အသင်တို့၏ အန္တရာယ်ကို ပြုလုပ်သည် မဟုတ်သေး၊ ရှေးလွန်လေပြီးသော အခါ၌လည်း ဤရဟန်းသည် အသင်တို့၏ အန္တရာယ်ကို ပြုဖူးသည်သာလျှင်တည်းဟု မိန့်တော်မူလျှင် ထိုရဟန်းတို့သည် တောင်းပန် လျှောက်ကြားသောကြောင့် အတိတ်ကို ဆောင်တော်မူ၏။

အကာလရာဝိကုက္ကုဋ္ဌဇာတ်

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည် ရှိသော် ဘုရား အလောင်းတော်သည် ဥဒီစ္စပုဏ္ဏားမျိုး၌ ဖြစ်၍ အရွယ်ဖြစ်မြောက် ကြီးပွားခြင်းခြင်းသို့ ရောက်သောအခါ အလုံးစုံသော အတတ်တို့၌ တစ်ဖက်ကမ်းရောက် တတ်မြောက်လိမ္မာသည် ဖြစ်၍ ဗာရာဏသီပြည်ကြီး၌ အရပ်ရှစ်မျက်နှာမှ လာရောက်ဆည်းကပ်ကုန်သော တပည့်တို့၏ အမှူးဖြစ်သော ဒိသာပါမောက္ခဆရာကြီးဖြစ်၍ ငါးရာကုန်သော လုလင်ပျိုတို့ကို အတတ်ပညာကောင်းစွာ ချပို့ သင်ကြားတော်မူ၏။ ထိုတပည့် လုလင်ပျိုတို့အား သင်လျော် လျောက်ပတ်သော အခါကာလကို မြည်တွန်တတ်သော ကြက်တစ်ကောင်သည် ရှိ၏။ တပည့် သူငယ်တို့သည် ထိုကြက်၏ မြည်ဟွန်သောအသံဖြင့် ထ၍ အတတ်ကို သင်ကြကုန်၏။ ထိုကြက်သည် သေလွန်လေ၏။

ထိုလုလင်တို့သည် အခြားသော ကြက်တစ်ကောင်ကို ရှာမှီးရန် လှည့်လည် ကုန်၏။ ထိုအခါ လုလင်တစ်ယောက်သည် သုသာန်သခြေင်းတောင်၌ ထင်း, သစ်တို့ကို ထုတ်ဆောင်သည်ရှိသော် ကြက်တစ်ကောင်ကို တွေ့မြင်၍ ဆောင်ယူခဲ့ပြီးသောအခါ ကောင်းမွန်စွာသော လှောင်အိမ်ချိုင့်၌ ထား၍ ကျွေးမွေးသုတ်သင်၏။

ထိုကြက်သည် သုသာန်၌ ကြီးပြင်းလေရကား ဤအမည်ရှိသော အခါ၌ မြည်အပ်, တွန်အပ်၏ဟု မသိသောကြောင့် တစ်ခါတလေ ညဉ့်၏ အလွန်စောလွန်းသော အချိန်၌ မြည်တွန်၏။ တစ်ခါတလေ နေအရုဏ်တက်သော အချိန်၌ တွန်၏။ လုလင်တို့သည် ထိုကြက်၏ အလွန်စောလွန်းသော ညဉ့်အချိန်တွင် မြည်တွန်သောအခါ၌ အတတ်ကို သင်ယူကုန်သည် ရှိသော် နေအရုဏ် တက်သည်တိုင်အောင် အတတ်ကို သင်ယူခြင်းငှါ မစွမ်းနိုင်ကြကုန်။ ငိုက်မျဉ်းကုန်သည် ဖြစ်၍ သင်ယူအပ်သော အရာဌာနကိုလည်း မမြင်နိုင်ကြကုန်။ လင်းစင်မိုးသောက် အားကြီး ရောက်သောအခါ မြည်တွန်သော အချိန်၌ အတတ်ကို သရဇ္ဈာယ်ခြင်း၏ အခွင့်အချိန်မျကိုသော်လည်း မရကုန်။ လုလင်တို့သည် ဤကြက်ကား ညဉ့်၏ အလွန်စောလွန်းသော အချိန်၌လည်း မြည်တွန်၏။ လင်းစင်မိုးသောက် အားကြီးစွာ ရောက်သော အချိန်၌သော်လည်း မြည်တွန်၏။

ဤကြက်ကို မှီ၍ ငါတို့အား အတတ်ပညာ ပြီးဆုံးခြင်း မဖြစ်ပေ လတ္တံ့ဟု တိုင်ပင် ပြောဆို၍ ထိုကြက်ကို ဖမ်းယူပြီးလျှင် လည်ကို ညှစ်သတ်၍ အသက်ကုန်ခြင်းသို့ ရောက်စေပြီးလျှင် အချိန်အခါ မဟုတ်သည်၌ မြည်တွန်တတ်သော အကာလရာဝိ အမည်ရှိသော ကြက်ကို အကျွန်ုပ်တို့သည် သတ်အပ်ကုန်ပြီဟု ဆရာအား ပြောကြားအပ်သည် ရှိသော် ဒိသာပါမောက္ခ ဆရာသည် အမိ, အဘ စသည်တို့၏ အထံမှ အဆုံးအမ သြဝါဒကို ယူ၍ မကြီးပွားရသည် ဖြစ်သောကြောင့် သေခြင်းသို့ ရောက်ရရှာလေသည်ဟု ပြောဆိုလိုရကား ဤဂါထာကို ရွတ်ဆို၏—

အမာတာ ပိတရိ သံဝစ္စော၊ အနာစရိယကုလေ ဝသံ။
နာယံ ကာလံ အကာလံ ဝါ၊ အဘိဇာနာတိ ကုက္ကုဋ္ဌော။

မိဘတို့၏ အဆုံးအမကို ရ၍ ကြီးပြင်းလာရခြင်း မဟုတ်သော ဆရာ မရှိသော အမျိုး၌ နေရသော ကြက်သည် အချိန်အခါ ဟုတ်သည်ကို လည်းကောင်း, အချိန်အခါ မဟုတ်သည်ကို လည်းကောင်း မသိနိုင်ပေ။

ဤသို့သော အကြောင်းကို ပြတော်မူပြီး၍ ဘုရားအလောင်းသည် အသက်ရှည်သမျှ ကာလပတ်လုံး တည်နေပြီးသော် ကံအားလျော်စွာ လားကပ်ရလေ၏။

ရဟန်းငါးရာ ရဟန္တာဖြစ်ခြင်း

မြတ်စွာဘုရားရှင်သည် ဤအကာလရာဝိ ကုက္ကုဋ္ဌဇာတ်ကို ဟောကြားတော်မူပြီးမှ ချစ်သား ရဟန်းတို့ ထိုအခါကာလ၌ အချိန်အခါ မဟုတ်မူ၍ မြည်တွန်

တတ်သော ထိုကြောက်သည် ယခုအခါ ဤပဓာနိကတိဿမထေရ် ဖြစ်လာသည်။ ဤငါးရာသော ရဟန်းတို့သည် ပညာသင်သော လုလင်ပျို ငါးရာတို့ ဖြစ်လာကုန်သည်။ ဒိသာပါမောက္ခ ဆရာသည် ငါဘုရားသာတည်းဟု ဇာတ်တော်ကို ပေါင်းတော်မူပြီးမှ ချစ်သားရဟန်းတို့ သူတစ်ပါးကို ဆုံးမသော သူမည်သည် မိမိကိုယ်ကို ရှေးဦးစွာ ယဉ်ကျေးအောင် ပြုအပ်၏။ ဤသို့ ပြုလုပ်၍ ဆုံးမအပ်သည် ရှိသော် မိမိ၏ ယဉ်ကျေးခြင်းရှိသည် ဖြစ်၍ ဆုံးမအပ်သည် မည်၏ဟု မိန့်တော်မူလိုရကား ဤဂါထာကို ဟောကြားတော်မူ၏—

အတ္တာနဉ္ဥေ တထာ ကယိရာ၊ ယထာညမနုသာသတိ။
သုဒန္တော ဝတ ဒမေထ၊ အတ္တာ ဟိ ကိရ ဒုဒ္ဒမော။

သူတစ်ပါးကို ဆုံးမသော နည်းအတိုင်း မိမိကိုယ်တိုင် လိုက်နာပြုကျင့်ထု၏၊ မိမိကိုယ်တိုင် ယဉ်ကျေးပြီးသော်မှသာ သူတစ်ပါးကို ဆုံးမရာ၏၊ မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမရခြင်းသည် ခဲယဉ်းလှ၏။

ထိုဂါထာ၏ အဓိပ္ပါယ်ကား– အကြင်ရဟန်းသည် ပထမယာမ် စသည်တို့၌ စင်ကြယ်သွားရမည်ဟု ဆို၍ သူတစ်ပါးကို ဆုံးမ၏။ ကိုယ်တိုင်လည်း စင်ကြယ်သွားခြင်း စသည်တို့ကို ဆောက်တည်လျက် မိမိကိုယ်ကိုလည်း သူတစ်ပါးကို ဆုံးမသည့် အတိုင်း ပြုရာ၏။ ဤသို့ ပြုသည် ရှိသော် ကောင်းစွာ ဆုံးမရာ ရောက်၏၊ အကြင်ဂုဏ်အကျင့်ဖြင့် သူတစ်ပါးကို ဆုံးမ၏၊ ထိုဂုဏ်အကျင့်ဖြင့် ကိုယ်တိုင်ဆုံးမသည် ဖြစ်၍ မိမိကိုယ်ကို ဆုံးမရာ၏။

အတ္တာ ဟိ ကိရ ဒုဒ္ဒမော ဟူသည် မိမိကိုယ်သည် ဆုံးမရခက်၏၊ ထို့ကြောင့် ကောင်းစွာ ဆုံးမနိုင်သော နည်းလမ်းဖြင့် ဆုံးမရမည်။

ဒေသနာတော်၏ အဆုံး၌ ရဟန်းငါးရာတို့သည် အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။

[ဤဝတ္ထု၌ အတိတ်သာဓကပြရာ ဤအဋ္ဌကထာနှင့် ကေန်ပါတဲ့ အကာလရာဝိကုက္ကုဋ္ဌဇာတ် အဋ္ဌကထာတို့သည် အဆိုမညီကြ။ ပစ္စုပ္ပန်အကြောင်း ဇာတ်ပေါင်း နှစ်ဌာနတို့၌ အနည်းငယ် ကဲ့ပြား၍ ရှိကြ၏။ ဆင်ခြင်ကြလေကုန်။]

ပဓာနိကတိဿတ္ထေရဝတ္ထု ပြီး၏။

၄။ ကုမာရကဿပမယ်တော်ထေရီဝတ္ထု

အတ္တာ ဟိ အတ္တနော နာထော အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်အတွင်း ကုမာရကဿပ၏မယ်တော်ထေရီကို အကြောင်းပြု၍ ဟောတော်မူ၏။

ကုမာရ ကဿပ မထေရ်၏ မယ်တော်ဖြစ်သော ထိုထေရီသည် ရာဇဂြိုဟ်မြို့ကြီး၌ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသော သူဌေးကြီး၏ သမီးဖြစ်၍ သ်ကြားလိမ္မာသော အရွယ်သို့ ရောက်သော အခါမှ စ၍ ရဟန်းအဖြစ်ကို ရခြင်းငှါ တောင်းပန်၏။ အဖန်ဖန် အထပ်ထပ် မပြတ် တောင်းပန်ပါသော်လည်း အမိအဖတို့၏ အထံမှ ရဟန်းပြုရန် အခွင့်ကို မရ မရှိဘဲ အရွယ်ကြီးမြောက်သော အခါ လင်ယောကျ်ား၏ အမျိုးအိမ်သို့ လိုက်ပါသွားရောက်ရပြီး ခင်ပွန်း လင်ယောကျ်ားကို အိမ်ရှေနတ်၏ အသွင် ကြည်လင်နှစ်မျို ရှိသေစွာ လုပ်ကျွေးသည်ဖြစ်၍ အိမ်ရာတည်ထောင် လူ့ဘောင်၌ နေရ၏။ ထိုနောက် များမကြာမီ ပင်လျှင် သူဌေးသမီး၏ ဝမ်း၌ ကိုယ်ဝန်တည်လေ၏။ ထိုသူဌေးသမီးသည် မိမိ၌ ကိုယ်ဝန်တည်သည့် အဖြစ်ကို မသိမူ၍သာလျှင် ခင်ပွန်း လင်ယောကျ်ားကို နှစ်သက်စေ၍ ရဟန်းပြုရပါမည့် အကြောင်းကို ခွင့်တောင်း ပန်ကြား၏။

ထိုအခါ သူဌေးသမီးကို ခင်ပွန်း လင်ယောကျ်ားသည် ကြီးစွာသော ပူဇော်သက္ကာရဖြင့် ချီးမြှင့်၍ ဘိက္ခုနီမကျောင်းသို့ ဆောင်ပြီးလျှင် အကြောင်း တစ်စုံတစ်ခုကို မသိသည် ဖြစ်သောကြောင့် အရှင်ဒေဝဒတ်၏ အသင်းအပင်း ဖြစ်ကုန်သော ဘိက္ခုနီမတို့ထံ၌ ရဟန်းပြုစေ၏။

နောက်အဖို့ အခါ၌ ဘိက္ခုနီမတို့သည် ထိုသူဌေးသမီး ရဟန်းမိန်းမအား ကိုယ်ဝန်ရှိသည် အဖြစ်ကို သိ၍ ထိုရဟန်းမိန်းမတို့က ဤအမှုသည် အဘယ်နည်းဟု ဆိုကုန်သည် ရှိသော် အရှင်မတို့ ငါသည် တစ်စုံတစ်ခုကိုမျှ မသိပါ။ စင်စစ်အားဖြင့် ငါ၏သီလသည် ညစ်ညူးကျိုးပေါက်ခြင်း မရှိသည်သာလျှင်တည်းဟု ပြော၏။ ရဟန်းမိန်းမတို့သည် ထိုသူဌေးသမီး ရဟန်းမိန်းမကို အရှင်ဒေဝဒတ်၏ အထံသို့ ဆောင်၍ အရှင်ဘုရား ဤရဟန်းမိန်းမသည် သဒ္ဓါတရားဖြင့် ရဟန်းပြုပါသည်။ ဤရဟန်းမိန်းမအား စွဲကပ်တည်ရှိသော ကိုယ်ဝန်၏ လူဖြစ်စဉ်အခါက တည်ရှိသည်ကိုလည်းကောင်း၊ ရဟန်းပြုပြီးသော အခါ၌ တည်ရှိသည်ကို လည်းကောင်း အခါကာလကို တပည့်တော်မတို့ မသိပါကုန်။ ဤဟုအခါ၌ အဘယ်ကဲ့သို့ ပြုပါကုန်အံ့နည်းဟု မေးလျှောက်ကုန်၏။

အရှင်ဒေဝဒတ်က ငါ၏ အဆုံးအမသြဝါဒကို လိုက်နာ ရွက်ဆောင်ကုန်သော ရဟန်းမိန်းမတို့အား အရှိန်အစော် အကျော်အစောမဲ့ မဖြစ်ပါစေလင့်ဟု

ဤမျှလောက်ကိုသာ ကြံပြီးလျှင် ထိုရဟန်းမိန်းမကို လူထွက်စေကုန်လော့ဟု ပြောလိုက်၏။

အရှင်ဒေဝဒတ် ပြောဆိုလိုက်သော ထိုစကားကို ကြား၍ ထိုသူဌေးသမီး ရဟန်းမိန်းမငယ်သည် အရှင်မတို့ အရှင်မတို့သည် ငါ့ကို မဖျက်ဆီးပါကုန်လင့်၊ ငါသည် အရှင်ဒေဝဒတ်ကို ရည်ညွှန်း၍ ရဟန်းပြုအပ်သည် မဟုတ်ပါ၊ လာလှည့်ကုန်၊ ငါ့ကို မြတ်စွာဘုရား အထံတော်ဖြစ်သော ဇေတဝန်ကျောင်းတော်သို့ ဆောင်ယူ၍ ပို့ကြပါကုန်လော့ဟု ပြော၏။

ထိုရဟန်းမိန်းမတို့သည် သူဌေးသမီးဖြစ်သော ရဟန်းမိန်းမငယ်ကို ယူဆောင်၍ ဇေတဝန် ကျောင်းတော်သို့ သွားရောက်ပြီးသော် မြတ်စွာဘုရားရှင်အား ကြားလျောက်ကုန်၏၊ မြတ်စွာဘုရားရှင်သည် ထိုရဟန်း မိန်းမငယ်အား လူဖြစ်စဉ်အခါ၌ ကိုယ်ဝန်တည်သည့် အဖြစ်ကို သိတော်မူသော်လည်း သူတစ်ပါးတို့ ကဲ့ရဲ့ရှုတ်ချ စွပ်စွဲသော စကားမှ လွှတ်ကင်းစေခြင်းငှါ ပသေနဒီ ကောသလ မင်းကြီး မဟာအနာထပိဏ်သူဌေးကြီး စူဋ္ဌအနာထပိဏ်သူဌေးကြီး ဝိသာခါ ဥပါသိကာမတို့ကိုလည်းကောင်း တစ်ပါးလည်း ဖြစ်ကုန်သော အမျိုးအားဖြင့် မြင့်မြတ် ထင်ရှားကုန်သော သူတို့ကိုလည်းကောင်း ခေါ်စေပြီးလျှင် ဥပါလိ မထေရ်ကို "ချစ်သား ဥပါလိ သွားချေ၊ ပရိသတ်လေးပါး၏ အလယ်၌ ဤရဟန်းမိန်းမငယ်၏ အမှုကို သုတ်သင်ရှင်းလင်းလော့" ဟု စေခိုင်းတော်မူ၏။

ဝိသာခါ ရှင်းလင်းချက်

အရှင်ဥပါလိ မထေရ်သည် မင်းကြီး၏ရှေ့မှ ဝိသာခါ ဒါယိကာမကို ခေါ်စေပြီးလျှင် ထိုသူတို့အား အဓိကရုဏ်းကို အပ်နှင်း၏၊ ဝိသာခါ ဒါယိကာမသည် တင်းတိမ်အကာအရံကို ဝန်းရံစေပြီးလျှင် တင်းတိမ်အရံ၏ အတွင်း၌ ထိုရဟန်းမိန်းမငယ်၏ ခြေ, လက်, ချက်, ဝမ်း အဆုံးရှိသည်တို့ကို ကြည့်ရှုပြီး လ, ရက်တို့ကို ရေတွက်မှတ်သား ဆောင်ယူကြည့်ရှုသည်ရှိသော် လူ၏အဖြစ်၌ ဤရဟန်းမိန်းမငယ်အား ကိုယ်ဝန်ရအပ်သည့် အဖြစ်ကို သိ၍ ဥပါလိ မထေရ်အား ထိုအကြောင်းကို လျှောက်ကြား၏။

ထိုအခါ ဥပါလိ မထေရ်သည် ရဟန်း မိန်းမငယ်အား ပရိသတ်အလယ်၌ စင်ကြယ်သည့် အဖြစ်ကို တည်စေ၏၊ ထိုရဟန်းမိန်းမငယ်သည် နောက်အဖို့၌ ပဒုမုတ္တရ မြတ်စွာဘုရားရှင်၏ လက်ထက်တော်၌ တောင့်တအပ်သော ပတ္ထနာရှိသော ကြီးသော အာနုဘော် ရှိသော သားကို ဖွားမြင်လေ၏၊ ထို့နောက်တစ်နေ့သ၌ ပသေနဒီကောသလ မင်းကြီးသည် ဘိုကျွန်မကျောင်း၏ အနီး၌ သွားရောက်သည်ရှိသော် သူငယ်၏ အသံကို ကြား၍ ဤအသံသည်ကား အဘယ်

အသံနည်းဟု မေးလျှင် အရှင်မင်းမြတ် ရဟန်းမိန်းမငယ်တစ်ယောက်သည် သားကို ဖားအပ်၏၊ ဤအသံသည် ထိုသူငယ်၏ အသံပါတည်းဟု လျှောက်တင်သည့် ရှိသော် မင်းကြီးသည် ထိုသူငယ်ကို မိမိ၏ နန်းအိမ်တော်သို့ ဆောင်ယူ၍ နို့ထိန်း တို့အား ပေးအပ်၏၊ သူငယ်အား အမည်မှည့်သော နေ့၌ ကဿပ ဟူသော အမည်ကို ပြု၍ မင်းသားတို့၏ အဆောင်အရွက် အစောင့်အရှောက်ဖြင့် ကြီးပွါးအပ်သည် အဖြစ်ကြောင့် ကုမာရကဿပဟူ၍ သိရှိကြကုန်၏။

ကုမာရကဿပ ရဟန်းပြုခြင်း

ထိုကုမာရကဿပ မင်းသားငယ်သည် ကစားရာ အပြင်၌ သူငယ်တို့ကို ပုတ်ခတ်၍ အမိအဘ မရှိသော ဤသူငယ်သည် တစ်ပါးသော ကလေးသူငယ်ကို ပုတ်ခတ်ညှဉ်းပန်းဘိသည်ဟု ပြောဆိုသည် ရှိသော် မင်းကြီးသို့ ချဉ်းကပ်၍ အရှင် မင်းမြတ် အကျွန်ုပ်ကို အမိအဘမဲ့သောသူဟူ၍ ဆိုကြပါကုန်သည်၊ အကျွန်ုပ်အား မိခင်ကို ပြောကြားတော်မူကြပါကုန်လော့ဟု မေးလျှောက်သည်ရှိသော် မင်းကြီး သည် နို့ထိန်းတို့ကို ပြု၍ ဤသူမတို့သည် အသင်၏ မိခင်တို့ပေတည်းဟု ပြောဆိုသည်ရှိသော် အရှင်မင်းမြတ် အကျွန်ုပ်အား မိခင်တို့သည် ဤမျှလောက် မျှားသည် မဖြစ်ပေရာ၊ အကျွန်ုပ်အား မိခင်တော်ယောက်သည်သာလျှင် ဖြစ်ပေ ရာသည့် ထိုတစ်ယောက်သော မိခင်ကို ကြားတော်မူပါကုန်လော့ဟု ပြော၏။ မင်းကြီးသည်ဤသူငယ်ကို လှည့်ပတ်ခြင်းငှါ မစ္ဆမ်းပြီဟုကြံ၍ ချစ်သားအသင်၏ မိခင်သည် ရဟန်းမိန်းမပေတည်း အသင့်ကို ငါသည် ရဟန်းမိန်းမတို့ကျောင်းမှ ဆောင်ယူအပ်သည်ဟု ပြော၏။ထိုမင်းသားသည် ဤမျှလောက်သော စကားကို ကြားရသဖြင့်သာလျှင် ဖြစ်ပွားတက်ကြသော သံဝေဂ ရှိသည် ဖြစ်၍ ဖခင်တို့ အကျွန်ုပ်ကို ရဟန်းပြုပါကုန်လော့ဟု ပြော၏။ မင်းကြီးသည် ချစ်သား ကောင်းလှပေပြီဟု ဝန်ခံ၍ ထိုမင်းသားငယ်ကို ကြီးစွာသော ပူဇော်သက္ကာရဖြင့် ပူဇော်ချီးမြှင့် ယူဆောင်၍ မြို့စွာဘုရားအထံ၌ ရဟန်းပြုစေ၏၊ ထိုမင်းသား သည် ပဉ္စင်းဖြစ်၍ ကုမာရကဿပမထေရ် ဟူသော အမည်သည် ထင်ရှား၏။

ပြဿနာ တစ်ဆယ့်ငါးရပ်

ထိုမထေရ်သည် မြတ်စွာဘုရား အထံတော်၌ ကမ္မဋ္ဌာန်းကို သင်ယူပြီးလျှင် တောသို့ဝင်၍ လုံ့လအားထုတ်ပါသော်လည်း တရားအထူးကို ဖြစ်စေခြင်းငှါ မစ္ဆမ်းနိုင်သောကြောင့် တစ်ဖန်ကမ္မဋ္ဌာန်းကို အထူးပြုစေ၍ သင်ယူဦးအံ့ဟု ကြံ၍ မြတ်စွာဘုရား အထံတော်သို့ သွားပြီးလျှင် အမိုက်တော၌ နေ၏၊ ထိုအခါ မထေရ်ကို ကဿပမြတ်စွာဘုရားလက်ထက်၌ အတူတကွ ရဟန်းတရားကို အားထုတ်၍ အနာဂါမိဖိုလ်သို့ ရောက်ပြီးလျှင် ဗြဟ္မာ့ဘုံ၌ ဖြစ်နေသော

ရဟန်းသည် ဗြဟ္မာ့ဘုံမှ သက်ဆင်းလာခဲ့ပြီးသော် ပြဿနာတစ်ဆယ့်ငါးရပ်တို့ကို မေးပြီးသောအခါ ဤပြဿနာတို့ကို မြတ်စွာဘုရားရှင်ကို ထား၍ ဖြေဆိုခြင်းငှါ စွမ်းနိုင်သော တစ်ပါးတစ်ယောက်သော သူသည် မရှိ၊ သွားချေ၊ မြတ်စွာဘုရား အထံတော်၌ ဤပြဿနာတို့၏ အနက်ကို သင်ယူချေလော့ဟု တိုက်တွန်း၏၊ ထိုမထေရ်သည် အနာဂါမ်ဗြဟ္မာကြီး တိုက်တွန်း ပြောဆိုသောအတိုင်း ပြု၍ ပြဿနာကို မြတ်စွာဘုရားအား မေးလျှောက်အပ်သည် ရှိသော် ဖြေဆိုသည်၏ အဆုံး၌ အရဟတ္တဖိုလ်သို့ ရောက်လေ၏။

မယ်တော်နှင့် ပြန်တွေ့ခြင်း

ထိုကုမာရကဿပမထေရ်၏ ထွက်သွားသော နေ့မှ စ၍ တစ်ဆယ့်နှစ်နှစ်တို့ ပတ်လုံး မယ်တော်ဖြစ်သော မထေရ်မအား မျက်စိတို့မှ မျက်ရည်တို့သည် အစဉ်မပြတ် တစ်စပ်တည်း ယိုစီးကျထွက်သည် ဖြစ်၍ စိုးရိမ်ပူဆွေး ငိုကြွေး တမ်းတ၍သာ နေ၏။ ထိုဘိက္ခုနီမသည် ရင်သွေး သားငယ်နှင့် ကွေကွင်းရသော ဒုက္ခကြောင့် မျက်ရည်စိုစွတ်သော မျက်နှာဖြင့် ဆွမ်းခံခြင်းငှါ လှည့်လည်သော အခါ ခရီးအကြား၌ မထေရ်ကို တွေ့မြင်၍ "ချစ်သား ချစ်သား" ဟု မြည်တမ်း ဟစ်အော်လျက် ထိုမထေရ်ကို မီခြင်းငှါ ပြေးလိုက်သည် ရှိသော် ကျွမ်းပြန်၍ လဲလေ၏။

ထိုဘိက္ခုနီမသည် သားမြတ်တို့မှ ကျထွက် ယိုစီးသော နို့ရည်တို့ဖြင့် စိုစွတ်သော သက်နှ်းရှိသည် ဖြစ်၍ လဲရာမှ ထပြီးသော် အမီပြေးလိုက်၍ သားငယ်မထေရ်ကို ခြေ၌ ဖက်၏။ မထေရ်သည် ကြံဆင်ခြင်သည်မှာ "ငါ၏ မယ်တော်ဖြစ်သော ဤမထေရ်မသည် ငါ၏ အထံမှ သာယာ ကောင်းမွန်သော စကားကို အကယ်၍ ရခဲ့သည် ဖြစ်အံ့၊ ငါ၏ မယ်တော်သည် ပျက်စီးရှာပေ တော့မည်၊ ခက်ထန်ကြမ်းကြုတ်သည်ကိုသာလျှင် ပြု၍ ဤမယ်တော်နှင့် အတူ တကွ စကားပြောဆိုမှ သင့်လျော်တော့မည်" ဟု ကြံ၏၊ ကြံပြီးသည်မှ နောက်၌ ထိုမယ်တော်ကို သင်သည် အဘယ်ကို ပြု၍ လှည့်လည်ဘိသနည်း၊ မြတ်စွာဘုရား သာသနာတော်ထမ်း ရဟန်းဖြစ်ပါလျက် ချစ်ခြင်းမျှကိုသော်လည်း ဖြတ်ခြင်းငှါ မစွမ်းနိုင်ပါသလောဟု ပြော၏၊ ဘိက္ခုနီမသည် "ငါ့သားတော် မထေရ်၏ စကားသည် ဩော် ကြမ်းကြုတ်လေစွတကား" ဟု ကြံ၍ ချစ်သား အဘယ်ကို ဆိုပေသနည်းဟု ပြောဆိုသည် ရှိသော် တစ်ဖန်လည်း ရှေးနည်းအတူသာလျှင် ပြောဆိုသောကြောင့် "ငါသည် ဤသားငယ်ဟူသော အကြောင်းကြောင့် တစ်ဆယ့်နှစ်နှစ်တို့ပတ်လုံး မျက်ရည်တို့ကို တည်ဟုံ သိမ်းဆည်းခြင်းငှါ မစွမ်းနိုင်၊ ဤသားငယ်သည်ကား ယခု ပြောဆိုအပ်သော ဤသို့သော အခြင်းအရာဖြင့် ခက်ထန်သော နှလုံးရှိလေသည်။ ငါ့အား ဤသားဖြင့် အဘယ်အကျိုး ရှိအံ့ နည်း" ဟု ကြံ၍ သား၌ ချစ်ခြင်းကို ဖြတ်ပြီးသော် ထိုနေ့၌ပင်လျှင် အရဟတ္တ ဖိုလ်သို့ ရောက်လေ၏။

တစ်ပါးသော နောက်အခါဝယ် တရားသဘင်၌ ရဟန်းတို့သည် ငါ့ရှင်တို့ ဒေဝဒတ်သည် ဤသို့သော အကြောင်းဥပနိဿယ ပြည့်စုံခြင်းရှိသော ကုမာရ ကဿပမထေရ်ကိုလည်းကောင်း၊ မယ်တော် ရဟန်းမိန်းမကိုလည်းကောင်း ဖျက်ဆီးအပ်၏။ မြတ်စွာဘုရားရှင်သည်ကား ထိုကုမာရကဿပမထေရ် မယ်တော် ရဟန်းမိန်းမတို့၏ ထောက်တည်ရာ မှီခိုရာ ဖြစ်လေဘိသည်။ သတ္တဝါတို့ကို အစဉ် သနားတော်မူသော မြတ်စွာဘုရားရှင်တို့ မည်သည့် အော် အံ့ဖွယ်ရှိစွဟူသော စကားကို ဖြစ်စေကြကုန်၏။

မြတ်စွာဘုရားရှင်သည် ကြွဝင်တော်မူလာခဲ့၍ ချစ်သားရဟန်းတို့ ငါဘုရား ကြွဝင်တော်မူလာဆဲသော ဤယခုအခါ၌ အဘယ်သို့သော စကားဖြင့် ပြောကြား စည်းဝေး ထိုင်နေကုန်သနည်းဟု မေးတော်မူ၍ ဤအမည်ရှိသော အကြောင်း ပါတည်းဟု ကြားလျှောက်သည်ရှိသော် ချစ်သားရဟန်းတို့ ဤယခုအခါ၌ သာလျှင် ငါဘုရားသည် ဤကုမာရကဿပမထေရ်, မယ်တော် ရဟန်းမိန်းမတို့၏ အထောက်အပံ့ ထောက်တည် မှီခိုရာဖြစ်သည် မဟုတ်သေး။ ရှေး၌လည်း ထိုသူတို့၏ ထောက်တည်မှီခိုရာ ဖြစ်ဖူးသည်သာလျှင်တည်းဟု မိန့်တော်မူ၍ ရဟန်းတို့သည် တောင်းပန်အပ်သောကြောင့် အတိတ်ကို ဆောင်တော်မူ၏။

နိဂြောဓ သမင်မင်းဇာတ်

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်ကြီး၌ ဗြဟ္မဒတ်မင်းကြီး သည် မင်းအဖြစ်ကို ပြုသည်ရှိသော် ဘုရားအလောင်းသည် သမင်မျိုး၌ ပဋိသန္ဓေယူလေ၏။ ထိုဘုရားအလောင်း သမင်သည် အမိဝမ်းမှ ဖွားမြင်သောအခါ ကိုယ်ရေ အဆင်းသည် ရွှေအဆင်းကဲ့သို့ ဝင်းဝင်း တောက်ပသော အဆင်းရှိ၏။ ဘုရားအလောင်း၏ မျက်စိတို့သည် ပတ္တမြားလုံးနှင့် တူကုန်၏။ ဦးချိုတို့သည် ငွေအဆင်း၏တပြေး ဖွေးဖွေး ဖြူသော အဆင်းရှိကုန်၏။ ခံတွင်းသည် တွေးတွေးနီသော ကမ္ပလာစု ကဲ့သို့ နီမြန်းသော အဆင်းရှိ၏။ လက်ဖျား, ခြေဖျား အဆုံနားတို့၌ ချိပ်ရည်ဖြင့် အပြေအပြစ် ပြုဘိသကဲ့သို့ ဖြစ်၏။ ဘုရားအလောင်း သမင်၏ အမြီးသည် စာမရီသားမြီးကဲ့သို့ ကြည့်ရှု၍ မငြီးဖွယ် တင့်တယ် လှပပေ၏။ ဘုရားအလောင်း သမင်မင်း၏ ကိုယ်သည် ကြီးကျယ် ပေါက်ဖွားသော မြင်းငယ် ပမာဏရှိ၏။ ငါးရာသော သမင်တို့ အခြံအရံ ရှိသည်ဖြစ်၍ တော၌ နေခြင်းကိုပြု၏။ အမည်အားဖြင့် နိဂြောဓသမင် မင်းဟူသော အမည်ရှိ၏။

သာခ သမင်မင်း

ဘုရားအလောင်း နေသော တောအုပ်၏ မနီးမဝေးဌ်လည်း ဘုရားအလောင်းမှ တစ်ပါးသော ငါးရာသော သမင်အခြံအရံရှိသော သာခအမည်ရှိသော သမင်းမင်းသည် နေ၏။ ထိုသာခ သမင်မင်းသည်လည်း ရွှေအဆင်းကဲ့သို့ရှိသည် ဖြစ်ပေ၏။

ထိုအခါ ဗာရာဏသီ ပူရီကြင့်နှင်းကို သိမ်းမြန်း စိုးချုပ် ထီးဖြူအုပ်၍ မင်းလုပ်တော်မူသော ပြည့်ရှင် မင်းမြတ်သည် သားသမင် သတ်ခြင်းဌ် လေ့ကျက်အပ်သည် ဖြစ်ပေ၏။ သမင်၏ အသားနှင့်ကင်း၍ ပဲ့တော်ကို မသုံးဆောင်။ တိုင်းနိုင်ငံသူ ဗိုလ်လူအများတို့အား ပြုလုပ်ဆောင်ရွက်ဖွယ် အသွယ်သွယ်သော အမှုကိစ္စတို့ကို ဖြတ်တောက် ပယ်ထားသည်ကို ပြု၍ အလုံးစုံလည်း ဖြစ်ကုန်သော နိဂုံး ဇနပုဒ်နေ လူတို့ကို စည်းဝေးစေပြီးလျှင် နေ့တိုင်းမပြတ် သမင်ကိုသတ်ခြင်းငှါ တောသို့ လှည့်လည်သွားဝင်ရကုန်၏။ လူတို့သည် ပြည့်ရှင်မင်းမြတ်ကား ငါတို့အား ပြုလုပ်ရွက်ဆောင်ဖွယ် ကိစ္စဌ် ဖြတ်တောက် ဖယ်ရှားခြင်းကို ပြု၏။ အကယ်၍ ငါတို့သည် ဥယျာဉ်တော်ဌ် သမင်တို့၏ အစာရိက္ခာကိုထား၍ ရေကို ပြည့်စုံစေပြီးလျှင် များစွာကုန်သော သမင်တို့ကို ဥယျာဉ်ဌ် ခြောက်လှန့် ဆောင်သွင်း၍ တံခါးကို လုံခြုံစွာဖွဲ့ပြီး မင်းကြီးအား ဆောက်နှင်းရကုန်သည်ဖြစ်အံ့၊ ငါတို့အား တောသို့ ဝင်သွားရခြင်း တည်းဟူသော အမှုကိစ္စ ကြောင့်ကြပူပန် ရခြင်းသည် ငြိမ်းအေးချမ်းသာခြင်းဖြစ်ပေ လိမ့်မည်ဟု ကြံဆင်ခြင်ကြကုန်၏။ ကြံပြီး ထိုအလုံးစုံသော လူအပေါင်းတို့သည် ဥယျာဉ်တော်ဌ် သမင်တို့၏ အစာရိက္ခာဖြစ်သော မြက်ကို စိုက်ပျိုးပြီးလျှင် ရေကို ပြည့်စုံစေပြီး တံခါးတို့ကို ယှဉ်ဖွဲ့ချည်နှောင်၍ နိဂုံး, ဇနပုဒ်ဌ် နေထိုင်ကုန်သော အလုံးစုံသော လူတို့သည် ဆောက်ပုတ် အစရှိကုန်သော အထူးထူးသော လက်နက်တို့ကို လက်စွဲကုန်လျက် တောသို့ဝင်ပြီးသော် သမင် တို့ကို ရှာမှီးကုန်လျက် အလယ်ဌ် တည်သော သမင်တို့ကို ဖမ်းယူကုန်အံ့ဟု တစ်ယူဇနာ မျှလောက်သော အရပ်ကို ဝန်းရံ၍ တဖြည်းဖြည်း ချုံ့ကာချုံ့ကာ ရုံးစုလာခဲ့သဖြင့် နိဂြောဓ သမင်မင်း, သာခ သမင်မင်းတို့၏ နေရာအရပ်ကို အလယ်ပြု၍ ဝန်းရံမိကုန်၏။

ထိုနောက် များစွာသောသမင်တို့ကို မြင်၍ သစ်ပင်, ချုံ, မြေကြီးတို့ကို ဆောက်ပုတ်တို့ဖြင့် ပုတ်ခတ် ခြောက်လှန့်၍ သမင်အပေါင်းတို့ နေရာဖြစ်သော တောအုပ်မှ ခွာထွက်အောင် ထုတ်ဆောင်စေပြီးလျှင်

သန်လျက်, လှံ, လေး အစရှိကုန်သော လက်နက်တို့ကို ရွှယ်မိုးပြီး ကြီးစွာသောအသံကို ဟစ်အော်ကုန်လျက် ထိုသမင်အပေါင်းကို ဥယျာဉ်တော်သို့ သွင်းပြီးလျှင် တံခါးကို မြဲမြံစွာ ပိတ်ထားပြီးသော် ပြည့်ရှင်မင်းကြီးသို့ ချဉ်းကပ်၍ အရှင်မင်းမြတ် အမြဲမပြတ် သမင်သတ်ခြင်းငှါ တော်သို့ ဝင်ရကုန်သော အကျွန်ုပ်တို့အား ပြုလုပ်ဆောင်ရွက်ဖွယ်သော အမှုကိစ္စသည် ပျက်စီး၏။ အကျွန်ုပ်တို့သည် တော၌ သမင်တို့ကို ဖမ်းဆောင်ခဲ့၍ အရှင်မင်းကြီးတို့၏ ဥယျာဉ်တော်ကို ပြည့်စေအပ်ပါပြီ။ ဤနေ့မှစ၍ ထိုသမင်တို့၏ အသားကို သုံးဆောင်တော်မူပါကုန်လော့ဟု မင်းကြီးအား ပန်ကြား၍ ဖဲ့သွားကြကုန်၏။

သမင်ကို နေ့စဉ်သတ်သော ဗာရာဏသီမင်း

ပြည့်ရှင်မင်းကြီးသည် ထိုသူတို့လျှောက်တင်သော စကားကိုကြား၍ ဥယျာဉ်တော်သို့ သွားရောက်ပြီးလျှင် သမင်တို့ကို ကြည့်ရှုသည်ရှိသော် ရှေ့အဆင်းကဲ့သို့ အဆင်းနှံ့သော နှစ်ဖောင်ကုန်သော သမင်မင်းတို့ကို မြင်တော်မူ၍ ထိုသမင်မင်းတို့အား ဘေးမဲ့ကို ပေးသနားတော်မူ၏။ ထိုအခါမှစ၍ တစ်ရံတစ်ခါ မင်းကြီးသည် ကိုယ်တိုင်သွား၍ သမင်တစ်ကောင်ကို ပစ်သတ်ပြီးလျှင် ဆောင်ယူခဲ့၏။ တစ်ခါတစ်ရံ မင်းကြီး၏ စားတော်ကဲ့သည် သွား၍ဆောင်ယူ၏။ သမင်တို့သည် လေးကို မြင်သည်ရှိသော် သေအံ့သောဘေးဖြင့် ခြိမ်းခြောက်အပ်ကုန်သည်ဖြစ်၍ ညှိုးနှမ်းကုန်၏။ နှစ်ချက် သုံးချက် ပစ်လွှတ်ပုတ်တေ်သည်ကို ခံရသည်ဖြစ်၍ ပင်ပန်းကြကုန်၏။ သမင်တို့သည် မမာမကျန်း ဘေးဘျမ်းဆေးဂါ ကျင်နာနှိပ်စက်ကုန်၏။ အခြို့သော သမင်တို့ သည်လည်း သေခြင်းသို့ ရောက်ကုန်၏။ သမင်အပေါင်းသည် ထိုအကြောင်းကို ဘုရားအလောင်း သမင်မင်းအား ပြောကြားကုန်၏။

သမင်အပေါင်း ကတိကဝတ် ပြုခြင်း

ဘုရားအလောင်း သမင်မင်းသည် သာခသမင်မင်းကို ခေါ်ပြီးလျှင် အဆွေ မျှားစွာသော သမင်တို့သည် ပျက်စီးကုန်၏။ စင်စစ်အားဖြင့် သေလတ်ံမည် အမှုန်ဖြစ်ခဲ့သော် ချမ်းသာခြင်းမည်သည် မဖြစ်ခဲ့ရာ။ ဤအခါမှစ၍ မြားဖြင့် သမင်တို့ကို မပစ်ခတ်စေလင့်။ သမင်ကုသိတ်ရာဖြစ်သော စင်းတီတုံးနေရာ၌ သမင်တို့အား အလှည့်အကြိမ် ဖြင့်စေလော့။ တစ်နေ့သောအဖို့၌ ငါ၏အခြေအရံဖြစ်သော သမင်မှ အကြိမ် အလှည့် ရောက်စေလော့။ တစ်နေ့သောအဖို့၌ အသင်၏ အခြေအရံ

ဖြစ်သော သမင်မှ အကြိမ်အလှည့် ရောက်စေလော့။ အကြိမ်အလှည့်သို့ ရောက်သော သမင်သည် သွားပြီးလျှင် သမင်တို့ကို သတ်ရာဖြစ်သော စဉ်းတီတုံး၌ ဦးခေါင်းကိုထား၍ အိပ်စေလော့။ ဤသို့ပြုအပ်သည် ရှိသော် သမင်တို့သည် နွမ်းနယ်ပင်ပန်းခြင်း မဖြစ်ပေကုန်လတ္တံ့ဟု ပြော၏။

သာခသမင်မင်းလည်း အဆွေ ကောင်းပြီဟု ဝန်ခံပြောဆိုပြီးလျှင် ထိုအခါမှစ၍ အလှည့်အကြိမ် ရောက်သော သမင်သည်သာလျှင် သွား၍ သမင်တို့ကို ပိုင်းဖြတ်ခုတ်စဉ်းရာ ဖြစ်သော စဉ်းတီတုံး၌ လည်ကို တင်ထား၍ အိပ်၏။ ပြည့်ရှင်မင်းမြတ်၏ စားတော်ကဲသည် လာ၍ စဉ်းတီတုံးထက်၌ ဦးခေါင်းတင်၍ လျောင်းအိပ်နေသော သမင်ကိုသာလျှင် သတ်ဖြတ်ယူငင်၍ သွား၏။

ကိုယ်ဝန်ဆောင် သမင်မ

ထိုနောက် တစ်နေ့သ၌ သာခသမင်၏ အခြွေအရံဖြစ်သော ရင့်မာသော ပဋိသန္ဓေကိုယ်ဝန်ရှိသော သမင်မ တစ်ကောင်အား အလှည့်အကြိမ် ကျရောက်လေ၏။ ထိုသမင်မသည် သာခသမင်မင်းသို့ ချဉ်းကပ်၍ အရှင် အကျွန်ုပ်အား ရင့်မာသော ပဋိသန္ဓေကိုယ်ဝန် ရှိပါသည်။ သားကို ဖွားမြင်ပြီးသောအခါမှ နှစ်ကောင်ကုန်သော အကျွန်ုပ်တို့သည် နှစ်ကြိမ် နှစ်လှည့်သို့ ရောက်နိုင်ပါကုန်လိမ့်မည်။ ယခုအခါ အကျွန်ုပ်အား ကျရောက်သော အကြိမ်အလှည့်ကို လွန်ပါ စေဦးလော့ဟု တောင်းပန်ပြောဆို၏။ သာခသမင်မင်းက အသင်၏ အလှည့်အကြိမ်ကို တစ်ပါးသောသူအား ရောက်စေခြင်းငှာ ငါမစွမ်းနိုင်။ အသင်သည်သာလျှင် အသင်၏အလှည့်အကြိမ်ကို သိ၍ သွားလေလော့ ဟု ပြော၏။

အသက်ကိုစွန့်၍ သမင်အပေါင်းကို ကယ်ခြင်း

သမင်မသည် သာခသမင်မင်း၏အထံမှ ချီးမြှင့်ထောက်ပံ့ခြင်းကို မရသောကြောင့် ဘုရားအလောင်းသမင်မင်းကိုချဉ်းကပ်၍ ဤသို့သော အကြောင်းကို ကြား၏။ ဘုရားအလောင်းသည် ထိုသမင်မ၏စကားကို ကြား၍ ရှိစေတော့ အသင်သည် သွားလေတော့၊ ငါသည် အသင်၏ အလှည့်အကြိမ်ကို လွန်မြောက်စေအံ့ဟု ပြောဆိုဝန်ခံလိုက်ပြီး ကိုယ်တိုင် သွားရောက်၍ သမင်တို့ကို ပိုင်းဖြတ်ခုတ်သတ်ရာဖြစ်သော စဉ်းတီတုံး၌ ဦးခေါင်းထားသည်ပြု၍ လျောင်းအိပ်၏။ ပြည့်ရှင်မင်ကြီး၏ စားတော်

ကဲသည် ဘုရားအလောင်းသမင်မင်းကို မြင်၍ ဘေးမဲ့ကို ရအပ်သော သမင်သည် ပိုင်းဖြတ်ခုတ်သတ်ရာဖြစ်သော သစ်တုံးပေါ်၌ ဦးခေါင်းထား၍ လျောင်းအိပ်ခြင်းကား အကြောင်းအသို့ ရှိလေသနည်းဟု လျင်စွာသောအဟုန်ဖြင့် သွား၍ မင်းကြီးအား ကြားလျောက်၏။

မင်းကြီးသည် ထိုခဏ၌သာလျင် ရထားကို တက်စီး၍ ကြီးကျယ်များပြားသော အခြံအရံနှင့်တကွ လာရောက်ပြီးသော် ဘုရားအလောင်းကို မြင်၍ အဆေ သမင်မင်း ငါသည် အသင့်အား ဘေးမဲ့ကို ပေးအပ်သည် မဟုတ်တုံပါလော၊ အဘယ်ကြောင့် အသင်သည် ဤသစ်တုံး၌ ဦးခေါင်းထားသည်ကိုပြု၍ လျောင်းအိပ်ဘိသနည်းဟု မေး၏။ မြတ်သောမင်းကြီး ကိုယ်ဝန်ရှိသော သမင်မတစ်ကောင်သည် လာ၍ ကျွန်တော်မ၏ အလှည့်ကို တစ်ပါးသောသူအား ရောက်ပါစေလော့ဟု ပြောဆို တောင်းပန်၏။ ငါသည် ထိုသမင်မ၏ သေရအံ့သော ဆင်းရဲဒုက္ခကို သူတစ်ပါး၏ အပေါ်၌ လွှဲဖယ်ပစ်ချ၍ ပေးခြင်းငှါ မစွမ်းနိုင်။ ငါသည် မိမိ၏ ဇီဝိတိန္ဒြေ အသက်ကို ထိုသမင်မအား ပေးလှူ၍ ထိုသမင်မ၏ အထံမှ သေခြင်းဒုက္ခကို ယူပြီးလျင် ဤသစ်တုံး၌ ဦးခေါင်းပြု၍ အိပ်လာပေသည်၊ မြတ်သောမင်းကြီး တစ်ပါးလည်းဖြစ်သော တစ်စုံတစ်ခုသော တွေးတောယုံမှားခြင်းကို မဖြစ်ပါစေလင့်ဟု ပြော၏

ဘုရားအလောင်း ရွှေသမင်ကြောင့် ဘေးမဲ့ဖြစ်ရခြင်း

မင်းကြီးသည် အရှင်ရွှေသမင်မင်း ထိုသို့သဘောရှိသော သည်းခံခြင်း မေတ္တာ ကရုဏာတို့နှင့် ပြည့်စုံသောသူကို လူတို့တွင်လည်း ငါသည် တစ်စုံတစ်ယောက်မျှ မမြင်ဖူးပါ၊ ထို့ကြောင့် အသင့်အား ငါသည် ကြည်ညိုလှသည်ဖြစ်ပေ၏။ သမင်မင်း ထပါလော့။ အသင့်အားလည်းကောင်း၊ ကိုယ်ဝန်ရှိသော ထိုသမင်မအားလည်းကောင်း ငါသည် ဘေးမဲ့ကို ပေးပါ၏ဟု ပြော၏။ လူတို့ကို အစိုးရတော်မူသော မင်းမြတ် ငါတို့နှစ်ကောင်သည် ဘေးမဲ့ကို ရသည်ရှိသော် ကြွင်းကုန်ဘော သမင်တို့ကိုကား အသို့ပြုလတ္တံ့နည်းဟု မေး၏။ သမင်မင်း ကြွင်းကုန်သော သမင်တို့အားလည်း ဘေးမဲ့ကို ပေးပါ၏ဟု ပြောသော် မြတ်သော မင်းကြီး ဤသို့ ပေးအပ်သော်လည်း ဥယျာဉ်၌ ရှိကုန်သော သမင်တို့သည် သာလျင် ဘေးမဲ့ကို ရကုန်လတ္တံ့၊ ကြွင်းကုန်သော သမင်တို့ကို အသို့ပြုလတ္တံ့နည်းဟု မေးပြန်သဖြင့် ကြွင်းကုန်သော သမင်များအား လည်း ဘေးမဲ့ကို ပေးဖါအံ့ဟု ပြော၏။

မြတ်သောမင်းကြီး သမင်တို့သည်သာလျှင် ဘေးမဲ့ ရကုန်၏။ ကြွင်းကုန်သော အခြေလေးချောင်းရှိသော သတ္တဝါတို့ကို အသိုပြုကုန်လတ္တံ့နည်းဟု မေးပြန်သည်ရှိသော် အရှင်သမင်မင်း အခြေလေးချောင်းရှိကုန်သော ထိုသတ္တဝါတို့အားလည်း ဘေးမဲ့ကို ပေးပါ၏ဟု ပြော၏။ မြတ်သောမင်းကြီး အခြေလေးချောင်းရှိသော သတ္တဝါတို့အား ရှေးဦးစွာ ဘေးမဲ့ကို ရပေကုန်ပြီ၊ အခြေနှစ်ချောင်းရှိသော ငှက်အပေါင်းတို့ကို အသိုပြုကုန်လတ္တံ့နည်းဟု မေးမြန်းသော် အရှင်သမင်မင်း အခြေ နှစ်ချောင်းရှိသော ငှက်အပေါင်းတို့အားလည်း ဘေးမဲ့ကို ပေးပါအံ့ဟု ပြောသဖြင့် မြတ်သောမင်းကြီး အခြေနှစ်ချောင်းရှိသော ငှက်အပေါင်းတို့ကား ရှေးဦးစွာ ဘေးမဲ့ကို ရအပ်ပေကုန်ပြီ၊ ရေ၌နေသော လိပ်, ငါးစသော သတ္တဝါတို့ကို အသိုပြုကုန်လတ္တံ့နည်းဟု မေးပြန်သဖြင့် အရှင်သမင်မင်း ထိုသတ္တဝါတို့အားလည်း ဘေးမဲ့ကို ပေးပါ၏ဟု ပြော၏။

ရှေသမင်မင်း တရားတော်

ဤသို့သော အစဉ်အတိုင်းအားဖြင့် ဘုရားလောင်းသည် မင်းကြီးကို အလုံးစုံသော သတ္တဝါတို့၏ဘေးမဲ့ကို တောင်းပြီးလျှင် လျှောင်းရုံမှ ထ၍ ပြည့်ရှင်မင်းကြီးကို ငါးပါးသီလတို့၌ တည်စေပြီးသော် မြတ်သောမင်းကြီး တရားကို ကျင့်တော်မူပါလော့။ မယ်တော်, ခမည်းတော်, သားတော်, သမီးတော်, ပုဏ္ဏား၊ သူကြွယ်, နိုဂုံး, ဇနပုဒ်တို့၌ သင့်တင့်ကောင်းမြတ်သဖြင့် တရားကို ကျင့်သည်ရှိသော် သေလုန်သည်၏ အခြားမဲ့ဝယ် ကောင်းသောသူတို့၏ လားရာဖြစ်သော နတ်ရွာသုဂတိသို့ ရောက်ပေလတ္တံ့ဟု ပြည့်ရှင်မင်းကြီးအား ဘုရား၏ တင့်တယ်စံပယ်ခြင်းဖြင့် တရားတော်ကို ဟောကြား၍ နှစ်ရက်, သုံးရက်ပတ်လုံး ဥယျာဉ်၌ နေပြီးသော် မင်းကြီးအား အဆုံးအမကို ပေးပြီး သမင်အပေါင်း ခြံရုံလျက် တောသို့ ဝင်တော်မူ၏။

သားကို ဆုံးမခြင်း

ပဋိသန္ဓေရှိသော ထိုသမင်မသည်လည်း နွားမ၏ နို့တံနှင့်တူသော သားငယ်ကို ဖွားမြင်လေ၏။ သားဖြစ်သော ထိုသမင်ငယ်လေးသည် ကစားမြူးထူးသည်ရှိသော် သာခသမင်မင်း၏ အထံသို့ သွား၏။ ထိုအခါ မိခင်ဖြစ်သော သမင်မသည် သာခသမင်မင်း၏ အထံသို့ သွားသော သားငယ်ကို မြင်၍ ချစ်သား ဤအခါမှခ၍ ထိုသာခသမင်၏ အထံသို့

မသွားလေလင့်။ နိဂြောဓသမင်မင်း၏ အထံသို့သာလျှင် သွားလေလော့ဟု သားငယ်ကို ဆုံးမလို၍ ဤဂါထာကို ရွတ်ဆို၏။

နိဂြောဓမေဝ သေဝေယျ၊ န သာခ မုပသံဝသေ။
နိဂြောဓသ္မိံ မတံ သေယျော၊ ယဉ္ဆေ သာခသ္မိံ ဇီဝိတံ။

ချစ်သား သမင်ငယ် မိမိ၏ အကျိုးစီးပွားကို အလိုရှိသောသူဿည် နိဂြောဓ သမင်မင်းကိုသာလျှင် မှီဝဲဆည်းကပ်ရာ၏။ သာခသမင်မင်းကို မမှီဝဲမဆည်းကပ်ရာ၊ ချစ်သား သမင်ငယ် နိဂြောဓသမင်မင်း၏ ခြေရင်း ရပ်ထံ၌ ချဉ်းကပ်မှီဝဲ ခွတ်လဲ့ပြောင်းကြွေ ယောလွန်ရခြင်းသည် မြင့်မြတ်သေး၏။ သာခသမင်မင်း၏ အထံ၌ အသက်ဇီဝိတိန္ဒြေ မြင့်ရှည်စွာ တည်နေရခြင်းသည် မမြင့်မြတ်ပေဟု ပြောဆိုဆုံးမ၏။

ရွှေသမင်မင်းသြဝါဒကို လိုက်နာခြင်း

ထိုအခါမှစ၍ မင်းကြီး၏အထံမှ ရအပ်သော ဘေမဲ့ရှိကုန်သော သမင်တို့သည် လူတို့၏ ကောက်ပင်တို့ကို ကိုက်ခဲ ဖြတ်တောက်၍ စားကုန်၏။ လူတို့သည် ရအပ်သော ဘေးမဲ့ရှိသောကြောင့် သမင်တို့ကို သတ်ခြင်းငှာလည်းကောင်း၊ ပြေးစေခြင်းငှာလည်းကောင်း မစွမ်းနိုင်ကြကုန်။ ထိုလူအပေါင်းတို့သည် မင်းရင်ပြင်၌ စုရုံးဃည်းဝေး၍ ပြည့်ရှင်မင်းကြီးအား ထိုအကြောင်းကို ကြားလျှောက်ကုန်၏။

ပြည့်ရှင်မင်းကြီးက အချင်းတို့ ငါသည် ကြည့်ညိုသောစိတ် ရှိသောကြောင့် နိဂြောဓသမင်မင်းအား ဆုကို ပေးအပ်၏။ မှူးမတ်နှင့်တကွသော ပြည်သူအပျော်တို့သည် ငါ့အား မနှစ်သက်သဖြင့် တိုင်းပြည်မှ နှင်ထုတ်သည်ဖြစ်၍ ငါသည် မင်းအဖြစ်ကိုသော်လည်း စွန့်တော့အံ့။ နိဂြောဓသမင်မင်းအား ပေးထားအပ်သော ထိုပဋိညာဉ်ကို မဖျက်လိုပါ၊ သွားကြကုန်လော့၊ ငါ၏ နိုင်ငံတော်အတွင်း၌ တစ်စုံတစ်ယောက်သော သူသည် သမင်တို့ကို ပုတ်ခတ်ခြင်းငှါ မရပေဟု ပြောဆိုလိုက်၏။

နိဂြောဓသမင်မင်းသည် ထိုသို့သော အကြောင်းကိုကြား၍ သမင်အပေါင်းကို စည်းဝေးစေပြီးသော် ဤအခါမှစ၍ သူတစ်ပါးတို့၏ ကောက်ကို ကိုက်ခဲခြင်းငှာ မရလတ္တံ့ဟု ဆုံးမပြီး၍ လူအပေါင်းတို့အား ဤယနေ့စ၍ ကောက်ကို ပြုလုပ်ကုန်သော သူတို့သည် ကောက်ကို စောင့်ခြင်းငှါ စောင်းရန်း အကာအရံကို မပြုကုန်လင့်။ လယ်ကို စိစစ်၍ သစ်ရွက်အမှတ်ကို ဖွဲ့ကုန်လော့ဟု အကြောင်းကြားပေ၏။

ထိုအခါမှစ၍ လယ်တို့၌ သစ်ရက်ဖွဲချည်သော အမှုတ်သည် ထင်ရှားဖြစ်၏။ ထိုအခါမှစ၍ သစ်ရက်ကို လှန်ကျူးဝင်ရောက်သော သမင်မည်သည် မရှိ။ ဤသို့ မရှိခြင်းသည် ထိုသမင်တို့အား ဘုရားလောင်း၏ အထံမှ ရအပ်သော အဆုံးအမ သြဝါဒ ဖြစ်ပေသတတ်။ ဤသို့သော အခြင်းအရာဖြင့် သမင် အပေါင်းကို ဆုံးမပြီး၍ ဘုရားလောင်းသည် အသက်ရှည်သမျှ ကာလပတ်လုံး တည်နေပြီးသော် အခြေအရံဖြစ်သော သမင်တို့နှင့်တကွ ကံအားလျော်စွာ လားလေ၏။ ပြည့်ရှင်မင်းကြီးသည် ဘုရားအလောင်း၏ အဆုံးအမ၌တည်၍ ကောင်းမှုကို ပြုပြီးသော် ကံအားလျော်စွာ လားကပ်ရလေ၏။

ဇာတ်ပေါင်းတော်မူခြင်း

မြတ်စွာဘုရားသခင်သည် ကေနိပါတ် ဤနိဂြောဓဇာတ်ကို အကျယ်အားဖြင့် ဟောတော်မူပြီး၍ ချစ်သားရဟန်းတို့ ထိုအခါ သာခသမင်မင်းသည် ယခုအခါ၌ ဒေဝဒတ်ဖြစ်လာ၏။ သာခသမင်မင်း၏ အခြေအရံဖြစ်သော သမင်တို့သည်လည်း ဒေဝဒတ်၏ ပရိသတ်များ ဖြစ်လာကုန်၏။ ပဋိသန္ဓေကိုယ်ဝန်ရှိသော အကြိမ်အလှည့် ကျရောက်သော သမင်မသည် ယခုအခါ၌ ဤမထေရ်မ ဖြစ်လာ၏။ သားငယ်ဖြစ်သော သမင်သည် ကုမာရကဿပမထေရ် ဖြစ်လာ၏။ ကိုယ်ဝန်ရှိသော သမင်မအား မိမိအသက်ကို စွန့်၍ သမင်သတ်ရာ ဖြစ်သော စဉ်းတီတုံးသို့ သွားရောက်သော နိဂြောဓ သမင်သည်ကား ငါဘုရားပင်တည်းဟု ဇာတ်တော်ကို ပေါင်းတော်မူပြီးသည့်အခါ မထေရ်မသည် သား၌ ချစ်ခြင်းကို ဖြတ်တောက်၍ မိမိသည်ပင်လျှင် မိမိ၏ တည်ရာပြုသည် အဖြစ်ကို ပြပြန်တော်မူလိုသောကြောင့် ချစ်သားရဟန်းတို့ သူတစ်ပါး၏ နတ်ရွာသုဂတိလဲလျောင်းရာ မင်္ဂိုလ် တည်းဟူသော လဲလျောင်းရာ တည်ရှိသဖြင့် မိမိ၌ ဖြစ်ခြင်းငှါ မတတ်ကောင်း၊ ထိုကြောင့် မိမိသည်ပင်လျှင် မိမိ၏ မှီခိုကိုးကွယ်ရာ ဖြစ်ပေ၏။ သူတစ်ပါးသည် အသို့ပြုလတ္တံ့နည်းဟု မိန့်တော်မူပြီး ဤဂါထာကို မိန့်တော်မူ၏ -

အတ္တာ ဟိ အတ္တနော နာထော၊
ကော ဟိ နာထော ပရော သိယာ။
အတ္တနာ ဟိ သုဒန္တေန၊
နာထံ လဘတိ ဒုလ္လဘံ။

မိမိကိုယ်သည်သာလျှင် မိမိ၏ ကိုးကွယ်ရာသည် ဖြစ်ရာ၏။ မိမိမှတစ်ပါး အဘယ်သူသည် မိမိ၏ ကိုးကွယ်ရာဖြစ်ရာ ပါအံ့နည်း၊ မိမိကိုယ်သည် ကောင်းစွာ

ယဉ်ကျေးသဖြင့် ရခဲလှစွာသော အရဟတ္တဖိုလ် တည်းဟူသော ကိုးကွယ်ရာကို ရ၏။

ထိုဂါထာ၌ နာထော=ဟူသည် ထောက်တည်ရာတည်း၊ ဤသို့ဆိုလျှင် မိမိ အပေါ် ရပ်တည်လျက် မိမိ၏ ပြည့်စုံမှုဖြင့် ကုသိုလ်ပြု၍ နတ်ပြည် ရောက်ခြင်း မင်္ကိုပွားခြင်း ဖိုလ်ကို မျက်မှောက်ပြုခြင်း၌ စွမ်းနိုင်သောကြောင့် မိမိသည် သာလျှင် မိမိ၏ ထောက်တည်ရာ ဖြစ်၏။ အဘယ်မည်သော သူတစ်ပါးသည် အဘယ်သူ၏ ထောက်တည်ရာ ဖြစ်နိုင်အံ့နည်း၊ ကောင်းစွာ ဆုံးမအပ်သော မာနမရှိသော မိမိသည် အရဟတ္တဖိုလ်ဟု ဆိုအပ်သော ရခဲသော ကိုးကွယ်ရာ ထောက်တည်ရာကို ရ၏။ အရဟတ္တဖိုလ်ကို ရည်ရွယ်၍ ဤနေရာ၌ "နာထံ လဘတိ ဒုလ္လဘံ" ဟု ဟောတော်မူ၏။

ဒေသနာတော်၏အဆုံး၌ များစွာသော လူတို့သည် သောတာပတ္တိဖိုလ် စသည်သို့ ရောက်ကုန်၏။

ကုမာရကဿပမထေရ်တော် ထေရီဝတ္ထု ပြီး၏။

၅။ မဟာကာလဥပါသက ဝတ္ထု

အတ္တနာ ဟိ ကတံ ပါပံ-အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် မဟာကာလမည်သော သောတာပန် ဥပါသကာ တစ်ယောက်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုမဟာကာလ ဥပါသကာသည် တစ်ခုသောလ၏ ရှစ်ရက်မြောက်သော နေ့၌ ဥပုသ် စောင့်သုံးသည်ဖြစ်၍ ကျောင်းတော်၌ တစ်ည့်ဉ့်လုံး တရားတော်ကို ကြားနာ၏၊ ထိုည့်ဉ့်ဝယ် ခိုးသူတို့သည် တစ်ခုသောအိမ်၌ နံရံကို ခဲဖျက် ဖြတ်တောက်ပြီးလျှင် ပစ္စည်းဘဏ္ဍာ ဥစ္စာကိုယူသည်ရှိသော် ကြေးခွက်၏ အသံဖြင့် နှိုးကြားကုန်သော ပစ္စည်းရှင်တို့သည် အစဉ် လိုက်အပ်သောကြောင့် ယူအပ်သော ပစ္စည်း ဘဏ္ဍာကို စွန့်၍ ပြေးကြကုန်၏။ ပစ္စည်းရှင်တို့သည်လည်း ထိုခိုးသူတို့ကို အစဉ်တစိုက် လိုက်ကုန်သည်သာလျှင်တည်း။ထိုခိုးသူတို့သည် ထိုထို သို့သောအရပ် မျက်နှာသို့ တိမ်းရှောင် ပြေးဝင်ကုန်၏။ ခိုးသူတစ်ယောက်သည် မြတ်စွာဘုရားကျောင်းတော်သို့ သွားသော လမ်းခရီးသို့ ပြေးလာခဲ့၍ ညဉ့်အခါ၌ တရားတော်ကို ကြားနာပြီး နံနက်စောစောကပင်လျှင် ရောက်၏ ကမ်းနား၌ မျက်နှာကို ပွတ်သပ် ဆေးကြောသုတ်သင်၍ နေသော မဟာကာလဥပါသကာ၏ ရွှေ၌ ဘဏ္ဍာထုပ်ကို စွန့်ပစ်၍ ပြေး၏။

ခိုးသူကို အစဉ်လိုက်ကုန်သော သူတို့သည် ဘဏ္ဍာထုပ်ကို တွေ့မြင်၍ အသင်သည် ငါတို့၏ အိမ်နံရံကို ဖောက်ဝင်ကာ ဘဏ္ဍာထုပ်ကို ခိုးယူ၍ တရားတော်ကို နာဘိသကဲ့သို့ လှည့်လည်ဘိသည်ဟု ခြိမ်းခြောက် ပြောဆို၍ မဟာကာလ ဥပါသကာကို ဖမ်းယူပုတ်ခတ် သတ်ဖြတ်ပြီးလျှင် စွန့်ပစ်၍ သွားကြကုန်၏။

ထိုအခါ နံနက် စောစောကပင်လျှင် သောက်ရေအိုးကို ယူဆောင်၍ သွားရောက် ရေသယ်ကုန်သော သာမဏေငယ်တို့သည် မဟာကာလ ဥပါသကာ၏ ရုပ်အလောင်းကို တွေ့ခဲ့၍ ကျောင်း၌ တရားတော်ကို နာ၍ အိပ်နေသော ဥပါသကာသည် မလျော်ကပ်သော သေခြင်းကို ရလေသည်ဟု ပြောဆို၍ မြတ်စွာဘုရားရှင်ကို ကြားလျှောက်ကြကုန်၏။

ဘုန်းကိုယ်တော်မြတ်က ချစ်သား ရဟန်းတို့ သြော်- ဟုတ်မှန်ပေ၏။ ဤအတ္တဘော၏ အဖြစ်၌ ထိုမဟာကာလ ဥပါသကာသည် မလျော်ကပ်သော သေခြင်းကို ရအပ်ပေ၏။ ထိုမဟာကာလ ဥပါသကာသည် ရှေး၌ ပြုအပ်သော မကောင်းမှုအားကား လျော်ကပ်တော်သည်ကိုသာလျှင် ရအပ်၏ဟု မိန့်တော်မူသည်ရှိသော် ထိုရဟန်းတို့ တောင်းပန်အပ်သောကြောင့် ထိုမဟာကာလ ဥပါသကာ၏ ရှေး၌ ပြုခဲ့ဖူးသော မကောင်းမှုကို ဟောကြားတော်မူ၏။

အတိတ်ဝတ္ထု

ရှေးလွန်လေပြီးသောအခါ၌ ဗာရာဏသီ မင်းမြတ်၏ တိုင်းနှိုင်ငံတော် အတွင်း၌ အဆုံးစွန်ဖြစ်သော ရွာတစ်ရွာ၏ ဇောအုပ်၌ ခိုးသူတို့သည် ပုတ်ခတ် လုယက် ဖျက်ဆီးကုန်၏။ မင်းမြတ်သည် ဇောအုပ်ပဉ္စမ မင်းချင်းယောကျ်ားကို ထားလေ၏။ ထိုမင်းချင်းယောကျ်ားသည် အခကို ယူ၍ လူတို့ကို ဤမှာဘက်မှ ထိုမှာဘက်သို့ ဆောင်၏။ ထိုမှာဘက်မှ ဤမှာဘက်သို့ ဆောင်၏။

မိန်းမချောနှင့် ခရီးသွားခြင်း

ထိုနောက် တစ်နေ့သ၌ ယောကျ်ားတစ်ယောက်သည် အဆင်းသဏ္ဌာန် အလွန်လှပသော မိမိ၏မယားကို လှည်းယာဉ်ငယ်ထက်သို့ တင်၍ ထိုအရပ်သို့ ရောက်လာ၏။ မင်းချင်းယောကျ်ားသည် ထိုမိန်းမကို မြင်ကတည်းကပင်လျှင် ချစ်ခင်ခြင်းရှိသည်ဖြစ်၍ ခရီးသွား ယောကျ်ားက အရှင် အကျွန်ုပ်တို့အား တောအုပ်ကို ပို့ဆောင် လွှန်မြောက်ပါစေလော့ဟု ပြောဆိုသည်ရှိသော် ဤယခု အခါ၌ အချိန်မသင့် နံနက်စောစောမှ သာလျှင် လွှန်မြောက်စေအံ့ဟု ပြော၏။ ခရီးသွားယောကျ်ားက အရှင် အချိန်အခါ ရှိပါသေး၏။ ဤယခုအခါပင် ငါ့ကို အား ပို့ဆောင်ပါးလော့ဟု ပြောသဖြင့် ဆုတ်နစ်ဖြန်လည်၍ ငါတို့၏ အိမ်၌

သာလျှင် စားဖို့ရာ နေရာဖြစ်ပါလတ္တံ့ဟု ပြောဆိုသော်လည်း ခရီးသွားယောကျ်ားသည် ဆုတ်နစ်ပြန်လည် မနထိုင်ခြင်းငှါ အလိုမရှိ။ မင်းချင်းယောကျ်ားသည် မိမိစေခိုင်းအပ်သော ယောကျ်ားတို့အား အမှတ်သညာကို ပေး၍ လှည်းယာဉ်ကို ဆုတ်နစ် ပြန်လည်စေပြီးသော် အလို၌ရှိဘဲသာလျှင် တံခါးမုခ်၌ နေရာပေး၍ အာဟာရကို စီရင်ကျွေးမွေး၏။

မကောင်းကြံသော မင်းချင်းယောကျ်ား

မင်းချင်းယောကျ်း၏ အိမ်၌ ပတ္တမြားမဟာနဝတစ်ခုသည် ရှိ၏။ ထိုပတ္တမြားရတနာကို ခရီးသွားယောကျ်း၏ လှည်းယာဉ်ကြား၌ ထည့်သွင်း ထားစေပြီး မိုးသောက်ယံ၌ ခိုးသူတို့ ဝင်ရောက်သော အသံကို ပြုစေ၏၊ ထိုအခါ မင်းချင်းယောကျ်း၏ အလုပ်အကျွေးဖြစ်သော ယောကျ်းတို့သည် အရှင် ပတ္တမြားရတနာကို ခိုးသူတို့ ဆောင်ယူအပ်ပြီဟု ကြားကုန်၏။

ထိုမင်းချင်း ယောကျ်းသည် ရွာတံခါးတို့၌ အစောင့်အရှောက်ကို ထား၍ ရွာတွင်းမှ ထွက်သောသူတို့ကို စုံစမ်းစိစစ်ကြကုန်လော့ဟု ပြော၏။ ခရီးသွားယောကျ်းသည်လည်း နံနက်စောစောကပင်လျှင် လှည်းယာဉ်ကို မောင်းနှင်၍ သွား၏။ ထိုအခါ ခရီးသွားယောကျ်း၏ လှည်းယာဉ်ကို သုတ်သင် ရှာဖွေသည်ရှိသော် မိမိသည် ထားအပ်သော ပတ္တမြားရတနာကို တွေ့မြင်၍ ခြိမ်းခြောက်ပြီးလျှင် ပတ္တမြားရတနာကို ခိုးယူ၍ ထွက်ပြေးလေဘိသည်ဟု ရိုက်နှက်ပြီးသော် အရှင် ခိုးသူတို့သည် အကျွန်ုပ်၏ ပတ္တမြားရတနာကို ခိုးယူလေသည်ဟု ကြောဆို၍ ရွာစားအား ပြကြကုန်၏။ ရွာစားကလည်း ခရီးသွားယောကျ်းကို အသင်သည် မင်းချင်းယောကျ်း၏ အိမ်၌ မင်းချင်းယောကျ်းက အိပ်ရာနေရာ ပေးပြီးသော် ထမင်း အာဟာရကို ပေး၏။ ထိုသို့ ပေးအပ်သောသူ၏ ပတ္တမြားရတနာကို ခိုးယူ၍ သွားလေ၏။ အလွန်ယုတ်မာသော ယောကျ်းကို ဖမ်းဆီးကြကုန်လော့ဟု ပြောဆိုပြီး ရိုက်နှက် ပုတ်ခတ် သတ်ဖြတ်ပြီး စွန့်ပစ်စေ၏။

ရဟန်းများ သောတာပန်တည်ခြင်း

ချစ်သားရဟန်းတို့ ဤသည်ပင်လျှင် ထိုမဟာကာလ ဥပါသကာ၏ ရှေးဦးပြုအပ်သော မကောင်းမှုတည်း။ ထိုမင်းချင်းယောကျ်းသည် ထိုသို့သော ဘာမှ စုတေသည်ရှိသော် အဝီစိငရဲ၌ ဖြစ်၍ ထိုအဝီစိငရဲ၌ ရှည်စွာသော နေ့ညဉ့်ပတ်လုံး ကျက်၍ ခံစားခဲ့ရပြီးသော် အကျိုးကြွင်း၏ အစွမ်းဖြင့် တစ်ရာသော ကိုယ်၏အဖြစ်၌ ထိုနည်းအတူသာလျှင် ရိုက်နှက် ပုတ်ခတ်အပ်သည် ဖြစ်၍ သေခြင်းသို့ ရောက်ရလေသည်ဟု ဤသို့သော အခြင်းဒ. ရာဖြင့် မြတ်စွာဘုရားရှင်သည် မဟာကာလဥပါသကာ၏ ရှေးဦးပြုအပ်သော မကောင်းမှုကံကို

ပြုတော်မူပြီး၍ ချစ်သားရဟန်းဘို့ ဤအတူသာလျှင် ဤသတ္တဝါတို့ကို မိမိ ပြုအပ်သော မကောင်းမှု အကုသိုလ်ကံသည်သာလျှင် လေးပါးသော အပါယ် တို့၌ ပစ်ချဖျက်ဆီးလေသည်ဟု မိန့်တော်မူပြီး ဤဂါထာကို မိန့်တော်မူ၏-

အတ္တနာ ဟိ ကတံ ပါပံ၊ အတ္တဇံ အတ္တသမ္ဘဝံ။
အဘိမတ္ထတိ ဒုမ္မေဓံ၊ ဝဇိရံ ဝါသ္မမယံ မဏိံ ။

ကျောက်မှ ဖြစ်သော ဝရဇိန်မည်သော စိန်သည် မှိုရာကျောက်ကို ထွင်း ဖောက် ဖျက်ဆီးလေသကဲ့သို့ မိမိသည် ပြုအပ်သော မိမိ၌ ဖြစ်သော မိမိကိုယ် သာလျှင် ဖြစ်ကြောင်းရှိသော မကောင်းသော ဒုစရိုက်သည် ပညာမဲ့သူကို လွှမ်းမိုး ဖျက်ဆီးလေ၏။

ထိုဂါထာ၌-

ဝဇိရံ ဝါသ္မမယံ မဏိံ = ဟူသည် ကျောက်သားဖြစ်သော စိန်သည် ကျောက်သားဖြစ်သော ပတ္တမြားကို။ ဆိုလိုသည်မှာ ကျောက်မှ ဖြစ်ပေါ်၍ ကျောက်သားအတိုဖြစ်သော စိန်သည် ကျောက်သားအတိုဖြစ်သော ပတ္တမြားကို မိမိ၏ ပေါ်ထွက်ရာဌာန ဖြစ်သော ကျောက်သား ပတ္တမြားကို စား၍ အပိုင်း အပိုင်း အပြတ်ပြတ် အမှုန့်အမှုန့် ပြု၍ သုံးမရအောင် ဖြစ်စေ၏ (ပတ္တမြား ကျောက်ကို စိန်ကျောက်မှုန့်ဖြင့် စားစေခြင်း သွေးခြင်းကို ဆိုသည်)။ ဤအတူ မိမိပြုလုပ်အပ်သော မိမိ၌ ဖြစ်ပေါ်လာသော မကောင်းမှုသည် ပညာမဲ့သူကို အပါယ်လေးပါးတို့၌ လွှမ်းမိုး၏။ လိုးဖြတ်၏၊ ဖောက်ထွင်း၏။

ဒေသနာတော်၏ အဆုံး၌ ရောက်လာသော ရဟန်းတို့သည် သောတာပတ္တိ ဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

မဟာကာလ ဥပါသက ဝတ္ထုပြီး၏။

၆။ ဒေဝဒတ္တဝတ္ထု

ယသ အစ္ဆန္တဒုဿီလျံ- အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် အရှင်ဒေဝဒတ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

တနေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ "ငါ့ရှင်တို့၊ အရှင်ဒေဝဒတ်သည် သီလမရှိ၊ ယုတ်မာသော သဘောအာကျင့် ရှိ၏၊ ဒုဿီလအမှုကို ပြုသဖြင့် သာလျှင် ကြီးပွားသော တဏှာဖြင့် အဇာတသတ်မင်းကို ချီးမြှင့်ပြီးလျှင်

ကြီးကျယ် ပြန့်ပြောသော လာဘ်ပူဇော်သက္ကာရ ဖြစ်စေ၍ အဇာတသတ်မင်းကို ဖခင်အား သတ်ခြင်း၌ ဆောက်တည် ပူလုပ်စေပြီးသော် ထိုအဇာတသတ်မင်းနှင့် အတူတကွ တပေါင်းတည်းဖြစ်၍ အထူးထူးအပြားပြား များစွာသော အခြင်း အရာဖြင့် မြတ်စွာဘုရားသခင်အား သတ်ခြင်းငှါ လုံ့လပြုလေသည် ဟူသော စကားကို ဖြစ်စေကြစေကုန်၏။ မြတ်စွာဘုရားရှင်သည် ကြွတော်မူလာ၍ ချစ်သားရဟန်းတို့ ငါဘုရား ကြွတော်မူလာဆဲသော ဤယခုအခါ၌ အဘယ် သို့သော ကားဖြင့် ပြောကြားစည်းဝေး ထိုင်နေကြကုန်ဘိသနည်းဟု မေးတော်မူ၍ ဤအမည်ရှိသော အကြောင်းပါတည်းဟု လျှောက်ကြားသည် ရှိသော် ချစ်သား ရဟန်းတို့ ဤယခုအခါ၌ သာလျှင် ဒေ၀ဒတ်သည် ငါဘုရားအား သတ်ခြင်းငှါ လုံ့လပြုသည် မဟုတ်သေး၊ ရှေးအခါ၌လည်း ဒေ၀ဒတ်သည် အထူးထူးအပြားပြား များသော အခြင်းအရာဖြင့် ငါဘုရားအား သတ်ခြင်းငှါ လုံ့လပြုဖူးသည်သာလျှင်တည်းဟု မိန့်တော်မူပြီး၍ ရဟန်းတို့ တောင်းပန်အပ် ၀သောကြောင့် အတိတ်ကို ဆောင်တော်မူ၏။

အဋ္ဌကမုဆိုး အကြောင်း

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်ကြီး၌ ဗြဟ္မဒတ် မင်းသည် မင်းအဖြစ်ကို ပြုတော်မူသည်ရှိသော် ဘုရားအလောင်းသည် ဆတ်အမျိုး၌ ဖြစ်၍ တစ်ခုသောအဖွဲ့၌ သစ်သီးကြီးငယ်တို့ကို ခဲလျက်နေ၏။ ထိုဘုရား အလောင်း ဆတ်မင်းသည် တစ်ရံသောအခါ၌ ဒုဿီးနှင့် ပြည့်စုံသော ယမနေပင်၌ ယမနေသီးတို့ကို စားလျက် လှည့်လည်၏။ ထိုအခါ ရှာ၌နေလေ့ ရှိသော လင့်စင်ဖွဲ့၍ သားကောင်တို့ကို သွားသတ်တတ်သောကြောင့် အဋ္ဌက အမည်ရှိသော မုဆိုးတစ်ယောက်သည် ဒုဿီးသီးသော သစ်ပင်ရင်း၌ သားတို့၏ ခြေရာတို့ကို စူးစမ်းပြီးသော် သစ်ပင်၏ အထက်ဝယ် လင့်စင်ကို ဖွဲ့၍ ထိုလင့်စင်၌ ထိုင်နေပြီး သစ်သီးတို့ကို ခဲခြင်းငှါ လာကုန်သော သားကောင်တို့ကို လုံ့ဖြင့် ထိုးသတ်၍ ရအပ်သော အသားကို ရောင်းချလျက် အသက်မွေးခြင်းကို ပြု၏။

ထိုမုဆိုးသည် တစ်နေ့သ၌ ယမနေပင်၏ အရင်းဝယ် ဘုရားအလောင်း၏ ခြေရာကို မြင်၍ ထိုယမနေပင်၌ လင့်စင်ကို ဖွဲ့ချည်ပြီးသော် စောစောကပင်လျှင် အစာအာဟာရတို့ကို စားသောက်၍ လုံ့ကိုယူပြီးသော် တောသို့ ဝင်၍ ထိုယမနေပင်ထက်သို့ တက်ရောက်ပြီး လင့်စင်၌ ထိုင်နေ၏။

သတိကောင်းသော ဆတ်မင်း

ဘုရားအလောင်းသည်လည်း စောစောကပင်လျှင် နေရာအရပ်မှ ထွက်ခဲ့၍ ယမနေသီးတို့ကို ခဲအံ့ဟု လာသည်ရှိသော် ထိုသစ်ပင်ရင်းသို့ အဆောတလျင်

မဝင်မူ၍ "တစ်ရံတစ်ခါ လင့်စင်ဖြင့့် သားကောင်ကို သတ်ဖြတ်ကုန်သော မုဆိုးတို့သည် သစ်ပင်တို့၌ လင့်စင်ကို ဖဲ့ချည်၍ ငုံလင့်နေတတ်ကြကုန်၏။ ဤသို့သဘောရှိသော ဘေးရန်သည် ရှိလေသလော" ဟု စူးစမ်းဆင်ခြင်လျက် အပြင်ဘက်မှသာလျှင် ရပ်၏။

မုဆိုးသည်လည်း ဘုရားအလောင်း၏ မလာခြင်းကို သိ၍ သစ်ပင်၌ ထိုင်နေလျက်သာလျှင် ယမနေသီးတို့ကို ပစ်လွှတ်၍ ဘုရားအလောင်း၏ ရှေ့မှ ကျကုန်၏။ ဘုရားလောင်းသည် ဤသစ်သီးတို့ကား လာရောက်၍ ရှေ့မှ ကျကုန်၏။ သစ်ပင်၏ အထက်၌ မုဆိုး ရှိခဲ့ယောင်တကား ဟု အဖန်ဖန် အထပ်ထပ် ကြည့်ရှုသည်ရှိသော် မုဆိုးကို မြင်၍ မမြင်ယောင်မူပြီး အို-အချင်း သစ်ပင် တဲ့လဲမပြတ် ဖြောင့်မတ်စွာ ဆဲအပ်ဘိသကဲ့ ဖြောင့်မတ်စွာ သာလျှင် အသီးတို့ကို ကျစေ၏။ ယနေ့ဤကား အသင်အား သစ်ပင်၏ သဘာဝကို စွန့်အပ်၏။ ဤသို့သော အခြင်းအရာဖြင့် အသင်ဘည် သစ်ပင်၏ သဘာဝကို စွန့်အပ်သောကြောင့် ငါသည်လည်း တစ်ပါးသော သစ်ပင်ရင်းကို သွားရောက် ချဉ်းကပ်၍ ငါ၏ အစာအာဟာရကို ရှာမှီး၍ စားတော့မည်ဟု ပြောဆိုပြီး ဤဂါထာကို ရွတ်၏—

ဉာတ ဇမတံ ကုရုဂ်ဿ၊ ယံ တုံ သေပဏ္ဏိ သေယျသိ။
အညံ သေပဏ္ဏိ ဂစ္ဆာမိ၊ နု မေ တေ ရုစ္စတေ ဖလံ။

အို ယမနေပင် သင်သည် ငါ့ရှေ့သို့ သစ်သီးကို ဖရိုဖရဲကြဲချ၏။ ထိုအကြောင်းကို ဆတ်သည် သိအပ်ပို၏၊ ငါသည် အသင်၏သစ်ပင်၏ အသီးကို မနှစ်သက်၊ အို ယမနေပင် ငါသည် အခြားသစ်ပင်သို့ သွားတော့အံ့။

ထိုအခါ ဘုရားအလောင်းအား မုဆိုးသည် လင့်စင်၌ ထိုင်နေလျက်သာလျှင် လှံကို ပစ်လွှတ်၍ သွားလေလော့။ ယခုအခါ ငါ့အား လွဲသွားပြီဟု ပြော၏။ ဘုရားအလောင်းသည် ဆုတ်နစ်ပြန်လည်၍ ရပ်တည်လျက် အိုအချင်းယောကျ်ား ဤယခုအခါ၌လည်း ငါ့ကို အသင်သည် အကယ်၍ကား လွဲချော်ပေ၏။ ယင်းသို့ပင် ငါ့ကို လွဲချော်သော်လည်း ငရဲကြီးရှစ်ထပ်, ဥဿဒငရဲငယ် တစ်ဆယ့်ခြောက်ထပ်, နှောင်ဖွဲ့ခြင်းငါးပါး အစရှိကုန်သော ကံကြမ္မာဆိုးတို့သည် အသင့်အား မလွဲခချော်သည်သာလျှင်တည်းဟု ပြောဆို၍ ထွက်ပြေးပြီးသော် အလိုရှိသည့် အတိုင်း သွားလေ၏။ မုဆိုးသည်လည်း သစ်ပင်မှသက်ဆင်း၍ အလိုရှိသည့် အတိုင်း သွား၏။

များစွာသောသူတို့ သောတာပန်တည်ခြင်း

ချစ်သားရဟန်းတို့ ဒေ၀ဒတ်သည် ယခုအခါ၌သာလျှင် ငါဘုရားအား သတ်ခြင်းငှါ လုံ့လပြုသည် မဟုတ်သေး၊ ရှေး၌လည်း သာ၌ခြင်းငှါ လုံ့လပြုသော်လည်း မစွမ်းနိုင်ဘဲ ရှိဖူးသည်သာလျှင်တည်းဟု ဟောကြားတော်မူပြီး၍ ချစ်သားရဟန်းတို့ စင်စစ် သီလမရှိသော ပုဂ္ဂိုလ်ကို သီလ ကင်းမဲ့မှုကြောင့် ဖြစ်လာသော တဏှာသည် မာလေးနွယ်သည် မိုးမှုအင်ကြင်းပင်ကို မြေးယှက် ဖျက်ဆီးချိုးဖဲ့သကဲ့သို့ မိုးရေဖြင်သော ထိုသူကို ချိုးဖဲ့ ဖျက်ဆီးလျက် ငရဲစသည်တို့၌ ထည့်သွင်း ပစ်ချလိုက်လေကော့သည်ဟု မိန့်ဆိုတော်မူ၍ ဤဂါထာကို မိန့်တော်မူ၏—

ယဿ အစ္စန္တဒုဿီလျံ၊
မာလုဝါ သာလ မိ၀ေါတ္ထတံ။
ကရောတီ သေ၀ တထတ္တာနံ၊
ယထာ နံ ဣစ္ဆတိ ဒိသော။

မာလာနွယ်သည် မိုရာအင်ကြင်းပင်ကို ဖုံးလွှမ်းရစ်ပတ်၍ လဲကျစေသကဲ့သို့ စင်စစ် သီလကင်းမဲ့စေကြောင်း တဏှာသည် အကြင်သူကို လွှင်းမိုးဖုံးအုပ်၍ တည်၏။ ထိုပုဂ္ဂိုလ်သည် ရန်သူအကြိုက် မိမိကိုယ်ကို ပျက်စီးအောင် ပြုလုပ်၏။

ထိုဂါထာ၌ အစ္စန္တ ဒုဿီလျံ=ဟူသည် စင်စစ်သီလ မရှိသူ၏ အဖြစ်တည်း။ လူဖြစ်လျှင် မွေးဖွားသည်မှစ၍ အကုသိုလ်ကမ္မပထ တရားဆယ်ပါးကို ပြုလုပ်သောသူသည် ကောန်သီလမရှိသူ မည်၏။ ရဟန်းဖြစ်လျှင် ရဟန်းဖြစ်သည့်နေ့မှစ၍ ကြီးလေးသောအာပတ် သင့်ရောက်ခြင်းသည် ကောန်သီလ မရှိသူ မည်၏။ ဤ၀တ္ထုဒွိကား နှစ်ဘ၀, သုံးဘ၀တို့ပတ်လုံး သီလမရှိခြင်းကို ရည်ရွယ်၍ ဇကောန် သီလမရှိသူဟူ၍ ဆိုအပ်၏။ ဆက်၍ပြရလျှင် ဤနေရာ၌ သီလမရှိသောပုဂ္ဂိုလ်၏ ဒွါရခြောက်ပါး၌ မိုရှိဖြစ်သောတဏှာကို ဒုဿီလ ဖြစ်ကြောင်းဟူ၍ မှတ်ယူရမည်။

မာလုဝါ သာလ မိ၀ေါတ္ထတံ=ဟူသည် မာလောနွယ်သည် မိုရာသစ်ပင်ကို လွှမ်းမိုးရစ်ပတ်လျက် မှီးရှာသောအခါ သစ်ရွက်တို့ဖြင့် ရေကိုခံယူလျက် ချိုးဖဲ့ ဖျက်ဆီးခြင်း၏အစွမ်းဖြင့် အလုံးစုံ ထက်၀နှံးကျင် ရစ်ပတ် မြေးယှက်သကဲ့သို့ ထိုအတူ အကြင်ပုဂ္ဂိုလ်အား တဏှာဟု ဆိုအပ်သော သီလမရှိသူ၏အဖြစ်သည် ထိုပုဂ္ဂိုလ်၏ အတ္တဘောကို လွှမ်းမိုးရစ်ပတ်၍ တည်လေ၏။ မာလောနွယ်သည်

ချီးဖဲ့ဖျက်ဆီးခြင်းကြောင့် မြေ၌ လဲကျသော သစ်ပင်ကဲ့သို့ ထိုပုဂ္ဂိုလ်သည် သီလမရှိသည်၏အဖြစ်ဟု ဆိုအပ်သော တဏှာသည် ချီးဖဲ့ဖျက်ဆီးလျက် အပါယ်ဘုံတို့၌ ပစ်ချလေပြီ။ ဥပမာအားဖြင့် ထိုပုဂ္ဂိုလ်ကို အကျိုးမဲ့ကို အလိုရှိသော ရန်သူက ဖြစ်စေလိုသည်အတိုင်း မိမိကိုယ်ကို ပြုသည် မည်၏။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

ဒေဝဒတ္တဝတ္ထု ပြီး၏။

၇။ သံဃာသင်းခွဲရန် အားထုတ်ခြင်း ဝတ္ထု

သုကာရာနိ–အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် သံဃာအသင်းခွဲရန် အားထုတ်ခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

တနေ့သ၌ ဒေဝဒတ်သည် သံဃာကဲ့ပြားခြင်းအကျိုးငှါ အားထုတ်လျက် အရှင်အာနန္ဒာ ဆွမ်းခံကြွလာသည်ကို မြင်၍ မိမိ၏ အလိုကို ပြောကြားလေ၏။ အရှင်အာနန္ဒာမထေရ်သည် ထိုအရှင်ဒေဝဒတ်၏ စကားကို ကြား၍ မြတ်စွာဘုရား၏အာဆံသို့ ကြွ၍ မြတ်စွာဘုရားအား "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ယနေ့တပည့်တော်သည် နံနက်အခါ၌ သင်းပိုင်ကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူပြီးလျှင် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းအလိုငှါ ဝင်ခဲ့ပါပြီ ဘုရား။ အရှင်ဘုရား တပည့်တော်ကို ဒေဝဒတ်သည် ရာဇဂြိုဟ်မြို့ထဲ၌ ဆွမ်းခံနေသည်ကို မြင်ခဲ့ပါသည်ဘုရား။

ထိုသို့မြင်၍ တပည့်တော်ရှိရာသို့ လာပြီးလျှင် "ငါ့ရှင်အာနန္ဒာ ယနေ့မှစ၍ ငါသည် ဘုရားနှင့်သံဃာကို ကြဉ်ထား၍ ဥပုသ်ကံနှင့် သံဃာကံပြုတော့အံ့"ဟု ပြောပါသည်ဘုရား။ ဘုရားရှင်သည် ယနေ့ ဒေဝဒတ်သည် သံဃာသင်းခွဲလတ္တံ့၊ ဥပုသ်ကံနှင့် သံဃာကံကိုလည်းပြုလတ္တံ့"ဟု မိန့်တော်မူလို၍ ဤဂါထာကို မိန့်ဆိုတော်မူ၏—

သုကရံ သာဓုနာ သာဓု၊ သာဓု ပါပေန ဒုက္ကရံ။
ပါပံ ပါပေန သုကရံ၊ ပါပမရိယေဟိ ဒုက္ကရံ။

သူတော်ကောင်းသည် ကောင်းသောအမှုကို ပြုလွယ်၏။ သူယုတ်မာသည် ကောင်းသောအမှုကို ပြုဖို့ခဲယဉ်း၏။ သူယုတ်မာသည် မကောင်းမှုကို ပြုလွယ်၏။ အရိယာပုဂ္ဂိုလ်တို့သည် မကောင်းမှုကို ပြုရန်ခဲယဉ်း၏။

ဤဥဒါန်းဂါထာကို ကျူးရင့်ပြီးနောက် "အာနန္ဒာ မိမိ၏ အကျိုးစီးပွားမဲ့သောအမှုမည်သည်ကို ပြုလွယ်၏။ အကျိုးရှိသောအလုပ်ကို ပြုခဲ့၏။ ဤသို့ မိန့်တော်မူလိုရကား ဤဂါထာကို မိန့်တော်မူ၏—

သုကရာနိ အသာဓူနိ၊ အတ္တနော အဟိတာနိစ၊
ယံ ဝေ ဟိတဥ္စ သာဓုဥ္စ၊ တံ ဝေ ပရမ ဒုက္ကရံ။

သူယုတ်မာတို့သည် မိမိအတွက် အကျိုးမရှိသော အလုပ်တို့ကိုပြုလွယ်ကုန်၏။ အကျိုးရှိသော အလုပ်ကိုလည်းကောင်း၊ ကောင်းမှုကိုလည်းကောင်း အလွန်ပြုနိုင်ခဲကုန်၏။ ထိုဂါထာ၌—

အနက်အဓိပ္ပါယ်ကား။ ။အပြစ်ရှိ၍ မကောင်းကုန်သော အပါယ်လေးပါး၌ ဖြစ်စေတတ်သဖြင့် မိမိအား အကျိုးမရှိသော အမှုတို့ကို ပြုလွယ်ကုန်၏။ သုဂတိဘဝ၌ ဖြစ်စေတတ်သဖြင့် မိမိအတွက် အကျိုးလည်းရှိ၍ အပြစ်မရှိသဖြင့် ကောင်းလည်း ကောင်းသော သုဂတိ၌ဖြစ်စေတတ်, နိဗ္ဗာန်သို့ ရောက်စေတတ်သော အမှုမျိုးကို အရှေ့ဘက်သို့ စီးနေသော ဂင်္ဂါမြစ်ရေသည် ပြန်လှည့်၍ အနောက်ဘက်သို့ စီးဝင်ရန်ခဲယဉ်းသကဲ့သို့ ပြုလုပ်ရန် ခဲယဉ်း၏။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သောသူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

သံဃဘေဒ ပရိသက္ကန ဝတ္ထုပြီး၏။

၈။ ကာလမထေရ်ဝတ္ထု

ယော သာသနံ–အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကာလမထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

သာဝတ္ထိပြည်၌ နေလေ့ရှိသော မိန်းမတစ်ယောက်သည် ကာလမထေရ်ကို မိခင်၏ အရာ၌တည်၍ ပြုစုလုပ်ကျွေး၏။ ထိုမိန်းမသည် အနီးဖြစ်သောအိမ်၌ လူတို့သည် မြတ်စွာဘုရား အထံတော်၌ တရားတော်ကို ကြားနာ၍ ပြန်လာခဲ့သောအခါ "ဘုရားတို့မည်သည် ဩော် အံ့ဖွယ် ရှိပါပေစွ၊ မြတ်စွာဘုရားဟောကြားတော်မူအပ်သော တရားတော်သည် ဩော သာယာကောင်းမွန်လှပေစွ"ဟု ချီးမွမ်း ထောမနာကြကုန်၏။ ထိုမိန်းမသည် အိမ်နီးချင်းဖြစ်သော လူတို့၏ ချီမွမ်းပြောဆိုသော စကားကိုကြား၍ အရှင်ဘုရား တပည့်တော်မသည်လည်း မြတ်စွာဘုရားရှင်၏ တရားတော်ကို ကြားနာလိုပါသည်ဟု ကာလမထေရ်အား ကြားလျှောက်၏။

တရားမနာရန် တားမြစ်သော ရဟန်း

ကာလမထေရ်က ဒါယိကာမကြီး၊ မြတ်စွာဘုရား အထံတော်သို့ မသွားလေလင့်ဟု တားမြစ်၏။ ထိုမိန်းမသည် တစ်ဖန် မိုးသောက်ရောက်သောနေ့၌လည်း ပြောကြား၏။ မထေရ်သည်လည်း တားမြစ်၏။ သုံးကြိမ်မြောက်အောင် လျှောက်ကြားသဖြင့် မထေရ်သည် သုံးကြိမ်တိုင်အောင် တားမြစ်သော်သည်း ထိုမိန်းမသည် မြတ်စွာဘုရားတရားတော်ကို ကြားနာလိုသည်သာ ဖြစ်ပေ၏။

ထိုကာလမထေရ်သည် အဘယ်အကြောင်းကြောင့် ထိုမိန်းမကိုတားမြစ်လေဘ်သနည်းဟူမူကား "မြတ်စွာဘုရား အထံတော်၌ တရားတော်ကို ကြားနာရသည်ရှိသော် ငါ၌ ခင်မင်ခြင်း ပျက်လတ္တံ့"ဟု မထေရ်အား ဤသို့သော အကြံသည် ဖြစ်ပေသတတ်။ ထိုကြောင့် တားမြစ်လေသတည်း။

ထိုမိန်းမသည်လည်း တစ်နေ့သ၌ နံနက်စောစောကပင်လျှင် နံနက်စာစားပြီးသော် ဥပုသ်ကိုဆောက်တည်၍ ချစ်သမီး ငါအို အရှင်မြတ် ကြွလာသည်ရှိသော် အရှင်မြတ်ကို ရှိသေကောင်းမွန်စွာ လုပ်ကျွေးပူစုပါလော့ဟု သမီးကို စေခိုင်းခဲ့ပြီးသော် ကျောင်းတော်သို့ သွားလေ၏။ ထိုမိန်းမ၏ သမီးသည်လည်း ထိုရဟန်းကြွလာသောအခါ၌ ရှိသေကောင်းမွန်စွာ လုပ်ကျွေး၍ ဒါယိကာမကြီးသည် အဘယ်မှာနည်းဟု မေးသည်ရှိသော် တရားနာခြင်းငှါ မြတ်စွာဘုရားကျောင်းတော်သို့ သွားပါသည်ဟု လျှောက်၏။

ကာလမထေရ်သည် ထိုသို့လျှောက်သော စကားကို ကြားလျှင် ဝမ်း၌တက်ကြွသော အမျက်ဒေါသဖြင့် တန်လှုပ်သော စိတ်ရှိသည် ဖြစ်၍ ဤယခုအခါ၌ ထိုဒါယိကာမကြီးသည် ငါ၌ ခင်မင်ကြည်ညိုခြင်း ပျက်လေပြီဟု လျင်စွာသော အဟုန်ဖြင့် လိုက်သွားသည်ရှိသော် မြတ်စွာဘုရားအထံ၌ တရားတော်ကို နာလျက်နေသည်ကို တွေ့မြင်၍ မြတ်စွာဘုရားရှင်ကို "ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ ဤမိန်းမသည် နုံ့နှေးသော ပညာရှိသည်၊ သိမ်မွေ့နူးညံ့သော တရားစကားကို မသိပါ။ ဤမိန်းမအား ခန္ဓာ အစရှိသည်တို့နှင့် စပ်သော သိမ်မွေ့နူးညံ့သော တရားစကားကို မဟောကြားမူ၍ ဒါနကထာ, သီလကထာမျှကိုသာလျှင် ဟောကြားခြင်းငှါ သင့်လျော်ပါသည်"ဟု လျှောက်၏။

ဥပါသိကာမ သောတာပန်တည်ခြင်း

မြတ်စွာဘုရားရှင်သည် ထိုရဟန်း၏ အဇျာသယကိုသိ၍ အသင်သည် ပညာနည်း၏။ ယုတ်မာသော အလိုရမှက် အယူကိုမှီ၍ ဘုရားရှင်တို့၏ အဆုံးအမကို တားမြစ်ပိတ်ပင်၏။ မိမိအား မိမိဖျက်ဆီး သတ်ဖြတ်ခြင်းကိုသာလျှင် လုံ လုပြုပေဘိသည်ဟု မိန့်တော်မူပြီး ဤဂါထာကို မိန့်တော်မူ၏–

ယော သာသနံ အရဟတံ၊ အရိယာနံ မေ့ဇီဝိနံ။
ပဋိက္ကောသတိ ဒုမ္မေဓော၊ ဒိဋ္ဌိ နိဿာယ ပါပိကံ။
ဖလာနိ ကဋ္ဌကဿေဝ၊ အတ္တဃာတာ့ယ ဖလ္လတိ။

ပညာကင်းမဲ့သော လူသည် ယုတ်မာသောအယူကိုမှီ၍ တရားသဖြင့် အသက်မွေးကုန်သော ပူဇော်အထူးကို ခံထိုက်ကုန်သော ဘုရားအစရှိသော အရိယာပုဂ္ဂိုလ်တို့၏ အဆုံးအမတော်ကို တားမြစ်၏။ ထိုလူ၏ ထိုမကောင်းသော အယူသည် ဝါးပင်ကိုသတ်ခြင်းငှါ အသီးသီးလာသကဲ့သို့ မိမိကိုယ်ကို သတ်ခြင်းငှါ ဖျက်ဆီးခြင်းငှါသာလျှင် ဖြစ်လာ၏။

ထိုဂါထာ၏အဓိပ္ပါယ်ကား–ပညာမဲ့သူသည် မိမိ၏ ပူဇော်သက္ကာရ ဆုတ်ယုတ်မည်မှ ကြောက်ခြင်းကြောင့် ယုတ်မာသောအယူကို အမှီပြု၍ "တရားနာကုန်အံ့ အလူပေးကုန်အံ့" ဟု ပြောဆိုသော ပုဂ္ဂိုလ်တို့ကို တားမြစ်သည်ရှိသော် ပူဇော်အထူးကို ခံထိုက်ကုန်သော တရားသဖြင့် အသက်မွေးကုန်သော ဘုရားရှင်တို့၏ အဆုံးအမကို တားမြစ်ပိတ်ပင်သည်မည်၏။ ထိုပုဂ္ဂိုလ်၏ ထိုတားမြစ်ခြင်းသည် လည်းကောင်း, ယုတ်မာသော ထိုမိစ္ဆာအယူသည်လည်းကောင်း ဝါးပင်သည် မိမိကိုသတ်ခြင်းငှါ အသီးသီးသကဲ့သို့ ဖြစ်၏။ ထို့ကြောင့် ဝါးပင်သည် အသီးသီးလတ်သော် မိမိကို သတ်သကဲ့သို့ ဤတတူ ထိုပုဂ္ဂိုလ်သည်လည်း မိမိကို သတ်ခြင်းမည်၏။

ငှက်ပျောသီးသည် ငှက်ပျောပင်ကိုသတ်၏၊ ဝါးသီးသည် ဝါးပင်ကိုသတ်၏၊ ကျူသီးသည် ကျူပင်ကိုသတ်၏၊ ကိုယ်ဝန်သည် အဿတိုရ်မြည်းမကို သတ်သကဲ့သို့ ပူဇော်သက္ကာရသည် ယုတ်ညှံသော ယောကျားကိုသတ်၏ ဟူ၍ မြတ်စွာဘုရားသည် ဤဂါထာစကားကို မိန့်တော်မူ၏။

ဒေသနာတော်၏ အဆုံး၌ ဥပါသိကာမသည် သောတာပတ္တိဖိုလ်၌ တည်လေပြီး ရောက်လာသော ပရိသတ်အတွက် အကျိုးရှိသော တရားဟောခြင်းဖြစ်၏။

ကာလတ္ထေရ ဝတ္ထုပြီး၏

၉။ စူဋ္ဌကာလဥပါသကာဝတ္ထု

အတ္ထနာ ဟိ ကတံ အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် စူဋ္ဌကာလ ဥပါသကာကို အကြောင်းပြု၍ ဟောတော်မူ၏။

တစ်နေ့သော နေ့အခါ၌ လွန်ခဲ့ပြီးသော မဟာကာလ ဥပါသကာ၏ဝတ္ထု၌ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်သာလျှင် ဥမင်ကို ဖောက်၍ ခိုးဝှက်ယူငင်ကုန်သော

ခိုးသူတို့ကို ပစ္စည်းရှင်ဖြစ်ကုန်သော သူတို့သည် အစဉ်လိုက်ကုန်သည်ရှိသော် ညဉ့်အဖို့အခါ မြတ်စွာဘုရားကျောင်းတော်၌ တရားတော်ကို ကြားနာ၍ နံနက်စောစောကပင်လျှင် ကျောင်းမှထွက်ခဲ့ပြီးသည့်ကာလ သာဝတ္ထိပြည်သို့ ရှေးရှုလာသော စူဠကာလ ဥပါသကာ၏ရှေ့မှ ဘဏ္ဍာထုပ်ကို ချထားစွန့်ပစ်၍ ပြေးကုန်၏။

လူတို့သည် ထိုစူဠကာလကို တွေ့မြင်၍ ဤသူသည် ညဉ့်အဖို့၌ ခိုးသူအမှုကို ပြုပြီးလျှင် တရားတော်ကို ကြားနာဘိသကဲ့သို့ လှည့်လည်ဘိ၏။ ထိုသူကို ဖမ်းဆီးကြကုန်လော့ဟု ပြောဆို၍ ဖမ်းဆီးတုပ်နှောင် ပုတ်ခတ်ကြကုန်၏။ အိုးထိန်းသည် ကျွန်မသည် ရေချိုးဆိုပ်သို့ သွားသည်ရှိသော် ထိုစူဠကာလဥပါသကာကို မြင်၍ အရှင်တို့၊ ဖဲသွားကြကုန်လော့၊ ဤသူသည် ဤသို့သောဘေးရှိသော ခိုးဝှက်ခြင်းအမှုကို ပြုလုပ်မည်မဟုတ်ဟု ပြောဆိုပြီးသည့်ကာလ ထိုစူဠကာလဥပါသကာကို လွှတ်စေကုန်၏။ စူဠကာလ ဥပါသကာသည် မြတ်စွာဘုရား ကျောင်းတော်သို့ သွား၍ အရှင်ဘုရားတို့ တပည့်တော်ကို လူတို့သည် ဖျက်ဆီးအပ်၏။ အိုးထိန်းသည် ကျွန်မကို အမှီရ၍ တပည့်တော်၏ ဇီဝိတိန္ဒြေအသက်ကို ရအပ်ပေသည်ဟု ရဟန်းတို့အား ကြားလျှောက်၏။ ရဟန်းတို့သည် မြတ်စွာဘုရားရှင်အား ထိုအကြောင်းကို ကြားလျှောက်ကြကုန်၏။

မြတ်စွာဘုရားရှင်သည် ထိုရဟန်းတို့ လျှောက်သောစကားကို ကြားတော်မူ၍ ချစ်သား ရဟန်းတို့ စူဠကာလ ဥပါသကာသည် အိုးထိန်းသည် ကျွန်မကို အမှီရသည်ဖြစ်၍လည်းကောင်း၊ မိမိအား အကုသိုလ် မကောင်းမှုကံကို မပြုလုပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း အသက် ဇီဝိတိန္ဒြေကို ရလေသည်။ ချစ်သား ရဟန်းတို့ ဤသတ္တဝါတို့ မည်သည် မိမိအကုသိုလ် မကောင်းမှုကို ပြုလုပ်ခြင်းကြောင့် ငရဲအစရှိသည်တို့၌ မိမိတို့သည်ပင်လျှင် ညစ်နွမ်းပင်ပန်းခံစားရကုန်၏။ ကုသိုလ်ကောင်းမှုကို ပြုလုပ်ခြင်းကြောင့် လူ, နတ်တို့၏ ဘဝဟူဆိုအပ်သော သုဂတိသို့လည်းကောင်း၊ နိဗ္ဗာန်သို့လည်းကောင်း လားကပ်ထုတ်ချောက်ရောက်ရကုန်၏။ မိမိသည် ကုသိုလ်ကောင်းမှုကို ပြုလုပ်ဆည်းပူးခြင်းကြောင့် မိမိသည်ပင်လျှင် စင်ကြယ်သန့်ရှင်း ကောင်းမြတ်ခြင်း ဖြစ်ရလေသည်ဟု မိန့်တော်မူလိုရကား ဤဂါထာကို ဟောကြားတော်မူ၏-

အတ္တနာ ဟိ ကတံ ပါပံ၊ အတ္တနာ သံကိလိဿတိ။
အတ္တနာ အကတံ ပါပံ၊ အတ္တနာဝ ဝိသုဇ္ဈတိ။
သုဒ္ဓိ အသုဒ္ဓိ ပစ္စတ္တံ၊ နာညော အညံ ဝိသောဓယေ။

မိမိပြုအပ်သော မကောင်းမှုသည် မိမိကိုယ်ကိုသာလျှင် ညစ်နွမ်းစေ၏။ တနည်းကား-မိမိသည် မကောင်းမှုကို အကယ်၍ ပြုငြားအံ့၊ မိမိကိုယ်သည်သာလျှင် ညစ်နွမ်းရ၏။ မိမိသည် မကောင်းမှုကို အကယ်၍ မပြုသည်ဖြစ်အံ့၊

မိမိကိုယ်သည်သာလျှင် စင်ကြယ်၏။ စင်ကြယ်မှုနှင့် မစင်ကြယ်မှုသည် အသီးအသီး ကိုယ်စီကိုယ်ငှ ဖြစ်၏။ တစ်ပါးသော ပုဂ္ဂိုလိသည် တစ်ပါးသော ပုဂ္ဂိုလ်ကို မသုတ်သင်နိုင်ရာ။

ထိုဂါထာ၏ အဓိပ္ပါယ်ကား–မိမိပြုသော အကုသိုလ်ကံသည် အပါယ်လေးပါး တို့၌ ဆင်းရဲကို ခံစားလျက် မိမိသည်သာ ညစ်နွမ်းရ၏။ အကုသိုလ်ကံကို မိမိ မပြုခဲ့လျှင် သုဂတိဘဝသို့လည်းကောင်း၊ နိဗ္ဗာန်သို့လည်းကောင်း ရောက်လျက် မိမိသည်ပင် စင်ကြယ်ရ၏။ ကုသိုလ်ကံဟုဆိုအပ်သော စင်ကြယ်မှု၊ အကုသိုလ်ကံဟု ဆိုအပ်သော မစင်ကြယ်မှုသည် ပြုလုပ်သော သတ္တဝါတို့၏ သန္တာန်၌သာ အကျိုးပေး၏။ အခြားသူတစ်ယောက်သည် အခြားသူတစ်ယောက်ကို ကိလေသာ အညစ်အကြေးမှ စင်ကြယ်အောင် မသုတ်သင်နိုင်။

ဒေသနာတော်၏ အဆုံး၌ စူဋ္ဌကာလသည် သောတာပတ္တိဖိုလ်၌ တည်၏။ ရောက်လာသော လူအပေါင်းသည်လည်း အကျိုးရှိသော တရားဟောခြင်းသည် ဖြစ်၏။

စူဋ္ဌကာလ ဥပါသကာဝတ္ထု ပြီး၏။

၁၀။ အတ္တဒတ္ထတ္ထေရဝတ္ထု

အတ္တဒတ္ထံ–အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အတ္တဒတ္ထထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

မြတ်စွာဘုရားရှင်သည် ပရိနိဗ္ဗာန်ပြုတော်မူခါနီး၌ ချစ်သား ရဟန်းတို့ ငါ ဘုရားသည် ဤမှလေးလကို လွန်မြောက်သဖြင့် ပရိနိဗ္ဗာန်ပြုတော့အံ့ဟု မိန့်တော်မူသည်ရှိလော် ထိတ်လန့်တုန်လှုပ်ခြင်း ရှိကုန်သော ပုထုဇဉ် ရဟန်းခုနစ်ရာတို့သည် မြတ်စွာဘုရားရှင် အထံတော်မှ စွန့်လွှတ်ပယ်ခွာ တစ်ပါးသောနေရာသို့ မသွားမူ၍ ငါ့ရှင်တို့ အဘယ်သို့ ပြုကြပါကုန်အံ့နည်းဟု တိုင်ပင်ပြောဆိုလျက် လှည့်လည်ကုန်၏။ အတ္တဒတ္ထ မထေရ်သည်ကား မြတ်စွာဘုရားရှင်သည် လေးလကို လွန်မြောက်သဖြင့် ပရိနိဗ္ဗာန် ပြုတော်မူပေလတ္တံ့။ ငါသည်လည်း မကင်းသော ရာဂရှိသည်ဖြစ်၏၊ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ် ပင်လျှင် အရဟတ္တဖိုလ်ကို ရခြင်းအကျိုးငှာ အားထုတ်ပေအံ့”ဟု ကြံ၏ ကြံပြီး၍ကား ထိုအတ္တဒတ္ထမထေရ်သည် ရဟန်းတို့၏ အထံသို့ မသွား ရဟန်း တရားကိုသာလျှင် အားထုတ်၍ နေ၏။

အတ္တဒတ္တမထေရ် အားထုတ်ပုံ

ထိုအခါ ရဟန်းတို့က အတ္တဒတ္တ မထေရ်ကို "ငါ့ရှင် အသင်သည် ငါတို့၏ စည်းဝေးရာထံရပ်သို့ အဘယ်ကြောင့် မချဉ်းကပ် မလာရောက်သနည်း ကြံစည်ပြောဆိုဖို့ရာ ဖြစ်သော တစ်စုံတစ်ခုသောစကားကို အဘယ်ကြောင့် မပြောကြား မတိုင်ပင်သနည်း" ဟု ပြောဆိုကြပြီး၍ ရဟန်းတို့သည် အတ္တဒတ္တ မထေရ်ကို မြတ်စွာဘုရား အထံတော်သို့ ခေါ်ဆောင်ခဲ့ပြီးလျှင် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤရဟန်းသည် ဤသို့သဘောရှိသည် မည်သည်ကို ပြုလုပ်ပါသည်ဟု ကြားလျှောက်ကြကုန်၏။မြတ်စွာဘုရားရှင်ကလည်း ထိုအတ္တဒတ္ထ မထေရ်ကို ချစ်သားအသင်သည် အဘယ်ကြောင့် ဤသို့ပြုလုပ်ဘိသနည်းဟု မေးတော်မူသည်ရှိသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အရှင်ဘုရားတို့သည် လေးလကို လွန်မြောက်သဖြင့် ပရိနိဗ္ဗာန် ပြုကုန်လတ္တံ့ ဖြစ်ပါသည် သို့ဖြစ်၍ တပည့်တော်သည် အရှင်ဘုရားတို့ သက်တော်ထင်ရှား ရှိတော်မူကုန်စဉ်ပင်လျှင် အရဟတ္တဖိုလ်ကို ရောက်ခြင်းငှာ အားထုတ်အံ့ဟု နှလုံးသွင်း၍ ရဟန်းတရားကို အားထုတ်ပါသည် ဟု လျှောက်၏။

အတ္တဒတ္ထမထေရ်ကို ချီးမွမ်းခြင်း

မြတ်စွာဘုရားရှင်သည် ထို အတ္တဒတ္ထ မထေရ်အား ကောင်းချီးပေးတော်မူ၍ ချစ်သားရဟန်းတို့ အကြင်ပုဂ္ဂိုလ်အား ငါဘုရား၌ ချစ်ခင်ကြည်သို့ခြင်းရှိ၏ ထိုပုဂ္ဂိုလ်သည် အတ္တဒတ္ထ မထေရ်နှင့် အလားတူ ဖြစ်ခြင်းငှာ သင့်လျော်ပေ၏ ထိုစကားမှန်၏ နံ့သာစသည်တို့ဖြင့်ပူဇော်ကုန်သော သူတို့သည် ငါဘုရားကို မိမိအကျိုးကိစ္စပြီးစေသောအားဖြင့် စင်စစ် ပူဇော်သည်မမည်ကုန် လောကုတ္တရာ တရားကိုးပါးအား သင့်လျော် လျောက်ပတ်သော အကျင့်မြတ်ကို မပြတ်အားထုတ် ကျင့်သည်ရှိသော်ကား မိမိ၏အလိုရှိအပ်သော ကိစ္စကို ပြီးစေသောအားဖြင့် ငါဘုရားကို မုချပူဇော်သည် မည်ပေကုန်၏၊ထိုကြောင့် တပါးသော ပုဂ္ဂိုလ်သည်လည်း အတ္တဒတ္တ မထေရ်နှင့် တူသည်သာလျှင် ဖြစ်ပေရာ၏ ဟု မိန့်တော်မူပြီး ဤဂါထာကို ဟောတော်မူ–

အတ္တဒတ္ထ ပရိတ္ထေန ၊ဗဟုနာပိ န ဟာပယေ။
အတ္တဒတ္တ မဘိညာယ၊ သဒတ္ထ မသုတော သိယာ။

များစွာလည်းဖြစ်သော သူတစ်ပါး၏အကျိုးစီးပွားကြောင့် အနည်းငယ်မျှသော မိမိ၏ စီးပွားကို မယုတ်စေရာ မိမိ၏အကျိုးစီးပွားကို ဉာဏ်ဖြင့်သိ၍ မိမိအကျိုးစီးပွားကို ပွားများစေသဖြင့် လေ့ကျက်အပ်သည် ဖြစ်ရာ၏။

ထိုဂါထာ၌-လူ၀တ်ကြောင်သည် ရွှေးဦးစွာတစ်ခြင်ရွှေးမျှလည်း ဖြစ်သော မိမိ၏အကျိုးစီးပွားကို တစ်ထောင်မျှလောက်သော သူတပါး၏အကျိုးစီးပွား ကြောင့် အဆုံးရှုံး မခံသင့်ချေ တစ်ခြင်ရွှေးမျှဖြစ်သော ဥစ္စာသည်လည်း မိမိ အကျိုးစီးပွားဖြစ်ပါမှ ခဲဖွယ်ဘောဇဉ်တို့ကို ပြီးစေနိုင်၏ သူတပါးအကျိုးစီးပွား သည် မိမိစားစရာ သောက်စရာ မဖြစ်ပါချေ (ကိုယ့်ရှိမှ ကိုယ်စားရသည် ဘုံ၌ ကား ကမ္မဋ္ဌာန်းကို ဦးတည်၍ ဟောထားသောကြောင့် မိမိ၏အကျိုးစီးပွါးကို မဆုံးစေအံ့သူ ရဟန်းမည်သည် သံဃာကိစ္စကိုလည်းကောင်း စေတီပြင်ဆင်ခြင်း စသော ကိစ္စကို လည်းကောင်း ဥပဇ္ဈာယ်ဆရာ၀တ်ကိုလည်းကောင်းမပျက်ကွက် စေရ အမှမ်းတင်ကျင့်၀တ်ကို ဖြည့်ကျင့်မှသာလျှင် အရိယာဖိုလ် စသည် တို့ကို မျက်မှောက်ပြုနိုင်၏ ထို့ကြောင့် ဤသည်လည်းကိုယ်ကျိုး စီးပွားသာလျှင် ဖြစ်ခါ ဂိပဿနာအပြင်းအထန်အား၀ုတ်သောပုဂ္ဂိုလ်သည် ယနေ့ထိုးထွင်းသိမည် မနက်ဖြန်ထိုးထွင်းသိမည် ဟူ၍တောင့်တလျက် လှည့်လည်သွားလာ၏ထို့ကြောင့် ဆရာဥပဇ္ဈာယ် ၀တ်စသည်တို့ကိုလည်း ယုတ်လျော့ပျက်ကွက်၍ မိမိသည်ရဟန်း ကိစ္စကိုသာလျှင် ပြုသင့်၏။

အဘ္ဘဒတ္ထမဘိညာယ =ဟူသည် ဤသည်ကား အကျိုးစီးပွားတည်းဟု မှတ်သားသည်။

သဒတ္ထပသုတော၀သိယာ=ဟူသည် မိမိကိုယ်ပိုင် အကျိုးစီးပွား၌ လုံ့လ စိုက်ထုတ်သည် ဖြစ်ရာ၏

ဒေသနာတော်၏အဆုံး၌သိုမဏ်ရသည်အရဟတ္တဖိုလ်၌တည်၏ ကြွလင်းကုန် သော ရဟန်းတို့အား၀လည်း အကျိုးရှိသောတရားဟောခြင်းသည်ဖြစ်လေသည်။

အတ္တဒတ္ထမထေရ်၀တ္ထု၂ ပြီး၏။

တစ်ဆယ့်နှစ်ခုမြောက်၀တ္ထု၂ ပြီး၏။

၁၃။ လောကဝင်

၁။ ရဟန်းငယ်ဝတ္ထု

ဟီနံ ဓမ္မံ အစရှိသော ဤဂါထာများ ဒေသနာတော်ဖြင့် ထိုမြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းကောင်၌ သီတင်းသုံးနေတော်မူစဉ် မထင်ရှားသော ရဟန်းငယ်တစ်ပါးကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

မထင်ရှားသော မဆေရ်တစ်ပါသည့် ရဟန်းငယ်တစ်ပါးနှင့် အတူတကွ နံနက်စောစောကပင်လျှင် ဝိသာခါ ဒါ့ယိကာမကြီး၏ အိမ်သို့ ကြွသွားလေ၏။ ဝိသာခါ ဒါယိကာမကြီး၏အိမ်၌ ရဟန်းငါးရာတို့အား မုန့်ယာဂုကို အမြဲမပြတ် တည်ထားသည်ဖြစ်ရာ မဆေရ်သည် ထိုဝိသာခါ ဒါယိကာမကြီး၏အိမ်၌ ယာဂုကို သောက်၍ ရဟန်းငယ်ကို ထိုင်နေစေပြီးလျှင် မိမိသည်မူ တပါး အိမ်သို့ ကြွသွားလေ၏။

ဝိသာခါ၏မြေး

ထိုအခါ၌လည်း ဝိသာခါ ဒါယိကာမကြီးသား၏ သမီးငယ်တစ်ယောက်သည် အဖွားဝိသာခါ၏ အရာ၌တည်လျက် ရဟန်းတို့၏ အမှုကြီးငယ်ကို ရွက်ဆောင်ပြုလုပ်ပေးရန် ထိုရဟန်းငယ်၏ အလို့ငှာ ရေကိုစစ်သည်ရှိသော် ရေအိုးစရည်း၌ မိမိ၏မျက်နှာရိပ်ကို မြင်၍ ပြုံးရယ်၏ ရဟန်းငယ်သည်လည်း သတို့သမီးငယ်ကို ကြည့်၍ ပြုံးရယ်၏ ထိုသတို့သမီးသည် ပြုံးရယ်သော ထိုရဟန်းငယ်ကို မြင်လျှင် ဦးခေါင်းပြတ်လေ ပြီးသော်သူက ပြုံးရယ်ဘိသလော ဟူ၍ပြော၏။

ထိုအခါ သတို့သမီးကို ရဟန်းငယ်က အသင်သည် ပြတ်သောဦးခေါင်းရှိ၏ အသင်၏ အမိအဘတို့သည်လည်း ပြတ်သောဦးခေါင်း ရှိကုန်၏ဟု ဆဲရေး၏ သတို့သမီးသည် ငိုကြွေးလျက် စဖို့အိမ်၌ရှိသော အဖွားကြီး အထံသို့ သွား၍ရောက်သည့်တွင် ချစ်သမီး ဘာဖြစ်သနည်းဟု မေးသည်ရှိသော် သတို့သမီးက ထိုအကြောင်းကိုပြောကြား၏။

ဆုမ်းခံရင်း ရန်ဖြစ်သောရဟန်း

ဝိသာခါ ဒါယိကာမကြီးသည် ရဟန်းငယ်အထံသို့ လာခဲ့၍ "အရှင်ဘုရား အမျက်ထွက်တော်မမူပါလင့် ထိုသတို့သမီးသည် အရှင်ဘုရားကို ဆဲရေးသည် မဟုတ်ပါ ဖြတ်အပ်တော လက်သည်း ခြေသည်းရှိသော ဖြတ်အပ်သော ဝတ်ရုံကို ဆင်မြန်းအပ်သော အလယ်မှ ပိုင်းဖြတ်ထားသော အိုးခြမ်းခွက်ကို

လက်ဖြင့် ကိုင်ယူ၍ ဆွမ်းအလှိုင္ဒာ လှည့်လည်ရသော အရှင်မြတ်အား အလွန် ဝန်လေးလှပါသည်”ဟု လျှောက်၏။

ရဟန်းငယ်က “ဒါယိကာမကြီး ဩဒ်·ဟုတ်ပေ၏ အသင်သည် ငါ့အား ဖြတ်အပ်သောဆံရှိခြင်း အစရှိသော အဖြစ်ကို သိပေ၏အသင်၏ မြေးဖြစ်သော ထိုသတ္တိမီးငယ်က ငါ့ကို ဦးခေါင်းပြတ်သည်ကို ပြု၍ဆဲရေးခြင်းငှာ အပ်သလော ဟု” မေး၏ ဝိသာခါ ဒါယိကာမကြီးသည် ရဟန်းငယ်ကို သက်သာ ငြိမ်းအေးခြင်း ရစိမ့်သောငှာ မစွမ်းနိုင် မြေးငယ်ဖြစ်သော သတ္တိသမီးကိုလည်း ကောင်းမွန်သက်သာ ရစိမ့်သောငှာ မစွမ်းနိုင်လေ။

ထိုခဏ၌ မထေရ်ကြီးလာ၍ “ဒါယိကာမကြီး အဘယ်သို့ ဖြစ်သနည်းဟု မေးသည်ရှိသော် ထိုအကြောင်းကို ပြန်ပြောင်း လျှောက်ကြားသည်တွင် ရဟန်းငယ်ကို ဆုံးမလိုသောကြောင့် “ငါ့ရှင်ဖဲလေလော့ ဤသတ္တိသမီးသည် ဖြတ်အံ့သောဆံ လက်သည်း ခြေသည်း အဝတ်ရှိသော ပိုင်းဖြတ်အပ်သော အိုးခြမ်းခွက်ကိုလက်၌ကိုင်စွဲယူငင်၍ ဆွမ်းအလှိုင္ဒာလှည့်လည်ရသော်အသင့်အား ဆဲရေးသည်မမည်ပေ အသင်သည် ဆိတ်ဆိတ် နေလေလော့” ပြော၏။

ရဟန်းငယ်က“အရှင်ဘုရား ဩဒ်·ဟုတ်ပါပေ၏ အသို့နည်း အရှင်ဘုရား တို့သည် မိမိ၏အလုပ်အကျွေးဖြစ်သော ဒါယိကာမကို မခြိမ်းခြောက်မမောင်းမဲ မူ၍ တပည့်တော်ကိုသာ ခြိမ်းခြောက် မောင်မဲ့ကုန်သလော တပည့်တော်ကို ဦးခေါင်းပြတ်ဟု ဆဲရေးခြင်းငှာ အပ်သလော” ဟု ပြန်၍မေး၏ ထိုခဏ၌ မြတ်စွာဘုရား ကြွတော်မူ၍ ဝိသာခါ ဒါယကာမကြီးကို ”ဝိသာခါ အသို့နည်း အသင်၏ မြေးဖြစ်သော သတ္တိသမီးငယ်က ဖြတ်အပ်သော ဆံရှိသောအဖြစ် အစရှိသည် မျှဖြင့် ငါဘုရား၏ တပည့်သားတော်ကို ပြတ်သော ဦးခေါင်းရှိသည် ဆဲရေးခြင်းငှာ အပ်သလော”ဟု မေးတော်မူ၏။

ရဟန်းငယ်သည် ထိုခဏ၌ပင်လျှင် နေရာမှ ထပြီးသော် လက်အုပ်ချီ၍ ဘုန်းတော် “ကြီးတော်မူသော မြတ်စွာဘုရား ထိုပြဿနာကို အရှင်ဘုရား တို့သည်သာ ကောင်းစွာ သိပါကုန်သည် တပည့်တော်တို့၏ ဥပဇ္ဈာယ် ဆရာသည်သည်းဟောင်း ဤဒါယိကာမကြီးသည်လည်းဟောင်း ကောင်းစွာမသိပါကုန်ဟု လျှောက်၏။

ရန်ဖြစ်ခသာ ရဟန်း သောတာပန်တည်ခြင်း

မြတ်စွာဘုရားရှင်သည် ရဟန်းငယ်၏ မိမိအားလျော်သော အဖြစ်ကိုသိ၍ ကာမဂုဏ်ကို အကြောင်းပြုပြီးလျှင် ရယ်ရွှင်သော အဖြစ်မည်သည် ယုတ်သော သဘောရှိ၏ ယုတ်သော သဘောရှိသော တရားကို မိုဝဲခြင်းငှာ မလျောက်ပတ်မေ့လျော့သဖြင့် အယုတ်တရားတို့နှင့် အတူတကွပေါင်းသင်း လက်ခံ၍ နေခြင်းငှာ မသင့်မလျောက်ပတ်"ဟု မိန့်တော်မူပြီး–

ဟီနံ ဓမ္မံ နသေဝေယျ၊ ပမာဒေန နသံဝသေ။
မိစ္ဆာဒိဋ္ဌိံ နသေဝေယျ၊ နသိယာလောကဝဇုနော။

ကာမဂုဏ် အယုတ်တရားကို မမှီဝဲရာ မေ့မေလျော့လျော့မနေရာ။ မှားသော အယူကို မယူရာ လောကကြီးပွားရေးအတွက် သက်သက်မဖြစ်ရာ။

ထိုဂါထာ၌

ဟီနံဓမ္မံ–ဟူသည် ကာမဂုဏ် ငါးပါးတရားတည်း ထိုယုတ်သော တရားတို့အောက်ထစ်ဆုံး ကုလားအုတ်နှုံးစသည်တို့သည်လည်း မမှီဝဲအပ်ယုတ်နှိမ့်သော ဝရဲစသည်တို့၌ ဖြစ်စေသောကြောင့် ဟီနမည်၏ ထိုကာမဂုဏ်တရားကို သတိလက်လွတ်မေ့လျော့သောကြောင့်လည်း မမှီဝဲရာ မှားသော အယူကိုလည်း မယူရာ ဤသို့ပြုလုပ်ခြင်းသည် လောကီတိုးပွားရေး တရားမည်၏ ထို့ကြောင့် ဤသို့ မပြုသင့်။

ဒေသနာတော်၏အဆုံး၌ ထိုရဟန်းငယ်သည် သောတာပတ္တိဖိုလ်၌ တည်၏ ရောက်လာသောပရိသတ်အားလည်း အကျိုးတရားဟောကြားမှု ဖြစ်လေ၏။

၂။ သုဒ္ဓေါဒနမင်းကြီးဝတ္ထု

ဥတ္တိဋ္ဌေ နပ္ပမဇ္ဈေယျ–အစရှိသော ဒေသနာတော်မြတ်ကို မြတ်စွာဘုရားရှင်သည် ကပ္ပလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ သီတင်းသုံး နေတော်မူစဉ် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

အခါတစ်ပါး၌ မြတ်စွာဘုရားသည် ကပ္ပိလဝတ်ပြည်သို့ ရှေးဦးစွာ ကြွသွားတော်မူ၍ ဆွေးတော်မျိုးတော်တို့သည် ခရီးဦးကြိုလျက် နိဂြောဓာရုံသို့ ရောက်တော်မူပြီးသော် ဆွေတော်–

မျိုးတော်တို့၏ မာန်မာနကို နှိမ်ချချိုးဖဲ့တော်မူခြင်းငှါ အထက်ကောင်းကင်၌

ရတနာစကြံကို ဖန်ဆင်းရ၌ စကြံကြွတော်မူလျက် တရားတော်ကို ဟောကြား တော်မူ၏။ ဆင့်ပေ ၁ မျိုးတော် အပေါင်းတို့သည် ကြည်ညိုနှစ်သက်ကြကုန်ပြီး သုဒ္ဓေါဒန ခမည်းတော်မင်းကြီးမှစ၍ အလုံးငုံသော ဆွေတော်မျိုးတော်တို့သည် ရှိခိုးကြကုန်၏။ ထိုဆွေတော် မျိုးကောင်တို့ကို အစည်းအဝေးဌာ ပေါက္ခရ၀ဿမိုးကို ရွာစေတော်မူ၏။

ထိုပေါက္ခရ၀ဿ-မိုးကို အကြောင်းပြု၍ လူမျိုးအပေါင်းတို့သည် အံ့ဩဖြေ ဆိုကြသည်ရှိသော် "ချစ်သား ရဟန်းတို့ ဤယခု အခါ၌ သာလျှင် ငါဘုရားသည် ဆွေတော်မျိုးတော်တို့၏ အစည်းအဝေး၌ ပေါက္ခရာဿ-မိုးကို ရွာစေဖူးသည် မဟုတ်သေး။ ရှေးဦးလည်း ငါဘုရားသည် ဆွေတော်မျိုးတော် တို့၏ အစည်းအဝေး၌ ပေါက္ခရ၀ဿ-မိုးကို ရွာစေဖူးသည် သာလျှင်တည်းဟူ မိန့်တော်မူပြီး ဝေဿန္တရာဇာတ်ကို ဟောကြားတော်မူ၏။ တရားဒေသနာကို ကြားနာရပြီး၍ ဖဲသွားကြသည်တိုင် ဆွေတော် မျိုးတော်အပေါင်းတို့တွင် တစ်ယောက်သောသူမျှလည်း မြတ်စွာဘုရားကို မပင့်ဖိတ်။ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည်လည်း "ငါ၏သားတော်သည် ငါ၏နန်းတော်အိမ်သို့ မကြွလာဘဲ အဘယ်အရပ်သို့ ကြွသွားလတ္တံ့နည်း" ဟု အကြံတော်ဖြင့် မြတ်စွာ ဘုရားကို မပင့်ဖိတ်မူ၍သာလျှင် သွားလေ၏။ နန်းတော်ရောက်သော် နှစ်သောင်းမျှလောက်ကုန်သော ရဟန်းတော်တို့၏အလို၌ ယာဂုအစရှိသည် တို့ကို စီရင်စေပြီး၍ နေရာတို့ကို ခင်းထားစေ၏။

ခမည်းတော်ထံမကြွဘဲ ဆွမ်းခံကြွတော်မူခြင်း

နက်ဖြန်မိုးသောက် ရေကင်းသောအခါ မြတ်စွာဘုရားသည်လည်း ဆွမ်းလို၌ ကြွသွားသည်ရှိသော် "အသို့ပေနည်း၊ လွန်တော်မူကုန်ပြီးသော ဘုရားရှင်တို့ သည် ခမည်းတော်၏ ပြည်ဌာနသို့ ကြွရောက်တော်မူကြသောအခါ ဆွေတော် မျိုးတော်တို့၏ နန်းအိမ်တော်သို့ ဝန်းရံကြွဝင်တော်မူကြကုန်သလော သို့ဝ ည်း မဟုတ် အစဉ်အတိုင်းအားဖြင့် ဆွမ်းခံခြင်း၌ လှည့်လည်တော်မူကြကုန် သလော" ဟု ဆင်ခြင်တော်မူ၏။ အစဉ်အတိုင်းအားဖြင့် ဆွမ်းခံခြင်း၌ လှည့်လည်တော်မူကြကုန်သည်တို့ကို မြင်တော်မူသောကြောင့် ရှေးဦးစွာသော အိမ်မှစ၍ အိမ်စဉ်အတိုင်း ဆွမ်းခံလှည့်လည်ကြွသွားတော်မူ၏။ ရာဟုလာမာတာ ယသော်ဓရာမိဖုရားသည် ပြာသာဒ်အပြင်ထက်၌ ထိုင်နေလျက်သာလျှင် အိမ် အစဉ်အတိုင်း ဆွမ်းခံကြွလာသော မြတ်စွာဘုရားကို မြင်၍ ထိုအကြောင်းကို မင်းကြီးအား ကြားလျောက်၏။

သုဒ္ဓေါဒနမင်းကြီးသည် ပုဆိုးအ၀တ်ကို ပြုပြင်တတ်ဆင်ခြင်းငှါ မစုမ်းနိုင်ဘဲ လက်ဖြင့်ကိုင်စဲလျက် လျှင်စွာထွက်သွားပြီးသော် မြတ်စွာဘုရားကို ရှိခိုး၍

"ချစ်သား၊ အဘယ်ကြောင့် ခမည်းတော်ကို ဖျက်ဆီးဘိသနည်း။ အိမ်စဉ်အတိုင်း ဆွမ်းခံလှည့်လည်သဖြင့် လွန်စွာရှက်အပ်စေပါ၏။ အသင် သားတော်တို့အား ဤကပိလဝတ်မြို့တော်ကြီး၌ ရွှေထမ်းစင်စသည်တို့ဖြင့် လှည့်လည်သွားလာ၍ နေခဲ့ပါလျက် ဆွမ်းအာဟာရအတွက်ကြောင့် အိမ်စဉ်မပျက်လှည့်ပတ်ခြင်းငှါ မသင့်လျော်သည် မဟုတ်တုံလော။ အဘယ်ကြောင့် ခမည်းတော်ကို အရှက်ရစေဘိသနည်း"ဟု မေးလျှောက်၏။

သုဒ္ဓါဒနမင်းကြီး သောတာပန်တည်ခြင်း

"ခမည်းတော်မင်းကြီး၊ ငါဘုရားသည် အသင်မင်းကြီးကို အရှက်ရစေသည် မဟုတ်၊ မိမိ၏ အမျိုးအနွယ်ကို အစဉ်လိုက်၍ ကျင့်ခြင်းငှါ ဆွမ်းခံကြွလာပေသည်"ဟု မိန့်တော်မူ၏ "သားတော်ဘုရား၊ အသို့ပေနည်း ခမည်းတော်၏ အဆက်အနွယ်၌ ဆွမ်းခံလှည့်လည်၍ အသက်မွေးသောသူ မည်သည် မရှိချေတကား"ဟု လျှောက်ကြားသဖြင့် "ခမည်းတော်မင်းကြီး ထိုအနွယ်သည်ကား အသင် ခမည်းတော်မင်းကြီး၏ အနွယ်ပေတည်း၊ ဤအနွယ်သည်ကား ငါဘုရား၏ အနွယ်ပေတည်း၊ အထောင်မက များပြားလှသော ရှေးရှေး နောင်တော်ဘုရားတို့သည် ဆွမ်းခံလှည့်လည်တော်မူကုန်သည် ဖြစ်၍သာရှင် အသက်မွေးမြို့တော်မူကြကုန်သည်"ဟု မိန့်တော်မူလိုရကား ဤဂါထာတို့ကို ဟောကြားတော်မူ၏—

ဥတ္တိဋ္ဌေ နပ္ပမဇ္ဇေယျ၊ ဓမ္မ သုစရိတံ စရေ။
ဓမ္မစာရီ သုခံ သေတိ၊ အသ္မိံ လောကေ ပရမှိ စ။

ဓမ္မဥ္ဇရေ သုစရိတံ၊ နနံ ဒုစ္စရိတံ စရေ။
ဓမ္မစာရီ သုခံ သေတိ၊ အသ္မိံ လောကေ ပရမှိ စ။

ဆွမ်းခံဝတ်၌ မမေ့လျော့ရာ၊ ကောင်းစွာကျင့်အပ်သော အကျင့်တရားကို ကျင့်ရာ၏။ တရားကိုကျင့်သော သူသည် ဤလောက၌လည်းကောင်း၊ တမလွန်လောက၌လည်းကောင်း ချမ်းသာစွာ နေရ၏။

သုစရိတ်တရားကို ကျင့်ရာ၏၊ ဒုစရိုက်တရားကို မကျင့်ရာ၊ တရားကို ကျင့်သောသူသည် ဤလောက၌လည်းကောင်း၊ တမလွန်လောက၌လည်းကောင်း ချမ်းသာစွာ နေရ၏။

ထိုဂါထာ၌—

ဥတ္တိဋ္ဌေ=ဟူသည် ထ၍ သူတပါးတို့၏ အိမ်တံခါး၌ရပ်လျက် ယူအပ်သော ဆွမ်းတည်း။

နပုမဇ္ဈေယျ=ဟူသည် ဆွမ်းခံဝတ်ကို ဖျက်၍ မွန်မြတ်သော ဘောဇဉ်တို့ကို ရှာမှီးသည်ရှိသော် ဆွမ်းခံကျင့်ဝတ်၌ မေ့သည်မည်၏။ အိမ်စဉ်လှည့်လည် ဆွမ်းရပ်သည်ရှိသော် မမေ့သည်မည်၏။ ဤသို့ ဆောင်ရွက်သောသူသည် ဆွမ်းခံဝတ်၌ မမေ့ရာ။

ဓမ္မံ=ဟူသည် မမှန်မကန် ရှာမှီးခြင်းကို ပယ်စွန့်၍ အိမ်စဉ်လှည့်လည် ဆွမ်းခံသောအကျင့်သည် သုစရိုက်ကို ကျင့်သည်မည်၏။

သုခံသေတိ=ဟူသည် တရားဟောကာမျှသာတည်း၊ ဤသို့ ဆွမ်းခံကျင့်ဝတ်ကို လှည့်လည်သူသည် တရားကျင့်ရာရောက်၏။ ဤလောက၌ ဣရိယာပုတ်လေးပါးတို့ဖြင့် ချမ်းသာစွာ နေရ၏။

နနုဒုစ္စရိတံ=ဟူသည် ပြည့်တန်ဆာမစသည် အမျိုးမျိုး ကဲ့ပြားသော ဆွမ်းမခံရမည့် အိမ်တံခွန်၌ လှည့်လည်သူသည် ဆွမ်းခံကျင့်ဝတ် တည်းဟူသော ဒုစရိုက်မှုကို လှည့်လည်သည်မည်၏။ ဤသို့မလှည့်လည်မူ၍ တရားတည်းဟူသော သုစရိုက်ကို ကျင့်ဆောင်ရာ၏။ ဒုစရိုက်တရားကို မကျင့်ရာ အကြွင်းတူပြီ။

ဒေသနာတော်၏အဆုံး၌ သုဒ္ဓါဒနမင်းကြီးသည် သောတာပတ္တိဖိုလ်၌ တည်၏၊ ရောက်လာသော သူတို့အားလည်း အကျိုးရှိသော တရားဟောခြင်းသည် ဖြစ်လေ၏။

သုဒ္ဓါဒနဝတ္ထု ပြီး၏။

၃။ ဝိပဿက ရဟန်းငါးရာတို့ ဝတ္ထု

ယထာ ပုပ္ဖဇ္ဇကံ-အစရှိသော ဒေသနာတော်မြတ်ကို မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဝိပဿကရဟန်းငါးရာတို့အား အကြောင်းပြု၍ ဟောကြားတော်မူ၏။

ထိုငါးရာကုန်သော ရဟန်းတို့သည် မြတ်စွာဘုရားအထံတော်၌ ကမ္မဋ္ဌာန်းကို သင်ယူပြီးလျှင် တောသို့ဝင်၍ တရားအားထုတ်ကြပါကုန်သော်လည်း တရားထူးမရကြသောကြောင့် "မြတ်စွာဘုရားအထံတော်၌ ကမ္မဋ္ဌာန်းအထူးကို တဖန်သင်ယူကုန်ဦးအံ့"ဟု ကြံ၍ မြတ်စွာဘုရားအထံတော်သို့ လာကုန်၏။ လမ်းခရီးအကြား၌ တံလျှပ်ကမ္မဋ္ဌာန်းကို ပွားများကုန်၍သာ လာခဲ့ကြကုန်၏။

ထိုရဟန်းတို့၏ ကျောင်းသို့ဝင်ရောက်သော ခဏ၌ပင် မိုးကြီးသည်းထန်စွာ ရွာသွန်းခဲ့၏။ ရဟန်းတို့သည် ထိုထိုသို့သော ကျောင်းတို့၏ မုခ်ဦးတို့၌ ရပ်တည်၍နေ၏။ အဟုန်ဖြင့် တိုက်ခတ်ထကြွပြီး ပျက်စီး၍သွားကုန်သော ရေပွက်တို့ကို ရှုမြင်ရင်း ဤခန္ဓာကိုယ် အတ္တဘောသည်လည်း ဖြစ်၍ပျက်တတ်သော သဘောရှိသဖြင့် ရေပွက်နှင့် တူသည်သာလျှင်တည်းဟူသော အာရုံကို ယူကြကုန်၏။

တံလျှပ်ကမ္မဋ္ဌာန်း

မြတ်စွာဘုရားရှင်သည် ဂန္ဓကုဋီတိုက်၌ သီတင်းသုံးထိုင်စဉ်တော်မူလျက် ပင် ထိုရဟန်းတို့ကို ကြည့်ရှုထင်ထင် မြင်တော်မူ၍ ရဟန်းတို့နှင့် အတူတကွ စကားပြောဆိုလျက် ဆောင်ခဲ့ညီတော်ကို ဖွင့်လှစ်ပြန့်နှံ့ဖေ၍ ဤဂါထာတော်ကို ဟောကြားတော်မူ၏—

ယထာ ပုဗ္ဗဏ္ဍကံ ပသ္သေ၊ ယထာ ပသ္သေ မရီစိကံ။
ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ နပသ္သတိ။

ရေပြင်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း ဤအတူ (ခန္ဓာငါးပါးဟူသော) လောကကို ရှုကြည့်သူကို သေမင်းသည် မမြင်နိုင်။

ထိုဂါထာ၌ မရီစိကံ ဟူသည် တံလျှပ်တည်း။ တံလျှပ်တို့သည် အဝေးမှ အိမ်ပုံသဏ္ဌာန်စသည် ထင်ရသော်လည်း အနီးကပ်သောအခါ ကိုင်တွယ် ယူထိ၍ မရ၊ အချည်းနှီးသာ ဖြစ်ကုန်၏။ ထို့ကြောင့် ဖြစ်ပြီး၍ ပျက်တတ် သောကြောင့် ရေပွက်ကဲ့သို့ အချည်းနှီးအဖြစ် ရှုရသကဲ့သို့ ဤအတူ ခန္ဓာ စသော လောကကို ရှုမြင်သူကို သေမင်းသည် မမြင်နိုင်။

ဒေသနာတော်၏ အဆုံး၌ ထိုရဟန်းတို့သည် ရပ်တည်သော နေရာ၌ပင် အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။

ဝိပဿကရဟန်းဝတ္ထု ပြီး၏။

၄။ အဘယမင်းသားဝတ္ထု

ဧထ ပဿထိမံ လောကံ·အစရှိသော ဒေသနာတော်မြတ်ကို မြတ်စွာဘုရား ရှင်သည် ဆုဖူကြိုဟ်ပြည့် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဗိမ္ဗိသာရ မင်းကြီး၏ ရင်သွေး သမီးတော်ကြီး ဆနုဇီဝက၏ ခမည်းတော် အဘယ မင်းသားကို အကြောင်းပြု၍ ဟောတော်မူ၏။

ရာဇဂြိုဟ်ပြည်ကြီးရှင် ဘုရင် ဗိမ္ဗိသာရမင်းကြီး၏ နိုင်ငံတော် အစဉ်အဖျား ဖြစ်သော ရွာငယ်တစ်ခုသည် ပျက်ပြား တုန်လှုပ်သည် ဖြင့်သောကြောင့် ခမည်းတော်မင်းမြတ် စေလွှတ်လတ်၍ သွားရောက် ငြိမ်သက်စေပြီး ပြန်လာ သော အဘယမင်းသားအား ခမည်းတော် ဗိမ္ဗိသာရမင်းကြီးသည် နှစ်သက်တော် မူလှသောကြောင့် ကခြင်း, သီခြင်း၌ လိမ္မာတတ်မြောက်သော ကချေသည်မ တစ်ယောက်ကို ချီးမြှင့် ပေးသနားတော်မူ၍ ထိုအဘယ မင်းသားအား ခုနစ်ရက်ပတ်လုံး မင်းအဖြစ်ကို ပေးတော်မူ၏။

ခုနစ်ရက် မင်းဖြစ်ခြင်း

အဘယမင်းသည် ခုနစ်ရက်ပတ်လုံး နန်းအိမ်တော်မှ အပြင်အပသို့ မထွက်သွားဘဲ မင်း၏ အသရေကို ခံစားလျက် ရှစ်ရက်မြောက်သောနေ့၌ မြစ်ဆိပ်သို့သွားရောက်၍ ရေချိုး သုံးသပ်ပြီးလျှင် ဥယျာဉ်တော်ကို ဝင်၏။ သန္တတိအမတ်ကြီးကဲ့သို့ ကခြင်း, သီခြင်း၌ လိမ္မာသော ကချေသည် မိန်းမငယ်၏ သီခြင်း, သီဆို ကပြသည်ကို ကြည့်ရှုလျက် ထိုင်နေတော်မူ၏။

ကချေသည် မိန်းမသည်လည်း ထိုခဏ၌ပင်လျှင် သန္တတိ အမတ်ကြီး၏ ကချေသည် မိန်းမငယ်ကဲ့သို့ လေသင်တုန်းဖြတ်၍ သေလွန်၏။ အဘယမင်းသားသည် သေလွန်၍သွားသော ထိုကချေသည် မိန်းမအား အကြောင်းပြုပြီး သောကတရား ကြီးစွာ ဖြစ်ပွားလာ၏။ ငါ၏ သောကကို ဘုရားကိုယ်တော်မြတ်မှ အပ တစ်ပါးသူသည် ငြိမ်းစေခြင်းငှါ စွမ်းနိုင်လိမ့်မည်မဟုတ်" ဟု ကြံ၍ မြတ်စွာဘုရား အထံတော်သို့ ချည်းကပ်လေ၏။ ဘုန်းတော် အလွန်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်၏ ပူပန်သောကကို ပယ်ရှားငြိမ်းအေးစေတော် မူပါကုန်လော့" ဟု လျှောက်ကြား၏။

အဘယမင်းသား သောတာပန် တည်ခြင်း

မြက်စွာဘုရားသည် ထိုမင်းသားကို သက်သာရာ ရစေ၍ "မင်းသား အသင်သည် ဤကချေသည် မိန်းမငယ် သေလွန်၍ စိုးရိမ်ပူဆွေး ငိုကြွေးရာမှ ကျထွက်ကုန်သော မျက်ရည်တို့သည် သံသရာ၌ ဤရှေးဤမျှဟု ပိုင်းခြားရေတွက်ပြစရာ ပမာဏ မရှိ၊ အလွန်ပင် များပြားပေသည်" ဟု မိန့်တော်မူပြီး ထို ဒေသနာတော်ဖြင့် သောက ပြေပျောက်လာသည်ကို သိတော်မူလျှင် "မင်းသား မစိုးရိမ်မကြောကဲကြလင့် ဤအရာသည် မိုက်ကုန်သော လူတို့အား သောက ဖြစ်ပွားသော အရာပေတည်း" ဟု မိန့်တော်မူလိုရကား ဤဂါထာကို ဟောတော်မူ၏-

ဧထ ပဿထိမံ လောကံ၊ စိတ္တံ ရာဇရထူပမံ။
ယတ္ထ ဗာလာ ဝိသီဒန္တိ၊ နတ္ထိ သင်္ဂေါ ဝိဇာနတံ။

လာကြကုန်လော့ (ရတနာ ခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်) ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့၊ ယင်းလောက၌ မိုက်သူတို့သည် နစ်မြုပ်ကြကုန်၏။ ပညာရှိတို့အား ကပ်ငြိတွယ်တာမှုသည် မရှိ။

ဧထ ပဿထ = ဟူသည် မင်းသားကို ရည်ရွယ်၍ ဆို၏။

လောကံ = ဟူသည် ခန္ဓာလောက စသော ဤအတ္တဘောကို ဆို၏။

စိတ္တံ=ဟူသည် ရတနာခုနစ်ပါး စသည်ဖြင့် ဆန်းကြယ်သော မင်းစီးရထား ကဲ့သို့ အဝတ်တန်ဆာ စသည်ဖြင့် ဆန်းကြယ်သောစိတ်ကို ဆိုလို၏။

ယထာဗလံ=ဟူသည် အကြင် အတ္တဘောဌ် လူမိုက်တို့ နှစ်မြုပ်ကုန်၏။

ဝိဇာနတံ-ဟူသည် သိနားလည်သော ပညာရှိတို့အား ဤဌ် ရာဂငြိကပ်မှု တစ်ခုမျှ မရှိတော့ချေ။

ဒေသနာတော်၏ အဆုံးဌ် မင်းသားသည် သောတာပတ္တိဖိုလ်ဌ် တည်၏ ရောက်လာ သူတို့အားလည်း အကျိုးရှိသော တရားဟောခြင်းသည် ဖြစ်ပေ၏။

အဘယမင်းသား ဝတ္ထုပြီး၏။

၅။ သမ္မဇ္ဇနဲ့ မထေရ်ဝတ္ထု

ယော ပုဗ္ဗေ အစရှိသော ဒေသနာတော်မြတ်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ဌ် သီတင်းသုံး နေတော်မူစဉ် သမ္မဇ္ဇန အမည်ရှိ မထေရ်တစ်ပါးကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ထိုသမ္မဇ္ဇနမထေရ်သည် နံနက်စောစောအခါ ဟူ၍လည်းကောင်း ညနေ အခါဟူ၍ လည်းကောင်း အခါအပိုင်းအခြား ထားခြင်း မပြုမူ၍ အစဉ်မပြတ် တံမြက်လှည်း၍သာလျှင် လှည့်လည်၏ တစ်နေ့သဌ် ထိုမထေရ်သည် တံမြက်ကို ကိုင်ယူ၍ နေ့သန့်ရာဌ် သီတင်းသုံးနေတော်မူသော ရေဝတမထေရ်၏ အထံသို့ သွား၍ "မထေရ်သည် ပျင်းလှ၏၊ လူများက သဒ္ဓါတရားဖြင့် ပေးလှူအပ်သော ပစ္စည်းဝတ္ထုကို သုံးဆောင် စားသောက်ပြီးလျှင် ထိုင်နေလေသည်။ အသို့နည်း တံမြက်ဆုပ်ကို ကိုင်ယူ၍ တစ်ခုသော တစ်နေရာဌ် တံမြက်လှည်းခြင်းငှါ မအပ်သလော"ဟု ပြော၏။ ရေဝတမထေရ်သည် ထိုရဟန်းအား ဆုံးမပေအံ့ဟု ကြံတော်မူ၍ "ငါ့ရှင် လာခဲ့ဦးလော့"ဟု ခေါ်၏။ အရှင်ဘုရား အကြောင်းအဘယ်သို့ပါနည်း"ဟု ပြန်၍ မေးလျှောက်သည်ရှိသော် "ငါ့ရှင် သွားချေ ရေချိုးသုံးသပ်၍ လာခဲ့တော့ဟု ခိုင်းစေတော်မူ၏။ သမ္မဇ္ဇနမထေရ်သည် ရေဝတမထေရ်၏ မိန့်ဆိုခိုင်းသည့် အတိုင်းကို ပြု၏။

သမ္မဇ္ဇနမထေရ် ရဟန္တာဖြစ်ခြင်း

ထိုနောက် သမ္မဇ္ဇန မထေရ်ကို ရေဝတ မထေရ်က သင့်တင့်လျောက်ပတ်အရပ်ဌ် ထိုင်နေစေပြီး ဆုံးမတော်မူ၏။ "ငါ့ရှင် ရဟန်းမည်သည် အခါခပ်သိမ်း ကာလပတ်လုံး တံမြက်လှည်းနေခြင်းငှါ မအပ်။နံနက်စောစော တံမြက်လှည်းပြီး ဆွမ်းခံလှည့်လည်ရာ၏၊ ဆွမ်းခံရှာမှု ဖဲ့ခဲ့၍ ဆွမ်းကိစ္စပြီးစီးသော် နေ့သန့်ရာဌ် ထိုင်နေကာ ဒဿတို့ သာကာရကို သရဏဂုဏ်၌ ခန္ဓာကိုယ် အတ္တဘောဌ် ခယဝယကို

ထင်စေရာ၏။ ညနေချမ်းသော အခါ၌မူ တံမြက်လှည်းခြင်းငှါ အပ်၏။အမြဲမပြတ် အခါခပ်သိမ်း တံမြက်မလှည်းမူ၍ မိမိ၏ ကိစ္စ မိမိ၏အတွက်ကိုလည်း ပြုအပ်ပေ၏” ဟု မိန့်တော်မူ၏။

ထိုသမ္မဇ္ဇန မထေရ်သည် ရေဝတမထေရ်၏ ဆုံးမဩဝါဒ၌ တည်၍ မဂ်ကြာမြင့်မီ ပင်လျှင် အရဟတ္တဖိုလ်သို့ ရောက်သွား၏။ သို့သော် ထိုထိုသို့သော အရပ်ဌာနတို့၌ အမှုက်တို့ဖြင့် ကျရောက်ရုပ်ထွေး၍ နေလေတော့သည်။

များစွာသော သူတို့ သောတာပန် တည်ခြင်း

ထိုအခါ သမ္မဇ္ဇန မထေရ်ကို ရဟန်းတို့က“ငှါရှင် သမ္မဇ္ဇန မထေရ် ထိုသို့သော အရပ်သည် ဤမှုက်တို့ ကျရောက်ရုပ်ထွေး၍ နေ၏။ အဘယ်ကြောင့် တံမြက်မလှည်းသနည်း”ဟု ပြောဆိုကြကုန်၏။ “အရှင်ဘုရားတို့ တပည့်တော်သည် မွေ့လျော်သောအခါ၌ ဤသို့ပြုအပ်ပါသည်၊ ဤယခု အခါ၌မူကား မမွေ့မလျော့သည် ဖြစ်ပေသည်ဟု ၎င်းလျှောက်၏။ ရဟန်းတို့က ဤမထေရ်သည် ငါတို့ပြောဆို အပ်သည်မှ အခြားဖြစ်သော အရဟတ္တဖိုလ် စကားကို ပြောဆို ဖြေကြားဘိသည်ဟု မြတ်စွာဘုရားရှင်အား လျှောက်ကြားကုန်၏။

ဘုရားကိုယ်တော်မြတ်က “ချစ်သား ရဟန်းတို့၊ သြော်-ဟုတ်ပေ၏။ ငါ၏ သားတော်သည် ရှေးမွေ့လျော့စဉ်အခါက တံမြက်လှည်း၍ လှည့်လည်၏ ဤယခု အခါ၌ကား မဂ်ဖိုလ် ချမ်းသာဖြင့် နေသည် ဖြစ်သောကြောင့် တံမြက် မလှည်းလေသတည်းဟု မိန့်တော်မူလိုရကား ဤဂါထာကို ဟောတော်မူ၏။

ယော စ ပုဗ္ဗေ ပမဇ္ဇိတ္ထ၊ ပစ္ဆာ သော နပ္ပမဇ္ဇတိ။
သော မံ လောကံ ပဘာသေတိ၊ အဗ္ဘာ မုတ္တော၀ စန္ဒိမာ။

ရှေးအခါက (ကုသိုလ်၌) မွေ့လျော့ခဲ့၍ နောင်အခါ၌ မမွေ့မလျော့ ဖြစ်လာ၍ တိမ်တိုက်မှာလွှတ်သော လကဲ့သို့ ဤလောကကို (မဂ်ဉာဏ်ဆောင်ဖြင့်) ထွန်းလင်းတောက်ပစေ၏။

အနက်ကား။ ။အကြင်ပုဂ္ဂိုလ်သည် ရှေးအခါ၌ ဝတ်ကြီးဝတ်ငယ် ပြုခြင်းဖြင့် လည်းကောင်း။ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းဖြင့် လည်းကောင်း မွေ့လျော့၍ နောင်အခါ၌ မဂ်ဖိုလ်ချမ်းသာဖြင့် အချိန်ကုန်သွန်စေလျက် မမွေ့သည်မည်၏။ ထိုသူသည် တိမ်တိုက်စသည်တို့မှ လွှတ်မြောက်သော လကဲ့သို့ ဩကာသ လောကကို ဤခန္ဓာ အစရှိသော လောကကို မဂ်ဉာဏ်ဖြင့် တောက်ပစေ၏၊ အလင်းရောင် တစ်စပ်တည်းပြု၏။

ဒေသနာတော်၏ အဆုံး၌ လူများစွာတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

သမ္မဇ္ဇနမထေရ်ဝတ္ထုပြီး၏။

ဓမ္မပဒဝတ္ထု (ထ) ၂၄—ပဲ့ဓးသစ်

၆။ အင်္ဂလိမာလမထေရ်ဝတ္ထု၊

ယဿ ပါပံ-အစရှိသော ဒေသနာတော်မြတ်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အင်္ဂလိမာလ မထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

အခြင် အင်္ဂလိမာလမထေရ်သည် သာဝတ္ထိပြည်ကြီးကို အစိုးရတော်မူသော ပသေနဒီ ကောသလ မင်းမြတ်၏ ပုရောဟိတ် ပုဏ္ဏားကြီး၏ အိမ်ရှင်မဖြစ်သူ မန္တာဏီပုဏ္ဏေးမ၏ ဝမ်း၌ ပဋိသန္ဓေ တည်နေလေ၏၊ ပုဏ္ဏေးမသည် ပဋိသန္ဓေကို ကောင်းစွာ စောင့်ရှောက်လျက် အချိန်ရောက်သည်ရှိသော် ညှင်အဖိုး၌ ဖွားမြင်လေ၏။ သူငယ် အမိဝမ်းမှ ဖွားမြင်လာသော အခါဝယ် မြို့တော်အလုံး၌ လက်နက်တို့သည် အလျှံပြောင်ပြောင် တောက်ပကုန်၏။ မင်္ဂလာကို ပြုလျက် ကျက်သရေရှိသော နေရာ၌ ကောင်းမွန်စွာ ထားအပ်သော မင်းကြီး၏ လက်စွဲတော် သန်လျက်သည်လည်း အလျှံ ပြောင်ပြောင် တောက်ပ၏။

ပုရောဟိတ်ပုဏ္ဏား လျှောက်တင်ပုံ

ပုဏ္ဏားကြီးသည် အိမ်မှ ထွက်၍ ကောင်းကင်အထက် နက္ခတ်ကို ကြည့်ရှုသည်ရှိသော် ခိုးသူ၏ နက္ခတ်ဖြင့် ဖွားမြင်လာသည့် အဖြစ်ကို သိ၍ နံနက်မိုးသောက်သည်ရှိသော် ညီလာသဘင် အခစားဝင်ရာ၌ မင်းကြီး အထံသို့ သွား၍ ကောင်းမွန် ချမ်းသာစွာ စက်တော်ခေါ် ရပါ၏ခြင်းလာဟု မေးလျှောက်၏။

မင်းကြီးက "ဆရာပုဏ္ဏား ငါ့အား အဘယ်မှာ ချမ်းသာစွာ စက်တော်ခေါ် နိုင်အံ့နည်း။ ငါ၏ မင်္ဂလာ လက်နက်တော်သည် အရောင် ပြောင်ပြောင် တောက်ပ၏။ တိုင်းပြည် စိုးအုပ်သည့် မင်းအဖြစ်အားသော်လည်းကောင်း၊ အသက်ဇီဝိတိန္ဒြေ အားသော်လည်းကောင်း တစ်စုံတစ်ခုသော အန္တရာယ် ကျရောက် ဖြစ်ခဲပေါ် လိမ့်မည် မှတ်ထင်ပေသည်" ဟု မိန့်တော်မူ၏။ ပုဏ္ဏားကြီးက "အရှင်မင်းမြတ် စိုးရိမ်ကြောင့်ကြတော် မမူပါလင့်။ အကျွန်ုပ်၏ အိမ်၌ သူငယ်ကို ဖွားမြင်ပါသည်။ ထိုသူငယ်၏ အာနုဘော်ကြောင့် ဖြစ်ပါသည်။ အရှင်မင်းမြတ် အရှင်မင်းမြတ်၏ နန်းအိမ်တော်၌သာ လက်နက်တို့သည် အလျှံပြောင်ပြောင် တောက်ပသည် မဟုတ်သေး။ မြို့အလုံး၌ ရှိကုန်သော လက်နက်တို့သည် အလျှံပြောင်ပြောင် တောက်ပကုန်၏" ဟု လျှောက်၏။

"ဆရာ အသို့ဖြစ်လတ္တံ့နည်း" ဟု မေးတော်မူပြန်သည်ရှိသော် "အရှင်မင်းမြတ် ခိုးသူဖြစ်ပါလိမ့်မည်" ဟု လျှောက်၏။ "အသို့နည်း တစ်ယောက်တည်း လှည့်လည်သော ခိုးသူကြီးဖြစ်မည်လော သို့တည်းမဟုတ် ကြမ်းကြုတ်ရက်စက် တိုင်းပြည်ကို ဖျက်အံ့သော ခိုးသူဖြစ်မည်လော" ဟု မေးတော်မူပြန်သဖြင့်

"အမျှင်မင်းမြတ် တစ်ယောက်တည်း လှည့်လည်သော ခိုးသူဖြစ်ပါလိမ့်မည်"ဟု လျှောက်၏။ ဤသို့လျှောက်ပြီးမှ မင်းကြီး၏ စိတ်နှလုံးကို နှစ်သက်စေလို သောကြောင့် "အရှင်မင်းမြတ် ဖွားစအရွယ် ထိုသူငယ်ကလေးကို ယူဆောင် ကွပ်မျက်တော်၌ မူကြပါကုန်လော့"ဟု လျှောက်၏။

အဟိ ံသကလုလင်

"အချင်းပုရောဟိတ် ပုဏ္ဏားကြီး တစ်ယောက်တည်း လှည့်လည်သော ခိုးသူ ဖြစ်ခဲ့မူကား အသို့ပြုနည်း။ မင်းတစ်ဆောင် မျှလောက်သော လက်ဦး သလေးနှံတစ်ခုကဲ့သို့ ဖြစ်ပေအံ့ရာ၏။ ထိုသူငယ်ကို ကောင်းစွာ ပြုပြင် သုတ်သင် ကျွေးမွေးကြကုန်လော့"ဟု မိန့်တော်မူ၏။ ထိုသူငယ်အား အမည်မှည့်မည် ပြုသောနှင့် မင်္ဂလာ သန်လျက်သည်လည်းကောင်း၊ ဝါဂွမ်းစိုင်အထက်၌ ထားအပ်သော ဓါး စသော လက်နက်တို့သည်လည်းကောင်း အရောင် ပြောင်ပြောင် တောက်ပကုန်သော်လည်း တစ်စုံတစ်ယောက်သော သူကိုမျှ မထိပါး မည်ဉီးဆဲကုန်။ ထိုသူငယ်အား အဟိ ံသက ဟူသော အမည်ကို ပြုကြကုန်၏။ ထိုသူငယ်သည် အရွယ်ကြီးမြောက် အတတ်ပညာသင်ချိန်သို့ ရောက် သောအခါ၌ အတတ်ပညာကို ကောင်းစွာ သင်ယူစိမ့်သောငှါ တက္ကသိုလ် တိုင်းပြည်သို့ စေလွှတ်ကြကုန်၏။

ထိုအဟိ ံသက လုလင်သည် ဆရာကြီး၏ အတွင်းနေ တပည့်အဖြစ်ဖြင့် အတတ်ပညာကို သင်ယူစေ၏။ ထိုအဟိ ံသက လုလင်သည် ဆရာအား ပြုဖွယ်ဖြစ်သော ဝတ်ကြီး ဝတ်ငယ်တို့ကို ပြည့်စုံအောင် ပြုစုသောကြောင့် ဆရာကြီးသည် အလွန်ချစ်ခင်မြတ်နိုးခြင်း ဖြစ်စေ၏။ ကြင်နာကုန်သော အတွင်း နေ တပည့်တို့သည် အဟိ ံသကလုလင်လောက် စိတ်ချယုံကြည်ခြင်း မခံရပေ။

မကောင်းကြံသော ကျောင်းသားများ

ထိုတပည့်တို့သည် "အဟိ ံသကလုလင် ရောက်လာသောကာလမှစ၍ ဆရာ ကြီးသည် ငါတို့အား ပြောဆိုဆုံးမခြင်း မထင်မြင်ကုန်။ အဟိ ံသက လုလင်ကို ဆရာကြီးနှင့် အချစ်ပျက် စိမ့်သောငှါ အဘယ်သို့ ခဲဖျက်စေရအံ့နည်း" ဟု စည်းဝေးတိုင်ပင်ကြကုန်သည်ရှိသော် "ငါတို့အားလုံးထက် ပိုလွန်ထက်မြက် သော ပညာရှိသောကြောင့် ပညာမဲ့သည်ဟူ၍လည်း ပြောဆို ကုန်းချောခြင်း ငှာ မတတ်ကောင်း။ ဝတ်ကြီးပတ်ငယ်နှင့် ပြည့်စုံသည့်အဖြစ်ကြောင့် ဝတ်ကြီး ဝတ်ငယ် မပြည့်စုံဟူ၍လည်း ပြောဆိုကုန်းချောခြင်းငှါမတတ်ကောင်း။ အမျိုး မြင့်မြတ် ဇာတ်နှင့်ပြည့်စုံသည့်အဖြစ်ကြောင့် ယုတ်သောအမျိုးဇာတ် ရှိသည် ဟူ၍လည်း ပြောဆို ကုန်းချောခြင်းငှါ မတတ်ကောင်း။ ဤသို့ဖြစ်ခဲ့သော်

အဘယ်သို့ပြုအံ့နည်း”ဟု ထပ်၍ တစ်ဖန် တိုင်ပင်ကြပြန်သည်ရှိသော် “ဆရာ၏ မယားနှင့် ပြစ်မှားခြင်းကိုပြုသည်”ဟု ပြောဆိုကုန်းချောပြီးလျှင်ထို အဟိ သကကို ဖျက်ဆီးကုန်အံ့ဟု တိုင်ပင်ကြကုန်၏။

ထိုနောက်မှ တပည့်တို့သည် အစုအစု ပြုလုပ်စည်းဝေး၍ တပည့်တစ်စုတို့သည် ဆရာကိုချဉ်းကပ်ရှိခိုးရပ်တည်ကြကုန်၏။ “အမောင်တို့၊ အကြောင်းအသို့နည်းဟု မေးသည်ရှိသော် “ဤအိမ်၌ တစ်ခုသောစကားကို ကြားရပါကုန်၏” ဟု ပြော၏။ “အမောင်တို့ အဘယ်ကိုကြားရသနည်း”ဟု မေးသဖြင့် “အဟိ သကလုလင်သည် အရှင်ဆရာ၏ ခင်ပွန်းမ မယားနှင့် ပြစ်မှားလွန်ကျူးသည်မှတ်ဆင်ကြသည်”ဟု ကြားရကြောင်းကို ပြော၏။

ဆရာက ခြိမ်းခြောက်၍ “သူယုတ်မာတို့ သွားကြကုန်လော့၊ ငါ၏သားကို ငါ၏အကြောင်း၌ အချစ်ကို မဖျက်ဆီးကြကုန်လင့်”ဟုပြောဆို၍ တံငွေ့းကို ထွေးလိုက်၏။ ထိုနောက် သုံးဦးကုန်သော တပည့်တစ်စုတို့သည် လာရောက်၍ ရှေးနည်းအတူပြောဆိုကြ၏။

“အရှင်ဆရာမြတ်၊ အကျွန်ုပ်တို့၏စကားကို မယုံကြည်တော်မူသည်ရှိသော် စူးစမ်းဆင်ခြင်၍ သိတော်မူပါကုန်လော့”ဟု ပြောဆိုကြကုန်၏။

အဟိ သကလုလင်ကို သတ်ရန်ကြံစည်ခြင်း

ဆရာကြီးသည် မိမိ၏ ခင်ပွန်းမယားက အဟိ သက သတ္တိသားကို ချစ်ခင်သဖြင့် ပြောဆိုခိုင်းစေသည်တို့ကိုမြင်၍ “ဤသူတို့သည် အကယ်ပင် နှိုးနွှောစပ်ယှက်ယောင်တကား”ဟု အချစ်ပျက်ပြီးလျှင် “အဟိ သက သတ္တိသားကို သတ်ပေအံ့”ဟု ကြံ၏။ ထိုနောက် ဆင်ခြင်ပြန်သည်မှာ “အကယ်၍ ငါသည် ဤသတ္တိသားကို သတ်ခဲ့သည်ဖြစ်အံ့။ ဒိသာပါမောက္ခဆရာကြီးသည် မိမိ၏အထံသို့ အတတ်သင်ယူခြင်းငှါ လာရောက်ကုန်သော သူငယ်တို့ကို သင်းကွဲဖြစ်ခဲ့သော် သတ်ပစ်လေဘိသည်ဟု အရှိန်အစောင့်မဲ့ခြင်းဖြစ်က တစ်စုံတစ်ယောက်မျှ အတတ်ပညာကို သင်ယူခြင်းငှါ ငါ၏ထံမှောက်သို့ မလာမရောက်ပေ လတ္တံ၊ ဤသို့ မလာရောက်သည်ရှိသော် ငါ့အား လာဘ်ပူဇော်သက္ကာရ ဆုတ်ယုတ်ခြင်းဖြစ်ပေလတ္တံ့၊ထိုသို့မပြုလုပ်ဘဲ အဟိ သကသတ္တိသားကို အတတ်ပြီးဆုံးအံ့သော ဥပစာရ ဟုလှည့်ပတ်ပြောဆို၍ “ခရီးသွားလူတစ်ထောင်ကို သတ်လေလော့”ဟု ပြောဆိုအံ့။ လူအပေါင်းတို့တွင် တစ်စုံတစ်ယောက်သည် ပြန်လှန်ထမြောက်၍ ထိုအဟိ သကသတ္တိသားကို သတ်ပေလတ္တံ့ ဟု ကြံစည်အောက်မေ့၏။

ဆရာကြီး၏ စေခိုင်းချက်

ထိုနောက် အဟိံသကသတ္ဂိသားကိုခေါ်၍ "ချစ်သား အဟိံသက လာလှည့်လော့။ ခရီးသွားလူတစ်ထောင်ကို သတ်လေလော့၊ ဤသို့ သတ်သည်ရှိသော် အသင့်အား အတတ်၏ ဥပစာရကို ပြုအပ်သည့် ဖြစ်ပေလိမ့်မည်"ဟု ပြော၏၊ "ဆရာမြတ်၊ အကျွန်ုပ်တို့သည် သူတစ်ပါးတို့ကို မညှဉ်းဆဲအပ်သော အမျိုးဖြစ်ပါသည်။ ခရီးသွားလူကိုသတ်ခြင်းငှါ မစွမ်းနိုင်ပါ"ဟု ပြော၏။

"ချစ်သား အဟိံသက၊ မရအပ်သော ဥပစာရ ရှိသော အတတ်သည် အကျိုးတို့ကို မပေးနိုင်"ဟု ပြောဆိုသဖြင့် ထိုအဟိံသက သတ္ဂိသားသည် လက်နက်ငါးပါးတို့ကို ယူပြီးလျှင် ဆရာကို ရှိခိုး၍ တောအုပ်သို့ ဝင်ရောက်ပြီး တောအုပ်သို့ဝင်ရာအရပ် တောအုပ်မှ ထွက်ရာအရပ်၌ ငံ့ဆိုင်းပုန်းအောင်း၍ လူတို့ကို သတ်၏။ အဝတ်ကိုသော် လည်းကောင်း၊ ဦးရစ်ကိုသော် လည်းကောင်း တစ်စုံတစ်ခုကိုမျှ မယူ။ တစ်ယောက်သောသူ, နှစ်ယောက်သော သူတို့ကို သတ်အပ်လေပြီးမှ ထုတ်ယူခြင်းမျှကိုသာ ပြုလျက်သွား၏။ ရေတွက်ခြင်းကိုလည်း မှတ်သားလေ့ကျက်၍ မထားမိ။

ဤအဟိံသက သတ္ဂိသားသည် ပကတိအားဖြင့်တည်း ပညာရှိသောသူ ပေတည်း။ ယင်းသို့ပင် ပညာရှိသော်လည်း သူတစ်ပါး၏ အသက်ကို သတ်ဖြတ်ခြင်း ပါဏာတိပါတကို ပြုသောသူအား စိတ်သည် မတည်ကြည်။ ထိုကြောင့် အဟိံသက သတ္ဂိသားသည် အရေအတွက်ကိုလည်း မမှတ်သားမိ။ တစ်ခုတစ်ခုသော လက်ချောင်းများကို ဖြတ်၍ချထားရေတွက်ပါသော်လည်း ထားရာအရပ်၌ လက်ချောင်းတို့ ပျက်စီးပျောက်ရှကုန်၏။ ထိုနောင်မှ, ကြိုးဖြင့် ထိုးဖောက်၍ လက်ချောင်းပန်းကုံးကို ပြုပြီးလျှင် ယူဆောင်၏။ ထိုသို့ ယူဆောင်သောကြောင့်သာလျှင် အဟိံသက သတ္ဂိသားအား အဂ်ုလိမာလဟူသော အမည်သည် ထင်ရှားဖြစ်၏။

အဂ်ုလိမာလကြောင့် ရွာများပျက်စီးခြင်း

ထိုအဂ်ုလိမာလသည် အလုံးစုံသော တောအုပ်ကို လူတို့ လှည့်လည်သွားလာခြင်းပြုသည်ကို ကင်းပြတ်စေ၏။ ထင်းခွေရန် တောသို့ သွားရောက်ခြင်းငှါ စွမ်းနိုင်သောသူ တစ်စုံတစ်ယောက်မျှ မရှိ။ ညဉ့်အဖို့၌ ရွာတွင်းသို့ ဝင်လာပြီးသော် ခြေဖြင့် ကျောက်ကန်ပုတ်ခတ် တံခါးကို ခွာလှပ်ပြီးသည်နှင့် တစ်ပြိုင်နက်သတ်၍ တစ်ယောက်ယောက်သောလူကို ယူပြီးသွား၏။ ရွာ၌ တည်ကြကုန်သောလူများ အပေါင်းတို့သည် ခုခံခြင်းငှါ မစွမ်းနိုင်သောကြောင့် စုရုံး၍ နိဂုံး၌ ပေါင်းဆုံတည်နေကြကုန်၏။

တစ်ဖန် နိဂုံးသည်လည်း တည့်တုံခြင်းငှါ မစ္စမ်းနိုင်သောကြောင့် မြို့ဌ်ပေါင်းဆုံစုဝေး တည်လာကြကုန်၏။ လူတို့သည် သုံးယူဇနာမှစ၍ အိမ်တို့ကို စွန့်ပစ်ပြီး၊ သူငယ်တို့ကို ကိုင်စဲ့ပြီးသော် လာခဲ့ကြ၍ သာဝတ္ထိပြည်ကြီးကို ရံပြီးလျှင်၊ သစ်ခက်တဲအိမ်ဖွဲ့နေကြလျက် မင်းရင်ပြင်၌ စုရုံးစည်းဝေး၍ "အရှင်မင်းမြတ်၊ အရှင်မင်းမြတ်၏ တိုင်းပြည်၌ အဂ်ုလိမာလ အမည်ရှိသော ခိုးသူသည် လူတို့ကို သတ်ဖြတ် ရှာအရပ်တို့ကို ဖျက်ဆီးသဖြင့် ဆင်းရဲဒုက္ခကို တွေ့ကြုံရပါကုန်ပြီ။ ဘုန်းတော်ကြီးတော်မူသော အရှင်မင်းမြတ်သည် တိုင်းပြည်သူ တိုင်းပြည်သားတို့အား သနားကြင်နာတော်မူပါသဖြင့် ခိုးသူ၏ ရန်ကို နှိမ်နင်းဖျက်ဆီးတော်မူပါကုန်လော့" ဟု ဟစ်အော်ကုန်လျက် ငိုကြွေးမြည်တမ်းကြကုန်၏။

အဂ်ုလိမာလမိခင်

ပုရောဟိတ်ပုဏ္ဏားက အဂ်ုလိမာလ ခိုးသူဟူသည် ငါ၏သား အဟိံသက ဖြစ်ပေလိမ့်မည်ဟု သိသည်နှင့် မယား ပုဏ္ဏေးမကို "အို-အရှင်မ အဂ်ုလိမာလ မည်သော ခိုးသူသည် ယခု ဖြစ်ပေါ်၍နေသည်။ ထိုအဂ်ုလိမာလ ခိုးသူသည် တစ်ပါးသူမဟုတ်။ အသင်၏သား အဟိံသကပင်တည်း။ ဤယခု အခါ၌ ပြည့်ရှင်မင်းမြတ်သည် ထိုအသင်၏သား ခိုးသူကို ဖမ်းယူခြင်းငှါ ထုတ်တော်မူလတ္တံ့။ အသို့ပြုအံ့နည်း" ဟု ပြော၏။ "အရှင်ချစ်လင်၊ ဤသို့ ဖြစ်ခဲ့လျှင် သွားပါချေ၊ ကျွန်တော်မ၏ သားကို ခေါ်ယူ ပေးပါလော့" ဟု ပြော၏။ "ချစ်နှမ၊ ငါသည် သွား၍ ခေါ်ယူခြင်းငှါ မဝံ့" ဟု ပြော၏။

မိခင်တို့၏ နှလုံးမည်သည်ကား သားသမီးတို့၏ အပေါ်၌ အလွန်နူးညံ့သိမ်မွေ့ပေ၏။ ထို့ကြောင့် ပုဏ္ဏေးမသည် "အမောင် ချစ်လင်၊ အသင်မသွားငံ့ခဲ့သည်ရှိသော် ကျွန်တော်မ၏ သားကို ကျွန်တော်မ သွား၍ ခေါ်ဆောင်ပါတော့မည်" ဟု ပြောဆို၍ ထွက်သွား၏။

ထို့နေ့ မိုးသောက်ယံ၌ မြတ်စွာဘုရားရှင်သည် လောကကို ကြည့်ရှုတော်မူသည်ရှိသော် "အဂ်ုလိမာလ ခိုးသူကို မြင်တော်မူ၍ "ငါဘုရား ကြွသွားသည်ရှိသော် ထိုခိုးသူအား ချမ်းသာခြင်း ဖြစ်ပေလတ္တံ့။ တောအုပ်၌ပင် လေးပါဒရှိသော ဂါထာကို ကြားနာရ၍ ငါဘုရား၏အထံ၌ ရဟန်းပြုပြီးလျှင် ခြောက်ပါးသော အဘိညာဏ်တို့ကို မျက်မှောက်ပြုလတ္တံ့။ အကယ်၍ ငါဘုရား မကြွသွားသည် ဖြစ်အံ့။ မိခင်အား ပြစ်မှား သတ်ဖြတ်ခဲ့လျှင် သံသရာဝဋ်ဒုက္ခမှ မထုတ်ဆောင် မကယ်တင်နိုင်သည် ဖြစ်ပေလတ္တံ့။ ထိုခိုးသူအား ငါဘုရားသည် ချီးမြှင့်ခြင်းကို ပြုအံ့" ဟု ကြံတော်မူ၍ နံနက်အခါ၌ သင်္ကန်းကို ဝတ်ရုံလျက် ဆွမ်းခံ

ကြွ၍ ဆွမ်းစားပြီးနောက် ထိုခိုးသူအား ချီးမြှင့်လိုသောကြောင့် ကျောင်း တော်မှ ထွက်ကြွတော်မူခဲ့၏။

မြတ်စွာဘုရားနှင့် တွေ့ခြင်း

အင်္ဂုလိမာလ ခိုးသူသည်လည်း နေ့ညဉ့်များစွာ မကောင်းသော အာဟာရကို စားသောက်၍ နေရသဖြင့်လည်းကောင်း၊ ကြမ်းတမ်းစွာသော အိပ်ရာနေရာ၌ ဆင်းရဲငြိုငြင်စွာ အိပ်နေရသဖြင့် လည်းကောင်း ငြီးငွေ့ခြင်း ဖြစ်လေ၏။ "အဘယ်မျှလောက်သော လူကို သတ်ဖြတ်ပြီးလေပြီနည်း" ဟု ရေတွက်စိစစ် ကြည့်သည် ရှိသော် ကိုးရာကိုးဆယ့်ကိုးယောက်ကုန်သော လူတို့ကို သတ်အပ် ပေပြီဟု ရေတွက်ကြည့်ရှု၏။

အင်္ဂုလိမာလ ခိုးသူသည် ဤယခုအခါ၌ - လူတစ်ယောက်ကို ရလျှင် တစ်ထောင် ပြည့်ပေလတ္တံ့ဟု မှတ်၍ ငါသည် ရှေးဦးစွာ မြင်သူကို သတ်ပြီးလျှင် အရေအတွက်ကို ဖြည့်ပြီးသော် ဆရာ့အထံ၌ အတတ်၏ ဥပစာရကိုပြုအံ့ပြီးသော် ဆံမုတ်ဆိတ်ကို ရိတ်ချပယ်ရှင်း၍ ရေချိုးသုံးသပ်ပြီး ကောင်းမွန်စွာသော အဝတ်တို့ကို လဲလှယ်ဝတ်ဆင်ကာ မိခင် ဖခင်တို့ကို ကြည့်ရှုဖူးမြင်ရတော့အံ့" ဟု ကြံပြီးလျှင် တောအုပ်၏ အလယ်မှ လာခဲ့၍ တစ်ခုသော အရပ်၌ ရပ်တည်- ကြည့်ရှုသောအခါ မြတ်စွာဘုရားကို မြင်လေ၏။

မြင်လျှင်မြင်ချင်း ပြင်းထန်လျှင်မြန်စွာ ပြေးလိုက်၏။ မြတ်စွာဘုရားသည် ရှေ့မှ တလင်းအပြင်ကိုပြ၍ ကိုယ်တော်သည် အလယ်၌ ဖြစ်၏။ ခိုးသူသည် အစွန်း၌ ဖြစ်၏။ ထိုအင်္ဂုလိမာလသည် "ဤယခုအခါ၌ ထိုရဟန်းကို မီအောင် လိုက်၍ ဖမ်းတော့အံ့" ဟု အားအစွမ်းကုန် ပြေးလိုက်၏။ မြတ်စွာဘုရားသည် တလင်းကွင်းပြင် အဆုံး၌ ဖြစ်ကာ အင်္ဂုလိမာလ ခိုးသူသည် တလင်းကွင်းပြင် အလယ်၌ ရောက်ရှိသည်ဖြစ်၏။ အင်္ဂုလိမာလသည် တလင်းကွင်းပြင်၌ ထို ရဟန်းကို အမီလိုက်၍ ဖမ်းယူတော့အံ့" ဟု ကြံပြီး လျှင်စွာ ပြေးလိုက်ပြန်၏။ မြတ်စွာဘုရားသည် ထိုခိုးသူ၏ ရှေ့မှ မြောင်းကိုလည်းကောင်း၊ တစ်ဖက်ဆည် ကန်ကို လည်းကောင်း ပြတော်မူ၏။ ထိုသို့ဖြင့် သုံးယူဇနာရှိသော အရပ်တို့သို့ ခေါ်ဆောင်၍ ကြွတော်မူ၏။။

အင်္ဂုလိမာလခိုးသူသည် ပင်ပန်းနွမ်းနယ်၍ ခံတွင်း၌ တံတွေးခြောက်ကပ် လာ၏။ ကိုယ်တို့မှချွေးတို့သည် ကျထွက်ကုန်၏။ ထိုအခါ အင်္ဂုလိမာလခိုးသူသည် "ဤရဟန်းသည် အံ့သြဖွယ်ရှိပေစွ" ဟု အကြံဖြစ်လေ၏။ ထိုနောက် "ထို ရဟန်းကို ဖမ်း၍ သတ်အံ့" ဟု ကြံပြီးလျှင် "အိုရဟန်း ရပ်ဦးလော့ ရပ်ဦးလော့" ဟု ပြော၏။ ထိုအခါ ဘုရားကိုယ်တော်မြတ်က "ငါသည်ကား ရပ်တည်သည်

သာလျှင်တည်း။ အသင်သည်သာလျှင် မရပ်ခဲပ”ဟု ပြော၏။ ထိုအခါ အင်္ဂုလိမာလက “ကျွန်ုပ်ရဟန်းသည် သွားလျက် နေသည်ကို ရပ်တဲ့ည်သည်ဟု ပြောဆိုဘိသည်။ ငါသည် ရပ်ကည်၍ နေပါလျက်ကို ရပ်တည်သည် မဟုတ်ဟု ပြောဆိုဘိသည်။ ကျွန်ုပ်ရဟန်းကို ငါသည် မေးဦးအံ့” ဟု ကြံ၍ “အိုရဟန်း၊ အသင်သည် အဘယ်ကြောင့် ရပ်တည်သည် မည်သနည်း။ ငါသည် အဘယ်ကြောင့် ရပ်တ့ည်သည် မမည်သနည်း”ဟု မေး၏။

အင်္ဂုလိမာလ ဟိဘိက္ခု- ရဟန်းဖြစ်ခြင်း

ဘုရားကိုယ်တော်မြတ်က “အချင်း အင်္ဂုလိမာလ ငါသည် သတ္တဝါကို၌ ထိပါးပုတ်ခတ် သတ်ဖြတ်ခြင်းဟူ ဆိုအပ်သော ဒဏ်ကိုပယ်၍ သတ္တဝါတို၌ မေတ္တာသက်ဝင် ချစ်ခင်ခြင်း, သည်းခံခြင်း, ပညာဖြင့် ဆင်ခြင်အောက်မေ့ခြင်း မည်၏ဆဲ မပုတ်ခတ်ခြင်း သာရဏီယ ကျင့်ဝတ်ခမူတို၌ တည်ပေ၏။ ထို့ကြောင့် ငါသည် ရပ်တည်သည် မည်၏။ အသင်သည် သတ္တဝါတို၌ ညှဉ်းဆဲပုတ်ခတ် သတ်ဖြတ်ခြင်းဟူ ဆိုအပ်သော ဒဏ်ကို တင်၍ တစ်ထောင်ကုန်သော သတ္တဝါတို့ကို သတ်ဖြတ်လျက် သတ္တဝါတို၌ မေတ္တာသက်ဝင် ချစ်ခင်ခြင်း, သည်းခံခြင်း မည်၏ဆဲ မပုတ်ခတ်ခြင်းနှင့် သာရဏီယ ကျင့်ဝတ်တို၌ မတည်ပေ။ ထို့ကြောင့် အသင်သည်သာ မရပ်တည်သော်သူ မည်၏”ဟု မိန့်တော်မူ၏။

ထိုနောက် အင်္ဂုလိမာလ ခိုးသူသည် “ကျွန်ုပ်ရဟန်းကား ခြေသွက်မင်းကဲ့သို့ ရဲရင့်တည်ကြည်သော ကြုံးဝါးခြင်းကို ကြုံးဝါး၏။ ကျွန်ုပ်ရဟန်းသည် တစ်ပါးသောသူမဖြစ်ပေလတ္တံ့။ မဟာမာယာမိဖုရား၏ သားတော် ရဟန်းမင်း ဖြစ်ပေလိမ့်မည်။ ထို့ကြောင့်သာလျှင် ကျွန်ုပ်ကဲ့သို့ ကြုံးဝါးခြင်းကို ပြုပေသည်။ ငါသည် ရဟန်းမင်းစစ် ဖြစ်တော်မူပေသော မြတ်စွာဘုရားကို ဖူးမြင်ရချေပြီဟကား။ ရဟန်းမြတ် ဖြစ်တော်မူသော မြတ်စွာဘုရားသည် ငါ့အားခြိုးမြင့်ရန် ကြွတော်မူလာချေသည်တကား” ဟု အကြံဖြစ်ကာ “ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်အား အရှင်မြတ်ကို မဖူးမြင်ရခြင်းသည် ကြာမြင့်လှလေပြီတကား” ဟု ကျွန်ုပ်သို့ အစရှိသော စကားကို လျှောက်ကြား၍ ဂါးပါးသော လက်နက်တို့ကို စွန့်ပစ်ပြီးလျှင် ဘုရားရှင်အထံသို့ ချဉ်းကပ်လျက် ရဟန်းအဖြစ်ကို တောင်းပန်၏။

ထိုအခါ မြတ်စွာဘုရားသည် ထိုအင်္ဂုလိမာလ၏ ရှေးရှေးသော ဘဝများက သိလရှိသော ပုဂ္ဂိုလ်တို့အား ရှုစ်ပါးသော ပရိက္ခရာ လှူဒါန်းချီးမြှင့်သည့် အဖြစ်ကို သိမြင်တော်မူသောကြောင့် ဆဒ္ဒန်ဆင်မင်း နှာမောင်းနှင့်တူသော လက်ယာလက်မောင်းတော်ကို ဆန့်တန်းတော်မူ၍—

"ဧဟိ ဘိက္ခု၊ သ္ဒာက္ခာတော ဘဂဝတာ ဓမ္မော၊ စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယ"

ဟူသော ပါဠိဖြင့် မိန့်တော်မူ၏။

ရဟန်း.... လာလော့၊ မြတ်စွာဘုရားသည် တရားတော်ကို ကောင်းစွာ ဟောကြားတော်မူအပ်၏။ ဆင်းရဲ၏ အဆုံးကို ပြုခြင်းငှါ မြတ်သောအကျင့်ကို ကောင်းစွာ ကျင့်လော့။

အင်္ဂုလိမာလသည် ဧဟိဘိက္ခု- ခေါ်တော်မူသော မြတ်စွာဘုရား မိန့်မြွက်သံနှင့် တစ်ပြိုင်နက်လျှင် တန်ခိုးဖြင့် ပြီးသော သပိတ်သင်္ကန်းကို ရလေ၏။ ထိုခဏ၌ပင် လူ၏အသွင် ကွယ်ပျောက်ကာ ရဟန်းအသွင် ထင်ရှားဖြစ်လေ၏။ ရဟန်းဖြစ်ပြီးသည်မှ နောက်၌ မြတ်စွာဘုရားသည် ထို အင်္ဂုလိမာလ ရဟန်းကို နောက်၌ အလုပ်အကျွေး ရဟန်းပြုလျက် သပိတ်သင်္ကန်းကို ယူစေ၍ ကျောင်းတော်သို့ ကြွတော်မူ၏။

မယ်တော်ဖြစ်သော မန္တာနီ ပုဏ္ဏေးမသည်လည်း ရှစ်ဥသဘမျှလောက်သော တောအရပ်၌ အကြားမလပ် နှံစပ်အောင် ရှာဖွေလျက် ချစ်သား အဟိံသက၊ အဘယ်အရပ်၌ ရပ်တည်ဘိသနည်း၊ အဘယ်အရပ်၌ ထိုင်နေဘိသနည်း၊ အဘယ်အရပ်သို့ လှည့်လည်ဘိသနည်း၊ သန္ဓေကိုယ်ဝန်ကို ဆောင်လွယ်ပြီး မွေးဖွားခဲ့ရသည့် အနန္တဂုဏ်အင် ကျေးဇူးရှင် ဖြစ်သော ငါမိခင်နှင့် အတူတကွ အသင် ချစ်သားသည် အဘယ်ကြောင့် စကား မပြောမဆိုလေပါသနည်း" ဟု ပြောဆို မြည်တမ်း လှည့်လည်လျက် မတွေ့မြင်သည်ရှိသော် ဤအရပ်မှ သာလျှင် ပြန်သွားလေ၏။

ကောသလမင်းကြီး အင်္ဂုလိမာလဖမ်းရန် ထွက်တော်မူခြင်း

သာဝတ္ထိပြည်ကြီးရှင် ဘုရင် ပသေနဒီကောသလမင်းကြီးသည် စစ်သည်ဗိုလ်ပါတို့ကို ရုံးစု စီမံ၍ ခိုးသူကို ဖမ်းယူခြင်းငှါ မြို့မှ ထွက်လာခဲ့၍ မြတ်စွာဘုရား ကျောင်းတော်သို့ ရှေးဦးစွာ ဝင်သွား၏။ မြတ်စွာဘုရား ကျောင်းတော်သို့ ဝင်သွားခြင်းမှာ မင်းကြီးသည် အင်္ဂုလိမာလ ခိုးသူအား ရှုံကြောက်သည် ဖြစ်၍ သွားခြင်းငှါ အလိုမရှိ။ သို့ပင် မသွားလိုသော်လည်း သူတစ်ပါးတို့ အကဲ့ရဲ့မခံရရန် ထွက်ကြွတော်မူခြင်းဖြစ်၏။ ထိုကြောင့် ပသေနဒီ ကောသလမင်းကြီးအား "ငါသည် မြတ်စွာဘုရားအထံတော်သို့ ရှေးဦးစွာ ဝင်ရောက်နေထိုင်အုံ။ မြတ်စွာဘုရားက အဘယ်ကြောင့် စစ်သည်ဗိုလ်ပါနှင့်တကွ ထွက်လာသနည်း ဟု မေးတော်မူလတ္တံ့။ ထိုသို့ မေးတော်မူသောအခါ ငါသည်

အကြောင်းကို ကြားလျှောက်အံ့။ မြတ်စွာဘုရားသည် ငါ့ကို တမလွန်လောက အကျိုးဖြင့် သက်သက်သာ ချီးမြှင့်တော်မူသည့် မဟုတ်။ မျက်မှောက် ပစ္စုပ္ပန် အကျိုးကိုလည်း ချီးမြှင့်တော် မူသည်သာလျှင်တည်း။ ငါ့အား အာကယ်၍ အောင်နိုင်လတ္တံ့သည် ဖြစ်အံ့။ မြတ်စွာဘုရားသည် တိတ်တဆိတ် သည်းခံတော်မူလတ္တံ့။ အကယ်၍ ရှုံးခြင်း ဖြစ်လတ္တံ့သည် ဖြစ်ခဲ့အံ့။ ဒကာတော် မင်းကြီး၊ အသင်မင်းကြီးအား ခိုးသူတစ်ယောက်ကို အကြောင်းပြု၍ သွားသဖြင့် အဘယ်အကျိုး ရှိအံ့နည်းဟု မိန့်ဆိုတော်မူလတ္တံ့။ ထိုသို့ မိန့်ဆိုတော်မူသည် ရှိသော် လူများအပေါင်းသည် ငါ့အား ပြည့်ရှင်မင်းကြီးသည် ခိုးသူကို ဖမ်းယူခြင်းငှါ ထွက်သွားပါလျက် မြတ်စွာဘုရားသခင်သည် ဆုတ်နစ်ပြန်လည် စေဘိသည်ဟု သိကြကုန်၍ ငါ့အား ကဲ့ရဲ့ရွဲတ်ချခြင်းမှ လွတ်ပေလတ္တံ့"ဟု ကြံ၍ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏ ထံသို့ ဝင်ရောက်လေသတည်း။

ပသေနဒီ ကောသလမင်းကြီးသည် မြတ်စွာဘုရားရှင်ကို ရှိခိုးဦးချ ထိုင်နေ၏။ ဘုရားကိုယ်တော်မြတ်က ဒကာတော်မင်းကြီး မျှားစွာသော စစ်သည်ဗိုလ်ပါ တို့ဖြင့် စုရုံးစည်းဝေးလျက် အတိအရပ်သို့ သွားအံ့နည်းဟု မေးတော်မူသဖြင့် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ အဂ်ုလိမာလ အမည်ရသော ခိုးသူအား ဖမ်းယူခြင်းငှါ သွားလိုပါသောကြောင့် ထွက်လာပါ!သည်ဟု လျှောက်၏။ မြတ်စွာဘုရားရှင်က ဒကာတော်မင်းကြီး၊ အင်္ဂုလိမာလ ခိုးသူသည် ဆိုမူတ်ဆိတ်ကို ပယ်ချ၍ ဖန်ရည်စွန်းသော အဝတ်တို့ကို ဝတ်ရုံလျက် ပါဏာတိပါတ် အစရှိသည်ဟို့မှ ကြဉ်ရှောင်သဖြင့် ကောင်းမြတ်သော အကျင့်ကို ကျင့်ပြီးသော် အိမ်ရာထောင်သော လူ့ဘောင်မှ ခွါရှောင်ထွက်မြန်း ရဟန်းပြုသည်ကို အကယ်၍ တွေ့မြင်ခဲ့သည် ဖြစ်အံ့၊ ထိုအင်္ဂုလိမာလကို အာဘယ်သို့ ပြုမည်နည်းဟု မေးတော်မူ၏။

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဒကာတော်သည် ရှိသေမြတ်နိုး ရှိခိုးလုပ်ကျွေးပါကုန်အံ့။ ခရီးဦး ကြိုဆို၍ နေရာဖြင့် ပင့်ဖိတ်ပါကုန်အံ့၊ သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး လေးပါးသော ပစ္စည်းတို့ဖြင့် ချီးမြှင့်ပေးကမ်း လှူဒါန်းပါကုန်အံ့၊ ထိုအင်္ဂုလိမာလအား တရားအားလျော်သော အစောင့် အရှောက်ဖြင့် လုံခြုံစွာ စောင့်ရှောက်ခစေခြင်းငှါ စီမံပါကုန်အံ့။ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ ယုတ်မာသော အကျင့်ရှိသောသီလ အလျဉ်း ကင်းရှင်းသော ထိုခိုးသူအား ဤသို့သဘောရှိသော သီလစောင့်စည်းခြင်းသည် အဘယ်မှာ ဖြစ်နိုင်ပါအံ့နည်းဟု လျှောက်၏။ ပြည့်ရှင်မင်းကြီးနှင့် မြတ်စွာ ဘုရားရှင်သည် စကားပြောဆိုသော အခါ၌ အရှင် အင်္ဂုလိမာလသည် မြတ်စွာ ဘုရားရှင်၏ အနီး၌ ထိုင်နေပေ၏။

ဘုရင်စစ်သည်တော်များ ထွက်ပြေးကြခြင်း

ထိုအခါ မြတ်စွာဘုရားရှင်သည် လက်ယာ လက်ရုံးတော်ကို မြှောက်ချီတော်မူ၍ ပသေနဒီ ကောသလမင်းကြီးကို ဒကာတော် မင်းကြီး၊ ထိုသူသည် အင်္ဂုလိမာလ ခိုးသူပင်တည်းဟု ညွှန်ကြားပြသ မိန့်ဆိုတော်မူ၏။

ထိုအခါ ပသေနဒီ ကောသလမင်းကြီးအား ကြက်သီးမွေးညင်း ထခြင်း, ကိုယ်ခက်ထရော် ရှိခြင်း, ရုံ့ကြောက် တုန်လှုပ်ခြင်းတို့သည် ဖြစ်လေ၏။ ကြင်းကုန်သော လူမျှားအပေါင်းတို့သည်လည်း ထိတ်လန့်ကြောက်ရုံ့ကုန်သည် ဖြစ်၍ လက်၌ ကိုင်ဆဲအပ်သော လက်နက်တို့ကို ချလွှတ်စွန့်ပစ်၍ မိမိ မိမိတို့ ရှေးရှုရာ အရပ်သို့သာလျှင် ပြေးသွားပြီးသော် မြို့သို့ဝင်၍ တံခါးကို ပိတ်ပြီးမှ ပြအိုး, ပစ္စင် တို့သို့တက်၍ ကြည့်ရှုလျက် တည်နေ၏။ အင်္ဂုလိမာလ ခိုးသူသည် ငါဆံသို့ မင်းကြီးဖမ်းယူခြင်းငှါ လာလိမ့်မည်ဟု သိနှင့်၍ ရှေးဦးစွာ လာဆောက် ပြီးလျှင် ဇေတဝန်ကျောင်းတော်၌ နေလျက် မင်းကြီးကို ခိုးသူဖမ်းယူ၍ သွားလေပြီ၊ ငါတို့သည်ကား ထွက်ပြေးလာသောကြောင့် လွတ်ပေသည်”ဟု အချင်းချင်း ပြောဆိုကြကုန်၏။

ပစ္စည်းလေးပါး ဒါယကာခံခြင်း

ထိုအခါ မြတ်စွာဘုရားရှင်သည် ပသေနဒီ ကောသလမင်းကြီးအား ကြောက်ရုံ့ ထိတ်လန့် တုန်လှုပ်ခြင်း, ကြက်သီးမွေးညင်းထခြင်း ဖြစ်သည်ကို သိတော်မူ၍ ဒကာတော်မင်းကြီး မကြောက်မရုံ့လေလင့် အသင်မင်းကြီးအား ဤအင်္ဂုလိမာလမှ ဘေးမရှိပေပြီဟု မိန့်တော်မူ၏။

ထိုအခါ မင်းကြီးအား ကြောက်ရုံ့ခြင်း, ကြက်သီးမွေးညင်း ထခြင်း, ကိုယ်ခက်ထရော်ဖြစ်ခြင်း ငြိမ်းပျောက်၍ အရှင်အင်္ဂုလိမာလ အထံသို့ လာရောက် ချဉ်းကပ်၍ ညွတ်ပျပ်ဝပ်လျှိုး ရှိခိုးပြီးသော် အရှင်အင်္ဂုလိမာလ ဟူသည် အရှင်ဘုရားပေလောဟု မေးလျှောက်၏။ ဒကာတော် မင်းကြီး ဧကြော် ဟုတ်ပေ၏ဟု မိန့်ဆိုသဖြင့် အရှင်၏ ဖခင်သည် အဘယ်အနွယ်ပါနည်း။ အရှင့် မိခင်သည် အဘယ်အနွယ်ပါနည်းဟု မေးလျှောက်၏။ ဒကာတော် မင်းကြီး ငါ၏ဖခင်သည် ဘဂုဝ အနွယ်တည်း၊ ငါ၏ မိခင်သည် မန္တာနီ အနွယ်တည်းဟု ပြော၏။ အရှင်ဘုရား အရှင်မြတ်သည် ဘဂုဝ ပုရောဟိတ်ပုဏ္ဏား မန္တာနီပုဏ္ဏေးမ သား ဖြစ်ခဲ့ပါမူ သာသနာတော်၌ မွေ့လျော်တော်မူပါ၏လော။ အရှင်မြတ်အား ဒကာတော်သည် သက်ဒန်း, ဆွမ်း, ကျောင်း သူနာ၏ အထောက်အပံ့ဖြစ်သော ဆေး အသုံးအဆောင်တို့ကို လှူဒါန်းချီးမြှင့် ကြောင့်ကြခြင်းကို ပြုပါအံ့ဟု ပင့်ဖိတ် လျှောက်ထား၏။

ထိုအခါ၌ အရှင်အင်္ဂုလိမာလသည် အရညကင်ဓူတင်၊ ပိဏ္ဍပါတ်ဓူတင်, ပုံသကူဓူတင်, တိစီဝရိက်ဓူတင် ဆောက်တည်သည် ဖြစ်သောကြောင့် ဒကာတော်မင်းကြီး ရှိစေတော့။ ငါ့အား သင်္ကန်း ပြည့်စုံပေပြီဟု မိန့်တော်မူ၏။

ထိုနောက် ပသေနဒီကောသလ မင်းကြီးသည် မြတ်စွာဘုရားရှင်ကိုယ်တော် မြတ်၏ ထံသို့ သွားရောက်ချဉ်းကပ် ရှိခိုးထိုင်နေပြီးသော် ဘုန်းတော်ကြီးတော် မူသော မြတ်စွာဘုရား အံ့ဖွယ်ရှိလေစွ၊ မဖြစ်ဖူးမြဲ ဖြစ်လေစွ။ မြတ်စွာဘုရားရှင် သည် မယဉ်ကျေးသော သူကို ယဉ်ကျေးအောင် ဆုံးမတော်မူနိုင်ပါပေ၏ မငြိမ်းအေးကုန်သော သူတို့အား ငြိမ်းအေးစေကုန်သည် ဖြစ်၍ ဆုံးမတော် မူနိုင်ပါပေ၏။ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား ဒကာတော်တို့သည် ဒဏ်ဖြင့်သော်လည်းကောင်း၊ လက်နက်ဖြင့်သော် လည်းကောင်း ယဉ်ကျေး အောင် ဆုံးမခြင်းငှါ ဓစ္စမ်းနိုင်ပါကုန်။ ထိုအရာကို မြတ်စွာဘုရားရှင်သည် ဒဏ်ဖြင့်သော်လည်းကောင်း၊ လက်နက်ဖြင့်သော်လည်းကောင်း မကူမဖက် သက်သက် ယဉ်ကျေးအောင် ဆုံးမတော်မူနိုင်ပါပေသည်။ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား ဒကာတော်တို့သည် ပြုဖွယ်ကိစ္စ များပြား လှသည် ဖြစ်သောကြောင့် ပြန်သွားပါကုန်ဦးအံ့ဟု ပန်ကြား၏။

ဒကာတော်မင်းကြီး ဤယခုအခါ၌ ဒကာတော် မင်းကြီးအား ပြန်သွား အပ်သော အခါန်အခါကို သိလေလော့ဟု မိန့်တော်မူသဖြင့် မင်းကြီးသည် နေရာမှထ၍ မြတ်စွာဘုရားရှင်ကို ရှိခိုးပြီးသော် လက်ယာရစ် လှည့်လည်သည်ကို ပြု၍ ဖဲသွားလေ၏။

ဆွမ်းအတွက် အခက်ကြုံခြင်း

ထိုနောက် အရှင်အင်္ဂုလိမာလ မထေရ်သည် နံနက်အခါ၌ သင်္ကန်းကို ဝတ်ရုံ၍ သပိတ်ကို ယူပြီးသော် သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံခြင်းငှါ ကြွဝင်တော် မူ၏။ လူတို့သည်လည်း အင်္ဂုလိမာလ မထေရ်ကို မြင်၍ ထိတ်လန့်လည်း ထိတ်လန့်ကုန်၏၊ ပြေးလည်းပြေးကုန်၏၊ တံခါးကိုလည်း ပိတ်ကုန်၏။ အချို့သော သူတို့သည် အင်္ဂုလိမာလတည်းဟု ကြားကာမျှဖြင့်သာလျှင် ထွက်ပြေး၍ တောသို့ ဝင်ကုန်၏။ အချို့သော သူတို့သည် အိမ်သို့ ပြေးဝင်၍ တံခါးကို ပိတ်ထား ကုန်၏။ ပြေးခြင်းငှါ မစွမ်းနိုင်ကုန်သော သူတို့သည် ကျောက်ကုန်းကိုပေး၍ တည်နေကုန်၏၊ မထေရ်သည် တစ်မှာက်မျှသော ယာဂုကိုလည်းကောင်း၊ တစ်ယောက်ချို့ မျှသော်လက်သော ဆွမ်းကိုလည်းကောင်း မရ၊ "ဆွမ်းဖြင့် ပင်ပန်း၏။

မြို့ပြင်၌ မရသည်ရှိသော် မြို့တွင်းသည်ကား အလုံးစုံသော သူတို့နှင့် ဆက်ဆံ၏ဟု နှလုံးသွင်း၍ မြို့တွင်းသို့ ကြွဝင်တော်မူပြန်၏။ အကြင် တံခါးဖြင့် မထေရ် ကြွဝင်တော်မူ၏။ ထိုတံခါး၌ အင်္ဂုလိမာလ လာသတည်းဟု ကြား၍ အထွတ်တစ်ထောင်တို့၏ ကျိုးပြတ်၍ ကျအံ့သကဲ့သို့သော အကြောင်းသည် ဖြစ်၏။ ဤသို့သော အခြင်းအရာဖြင့် မထေရ်အား မျှလောက်ရုံမျှသော ဆွမ်း, ယာဂုကို မရသည် ဖြစ်၍ ပင်ပန်း နွမ်းနယ်လေ၏။

မီးဖွားခြင်း ဒုက္ခ

ထိုနောက် တစ်နေ့သောအခါ၌ အရှင် အင်္ဂုလိမာလသည် သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံကြွဝင်၍ အိမ်စဉ်အတိုင်း လှည့်လည်သည် ရှိသော် ကိုယ်ဝန်မှ မထမြောက်နိုင်သည်ဖြစ်၍ တွေဝေမိန်းမော နစ်မျောခံစားရသော ဒုက္ခရှိသော မိန်းမ တစ်ယောက်ကို တွေ့မြင်၍ "အိုအချင်းတို့၊ သတ္တဝါတို့သည် ပင်ပန်းဆင်းရဲ လေကုန်စွတကား" ဟူသော အကြံသည် ဖြစ်၏။ ထိုနောက် မထေရ်သည် သာဝတ္ထိမြို့တွင်း၌ ဆွမ်းခံလှည့်လည်၍ ညချမ်းသောအခါ ဆွမ်းခံရွာမှ ဖဲ့သည် ရှိသော် မြတ်စွာဘုရား သီတင်းသုံးတော်မူရာ ဖြစ်သော အရပ်သို့သွားရောက် ချဉ်းကပ်၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်သည် နံနက်အခါ၌ သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံခြင်းငှါ ကြွဝင်၍ အိမ်စဉ်အတိုင်း လှည့်လည်သည်ရှိသော် ကိုယ်ဝန်မှ မထမြောက်နိုင်သည် ဖြစ်၍ တွေဝေမိန်းမော နစ်မျောသော အားဖြင့် ဆင်းရဲဒုက္ခကို ခံစားရသော မထင်ရှားသော တစ်ယောက်သောမိန်းမကို တွေ့မြင်ရသောကြောင့် အို အချင်းတို့၊ သတ္တဝါ တို့သည် အလွန်တရာ ပင်ပန်း ဆင်းရဲလေကုန်စွဟု ဆင်ခြင်မိပါသည်ဟု လျှောက်၏။

မီးဖွားလွယ်သော အင်္ဂုလိမာလ ပရိတ်တော်

ချစ်သား အင်္ဂုလိမာလ၊ ထိုသို့တပြီးကား အသင်သည် ထိုမိန်းမရှိရာအရပ်သို့ သွားရောက် ချဉ်းကပ်၍ ထိုမိန်းမကို—

ယတောဟံ ဘဂိနိ အရိယာယ ဇာတိယာ ဇာတော၊
နာဘိဇာနာမိ သိဉ္ဇိစ္စ ပါဏံ ဇီဝိတာ ဝေါရောပေတာ၊
တေန သစ္စေန သောတ္ထိ တေ ဟောတု သောတ္ထိ ဂဗ္ဘဿ။

ဤသို့သောပါဌ်ကို ရွတ်ဆိုပြောကြားလေလော့ဟု မိန့်တော်မူ၏။

ထိုသို့ မြတ်စွာဘုရား မိန့်ဆိုတော်မူသော စကားကိုကြား၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်သည် ရှေးအခါ၌ များစွာသော

သတ္တဝါတို့ကို ဇီဝိတိန္ဒေမှ ချသတ်အပ်၏။ သို့ဖြစ်၍ ယခုအခါ တပည့်တော် ဤကဲ့သို့ ပြောသိုသည်ရှိသော် သိလျက် ချိုယွင်းသော စကားကို လိမ်လည် လှည့်ဖြား၍ ပြောဆိုသည် မဖြစ်ပြီလောဟု လျှောက်၏။

ချစ်သား အင်္ဂုလိမာလ၊ အသင်သည် ထိုမိန်းမ၏အထံသို့ ချဉ်းကပ်၍ ဤသို့သော စကားကိုသာ ပြောကြားလေ လော့ဟု တစ်ဖန်ထပ်၍ မိန့်တော်မူသဖြင့် ကောင်းပါပြီ အရှင်ဘုရားဟု ဝန်ခံ၍ ထိုကိုယ်ဝန်ဆောင်သော မိန်းမ၏ အထံသို့ အင်္ဂုလိမာလ မထေရ်သည် ကြွတော်မူ၏။ မိန်းမတို့၏ မီးဖွားရာ အရပ်မည်သည် လူဃောက်ျားသော်မှ ချဉ်းကပ်ခြင်းငှါ မတတ်ကောင်း မထေရ်သည် အဘယ်ကြောင့် ကြွလာသနည်းဟု မေးသည်ရှိသော် အင်္ဂုလိမာလ မထေရ်သည် သစ္စာ အမှုကိုပြု၍ ချမ်းသာသည်ကို ပြုခြင်းငှါ ကြွတော်မလာ သည်ဟု ကြားစေ၏။

ထိုနောက်မှ လူများအပေါင်းတို့သည် ကိုယ်ဝန်ဆောင်သော မိန်းမကို တင်းတိမ်ဖြင့် ဝန်းရံ၍ မထေရ်အား အကာအရံ၏ ပြင်ပဘက်၌ နေရာကို ခင်းစေကုန်၏။ မထေရ်သည် ခင်းထားအပ်သော ထိုနေရာ၌ ထိုင်နေတော်မူလျက် "ယတော အဟံ ဘဂိနိ" အစရှိသော မြတ်စွာဘုရား ပေးသနားတော်မူသော ပရိတ်တော်ဖြင့် သစ္စာကို ပြုတော်မူ၏။

အင်္ဂုလိမာလ ပရိတ်တော်၏ တန်ခိုး

သစ္စာကို ပြုသည်နှင့် တစ်ပြိုင်နက်သာလျှင် ဓမ္မကရိုဏ်မှ ယိုစီးကျလာသော ရေကဲ့သို့ သူငယ်သည် အမိဝမ်းမှ ထွက်လာ၏။ မိခင်နှင့် တကွသော သားတို့အား ချမ်းသာခြင်း ဖြစ်ပေ၏။

ဤပရိတ်တော်သည် မဖျက်ဆီး မတားမြစ်နိုင်သော ဘေးအန္တရာယ် မည်သည် တစ်စုံတစ်ခုမျှ မရှိ၊ အလုံးစုံသော ဘေးအန္တရာယ်ကို တားမြစ် ဖျက်ဆီးနိုင်သည် သာလျှင်တည်း။ ထိုကြောင့် ထိုပရိတ်တော်ကို မဟာပရိတ် မည်၏ ဟူ၍ ဆိုအပ်ပေ၏။

ထိုကြောင့် မဇ္ဈိမပဏ္ဏာသ အဌကထာ၌—

ဣမဉ္ဇ ပန ပရိတ္တံ နာ ကိဉ္ဇိ ပရိဿယံ နာ မဒ္ဒတိ။ မဟာပရိတ္တံ နာမေတန္ကိ ဝုတ္တံ။ ။ဟု မိန့်တော်မူ၏။

နောက်၌လည်း မထေရ် သစ္စာပြုသော နေရာ၌ အင်းပျဉ်ကို ခင်းထားကုန်၏။ ကိုယ်ဝန်မှ မထမြောက်နိုင်သည်ဖြစ်၍ တွေဝေမိန်းမောကုန်သော မိန်းမတို့ကို ဆောင်ယူ၍ ထိုအင်းပျဉ်၌ အိပ်စေကုန်၏။ အိပ်စေသော ထိုခဏ၌သာလျှင်

ချမ်းသာစွာ ကိုယ်ဝန်မှ ထမြောက်ခြင်း ဖြစ်ပေ၏။ အကြင်မိန်းမသည် အားနည်းသည့် အဖြစ်ကြောင့် ထိုအင်းပျဉ်နေရာသို့ ဆောင်ယူခြင်းငှါ မစွမ်း နိုင်ကုန် ထိုမိန်းမတို့အား အင်းပျဉ်ဆေးသော မရကို ယူဆောင်၍ ဦးခေါင်းဌ သွန်းလောင်းကုန်၏၊ ထိုရကို သွန်းလောင်းသောခဏ၌ သာလျှင် ကိုယ်ဝန်မှ ထမြောက်ခြင်း ဖြစ်ပေ၏။ ဇာစ်ပါးသော ရောဂါကိုလည်း ငြိမ်းစေနိုင်၏။ ထိုပရိတ်တော်သည် ကမ္ဘာဆုံးသည်တိုင်အောင် တည်နိုင်လောက်သော တန်ခိုး အာနုဘော် ရှိပေလတ္တံ့။

အသို့ပေနည်း မြတ်စွာဘုရားရှင်သည် အင်္ဂုလိမာလ မထေရ်ကို ဆေးကုခြင်း အမှုကို ပြုစေဘိသလော ဟူတုံခဲ့အုံ့။ ဆေးကုခြင်း အမှုကို ပြုစေသည်မဟုတ်။ မထေရ်ကိုမြင်၍ လူအပေါင်းတို့သည် ကြောက်ရွံ့ကြသောကြောင့် ထွက်ပြေး ကုန်၏။ မထေရ်သည် ဆွမ်းအာဟာရဖြင့် ပင်ပန်း နွမ်းနယ်၏။ ရဟန်းတရားကို အားထုတ်ခြင်းငှါ မစွမ်းနိုင်။ ထိုကြောင့် မထေရ်အား ချီးမြှင့်တော်မူသဖြင့် သစ္စာမူခြင်းကို ပြုစေ၏။ ဤသို့ပြုအပ်သည်ရှိသော် လူမျှားအပေါင်းတို့သည် မထေရ်အား ဤယခုအခါ၌ အင်္ဂုလိမာလမထေရ်သည် မေတ္တာစိတ်ကို ရ၍ သစ္စာမူခြင်းဖြင့် လူတို့အား ချမ်းသာသည့် အဖြစ်ကို ပြုပေ၏ဟု မထေရ်ကို မှီဝဲဆည်းကပ် အပ်ပေသည်ဟု အောက်မေ့ကုန်လတ္တံ့။ ထိုသို့ အောက်မေ့မှီဝဲ ဆည်းကပ်ခြင်းကြောင့် ဆွမ်း အာဟာရဖြင့် မပင်ပန်းဘဲ ရဟန်းတရားကို အားထုတ်ခြင်းငှါ စွမ်းနိုင်ပေလတ္တံ့ဟု မထေရ်ကို ချီးမြှင့်သဖြင့် သစ္စာမူခြင်းကို ဖြစ်စေ၏။ သစ္စာမူခြင်းသည် ဆေးကုသည် မဟုတ်ဟု မှတ်ရာ၏။

ရဟန်းတရားကို အားထုတ်ပေအံ့ဟု မူလ ကမ္မဋ္ဌာန်းကိုယူ၍ ညဉ့်သန့်ရာ၌ ထိုင်နေသော မထေရ်၏ စိတ်သည် ကမ္မဋ္ဌာန်းသို့ ရှေးရှုမသွား တောအုပ်၌ တည်၍ လူတို့အား သတ်သော အရာသည်သာလျှင် ထင်ရှားသည် ဖြစ်၏။ အကျွန်ုပ်သည် ဆင်းရဲသော သူပါတည်း။ အကျွန်ုပ်သည် ငယ်သော သားပါတည်း။ အရှင် အကျွန်ုပ်အား အသက်ကို ပေးသနားတော်မူပါလော့ဟု သေအံ့သော ဘေးမှ ကြောက်ကုန်သော သူတို့၏ တောင်းပန် ဟစ်အော်သော အခြင်းအရာသည်လည်းကောင်း လက်ခြေ၏ ဖောက်ပြန်ခြင်းသည်သာလျှင် လည်းကောင်း ထင်ခြင်းသို့ ရောက်၏။ ထိုအင်္ဂုလိမာလမထေရ်သည် နှလုံး မသာယာခြင်း ရှိသည်ဖြစ်၍ ထိုနေရာမှသာလျှင် ထသွား၏။

အရှင်အင်္ဂုလိမာလ ရဟန္တာဖြစ်ခြင်း

ထိုနောက် မြတ်စွာဘုရားရှင်သည် ထိုအင်္ဂုလိမာလမထေရ်အား ထိုသို့ အောက်မေ့ခြင်း, နှလုံးသွင်းခြင်းဟု ဆိုအပ်သော အဖြစ်ကို ကြောင့်ကြမဲ့ ပြုစေ၍သာလျှင် ဝိပဿနာကို ပွားစေသဖြင့် မကြာမြင့်မီပင်သျှင် အရဟတ္တ

ဖိုလ်သို့ ရောက်လေ၏။ ထိုနောက် တစ်နေ့သော အခါ၌ အင်္ဂလိမာလမ်ထေရ်သည် နံနက်အခါဝယ် သင်္ကန်းကို ဝတ်ရုံ၍ သပိတ်ကို လက်စဲ့ကိုင်ယူပြီးလျှင် သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံခြင်းငှါ ကြွဝင်တော်မူ၏။

ထိုအခါ တစ်ပါးသော အခြင်းအရာဖြင့် ခဲ့ကိုပစ်ကုန်သည်ရှိသော် အရှင် အင်္ဂလိမာလ၏ ကိုယ်၌ ခဲတို့သည် ကျကုန်၏။ ထိုသို့ ခဲကျခြင်းကြောင့် သပိတ် သည်လည်း ကွဲလေ၏။ ဦးခေါင်းကွဲပျက် ကျထွက် ယိုစီးသော သွေးဖြင့် ပျံ့နှံ့ စိုစွတ်သော ဒုကုဋ္ဌရှိသဖြင့် ပြန်လာခဲ့ပြီးသော် မြတ်စွာဘုရား အထံသို့ ချဉ်းကပ်လေ၏။ မြတ်စွာဘုရားရှင်သည် အဝေးမှ ရှေးရှုလာသော အင်္ဂလိမာလမထေရ်ကို မြင်၍ မကောင်းမှုမှ အပယ်ပြုပြီးသော ချစ်သား အင်္ဂလိမာလ သည်းခံလေလော့ ချစ်သား အင်္ဂလိမာလ အသင်သည် ပြုခဲ့သော မကောင်းမှုကံ၏ အကျိုးဆက်ဖြင့် အရာအထောင်မက များပြားလှစွာသော နှစ်တို့ပတ်လုံး ငရဲ၌ ကျက်၍ ခံစားရပေရာ၏။ အသင်သည် ထိုကံ၏ အကျိုးကို မျက်မှောက်ပစ္စုပ္ပန်ဖြစ်သော အတ္တဘောဌ်၌ သာလျှင် ခံစားရလေဘိသည်ဟု မိန့်တော်မူ၏။ ထိုနောက် အရှင်အင်္ဂလိမာလ မထေရ်သည် ဆိတ်ကွယ်ရာသို့ ကမ်္လက် တစ်ယောက်ထီးတည်း ကိန်းအောင်းပြီးသည့်ကာလ ဝိမုတ္တိ ချမ်းသာကို ခံစားတော်မူ၏။ ထိုအခါ-

ယော စ ပုဗ္ဗေ ပမဇ္ဇိတ္ဝာ၊ ပစ္ဆာ သော နပ္ပမဇ္ဇတိ။
သော' မံ လောကံ ပဘာသေတိ၊ အဗ္ဘာ မုတ္တော၀ စန္ဒိမာ။

ဟူသော ဤဥဒါန်းကို ကျူးရင့်တော်မူ၏။ (ဂါထာ မြန်မာပြန်ပြီး)

ဤသို့ အစရှိသောနည်းဖြင့် ဥဒါန်းကို ကျူးရင့်တော်မူပြီး၍ ခန္ဓာကမ္မဇရုပ် အကြင်းမဲ့ချုပ်သော နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူ၏။

ရဟန်းတို့သည် "ငါ့ရှင်တို့ အင်္ဂလိမာလမထေရ်သည် အတီအရပ်၌ ဖြစ်ပါ လိမ့်မည်နည်း" ဟု တရားသဘင်၌ စကားကို ဖြစ်စေကြကုန်၏။ မြတ်စွာဘုရား သခင်သည် ကြွတော်မူလာပြီးသည့်ကာလ ချစ်သား ရဟန်းတို့ ငါဘုရား ကြွတော်မူလာဆဲသော ဤယခုအခါ၌ အဘယ်သို့သော စကားဖြင့် ပြောကြား စည်းဝေး ထိုင်နေကုန်ဘိသနည်းဟု မေးတော်မူ၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အင်္ဂလိမာလမထေရ်၏ ဖြစ်ရာ အရပ်စကားဖြင့် ပြောကြား စည်းဝေး ထိုင်နေကုန်သည်ဟု လျှောက်သည်ရှိသော် ချစ်သားရဟန်းတို့ ငါ၏ သားတော်သည် ပရိနိဗ္ဗာန်ပြုလေပြီဟု မိန့်တော်မူ၏။

များစွာသောသူတို့ သောတာပန်တည်ခြင်း

ဘုန်းတော်ကြီးတော်မှူသော မြတ်စွာဘုရား ဤမျှလောက်သော လူတို့ကို သတ်၍ ပရိနိဗ္ဗာန် ပြုလေသလောဟု မေးလျှောက်ကုန်သဖြင့် ချစ်သား ရဟန်းတို့ ဩဇော် ဟုတ်ပေ၏။ ထိုငါ၏ သားတော်ဖြစ်သော အဂ်ုလိမာလသည် ရှေးအခါ၌ ကောင်းသောအဆုံးခံပုန်း တစ်စုံတစ်ယောက်ကိုမျှ မရ မတွေ့သောကြောင့် ဤမျှလောက်သော အကုသိုလ်ကို ပြုမိပေသည်။ နောက်၌ သော်ကား ကောင်းသော အဆုံးခံပုန်းတည်း ဟူသော အထောက်အပံ့ကို ရသည်ဖြစ်၍ မမေ့မလျော့သည် ဖြစ်ပေ၏။ ထိုကြောင့် အဂ်ုလိမာလအား ထိုရှေး၌ ပြုအပ်သော မကောင်းမှုကံကို အရဟတ္တမဂ်တည်းဟူသော ကုသိုလ်ဖြင့် ပိတ်ပင်မြစ်ဘား ပယ်ရှားအပ်ပေပြီဟု မိန့်တော်မူပြီး၍-

ယသ၊ ပါပံ ကတံ ကမ္မံ၊ ကုသလေန ပိဓီယတိ။
သောမံ လောကံ ပဘာသေတိ၊ အဗ္ဘာ မုတ္တောဝ စန္ဒိမာ။

ဟူသော ဤဂါထာကို မိန့်တော်မူ၏။

အရဟတ္တမဂ် ကုသိုလ်ဖြင့် ပယ်၏။ ထိုသူသည် ပြုအပ်ပြီးသော မကောင်းမှုကံကို တိမ်တိုက်မှလွတ်မသော လမင်းသည် ထွန်းလင်းသကဲ့သို့ ဤလောကကို ထွန်းလင်းစေ၏။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

အဂ်ုလိမာလမထေရ်၏ ဝတ္ထုပြီး၏။

၇။ ရက်ကန်းသည် သတ္ထိသမီးငယ်ဝတ္ထု

အန္ဓဘူတော-အစရှိသော ဤဘုရားဒေသနာတော်မြတ်ကို မြတ်စွာဘုရား ရှင်သည် အာဠဝီပြည် အဂ္ဂါဠဝ နာဂ်ကွန်း၌ အနီး၌ သီဘင်းသုံးနေတော်မူစဉ် ရက်ကန်းသည် သဘ္ဘသမီးငယ်တစ်ယောက်ကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့သည်။

တစ်နေ့သ၌ မြတ်စွာဘုရားရှင်သည် အာဠဝီပြည်သို့ ကြွချီတော်မူသည်ရှိသော် အာဠဝီ ပြည်သူပြည်သားယောကျ်ားမိန်းမ အပေါင်းတို့သည် မြတ်စွာဘုရားရှင်ကို ပင့်ဖိတ်၍ အလှူဒါနကို ပေးလှူ၏။ မြတ်စွာဘုရားရှင်သည် ဆွမ်းစားခြင်းကိစ္စ ပြီးသည်၌ အဆုံး၌ အနုမောဒနာကို ပြုတော်မူသည်ရှိသော်—

အာခုဝံ မေ ဇီဝိတံ ခုဝံ မေ မရဏံ၊
အာဝဿ မယာ မရိတဗ္ဗမေဝ။
မရဏပရိယောသာနံ မေ ဇီဝိတံ၊
ဇီဝိတမေဝ အနိယတံ် မရဏံ် နိယာတံ်။

ဤသို့ဖေးသော အခြင်းအရာဖြင့် မရဏာဿတိကို ပွားများကုန်လေလော့ဟု ဟောကြားတော်မူ၏။

ငါ၏ အသက်သည် အမြဲမတည်။ ငါအား သေခြင်းသည် မြဲ၏။ ငါသည် မချွတ်မလွဲ သေရမှုံးသောလျှင်တည်း။ ငါ၏ အသက်သည် သေခြင်းအဆုံးရှိ၏။ အသက်သည်သာလျှင် မမြဲ။ သေခြင်းမူကား အမြဲဖြစ်၏။ ဤသို့သောနည်းဖြင့် မရဏာဿတိကို ပွားများကြကုန်လော့။ အကြင်သူတို့အား မရဏာဿတိကို မပွားများ။ ထိုသူတို့သည် နောက်ဖြစ်ဒဿအခါ၌ ထက်သန်လျင်မြန်သော အဆင်ပ်ရှိသော မြေကို တွေ့ကြုံရသော် ရှုံးကြောက် တုန်လှုပ်သော လက်ဦးကိုင်စွဲအပ်သော တစ်စုံတစ်ခုမျှသော တုတ် လုံကန် မပါသော ယောကျ်ားကဲ့သို့ ကြောက်လန့် တုန်လှုပ်ခြင်းသို့ ရောက်ကုန်သည်ဖြစ်၍ ကြောက်မက်ဖွယ် ဟစ်အော် မြည်တမ်းကုန်လျက် သေလွန်ခြင်းကို ကြုံရကုန်၏။ အကြင်သူတို့အား သေခြင်းကို ပွားများအပ်၏။ ထိုသူတို့သည် အဝေးမှသာလျှင် လျင်မြန် ထက်မြက်သော အဆင်ပ်ရှိသော မြေကိုမြင်၍ တုတ် လုံကန်ဖြင့် ဖမ်းယူပြီးသော် စွန့်ပစ်၍ ရပ်တည်နိုင်သော ယောကျ်ားကဲ့သို့ နောက်အဖို့ဖြစ်သော အခါ၌ မတုန်မလှုပ် မထိတ်လန့်ကုန်။ သို့ဖြင့်သောကြောင့် မရဏာဿတိ ကမ္မဋ္ဌာန်းကို ပွားများအပ်ပေသည်ဟု ဟောတော်မူ၏။

ဟောကြားတော်မူအပ်သော ထိုတရားဒေသနာကို ကြားရသော်လည်း ကြွင်းကုန်သော လူအပေါင်းတို့သည် ပိဒိကို၏ ပြုဖွယ်ကိစ္စ အမှုဟူသမျှ၌ သာသျှင် လေ့ကျက်သည် ဖြစ်ပေကုန်၏။ တစ်ဆယ့်ခြောက်နှစ် အရွယ်ရှိသော ရက်ကန်းသည် သတို့သမီးငယ် တစ်ယောက်သည်ကား "မြတ်စွာဘုရားရှင်တို့၏ ဟောကြားဆုံးမတော် မူအပ်သော စကားဟော်သည် သြော် အံ့ဖွယ်ရှိစွ။ ငါသည် မရဏာဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများခြင်းငှါ အပ်ပေ၏" ဟု ကြံ၍ နေ့ညဉ့်ပတ်လုံး မရဏာဿတိ ကမ္မဋ္ဌာန်းကိုသာလျှင် စီးဖြန်းပွားများ၏ မြတ်စွာဘုရားရှင်သည်လည်း ထိုအာဠဝီပြည်မှ ထွက်၍ ဇေတဝန်ကျောင်း တော်သို့ ကြွတော်မူ၏။

ရက်ကန်းသည်မလေး

ထိုရက်ကန်းသည် သတို့သမီးငယ်သည်လည်း သုံးနှစ်တို့ ကာလပတ်လုံး မရဏာဿတိ ကမ္မဋ္ဌာန်းကို ပွားများသည် သာလျှင်တည်း။ ထိုနောက်

တစ်နေ့သ၌ မြတ်စွာဘုရားရှင်သည် မိုးသောက်ယံ၌ လောကကို ကြည့်ရှုတော်မူသည်ရှိသော် ကိုယ်တော်မြတ် ဉာဏ်တော်တည်းဟူသော ကွန်ရက်၏ အတွင်းသို့ ဝင်လာသော ထိုရက်ကန်းသည် သတ္တိသမီးငယ်ကို မြင်တော်မူ၍ အသို့ဖြစ်လတ္တံ့နည်းဟု စဉ်းစား ဆင်ခြင်တော်မူသည်ရှိသော် ထိုသတ္တိသမီးငယ်သည် ငါဘုရား ဟောကြားအပ်သော တရားတော်ကို ကြားနာရသောနေ့မှ စ၍ သုံးနှစ်တို့ကာလပတ်လုံး မရဏာသတိ ကမ္မဋ္ဌာန်းကို ပွားများအပ်ပေ၏။ ဤယခု အခါ၌ "ငါဘုရားသည် ထိုအာဠဝီပြည်သို့ ကြွသွား၍ ဤသတ္တိသမီးငယ်ကို လေးပါးသော ပြဿနာတို့ကို မေးပြီးလျှင် ထိုသတ္တိသမီးသည် ဖြေဆိုအပ်သည်ရှိသော် လေးပါးသော အရပ်တို့၌ ကောင်းချီးကို ပေး၍ ဤဂါထာကို ဟောတော်မူပေအံ့။ ဂါထာ၏အဆုံး၌ ထိုသတ္တိသမီးအား သောတာပတ္တိဖိုလ်၌ တည်ပေလတ္တံ့။ ထိုသတ္တိသမီးကို မှီ၍ လူများအပေါင်းအား လည်း အကျိုးစီးပွါးများသည်သာလျှင် ဖြစ်သော ဓမ္မဒေသနာသည် ဖြစ်ပေလတ္တံ့" ဟု သိမြင်တော်မူသောကြောင့် ငါးရာသော ရဟန်းတို့ ခြံရံလျက် ဇေတဝန်ကျောင်းတော်မှ ထွက်လာ၍ အစဉ်အတိုင်းအားဖြင့် အာဠဝီပြည် အဂ္ဂိဠဝကျောင်းသို့ ကြွတော်မူ၏။

အာဠဝီပြည်သူပြည်သား ယောကျ်ား မိန်းမအပေါင်းတို့သည် မြတ်စွာဘုရား ကြွလာတော်မူသည်ဟု ကြားသိ၍ ကျေးဇူး သွားရောက်ပြီးလျှင် ပင့်ဖိတ်ကြကုန်၏။ ထိုအခါ ရက်ကန်းသည် သတ္တိသမီးသည် မြတ်စွာဘုရား၏ ကြွလာခြင်းကို ကြား၍ ငါ၏ ဖခင် အလွန်ဆရာမြတ် ဖြစ်တော်မူသော လပြည့်ဝန်းကဲ့သို့ ထွန်းလင်းစံပယ် တင့်တယ်သော ရွှေမျက်နှာတော်ရှိတော်မူသော မဟာဂေါတမ မည်တော်မူသော မြတ်စွာဘုရားရှင်သည် ယခု ငါတို့နေရာဖြစ်သော ဤအာဠဝီပြည်သို့ ကြွလာတော်မူသတဲ့ဟု နှစ်သက် ရွှင်လန်းသော စိတ်ရှိသည်ဖြစ်၍ ဤမှ ရေတွက် သုံးနှစ်ဟူ၏ အထက်၌ ရွှေဆင်းကဲ့သို့ အဆင်းရှိတော်မူသော မြက်စွာဘုရားရှင်ကို ငါအား ဖူးမြင်လိုက်ရဖူးပေပြီ။ ဤယခုအခါ၌ မြတ်စွာဘုရားရှင်၏ ရွှေအဆင်းကဲ့သို့ အာဘင်းဝိုသော ကိုယ်တော်မြတ်ကို ဖူးမြင်ခြင်းငှါလည်းကောင်း၊ ချိုမြိန် ကောင်းမြတ်သော အရသာ သြဇာရှိသော အဆုံးအမ တရားတော်ကို နာခြင်းငှါလည်းကောင်း ရပေတော့မည်"ဟု ကြံ၏။

သတ္တိသမီးငယ်၏ ဖခင်သည်ဂ ည်း ရက်ကန်းရက်ရာ တင်းကုပ်သို့ သွားသည်ရှိသော် ချစ်သမီး ငါ့အား သူဘစ်ါး၏ ပုဆိုးကို ရက်ကန်းဇင်ကက်သို့ တင်ထား အပ်၏။ ထိုပုဆိုးအား တစ်ဘုဝမျှလောက်သာလျှင် မပြီးဆုံးသေးသည် ဖြစ်၍ ကြွင်းကျန်၏။ ထိုအကြွင်းအကျန်ကို ယနေ့ ပြီးဆုံးစေအံ့။ လျင်မြန်စွာ ရက်ဖောက်ကို လုံး၍ ဆောင်ယူခဲ့လော့ဟု မှာကြားပြောဆို၏။

သတ္တိသမီးငယ်သည် ကြံဆင်ခြင်သည်မှာ "ငါသည် မြတ်စွာဘုရား တရားတော်ကို နာခြင်းငှါ အလိုရှိ၏။ ကျေးဇူးအရှင် မွေးသဖခင်သည်လည်း ငါ့ကို ဤသို့ မှာထား ပြောဆို၏၊ အသို့နည်း။ မြတ်စွာဘုရား တရားတော်ကိုလည်း နာအံ့လော။ သို့တည်းမဟုတ် ဖခင်အား ရက်ဖောက်ကို လုံး၍သော်လည်း ပို့ဆောင်ရအံ့လော" ဟု ကြံ၏။ ထိုနောက် တစ်ဖန် ဆင်ခြင်ပြန်သည်မှာ "ဖခင်သည် ရက်ဖောက်လုံး၍ မပို့ဆောင်သည်ရှိသော် ငါ့ကို ရိုက်နှက် ပုတ်ခတ်ပေရာ၏။ ထို့ကြောင့် ရက်ဖောက်ကိုလုံး၍ ဖခင်အား ပေးပြီးသော် နောက်မှ တရားတော်ကို နာတော့မည်" ဟု ကြံ၍ အင်းပျဉ်၌ ထိုင်နေပြီးလျှင် ရက်ဖောက်ကို လုံး၏။

မြတ်စွာဘုရားသည် တရားမဟော

အာဠဝီ ပြည်သူ ပြည်သား ဒါယကာ, ဒါယိကာမ အပေါင်းတို့သည်လည်း မြတ်စွာဘုရားရှင်ကို လုပ်ကျွေးပြီးသော် သပိတ်တော်ကို ယူ၍ **အနုမောဒနာ** ပြုခြင်းအကျိုးငှါ ပေးလှူ ကြကုန်၏။ မြတ်စွာ ဘုရားရှင်သည် အကြင် သတ္တိသမီးငယ်ကို အမှီပြု၍ ယူဇနာ သုံးဆယ်ရှိသော ခရီးကို ငါဘုရား ကြွတော်မူလာခဲ့၏။ ထိုသတ္တိသမီးသည် ယခုလည်း အခွင့်ကို မရသေး။ ထိုသတ္တိသမီးသည် အခွင့်ကို မရသော်သာလျှင် အနုမောဒနာကို ပြုပေအံ့ဟု ဆိတ်ဆိတ် ထိုင်နေတော်မူ၏။

ဤသို့ ဆိတ်ဆိတ် ထိုင်နေသည်လည်း ဖြစ်သော မြတ်စွာဘုရားရှင်ကို နတ်ဗြဟ္မာနှင့် တကွသော လူအပေါင်းတို့တွင် တစ်စုံတစ်ယောက်သောသူမျှ ပြောဆို လျှောက်ထားခြင်းငှါ မစွမ်းနိုင်။ ထိုရက်ကန်းသည် သတ္တိသမီးငယ်သည်လည်း **ရက်ဖောက်**ကို လုံး၍ ခြင်းတောင်း၌ ထည့်ပြီးကာလ ဖခင်၏ အထံသို့ သွားသည်ရှိသော် ပရိသတ်အစုနှင့်၌ ရပ်တည်၍ မြတ်စွာဘုရားရှင်ကို ကြည့်ရှုလျက်သာ တည်နေ၏။

မြတ်စွာဘုရားထံသို့ သွားခြင်း

မြတ်စွာဘုရားရှင်သည်လည်း ဧရမုရိုးစည်နှင့် တူသော လည်တော်ကို ချိုတော်မူ၍ ရက်ကန်းသည် သတ္တိသမီးငယ်ကို ကြည့်တော်မူ၏။ သတ္တိသမီးငယ်သည်လည်း မြတ်စွာဘုရား ကြည့်တော်မူသော အကြောင်းဖြင့် မြတ်စွာဘုရားရှင်သည် ဤသို့ သဘောရှိသော ပရိသတ်၏ အလယ်၌ ထိုင်နေတော်မူလျက် ငါ့ကို ကြည့်ရှုခြင်းသည် ငါ၏ လာရောက်ခြင်းကို တောင့်တတော်မူဘိသည်။ ကိုယ်တော်မြတ်၏ အထံသို့ ငါ၏ လာရောက်ခြင်းကိုသာလျှင် ရည်သန်တော်မူဘိသည်ဟု သိ၍ ထိုသတ္တိသမီးသည် **ရက်ဖောက်တောင်း**ကို ချပြီးသော် မြတ်စွာဘုရား အထံတော်သို့ သွားလေ၏။

မြတ်စွာဘုရားရှင်သည် အဘယ်ကြောင့် ထိုသတ္ဂိသမီးငယ်ကို ကြည့်လေဘိသနည်း ဟူမူကား ဤသို့သော အကြံတော်သည် ဖြစ်ပေသတတ်။ "ဤသတ္ဂိသမီးငယ်သည် ဤအရပ်မှ သွားသည်ရှိသော် ပုထုဇဉ်၏ သေလွန်သည်ကို ပြု၍ မမြဲသော ဂတိရှိသည် ဖြစ်ပေသတတ်။ ငါဘုရား၏ ထံသို့ လာရောက်၍ သွားသည်ရှိသော် သောတာပတ္တိဖိုလ်သို့ ရောက်ပြီးလျှင် မြဲသောဂတိ ရှိသည် ဖြစ်၍ တုသိတာဘုံ၌ ဖြစ်လတ္တံ့" ထိုသတ္ဂိသမီးငယ်အား ထိုနေ့၌ သေလွန်ခြင်းမှ လွတ်ခြင်းမည်သည် မရှိ။ ဤသို့သော အကြောင်းကို မြင်တော်မူ၍ ကြည့်ရှုတော်မူလေသတည်း။

ပုစ္ဆာလေးခု

သတ္ဂိသမီးသည်လည်း ကြည့်ရှုတော်မူသော အမှတ်ဖြင့်သာ မြတ်စွာဘုရားရှင်သို့ ချဉ်းကပ်၍ ခြောက်သွယ်သော ရောင်ခြည်တော်၏အတွင်းသို့ ဝင်ပြီးသော် ရှိခိုး ဦးချသည့်အခါ သင့်တင့်လျောက်ပတ် တစ်ခုသော အရပ်၌ တည်နေ၏။ မြတ်စွာဘုရားရှင်သည် ဤသို့ သဘောရှိသော ပရိသတ်၏ အလယ်၌ မြတ်စွာဘုရားရှင်ကို ရှိခိုး ဦးချ၍ ထိုသတ္ဂိသမီး ဆိတ်ဆိတ်ထိုင်နေသော ခဏ၌သာလျှင် သတ္ဂိသမီးကို—

(၁) သတ္ဂိသမီးငယ် အသင်သည် အဘယ်မှ လာသနည်းဟု မေးတော်မူ၏။ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်မ မသိပါဟု လျှောက်၏။

(၂) အဘယ်အရပ်သို့ သွားအံ့နည်းဟု မေးတော်မူပြန်သည်ရှိသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အဘယ်အရပ်သို့ သွားရမည် မသိပါဟု လျှောက်၏။

(၃) အသင် မသိသလောဟု မေးတော်မူပြန်သဖြင့် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား သိပါ၏ဟု လျှောက်၏။

(၄) အသင် သိ၏လောဟု မေးတော်မူပြန်လျှင် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား မသိပါဘုရားဟု လျှောက်၏။

ဤသို့သော အစဉ်အတိုင်းအားဖြင့် မြတ်စွာဘုရားရှင်သည် ထိုသတ္ဂိသမီးငယ်ကို လေးပါးသော ပြဿနာတို့ကို မေးတော်မူ၏။

ရက်ကန်းသည်မလေးအား လူအများက ကဲ့ရဲ့ရှုတ်ချခြင်း

လူများအပေါင်းသည် "အို အချင်းတို့ ဤရက်ကန်းသည် သတ္ဂိသမီးငယ်ကို ကြည့်ရှုကြပါကုန်လော့။ ဤသတ္ဂိသမီးသည် ဘုံသုံးပါး၌ အတုမရှိသော

အာဂုပုဂ္ဂလ ဖြစ်ကော်မူသော မြတ်စွာဘုရားရှင်နှင့် အတူတကွ စကား ပြောဆိုလျက် မခန့်ညား မရှိသေ အလိုရှိတိုင်း အလိုရှိတိုင်းကို သာ ပြောဆို လေဘိသည် ဤသတ္တိသမီးသည် အဘယ်အရပ်မှ လာသနည်းဟု မေးတော် မူသည် ရှိသော်၊ ရက်ကန်းသည် အိမ်မှ လာပါသည်ဟု လျှောက်ထားအပ်သည် မဟုတ်ပါတုံလော။ အဘယ်အရပ်သို့ သွားအုံနည်းဟု မေးတော်မူသည်ရှိသော်၊ ရက်ကန်းရက်ရာ တင်းကုပ်သို့ သွားပါအုံဟု လျှောက်အပ်သည် မဟုတ် တုံလော"ဟု ကဲ့ရဲ့ရှုတ်ချ ပြောဆိုကြကုန်၏။

မြတ်စွာဘုရားရှင်သည် လူများအပေါင်းတို့ကို အသံကင်း တိတ်ဆိတ်သည်ကို ပြုပြီး၍-

(၁) သတ္တိသမီးငယ် အသင်သည် အဘယ်အရပ်မှ လာသနည်းဟု ငါဘုရား မေးအပ်သည်ရှိသော် မသိပါဘုရားဟု အဘယ် အကြောင်းကြောင့် လျှောက်ထား ပြောဆိုခဲသနည်းဟု မေးတော်မူ၏။

ဘုန်းတော်ကြီးတော်မူလှပါသော မြတ်စွာဘုရား အရှင်ဘုရားတို့သည် တပည့်တော်မ၏ ရက်ကန်းသည် အိမ်မှ လာခဲ့သော အကြောင်းကို သိတော်မူပါကုန် ၏။ အဘယ်မှ လာသနည်းဟု မေးတော်မူသော အရာ၌ အဘယ်သို့သော ဘဝမှ လာရောက်၍ ဤရက်ကန်းသည် သမီးငယ်ဘဝ၌ ဖြစ်လာခဲသနည်းဟု မေးတော်မူလို၍ ပါကုန်သည် တပည့်တော်မသည် အဘယ်သို့သော ဘဝမှ လာရောက်၍ ဤဘဝ၌ ဖြစ်သည်ဟူ၍ မသိပါ။ ထိုကြောင့် လျှောက်ထားခြင်း ဖြစ်ပါသည်ဟု လျှောက်၏။

ထိုအခါ သတ္တိသမီးငယ်အား မြတ်စွာဘုရားရှင်သည် သတ္တိသမီးငယ် ကောင်း၏၊ ကောင်း၏။ ငါဘုရားမေးအပ်သော အမေးပုစ္ဆာကို အသင်ဖြေဆို အပ်ပေသည်ဟု ရှေးဦးစွာ ကောင်းချီးပေးတော်မူ၍ ထိုထက်အလွန်လည်း-

(၂) သတ္တိသမီးငယ် အဘယ်အရပ်သို့ သွားလတ္တံ့နည်းဟု တစ်ဖန် ငါဘုရားမေးအပ်သည်ရှိသော် မသိပါဘုရား ဟူ၍ အဘယ်ကြောင့် လျှောက်ထားဘိသနည်းဟု မေးတော်မူပြန်၏။

ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား အရှင်ဘုရားတို့သည် တပည့် တော်မ ရက်ဖောက်တောင်းကို ယူ၍ ရက်ကန်းရက်ရာ ဖြစ်သော တင်းကုပ်သို့ သွားလတ္တံ့သည်ကို သိတော်မူပါကုန်၏။ ဤဘဝမှ သွားရောက်၍ အဘယ် ဘဝ၌ ဖြစ်ရလတ္တံ့နည်းဟု မေးတော်မူလိုပါကုန်သည်။ တပည့်တော်မသည် ဤ ဘဝမှ စုတေ သေလွန်သည်ရှိသော် အဘယ်သို့သောဘဝ၌ သွားရောက်၍ ဖြစ်ရ လတ္တံ့သည်ကို မသိနိုင်ပါဘုရားဟု လျှောက်၏။

ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား အရှင်ဘုရားတို့သည် တပည့် တော်မ ရက်ဖောက်တောင်းကို ယူ၍ ရက်ကန်းရက်ရာ ဖြစ်သော တင်းကုပ်သို့ သွားလတ္တံ့သည်ကို သိတော်မူပါကုန်၏။ ဤဘဝမှ သွားရောက်၍ အဘယ် ဘဝ၌ ဖြစ်ရလတ္တံ့နည်းဟု မေးတော်မူလိုပါကုန်သည်။ တပည့်တော်မသည် ဤ ဘဝမှ စုတေ သေလွန်သည်ရှိသော် အဘယ်သို့သောဘဝ၌ သွားရောက်၍ ဖြစ်ရ လတ္တံ့သည်ကို မသိနိုင်ပါဘုရားဟု လျှောက်၏။

ထိုသို့ လျှောက်သောအခါ သတ္တိသမီးငယ်အား ဘုရား ကိုယ်တော်မြတ်က ငါမေးအပ်သော ပြဿနာကို အသင်သည်သာလျှင် ဖြေဆိုနိုင်ပေသည်ဟု နှစ်ကြိမ်မြောက် ကောင်းချီးကို ပေးတော်မူပြီး၍ ထိုနောက်–

(၃) အသင် မသိသလောဟု ငါဘုရားမေးသည်ရှိသော် သိပါ၏ ဘုရားဟူ၍ အသင်လျှောက်ထားခြင်းသည် အဘယ်ကို ရည်၍ လျှောက်ထားဘိသနည်းဟု အထက်သို့ တက်၍ တစ်ဖန် မေးတော်မူပြန်၏။

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်မသည် ကေန်မုချ အားဖြင့် သေရမည့် အဖြစ်ကို သိပါ၏။ ထို့ကြောင့် ဤသို့ လျှောက်ထားပါသည်ဟု ဖြေ၏။

ထိုသို့သော အခါ၌လည်း သတ္တိသမီးငယ်အား ဘုရားကိုယ်တော်မြတ်က ငါမေးအပ်သော ပြဿနာကို အသင် ဖြေဆိုပေသည်ဟု သုံးကြိမ်မြောက် ကောင်းချီးကို ပေးတော်မူ၍ ထိုနောက်–

(၄) သိ၏လောဟု ငါဘုရားမေးအပ်သည်ရှိသော် မသိပါဘုရားဟူ၍ အသင် အဘယ်ကြောင့် လျှောက်ထားဘိသနည်းဟု တက်၍ တစ်ဖန် မေးတော်မူပြန်သည့် ရှိသော်–

ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်မသည် ကေန်မုချ အားဖြင့် သေရမည့်အဖြစ်ကိုမူကား သိပါ၏။ ထိုသို့ပင် သိသော်လည်း တပည့်တော်မအား ညဉ့်အခါ, နေ့အခါ, နံနက်အခါ စသည်တွင် ဤအမည်ရှိသော အခါကာလ၌ သေလိမ့်မည်ဟူ၍ မသိနိုင်ပါ။ ထို့ကြောင့် ဤသို့ လျှောက်ထားပါသည်ဟု ဖြေ၏။

ရက်ကန်းသည်မလေး သောတာပန်တည်ခြင်း

ထိုအခါ သတ္တိသမီးငယ်အား ဘုရားကိုယ်တော်မြတ်က ငါဘုရား မေးအပ်သော ပြဿနာကို အသင်သာလျှင် ဖြေဆိုအပ်ပေသည်ဟု လေးကြိမ်မြောက် ကောင်းချီးသို့ ပေးတော်မူ၍ ပရိသတ်ကို ခေါ်တော်မူပြီးလျှင် ဤမျှလောက်မျှားပြားကုန်သော အသင်တို့သည် ဤသတ္တိသမီးငယ် ပြောဆိုအပ်သော စကားကို မသိကြကုန်။ အသင်တို့သည် သက်သက်ကဲ့ရဲ့ရှုတ်ချ တတ်ကုန်သည်သာတည်း။ ထိုစကားမှန်၏၊ အကြင်သူတို့အား ပညာတည်းဟူသော မျက်စိသည်မရှိ၊ ထိုသူတို့သည် ကန်းသောသူတို့ မည်ကုန်သည်သာတည်း၊ အကြင်သူတို့အား ပညာတည်းဟူသော မျက်စိသည်ရှိ၏။ ထိုသူတို့သာလျှင် မျက်စိအမြင်ရှိသော သူတို့ မည်ပေ၏ဟု မိန့်တော်မူပြီး၍ —

အန္ဓဘူတော အယံ လောကော၊ တနုကော'တ္ထ ဝိပဿတိ။
သကုဏော ဇာလမုတ္တော၀၊ အပ္ပေါ သဂ္ဂါယ ဂစ္ဆတိ။

ဟူသော ဤဂါထာကို မိန့်တော်မူ၏။

ဤလူအပေါင်းသည် အမှောင်တိုက်ဖြစ်၏၊ ဤနေရာ၌ လူအနည်းစုသာလျှင် ဝိပဿနာရှု၏၊ ငှက်သည် ပိုက်ကွန်မှ လွတ်မြောက်သကဲ့သို့ အနည်းငယ်သော သတ္တ၀ါသည်သာလျှင် နတ်ပြည်နိဗ္ဗာန်သို့ ရောက်၏။

ထိုဂါထာ၌ အန္ဓဘူတော အယံ လောကော—ဟူသည် ဤလောကီလူအပေါင်းသည် ပညာစက္ခု ဉာဏ်မျက်စိမရှိခြင်းကြောင့် အမိုက်တိုက်သဖွယ်ဖြစ်၏။

တနု ကော တ္ထ=ဟူသည် ဤနေရာ၌ လူအနည်းငယ်သည် ဝိပဿနာရှုကြ၏၊ လူများစုသည် အနိစ္စ စသည်၏ အစွမ်းဖြင့် ဝိပဿနာရှုကုန်၏။

ဇာလ မုတ္တော၀=ဟူသည် ကျွမ်းကျင်သော ငှက်မုဆိုးသည် ပိုက်ကွန်ဖြင့် လှမ်းခြုံအုပ်၍ ယူအပ်ကုန်သော ငုံးတို့တွင် အနည်းငယ်သာလျှင် ပိုက်ကွန်မှ လွတ်ကုန်၏၊ ကြွင်းသောငုံးတို့သည် ပိုက်ကွန်အတွင်းသို့သာလျှင် ဝင်ကုန်၏၊ ထို့အတူ သေမင်း၏ ပိုက်ကွန်ဖြင့် လှမ်းအုပ်ခံရသော သတ္တ၀ါတို့တွင် လူများစွာတို့သည် အပါယ်သို့ လားကုန်၏၊ အနည်းငယ်သော သတ္တ၀ါသာလျှင် နတ်ပြည်သို့ ရောက်၏၊ သုဂတိဘုံနှင့် နိဗ္ဗာန်သို့ရောက်၏။

ဒေဝနာတော်၏ အဆုံး၌ ရက်ကန်းသည် သတ္တိသမီးငယ်သည် သောတာပတ္တိဖိုလ်၌ တည်လေ၏။ ရောက်လာကုန်သော များစွာကုန်သော လူများအပေါင်းအား လည်း အကျိုးရှိသည်သာလျှင် ဖြစ်သော ဓမ္မဒေသနာသည် ဖြစ်ပေ၏။

တုသိတာနတ်ပြည်၌ဖြစ်ခြင်း

ရက်ကန်းသည် သတ္တိသမီးငယ်သည်လည်း ရက်ဖောက်တောင်းကို ယူ၍ ဖခင်၏ အထံသို့ သွားလေ၏။ ဖခင်ဖြစ်သော ရက်ကန်းသည်သည်လည်း ထိုင်လျက်သာလျှင် အိပ်နေ၏။ ထိုသတ္တိသမီးငယ်အား အမှတ်မရသည် ဖြစ်၍ သာလျှင် ရက်ဖောက်တောင်းကို အနီးသို့ချဉ်းကပ်ဆောင်ပို့ ချထားလိုက်သည် ရှိသော် ရက်ဖောက်တောင်းသည် လက်လီပ်အစုန်းကို ထိခိုက်၍အသံမြည်လျက် ကျ၏။

ရက်ကန်းသည် အိပ်ရာမှ လန့်နိုး၍ မိမိယူအပ်သော အမှတ်ဖြင့်သာလျှင် လက်လီပ်ကို ငင်၏။ လက်လီပ်စုန်းသည် သတ္တိသမီး၏ရင်ကိုသွား၍ပုတ်ခတ်၏။ သတ္တိသမီးငယ်သည် ထိုနေရာ၌ပင် သေလွန်ခြင်းကိုပြုခဲ့၍ တုသိတာနတ်ပြည်၌

ဖြစ်လေ၏။ ဖခင် ရက်ကန်းသည်သည် မိမိ၏သမီးငယ်ကို ကြည့်ရှုသည်ရှိသော် သွေးအလိမ်းလိမ်း ကပ်ငြိသော ကံယ်ဖြင့် လဲကျ၍ သေသည်ကို မြင်လေ၏။

အဖရဟန်းပြုပြီး ရဟန္တာဖြစ်ခြင်း

ထိုအခါ ရက်ကန်းသည်အား ကြီးစွာသော စိုးရိမ်ပူဆွေးခြင်းသောကသည် ဖြစ်၏။ ထိုရက်ကန်းသည်သည် "ငါ့အား ဖြစ်ပွားသော သောကတရားကို ဘုရားရှင်ကို ထား၍ တစ်ပါးသောသူတို့သည် ငြိမ်းစေခြင်းငှာ မစွမ်းနိုင်လတ္တံ့" ဟု အောက်မေ့၍ ငိုကြွေး မြည်တမ်းလျက် မြတ်စွာဘုရား အထံတော်သို့ သွားရောက်ပြီးလျှင် ထိုအကြောင်းကို ကြားလျှောက်၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်အား ဖြစ်ပွားသော သောကကို ငြိမ်းစေတော်မူကြပါကုန်လော့ဟု လျှောက်၏။

မြတ်စွာဘုရားရှင်သည် ထိုရက်ကန်းသည်ကို သက်သာရာရစေ၍ ဒါယကာမစိုးရိမ် မပူဆွေးလင့် အစမထင် ကျင်လည် ပြေးသွားရာ ရှည်ဝေးလှစွာသော သံသရာ၌ အသင် ဒါယကာအား ဤနည်းအတူသာလျှင် သမီးငယ် သေလွန်သောအခါ၌ စိုးရိမ်ပူဆွေး ငိုကြွေးသည်ဖြစ်၍ ယိုစီးကျဆုတ် ကုန်သော မျက်ရည်တို့သည် လေးစင်းကုန်သော မဟာသမုဒ္ဒရာတို့၏ ရေထက်ပင်သော်လည်း ပိုလွန်မျှားပြားသေး၏ဟု မိန့်တော်မူ၍ အနမတဂ္ဂ တရားစကားကို ဟောကြားတော်မူ၏။

ထိုရက်ကန်းသည် ဒါယကာသည် ခေါင်းပါးသော သောကရှိသည် ဖြစ်၍ မြတ်စွာဘုရားရှင်ကို ရဟန်းအဖြစ်ကို တောင်းပန်ပြီးသော် ရဒေါပ်သော ပဉ္စင်းအဖြစ်ရှိသည်ဖြစ်၍ မကြာမြင့်မီပင်လျှင် အရဟတ္တဖိုလ်သို့ ရောက်လေ၏။

သတ္တိသမီးငယ်ဝတ္ထု ပြီး၏။

၈။ ရဟန်းသုံးကျိပ်ဝတ္ထု

ဟံသာ ဒီစ္စပထေ– အစရှိသော ဤဘရားဒေသနာတော်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် သုံးကျိပ်မျှလောက်ကုန်သော ရဟန်းတော်များကို အကြောင်းပြု၍ ပြောကြားတော်မူ၏။

တစ်နေ့သောအခါ၌ သုံးကျိပ်မျှလောက်ကုန်သော ထိုထိုသော အရပ်မျက်နှာ၌ နေထိုင်မျှတကုန်သော ရဟန်းတို့သည် မြတ်စွာဘုရားရှင်ကို ချဉ်းကပ်ခစားကြကုန်၏။ အာနန္ဒာမထေရ်သည် မြတ်စွာဘုရားရှင်အား ဝတ်ကြီး,

ဝတ်ငယ်ကို ပြုချိန်ဘိုင်ဘေသဒေခါ်၌ လာခဲ့၍ သိုအာဂန္တုက ရဟန်းတို့ကို မြင်သည် ရှိသော် မြတ်စွာဘုရားရှင်သည် ဤအာဂန္တုက ရဟန်းတို့နှင့် အတူတကွ ပဋိသန္ဓေရက္ခထာကို ပြုပြီးဘော ကာဏငယ် ဝတ်ကြေး,ဝတ်ငယ်ကို ပြုတော့မည်ပဲ နှလုံးသွင်း၍ တံခါးမုခ်၌ ရပ်ဂ ည်စောင့်ဆိုင်း၍ နေ၏။ မြတ်စွာဘုရား ရှင်သည်လည်း ထိုအာဂန္တုက ရဟန်းတို့နှင့် အတူတကွ ဇေဋ္ဌသန္ဓေရက္ခထာကို ပြု၍ ယိုရဟန်းတို့အား အသက်ထက်ဆုံး နှလုံးသွင်းအပ်, အောက်မေ့အပ်သော တရားစကားကို ဟောကြားတော်မူ၏။ ထိုသို့ ဟောကြားတော်မူသော တရားစကားကို ကြားနာ၍ အလုံးစုံလည်း ဖြစ်ကုန်သော သုံးကျိပ်မျ ဟောက်ကုန်သော ထိုရဟန်းတို့သည် အရဟတ္တဖိုလ်သို့ရောက်၍ ကောင်းကင်ခရီးဖြင့် ဖဲကြွတော်မူကြကုန်၏။

အာနန္ဒာမထေရ်သည် ထိုအာဂန္တုက ရဟန်းတို့ မထွက်ကွလာ ကြာမြင့်ရှည်စွာ ငံဆိုင်းရသည်ရှိသော် မြတ်စွာဘုရားရှင် အထံသို့ ချဉ်းကပ်၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤယခုအခါ၌ပင်လျှင် သုံးကျိပ်မျှလောက်ကုန်သော ရဟန်းတို့သည် အရှင်ဘုရား၏ ထံမှောက်သို့ လာရောက်သည်တို့ကို တွေ့မြင်ရပါကုန်သည်။ ထိုရဟန်းတို့သည် ဒေဘယ်မှာ တည်နေပါကုန်သနည်းဟု မေးလျှောက်၏။ ချစ်သား အာနန္ဒာ ဖဲသွားကြလေကုန်ပြီဟု မိန့်တော်မူသည် ရှိသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဒေဘယ်ခရီးဖြင့် ဖဲသွားပါကုန်သနည်းဟု ဒေမးလျှောက်၏။

ပျားစွဲသောသူတို့ သောတာပန်တည်ခြင်း

ချစ်သား အာနန္ဒာ ဇကောင်းကင်ခရီးဖြင့် ဖဲသွားကုန်သည်ဟု မိန့်တော်မူလျှင် ဘုန်းဘေဘဲကြီးတော်မူသော မြတ်စွာဘုရား ထိုရဟန်းဝတ္ထုသည် ရဟန္တာတို့ပေလောဟု မေးလျှောက်သဖြင့် ချစ်သားအာနန္ဒာ ဩဿဝ်ပုတ်ပေ၏။ ငါဘုရား၏ အထံတော်၌ တရားတော်ကို ကြားနာမှု၍ အရဟတ္တဖိုလ်သို့ ရောက်ကုန်သည်။ ထိုခဏ၌ ကောင်းကင်ဖြင့် ပျံသွားသော ဟင်္သာငှက်ကဲ့သို့ ကောင်းကင်ခရီးဖြင့် ဖဲသွားကြလေကုန်ပြီ။ ချစ်သားအာနန္ဒာ အကြင်ပုဂ္ဂိုလ်အား လေးပါသောဇ္ဈဒိပါဒ်တို့ကို ကောင်းစွာပွားများအပ်ကုန်၏။ ထိုပုဂ္ဂိုလ်သည် ဟင်္သာငှက်ကဲ့သို့ ကောင်းကင်ခရီးဖြင့် သွားလေသည် သာလျှင်တည်းဟု မိန့်တော်မူပြီး၍ ဤဂါထာကို မိန့်တော်မူ၏—

ဟံသာဒိစ္စပထေ ယန္တိ၊ အာကာသေ ယန္တိ ဣဒ္ဓိယာ။
နီယျန္တိ ဓီရာ လောကမှာ၊ ဇေတ္တာ မာရံ သဝါဟိနိ။

ဟင်္သာတို့သည် ကောင်းကင်၌ သွားကုန်၏၊ တန်ခိုးဣဒ္ဓိပါဒ်ရှိသော ပုဂ္ဂိုလ်တို့သည်လည်း ကောင်းကင်၌ သွားကုန်၏၊ ပညာရှိတို့သည် နောက်လိုက်စစ်သည်နှင့် တကွသော မာရ်မင်းကိုနှိမ်နင်း၍ ဤလောကမှ ထွက်မြောက်ကုန်၏။

အဓိပ္ပါယ်ကား။ ။ဤဟသ်ာတို့သည် နေသွားလမ်းကြောင်း ဖြစ်သော ကောင်းကင်၌ သွားကုန်၏၊ ဣဒ္ဓိပါဒ်လေးပါးကို ကောင်းစွာပွားများသူတို့သည် ကောင်းကင်၌ တန်ခိုးဖြင့် သွားကုန်၏၊ ပညာရှိတို့သည် နောက်လိုက်စစ်သည်နှင့် တကွသော မာရ်မင်းကို အောင်၍ ဤဝဋ္ဌဆင်းရဲလောကမှ ထွက်မြောက်ကုန်၏၊ နိဗ္ဗာန်သို့ ရောက်ကုန်၏။

ဒေသနာတော်၏အဆုံး၌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ်စသည်သို့ ရောက်ကုန်၏။

ရဟန်းသုံးကျိပ်ဝတ္ထု ပြီး၏

၉။ စိဉ္ဇမာဏဝိကာမိန်းမဝတ္ထု

ဧကံ ဓမ္မံ–အစရှိသော ဤတရားဒေသနာတော်မြတ်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် စိဉ္ဇမာဏဝိကာမည်သော မိန်းမကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ဝါတော် နှစ်ဆယ်ဟု ဆိုအပ်သော ပထမဗောဓိ၌ မြတ်စွာဘုရားရှင်အား များစွာသော တပည့်သာဝကတို့သည် လည်းကောင်း၊ အတိုင်းအရှည် မရှိကုန်သော လူနတ် ဗြဟ္မာတို့သည်လည်းကောင်း၊ အရိယာအဖြစ် တည်းဟူသော တည်ရာသို့ သက်ကုန်သည်ရှိသော် ပျံ့နှံ့ထင်ရှားစွာ ကျော်စောသော ဂုဏ်ကျေးဇူးတော် အပေါင်း၌ များမြတ်ပြန့်ပြော ကြီးကျယ်စွာ လာဘ်ပူဇော် သက္ကာရသည် ထင်ရှားဖြစ်ပေ၏။ သာသနာတော်မှ အပ ဗာဟိရ ဖြစ်ကုန်သော တိတ္ထိတို့သည် ပျက်စီးခြောက်ကပ်သော လာဘ်ပူဇော် သက္ကာရ ရှိကုန်သည်ဖြစ်၍ နေထွက်သောအခါ၌ ပိုးစုံးကြူးတမျှ ဖြစ်ကုန်၏။

စိဉ္ဇမာဏဝိကာ

ထိုတိတ္ထိတို့သည် ခရီးမ၌ ရပ်တည်၍ အသို့နည်း။ ရဟန်းဂေါတမသည်သာလျှင် ဘုရားလော၊ ငါတို့သည်လည်း ဘုရားဖြစ်ပါကုန်သည်။ အသို့နည်း၊ ရဟန်းဂေါတမအား လှူအပ်သော အလှူသည်သာလျှင် အကျိုးကြီးမြတ်သလော၊ ငါတို့အား ပေးလှူအပ်သော အလှူသည်လည်း အကျိုး ကြီးမြတ်သည်သာတည်း။ ငါတို့အားလည်း ပေးလှူကြပါကုန်လော့၊ ပူဇော်သက္ကာရကိုလည်း ပြုကြကုန်လော့ဟု ဤသို့သော အခြင်းအရာဖြင့် လူတို့ကို သိစေသော်လည်း လာဘ် ပူဇော် သက္ကာရကို မရကြကုန်သောကြောင့် ဆိတ်ကွယ်ရာအရပ်၌ စုရုံးစည်းဝေး၍ အဘယ်သို့သော အကြောင်းဖြင့် ရဟန်းဂေါတမအား လူတို့၏

အကြား၌ ကျေးဇူးမဲ့ကို ဖြစ်စေ၍ လာဘ်ပူဇော် သက္ကာရကို ဖျက်ဆီးကြကုန်အံ့ နည်းဟု တိုင်ပင်ကြကုန်၏။

ထိုအခါ သာဝတ္ထိပြည်၌ စိဉ္ဇမာဏဝိကာ အမည်ရှိသော တစ်ယောက်သော ပရိဗိုဇ်မသည် မြတ်သော အဆင်းကိုဆောင်၏။ တင့်တယ်ခြင်း အထွတ်အထိပ် သို့ရောက်၏။ နတ်သမီးကဲ့သို့ ထိုပရိဗိုဇ်မ၏ကိုယ်မှ အရောင်တို့သည် ထွက်ကုန်၏။ ထိုအခါ ကြမ်းကြုတ်သော တိုင်ပင်ကြံစည်ခြင်းရှိသော တစ်ယောက်သော တိတ္ထိက စိဉ္ဇမာဏဝိကာကိုစွဲ၍ ရဟန်းဂေါတမ၏ကျေးဇူး အရှိန်အစော်မဲ့ကို ဖြစ်စေ၍ လာဘ် ပူဇော်သက္ကာရကို ဖျက်ဆီးကုန်အံ့ဟု ပြော၏။

တိတ္ထိတို့က ဤအကြောင်းသည် တင့်တယ်ကောင်းမြတ်စွာ ရှိပေ၏ဟုဝန်ခံကြကုန်၏။ ထိုနောက် စိဉ္ဇမာဏဝိကာပရိဗိုဇ်မသည် တိတ္ထိတို့အာရာမ်သို့ သွား၍ ရှိခိုးပြီးသော် တည်နေ၏။ တိတ္ထိတို့သည် ထိုပရိဗိုဇ်မနှင့် အတူတကွ စကားမပြောဆိုကြကုန်။ ထိုပရိဗိုဇ်မသည် "အသို့နည်း၊ ငါ့အား အပြစ်ပင် ရှိလေသလော"ဟု အောက်မေ့၍ အရှင်ဘုရားတို့၊ တပည့်တော်မသည် သုံးကြိမ်မြောက်အောင် ရှိခိုးပါ၏ဟု လျှောက်ထားပြီးသော် အရှင်ဘုရားတို့ တပည့်တော်မအား အဘယ်သို့သော အပြစ်ရှိပါသနည်း။ အဘယ့်ကြောင့် တပည့်တော်မနှင့် အတူတကွ စကားမပြော မဆိုကြပါသနည်းဟု မေးလျှောက်၏။

ချစ်နှမ အသို့နည်း။ ရဟန်းဂေါတမသည် ငါတို့ကို နှိပ်စက်ညှဉ်းပန်း၏။ ငါတို့အား ပျက်စီးဆုတ်ယုတ်သော လာဘ်ပူဇော်သက္ကာရ ရှိသည်ကို ပြု၍ လှည့်လည်နေဘိသည်ကို အသင် မသိသလောဟု ပြော၏။ အရှင်ဘုရားတို့ တပည့်တော်မ မသိပါ။ ဤအရာ၌ တပည့်တော်မသည် အဘယ်ကဲ့သို့ ပြုအပ်ပါသနည်းဟု မေးလျှောက်သဖြင့် ချစ်နှမ အသင်သည် ငါတို့၏ ချမ်းသာခြင်းကို အကယ်၍ အလိုရှိသည် ဖြစ်အံ့၊ မိမိကိုယ်ကို စွဲ၍ ရဟန်းဂေါတမ၏ ကျေးဇူးမဲ့ကို ဖြစ်စေပြီးသော် လာဘ်ပူဇော်သက္ကာရကို ဖျက်ဆီးလေလော့ဟု ပြော၏။

မိန်းမ မာယာ

ထိုစိဉ္ဇမာဏဝိကာ ပရိဗိုဇ်မသည် အရှင်ဘုရားတို့ ကောင်းပါပြီ။ ဤဝန်သည် တပည့်တော်မ၏ တာဝန်ဖြစ်ပါစေတော့၊ အရှင်တို့သည် မစိုးရိမ် မကြောင့်ကြပါကုန်လင့်ဟု ပြောဆို၍ ဖဲသွားပြီးသော်၊ မိန်းမ မာယာ၌ လိမ္မာတတ်မြောက်သည့် အဖြစ်ကြောင့် ထိုအခါမှ စ၍ သာဝတ္ထိပြည်၌ နေလေ့ရှိသော ဒါယကာ ဒါယိကာမ အပေါင်းတို့၏ တရားစကားကို ကြားနာပြီး၍ ဇေတဝန်ကျောင်းတော်မှ ထွက်ပြန်ကြသောအခါ၌ ပိုးပရန်အဆင်းကဲ့သို့ နီသောအဆင်းရှိသော

ပုဆိုးကို ရုံ၍ နံသာပန်းစသည် လက်စွဲလျက် ဇေတဝန်ကျောင်းတော်သို့ ရှေးမျှသွား၏။

ဤအခါ၌ အဘယ်အရပ်သို့ သွားသနည်းဟု မေးကုန်သည်ရှိသော် ငါ၏ သွားရာအရပ်ဖြင့် အသင်တို့အား အဘယ်အကျိုး ရှိအံ့နည်းဟု ဆို၍ ဇေတဝန်ကျောင်းတော်အနီးဝယ် တိတ္ထိတို့၏ အာရာမ်၌နေ၍ နံနက်စောစောမှသာလျှင် အဦးအဖျား ဖူးမြော်ခြင်းကို ဖူးမြော်ကုန်အံ့ဟု ဥပါသကာတို့သည် မြို့မှ ထွက်လာသည်ရှိသော် ဇေတဝန်ကျောင်းတော်၏ အတွင်းမှ ထ၍ လာသကဲ့သို့ ဖြစ်၍ မြို့သို့ ဝင်သွား၏။ အဘယ်အရပ်မှ ထသနည်းဟု မေးကုန်သည်ရှိသော် ငါ၏သလာရောအရပ်ဖြင့် အသင်တို့အား ပြောကြား၍ အဘယ်အကျိုးရှိအံ့နည်းဟုဆို၍ ထိုစဉ်မာဏဝကာပရိဗိုဇ်မသည် အစဉ်အတိုင်းလခွဲကိုလွှဲသဖြင့် မေးအပ်ကုန်သည်ရှိသော် ဇေတဝန်ကျောင်းတော်၌ ရဟန်းဂေါတမနှင့် အတူ ဟကွတစ်ခုသော ဂန္ဓကုဋီတိုက်၌ အိပ်ပြီးထလာခြင်း ဖြစ်ပေသည်ဟု ပြော၏။ ပုဆုဇဉ်ဖြစ်ကုန်သော လူတို့အား "ဤစကားသည် ဟုတ်မှန်အံ့လော၊ မဟုတ်မှန်ဘဲပင် ရှိအံ့လော" ဟု ဘွေးတောယှဉ်မှားခြင်းကို ဖြစ်စေ၍ သုံးလလေးလကို လွန်မြောက်သဖြင့် ပုဆိုးပိုင်းတို့ဖြင့် ဝမ်းကို ဝန်းရံပြီးသော် ကိုယ်ဝန်ရှိသော အဆင်းကိုပြ၍ အထက်၌ နီသောပုဆိုးကို ရုံပြီးလျှင် ရဟန်းဂေါတမကို စွဲ၍ ကိုယ်ဝန်တည်နေလေသည်ဟု သူမိုက်တို့ကို ယုံကြည်စေ၍ ရှစ်လ, ကိုးလကို လွန်သဖြင့် ဝမ်း၌သစ်သားပျဉ်ချပ်ဝိုင်းကိုဖွဲ့ချည်၍ အထက်၌ ပုဆိုးကိုခြုံပြီးသော် လက်ဖမိုး ခြေဖမိုးအပြင်တို့ကို နွားမေးရိုးဖြင့် ရိုက်နှက်စေ၍ ဝမ်းကိုပြုပြီးလျှင် ပင်ပန်းနွမ်းနယ်သော ကိုယ်ဥစ္စာနှင့် အမှုအရာ ရှိသည်ဖြစ်၍ ညနေချမ်းအခါ၌ မြတ်စွာဘုရားရှင်သည် တန်ဆာဆင်အပ်သော တရားဟောနေရာ၌ ထိုင်နေတော်မူလျက်တရားတော်ကို ဟောကြားတော်မူသည်ရှိသော် တရားသဘင်သို့ သွား၍ မြတ်စွာဘုရား၏ ရှေ့မှရပ်ပြီးလျှင်—

ကိုယ်ဝန်အတုဖြင့် ဘုရားရှင်အား စွပ်စွဲခြင်း

ရဟန်းကြီး လူမျှားအပေါင်းအား တရားတော်ကိုသာ ဟောကြား၍ နေဘိ၏။ အသင်၏ အသံသည် သာယာပါပေ၏။ သွား, နှုတ်ခမ်းသည် ကောင်းမွန်ချောမော ပြေပြစ်သည် ဖြစ်၍ ထိပေ၏။ ငါသည်ကား အသင့်ကို စွဲ၍ ကိုယ်ဝန်ရသောကြောင့် ရင့်ကျက်ပြည့်စုံသော ကိုယ်ဝန်ရှိသည် ဖြစ်လေပြီ။ ဧ၏ သားဖွားရာ အိမ်ကိုလည်း မသိ။ ဆီဦးထောပတ် ဆီ အစရှိသည်တို့ကို ကိုယ်တိုင်မပြုလုပ်လိုသည်ရှိသော် အလုပ်အကျွေး ဖြစ်ကုန်သော သူတို့တွင် အမှတ်မရှိ တစ်ယောက်ယောက်လည်း ဖြစ်သော ကောသလမင်းကြီးကိုလည်းကောင်း၊ အနာထပိဏ်သူဌေး၊

ကြီးကိုသော်လည်းကောင်း၊ ဝိသာခါဥပါသိကာမကိုသော်လည်းကောင်း ဤစိဉ္ဆမာဏဝိကာအား ပြုသင့်ပြုထိုက်သည်တို့ကို ပြုလုပ်၍ ပေးဂိုက်ပါလော့ဟု မပြောဆို၊ အသင်သည် မွေ့လျော်ခြင်းဌါသာလျှင် သီသည်၊ ကိုယ်ဝန်၏ အစောင့်အရှောက်ကို မသိ—

ဟု မစင်အခဲအစိုင်ကို လက်ဖြင့်ကိုင်ယူ၍ ကောင်းကင်၌ တောက်ထွန်းသော လဝန်းကို ဖျက်ဆီးပစ်ခတ်ခြင်းဌါ လုံ့လကိုပြုဘိသကဲ့သို့ လေးပါးသော ပရိသတ်၏အလယ်၌ မြတ်စွာဘုရားရှင်ကို ဆဲရေး၏။

မြတ်စွာဘုရားရှင်သည် တရားစကားကို တန့်ရပ်ထား၍ ခြေသေ့မင်းကဲ့သို့ ရဲရင့်စွာ ကျူးရင့်တော်မူလျက် အိုနှမ အသင်သည် ပြောဆိုဆုံးပသောစကား၏ ဟုတ်မှန်သည့် အဖြစ်ကိုလည်းကောင်း၊ ချွတ်ယွင်းသည့် အဖြစ်ကိုလည်းကောင်း ငါဘုရားသည်သာလျှင်လည်းကောင်း၊ အသင်သည်လည်းကောင်း နှစ်ဦးသော သူတို့သာ သိကြကုန်သည်ဟု မိန့်တော်မူ၏။

အိုရဟန်းကြီး သင်သည်လည်းကောင်း၊ ငါသည်လည်းကောင်း သိအပ်သည့် အဖြစ်သည် သြော် ဟုတ်မှန်ပေ၏။ ထိုအကြောင်းကို အဘယ်သူတို့ သိနိုင်ကုန်အံ့နည်းဟု စိဉ္ဆမာဏဝိကာက ပြန်၍ ပြော၏။

စိဉ္ဆမာဏဝိကာ မြေမျိုခြင်း

ထိုခဏ၌ သိကြားမင်း၏ စံနေရာဖြစ်သော ဗိမာန်သည် ပူလောင်သော အခြင်းအရာကို ပြလေ၏။ သိကြားမင်း ဆင်ခြင်သည်ရှိသော် စိဉ္ဆမာဏဝိကာမိန်းမသည် မြတ်စွာဘုရားရှင်ကို မဟုတ်မမှန်သောအားဖြင့် စွပ်စွဲဆဲရေးလေဘိသည်ဟု သိ၍ "ဤဝတ္ထုကို သုဘ်သင်ပေအံ့" ဟူ ကြံပြီးလျှင် လေးယောက်ျားကုန်သော နတ်သားတို့နှင့် အတူတကွ သက်ဆင်းလာခဲ့၏။ နတ်သားတို့သည် ကြွက်သဲတို့ဖြစ်၍ သစ်သားပျဉ်ချပ်ဝိုင်းကို ဖွဲ့ချည်အပ်သော ကြိုးတို့ကို တပြိုင်နက်ဘည်းသာလျှင် ကိုက်ဖြတ်ကုန်၏။ လှုပ်းဖုံး, ဝတ်ရုံအပ်သော ပုဆိုးကို ဖလသည့် ပင့်တိုက်လေ၏။ သစ်သား ပျဉ်ချပ်ဝန်းသည့် ပြုတ်ကြသည်ရှိသော် စိဉ္ဆမာဏဝိကာ မိန်းမ၏ ခြေဖမိုးအပြင်၌ ကျ၍ နှစ်ဘက်သော ခြေဖျားတို့သည် ကျိုးပျက်ကုန်၏။

လူအပေါင်းတို့သည်လည်း သူယုတ်မသည့် မြတ်စွာဘုရားရှင်ကို စွပ်စွဲဆဲရေးဘိသည်ဟု ဦးခေါင်း၌ တံဟွန်းကို ထွေးစွန့်ကျရောက်စေ၍ ခဲတုတ်စသည်တို့ကို လက်စွဲကုန်လျက် ဇေဘဝန်ကျောင်းတော်မှ ပစ်ခတ် ရိုက်ဒုတ် နှင်ထုတ်ကုန်၏။ ထိုနောက် မြတ်စွာဘုရားရှင်၏ ပကတိသော မျက်စိတော် မြင်ရာအရပ်ကို လွန်မြောက်သောအခါ၌ မဟာပထဝီမြေကြီးသည် နှစ်ဖြာကွဲ၍ ဟင်းလင်းအပေါက်

ကို ပေး၏။ အဝီစိဝရဲမှ ဝရဲမီးလျှံတို့သည် ထကုန်၏။ ထိုစိဉ္ဇမာဏဝိကာသည် အမျိုးမိဘတို့ ပေးအပ်သော ကမ္ပလာကို ရုံဘိသကဲ့သို့ အဝီစိဝရဲမီးဖြင့် လွှမ်းခြုံ ဆင်းသွား၍ အဝီစိဌ်ဖြစ်လေ၏။ သာသနာတော်မှအပ်ဖြစ်ကုန်သော တိတ္ထိတို့အား လာဘ်ပူဇော်သက္ကာရသည် ရှေးကအောက် ယုတ်လျော့လေ၏။

မြတ်စွာဘုရားရှင်အား အတိုင်းထက်အလွန် တိုးပွားဖြင်း ဖြစ်လေ၏။ တစ်ဖန်မိုးသောက် ရောက်သောနေ့၌ ရဟန်းတို့သည် တရားသဘင်ဝယ် ငါ့ရှင်တို့ စိဉ္ဇမာဏဝိကာသည် ဤသို့သောအခြင်းအရာဖြင့် ကြီးကျယ်မြင့်မြတ်သော ကျေးဇူးဂုဏ် ရှိတော်မူသော မြတ်သောအလှူကို ခံတော်မူထိုက်သော မြတ်စွာဘုရားရှင်ကို မဟုတ်မမှန်သောအားဖြင့် စွပ်စွဲဆဲရေးသောကြောင့် ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်လေဘိသည် ဟူသော စကားကို ဖြစ်စေကြကုန်၏။

မြတ်စွာဘုရားရှင်သည် ကြွလာတော်မူပြီးလျှင် ချစ်သားရဟန်းတို့ ငါဘုရားကြွတော်မူလာဆဲသော ဤယခုအခါ၌ အဘယ်မည်သော စကားဖြင့် ပြောကြားစည်းဝေး ထိုင်နေကုန်ဘိသနည်းဟု မေးတော်မူ၍ ဤအမည်ရှိသော အကြောင်းပါတည်းဟု ကြားလျှောက်သည်ရှိသော် ချစ်သားရဟန်းတို့ ဤစိဉ္ဇမာဏဝိကာသည် ဤယခုအခါ၌သာလျှင် ငါဘုရားကို မဟုတ်မလျားသောအားဖြင့် ပြောကြား စွပ်စွဲ ဆဲရေးဖူးသည် မဟုတ်သေး၊ ရှေးအခါ၌လည်း ထိုစိဉ္ဇမာဏဝိကာသည် ငါဘုရားကို မဟုတ်မလျား မုသားစကားဖြင့် ပြောကြားစွပ်စွဲ ဆဲရေးခြင်းကြောင့် ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်ဖူးသည် သာလျှင်တည်းဟု မိန့်တော်မူ၍ ရဟန်းတို့ တောင်းပန်အပ်သောကြောင့် အတိတ်ကို ဆောင်တော်မူ၏။

မဟာပဒုမမင်းသား

ချစ်သားရဟန်းတို့ ရှေးလွန်ပေပြီးသောအခါ ဗာရာဏသီပြည်မြတ်၌ ဗြဟ္မဒတ် မင်းကြီးသည် အသီးသီးသော ရာဇဓမ္မ သင်္ဂဟတို့ဖြင့် ညီမျှသမှု မင်းပြုတော်မူသည်ရှိသော် ငါဘုရား အလောင်းတော်သည် ထိုဗြဟ္မဒတ်မင်း၏ တောင်ညာစံ မဟေသီ မိဖုရားကြီး ဝမ်း၌ စွဲသန်း သန္ဓေတည်နေ ကိန်းအောင်းပြီး၍ အချိန်စေ့သဖြင့် ဖွားမြင်လာသောအခါ ပွင့်သစ်သော ပဒုမာကြာ၏အသရေနှင့် တူသော ကျက်သရေရှိလှသော မျက်နှာတော်ရှိသည့်အဖြစ်ကြောင့်ထိုမင်းသားအား မဟာပဒုမ ဟူသောအမည်ကို မှည့်ခေါ် သမုတ်ကုန်၏။ ထိုမဟာပဒုမ မင်းသားသည် အရွယ်သို့ရောက်သည်ရှိသော် တက္ကသိုလ်ပြည်သို့ သွား၍ တတ်ကောင်းဖွယ်ရာ များစွာအကုန် အလုံးစုံသော အတတ်တို့ကိုသင်ယူပြီးလျှင် တစ်ဖန် ပြန်လာခဲ့၏။ ထိုအခါ မဟာပဒုမ မင်းသား၏ မယ်တော် မိဖုရားကြီးသည် နတ်ရွာစံလွန်တော်မူလေ၏။ ဗြဟ္မဒတ်မင်းကြီးသည်လည်း တစ်ပါး

သော မင်းသမီးကို မိဖုရားကြီးအရာကို ပေးသနားရှ် သားတော် ပဒုမ မင်းသားကို အိမ်ရှေ့မင်း အရာသို့ ဆောက်နှင်းတော်မူ၏။ နောက်အဖို့ဖြစ်သော တစ်ပါးသော အခါ၌ ဗြဟ္မဒတ်မင်းကြီးသည် ထက်ဝန် ပုန်ကန်သော ပစ္စန္တရစ်ကို ငြိမ်းစေအံ့သောငှာ မိဖုရားကြီးကို ချစ်နှမ အသင်သည် ဤနန်းတော်၌ ကောင်းမွန်ချမ်းသာစွာ နေလေလော့၊ ငါသည် ပုန်ကန်ထက်သော ပစ္စန္တရစ်ကို ငြိမ်းစေအံ့သောငှာ သွားဦးအံ့ဟု ပြော၏။

အရှင်မင်းမြတ် ကျွန်တော်မသည် ဤနန်းတော်၌ မနေရစ်လိုပါ၊ အရှင် မင်းမြတ်နှင့် အတူတကွသာလျှင် လိုက်ပါအံ့ဟု တင်လျှောက်သည် ရှိသော် စစ်ထိုးရာ၌ များပြားသော အပြစ်ကိုပြု၍ ငါပြန်လာသည် တိုင်အောင် မဆန့်ကျင်သည်ဖြစ်၍ နေရစ်ပါလော့၊ ငါ၏သားတော်ဖြစ်သော မဟာပဒုမ မင်းသားကို အကြင်အခြင်းဖြင့် မှာထားစေခိုင်းခဲ့သည်ရှိသော် အသင်ချစ်နှမ အား ပြုအပ်သော ကိစ္စတို့ကို မမေ့မလျော့သည်ဖြစ်ပေရာ၏။ ထိုအခြင်းအရာဖြင့် မှာထားစေခိုင်းခဲ့ရ၍ သွားပါအံ့ဟု ပြောဆိုပြီး၍ မင်းကြီး ထွက်သွားပြီးသော် ရန်သူတို့ကို ဆုံးမပြီးလျှင် ပျက်စီးသော ပစ္စန္တရစ် ဇနပုဒ်ရွာကို ကောင်းစွာ တည်ထား ပြန်လာခဲ့ပြီး၍ မြို့၏ အပဒ္ဒ သစ်တင်ပ်ကို ဖွဲ့ပြီး နေတော်မူ၏။ ဟော ပဒုမမင်းသားသည်လည်း ခမည်းတော်မင်းကြီး ပြန်လာသော အဖြစ်ကိုသိ၍ မြို့တော်ကို တန်ဆာဆင်စေပြီးလျှင် နန်းတော်ကို သုတ်သင်စေ၍ တင်ယောက် တင်ပါးတည်းသာလျှင် မိဖုရားအထံသို့ ဝင်သွားလေ၏။

မိဖုရားကြီးက ဖြားယောင်းခြင်း

မိဖုရားကြီးသည်လည်းအဆင်းသဏ္ဌာန်ကြန်အင်လက္ခဏာကောင်းစွာတင့်တယ် လှပခြင်းအစုသို့ရောက်သော ဘုရားအလောင်းကဲ့မြင်လျှင် တပ်ငြိသော ရာဂ စိတ်ရှိသည်ဖြစ်၍ မဟာပဒုမ မင်းသားသည် မိဖုရားကြီးကို ရှိခိုး၍ မယ်တော် အကျွန်ုပ်တို့သည် အဘယ်ကို ပြုရပါအံ့နည်းဟုမေး၏၊ ထိုအခါ မဟာပဒုမ မင်းသားကို အသင်သည် အဘယ်သို့ ငါ့ကို ပြောဆိုသနည်းဟု နေရာမှထ၍ မင်းသား၏လက်ကို ကိုင်ပြီးသော် အိပ်ရာသို့တက်လော့ဟုဆို၏။

မယ်တော် အဘယ်အကြောင်းကြောင့်နည်းဟု ဆိုသည်ရှိသော် အရှင် ရွှေ့လောက် ဟာလပတ်လုံးပြည့်ရှင်မင်းမြတ်သည် နန်းရပ်ပြည်တွင်းသို့ မကြွ ဝင်တော်မူလေသး၊ ထိုရွှေ့လောက်ကာလပတ်လုံး ငါတို့နှစ်ယောက်သည် ကိလေသာအာဒုံ ကာမဂုဏ်ဖြင့် မြူးခုန်မွေ့လျော်ကုန်အံ့ဟု ပြောဆို၏။ မယ်တော် အသင်သည် အကျွန်ုပ်၏ မယ်တော်လည်း ဖြစ်ခဲ့ပါသည်၊ ခင်ပွန်း အရှင် လင်ယောကျ်ားရှိသော မိန်းမလည်း ဖြစ်ခဲ့ပါသည်။ အကျွန်ုပ် သားတော် သည် ခင်ပွန်းအရှင် လင်ယောကျ်ားရှိသော မိန်းမကို တပ်သော ကိလေသာ၏

အစွမ်းဖြင့် ဣန္ဒေတို့ကို ဖျက်၍ ကြည့်ဖူးသည်ဟူ၍ မရှိပါ။အဘယ် အကြောင်း ကြောင့်လျှင် အသင်မယ်တော်နှင့် အတူတက္ခ ဤသို့သဘောရှိသော ယုတ်မာ သော အကျင့်ကို ကျင့်ပါအံ့နည်းဟု ပြောဆို၏။

မိဖုရားသည် နှစ်ကြိမ်, သုံးကြိမ် ဖြားယောင်း ဖျောင်းဖျပြောဆို၍ မိမိ အလိုသို့ မလိုက်သည်ရှိသော် ငါ၏စကားကို အသင် မလိုက်နာပြီလောဟု မေးသဖြင့် မလိုက်နာလိုပါဟုဆိုလျှင် ထိုသို့တပြီးကား ပြည့်ရှင် မင်းမြတ်အား လျှောက်ကြား၍ အသင်၏ ဦးခေါင်းကို တောင်းလောင်းပြတ်စေအံ့ဟု ခြိမ်းခြောက်ပြောဆို၏။ မဟာပဒုမမင်းသားကလည်း အသင် အလိုရှိတိုင်း ပြောလေလော့ဟု မိဖုရားကြီးကို ရှက်နိုးစေ၍ ထွက်သွားလေ၏။

မိဖုရားသည် ကြံဆင်ခြင်သည်မှာ "ဤအိမ်ရှေမင်းသည် ရှေးဦးစွာ သွားရောက်၍ ပြည်ကြီးသခင် အရှင်မင်းမြတ်အား အကယ်၍ လျှောက် ကြားသည် ဖြစ်ခဲ့အံ့၊ ငါ၏ ဇီဝိတိန္ဒေအသက်သည် ရှိတော့မည် မဟုတ်။ ငါသည် ရှေးဦးစွာ မင်းကိုကြားလျှောက်ပေအံ့"ဟု ကြံ၏။ ထို့နောက် ထိုမိဖုရား သည် ဘောဇဉ်အာဟာရကိုစားပြီးလျှင် ညစ်နွမ်းသောအဝတ်ကိုဝတ်ရုံ၍ ကိုယ်၌ လက်သည်းကုတ်ခြစ်သော ဒဏ်ရာတို့ကို ပြပြီးလျှင် မင်းကြီးသည် မိဖုရား အဘယ်မှာနည်းဟု ငါ့ကို မေးခဲ့သည်ရှိသော် မကျန်းမမာ ဖျားနာသည်ဟု တင် လျှောက်ကြကုန်လော့ဟူ၍ အလုပ်အကျွေး အစေအပါးမိန်းမတို့အား မှာထား၍ ကျက်သရေတိုက်ခန်း၌ အိပ်နေ၏။

မာယာဖြင့်လှည့်စား၍ ကုန်းတိုက်ခြင်း

ဗြဟ္မဒတ်မင်းကြီးသည်လည်း မြို့တော်သို့ ဝင်လာ၍ နေရာနန်းတော်သို့ တက်တော်မူပြီးလျှင် မိဖုရားကြီးကို ဗမြင်သောကြောင့် မိဖုရားကြီး အတီမှာ နည်းဟု မေးတော်မူ၍ ကျက်သရေရှိသော တိုက်ခန်း၌ရှိကြောင်းကို လျှောက် တင်သည်ရှိသော် ကြွဝင်တော်မူလာခဲ့၍ ချစ်နှမ အသို့ပေနည်း အသင့်အား မချမ်းမသာ ရောဂါစွဲကပ်သလောဟု မေးတော်မူသည့်ကာလ မိဖုရားသည် မင်းကြီးမေးတော်မူသော စကားကို မကြားဟန်ပြု၍ သုံးကြိမ်တိုင်အောင် မေးတော်မူသော်လည်း စကားမဆို ဆိတ်ဆိတ်သာနေ၏။

ချစ်နှမ အဘယ်ကြောင့် စကားမပြောမဆို ဆိတ်ဆိတ် နေဘိသနည်းဟု မေးတော်မူပြန်လျှင် မြတ်သော မောင်တော်မင်းကြီး အသို့ မိန့်တော်မူပါ သနည်း၊ ခင်ပွန်းအရှင် လင်မရှိသော မိန်းမပင်သော်လည်း ကျွန်တော်မကဲ့သို့ ဖြစ်ရမည် မဟုတ်ပါဟု လျှောက်သဖြင့် အဘယ်သူသည် အသင့်အား ညှဉ်းဆဲ

သနည်း၊ လျင်စွာ ငါ့အား ပြောကြားဘိလော့ ထိုသူ၏ ဦးခေါင်းကို ဖြတ်ပိုင်းအံ့ဟု မိန့်တော်မူသည်ရှိသော်။

မောင်တော်မင်းမြတ် အရှင်သည် အဘယ်သူကို မြို့၌ အစောင့်အရှောက်ထား၍ ထွက်သွားတော်မူပါသနည်းဟု မေးလျှောက်သဖြင့် ငါ၏ သားတော် မဟာပဒုမ အိမ်ရှေမင်းသားကို ထား၍ သွားပေသည်ဟု ပြောလေလျှင် ထို ပဒုမ မင်းသားသည် ကျွန်တော်မ၏ နေဖူသို့ လာ၍ ယုတ်မာသောအကျင့်ကို ပြုကျင့်အံ့သော အခြင်းအရာဖြင့် "ငါသည် အသင်၏ မယ်တော် ဖြစ်ပါသည်" ဟု ကျွန်တော်မ တားမြစ် တောင်းပန်ပါသော်လည်း ထိုမဟာပဒုမ မင်းသားသည် ငါ့ကိုထား၍ ငါမှတစ်ပါးသောမင်းမည်သည် မရှိဟု ကျွန်တော်မကို ကိလေသာဖြင့် မေ့လျော့အံ့ဟု ပြောဆို၍ မိမိ၏အလိုသို့ မလိုက်သည်ရှိသော် ဆံပင်ကို ဆွဲကိုင်၍ ထိုမှ ဤမှ ဝှေ့ဝင်လျက် ပြင်းထန်စွာ ရိုက်နှက်ပုတ်ခတ် လဲကျစေပြီး၍ သွားပါသည်ဟု တင်လျှောက်၏။

မဘက်လိုက် မိုက်ဘက်ပါ

မင်းကြီးသည် မစူးစမ်းမဆင်ခြင် လျင်သော အဆိုပ်ရှိသော ·မြွေကဲ့သို့ ပြင်းထန်စွာ အမျက်ထွက်တော်မူ၍ · မင်းချင်းယောကျ်းတို့ကို အို·အချင်းတို့ သွားချေကုန်၊ပဒုမမင်းသားကို ဖမ်းဆီးတုပ်နှောင် ဆောင်ယူခဲ့ကုန်လော့ဟုစေခိုင်း တော်မူ၏။ မင်းစေယောကျ်းတို့လည်း မြို့အလုံးကို အုပ်ဖုံး လှမ်းမိုးဘိသကဲ့သို့ အိမ်ရှေမင်း၏အထံသို့သွား၍ အိမ်ရှေမင်းသားကို တုပ်ဖွဲ့ချည်နှောင် ပုတ်ခတ် ရိုက်နှက် ကြိုးလက်ပြန်ဖွဲ့ပြီးသော် နီသော ပန်းကုံးကို လည်ဆွဲစပ်၍ ဆောင်ယူခဲ့ကုန်၏။ ထိုမဟာပဒုမမင်းသားသည် ဤအမှုကား မိဖုရားယုတ်၏ အမှုပေတည်းဟု သိတော်မူသောကြောင့် အိုအချင်းတို့ ငါသည် ခမည်းတော် မင်းကြီး၏ အပြစ်ကို မပြု။ ငါ့အား တစ်စုံတစ်ရာ အပြစ်မရှိဟု ပြောဆိုမြည်တမ်းလျက် လိုက်လာ၏။

မြို့အလုံးသည် ပြည့်ရှင်မင်းမြတ်ကား မိဖုရား၏ စကားကို နာယူ၍ မဟာပဒုမမင်းသားကို သတ်စေသတတ်ဟု ချောက်ချားတုန်လှုပ် အုတ်အုတ် ကျက်ကျက်ဖြစ်၍ စည်းဝေးကုန်ပြီးလျှင် မင်းသား၏ ခြေရင်း၌ ဝပ်စင်း၍ အရှင့်သားတော် ဤအမှုသည် အရှင်မင်းသားတို့အား မဖြစ်သင့် မဖြစ်ထိုက်ပါဟု ဆို၍ သည်းစွာသောအသံဖြင့် ငိုကြွေးကြကုန်၏။

ထိုအခါ အိမ်ရှေမင်းကို ဆောင်ယူ၍ မင်းကြီးအား ပြကုန်၏။ မင်းသားကို မြင်လျှင် ခမည်းတော် မင်းကြီးသည် အမျက်ကို သိမ်းဆည်းအံ့သောငှါ့ မစွမ်းနိုင်သည်ဖြစ်၍ ဤမင်းသားသည် ငါ့ကို တုပလျက် မင်း၏ အသွင်

ကိုလည်း ပြု၏။ ငါ၏သားတော်ဖြစ်ပါလျက် ငါ၏ မိဖုရားကြီး၌ ပြစ်မှား ခြင်းကိုလည်း ပြု၏။ သွားကြလော့–ခိုးသူချသတ်ရာ ကမ်းပါးပြတ်၌ ချသတ် ဖျက်ဆီး ပျက်စီးခြင်းသို့ ရောက်စေကုန်လော့ဟု မင်းချင်းယောကျ်ားတို့ကို မိန့်ဆိုစေခိုင်းတော်မူ၏။ ဘုရားလောင်း မဟာပဒုမမင်းသားက ခမည်းတော် မင်းမြတ် ဤသို့သဘောရှိသော အပြစ်သည် အကျွန်ုပ်သားတော်အား မရှိပါ၊ မိန်းမစကားကို နာယူတော်မူ၍ မဖျက်ဆီးပါလင့်ဟု တောင်းပန် လျှောက်တင်၏။

မင်းကြီးသည် သားတော်လျှောက်တင်သော စကားကို နာယူတော်မမူ၊ ထိုနောက် တစ်သောင်းခြောက်ထောင်မျှလောက်ကုန်သော နန်းတွင်းသူ အပေါင်းတို့သည် ချစ်သားမဟာပဒုမ အသင့်အား မသင့်တင့် မလျောက်ပတ် သော ဤသို့သဘောရှိသောအမှုကို ဖြစ်ပေါ်ရရှိချေ၏တကား (မတော်မတရား ဖြစ်ရချေ၏)ဟု ပြောဆိုကုန်၍ ဟစ်အော်ငိုကြွေး မြည်တမ်းကုန်၏။

အလုံးစုံသော ခတ္တိယ မဟာသာလ အစရှိကုန်သောသူ မှူးမတ်သေနာပတိ တို့သည် စုရုံး၍ အရှင်မင်းကြီး သားတော် အိမ်ရှေမင်းမြတ်သည် အကျင့် သီလကို ဂုဏ်ကျေးဇူးအထူးနှင့် ပြည့်စုံသောသူလည်း ဖြစ်ပါသည်။ တိုင်းပြည် ထီးနန်း အမွေကိုခံ၍ အမျိုးအနွယ်ကို စောင့်ရှောက်လတ္တံ့သောသူလည်း ဖြစ်ပါသည်။ မိဖုရား၏စကားကို နာယူတော်မူ၍ မစိစစ်ဘဲ ဖျက်ဆီးသတ်ဖြတ် တော်မမူပါလင့်။ ပြည်ကြီးသေဌ်နင်း ဘုရင်မင်းတို့မည်သည်ကား စုံစမ်း ဆင်ခြင်၍သာ ပြုလေ့ရှိသည် ဖြစ်ပေရာ၏ဟု လျှောက်ကြားလိုရကား ဤဂါထာ တို့ကို ရွတ်ဆိုကုန်၏—

၁။ နာ ဒဋ္ဌာ ပရတော ဒေါသံ၊ အဏုံ ထူလာနိ သဗ္ဗသော။
ဣဿရော ပဏယေ ဒဏ္ဍံ၊ သာမံ အပဋိဝေကွိယ။

၂။ ယော စ အပဋိဝေကွိတွာ၊ ဒဏ္ဍံ ကုဗ္ဗတိ ခတ္တိယော။
သကဏ္ဍကံ သော ဂိလတိ၊ ဇစ္စန္ဓောဝ သမကွိကံ။

၃။ အဒဏ္ဍိယံ ဒဏ္ဍယတိ၊ ဒဏ္ဍိယဉ္ဇ အဒဏ္ဍိယံ။
အဒန္ဓောဝ ဝိသမံ မဂ္ဂံ၊ နဇာနာတိ သမာသမံ။

၄။ ယော စ တောနိ ဌာနာနိ၊ အဏုံထူလာနိ သဗ္ဗသော။
သုဒိဋ္ဌမနုသာသေယျ၊ သ ဝေ ဝေါဟရိတု မရဟသိ။

၅။ နေကန္တမုဒုနာ သက္ကာ၊ ကေန္တတိခိဏေန ဝါ။
အတ္တံ မဟန္တေ ဌာပေတုံ၊ တသ္မာ ဥဘယ မာစရေ။

၆။ ပရိဘူတော မုဒု ဟောတိ၊ အတိတိက္ခော စ ဝေရဝါ။
တေဥ ဥဘယံ ဥတ္ဌာ၊ အနုမဇ္ဈံ သမာစရေ။

၇။ ဗဟုမ္ပိ ရတ္တော ဘာသေယျ၊ ဒုဋ္ဌောပိ ဗဟု ဘာသတိ။
န ဣတ္ထိကာရဏာ ရာဇ၊ ပုတ္တံ ဃာတေတုမရဟတိ။

၁။ မြတ်သောမင်းကြီး သူတပါး၏ အပြစ်ကို ကိုယ်တိုင်ဒိဋ္ဌ မတ္တေရဘဲ အလုံးစုံသော အပြစ်ကြီးငယ်တို့ကို ကိုယ်တိုင်မစုံစမ်း မစစ်ဆေးဘဲ မင်းပြစ်မင်းဒဏ် မထားရာ။

၂။ ပြည့်ရှင်မင်းသည် မစုံစမ်း မစစ်ဆေး မစဉ်းစားဘဲ မင်းပြစ်မင်းဒဏ်ကို ပြုလုပ်အံ့၊ ထိုမင်းသည် အမိဝမ်းတွင်းက မျက်စိကွယ်ခဲ့သော(ဇစ္စန္ဓ) သူသည် ယင်ကောင်ပါဝင်နေသော ဆူးများရောနှောနေသော ထမင်းလုတ်ကို မျိုချသကဲ့သို့ ဖြစ်၏။

၃။ ပြည့်ရှင်မင်းသည် ဒဏ်မပေးထိုက်သောသူကို ဒဏ်ပေး၏၊ ဒဏ်ပေးထိုက်သောသူကို ဒဏ်မပေး၊ မိမိစိတ်ထင်သလိုပြု၏၊ သူကန်းသည် ကျင်းချိုင့် ခလုတ် သစ်ငုတ်တို့ဖြင့် မညီညာသောလမ်းကို မသိသကဲ့သို့ ထိုမင်းသည် တရားမျှတ် မှန်ကန်မှုကို မသိချေ။

၄။ ဤသို့ အရာဌာနအလျောက် အပြစ်ကြီး အပြစ်ငယ်တို့ကို စုံစမ်းဆင်ခြင်ကောင်းစွာသိမြင်၍ တိုင်းပြည်ကို ဆုံးမရာ၏၊ ထိုသူသည်သာလျှင် မင်းပြုထိုက်၏။

၅။ နူးညံ့မှု တစ်မျိုးတည်းဖြင့်လည်းကောင်း၊ ထက်မြက်မှုအကြမ်းတစ်မျိုးတည်းဖြင့်လည်းကောင်း မိမိကိုယ်ကို မြင့်မြတ်သော ဘုရင်မင်းအဖြစ်၌ ရပ်တည်စေခြင်းငှါ မစွမ်းနိုင်၊ ထို့ကြောင့် အနုအကြမ်း နှစ်ပါးစုံကို ကျင့်သုံးရာ၏။

၆။ နူးညံ့သောဘုရင်ကို ပြည်သူတို့က လွှမ်းမိုး၍ မထီမဲမြင် ပြုတတ်၏။ ထက်မြက်လွန်းသော ဘုရင်သည် အတိုက်အခံရန်သူ များပြား၏။ ဤနူးညံ့မှု ထက်မြက်မှု နှစ်မျိုးကို သိရှိနားလည်၍ အလယ်အလတ်အားဖြင့် ကျင့်သုံးရာ၏။

၇။ တဏှာရာဂ လောဘအားကြီးသူသည် စကားများစွာ ပြောတတ်၏။ ဒေါသကြီးသူသည်လည်း စကားများစွာ ပြောတတ်၏။ ဘုရင်မင်းမြတ်မိန်းမဟူသော အကြောင်းကြောင့် ထီးလျှာနန်းညွှန့် သားတော်ကို မသတ်ထိုက်ပါ။

ဤသို့ အထူးထူးသော အကြောင်းတို့ဖြင့် တင်လျှောက်ပါကုန်သော်လည်း မှူး,မတ် သေနာပတိတို့သည် မိမိတို့၏စကားကို ယူစိမ့်သောငှါ မတတ်နိုင်ကုန်။

သားတော် မဟာပဒုမ မင်းသားသည် တင်လျှောက်တောင်း ပန်ပါသော်လည်း မိမိ၏စကားကို ယူစိမ့်သောငှါ မတတ်နိုင်ကုန်၊ မိုက်လှစ္ဆာသော မင်းကြီးသည် "သွားကြလော့၊ ထိုမင်းသားကို ခိုးသူတို့ချသတ်ရာဖြစ်သော ကမ်းပါးပြတ်၌ ပစ်ချသတ်ဖြတ်လေကုန်ဟု စေခိုင်းလို၍ ဤဂါထာကိုဆို၏။

သဗ္ဗောဝ လောကော ဧကတော၊ ဣတ္ထိ စ အယမေကိကာ။
တေနာ ဟံ ပဋိပဇ္ဇိဿံ၊ ဂစ္ဆ ပက္ခိပထေဝ နံ တံ။

အို-အမတ်အပေါင်းတို့ တိုင်းပြည်နှင့်တကွသော အလုံးစုံသော လူအပေါင်းသည် တစ်ပေါင်းတစ်စုတည်းဖြစ်၍ မင်းသား၏ အပင်းအသင်း ဖြစ်ကြလေ၏။ ငါ၏မိန်းမဖြစ်သော ဤမိဖုရားမှာမူကား အဖော်အသင်းအပင်း မရှိမူ၍ တစ်ယောက်တည်းသာ ဖြစ်ခဲ့၏။ ထိုကြောင့် ငါသည် စီရင်လိုက်အံ့၊ သွားကြလော့၊ တိုမင်းသားကို ခိုးသူတို့ ချသတ်ရာဖြစ်သော ကမ်းပါးပြတ်၌ ချသတ်ကုန်ဘိလော့ဟု အမိန့်ပေးတော်မူ၏။

ထိုသို့ အမိန့်ပေးတော်မူသည်ရှိသော် တစ်သောင်းခြောက်ထောင်မျှလောက်ကုန်သော နန်းတွင်းသူ အပေါင်းတို့တွင် တစ်ယောက်သောသူမျှလည်း ပကတိသော မိမိ၏ကိုယ်ဖြင့် တည်တံ့ခြင်းငှါ မစွမ်းနိုင်။ အလုံးစုံသော ပြည်သူ အပေါင်းတို့သည်လည်း လက်နှစ်ဖက်တို့ကို မြောက်၍ ဆံပင်တို့ကို ဖရိုဖရဲကြဲစေကုန်လျက် ငိုကြွေးမြည်တမ်းကုန်၏။ မင်းကြီးသည် ဤလူများအပေါင်းတို့သည် မင်းသားအား ကမ်းပါးပြတ်၌ ချသတ်ခြင်းကို ကန့်ကွက်တားမြစ်သော်လည်း တားမြစ်ပေရာ၏"ဟု ကြံ၍ အခြွေအရံနှင့်တကွ ကိုယ်တိုင်လိုက်သွားပြီးသော် လူအများတို့ ငိုကြွေးမြည်တမ်းစဉ် ခြေထောက်မိုးမျှော်ဦးခေါင်းဇောက်ထိုးကိုင်စေ၍ ကမ်းပါးပြတ်၌ ချစေ၏။

နဂါးပြည်၌ စံပြီးမှ ရဟန်းပြုခြင်း

ထိုအခါ မဟာပဒုမမင်းသား၏ မေတ္တာအာနုဘော်ကြောင့် တောင်စောင့်နတ်သည် မဟာပဒုမမင်းသား မကြောက်လင့်ဟု ပြောဆို၍ မင်းသားကို သက်သာရာရစေပြီးလျှင် လက်နှစ်ဖက်တို့ဖြင့် ယူပွေ့၍ ရင်ခွင်၌ထားလျက် နတ်၏အတွေ့ဖြင့် သက်သာစေ၍ တောင်ခြေရင်း၌ တည်ရှိသော နဂါးမင်း၏ ပါးပျဉ်းထက်၌ ထား၏။ နဂါးမင်းသည် ဘုရားလောင်းမင်းသားကို နဂါးပြည်သို့ ဆောင်ယူပြီးလျှင် မိမိ၏စည်းစိမ်ကို အလယ်၌ခွဲဝေ၍ ပေးကမ်းချီးမြှင့်တော်မူ၏။

မဟာပဒုမ မင်းသားသည် တစ်နှစ်ပတ်လုံး နဂါးပြည်၌ စံနေ၍ အရှင် နဂါးမင်း ငါသည် လူ့ပြည်သို့သွားလိုပါသည်ဟု ပြောဆိုသည်ရှိသော် အဘယ် အရပ်သို့သွားအံ့နည်းဟု မေးသဖြင့် ဟိမဝန္တာသို့သွား၍ ရဟန်းပြုပါအံ့ဟု ဆို၏။ နဂါးမင်းသည် ကောင်းပြီဟု ဝန်ခံ၍ မဟာပဒုမ မင်းသားကို လူ့ပြည် ခရီး၌ ထားပြီးလျှင် ရဟန်းပရိက္ခရာတို့ကို ပေးလှူ၍ မိမိနေရာ နဂါးပြည်သို့ သာလျှင် ပြန်သွား၏။

မဟာပဒုမ မင်းသားသည်လည်း ဟိမဝန္တာတောအရပ်သို့ ချဉ်းကပ်ဝင်မြန်း ရသေ့ရဟန်းပြုပြီးလျှင် စျာန်, အဘိညာဉ်တို့ကို ဖြစ်စေ၍ တော၌ ဖြစ်သော သစ်မြစ်, သစ်သီးတည်းဟူသော အစာအာဟာရ ရှိသည်ဖြစ်၍ ဟိမဝန္တာ၌ နေတော်မူ၏။

မုဆိုးနှင့် တွေ့ခြင်း

ထိုအခါ ဗာရာဏသီပြည်၌ နေလေ့ရှိသော တောလည် မုဆိုး တစ်ယောက် သည် ထိုအရပ်သို့ ရောက်သွား၍ ဘုရားအလောင်း မဟာပဒုမ မင်းသားကို မြင်လျှင် အရှင်မြတ်သည် မဟာပဒုမမင်းသား မဟုတ်ပါတုံလောဟု မေးလျှောက်၍ အချင်းမုဆိုး ဩော်-ဟုတ်ပေ၏ဟု မိန့်ဆိုတော်မူသည်ရှိသော် ဘုရားအလောင်း ရသေ့မြတ်ကို ရှိခိုးဦးချ၍ ဘုရားလောင်း၏ အထံ၌ နှစ်ရက်, သုံးရက် နေပြီးသော် ဗာရာဏသီပြည်သို့ ပြန်သွား၍ ဗြဟ္မဒတ်မင်းကြီးအား အရှင်မင်းမြတ် အရှင်မြတ်၏ သားတော်ဖြစ်သော အိမ်ရှေမင်းသားသည် ဟိမဝန္တာအရပ်၌ ရသေ့ ရဟန်းပြု၍ သစ်ရွက်မိုးသော ကျောင်း၌နေပါသည်။ အကျွန်ုပ်သည် ထိုအိမ်ရှေမင်းသား၏အထံ၌ နှစ်ရက် သုံးရက်မျှနေ၍ ပြန်လာ ခဲ့ပါသည်ဟု တင်လျှောက်၏။

ထိုသို့ တင်လျှောက်သောစကားကို ကြား၍ ဗြဟ္မဒတ်မင်းကြီးက အသင် မုဆိုး အသင်သည် မျက်မှောက်ထင်ထင် တွေ့မြင်ခဲ့သလောဟု မေးတော်မူပြန် သည်ရှိသော် အရှင် မင်းမြတ် အကျွန်ုပ်ကိုယ်တိုင် မျက်မှောက် ထင်ထင် တွေ့မြင်ခဲ့ရပါသည်ဟု လျှောက်၏၊ ယင်းသို့ တင်လျှောက်သောအခါ ဗြဟ္မဒတ် မင်းကြီးသည် စစ်သည်ဗိုလ်ပါအပေါင်း ခြံရံလျက် ဟိမဝန္တာသို့ သွားရောက် ပြီးလျှင် တောစွန်း၌ သစ်တပ်တည်၍ အမတ်အပေါင်း ခြံရံပြီးသော အခါ သစ်ရွက်မိုးသောကျောင်းသို့ ဝင်သွား၍ သစ်ရွက်မိုးသော ကျောင်းတံခါး၌ ထိုင်နေတော်မူသော ရွှေအဆင်းနှင့်တူသော အဆင်းရှိသော ဘုရားအလောင်းကို မြင်လျှင် ရှိခိုးဦးချ၍ သင့်လျော် လျောက်ပတ်သောအရပ်၌ ထိုင်နေလေ၏။

မှူးမတ် အပေါင်းတို့သည်လည်း ရှိခိုးဦးချ၍ စကားပြောဆိုခြင်းကိုပြုလျက် ထိုင်နေကြကုန်၏။ ဘုရားလောင်းသည်လည်း ခမည်းတော်မင်းမြတ်ကို လျောက်ပတ်သောစကား ပြောကြားမေးမြန်းခြင်းကို ပြုတော်မူ၏။

သားတော်အား အကြောင်းစုံ မေးမြန်းခြင်း

ထိုအခါ ဗြဟ္မဒတ်မင်းကြီးက ချစ်သား အသင်သည် အလွန်နက်သော ကမ်းပါးပြတ်၌ ပစ်ချစေပါလျက် အဘယ်ကြောင့် အသက်မသေ တည်နေရပါသနည်းဟု သားတော် ဘုရားလောင်းကို မေးမြန်းလိုရကား ဤဂါထာကိုရွတ်ဆိုတော်မူ၏—

အနေကတာလေ နရကေ၊ ဂမ္ဘီရေ စ သုဒုတ္တရေ။
ပါတိတော ဂိရိဒုဂ္ဂသ္မိံ၊ ကေန တွံ တတ္ထ နာမရိ။

အသင်ချစ်သား ထန်းတစ်ရပ်မက နက်လှစွာသော နရက်ချောက် ကမ်းပါးပြတ်၌ ပစ်ချပါလျက် အဘယ်ကြောင့် ထိုကမ်းပါးပြတ်၌ အသင်ချစ်သားသည် မသေဘဲ ရှိပါလေသနည်း။

ဘုရားအလောင်းသည် မိမိအသက်မသေခဲ့ရသောအကြောင်းကိုခမည်းတော်မင်းကြီးအား ပြောကြားလိုက်ရကား ဤဂါထာကို ရွတ်ဆိုလေ၏—

နာဂေါ ဇာတဖဏော တတ္ထ၊ ထာမဝါ ဂိရိသာနုဇော။
ပစ္စဂ္ဂတိ မံ ဘောဂေဟိ၊ တေနာဟံ တတ္ထ နာမရိ။

ခမည်းတော်မင်းမြတ် ထိုတောင်ချောက်ကမ်းပါးပြတ်၌ ပြန့်သော ပါးပျဉ်းရှိသော ကြီးကျယ်သော အားအစွမ်းနှင့် ပြည့်စုံသော တောင်လျှဉ် တောင်ဝှမ်း၌ဖြစ်သော နဂါးမင်းသည် အရှင်ခမည်းတော်တို့ ပစ်ချအပ်သည် ဖြစ်၍ ကျလာသော ငါ့ကို ကိုယ်အခွေတို့ဖြင့် အသင့် ကြိုဆို၍ ယူလင့်ပေ၏။ ထို့ကြောင့် သားတော်သည် ထိုကမ်းပါးပြတ်၌ မသေပေသတည်း။

ဘုရားအလောင်း ပြောဆိုသောစကားကိုကြား၍ ခမည်းတော် ဗြဟ္မဒတ်မင်းကြီးသည် သားတော် ဘုရားလောင်းအား တိုင်းပြည်သို့ ပြန်လိုက်ရန် တောင်းပန်လိုရကား ဤဂါထာကို ရွတ်ဆိုလေ၏—

ဧဟိ တံ ပဋိနေဿာမိ၊ ရာဇပုတ္တ သကံ ဃရံ။
ရဇ္ဇံ ကာရေဟိ ဘဒ္ဒန္တ၊ ကိံ အရညေ ကရိဿသိ။

ဘုရင့်သားတော် လိုက်ခဲ့ပါလော့ အသင် ချစ်သားကို ကိုယ့်အိမ်ကို ပြန်ခေါ်မည်၊ မင်းအဖြစ်ကို ပြုလော့၊ လူသူမနီး တောကြီးအလယ်၌ နေသ ဖြင့် အသင် ချစ်သားအား အဘယ်အကျိုးရှိအံ့နည်း။

ဧဟိ တံ ပဋိနေဿာမိ၊ ရာဇပုတ္တ သကံ ဃရံ။
ရဇ္ဇံ ကာရေဟိ ဘဒ္ဒန္တ၊ ကိံ အရညေ ကရိဿသိ။

ဘုရင့်သားတော် လိုက်ခဲ့ပါလော့ အသင် ချစ်သားကို ကိုယ့်အိမ်ကို ပြန်ခေါ်မည်၊ မင်းအဖြစ်ကို ပြုလော့၊ လူသူမနီး တောကြီးအလယ်၌ နေသ ဖြင့် အသင် ချစ်သားအား အဘယ်အကျိုးရှိအံ့နည်း။

ဘုရားအလောင်းရသေ့သည် ခမည်းတော် တောင်းပန်သော စကားကို ကြား၍ ပယ်ရှားလိုရကား ဤဂါထာကို ရွတ်ဆိုလေ၏—

ယထာ ဂိလီတ္ဘာ ဗဠိသံ၊ ဥဒ္ဓရေယျ သလောဟိတံ။
ဥဒ္ဓရိတ္ဘာ သုခီ အာသာ၊ ဧဝံ ပဿာမိ အတ္တနံ။

ခမည်းတော် မင်းမြတ် ငါးများချိတ်ကို မျိုမိသူသဲ့သည် သွေးနှင့် တကွ ထွေးအန်သည်ရှိသော် ချမ်းသာခြင်း ဖြစ်ပေရာ၏။ ထိုချမ်းသာကို မိမိကိုယ်၌ ကောင်းစွာထင်ထင် ကြည့်ရှု၍မြင်ပေ၏။

ထိုနောက် ခမည်းတော်မင်းကြီးသည် ဘုရားအလောင်းရသေ့ပြောဆိုသော စကားကို တစ်ဖန်မေးပြန်လိုရကား ဤဂါထာကို ရွတ်ဆိုလေ၏—

ကိ ံ နု တုံ ဗလိသံ ဖြုသိ၊ ကိ ံ တုံ ဖြုသိ သလောဟိတံ။
ကိ ံ နု တုံ ဥဇ္ဇုတံ ဖြုသိ၊ တံ မေ အက္ခာဟိ ပုစ္ဆိတော။

ချစ်သား အဘယ်ကို ငါးများချိတ်ဟူ၍ ဆိုဘိသနည်း။ အဘယ်ကို သွေးနှင့်တကွ ဟူ၍ ဆိုဓလသနည်း။ အဘယ်ကို အသင်ချစ်သားသည် နုတ်အန် အပ်၏ ဟူ၍ ဆိုသနည်း။ ဤသို့ မသိခြင်းကြောင့် မေးမြန်းခံရသော အသင် ချစ်သားသည် ခမည်းတော်အား ပြန်ကြားဖြေဆိုပါလော့။

ခမည်းတော် မေးလျှောက်သော စကားကို ဖြေဆိုတော်မူလိုသော ဘုရား အလောင်းရသေ့မြတ်သည် ဤဂါထာကို ရွတ်ဆိုလေ၏—

ကာမာ ဟံ ဗဠိသံ ဖြုမိ၊ ဟတ္ထိ အာသံ သလောဟိတံ။
စတ္တာဟံ ဥဇ္ဇုတံ ဖြုမိ၊ ဧဝံ ဇာနာဟိ ခတ္တိယ။

ခမည်းတော်မင်းမြတ် လောကီအာရုံ ကာမဂုဏ်ဘို့ကို ငါးများချိတ် ဟူ၍ ငါဆိုပေ၏။ ဆင်, မြင်း စသည်ကို သွေးနှင့်ဘကွဟူ၍ ဆို၏။ ငါသည် ဤသို့ ဆင်, မြင်း-စသည်နှင့် တကွသော လောကီအာရုံ ကာမဂုဏ်တို့ကို အလုံးစုံ ပယ်ရှားခြင်း, စွန့်ပစ်ခြင်းကို နုတ်အန်ခြင်းဟူ၍ ဆိုပေ၏။ ဤသို့သော အခြင်းအရာဖြင့် အသင် ခမည်းတော် မင်းမြတ်သည် သိရှိတော်မူပါလေလော့ဟု ဖြေဆိုတော်မူ၏။

သားတော်ရသေ့အား ဝန်ချကန်တော့ခြင်း

ခမည်းတော်မင်းကြီးသည် သားတော် ဘုရားလောင်းရသေ့၏ စကားကို ကြားရလျှင် နှစ်လိုဝမ်းမြောက်ခြင်းသို့ ရောက်သည်ဖြစ်၍ အလောင်းတော် ရသေ့၏ ခြေရင်း၌ ဝပ်ပြီးလျှင် ချစ်သား ငါသည် အလွန်မိုက်မဲ တွေဝေသော ကြောင့် ကုန်းချော်သော မိန်းမ၏ စကားကို လိုက်နာ၍ ဤသို့ သဘောရှိသော

အကျင့် အာစာရ သီလဂုဏ်နှင့် ပြည့်စုံသော အသင် ချစ်သား၌ ပြစ်မှား ခြင်းကို ပြုမိပေ၏။ ငါဖခင်အား အပြစ်ကို မထားဘဲ သည်းခံတော်မူပါလော့ဟု ကန်တော့ ဝန်ချ၏။

မြတ်သော ခမည်းတော်မင်းကြီး အရှင်မင်းကြီး၏ အပြစ်ကို ငါသည် သည်းခံပါ၏။ ထိုတော်မူပါလော့။ ဤအခါမှစ၍ မစုံစမ်း မဆင်ခြင် ပြုသည် မဖြစ် လေလင့်ဟု မိန့်တော်မူသည်ရှိသော် ချစ်သား အသင် ချစ်သားသည် ခမည်း တော်၏ ဥစ္စာဖြစ်သော ထီးဖြူကို ဆောင်ယူ၍ ထိုင်းပြည်အလုံးကို ဆုံးမသည် ရှိသော်သာ ငါ့အား သည်းခံသည် ဖြစ်ပေလိမ့်မည်ဟု ပြောဆိုတောင်းပန်၏။ ခမည်းတော်မင်းကြီး ဂါ့အား မင်းအဖြစ်ဖြင့် အလိုမရှိပြီ။ခမည်းတော်မင်းကြီး သည် ရာဇဓံဆယ်ထွေကို မသွေမပျက်စေသဖြင့် လေးထွေသော အဂတိတရား တို့ကို ပယ်ရှား စွန့်ပြီးသောအခါ တရားနှင့် ညီစွာ မင်းပြုတော်မူပါလေ့ဟု ဘုရားလောင်းရသေ့ သည် ခမည်းတော်မင်းကြီးအား အဆုံးအမကို ပေးတော် မူ၏။

မိဖုရားကို ကမ်းပါးပြတ်၌ ပစ်ချခြင်း

ဗြဟ္မဒတ်မင်းကြီးသည် သားတော်ကို ခေါ်ဆောင်၍ မရသောကြောင့် ဝိုကြွေးမြည်တမ်း၍ တိုင်းပြည်သို့ ပြန်သွားသည် ရှိသော် ခရီးအကြာ၌ မှူးမတ် သေနာပတိတို့ကို အချင်းတို့ အဘယ်သူကို အမှီပြု၍ ဤသို့သဘော ရှိသော အကျင့်သီလ အာစာရ ကျေးဇူးဂုဏ်နှင့် ပြည့်စုံသော သားတော် မြတ်နှင့် ငါသည် ကွေကွင်းခြင်းသို့ ရောက်ရဘိသနည်းဟု မေးတော်မူသဖြင့် မြတ်သောမင်းကြီး မိဖုရားကြီးကို အမှီပြု၍ ဤသို့ သဘော့ရှိသော အကျင့်သီလ အာစာရကျေးဇူး ဂုဏ်အထူးနှင့် ပြည့်စုံသော သားတော်နှင့် အတူတကွ မနေရမူ၍ကွေကွင်းရခြင်းသို့ ရောက်ရပါသည်ဟု တင်လျှောက်ကုန်၏။

ဗြဟ္မဒတ် မင်းကြီးသည် ယုတ်မာလှစွာသော ထိုမိဖုရားကြီးကို ဦးခေါင်း တဲ့လဲ ခြေထောက်မိုးမျှော် ကိုင်ယူစေပြီး၍ ခိုးသူတို့ ချသတ်ရာ ကမ်းပါးပြတ်၌ ချသတ်စေပြီးလျှင် မြို့တော်သို့ ဝင်၍ တရားနှင့်အညီ မင်းပြုတော်မူ၏။

ဇာတ်စတင်ကို ပေါင်းတော်မူခြင်း

မြတ်စွာဘုရားရှင်သည် ချစ်သား ရဟန်းတို့ ဤစိဉ္ဆမာဏဝိကာသည် ယခု အခါ၌သာလျှင် ငါဘုရား ကို စွပ်စွဲ ဖျက်ဆီးသောကြောင့် ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်ရပေသည် မဟုတ်သေး၊ ရှေးအခါ၌လည်း ဆောက်ဖူးလေပြီ ဟုမိန့်တော်မူ၍ ချစ်သားရဟန်းတို့ ယခုအခါ၌ စိဉ္ဆမာဏဝိကာသည် ထိုရှေးအခါ က မဟာပဒုမ မင်းသား၏ မိထွေးတော် မိဖုရားကြီး ဖြစ်ဖူးပြီ၊ ယခုအခါ

ဒေဝဒတ်သည် ထိုရှေးအခါက မဟာပဒုမ မင်းသား၏ ခမည်းတော် ဗြဟ္မဒတ် မင်းကြီးဖြစ်ဖူးပြီ။ ယခုအခါ အာနန္ဒာသည် ထိုအခါ နဂါးမင်း ဖြစ်ဖူးလေပြီ။ ယခုအခါ သာရိပုတ္တရာသည် ထိုအခါက တောင်စောင့်နတ်မင်း ဖြစ်ဖူးလေပြီ။ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ မဟာပဒုမ မင်းသား ဖြစ်ဖူးလေပြီဟု ဇာတ်တော်ကို ပေါင်းတော်မူ၏။

များစွာသောသူတို့ သောတာပန် တည်ခြင်း

မြတ်စွာဘုရားရှင်သည် ဒုါဒသနိပါတ် မဟာပဒုမ ဇာတ်တော်ဖြင့် ဤသို့သော အကြောင်းအရာကို ပြတော်မူပြီးနောက် ချစ်သားရဟန်းတို့ သစ္စာစကားဟု ဆိုအပ်သော တစ်ခုသောတရားကို ပယ်စွန့်၍ မုသာဝါဒ၌ တည်ကုန်သော စွန့်လွှတ်ချဲထွင်အပ်သော တမလွန်လောက ရှိကုန်သော သူတို့အား မပြုအပ်သော အကုသိုလ်ကံမည်သည် မရှိဟု မိန့်တော်မူလိုရကား ဤဂါထာကို ဟောကြားတော်မူ၏—

ကေံဓမ္မံ အတီတဿ၊ မုသာဝါဒိဿ ဇန္တုနော။
ဝိတိဏ္ဏပရလောကဿ၊ နတ္ထိ ပါပံ အကာရိယံ။

သစ္စာစကားတည်းဟူသော တစ်ခုသော အမှန်တရားကို ကျော်လွန်၍ တမလွန် ကောင်းကျိုးချမ်းသာကို စွန့်လွှတ်လျက် မုသာဝါဒ ဆိုလေ့ရှိသော သူအား မပြုလုပ်သင့် မပြုလုပ်ဝံ့သော ယုတ်မာမှုဟူ၍ မရှိတော့ပြီ။

ထိုဂါထာ၌—

ကေံဓမ္မံ=ဟူသည် မှန်သောသစ္စာစကားတည်း။

မုသာဝါဒိဿ=ဟူသည် စကားဆယ်ခွန်းတို့တွင် တစ်ခွန်းမျှမှန်သော သစ္စာစကား မရှိသော မုသာဝါဒ ပြောလေ့ရှိသူအား၊

ဝိတိဏ္ဏပရလောကဿ=ဟူသည် တမလွန်လောကကို စွန့်လွှတ်ထားသော မုသာဝါဒ ပြောလေ့ရှိသူသည် လူ့စည်းစိမ် နတ်စည်းစိမ် အဆုံးကာလ နိဗ္ဗာန်ချမ်းသာ ဤသုံးပါးသော စည်းစိမ်ချမ်းသာတို့ကို မတွေ့မြင်ရတော့ချေ၊

နတ္ထိ ပါပံ=ဟူသည် ဤသို့သဘောရှိသောသူအား ဤမည်သော ယုတ်မာမှုကို မပြုအပ်ဟူ၍ မရှိတော့ပြီ။

ဒေသနာတော်အဆုံး၌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

စိဉ္စမာဏဝိကာမိန်းမဝတ္ထု ပြီး၏။

၁၀။ အသဒိသဒါနဝတ္ထု

နဝေ ကဒရိယာ–အစရှိသော ဤတရားဒေသနာတော်မြတ်ကို မြတ်စွာဘုရား ရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အသဒိသဒါနကို အကြောင်းပြု၍ ဟောတော်မူသည်။

တစ်ပါးသောအခါ၌ မြတ်စွာဘုရားရှင်သည် အရပ်ရပ် အပြည်ပြည်သို့ ဒေသစာရီ လှည့်လည် ကြွမြန်းတော်မူပြီးသော် သံဃာတော် ငါးရာခြံရုံလျက် တစ်ဖန် ဇေတဝန်ကျောင်းတော်သို့ ပြန်လည် ကြွဝင်တော်မူလာ၏၊ ပသေနဒိကောသလမင်းကြီးသည် မြတ်စွာဘုရား ကျောင်းတော်သို့ သွားရောက်၍ မြတ်စွာဘုရားရှင်ကို ရှိခိုးဦးချ ပင့်ဖိတ်ပြီးသော် တစ်ဖန်မိုးသောက် ရောက်သော နေ့၌ အဘ၀န္တုက အလှူဒါနကို စီရင်၍ ငါ၏ ဒါနကို ကြည့်ရှုလာကြစေ ကုန်သတည်းဟု မြို့သူမြို့သားအပေါင်းတို့ကိုခေါ် စေ၏။ မြို့သူမြို့သား ယောကျ်ား မိန်းမအပေါင်းတို့သည် လာရောက်၍ မင်းကြီး၏အလှူဒါနကို ကြည့်ရှုပြီးသော် တစ်ဖန်မိုးသောက် ရောက်သောနေ့၌ မြို့သူမြို့သားတို့သည်လည်း မြတ်စွာဘုရားကို ပင့်ဖိတ်၍ အလှူဒါနကို စီရင်ပြီးသော် ငါတို့၏ အလှူဒါနကိုလည်း ပြည့်ရှင်မင်းမြတ်သည် ကြလာ ကြည့်ရှုတော်မူလေ့ဟု မင်းကြီးအား သတင်းစကား လျှောက်ကြားပေးပို့ကုန်၏။

မင်းနှင့်ပြည်သူ အမြိုင်အဆိုင် လှူဒါန်းကြခြင်း

ပသေနဒိ ကောသလမင်းကြီးသည် မြို့သူမြို့သားတို့ ပြုလုပ် လှူဒါန်းအပ်သော ဒါနကိုမြင်၍ "ဤမြို့သူမြို့သား အပေါင်းတို့သည် ငါမင်းမြတ် ပြုစု လှူဒါန်းအပ်သော ဒါနထက် ပိုလွန်မွန်မြတ်သည်ကို ပြုအပ်၏။ ငါသည်လည်း တစ်ဖန် အလှူဒါနကို ပြုလုပ်လှူဒါန်းဦးအံ့ဟု ကြံပြီးသော် နက်ဖြန် မိုးသောက် ရောက်သောနေ့၌လည်း အလှူဒါနကို စီရင်ပြန်၏။ မြို့သူမြို့သား အပေါင်းတို့သည်လည်း မင်းကြီး ပြုလုပ်လှူဒါန်းသော ထိုအလှူဒါနကို မြင်၍ တစ်ဖန် မိုးသောက် ရောက်သောနေ့၌ ဒါနဝတ္ထုကို ပြုစုစီမံကြကုန်၏။ ဤသို့သော နည်းဖြင့်သာလျှင် ပြည့်ရှင်မင်းကြီးသည် မြို့သူမြို့သား အပေါင်းတို့ကို ရှုံးစေခြင်းငှါ မစွမ်းနိုင်။ မြို့သူမြို့သားတို့သည်လည်း ပြည့်ရှင်မင်းကြီးကို ရှုံးစေခြင်းငှါ မစွမ်းနိုင်လေ။ ထိုနောက် ခြောက်ကြိမ်မြောက်၌ မြို့သူမြို့သား အပေါင်းတို့သည် အဆတစ်ရာကိုလည်းကောင်း၊ အဆတစ်ထောင်ကိုလည်းကောင်း ပွားစေ၍ အကြင်သို့သော အခြင်းအရာဖြင့် ပြုလုပ်အပ်သည် ရှိသော် ဤသူတို့ လှူဒါန်းအပ်သော အလှူဒါနဌ် ဤအမည်ရှိသော အလှူဒါန ဝတ္ထုကား မပါမရှိခဲ့ဟု ပြောဆိုခြင်းငှါ မစွမ်းနိုင်။ ဤသို့သောအခြင်းအရာဖြင့် ဒါနဝတ္ထုကို ပြုစု စီရင်ကုန်၏။

ပသေနဒီ ကောသလမင်းကြီးသည် မြို့သူမြို့သားတို့ ပြု စုလှူဒါန်းအပ်သော ထိုအလှူဒါနကိုမြင်၍ "ငါသည် ဤသူတို့၏ အလှူဒါနထက် ပိုမိုလွန်ကဲမွန်မြတ်သည်ကို ပြုခြင်းငှါ အကယ်၍ မစွမ်းနိုင်သည်ဖြစ်အံ့၊ ငါ့အား အသက်ရှည်ရှည် တည်နေရသဖြင့် အဘယ်အကျိုး ရှိတော့အံ့နည်း"ဟု အကြောင်းကို ကြံစည်လျှောင်းအိပ်နေ၏။

ထိုအခါ မလ္လိကာ မိဖုရားကြီးသည် မင်းကြီးသို့ ချဉ်းကပ်၍ အရှင်မင်းမြတ် အဘယ်သို့သော အကြောင်းကြောင့် ဤသို့ လျောင်းအိပ်၍ နေဘိသနည်း။အဘယ်သို့သော အကြောင်းကြောင့် အရှင်မင်းမြတ်၏ကာယိန္ဒေ တော်တို့သည် ပင်ပန်း နွမ်းနယ်ဘိသကဲ့သို့ ဖြစ်ရပါသနည်းဟု မေးလျှောက်၏။ မင်းကြီးက အရှင်မိဖုရား အသင်သည် ဤသခု ငါ၌ ဖြစ်သောအကြောင်းကို မသိသလောဟု ပြန်၍ မေးသဖြင့် အရှင်မင်းမြတ် မသိပါဟူ၍ လျှောက်ထားသည်ရှိသော် ပသေနဒီ ကောသလ မင်းကြီးသည် မလ္လိကာမိဖုရားကြီးအား ထိုအကြောင်း အလုံးစုံကို အကုန်ပြန်ကြားတော်မူလေ၏။

ပြည်သူတို့ မပြုနိုင်သော အသဒိသဒါန

ထိုအခါ မလ္လိကာ မိဖုရားကြီးက ပသေနဒီ ကောသလ မင်းကြီးကို အရှင်မင်းမြတ် စိုးရိမ်ကြောင့်ကြတော် မမူပါလင့်။ အသို့နည်း၊ အရှင်မင်းမြတ် မြေကြီးကို အစိုးရသော ပြည့်ရှင် မင်းမြတ်ကို ပြည်သူပြည်သားတို့က ရုံးစေသည်ဟူ၍ မြင်ဖူး ကြားဖူးပါသလော။ ကျွန်တော်မသည် ထိုသူတို့၏ အလှူဒါနထက် ကဲထက်ပိုလွန်သော အလှူဒါနကို စီရင်ပါအံ့ဟုလျှောက်၏။ သူတစ်ပါးတို့ မတူနိုင်သော အသဒိသဒါနကို စီရင်လိုသဖြင့် မလ္လိကာ မိဖုရားသည် ပြည့်ရှင်မင်းမြတ်အား ဤသို့ လျှောက်ကြား၏။

အရှင်မင်းမြတ် နှပဲသားပျဉ်ချပ်တို့ဖြင့် ငါးရာကုန်သောရဟန်းတို့၏အတွင်း၌ လှည့်လည်ထိုင်နေ သီတင်းသုံးတော်မူရာဖြစ်သောမဏ္ဍပ်ကို ပြုစေတော်မူလော့၊ ကြွင်းကုန်သော သူတို့သည် အပပြင်ဘက်၌ လှည့်လည်၍ ထိုင်နေကုန်လတ္တံ့။ ငါးရာကုန်သော ထီးဖြူးတို့ကို ပြုစေတော်မူလော့။ ထိုငါးရာကုန်သော ထီးဖြူတို့ကိုယူ၍ ငါးရာကုန်သော ဆင်တို့သည် ငါးရာကုန်သော ရဟန်းတော်တို့၏ အထက်၌ ထီးကိုဆောင်းမိုးလျက် တည်ကုန်လတ္တံ့၊ ရှစ်ခု, ဆယ်ခုလည်း ဖြစ်သော ရွှေလှေတို့ကို ပြုစေတော်မူလော့၊ ထိုရွှေလှေတို့သည် မဏ္ဍပ်၏ အလယ်၌ ဖြစ်ကုန်လတ္တံ့၊ နှစ်ပါး နှစ်ပါးကုန်သော ရဟန်းတော်တို့၏အကြား၌ တစ်ယောက် တစ်ယောက်သောမင်းသမီးတို့သည် ထိုင်နေ၍ နံ့သာတို့ကို ကြိတ်ကုန်လတ္တံ့။ တစ်ယောက် တစ်ယောက်သော မင်းသမီးသည် ယပ်ကိုကိုင်ယူ၍ နှစ်ပါး နှစ်ပါးကုန်သော ရဟန်းတို့ကို ယပ်လေခတ်လျက် တည်ကုန်လတ္တံ့၊

ကြွင်းကုန်သော မင်းသမီးတို့သည် ကြိတ်တိုင်းကြိတ်တိုင်းသော နံ့သာတို့ကို ဆောင်ယူ၍ ရွှေလှေတို့၌ ထည့်ကုန်လတ္တံ့၊ ထိုမင်းသမီးတို့တွင် အခြို့ကုန်သော မင်းသမီးတို့သည် ကြာစည်းတို့ကိုကိုင်ယူ၍ ရွှေလှေတို့၌ ထည့်အုပ်ကုန်သော နံ့သာတို့ကို မွှေနှောက်၍ မြေးကြိုင်သော အခိုးအထုံကို ယူစေကုန်လတ္တံ့။

အရှင်မင်းမြတ် ပြည်သူတို့အား မင်းသမီးမရှိ၊ ထီးဖြူတို့သည်လည်း မရှိ၊ ဆင်တို့သည်လည်း မရှိ၊ ဤသို့သော အကြောင်းတို့ဖြင့် ပြုအပ်ကုန်သည် ရှိသော်မြို့သူမြို့သားတို့သည် ရှုံးပေကုန်လတ္တံ့၊ မြတ်သောမင်းကြီး ဤသို့သော အခြင်းအရာအားဖြင့် ပြုတော်မူလေ့ဟု လျှောက်၏။

မင်းကြီးကလည်း အရှင်မိဖုရား ကောင်း၏ အသင်္ဃသည် ငါ့အား ကောင်း မြတ်သည်ကို ညွှန်ကြားအပ်၏ဟု ဝန်ခံတော်မူ၍ ထိုမလွိကာ မိဖုရား ဝန်ခံပြောဆိုအပ်သော အမှုတ်ဖြင့်သာလျှင် အလုံးစုံကို ပြုစေ၏။

အင်္ဂုလိမာလနှင့် ဆင်ရိုင်း

ရဟန်းတစ်ပါးအား ဆင်တစ်ကောင်သည် မလောက်မငဲ့ရှိလေ၏။ ထိုအခါ မင်းကြီးက မလွိကာမိဖုရားကို ချစ်နှမ ရဟန်းတစ်ပါးအား ဆင်တစ်ကောင်သည် မလောက်၍၊ ကြွင်းကျန်ရှိလေပြီ၊ အဘယ်သို့ပြုလုပ်ကုန်အံ့ပါနည်းဟု မေး၏။ အရှင်မင်းကြီး ငါးရာသောဆင်တို့သည် ပြည့်စုံအောင် မရှိသလောဟု မေးလျှောက်သဖြင့် အရှင် မိဖုရား၊ ငါးရာသောဆင်တို့မူကား ပြည့်စုံအောင်ရှိပေ၏၊ ထိုသို့ပင် ရှိကုန်သော်လည်း ကြွင်းကုန်သော ဆင်တို့သည် ကြမ်းကြုတ်ကုန်၏၊ ထိုဆင်တို့သည် ရဟန်းတော်တို့ကို မြင်၍သာလျှင် ဝေရမ္ဘာလေကဲ့သို့ ကြမ်းကြုတ်သည် ဖြစ်ကုန်၏ဟု ပြော၏။

အရှင်မင်းမြတ် ကျွန်တော်မသည် ကြမ်းကြုတ်သော ဆင်ပေါက်ငယ်တစ်ကောင်၏ ထီးဖြူကိုယူ၍ ရပ်တည်ရာအရပ်ကို သိပါ၏ဟုလျှောက်တင်သဖြင့် အဘယ်အရပ်၌ ထိုဆင်ကို ထားပါအုံးနည်းဟု မေးတော်မူသည်ရှိသော် အရှင်အင်္ဂုလိမာလ၏အထံ၌ ထားတော်မူပါလေ့ဟု လျှောက်တင်၏။ မင်းကြီးသည်လည်း မလွိကာမိဖုရား ပြောဆိုတိုင်းကိုပင် ပြုစေ၏။ ဆင်ပေါက်သည် အမြီးကို သိုရင်းပေါင်ကြား၌ ထား၍ နှစ်ဘက်သော နားတို့ကိုချပြီးသော် မျက်စိတို့ကို မှိတ်ပြီးလျှင် ရပ်တည်၏။ လူများအပေါင်းတို့သည် ဤသို့ သဘောရှိသည် မည်သော ကြမ်းကြုတ်သော ဆင်အား ဘေးမရှိသည်ကို ပြုအပ်ပေသည်ဟု ထိုဆင်ကို ကြည့်ရှု၏။

တစ်ဆယ့်လေးကုဋ္ဌေတန် အလှူကြီး

မင်းကြီးသည် ဘုရားအမှူးရှိသော သံဃာတော်ကို ရှိသေကောင်းမွန်စွာ လုပ်ကျွေးပြီးသော် မြက်စွာဘုရားရှင်ကို ရှိခိုးပြီး၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဒကာတော်၏ ဤအလှူတင်းကုပ်၌ ကပ္ပိယ ဘဏ္ဍာလည်းဖြစ်သော အကပ္ပိယဘဏ္ဍာလည်းဖြစ်သော အလုံးစုံသော ပစ္စည်းဥစ္စာကို အရှင်ဘုရားတို့အား သာလျှင် လှူဒါန်းပါ၏ဟု လျှောက်၏။ ထိုအလှူဒါန၌ တစ်နေ့ချင်းဖြင့်သာလျှင် စွန့်ကြဲလှူဒါန်းခြင်းသည် တစ်ဆယ့်လေးကုဋ္ဌေသော အဖိုး ထိုက်တန်ခြင်းဖြစ်၏။

မြတ်စွာဘုရားရှင်အား လှူဒါန်းအပ်သော ထီးဖြူ, ထိုင်နေရာ ပလ္လင်သပိတ်ခြေ, ခြေဆေးအင်းပျဉ်ဟု ဆိုအပ်သော ဤလေးခုတို့သည် ဤရွှေဤမျှဟု ရေတွက်မပြနိုင်သော အဖိုးရှိသည် သာလျှင်တည်း။ ဤသို့ သဘောရှိသော ဒါနကို ပြုလုပ်၍ ဘုရားရှင်တို့အား တစ်ဖန်လှူခြင်းငှါ စွမ်းနိုင်သောမည်သည် မဖြစ်။ ထို့ကြောင့်သာလျှင် ထိုအလှူဒါနသည် အသဒိသဒါနဟု ထင်ရှားလေ၏။

ကာလအမတ်နှင့် ဇုဏှအမတ်

အလုံးစုံသော ဘုရားရှင်တို့အား တစ်ကြိမ်တစ်ကြိမ် ထိုအသဒိသဒါန အလှူမျိုးသည် ရတော်မူမြဲသာလျှင် ဖြစ်ပေသတတ်။ အလုံးစုံသော ရွက်ဆောင်ဖွယ် အမှုကိစ္စတို့ကို မိန်းမတို့သည်သာ စီမံ ရွက်ဆောင် ရ၏။ ပသေနဒီ ကောသလမင်းကြီးအား ကာလအမတ် ဇုဏှအမတ် အားဖြင့် နှစ်ယောက်ကုန်သော အမတ်တို့သည် ရှိကုန်၏။ ထို နှစ်ယောက်ကုန်သော အမတ်တို့တွင် ကာလအမတ်က ကြုံဆင်ခြင်သည်မှာ "မင်းအိမ် နန်းတော်မှ ဖြစ်သော မင်းကြီး၏ ပစ္စည်း ဥစ္စာတို့သည် ဩော် ဆုတ်ယုတ် လေကုန်စွ။ တစ်နေ့ချင်းသာလျှင် တစ်ဆယ့်လေးကုဋ္ဌေသော ဥစ္စာတို့သည် ကုန်ခြင်းသို့ ရောက်၏။ ဤရဟန်းတို့သည် ကြီးကျယ်မွန်မြတ်သဖြင့် လှူဒါန်းအပ်သော ဤသို့သော အလှူဒါနကို သုံးဆောင်စားသောက်၍ ကျောင်းသို့ ပြန်သွားပြီးလျှင် လျောင်းလျက် အိပ်ကုန်လတ္တံ့။ မင်းကြီး၏ ပစ္စည်းဥစ္စာသည် ဩော်-ပျောက်ပျက်လေစွ" ဟု ကြံ၏။

ဇုဏှအမတ်သည် ကြုံဆင်ခြင်သည်မှာ "ပြည့်ရှင်မင်းမြတ် လှူဒါန်းသော ဒါနသည် ဩော်- ကောင်းမွန်စွာ ပေးလှူအပ်လေစွ။ မင်း၏အဖြစ်၌ မတည်ဘဲ ဤသို့သဘောရှိသော အလှူဒါနကို ပေးလှူခြင်းငှါ မစွမ်းနိုင်ပေရာ။ အလုံးစုံသော သတ္တဝါတို့အား ကုသိုလ်အဖို့ကို မပေးဝေသော မည်သည် မရှိ။ ငါသည်ကွား ဤအလှူဒါနကို ဝမ်းမြောက်ဝမ်းသာ အနူမောဒနာ ပြုအံ့" ဟု ကြံ၏။

မြတ်စွာဘုရားရှင်၏ဆွမ်းစားခြင်း ကိစ္စ ပြီးဆုံးသောအခါ၌ မင်းကြီးသည် အနုမောဒနာ ပြုစေခြင်းအကျိုးငှါ သပိတ်တော်ကိုယူ၏။ မြတ်စွာဘုရားရှင်သည် ကြံဆင်ခြင်တော်မူသည်မှာ "ပြည့်ရှင်မင်းကြီးသည် ကြီးစွာသော အဟုန်ကို ဖြစ်စေသဖြင့် များမြတ်သောအလှူကို ပေးလှူအပ်၏။ အသို့နည်း လူမျှားအပေါင်းသည် စိတ်ကို ကြည်ညိုစေခြင်းငှါ စွမ်းနိုင်အံ့လော၊ မစွမ်းနိုင်ဘဲပင် ရှိအံ့လော့"ဟု စဉ်းစား ဆင်ခြင်တော်မူ၏။ ထိုသို့ ဆင်ခြင်တော်မူသော မြတ်စွာဘုရားသည် ထိုနှစ်ယောက်ကုန်သော ဒေမတ်တို့၏ စိတ်အလိုကို သိတော်မူ၍ မင်းကြီး၏ အလှူဒါနအား သင့်လျော် လျောက်ပတ်သည် သာလျှင် ဖြစ်သော အနုမောဒနာကို အကယ်၍ပြုသည်ဖြစ်အံ့။ ကာလအမတ်၏ဦးခေါင်းဦးထိပ်သည် ခုနစ်စိတ်ကဲ့ပေလတ္တံ့။ ဤကဲ့ အမတ်သည် သောတာပတ္တိဖိုလ်၌ တည်ပေလတ္တံ့ဟု သိတော်မူသောကြောင့် ကာလအမတ်၌ အစဉ်သနားတော်မူခြင်းကို စွဲ၍ ဤသို့ သဘောရှိသော အသဒိသဒါနကို ပြုလုပ်လှူဒါန်း၍ တည်နေသော မင်းကြီးအား လေးပါဒမျှလောက်သော ဂါထာကိုသာလျှင် ဟောကြား၍ နေထုံမှ ထပြီးသော် ကျောင်းတော်သို့ ကြွတော်မူ၏။

ရဟန်းတို့သည် အင်္ဂလိမာလ မထေရ်ကို "ငါ့ရှင် အသို့ပေနည်း အသင့်ကို ကြမ်းကြုတ်သော ဆင်သည် ထီးဖြူကိုဆောင်း၍ တည့်နေသည်ကို မြင်ရသော အခါ ရွံကြောက်ခြင်း ဖြစ်ပါသလော" ဟု မေးကြကုန်၏။ ငါ့ရှင်တို့ မကြောက်ပါ ဟု ပြန်ပြောသဖြင့် ထိုရဟန်းတို့သည် မြတ်စွာဘုရားရှင်သို့ ချဉ်းကပ်၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အင်္ဂလိမာလ မထေရ်သည် တစ်ပါးသော အရဟတ္တဖိုလ်စကားကို ပြောကြားဖြေဆိုပါသည်ဟု လျှောက်ကြားကုန်၏။ ဘုရားကိုယ်တော်မြတ်က ချစ်သား ရဟန်းတို့ ဒေဝဒတ်လို မထေရ်သည် မကြောက်ရွံ။ ထိုစကား မှန်၏။ ရဟန္တာအစစ် ဖြစ်ကုန်သော ဥသဘတို့၏ အတွင်း၌ ကြီးကျယ်မြင့်မြတ်သော ဥသဘဖြစ်ကုန်သော ငါ၏ သားတော်နှင့် တူကုန်သော ရဟန်းတို့သည် မရွံကြောက်ကုန် ဟု မိန့်တော်မူလို ရကား ဤဂါထာကို မိန့်တော်မူ၏ —

ဥသဘံ ပဝရံ ဝီရံ၊ မဟေသိံ ဝိဇိတာဝိနံ။
အနေဇံ နှာတကံ ဗုဒ္ဓံ၊ တ မဟံ ဗြူမိ ဗြာဟ္မဏံ။

ရဲရင့်မြင့်မြတ်သော ဥသဘနှင့်တူသော ရန်သူကို အောင်မြင်ပြီးသော သီလစသော ကျေးဇူးအပေါင်းကို ရှာမှီးတတ်သော ဆေးကြောပြီးသည်ဖြစ်၍ တဏှာကင်းသော သစ္စာလေးပါးကို သိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏ ဟူ၍ ငါဘုရား ဟောတော်မူ၏။

ဒေသနာတော်၏ အဆုံး၌လည်း များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

ပသေနဒီ ကောသလမင်းကြီးသည်လည်း နှလုံးမသာယာခြင်းသို့ ရောက်၍ ဤသို့ သဘောရှိသည်မည်သော ပရိသတ်၌ အလှူဒါနကို ပေးလှူပြီးလျှင် တည်နေသော ငါ့အား သင့်လျော်လျောက်ပတ်သော အနုမောဒနာကို မပြုမူ၍ တစ်ဂါထာမျှကိုသာလျှင် ဟောတော်မူပြီးသော် မြတ်စွာဘုရားရှင်သည် နေရာမှ ထ၍ ကြွတော်မူလေသည်။ ငါသည် မြတ်စွာဘုရားရှင်အား သင့်လျော် လျောက်ပတ်သော အလှူဒါနကို မပြုမူ၍ မသင့်လျော် မလျောက်ပတ်သည်ကို ပြုမိသည် ဖြစ်ပေလတ္တံ့။ အပ်သောကပ္ပိယဘဏ္ဍာကို မပေးလှူမူ၍ မအပ်သော အကပ္ပိယဘဏ္ဍာကိုသော်လည်း ပေးလှူမိသည် ဖြစ်ပေလတ္တံ့။ မြတ်စွာဘုရား ရှင်သည် ငါ့အား အမျက်ထွက်သည် မဖြစ်ပေရာ။ ထိုသို့ မဖြစ်ခဲ့ပြန်သည်ရှိသော် အသဒိသဒါနမည်သည် ဒါနအားလျော်စွာ အနုမောဒနာကို ပြုခြင်းငှါ အပ်ပါ သည်" ဟု ကြံပြီးလျှင် ကျောင်းတော်သို့ လိုက်သွား၍ မြတ်စွာဘုရားရှင်ကို ရှိခိုးပြီးလျှင် ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား အသို့ပေနည်း။ ဒကာတော်သည် လှူအပ်သည်နှင့် စပ်သော အလှူဒါနကို မလှူမိလေသလော။ သို့တည်းမဟုတ် ဒါနအားလျော်သော အပ်သော ပစ္စည်းဘဏ္ဍာကို မလှူမူ၍ မအပ်သော ပစ္စည်းဘဏ္ဍာကို ထည့်လှူမိလေသလော ဟု မေးလျောက်၏။ ဒကာတော်မင်းကြီး ဤအကြောင်းကား အဘယ်နည်းဟု ပြန်၍မေးသဖြင့် အရှင်ဘုရားတို့သည် ဒကာတော်၏ ဒါနအား လျောက်ပတ်သော တရား အနုမောဒနာကို မပြုပါကုန်ဟု လျောက်၏။

ကာလအမတ်ကို တိုင်းပြည်မှ နှင်ထုတ်တော်မူခြင်း

ဒကာတော်မင်းကြီး အသင်သည် သင့်လျော် လျောက်ပတ်သည်သာလျှင် ဖြစ်သော အလှူဒါနကို ပေးလှူအပ်၏။ ထိုစကားမှန်၏။ ထိုအသဒိသ ဒါနမည်သည် တစ်ဆူသော ဘုရားရှင်အား တစ်ကြိမ်သာလျှင် ပေးလှူခြင်းငှါ တတ်ကောင်း၏။ တစ်ဖန် ဤသို့ သဘောရှိသည်မည်သော ဒါနကို ပေးလှူ နိုင်ခဲလှသည်ဟု မိန့်တော်မူ၏။ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား ထိုသို့ ဖြစ်ပါလျက် အဘယ်သို့သော အကြောင်းကြောင့် ဒကာတော်၏ ဒါနအားလျော်သော အနုမောဒနာကို မပြုပါကုန်သနည်း ဟု မေးလျောက် သဖြင့် ဒကာတော်မင်းကြီး ပရိသတ်၏ မစင်ကြယ်သည့် အဖြစ်ကြောင့် မပြုပေသည် ဟု မိန့်တော်မူသည်ရှိသော် ဘုန်းတော် ကြီးတော်မူသော မြတ်စွာ ဘုရား ပရိသတ်အပြစ်သည် အဘယ်ပါနည်းဟု လျောက်၏။

ထိုအခါ ပသေနဒီ ကောသလ မင်းကြီးအား မြတ်စွာဘုရားရှင်သည် နှစ်ယောက်ကုန်သော အမတ်တို့၏ စိတ်အလို ကြံစည် အောက်မေ့ခြင်းကို ကြားတော်မူ၍ ကာလ အမတ်၌ အစဉ်သနားတော်မူသည်ကို စွဲ၍ အနုမောဒနာ

မပြုသည့်အဖြစ်ကို မိန့်ဆိုတော်မူ၏။ မင်းကြီးသည် "အချင်း ကာလ အမတ် အသင်သည် ဤသို့ အောက်မေ့ကြံစည်သောဟူသည် ဟုတ်မှန်ပေသလော" ဟု မေးတော်မူ၍ ဟုတ်မှန်ပါသည် ဟု လျှောက်တင်သည် ရှိသော် အသင်၏ ပစ္စည်း ဥစ္စာ တစ်စုံတစ်ခုကိုမျှ မယူမူ၍ ငါ၏ သားမယားနှင့် တကွ ငါ၌ ထင်ရှားရှိသော မိမိ၏ ပစ္စည်းဥစ္စာကို မိမိပေးလှူရာ၌ အသင့်အား အဘယ်သို့သော နှိပ်စက်ခြင်း ရှိသနည်း၊ သွားလေလော့။ အကြင် ပစ္စည်းဥစ္စာ စည်းစိမ်ချမ်းသာကို အသင့်အား ငါ မင်းမြတ်သည် ပေးကမ်း ချီးမြှင့်တော်မူအပ်၏။ ထိုပစ္စည်းဥစ္စာ စည်းစိမ်ချမ်းသည် ပေးကမ်းချီးမြှင့်အပ်သည်ပင် ဖြစ်ပါစေတော့။ ငါ စိုးပိုင်ရာဖြစ်သော တိုင်းပြည်မှ ထွက်သွားလေလော့ဟု ထို ကာလအမတ်ကို တိုင်းပြည်မှ နှင်ထုတ်ပြီးသော် ဇုက္ခ အမတ်ကို ခေါ်တော်မူ၍ အချင်း ဇုက္ခ အမတ် အသင့်အား ဤသို့ကြံစည် အောက်မေ့သော ဟူသည် ဟုန်မှန်ပေသလောဟု မေးတော်မူလျှင် အရှင်မင်းမြတ် ဟုတ်ပါသည်ဟု လျှောက်သည် ရှိသော် ဦးလေး ကောင်းစွတ်လှပေ၏။ အသင့်အား ငါသည် ကြည်ညိုခြင်း ဖြစ်ပေ၏။ အသင်သည် ငါ၏ အလုပ်အကျွေး အခြေအရံ ပစ္စည်းဥစ္စာကို ယူ၍ ငါသည် ပေးလှူအပ်သော အမှတ်ဖြင့်သာလျှင် ခုနစ်ရက်ပတ်လုံး အလှူဒါနကို ပေးလှူလေလော့ဟု မိန့်တော်မူပြီးလျှင် ခုနစ်ရက်တို့ပတ်လုံး မင်းအဖြစ်ကို ဆောက်နှင်း၍ မြတ်စွာဘုရားရှင်ကို ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား သူမိုက်၏ အကြောင်းကို ကြည့်ရှုတော်မူကြပါကုန်လော့။ ဒကာတော်သည် ဤသို့ ပေးလှူရာ၌ ပြစ်မှားခြင်းကို ပေးလေသည်ဟု လျှောက်၏။

ဇုက္ခအမတ် သောတာပန်တည်ခြင်း

မြတ်စွာဘုရားရှင်က ဒကာတော်မင်းကြီး သြော် ဟုတ်ပေ၏။ သူမိုက်တို့ မည်သည် သူတစ်ပါးတို့ အလှူဒါနကို မနှစ်သက်နိုင်သောကြောင့် ဒုဂ္ဂတိ ဘဝလျှင် လဲလျောင်းရာ ရှိသည် ဖြစ်ကုန်၏။ ပညာရှိတို့သည်ကား သူတစ်ပါးတို့၏ ဒါနကိုလည်း နှစ်သက်ဝမ်းမြောက်၍ နတ်ရွာ သုဂတိ တည်းဟူသော လဲလျောင်းရာ ရှိကုန်သည် သာလျှင်တည်းဟု မိန့်တော်မူပြီး ဤဂါထာကို မိန့်တော်မူ၏—

နေ ဓေ ကဒရိယာ ဒေဝလောကံ ဝဇန္တိ၊
ဗာလာ ဟဓေ နပ္ပသံသန္တိ ဒါနံ။
မိရော စ ဒါနံ အနုမောဒမာနော။
တေနေဝ သော ဟောတိ သုခီ ပရတ္ထ။

နှမြောဝန်တိုသော သူတို့သည် နတ်ပြည်သို့ မရောက်ကုန်။ လူမိုက်တို့သည် ဒါနကို မချီးမွမ်းကုန်၊ ပညာရှိသည်ကား ဒါနကို ဝမ်းမြောက်၏။ ထို့ကြောင့် သာလျှင် ပညာရှိသည် နောင်ဘဝ၌ ချမ်းသာရ၏။

မမွပဇဝတ္ထု၊ (ထ) ၂၇-ပ-မ-သ-စ

ထိုဂါထာ၌–ကဒရိယ ဟူသည် ပြင်းထန်သော ဝန်တိုမှုရှိသော ဤလောက နှင့် တစ်ပါးသော လောကကို မသိသူတို့သည် ဗာလမည်ကုန်၏။

ဓိရ ဟူသည် ပညာရှိပင်တည်း။

သုခီ ပရတ္ထ ဟူသည် ထိုဒါနကို ဝမ်းမြောက်သော ကုသိုလ်ကြောင့် တမလွန် ဘဝ၌ နတ်စည်းစိမ်ကို ခံစားလျက် ချမ်းသာခြင်းဖြစ်၏။

ဒေသနာတော်၏ အဆုံး၌ ဇုက္ကု အမတ်သည် သောတာပတ္တိဖိုလ်၌ တည်လေ၏။ ရောက်လာသော ပရိသတ်တို့အား လည်း အကျိုးများသည်သာလျှင် ဖြစ်သော တရားဒေသနာသည် ဖြစ်၏။ ဇုက္ကုအမတ်သည်လည်း သောတာပန် ဖြစ်၍ ခုနှစ်ရက်ပတ်လုံး မင်းကြီးသည် ပေးအပ်သော အနှစ်ဖြင့်သာလျှင် အလှူဒါနကို ပေးလှူ၏။

အာသဒိသဒါနဝတ္ထု ပြီး၏။

၁၁။ အနာထပိဏ်သူဌေး၏သား ကာလသတ္တိသားဝတ္ထု

ပထဗျာ ကေရဇ္ဇေန အစရှိသော ဤဘုရားဒေသနာတော်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အနာထပိဏ်သူဌေး၏သား ကာလကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုကာလ အမည်ရှိသော သူဌေးသားသည် ထိုသို့သဘောရှိသော သဒ္ဓါတရား အထူးအားဖြင့် ပြည့်ဝသော သူဌေးကြီး၏သား ဖြစ်ပါလျက်လည်း မြတ်စွာဘုရား အထံတော်သို့ သွားခြင်းငှါ အလိုမရှိ၊ အိမ်သို့ မြတ်စွာဘုရား ကြွလာတော်မူသောအခါ၌ ဖူးမြော်ခြင်းငှါ အလိုမရှိ၊ တရားတော်ကို နာခြင်းငှါ အလိုမရှိ၊ သံဃာတော်၏ ဝေယျာဝစ္စကို ပြုခြင်းငှါ အလိုမရှိ၊ ဖခင်ဖြစ်သော အနာထပိဏ်သူဌေးကြီးက ချစ်သား ဤသို့ မပြုပါလင့်ဟု ပြောဆို ဆုံးမသော်လည်း ထိုဖခင်၏စကားကို မနာယူ၊ ထို့နောက် သူဌေးကြီး ကြံဆင်ခြင်သည်မှာ "ငါ၏ သားသည် ဤသို့ သဒ္ဓါရှိသော အယူကို ယူ၍ လှူဒါန်းလည် ပြောင်းကြွေသေလွန်သည် ရှိသော် အဝီစိငရဲလျှင် လဲလျောင်းရာရှိသည် ဖြစ်ပေဘေးမည်။ ငါသည် ထင်ရှားကည့်တည့် သိမြင်ပါလျက် ငါ၏ သားသည် ငရဲသို့ သွားရမည်ဟူသော ဤအမှုသည်လည်း မလျောက်ပတ်။ ဤလောက၌ ဥစ္စာကို ပေးသဖြင့် မပျက်စီးသော သင်္ဘာဝမည်သည် မရှိ၊ ဥစ္စာဖြင့် ထိုအယူကို ဖျက်အံ့" ဟု ကြံ၏။ ကြံပြီးမှ ထိုကာလသတ္တိသားကို ချစ်သား ဥပုသ်ကို စောင့်သုံးပြီးလျှင် မြတ်စွာဘုရားကျောင်းတော်သို့ သွား၍ တရားတော်ကို နာပြီးသော် ပြန်လာခဲ့လေ၄။ အသင့်အား တစ်ထောင်သော အာသပြာကို ပေးအံ့ဟု ပြော၏၊ ဖခင် အာသပြာကို ပေးကုန်လတ္တံ့လောဟု မေးသဖြင့် ချစ်သား ပေးပါမည်ဟု ဝန်ခံပြောဆို၏။

အသပြာကို မက်၍ ဥပုသ်စောင့်ခြင်း

ထိုကာလသူဌေးသားသည် သုံးကြိမ်တိုင်တိုင် ၀န်ခံပြီးလျှင် ဥပုသ်စောင့်သုံး၍ ကျောင်းတော်သို့ သွား၏။ ထိုသူဌေးသားအား တရားတော်ကို နာခြင်းဌာနကြောင့်ကြခြင်း မရှိ၊ ချမ်းသာဃသော နေရာတို့၌ အိပ်၍ နံနက်စောစော အိမ်သို့ ပြန်လာ၏။

ထိုအခါ ဖခင်သူဌေးကြီးသည် ငါ၏ သားသည် ဥပုသ်စောင့်သုံးသည် ဖြစ်ပေသည်။ ထိုငါ၏ သားအတွက် လျင်စွာ ယာဂု စသည်တို့ကို ဆောင်ယူခဲ့ကြပါကုန်လော့ဟု ပြောဆို၍ ပေးစေ၏။ ထိုကာလသူဌေးသားသည် အသပြာဟူကို မရသေးလျှင် မစားအံ့ဟူ၍ ဆောင်ယူခဲ့တိုင်းသော ယာဂု စသည်ကို ပယ်ပယ်၏။ ထိုအခါ သူဌေးကြီးသည် သား၏ နှိပ်စက် ပြောဆိုသည်ကို သည်းမခံနိုင်သောကြောင့် အသပြာထုပ်ကို ပေးစေ၏။

ကာလသူဌေးသားသည် ထိုအသပြာထုပ်ကို လက်ဖြင့် ကိုင်၍သာလျှင် အာဟာရကို သုံးဆောင်၏။ ထို့နောက် တစ်ဖန်မိုးသောက် ရောက်သောနေ့၌ သူဌေးကြီးသည် မိမိ၏သား ကာလကို ချစ်သား အသပြာဇာစ်ထေးင်ကို အသင့်အား ပေးပါအံ့။ မြတ်စွာဘုရားရှေတော်မှ တည်နေ၍ တရားဇာစ်ပုဒ်ကို အားထုတ်သင်ယူ၍ ပြန်လာခဲ့လော့ဟု စေလွှတ်၏။

အသပြာမက်၍ တရားနာခြင်း

သူဌေးသားကာလသည် ကျောင်းသို့ သွားပြီး မြတ်စွာဘုရား ရှေတော်မှ နေ၍သာလျှင် ပုဒ်ဟစ်ပုဒ်ကို အားထုတ်သင်ယူ၍ ပြေးသွား လို၏။ ထိုအခါ မြတ်စွာဘုရားသည် သူဌေးသား အား မမှတ်မိသော အခြင်းအရာကို ပြု၏။ သူဌေးသားသည် ထိုပုဒ်ကို မမှတ်မိသောကြောင့် အထက်ဖြစ်သော ပုဒ်ကို သင်ယူအံ့ဟု လျှောက်၍ ကြားနာ၏။

[သင်ယူဦးအံ့ဟု ကြားနာသည် ရှိသော် ရှိသေစွာ ကြားနာသည် မည်ပေသတတ်။ ဤသို့ ကြားနာကုန်သော သူတို့အားလည်း တရားတော်သည် သောတာပတ္တိမဂ် စသည်တို့ကို ပေးသတတ်။]

ထိုသူဌေးသား ကာလသည်လည်း သင်ယူဦးအံ့ဟု နှလုံးသွင်း၍ တရားတော်ကို နာ၏။

မြတ်စွာဘုရားရှင်လည်း မမှတ်မိသော အခြင်းအရာကို ပြုတော်မူ၏။ သူဌေးသားသည် အထက်ဖြစ်သော ပုဒ်ကို သင်ယူပါဦးမည့်ဟု လျှောက်၍ တရားတော်ကို ကြားနာလျက်သာသျှင် သောတာပတ္တိဖိုလ်၌ တည်လေ၏။

သူဌေးသား ကာလသည် တစ်ဖန်မိုးသောက် ရောက်သောနေ့၌ ဘုရားအမှူး ရှိသော ရဟန်းသံဃာတော်နှင့် အဘူတက္ခသာလျှင် သာဝတ္ထိပြည်သို့ ဝင်၏။ သူဌေးကြီးသည် ထိုသို့အခြင်းအရာကို မြင်၍ ယနေ့ ငါသား၏ အခြင်းအရာသည် နှစ်သက်ဖွယ် ရှိ၏ဟု ကြံ၏၊ သူဌေးသားအားလည်း ဤသို့သော အကြံသည် ဖြစ်၏။ "ငါ၏ ဖခင်သည် ယနေ့ မြတ်စွာဘုရား အထံတော်၌ တည်နေသော ငါ့အား စင်စစ်အားဖြင့် အသပြာဘို့ကို မပေးပေရာ။ ယင်းသို့ မပေးသည် ရှိသော် အသပြာဟူသော အကြောင်းကြောင့် ငါ၏ ဥပုသ်စောင့်သုံးသော အဖြစ်ကို သူတစ်ပါး မသိအောင် ဖုံးလွှမ်းဘိမူကား ဩော် ကောင်းလေစွ" ဟု ကြံ၏။

မြတ်စွာဘုရားရှင်သည်ကား သူဌေးသားအား ယမန်နေ့က အသပြာဟူသော အကြောင်းကြောင့် ဥပုသ်စောင့်သုံးသည် အဖြစ်ကို သိတော်မူ၏။ သူဌေးကြီး သည် ဘုရားအမှူးရှိသော သံဃာတော်အား ယာဂုကို ပေးလှူ၍ သားအား လည်း ပေးစေ၏၊ ထိုသူဌေးသားသည် ဆိတ်ဆိတ်ထိုင်နေသည် ဖြစ်၍သာလျှင် ယာဂုကို သောက်ခဲ့၏၊ ထမင်းအာဟာရကို စား၏။ သူဌေးကြီးသည် မြတ်စွာ ဘုရား ဆွမ်းစားခြင်းကိစ္စ ပြီးဆုံးသော အခါ မိမိသားရှေ့မှ အသပြာ ထောင်ထုပ်ကို ထားစေ၍ ချစ်သား အသင့်ကို ငါသည် အသပြာတစ်ထောင် ပေးပါမည်ဟု ပြောဆိုပြီး ဥပုသ်ကို ဆောက်တည်စေ၍ ကျောင်းတော်သို့ စေလွှတ်အပ်၏။ ဤဘဏ္ဍာထုပ်သည် အသင့်အား ပေးအပ်သော အသပြာ တစ်ထောင်တို့တည်းဟု ပြော၏။

အသပြာတစ်ထောင် မယူခြင်း

သူဌေးသားသည် မြတ်စွာဘုရား ရှေ့တော်၌ အသပြာကို ပေးအပ်သည်ကို မြင်၍ ရှက်နိုးသောကြောင့် အကျွန်ုပ်အား အသပြာတို့ဖြင့် အလိုမရှိပါဟု ပယ်၏။ ချစ်သား ယူပါလော့ဟု ဆိုသော်လည်း မယူဘဲ နေလေ၏။ ထိုအခါ ဖခင်သူဌေးကြီးသည် မြတ်စွာဘုရားကို ရှိခိုး၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ယနေ့ တပည့်တော် သား၏ အခြင်းအရာသည် နှစ်သက်ဖွယ်ရာ ရှိလှပါပေသည်ဟု လျှောက်သဖြင့် သူဌေးကြီး အကြောင်း အသို့နည်းဟု မေးတော်မူသည် ရှိသော် တပည့်တော်သည် ဤသားကို ရှေးရှေးဖြစ်သောနေ့၌ အသပြာတစ်ထောင်ကို အသင်အား ပေးအံ့ဟု ပြောဆို၍ ကျောင်းသို့ စေလွှတ်ပါသည်။ တစ်ဖန်မိုးသောက် ရောက်သောနေ့၌ အသပြာတို့ကို လက်ဝယ် မရလျှင် အစာအာဟာရကို မစားပါ။ ယနေ့မှာမူကား အသပြာတို့ကို တပည့် တော် ပေးအပ်သော်လည်း အလိုမရှိ ပယ်ရှားပါသည်ဟု လျှောက်၏။

စကြ၀တေးမင်း စည်းစိမ်ထက် မြတ်သော သောတာပတ္တိဖိုလ်

မြတ်စွာဘုရားရှင်က ဒါယကာ သူဌေးကြီး သြဂ်-ဟုတ်ပေ၏။ ယနေ့ အသင်၏ သားအား စကြ၀တေးမင်း၏ စည်းစိမ် ချမ်းသာထက်သော် လည်းကောင်း, နတ်မင်း ဗြဟ္မာမင်းတို့၏ စည်းစိမ် ချမ်းသာထက်သော် လည်းကောင်း ကဲ့လွန်ထူးမြတ်သော သောတာပတ္တိဖိုလ်သို့ ရောက်အပ်လေပြီဟု မိန့်တော်မူပြီး ဤဂါထာကို မိန့်တော်မူ၏—

ပထဗျာ ကေရဇ္ဇေန၊ သဂ္ဂဿ ဂမနေန ၀ါ။
သဗ္ဗလောကာဓိပစ္စေန၊ သောတာပတ္တိဖလံ ၀ရံ။

မြေပြင်အလုံး တစ်ယောက်တည်း အုပ်ချုပ်ရသော စကြ၀တေးမင်း စည်းစိမ် ထက်လည်းကောင်း, နတ်စည်းစိမ်, ဗြဟ္မာ့စည်းစိမ်ထက်လည်းကောင်း, နဂါး ဂဠုန် စသည်တို့နှင့်တကွ တစ်လောကလုံးကို အစိုးရခြင်းထက်လည်းကောင်း သောတာပတ္တိဖိုလ်သည်ဖြင့် ပို၍ မြတ်၏။

ထိုဂါထာ၌—

ပထဗျာ ကေရဇ္ဇေန ဟူသည် စကြ၀တေးမင်း စည်းစိမ်တည်း။

သဂ္ဂဿ ဂမနေန ဟူသည် နတ်ဘုံ ဗြဟ္မာဘုံ ၁၆-ထပ်သို့ ရောက်ရှိခြင်းတည်း။

သဗ္ဗလောကာဓိပစ္စေန ဟူသည် ဤလောကဇွန်သာ မဟုတ်သေး၊ နဂါး ဂဠုန်, ဝေမာတိက ပြိတ္တာဘုံဟူနှင့်တကွ လောကအားလုံးကို အစိုးရခြင်းတည်း။

သောတာပတ္တိဖလံ ၀ရံ ဟူသည် ဤမျှသော ဌာနကို မင်းလုပ် အုပ်ချုပ်ရသူသည် ငရဲစသည်တို့မှ မလွတ်မြောက်သေးသည်သာလျှင်တည်း။ သောတာပန် ပုဂ္ဂိုလ်သည်ကား အပါယ်တံခါး ပိတ်၍ အားအနည်းဆုံး ပုဂ္ဂိုလ်သည်ပင် ရှစ်ခုမြောက် ဘ၀သို့ မရောက်တော့ချေ။ ထို့ကြောင့် သောတာပတ္တိဖိုလ်သည် သာလျှင် မြင့်မြတ်သည်ဟု ဆိုလိုသည်။

ဒေသနာတော်၏ အဆုံး၌ များစွာသော လူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

အနာထပိဏ်သူဌေးသား ကာလသတ္တိသား၀တ္ထု၊ ပြီး၏။

၀တ်ဆယ့်သုံးခုမြောက် လောက၀ဂ် ပြီး၏။

၁၄။ မုန္ဒဝက်

၁။ မာဂဏ္ဍိယပုဏ္ဏားကြီးဝတ္ထု (မာရ်နတ်သမီးမျှားဝတ္ထု)

ယဿ ဇိတံ– အစရှိသော ဒေသနာတော်ကို မြတ်စွာဘုရားသည် ဗောဓိမဏ္ဍိုင်၌ သီတင်းသုံးတော်မူစဉ် မာရ်နတ်၏ သမီးတို့ကို အကြောင်းပြု၍ ဟောတော်မူခဲ့၏။ ဒေသနာတော်သည်ကား သာဝတ္ထိပြည်၌ ဖြစ်၏။

ကုရုတိုင်း၌ မာဂဏ္ဍိအမည်ရှိသော ပုဏ္ဏားကြီး၏ သမီးသည်လည်း မာဂဏ္ဍိအမည်သာလျှင် ဖြစ်၏။ မြင့်မြတ်သော အဆင်းကို ဆောင်၏။ ထိုမာဂဏ္ဍိပုဏ္ဏားကြီး၏ သမီးကို လှုလားကုန်သော ဗြာဟ္မဏမဟာသာလတို့သည်လည်းကောင်း၊ ခတ္တိယမဟာသာလတို့သည်လည်းကောင်း အသင်၏ သမီးကို ငါ့အား ထိမ်းမြားပေးပို့စေသတည်းဟု မာဂဏ္ဍိပုဏ္ဏားကြီးအား သတင်းစကားကို ပြောကြားစေလွှတ်ကုန်၏။

မာဂဏ္ဍိပုဏ္ဏားကြီးသည်လည်း အသင်တို့သည် ငါ၏ သမီးအား မထိုက်တန်ကုန်ဟု အလုံးစုံသော သူတို့ကို မြစ်ပယ်သည်သာလျှင်တည်း။ ထိုနောက် တစ်နေ့သ၌ မြတ်စွာဘုရားသည် မိုးသောက်ယံ၌ လောကကို ကြည့်ရှုတော်မူသည်ရှိသော် ကိုယ်တော်မြတ် ဉာဏ်တော်တည်းဟူသော ကွန်ရက်၏ အတွင်းသို့ ဝင်လာသော မာဂဏ္ဍိ ပုဏ္ဏားကြီးကို မြင်တော်မူ၍ အသို့ဖြစ်လတ္တံ့နည်းဟု ဆင်ခြင်တော်မူသည် ရှိသော် ပုဏ္ဏားကြီးအားလည်းကောင်း၊ ပုဏ္ဏေးမအားလည်းကောင်း သုံးပါးသော မင်္ဂိုလ်တို့၏ ရရန် အကြောင်း ဥပနိဿယပြည့်စုံခြင်းရှိသည်ကို မြင်တော်မူ၏

သမီး မာဂဏ္ဍိကို ပေးအပ်ခြင်း

ပုဏ္ဏားကြီးလည်း ရွာအပ၌ အမြဲမပြတ် မီးကို ပူဇော်၏။ မြတ်စွာဘုရား ရှင်သည် နံနက်စောစောသာလျှင် သပိတ်သင်္ကန်းကို ယူတော်မူ၍ ပုဏ္ဏားကြီး မီးပူဇော်သော ထိုအရပ်သို့ ကြွတော်မူ၏။ ပုဏ္ဏားကြီးသည် ဘုရားရှင်၏ အဆင်းအသရေတော်ကို ကြည့်ရှုလျက် "ဤလောက၌ ဤသူနှင့် တူသော တစ်စုံတစ်ယောက်သော ယောကျ်ားမည်သည် မရှိ။ ငါ၏ သမီးအား သင့်လျော်လှပတ်သော သူပေတည်း။ ဤယောကျ်ားအား ငါ၏ သမီးကို ပေးပေအံ့" ဟု ကြံ၍ မြတ်စွာဘုရားကို အရှင်ရဟန်း ငါ့အား သမီးတစ်ယောက် ရှိ၏။ ထိုသမီးအား သင့်လျော်သော တစ်စုံတစ်ယောက်သော ယောကျ်ားကို ကြည့်ရှု၍ မမြင်သောကြောင့် ထိုသမီးကို တစ်စုံတစ်ယောက်သော သူအား မပေးဆောင်ဘဲ နေပါသည်။ အသင်သည်ကား ငါ၏ သမီးဖြစ်သော ထိုမိန်းမ

ငယ်အား သင့်လျော်လျောက်ပတ်၏။ ငါသည် အသင့်အား သမီးကို ခြေရင်းခွဲ အလုပ်အကျေး ပြု၍ ပေးခြင်းငှါ အလိုရှိပါ၏။ အကြင်မျှလောက် ထိုသမီးကို ငါသည် ခေါ်ဆောင်ခဲ့ပါအံ့။ထိုမျှလောက်ကာလပတ်လုံး အသင်သည် ဤအရပ်၌ သာလျှင် ငုံဆိုင်း ရပ်တည်ပါဦးလော့ဟု ပြော၏။ မြတ်စွာဘုရားရှင်သည် ထိုပုဏ္ဏားကြီး၏ စကားကို ကြား၍ နှစ်သက်လည်း နှစ်သက်တော်မမူ၊ မြစ်ပယ်လည်း မြစ်ပယ်တော်မမူ။ ပုဏ္ဏားကြီးသည်လည်း အိမ်သို့ လျင်စွာ သွား၍ ပုဏ္ဏေးမကို အို ရှင်မ ယနေ့ ငါ၏ သမီးအား သင့်လျော်သော ယောကျ်ားကို တွေ့မြင်ခဲ့သည်။ ထိုယောကျ်ားအား သမီးကို ပေးကုန်အံ့ဟု ပြောဆို၍ သမီးကို တန်ဆာဆင်စေပြီးသော် ခေါ်ဆောင်ခဲ့၍ ပုဏ္ဏေးမနှင့် အတူအက္ခ ထိုအရပ်သို့ သွားလေ၏။

မြတ်စွာဘုရား ခြေတော်ရာ

လူမျှားအပေါင်းသည်လည်း အုတ်အုတ်ကျက်ကျက် ဖြစ်၍ ငုံက်၏။ မြတ်စွာဘုရားသည်လည်း ပုဏ္ဏား ပြောဆိုအပ်သော နေရာ၌ မနေမူ၍ ထိုနေရာ၌ ခြေတော်ရာ ပဒေတိကို ပြတော်မူပြီးသော် တစ်ပါးသော နေရာ၌ တည်နေတော်မူ၏။

[ဘုရားရှင်တို့၏ ပဒေတိသည် ဤခြေတော်ရာကို ဤအမည်ရှိသော သူသည် မြင်စေသတည်းဟု ဓိဋ္ဌာန်တော်မူ၍ နင်းရာအရပ်၌ သာလျှင် ထင်ပေသတတ်။ ကြွင်းသော အရပ်၌ ထိုခြေတော်ရာကို တွေ့မြင်ရသော မည်သည် မရှိ။]

ပုဏ္ဏားကြီးသည် မိမိနှင့် အတူတက္က သွားအပ်သော ထိုပုဏ္ဏေးမက “ထိုယောကျ်ား အဘယ်မှာနည်း”ဟု မေးသည် ရှိသော် ဤအရပ်၌ ရပ်တည်နေပါဦးဟု ပြောဆို မှာထားခဲ့ပေသည်ဟု ပြော၍ ကြည့်ရှုလတ်သော် ခြေရာကို မြင်၍ ဤခြေရာသည် ထိုယောကျ်း၏ ခြေရာပေတည်းဟု ပြု၍ ပုဏ္ဏေးမသည် လက္ခဏာသတ္ထာန်၌ ကျွမ်းကျင်တတ်မြောက်သည့် အဖြစ်ကြောင့် ပုဏ္ဏားကြီး ဤခြေရာသည် ကာမဂုဏ်စည်းစိမ်ကို ခံစားသော သူ၏ ခြေရာမဟုတ်ဟု ပြောလျှင် ပုဏ္ဏားကြီးက အို ရှင်မ အသင်သည် ရေခွက်၌ မိကျောင်းကို မြင်သကဲ့သို့ တွေ့မြင်ရလေသည်။ ငါသည် ထိုရဟန်းကို ကိုယ်တိုင် တွေ့မြင်အပ်ပေသည်။ သမီးကို အသင့်အား ပေးအံ့ဟု ငါဆိုသောအခါ ထိုရဟန်းကလည်း တိတ်ဆိတ် သည်းခံအပ်ပေ၏ဟု ပြောသည် ဖြစ်သော် ပုဏ္ဏားကြီး အသင်သည် ဤသို့သော အခြင်းအရာဖြင့် အကယ်၍ကား ပြောဆို၏။ ထိုသို့ပင် အသင်ပြောဆိုသော်လည်း ဤခြေရာသည် ကိုလေသာ

ကင်းပြီးသော ပုဂ္ဂိုလ်၏ ခြေရာအမှန် ဖြစ်သည်လျှင်တည်းဟု ပြော၍ ဤဂါထာကို ရွတ်၏——

ရတ္တာဿ ဟိ ဥက္ကာဠိကံ ပဒံ ဘဂေ၊
ဒုဋ္ဌဿ ဟောတိ သဟသာနုပီဠိတံ။
မုဋ္ဌဿ ဟောတိ အဝကာဟိတံ ပဒံ၊
ဝိဝဋ္ဋစ္ဆဒဿ ဣဒမီဒိသံ ပဒံ။

ပုဏ္ဏားကြီး ရာဂဖြင့် တပ်မက်မှုရှိသော သူ၏ ခြေရာသည် ဆောင့်ကြောင့် ထိုင်သကဲ့သို့ ခြေဖျားသည် ဖြစ်၏။ ဒေါသရှိသော သူ၏ ခြေရာသည် အဆော တလျင် ဖိနှိပ်နင်းသကဲ့သို့ ဖနှောင့်ရာ ထင်၏။ မောဟ တွေဝေသော သူ၏ ခြေရာသည် ဆွဲငင်အပ်၏ (ခြေတရွတ်တိုက်၏)။ ဤကဲ့သို့ သဘောရှိသော ခြေရာသည် ဝဋ်ကင်းပြတ်သော သူ၏ ခြေရာ ဖြစ်၏။

ထိုနောက် ပုဏ္ဏားမကို ပုဏ္ဏားကြီးက အို ရှင်မ မြည်တွန်ခြင်း မပြုပါလင့်။ ဆိတ်ဆိတ်သာလျှင် လာခဲ့လော့ဟု ပြော၍ သွားသည် ရှိသော် မြတ်စွာဘုရား ရှင်ကို မြင်၍ ဤရဟန်းသည် ငါပြောသော ထိုယောက်ျားပင်တည်းဟု ပုဏ္ဏေးမအား ပြပြီးလျှင် ဘုရားရှင်ထံသို့ ချဉ်းကပ်၍ အိုရဟန်း ငါ၏ သမီးကို အသင့်အား ပေးအံ့ဟု ဆို၏။ မြတ်စွာဘုရားရှင်သည် ငါ့အား အသင်၏ သမီးဖြင့် အလိုမရှိဟု မိန့်တော်မမူဘဲ ပုဏ္ဏားကြီး စင်စစ်အားဖြင့် အကြောင်းကို ငါပြောဆို ပေအံ့။ အသင် နာလတ္တံ့လော့ဟု မိန့်တော်မူ၍ အိုရဟန်း ပြောဆိုပါလော့။ နာပါအံ့ဟု ဆိုသည် ရှိသော် တောထွက်တော်မူသောအခါမှ စ၍ အတိတ်ကို ဆောင်၍ ပြတော်မူ၏။

ဗုဒ္ဓဝင်ဖြစ်စဉ် အကျဉ်းချုပ်

ဘုရားအလောင်း သိဒ္ဓတ္ထမင်းသည် မင်း၏ အသရေကို ပယ်စွန့်လျက် ကလွဟကမြင်းကို စီးနင်းပြီး ဆန္နအမတ်ကို အဖော်ပြု၍ တောထွက်တော်မူသည် ရှိသော် မြို့တံခါး၌ တည်ရှိသော မာရ်နတ်မင်းက "သိဒ္ဓတ္ထ မင်းသား ပြန်သွားပါလော့၊ ဤနေ့မှ ခုနစ်ရက်မြောက်သော နေ့၌ အသင့်အား စကြာ ရတနာ ဖြစ်ပါလိမ့်မည်"ဟု ဆိုလတ်သော် မာရ်နတ်မင်း ထိုစကြာရတနာ ဖြစ်မည်ကို ငါသည် သိပါ၏၊ ငါ့အား ထိုစကြာရတနာဖြင့် အလိုမရှိဟု မိန့်တော်မူ၏။

ထိုသို့ ဖြစ်လျှင် အသင်သည် အဘယ် အကျိုးငှါ တောထွက်သနည်းဟု မေးသဖြင့် သဗ္ဗညုတဉာဏ်တော်ကို ရခြင်း အကျိုးငှါ တောထွက်လိုသည်ဟု မိန့်တော်မူ၏၊ ထိုသို့ ဖြစ်ပါမူကား ယနေ့မှ စ၍ ကာမဝိတက် စသည်တို့တွင်

တစ်ပါးပါးသော ဝိတက်ကို အသင်သည် အကယ်၍ ကြံစည်အောက်မေ့သည် ဖြစ်အံ့၊ အသင့်အား ပြုအပ်သည်ကို သိစေအံ့ဟု ဆို၏။

မာရ်နတ်မင်းသည် ထိုအခါမှ စ၍ မှားယွင်းသော အခွင့်ကို ရှာကြံ-ပျက် ခုနစ်နှစ်တို့ဘိုင်တိုင် ဘုရားအလောင်း၏ နောက်သို့သာ အစဉ်လိုက်၏ မြတ်စွာ ဘုရားသည်လည်း ခြောက်နှစ်တို့ပတ်လုံး ပြုကျင့်နိုင်ခဲလှစွာသော ဒုက္ကရစရိယာ အကျင့်ကို ပြုကျင့်တော်မူ၍ အသီးဖြစ်သော အား လုံ့လအစွမ်းဟု ဆိုအပ်သော ယောက်ျားမြတ်တို့၏ အခြင်းအရာကို မှီ၍ ဗောဓိပင်ရင်း၌ သဗ္ဗညုတညာဏ်ကို ထိုးထွင်း၍ သိတော်မူပြီး ဝိမုတ္တိသုခကို ခံစားတော်မူလျက် ငါးခုမြောက်သော သတ္တာဟဝယ် အဇပါလ ညောင်ပင်ရင်း၌ ထိုင်နေတော်မူ၏။

မာရ်နတ်မင်း သမီးတော်သုံးယောက်

ထိုအခါ မာရ်နတ်မင်းသည် ဤသိဒ္ဓတ္ထ မင်းသားကား ဤမျှလောက် ငါသည် သူ၏ နောက်၌ အစဉ်လိုက်၍ ပျက်စီး မှားယွင်းသော အခွင့်ကို ရှာပါသော်လည်း ဤသိဒ္ဓတ္ထ မင်းသားအား ချက်ချော် တိမ်းပါးမှု တစ်စုံ တစ်ခုကို ကြည့်ရှု၍ မမြင်၊ ယခုအခါ၌ ထိုသိဒ္ဓတ္ထမင်းသားသည် ငါ၏ စိုးပိုင်ရာ ဖြစ်သော အရပ်ဌာနကို လွန်မြောက်လေပြီဟု နှလုံး မသာယာခြင်းသို့ ရောက်သည် ဖြစ်၍ ခရီးမ၌ ထိုင်နေ၏၊ ထိုအခါ မာရ်နတ်မင်း၏ တဏှာ, အရတီ, ရဂါ, သမီးတော် သုံးယောက်တို့သည် "ငါတို့ ခမည်းတော်ကို ကြည့်၍ မမြင်။ ယခုအဘယ်အရင်မှာ ရှိသေသနည်း" ဟု ကြည့်သည် ရှိသော် ထိုသို့သော အခြင်းအရာအားဖြင့် ထိုင်နေသော မာရ်နတ်မင်းကို မြင်၍ အနီးသို့ ချဉ်းကပ်လျက် ဖခင် အရှင်သည် အဘယ်သို့သော အကြောင်းကြောင့် စိတ်ဆင်းရဲစွာ ကြံမှိုင်ခြင်း ဖြစ်ရပါလေသနည်းဟု မေးကုန်၏၊ မာရ်နတ်မင်းသည် မိမိ၏ သမီး တော်တို့အား ထိုအကြောင်းကို ပြန်ကြား၏။

ထိုအခါ သမီးတော်တို့က မာရ်နတ်မင်းကို "ဖခင် မစိုးရိမ်ပါလင့်၊ ကျွန်တော် မတို့သည် ထိုသိဒ္ဓတ္ထမင်းသားကို မိမိအလိုသို့ လိုက်သည်တို့ကို ပြု၍ ဆောင်ယူပါ အံ့" ဟု ပြောကုန်၏၊ ချစ်သမီးတို့ ဤသိဒ္ဓတ္ထမင်းသားကို တစ်စုံတစ်ယောက်သော သူသည် အလိုသို့ လိုက်သည်ကို ပြုခြင်းငှါ မစွမ်းနိုင်ဟု ပြော၏။ ဖခင် ကျွန်တော် မတို့သည် မိန်းမ မည်ပါကုန်၏၊ ဤယခုအခါ၌ပင်လျှင် ထိုသိဒ္ဓတ္ထမင်းသားကို ရာဘည်းဟူသော ကျော့ကွင်းအစရှိသည်တို့ဖြင့် ဖွဲ့ချည်၍ ဆောင်ယူပါကုန်အံ့၊ အရှင်ဖခင်တို့သည် မစိုးရိမ်ပါကုန်သင့်ဟု ပြောဆိုဝန်ခံပြီးသော် မြတ်စွာဘုရား ထံသို့ ချဉ်းကပ်၍ ရှင်ရဟန်း ငါတို့သည် အသင်၏ ခြေရင်း၌ အလုပ်အကျွေး ပြုပါကုန်အံ့ဟု ပြောဆိုကုန်၏။

မြတ်စွာဘုရားသည် ထိုမာရ်နတ်မင်း သမီးတို့၏ ပြောဆိုသော စကားကို နှလုံသွင်းတော်မမူ၊ မျက်စိတို့ကို ဖွင့်၍မျှသော်လည်း ကြည့်တော်မမူ။

တစ်ဖန် မာရ်နတ်မင်း၏ သမီးတို့သည် အမြတ်အယုတ် ဖြစ်ကုန်သော ယောကျ်ားတို့၏ အလိုတို့သည် "အချို့သော ယောကျ်ားသည် သတို့သမီးငယ်တို့၌ ချစ်ခင်နှစ်သက်ပေသည်၊ အချို့သော ယောကျ်ားသည် ပထမအရွယ်ရှိသော မိန်းမတို့၌ ချစ်ခင်နှစ်သက်ပေသည်၊ အချို့သော ယောကျ်ားသည် မဇ္ဈိမအရွယ်ရှိသော မိန်းမတို့၌ နှစ်သက်ပေသည်၊ အချို့ ယောကျ်ားတို့သည် ပစ္ဆိမအရွယ်ရှိသော မိန်းမတို့၌ ချစ်ခင်နှစ်သက်ပေသည်။ အထူးထူး အပြားပြား များစွာကုန်သော ကြောင်းအရာဟူဖြင့် ပြလျက် ထိုသီဒ္ဓတ္ထ မင်းသားကို ဖြားယောင်းကုန်အံ့" ဟု တိုင်ပင်၍ တစ်ယောက် ထစ်ယောက်သော သတို့သမီး ငယ်အဆင်းကို တစ်နေ့အဖို့ဖြင့် တစ်ရာ တစ်ရာသော ကိုယ်၏ အဖြစ်ကို ဖန်ဆင်း၍ သတို့သမီးငယ်၏ အရွယ်, သားမဖွားသေးသော မိန်းမ၏ အရွယ်, တစ်ကြိမ် သားဖွားသော မိန်းမ၏ အရွယ်, အလတ်ဖြစ်သော မိန်းမ၏ အရွယ်, မိန်းမကြီး၏ အရွယ်တို့ကို ပြု၍ ခုနှစ်ကြိမ်တိုင်တိုင် မြတ်စွာဘုရားသို့ ချဉ်းကပ်ပြီးလျှင် ရှင်ရဟန်း ငါတို့သည် ဗာသင်၏ ခြေရင်း၌ အလုပ်အကျွေးဖြစ်ပါကုန်အံ့ဟု ပြောဆိုကုန်၏။

ထိုသို့ ပြောဆိုသော စကားကိုလည်း မြတ်စွာဘုရား နှလုံးသွင်းခြင်း ပြုတော်မမူ၊ အနုတ္တရ ဥပဓိသန်းယ ဖြစ်သော နိဗ္ဗာန်ချမ်းသာကိုသာ နှလုံးသွင်းတော်မူ၏။

မာရ်နတ် သမီးတို့အား မိန့်ကြားခြင်း

မြတ်စွာဘုရားရှင်သည် ဤသို့ ပြုသော်လည်း ထိုနတ်သမီးတို့သည် တစ်ဖန် လာကြကုန်ပြန်သည်သာလျှင်တည်း။ ထိုအခါ မြတ်စွာဘုရားက အသင်တို့သည် အဘယ်သို့သောအကြောင်းကို မြင်၍ ဤသို့ လုံ့လပြုကုန်ဘိသနည်း၊ ကင်းသော ရာဂရှိကုန်သော ပုဂ္ဂိုလ်တို့၏ ရှေ့မှ ဤသို့ သဘောရှိသည် မည်သော အမှုကို ပြုခြင်းငှါ မဒလျောက်ပတ်၊ လာခြင်း ကောင်းသော ငါဘုရားအား ရာဂ စသည်တို့ကို ပယ်အပ်ကုန်ပြီ၊ ထိုရာဂကင်းသော ဘုရားရှင်ကို အသင်တို့သည် အဘယ်သို့သော အကြောင်းဖြင့် မိမိအလိုသို့ လိုက်ပါအောင် ဆွဲဆောင်နိုင်ကုန်လတ္တံ့နည်းဟု မိန့်တော်မူပြီး ဤဂါထာဘွဲ့ကို ဟောတော်မူ၏—

ယသ္မ ဇိတံ နာဝဇီယတိ၊
ဇိတံ ယသ္မ နော 'ယာတိ ကောစိ လောကေ။
တံ ဗုဒ္ဓမနန္တဂေါစရံ၊
အပဒံ ကေန ပဒေန နေဿထ။

ယုဿ ဇာလိနီ ပိသတ္တိကာ၊ တဏှာ နတ္ထိ ကုဟိဉ္စိ နေတဝေ။
တံ ဗုဒ္ဓမန်္တ ဂေါစရံ၊ အပဒံ ကေန ပဒေန နေဿထ။

မြတ်စွာဘုရားသည် ကိလေသာတို့ကို ဒုတိယအကြိမ် တစ်ဖန်ပြောပ်၍ အောင်စရာမလိုတော့သည်အယိ အပြီးအပြတ်အောင်တော်မူ၏။အောင်ပြီးသော ကိလေသာတို့သည်လည်း လောကဌ် တစ်စုံတစ်ခုသောကိလေသာနှင့်မျှ နောက်မှ မလိုက်လာချေ၊ ထိုမြတ်စွာဘုရားသည် အပိုင်းအခြားမရှိသော အာရုံနယ်ပယ်ကို ကျက်စားနိုင်၏။ အကြောင်းမရှိသော ထိုဘုရားရှင်ကို အဘယ်အကြောင်းဖြင့် ဆောင်ယူကုန်အံ့နည်း။

မြတ်စွာဘုရားရှင်အား တစ်စုံတစ်ခုသော အရပ်သို့ ဆောင်ယူရန်အတွက် ကွန်ရက်နှင့် တူသော ငြိကပ်တပ်သော (၀၊) အဆိပ်နှင့် တူသော တဏှာသည် မရှိတော့ချေ၊ ထိုဘုရားရှင်သည် အဆုံးအပိုင်းအခြားမရှိသော အာရုံနယ်ပယ်ကို ကျက်စားနိုင်၏၊ အကြောင်းမရှိသော ထိုဘုရားရှင်တို့ အဘယ်အကြောင်းဖြင့် ဆောင်ယူကုန်အံ့နည်း။

ဒေသနာခေါင်၏ အဆုံးဌ် များစွာကုန်သော နတ်တို့သည် အကျတ်တရားကို ရခြင်း ဖြစ်လေကုန်၏။ မာရ်နတ်မင်း၏ သမီးတို့သည်လည်း ထိုအရပ်ဌ်ပင်လျှင် ကွယ်ပျောက်ကုန်၏။

မာဂဏ္ဍိပုဏ္ဏားကြီး ခင်ပွန်းလင်မယား အနာဂါမ်တည်ခြင်း

မြတ်စွာဘုရားရှင်သည် ဤသို့သော ဓမ္မဒေသနာကို ဆောင်တော်မူ၍ မာဂဏ္ဍိပုဏ္ဏားကြီး ငါဘုရားသည် ရှေးအခါဌ် ဤသုံးယောက်ကုန်သော မာရ်နတ်မင်း၏ သမီးတို့ကို တွေ့မြင်ခဲ့ဖူး၏။ ထိုမာရ်နတ်မင်း၏ သမီးတို့သည် သလိပ်စသည်တို့ဖြင့် ရစ်ပတ် ထွေးဖွဲ့ခြင်း မရှိဘဲ ရွှေတိုင်နှင့် တူသော ခန္ဓာကိုယ်နှင့် ပြည့်စုံကုန်၏။ ထိုအခါဌ်လည်း ငါဘုရားအား မေထုန်ဌ် အလိုဆန္ဒသည် မဖြစ်။ အသင့်သမီး၏ ကိုယ်သည် သုံးဆယ့်နှစ်ပါးသော အခြင်းအရာ၏ အစုအဝေး ဖြစ်၍ အထူးထူးသော ပိုးမျိုးတို့ဖြင့် ပြည့်၀၏၊ အပဌ် ဆန်းကြယ်စွာ ပြုလုပ်၍ ထားအပ်သော မစင်အိုးနှင့် တူ၏။ ဤအသင်၏ သမီးသည် လှောကားခုံဌ် အကယ်၍ တည်နေသည် ဖြစ်အံ့၊ နင်းတက်သော ငါ၏ ခြေသည် မစင်ကြွယ် ရုံမျှာဖွယ်လိမ်းကျံခြင်းဖြစ်ရာ၏၊ ထို့ကြောင့် အသင့် သမီး၏ကိုယ်ကို ငါဘုရား၏ ခြေဖြင့်သော်လည်း မထိဘို့လိုဟု မိန့်တော်မူပြီး ဤဂါထာကို မိန့်တော်မူ၏—

ဒိသ္ဝာန တဏှံ အရတိ ံ ရဂဉ္စ၊
နာဟောသိ ဆန္ဒောဒ အပိ မေထုနသ္မိ ံ။
ကိမေဝိဒံ မုတ္တကရီသပုဏ္ဏံ၊
ပါဒါပိ နံ သမ္ဖုသိတုံ န ဣစ္ဆေ။

အိုမာဂဏ္ဍိပုဏ္ဏားတကျာ, အရတီ, ရဂါ နတ်သမီးတို့ကို မြင်ရသော်လည်း ငါဘုရား၁ား မေထုန်မှု အလိုဆန္ဒသည် မဖြစ်ခဲ့ပေ။ ကျင်ကြီးကျင်ငယ်တို့ဖြင့် ပြည့်နေသော သင်၏ သမီးကို အဘယ်မှာ အလိုဆန္ဒ ဖြစ်အံ့နည်း။ သင်၏ သမီးကို ခြေဖြင့်လည်း ထိတို့ခြင်းငှါ အလိုမရှိ။

ဤဒေသနာတော်၏ အဆုံး၌ ဇနီးမောင်နှံ နှစ်ဦးတို့သည် ဩအနာဂါမိဖိုလ်၌ တည်ကုန်၏။

မာဂဏ္ဍိယပုဏ္ဏားကြီးဝတ္ထု ပြီး၏။

၂။ နတ်ပြည်မှ ဆင်းသက်ဘော်မူသောဝတ္ထု

ယေ စျာနပ္ပသုတာ ဓီရာ အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် သက်ဿ နဂိုရ်မြို့တံခါး၌ များစွာကုန်သော နတ်လူတို့ကို အကြောင်းပြု၍ ဟောတော်မူ၏။ ဒေသနာကား ရာဇဂြိုဟ်မြို့၌ ဖြစ်လေသည်။

တနေ့သောအခါ ရာဇဂြိုဟ်ပြည်၌ နေသောသူဌေးကြီးသည် ဘေးအန္တရာယ်မှ လွတ်ကင်းစေခြင်းငှါလည်းကောင်း၊ မွေ့လျော်သဖြင့် လျောက်ပတ်ကျကုန်သော အဝတ်တန်ဆာ စသည်တို့ကို စောင့်ရှောက်ခြင်း အကျိုးငှ၊ လည်းကောင်း ပိုက်ကွန်တည်းဟူသော ပခြုပ်အကာအရံကို ဝန်းရံစေ၍ ဂင်္ဂါမြစ်၌ ရေကစားကာ မြူးထူး၏။ ဆိုအခါ စန္ဒကူးနီ သစ်ပင်တစ်ပင်သည် ဂင်္ဂါမြစ်၏ အထက်ကမ်းပါး ထိပ်၌ ပေါက်ရောက်၏။ ဂင်္ဂါမြစ်ရေဖြင့် တိုက်စားအပ်သော အမြစ်ရှိသည် ဖြစ်၍ လဲကျပြီးသော် ထိုထိုသောအရပ်၌ တည်ရှိသောကျောက်တို့၌ တိုက်ခိုက် တိုးဝှေ့၍ ကျိုးပဲ့ကျက်စီးလျက် ဖရိုဖရဲကြဲလေ၏။ ထိုနောက်မှ သောက်ရေအိုး တစ်လုံး ပမာဏရှိသော စန္ဒကူးအသားတုံးသည် ကျောက်တို့ဖြင့် ပတ်လျက် ရေလှိုင်းတံပိုး အဟုန်ဖြင့် ပုတ်ခတ်အပ်သည် ဖြစ်၍ ချောမွတ်လျက် အစဉ်အား ဖြင့် မျောလာခဲ့ပြီးသော် ရေညှိများကပ်လျက် သူဌေး၏ ပိုက်ကွန်၌ ငြိလေ၏။ သူဌေးသည် ဤဝတ္ထုကား အဘယ်နည်းဟု ပြော၍ သစ်သားအိုးတည်းဟု ကြားသိလျှင် ကိုဝဋ္ဌုကို ဆောင်ယူစေပြီး ဤသစ်သားသည် အဘယ်မည်သော သစ်သားနည်းဟု စုံစမ်းခြင်းအကျိုးငှါ ပဲခွပ်အစုန်းဖြင့် ခုတ်စေ၏။ ထိုခဏ၌ သာလျှင် ချိပ်ရည် အဆင်းရှိသော စန္ဒကူးနီသည် ပေါ်လာ၏။ သူဌေးသည် သမ္မာဒိဋ္ဌိ လည်း မဟုတ် မိစ္ဆာဒိဋ္ဌိလည်းမဟုတ် အလယ်အလတ် ဖြစ်သော နှလုံး ရှိ၏။

စန္ဒကူးသပိတ်နှင့် တိတ္ထိဆရာကြီးများ

ထိုသူဌေးသည် ငါ၏ အိမ်၌ စန္ဒကူးနီသည် များစွာပင် ရှိ၏။ ဤဝတ္ထုဖြင့် အဘယ်ကို ပြုရအံ့နည်းဟု ကြံ၏။ ထို့နောက် သူဌေးအား အကြံဖြစ်ပြန်သည်မှာ

"ဤလောက၌ ငါတို့သည် ရဟန္တာတို့တည်း။ ငါတို့သည် ရဟန္တာတို့တည်း"ဟု ပြောဆိုဝန်ခံကုန်သော သူတို့သည် များကုန်၏။ ငါသည် တစ်ပါးသော ရဟန္တာ ကိုလည်း မမြင်ဖူး၊ အိမ်၌ ပွတ်တိုက်စေ၍ သပိတ်အဖြစ် ပွတ်စေပြီးလျှင် ဆိုင်း၌ ထား၍ ဝါးအဆင့်ဆင့် ဆက်သဖြင့် အတောင်ခြောက်ဆယ်မျှလောက်သော ကောင်းကင်၌ တွဲလဲဆွဲစေပြီးလျှင် ရဟန္တာသည် အကယ်၍ ရှိသည် ပြစ်အံ့။ ဤသပိတ်ကို ကောင်းကင်ဖြင့် ကြွလာ၍ ယူတော်မူစေကုန်သတည်းဟု ဆိုအံ့၊ အကြင်ပုဂ္ဂိုလ်သည် ထိုသပိတ်ကို ယူနိုင်အံ့။ ထိုပုဂ္ဂိုလ်အား သားမယားနှင့်တကွ ကိုးကွယ်ဆည်းကပ်ခြင်းသို့ ရောက်တော့အံ့ဟု ကြံ၏။ ကြံအပ်ပြီးသော အမှတ် ဖြင့်သာလျှင် သပိတ် ဖြစ်အောင် ပွတ်တိုက် ပြုလုပ်ပြီးသော် ဝါးအဆင့်ဆင့် ဆက်ပြီး စိုက်ထောင်စေ၍ အကြင်ပုဂ္ဂိုလ်သည် ဤလောက၌ ရဟန္တာစင်စစ် အမှန်ဖြစ်ပေ၏။ ထိုပုဂ္ဂိုလ်သည် ကောင်းကင်ဖြင့် ကြွလာတော်မူ၍ ဤသပိတ်ကို ယူစေသတည်းဟု ဆို၏။

ခြောက်ယောက်ကုန်သော တိတ္ထိဆရာကြီးတို့သည် ငါတို့အားသာလျှင် လျောက်ပတ်၏။ ငါတို့အားသာလျှင် ထိုသပိတ်ကို ပေးပါလော့ဟု ပြောဆိုကုန်၏။ သူဌေးကလည်း ကောင်းကင်ဖြင့် ကြွလာ၍ ယူတော်မူကုန်လော့ဟု လျှောက်၏။ ထို့နောက် ခြောက်ရက်မြောက်သောနေ့၌ နိဂဏ္ဌနာဋ္ဌပုတ္တသည် အတွင်းနေ တပည့်တို့ကို "အသင်တို့ သွားကြကုန်လော့။ သူဌေးကို ဤသို့ ဆိုကြလော့၊ ဤသပိတ်သည် ငါတို့ ဆရာအား ထိုက်တန်၏၊ တန်ဖိုးအနည်းငယ်မျှအကြောင်း ကြောင့်သာလျှင် ကောင်းကင်ဖြင့် ကြွလာစေခြင်းကို မပြုပါလင့်၊ ထိုသပိတ်ကို ငါတို့အား ပေးပါလော့"ဟူ၍ ပြောဆိုကြကုန်လော့ဟု စေလွှတ်၏

ထိုတပည့်တို့သည် အိမ်သို့ သွားရောက်၍ သူဌေးကို ဆရာ မှာထားသော အတိုင်း ပြောဆိုလေ၏။ သူဌေးသည် "ကောင်းကင်ဖြင့် ကြွလာ၍ ယူခြင်းငှါ စွမ်းနိုင်သူသာလျှင် ယူစေသတည်း"ဟု ပြော၏။ နာဋ္ဌပုတ္တဆရာသည် မိမိ ကိုယ်တိုင် သွားလိုသောအခါ အတွင်းနေ တပည့်တို့အား "ငါသည် လက်တစ်ဖက် ခြေတစ်ဖက်ကို မြောက်၍၊ ပျံတက်လိုဘိသကဲ့သို့ ဖြစ်အံ့၊ အသင်တို့က ငါ့ကို "ဆရာ အသို့ပြုကုန်သနည်း၊သစ်သားဖြင့် ပြုလုပ်ထားသော သပိတ်၏အကြောင်း ကြောင့် ဖုံးလွှမ်းလျှိဝှက်အပ်သော အရဟတ္တဂုဏ်ကို လူများအပေါင်းအား မပြုပါလင့်"ဟု ပြောဆို၍ လက်တို့ကိုလည်းကောင်း၊ ခြေတို့ကိုလည်းကောင်း ကိုင်ဆွဲလျက် မြေကြီး၌ ကျစေကုန်လော့ဟု အမှတ်သညာကို ပေး၏။

ယင်းသို့ အမှတ်သညာကို ပေး၍ ပြောဆိုမှာထားပြီးမှ ထိုနာဋ္ဌပုတ္တဆရာသည် အိမ်သို့ သွားရောက်၍ သူဌေးကို သူဌေးကြီး ဤသပိတ်သည် ငါ့အား လျောက်ပတ်၏။ တစ်ပါးသော သူတို့အား မလျောက်ပတ်၊ တန်ဖိုးအနည်းငယ်

မျှသော ဝတ္ထု၏ အကြောင်းကြောင့်သာလျှင် ကောင်းကင်၌ ပျံတက်ခြင်းကို မနှစ်သက်ပါလင့်။ ငါ့အား သပိတ်ကို ပေးဘိလော့”ဟု ပြော၏။“အရှင်ဘုရားတို့ ကောင်းကင်ဖြင့် ပျံတက်၍သာလျှင် ယူတော်မူကုန်လော့”ဟု ပြောသည်ရှိသော် ထိုနောက်မှ နာဋ္ဌပုတ္တဆရာက “ထိုသို့ ဖြစ်ပါမူကား ဖယ်ကြကုန်လော့၊ ဖယ်ကြကုန်လော့”ဟု တပည့်တို့ကို ဖယ်ရှားစေပြီးလျှင် ကောင်းကင်သို့ ပျံတက်အံ့ဟု လက်တစ်ဖက်ကိုလည်းကောင်း၊ ခြေတစ်ဖက်ကိုလည်းကောင်း မြောက်ပင့်၏။

ထိုအခါ နာဋ္ဌပုတ္တဆရာကို တပည့်တို့က ဆရာ အဘယ်မည်သော အမှုကို ပြုလုပ်ကုန်လတ္တံ့နည်း၊ ညစ်ညမ်း ယုတ်မာသော သူယုတ်၏ သစ်သားဖြင့် ပြုလုပ်ထားသော သပိတ်၏ အကြောင်းကြောင့် ဖုံးလွှမ်းလျှိုဝှက်အပ်သော ဂုဏ်တို့ကို လူများအပေါင်းအား ပြသဖြင့် အဘယ် အကျိုးရှိအံ့နည်း”ဟု ပြောဆို၍ နာဋ္ဌပုတ္တဆရာကို လက်ခြေတို့၌ ဆွဲငင်ကိုင်ယူပြီး မြေကြီး၌ ကျစေကုန်၏။

ထိုနာဋ္ဌပုတ္တ ဆရာက သူဌေးကို “ဒါယကာ သူဌေးကြီး ဤတပည့်တို့သည် ပျံတက်ခြင်းငှါ အခွင့်ကို မပေးကုန်။ သို့ဖြစ်၍ ဤသပိတ်ကို ငါ့အား ပေးလှူဘိလော့”ဟု ပြောဆိုသည် ရှိသော် အရှင်ဘုရားတို့ ပျံတက်၍ ယူတော်မူပါကုန်သော့”ဟု လျှောက်၏။

ဤသို့သော နည်းဖြင့် တိတ္ထိတို့သည် ခြောက်ရက်တိုင်တိုင် ကြိုးစားမှု ပြုကုန်သော်လည်း ထိုသပိတ်ကို မရကုန်သည်သာလျှင်တည်း။

ပိဏ္ဍောလဘာရဒ္ဒါဇ မထေရ်

ခုနစ်ရက်မြောက်နေ့၌ အရှင်မောဂ္ဂလာန်မထေရ်အား လည်းကောင်း၊ အရှင်ပိဏ္ဍောလဘာရဒ္ဒါဇ မထေရ်အား လည်းကောင်း ရာဇဂြိုဟ်မြို့တွင်း၌ ဆွမ်းခံကြွကုန်အံ့ဟု ကြွတော်မူ၍ ကျောက်ဖျာတစ်ခုထက်၌ ရပ်ဘည်လျက် သက်နိုးကို ရုံတော်မူသောအခါ အရက်သမားတို့သည် အို အချင်းတို့ ရှေးအခါ၌ ဆရာကြီး ခြောက်ယောက်တို့သည် “လောက၌ ငါတို့သည် ရဟန္တာတို့ ဖြစ်ကုန်၏”ဟု လှည့်လည်ကုန်၏။ ရာဇဂြိုဟ်ပြည် သူဌေးကြီး၏ အိမ်ဝ၌ သပိတ်ကို စိုက်ထူ၍ တင်ထားအပ်သည်ကား ယနေ့ ခုနစ်ရက် ရှိပြီ။ “ရဟန္တာ အကယ်၍ ရှိအံ့၊ ကောင်းကင်ဖြင့် ကြွလာ၍ ယူတော်မူပါစေကုန်သတည်း”ဟု ပြောဆိုသော်လည်း တစ်ယောက်သော သူသည် “ငါသည် ရဟန္တာတည်း”ဟု ကောင်းကင်၌ တက်ကြွယူနိုင်သော သူသည် မရှိ၊ ယခုလောက၌ ရဟန္တာတို့ မရှိသည့်အဖြစ်ကို သိရပေတော့သည်ဟူသော စကားကို ဖြစ်စေကြကုန်၏။

ထိုစကားကို ကြား၍ အရှင်မဟာမောဂ္ဂလာန်သည် အရှင်ပိဏ္ဍောလဘာရဒ္ဒါဇ ကို "ငါ့မျှင် ဘာရဒ္ဒါဇ ဤအရက်သမားတို့သည် မြတ်စွာဘုရားရှင်၏ သားသနာ တော်ကို သိမ်းကျုံးထိပါးပုတ်ခတ် ပြောဆိုသည်ကို အသင်ကြားသည် မဟုတ် လော၊ အသင်သည်လည်း တန်ခိုးကြီး၏၊ အာနုဘော်ကြီး၏၊ သွားခဲ့လော့၊ ထိုသပိတ်ကို ကောင်းဂ င်ဖြင့် သွား၍ ယူခဲ့လော့ဟု မိန့်ဆို၏။

ကျောက်ဖျာကြီးကို ခြေကြားဖြင့် ညှပ်ယူခြင်း

ငါ့ရှင် မဟာမောဂ္ဂလာန် အသင်သည် တန်ခိုးကြီးသူတို့ထက် လွန်ကဲ ထူးမြတ်သောသူတို့ ဖြစ်ပေ၏။ အသင်သည် ထိုသပိတ်ကို ယူလေလော့။ အသင် မယူသည် ရှိသော်ကား ငါယူပေအံ့ဟု ပြော၏။ ငါ့ရှင် ယူခဲလော့ဟု ဆိုသည် ရှိသော် အရှင် ပိဏ္ဍောလဘာရဒ္ဒါဇသည် အဘိညာဏ်၏ အခြေဖြစ်သော စတုတ္ထ စျာန်ကို ဝင်စား၍ ခြေမဖြင့် သုံးဂါဝုတ်ရှိသော ကျောက်ဖျာကြီးကို လှုန်၍ ခြေကြားဖြင့် ညှပ်ယူလျက် လဲဝါဂုမ်းကဲ့သို့ ကောင်းကင်၌ တည့်စေပြီး ရာဇဂြိုဟ် မြို့၏ အထက်၌ ခုနစ်ကြိမ်တိုင်တိုင် လှည့်လည်၏။

ထိုကျောက်ဖျာကြီးသည် သုံးဂါဝုတ်ပမာဏရှိသော မြို့ကြီးအား ပိတ်အုံးသကဲ့သို့ ထင်၏။ မြို့သူမြို့သား အပေါင်းတို့သည် "ကျောက်ဖျာကြီးသည် ငါတို့အား လွှမ်းမိုးဖိညှပ် သတ်ဖြတ်မည်" ဟု ကြောက်ရွံ့ကုန်သောကြောင့် ဗန်းစသည်တို့ကို ဦးထိပ်ထက်၌ ဝင်ဆောင်၍ ပုန်းအောင်းကြကုန်၏၊ ခုနစ်ကြိမ်မြောက်၌ မထေရ်သည် ကျောက်ဖျာကြီးကို ခွဲ၍ မိမိကိုယ်ကို ပြတော်မူ၏။ လူအပေါင်းသည် မထေရ်ကို မြင်၍ အရှင်ပိဏ္ဍောလဘာရဒ္ဒါဇ အရှင်ဘုရား၏ ကျောက်ဖျာကြီးကို မြမြံစွာ ပြု၍ ဆောင်ယူတော်မူပါလော့၊ အားလုံးသော ဝတ္ထုတော်တို့အား မဖျက်ဆီးပါလင့်ဟု ဟစ်အော် တောင်းပန်ကုန်၏။ မထေရ်သည် ကျောက်ဖျာကြီးကို ခြေဖျားဖြင့် တွန်းချ စွန့်ပစ်လိုက်၏။ ထိုကျောက်ဖျားကြီးသည် ကျသွား၍ မူလနေရာ၌သာ တည်လေ၏။

အရှင်ပိဏ္ဍောလအား သပိတ်လှူဒါန်းခြင်း

မထေရ်သည် သူဌေး၏ အိမ်ထက်၌ ရပ်တည်တော်မူ၏။ မထေရ်ကို မြင်၍ သူဌေးသည် ရင်ဖြင့် ဝမ်းပြေး အရှင် ဆင်သက်တော်မူပါလော့ဟု လျှောက်ကြားတောင်းပန်၏။ ကောင်းကင်မှ သက်ဆင်းတော်မူလာသော မထေရ်ကို ထိုင်နေစေပြီး သပိတ်ကို ချစေ၍ စတုမဓူအပြည့်ထည့်၍ မထေရ်အား သပိတ်ကို ပေးလှူ၏။ မထေရ်သည် သပိတ်ကို ခံယူ၍ ကျောင်းမတော်သို့ ရှေးရှုကြွသွားတော်မူ၏။ ထိုဖခါ အကြင်သူတို့သည် ဟောသို့ သွားနေ၍ ဆိတ်ငြိမ်ရာသို့ သွားနေ၍ မထေရ်၏ တန်ခိုးပြာဋိဟာကို မဖူးမြင်လိုက်ကြရသူတို့သည် စုရုံးစည်းဝေး၍

ငါတို့အားလည်း တန်ခိုးပြာဋိဟာကို ပြတော်မူပါဦးလော့ဟု တောင်းပန်ကာ မထေရ်နောက်သို့ အစဉ်လိုက်ကြကုန်၏။

မထေရ်သည် ထိုထိုသော လူတို့အား တန်ခိုးပြာဋိဟာကို ပြလျက် ကျောင်းတော်သို့ ကြွတော်မူ၏။ မြတ်စွာဘုရားရှင်သည် အဇဉ်လိုက်၍ ဟစ်အော်ကြွေးကြော်ကုန်သဖြင့် ပဲ့တင်ထပ်သော လူအပေါင်း၏ အသံကို ကြားတော်မူရာ ချစ်သား အာနန္ဒာ အသံသည် အဘယ်သူ၏ အသံနည်းဟု မေးတော်မူသည် ရှိသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ပိဏ္ဍောလဘာရဒ္ဒါဇ မထေရ်သည် ကောင်းကင်ခရီးဖြင့် တက်ကြွ၍ စန္ဒကူးသပိတ်ကို ယူ၏။ ထိုမထေရ်၏ အထံ၌ ဤသို့သော အသံ ဖြစ်ပါသည်ဟု လျှောက်ထားသဖြင့် ကြားသိတော်မူရသောအခါ ဘာရဒ္ဒါဇ မထေရ်ကို ခေါ်တော်မူပြီးလျှင် အသင်သည် ဤသို့ ပြုလုပ်သည်မှာ ဟုတ်မှန်ပေသလောဟု မေးတော်မူ၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဟုတ်မှန်ပါသည်ဟု လျှောက်၏။ ချစ်သား ဘာရဒ္ဒါဇ အသင်သည် အဘယ့်ကြောင့် ဤသို့ပြုဘိသနည်းဟု မထေရ်အား ကဲ့ရဲ့တော်မူ၍ ထိုသပိတ်ကို အစိတ်စိတ်အမြွာမြွာခွဲဖျက်ဆေးပြီးလျှင် ရဟန်းတို့အား မျက်စဉ်းမှုန့် ကြိတ်ရန် ပေးလှူစေ၍ သိက္ခာပုဒ်ကို ပညတ်တော်မူ၏။

တိတ္ထိတို့ တန်ခိုးပြိုင်ရန် အားထုတ်ကြခြင်း

တိတ္ထိတို့သည် ရဟန်းဂေါတမသည် ထိုသပိတ်ကို ခွဲဖျက်စေပြီးလျှင် တန်ခိုးပြာဋိဟာကို မပြစေခြင်းအကျိုးငှါ သိက္ခာပုဒ်ကို ပညတ်တော်မူသတဲ့ဟု ကြား၍ ရဟန်းဂေါတမ၏ ကပည့်သာဝကတို့သည် ပညတ်အပ်သော သိက္ခာပုဒ်ကို အသက်ဟူသော အကြောင်းကြောင့်လည်း မလွန်ကျူးကုန်။ ရဟန်းဂေါတမသည်လည်း မိမိပညတ်အပ်သော ထိုသိက္ခာပုဒ်ကို စောင့်ရှောက်လတ္တံ့သည်သာလျှင်တည်း။ ဤယခုအခါ၌ ငါတို့သည် အခွင့်ကို ရပေပြီဟု ကြံ၍ ထိုတိတ္ထိတို့သည် မြို၏ ခရီးမတို၌ ပြောကြားလျက် လှည့်လည်ကုန်၏။

ငါတို့အား လည်း တန်ခိုးပြာဋိဟာကို ပြတော်မူပါဦးလော့ဟု တောင်းပန်ကာ မထေရ်နောက်သို့ အစဉ်လိုက်ကြကုန်၏။

မထေရ်သည် ထိုထိုသော လူတို့အား တန်ခိုးပြာဋိဟာကို ပြလျက် ကျောင်းတော်သို့ ကြွတော်မူ၏။ မြတ်စွာဘုရားရှင်သည် အဇဉ်လိုက်၍ ဟစ်အော်ကြွေးကြော်ကုန်သဖြင့် ပဲ့တင်ထပ်သော လူအပေါင်း၏ အသံကို ကြားတော်မူရာ ချစ်သား အာနန္ဒာ အသံသည် အဘယ်သူ၏ အသံနည်းဟု မေးတော်မူသည် ရှိသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ပိဏ္ဍောလဘာရဒ္ဒါဇ မထေရ်သည် ကောင်းကင်ခရီးဖြင့် တက်ကြွ၍ စန္ဒကူးသပိတ်ကို ယူ၏။ ထိုမထေရ်၏ အထံ၌ ဤသို့သော အသံ ဖြစ်ပါသည်ဟု လျှောက်ထားသဖြင့် ကြားသိတော်မူရသောအခါ ဘာရဒ္ဒါဇ မထေရ်ကို ခေါ်တော်မူပြီးလျှင် အသင်သည် ဤသို့ ပြုလုပ်သည်မှာ ဟုတ်မှန်ပေသလောဟု မေးတော်မူ၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဟုတ်မှန်ပါသည်ဟု လျှောက်၏။ ချစ်သား ဘာရဒ္ဒါဇ အသင်သည် အဘယ့်ကြောင့် ဤသို့ပြုဘိသနည်းဟု မထေရ်အား ကဲ့ရဲ့တော်မူ၍ ထိုသပိတ်ကို အစိတ်စိတ်အမြွာမြွာခွဲဖျက်ဆေးပြီးလျှင် ရဟန်းတို့အား မျက်စဉ်းမှုန့် ကြိတ်ရန် ပေးလှူစေ၍ သိက္ခာပုဒ်ကို ပညတ်တော်မူ၏။

တိတ္ထိတို့ တန်ခိုးပြိုင်ရန် အားထုတ်ကြခြင်း

တိတ္ထိတို့သည် ရဟန်းဂေါတမသည် ထိုသပိတ်ကို ခွဲဖျက်စေပြီးလျှင် တန်ခိုးပြာဋိဟာကို မပြစေခြင်းအကျိုးငှါ သိက္ခာပုဒ်ကို ပညတ်တော်မူသတဲ့ဟု ကြား၍ ရဟန်းဂေါတမ၏ ကပည့်သာဝကတို့သည် ပညတ်အပ်သော သိက္ခာပုဒ်ကို အသက်ဟူသော အကြောင်းကြောင့်လည်း မလွန်ကျူးကုန်။ ရဟန်းဂေါတမသည်လည်း မိမိပညတ်အပ်သော ထိုသိက္ခာပုဒ်ကို စောင့်ရှောက်လတ္တံ့သည်သာလျှင်တည်း။ ဤယခုအခါ၌ ငါတို့သည် အခွင့်ကို ရပေပြီဟု ကြံ၍ ထိုတိတ္ထိတို့သည် မြို၏ ခရီးမတို၌ ပြောကြားလျက် လှည့်လည်ကုန်၏။

ငါတို့သည် မိမိဂုဏ်ကို စောင့်ရှောက်ကုန်လျက် ဒုဿီလ သစ်သားဖြင့် ပြုလုပ်ထားသော သပိတ်၏အကြောင်းကြောင့် မိမိဂုဏ်ကို လူအပေါင်းအား မပြကုန်။ ရဟန်းဂေါတမ၏ တပည့်သာဝကတို့သည် သပိတ်ဟူသော အကြောင်းကြောင့် မိမိဂုဏ်ကို လူအပေါင်းအား ပြကြကုန်ပြီ။ ရဟန်းဂေါတမသည်ကား မိမိ၏ ပညာရှိသည်၏ အဖြစ်ကြောင့် သပိတ်ကို ခွဲဖျက်စေ၍ သိက္ခာပုဒ် ပညတ်လေသည်။ ဤယခုအခါ၌ ငါတို့သည် ထိုအရှင် ဂေါတမနှင့်အတူ တန်ခိုးပြိုင်ကုန်အံ့ဟု ပြောဆိုကြကုန်၏။

ဗိမ္ဗိသာရမင်းကြီး

ဗိမ္ဗိသာရမင်းကြီးသည် ထိုစကားကိုကြား၍ မြတ်စွာဘုရား အထံတော်သို့သွားပြီးလျှင် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အရှင်ဘုရားတို့သည် တန်ခိုးပြာဋိဟာကိုမပြရန် တပည့်သာဝကတို့အား သိက္ခာပုဒ်ကို ပညတ်သည်မှာ ဟုတ်မှန်ပါသလောဟု မေးလျှောက်သဖြင့် "ဒကာတော် မင်းကြီး ဩော်-ဟုတ်ပေ၏" ဟု မိန့်တော်မူ၏။ ဤယခုအခါ၌ တိတ္ထိတို့သည် အရှင်ဘုရားတို့နှင့် အတူတက္ခ တန်ခိုးပြိုင်လိုကုန်သည်ဟု ပြောဆိုကြကုန်၏။ ယခုအဘယ်ကဲ့သို့ ပြုလုပ်ကုန်ပါအံ့နည်းဟု လျှောက်၏။

ဒကာတော်မင်းကြီး ထိုတိတ္ထိတို့က တန်ခိုးပြာဋိဟာပြကုန်သည် ရှိသော် ငါဘုရားသည်လည်း တန်ခိုးပြာဋိဟာကို ပြတော်မူအံ့ဟု မိန့်တော်မူ၏။ အရှင်ဘုရားတို့သည် သိက္ခာပုဒ်ကို ပညတ်တော်မူသည်မဟုတ်တုံလောဟု မေးလျှောက်သဖြင့် ဒကာတော်မင်းကြီး ငါဘုရားသည် မိမိအား သိက္ခာပုဒ်ပညတ်သည်မဟုတ်၊ ငါဘုရား၏ တပည့်သား သာဝကတို့အားသာလျှင် ပညတ်တော်မူ၏ဟု မိန့်တော်မူ၏။

ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား အရှင်ဘုရားတို့ကို ချန်ထား၍ တစ်ပါးသောသူတို့၌ သိက္ခာပုဒ် ပညတ်ခြင်းမည်သည် ဖြစ်ပေသလောဟု မေးလျှောက်ပြန်သည်ရှိသော် ထိုသို့ဖြစ်၍ ဒကာတော်မင်းကြီး အသင့်ကိုသာလျှင် ဤအရာ၌ ငါဘုရားမေးအံ့။ ဒကာတော်မင်းကြီး အသင်၏ တိုင်းပြည်နိုင်ငံ၌ ဥယျာဉ်ရှိသည် မဟုတ်တုံလောဟု မေးတော်မူသဖြင့် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ရှိပါ၏ဟု လျှောက်၏။ ဒကာတော်မင်းကြီး ထိုဥယျာဉ်၌ လူအပေါင်းသည် သရက်သီး စသည်တို့ကို အကယ်၍ စားခဲ့သည်ဖြစ်အံ့၊ အသို့ပြုအပ်သနည်း ဟု မေးတော်မူလျှင် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဒဏ်ထိုက်ပါသည်ဟု လျှောက်၏။

ဒကာတော်မင်းကြီးသည်ကား စား၍ရပါသလောဟု မေးတော်မူပြန်သော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဩော်-ရပါ၏။ ဒကာတော်အား ဒဏ်မရှိပါ၊ ဒကာတော်သည် မိမိဥစ္စာကို စားခြင်းငှါ ရပါသည်ဟု လျှောက်၏။ ဒကာတော်မင်းကြီး အသင့်အား ယူဇနာသုံးရာရှိသော် တိုင်းနိုင်ငံတော် အတွင်း၌ အာဏာတော်စက်သည် ပျံ့နှံ၍ ဖြစ်၏။ မိမိ၏ဥယျာဉ်၌ သရက်သီး စသည်တို့ကို စားသော အသင်မင်းကြီးအား ဒဏ်ထိုက်သည်မရှိ၊ တစ်ပါးသောသူတို့အားသာ ဒဏ်ထိုက်သည် ရှိဘိသကဲ့သို့ ဤအတူ စကြဝဋ္ဌာကုဋ္ဌေတစ်သိန်း၌ ငါ့ဘုရား၏ မေမွစက်အာဏာသည် ပျံ့နှံ၍ ဖြစ်၏။ သိက္ခာပုဒ်ပညတ်ခြင်းကြောင့်

မိမိအား လွန်ကျူးခြင်းမည်သည် မရှိ၊ တစ်ပါးသောသူတို့အား ရှိပေ၏။ ငါဘုရားကိုယ်တော်တိုင် တန်ခိုးပြာဋိဟာ ပြတော်မူအံ့ဟု မိန့်တော်မူ၏။

တိတ္ထိဆရာကြီးများ စိတ်မကောင်း ဖြစ်ကြခြင်း

တိတ္ထိတို့သည် မြတ်စွာဘုရား မိန့်ကော်မူသော ထိုစကားကို တစ်ဆင့်ကြားရ၍ ယခုအခါ၌ ငါတို့သည် ပျက်စီးခြင်း ဖြစ်ကုန်ပြီ၊ ရဟန်းဂေါတမသည် တပည့်သာဝကတို့အားသာလျှင် သိက္ခာပုဒ်ကို ပညတ်အပ်၏၊ မိမိအား မပညတ်အပ်။ ကိုယ်တိုင်သာလျှင် တန်ခိုးပြာဋိဟာကို ပြုသတတ်၊ အသို့ပြုကုန်အံ့နည်းဟု တိုင်ပင်ကုန်၏။ ဗိမ္မိသာရမင်းကြီးသည် မြတ်စွာဘုရားရှင်ကို "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ အဘယ်အခါ၌ တန်ခိုးပြာဋိဟာကို ပြကုန်လတ္တံ့ဟု မေးလျှောက်သည်ရှိသော် ဒကာတော်မင်းကြီး ဤယနေ့မှ လေးလမြောက်ဖြစ်သော ဝါဆိုလပြည့်နေ့၌ ပြုပေအံ့"ဟု မိန့်တော်မူ၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အဘယ်အရပ်၌ ပြုပါကုန်လတ္တံ့နည်းဟု မေးလျှောက်ပြန်သဖြင့် ဒကာတော်မင်းကြီး သာဝတ္ထိပြည်ကို မှီ၍ ပြုပေအံ့ဟု မိန့်တော်မူ၏။

[အဘယ်ကြောင့် မြတ်စွာဘုရားရှင်သည် ဤသို့ ဝေးသောဒေသ၌ ရုပ်ကို ညွှန်ကြားတော်မူသနည်း ဟူမူကား ထိုအရပ်သည် အလုံးစုံသောဘုရားရှင်တို့၏ တန်ခိုးပြာဋိဟာ ပြတော်မူသောနေရာ ဖြစ်ပေ၏။ ထို့ကြောင့်၊ ညွှန်ကြားတော်မူ၏။ တစ်နည်းမူမှာ–လူအပေါင်းအား စုရုံး စည်းဝေးစေခြင်း အကျိုးငှါလည်း ဝေးသောအရပ်ကိုသာလျှင် ညွှန်ကြားတော်မူသတည်း။]

တိတ္ထိတို့သည် ထိုစကားကိုကြား၍ "ဤယနေ့မှ လေးလမြောက်၌ ရဟန်းဂေါတမသည် သာဝတ္ထိပြည်၌ တန်ခိုးပြာဋိဟာကို ပြလိမ့်မည်တဲ့၊ ဤယခုအခါ၌ ထိုရဟန်းဂေါတမကို မလွတ်မူ၍သာလျှင် ငါတို့အစဉ်လိုက်ကုန်အံ့။ လူအပေါင်းသည် ငါတို့ကိုမြင်၍ ဤအမှုကား အဘယ်နည်းဟု မေးလတ္တံ့။ ထိုသို့မေးသောအခါ "ငါတို့သည် ရဟန်းဂေါတမနှင့် အတူတကွ တန်ခိုးပြာဋိဟာ ပြကုန်အံ့"ဟု ပြောဆိုကြကုန်၏။ ယခုအခါ ထိုရဟန်းဂေါတမသည် ထွက်ပြေး၏။ ထို့ကြောင့် ငါတို့သည် ရဟန်းဂေါတမအား ထွင်းပြေးခြင်းကို မပေးမူ၍ အစဉ်လိုက်ကုန်သည်ဟု လူအပေါင်းအား ပြောဆိုကုန်အံ့"ဟူ၍ တိုင်ပင် ကြံစည်ကြကုန်၏။

မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်မြို့၌ ဆွမ်းအလို့ငှာ လှည့်လည်၍ ထွက်ကြတော်မူ၏။ တိတ္ထိတို့သည်လည်း မြတ်စွာဘုရားရှင်၏ နောက်မှသာလျှင်ထွက်၍

ဆွမ်းစားခြင်းကိစ္စ ပြုသောအရပ်၌ နေကုန်၏။ မြတ်စွာဘုရားသိတင်းသုံးတော်မူသော အရပ်၌ တစ်ဖန် မိုးသောက်ရောက်သောနေ့၀ယ် တိတ္ထိတို့သည် နံနက်စာစားခြင်းကို ပြုကုန်၏။ ထိုတိတ္ထိတို့ကို လူတို့က ဤအမှုကား အဘယ်နည်းဟု မေးကုန်သည်ရှိသော် အောက်၌ ကြုံစည်အပ်သော အမှုတ်ဖြင့်သာလျှင် ပြောကြားကုန်၏။ လူများအပေါင်းသည်လည်း တန်ခိုးပြာဋိဟာကို ကြည့်ရှုကုန်အံ့ဟု အစည်လိုက်၏။ မြတ်စွာဘုရားရှင်သည် အစည်အတိုင်းအား ဖြင့် သွား၍ သာ၀တ္ထိပြည်သို့ ရောက်၏။

တိတ္ထိဆရာကြီးများ မကွဲပ်

တိတ္ထိတို့သည်လည်း မြတ်စွာဘုရားရှင်နှင့် အတူတကွသွား၍ အလုပ်အကျွေးဖြစ်သော ဒါယကာတို့ကို စီစဉ်လျှ။ ဒါန်းစေရာ အသပြာတစ်သိန်းကို ရ၍ ရှားသစ် သည်တိုင်တို့ဖြင့် မကွဲပ်တို့ကို ပြုစေပြီးလျှင် ကြာပန်းတို့ဖြင့် ဖုံးလွှမ်းစေ၍ ဤအရပ်၌ တန်ခိုးပြာဋိဟာကို ပြုကုန်အံ့ဟု ထိုင်နေကုန်၏။

ပသေနဒီ ကောသလမင်းကြီးသည် မြတ်စွာဘုရားရှင်သို့ ချဉ်းကပ်၍ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တိတ္ထိတို့သည် မကွဲပ်ကိုပြုအပ်၏။ ဒကာတော်သည် အရှင်ဘုရားတို့၏ မကွဲပ်ကို ပြုပါအံ့ဟု လျှောက်၏။ ဒကာတော်မင်းကြီး ငါဘုရားအား မကွဲပ်ပြုဖွယ်ကိစ္စ မရှိဟု မိန့်တော်မူ၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဒကာတော်ကိုထား၍ အဘယ် မည်သော တစ်ပါးသောသူသည် ပြုခြင်းငှာ စွမ်းနိုင်ပါလတ္တံ့နည်းဟု မေးလျှောက်သဖြင့် ဒကာတော်မင်းကြီး သိကြားနတ်မင်းသည် ပြုလုပ်ပေလတ္တံ့ဟု မိန့်တော်မူ၏။

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အဘယ်အရပ်၌ တန်ခိုးပြာဋိဟာကို ပြကုန်လတ္တံ့နည်းဟု မေးလျှောက်ပြန်သည်ရှိသော် ဒကာတော်မင်းကြီး ကကွဏ်မည်သော သရက်ဖြူပင်ရင်း၌ ပြုပေအံ့ဟု မိန့်တော်မူ၏။ တိတ္ထိတို့သည် သရက်ပင်ရင်း၌ တန်ခိုးပြာဋိဟာကို ပြုလတ္တံ့သတဲ့ဟု ကြား၍ မိမိအလုပ်အကျွေးဖြစ်သော ဒါယကာ,ဒါယိကာမတို့အား ပြောဆိုပြီးလျှင် ယူဇနာအတွင်းဖြစ်သောအရပ်၌ ယုတ်သောအပိုင်းအခြားအား ဖြင့် ထိုနေ့၌ပေါက်သော သရက်ပင်ငယ်မျှကိုလည်း မကြွင်းကျန်စေမူ၍ နုတ်ယူပြီးသော် တော၌ စွန့်ပစ်စေကုန်၏။ မြတ်စွာဘုရားရှင်သည် ၀ါဆိုလပြည့်နေ့၌ မြို့တွင်းသို့ကြွ၀င်တော်မူ၏။

ဥယျာဉ်စောင့် ကလွ

မင်းကြီး၏ ဥယျာဉ်စောင့် ကကွဏ်မည်သော ယောကျ်ားသည် ခါချဉ်ကောင်တို့သည် ပြုအပ်သော အရွက်အထုပ်၏ အတွင်း၌ ကြီးစွာသော တစ်လုံးသော သရက်သီးမှည့်ကို မြင်၍ ထိုသရက်သီး၏ အနံ့အရသာ၌ တပ်မက်သော လောဘ

ကြောင့် ကျရောက် နားနေကုန်သော ကျီးတို့ကို ထွက်ပြေးစေပြီးလျှင် မင်းကြီး သုံးဆောင်တော်မူအံ့သော အကျိုးငှာ ဆွတ်ယူ၍ သွားသည်ရှိသော် လမ်းခရီး အကြာင်း၌ မြတ်စွာဘုရားရှင်ကို မြင်၍ "မင်းကြီးသည် ဤ သရက်သီးကို သုံးဆောင်ရသည်ရှိသော် ငါအား အသပြာ ရှစ်ကျပ်တို့ကိုလည်းကောင်း, အသပြာ တစ်ဆယ့်ခြောက်ကျပ်တို့ကိုလည်းကောင်း ပေးလတ္တံ့။ထိုအသပြာသည် ငါအား တစ်ခုသောခန္ဓာကိုယ် အတွက်ဘောဇဉ်လည်း အသက်မွေးခြင်းငှာ မစွမ်းနိုင်။ အကယ်၍ ငါသည် ဤသရက်သီးကို မြတ်စွာဘုရားရှင်အား ပေးလှူသည် ဖြစ်အံ့၊ မချွတ်စင်စစ် ထိုအလှူသည် ငါအား ရှည်မြင့်စွာသော နေ့ညဉ့်ပတ်လုံး အကျိုးစီးပွားကို ရွက်ဆောင်သည် ဖြစ်ပေလတ္တံ့" ဟု ကြံ၏။ ကြံပြီး၍ ထိုဥယျာဉ်စောင့် ယောကျ်ားသည် သရက်သီးမှည့်ကို မြတ်စွာဘုရားရှင်အား ဂ.ပ်လှူ၏။

အတောင် ငါးဆယ်မြင့်သော သရက်ပင်

မြတ်စွာဘုရားရှင်သည် အာနန္ဒာ မထေရ်ကို ကြည့်တော်မူ၏။ ထိုအခါ မထေရ်သည် နတ်မင်းကြီး လေးယောက်သည် ပေးလှူအပ်သော သပိတ်ကို ထုတ်ဆောင်၍ မြတ်စွာဘုရား လက်တော်၌ ထား၏။ မြတ်စွာဘုရားရှင်သည် သပိတ်ကို ညှပ်စေပြီးသော် သရက်သီးကို ခံယူတော်မူ၍ ထိုအရပ်၌ပင်လျှင် ထိုင်နေတော်မူအံ့သော အခြင်းအရာကိုပြတော်မူ၏။ မထေရ်သည် သင်္ကန်းကို ဖြန့်ခင်း၍ ပေး၏။

ထိုနောက် မြတ်စွာဘုရားသည် ဤနေရာ၌ ထိုင်တော်မူသည် ရှိသော် အာနန္ဒာ မထေရ်သည် သေဝက်ရေကို စစ်၍ သရက်သီးမှည့်ကို နယ်ပြီးသော် အဖျော်ကို ပြု၍ ပေး၏။ မြတ်စွာဘုရားရှင်သည် သရက်သီး အဖျော်ကို သောက်ပြီးသော် ကလ္လာမည်သော ဥယျာဉ်စောင့် ယောကျ်ားကို "ဤသရက်စေ့ကို ဤနေရာ၌ပင်လျှင် မြေမှုန့်ကို ယက်၍ စိုက်လေလော့" ဟု မိန့်တော်မူ၏။

ဥယျာဉ်စောင့် ယောကျ်ားသည် မြတ်စွာဘုရား ဝိန့်တော်မူသော အတိုင်း ပြု၏။ မြတ်စွာဘုရားရှင်သည် ထိုသရက်စေ့၏ အထက်၌ လက်ကို ဆေးတော်မူ၏။ လက်တို့ကို ဆေးကာမျှဖြင့်သာလျှင် ထုန်တုံးရင်းမျှလောက် ပမာဏရှိသော ပင်စည်ရှိသည် ဖြစ်၍ အစောက်အားဖြင့် အတောင် ငါးဆယ်ရှိသော သရက်ပင်သည် ပေါက်လေ၏။

လေးပါးသော အရပ်မျက်နှာတို့၌ တစ်ခက်တစ်ခက်စီ၊ အထက်၌ တစ်ခက် အားဖြင့် ငါးခုသော ခက်မကြီးတို့သည် အတောင်ငါးဆယ် ရှိသည်ဖြစ်ကုန်၏။ ထိုသရက်ပင်သည် ထိုခဏ၌သာလျှင် အပင့် အသီးဖြင့် ဖုံးလွှမ်းသည်ဖြစ်၍

အချို့အချို့သော နေရာ၌ မှည့်သော သရက်သီး အခိုင်သည် ဖြစ်၏။ နောက်မှ ကြွလာတော်မူကုန်သော ရဟန်းတို့သည် သရက်သီးမှည့်တို့ကို ဘုဉ်းပေးကုန်၍ သာလျှင် ကြွလာတော်မူကြကုန်၏။

ပဒေနဒီ ကောသလမင်းကြီးသည် ဤသို့ သဘောရှိသော သရက်ပင် ပေါက်ပေသတဘ်ဟု ကြား၍ ဆိုသရက်ပင်ကို တစ်စုံတစ်ယောက်သောသူသည် မချိုးဖဲ့ မဖြတ်ပိုင်းစေလင့်ဟု အစောင့်အရှောက်ကို ထားတော်မူ၏။ ထိုသရက်ပင်သည် ကဿ အမည်ရှိသော ဥယျာဉ်စောင့်သည် စိုက်ပျိုးအပ်သည့် အဖြစ်ကြောင့် ကဿ သရက်ပင်ဟူသော အမည်သည်သာလျှင် ထင်ရှား၏။ သေသောက်ကြူးတို့သည်လည်း သရက်သီးမှည့်တို့ကို စား၍ ကြမ်းကြုတ်စွာသော ဆိုနိုင် ခက်ခဲသော အိုအာချင်း တိတ္ထိတို့ ရဟန်းဂေါတမသည် ကဿမည်သော သရက်ပင်ရင်း၌ ကန်ခိုး ပြာဋိဟာကို ပြလတ္တံ့။ အသင်တို့သည် ယူဇနာအဘွင်း၌ ထိုနှပင် ပေါက်သည်လည်း ဖြစ်သော သရက်ပင်ငယ်တို့ကို သော်လည်း နုတ်ပယ်၍ ပစ်ချပ်ကုန်၏။ ဤသည်ကား ကဿ မည်သော သရက်ပင်တည်းဟု ဟစ်အော်ပြောဆို၍ ထိုတိတ္ထိတို့ကို စားကြွင်း သရက်စေ့တို့ဖြင့် ပစ်ခတ်ကုန်၏။

တိတ္ထိဆရာကြီးများ ထွက်ပြေးကြခြင်း

သီဂြိုဟ်းမင်းသည် လေးနတ်သားကို တိတ္ထိတို့၏ မကျွပ်ကို လေဖြင့် တိုက်ဖျက်၍ ကျင်ကြီးစွန့်ရာ မြေပြင်၌ ကျစေလော့ဟု စေခိုင်း၏။ လေနတ်သားသည် သိဂြိုဟ်းမင်း စေခိုင်းသောအတိုင်းကို ပြုပေ၏။ နေနတ်သားကိုလည်း နေဝန်းကို ဆဲငင်နှိမ့်ချလျက် ပူစေဘိလော့ဟု စေခိုင်း၏၊ ထိုနေနတ်သားသည်လည်း သိကြားမင်း စေခိုင်းသောအတိုင်း ပြုပေ၏။ တစ်ဖန် သိကြားမင်းသည် လေနက်သားကို လေပွေလေဝန်းကို တိုက်ခတ်ထစေလော့ဟု စေခိုင်း၏။! လေနတ်သားသည် သိကြားမင်း စေခိုင်းသော အတိုင်းကို ပြုလျက် တိတ္ထိတို့၏ ခွေး ယိုစီးထွက်သော ကိုယ်၌ ဖုံမှုန့်တို့ဖြင့် ကြဲ၏။

ထိုတိတ္ထိကိုသည် နီသောမြေညက်နှင့် တူသည်ဖြစ်ကုန်၏။ မိုးနတ်သားကိုလည်း ကြီးစွာကုန်သော မိုးရေပေါက်ဘိုကို ကျစေကုန်လော့ဟု စေခိုင်း၏။ မိုးနတ်သားသည် သိကြားမင်း စေခိုင်းသောအတိုင်းကို ပြု၏။ ထိုအခါ ထိုတိတ္ထိတို့၏ ကိုယ်သည် နွားကျားနွားပြောက်နှင့် တူသည် ဖြစ်လေ၏။ ထိုနိဂဏ္ဌတို့သည် ရှက်နိုးကုန်သည် ဖြစ်၍ ရှေးရှုရာ ရှေးရှုရာ အရပ်တို့ကို သာလျှင် ပြေးသွားကုန်၏။ ထိုသို့ ပြေးသွားကုန်သည်ရှိသော် ပူရဏကဿပ၏ အလုပ်အကျွေး လယ်ထွန်သမား ယောကျ်ားတစ်ယောက်သည် ဤဟာခုအခါ၌ ငါရှင်တို့၏ တန်ခိုးပြာဋိဟာကို ပြုအံ့သောအခါ တန်ချေပြီ။ သွားရောက်၍

ပြာဋိဟာကို ရှုအံ့ဟု ကြံ၍ နွားတို့ကို လွှတ်ပြီးလျှင် နံနက်စောစောမှသာလျှင် ဆောင်ယူခဲ့သော ယာဂုအိုးကိုလည်းကောင်း၊ ကြိုးကိုလည်းကောင်း ယူခဲ့၍ လာသည်ရှိသော် ထိုသို့သော အခြင်းအရာဖြင့် ပြေးသွားသော ပူရဏကဿပကို မြင်၍ အရှင်ဘုရား ယနေ့ အရှင်မြတ်တို့၏ တန်ခိုးပြာဋိဟာကို ကြည့်ရှုအံ့ ဟု လာခဲ့ပါသည်။ အရှင်တို့သည် အဘယ်အရပ်သို့ သွားကုန်လတ္တံ့နည်းဟု မေး၏။ ဒါယကာ အသင့်အား တန်ခိုးပြာဋိဟာကို ရှုသဖြင့် အဘယ်အကျိုးရှိအံ့နည်း။ အသင်၏ ဤအိုးကိုလည်းကောင်း၊ ဤကြိုးကိုလည်းကောင်း ငါ့အား ပေးလိုက်ပါလော့ဟု ပြောဆိုပြီးလျှင် ထိုဒါယကာ ပေးလှူအပ်သော အိုးကို လည်းကောင်း၊ ကြိုးကိုလည်းကောင်း ယူ၍ မြစ်ကမ်းသို့ သွားပြီးသော် အိုးကို ကြိုးဖြင့် မိမိ၏လည်ပင်း၌ ဖွဲ့ချည်၍ ရှက်သောကြောင့် တစ်စုံတစ်ခုသော စကားကို မပြောဆိုဘဲ ရေအိုင်၌ သက်ဆင်း၍ ရေပွက်တို့ကို ထစေပြီးသော် သေလွန်ခြင်းကို ပြု၍ အဝီစိငရဲ၌ ဖြစ်လေ၏။

သိကြားမင်းသည် ကောင်းကင်၌ ရတနာဖြင့်ပြီးသော စင်္ကြံကို ဖန်ဆင်း တော်မူ၏။ ထိုစင်္ကြံ၏ အစွန်း တစ်ဘက်သည် အရှေ စကြဝဋ္ဌာ မျက်နှာရေဝန်း ဖြစ်၏၊ အစွန်းတစ်ဘက်သည် အနောက် စကြဝဋ္ဌာ မျက်နှာရေဝန်း ဖြစ်၏။ မြတ်စွာဘုရားရှင်သည် သုံးဆယ့်ခြောက်ယူဇနာ ရှိသော အရပ်၌ ပရိသတ် စုရုံး စည်းဝေးမိသော် ညနေချမ်းအခါ၌ ယခု တန်ခိုးပြာဋိဟာကို ပြအံ့သော အချိန် တန်ပြီဟု ဂန္ဓကုဋိတိုက်မှ ထွက်ကြွတော်မူ၍ အဦး၌ ရပ်တည်တော်မူ၏။

ဃရဏီ-ဥပါသိကာမ

ထိုအခါ မြတ်စွာဘုရားရှင်ကို ဃရဏီအမည်ရှိသော ကြီးသော တန်ခိုးရှိသော အနာဂါမ်ဥပါသိကာမ တစ်ယောက်သည် မြတ်စွာဘုရားရှင်သို့ ချဉ်းကပ်၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်မကဲ့သို့သော သမီး သည် ထင်ရှားရှိပါလျက် အရှင်မြတ်တို့အား ပင်ပန်းဖွယ်ကိစ္စ မရှိပါ။ တပည့် တော်မသည် တန်ခိုးပြာဋိဟာကို ပြုပါအံ့ဟု လျှောက်၏။ ချစ်သမီး ဃရဏီ အသင်သည် အဘယ်သို့ တန်ခိုးပြာဋိဟာကို ပြုလတ္တံ့နည်းဟု မေးတော်မူသည် ရှိသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တစ်ခုသော စကြဝဋ္ဌာ တိုက်၌ ကြီးစွာသော မြေထုကို ရေပြု၍ ရေကြက်မ ၎က်ကဲ့သို့ ၎ပ်၍ အရှေ စကြဝဋ္ဌာ–မျက်နှာဝ၌ မိမိကိုယ်ကို ပြပါအံ့။ ထိုနောက် အနောက်, မြောက်, တောင် စကြဝဋ္ဌာ မျက်နှာရေဝန်းတို့၌ မိမိကိုယ်ကို ပြပါအံ့။ထိုနောက် ထိုအရပ် တို့မှ ၎ပ်လျှိုးခဲ့၍ အလယ်၌ မိမိကိုယ်ကို ပြပါအံ့။ ထိုအခါ ဤသူသည် အဘယ်နည်းဟု မေးသည် ရှိသော် ဃရဏီအမည်ရှိသော သူတည်းဟု ပြောဆိုပါ ကုန်လတ္တံ့။ ထိုသို့ ပြောဆိုကုန်သည် ရှိသော် ဤမိန်းမ၏ အာနုဘော်သည်

လည်း ဤမျှလောက်ရှိတုံသေး၏။ မြတ်စွာဘုရားရှင်၏ တန်ခိုး အာနုဘော် သည်ကား အဘယ်သို့ သဘောရှိသည် ဖြစ်လတ္တံ့နည်းဟု ဤသို့ ကြံစည် ကြောက်ရွံ့၍ တိတ္ထိတို့သည် အရှင်မြတ်တို့ကို မကြည့်ရှုဝံ့မူ၍သာလျှင် ပြေးသွား ပါကုန်လတ္တံ့ဟု လျှောက်၏။ ထိုအခါ ဃရဏီ ဥပါသိကာမကို မြတ်စွာဘုရား ရှင်က ဒျစ်သမီး ဃရဏီ အသင်အား ဤသို့သဘောရှိသော တန်ခိုးပြာဋိဟာကို ပြုခြင်းငှါ စွမ်းနိုင်သည့် အဖြစ်ကို ငါဘုရားသိတော်မူ၏။ ယင်းသို့ပင် သိတော် မူသော်လည်း ဤပရိသတ်သည် အသင်၏ အကျိုးငှါ ဖွဲ့ချည်ထုပ်ပိုးအပ်သော ပန်းဆုပ်မဟုတ်ဟု မိန့်ဆို၍ ပယ်တော်မူ၏။

ထိုမိန်းမသည် မြတ်စွာဘုရားကား ငါ့အား ခွင့်ပြုတော်မမူ၊ စင်စစ်သဖြင့် ငါထက် လွန်ကဲထူးမြတ်သော တန်ခိုးပြာဋိဟာကို ပြခြင်းငှါ စွမ်းနိုင်သော တစ်ပါးသော သူသည် ရှိသည် ဖြစ်ပေလိမ့်မည်ဟု နှလုံးသွင်း၍ သင့်တင့် လျောက်ပတ်သော အရပ်၌ တည်နေ၏။

စုဠဇနာဇဝိဿ သုဇ္ဈေး

မြတ်စွာဘုရားရှင်သည်လည်း ဤသို့ မေးအပ်သည်ရှိသော် "ထိုသူတို့၏ဂုဏ် သည် ထင်ရှားခြင်း ဖြစ်ပေလတ္တံ့။ ထိုသူတို့သည်လည်း သုံးဆယ့်ခြောက်ယူဇနာ ရှိသော ပရိသတ်၏ အလယ်၌ ခြင်္သေ့မင်းကဲ့သို့ ရဲရင့်သော ကျူးရင့်ခြင်းကို ကျူးရင့်ပေလတ္တံ့" ဟု အောက်မေ့တော်မူသည် ဖြစ်၍ တစ်ပါးသောသူကိုလည်း ရှေးဦးစွာ မမြစ်ပယ်မူ၍ အသင်တို့သည် အဘယ်သို့သော တန်ခိုးပြာဋိဟာကို ပြုကုန်လတ္တံ့နည်းဟု မေးတော်မူ၏။ ထိုသူတို့ကလည်း ဘုန်းတော်ကြီးတော် မူသော မြတ်စွာဘုရား၊ ဤသို့ ပြုပါကုန်အံ့ဟု မြတ်စွာဘုရား ရှေတော်မူသာ လျှင် ခြင်္သေ့မင်းကဲ့သို့ ရဲရင့်သော ကြုံးဝါးခြင်းကို ကြုံးဝါးကုန်၏။

ထိုကြုံးဝါးကုန်သော သူဘို့တွင် စုဠဇနာဇဝိဟ် သူဌေးသည် ငါ့သို့ သဘောရှိသော အနာဂါမ် ဥပါသကာတည်းဟူသော သားသည် ထင်ရှား ရှိပါလျက် မြတ်စွာဘုရားရှင်အား ပင်ပန်းသော ကိစ္စကို ပြုဖွယ် မရှိဟု ကြံပြီးလျှင် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်သည် တန်ခိုးပြာဋိဟာကို ပြုပါအံ့ဟု လျှောက်၍ အသို့ပြုအံ့နည်းဟု မေးတော်မူသည် ရှိသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်သည် တစ်ဆယ့်နှစ်ယူဇနာရှိသော ဗြဟ္မာမင်း၏ ကိုယ်အဖြစ်ကို ဖန်ဆင်း၍ ဤ ပရိသတ်၏ အလယ်၌ ကြီးစွာသော မိုးခြိမ်းသည်နှင့် တူသော အသံဖြင့် ဗြဟ္မာမင်း၏ လက်ပန်းပေါက်ခတ်ခြင်း မည်သည်ကို ပေါက်ခတ်ပါအံ့။ လူမျှား အပေါင်းသည် ဤအသံသည်ကား အဘယ်အသံနည်းဟု မေးသည်ရှိသော် စုဠဇနာဇဝိဟ်၏ ဗြဟ္မာမင်းကဲ့သို့ လက်ပန်းပေါက်ခတ်သော အသံဖြစ်ပေ

သတတ်ဟု ပြောဆိုပါကုန်လတ္တံ့။ တိတ္ထိတို့သည် ဒါယကာအား ရှေးဦးစွာ ဤသို့သော အာနုဘော်ရှိတုံ့သေး၏။ ဘုရားရှင်တို့၏ အာနုဘော်သည် အဘယ်သို့ သဘောရှိသည် ဖြစ်ပေလတ္တံ့နည်းဟု ရှုံ့ကြောက်၍ အရှင်ဘုရားတို့ကို မကြည့်ဝံ့ဘဲ ထွက်ပြေးပါကုန်လတ္တံ့ဟု လျှောက်၏။ မြတ်စွာဘုရားရှင်သည် အသင်၏အာနုဘော်ကို ငါဘုရားသိတော်မူ၏ဟု မိန့်ဆိုတော်မူပြီးမှ ထိုစူဠအနာထပိဏ်အား လည်း ရှေးနည်းအတူသာလျှင် မြစ်ပယ်၍ တန်ခိုးပြာဋိဟာပြုခြင်းကို ခွင့်ပြုတော်မမူ။

စီရအမည်ရှိသော သာမဏေငယ်မ

ထိုနောက် ပဋိသမ္ဘိဒါသို့ရောက်သော ခုနစ်နှစ်အရွယ် စီရသာမဏေငယ်မသည် မြတ်စွာဘုရားရှင်ကို ရှိခိုး၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်မသည် တန်ခိုးပြာဋိဟာကို ပြုပါအံ့ဟု လျှောက်၏။ ချစ်သမီးစီရ အသို့ပြုလတ္တံ့နည်းဟု မေးတော်မူသည်ရှိသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား မြင်းမိုရ်တောင်ကိုလည်းကောင်း၊ စကြဝဠာတောင်ကိုလည်းကောင်း၊ ဟိမဝန္တာတောင်ကိုလည်းကောင်း ဆောင်ယူ၍ ဤအရပ်၌ အစဉ်အတိုင်း ထားပြီးလျှင် တပည့်တော်မသည် ဟသ်ာဌက်မကဲ့သို့ ထိုထိုသော တောင်မှထွက်၍ မကပ်မငြိ ပျံသွားကျနားခြင်းကို ပြုပါအံ့၊ လူများအပေါင်းသည် တပည့်တော်မကိုမြင်၍ ဤသူကား အဘယ်နည်းဟု မေးသည်ရှိသော် စီရသာမဏေမငယ်ဘည်းဟု ပြောဆိုပါကုန်လတ္တံ့။ တိတ္ထိတို့သည် ရှေးဦးစွာ ခုနစ်နှစ်အရွယ် သာမဏေမငယ်အား ဤသို့သော အာနုဘော်ရှိတုံ့သေး၏။ ဘုရားအာနုဘော်သည် အဘယ်သို့ သဘောရှိသည်ဖြစ်လတ္တံ့နည်းဟု အရှင်ဘုရားတို့ကို မကြည့်ဝံ့မူ၍သာလျှင် ထွက်ပြေးပါကုန်လတ္တံ့ဟု လျှောက်၏။ မြတ်စွာဘုရားရှင်သည် အသင်၏အာနုဘော်ကို ငါဘုရား သိတော်မူ၏ဟု မိန့်တော်မူပြီးမှ ရှေးနည်းအတူသာလျှင် ပယ်တော်မူ၏။

စုန္ဒသာမဏေငယ်

ထိုနောက် ပဋိသမ္ဘိဒါသို့ ရောက်ကုန်ပြီးသော အာသဝေါတရားရှိသော စုန္ဒသာမဏေငယ်ဘစ်ပါးသည် မေ့ဖျားသည်မှ ခုနစ်နှစ်မျှသာရှိသေးလျက် မြတ်စွာဘုရားရှင်သို့ ချဉ်းကပ်၍ ဘုန်းတော်ကြီးတော်သော မြတ်စွာဘုရား၊ တပည့်တော်သည် တန်ခိုးပြာဋိဟာကို ပြုပါအံ့ဟုလျှောက်လျှင် ချစ်သားစုန္ဒ၊ အသင်သည် အဘယ်သို့ပြုလတ္တံ့နည်းဟု မေးတော်မူသည်ရှိသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်သည် ဇမ္ဗူဒိပ်ကျန်း၏ တံခွန်သဖွယ်ဖြစ်သော မဟာဇမ္ဗူသပြေပင်ကြီးကို ပင်စည်၌ ကိုင်တွယ်ဆွဲလှုပ်၍

သပြေသီးတို့ကို ဆောင်ယူပြီးသော် ဤပရိသတ်တို့အား စားစေပါအံ့။ ပင်လယ်ကသစ်ပန်းတို့ကို ဆောင်ယူပြီးသော် အရှင်ဘုရားအား ရှိခိုးပါအံ့ဟု လျှောက်၏။ မြတ်စွာဘုရားရှင်သည် ချစ်သားစုန္ဒ၊ အသင်၏အာနုဘော်ကို ငါဘုရားသိ၏ဟု ရှေးနည်းအတူသာလျှင် မိန့်ဆို၍ ထိုစုန္ဒသာမဏေ၏ တန်ခိုးပြာဋိဟာ ပြုခြင်းကိုလည်း မြစ်ပယ်တော်မူ၏။

ဥပလဝဏ်ထေရီ

ထိုနောက် ဥပလဝဏ္ဏာထေရီသည် မြတ်စွာဘုရားရှင်ကို ရှိခိုး၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်မသည် တန်းခိုးပြာဋိဟာကို ပြုပါအံ့ဟု လျှောက်သည်ရှိသော် အာသင်သည် အဘယ်သို့ ပြုအံ့နည်းဟု မေးတော်မူသည် ရှိသော် ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်မသည် ထက်ဝန်းကျင်မှ တစ်ဆယ့်နှစ်ယူဇနာရှိသော ပရိသတ်ကို ပြ၍လှည့်လည်သည်မှ သုံးဆယ့်ခြောက်ယူဇနာရှိသော ပရိသတ်ဖြင့် ခြံရုံလျက် စကြာမင်းဖြစ်၍ လာရောက်ပြီးသော် အရှင်ဘုရားတို့ကို ရှိခိုးပါအံ့ဟု လျှောက်၏။ မြတ်စွာဘုရားရှင်သည် အာသင်၏နှဘော်ကို ငါဘုရားသိ၏ဟု မိန့်တော်မူပြီးမှ ရှေးနည်းအတူသာလျှင် ထို ဥပလဝဏ္ဏာထေရီ၏ ကန်ခိုးပြာဋိဟာ ပြုခြင်းကိုလည်း မြစ်ပယ်တော်မူ၏။

မဟာမောဂ္ဂလာန်

ထိုနောက် မဟာမောဂ္ဂလာန်မထေရ်သည် မြတ်စွာဘုရားရှင်ကို ရှိခိုး၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်သည် တန်ခိုးပြာဋိဟာကို ပြုပါအံ့ဟု လျှောက်ထားသောအခါ အာသင်သည် အသို့ပြုအံ့နည်းဟု မေးတော်မူသဖြင့် ဘုန်းတော်ကြီးကော်မူသော မြတ်စွာဘုရား၊ မြင်းမိုရ်တောင်မင်းကို သွားကြား၍ ထားသည်ကိုပြု၍ ပဲစေ့, မုန်ညင်းစေ့ကဲ့သို့ ကိုက်ဝါးသည်ကို ပြုပါအံ့ဟု လျှောက်၏။

ချစ်သားမောဂ္ဂလာန်၊ အသင်၏ အစ္စမ်းသတ္တိ တန်ခိုးပြာဋိဟာသည် ဤမျှပင်လော၊ တစ်ပါးသော တန်ခိုးပြာဋိဟာကို အဘယ်သို့ ပြုအံ့နည်းဟု မေးတော်မူပြန်သဖြင့် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဤမဟာပထဝီမြေကြီးကို ဖျာကဲ့သို့လိပ်၍ လက်ချောင်းကြား၌ ညှပ်ထားသည်ကို ပြုအံ့ဟု လျှောက်၏။

ချစ်သားမောဂ္ဂလာန်၊ အသင်၏ အစ္စမ်းသတ္တိဖြစ်သော တန်ခိုးသည် ဤမျှပင်လော၊ တစ်ပါးသော တန်ခိုးပြာဋိဟာကို အဘယ်ကဲ့သို့ ပြုလတ္တံ့နည်းဟု မေးတော်မူပြန်သည်ရှိသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာ

ဘုရား၊ မဟာပထဝီမြေကြီးကို အိုးထိန်းစက်ကဲ့သို့ အောက်, အထက် ပြန်လှန်၍ လူများအပေါင်းကို မြေအောက်၌ တည်ရှိသော မြေသြဇာကို စားပါစေအံ့ဟု လျှောက်၏။

ချစ်သားမောဂ္ဂလာန် အသင်၏ အစွမ်းသတ္တိတန်ခိုးသည် ဤမျပင်လော၊ တစ်ပါးသော တန်ခိုးပြာဋိဟာကို အဘယ်သို့ပြုအံ့နည်းဟု မေးတော်မူပြန်လျှင် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ လက်ဝဲဘက်၌ မြေကြီးကိုပြု၍ ဤသတ္တဝါတို့ကို လက်ယာလက်ဖြင့် တစ်ပါးသောကျွန်း၌ တင်ထားပါအံ့ဟု လျှောက်၏။

ချစ်သားမောဂ္ဂလာန်၊ အသင်၏ အစွမ်းသတ္တိတန်းခိုးသည် ဤမျပင်လော၊ ထိုထက် လွန်ကဲသော တစ်ပါးသော တန်ခိုးပြာဋိဟာကို အဘယ်သို့ပြုအံ့နည်းဟု မေးတော်မူပြန်သဖြင့် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ မြင်းမိုရ်တောင်ကို ထီးရိုးပြုလုပ်၍ မဟာပထဝီမြေကြီးကို ပင့်မြှောက်ပြီးလျှင် ထိုမြင်းမိုရ်တောင်တည်းဟူသော ထီးရိုး၏အထက်၌ ထီးရွက်ဖြင့် ဖြန့်တင်၍ ထီးလက်စွဲလျက် ဆောင်းသွားရသော ရဟန်းကဲ့သို့ တစ်ဖက်သောလက်ဖြင့် ယူငင်ကိုင်ဆောင်ပြီးသော် ကောင်းကင်၌ စင်္ကြံလျှောက်ပါအံ့ဟု လျှောက်၏။

မြတ်စွာဘုရားရှင်သည် ချစ်သားမောဂ္ဂလာန်၊ အသင်၏တန်ခိုးအာနုဘော်ကို ငါဘုရားသိတော်မူ၏ဟု မိန့်တော်မူပြီးမှ ရှေးနည်းအတူသာလျှင် ထိုရှင်မောဂ္ဂလာန်၏ တန်ခိုးပြာဋိဟာပြုခြင်းကို ခွင့်ပေးတော်မမူ။ ရှင်မောဂ္ဂလာန်ကလည်း မြတ်စွာဘုရားရှင်သည် ငါ့ထက်ကဲလွန်ထူးမြတ်သော တန်ခိုးပြာဋိဟာကို ပြုခြင်းငှါ စွမ်းနိုင်သောသူကို သိမြင်တော်မူချေယောင်တကားဟု ကြံ၍ သင့်တင့်လျောက်ပတ်သော အရပ်၌ တည်နေ၏။

ထိုအခါ အရှင်မောဂ္ဂလာန်ကို ဘုရားရှင်ကိုယ်တော်မြတ်က ချစ်သားမောဂ္ဂလာန်၊ ဤပန်းထုပ်သည် သင်၏အကျိုးငှါ ထုတ်ပိုးဖွဲ့ချည်အပ်သော ပန်းထုပ်မဟုတ်။ ထိုစကားမှန်၏၊ သူတစ်ပါးတို့နှင့် မတူမတန်သော ဝန်ရှိသော ငါဘုရားရွက်ဆောင်ဖွယ်ရာဖြစ်သော ဝန်ကို တစ်ပါးသောသူသည် ရွက်ဆောင်ခြင်းငှါ စွမ်းနိုင်သောသူမည်သည် မရှိချေ။ ဤယခု ဘုရားဖြစ်တော်မူသော အခါ၌ ငါဘုရား ရွက်ဆောင်ဖွယ်ရာဖြစ်သော ဝန်ကို ရွက်ဆောင်ခြင်းငှါ စွမ်းနိုင်သောသူမည်သည် မရှိသည်ကား အကြီးအကျယ် ချီးမွမ်းအံ့ဩဖွယ် မဖြစ်လှသေး၊ အဟိတ်တိရစ္ဆာန်အမျိုးဝယ်ဖြစ်သော အခါ၌လည်း ငါဘုရား၏ ဆောင်ရွက်ဖွယ်ရာ ဖြစ်သောဝန်ကို ရွက်ဆောင်ခြင်းငှါ စွမ်းနိုင်သော တစ်ပါးတစ်ယောက်သော သူမည်သည် မဖြစ်ဖူးသည်သာတည်းဟု မိန့်တော်မူ၍

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ အဘယ်အခါ၌ပါနည်းဟု မထေရ်က မေးလျှောက်အပ်သည်ရှိသော် မြတ်စွာဘုရားရှင်သည် အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုတော်မူသည်ရှိသော် ဘုရားအလောင်းတော်သည် နွားအမျိုး၌ ဖြစ်လေ၏။ ထိုအခါ ဘုရားလောင်းနွားကို အရှင်ဖြစ်သော သူတို့သည် ငယ်စဉ်အခါကပင် အသက်ကြီးရင့်သော မိန်းမအိုတစ်ယောက်၏ အိမ်၌ တည်းခို နေထိုင်ရသည်ဖြစ်၍ ထိုမိန်းမအိုအား အိမ်၌ တည်းခိုနေထိုင်ရသော အဖိုးအခတည်းဟု ပိုင်းခြားမှတ်သား၍ ပေးဆောင်ကုန်၏။

အဖွားအိုနှင့် ဘုရားလောင်း နွားဥသဘ

ထိုမိန်းမအိုကြီးသည် ဘုရားလောင်း နွားငယ်အား ယာဂု ထမင်း စသည်တို့ဖြင့် လုပ်ကျွေး ပြုစုလျက် သားအရာ၌ ထား၍ မွေးမြူ၏။ ထိုနွားသည် အဖွားအိုမကြီး မွေးမြူထားသောကြောင့် လည်းကောင်း၊ မည်းနက်သော မျက်စဉ်းညို အဆင်းရှိသောကြောင့် လည်းကောင်း "အယျိကကာလက" ဟူ၍ အမည်ထင်ရှား၏။ ထိုနွားသည် တဖြည်းဖြည်း အားဖြင့် ကြီးထွား၍ အရွယ်သို့ ရောက်လာသောအခါ ရွာ၌ရှိသော နွားတို့နှင့် အတူတကွ လှည့်လည်ကျက်စား၏။ ကောင်းမြတ်သော အကျင့်သီလနှင့် ပြည့်စုံ၏။ ရွာသူသားငယ်တို့သည် ဦးချိုတို့၌လည်းကောင်း၊ နားတို့၌လည်းကောင်း၊ လည်တို့၌လည်းကောင်း ကိုင်ငင်၍ တွဲသျားဆွဲကုန်၏။ အမြီး၌ ကိုင်ဆွဲ၍ ကစားကုန်၏။ ကျောက်ကုန်း ထက်၌လည်း တက်စီးကုန်၏။

ထိုဘုရားအလောင်း နွားသည် တစ်နေ့သ၌ "ငါ၏ အမိသည် ဆင်းရဲ ငြိုငြင် ပင်ပန်းနွမ်းနယ်၏။ ငါ့ကို သားအရာ၌ ထား၍ ဆင်းရဲသဖြင့်သာလျှင် မွေးမြူပေ၏။ ငါသည် အခစားအမှုကို ပြုလုပ်၍ အမိအိုကို ဆင်းရဲဒုက္ခမှ လွတ်စေရပါမူကား ဩော် ကောင်းလေစွ" ဟု ကြံကာ ဘုရားအလောင်းနွားသည် ထိုနေ့မှစ၍ အခကို စုံစမ်းလျက် သွားလာ၏။

တစ်နေ့သ၌ လှည်းကုန်သည် သားသည် လှည်းငါးရာတို့ဖြင့် မည်မည္ဆတ် နက်ရှိုင်းသော ဆိပ်ကမ်းသို့ ရောက်လေ၏။ ထိုလှည်းကုန်သည်၏ နွားတို့သည် လှည်းတို့ကို တက်စေအံ့သောငှါ မတတ်နိုင်ကုန်။ ငါးရာကုန်သော လှည်းတို့၌ ထမ်းပိုးအဆင့်ဆင့်ဖြင့် ကုထားကုန်သော နွားတို့သည် လှည်းတစ်စီးမျှကိုသော် လည်း ထုတ်ဆောင်အံ့သောငှါ မစွမ်းနိုင်ကြကုန်။ ဘုရားအလောင်းသည်လည်း နွားတို့နှင့် အတူတကွ မြစ်ဆိပ်ကမ်းနား အနီး၌ လှည့်လည်၏။

လှသ်းကုန်သည်သားဘည် နွားတို့၏ လက္ခဏာကို ပြသော ကျမ်းကို တတ်ခမြောက်၏။ ထိုနွားတို့၏ အတွင်း၌ ဤလှည်းကိုကို ထုတ်ဆောင်ခြင်းငှါ စွမ်းနိုင်သော နွားဉာဘ အာဇာနည်ကို ကြည့်ရှု စုံစမ်းရာ ဘုရားအလောင်းကို မြင်၍ "ဤအာဇာနည် နွားသည် ငါ၏ လှည်းတို့ကို ထုတ်ဆောင်ခြင်းငှါ စွမ်းနိုင်လတ္တံ့။ အဘယ်သူသည်လျှင် ထိုနွား၏ အရှင်နည်း" ဟု မေး၏။ ထိုနောက် "ငါသည် ဤနွားကိုယူ၍ လှည်းတို့၌ ကပြီးသည်ရှိသော် အခကို ပေးပါအံ့" ဟု ပြောဆို၏။

နွားကျောင်းသားကို က "ယူ၍သာ ကယော့၊ ဤနွား၏ အရှင်သည် ဤအရပ်၌ မရှိ" ဟု ပြော၏။ လှည်းကုန်သည် သားသည် ဘုရားအလောင်း နွားကို နှာခေါင်း၌ ကြိုးငယ်ဖြင့် ဖွဲ့ချည်၍ ဆွဲငင်သည်ရှိသော် လှုပ်ရှားခြင်းငှါ မတတ်နိုင်။ ဘုရားအလောင်းသည် အဖိုးအခကို ဆိုမှလိုက်အံ့ဟု ကြံ၍ မလိုက်ဘဲ ပေနေသည်။။ လှည်းကုန်သည် သားသည် ဘုရားအလောင်း၏ အလိုကိုသိ၍ "အရှင် အသင်သည် လှသ်းငါးရာဘို့ကို ထုတ်ဆောင်နိုင်သည်ရှိသော် လှည်း တစ်စီးလျှင် နှစ်ကျပ်စီ အဖိုးအခထား၍ အသပြာ ကျပ်တစ်ထောင် ပေးပါအံ့" ဟု ဆို၏။။

လှည်းငါးရာကို ထုတ်ဆောင်ခြင်း

ထိုအခါ ဘုရားလောင်းနွားသည် မိမိအလိုလိုသာလျှင် လိုက်သွား၏။ ထိုသို့ လိုက်သွားသောအခါ ဘုရားအလောင်း နွားကို လှည်းသမားယောကျ်ားတို့သည် ရှေးလှည်းတို့၌ က,ကုန်၏။ ထိုအခါ ဘုရားအလောင်းသည် လှည်းတို့ကို တစ်ဟုန်တည်းဖြင့်သာ ဆွဲငင်၍ ကုန်းပေါ်၌ တည်စေ၏။ ဤသို့သော နည်းဖြင့်သာလျှင် လှည်းငါးရာတို့ကို ဆွဲတင်၏။ လှည်းကုန်သည်သားသည် ကိစ္စပြီးဆုံးသောအခါ လှသ်းတစ်စီးစီ၌ အသပြာ တစ်ကျပ်စီ အခရ၍ အသပြာငါးရာကို ထုတ်ပြီးလျှင် ဘုရားအလောင်း၏ လည်ပင်း၌ ဖွဲ့ချည်၏။

ဘုရားလောင်းသည် "ငါ့အား ဤသူသည် သတ်မှတ်ထားသည့်အတိုင်း အဖိုးအခကို မပေး၊ ယခု ထိုသူအား ခရီးလမ်းကို သွားခွင့်မပေးအံ့" ဟု လှည်းအားလုံးတို့၏ရှေ့မှ လမ်းခရီးကို ဖိလာကန့်လန့်ရပ်၏။ ဖဲသွားစေရန် ကြိုးစားကြသော်လည်း ဘုရားလောင်း နွားကို ဖဲသွားစေရန် မဟတ်နိုင်ကုန်။ လှည်းကုန်သည်သားသည် "ဤနွားကား မိမိအဖိုးအခ၏ လျော့နည်းသည်ကို သိယောင် တကား" ဟု ကြံ၍ တစ်စီးလျှင် အသပြာနှစ်ကျပ်နှုန်း အဖိုးအခတို့ကိုပြု၍ ဤဥစ္စာထုပ်သည် အသင်၏ လှည်းတို့ကို ထုတ်ဆောင်သော အဖိုးအခတည်းဟု အသပြာ တစ်ထောင်ထုပ်ကို လည်ပင်း၌ ဆွဲ၍ပေး၏။ ဘုရားလောင်းနွားသည် ဥစ္စာတစ်ထောင်ထုပ်ကိုယူ၍ အမိ မိန်းမအိုး၏ အထံသို့ သွား၏။

ရွာသူ သားငယ်တို့သည် အဘယ်မည်သောသူသည် ဤအထုပ်ကို အယျိုရ ကာလ၏ လည်၌ ဆွဲပေသနည်းဟု ဘုရားအလောင်းနွား၏ အထံသို့ လာကုန် ၏။ ဘုရားအလောင်းသည် သူငယ်တို့ကို ခြိမ်းခြောက် လိုက်ဝှေ၍ အဝေးမှလျှင် ထွက်ပြေးစေလျက် အမိ မိန်းမအိုး၏အထံသို့သွား၏။ လှည်းငါးရာတို့ကို ထုတ် ဆောင်ခဲ့ရသောကြောင့် မျက်စိနီကျယ် ပင်ပန်းသော အခြင်းအရာ ထင်ပေါ် နေ၏။

အဖွားအိုမသည် ဘုရားလောင်းလည်၌ ဥစ္စာထုပ်ကိုမြင်၍ ချစ်သား ဤဥစ္စာကို အသင်သည် အဘယ်မှ ရခဲ့ပေသနည်း မေးပြီးလျှင် နွားကျောင်း သားတွေ့ကိုလည်း မေးမြန်းစုံစမ်းသဖြင့် ထိုအကြောင်းကို ကြားသိရပြီးသော် ချစ်သား အသင်ရအပ်သော အဖိုးအခဖြင့် ငါ့အသက်ကို မွေးမြူလိုသလော။ အဘယ်ကြောင့် ဤသို့ ဆင်းရဲကို ခံရသနည်းဟု ဆို၍ ဘုရားအလောင်းနွားကို ရေနွေးဖြင့် ရေချိုးစေပြီး ကိုယ်အလုံးကို ဆီဖြင့် လိမ်းကျံစေပြီးလျှင် ရေကို သောက်စေ၍ သင့်လျော်သော အစာကို ကျွေးမွေးပြီး အေးချမ်းသက်သာရာကို ရစေ၏။

အသက်ကုန်ဆုံး ကွယ်လွန်သောအခါ ဘုရားလောင်းနှင့်တကွ အဖွားအိုမ သည် ကံအားလျော်စွာ လားလေ၏။

ချစ်သားမောဂ္ဂလာန် ငါဘုရားသည် ယခုအခါ၌သာလျှင် သူဝတ်ပါးတို့ မတူမတန်နိုင်သော ဝန်ကို ရွက်ဆောင်နိုင်သည် မဟုတ်သေး။ ရှေးဦးလည်း ရွက်ဆောင်ဖူးသည်သာလျှင်တည်းဟု လွန်လေပြီးသော အတိတ်ကိုဆောင်တော် မူ၍ ဤဂါထာကို ဟောတော်မူ၏—

ယတော ယတော ဂရု ဓုရံ၊ ယတော ဂမ္ဘီရ၀တ္ထနိ။
တဒါဆု ကဏ္ဍံ ယုဥ္ဇန္တိ၊ သဿ ဆုဒံ ဝဟတေ ဓုရံ။

အကြင်အကြင်အရပ်၌ ဝန်သည် လေးသည်ဖြစ်အံ့၊ တစ်ပါးကုန်သော နွားပိုက်တို့သည် ချိုခြင်းငှါ မစွမ်းနိုင်ကုန်၊ အကြင်အရပ်၌ ရေညွှန်များသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ မညီညွတ်သော ကမ်းပါးပြတ်ရှိသည်၏ အဖြစ် ကြောင့်လည်းကောင်း သွားခြင်းငှါ နက်နဲခဲယဉ်းသော ခရီးသည် ဖြစ်၏။ ထိုအခါ၌ တစ်ပါးကုန်သော ဝန်ဆောင်နွားတို့ကို ပယ်၍ မျက်စဉ်းတောင်သို့ အရောင်လက်လက် မည်းနက်သော အဆင်းရှိသော အဖွားအို၏ ကာလက အမည်ရှိသော နွားလားဥသဘကို ကုန်၏။ ထိုအဖွားအို၏ ကာလက နွားလားဥသဘသည် ထိုလေးသောဝန်ကို ရွက်ဆောင်၏။

နန္ဒိ၀ိသလ ဇာတ်တော်မူလာသော ဂါထာဖြစ်သည်။

မနုည မေဝ ဘာသေယျ၊ နာမနုညံ ကုဒါစနံ။
မနုညံ ဘာသမာနဿ၊ ဂရုံ ဘာရံ ဥဒဗ္ဗဟိ။
ဓနဥ္ဇ နံ အလာဘေသိ၊ တေန စတ္တမနော အဟု။

ရဟန်းတို့ နှစ်သက်ဖွယ်သော စကားကိုသာလျှင် ပြောဆိုရာ၏။ မနှစ်သက်ဖွယ်သော စကားကို တစ်ရံတစ်ဆစ်မျှ မပြောဆိုရာ။ နှစ်သက်ဖွယ်ကို ပြောဆိုသော ပုဏ္ဏား၏ လေးလံသော လှည်းငါးရာဝန်ကို နွားလားဥသဘသည် ရုန်းလေပြီ၊ ထိုပုဏ္ဏားကို ဥစ္စာကိုလည်း ရစေပြီ၊ ပုဏ္ဏားသည် ထိုသို့ရသော ကြောင့်လည်း နှစ်လိုဝမ်းသာရလေပြီ။

မြတ်စွာဘုရားရှင်သည် ဤသို့သော ဇာတ်တော်ကို ဟောကြားတော်မူပြီးသည့်နောက် ရတနာစက်ြံထက်သို့ ကြွတက်တော်မူ၍ ရှေတည့်တည့်မှ တစ်ဆယ့်နှစ်ယူဇနာ၊ အနောက်အရပ်မှ တစ်ဆယ့်နှစ်ယူဇနာ၊ မြောက်အရပ်မှ တစ်ဆယ့်နှစ်ယူဇနာ၊ တောင်အရပ်မှ တစ်ဆယ့်နှစ်ယူဇနာ၊ အဖြောင့်အားဖြင့် ပိုင်းခြားရေတွက်လျှင် နှစ်ဆယ့်လေးယူဇနာ ရှိသော ပရိသတ်၏ အလယ်၌ မြတ်စွာဘုရားရှင်သည် ယမိုက်ပြာဋိဟာကို ပြတော်မူ၏။

မြတ်စွာဘုရား ယမိုက် ပြာဋိဟာ ပြတော်မူသော အခြင်းအရာကို အနည်းငယ်မျှ ပြဆိုပေအံ့။

အစုံအစုံသော ယမက ပြာဋိဟာ

ဤအရာ၌ မြတ်စွာဘုရားရှင်သည် သာဝကတို့နှင့် မဆက်ဆံသည့် အစုံအစုံသော ပြာဋိဟာကို ပြတော်မူ၏။

မြတ်စွာဘုရားရှင်၏ အထက်ဖြစ်သော ကိုယ်တော်မှ မီးအလျံသည် ဖြစ်၏။ အောက်ဖြစ်သော ကိုယ်တော်မှ ရေအလျဉ်သည် ဖြစ်၏။

အောက်ဖြစ်သော ကိုယ်တော်မှ မီးအလျံဖြစ်သောအခါ အထက်ဖြစ်သော ကိုယ်တော်အဖို့မှ ရေအလျဉ်သည် ဖြစ်၏။

ရှေဖြစ်သော ကိုယ်တော်အဖို့မှ မီးအလျံဖြစ်သောအခါ နောက်ဖြစ်သော ကိုယ်တော်အဖို့မှ ရေအလျဉ်သည် ဖြစ်၏။

နောက်ဖြစ်သော ကိုယ်တော်အဖို့မှ မီးလျံဖြစ်သောအခါ ရှေဖြစ်သော ကိုယ်တော်အဖို့မှ ရေအလျဉ်သည်ဖြစ်၏။

လက်ယာမျက်လုံးတော်မှ မီးအလျံဖြစ်သောအခါ လက်ဝဲမျက်လုံးတော်မှ ရေအလျဉ်သည် ဖြစ်၏။

လက်ဝဲမျက်လုံးတော်မှ မီးအလုံ့ ဖြစ်သောအခါ လက်ယာမျက်လုံးတော်မှ ရေအလျဉ်သည် ဖြစ်၏။

လက်ယာနားတော်မှ မီးလုံ့ဖြစ်သောအခါ လက်ဝဲနားတော်မှ ရေအလျဉ်သည် ဖြစ်၏။

လက်ဝဲနားတော်မှ မီးအလုံ့ဖြစ်သောအခါ လက်ယာနားတော်မှ ရေအလျဉ်သည် ဖြစ်၏။

လက်ယာနှာခေါင်းတော်မှ မီးအလုံ့ဖြစ်သောအခါ လက်ဝဲနှာခေါင်းတော်မှ ရေအလျဉ်သည် ဖြစ်၏။

လက်ဝဲနှာခေါင်းတော်မှ မီးအလုံ့ဖြစ်သောအခါ လက်ယာနှာခေါင်းတော်မှ ရေအလျဉ်သည်ဖြစ်၏။

လက်ယာပခုံးစွန်းတော်မှ မီးအလုံ့ဖြစ်သောအခါ လက်ဝဲပခုံးစွန်းတော်မှ ရေအလျဉ်သည်ဖြစ်၏။

လက်ဝဲပခုံးစွန်းတော်မှ မီးအလုံ့ဖြစ်သောအခါ လက်ယာပခုံးစွန်းတော်မှ ရေအလျဉ်သည် ဖြစ်၏။

လက်ယာလက်တော်မှ မီးအလုံ့ဖြစ်သောအခါ လက်ဝဲလက်တော်မှ ရေအလျဉ်သည်ဖြစ်၏။

လက်ဝဲလက်တော်မှ မီးအလုံ့ဖြစ်သောအခါ လက်ယာလက်တော်မှ ရေအလျဉ်သည် ဖြစ်၏။

လက်ယာ နံပါးမှ မီးအလုံ့ဖြစ်သောအခါ လက်ဝဲနံပါးမှ ရေအလျဉ်သည် ဖြစ်၏။

လက်ဝဲနံပါးမှ မီးအလုံ့ဖြစ်သောအခါ လက်ယာနံပါးမှ ရေအလျဉ်သည် ဖြစ်၏။

လက်ယာခြေတော်မှ မီးအလုံ့ဖြစ်သောအခါ လက်ဝဲခြေတော်မှ ရေအလျဉ်ဖြစ်။

လက်ဝဲခြေတော်မှ မီးအလုံ့ဖြစ်သောအခါ လက်ယာခြေတော်မှ ရေအလျဉ်သည်ဖြစ်၏။

များစွာကုန်သော လက်ချောင်းတော်ကြွားတို့တွင် တစ်ခုသော လက်ချောင်းတော်ကြွားက မီးအလုံ့ ဖြစ်သည်ရှိသော် တစ်ခုသော လက်ချောင်းတော်ကြွားက ရေအလျဉ်သည်ဖြစ်၏။

များစ္စာကုန်သော မေ့းညင်းတော်တင်းတို့တင် တစ်ခုသော မေ့းညင်းတော်တင်းမှ မီးအလံ့ဖြစ်သောအခါ တစ်ခုသော မေ့းညင်းတော်တင်းမှ ရေအလျဉ် ဖြစ်၏။

ညိုသော ရောင်ခြည်တော်, ရွှေသော ရောင်ခြည်တော်, နီသော ရောင်ခြည်တော်, ဖြူသော ရောင်ခြည်တော်, မောင်းသော ရောင်ခြည်တော်, ပြိုးပြိုးပြက်သော ရောင်ခြည်တော်ဟု ဆိုအပ်ကုန်သော ခြောက်သွယ်သော ရောင်ခြည်တော်တို့ကို လွှတ်လျက် စကြံ့ကြွတော်မူ၏။

မြတ်စွာဘုရားရှင်သည် ရပ်လည်း ရပ်တော်မူ၏။ ထိုင်လည်း ထိုင်တော်မူ၏။ လျောင်းလည်း လျောင်းတော်မူ၏။ နိမ့်မိတက်ယံစား ဘုရားရှင်သည်လည်း ရပ်လည်း ရပ်တော်မူ၏။ ထိုင်လည်း ထိုင်တော်မူ၏။ လျောင်းလည်း လျောင်းတော်မူ၏။

ဤသည်ကား မြတ်စွာဘုရားရှင်၏ အစုံအစုံသော တန်ခိုးပြာဋိဟာကို ပြရာ၌ လျင်မြန်သည်ထက် အထူးသဖြင့် လျင်မြန်သော ဉာဏ်တော်တည်း။

ဤသို့သော တန်ခိုးပြာဋိဟာကို မြတ်စွာဘုရားရှင်သည် ထိုရတနာ စကြံ်၌ စကြံ်ကြွ၍ ပြုတော်မူ၏။

ထိုမြတ်စွာဘုရားရှင်အား တေဇောကသိုဏ်း ဝင်စားသည်၏ ဖန်ဆင်းပြင့် အထက်ဖြစ်သော ကိုယ်တော်၏ဒူးဖို၌ မီးအလံ့ ဖြစ်၏။ အာပေါကသိုဏ်း ဝင်စားသည်၏ အစွမ်းဖြင့် အောက်ဖြစ်သော ကိုယ်တော်၏အဖို့မှ ရေအလျဉ် ဖြစ်၏ဟု မှတ်ရာ၏။ ရေအလျဉ်ဖြစ်ရာအရပ်မှ မီးအလံ့၊ မီးအလံ့ ဖြစ်ရာအရပ်မှ ရေအလျဉ်ဖြစ်သည်ဟူ၍ မမှတ်ရာ။

ဤအရာ၌ မီးအလံ့သည်လည်း ရေအလျဉ်နှင့်မရောနှော။ ရေအလျဉ်သည်လည်း မီးအလံ့တို့နှင့် မရောနှောဘဲ နှစ်ပါးစုံသော ရေအလျဉ် မီးအလံ့သည် ဗြဟ္မာ့ဘုံတိုင်အောင် ပျံတက်၍ စကြဝဠာ မျက်မှာရေးဝ၌ ကျ၏။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်မှ ထွက်သော ရောင်ခြည်တော်ခြောက်သွယ်တို့သည် အိုးတို့ဖြင့် သွန်းလောင်းအပ်ကုန်သော ရွှေမှုန်ကဲ့သို့လည်းကောင်း၊ စက်ယန္တရားပြုန်မှ ကျထွက်သော ရွှေရေအလျဉ်ကဲ့သို့လည်းကောင်း တစ်ခုသော စကြဝဠာတိုက်မှပျံတက်၍ ဗြဟ္မာ့ဘုံသို့ ထိခိုက်လျက် ဆုတ်နစ်ပြန်လည်လာသော အခါ စကြဝဠာ မျက်နှာရေးဝကိုသာလျင် ယူကုန်၏။ တစ်ခုသော စကြဝဠာတိုက်သည် ကောက်သောအခြင်းတို့ဖြင့် ဖုံးအုပ်အပ်သော ဗောဓိအိမ်ကဲ့သို့ တစ်ပြိုင်နက်သော အလင်းရောင်သည် ဖြစ်၏။ ထိုနေ့ပတ်လုံး မြတ်စွာ

ဘုရားရှင်သည် စကြံကြွ၍ တန်ခိုးပြာဋိဟာကို ပြတော်မူလျက် အကြားအကြား၌ လူများအပေါင်းအား တရားတော်ကို ဟောတော်မူ၏။ ဟောတော်မူသည်ရှိသော် အားထုတ်ခြင်း ကင်းသည်ကို မပြုမူ၍ ထိုမိမိ၏ခန္ဓာ ဒြပ်တော်ကိုလည်း သက်သာရာ ရစေ၍ နေတော်မူခြင်းကို ပေးတော်မူသေး၏။

ထိုခဏ၌ လူအပေါင်းသည် ကောင်းချီးကို ဖြစ်စေ၏။ ထိုသို့ ကောင်းချီးကို ဖြစ်စေသောအခါ၌ မြတ်စွာဘုရားရှင်သည် ထိုမျှလောက် များပြားစွာသော ပရိသတ်၌ စိတ်ကို ကြည့်ရှုသည်ရှိသော် တစ်ယောက်တစ်ယောက်သော သူ၏ စိတ်အလိုကို တစ်ဆယ့်ခြောက်ပါးသော အခြင်းအရာ၏ အစွမ်းဖြင့် သိမြင်တော်မူ၏။ ဤသို့လျှင် ဘုရားရှင်တို့၏စိတ်သည် လျင်သော ဖြစ်ခြင်းရှိ၏။ အကြင် အကြင်သို့သော သူသည် အကြင် အကြင်သို့သော တရားတော်တို့၌လည်းကောင်း အကြင် အကြင်သို့သော တန်ခိုးပြာဋိဟာတို့၌လည်းကောင်း ကြည်ညိုနှစ်သက်သော စိတ်ရှိကုန်၏။ ထိုထိုသို့သော ပုဂ္ဂိုလ်၏ အလိုဆန္ဒ အစွမ်းဖြင့်သာလျှင် တရားတော်ကိုလည်း ဟောကြားတော်မူ၏။ တန်ခိုးပြာဋိဟာကိုလည်း ပြတော်မူ၏။

ဤသို့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် တရားတော်ကို ဟောကြားတော်မူသည်ရှိသော် လည်းကောင်း တန်ခိုးပြာဋိဟာကို ပြတော်မူသော် လည်းကောင်း လူအပေါင်းသည် အကျွတ်တရားကို ရကြလေ၏။

မြတ်စွာဘုရားကိုယ်တော်နှင့် နိမိတ်ဘုရား

မြတ်စွာဘုရားရှင်သည် ထိုသို့သော အစည်းအဝေး၌ မိမိ၏ စိတ်တော်ကို ယူ၍ ပြဿနာမေးခြင်းငှါ လည်းကောင်း၊ မေးအပ်သောပြဿနာကို ဖြေဆိုခြင်းငှါလည်းကောင်း စွမ်းနိုင်သော တစ်စုံတစ်ယောက်မျှသောသူကို မြင်တော်မမူသောကြောင့် နိမိတ်ကိုယ်တော်ပွား ဘုရားကို ဖန်ဆင်းတော်မူ၏။ ထိုနိမိတ်ဘုရားသည် မေးအပ်သောပြဿနာကို မြတ်စွာဘုရားရှင်သည် ဖြေဆိုတော်မူ၏။ မြတ်စွာဘုရား မေးအပ်သော ပြဿနာကို နိမိတ်ဘုရားသည် ဖြေဆိုတော်မူ၏။ မြတ်စွာဘုရားရှင် စကြံ ကြွတော်မူသောအခါ၌ နိမိတ်ဘုရားသည် ရပ်တော်မူခြင်းစသော ဣရိယာပုထ်တို့တွင် တစ်ပါးပါးသော ဣရိယာပုထ်ကို ပြုတော်မူ၏။ နိမိတ်ဘုရား စကြံ ကြွတော်မူသောအခါ၌ မြတ်စွာဘုရားရှင်သည် ရပ်တော်မူခြင်း စသော ဣရိယာပုထ်တို့တွင် ဣရိယာပုထ် တစ်ပါးပါးကို ပြုတော်မူ၏။

တဝေတိံသာနတ်ပြည်တွင် ဝါဆိုတော်မူခြင်း

ဤအခြင်းအရာဖြင့် ဖန်ဆင်း ပြသတော်မူအပ်သော တန်ခိုးတော်ကို မြင်ရသောကြောင့် လည်းကောင်း၊ တရားတော်ကို ကြားနာရသောကြောင့်

လည်းကောင်း ထိုအစည်းအဝေးဌာန ကုဋ္ဌေနှစ်ဆယ်လောက်ကုန်သော သတ္တဝါတို့အား အကျွဲတရားကို ရခြင်းဖြစ်လေ၏။

မြတ်စွာဘုရားရှင်သည် တန်ခိုးပြာဋိဟာကို ပြတော်မူပြီးသည်ရှိသော် ရှေးနောင်တော်ဘုရားတို့သည် ဤသို့ တန်ခိုးပြာဋိဟာကို ပြုပြီး၍ အဘယ်သို့သော အရပ်၌ ဝါကပ်ဆိုတော်မူကြပေကုန်သနည်းဟု ဆင်ခြင်တော်မူသော အခါ တာဝတိံသာ နတ်ပြည်၌ ဝါကပ်တော်မူကြ၍ ကျေးဇူးရှင် မေမိခင်အား အာဘိဓမ္မာပိဋကတ်ကို ဟောကြားတော်မူကြကုန်သည်တို့ကို မြင်တော်မူသော ကြောင့် လက်ယာခြေတော်ကို ပင့်ချီတော်မူပြီးသော် ယုဂန္ဓိုရ် တောင်ထပ်၌ ထားတော်မူ၍ လက်ဝဲမခြေတော်ကို ပင့်ချီတော်မူ၌းသော် မြင်းမိုရ်တောင်ထိပ်၌ ထားတော်မူ၏။

ဤသို့သော အခြင်းအရာဖြင့် ယူဇနာခြောက်သန်းရှစ်သိန်း အမြင့်ရှိသော နေရာ၌ ခြေလှမ်းတော်သုံးကြိမ် ခြေတော်ရာနှစ်ခုတို့သည် ဖြစ်ကုန်၏။ မြတ်စွာဘုရားရှင်သည် ခြေတော်ကိုဆန့်၍ နင်းကြွတော်မူသည် မမှတ်အပ်။ မြတ်စွာဘုရားမျှင်၏ ခြေတော်ကို ခုံသော အခါ၌သာလျှင် ထိုတောင်တို့သည် ခြေတော်ရင်းသို့ လာနာက်၍ ခံကြကုန်၏။ မြတ်စွာဘုရား နင်းကြွတော်မူပြီးရာ အခါ၌ ထိုတောင်တို့သည် ထ၍ မိမိနေရာ၌သာလျှင် တည်ကုန်၏။

သိကြားမင်း၏ စိတ်အကြံ

သိကြားမင်းသည် မြတ်စွာဘုရားရှင်ကို မြင်၍ ပဏ္ဍုကမ္ဗလာ ကျောက်ဖျာ၌ မြတ်စွာဘုရားရှင်သည် ဤယခု ဝါကို ဝါဆိုခြင်းသို့ ကပ်ရောက် ခြေယောင် တကား။ များစွာကုန်သော နတ်တို့အားလည်း ကျေးဇူးများသည် ဖြစ်ပေလတ္တံ့။ ဤကျောက်ဖျာ၌ မြတ်စွာဘုရားရှင်သည် ဝါသို့ ကပ်တော်မူသည်ရှိသော် တစ်ပါးသော နတ်တို့သည် လက်ကိုသော်လည်း တင်ထားခြင်းငှါ မစွမ်းနိုင်ကုန်လတ္တံ့။ ဤပဏ္ဍုကမ္ဗလာ ကျောက်ဖျာသည် အလျားအားဖြင့် ယူဇနာ ခြောက်ဆယ်ရှိ၏။ အပြန့်အားဖြင့် ယူဇနာ ငါးဆယ်ရှိ၏။ အထူအားဖြင့် တစ်ဆယ့်ငါးယူဇနာ ရှိ၏။ ဤမျှလောက်ကြီးကျယ်သော ကျောက်ဖျာသည် မြတ်စွာဘုရား ထိုင်နေတော်မူသည်ရှိသော် အချည်းနှီး ဖြစ်ပေလတ္တံ့ဟု ကြံ၏။

မြတ်စွာဘုရားရှင်သည် သိကြားမင်း၏ အလိုကို သိတော်မူ၍ ကိုယ်တော်မြတ်၏ တန်ခိုးတော်ဖြင့် ဒုကုဋ္ဌတော်ကို ကျောက်ဖျာနေရာကို ဖုံးအုပ်လျက် ချ၏။ သိကြားမင်းသည် သက်နှံးတော်ကိုမူကား ရှေးဦးစွာ ဖုံးအုပ်လျက် ချခင်း၏။ ကိုယ်တော်သည်ကား အနည်းငယ်မျှသော တစ်စိတ် တစ်ဖို့သော

အရပ်၌ ထိုင်နေတော်မူလတ္တံ့ ဟု ကြုံ၏။ မြတ်စွာဘုရားရှင်သည် သိကြားမင်း၏ အလိုကို သိ၍ နိမ့်သော အင်းပျဉ်ကို လွှမ်းမိုး ဖုံးအုပ် ထိုင်နေသော ပံ့သကူဆောင် မထေရ်ကဲ့သို့ ပဏ္ဍုကမ္ပလာ ကျောက်နေရာကို သက်နှိုး၏ အတွင်းပြု၍သာလျှင် ထိုင်နေတော်မူ၏။

လူအများတို့ ငိုကြွေးကြခြင်း

လူအပေါင်းတို့သည်လည်း ထိုခဏ၌သာလျှင် မြတ်စွာဘုရားရှင်ကို ကြည့်ရှုသည်ရှိသော် မမြင်ရကုန်သောကြောင့် လမင်း၏ ဝင်သွားသောအခါကဲ့သို့ လည်းကောင်း၊ နေမင်း၏ ဝင်သွားသောအခါကဲ့သို့ လည်းကောင်း ဖြစ်လေ၏။ လူများအပေါင်းသည် ဤသို့သောဂါထာကို ရွတ်ဆိုလျက် ငိုကြွေးကြကုန်၏–

ဂတော နု စိတ္တကူဋ္ဌံ ဝါ၊ ကေလာသံ ဝါ ယုဂန္ဓရံ။
နနော ဒက္ခေမု သမ္မုဒ္ဓံ၊ လောကဇေဋ္ဌံ နရာသဘံ။

မြတ်စွာဘုရားရှင်သည် စိတ္တကူဋ္ဌတောင်သို့ လည်းကောင်း, ကေလာသတောင်သို့ လည်းကောင်း, ယုဂန္ဓိုရ်တောင်သို့ လည်းကောင်း ကြွတော်မူလေသလော၊ လောက၌ အကြီးအကဲဖြစ်၍ လူနတ် ဗြဟ္မာ သတ္တဝါတို့ထက် မြတ်တော်မူသော မြတ်စွာဘုရားရှင်ကို ငါတို့သည် မဖူးမြင်ရချေတော့ကုန်။

သူတစ်ပါးတို့သည်ကား မြတ်စွာဘုရားရှင်တို့ မည်သည် ဆိတ်ငြိမ်ရာအရပ်၌ နှလုံးရှင်ပျော် မွေ့လျော်တော်မူ၏။ ထိုမြတ်စွာဘုရားသည် ဤသို့ သဘောရှိသော ပရိသတ်၌ ဤသို့ သဘောရှိသော တန်ခိုးပြာဋိဟာကို ပြ၍ ရှက်နိုးသောကြောင့် တိုင်းတစ်ပါးသို့သော် လည်းကောင်း၊ ဇနပုဒ် တစ်ပါးသို့သော် လည်းကောင်း ကြွသွားတော်မူသည် ဖြစ်ပေလိမ့်မည်။ ဤယခုအခါ ငါတို့အား မြတ်စွာဘုရားရှင်ကို ဖူးမြင်ရပါကုန်ဦးတော့မည်လော ဟု ငိုကြွေး မည်တမ်းလျက် ဤဂါထာကို ရွတ်ဆိုကြကုန်၏–

ပဝိဝေကရတော ဓီရော၊ နိမံလောကံ ပုနေဟိတိ။
နနော ဒက္ခေမု သမ္မုဒ္ဓံ၊ လောကဇေဋ္ဌံ နရာသဘံ။

ဆိတ်ငြိမ်ရာကို မွေ့လျော်တော်မူ၍ ခိုင်ခန့်တည်ကြည်သော သမာဓိရှိတော်မူသော မြတ်စွာဘုရားရှင်သည် ဤလူ့ပြည်သို့ ပြန်ကြွလာတော်မမူလတ္တံ့၊ လောက၏ အကြီးအကဲဖြစ်၍ လူနတ် ဗြဟ္မာ သတ္တဝါတို့ထက် မြတ်သော မြတ်စွာဘုရားရှင်ကို ငါတို့ မဖူးမြင်ရချေကုန်တော့အံ့။

အရှင်မဟာ မောဂ္ဂလာန်အား လျှောက်ထားကြခြင်း

ထိုလူများ အပေါင်းသည် အရှင်မဟာမောဂ္ဂလာန်မထေရ်ကို အရှင်ဘုရား ဆရာဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် အဘယ်အရပ်သို့ ကြွတော်မူ သနည်းဟု မေးလျှောက်ကြကုန်၏။ မဟာမောဂ္ဂလာန် မထေရ်သည် မိမိ သိသော်လည်း သူတစ်ပါးတို့အားလည်း ဂုဏ်ကျေးဇူးတရား ထင်ရှားပါစေ လိုသော အဇ္ဈာသယဖြင့် အနုရုဒ္ဓါမထေရ်ကို မေးလျှောက်ကြကုန်လော့ဟု မိန့်တော်မူ၏။ ထိုလူအပေါင်းတို့သည် အနုရုဒ္ဓါမထေရ်သို့ ချဉ်းကပ်၍ အရှင်ဘုရား ဆရာဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် အဘယ်အရပ်သို့ ကြွသွားတော် မူပါသနည်းဟု မေးလျှောက်ကုန်၏။ တာဝတိံသာ နတ်ပြည်ဝယ် ပဏ္ဍုကမ္ပလာ ကျောက်ဖျာ၌ ဝါကပ်တော်မူ၍ မယ်တော်ဖြစ်သော သန္တုသိတ နတ်သားအား အဘိဓမ္မာပိဋကတ် တရားကို ဟောကြားတော်မူခြင်းငှါ ကြွတော်မူလေသည်ဟု ပြော၏။

အရှင်ဘုရား အဘယ်အခါ၌ တာဝတိံသာ နတ်ပြည်မှ သက်ဆင်း ပြန်ကြွ တော်မူလာပါအံ့နည်းဟု မေးလျှောက်ကုန်ပြန်သည်ရှိသော် သုံးလတို့ပတ်လုံး အဘိဓမ္မာပိဋကတ် တရားတော်မြတ်ကို သတ်မှတ်ပိုင်းခြား ဟောကြားတော်မူ၍ သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့၌ ကြွတော်မူလာလတ္တံ့ဟု မိန့်တော် မူ၏။

ထိုလူများအပေါင်းတို့သည် မြတ်စွာဘုရားရှင်ကို မဖူးမြင်ရ၍ ငါတို့ မသွား ကုန်အံ့ဟု ထိုအရပ်၌သာလျှင် သစ်ခက်အရံကို ဖွဲ့ချည်နေထိုင်ကြကုန်၏။ ထိုသူတို့၏ နေရာအရပ်အမိုးသည် အထက်ကောင်းကင် ဟင်းလင်းအပြင် သည်သာလျှင် ဖြစ်ပေ၏။ များပြား အားကြီးစွာသော ထိုပရိသတ်၌ ကိုယ် အညစ်အကြေး မသန့်စင်သောအရာ မည်သည်မထင်။ မဟာပထဝီမြေကြီးသည် ဟင်းလင်းပွင့်၍ မသန့်စင်သော အညစ်အကြေး ဟူသမျှကို သိမ်းယူ၏။ အလုံးစုံသော အရပ်၌ စင်ကြယ် သန့်ရှင်းသည်သာလျှင် ဖြစ်သော မြေအပြင် သည် ဖြစ်၏။

စူဋ္ဌအနာထပိဏ်သူဌေး

မြတ်စွာဘုရားရှင်သည် တာဝတိံသာ နတ်ပြည်သို့ ကြွတော်မမူမီ ရှေးဦးက ပင်လျှင် မောဂ္ဂလာန်မထေရ်ကို ချဉ်သားမောဂ္ဂလာန်အသင်သည် ထိုပရိသတ်၌ တရားတော်ကို ဟောကြားလေလော့။ စူဋ္ဌအနာထပိဏ် သူဌေးသည် အာဟာရကို ပေးလှူလတ္တံ့ဟု မိန့်မှာတော်မူခဲ့၏။ ထို့ကြောင့် ဤနေရာ၌ နေသမျှ ဝါတွင်းသုံးလပတ်လုံး စူဋ္ဌအနာထပိဏ် သူဌေးသည် သာလျှင်

ထိုပရိသတ်၏ နံနက်စာ စားသောအခါ၌ ယာဂု, ထမင်း, ခဲဖွယ်, ကွမ်း, ဆီ, လိမ်းကျံအပ်သော နံ့သာ, ပန်ဆင်အပ်သော ပန်းတို့ကို ပေးလှူ၏။

မဟာမောဂ္ဂလာန် မထေရ်သည် တရားတော်ကို ဟောကြားတော်မူ၏။ တန်ခိုးပြာဋိဟာကို ဖူးမြင်ခြင်းငှါ လာတိုင်း လာတိုင်းသော သူတို့ မေးအပ်သော အမေးပုစ္ဆာတို့ကိုလည်း ဖြေဆိုတော်မူ၏။

မြတ်စွာဘုရားရှင်သည်လည်း မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတာ နတ်သားအား အဘိမွာတရားကို ဟောကြားတော်မူခြင်းငှါ ပဏ္ဍုကမွှလာ ကျောက်ဖျာထက်၌ ဝါကပ်တော်မူသည် ရှိသော် တစ်သောင်းသော စကြဝဠာတို့က်၌ နေထိုင်ကုန်သော နတ်ဗြဟ္မာအပေါင်းတို့သည် စည်းဝေးလာရောက် ခြံရံကုန်၏။ ထိုအကြောင်းကို ပြတော်မူလိုသော အဋ္ဌကထာဆရာသည် ဤသုံးဂါထာတို့ကို မိန့်တော်မူခဲ့ပေ၏—

တာဝတိံသေ ယဒါ ဗုဒ္ဓေါ၊ သိလာယံ ပဏ္ဍုကမ္ဗလေ။
ပါရိဆတ္တကမူလမ္ဗိ၊ ဝိဟာသိ ပုရိသုတ္တမော။

ဒဿသု လောကဓာတူသု၊ သန္နိပတိတ္ဝာန ဒေဝတာ။
ပယိရုပါသန္တိ သမ္မုဒ္ဓံ၊ ဝသန္တံ နဂမုဒ္ဓနိ။

န ကောစိ ဒေဝေါ ဝဏ္ဏေန၊ သမ္မုဒ္ဓဿ ဝိရောစတိ။
သဗ္ဗေ ဒေဝေ အတိက္ကမ္မ၊ သမ္မုဒ္ဓေါ ဝိရောစတိ။

ယောကျွဲးမြတ် ဖြစ်တော်မူသော မြတ်စွာဘုရားသည် တာဝတိံသာ နတ်ပြည် ပဏ္ဍုကမွှလာ ကျောက်ဖျာထက်၌ သီတင်းသုံးနေတော်မူသော ထိုအခါ၌ တစ်သောင်းသော လောကဓာတ်တို့၌ ရှိသော နတ်ဗြဟ္မာအပေါင်းတို့ စုဝေးရောက်ရှိလာကြ၍ မြင်းမိုရ်တောင်ထိပ်ရှိ ပဏ္ဍုကမွှလာဟူသော ကျောက်ဖျာထက်၌ သီတင်းသုံးနေတော်မူသော မြတ်စွာဘုရားရှင်ကို ဆည်းကပ်ကြကုန်၏။

နတ်ဗြဟ္မာ တစ်စုံတစ်ယောက်သော်မျှ အရောင်အဆင်းဖြင့် မြတ်စွာဘုရားအား လွန်မြောက်၍ မတင့်တယ်နိုင် အလုံးစုံသော နတ်ဗြဟ္မာအပေါင်းတို့ကို လွန်မြောက်တော်မူ၍ မြတ်စွာဘုရားသည်သာ တင့်တယ်တော်မူပေ၏။

ဣန္ဒကနတ်သားနှင့် အကုံရနဲတ်သား

ဤသို့သော အခြင်းအရာဖြင့် အလုံးစုံသော နတ်ဗြဟ္မာအပေါင်းတို့ကို ကိုယ်တော်ရောင်ဖြင့် လွှမ်းမိုး၍ သီတင်းသုံး စံနေတော်မူသော မြတ်စွာဘုရားရှင်အား မယ်တော်ဖြစ်သော နတ်သားသည် တုသိတာဗိမာန်မှ လာခဲ့၍

လက်ယာနံပါးဘက်၌ ထိုင်နေ၏။ ဣန္ဒကနတ်သားသည်လည်း လာခဲ့ပြီးသော် လက်ယာနံပါးဘက်၌သာလျှင် ထိုင်နေ၏။ အင်္ကုရနတ်သားသည် လက်ဝဲနံပါး ဘက်၌ ထိုင်နေ၏။

ထိုအင်္ကုရနတ်သားသည် တန်ခိုးကြီးကုန်သော နတ်ဗြဟ္မာတို့ စည်းဝေး လာရောက်ကုန်သည်ရှိသော် နေရာမှ တဖြည်းဖြည်း ဖဲသွား၍ တစ်ဆယ်နှစ် ယူဇနာရှိသော အရပ်၌ နေခွင့်ကို ရလေ၏။ ဣန္ဒကနတ်သားသည် မိမိထိုင်နေ မြဲတိုင်း ဖြစ်သော ထိုနေရာ၌သာလျှင် ထိုင်နေ၏။ မြတ်စွာဘုရားရှင်သည် ထိုနှစ်ယောက်ကုန်သော နတ်သားတို့ကို ကြည့်ရှုတော်မူ၍ မိမိသာသနာတော်၌ အလှူခံထိုက်ကုန်သောပုဂ္ဂိုလ်တို့အား ပေးလှူအပ်သော အလှူဒါန၏ အကျိုး ကြီးမြတ်သည့် အဖြစ်ကို သိစေတော်မူလိုသောကြောင့်အချင်းအင်္ကုရ အသင် သည် ကြာမြင့်ရှည်စွာသော ကဿပမြတ်စွာဘုရားသာသနာတော်နှင့် ငါဘုရား၏ သာသနာတော်အကြား၌ အနှစ် တစ်သောင်း ကာလပတ်လုံး တစ်ဆယ့်နှစ် ယူဇနာရှိသော ခုံလောက်အစဉ်ကိုပြု၍ ကြီးစွာသော အလှူကို ပေးလှူအပ်၏။ ဤယခုအခါ၌ ငါဘုရားရှင်၏ အစည်းအဝေးသို့ လာရောက်သည်ရှိသော် တစ်ဆယ့်နှစ်ယူဇနာဝေးသော နေရာ၌ နေခွင့်ကိုရ၏။ ဤအရာ၌ အကြောင်း ကား ဘယ်သို့ပေနည်းဟု ဤသို့သော စကားတော်ကို မိန့်တော်မူလိုရကား ဤဂါထာကို ဟောကြားတော်မူ၏။

ဩလောကေတွာန သမ္ဗုဒ္ဓေါ၊ အင်္ကုရဥာပိ ဣန္ဒကံ။
ဒက္ခိဏေယျံ သမ္ဘာဝေန္တော၊ ဣဒံ ဝစနမဗြဝိ။
မဟာဒါနံ တယာ ဒိန္နံ၊ အင်္ကုရ ဒီဃမန္တရေ။
အတိဒူရေ နိသိန္နောသိ၊ အာဂစ္ဆ မမ သန္တိကေ။

မြတ်စွာဘုရားသည် အင်္ကုရနတ်သားကိုလည်းကောင်း၊ ဣန္ဒကနတ်သားကို လည်းကောင်း ရှုကြည့်တော်မူ၍ မြတ်သောအလှူခံကို ထင်ရှားစွာ ပြလို၍ ဤစကားတော်ကို မိန့်ဆိုတော်မူပြီ။

အချင်းအင်္ကုရ သင်သည် ရှည်ကြာသော အကြားကာလပတ်လုံး အလှူ ကြီးကို ပေးလှူအပ်၏၊ ငါဘုရား၏ အဆံ လာ၍ အလွန်ဝေးသော အရပ်၌ အဘယ်ကြောင့် ထိုင်နေရသနည်း။

မြတ်စွာဘုရားရှင် မိန့်တော်မူသော ထိုအသံတော်သည် မြေအပြင်သို့ ရောက်လေ၏။ အလုံးစုံလည်း ဖြစ်ကုန်သော ပရိသတ်တို့သည် ထိုစကားတော်ကို ကြားနာရကုန်၏။ ဤသို့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် မေးစိစစ် တော်မှခံရသော အင်္ကုရ နတ်သားသည် ဘုန်းတော်ကြီးတော်မူသော မြတ်စွာ ဘုရား မြင့်မြတ်သော အလှူခံပုဂ္ဂိုလ်မရှိဘဲ ကြီးကျယ်များပြားစွာ လှူအပ်

သော အလှူဒါနဖြင့် အဘယ်မှာလျင် အကျိုးများနိုင်ပါအံ့နည်း။ ဤဣန္ဒက နတ်သားသည် မြင့်မြတ်သောအလှူခံပုဂ္ဂိုလ်အား အနည်းငယ်မျသော ဒါနကို ပေးလှူ၍ ကြယ်တာရာအပေါင်း၏ အလယ်၌ ထွန်းလင်း တင့်တယ်သော လမင်းကဲ့သို့ တပည့်တော်တို့ထက် ထွန်းလင်း တင့်တယ်ပါပေ၏ဟု လျှောက်၏။

ထိုအကြောင်းကို ပါဋ္ဌိတော်စကားဖြင့် ထင်ရှားပြလိုသော အဋ္ဌကထာ ဆရာသည် ဤနှစ်ဂါထာတို့ကို မိန့်တော်မူခဲ့၏—

စောဒိတော ဘာဝိတတ္တေန၊ အကုံရော ဧတ မဗြဝိ။
ကိုံ မယှံ တေန ဒါနေန၊ ဒကို့ဏေယျေန သုညတံ။

အယံ သော ဣန္ဒကော ယဏ္ဌာ၊ ဒဇ္ဇာ ဒါနံ ပရိတ္တကံ။
အတိရောစတိ အမှေဟိ၊ စန္ဒော တာရာဂဏေ ယထာ။

ထင်ရှားဖြစ်စေလိုသဖြင့် တိုက်တွန်းအပ်သော အကုံရနတ်သားသည် ဤသို့သော စကားကို လျှောက်ပြီ၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား မြတ်သောအလှူခံမှ ဆိတ်သော တပည့်တော်အား ထိုအလှူဒါနကြီးဖြင့် အဘယ်သို့ ပြုရအံ့နည်း။

ဤဣန္ဒက နတ်သားသည် အလှူအနည်းငယ်ကို ပေးလှူ၍ ကြယ်တာယာ အပေါင်း၌ လမင်းကဲ့သို့ တပည့်တော်တို့ထက် သာလွန်တင့်တယ်၏။

ဤသို့လျှောက်တင်သည် ရှိသော် မြတ်စွာဘုရားရှင်သည် ဣန္ဒက နတ်သားကို အချင်း ဣန္ဒက နတ်သား သင်သည် ငါဘုရားရှင်၏ လက်ယာနံပါး၌ ထိုင်နေလျက် အရပ်တစ်ပါးသို့ မဖဲ့သွားမူ၍သာလျှင် အဘယ်ကြောင့် ထိုင်နေခြင်းငှာ စွမ်းနိုင်သနည်းဟု မေးတော်မူ၏။ဣန္ဒက နတ်သားက ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်သည် ကြောင်းသော လယ်မြေ၌ အနည်းငယ်မျသော မျိုးစေ့ကို စိုက်ပျိုးမိသော လယ်လုပ်ယောကျ်ားကဲ့သို့ မြင့်မြတ်သော အလှူခံ၏ ပြည်စုံခြင်းကို ရအပ်ပါသည်ဟု မြင့်မြတ်သော အလှူခံကို ချီးမွမ်းထောမနာပြုလိုရကား ဤဂါထာတို့ကိုရွတ်ဆိုလေ၏—

ဥဇ္ဇဂ်လေ ယထာ ခေတ္တေ၊ ဗီဇံ ဗဟုကမ္ပိ ရောပ်တံ။
နဖလံ ဝိပုလံ ဟောတိ၊ နာပိ တောသေတိ ကဿကံ။
တထေဝ ဒါနံ ဗဟုကံ၊ ဒုဿီလေသု ပတိဋ္ဌိတံ။
နဖလံ ဝိပုလံ ဟောတိ၊ နပိ တောသေတိ ဒါယကံ။
ယထာပိ ဘဒ္ဒကေ ခေတ္တေ၊ ဗီဇံ အပ္ပမ္ပိ ရောပိတံ။
သမ္မာ ဓာရံ ပဝေစ္ဆန္တေ၊ ဖလံ တောသေတိ ကဿကံ။

တထေဝ သီလဝန္တော်သူ၊ ဂုဏ်ဝန္တော်သူ တာဒိသူ။
အပ္ပကမ္မိ ကတံကာရံ၊ ပုညံ ဟောတိ မဟပ္ဖလံ။

ကုန်းခေါင်သောလယ်မြေ၌ များစွာ စိုက်ပျိုးအပ်သောမျိုးစေ့သည့် အသီးအောင်မြင်မှု မဖြစ်နိုင်။ လယ်သမားကိုလည်း နှစ်သက်မှု မဖြစ်စေနိုင် သကဲ့သို့ ထို့အတူသာလျှင် သီလမရှိသူတို့အပေါ်၌ များစွာလှူဒါန်းခြင်းသည် ကြီးကျယ်သော အကျိုးတရားမဖြစ်နိုင်။ ပေးလှူသူအားလည်း နှစ်သက် ဝမ်းမြောက်မှု မဖြစ်စေနိုင်။

လယ်မြေကောင်း၌ စိုက်ပျိုးအပ်သော မျိုးစေ့အနည်းငယ်သည် ရေကောင်းစွာ ရလတ်သော် အသီးအောင်မြင် ဖြစ်ထွန်း၍ လယ်သမားကို နှစ်သက်ရွှင်လန်းစေသကဲ့သို့ ထို့အတူ သီလရှိသောပုဂ္ဂိုလ် ဂုဏ်ကျေးဇူးရှိသောပုဂ္ဂိုလ်တို့၌ ပြုအပ်သော ကုသိုလ်ကောင်းမှု အနည်းငယ်သည် အကျိုးများများ ပေးနိုင်၏။

ဣန္ဒကနတ်သား ကောင်းမှု

ထို ဣန္ဒကနတ်သား၏ ရှေးကောင်းမှုသည် အဘယ်နည်း ဟူမူကား ထို ဣန္ဒကနတ်သားသည် ရှာ၏ အတွင်းသို့ ဆွမ်းခံခြင်းငှာ ကြွဝင်တော်မူသော အနုရုဒ္ဓါမထေရ်အား မိဒ္ဓိစားရန် အလို့ငှာ ဆောင်ယူအပ်သော ထမင်းတစ်ယောက်ချိုမျှလောက်သောဆွမ်းကို ပေးလှူ၏။ထို့သို့ ပေးလှူအပ်သော ဣန္ဒက နတ်သား၏ အလှူကောင်းမှုသည် အနှစ်တစ်သောင်းတို့ကာလပတ်လုံး တစ်ဆယ့်နှစ်ယူဇနာရှိသော အရပ်ကို ခုံလောက်အစဉ် စပ်သည်ကို ပြု၍ ပြုလုပ်လှူဒါန်းအပ်သော အက်ိုရနတ်သား၏ ဒါနထက် အကျိုးကြီးမြတ်သည် ဖြစ်လေသတည်း။ ထို့ကြောင့် ဤသို့ လျှောက်ထားလေသတည်း။

ဤသို့ ဣန္ဒကနတ်သား လျှောက်သည်ရှိသော် ဘုရားကိုယ်တော်မြတ်က အချင်း အက်ိုရနတ်သား အလှူဒါနသည် ရွေးချယ်စိစစ်၍ ပေးလှူခြင်းငှာ အပ်၏။ ဤသို့ ရွေးချယ် စိစစ်၍ ပေးလှူအပ်သည်ရှိသော် ကောင်းသော လယ်မြေတို့၌ စိုက်ပျိုးအပ်သော မျိုးစေ့ကဲ့သို့ အကျိုးကြီးမြတ်သည်ဖြစ်ပေ၏။ အသင်္ဃသည်ကား ထိုသို့သော အခြင်းအရာဖြင့် ရွေးချယ် စိစစ်ခြင်းကိုမပြု။ ထို့ကြောင့် အသင် လှူအပ်သော ဒါနသည် အကျိုးကြီးမြတ်ခြင်း မဖြစ်လေသည်ဟု မိန့်တော်မူပြီးမှ ဤသို့သောအကြောင်းကို ထင်ရှားစွာ ပြတော်မူလိုသောကြောင့် ဤဂါထာကို မိန့်တော်မူ၏—

ဝိစေယျ၊ ဒါနံ ဒါတဗ္ဗံ၊
ယတ္ထ ဒိန္နံ မဟပ္ဖလံ။ ပ ။
ဝိစေယျ၊ ဒါနံ သုဂတပ္ပသတ္ထံ၊
ယေ ဒက္ခိဏေယျာ ဣဓ ဇီဝလောကေ။
တေသု ဒိန္နာနိ မဟပ္ဖလာနိ၊
ဗီဇာနိ ဝုတ္တာနိ ယထာ သုခေတ္တေ။

အကံ်ရနတ်သား အကြင်ပုဂ္ဂိုလ်၌ ပေးလှူအပ်သောအလှူသည် အကျိုးကြီးမြတ်၏။ ထိုပုဂ္ဂိုလ်၌ ရွေးချယ်စိစစ်၍ အလှူကို ပေးလှူအပ်၏၊ စိစစ်ရွေးချယ်၍ ပေးသော အလှူကို မြတ်စွာဘုရား ချီးမွမ်းတော်မူအပ်၏။ ဤလူ့ပြည်၌ အကြင်ပုဂ္ဂိုလ်တို့သည် မြတ်သောအလှူကို ခံထိုက်ကုန်၏၊ ထိုပုဂ္ဂိုလ်တို့၌ ပေးလှူအပ်သော အလှူတို့သည် ကြီးမြတ်သော အကျိုးရှိကုန်၏၊ ဥပမာ အဘယ်နည်းဟူမူ လယ်မြေကောင်း၌ စိုက်ပျိုးအပ်သော မျိုးစေ့တို့ကဲ့သို့တည်း။

ဤသို့သော ဓမ္မဒေသနာကို ဟောကြားတော်မူပြီး၍ ထိုဃက်အလွန်လည်း တရားတော်ကို ဟောကြားတော်မူပြန်လိုသောကြောင့် တဏှာဝဂ်လာ ဤလေးဂါထာတို့ကို မိန့်တော်မူ၏—

တိဏဒေါသာနိ ခေတ္တာနိ၊ ရာဂဒေါသာ အယံ ပဇာ။
တသ္မာ ဟိ ဝီတရာဂေသု၊ ဒိန္နံ ဟောတိ မဟပ္ဖလံ။

တိဏဒေါသာနိ ခေတ္တာနိ၊ ဒေါသဒေါသာ အယံ ပဇာ။
တသ္မာ ဟိ ဝီတဒေါသေသု၊ ဒိန္နံ ဟောတိ မဟပ္ဖလံ။

တိဏမောဟာနိ ခေတ္တာနိ၊ မောဟဒေါသာ အယံ ပဇာ။
တသ္မာ ဟိ ဝီတမောဟေသု၊ ဒိန္နံ ဟောတိ မဟပ္ဖလံ။

တိဏဒေါသာနိ ခေတ္တာနိ၊ ဣစ္ဆာဒေါသာ အယံ ပဇာ။
တသ္မာ ဟိ ဝီဂတိစ္ဆေသု၊ ဒိန္နံ ဟောတိ မဟပ္ဖလံ။

လယ်ယာတို့သည် မြက်ပင်ပေါက်ခြင်းတို့ကြောင့် အပြစ်ရှိကုန်၏။ ဤသတ္တဝါအပေါင်းတို့သည် ရာဂ, ဒေါသ, မောဟ အလိုရမ္မက် တို့ကြောင့် အပြစ်ရှိကုန်၏။ ထို့ကြောင့်သာလျှင် ရာဂ ဒေါသ မောဟ အလိုရမ္မက်ကင်းသော ပုဂ္ဂိုလ်တို့၌ အလှူပေးခြင်းသည် ကြီးကျယ်မြင့်မြတ်၏။

ဒေသနာတော်၏ အဆုံး၌ အကံ်ရနတ်သား, ဣန္ဒကနတ်သား နှစ်ယောက်တို့သည် သောတာပတ္တိဖိုလ်၌ တည်ကုန်၏။ တဝတိံသာ နတ်ပြည်၌ ယောကြားတော်မူအပ်သော ဒေသနာတော်သည် လူများ အပေါင်းအား၎ည်း အကျိုးများသော ဓမ္မဒေသနာဖြစ်ပေ၏။

အဘိဓမ္မာတရားတော်

ထိုနောက် မြတ်စွာဘုရားရှင်သည် နတ်ဗြဟ္မာ ပရိသက်၏ အလယ်၌ သီတင်းသုံး စံနေတော်မူလျက် မယ်တော် ဖြစ်ခဲ့ဖူးသောသန္တုသိတနတ်သားကို အကြောင်းပြုသောအားဖြင့် —

"ကုသလာ ဓမ္မာ၊ အကုသလာ ဓမ္မာ၊ အဗျာကတာ ဓမ္မာ"—

အစဖြာသော အဘိဓမ္မာ ပိဋကတ်ကို ဝါတွင်းသုံးလပတ်လုံး အစဉ်မပြတ် ဟောကြားတော်မူ၏၊ ဟောကြားတော်မူ လျက်သော်လည်း မြတ်စွာဘုရား သည် ဆွမ်းခံကြွတော်မူခြင်း အခါ၌ "ငါဘုရား ကြွတော်မူ လာသော အခါနှင်ကာလ တိုင်အောင် တရားတော်ကို ဟောကြားစေသတည်း" ဟု နိမိတ္တဘုရားကို ဖန်ဆင်းပြီးလျှင် ဟိမဝန္တာသို့ ကြွသွား၍ နာဂလတာ ဒန်ပူကို သုံးဆောင်တော်မူပြီးသော် အနောတတ္တာအိုင်၌ ခံတွင်းကို ဆေး ကြောပြီးလျှင် ဥတ္တရကုရုကျွန်းမှ ဆွမ်းကို ဆောင်၍ ကြီးစွာသော အင်ကြင်းပင်ရိပ်၌ ထိုင်နေတော်မူလျက် ဆွမ်းကို ဘုဉ်းပေးတော်မူ၏။ သာရိပုတ္တရာ မထေရ်သည် ထိုအရင်သို့ သွားရောက်၍ မြတ်စွာဘုရား အား ဝတ်ကြီး ဝတ်ငယ်ကို ပြု၏။ မြတ်စွာဘုရားသည် ဆွမ်းစားခြင်းကိစ္စ ပြီးဆုံး သောအခါ၌ ချစ်သားသာရိပုတ္တရာ၊ ယနေ့ ငါဘုရားသည် ဤမျှလောက်သော တရားကို ဟောကြားအပ်၏။ အသင်သည် မိမိအတွင်းနေ တပည့်ဖြစ်ကုန်သော ရဟန်းတို့အား ချပြီလော့ ဟု မထေရ်အား မိန့်တော်မူ၏။

မြတ်စွာဘုရား၏ ရေမီးအစုံသော တန်ခိုးပြာဋိဟာဒ္ဓ ကြည်ညို၍ ငါးရာ ကုန်သော အမျိုးကောင်းသားတို့သည် အရှင်သာရိပုတ္တရာ မထေရ် အထံ၌ ရဟန်းပြုကုန်၏။ ထိုရဟန်းတို့ကိုရည်၍ မြတ်စွာဘုရားရှင်သည် အရှင်သာရိပုတ္တရာ မထေရ်ကို ဤသို့ မိန့်တော်မူလေသတည်း။

မိန့်တော်မူပြီးသော် မြတ်စွာဘုရားသည် နတ်ပြည်သို့ ကြွသွားတော်မူ၍ နိမိတ္တဘုရားကိုယ်စား ဘုရားသည် ဟောကြားအပ်သော အရပ်မှ ဆက်ဧပ်၍ ကိုယ်တော်သည် တရားတော်ကို ဟောကြားတော်မူ၏။ သာရိပုတ္တရာ မထေရ်သည်လည်း ပြန်သွား၍ အာဇာင်းနေ တပည့်ဖြစ်ကုန်သော ထိုရဟန်းတို့အား အဘိဓမ္မာတရားကို ဟောကြားတော်မူ၏။ ထိုရဟန်းဘို့သည် မြတ်စွာဘုရား နတ်ပြည်၌ သီတင်းသုံးတော်မူလျက်သာလျှင် အဘိဓမ္မာ ခုနစ်ကျမ်းကို သင်ယူ ဆောင်ရွက်ကုန်၏။

အဘိဓမ္မာ ရှေးဦးသင် ရဟန်းတော်များ

ထိုရဟန်းတို့၏ အကြောင်းကား ဤသို့ပေတည်း။ ထိုရဟန်းတို့သည် ကဿပ မြတ်စွာဘုရား လွတ်ထင်တော်၌ ငယ်စွာသော လင်.နို့တဲ့သည် ဖြစ်ကုန်၍

တစ်ခုသော လိုဏ်ခေါင်းဌ္ဌ တဲ့လဲ့ဆဲ့ကုန်လျက် စင်္ကြံကြုံးလျှင် အဘိဓမ္မာကို သရဇ္ဈာယ်ကုန်သော နှစ်ပါးကုန်သော မထေရ်တို့၏ အသံကို ကြား၍ အသံဌ္ဌ တရားတော်တည်းဟူသော နိမိတ်ကို ယူကုန်၏။ ထိုလင်းနို့တို့သည် ဤသည်တို့ကား ဧန္ဒာမည်ကုန်၏၊ ဤသည်တို့ကား ဒြပ် မည်ကုန်၏ဟု မသိဘဲ အသံဌ္ဌ တရားတည်းဟူသော နိမိတ်ကို ယူကာမျှဖြင့်သာလျှင် ထိုဘ၀ဌ္ဌ စုတေ၍ နတ်ပြည်ဌ္ဌ ဖြစ်ကုန်၏။

ထိုနတ်တို့သည် တစ်ဆူသော ဘုရား၌ရှင်၏အကြား ကာလပတ်လုံး နတ်ဌ္ဌ ဖြစ်သော စည်းစိမ်ချမ်းသာကို အစဉ် ခံစား၍ ထိုဘ၀မှ စုတေခဲ့သည်ရှိသော် သာ၀တ္ထိပြည်၀ယ် အသီးအသီးသော အမျိုးအိမ်တို့ဌ္ဌ ဖြစ်ကုန်၏။ မြတ်စွာဘုရား ပြတော်မူအပ်သော ရေ, မီး အစုံသော တန်ခိုးပြာဋိဟာဌ္ဌဖြစ်သော ကြည်ညိုခြင်း ရှိကြသဖြင့် အရှင်သာရိပုတ္တရာ မထေရ်၏ အထံဌ္ဌ ရဟန်းပြု၍ လူတို့၏ ပြည်ဌ္ဌ အလုံးစုံသော သူတို့၏ ရှေးဦးစွာ အဘိဓမ္မာ ခုနစ်ကျမ်းကို ဆောင်သည် ဖြစ်ကုန်၏။

မယ်တော် သန္တုသိတနတ်သား သောတာပန်ဖြစ်ခြင်း

မြတ်စွာဘုရားရှင်သည်လည်း ထိုသို့သော အကြောင်းဖြင့် သားလျှင် နတ်, ဖြဟ္မာ, အပေါင်းတို့အား ၀ါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရားတော် မြတ်ကို ဟောကြားတော်မူ၏။ ဒေသနာတော်၏ အဆုံးဌ္ဌ ကုဋေရှစ်သောင်း မျှလောက်ကုန်သော နတ်, ဖြဟ္မာ, အပေါင်းတို့အား သစ္စာလေးပါးတရားကို ပိုင်းခြား သိမြင်သဖြင့် အကျတ်တရားကို ရခြင်းဖြစ်လေ၏။ မယ်တော် မဟာမာယာ ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားသည်လည်း သောတာပတ္တိဖိုလ်ဌ္ဌ တည်လေ၏။

လူ့ပြည်ဌ္ဌ တည်ရှိသော အ၀န်းအား၌ သုံးဆယ့်ခြောက်ယူဇနာ ရှိသော ပရိသတ်တို့သည် ဤယခုအခါ ခုနစ်ရက်မြောက်သောနေ့ဌ္ဌ မဟာပ၀ါရဏာနေ့ ဖြစ်လတ္တံ့တော့မည်ဟု မဟာမောဂ္ဂလာန် မထေရ်သို့ ချဉ်းကပ်၍ အရှင်ဘုရား မြတ်စွာဘုရားရှင်၏ နတ်ပြည်မှ သက်ဆင်းအံ့သောနေ့ ဖြစ်ခြင်းငှာ အပ်ပါမည် မဟုတ်တုံလော။ တပည့်တော်တို့သည် မြတ်စွာဘုရားကို မဖူးမြင်ရဘဲ မပြုန်သွားပါကုန်အံ့ဟု လျှောက်၏။

မြတ်စွာဘုရားအား လျှောက်ထားခြင်း

အရှင်မဟာမောဂ္ဂလာန်သည် လျှောက်ထားသော စကားကို ကြား၍ ဒါယကာတို့ ကောင်းပြီဟု ဝန်ခံ ပြောဆိုပြီးသော် ထိုအရပ်ဌ္ဌသင်္ဃ

မြေကြီး၌ ငုပ်၍ မြင်းမိုရ်တောင်ခြေသို့ ရှေ့ရှု တက်သည်ကို ပရိသတ်တို့ မြင်စေကုန်သတည်းဟု ဓိဋ္ဌာန်တော်မူ၍ ပတ္တမြားရတနာဖြင့် သီအပ်သော ဖျော့တော့သော အဆင်းရှိသော ကမ္မလာချည်ကဲ့သို့ ထင်ရှားသော အဆင်းသဏ္ဌာန်ရှိသည် ဖြစ်၍သာလျှင် မြင်းမိုရ်တောင်၏ အလယ်ဖြင့် တက်ကြွတော်မူ၏။

လူတို့သည်လည်း အရှင်မောဂ္ဂလာန်မထေရ်ကို တစ်ယူဇနာမျှလောက် တက်ရောက်ပြီ၊ နှစ်ယူဇနာမျှလောက် တက်ရောက်ပြီ စသည်တို့ဖြင့် ပြောဆိုလျက် ကြည့်ရှုကြကုန်၏။ အရှင်မောဂ္ဂလာန်မထေရ်သည်လည်း မြတ်စွာဘုရား၏ ခြေတော်ကို ဦးခေါင်းဖြင့် ဖူးပင့်မြောက်ဘိသကဲ့သို့ တက်သွားပြီးသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ပရိသတ်တို့သည် အရှင်ဘုရားတို့ကို ဖူးမြင်၍သာလျှင် သွားလိုကုန်ပါသည်၊ အဘယ်အခါ၌ လူ့ပြည်သို့ သက်ဆင်းတော်မူပါကုန်အံ့နည်းဟု မေးလျောက်၏။

ချစ်သားမောဂ္ဂလာန် အသင်၏နောင်တော်ကြီးဖြစ်သော သာရိပုတ္တရာသည် အဘယ်အရပ်၌ နေသနည်းဟု မေးတော်မူသဖြင့် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား သက်သပြည်၌ ဝါကပ်ဆိုပါသည်ဟု လျှောက်၏။ ချစ်သားမောဂ္ဂလာန် ငါဘုရားသည် ဤမှ ခုနစ်ရက်မြောက်သော မဟာပဝါရဏာနေ့၌ သက်သမြို့၏တံခါး၌ သက်ဆင်းတော်မူအံ့ ငါဘုရားကို ဖူးမြင်လိုကုန်သော သူတို့သည် ထိုသက်သမြို့၏ တံခါးသို့ လာရောက်စေကုန်သတည်း။ သာဝတ္ထိပြည်မှ သက်သမြို့တံခါးသို့ ယူဇနာသုံးဆယ် ဝေးကွာကုန်၏။ ဤမျှလောက်သော လမ်းခရီး၌ တစ်စုံတစ်ယောက်သော သူအား သုံးဆောင်ဖို့ရာ ရိက္ခာယူဖွယ်ကိစ္စမရှိ၊ ဥပုသ်သုံးသည်ဖြစ်၍ ကျောင်းဦးသို့ တရားနာခြင်းငှါ သွားသောအခါကဲ့သို့ လာရောက်ကြကုန်လေ့ဟူ၍ ထိုပရိသတ်တို့အား ကြားလေလေ့ဟု မိန့်တော်မူ၏။

အရှင်မောဂ္ဂလာန် မထေရ်သည်လည်း ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ကောင်းပါပြီဟု လျှောက်ထား၍ လူ့ပြည်သို့ ကြွလာပြီးသောအခါ မြတ်စွာဘုရား မိန့်တော်မူတိုင်း ကြား၏။

တာဝတိံသာမှ သက်ဆင်းတော်မူခြင်း

မြတ်စွာဘုရားရှင်သည် ဝါကျွတ်၍ ပဝါရဏာ ပြုပြီးသည်ရှိသော် သိကြားမင်းအား ဒကာတော် သိကြားမင်း ငါဘုရားသည် လူတို့၏ ခရီးလမ်းကြောင်းသို့ ကြွတော်မူအံ့ဟု ကြားတော်မူ၏။ သိကြားမင်းသည် ရွှေဖြင့်ပြီးသော စောင်းတန်း၊ ပဉ္စာမြားဖြင့်ပြီးသော စောင်းတန်း၊ ငွေဖြင့်ပြီးသော စောင်းတန်းဒူးဖြင့် သုံးခုသော စောင်းတန်း လှေကားတို့ကို ဖန်ဆင်း၏၊ ထိုစောင်းတန်း၏

အခြေတို့သည် သက်ဿမြို့၏ တံခါး၌ တည်ကုန်၏။ စောင်းတန်း၏ အဦးတို့သည် မြင်းမိုရ်တောင်ထိပ်၌ တည်ကုန်၏။ ထိုသုံးခုသော စောင်းတန်းလှေကားတို့တွင် လက်ယာနံပါး၌ ရွှေဖြင့်ပြီးသော စောင်းတန်းလှေကားသည် နတ်တို့၏သက်ဆင်းရာ ဖြစ်ပေ၏။ လက်ဝဲနံပါး၌ ငွေဖြင့်ပြီးသောစောင်းတန်းလှေကားသည် ဗြဟ္မာတို့၏ သက်ဆင်းရာ ဖြစ်ပေ၏၊ အလယ်၌ ပတ္တမြားဖြင့် ပြီးသော စောင်းတန်းလှေကားသည် မြတ်စွာဘုရားရှင်၏ သက်ဆင်းတော်မူရာ ဖြစ်ပေ၏။

မြတ်စွာဘုရားရှင်သည်လည်း မြင်းမိုရ်တောင်ထိပ်၌ တည်၍ နတ်ပြည်မှ သက်ဆင်းတော်မူသောအခါ၌ တန်ခိုးပြာဋိဟာကို ပြတော်မူ၍ အထက်သို့ ကြည့်တော်မူ၏။ ဗြဟ္မာ့ပြည်တိုင်အောင် တစ်ပြိုင်နက် တစ်ချက်တည်းသော ဟင်းလင်းအပြင် ဖြစ်ကုန်၏။ အောက်သို့ ကြည့်ရှုတော်မူသောအခါ အဝီစိငရဲတိုင်အောင် တစ်ခုတည်းသော ဟင်းလင်းအပြင် ဖြစ်၏။ ဖီလာဖြစ်သော အရပ်ရှစ်မျက်နှာသို့ ကြည့်ရှုတော်မူသောအခါ အသိန်းမက များပြားလှစွာသော စကြဝဋ္ဌာတို့သည် တစ်ခုတည်းသော ဟင်းလင်းအပြင်တို့ ဖြစ်ကုန်၏။ နတ်ဗြဟ္မာတို့သည် လူတို့ကို မြင်ရကုန်၏။ လူတို့သည်လည်း နတ်ဗြဟ္မာတို့ကို မြင်ရကုန်၏။ အလုံးစုံသော နတ်လူ ဗြဟ္မာတို့သည် မျက်မှောက်ဖြစ်၍သာလျှင် မြင်ရကုန်၏။

မြတ်စွာဘုရားရှင်သည် နီလ၊ ပီတ၊ လောဟိတ၊ ဩဒါတ၊ မဉ္ဇိဋ္ဌ၊ ပဘဿရဟု ဆိုအပ်ကုန်သော ခြောက်သွယ်သော ရောင်ခြည်တို့ကို လွှတ်တော်မူ၏။

ရွှေ, ငွေ, ပတ္တမြား စောင်းတန်းသုံးခု

ထိုနေ့၌ မြတ်စွာဘုရား အသရေတော်ကို ကြည့်ရှုဖူးမြော်၍ အဝန်းအားဖြင့် သုံးဆယ့်ခြောက်ယူဇနာရှိသော ပရိသတ်၌ တစ်ယောက်သော သူသည်လည်း ဘုရားအဖြစ်ကို မတောင့်တသောသူမည်သည်မရှိ။ ရွှေဖြင့်ပြီးသော စောင်းတန်းဖြင့် နတ်တို့သည် သက်ဆင်းကုန်၏။ ငွေဖြင့်ပြီးသော စောင်းတန်းဖြင့် ဗြဟ္မာတို့သည် သက်ဆင်းကုန်၏။ ပတ္တမြားဖြင့်ပြီးသော စောင်းတန်းဖြင့် မြတ်စွာဘုရားရှင်သည် သက်ဆင်းတော်မူ၏။

ပဉ္ဇသီခ အမည်ရသော ဦးစွန်းငါးလုံး ထုံးဖွဲ့အပ်သော ဂန္ဓဗ္ဗနတ်သားသည် ဝါးမှည့်အဆင်းရှိသော စောင်းကိုယူ၍ လက်ယာနံပါး၌ တည်ပြီးလျှင် မြတ်စွာဘုရားရှင်အား သီချင်းကိုသီ၍ သာယာစွာသော နတ်စောင်း၏အသံဖြင့် ပူဇော်ခြင်းကို ပြုလျက် သက်ဆင်း၏။ ချီးမြှင့်ခြင်းကို ပြုတတ်သော မာတလိနတ်သားသည် လက်ဝဲနံပါး၌တည်၍ နတ်၌ဖြစ်သော နံ့သာပန်းနွယ်, ပန်းပွင့်ကို ကိုင်ဆွဲပြီးသော် ရှိခိုးလျက် ပူဇော်ခြင်းကို ပြု၍ သက်ဆင်း၏။ မဟာဗြဟ္မာ မင်းသည် ထီးကိုဆောင်းမိုး၏။ သုယာမနတ်သားသည် သားမြီးယပ်ကို ဆောင်၏။

မြတ်စွာဘုရားရှင်သည် ဤသို့သော အခြံအရံနှင့်တကွ သက်ဆင်းတော်မူ၍ သက်ဿမြို့၏ တံခါး၌ တည်တော်မူ၏။

သာရိပုတ္တရာ မထေရ်သည်လည်း လာရောက်၍ မြတ်စွာဘုရားရှင်ကို ရှိခိုးပြီးသော် သာရိပုတ္တရာ မထေရ်သည် ထိုသို့သဘောရှိသော ဘုရား၏ အသရေတော်ဖြင့် သက်ဆင်းတော်မူသော မြတ်စွာဘုရားကို ဤမှ ရှေ့အဖို့၌ တစ်ရံတစ်ခါမျှ မမြင်ဖူးလေ။ ထိုကြောင့် ထိုဂါထာကို ဆို၏။

နမေ ဒိဋ္ဌော ဣတော ပုဗ္ဗေ၊ နသုတော ဥဒ ကဿစိ။
ဧဝံ ဝဂ္ဂုဂတော သတ္ထာ၊ တုသိတာ ဂဏိမာဂတော။

ဤမှ ရှေး၌ တပည့်တော်အား မမြင်ဖူးချေတကား၊ မမြင်ဖူးသည်မှတပါး တစ်စုံတစ်ယောက်သောသူ၏အထံမှ တစ်ဆင့်စကား ပြောသံကိုမျှ မကြားရဖူးချေ။ ဤသို့ တင့်တယ်စမ္ပယ်ခြင်းသို့ ရောက်သော မြတ်စွာဘုရားသည် အခြံအရံများစွာရှိ၍ တာဝတိံသာနတ်ပြည်မှ ကြွတော်မူလာချေတကား။

ဤသို့ စသည်ဖြင့် မိမိနှစ်သက်ခြင်းကို ပြပြီး၍ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား ယနေ့ အလုံးစုံသော လူ နတ် ဗြဟ္မာတို့သည်လည်း အရှင်ဘုရားတို့အား ချစ်မြတ်နိုးပါကုန်သည်၊ တောင့်တပါကုန်သည်ဟု ကြားလျှောက်၏။

အကျွတ်တရား ရသူပေါင်း ကုဋေသုံးဆယ်

ထိုအခါ အရှင်သာရိပုတ္တရာ မထေရ်ကို ဘုရားကိုယ်တော်မြတ်က ချစ်သား သာရိပုတ္တရာ ဤသို့ သဘောရှိသည်တို့နှင့် ပြည့်စုံကုန်သော ဘုရားရှင်တို့ကို ဗြဟ္မာ, နတ်, လူတို့အား ချစ်ခင် မြတ်နိုးခြင်း ဖြစ်ကုန်သည်သာလျှင်တည်းဟု မိန့်တော်မူပြီး၍ တရားတော်ကို ဟောကြားတော်မူလိုသောကြောင့် ဤဂါထာကို မိန့်တော်မူ၏။

ယေ စျာနပသုတာ ဓီရာ၊ နေက္ခမ္မူပသမေ ရတာ။
ဒေဝါပိ တေသံ ပိဟယန္တိ၊ သမ္ဗုဒ္ဓါနံ သတီမတံ။

အကြင်သူတို့သည် စျာန်၌ လေ့ကျက်ကုန်၏။ ကိလေသာမှ ထွက်မြောက်ခြင်း, ကိလေသာ၏ ငြိမ်းခြင်း၌ မွေ့လျော်၏။ သစ္စာလေးပါးကို သိကုန်သော လွန်ကဲသော သတ်ရှိကုန်သော ထိုပညာရှိတို့အား နတ်ဗြာဟ္မာတို့သည်လည်း ချစ်မြတ်နိုးကုန်၏။

ယေ စျာနပသုတာ=ဟူသည် လက္ခဏာကို စူးစိုက်ရှုခြင်း, အာရုံကို စူးစိုက်ရှုခြင်းဟူသော စျာန် ၂-မျိုးတို့၌ ဆင်ခြင်ခြင်း, ဝင်စားခြင်း, အဓိဋ္ဌာန်ခြင်း, ထမြောက်ခြင်း, ပေစွဝေက္ခဏာ ဆင်ခြင်ခြင်းတို့နှင့် ယှဉ်စပ် အားထုတ်ကုန်၏။

နေကွမ္မ။ပသမေ ရတာ=ဟူသည် ရဟန်းပြု တောထွက်မှုကို မယူရ။ ကိလေသာ ငြိမ်း၍ နိဗ္ဗာန်၌ ပျော်မွေ့ခြင်းကို ရည်ရွယ်၍ ဟောတော်မူသည်။

ဒေဝါပိ=ဟူသည် နတ်တို့သည်လည်းကောင်း၊ လူတို့သည်လည်းကောင်း၊ ထိုသူတို့ကို တောင့်တကုန် ချစ်ကုန်၏။

သတီမတံ=ဟူသည်ကား ဤသို့ သဘောရှိသော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသူတို့တွင် ထိုသတိနှင့် ပြည့်စုံကုန်သော သဗ္ဗညုဘုရားတို့၏ "ငါတို့ ကိုယ်တိုင် ဘုရားဖြစ်ရပါမူ ကောင်းလေစွ" ဤသို့ ဘုရားအဖြစ်ကို လိုချင်လျက် ချစ်မြတ်နိုးကြကုန်၏။

ဒေသနာတော်၏ အဆုံး၌ ကုဋ္ဌေသုံးဆယ်မျှလောက်ကုန်သော သတ္တဝါတို့အား အကျွတ်တရားကို ရခြင်း ဖြစ်လေ၏။

ရှင်သာရိပုတ္တရာ မထေရ်၏ အတူနေသော တပည့်ဖြစ်ကုန်သော ငါးရာကုန်သော ရဟန်းတို့သည် အရဟတ္တဖိုလ်၌ တည်ကုန်၏။

ပွင့်တော်မူလေပြီးကုန်သော အလုံးစုံသော အရှင်ဘုရားတို့အား မစွန့်အပ်သည်သာလျှင် ဖြစ်သော ယမိုက်ပြာဋိဟာကို ပြ၍ နတ်ပြည်၌ ဝါကပ်တော်မူပြီးသော် သက်ဿ မြို့တံခါး၌ သက်တော်မူ၏။ ထိုသက်ဿ မြို့တံခါး၌ ရှေးဦးစွာသော လက်ယာခြေတော်၏ တည်တော်မူရာ အရပ်သည် အစလစေတီ တည်ရာ အရပ်မည်သည် ဖြစ်ပေ၏။

ပြဿနာ မေးတော်မူခြင်း

မြတ်စွာဘုရားရှင်သည် ထိုသက်ဿ မြို့တံခါး၌ ရပ်တည်တော်မူ၍ ပုထုဇဉ်စသည်တို့၏ အရာတို့၌ ပြဿနာကို မေးတော်မူ၏။ ပုထုဇဉ် ပုဂ္ဂိုလ်တို့သည် မိမိအရာ၌ မေးအပ်သော ပြဿနာကို ဖြေဆို၍ သောတာပန်အရာ၌ မေးအပ်သော ပြဿနာကို ဖြေဆိုခြင်းငှါ မစွမ်းနိုင်ကုန်။ သောတာပန် ပုဂ္ဂိုလ်သည် သကဒါဂါမ် အရာ၌၊ သကဒါဂါမ် ပုဂ္ဂိုလ်သည် အနာဂါမ် အရာ၌၊ အနာဂါမ် ပုဂ္ဂိုလ်သည် ရဟန္တာအရာ၌ မေးအပ်သော ပြဿနာကို ဖြေဆုခြင်းငှါ မစွမ်းနိုင်ကြကုန်။ မဟာမောဂ္ဂလာန်မထေရ်အရာ၌ မေးအပ်သော ပြဿနာကို ကြွင်းကုန်သော မဟာသာဝကတို့သည် ဖြေဆိုခြင်းငှါ မစွမ်းနိုင်ကုန်။ သာရိပုတ္တရာ မထေရ်အရာ၌ မဟာမောဂ္ဂလာန် မထေရ်သည် ဖြေဆိုခြင်းငှါ မစွမ်းနိုင်။ ဘုရား၏ အရာ၌လည်း သာရိပုတ္တရာမထေရ်သည်လည်း ဖြေဆိုခြင်းငှါ မစွမ်းနိုင်သည် သာလျှင်တည်း။

ထိုမြတ်စွာဘုရားသည်လည်း အရှေမျက်နှာကို အစပြု၍ အလုံးစုံသော အရပ်မျက်နှာတို့ကို ကြည့်ရှုတော်မူ၏။ အလုံးစုံသော အရပ်မျက်နှာတို့၌

တစ်ခုတည်းသော ဟင်းလင်း အပြင်သည် သာလျှင် ဖြစ်လေ၏။ အရပ်ရှစ်မျက်နှာတို့၌ နတ်, လူတို့သည်လည်းကောင်း၊ အထက်၌ ဗြဟ္မာ့ပြည်တိုင်အောင် အောက်၌ မြေ၌ တည်ကုန်သော ရက္ခိုသ်, နဂါး, ဂဠုန်တို့သည်လည်းကောင်း လက်အုပ်ကို ချီမိုး၍ ရှိခိုးပြီးသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤအရာ၌ ထိုပြဿနာကို ဖြေဆိုနိုင်သောသူ မရှိပါ။ အရှင်မြတ်သည်သာလျှင် ဤအရပ်၌ စုံစမ်းဘော်မူပါကုန်လော့ဟု လျှောက်ကုန်၏။ မေးအပ်သော ပြဿနာကား ဤသို့တည်း–

ယေ စ သင်္ခါတဓမ္မာသေ၊ ယေ စ သေခါ ပုထူ ဣဓ။
တေသံ မေ နိပကော ဣရိယံ၊ ပုဋ္ဌော ပဗြူဟိ မာရိသ။

မြတ်စွာဘုရားရှင်သည် သာရိပုတ္တရာမထေရ်ကား ပင်ပန်း၏၊ ဘုရားအရာ၌ မေးအပ်သော ပြဿနာကို ကြား၍ မြတ်စွာဘုရားရှင်သည် ငါ့ကို သေခ, အသေခတို့၏ ရောက်ကြောင်း အကျင့်ကို မေးတော်မူလေသည်ဟု ပြဿနာ၌ ယုံမှားကင်း၏။ ခန္ဓာ အစရှိသည်တို့တွင်ကား အဘယ်မည်သော ခန္ဓာကို အရင်းမူလဖြင့် ဤအကျင့်ကို ပြောဆိုလျက် ငါသည် မြတ်စွာဘုရား၏ အလိုတော်ကို ယူခြင်းငှါ စွမ်းနိုင်အံ့လော မစွမ်းနိုင်အံ့လောဟု မြတ်စွာဘုရား၏ အလိုတော်၌ ယုံမှား၏။ ထိုသာရိပုတ္တရာသည် ငါဘုရား နည်းကို မပေးသည်ရှိသော် ဖြေဆိုခြင်းငှါ မစွမ်းနိုင်လတ္တံ့။ ထိုသာရိပုတ္တရာအား နည်းကို ပေးအံ့ဟု နှလုံးသွင်းတော်မူ၍ ချစ်သား သာရိပုတ္တရာ ဤမဟာဘုတ်ကို ကောင်းစွာ ရှုလေလော့။

ဤသို့သော အခြင်းအရာဖြင့် နည်းပေးတော်မူခြင်းမှာ သာရိပုတ္တရာသည် ငါဘုရား၏ အလိုကို ယူ၍ ဖြေဆိုသည်ရှိသော် ခန္ဓာ၏ အစွမ်းဖြင့် ဖြေဆိုလတ္တံ့ဟု ဤသို့သော အကြံတော်သည် ဖြစ်ပေသတတ်။ ထို့ကြောင့် ဤကဲ့သို့ နည်းပေးလေသတည်း။

အရှင်သာရိပုတ္တရာမထေရ်အား နည်းပေးသည်နှင့် တစ်ပြိုင်နက် ထိုပြဿနာသည် တစ်ရာသော နည်းဖြင့်လည်းကောင်း တစ်ထောင်သော နည်းဖြင့်လည်းကောင်း တစ်သိန်းသော နည်းဖြင့်လည်းကောင်း ထင်၏။

အရှင်သာရိပုတ္တရာ ပညာ

ထိုအရှင် သာရိပုတ္တရာသည် မြတ်စွာဘုရား ပေးတော်မူအပ်သော နည်း၌ တည်၍ ပြဿနာကို ဖြေဆိုတော်မူ၏။ မြတ်စွာဘုရားရှင်ကို ထား၍ သာရိပုတ္တရာ မထေရ်၏ ပြဿနာကို အမီလိုက်ခြင်းငှါ စွမ်းနိုင်သောသူမည်သည် တစ်စုံတစ်ယောက်မျှ မရှိ။ ထို့ကြောင့်သာလျှင် မထေရ်သည် ဘုန်းတော်ကြီးတော်

မူသော မြတ်စွာဘုရား တပည့်တော်သည် အလုံးစုံ စကြ၀ဠာတိုက်ကို မိုးရွာသည်ရှိသော် ဤမျှလောက်သော မိုးရေပေါက်တို့သည် မဟာသမုဒ္ဒရာ၌ ကျကုန်၏။ ဤမျှလောက်သော မိုးရေပေါက်တို့သည် မြေကြီး၌ ကျကုန်၏။ ဤမျှလောက်သော မိုးရေပေါက်တို့သည် တောင်၌ ကျကုန်၏ဟု ရေတွက်၍ ပိုင်းခြား ရေးသားခြင်းသို့ ထင်ခြင်းငှါ စုံမ်းနိုင်ပါသည်ဟု မြတ်စွာဘုရား ရှေတော်မှ ကောသရုဇာ ခြင်သေ့မင်းကဲ့သို့ ကြိမ်း၀ါး၏။

ဘုရားကိုယ်တော်မြတ်ကလည်း ချစ်သား သာရိပုတ္တရာ ထိုမိုးရေပေါက်တို့ကို အာသင်ရေတွက်ခြင်းငှါ စုံမ်းနိုင်သည်၏ အဖြစ်ကို ငါဘုရား သိတော်မူ၏ဟု မိန့်တော်မူ၏။

အရှင်သာရိပုတ္တရာ မထေရ်၏ ပညာ ကြီးကျယ်သော အရာ၌ ဥပမာ မည်သည် မရှိ။ ထိုသို့ နှိုင်းပြစရာ ဥပမာ မရှိသောကြောင့်သာလျှင် ဤဂါထာကို မိန့်တော်မူလေ၏—

ဂင်္ဂါယ ၀ါလုကာ ခီယေ၊ ဥဒကံ ခီယေ မဟဏ္ဏ၀ေ။
မဟိယံ မတ္တိကာ ခီယေ၊ န ခီယေ မမ ဗုဒ္ဓိယာ။

ဂင်္ဂါမြစ်၌ သဲထုသည် ကုန်ရာ၏။ သမုဒ္ဒရာ၌ ရေသည် ကုန်ရာ၏။ မြေကြီး၌ မြေမှုန့်သည် ကုန်ရာ၏။ ငါ၏ ပညာသည် မကုန်ရာ။

ရဟန်းတို့သည် ထိုသို့ ဖြေဆိုသော စကား၏ အကြောင်း ပြဿနာကို မေးအပ်သည် ရှိသော် အလုံးစုံလည်း ဖြစ်သော လူများအပေါင်းသည် ဖြေဆိုခြင်းငှါ မစွမ်းနိုင်။ ထိုပြဿနာကို တရားစစ်သူကြီး ဖြစ်တော်မူသော အရှင် သာရိပုတ္တရာ တစ်ပါးတည်းသာလျှင် ဖြေဆိုနိုင်လေသည် ဟူသော စကား၏ ဖြစ်စေကြကုန်၏။ မြတ်စွာဘုရားရှင်သည် ထိုစကား၏ ကြားတော်မူ၍ ချစ်သား ရဟန်းတို့ ငါ့သားတော် သာရိပုတ္တရာသည် ဤယခုအခါ၌သာလျှင် အကြောင်း ပြဿနာကို လူများအပေါင်းတို့သည် ဖြေဆိုခြင်းငှါ မစွမ်းနိုင်။ ထိုသူတစ်ပါး ဖြေဆိုခြင်းငှါ မစွမ်းနိုင်သော ပြဿနာကို ဖြေဆိုသည် မဟုတ်သေး။ ရှေး၌လည်း ဤသာရိပုတ္တရာသည် ဖြေဆိုဖူးသည် သာလျှင်တည်းဟု မိန့်တော်မူပြီး၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်၀တ္ထု

လွန်လေပြီးသော ရှေးအခါက ဗာရာဏသီ ပြည်မြတ်၌ ဗြဟ္မဒတ် မင်းကြီး မင်းပြုတော်မူသည် ရှိသော် ဘုရားအလောင်းသည် ဥဒိစ္စ ပုဏ္ဏားမျိုး၌ ဖြစ်၍ အစဉ်အတိုင်း ကြီးပွား၍ ပညာသင်ချိန်တိုင်သောအခါ တက္ကသိုလ်ပြည်သို့ သွားရောက်၍ ဒိသာပါမောက္ခ ဆရာ၏အထံ၌ မကျန်ကုံလုံ အလုံးစုံသော

အတတ်တို့ကို သင်ပြီးသော် တက္ကသိုလ်ပြည်မှု ပြန်လာခဲ့၍ ကာမဂုဏ်တို့ကို ပယ်စွန့်လျက် ရသေ့, ရဟန်း ပြုပြီးလျှင် ငါးပါးသော အဘိညာဉ် ရှစ်တန်သော သမာပယ်တို့ကို ဖြစ်စေ၍ ဟိမဝန္တာတော၌ နေ၏။

ဘုရားအလောင်းအား အခြံအရံ တပည့် ရသေ့ ငါးရာတို့သည် ရှိသည် ဖြစ်ကုန်၏။ ဘုရားလောင်း၏ တပည့်ကြီးဖြစ်သော ရသေ့သည် မိုးအခါကာလ ရောက်သည်ရှိသော် နှစ်ရာ့ငါးဆယ်သော တပည့် ရသေ့အပေါင်းကို ယူ၍ ချဉ်ဆား မြိုဝဲအံ့သော အလို့ငှါ လူ့ ပြည်သို့ သွား၏။

ထိုအခါ ဘုရားလောင်း ရသေ့၏ စုတေ သေလွန်သော ကာလသည် ဖြစ်၏။ စုတေ သေလွန်ခါနီး၌ ဘုရားလောင်းကို တပည့်တို့က ဆရာသည် အဘယ် ကျေးဇူးကိုရပါသနည်းဟု ရအပ်သော တရားကို မေးကုန်၏။ဘုရားလောင်းသည် တစ်စုံတစ်ခုသော စကားကို မပြောမဆို "နတ္ထိ ကိဉ္စိ"ဟု ပြောဆို၍ စုတေသည် ရှိသော် အာဘဿရဗြဟ္မာ့ဘုံ၌ ဖြစ်လေ၏။

ထိုစကားသည် မှန်၏။ ဘုရားအလောင်းတော်တို့သည် အရူပသမာပတ်ကို ရကုန်သော်လည်း အရူပဗြဟ္မာ့ဘုံသည် နိယတဗျာဒိတ် ရပြီးသော ဘုရား လောင်းတို့၏ လားကပ်ရာအရပ် မဟုတ် ဖြစ်သောကြောင့် အရူပဘုံ၌ မဖြစ်ကုန်။

တပည့်တို့သည် ငါတို့၏ ဆရာအား ရအပ်သော တရားမရှိဟု သင်္ဂြိုဟ်ရာ ဖြစ်သော သုသာန်၌ ပူဇော်သက္ကာရကို မပြုကုန်။ တပည့်ကြီးသည် ပြန်လာခဲ့၍ ငါတို့ဆရာသည် အဘယ်မှာနည်းဟု မေးသည်ရှိသော် စုတေသေလွန်ပြီဟု ကြားသိ၍ ဆရာ၏ ရအပ်သောတရားကို မေးလိုက်ကြကုန်သလောဟု ဆိုသဖြင့် မေးလိုက်ပါကုန်၏ဟု ပြောဆိုကုန်သည်ရှိသော် ငါတို့ဆရာသည် အဘယ်သို့ ပြောဆိုသနည်းဟု မေး၏။

ဆရာသည် "နတ္ထိ ကိဉ္စိ"ဟု ပြောဆိုပါသည်။ ထိုသို့ ပြောဆိုသောကြောင့် ငါတို့၏ဆရာသည် တစ်စုံတစ်ခုမျှသော တရားကို မရချေတကားဟု အောက်မေ့၍ ဆရာအား ပူဇော်သက္ကာရကို မပြုပါကုန်ဟု ဆိုကုန်ရာ၏။

သင်တို့အား ဆရာဆိုသော စကားအနက်ကို မသိကြကုန်။ ငါတို့၏ဆရာသည် အာကိဉ္စညာယတနသမာပတ်ကို ရတော်မူသည်ဟု ပြော၏။ ထိုရသေ့တို့သည် တပည့်ကြီးဖြစ်သော ရသေ့က အဖန်ဖန် ပြောဆိုပါသော်လည်း မယုံကြည် ကြကုန်။ ဘုရားအလောင်း အာဘဿရ ဗြဟ္မာကြီးသည် ထိုအကြောင်းကို သိ၍ အလွန်မိုက်ကုန်သော ရသေ့တို့သည် ငါ့တပည့်ကြီး၏စကားကို မမှတ်သား မယုံကြည်ကြကုန်။ ရသေ့တို့အား ထင်ရှားစွာ ပြုပေအံ့ဟု ဗြဟ္မာ့ပြည်မှု

သက်ဆင်းလာခဲ့၍ ရဲသေ့တို့၏ ကျောင်းသင်္ခမ်း ထိပ်အပြင်ဖြစ်သော အထက်ကောင်းကင်၌ ကြီးစွာသော တန်ခိုးအာနုဘော်ဖြင့် ရပ်တည်၍ တပည့်ကြီး၏ ပညာအစွမ်းကို ချီးမွမ်းလိုရကား ဤဂါထာကို ဆို၏။

ပရောသဟဿံ ပိ သမာဂတာနံ၊
ကန္ဒေယျုံ တေ ဝဿသတံ အပညာ။
ဧကောဝ သေယျော ပုရိသော သပညော၊
သော ဘာသိတဿ ဝိဇာနာတိ အတ္ထံ။

ညီညွတ်စွာ စည်းဝေးကုန်သော သူတို့၏ တစ်ထောင် အလွန်သည်လည်း အကယ်၍ ဖြစ်ခဲ့ငြားအံ့။ ပညာကင်းမဲ့ကုန်သော ထိုတစ်ထောင် အလွန်ရှိကုန်သော သူတို့သည် အနှစ်တစ်ရာပတ်လုံး ငိုကျေး မြည်တမ်းကုန်ငြားအံ့။ အနက်ကို လည်းကောင်း၊ အကြောင်းကိုလည်းကောင်း မသိမထင်ကုန်ရာ။ ထို့ကြောင့် အကြင်ယောကျ်ားသည် ဆိအပ်သော စကား၏ အနက်ကို သိနိုင်၏။ ပညာရှိသော ထိုယောကျ်ားသည် တစ်ထောင်ရှိသော သူတို့ထက် မြင့်မြတ်၏။

ဤသို့သော အခြင်းအရာဖြင့် ဘုရားအလောင်း ဗြဟ္မာမင်းသည် ကောင်းကင်၌ ရပ်တည်လျက် သာလျှင် တရားဟော၍ တပည့်အပေါင်းတို့ကို သိစေပြီးလျင် ဗြဟ္မာ့ပြည်သို့ ပြန်သွား၏။ ထိုရသေ့တို့သည်လည်း အသက်၏ အဆုံး၌ ဗြဟ္မာ့ပြည်သို့ လားကုန်၏။

မြတ်စွာဘုရားရှင်သည် ဤသို့သော ဓမ္မဒေသနာတော်ကို ဆောင်တော်မူ၍ ချစ်သားရဟန်းတို့ ဤယခုအခါ သာရိပုတ္တရာသည် ထိုအခါက ရသေ့တပည့်ကြီး ဖြစ်ဖူးပြီ။ ဤယခုအခါ ငါဘုရားသည်ပင်လျှင် ထိုအခါ အာဘဿရဗြဟ္မာကြီး ဖြစ်ဖူးပြီဟု ဇာတ်တော်ကို ပေါင်းရုံး၍ အကျယ်အားဖြင့် ဟောကြားတော်မူ၏။

[မြတ်စွာဘုရားရှင်သည် တာဝတိံသာ နတ်ပြည်မှ သက်ဿမြို့သို့ သက်ဆင်းကြွတော်မူရန် သိကြားမင်း ဖန်ဆင်းအပ်သော စောင်းတန်း၏ အရကို ပြဆိုရာ၌ ဤဓမ္မပဒ အဋ္ဌကထာကြီးနှင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာကြီးသည် အဆိုမညီညွတ်ကြ။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာကြီး၌ အလယ်၌ ပတ္တမြားစောင်းတန်း၊ လက်စဲ၌ နတ်တို့ သက်ဆင်းရာ ရွှေစောင်းတန်း၊ လက်ယာ၌ ဗြဟ္မာတို့ သက်ဆင်းရာ ငွေစောင်းတန်းဟု မိန့်ဆိုလေသည်။ ယခု ဤဝတ္ထု ကျမ်းမှာမူကား အမှီပြုရင်း ပဓာန ဓမ္မပဒအဋ္ဌကထာကြီးအတိုင်း ရေးသားပါသည်]။

ဒေဝေါရောဟနဝတ္ထု ပြီး၏။

၃။ ရေကပတ္တ နဂါးမင်းဝတ္ထု

ကိစ္ဆော မနုဿပဋိလာဘော–အစရှိသော ဤတရား ဒေသနာတော်မြတ်ကို မြတ်စွာဘုရားရှင်သည် ဗာရာဏသီမြို့ကိုအမှီပြု၍ ခုနစ်ပင်သော ကုဋေလုပင် အစုဘို့၏ အရင်းခံ သီတင်းသုံးနေတော်မူစဉ် ရေကပတ္တမည်သော နဂါးမင်းကို အကြောင်းပြု၍ ဟောကြားတော်မူသည်။

ထိုရေကပတ္တနဂါးမင်းသည် လွန်လေပြီးသောအခါ ကဿပဘုရားရှင်လက်ထက် ရဟန်းငယ်တစ်ပါးဖြစ်၍ ဂင်္ဂါမြစ်ခံ့ လှေကူးစီး၍ သွားသည်ရှိသော် တစ်ခုသော ပိန်းမြက်ခူံခံ့ တစ်ခုသော ပိန်းရွက်ကို လက်ဖြင့်ကိုင်ဆဲမိလေ၍ လှေသည် အဟုန်ဖြင့် သွားသော်လည်း မလှုပ်ဘဲနေသဖြင့် ထိုပိန်းရွက် ပြုတ်တောက်၍ သွားမိလေ၏။ ထိုရဟန်းငယ်သည် ဤအာပတ်အပြစ်ကား မဖြစ်လောက်ဖွယ် အနည်းငယ်မျှသာတည်းဟု အောက်မေ့၍ ဒေသနာမကြားမူ၍ အနှစ် နှစ်သောင်းတို့ ကာလပတ်လုံး တောကြီးအတွင်း၌ ရဟန်းတရားကို ပွားများအားထုတ်ခြင်း အမှု–ပြုပါသော်လည်း သေခါနီးကာလ ပိန်းရွက်ဖြင့် လည်၌ရစ်ပတ်ဆဲယူဘိသကဲ့သို့ ထင်မြင်လာ၍ အာပတ်ကို ဒေသနာကြားခြင်းငှါ အလိုရှိပါသော်လည်း ဒေသနာခံယူတတ်သော တစ်ပါးသော ရဟန်းကို မတွေ့ရ၍ ငါ၏ သီလသည် မစင်ကြယ်လေစွတကားဟု နှလုံးမသာယာလှက် သာလျှင် ထိုရဟန်းဘဝမှ စုတေသေလွန်ခဲ့၍ တစ်ခုသော သစ်ပင်ကို လုံးချင်း ထွင်းသော လှေစကျင်းပမာဏရှိသော နဂါးမင်းသည် ဖြစ်လေ၏။ ထိုနဂါးမင်း အား ရေကပတ္တဟူသော အမည်သည် ဖြစ်၏။ နဂါးဘဝ ဖြစ်ရသောခဏ၌ပင်လျှင် အသင်္ဃာန် ခန္ဓာကိုယ် အတ္တဘောကိုကြည့်၍ ဤမျှလောက် ကြာမြင့်ရှည်စွာသော ကာလပတ်လုံး ရဟန်းတရားကို အားထုတ်ခဲ့ပါလျက် ဖားစိမ်းကိုစားရသော အဟိတ်တိရိစ္ဆာန်မျိုး အရပ်၌ဘဝနှင့် ဖြစ်ရလေသည်ဟု ကြံစည်လျက် နှလုံးမသာယာခြင်းသည် ဖြစ်၏။

မြတ်စွာဘုရားပွင့် မပွင့် စုံစမ်းခြင်း

ထိုရေကပတ္တနဂါးမင်းသည် နောက်အဖို့၌ တစ်ယောက်သော သမီးကိုရ၍ ဂင်္ဂါမြစ်အလယ်ရေ အဖြင်ထက်၌ ကြီးကျယ်စွာသော ပါးပျဉ်းကိုပင့်ချိုလျက်မိမိ၏ သမီးကို ထိုပါးပျဉ်းထက်၌ ထားပြီးလျှင် ကပြလျက် သာယာစွာသီဆိုစေ၏။ ထိုနဂါးမင်းအား ဤသို့သောအကြံသည် ဖြစ်ပေး တတ်။ ဒုဂ္ဂတိဘဝ ဖြစ်ရသော ငါ့သည် ဤအရပ်၌နှင့် ဥပါယ်တံမျှင်ဖြင့် မြတ်စွာဘုရား ပွင့်တော်မူခဲ့သည်ရှိသော် ထိုမြတ်စွာဘုရား၏ ဖြစ်ပွင့်တော်မူသည်အဖြစ်ကို အမှန်ကြားသိရပေလိမ့်မည်ဟူသော အကြံသည် ဖြစ်၏။

အကြင်သူသည် ဤ သီချင်း၏ ဖြေကြား တုံ့ပြန် သီချင်းကို ရွတ်ဆိုဆောင်နိုင်ခဲ့အံ့။ ထိုသူအား အလွန်ကြီးမားသော နဂါးမင်းစည်းစိမ်နှင့်တကွ သမီးကို ဆောင်နှင်းပေအံ့ဟု ကြေညာ၍ လခဲ့တိုင်း ဥပုသ်နေ့၌ ထိုသမီးငယ်ကို ကြီးကျယ်ဖြန့်ခင်း ပါးပျဉ်းထက်၌ တင်ထားလေ၏။ ထိုနဂါးမ သတို့သမီးသည် ကြီးကျယ်ဖန်ဆင်း ပါးပျဉ်းထက်၌ ရပ်တည်လျက် ကပြလျက် 'ကိံသု အဓိပ္ပတိရာဇာ' အစရှိသော ဤသီချင်းဂါထာကို သီဆိုလေ၏။

ကိံသု အဓိပ္ပတိရာဇာ၊ ကိံသု ရာဇာ ရဇ္ဇိသရော။
ကထံသု ဝိရဇော ဟောတိ၊ ကထံ ဗာလော တိ စုစ္စတိ။

အာဘယ်အရာကို အစိုးသူသည် ဘုရင်ဖြစ်သနည်း၊ ထိုဘုရင်သည် အာဘယ်သို့လျှင် တိုင်းပြည်ကို အစိုးရသနည်း၊ အာဘယ်သို့လျှင် မြို့ကင်းသူ ဖြစ်ပါသနည်း၊ အာဘယ်သို့လျှင် လူမိုက်ဟု ဆိုအပ်ပါသနည်း။

ဇမ္မူဒိပ်ကျွန်းအလုံး၌ နေကုန်သော လူတို့သည် နဂါးမငယ်ကို ဆောင်ယူမည်ဟု စိတ်ထားဖြင့် သွားရောက်ကြ၍ မိမိ၏ပညာ အစွမ်းဖြင့် အဖြေသီချင်းတုံ့ကိုပြု၍ သီဆိုကြကုန်၏။ နဂါးမငယ်သည် သီဆိုလာကြသော ထိုလူအပေါင်းကို ပယ်ချလေ၏။ ထိုနဂါးမငယ်၏ လခဲ့တိုင်းလျှင် ပါးပျဉ်း၌ ရပ်တည်လျက် ဤနည်းအတိုင်း သီဆိုလျက်သာလျှင် တစ်ဆူသော ဘုရားရှင်၏ အကြားကို ကျော်လွန်လေ၏။

မြတ်စွာဘုရား ပွင့်တော်မူကြောင်း သတင်းကောင်းရခြင်း

ထိုမှနောက်၌ ငါတို့ မြတ်စွာဘုရား ရှင်သည် လူတွင်ထင်ရှား ဘုရားဖြစ်တော်မူ၍ တစ်နေ့သ၌ မိုးသောက်ချိန်တွင် လောကကို ကြည့်ရှုတော်မူသည်ရှိသော် ကိုယ်တော်၏ ဉာဏ်တော်ကွန်ရက် အတွင်းသို့ သက်ဆင်း၀င်ကျလာသော-ဧရကပတ္တ နဂါးမင်းကိုအစပြု၍ ဥတ္တရလုလင်ကို မြင်တော်မူလေ၏။ အကြောင်းအသို့ ဖြစ်လတ္တံ့နည်းဟု ဆင်ခြင်တော်မူပြန်သည် ရှိသော် ဤယာနေ့ ဤအခါသည်ကား ဧရကပတ္တ နဂါးမင်းသည် မိမိ၏ သမီးငယ်ကို ပါးပျဉ်းထက်၌ထား ပြီးလျှင် ကခုန်ပြသစေအံ့သော နေ့ပေတည်း။ ဤဥတ္တရ လုလင်သည် ငါမြတ်စွာဘုရား ပေးသနားအပ်သော အဖြေသီချင်းတုံ့ကို သင်ယူလွှက်သာလျှင် သောတာပန်ဖြစ်၍ ထိုသီချင်းတုံ့ကို သင်ယူပြီးသည်ကာလ ဧရကပတ္တနဂါးမင်း၏ ထံသို့ သွားရောက်ပေလတ္တံ့၊ ထို့ရေကပတ္တနဂါးမင်းသည် ထိုသီချင်းကိုကြား၍ ဘုရားဖြစ်တော်မူပြီဟု သိပြီးလျှင် ငါဘုရားရှင်၏ ထံမှောက်သို့ လာရောက်ပေလတ္တံ့။ ငါဘုရားသည် ထို့ရေကပတ္တ နဂါးမင်း လာရောက်သည်ရှိသော် ကြီးကျယ်လှစွာသော အဂည်းအ၀းကြီး၌ စုဝေးထင်ရှား ပရိသတ်အများအား တရားဂါထာကို ကောင်းစွာ ဟောပြရပေလတ္တံ့။ တရားဂါထာ ဒေသနာ

တော်အဆုံးဌ ရှစ်သောင်းလေးထောင်ကုန်သော သတ္တဝါတို့အား သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားသိမြင် အစဉ်မချတ် အကျတ်တရားကို ရသည်ဖြစ် လတ္တံ့ဟု မြင်တော်မူ၏။ ထိုမြတ်စွာဘုရားသည် ထိုအရပ်ဌာနသို့ ကြွတော်မူ၍ ဗာရာဏသီပြည်မှ မနီးမဝေးသော အရပ်ဌာနဌ် ကုက္ကိုပင်ခုနစ်ပင် အစုသည် ရှိ၏။ တစ်ခုသော ကုက္ကိုပင်၏အရင်းဌ သီတင်းသုံးစံနေတော်မူ၏။

ဇမ္မူဒိပ်ကျန်းဌ် နေကုန်သော လူတို့သည် နဂါးမ သတို့သမီး သီဆိုအပ်သော သီချင်း၏ အဖြေဖြစ်သော အတုံ့သီချင်းကိုယူလို၍ စုဝေးကြကုန်၏။ မြတ်စွာဘုရားရှင်သည် ကုက္ကိုပင်ကြီး၏ အနီးဖြစ်သော ခရီးလမ်းမ နေရာဌာနဌ် သွားသော ဥတ္တရလုလင်ကို မြင်တော်မူ၍ အချင်းဥတ္တရ လာခဲ့ဦးလော့ဟု မိန့်တော်မူ၏။ ဥတ္တရလုလင်က ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အကြောင်းအသို့နည်းဟု မေးလျှောက်သည်ရှိသော် အချင်းဥတ္တရ ရှေးဦးစွာဂါဘုရားထံပါး ဤအရပ်သို့ ချဉ်းကပ်ဝင်မြောက် လာရောက်ဘိဦးလော့ဟု မိန့်တော်မူ၏။ ထို အခါ မြတ်စွာဘုရားအား ရှိခိုးဦးချထိုင်နေသော ထိုဥတ္တရလုလင်ကို မြတ်စွာဘုရားရှင်က အသင် ဘယ်အရပ်သို့ သွားမည်နည်းဟု မေးတော်မူ၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ရောက်ပတ္တနဂါးမင်း၏ သမီးဖြစ်သော နဂါးမငယ် သီချင်းသီဆိုရာအရပ်သို့ သွားပါအုံ့ဟု လျှောက်ကြားသဖြင့် ထိုသို့ တပြီးကား နဂါးမငယ် သီဆိုအပ်သော သီချင်း၏ အဖြေဖြစ်သော အတုံ့အပြန် သီချင်းကို သိပါ၏လောဟု မေးတော်မူသည်ရှိသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား သိပါ၏ဟု လျှောက်ကြားသောအခါ ရှေးဦးစွာ အသင်သိမြင်သော သီချင်းတုံ့ကို ရွတ်ဆိုဘိဦးလော့ဟု မိန့်တော်မူ၏။ ထိုအခါ မိမိသိမြင်သော အမှတ်ဖြင့်သာလျှင် သတ်မှတ်ရွတ်ဆိုသော ထိုဥတ္တရလုလင်ကို အချင်းဥတ္တရ အသင်၏ဉာဏ်ဖြင့် စိမ်းပြုစုလျက် ယခု အသင်ရွတ်ဆိုအပ်သော ဤအဖြေသီချင်းသည် နဂါးမငယ်၏ သီချင်းကို ပြန်လှန် ဖြေဆိုသောသီချင်းမဟုတ်ပေ။ ဂါဘုရားသည် အသင့်အားဖြင့်ကြားသော သီချင်းတုံ့ကို ပေးသနားတော်မူအုံ့။ ဂါဘုရား ပေးသနားသော ထိုသီချင်းတုံ့ကို အသင်လုလင်သည် သင်ယူ၍ သွားလတ္တံ့လောဟု မေးတော်မူသဖြင့် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ကောင်းလှပါပြီ သင်ယူ၍ သွားပါအုံ့ဟု ကြားလျှောက်၏။ထိုအခါ ဥတ္တရလုလင်ကို ဘုရားရှင်ကိုယ်တော်မြတ်က အချင်းဥတ္တရ "ကိုသု အဓိပ္ပတိ ရာဇာ" အစလာသော ဤဂါထာကို နဂါးမ သတို့သမီးငယ် သီဆိုသောကာလဌ် အသင် လုလင်က "ဆဒ္ဒါရာ ဓိပ္ပတိ ရာဇာ" အစလာသော ဤဂါထာ သီချင်းတုံ့ကို သီဆိုပါလေလော့။

ဆဒ္ဒါရာဓိပ္ပတိ ရာဇာ၊ ရဇ္ဇမာနော ရဇ္ဇံသာရော။
အရဇ္ဇံ ဝိရဇော ဟောတိ၊ ရဇ္ဇံ ဗာလော တိ ဝုစ္စတိ။

ဒ္ဓါရခြောက်ပါးကို အစိုးရသောသူသည် ဘုရင်ဖြစ်၏။ အာရုံခြောက်ပါး၌ ငြိကပ်တပ်မက်သူသည် အာရုံခြောက်ပါးဘည်းဟူသော နိုင်ငံကို အုပ်စိုးသူဖြစ်၏။ တပ်မက်မှု မရှိသူသည် ကိလေသာ မြူကင်းသူ ဖြစ်၏။ တပ်မက်သူကို ဗာလ-လူမိုက်ဟု ဆိုအပ်၏။

သတ္ဂိသမီးငယ်ဆိုအပ်သော ဂါထာ၏ အနက်အဓိပ္ပါယ်မှာ-

ကိံသု အဓိပ္ပတိ ရာဇာ-ဟူသည် အဘယ်ကို အစိုးရသူသည် ရာဇာ မည်သနည်း၊ အဘယ်သို့လျှင် မင်းသည် တိုင်းပြည်ကို အစိုးရလေသနည်း။

ကထံသု ဝိရဇော ဟောတိ-ဟူသည် ထိုမင်းသည် အဘယ်သို့လျှင် ကိလေသာ မြူ ကင်းသည် ဖြစ်သနည်း။

ပြန်လည်ဆိုသောသော ဂီတ၏ အနက်အဓိပ္ပါယ်ကား-

ဆဒ္ဓါရာ ဓိပ္ပတီ ရာဇာ-ဟူသည် ခြောက်ဒ္ဓါရတို့ကို အစိုးရသော သူသည် ဒ္ဓါရတစ်ခု၌သော်လည်း ရူပါရုံစသည်တို့သည် မနှိုင်စက်အပ်၊ ထို့ကြောင့် ဤသူသည် ဘုရင်မင်းမည်၏။

ရဇ္ဇမာနော ရဇ္ဇိဿရော-ဟူသည် ထိုထို အာရုံတို့၌ ငြိကပ်တပ်မက်သောသူသည် တပ်မက်သည်ဖြစ်၍ တပ်မက်မှု၏ အရှင်သခင် မည်၏။

အရဇ္ဇံ-ဟူသည် မတပ်မက်သောသူသည် ကိလေသာမြူ ကင်းသည်မည်၏။

ရဇ္ဇံ-ဟူသည် တပ်မက်သောသူကို ဗာလဟု ဆိုအပ်၏။

ထိုနောက်တစ်ဖန် "ကေနဿ ဝုယှတိ ဗာလော" အစရှိသော ဤဂါထာကို နဂါးမ, သတ္ဂိသမီးငယ် သီဆိုလတ္တံ့။

ကေနဿု ဝုယှတိ ဗာလော၊ ကထံ နုဒတိ ပဏ္ဍိတော။
ယောဂကွေမီ ကထံ ဟောတိ၊ တံ မေ အက္ခာဟိ ပုစ္ဆိတော။

သူမိုက်သည် အဘယ်တရားဖြင့် မျောပါသနည်း၊ ပညာရှိသည် အဘယ်ကဲ့သို့ နုတ်ပယ်သနည်း၊ အဘယ်သို့လျှင် ယောဂလေးပါး ငြိမ်းအေးသူ ဖြစ်သနည်း။ ကျွန်ုပ်မေးသော ဤမေးခွန်းများကို ဖြေပါလော့။

ထိုအခါ သတ္ဂိသမီးအား "သင်သည် ဤအဖြေသီချင်းကို သီဆိုလေလော့"

ဩဃေန ဝုယှတိ ဗာလော၊ ယောဂါ နုဒတိ ပဏ္ဍိတော။
သဗ္ဗယောဂ ဝိသံယုတ္တော၊ ယောဂကွေမီတိ ဝုစ္စတိ။

လူမိုက်သည် သြဃလေးပါးဖြင့် မျောပါနေ၏။ ပညာရှိသည် ကောင်းစွာ အားထုတ်ခြင်း သမ္မပ္ပဓာန်ဖြင့် ထိုသြဃကို နှုတ်ပယ်၏။ ယောဂအားလုံးနှင့် မယှဉ်သောသူကို ယောဂကုန်ဆုံးသူဟူ၍ ဆိုအပ်၏။

ထိုဂါထာ၏ အဓိပ္ပါယ်ကား– ကာမောဃ အစရှိသော သြဃလေးပါးဖြင့် လူမိုက်သည် မျောပါနေ၏။ ထိုသြဃကို ပညာရှိသည် သမ္မပ္ပဓာန် လုံ့လဖြင့် နှုတ်ပယ်၏။ ထိုပုဂ္ဂိုလ်သည် အလုံးစုံသော ကာမယောဂ စသည်တို့နှင့် မယှဉ်သောကြောင့် ယောဂကုန်ပြီးသူဟူ၍ ဆိုအပ်၏။

အဖြေဝိသဇ္ဇနာ သီချင်းတုံနှစ်ဂါထာတို့ကို ဥတ္တရလုလင်အား သင်ကြား၍ ပေးသနားတော်မူ၏။

ဥတ္တရလုလင်သည် အဖြေဝိသဇ္ဇနာ ဤသီချင်းတုံဂါထာကို သင်ယူလျက် သာလျှင် သောတာပတ္တိဖိုလ်၌ တည်လေ၏။

နဂါးမငယ်နှင့် ဥတ္တရလုလင်တို့ တွေ့ဆုံပုံ

ထိုဥတ္တရလုလင်သည် ဒိဋ္ဌိ ဝိစိကိစ္ဆာ ပယ်ခွါဖြတ်မှုန် သောတာပန်ဖြစ်၍ မြတ်စွာဘုရား ပေးသနားတော်မူအပ်သော ထိုဂါထာကို ကောင်းစွာယူဆောင်သွားရောက်၍ များလှစွာသော ပရိသတ်အစည်းအဝေး၌ အိုအချင်းတို့ ငါသည် နဂါးမ, သတို့သမီးငယ် သီဆိုအပ်သော သီချင်း၏ အဖြေဝိသဇ္ဇနာသီချင်းတုံကို ဆောင်ယူခဲ့ပါသည်။ အကျွန်ုပ်အား အခွင့်ကို ပေးသနားတော် မူကြကုန်လော့ဟု တောင်းပန်ပြောဆို၏။ လူအပေါင်းအား အစဉ်အတိုင်း ကျော်ဖြတ်လျက် သွားလေ၏။ နဂါးမငယ်သည် ဖခင်ဖြစ်သော ဧရကပတ္တနဂါးမင်း၏ ပါးပျဉ်း ထက်၌ ရပ်တည်လျက် ကုန်ပြီးသူဟူ၍ ဆိုအပ်သော ဂါထာကို သီဆို၏။

ဥတ္တရလုလင်သည် ဆဒ္ဒါရာ မိပွတိ ရာဇာ စသော အဖြေဝိသဇ္ဇနာ ဤသီချင်းတုံဂါထာကို သီဆိုလေ၏။

တဖန် နဂါးမငယ်သည် ကေနသု ဝုယ္ဟတိ စသော ဤအမေးပုစ္ဆာ ဂါထာသီချင်းကို သီဆိုပြန်၏။

ထိုအခါ ဥတ္တရလုလင်သည် "သြဃေန ဝုယ္ဟတိ" အစရှိသော ဤသီချင်းတုံဂါထာကို သီဆိုပြန်လေ၏။

ဧရကပတ္တ နဂါးမင်းသည် ဥတ္တရလုလင် ဖြေကြားသော သီချင်းတုံဂါထာ တရားတော် အလာကို ကောင်းစွာ ကြားနာရသည် ဖြစ်၍သာလျှင် ဘုရားရှင် ကိုယ်တော်မြတ် ပွင့်တော်မူလာသော အဖြစ်ကိုသိ၍ ငါသည်

တစ်ဆူသော ဘုရားရှင်အကြား ကာလပတ်လုံး ဤသို့ သဘောရှိသော မြတ်စွာဘုရား၏ တရားတော်သံမည်သည်ကို တစ်ခါတစ်ရံမျှ မကြားရဖူးချေ။ အိုအချင်းတို့ လောက၌ သစ္စာလေးပါး ပိုင်းခြားသိမြင် ဘုရားရှင် ကိုယ်တော်မြတ်သည် ဖြစ်ပေါ်ခဲ့ချေပြီတကားဟု ဥဒါန်းကျူးရင့်လျက် နှစ်သက်သော စိတ်ရှိသည်ဖြစ်၍ အမြီးဖြင့် ရေကို ရိုက်ခတ်၏။ ကြီးစွာသော လှိုင်းတံပိုးတို့သည် အဟုန်ကြီးစွာ ထကုန်၏။ ဂင်္ဂါမြစ်ထက် နှစ်ဖက်သော ကမ်းတို့သည် ဖြန်းဖြန်းပြိုကွဲကုန်၏။ ဤမှ-ထိုမှ တစ်ဦးသဘမျှလောက်သော အရပ်၌ တည်ရပ်၍ ရှိကြကုန်သော လူတို့သည် ရေဖြင့် လွှမ်းမိုးနစ်မြုပ်ကုန်၏။ ထို ရေကပတ္တနဂါးမင်းသည် ရေဖြင့် လွှမ်းမိုးနစ်မြုပ်ကုန်သော ဤမျှအတိုင်း အရှည်ရှိသော လူအပေါင်းကို ပါးပျဉ်ထက်၌ တင်ထား၍ ပင့်မ မြောက်ယူ ပြီးလျှင် ကုန်းထက်၌ တည်စေ၏။

နဂါးမင်း ဘုရားထံတော်မှောက် ရောက်ခြင်း

ရေကပတ္တနဂါးမင်းသည် ဥတ္တရလုလင်သို့ ချဉ်းကပ်၍ အရှင်ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ယခုအဘယ်အရပ်မှာ ရှိသနည်းဟု မေးမြန်သော အခါ မြတ်သောမင်းကြီး တစ်ခုသော သစ်ပင်ရင်း၌ သီတင်းသုံးလျက် ရှိပါသည်ဟု ပြော၏။ ရေကပတ္တ နဂါးမင်းသည် အရှင် လာလှည့်လော့ မြတ်စွာဘုရားထံတော်သို့ သွားကြကုန်အံ့ဟု ပြောဆိုပြီးလျှင် ဥတ္တရလုလင်နှင့် အတူတကွ သွားလေ၏။ လူများအမေါင်းလည်း ထိုရေကပတ္တ နဂါးမင်းနှင့် အတူတကွ သာလျှင် လိုက်ပါဝန်းရံ၍ သွား၏။ နဂါးမင်းသည် အစဉ်အတိုင်း သွား၍ ကိုယ်တော်မြတ်မှ အစဉ်မပြတ် ထွက်လျက်ရှိသောခြောက်သွယ်သော ရောင်ခြည်တော်တို့၏ အရောင်တွင်းသို့ ဝင်ပြီးလျှင် မြတ်စွာဘုရားရှင်ကို ကြည်လင်ညွှတ်ကျူး ရှိခိုးပြီး၍ ငိုကြွေးလျက်သာလျှင် တည်နေ၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် ထိုနဂါးမင်းကို နဂါးမင်း ဤကဲ့သို့ ငိုကြွေးသော အခြင်းအရာသည် အကြောင်းသို့ပါနည်းဟု မေးတော်မူ၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်သည် အရှင်ကဲ့သို့ သဘောရှိသော မြတ်စွာဘုရား၏ တပည့်သားအစစ် ဖြစ်ခဲ့၍ အနှစ်နှစ်သောင်းတို့ ပတ်လုံး ရဟန်းတို့ တရားကို အားထုတ်ရွက်ဆောင်၍ ပြုခဲ့ပါသည်။ ထိုရဟန်းတရားသည်လည်း အကျွန်ုပ်ကို ချမ်းသာသို့ ပေါက်ရောက်အောင် ထုတ်ဆောင်ခြင်းငှါ မစွမ်းနိုင်ပါ။ အနည်းငယ်မျှသော ပိန်းရွက်ဖြတ်ခြင်းမျှလောက် အပြစ်ကို မှီ၍ အဟိတ် ပဋိသန္ဓေ တည်နေစွဲယူပြီးလျှင် ရင်ဖြင့် လုံ့လပြု၍ သွားလာဆောင်စွမ်းရသော နေရာဌာန ဒုဂ္ဂတိဘဝ၌ ဖြစ်ရပါသည်၊ တစ်ဆူသော ဘုရားရှင်အကြား ကာလပတ်လုံး လူ၏အဖြစ်ကို တပည့်တော်မရပါ။ သူတော်ကောင်း၏ တရားကြားနာခြင်းကို မရပါ။ အရှင်ဘုရားကဲ့သို့ သဘောရှိသော မြတ်စွာဘုရားရှင်ကို

ဖူးမြင်ခြင်း အခွင့်မရပါ။ထိုအကြောင်းကြောင့် စိုးရိမ်ပူဆွေး ငိုကြွေးမိပါသည်ဟု ကြားလျှောက်၏။ မြတ်စွာဘုရားရှင်သည် ထိုနဂါးမင်း၏ စကားကို ကြား၍ မြတ်သော မင်းကြီး လူ၏အဖြစ် မည်သည် ရခဲသည်သာလျှင်တည်း။ ထိုအတူ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ရခဲသည်သာလျှင်တည်း ထိုအတူ ဘုရားပွင့်တော်မူသော ကာလလည်း ရခဲသည်သာလျှင်တည်း။ မြတ်သော မင်းကြီး ဤလူအဖြစ်ကို ရခြင်း သူတော်ကောင်း တရားကို ကြားနာခွင့်ရခြင်း ဘုရားပွင့်တော်မူသော ကာလရခြင်းကို ငြိုငြင်ပင်ပန်းသဖြင့်သာလျှင် ရအပ်ပေ၏။ လွယ်လင့်တကူ ရအပ်သည် မဟုတ်ချေဟု မိန့်တော်မူဦး၍ တရားတော်ကို ဟောကြားဘော်မူလိုသောကြောင့် ဤဂါထာကို မိန့်တော်မူ၏။

ကိစ္ဆော မနုဿပဋိလာဘော၊ ကိစ္ဆံ မစ္စာန ဇီဝိတံ။
ကိစ္ဆံ သဒ္ဓမ္မဿဝနံ၊ကိစ္ဆော ဗုဒ္ဓါနမုပ္ပါဒေါ။

လူဘဝကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်းတရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်း ပေါ်ပေါက်လာရခြင်းသည် အလွန်ခဲယဉ်း၏။

အဓိပ္ပါယ်ကား။ ။ကြီးမားသော လုံလဖြင့် ကြီးမြတ်ခသာ ကုသိုလ်ဖြင့် သာလျှင် ရအပ်သောကြောင့် လူဘဝရခြင်းမည်သည် ခဲယဉ်း၏၊ မလွယ်ကူချေ။ အမြဲမပြတ် လယ်ထွန်ခြင်းအမှု စသည်တို့ကို ပြု၍ အသက်မွေးခြင်းကို အားထုတ်ရသောကြောင့် လည်းကောင်း သက်တမ်းတို့သောကြောင့် လည်းကောင်း သတ္တဝါတို့၏ အသက်ရှင်ရခြင်းသည် ဆင်းရဲငြိုငြင် ပင်ပန်း၏ များစွာသော ကပ်ကမ္ဘာဥဿလည်း တရားဟောတတ်သော ပုဂ္ဂိုလ်ကို ရခဲသောကြောင့် တရားနာရခြင်းသည်လည်း ခက်ခဲ၏။ ပြည့်စုံသော လုံလဖြင့် ပါရမီတော်ကို ဖြည့်ဆည်း ရသောကြောင့် လည်းကောင်း၊ ပါရမီဖြည့်ဆည်းပူးရာ၌ ဘဝပေါင်း ကုဋေကုဋာ ကြာရှည်စွာဖြင့် ဖြည့်ဆည်းရသောကြောင့် လည်းကောင်း ဖြစ်ဖို့ရန် အလွန်ခက်သော ဘုရားရှင်ပွင့်တော်မူခြင်းသည်လည်း ခက်ခဲသည်သာတည်း။

တရားနာရခြင်း၏ အကျိုး

တရားဒေသနာ၏ အဆုံးဌ ရှစ်သောင်းလေးထောင်ကုန်သော သတ္တဝါတို့အား သစ္စာလေးပါး တရားကို ပိုင်းခြားသိမြင်သောအားဖြင့် အကျတ် တရားကို ရသည် ဖြစ်လေ၏။

ရေကပတ္တ နဂါးမင်းသည်လည်း တိဟိတ်ပဋိသန္ဓေ တည်နေစဉ်ယူသော ပုဂ္ဂိုလ် အကယ်၍ ဖြစ်ခဲ့အုံး၊ ထိုနေ့အခါ ထိုဒေသနာတော်၏ အဆုံးဌသာသျှင်

သောဘာပတ္တိဖိုလ်ကို ရပေရာ၏။ ဒုဂ္ဂတိအဟိတ် တိရစ္ဆာန် သတ္တ၀ါ ဖြစ်ရ ရှာသောကြောင့်သာ မဂ်ဖိုလ် မရရှာလေ။ ထိုသို့ပင် မဂ်ဖိုလ် မရသော်လည်း နဂါးဘ၀တို့၌ ဖြစ်ကြရကုန်သော သူတို့သည် ကြီးကျယ်စွာသော တန်ခိုးဖြင့် အမျိုးမျိုး အသွယ်သွယ် အာဘယ်မျှလောက်ပင် ဖန်ဆင်းစေနိုင်ကာမူ ပဋိသန္ဓေ ယူသောအခါ အရေလဲသောအခါ ရဲရဲ၀ံ့၀ံ့ အိပ်ပျော်ခြင်းသို့ သက်သောအခါ ဇာတ်တူသော နဂါးမင်း၌ မေထုန်မှီ၀ဲသောအခါ, စုတေ သေလွန်သောအခါ ဟု ဆိုအပ်ကုန်သော ငါးပါးကုန်သော အရာဌာနတို့၌ နဂါး၏ အသွင်ကို ယူလျက်သာလျှင် သွား·လာ ပျော်ပါး ကျက်စား ရှင်လန်းသောအားဖြင့် ပင်ပန်းကြကုန်၏။ ရေကပတ္တ နဂါးမင်းသည် ထိုငါးပါးသော အရာဌာနတို့၌ တစ်စုံတစ်ရာမျှ ပင်ပန်းခြင်းမရှိသည့် အဖြစ်သို့ ရောက်၍ ၀မ်းမြောက်စဖွယ် တင့်တယ်ဆင်ယင် လုလင်၏ အသွင်ဖြင့်သာလျှင် ပျော်ရွှင်လှည့်လည်ခြင်းဌာ ရလေ၏။

သုံးခုမြောက် ရေကပတ္တနဂါးမင်း၀တ္ထု ပြီး၏။

၄။ အရှင်အာနန္ဒာမထေရ်၀တ္ထု

သဗ္ဗပါပဿ အကရဏံ အစရှိသော တရား ဒေသနာတော်မြတ်ကို မြတ်စွာဘုရားရှင်သည် သာတ္ထိပြည် ဇေတ၀နကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် အရှင်အာနန္ဒာ မထေရ် မေးလျှောက်အပ်သော ပြဿနာကို အကြောင်းပြု၍ ဟောကြားတော်မူသည်။

အရှင်အာနန္ဒာ အမေး

တစ်ရံသောအခါ၌ အာနန္ဒာမထေရ်သည် နေ့သန့်ရာ အရပ်၌ သီတင်းသုံး ထိုင်နေတော်မူလျက် "မြတ်စွာဘုရားရှင်သည် ဝိပဿီအစ ဂေါတမအဆုံး ထားလျက် ဘုရားခုနစ်ဆူတို့၏ မယ်တော် ခမည်းတော်တို့ကို လည်းကောင်း၊ ထိုဘုရားရှင်တို့၏ အသက်တော် အပိုင်းအခြားကို လည်းကောင်း၊ ဘုရားရှင် တို့၏ မှီရှုပွင့်ရာဖြစ်သော ဗောဓိပင်ကို လည်းကောင်း၊ ထိုဘုရားရှင်တို့၏ တရားဒေသနာ ကောင်းစွာ နာရသဖြင့် အကျတ်တရားကို ရသော တပည့်သာ၀က အစည်းအဝေးကို လည်းကောင်း၊ ထိုဘုရားရှင်တို့၏ လက်ယာ လက်ဝဲ အမြဲ၀န်းရံသော မြတ်သော တပည့်အစုံဟု ဆိုအပ်သော အဂ္ဂသာ၀က အစည်း

အဝေးကို လည်းကောင်း ထိုဘုရားရှင်တို့၏ မြတ်သော တပည့်ဖြစ်သော အလုပ်အကျွေးကို လည်းကောင်း၊ ဤသို့ ပြဆိုအပ်ခဲ့ပြီးသော အလုံးစုံကို အကုန်ထင်ရှားအောင် ဟောကြားတော် မူအပ်ပေ၏၊ စင်စစ်သော်ကား ထိုဘုရားရှင်ကိုယ်တော်မြတ်တို့ ပြုအပ်သော ဥပုသ်သုံးခြင်းကို ဟောကြားတော် မမူအပ်ပေ အသို့နည်း။ ထိုပဝိပဿီအစ ရှိကုန်သော ဘုရားရှင်တို့အားလည်း ယခု ငါတို့ မြတ်စွာဘုရား ပြုစုခဲ့ရကဲ့သို့ ကျင့်သုံးသော ဤဥပုသ်မျိုးပင် ဖြစ်လေသလော။ သို့ဘည်းမဟုတ် ဥပုသ်သုံးခြင်း, ပြုခြင်း, အမှုအရာများသည် တစ်ပါးတခြားပင် ဖြစ်လေတော့သလော”ဟု ဤသို့သော အကြံအစည်သည် ဖြစ်လေ၏။ အကြံအစည် ဖြစ်ပြီးသောအခါ ထိုအာနန္ဒာ မထေရ်သည် နေ့သန့်ရာ အရပ်မှ ထမြောက် ကြွလာပြီးလျှင် မြတ်စွာဘုရား ကိုယ်တော်မြတ်သို့ ချဉ်းကပ်၍ မိမိကြံစည်အပ်သော ထိုအကြောင်းအလုံးစုံကို အကုန်ပြန်ကြား လျှောက်ထား မေးမြန်းလေ၏။

ထိုအခါ ဘုရားကိုယ်တော်မြတ်က ချစ်သားအာနန္ဒာ ထိုဝိပဿီ စသော ဘုန်းရှင်ကိုယ်တော်မြတ်တို့၏ အဆုံးအမ ဩဝါဒ ပါတိမောက်ပြခြင်းသည် ကာလကဲ့ပြား ခြားနားခြင်းရှိ၏။ ပါတိမောက် ထားခြင်းတည်းဟူသော တရား စကားမှာမူကား မကဲ့မပြား ထူးခြားခြင်းမရှိ၊ ချစ်သားအာနန္ဒာ ဝိပဿီမြတ်စွာ ဘုရားသည် ခုနစ်နှစ်မြောက် ခုနစ်နှစ်မြောက်၌ တစ်ကြိမ်ကျ တစ်ကြိမ်ကျ ဩဝါဒပါတိမောက် ထားခြင်းတည်းဟူသော ဥပုသ်ကို ပြုတော်မူ၏။ တစ်ခုသော နေ့၌ ပေးအပ်သော ထိုမြတ်စွာဘုရား၏ အဆုံးအမတော်သည် ခုနစ်နှစ်တို့ပတ်လုံး မြဲမြံခိုင်ခံ့ တည်တံ့ခြင်းငှါ စွမ်းနိုင်သည် ဖြစ်ပေ၏။ ထိုအတူ သိခီမြတ်စွာဘုရား သည်လည်းကောင်း၊ ဝေဿဘူ မြတ်စွာဘုရားသည်လည်းကောင်း၊ ခြောက်နှစ်မြောက် ခြောက်နှစ်မြောက်၌ တစ်ကြိမ်-တစ်ကြိမ်သော အဆုံးအမ ဩဝါဒ ပါတိမောက် ထားခြင်းဟု ဆိုအပ်သော ဥပုသ်ကို ပြုကုန်၏။ ကကုသန် မြတ်စွာ ဘုရားသည် လည်းကောင်း ကောဏာဂုံ မြတ်စွာဘုရားသည် လည်းကောင်း တစ်နှစ် တစ်နှစ်မြောက်၌ တစ်ကြိမ်ကျ-တစ်ကြိမ်ကျ အဆုံးအမ ဩဝါဒ ပါတိမောက် ထားခြင်းဟု ဆိုအပ်သော ဥပုသ်ကို ပြုကုန်၏။ ကဿပ မြတ်စွာ ဘုရားသည် ခြောက်လမြောက် ခြောက်လမြောက်၌ တစ်ကြိမ်ကျ-တစ်ကြိမ်ကျ အဆုံးအမ ဩဝါဒ ပါတိမောက် ထားခြင်းဟု ဆိုအပ်သော ဥပုသ်ကို ပြုတော်မူ၏။ တစ်ခုသော နေ့၌ ပေးအပ်သော ထိုကဿပမြတ်စွာဘုရား၏ အဆုံးအမ ဩဝါဒသည်သာလျှင် ခြောက်လတို့ပတ်လုံးမြဲမြံခိုင်ခံ့တည်တံ့ခြင်းငှါစွမ်းနိုင်သည် ဖြစ်ပေ၏။ ထိုမြတ်စွာဘုရားရှင်တို့၏ ဥပုသ်ပြုရာ အခါန်သမယ ဤသို့သော ကာလအပြားကို မိန့်ကြားတော်မူပြီး၍ ထိုဘုရားရှင်တို့၏ အဆုံးအမဩဝါဒ ဂါထာတို့သည်ကား ဤဂါထာတို့ပင်လျှင်တည်းဟုမိန့်တော်မူပြီးလျှင်အလုံးစုံသော

ဘုရားရှင်တို့၏တူသော ဥပုသ်ပြုခြင်းရှိသည်ကိုထင်စွာပြတော်မူလိုသောကြောင့်။ ဤဂါထာတို့ကို မိန့်တော်မူ၏။

ခပ်သိမ်းသော ဘုရားရှင်တို့၏ ဩဝါဒတော်

သဗ္ဗပါပဿ အကရဏံ၊ ကုသလဿဥပသမ္ပဒါ။
သစိတ္တပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါနသာသနံ။

ခန္တီပရမံ တပေါ တိတိက္ခာ။
နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။
နဟိ ပဗ္ဗဇိတော ပရူပဃာတီ။
နသမဏော ဟောတိ ပရံ ဝိဟေဌယန္တော။

အနူပဝါဒေါ အနူပဃာတော၊ ပါတိမောက္ခေ စ သံဝရော။
မတ္တညူတာ စ ဘတ္တသ္မိံ၊ ပန္တဉ္စ သယနာသနံ။
အဓိစိတ္တေ စ အာယောဂေါ၊ ဧတံ ဗုဒ္ဓါနသာသနံ။

မကောင်းမှုဟူသမျှကို မပြုရာ၊ ကုသိုလ်နှင့် ပြည့်စုံစေရာ၏။ မိမိစိတ်ကို ဖြူစင်စေရာ၏။ ဤသည်ကား ဘုရားရှင်တို့၏ အဆုံးအမတော်ပေတည်း။

(အကုသိုလ်ကြဉ် ကုသိုလ်ယှဉ် ဖြူစင်စိတ်ကိုထား)

တိတိက္ခာဟုဆိုအပ်သော သည်းခံခြင်းသည် မြတ်သော အကျင့်တည်း၊ နိဗ္ဗာန်ကို အလွန်မြတ်၏ဟု ဘုရားရှင်တို့ ဟောတော်မူကုန်၏။ သူတစ်ပါးကို ပုတ်ခတ်သတ်ဖြတ်သူသည် ရှင်ရဟန်း မမည်ချေ။ သူတစ်ပါးကို ညှဉ်းဆဲသောသူသည် ရဟန်း မဟုတ်။

သူဘစ်ပါးကို မကဲ့ရဲ့ မစွပ်စွဲ မညှဉ်းဆဲမူ၍ ပါတိမောက္ခ သံဝရသီလကို စောင့်ရှောက်ရာ၏၊ စားဖွယ်ဘောဇဉ်၌ အတိုင်းအရှည်ကိုသိ၍ ဆိတ်ငြိမ်သော ကျောင်း အိပ်ရာ နေရာသို့ ကပ်ရောက်နေထိုင်ရာ၏။ သမာပတ်ရှစ်ပါးဟူသော အဓိစိတ္တသိက္ခာကို ပွားများအားထုတ်ရာ၏။ ဤသည်ကား ဘုရားရှင်တိုင်း၏ အဆုံးအမတော်ပေတည်း။

ထိုဂါထာ၌—

သဗ္ဗပါပဿ=ဟူသည် အလုံးစုံသော အကုသိုလ်ကံကို–

ဥပသမ္ပဒါ=ဟူသည် တောထွက်တော်မူသောအခါမှစ၍ အရဟတ္တမဂ် ရသည့် တိုင်အောင်မဖြစ်ဖူးသေးသော ကုသိုလ်တို့ကို ဖြစ်စေခြင်း၊ ဖြစ်ဖူးပြီးသော ကုသိုလ်တို့ကို ထပ်မံဖြစ်စေရန် ပွားများခြင်း၊

သစိတ္တပရိယောဒပနံ=ဟူသည် နီဝရဏငါးပါးတို့မှ မိမိစိတ်ကိုဖြူစင်စေခြင်း၊

ဧတံ ဗုဒ္ဓါနုသာသနံ=ဟူသည် ဤကားခပ်သိမ်းသော ဘုရားရှင်တို့၏အဆုံးအမတော်တည်း။

ခန္တီ=ဟူသည် ဤသည်းခံခြင်း သဘောမည်သည် ရှိ၏၊ ဤသည်းခံခြင်းသည် ဤသာသနာတော်၌ မြင့်မြတ်သော အကျင့်တည်း။

နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ=ဟူသည် မြတ်စွာဘုရားရှင်တို့သည် လည်းကောင်း၊ ပစ္စေကဗုဒ္ဓါဘုရားရှင်တို့သည်လည်းကောင်း၊ အနုဗုဒ္ဓ သာဝကတို့သည်လည်းကောင်း ဤသုံးပါးသော ဘုရားရှင်တို့သည် နိဗ္ဗာန်ကို အမြတ်ဆုံးဟူ၍ ဟောတော်မူကုန်၏။

န ဟိ ပဗ္ဗဇိတော=ဟူသည် လက်စသည်တို့ဖြင့် သူတစ်ပါးကို ပုတ်ခတ်သော ညှဉ်းဆဲသော သူတစ်ပါးကို သတ်ဖြတ်သူသည် ရှင်ရဟန်း မမည်ချေ။

န သမဏော=ဟူသည် ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင် သူတစ်ပါးကို ညှဉ်းဆဲသောသူသည် ငြိမ်းအေးသူ (သမဏ)မဖြစ်နိုင်ချေ။

အနုပဃါဒ=ဟူသည် ကိုယ်တိုင်စွပ်စွဲခြင်း၊ သူတစ်ပါးကိုစွပ်စွဲခိုင်းခြင်းတည်း။

အနုပဃာတ=ဟူသည် ကိုယ်တိုင် ညှဉ်းဆဲသတ်ခြတ်ခြင်း၊ သူတစ်ပါးကို ညှဉ်းဆဲသတ်ဖြတ်စေရန် စေခိုင်းခြင်း။

ပါတိမောက္ခ=ဟူသည် အကြီးအကဲဖြစ်သော သီလကို ဆို၏။

သံဝရ=ဟူသည် ပိတ်ဆို့ခြင်းတည်း။

မတ္တညုတ=ဟူသည် အတိုင်းအရှည်ပမာဏကို သိခြင်းတည်း။

ပန္တ=ဟူသည် ဆိတ်ငြိမ်သောကျောင်းတည်း။

အဓိစိတ္တ=ဟူသည် သမာပတ်ရှစ်ပါးတည်းဟူသော မြင့်မြတ်သော စိတ်၌။

အာယောဂေါ=ဟူသည် လုံ့လအားထုတ်ပြုလုပ်ခြင်း။

ဧတံ=ဟူသည် ဤခပ်သိမ်းသော ဘုရားရှင်တို့၏ အဆုံးအမတော်ကို ဤ၌ **အနုပဝါဒ**ဖြင့် ဝစီကံနှုတ်၌ဖြစ်သော သီလကိုဟော၏။ **အနုဃာတ**ဖြင့် ကာယကံကိုယ်၌ဖြစ်သောသီလကို ဟော၏၊ **ပါတိမောက္ခသံဝရော**ဟူသော ပါဠိဖြင့် ပါတိမောက္ခသီဘာပုဒ် စောင့်ထိန်းခြင်းနှင့် ဣန္ဒြေကို စောင့်ထိန်းခြင်းကို ဟော၏၊ **မတ္တညုတာ**-ဟူသော ပါဠိဖြင့် အသက်မွေးမှုစင်ကြယ်ခြင်းနှင့် ပစ္စည်းလေးပါးမှီဝဲမှု သီလစင်ကြယ်ခြင်းကို ဟော၏၊ **ပန္တဿနာသနဝုဒ်**ဖြင့် လျောက်ပတ်သော ကျောင်းကိုဟော၏၊ **အဓိစိတ္တ**ပါဠိဖြင့် သမာပတ် ရှစ်ပါးတို့ကို ဟော၏။

ဤသို့လျှင် ဤဂါထာဖြင့် သိကွာသုံးပါးလုံးကို ဟောပြီးဖြစ်၍ ဒေသနာတော်၏အဆုံး၌ မျှားစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

အာနန္ဒာထေရဉ်ပေါသထပဉ္စာဝတ္ထု ပြီး၏။

၅။ ရဟန်းတစ်ပါးငတ္တု

နကပဏ္ဏဆဏဃေသနအစရှိသော ကျွှတရားဒေသနာတော်မြတ်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သာသနာတော်၌ မမေ့လျော်သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောကြားတော်မူသည်။

ထိုရဟန်းတစ်ပါးသည် ဘုရားမြတ်စွာ သာသနာတော်၌ သဒ္ဓါရှင်လန်း ရှင်ရဟန်းပြုသည်ဖြစ်၍ ရအပ်သော ပဋိဉာဏ်းအဖြစ် ရှိသည်ဖြစ်၍ ငါ့ရှင်၊ အသင်သည် ကျွှအမည်ရှိသော အရပ်သို့သွား၍ ပါဋိဂိုသင်ယူလေလော့ဟု ဥပဇ္ဈာယ်ဆရာသည် စေလွှတ် အပ်သောကြောင့် အရင်္ဂဠာနသို့ ကြွသွားတော်မူလေ၏။ ထိုရဟန်းကြွသွားပြီးသည်မှနောက် အခါတစ်ပါး၌ထိုရဟန်း၏ဖခင်အား သည်းစွာသောရောဂါသည် ဖြစ်ပေါ်လာ၏။ ထိုဖခင်သည် အလွန်လျှင် ချစ်ခင်လှသောသားကိုတွေ့မြင် ကြည့်ရှုလိုသည်ဖြစ်၍ ထိုသားကို သွားရောက် ခေါ်ယူခြင်းငှါ စွမ်းနိုင်သော တစ်စုံတစ်ယောက်သော သူကိုမျှ မမြင်ရသောကြောင့် သားကို မကြည့်ရှုမတွေ့မြင်ရသော စိုးရိမ်ကြောင့်ကြ ပူပန်ရခြင်းဖြင့် ပြောဆိုယောင်ယမ်းမြည်တမ်းလျက်သာလျှင် သေခါနီးကာလသို့ ကျရောက်သည်ဖြစ်၍ ကျွှအသင်ပြောကို ငါ့သားရဟန်း၏ သပိတ် သင်္ကန်းအဖိုးကို ပြုလုပ်ပါလော့ဟု ပြောဆိုမှာထားပြီးလျှင် အသင်ပြောတစ်ရာကို ညီငယ်၏လက်၌ ပေးကမ်းအပ်နှံ၍ သေလွန်ခြင်းကို ပြု၏။ ထိုဒါယကာသည် အစ်ကို၏သားဖြစ်သော တူရဟန်းငယ်ကြွလာသော အခါ ရဟန်းငယ်၏ခြေရင်း၌ ဝပ်၍ လူးလှိမ့် ငိုကြွေးပြီးသော် အရှင်ဘုရား တပည့်တော်၏ အစ်ကို ဖြစ်သော အရှင်ဘုရား၏ ဖခင်သည် အရှင်ဘုရား တွေ့မြင်လိုသော ဆန္ဒ အာသီသဖြင့် တောင့်တ မြည်တမ်းလျက်သာလျှင် သေလွန်ခြင်းကို ပြုရလေပြီ။ ထိုအရှင်ဘုရား၏ ဖခင်ဖြစ်သော ဒါယကာကြီးသည် တပည့်တော်၏ လက်၌ အသပြာ ဘစ်ရာကို ပေးကမ်းအပ်နှံ၍ ထားခဲ့ပါသည်။ ထိုအသပြာဖြင့် အဘယ်အမှုကို ပြုရအံ့နည်းဟု လျှောက်ထားမေးမြန်း၏။ ရဟန်းသည် ဒါယကာကြီး ငါ့အား အသပြာတို့ဖြင့် အလိုမရှိဟု မြစ်ပယ်ပြီး၍ နောက်အဖို့ကာလ၌ အကြံဖြစ်ပြန်၏။ အဘယ်သို့ဖြစ်သနည်းဟူမူကား တစ်ပါးသော အမျိုးအိမ်၌ စားသောက်ရန် ဆွမ်းအလို့ငှါ အခါခါလှည့်လည်၍ အသက်မွေးမှုရသဖြင့် ငါ့အား အဘယ်အကျိုးရှိအံ့နည်း။ ထိုအသပြာ တစ်ရာကို အမှီပြုပြီး မိမိ၏ ဥစ္စာဖြင့် အသက်မွေးခြင်းငှါ တတ်ကောင်းပေ၏။ ငါသည် သာသနာတော်အဘွင့်မှ ခွါရှောင်မပျက် လူထွက်တော့အံ့ ဟူသော အကြံသည် ဖြစ်ပြန်၏။ အကြံဖြစ်ပြီး၍ကား ထိုရဟန်းငယ်သည် မမေ့လျော့ခြင်းဖြင့် ပြင်းစွာ နှိပ်စက်အပ်သည် ဖြစ်သောကြောင့် စွန့်လွှတ်အပ်သော ပါဋိ သရဏ္ဍာယ်ခြင်း, ကမ္မဋ္ဌာန်းစီးဖြန်းခြင်း ရှိသည်ဖြစ်၍

ပဏ္ဏုရောဂါ စွဲကပ်ဘိသကဲ့သို့ ကိုယ်လက် ပျော့တော့ ညှိုးနွမ်းသော အဆင်း ရှိသည် ဖြစ်လေ၏။

ထိုအခါ ရဟန်းငယ်ကို သာမဏေငယ်တို့က ကျိုက်သို့ ညှိုးနွမ်း ဒုဆင်း ဖောက်ပြန်ခြင်း ဖြစ်ရသည်ကား အကြောင်းအဘယ်သို့နည်းဟု မေးမြန်း ကြကုန်၍ ငါရှင်သာမဏေတို့ ငါသည် သာသနာတော်၌ မပျော်မရွှင် ဆန့်ကျင်ခြင်း ဖြစ်သည်ဟု ပြောဆိုသည်ရှိသော် သာမဏေငယ်တို့က ထိုသို့သော အကြောင်းကို ရုံးပေါင်းပြီးခါ ဆရာဥပဇ္ဈာယ်တို့အား ကြားလျှောက်ကြကုန်၏။ ထိုအခါ ဆရာဥဇ္ဈာယ်တို့သည် ထိုရဟန်းငယ်ကို မြတ်စွာဘုရား ထံတော်သို့ ခေါ်ဆောင်ခဲ့ကြ၍ မြတ်စွာဘုရားအား လျှောက်ထား၍ ပြကြကုန်၏။ မြတ်စွာဘုရားရှင်သည် ချစ်သား ရဟန်း အသင်သည် ငါဘုရား သာသနာတော်ထမ်း ရဟန်းတို့ထံခွင်ဝယ် ပျော်ရွှင်မမွေ့ငြီးငွေ့ဆန့်ကျင်သော ဟူသည် မှန်ပေသလောဟု မေးတော်မူ၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဟုတ်မှန်ပါသည်ဟု လျှောက်ကြားသည်ရှိသော် ချစ်သားရဟန်း အဘယ်ကြောင့် သင်သည် ငါဘုရားသာသနာတော်ထမ်း ရဟန်း၏ အဖြစ်၌ ကျိုသို့ ငြီးငွေ့ ဆန့်ကျင်ခြင်းကို ပြုရသနည်း။ ချစ်သားရဟန်း လူ့ဘောင်ဘဝသို့ လျှောကျသော အသင့်အား အသက်မွေးခြင်းအကြောင်း ကောင်းစွာ ကုံလုံသော တစ်စုံတစ်ခုသော ပစ္စည်းဥစ္စာ ရှိပါသလောဟု မေးတော်မူသဖြင့် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ရှိပါသည်ဘုရားဟု ကြားလျှောက်၏။ ချစ်သားရဟန်း အသင့်အား ပစ္စည်းဥစ္စာ ရှိသောဟူသည် အဘယ်မျှလောက် ရှိနေလသနည်းဟု မေးတော်မူပြန်သဖြင့် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ အသပြာ တစ်ရာ ရှိပါသည်ဟု ကြားလျှောက်၏။ ချစ်သားရဟန်း ထိုသို့ဖြစ်ပါမူကား တစ်စုံတစ်ခုသော အရပ်၌ ရှေးဦးစွာ သွားရောက်ပြီးသည့် ကာလ ကျောက်စရစ်ခဲကို ဆောင်ယူခဲ့ဦးလော။ အသင်၌ရှိသော ထိုမျှလောက် ဥစ္စာဖြင့် အသက်မွေးမြူခြင်းငှာ ကောင်းစွာလုံလောက် ပြီးမြောက်စွမ်းနိုင်မည် ကိုလည်းကောင်း၊ မပြီးမြောက် မစွမ်းနိုင်မည်ကို လည်းကောင်း နှိုင်းရှည့်ရေတွက်၍ သိကြရကုန်အံ့ဟု မိန့်ဆို ခိုင်းစေသဖြင့် ထိုရဟန်းငယ်သည် ကျောက်စရစ်ခဲအထုကို ကြည့်ရှုသွားရောက် ရှေးကောက် ဆောင်ယူခဲ့လေ၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် ထိုရဟန်းငယ်ကို ချစ်သားရဟန်း အသုံး အဆောင် အလို့ငှါ ရှေးဦးစွာ ငါးဆယ်သော အသပြာကို ခဲ့ဝေ၍ ထားဘိလော့၊ ထိုနောက် နှင်ကောင်သောနွားတို့၏အလို့ငှါ ၂၄-ကျပ်အသပြာတို့ကိုထားဘိလော၊ ဤမျှလောက်မည်သော အသပြာကို မျိုးစေ့အလို့ငှါ ထားဘိလော့။ ဤမျှလောက် မည်သော အသပြာကို ထမ်းပိုး ထွန်တုံးအလို့ငှါ ထားဘိလော့။ ဤမျှလောက် မည်သော အသပြာကို ပေါက်တူး ပဲကုပ် ပေါက်ဆိန် အလို့ငှါ ထားဘိလော့ဟု ဤသို့ နှိုင်းရှည့်ခဲ့ဝေ ရေတွက်အပ်သည်ရှိသော် ထိုအပြာတစ်ရာသည့် မလောက်သည် ဖြစ်လေ၏၊ ထိုအခါ မြတ်စွာဘုရားသည် ထိုရဟန်းငယ်ကို ချစ်သား

ရဟန်း အသင်၏ အသပြာတစ်ရာသည် အနည်းငယ်မျှသာ ဖြစ်ချေ၏။ ထိုတစ်ရာသော အသပြာတို့ကို အမှီပြုရ၍ လိုချင်တောင့်တ လောဘတဏှာကို အာဘယ်သို့သော ပြည့်နှိုင်စေပါအံ့နည်းဟု မိန့်တော်မူပြီးလျှင် ချစ်သား ရဟန်း ရှေးအခါ၌ လေးကျန်းလုံးကို အစိုးရသော စကြာမင်း အဖြစ်ကို ပြု၍ လက်ပမ်းပေါက်တော်ကာမျှဖြင့် တစ်ဆယ့်နှစ်ယူဇနာ ရှိသော အရပ် ဌာန၀ယ် ခါးအတိုင်းအရှည်ရှိသော အထူဖြင့် ရတနာတည်းဟူသော မိုးကို သွန်းဖြိုးစေ့စေ့ ရွာစေခြင်းငှါ စွမ်းနိုင်လျက် သုံးကျိပ်ခြောက်ဆက်သော သိကြားမင်းတို့ စုတော့ပြောင်းကြသည့် တိုင်အောင် ဤမျှ အတိုင်းအရှည် ရှိသော ကာလပတ်လုံး စည်းစိမ်ချမ်းသာ ကောင်းစွာပြဿ်တင်း နတ်မင်း၏ အဖြစ်ကို ပြုလုပ်ရပါ၏လျက်လည်း၊ သေခါနီးကာလ၌ လိုချင်တပ်မက်သော တဏှာကို ပြည့်စေခြင်းငှါ မစွမ်းနိုင်မူ၍ဆာလျှင် သေလွန်ခြင်းကို ပြုရပူးကုန် သတတ်ဟု မိန့်တော်မူပြီး၍ ထိုရဟန်းငယ်သည် သွယ်သွယ်စုပေါင်း ရှေး အကြောင်းကို ကောင်းစွာ တောင်းပန်အပ်သောကြောင့် လွန်လေ၍ပြီးသော အတိတ်ကို ဆောင်တော်မူ၏။

မန္ဓာတ်စကြာမင်းကြီး အကြောင်း

ရှေးလွန်လေပြီးသောအခါ ကပ်ဦးအစ ပထမ၌ မျှားစွာလူပေါင်း ညှတ် ပျောင်းတုပ်ကွ၊ တောင်းပန်ကြ၍ သမုတ်ခြင်းကို ခံရသော မဟာသမ္မတ အမည်ရှိသော မင်းသည်ဖြစ်ခဲ့၏။ ထိုမဟာသမ္မတမင်း၏ သားတော်ကား ရောဇ အမည်ရှိ၏။ ထိုရောဇမင်း၏ သားတော်သည် ၀ရရောဇ အမည်ရှိ၏။ ထို၀ရရောဇ မင်း၏ သားတော်ကား ကလျာဏအမည်ရှိ၏။ ထိုကလျာဏမင်း၏ သားတော် သည် ၀ရကလျာဏအမည်ရှိ၏။ ထို၀ရကလျာဏမင်း၏ သားတော်ကား ဥပေါသထ အမည်ရှိ၏။ ထိုဥပေါသထမင်း၏ သားတော်သည် မန္ဓာတုအမည် သည် ဖြစ်ရှိ၏။ ထိုမန္ဓာတုမင်းသည် ခုနစ်ပါးကုန်သော ရတနာတို့နှင့် လည်းကောင်း လေးပါးကုန်သော တန်ခိုးတို့နှင့်လည်းကောင်း ပြည့်စုံသည်ဖြစ်၍ စကြာမင်းအဖြစ်ကို ပြု၏။ ထိုမန္ဓာတုမင်း၏ လက်၀ဲလက်ကို ကွေး၍ လက်ယာ လက်ဖြင့် လက်ပမ်းပေါက်ခတ်၏။ ထိုလက်ပမ်းပေါက် ခတ်ပြီးသည်မှ နောက် ကာလ၌ အာကာသအပြင် ကောင်းကင်တည်း ဟူသော အပေါ်ကို မော်၍ ကြည့်လိုက်သည်ရှိသော် နတ်၌ဖြစ်သော မိုးကြိုးကဲ့သို့ ဒူးဝန်းဒူးတိုင်းဒူးရှည် ရှိသော ရတနာခုနစ်ပါး မိုးကိုရွာစေ၏။ ဤသို့သော သဘောရှိသော အံ့ဖွယ် သရဲ ထူးကဲ ထူးချွန် လူမွန်လူမြတ်သည် ဖြစ်ပေ၏။ တိုမန္ဓာတုမင်းသည် ဒူနှစ် ရှစ်သောင်းလေးထောင်တို့ ပတ်လုံး သတ္တိသားအရွယ် စံပယ်မြူးထူး အထူး ပျော်ပါး ကစား၍နေ၏။ အနှစ်ရှစ်သောင်းလေးထောင်တို့ပတ်လုံး အိမ်ရှေမင်း အဖြစ်ကို ပြု၏။ အနှစ် ရှစ်သောင်းလေးထောင်တို့ ပတ်လုံး လေးကျန်းသနင်း

စကြာမင်းအဖြစ်ကို ပြု၏။ ထိုမန္ဓာတုမင်း၏ အသက်အတိုင်းအရှည် ပမာဏသည် အသခ္ခေယျ အသက်ရှည်သည်ဖြစ်၏။ ထိုမန္ဓာတုမင်းကြီးသည် တစ်နေ့သော အခါ၌ ကာမတဏှာကို ပြည့်စေခြင်းငှါ မစ္ဆမံးနိုင်သောကြောင့် မပျော်မမွေ့ငြီးငွေ့ဆန်ကျင်သော အခြင်းအရာကိုပြု၏။ ထိုအခါ အမတ်ဘို့က အရှင်မင်းမြတ် အကြောင်း အသို့ပေနည်း မပျော်မမွေ့ ငြီးငွေ့ဆန်ကျင်ခြင်း ဖြစ်ပါသလောဟု မေးလျှောက်ကြကုန်၏။ အချင်းအမတ်ဘို့ ငါ၏ကောင်းမှုဘုန်းကံ စီမံပေးဂ မ်း အားအစွမ်းကို ကြည့်ရှုသည်ရှိသော် ဤမျှလောက်တန် ခံစံစားရသော ဥဿုံမင်း အဖြစ်သည် အသို့ပြုလတ္တံ့နည်း။ အဘယ်အရပ်၌ဘနသည် လောကလူ့ရွာထက် ကောင်းစွာထူးခြန် အလွန်မွေ့လျော်ဖွယ် ရှိသနည်းဟု မေးတော်မူသဖြင့် မြတ်သောမင်းကြီး ဥပပတ်ပဋိသန္ဓေ တည်နေချဉ်းကပ် နတ်ပြည်အရပ်ဂ ဿ် အလွန်မွေ့လျော်ဖွယ် ရှိပါသည်ဟု လျှောက်တင်ကြကုန်၏။

မန္ဓာတ်မင်းကြီး နတ်ပြည်သို့တက်၍ နတ်မင်း, သိကြားမင်းတို့၏ စည်းစိမ်ကို ခံစံခြင်း

ထိုမန္ဓာတုမင်းကြီးသည် စကြာရတနာကို ရွေးရှုပြုကာ ကောင်းစွာလည်စေ၍ ခြေခုံဝန်းဝတံ့ ပရိသတ်နှင့်တကွ စတုမဟာရာဇ် နတ်ပြည်သို့ တက်ကြွတော်မူလေ၏။ ထိုအခါ မန္ဓာတုမင်းကြီးအား လေးယောက်ကုန်သော နတ်မင်းကြီးကြီးတို့သည် နတ်ခွဲဖြစ်သော ပန်းနံ့သာလက်စွဲကုန်လျက် နတ်အပေါင်း ခြံရံပြီးလျှင် ခရီးဦးကြိုဆိုခြင်းကိုပြု၍ ထိုမန္ဓာတုမင်းကြီးကို ယူဆောင်ပြီးလျှင် စတုမဟာရာဇ်နတ်ပြည်သို့ သွားရောက်၍ နတ်မင်း၏အဖြစ်ကို ပေးဆက်ကြကုန်၏။ မိမိ၏ ပရိသတ်ဖြင့် ဝန်းပတ်ခြံရံလျက်သာလျှင် ထိုစတုမဟာရာဇ် နတ်ပြည်၌ မင်းအဖြစ်ကိုပြုစဉ် မန္ဓာတုမင်းကြီးအား ရှည်စွာသော ကာလအဓွန့်သည် လွန်မြောက်လေ၏။ မန္ဓာတုမင်းကြီးသည် တဲ့စတုမဟာရာဇ် နတ်ပြည်၌လည်း အလိုအာသာ တပ်မက်သော တဏှာကို ပြည့်စေခြင်းငှါ မတတ်နိုင်သောကြောင့် မပျော်မမွေ့ ငြီးငွေ့ဆန်ကျင်သော အခြင်းအရာကို ပြုပြန်၏။ လေးယောက်ကုန်သော နတ်မင်းကြီးတို့က အရှင်မင်းမြတ် အသို့နည်း မပျော်မမွေ့ငြီးငွေ့ဆန်ကျင်ခြင်း ဖြစ်သလောဟု မေးကြကုန်၏ အသင်နတ်မင်းတို့ ငါတို့စံတည် ဤနတ်ပြည်ထက် အဘယ်ပြည်ဌာနသည် ကောင်းစွာထူးခြန် သာလွန်၍ မွေ့လျော်ဖွယ် ရှိသနည်းဟု မေးတော်မူသဖြင့် အရှင်မင်းမြတ် အကျွန်ုပ်တို့သည် သူတစ်ပါးတို့၏ အလုပ်အကျွေးဖြစ်သော ပရိသတ်ဘို့ပါတည်း။ သိကြားမင်းစံရာ တာဝတိံသာနတ်ပြည်သည် ဤထက်ကဲ့ခြန် အလွန်မွေ့လျော်ဖွယ် ရှိပါသည်ဟု ပြောဆိုကြကုန်၏။ မန္ဓာတုမင်းကြီးသည် စကြာရတနာကို ကောင်းစွာဦးတည်လည်စေ၍ မိမိပရိသတ်ဖြင့် ဝန်းပတ်ခြံရံပြီးသောအခါ တာဝတိံသာနတ်ပြည်သို့ ရွေးရှုတက်ကြွတော်မူလေ၏။ ထိုအခါ မန္ဓာတုမင်းကြီးအား သိကြားနတ်မင်း

သည် နတ်၌ဖြစ်သော ပန်းနှံသာလက်စဲ့လျက် နတ်များအပေါင်းဖြင့် ခြံရံပြီးလျှင် ခရီးဦးကြိုခြင်းကိုပြု၍ ထိုမန္ဓာတုမင်းကြီး၏ လက်တို့ကို ဆွဲငင်ကိုင်ယူလျက် မြတ်သောမင်းကြီး ဤခရီး, ဤအရပ်မှ လှည့်ပတ်ပြီး ကြွတော်မူလှည့်ဗျါတော့ဟု ပြောဆို၏။ နတ်များအပေါင်း ခညောင်းခြံရံလျက် ရှုရာမငြိုး မင်းကြီး၏ သွားလေသောအခါ ထိုမန္ဓာတုမင်းကြီး၏ သားတော်ရင်နှစ် ဖြစ်လေသော အိမ်ရှေ့မင်း ရတနာသည် စကြာရတနာကိုယူ၍ ခြေရံဝန်းမတ် ပရိသတ်နှင့်တကွ မိမိကိုဦးတည်လျက် လှူ့ပြည်လမ်းကြောင်းခရီးသို့ တဟုန်တည်း သက်ဆင်းပြီးလျှင် ရာဇဂြာနီ မင်းနေပြည်မြို့တွင်းသို့သာလျှင် ကြွ၀င်စံပယ်တော်မူလေ၏။

သိကြားမင်းသည် မန္ဓာတုမင်းကြီးကို တ၁၀တိံသာနတ်ပြည်သို့ဆောင်ယူ၍ နတ်တို့ကို နှစ်ဖို့နှစ်စု ခွဲ၀ေခြင်းကို ပြုပြီးလျှင် မိမိစံတည် နတ်ပြည်သနင်း နတ်မင်းအဖြစ်ကို အလယ်၌ ခွဲ၀ေ၍ ပေးတော်မူ၏။ ထိုအခါမှ စ၍ နှစ်ပါးကုန်သော မိမိတို့သည် တ၁၀တိံသာ နတ်ပြည်၌ မင်းအဖြစ်ကို ပြုကုန်၏။ ထိုမင်းနှစ်ပါး စံစား စံပယ် တင့်တယ်နှစ်မြို့ ဤသို့သော ကာလဖြင့်သွား၍ ရှည်လျားလတ်သော် သိကြားမင်းသည် လူတို့၏ အရေအတွက်အားဖြင့် နှစ်ပေါင်း သုံးကုဋေခြောက်သန်း အသက်တမ်းကို ကုန်ခန်းစေမြောက်စေ၍ စုတေ၌ချုပ်ကြွေ သေလွန်လေ၏။ ထိုသိကြားမင်း မရှိသည့်နောက် တစ်ယောက်တစ်ပါးသော သိကြားမင်းသည် ဖြစ်ပေါ်လာ၏။ ထိုအသစ်ဖြစ်သော သိကြားမင်းသည်လည်း နက်မင်း၏အဖြစ်ကိုပြု၍ အထူးတွက်ရေ သုံးကုဋေခြောက်သန်း အသက်တမ်း စေကုန်သဖြင့် ထိုဘုံမှစုတေ့ပြန်လေ၏။ ဤသို့ဘုံပေါင်း နည်းအကြောင်းဖြင့် သိကြားပေါင်းသုံးကျိပ် ခြောက်ယောက်တို့သည် စုတေ့သေလွန်ကြကုန်၏။ မန္ဓာတုမင်းကြီးသည်ကား လူဘို့၏ ကိုယ်ဖြင့် နတ်မင်း၏ အဖြစ်ကို ပြုလျက် ထင်ရှားတည်နေသည်သာလျှင်တည်း။ ထိုမန္ဓာတုမင်းကြီးအား နတ်၏ ချမ်းသာကို ကောင်းစွာ ပျော်ပါး ဤသို့ခံစားလျက် ရှည်လျားသော ကာလသို့ ရောက်သည်ရှိသော် တိုင်းထက်အလွန် ကြီးကျယ် ပွားတိုးခြင်းငှါ အလိုကြီးစွာ ကာမတဏှာသည် ဖြစ်၏။ ထိုမန္ဓာတုမင်းကြီးသည် ငါ့အား ထက်ဝက်သော မင်းအဖြစ်ဖြင့် အာဘယ်အကျိုးရှိအံ့နည်း။ သိကြားမင်းကို သတ်၍ ဤနတ်ပြည် အလုံး သိမ်းကျုံးဖြင့်ပြီး တစ်ဦးတည်းသော မင်းအဖြစ်ကို ပြုအံ့ဟု ကြံမိလေ၏။

(သိကြားမင်းကို သတ်ခြင်းမည်သည် မတတ်နာင်း အလိုကြီးမား ဤကဏ္ဍာတရားမည်သည် ပျက်စီးခြင်း၏ အကြောင်းရင်းသာလျှင်တည်း ထို့ကြောင့် မန္ဓာတုမင်းကြီးအား ကြံစည်သောခဏ၌ အာယုသင်္ခါရသည် ယုတ်ခလေ၏။ အိုမင်းသော ဇရာသည် ကိုယ်ကို ဖျက်ဆီးပုတ်ခတ်လေ၏၊ လူတို့၏ ကိုယ်မည်သည်လည်း နတ်ပြည်၌ မပျက်စီးကောင်းချေ)။

ထိုသို့ အကြံအစည် ဖြစ်သောအခါ နတ်ပြည်မှ လျှောကျလာခဲ့၍ မင်းဥယျာဉ်၌ သက်ဆင်းတည်နေလေ၏၊ ဥယျာဉ်မှူးသည် ထိုမန္ဓာတုမင်းကြီး၏ ကြွလာသောအဖြစ်ကို မင်းမျိုး၌ ကြားလျှောက်လေ၏။ မင်းမျိုးဖြစ်ကုန်သော သူတို့သည် စုဝေးလာရောက်ကုန်၍ ဥယျာဉ်၌သာလျှင် အိပ်ရာနေရာကို ခင်းစေကုန်၏။ မန္ဓာတုမင်းကြီးသည် မထသောအိပ်ခြင်းဖြင့် လျောင်းအိပ်၍ နေ၏။ အမတ်တို့သည် အရှင်မင်းမြတ် အနာဂတ်ဖြစ်ရာ နောင်အခါ၌ အရှင်မင်းမြတ်တို့ မှာထားအပ်သော အဆုံးအမ ဩဝါဒစကားကို အဘယ်သို့ ပြောကြားရပါကုန်မည်နည်းဟု လျှောက်ကြားမေးမြန်းကုန်၏။ ငါမင်းမြတ်၏ သက်ရပ်နတ်ထံ စံတော်မူပြီးသည်မှ နောက်၌ ဤသို့သော အဆုံးအမစကားကို လူအပေါင်းအား ပြောကြားရစ်ကြကုန်လော့၊ အဘယ်သို့ ပြောကြရမည်နည်း ဟူမူကား မန္ဓာတုမင်းကြီးသည် ကျွန်းငယ်နှစ်ထောင် အရံရှိကုန်သော ကျွန်းကြီးလေးကျွန်းတို့၌ လွှမ်းဖုံးအာဏာ စကြာမင်း၏ အဖြစ်ကိုပြု၍ မြင့်ရှည်စွာသော ကာလပတ်လုံး စတုမဟာရာဇ်နတ်ပြည်တို့၌ မင်းအဖြစ်ကို ပြုပြီးသော် သုံးကျိပ်ခြောက်ပါးကုန်သော သိကြားမင်းတို့၏ အသက်အတိုင်းအရှည်ဖြင့် တာဝတိံသာနတ်ပြည်၌ မင်းအဖြစ်ကို ပြု၍ အလိုအာသာ လောဘဟဏ္ဍာကို မပြည့်စေနိုင်မူ၍သာလျှင် သေလွန်ခြင်းကို ပြုလေသည်ဟု ပြောကြားရစ်ကုန်လော့ဟု ဤသို့သောစကားဖြင့် မှာကြားပြောဆိုတော်မူပြီးလျှင် ထိုမန္ဓာတုမင်းကြီးသည် အစဉ်အတိုင်း စံနေတော်မူပြီးသောအခါ စုတေ့ချုပ်ကြွေ သေလွန်လေသဖြင့် ကံအားလျော်စွာ လားကပ်တော်မူရလေ၏။ မြတ်စွာဘုရားရှင်သည် ဤသို့သော အတိတ်ကို ဆောင်တော်မူ၍ မန္ဓာတုဇာတ်ကို အကျယ်တဝင့် ဖွင့်ပြဟောကြားတော်မူပြီးလျှင်—

သာဝတာ စန္ဒိမသူရိယာ ပရိဟရန္တိ၊ ဒိသာ ဘန္တိ ဝိရောစနာ။
သဗ္ဗေဝ ဒါသာ မန္ဓာတု၊ ယေ ပါဏာ ပထဝိသိတာ—

ဟူသော တိကနိပါတ် ဇာတ်တော်၌လာ ဤဂါထာကို ကောင်းစွာ ဟောကြားတော်မူပြီး၏။'

လနှင့်နေတို့သည် လှည့်လည်သွားလာနေကြကုန်လျက် အရပ်လေးမျက်နှာကို ထွန်းလင်းတောက်ပစေကုန်လျက် လှည့်လည်ကုန်၏။ ဤ လ နေ တို့ လှည့်လည်ရာ ကမ္ဘာမြေပေါ်၌ တည်ကုန်သော အလုံးစုံသော သတ္တဝါတို့သည် မန္ဓာတုမင်းကြီး၏ ကျေးကျွန်တို့သာ ဖြစ်ကုန်၏။

နကဟာပဏဝသေန၊ တိတ္တိ ကာမေသု ဝိဇ္ဇတိ။
အပ္ပသာဒါ ဒုခါ ကာမာ၊ ဣတိ ဝိညာယ ပဏ္ဍိတော။
အပိ ဒိဗ္ဗေသု ကာမေသု၊ ရတိံ သော နာဓိဂစ္ဆတိ။
တဏ္ဍက္ခယရတော ဟောတိ၊ သမ္မာသမ္ဗုဒ္ဓသာဝကော—

ဟူသော ဓမ္မပဒ ပါဠိဂေတာ်လာ ဤနှစ်ဂါထာတို့ကို ဟော်ကြားတော်မူ၏။

အသပြာမိုး ရွာသွန်းဖြိုးခြင်းဖြင့် ကာမဂုဏ်တို့၌ တင်းတိမ်ရောင့်ရဲမှု မရှိနိုင်၊ ကာမဂုဏ်တို့သည် သာယာဖွယ် နည်းပါးကုန်၏၊ ဆင်းရဲကုန်၏၊ ပညာရှိသည် ဤသို့သိ၍ နတ်ဋ္ဌဖြစ်သော ကာမဂုဏ်စည်းစိမ်တို့၌ ပင်လည်း မွေ့လျော်ခြင်းကို မရနိုင်။ မြတ်စွာဘုရား၏ တပည့်သာဝကသည်ကား တဏှာ၏ကုန်ရာ နိဗ္ဗာန်ဋ္ဌသာ ပျော်မွေ့လေတော့သည်။

ထိုဂါထာတို့၌—

ကဟာပဏဝဿေန= ဟူသည် ထိုမန္ဓာတုမင်းကြီးသည် ဂန်ဥမ်းပေါက်ခတ်၍ ရတနာမိုးကို ရွာသွန်းဂေ၏။ ဤနေရာ၌ ထိုရတနာမိုးကို ဤသပြာမိုးဟု ဆိုလိုသည်။ ထိုမျှလောက် ရတနာမိုးဖြင့်လည်း ဝတ္ထုကာမ,ကိလေသာကာမတို့၌ ရောင့်ရဲခြင်းမရှိနိုင်၊ ဤသို့လျှင် ဤဇာတ်သည် အလိုပြည့်ခဲ့၏။

အပ္ပဿာဒါ=ဟူသည် အိုပ်ဧက်နှင့် တူသောကြောင့် နည်းပါးသော ချမ်းသာရှိ၏။

ဒုခါ= ဟူသည် ဒုက္ခကွန္ဓာသော ဒေသနာဌ် လာသောဒုက္ခ၏ အစွမ်းဖြင့် များသော ဒုက္ခရှိကုန်၏။

ဣတိ ဝိညာယ=ဟူသည် ဤသို့လျှင် ထိုကားမတို့ကို သိ၍။

အပိ ဒိဗ္ဗေသု=ဟူသည် အကယ်၍ နတ်တို့သာ သုံးဆောင်ထိုက်သော ကာမတို့ဖြင့် ဖိတ်မနှံခြားသော်လည်း အရှင်သမိဒ္ဓိမထေရ်ကဲ့သို့ ထိုကာမတို့၌ မွေ့လျော်မှုကို မရသည်သာတည်း။

တဏှာက္ခယရတော= ဟူသည် အရဟတ္တဖိုလ်ဋ္ဌလည်းကောင်း၊ နိဗ္ဗာန်ဋ္ဌလည်းကောင်း မွေ့လျော်၏ ထိုမွေ့လျော်မှုကို တောင့်တလျက်လည်း။

သမ္မာသမ္ဗုဒ္ဓသာဝကော= ဟူသည် ဘုရားဟော ဝဏ်းတော်ကို ကြားနာခြင်းဖြင့် ဖြစ်ပေါ်လာသော တရာ အားထုတ်သော ရဟန်း။

ဒေသနာတော်၏ အဆုံး၌ ထိုရဟန်းသည် သောတာပတ္တိဖိုလ်ဋ္ဌ တည်၏။ ရောက်လာသော ပရိသတ်အားလည်း အကျိုးရှိသော တရားပေးခြင်းဖြစ်၏။

ရဟန်းတစ်ပါးဝတ္ထု ပြီး၏။

၆။ အင်္ဂိဒတ္တပုဏ္ဏားကြီးဝတ္ထု၊

ဗဟူ ဝေ သရဏံ ယန္တိ– အစရှိသော ဤတရား ဇေတဝန်ကျောင်းတော်၌ မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတပန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သံဝေဂဖြစ်နေသော အင်္ဂိဒတ္တ မည်သော ပုဏ္ဏားကြီးကို အကြောင်းပြု၍ ဟော်ကြားတော်မူသည်။

ထိုအဂ်ိဒတ္တပုဏ္ဏားကြီးသည် ပသေနဒီကောသလမင်းကြီး၏ ခမည်းတော်ဖြစ်သော မဟာဧကာသလမင်းကြီး၏ ပုရောဟိတ်သည် ဖြစ်သတတ်။ထိုနောက် ခမည်းတော်ဖြစ်သော မဟာကောသလမင်းကြီးသည် နတ်ရွာစံလွန်သည်ရှိသော် ထိုအဂ်ိဒတ္တ ပုဏ္ဏားကြီးကို ပသေနဒီ ကောသလမင်းကြီးက ဤသူသည် ငါ့ခမည်းတော်၏ ပုရောဟိတ် ဧကဉ်းဟု ရှိသော်ဖြင့် ထိုပုရောဟိတ် ရာထူးဌာနသာလျှင် ခံစားကျွေးမွေးခြင်းစသည်တို့ဖြင့် ထိုပုရောဟိတ် ပုဏ္ဏားကြီး၏ မိမိဘုံးဘဝ ခစားခြင်းသို့ လားသော်ဘုရိဝယ် ဆရာ ဤအင်္ဂုတ္တိုရာဂုံ ရောက်နေထိုင်တော်မူကုန်လော့။ ဤသို့စသည်ဖြင့် ပြောဆို၍ ခရီးဦးကြိုခြင်းကို ပြုပေ၏။ ဗိမိစံနေသော နေရာနှင့် ထင်တူ နေရာကို ပေးပေ၏။ ထိုအဂ်ိဒတ္တ ပုဏ္ဏားကြီးသည် "ဤမင်းကား ငါ၏ ဘဒ္ဒလွန်အကြီး အထူးသဖြင့် အဓိဒေဝအထူးသဖြင့် အရိုအသေအမှုကိုပြု၏။ ဧင်ဧစ်-မင်းတို့စိတ်ကို အမြဲတစေ နှစ်သက်ကြည်ဖြူ ယှဉ်စေခြင်းငှာ မတတ်ကောင်းချေ ထိုစကားသည် မှန်၏။ မင်း၏ချမ်းသာမည်သည်၊ အရှယ်တူမျှသော သူနှင့် အတူတကွ နေရမှသာလျှင် ချမ်းသာခြင်း ဖြစ်ပေ၏။ ငါသည်လည်း ကြီးမင်းသော အရှယ်ရှိသည် ဖြစ်လေပြီ။ ငါ့အား ရဟန်းပြုခြင်းငှာ သင့်လျော်တော့သည် သာတည်း" ဟူသော အကြံသည် ဖြစ်၏။

အဂ်ိဒတ္တပုဏ္ဏားကြီး တောထွက်ခြင်း

အကြံဖြစ်ပြီး၍ ထိုပုဏ္ဏားကြီးသည် မင်းကြီးသို့ ချဉ်းကပ်၍ ရဟန်းပြုခွင့် တောင်းပန်ပြောဆိုကာ ရဟန်းအဖြစ်ကို ခွင့်ပြုစေ၍ သာဝတ္ထိမြို့ကြီး၌ စည်ကိုလည်စေ၍ ခုနစ်ရက်ဖြင့်သာလျှင် အလုံးစုံသော မိမိဥစ္စာကို စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းကို စီမံ၍ တော်သို့ ထွက်သွားပြီးသောအခါ သာသနာတော်မူအပ ဖြစ်သော ရသေ့ရဟန်း အဖြစ်ကို ပြုလေ၏။ထိုအဂ်ိဒတ္တ ပုဏ္ဏားကြီးကို အမှီပြု၍ တစ်သောင်းမျှလောက်ကုန်သော ယောကျ်ားတို့သည် တောသို့ အစဉ်လိုက်၍ ရဟန်းပြုကြကုန်၏။ မိမိ၏နေရာသို့ လိုက်လာကြကုန်သော ထိုရသေ့တို့နှင့်တကွ အဂ်ိဒတ္တရသေ့ကြီးသည် အင်္ဂတိုင်း မဂဓတိုင်း နှစ်နိုင်ငံတို့၏အကြားဌာ ကြာရှည်စွာ နေကြ၍ တပည့်တို့အား "အမောင်ချစ်သားတို့ အကြင်သူအား ပြစ်မှားတတ်သော ကာမ ဝိတက် စသည်တို့သည် ဖြစ်ပေါ်ခဲ့ကုန်အံ့။ ထိုကာမဝိတက်-စသည် ကြံစည်မိသောသူသည် မြစ်ကမ်းအစဉ် သဲသောင်ပြင်မှ တစ်ခုတစ်ခုသော သဲထုပ်ကို ထမ်းရွက်ပြီးလျှင် ဤနေရာဌာနဌာ ဒလောင်းလေလော့"ဟု ဤသို့သော အဆုံးအမကို ပေးတော်မူ၏။ ထိုရသေ့တို့ကလည်း ကောင်းလှပါပြီ ဘုဝန်ခဲ့ကြ၍ ကာမဝိတက်စသည်တို့ ဖြစ်ပေါ်သောအခါ ဆရာ ဆိုဆုံးမသော အတိုင်းအားဖြင့် လိုက်နာပြုလုပ်ကြကုန်၏။ကာလကြာသော နောက်အခါ၌ ကြီးစွာသော သဲစုသဲပုံသည်ဖြစ်လေ၏။

ထိုသဲစုသဲပုံဌာနကို အဟိဆတ္တအမည်ရှိသော နဂါးမင်းသည် သိမ်းဆည်း စောင့်ရှောက်စိုးအုပ်လေ၏။ အင်္ဂ-မဂဓတိုင်း၌ နေလေ့ရှိကုန်သော သူတို့သည်လည်းကောင်း၊ ကုရုတိုင်း၌ နေလေ့ရှိကုန်သော သူတို့သည် လည်းကောင်း လ-တိုင်း-လတိုင်း၌ ထိုရသေ့တို့အား များစွာသောပူဇော်ဖွယ်ဝတ္ထုကို ယူဆောင်၍လျှုဒါန်းပူဇော်ကြကုန်၏။ ထိုအခါ ဆည်းကပ်လာသော လူအပေါင်းတို့ကို အဂ္ဂိဒတ္တရသေ့ကြီးက "အိုလူအပေါင်းတို့ အသင်တို့သည် တောင်ကို ကိုးကွယ်ဆည်းကပ်ခြင်းသို့ ရောက်ကြကုန်လော့။ တောကို ကိုးကွယ်ဆည်းကပ်ခြင်းသို့ ရောက်ကြကုန်လော့။ တာရာမ်ကို ကိုးကွယ်ဆည်းကပ်ခြင်းသို့ ရောက်ကြကုန်လော့။ သစ်ပင်ကို ကိုးကွယ်ဆည်းကပ်ခြင်းသို့ ရောက်ကြကုန်လော့။ ဤသို့ ကိုးကွယ်ဆည်းကပ်ခြင်းသည် ခပ်သိမ်းဥဿုံ အလုံးစုံသော ဆင်းရဲအပေါင်းမှ အသင်တို့လွတ်မြောက်ရကုန်လတ္တံ့" ဟု ဤသို့သော အဆုံးအမကို ပေး၏။ မိမိအတွင်းနေ တပည့်ဖြစ်ကုန်သော ရသေ့ အပေါင်းတို့ကိုလည်း ဤသိသော အဆုံးအမဖြင့် သာလျင် နေ့ညမပြတ် အထပ်ထပ် ပြောဆိုဆုံးမ၏။

ဘုရားအလောင်း သိဒ္ဓတ္ထမင်းသားသည်လည်း တောထွက်တော်မူသည်ဖြစ်၍ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးသော် ကျွတ်သင့် ကျွတ်ထိုက်သောသူကို လှည့်လည်ချေချတ်လျက် သီတင်းသုံးတော်မူခဲ့ရာ ထိုအခါဝယ် သာဝတ္ထိပြည် ဇေတဝန်ဒကျောင်းတော်၌ သီတင်းသုံးတော်မူလျက် မိုးသောက် ရောက်သော ကာလ၌ လောကကို ကြည့်တော်မူသည်ရှိသော် အတွင်းနေ တပည့်တို့နှင့်တကွ ကိုယ်တော်မြတ် ဉာဏ်တော်ကွန်ရက်၏ အတွင်းသို့ဝင်ရောက်သော အဂ္ဂိဒတ္တပုဏ္ဏားကြီးကိုမြင်တော်မူ၍ အလုံးစုံလည်းဖြစ်ကုန်သော ဤပုဏ္ဏားရသေ့တို့သည် အရဟတ္တဖိုလ်သို့ ရောက်ကြောင်း ဥပနိဿယပြည့်ဝသည်ကို သိမြင်တော်မူသောကြောင့် ညနေချမ်းအခါ၌ မဟာမောဂ္ဂလာန်မထေရ်ကို ခေါ်တော်မူ၍ ချစ်သားမောဂ္ဂလာန် မိမိ၏ထံပါးသို့ ကိုးကွယ် ဆည်းကပ်သော ပရိသတ်လူ အပေါင်းကို သံသရာမှ ထွက်မြောက်ရာ မဟုတ်သော လမ်းမဟုတ်ရာသို့ ပြေးပြေးသွားစေဘိသော အဂ္ဂိဒတ္တပုဏ္ဏားကြီးကို အသင် မကြည့်ရှု မတွေ့မြင်သလော၊ ချစ်သားမောဂ္ဂလာန် သွားလော့၊ များစွာသော ပုဏ္ဏားတို့အား အဆုံးအမကို ပေးလေလော့ဟု မိန့်တော်မူ၏။ အရှင်မဟာမောဂ္ဂလန်မထေရ်က ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ထိုပုဏ္ဏားတို့သည် အလွန်များလှ ပါကုန်သည်။ တစ်ယောက်ထီးတည်းဖြစ်ယော တပည့်တော်အား ဟောကြားဆုံးမခြင်းငှါ မစွမ်းနိုင်ပါ။ အရှင်ဘုရားတို့သည် အကယ်၍ကြွလာကုန်သည်ဖြစ်အုံ၊ စွမ်းနိုင်သည် ဖြစ်ပါကုန်လတ္တံ့ဟု လျှောက်ထား၏။ မြတ်စွာဘုရား ရှင်က ချစ်သားမောဂ္ဂလာန်၊ ငါဘုရားသည်လည်း ကြွတော်မူခဲ့အုံ၊ အသင်သည် ရှေ့မှ သာလျှင် သွားနှင့်ဦးလော့ဟု မိန့်တော်မူ၏။ အရှင်မဟာမောဂ္ဂလာန် မထေရ်

သည် ရှေးဦးစွာ ကြွသွားလျက်လာလျှင် ဤသို့သော အကြံသည် ဖြစ်၏။ အဘယ်သို့ ဖြစ်သနည်းဟူမူကား "ဤရသေ့တို့သည် စွမ်းပကားခွန်အားလည်း ရှိကြကုန်၏။ များလည်း များကုန်၏၊ အလုံးစုံသောရသေ့တို့ တွေ့ဆုံစုဝေး သောနေရာ၌ တစ်စုံတစ်ခုသောစကားကို အကယ်၍ ပြောမိသည်ဖြစ်အံ့။ အလုံး စုံသောရသေ့တို့သည် အစုအစု အထုအကြီးအကျယ်ဖြင့်အသွယ်သွယ် ပြောဆို လျက် ထကြဖေကုန်ရာ၏" ဟု ကြံ၏။ ကြပြီးသောအခါ ရှေးဦးစွာ မိမိ၏အာနုဘော်ဖြင့် မိုးပေါက်ကြီးသောမိုးကို ရွာစေ၏၊ မိုးရေ မိုးပေါက်ကြီးတို့သည် ကျကုန်သည်ရှိသော် ရသေ့တို့သည် အသီးသီးအဝဝ နေရာမှထကြ၍ မိမိ၏ သစ်ရွက်မိုးသော ကျောင်းသခ်မ်းအတွင်းသို့ ဝင်ကြကုန်၏။ အရှင်မဟာ မောဂ္ဂ-လာန်မထေရ်သည် အဂ္ဂိဒတ္တပုဏ္ဏားရသေ့ကြီး၏ သစ်ရွက်မိုးသော ကျောင်း သခ်မ်းတံခါး၌ ရပ်တည်တော်မူပြီးလျှင် အိုအဂ္ဂိဒတ္တဟု ခေါ်ဆိုလေ၏။ ထိုအဂ္ဂိ ဒတ္တပုဏ္ဏားကြီးသည် အရှင်မဟာ မောဂ္ဂလာန်မထေရ်၏ အသံကိုကြား၍ "ငါ့ကို ဤလောက၌ အမည်နာမဖြင့် ထုတ်ဖော် ခေါ်ဆိုခြင်းငှါ စွမ်း နိုင်သောသူ မည်သည် မရှိ။ အဘယ်သူသည် နာမည်ဖြင့် ငါ့ကို ခေါ်လေဘိသနည်း" ဟု တက်ကြွခက်ထန်သောမာန်ရှိသဖြင့် ငါ့ကိုခေါ်သော ဤသူသည် အဘယ်သူ ဖြစ် သနည်းဟုဆို၏။ ပုဏ္ဏားကြီး ငါပါတည်းဟု အရှင်မဟာမောဂ္ဂလာန်က ပြောသည် ရှိသော် အဘယ်ကို ဆိုသနည်းဟု မေးမြန်းပြန်သဖြင့် အရှင်မဟာ မောဂ္ဂလာန် မထေရ်က ဤတစ်ညဉ့်မျှကို ဤဌာန ဤနေရာ၌နေခြင်းငှါ လျှောက်ပတ်သော အရပ်ကို ငါ့အား ပြောကြားပါလော့ဟုဆို၏၊ အို ရဟန်း ဤအရပ်ဌာန၌ နေ ခြင်းငှါ သင့်လျော် လျောက်ပတ်သော နေရာ မရှိ၊ ပုဏ္ဏားတစ်ယောက်အား ကျောင်းသခ်မ်းတစ်ခုသာလျှင် ရှိသည်ဟု ပြန်လှန်မြောဆိုသဖြင့် အို အဂ္ဂိဒတ္တ လူတို့မည်သည် လူတို့၏အထံသို့ သွားကြကုန်သည်။ နွားတို့မည်သည် နွားတို့၏ အထံသို့ သွားကြကုန်သည်။ ရဟန်းတို့မည်သည် ရဟန်းတို့၏အထံသို့ သွားကြ ကုန်သည်၊ ဤသို့ မပြုပါလင့်၊ ငါ့အားနေခြင်းငှါ လျှောက်ပတ်သော အရပ်ကို ခွင့်ပေးခြင်း ပြုပါလော့ဟုပြော၏။ အသို့နည်း၊ အသင်သည် ရဟန်းလောဟု အဂ္ဂိဒတ္တပုဏ္ဏားကြီးကမေးပြန်သဖြင့် အရှင်မဟာမောဂ္ဂလာန်မထေရ်က ဩော် ရဟန်း မှန်ပေ၏ဟုပြောဆို၏။ အသင်သည် အကယ်၍ ရဟန်းဖြစ်အံ့၊ အသင်၏ ထမ်းပိုးဘဏ္ဍာသည် အတီမှာနည်း၊ အသင်၏ရဟန်းပရိက္ခရာသည် အဘယ်မှာ နည်းဟု မေးမြန်းပြန်သဖြင့် အိုပုဏ္ဏားကြီး ငါ့အား ရဟန်းတို့၏ သုံးဆောင်ရာ ပရိက္ခရာသည် ရှိပါ၏။ ထိုသို့ပင် ရှိပါသော်လည်း ရဟန်းတို့၏ ပရိက္ခရာ ကို ကိုင်ထားလျက် လှည့်လည်ခြင်းငှါ ဆင်းရဲပေသည်ဟု နှလုံးသွင်းလျက် ကိုယ်အတွင်းဖြင့်သာလျှင် သွတ်သွင်းယူငင်၍ အစဉ်လှည့်လည်ပေ၏ဟုပြော၏။ ထိုအဂ္ဂိဒတ္တပုဏ္ဏားကြီးသည် အသင်တို့သည်သာလျှင် ယူငင်ဆွဲတည်လှည့်သည်ဘိ သည်ဟု ဆိုလိုသဖြင့် မထေရ်အား အမျက်ထွက်၏။ ထိုအခါ အရှင်မောဂ္ဂလာန်

မထေရ်က ထိုပုဏ္ဏားကြီးကို အို အဂ္ဂိဒတ္တ၊ ငါ့တို့ကို အမျက်ထွက်ခြင်း မပြုလင့်၊ သင့်လျော်လျောက်ပတ် နေထိုင်အပ်သော အရပ်ဌာနတစ်ခုကိုသာလျှင် ငါ့အား ပြောကြားဘိလော့ဟု ဆိုသဖြင့် ဤအရပ်၌ လျောက်ပတ်သင့်တင့် အခွင့်နေရာ မရှိပါဟု ပြောပြန်သောအခါ အို အဂ္ဂိဒတ္တ၊ အနီးအပါးဖြစ်သော ထိုသဲပုံစု အထုနေရာ၌ အဘယ်သူနေပါသနည်းဟု မေးလျှင် တစ်ကောင်သော နဂါးမင်း သည် နေပေသည်ဟုပြော၏၊ ထိုနေရာကို ငါ့အား ပေးဘိလော့ဟုဆိုလျှင် ထိုနေရာ၌ နဂါးမင်း၏ နှိပ်စက်သမှု ပြုတတ်သည့်အရေးကြောင့် အလွန်လျှင် ဝန်လေးပါသည်၊ ခွင့်ပေးခြင်းငှါ မတတ်ကောင်းဟု ပြောဆို၏။ အို အဂ္ဂိဒတ္တ အသင်ပြောသောအတိုင်း ရှိပါစေလော့၊ ငါ့အား ထိုနေရာအရပ်၌ ခွင့်ပေးဘိ လော့ဟု ထပ်၍ ပြောပြန်သဖြင့် ထိုသို့ဖြစ်လျှင် အသင်သည်ပင်လျှင် သိလေ လော့ဟု ခွင့်ပေး၏။ အရှင်မဟာမောဂ္ဂလာန်မထေရ်သည် သဲပုံသဲစုသို့ ရှေးရှ ကြွသွားတော်မူ၏။

အရှင်မောဂ္ဂလာန်နှင့် နဂါးမင်း တန်ခိုးခြင်းပြိုင်

နဂါးမင်းသည် နေခြင်းငှါ ကြွလာတော်မူသော ထိုအရှင်မဟာမောဂ္ဂလာန် မထေရ်ကိုမြင်လျှင် ဤရဟန်းသည် ဤအရပ်ကို ချဉ်းကပ်လာခဲ့ဘိ၏၊ ဤနေ ရာ၌ ငါရှိသည်အဖြစ်ကို မသိခဲ့လေယောင်တကား၊ ကြီးမားသောအခိုးကိုလွှတ်၍ ထိုရဟန်းကို သတ်အံ့ဟုကြံ၍ အခိုးကိုလွှတ်၏၊ အရှင်မဟာမောဂ္ဂလာန် မထေရ် သည် ဤနဂါးကား ငါသည်သာလျှင် ကြီးစွာသောအခိုးကို လွှတ်ခြင်းငှါစွမ်းနိုင် လေသည်။ တစ်ပါးသော သူတို့သည် အခိုးကို လွှတ်ခြင်းငှါ မစွမ်းနိုင်ကြကုန်ဟု အောက်မေ့မှတ်ထင်လေဘိသည်ဟု ကြံစည်တော်မူပြီးလျှင် မိမိသည်လည်း အခိုးလွှတ်၏။ ရဟန်းနှင့်နဂါးနှစ်ပါးစုံသောသူ၏ ကိုယ်မှထွက်၍ တက်ကုန်သော အခိုးတို့သည် ဗြဟ္မာပြည်တိုင်အောင် လွှမ်းမိုးတက်ကြွကုန်၏၊ နှစ်ဦးနှစ်ဘက် ထွက်သောအခိုးဟူသမျှတို့သည် အရှင်မဟာ မောဂ္ဂလာန်မထေရ်ကို မနှိပ်စက် မညှဉ်းဆဲနိုင်မူ၍ နဂါးမင်းကိုသာလျှင် နှိပ်စက်ညှဉ်းဆဲကုန်၏။ နဂါးမင်းသည် အခိုး၏အဟုန်ကို သည်းခံခြင်းငှါ မစွမ်းနိုင်ပြန်သောကြောင့် အလျှံကိုလွှတ် လေ၏။ အရှင်မဟာ မောဂ္ဂလာန်မထေရ်မြတ်သည်လည်း တေဇောဝတ်ကို ဝင်စားပြီးလျှင် ထိုနဂါးမင်းနှင့်အတူသာလျှင် မိမိကတစ်ဖန် အလျှံကိုလွှတ်ပြန် ၏။ နှစ်ဦးနှစ်ဘက် လွှတ်သောမီးလျှံအဆက်ဆက်တို့သည် အထက်ဗြဟ္မာပြည် တိုင်အောင် တောက်လောင်တက်ကြွကုန်၏။ နှစ်ဦးနှစ်ဘက်ထွက်သော အလျှံ တို့သည် အရှင်မဟာ မောဂ္ဂလာန်မထေရ်သို့ အနည်းငယ်မျှ မနှိပ်စက်နိုင်မူ၍ နဂါးမင်းသို့သာလျှင် နှိပ်စက်လေကုန်၏။ထိုသို့မီးလျှံ ပြင်းထန် တောက်လောင် သောအားဖြင့် နဂါးမင်း၏ ကိုယ်အလုံးသည် မီးရှူးအလျှံတို့ဖြင့် ဝန်းရံ လောင်မြိုက်ဘိသကဲ့သို့ ဖြစ်လေ၏။ ရသေ့အပေါင်းသည် ရင်းပြုမှု တို့ကို

ကြည့်ရှုတွေ့မြင်ရသည်ဖြစ်၍ နဂါးမင်းသည် ဤရဟန်းကို လောင်ကျမ်းမီးမြိုက်စေ၏၊ ကောင်းလေစွတကား ဆိုနိုင်ခက်သော ဤရဟန်းသည် ငါတို့ပြောကြားသော စကားကို မနာယူသည်ဖြစ်အံ့၊ ပျက်စီးရလေပြီဟု ကြံစည်အော်မြည်၏။ အရှင်မဟာမောဂ္ဂလာန်မထေရ်သည် နဂါးမင်းကို ကျိုးနွံအောင်ဆုံးမတော်မူပြီးလျှင် ကြမ်းကြုတ်ခက်ထန်သော အဆိပ်အတောက်မရှိသည်ကို ပြု၍ သဲပုံစုအထက်၌ သီတင်းသုံးနေတော်မူ၏။ နဂါးမင်းသည် သဲပုံစုကို ကိုယ်အနေ့တိုဖြင့် ငန်းရံရစ်ပတ်၍ အသွတ်တပ်ထားသော ပြာသာဒ်၏ တိုက်ခန်းအသွင် ပါးပုဉ်ကို ဖန်ဆင်း၍ မထေရ်၏ ဦးခေါင်းထက်၌ ဖြန့်လုက်အုပ်မိုး၍ နေ၏။ ရသေ့ အပေါင်းတို့သည် သောင်းသောင်း ဖြဖြ နံနက်စောစောမှသာလျှင်။ ဤအရှင်ရဟန်း၏ သေလွန်သည့် အဖြစ်ကိုလည်းကောင်း မသေလွန်သည့် အဖြစ်ကိုလည်းကောင်း၊ သိကုန်ကြအံ့ဟုပြောကြားတိုင်ပင်ကြပြီးလျှင် အရှင်မဟာမောဂ္ဂလာန် မထေရ်အထံသို့ သွားကြ၍ ကြီးမားအထု သဲစုအထက်၌ ထိုင်နေတော်မူသော ထိုမထေရ်ကိုမြင်၍ လက်အုပ်မြှောက်ချီလျက် ချီးမွမ်းကြကုန်ပြီးလျှင် အရှင်ရဟန်း အသို့ပေနည်း။ အသင်ရဟန်းအား နဂါးမင်းသည် ညှဉ်းပန်းနှိပ်စက်ခြင်းကို မပြုလေသလောဟု မေးမြန်း ပြောဆိုကြကုန်၏။ ၎ထေရ်က အသင်ရသေ့ အပေါင်းတို့ ငါ၏ ဦးခေါင်းထက်၌ ဖြန့်လျက်တည်နေသော နဂါးမင်းကို မမြင်ကြကုန်သလောဟု မေးတော်မူသဖြင့် ထိုရသေ့အပေါင်းတို့သည် အိုအချင်းတို့ ဤအရှင်ရဟန်းအား ကြမ်းတမ်းခက်ထန်သော နဂါးမင်းကို ဝပ်စင်းခယအောင် ဆုံးမအပ်သည်ကား အံ့သြဖွယ်ရှိလေစွဟု ထောမနာကြပြီးလျှင် အရှင်မဟာမောဂ္ဂလန် မထေရ်ကို ထက်ဝန်းကျင် ခြံရုံ၍ တည်နေကြကုန်၏။

ရသေ့တို့အား တရားဟောတော်မူခြင်း

ထိုခဏ၌ မြတ်စွာဘုရား ကြွလာတော်မူသောကြောင့် မထေရ်သည် မြတ်စွာဘုရားရှင်ကို မြင်ရသောအခါ နေရာမှထ၍ လက်အုပ်ချီမိုး ရှိခိုးဦးတိုက်လေ၏။ ထိုအခါ ရသေ့တို့က မထေရ်ကို ဤရဟန်းသည် အသင်ထက်ပင်လည်း ကြီးကျယ် မြင့်မြတ်သေးသလောဟု ပြောဆို မေးမြန်းကြကုန်၏။ အိုရသေ့အပေါင်းတို့ ဤမြတ်စွာဘုရားသည် ငါ၏ ဆရာပေတည်း။ ငါသည်ကား ဤမြတ်စွာဘုရား၏ တပည့်သားတည်းဟု ပြောဆို၏၊ မြတ်စွာဘုရားသည် သဲစုအထက်၌ ထိုင်နေသီဘင်းသုံးတော်မူ၏။ ရသေ့အပေါင်းသည် တပည့်ဖြစ်သော ဤရဟန်းအား ဤမျှလောက် ကြီးကျယ်သော တန်ခိုးအာနုဘော် ရှိတုံသေး၏။ ဆရာဖြစ်သော ဤရဟန်း၏ တန်ခိုးအာနုဘော်ကား အဘယ်သို့ သဘောရှိသည်ဖြစ်လိမ့်မည်နည်းဟု ချီးမွမ်းအံ့သြ ပြောဆိုကြပြီးလျှင် လက်အုပ်ချိမိုး ရှိခိုး၍ မြတ်စွာဘုရားရှင်ဂါို ချီးမွမ်းကြကုန်၏။ မြတ်စွာဘုရားရှင်သည် အဂ္ဂိဒတ္တရသေ့ကို

ခေါ်တော်မူပြီးလျှင် အချင်းအဂ္ဂိဒတ္တ အသင်သည် သင်၏ တပည့်တို့အား လည်းကောင်း အသင်၏ အလုပ်အကျွေး ဒါယကာ-ဒါယိကာမတို့အား ၎ည်း ကောင်း အဆုံးအမ သြဝါဒကို ပေးသည်ရှိသော် အဘယ်သို့သော အဆုံးအမ သြဝါဒကို ပြောဆို၍ ပေးဘိသနည်း။ အသင်ပေးအပ်သော အဆုံးအမ သြဝါဒ စကားကို ငါအား ကြားလျှောက်ဘိလော့ဟု မိန့်တော်မူ၏။ အသင်တို့သည် ထိုတောင်ကိုကိုးကွယ်ခြင်းသို့ ရောက်ကြကုန်လော့။ ထိုတောကို ကိုးကွယ်ခြင်းသို့ ရောက်ကြကုန်လော့။ ထိုဒေဝရုမ်ကို ကိုးကွယ်ခြင်းသို့ ရောက်ကြကုန်လော့။ ထိုသစ်ပင်ကို ကိုးကွယ်ခြင်းသို့ ရောက်ကြကုန်လော့။ ထိုတောင်, တော, အာရုမ်, သစ်ပင်တို့ကို ကိုးကွယ်ခြင်းသို့ ရောက်သည်ရှိသော် အလုံးစုံသော ဆင်းရဲမှု လွတ်မြောက်ရလိတ္တံ့ဟု ဤသို့သော အဆုံးအမသြဝါဒကို တပည့်သာဝက အလုပ် အကျွေး ဖြစ်ကြကုန်သော ဒါယကာ-ဒါယိကာမတို့အား ပေးပါသည်ဟု ကြား လျှောက်၏။ မြတ်စွာဘုရားရှင်က အဂ္ဂိဒတ္တ ထိုတော, တောင်, အာရုမ်, သစ်ပင် တို့ကို ကိုးကွယ်ခြင်းသို့ ရောက်သောသူသည် ဆင်းရဲခပ်သိမ်းမှ မလွတ်မြောက်နိုင် စင်စစ်သော်ကား ဘုရားရှင်ကိုလည်းကောင်း တရားတော်ကို လည်းကောင်း သံဃာတော်ကိုလည်းကောင်း ကိုးကွယ်ဆည်းကပ်ခြင်းသို့ ရောက်သောသူသည် သာလျှင် အလုံးစုံသော သံသရာ ဝဋ်ဆင်းရဲ အပေါင်းမှ လွတ်မြောက်နိုင် လေသည်ဟု မိန့်တော်မူလိုရကား ဤဂါထာတို့ကို ဟောကြားတော်မူ၏—

ဗဟုံ ဝေ သရဏံ ယန္တိ၊ ပဗ္ဗတာနိ ဝနာနိ စ။
အာရာမရုက္ခစေတျာနိ၊ မနုဿာ ဘယ တဇ္ဇိတာ။

နေတံ ခေါ် သရဏံ ခေမံ၊ နေတံ သရဏမုတ္တမံ။
နေတံ သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။

ယော စ ဗုဒ္ဓဉ္စ ဓမ္မဉ္စ၊ သံဃဉ္စ သရဏံ ဂတော။
စတ္တာရိ အရိယသစ္စာနိ၊ သမ္မပ္ပညာယ ပဿတိ။

ဒုက္ခံ ဒုက္ခသမုပ္ပါဒံ၊ ဒုက္ခသ္သ စ အတိက္ကမံ။
အရိယံ စဋ္ဌင်္ဂိကံ မဂ္ဂံ၊ ဒုက္ခူပသမဂါမိနံ။

ဧတံ ခေါ် သရဏံ ခေမံ၊ ဧတံ သရဏမုတ္တမံ။
ဧတံ သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။

ဘေးဖြင့် ထိတ်လန့်တုန်လှုပ်ခြင်း လူတို့သည် မျှားစွာကုန်သော တောင်တို့ကို လည်းကောင်း တောတို့ကို လည်းကောင်း၊ အာရုမ် (သစ်သီး အာရုမ် ပန်းအာရုမ်) လူတို့ဝတ်ရော သစ်ပင်တို့ကို လည်းကောင်း ကိုးကွယ်ရာဟူ၍ ဆည်းကပ် သွားရောက်ကြကုန်၏။ ထိုအလုံးစုံသည် ဘေးရန်ကင်းကြောင်း

ကိုးကွယ်ရာမဖြစ်နိုင်။ ထိုအလုံးစုံသည် မြင့်မြတ်သော ကိုးကွယ်ရာမဖြစ်နိုင်၊ ထို ကိုးကွယ်မှုကို အစဲပြု၍ ဆင်းရဲခပ်သိမ်းမှ မလွတ်မြောက်နိုင်။

ဘုရား တရား သံဃာတို့ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်သောသူအား ဒုက္ခ သစ္စာ ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာ ဒုက္ခကိုလွန်မြောတ်ရာ နိရောဓသစ္စာ အင်္ဂါရှစ်ပါးရှိသော ဒုက္ခချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော ဖြူစင်သော မဂ္ဂသစ္စာ ကျင့်လေးပါးသော အရိယာသစ္စာတို့ကို မှန်ကန်သော မင်္ဂလာဖြင့် သိမြင်နိုင်၏။ ကျင့်ရတနာသုံးပါးသည် ဘေးကင်း ငြိမ်းစေနိုင်သော ကိုးကွယ်ရာဖြစ်၏။ မြင့်မြတ်သော ကိုးကွယ်ရာ ဖြစ်၏။ ဤကိုးကွယ်ခြင်းကို အစဲပြု၍ ဆင်းရဲခပ်သိမ်းမှ လွတ်မြောက်နိုင်၏။

ထိုဂါထာ၌—

ဗဟုံ=ဟူသည် များစွာဟု ဆိုလိုသည်။

ပဗ္ဗတာနိ=ဟူသည် ထိုထိုအရပ်၌ ကျသိုက်လိုတောင်, ဝေပုလ္လတောင်, ဝေဘာရတောင် စသော် တောင်တို့ကို လည်းကောင်း မဟာဝုန်တော, ဂေါသိင်္ဂအင်ကြင်းတော စသော တောတို့တို့ လည်းကောင်း ဝင်္ဂုဝန်ဥယျာဉ် ဇီဝကသရက်ဥယျာဉ် စသော အာရာမ်တို့ကိုလည်းကောင်း ဥဒေနစေတီ ဂေါတမ စေတီစသော နတ်ကွန်းသစ်ပင်တို့ကို လည်းကောင်း. ထိုထိုလူတို့သည် ထိုထိုဘေး ဖြင့်, အခြိမ်းခြောက်ခံရသည်ဖြစ်၍ ဘေးမှလွတ်လိုသောကြောင့်လည်းကောင်း သားရလို့မှုစသည်တို့ကို တောင့်တသောကြောင့် လည်းကောင်း ဆည်းကပ်ကြကုန်၏ဟူလို။

နေတံ သရဏံ=ဟူသည် ဤအလုံးစုံသော ကိုးကွယ်မှုသည် ဘေးကင်းကြောင်းမဟုတ် မြင့်မြတ်မှုမရှိ ဤကိုးကွယ်မှုကို အစဲပြု၍ ဇာတိ ဇရာ သဘော ရှိသော သတ္တဝါတို့ဘင် တစ်ယောက်မျှလည်း ဇာတိစသော ဒုက္ခမှမလွတ်မြောက်နိုင်ဟူလို။

ယော စ=ဟူသည် ဘေးမကင်းသော မမြင့်မြတ်သော ဤကိုးကွယ်ရာကို ပြု၍ ဘေးကင်း မြင့်မြတ်သော ကိုးကွယ်ရာကို ပြခြင်းငှါ အားထုတ်၏။

အဓိပ္ပါယ်ကား- လူဝတ်ကြောင်ဖော် လည်းကောင်း၊ ရဟန်းသော် လည်းကောင်း၊ အရဟံ အစရှိသော ဗုဒ္ဓဂုဏ်တော် အောက်မေ့ခြင်း ဟရုဏ်တော် အောက်မေ့ခြင်း သံဃာဂုဏ်တော် အောက်မေ့ခြင်း အနုဿတိ ကမ္မဋ္ဌာန်းကို အမှီပြု၍ အမြင့်မြတ်ဆုံး အဖြစ်ဖြင့် ဘုရား တရား သံဃာတို့ကို ကိုးကွယ်ဆည်းကပ်၏။ ထိုပုဂ္ဂိုလ်၏ သရဏဂုံသည် သာသနာပတိတ္ထိုကို ရှိခိုးခြင်းစသည်ကြောင့် ပျက်စီးတတ်၏။တုန်လှုပ်၏၊ ဤပုဂ္ဂိုလ်၏ သရဏဂုံသည်ကား မလှုပ်ရှားသည်၏

အဖြစ်ကို ပြခြင်းငှါ မင်္ဂဉ်ဏ်နှင့် အတူတကွလာသော သရဏဂုံကိုသာလျှင် ပြလိုသောကြောင့် "စတ္တာရိ အရိယာသစ္စာနိ သမ္မပ္ပညာယ ပဿတိ" ဟူ၍ ဟောတော်မူ၏။

အကြင်သူသည် ဤသစ္စာတို့ကို သိမြင်ခြင်းဖြင့် ဤရတနာသုံးပါးတို့ကို ကိုးကွယ်ဆည်းကပ်၏ ထိုပုဂ္ဂိုလ်၏ ကိုးကွယ်မှုသည် ဘေးကင်းကြောင်းဖြစ်၏။ အမြတ်ဆုံးဖြစ်၏ ထိုပုဂ္ဂိုလ်သည် ဤကိုးကွယ်မှုကို အကြောင်းပြု၍ အလုံးစုံသော ဝဋ္ဌဆင်းရဲမှ လွှတ်မြောက်၏ ထို့ကြောင့် "တေ ခေါ သရဏံ ခေမံ" စသည်ကို ဟောတော်မူ၏။

သာသနာတော်၏ အကျိုး

ဤတရား ဒေသနာတော်၏ အဆုံး၌ ထိုရသေ့အားလုံးတို့သည် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်၍ မြတ်စွာဘုရားရှင်ကို ရှိခိုးပြီးသော် ရဟန်းအဖြစ်ကို တောင်းပန်ကြားလျှောက်ကြကုန်၏။ မြတ်စွာဘုရားသည်လည်း သက်နှံးရုံအတွင်းမှ လက်တော်ကို ဆန့်တန်းတော်မူပြီးလျှင် ရဟန်းတို့လာလှည့်ကုန်လော့ မြတ်သောအကျင့်ကို သင်တို့သည် ကောင်းစွာ ကျင့်ကြကုန်လော့။ ဤသို့သော စကားကို ဘုရားမိန့်တော်မူသည်နှင့် တစ်ပြိုင်နက်သာလျှင် ထိုရသေ့တို့အား ရှစ်ပါးသော ပရိက္ခရာတို့ကို ကောင်းစွာ လွှယ်ဆောင် သက်နှံးဝတ်ရုံလျက် ဝါတော် ခြောက်ဆယ် ရပြီးသော မထေရ်ကြီးတို့ကဲ့သို့ တစ်ခါတည်းဖြစ်လေကုန်၏။ အဂ္ဂိဒတ္တ အစရှိသော ရသေ့အပေါင်းတို့ ရဟန်းတို့ပြုကြသော ထိုနေ့ကား အင်္ဂတိုင်း-မဂဓတိုင်း-ကုရုတိုင်းတို့၌ နေလေ့ရှိကုန်သော ဒါယကာ ဒါယိကာမ အားလုံးတို့၏ ပူဇော်သက္ကာရ ပေးလှူဖွယ်ဟူသမျှကို ယူငင်၍ လာရောက်အံ့သော နေ့သည် ဖြစ်ပေ၏။ ထိုဒါယကာ-ဒါယိကာမ တို့သည် အလှူဝတ္ထုကို ယူငင်၍ လာကြကုန်သည်ရှိသော် ရဟန်းတော်မြတ် အသွင်သို့ ရောက်ကြကုန်သော ထိုရသေ့အားလုံးတို့ကိုမြင်၍ အသို့နည်း ငါတို့၏ကိုးကွယ်ရာ ဆရာဖြစ်တော်မူသော အဂ္ဂိဒတ္တပုဏ္ဏားကြီးက မြင့်မြတ် ကြီးကျယ်လေသလော။ သို့တည်းမဟုတ် ရဟန်းကြီး ရှင်ဂေါတမကပဲ ကြီးကျယ် မြင့်မြတ်လေသလော ဟု ကြံစည်အောက်မေ့ကြ၍ ငါတို့၏ ကိုးကွယ်ရာ ဆရာပုဏ္ဏားကြီးရှိရာ အရပ်ဌာနသို့ ရဟန်းဂေါတမ လာရသည့် အဖြစ်ကြောင့် အဂ္ဂိဒတ္တပုဏ္ဏားကြီးက သာလျှင် ကြီးကျယ် မြင့်မြတ်ဟန် တူလေသည်ဟု အောက်မေ့မှတ်ထင်ကြကုန်၏။ မြတ်စွာဘုရားရှင်သည် ပရိသတ်များစွာ ထိုဒါယကာ ဒါယိကာမတို့၏ အလိုကြံစည်မှုကို ကြည့်ရှုတော် မူပြီးလျှင် အချင်းအဂ္ဂိဒတ္တ ရောက်လာကြသော ပရိသတ်များ၏ ယုံမှားသံသယကို ပယ်ချ ဖြတ်တောက်ဘိုလော့ဟု မိန့်တော်မူ၏။

ဘုရား၏ တပည့်အဖြစ်ကို ဝန်ခံခြင်း

ထိုအဂ္ဂိဒတ္တကလည်း ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အကျွန်ုပ်သည်လည်း မြတ်စွာဘုရား မိန့်ကြားတော်မူမည့် ဤမျလောက်သော စကားကိုသာလျှင် ရည်သန်တောင့်တ၍ နေပါသည်ဟု လျှောက်ကြားပြီးလျှင် မိမိ၏ တန်ခိုးဖြင့် ခုနစ်ကြိမ်တိုင်တိုင် အထက်ကောင်းကင်သို့ ကြွတက်တော်မူ၍ အကြိမ်ကြိမ် အဖန်ဖန် တုံ့ပြန်သက်ဆင်းပြီးလျှင် ဘုရားရှင် ကိုယ်တော်မြတ်ကို ရှိခိုးဦးချ၍ ဘုန်းတော် အလွန်ကြီးမြတ်တော် မူလှပေသော မြတ်စွာဘုရား အရှင်ဘုရားသည် ဆုံးမတော်မူပေတတ်သော တပည့်တော်၏ ဆရာပါတည်း။ တပည့်တော်ကား အရှင်ဘုရား ဟောကြားဆုံးမသည်ကို နာယူရသည့် တပည့်သာဝက ဖြစ်ပါသည်ဟု လျှောက်ကြားပြီးလျှင် ပရိသတ် အလယ်၌ မိမိ၏ တပည့်သာဝကအဖြစ်ကို ထင်ရှား ပြသလေသတည်း။

အဂ္ဂိဒတ္တပုဏ္ဏားကြီးဝတ္ထု ပြီး၏။

၇။ အာနန္ဒမထေရ် ဝတ္ထု

ဒုလ္လဘော ပုရိသာဇညော= အစရှိသော ဤတရား ဒေသနာတော်မြတ်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အရှင်အာနန္ဒာမထေရ် မေးလျှောက်အပ်သော ပြဿနာတစ်ခုကို အကြောင်းပြု၍ ဟောကြားတော် မူခဲ့သည်။

အာနန္ဒာမထေရ်သည် တစ်နေ့သောအခါ၌ သင့်မြတ်သော အခွင့်ကိုရသဖြင့် နေ့သန့်ရာဌာန၌ သီတင်းသုံးတော်မူလျက် ဆင်အာဇာနည်သည် ဆဒ္ဒန်ဆင်မျိုး၌လည်းကောင်း ဥပေါသထ ဆင်မျိုး၌လည်းကောင်း ဖြစ်ပေါ်၏။ မြင်းအာဇာနည်သည် သိန္ဓောမြင်းမျိုး၌လည်းကောင်း၊ ဝလာဟကမည်သော မြင်းမျိုး၌လည်းကောင်း ဖြစ်ပေါ်၏။ ဥသဘမည်သော နွားအာဇာနည်သည် ဒက္ခိဏာပထတိုင်း၌ ဖြစ်ပေါ်၏။ ဤသို့ အစရှိသော စကားတို့ကို မိန့်တော်မူသဖြင့် မြတ်စွာဘုရားရှင်သည် ဆင်အာဇာနည် မြင်းအာဇာနည် နွားအာဇာနည်တို့၏ ဖြစ်ရာအရပ် အမျိုးဇာတ် စသည်တို့ကို သတ်မှတ်ပိုင်းခြား ဟောကြားတော်မူအပ်ကုန်၏ ယောကျ်ားအာဇာနည်မူကား ဤအမည်ရှိသော အရပ်၊ ဤအမျိုးဇာတ်၌ ချဉ်းကပ် ဖြစ်ပေါ်တတ်သည်ဟု အတည်ပိုင်းခြား ဟောကြားတော်မမူသေးပေ။ ယောကျ်ားအာဇာနည်သည်ကား အဟယ်မည်သော အရပ် အမျိုးဇာတ်၌ ချဉ်းကပ်ဝင်ရောက် ပေါ်ပေါက် ဖြစ်ထွန်းလိမ့်မည်နည်းဟူသော အကြံသည်ဖြစ်၏။ အရှင်အာနန္ဒာသည် မြတ်စွာဘုရားထံတော်ရပ်သို့ ချဉ်းကပ် ရှိခိုးဦးချ၍ သင့်မျှသော အရပ်၌ ထိုင်နေပြီးလျှင် မိမိကြံစည်မိသော ထိုအခြင်းအရာ အလုံးစုံကို အကုန်လျှောက်ကြားပြီးမှ "ယောကျ်ား အာဇာနည်

သည် အဘယ်မည်သောအရပ် အမျိုးဇာတ်၌ ချဉ်းကပ်ဝင်ရောက် ပေါ်ပေါက် ဖြစ်ထွန်းနိုင်ပါသနည်း"ဟု မေးလျှောက်၏။

ယောကျ်ားအာဇာနည် တို့ဖြစ်ရာအရပ်

မြတ်စွာဘုရားရှင်က အာနန္ဒာ ယောကျ်ား အာဇာနည်မည်သည် မည်မည် ဝါဝါ နေရာ မသတ်မှတ် အလုံးစုံသော အရပ်၌ ပေါ်ပေါက် ဖြစ်ထွန်းလာနိုင်သည် မဟုတ်ချေ။ အဖြောင့်အားဖြင့်ကား အလျားအရှည်အားဖြင့် ယူဇနာ သုံးရာ အနံအပြန့်အားဖြင့် ယူဇနာ နှစ်ရာ့ငါးဆယ် အဝန်းအားဖြင့် ယူဇနာ ကိုးရာ အဘိုင်းအရှည်ရှိသော-မဇ္ဈိမဒေသဟု ခေါ်သော ဤနေရာအရပ်၌သာ ဖြစ်ပေါ်တတ်လေသည်။ ၎င်းအရပ်၌ ဖြစ်ပေါ်တတ်သော်လည်း သာမည်ဖြစ်သော အမျိုးဇာတ်၌ ဖြစ်ပေါ်တတ်သည် မဟုတ်ချေ။ ခတ္တိယမဟာသာလ ဗြာဟ္မဏမဟာသာလ ဤနှစ်မျိုးတို့တွင် မြင့်မြတ်သောအမျိုး၌သာလျှင်ဖြစ်ပေါ်တတ်လေသည်ဟု မိန့်တော်မူလိုရကား ဤဂါထာကို ဟောကြားတော်မူ၏-

ဒုလ္လဘော ပုရိသာ ဇညော၊ နသော သဗ္ဗတ္ထ ဇာယတိ။
ယတ္ထ သော ဇာယတိ ဓီရော၊ တံ ကုလံ သုခမေဓတိ။

ယောကျ်ားအာဇာနည် ပုဂ္ဂိုလ်မျိုးသည် ဖြစ်ထွန်းပေါ်ပေါက်နိုင်ခဲ၏၊ ထို ယောကျ်ားအာဇာနည် ပုဂ္ဂိုလ်မျိုးသည် ခပ်သိမ်းသော အရပ်ဒေသ, ခပ်သိမ်းသော အမျိုးအနွယ်တို့၌ မဖြစ်ထွန်းနိုင် ပညာရှိသော အာဇာနည်ယောကျ်ား ဖြစ်ထွန်းပေါ်ပေါက်သော အမျိုးအနွယ်သည် ချမ်းသာခြင်းသို့ ရောက်၏။

ထိုဂါထာ၌ ဇညော-ဟူသည် ယောကျ်ားအာဇာနည်ကို ရခဲ၏၊ ဆင်အာဇာနည်စသည်ဘို့ကဲ့သို့ ရနိုင်သည် မဟုတ်။ ထိုယောကျ်ားအာဇာနည်သည် ခပ်သိမ်းသော အရပ်ဒေသ၌သော်လည်း တိုင်းစွန် ပြည်ဖျား၌ သော်လည်း ကောင်း နိမ့်ကျသော အမျိုး၌သည်းကောင်း ဖြစ်ပေါ်လေ့မရှိ မဇ္ဈိမဒေသ၌သာလျှင် ဖြစ်ပေါ်၏။ လူအပေါင်းက ရှိခိုးပူဇော် သက္ကာရပြုသော ဌာန၌သာ ဖြစ်ပေါ်၏ ခတ္တိယမျိုး ဗြာဟ္မဏမျိုး တစ်ခုခုသောအမျိုး၌ ဖြစ်ပေါ်၏ ဤသို့ ဖြစ်ပေါ်လာခဲ့သော် မြတ်သော ပညာရှိသော မြတ်စွာဘုရားတည်းဟူသော ပညာရှိ အာဇာနည်သည် အကြင်အရပ် အကြင်အမျိုးအနွယ်၌ ဖြစ်ပေါ်လာ၏။

တံ ကုလံ သုခမေဓတိ-ဟူသည် ချမ်းသာခြင်းသို့ ရောက်သည်သာလျှင် ဖြစ်ဟူလို။

ဒေသနာတော်၏ အဆုံး၌ များစွာသော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

အာနန္ဒာမထေရ် ဝတ္ထု ပြီး၏။

၈။ များစွာသော ရဟန်းတို့ဝတ္ထု

သုခေါ ဗုဒ္ဓါနံ-အစရှိသော ဤတရားဒေသနာတော်မြတ်ကို မြတ်စွာဘုရား ရှင်သည် သာဝတ္ထိပြည် ဇေတာန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ဟောကြားတော်မူသည်။

တစ်နေ့သောအခါ၌ ငါးရာကုန်သော ရဟန်းတို့သည် စုဝေးရာ ဇရပ်၌ ထိုင်နေစည်းဝေးကုန်လျက် "ငါ့ရှင်တို့ ဤလောကကြီး၌ အဘယ်သည်ချမ်းသာ ပါသနည်း" ဟူသောစကားကို ဖြစ်စေကြကုန်၏။ ထိုသို့မေးမြန်းကြသောစကား ရပ်၌ တချို့သော ရဟန်းတို့က ဤလောက၌ မင်း၏ချမ်းသာနှင့်တူဘော ချမ်းသာ မည်သည် မရှိလေဟု ပြောဆိုကြကုန်၏။ အချို့သော ရဟန်းတို့ကလည်း ကာမဂုဏ်ချမ်းသာနှင့် တူသော ချမ်းသာမည်သည် မရှိဟု ပြောဆိုကြကုန်၏။ အချို့သော ရဟန်းတို့ကလည်း အသားဖြင့် ပြွမ်းသော သလေးထမင်း ဘောဇဉ် စသည်ကို စားသုံးရသော ချမ်းသာနှင့် တူသော ချမ်းသာမည်သည် မရှိဟု ပြောဆိုကြကုန်၏။ ဤသို့လျှင် ငါးရာကုန်သော ထိုရဟန်းတို့၏ များစွာသော စကားတို့ကို ပြောကြား စည်းဝေး၍ နေရာဖြစ်သော အရပ်သို့ မြတ်စွာဘုရား သည် ကြွလာတော်မူပြီးလျှင် မြတ်စွာဘုရားက ချစ်သားရဟန်းတို့ ငါဘုရား ကြွလာတော်မူဆဲဖြစ်သော ဤယခုအခါ၌ အဘယ်ကဲ့သို့သော စကားကို ပြောကြားစည်းဝေး ထိုင်နေကြကုန်ဘိသနည်းဟု မေးတော်မူ၍ ဤအမည် ရှိသော အကြောင်းအရာစကား ဖြစ်ပွား ပြောဆို၍ နေကြပါသည်ဟု ကြားလျှောက်သည် ရှိသော် ချစ်သားရဟန်းတို့ အဘယ်သို့ ပြောဆိုကြကုန် ဘိသနည်း။ အသင်တို့ ပြောကြားသော အလုံးစုံသော ဤချမ်းသာသည် သံသရာဝဋ္ဌဆင်းရဲ၌ အကျုံးဝင်သည်သာလျှင် ဖြစ်ပေ၏။ ချစ်သားရဟန်းတို့၊ ဤလောက၌ ဘုရားပွင့်တော်မူခြင်းသည်လည်းကောင်း။ တရား နာခြင်းသည် လည်းကောင်း၊ သံဃာ၏ ညီညွတ်ခြင်းသည် လည်းကောင်း ဤအကြောင်းအရာဌာန ဤသုံးဝသည်သာလျှင် ချမ်းသာပေတည်းဟု မိန့်ဆို တော်မူလိုရကား ဤဂါထာကို ဟောကြားတော်မူ၏။

သုခေါ ဗုဒ္ဓါနမုပ္ပါဒေါ၊ သုခါ သဒ္ဓမ္မဒေသနာ။
သုခါ သံဃသ သာမဂ္ဂီ၊ သမဂ္ဂါနံ တပေါ သုခေါ။

မြတ်စွာဘုရားရှင်တို့ ပွင့်ထွန်း ပေါ်ပေါက်လာခြင်းသည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏၊ သူကော်ကောင်းတရားကို ဟောတော်မူခြင်းသည် ချမ်းသာ ခြင်း၏ အကြောင်း ဖြစ်၏။ သံဃာ၏ ညီညွတ်ခြင်းသည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏၊ ညီညွတ်သူတို့၏ အကျင့်သည် ချမ်းသာခြင်း၏ အကြောင်း ဖြစ်၏။

ထိုဂါထာ၌ ဗုဒ္ဓါနမုပ္ပါဒေါ=ဟူသည် ဘုရားပွင့်လာသည်ရှိသော် လူအပေါင်းကို ရာဂခရီးခဲ စသည်တို့မှ ကူးမြောက်စေနိုင်သောကြောင့် မြတ်စွာဘုရားတို့၏ ပွင့်ထွန်းလာခြင်းသည် ချမ်းသာ၏ အမြတ်ဆုံးဖြစ်၏။ တရားဒေသနာတော်ကို အစွဲပြု၍ ဇာတိ, ဇရာ သဘောရှိကုန်သော သတ္တဝါတို့သည် ဇာတိ စသည်တို့မှ လွတ်မြောက်ကုန်၏။ ထို့ကြောင့် သူတော်ကောင်းတရား ဟောကြားခြင်းသည် ချမ်းသာ၏ဟူလို။

သာမဂ္ဂီ=ဟူသည် တူမျသောစိတ် ရှိခြင်းသည် ချမ်းသာ၏။ တူမျသောစိတ် ရှိ၍ ညီညွတ်သူ ဘုံအား ဘုရားဟော ပါဋ္ဌိတော်ကို သင်ယူခြင်း၊ ဓုတင်ဆောင်ခြင်း၊ ရဟန်းဘရား အားထုတ်ခြင်းကို စွမ်းနိုင်သောကြောင့် "သမဂ္ဂါနံ တပေါ သုခေါ" ဟူ၍ ဟောတော်မူ၏။ ထို့ကြောင့်သာလျှင် "ချစ်သားရဟန်း အကြင်မျ လောက်သော ကာလပတ်လုံး ရဟန်းတို့သည် အညီအညွတ် အစည်းအဝေးမှ ထကုန်၏။ ညီညွတ်သော သံဃကိစ္စဘို့ကို ပြုလုပ်ကုန်၏။ ထိုမျလောက်သော ကာလပတ်လုံး သင်ချစ်သား ရဟန်းတို့အား ကြီးပွါးခြင်းကိုသာ အလိုရှိအပ်၏။ ဆုတ်ယုတ်ခြင်းကို အလိုမရှိအပ်" ဟူ၍ ဟောတော်မူ၏။

ဒေသနာတော်၏ အဆုံး၌ ထိုရဟန်းတို့သည် အရဟတ္တဖိုလ်၌ တည်ကုန်၏။ လူအပေါင်းအားလည်း အကျိုးရှိသော တရားဟောခြင်း ဖြစ်လေ၏။

များစွာသောရဟန်းတို့ဝတ္ထု ပြီး၏။

၉။ ကဿပဒသဗလသုဝဏ္ဏစေတိယဝတ္ထု

ပူဇာရဟေ–အစရှိသော ဤတရားဒေသနာတော်မြတ်ကို မြတ်စွာဘုရားရှင် သည် ဒေသစာရီ ကြွချီတော်မူသည်ရှိသော် ကဿပမြတ်စွာဘုရားရှင်၏ ရွှေစေတီတော်ကို အကြောင်းပြု၍ ဟောတော်မူ၏။

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်မှ ထွက်တော်မူ၍ အစဉ်အတိုင်း ဗာရာဏသီသို့ ကြွသွားတော်မူသည်ရှိသော် လမ်းခရီး၌ တောဒေယျရွာ၏ အနီး၌ များစွာသော ရဟန်းအပေါင်းခြံရံလျက် တစ်ခုသော နတ်ကွန်းသို့ ရောက်လေ၏။ ထိုနတ်ကွန်း၌ ထိုင်တော်မူလျက် မြတ်စွာဘုရားသည် ဓမ္မဘဏ္ဍာ-ဂါရိက ဖြစ်သော အရှင်အာနန္ဒာကို စေလွှတ်၍ မနီးမဝေး၌ လယ်ထွန် နေသော ပုဏ္ဏားကို ခေါ်စေ၏၊ ထိုပုဏ္ဏားသည် လာလတ်၍ မြတ်စွာဘုရားကို ရှိမခိုးဘဲ ထိုနတ်ကွန်းကိုသာလျှင် ရှိခိုးလျက် ရပ်တည်၏။ မြတ်စွာ ဘုရားသည် "အို–ပုဏ္ဏား ဤအရပ်ဌာနကို မည်သို့ ထင်သနည်း" ဟု မေးတော်မူ၏၊ အို–အရှင် ဂေါတမ ကျွန်ုပ်တို့၏ အစဉ်အလာအရ ပူဇော်ရာ ဌာနဖြစ်၍ ရှိခိုး၏" ဟု ဆို၏။ "အိုပုဏ္ဏား ဤနေရာကို ရှိခိုးခြင်းဖြင့် သင်သည်

ကောင်းမှုကို ပြုအပ်လေပြီ”ဟုဆို၍ မြတ်စွာဘုရားသည် ထိုပုဏ္ဏားကို ရှင်လန်းကြည်နူးစေ၏၊ ရဟန်းတို့သည် ထိုစကားကို ကြား၍“မြတ်စွာဘုရားသည် အဘယ်အကြောင်းကြောင့် ဤသို့ ရှင်လန်းစေပါသနည်း”ဟု သံသယ ဖြစ်ကုန်၍ မြတ်စွာဘုရားသည် ထိုရဟန်းတို့၏ သံသယကို ပယ်ခြင်းငှါ မဇ္ဈိမ နိကာယ်၌လာသော ဃဋိကာရသုတ္တန်ကို ဟောကြားတော်မူ၍ တန်ခိုးဇွဒ္ဓိပါဒ် ဖြင့် ကဿပဘုရားရှင်၏ တစ်ယူဇနာမြင့်သော ရွှေစေတီတော်ကိုလည်းကောင်း၊ အခြားသော ရွှေစေတီကိုလည်းကောင်း၊ ကောင်းကင်၌ ဖန်ဆင်း၍ လူအပေါင်း အားပြ၏၊“အို-ပုဏ္ဏား၏သို့ ပူဇော်ထိုက်သည်တို့ကို ပူဇော်ခြင်းသည် သင့်လျော် လှပေ၏” ဟု မိန့်တော်မူ၍ မဟာပရိနိဗ္ဗာနသုတ်တော်၌ ပြထားသည့်နည်း အတိုင်းသာလျှင် စေတီတည်ခြင်းငှါထိုက်သော ဘုရား စသော ပုဂ္ဂိုလ်လေးမျိုးကို ပြတော်မူပြီးနောက် ဓာတ်တော်များ ဌာပနာထားသည့် သရီရစေတီ ခေါ် ဓာတုစေတီ,မြတ်စွာဘုရားကို ရည်မှတ်ထားသော ဥဒ္ဒိဿစေတီ, မြတ်စွာဘုရား၏ အသုံးအဆောင် ပရိဘောဂစေတီဟူ၍ စေတီသုံးမျိုးတို့ကို အထူးအားဖြင့် ဖော်ပြလျက် ဤဂါထာတို့ကို မိန့်တော်မူ၏။

ပူဇာရဟေ ပူဇယတော၊ ဗုဒ္ဓေ ယဒိဝ သာဝကေ။
ပပဉ္စသမတိက္ကန္တေ၊ တိဏ္ဏသောကပရိဒ္ဒဝေ။

တေ တာဒိသေ ပူဇယတော၊ နိဗ္ဗုတေ အကုတော ဘယေ။
နသက္ကာ ပုညံ သခ်ါတုံ၊ ဣမေတ္တမပိ ကေနစိ။

သံသရာနယ်ချဲတရားတို့ကို လွန်မြောက်ကုန်ပြီးသော စိုးရိမ်ပူဆွေး ငိုကြွေးမှု တို့ကို ကျော်လွန်ကုန်ပြီးသော ပူဇော်ခြင်းငှါထိုက်ကုန်သော မြတ်စွာဘုရား တို့ကို လည်းကောင်း၊ သို့မဟုတ် သာဝကတို့ကိုလည်းကောင်း ပူဇော်သော သူအားလည်းကောင်း၊ ထိုသက်တော်ထင်ရှားဘုရားနှင့် တပည့်သာဝကတို့နှင့် အလားတူစွာသော ကြောက်လန့်မှုကင်းကုန်သော ပရိနိဗ္ဗာန်စံပြီးသော ဘုရား ရဟန္တာတို့ကို ပူဇော်သောသူအားလည်းကောင်း၊ ဤမျှသော ကုသိုလ် ဖြစ်၏၊ ရ၏ ဟူ၍ တစ်စုံတစ်ယောက်သည်မျှ ရေတွက်ပြခြင်းငှါ မစွမ်းနိုင်။

ထိုဂါထာ၌ ပူဇော်ခြင်းငှါ ထိုက်သော ပုဂ္ဂိုလ်တို့သည် ပူဇာရဟမည်ကုန်၏၊ ပူဇော်ခြင်းငှါ သင့်လျော်သော ဟူလို။

ပူဇာရဟေ ပူဇယတော=ဟူသည် ရှိခိုးခြင်း စသည်တို့ဖြင့် လည်းကောင်း၊ ပစ္စည်းလေးပါးတို့ဖြင့်လည်းကောင်း ပူဇော်သောသူအား ဗုဒ္ဓေ အစရှိသော ပါဠိဖြင့် ပူဇော်ထိုက်သော ပုဂ္ဂိုလ်တို့ကို ပြ၏၊

ဗုဒ္ဓေအရ=သမ္မာသမ္ဗုဒ္ဓကို ယူရမည်၊

ယဒိ=ဟူသည် တနည်းကား ဟု ဆိုလိုသည်။ ထိုပုဒ်အရ ပစ္စေကဗုဒ္ဓါကို ဆိုလို၏၊ သာဝကတို့ကိုလည်း ဆိုလို၏။

ပပဉ္ဇသမတိက္ကန္တေ=ဟူသည် ပ.ဏ္ဍာ ဒိဋ္ဌိ မာနဟူသော ပပဉ္ဇတရားတို့ကို ကျော်လွန်ကုန်ပြီးသော။

တိဏ္ဏသောက ပရိဒ္ဒဝေ=ဟူသည် စိုးရိမ်ခြင်း၊ ငိုကြွေးခြင်းကို လွန်မြောက်ပြီးသော ဤလွန်မြောက်ခြင်းနှစ်ပါးကို ဆိုလိုသည်။ ဤပုဒ်နှစ်ခုတို့ဖြင့် ပူဇော်ထိုက်သော အဖြစ်ကို ပြ၏၊

တေ=ဟူသောပါဋ္ဌိသည် ဗုဒ္ဓစသည်တို့ကို ရည်ညွှန်း၏၊

တာဒိသေ=ဟူသော ပုဒ်ကို ဆိုအပ်ပြီးသည်ကို သိမ်းကျုံးယူသည်၏ အစွမ်းအားဖြင့် ပြ၏။

နိဗ္ဗုတေ=ဟူသည် ရာဂစသည် ငြိမ်းအေးခြင်းဖြင့် ငြိမ်းကုန်သော။

ထိုဘုရားရဟန္တာတို့အား တစ်စုံတစ်ခုသော ဘဝမှလည်းကောင်း၊ အာရုံမှလည်းကောင်း ဘေးမရှိသောကြောင့် **အကုတောဘယ** ဟုဆိုသည်။

နသက္ကာ ပုညံ သင်္ခါတုံ=ဟူသည် ကုသိုလ်ကို ရေတွက်ခြင်းငှါ မစွမ်းနိုင်၊ အဘယ်ကြောင့်ဟူမူ၊

ဣမေတ္တမပိ ကေနစိ=ဟူသည် ဤရွှေဤမျှသောက်ဟူ၍ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သည် မရေတွက်နိုင်၊ တစ်စုံတစ်ခုသော ခြင်ခွက် တောင်းဖြင့်လည်း မရေတွက်နိုင်။ (အပိသဒ္ဒါကို ဤနေဆုဉ် ကေနစိပုဒ်၌ ဆက်စပ်ရမည်)

ပုဂ္ဂလေန=ဟူသည် ဗြဟ္မာစသော ပုဂ္ဂိုလ်တည်း။

မနေန=ဟူသည် တီရဏ, ဓာရဏ, ပူရဏ ဟူသော သုံးမျိုးသော ချိန်တွယ်ခြင်းဖြင့်-

ဤအရာသည် ဤမျှသာတည်းဟူ၍ ကျိုးကြောင်းယုတ္တိ ဆင်ခြင် ဆက်စပ်မှုဖြင့် ဆုံးဖြတ်ခြင်းသည် တီရဏ မည်၏။

ချိန်ခွင်ဖြင့် ခြင်တွယ်ခြင်းသည် ဓာရဏမည်၏။

လက်ဆွံ့တစ်ဝက်, တစ်ကွမ်းစား တစ်ပြည်စသည် အစွမ်းဖြင့်ဖြည့်ခြင်းဝါ ခြင်တွယ်ခြင်းသည် ပူရဏမည်၏။

ဘုရားအစရှိသည်တို့ကို ပူဇော်ခြင်းကြောင့် ရရှိသော ကုသိုလ်၏ အကျိုးဝိပါက်ကို ဤသုံးမျိုးသော ချိန်တွယ်နည်းတို့ဖြင့် တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည် ရေတွက်ခြင်းငှါ မတတ်နိုင်၊ အပိုင်းအခြားကို လွန်မြောက်၏ဟူလို။

သက်တော်ထင်ရှား ဘုရားနှင့် ပရိနိဗ္ဗာန်စံဝင်ဘုရား ဤနှစ်ဌာနတို့၌ ပူဇော်သောသူအား အဘယ်ဌာနသည် ပထမဖြစ်သနည်း၊ သက်တော်ထင်ရှား ဘုရားစသည်တို့ကို ပူဇော်သူအား ကုသိုလ်ကို ရေတွက်ခြင်းငှါ မစွမ်းနိုင်၊ ဝင်ဖန်ကိလေသာ ပရိနိဗ္ဗာန်ကို အကြောင်းပြု၍ ခန္ဓပရိနိဗ္ဗာန်ဖြင့် ပရိနိဗ္ဗာန်ပြုပြီးသော ထိုပုဂ္ဂိုလ်တို့ကို ပူဇော်သူအား ကုသိုလ်ကောင်းမှုကို ရေတွက်ခြင်းငှါ မတတ်နိုင်၊ ဤသို့ ကဲ့ပြားခြားနားခြင်းငှါ သင့်ပါသလော၊ ထို့ကြောင့် ဝိမာနဝတ္ထု၌ တိဋ္ဌန္တေ စသော ဤဂါထာကို ဟောတော်မူခဲ့သည်။

- တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ၊ သမေ စိတ္တေ သမံ ဖလံ။
စေတောပဏိဓိဟေတု ဟိ၊ သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ ။

သက်တော်ထင်ရှား မြက်စ်ဘာဘုရား၌ လည်းကောင်း၊ ပရိနိဗ္ဗာန် စံပြီးသော မြက်စ်ဘာဘုန်း၌ လည်းကောင်း ပူဇော်ရခြင်းသည် စိတ်ထား တူမျှခဲ့သော် တူသော အကျိုးကို ရ၏။ သတ္တဝါတို့သည် ကုသိုလ်စိတ် တောင့်တသည့် အကြောင်းရင်းခံ၍ သုဂတိဘဝသို့ ရောက်ကြကုန်၏။

ဒေသနာတော်၏ အဆုံး၌ ထိုပုဏ္ဏားသည် သောတာပန် ဝင်လေပြီ။ တစ်ယူဇနာရှိသော ရွှေစေတီသည် ခုနစ်ရက်ပတ်လုံး ကောင်းကင်၌ သာလျှင် တည်ရှိ၏။ လူပေါင်းများစွာ စည်းဝေးရောက်လာ၏။ စေတီတော်ကို ခုနစ်ရက် ပတ်လုံး အထူးထူး အပြားပြားတို့ဖြင့် ပူဇော်ကုန်၏။ ထို့နောက် အယူကဲ့ကုန် သောသူတို့အား အယူဝါဒကဲ့ပြားလေ၏။ မြတ်စ်ဘာဘုရား၏ အာနုဘော်ကြောင့် ထိုစေတီသည် မိမိ၏ နေရာသို့သာလျှင် ရောက်၏။ ထို့ခဏ၌ ကြီးစွာသော ကျောက်သားစေတီဖြစ်လေ၏၊ ထို့အစည်းအဝေး၌ ရှစ်သောင်းလေးထောင်ကုန် သော သတ္တဝါတို့အား တရားတော်ကို ထိုးထွင်းသိမှုဖြစ်လေ၏။

ကာဃပဒသဗလသုဝဏ္ဏ စေတိယဝတ္ထု ပြီး၏။

တစ်ဆယ့်လေးခုမြောက် ဗုဒ္ဓဝင် ပြီး၏။

ဓမ္မပဒအဋ္ဌကထာ မြန်မာပြန်

ဓမ္မပဒဝတ္ထု တတိယတွဲ ပြီး၏။

ဓမ္မပဒဝတ္ထု

မှတ်သားဖွယ်ရာ အက္ခရာစဉ်

အက္ခရာစဉ်	စာမျက်နှာ
[အ]	
အကာလရာဂိကုက္ကုဋ္ဌဇာတ်	၃၃၀
အကုသိုလ်မည်သည် အနည်းငယ် ဟူ၍ မထီမဲ့မြင် မပြုအပ်	၁၈၆
အကျိုးစီးပွားနှင့်စပ် တစ်ရပ် သော ပုဒ်သည် မြင့်မြတ်	၁၁၁
အကြားအမြင် နည်းသော ယောကျိုး နွားလားကဲ့သို့ အချည်းနီးကြီးထွား	၃၁၁
အကျွတ်တရား ရသူပေါင်း ကုဋ္ဌေသုံးဆယ်	၄၆၂
အကျန်ပ်ပြုဖူးသော ကျေးဇူး ကိုသာ နှလုံးသွင်း အောက်မေ့ တော်မူပါ	၁၈
အကျန်ပ်သားကို ကုစားစေ ခြင်းငှါ ဆရာဇီဝကကို စေလွှတ်တော်မူပါ	၁၄
အကျန်ပ်၏ ဤပုဆိုး အစုံကို ခံယူတော်မူပါ	၂၁
အကြွင်းမဲ့အားဖြင့် ပေးလူ အပ်သော ဒါနမည်သည် အကျိုးကြီးမြတ်	၂၇၃
အခြားသမား ကုစား၍ မရ	၁၁
အဂုံလိမာလကြောင့် ရွာများ ပျက်စီး	၃၇၃
အဂုံလိမာလနှင့် ဆင်ရိုင်း	၄၁၃
အဂုံလိမာလ ပရိတ်တော်၏ တန်ခိုး	၃၈၂
အဂုံလိမာလမထေရ်ဝတ္ထု	၃၇၀
အဂုံလိမာလ မိခင်	၃၇၄
အဂုံလိမာလ ဟောဘိကွု ရဟန်းဖြစ်	၃၇၆
အဂ္ဂိဒတ္တပုဏ္ဏားကြီးဝတ္ထု	၄၈၅
အဂ္ဂိဒတ္တပုဏ္ဏားနှင့် သား သောမဒတ္တ	၃၀၈
အစုံအစုံသော ယမကပြာဋိဟာ	၄၄၆
အဇဂရပေတဝတ္ထု (စပါးကြီးမြေပြိတ္တာဝတ္ထု)	၂၃၆
အဋ္ဌက မုဆိုးအကြောင်း	၃၄၉
အတိုင်းထက် အလွန် တိုး၍ စည်ကား	၄
အတ္တဒတ္တတ္ထေရဝတ္ထု	၃၅၇
အတ္တဒတ္တမထေရ်ကို ချီးမွမ်း	၃၅၈
အတ္တဒတ္တ မထေရ် အားထုတ်ပုံ	၃၅၈
အတတ်ပညာ မရှိက အသက် မွေးခြင်းငှါ မလွယ်	၆
အတောင်ငါးဆယ်မြင့်သော သရက်ပင်	၄၃၆
အထွေးဆုံး ရေဝတ	၇၀
အနတ္ထပုစ္ဆက ဗြာဟ္မဏဝတ္ထု	၁၁၂
အဓိမုတ္တသာမဏေ	၁၄၀
အဓိမုတ္တသာမဏေ၏ မိဘများ	၁၄၀
အနာထပိဏ်သူဌေးကြီးဝတ္ထု	၁၇၉
အနာထပိဏ်သူဌေးကြီး၏ သား ကာလသတ္တိသားဝတ္ထု	၄၁၈

အကွရာစဉ်	စာမျက်နှာ
[အ]	
အနာကို တစ်ကြမ် ဆေးလိမ်းကာ မျှဖြင့် ပျောက်ကင်း	၁၁
အနာသည် သစ်ပင်မှ အပွေးကဲ့သို့ ကွာကျ	၂
အနုလောမခန္တီဉာဏ်	၉၀
အနားပြတ်သော ကြေးခွက် အသံမထွက်	၂၃၂
အနည်းငယ်မျှသော ရိက္ခာကို ပေးကမ်းလိုက်	၇
အနည်းအများ ပမာဏ မထားရ	၁၀၈
အနှစ်ရှစ်သောင်း ကာလ ညောင်းအောင် တရားနာ ကြွေးကြော်	၂၆၂
အပါယ်လေးပါးတည်းဟူသော မဟာသမုဒ္ဒရာ	၁၆၄
အပုပ်အိုးကို သယ်ဆောင်နေရ	၆၀
အ.ပြိုင်ကို အနိုင်ပိုင်းသောနည်း	၂၀၃
အဖ ရဟန်းပြုပြီး ရဟန္တာဖြစ်	၃၉၃
အဖြူအမည်း စစ်ပွဲသုံးယာမ်	၁၆၉
အဖြေနှစ်ခု မညီမှု	၃၇
အဖွားမြင်၍ တရားထင်	၇၁
အဖွားအိုနှင့် ဘုရားလောင်း နှားလားဥသဘ	၄၄၃
အဖိုးတစ်သိန်းထိုက် ကမ္မလာ	၁၇၁
အမ္မပါလီကြောင့် ဝေသာလီ စည်ကားခြင်း	၄
အဘယမင်းသားဝတ္ထု	၃၆၆
အဘယမင်းသား ကောက်ယူ၍ မွေးစား	၆
အဘယမင်းသား သောတာပန် တည်	၃၆၇

အကွရာစဉ်	စာမျက်နှာ
[အ]	
အဘိမ္မော တရားတော်	၄၅၈
အဘိမ္မော ရှေးဦးသင် ရဟန်းတော်များ	၄၅၈
အမြင်တူ၍ အကြံတူ	၄၄
အမြင်မှားသော မုဆိုး	၂၀၅
အမြင်မှန်မှု ဓိဋ္ဌာန်ပြု	၇၅
အမှိုက်ပုံ စသည်မှာ သင်္ကန်းရှာ	၅၃
အမှိုက်ပုံ၌ စွန့်ပစ်၍ထား	၅
အရှင်အင်္ဂုလိမာလ ရဟန္တာဖြစ်	၃၈၃
အရှင်အနုရုဒ္ဓါဝတ္ထု	၅၃
အရှင်အာနန္ဒာ၏ အမေး	၄၇၅
အရှင်အာနန္ဒာမထေရ်ဝတ္ထု	၄၇၅
အရှင်ပစ္စေကဗုဒ္ဓါအား ဆွမ်းလှူခြင်း	၂၇၂
အရှင်ပိဏ္ဍောလအား သပိတ်လှူ	၄၃၁
အရှင်ဗေလဋ္ဌသီသဝတ္ထု	၅၀
အရှင်မဟာကဿပဝတ္ထု	၂၁
အရှင်မဟာကဿပ၏ ရှေးဆုတောင်း	၂၄
အရှင်မဟာမောဂ္ဂလာန်အား လျှောက်ထားကြ	၄၅၂
အရှင်မောဂ္ဂလာန် အတိတ်ဝတ္ထု	၂၄၅
အရှင်မောဂ္ဂလာန်ကို သတ်ခြင်း	၂၄၂
အရှင်မောဂ္ဂလာန်နှင့် နဂါးမင်း တန်ခိုးချင်းပြိုင်	၄၈၉
အရှင်သာရိပုတ္တရာဝတ္ထု	၅၈
အရှင်သာရိပုတ္တရာ ပြန်ကြွ လာခြင်း	၅၉
အရှင်သာရိပုတ္တရာအား နို့ယာဂု လှူခြင်း	

အကွရာစဉ်	စာမျက်နှာ
[အ]	
အရှင်သာရိပုတ္တရာ၏ ခြသေ့် ဟောက်သံ	၅၉
အရှင်သာရိပုတ္တရာ၏ တူ ပုဏ္ဏားဝတ္ထု	၁၁၇
အရှင်သာရိပုတ္တရာ၏ ပညာ	၄၆၄
အရှင်သာရိပုတ္တရာ၏ အဖော် ပုဏ္ဏားကြီးဝတ္ထု	၁၁၉
အရှင်သာရိပုတ္တရာ၏ ဦးရီး ပုဏ္ဏားကြီးဝတ္ထု	၁၁၅
အရှင်သာရိပုတ္တရာ မထေရ်မြတ် ဖြေဆိုအပ်သောဝတ္ထု	၆၇
အရှင်သီဝလိ၏ ရေးအကြောင်း	၇၈
အရဟတ္တဖိုလ် ရခြင်း၏ အကြောင်း	၁၄၀
အရူးပျောက်၍ သောတာပန် တည်ခြင်း	၁၅၇
အရက်မူး၍ သီဆိုကခုန်ကြ	၂၈၃
အရက်သောက်သော မိန်းမငါးရာ	၂၈၂
အလုံးစုံသော ပူလောင်မှုတို့ ငြိမ်းအေးစေခဲ့ပြီ	၂
အလုံးစုံသော ဥစ္စာနှစ်သည် အသင်၏ ဥစ္စာသာ	၁၂
အလွန်အကြူး အထူးသဖြင့် ကျေးဇူးများလှ	၁၂
အလိုကြီးမား တဏှာတရားသည် ပျက်စီးခြင်း၏ အကြောင်း ရင်းသာ	၄၈၃
အလှူခံပုဂ္ဂိုလ် ရှာဖွေခြင်း	၃၆
အဝီစိမှလွတ်၍တုသ်တာဘုံ၌ဖြစ်	၃၀၃

အကွရာစဉ်	စာမျက်နှာ
[အ]	
အဝန်းယူဇနာကိုးရာ အတိုင်း အရှည် ရှိသော မဇ္ဈိမဒေသ	၄၉၅
အသဒိသဒါနဝတ္ထု	၄၁၁
အသပြာတစ်ရာ ပေးရ	၅
အသပြာကိုမက်၍ ဥပုသ်စောင့်	၃၁၉
အသပြာတစ်ထောင်မယူ	၄၀၈
အသက်ကိုစွန့်၍ သမင်အပေါင်း ကိုကယ်	၃၄၀
အသက် တစ်ရာ့နှစ်ဆယ် ရှည်သည်ဖြစ်၍ တည်နေရ လတ္တံ့	၁၂၄
အသက်ပေးရန် ခိုးသူထံကြွ	၁၃၅
အသက်ရှိပါလေသေး၏လော	၆
အသတ်ရှည်သော အစီအရင်	၁၂၃
အသွင်အပြင် ကြန်အင်လက္ခဏာ	၄
အဟိဆတ္တမည်သော နဂါးမင်း	၄၈၇
အဟိ ံသက လုလင်	၃၇၁
အဟိ ံသကလုလင်ကို သတ်ရန် ကြံစည်	၃၇၂
[အာ]	
အာကာသဂင်္ဂါသို့ သက်ဘိ သကဲ့သို့	၂၇
အာဂန္တုကရဟန်းခုနစ်ပါး	၂၁၃
အာဂရဟန်းတော်များ	၁၃၄
အာနန္ဒာမထေရ်ဝတ္ထု	၄၆၄
အာယုဝစုနသတို့သား	၁၂၁
အိမ်တံခါးမုခ်စောင့်သောနတ်	၁၈၀
အိမ်ဥယျာဉ်ရွာပေါင်းငါးရာ ပေးသနား	၁၁
[ဣ]	
ဣန္ဒကနတ်သားကောင်းမှု	၄၅၆

အကွရုစဉ်	စာမျက်နှာ
[ဣ-ဤ]	
ဣန္ဒကနတ်သားနှင့် အက်ုရ နတ်သား	၄၅၃
ဣန္ဒေါင်းမျိုး	၆၈
ဤခန္ဓာကိုယ်ကြီးလည်း အိုမင်း ရင့်ရော်ခြင်းသို့ ရောက်ရ	၃၀၆
[ဥ-ဦ]	
ဥဇ္ဇေနီပြည် စန္ဒပဇ္ဇောတမင်း	၁၅
ဥတ္တရာထေရီမဝတ္ထု	၂၉၂
ဥဒါနဝတ္ထု	၃၁၂
ဥပနန္ဒသကျပုတ္တတ္ထေရဝတ္ထု	၃၂၅
ဥပ္ပလဝဏ်ထေရီမ	၄၄၁
ဥပါသိကာမ သောတာပန်တည်	၃၅၄
ဥပုသ်စောင့်ခြင်း နှလုံးသွင်း မတူ	၂၃၄
ဥယျာဉ်စောင့်ကဏ္ဍ	၄၃၅
ဦးခေါင်းခဲသောအနာ ခုနစ်နှစ် လောက်ကြာ	၈
[ဧ]	
ဧကသာဋက ပုဏ္ဏားဘဝ	၂၇
ဧရကပတ္တနဂါးမင်းဝတ္ထု	၄၆၁
ဧည့်သည်အား ပေးကမ်း ကျွေးမွေးနည်း	၁၃၀
[က]	
ကချေသည်မလေး သေဆုံးခြင်း	၂၅၀
ကလေးကိုစားမည့် ဘီလူး	၁၂၄
ကဿပဒသဗလသုဝဏ္ဏ စေတိယ ဝတ္ထု	၄၉၇
ကဿပမထေရ်အလောင်း ဂေဒေဟ	၂၄
ကဿပမြတ်စွာဘုရား စေတီတော်	၂၀၂
ကဿပမြတ်စွာဘုရား ကျောင်း တော်ကို မီးရှိခဲ့ခြင်း	၂၃၇
ကဿပမြတ်စွာဘုရားရင်၏ တစ်ယူဇနာမြင့်သော ရွှေစေတီ	၄၉၈
ကာလမထေရ်ဝတ္ထု	၃၅၃
ကာလအမတ်ကို တိုင်းပြည်မှ နှင်ထုတ်	၄၁၆
ကာလအမတ်နှင့် ဇုဏ္ဏအမတ်	၄၁၄
ကိလေကင်းရပ် မွေ့လျော်အပ်	၇၈
ကိသာဂေါတမီ ထေရီမဝတ္ထု	၁၅၉
ကုဋ္ဌေရှစ်ဆယ် ကုန်ခြင်း	၃၁၅
ကုမာရကဿပ ရဟန်းပြုခြင်း	၃၃၅
ကုမာရကဿပ မယ်တော် ထေရီမ ဝတ္ထု	၃၃၃
ကုက္ကုဋမိတ္တမုဆိုးဝတ္ထု	၁၉၆
ကုက္ကုဋမိတ္တမုဆိုး အတိတ်ဝတ္ထု	၂၀၂
ကုက္ကုဋမိတ္တ မုဆိုးထံသို့ မြတ်စွာဘုရား ကြွတော် မူခြင်း	၁၉၈
ကုဏ္ဍလကေသီ ထေရီမဝတ္ထု	၁၀၁
ကုဏ္ဍလကေသီ အမည်ရ	၁၁၀
ကုသိုလ်ကံ ရင့်ကျက်သောအခါ ကောင်းကျိုးကို တွေ့မြင် ခံစားရ	၁၈၄
ကောကခွေးမုဆိုး ဝတ္ထု	၂၀၄
ကောဏ္ဍခာန မထေရ်ဝတ္ထု	၂၂၆

အကွရာစဉ်	စာမျက်နှာ
[က]	
ကောသလမင်းကြီး ကြက်သီး မွေးညင်းထ	၃၇၉
ကောသလမင်းကြီး ဒါယကာခံယူ	၂၃၀
ကောသလမင်းကြီး အဂ်ုလိမာလ ဖမ်းရန် ထွက်တော်မူ	၃၇၇
ကောသမ္မီပြည်သား တိဿမထေရ်၏ တပည့်ငယ် ရှင်သာမဏေ ဝတ္ထု	၆၂
ကံဆိုးမသွားလေရာ မိုးလိုက်လှိရွာ	၁၅၁
ကမ္ဘာတစ်သိန်း ပေါင်းဖော်ခဲ့သူ	၄၆
ကောင်းကင်, သမုဒ္ဒရာ, တောင်ခေါင်း ပုန်းအောင်း သော်လည်း	၂၁၈
ကောင်းမူအဖိုဖြစ်ရန် လမ်းဆုံ လေးခွ ခရီးမဉ် စေတီကိုပြု	၂၆၂
ကျီး၏ အတိတ်ဝတ္ထု	၂၁၄
ကျေးဇူးကန်းသော ဆင်းရဲသား	၁၃၃
ကျောင်းဆောက်လုပ် လှူဒါန်းကြ	၁၃၀
ကျောင်းဒါယကာ သူဌေးကြီး စေတနာ	၂၃၁
ကျွန်ဖြစ်ခဲ့ဖူးသော မြွေ	၁၄၆
ကျွန်များနှင့် အသပြာငွေ တစ်သောင်း ခြောက်ထောင်ရ	၉
ကျွမ်းထိုးကစားခြင်းကြောင့် အူထုံးရောဂါ အဖြစ်	၁၄
ကျောက်စည်ထိုးမှု ဒုက္ခပြု	၁၃၃

အကွရာစဉ်	စာမျက်နှာ
[က]	
ကျောက်စွန်းမှ ပဲ့ထွက် လာသော ကျောက်ချပ်လှာ	၁
ကျောက်ဖျာကြီးကို ခြေကြားဖြင့် ညှပ်ယူ	၄၃၁
ကြမ္မာရဟတ် တစ်ငတ်လည်	၂၄၂
ကြိုကြားငှက်သေမှ မိန့်တော်မူ	၂၀၉
ကြုံလှီသော ကိုယ်ရှိသည်ကြောင့် ကိသာဂေါတမီမည်	၁၆၁
ကိုယ်တွင်းဌ်ဖြစ်သော အကုသလ ဝိတက်ကို အရှက်ဖြင့် တားဆီး	၂၆၆
ကိုယ်မှ စန္ဒကူးနံ့ ပျံ၍ ခံတွင်းမှ ကြာညိုနံ့လှိုင်	၂၆၂
ကိုယ်ဝန်ဆောင် သမင်မ	၃၄၀
ကိုယ်ဝန်အတုဖြင့် ဘုရားရှင်အား ရန်ပြု စွပ်စွဲ	၃၉၇
[ခ]	
ခမည်းတော်ထံ မကြွဘဲ ဆွမ်းခံ ကြွတော်မူ	၃၆၃
ခရီးရှည် နှစ်မျိုး	၃
ခရီးလမ်းဆုံး ရောက်ပြီးသူ	၃
ခရီးသွားလျှင် ဝန်ကင်းချင်	၁၂၉
ခါဏုကောဏ္ဍည မထေရ်ဝတ္ထု	၁၄၂
ခုနစ်ကြိမ် တိုင်တိုင် ကျီး တိရစ္ဆာန်ဖြစ်၍ မီးလောင် သေရ	၂၁၄
ခုနစ်ညဉ် ခုနစ်နေ့တို့ ပတ်လုံး ပရိတ်တော်ကို ရွတ်ဖတ်	၁၂၃

အက္ခရာစဉ်	စာမျက်နှာ
[ခ]	
ခုနစ်နှစ် ခုနစ်လတို့ ပတ်လုံး မြို့ကို ဝန်းရံ	၈၁
ခုနစ်နှစ်ကြာ ခေါင်းခဲရောဂါ နှာနှပ်ရုံမျှဖြင့် ပျောက်	၁၁
ခုနနှစ်သား သာမဏေ ၆၃၊၁၂၆၊ ၂၇၇	
ခုနစ်လတို့ပတ်လုံး အိပ်နေခြင်းငှါ မစွမ်းနိုင်ပါ	၁၃
ခုနစ်ထောင် ခုနစ်ရာ ခုနစ်ဆောင်	၄
ခုနစ်ရက်မျှလောက်သာ အသက်ရှည်ပေလိမ့်မည်	၁၂၂
ခက်ခဲသော ခရီးရှည်နှင့် ဝဋ်ဆင်းရဲ ခရီးရှည်	၃
ခပ်သိမ်းသော ဘုရားရှင်တို့၏ သြဝါဒတော်	၄၇၇
ခမ်းနားကြီးကျယ်သော ထမင်းပွဲ	၂၇၁
ခြေဖဝါးပြင် ကြည့်၍ နိမိတ်ဖတ်	၃၅
ခြောက်ဆယ့်လေးနှင့် သုံးဆယ့်နှစ် သူတို့နှစ်ဦး အထူးဖြစ်	၁၇၀
ခွေးစာဖြစ်သော မုဆိုး	၂၀၅
ခွေးမုဆိုး၏ အတိတ်ဝတ္ထု	၂၀၆
ခွေးသတ်သော မိန်းမ	၂၀၅
ခေါင်းခဲရောဂါကို တစ်ကြိမ် နှာနှပ်ခြင်းဖြင့် တုတ်ပယ်ပစ်	၁၀
ခိုးသူမာယာ	၁၀၃
ခိုးသူသတ် တမ္ဗဒါဌိက	၆၈
ခိုးသူသတ် ယောက်ျား နွားမဝှေသတ်	၉၁

အက္ခရာစဉ်	စာမျက်နှာ
[ခ]	
ခိုးသူကို အသပြာ တစ်ထောင် ပေး၍ ကြိုက်	၁၀၁
ခိုးသားငါးရာ ပဋိသမ္ဘိဒါပတ္တ ရဟန္တာ ဖြစ်ကြခြင်း ၁၃၉၊၁၄၃	
ခိုးသားငါးရာ ရဟန်းပြုကြခြင်း ၁၃၈	
ခိုးသားတို့ကို ဖမ်းဆီးအပြစ် ပေးခြင်း	၂၄၃
ချေးမများနှင့် အတူလိုက်သွား ခြင်း	၁၉၉
[ဂ ဃ]	
ဂန္ဓကုဋ္ဌီ ဖန်ဆင်းခြင်း	၇၅
ဃရဏီဥပါသိကာမ	၄၃၈
[င]	
ငါးကုန်ခန်းသော ညွှန်အိုင်၌ အတောင်ကျွတ်သော ကြိုးကြာအိုကဲ့သို့	၃၁၇
ငါးကြင်းသားနှင့် ဖျံနှစ်ကောင်	၃၂၇
ငါးဆယ်သော အသပြာ	၄
ငွေတစ်ထောင်ပေးရသော ပျားရည်	၃၉
ငြိမ်းခါနီး မီးတောက် ဟုန်းဟုန်း တောက်	၂၄၃
ငှက်ရုပ်ယွှာဉ်ပျံ	၃၂
[စ]	
စကြဝတေးမင်း စည်းစိမ်ထက် မြတ်သောသောတာပတ္တိဖိုလ်	၄၂၁
စမြင်းဒေါသ များပြားလှသည် ဖြစ်၍ ဝမ်းချုပ်တော်မူခြင်း	၁၈
စိဉ္ဇမာဏဝိကာမ်နန်းမဝတ္တု	၃၉၅

အကွေ့ရာစဉ်	စာမျက်နှာ
[ဆ]	
ဆေးပင်ရှာခြင်း	၇
ဆေးပေါက်မဝင်သော အပင်ကို မတွေ့	၇
ဆန်ကဲ့ထမင်းအလှူ	၁၈၀
ဆဗွဂ္ဂရဟန်းတို့ဝတ္ထု	၂၂၂
ဆွမ်းခံရင်း ရန်ဖြစ်သောရဟန်း	၃၆၀
ဆွမ်းခဲဖွယ်ဘောဇဉ် ဇာလိနီနတ်သမီးစီစဉ်	၅၄
ဆွမ်းအတွက် အခက်ကြုံ	၃၈၀
[ဇ]	
ဇာတိဇရာစသည်တို့သည် တုတ်လှံကန်လက်စဲ့သော နွားကျောင်းသားနှင့်တူ	၂၃၅
ဇနပဒကလျာဏီ ရူပနန္ဒာဆေရိမဝတ္ထု	၂၉၅
ဇနပုဒ်တောတွင်းသား	၂၆၉
ဇာလိနီနတ်စစ် ပုံသကူပစ်	၅၃
ဇာလိနီနတ်သမီး	၅၃
ဇိမ်ကျနေသောရဟန်း	၂၄၉
ဇီဝကဆေးပညာသင်	၆
ဇီဝကကို ဖွဲ့မြင်ခြင်း	၅
ဇီဝကကို အဘယမင်းသား ကောက်ယူမွေးစား	၆
ဇီဝကဥယျာဉ်သို့ ဘုရားရှင်ကြွ	၁
ဇီဝက၏သရက်ဥယျာဉ်ကျောင်း	၁
ဇုက္ကအမတ် သောတာပန်တည်	၄၁၇

အကွေ့ရာစဉ်	စာမျက်နှာ
[စ၊ဆ]	
စိဉ္ဆမာဏဝိကာ မြေမျိုချ	၄၉၈
စိတ်ထင်းညံ့သော သူဌေးကြီး	၁၈၉
စိတ်ထားတူမျှခဲ့သော် တူသော အကျိုးကို ရ	၅၀၀
စီရအမည်ရှိသော သာမဏေ ငယ်မ	၄၄၈
စုန္ဒသာမဏေငယ်	၄၄၀
စူဠကာလဥပါသကာဝတ္ထု	၄၁၅
စူဠအနာထပိဏ်သူဌေး	၄၃၉၊၄၅၂
စူဠကောသဋ္ဌကပုဏ္ဏားကြီးဝတ္ထု	၁၄၆
စေတီတော်ကို ပြုခဲ့ဖူးသော ကောင်းမှု	၂၀၃
စောရပပါတတောင်	၁၀၄
စန္ဒကူးနှံ ကြာညှိနှံသင်း	၃၃
စန္ဒကူးသပိတ်နှင့် တိတ္ထိဆရာ ကြီးများ	၄၂၀
စန္ဒောပမာပဋိပဒါ	၂၃
စင်စစ်မှာကား သံသရာဝဋ်ဆင်းရဲ ၏သာ အပြစ်ဖြစ်	၂၁၀
စစ်တိုက်ထွက်ခါနီး မှာကြားချက်	၃၇
စုပ်စဲ့သော ရဟန်း တစ်ကိုယ်လုံး ပူလောင်	၆၀
စည်းစိမ်ချမ်းသာ၏မြဲမြံခိုင်ခံ့ ဝ.ည်တံ့သည်ကုံပြု	၁၇၇
ဆတက်ထမ်းပိုးတိုး၍ တိုး၍ သုံးဆယ့်နှစ်စုံပေးပို့	၂၆
ဆာကြီး၏ စေခိုင်းချက်	၃၇၃
ဆရာဇီဝက အကျော်ကြား	၃
ဆေးပညာကို ခုနစ်နှင့် သင်ယူခြင်း	၆

အကွရာစဉ်	စာမျက်နှာ
[ည]	
ဉာဏ်တည်းဟူသောသင်တုန်း ဖြင့် ကိလေသာအားလုံး ဖြတ်	၁၄၆
[တ]	
တယောဇနဝတ္ထု	၂၁၁
တရားထူးမရသောရဟန်းများ	၃၂၉
တရားနာရခြင်းအကျိုး	၄၇၄
တရားမနာရန် တားမြစ်သော ရဟန်း	၃၅၄
တရားလေးပါးတို့ကိုတိုး ပွားရကုန်	၁၂၅
တရားဟောရန် လျှောက်ထား ခြင်း	၉၇
တာဝတိံသာဌ် ဝါဆိုတော်မူ	၄၄၉
တာဝတိံသာမှ သက်ဆင်း တော်မူ	၄၆၀
တိတ္ထိကြီးများ စိတ်မကောင်း ဖြစ်ကြ	၄၃၄
တိတ္ထိတို့ တန်ခိုးပြိုင်ရန် အားထုတ်	၄၃၂
တိတ္ထိဆရာကြီးများမဏ္ဍပ်	၄၃၅
တိတ္ထိဆရာကြီးများထွက်ပြေးကြ	၄၃၇
တိဿမဆထရ် ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်	၆၆
တုသိတာနတ်ပြည်ဌ်ဖြစ်	၃၉၂
တော-မြို့သူငှေး အလှူပေး	၂၀၃
တံခါးစောင့်နတ် သောဘာပန် တည်	၁၀၇
တံမြက်ချေးစုမှ ရဟန္တာထေရ်	၉၉
တံလျှပ် ကမ္မဋ္ဌာန်း	၃၆၆

အကွရာစဉ်	စာမျက်နှာ
[တ]	
တန်ခိုးပြတော်မူခြင်း	၂၄၂
တမ္ဗဒါဋ္ဌိက စောရဃာတကဝတ္ထု	၈၆
တက္ကသိုလ်ပြည် ဒိသာပါမောက္ခ သမားတော်ကြီး	၆
တစ်ခုမည်သည် အဘယ်နည်း ဟု မေး	၁၁၀
တစ်ခြမ်းသောသျှစ်သျှားသီးကို လည်းစား ရေကိုလည်း သောက်	၁၇
တစ်ခွန်းသောစကား အကျိုးစီးပွားဖြစ်	၉၂
တစ်ဆယ့်ခြောက်နှစ်ကြာ သင်ယူရလည်း	၇
တစ်ဆယ့်ခြောက်နှစ်အရွယ် မိန်းမငယ်	၂၉၇
တစ်ဆယ့်လေးကုဋ္ဌေ အလှူသည် မကယ်နိုင်	၃၀၃
တစ်ဆယ့်လေးကုဋ္ဌေတန် အလှူကြီး	၄၁၄
တစ်ဆယ့်လေးဘဝ ဝဋ္ဌခံရခြင်း	၂၁၆
တစ်ထည်သာရှိသော အဝတ်ကို အောင်မြင်စွာလှူဒါန်း	၂၈
တစ်ယူဇနာရွှေစေတီ ကမ္ဗလာဖုံးလွှမ်း	၃၃
တစ်ယောက်တစ်လှည့်တရားနာ	၁၆၈
တစ်ယောက်သောပညာရှိ	၁၆၂
တစ်ရာသောနွား တစ်ရာသော အသပြာတို့နှင့်ရောင်း	၁၂၁
တစ်လက်ဆွမ်းမျှလောက်သော ထောပတ်	၉

အကွေ့ထုစဉ်	စာမျက်နှာ
[ဝ]	
ဓုတင်ဆောင်ပုဂ္ဂိုလ်အဖြစ် ဆုတောင်း	၂၅
ဓမ္မကထိက ဥပနန္ဒ	၃၂၆
ဓမ္မပဒလေးမျိုး	၁၁၂
[န]	
နဂါးပြည်၌စံပြီးမှ ရဟန်းပြု နဂါးမင်းယဲနှင့် ဥတ္တရလုလင်တို့ တွေ့ဆုံပွဲ	၄၀၅ ၄၂၂
နဂါးမင်း ဘုရားထံမှောက် ရောက်	၄၇၃
နတ်တို့က ကျောင်းဆောက် လှူဒါန်း	၃၄
နတ်ပူဇော်သော ခိုးသားငါးရာ	၁၃၂
နတ်ပြည် ငရဲပြည်သွားနိုင်၍ လာဘ်မျှားသောပုဂ္ဂိုလ်	၂၄၁
နတ်ပြည်မှ ဆင်းသက်တော်မူသော ဝတ္ထု	၄၂၀
နတ်သား၏တောင်းပန်ဝန်ချ	၁၈၃
နည်းသည်မျှားသည် တိုင်းရှည် ပမာဏ မရေတွက်ရ	၁၁၁
နိဂြောဓသမင်မင်းဇာတ်	၃၃၃
နှုးညံ့သောပုဆိုးအရှာထွက်	၃၄
နွားကျောင်းသားဥပမာ	၂၃၅
နွားငှေ့၍ ပရိနိဗ္ဗာန်ဝင်စံခြင်း	၉၉
နှာခေါင်းမှသွင်း ခံတွင်းမှပျို့အန်	၉
နှစ်ဆယ်ငါး ယူဇနာရှိသော စပါးကြီးမြေပြိုတွာ	၂၃၆
နောက်ဆုံး ခွဲခွာကြရာ မဟာပထဝီ မြေကြီးတုံလှုပ်	၄၅

အကွေ့ထုစဉ်	စာမျက်နှာ
[တ]	
တစ်လက်ဆွမ်းမျှလောက်သော မုန့်ညင်းစေ့	၁၆၃
တစ်သိန်းတန် ထမင်းပဲ	၂၆၈
တောင်စောင့်နတ်ကချီးမွမ်း	၁၀၇
တောင်းခံစားသောက်ရသော သူဌေးလင်မယား	၄၁၆
တောင်းပန်ခြင်းကိုလက်မခံ	၂၈၈
[ထ]	
ထမင်းတစ်နပ်အတွက် သုံးနှစ်ကျွန်ခံ	၂၆၉
ထောပတ်ကုံ ဝါဂွမ်းဖြင့်တို့၍ ယူလော့	၉
ထောပတ်ကို အထူးထူးသော ဆေးတို့ဖြင့်ကြိုချက်	၉
ထန်းခုနစ်ဆင့် ပမာဏရှိသော ကောင်းကင်၌ ပရိနိဗ္ဗာန်ပြု လတ္တံ့	၂၅၈
ထိုအလုံးစုံသောသူတို့အား အကျိုးကြီးမြတ်သည် ဖြစ်ပါစေ	၁၉၀
[ဒ၊ ဓ]	
ဒါယကာတို့ လှူဒါန်းသော သင်္ကန်းကို ဝတ်ရုံခွင့်ပြု	၂၁
ဒူလာမြင်းသရဲက်နာ	၁၀
ဒေဝဒတ္တဝတ္ထု	၄၄၈
ဒေဝဓမ္မကိုဟောကြား	၂၅၄
ဒေဝဓမ္မဘရားကြောင့် ဘီလူး လက်မုလုတ်	၂၅၄
ဓာတု, ဥဒ္ဒိဿ, ပရိဘောဂ စေတီသုံးမျိုး	၄၉၈

အကွရာစဉ်	စာမျက်နှာ
[နှ]	
နောင်အခါကာလမှာ နောင်အားလျော်စွာဖြစ်စေတော့	၂၈
နှောင်ဖွဲ့မှုလေးမျိုး	၃
နှောင်ဖွဲ့မှုကို ပယ်ပြီးသော ပုဂ္ဂိုလ်အား ပူလောင်ခြင်းမရှိ	၂
[ပ]	
ပစ္စေကဗုဒ္ဓါတို့ကိုအကြောင်းပြု၍ သံဝေဂဖြစ်	၃၉
ပစ္စေကဗုဒ္ဓါတို့အား ပစ္စည်းလေးပါးတို့ဖြင့်ပန်ကြား	၃၈
ပစ္စေကဗုဒ္ဓါ ကြွမြန်းလာ	၃၇
ပစ္စေကဗုဒ္ဓါအား အပေါ်ရုံပုဆိုးလှူခြင်း	၃၀
ပစ္စုပ္ပန် တမလွန် နှစ်တန်ဘဝ ချမ်းသာခြင်း၏အကြောင်း	၁၇၈
ပစ္စည်းလေးပါးတို့၌ကပ်ငြိခြင်း ကင်း လမင်းနှင့်တူသူ	၂၃
ပစ္စည်းလေးဖြာ ဒါယကာခံ	၃၇၉
ပစ္စည်း၌ နှမြောစုံမက် ငဲ့ကွက်တွယ်တာ	၆
ပစ္ဆိမယာမ် အောင်ပွဲခံ	၁၆၉
ပဋ္ဌာစာရာထေရီမ ဝတ္ထု	၁၄၉
ပဋ္ဌာစာရီရူးသွပ်ခြင်း	၁၅၄
ပဋ္ဌာစာရီ လင်သားဒုက္ခ	၁၅၀
ပဋ္ဌိသမ္ဘိဒါပတ္တရဟန္တာမဖြစ်ခြင်း	၁၅၁
ပတ္တမြားပျောက်မှု	၂၀၈
ပထမ သားဦးဖွားမြင်	၁၅၀
ပထမကြာပန်း နန်းရှူတော်မူပါ	၁၉
ပဒုမဒေဝီ၏သားတော် ပစ္စေကဗုဒ္ဓါငါးရာ	၃၇
[ပ]	
ပဒုမုတ္တရဘုရားရှင်ထံ ဝိနယဓရ ဆုကိုပန်	၁၅၅
ပဒေသာပင်မှ နတ်ဝတ်တန်ဆာ	၃၄
ပဓာနိက တိဿတ္ထေရဝတ္ထု	၃၂၉
ပရိညာသုံးမျိုး	၅၂
ပရိနိဗ္ဗာန်ပြုခြင်း	၂၁၀
ပရိဗိုဇ်မနှင့်အရှင်သာရိပုတ္တရာ	၁၀၉
ပိဏ္ဍောလဘာရဒ္ဒါဇမထေရ်	၄၃၀
ပိပ္ပလိလုလင်နှင့် ထိုက်သော အမျိုးသမီးရှာ	၄၀
ပိပ္ပလိနှင့်ဘဒ္ဒကာပိလာနီ	၃၉
ပိပ္ပလိနှင့် မယ်ဘဒ္ဒါတို့ ရဟန်းပြုကြခြင်း	၄၃
ပိပ္ပလိနှင့် မယ်ဘဒ္ဒါတို့ လက်ထပ်ထိမ်းမြား	၄၂
ပိပ္ပလိနှင့် မယ်ဘဒ္ဒါ စာတမန် ပေးပို့ကြ	၄၁
ပိပ္ပလိကို အမိအဖနားချ	၄၀
ပိတ်ပင်တားမြစ်အပ်သော မစ္ဆေရကို ငါအောင်ပေသည်	၂၉
ပိလောတ်ကတိဿတ္ထေရဝတ္ထု	၂၆၄
ပုဂ္ဂိုလ်လေးမျိုး အကျိုးလေးပါး	၁၈၈
ပုစ္ဆာလေးခု	၃၈၉
ပုပ်စော်နံသော သူဌေးသမီး	၃၁
ပုဆိုးပိုင်းနှင့် အိုးခြမ်းကွဲ	၂၆၄
ပုဆိုးတစ်ထည်မျှ ရှိသောကြောင့် ဧကသာဋက	၁၆၈
ပုထုဇဉ်ရဟန်းတို့ မျက်ရည်မဆည်နိုင်	၆၀

အကွဆုစဉ်	စာမျက်နှာ
[ပ·ဖ]	
ပုရောဟိတ်ပုဏ္ဏား လျှောက်ထားပုံ	၃၇၀
ပူလောင်ခြင်းမရှိ	၃
ပူလောင်မှုနှစ်မျိုး	၃
ပုံသကူသက်နှံးချုပ်ခြင်း	၅၄
ပေါင်းခဲ့ဖူးလေ ပေါင်းရပေ	၂၄၀
ပျော်ပါးလိုသူ တစ်ညဉ့်တစ်ဆာ အသပြာပေးရ	၅
ပျားကောင်တို့သည် ပဒုမ္မာကြာ၌ ပျော်မွေ့	၈၅
ပျိုမျစ်နုနယ် ငယ်ရွယ်ပါသေး	၈
ပြစ်မှားမှုကံ ကိုယ့်ထံပြန်	၂၀၆
ပြဿနာ တစ်ဆယ့်ငါးရပ်	၃၃၅
ပြဿနာ မေးတော်မူ	၄၆၃
ပြည်သူ့ဘို့ မပြုနိုင်သော အာသဒိသဒါန	၄၁၂
ပြည့်တန်ဆာမမှ မွေးသောသား အမိုက်ပုံ၌ စွန့်ပြစ်ထား	၅
ပြည့်ရှင်မင်းဖြစ်ခြင်း	၈၁
ပြုံးရယ်ခြင်း မပြုသူ ဤသူနှစ်ယောက်	၄၃
ဖွတ်ဖမ်းသောသူငယ် ခုနှစ်ယောက်	၂၁၆
ဖြစ်ချုပ် သတ္တဝါ မီးလျှံပမာ	၁၆၄
[ဗ]	
ဗဟုပုတ္တံက ထေရီမဝတ္ထု	၁၆၅
ဗဟုဘဏ္ဍိကရဟန်းဝတ္ထု	၂၄၉
ဗာဇာဏသီသူဋ္ဌေးသား ဆေးကုခြင်း	၁၄
ဗာဟိယဒါရုစီရိယမထေရ်ဝတ္ထု	၉၃
ဗာဟိယဒါရုစီရိယ၏နိဗ္ဗာန်ယူသိမ်း ငြိမ်းသည့်အဖြစ်	၁၈၀
ဗိမ္ဗိသာရမင်းကြီး	၄၃၃
ဗိမ္ဗိသာရမင်းကြီးအား ဆေးကုခြင်း	၁၀
ဗိဠာလပဒကသူဋ္ဌေးကြီး၀တ္ထု	၁၈၈
ဗုဒ္ဓပဋိဉာကို မေးခြင်း	၁၁၀
ဗုဒ္ဓဝင်ဖြစ်စဉ်အကျဉ်းချုပ်	၄၂၄
ဗောဓိမင်းသားသောတာပန်တည်ခြင်း	၃၂
ဗောဓိဉာဏ်ကို မရခြင်းကြောင့် အဖန်ဖန် ကျင်လည်ခဲ့ရ	၃၁၃
ဗောဓိရာဇကုမာရ၀တ္ထု	၃၁၉
ဗန္ဓုမမင်းကြီးက ပုရောဟိတ်ခန့်	၂၉
ဗြဟ္မဒတ်ပြည်လျှင် ခရီးစဉ်	၁၁၅
[ဘ]	
ဘတ္တဘတိက သူဋ္ဌေးကြီး	၂၇၆
ဘဝတစ်ချာ သဲအိုးလည်ဆွဲ ရေထဲပစ်ချ	၂၁၆
ဘီလူးကို တိုင်းပြည်သို့ခေါ်ခဲ့	၂၅၅
ဘုရားရတနာစသည်တို့နှင့်တူသော တစ်ပါးသောရတနာသည် မရှိ	၂၆၁
ဘုန်းရှင်ကိုသတ်ရန် ဒေဝဒတ်အားထုတ်	၁
ဘုရားကိုယ်စားဘည်ထားအပ်သော ဌေစေတီကြီး	၉၄
ဘုရားရှင်အား ဇီဝကဆေးကု	၂
ဘုရားရှင်ဘို့အား ဂုဏ်ကျေးဇူးဌ် ဝန်ဘို့လျှိုဝှက်ခြင်းမရှိ	၂၅
ဘုရားရှင်အား ဒေဝဒတ်ကြံစည်ခြင်း	၁
ဘုရားရှင်အား ဒေဝဒတ်ပစ်ခဲသည်	၂၀၂
ဘုရားရှင်အား ဒေဝဒတ်လွှတ်သော ဆင်ကို ဆုံးမခြင်း	၂၀၄

အက္ခရာစဉ်	စာမျက်နှာ
[ဘ]	
ဘုရာရှင်၏ တန်ခိုးတော်ကြောင့် ရူးသွပ်နေရာမှ သတိရ	၁၅၆
ဘုရားအလောင်း ရွှေသမင်ကြောင့် ဘေးမဲ့ဖြစ်ရ	၃၄၁
ဘုရားရှင်၏ တပည့်အဖြစ် ဝန်ခံ	၄၉၄
ဘုရင်ကောသလ နှစ်ဆတိုးပြီး ချီးမြှောက်	၁၇၀
ဘုရင်ကိုယ်တိုင် ဧောင့်ဖမ်းခြင်း	၂၂၉
ဘုရင်ကို တိုင်ကြားခြင်း	၂၂၈
ဘုရင် ရွေးချယ်စိစစ်ပုံ	၃၅
ဘုရင့်စစ်သည်တော်များ ထွက်ပြေးကြခြင်း	၃၇၉
ဘုရင့်မယ်တော်ကြီး	၈၂
ဘုန်းကံမရှိက အဝတ်ကောင်း မဝတ်ရ	၃၆
[မ]	
မကောင်းကြံသော ကျောင်းသား များ	၃၇၁
မကောင်းကြံသော မင်းချင်း ယောကျ်ား	၃၄၇
မကြောက်တရား	၁၃၇
မတော်တဆဖြစ်ခြင်းသည် မည်သူမျှ အပြစ်မဟုတ်	၆၅
မထေရ်ကို နှိပ်စက်ခြင်း	၂၀၉
မထင်ရှားသော မိန်းမဝတ္ထု	၈၃
မပေးလှူလို ဝန်တိုသော မစ္ဆေရစိတ်	၁၆၉
မပြောကြားဘဲ သွားခြင်း၌ လူတိုင်း မနှစ်သက်	၁၃၂

အက္ခရာစဉ်	စာမျက်နှာ
[မ]	
မပြစ်မှားထိုက်သူကို ပြစ်မှားက ပျက်စီး	၂၄၇
မဘက်လိုက် မိုက်ဘက်ပါ	၄၈၂
မမေ့မပျောက်ဘဲ စွဲမြဲစွာတည်	၇
မယား၏ ကုန်းစကား	၂၄၅
မရနိုင်သော မုန်ညင်းစေ့	၁၆၃
မဟာကစ္စာယန ထေရ်ဝတ္ထု	၅၆
မဟာပဆဝီမြေကြီးနှင့် တူညီသောစိတ်	၆၀
မဟာကာလ ဥပါသကဝတ္ထု	၃၄၅
မဟာဓန ကုန်သည်နှင့် ခိုးသားငါးရာ	၁၉၃
မဟာဓန ကုန်သည်ဝတ္ထု	၁၉၂
မဟာဓန သေဋ္ဌပုတ္တဝတ္ထု	၃၁၄
မဟာပဒုမမင်းသား	၃၉၉
မဟာမောဂ္ဂလာနမထေရ်ဝတ္ထု	၂၄၁
မလ္လိကာဒေဝီဝတ္ထု	၃၀၂
မလ္လိကာသည် မင်းကြီးအား လှည့်ပတ်	၃၀၂
မာဂဏ္ဍီ ပုဏ္ဏားကြီးခင်ပွန်းလင် မယား အနာဂါမ်တည်	၄၂၇
မာဂဏ္ဍီယ ပုဏ္ဏားကြီးဝတ္ထု	၄၂၂
မာပမာဒချောက်	၂၂
မာယာဖြင့် လှည့်စား၍ ကုန်းတိုက်	၄၈၁
မာလောနှယ်သည် မှီရာသစ်ပင်ကို လွှမ်းမိုးရစ်ပတ်	၃၅၁
မာန်တက်ပြီး ပြန်နှက်သော တောထွက်	၂၅၀
မာရ်နတ်သမီးတို့အားမိန့်ကြား	၄၂၆

အကွေ့ထုစဉ်	စာမျက်နှာ
[မ]	
မြတ်စွာဘုရား ခြေတော်ရာ	၄၂၃
မြတ်စွာဘုရားထံ ဓရောက်ရခြင်း	၁၅၅
မြတ်စွာဘုရားထံသို့ သွားခြင်း	၃၈၈
မြတ်စွာဘုရား၏ တန်ခိုးတော်	၈၁
မြတ်စွာဘုရား ကိုယ်တော်တိုင် ထွက်ကြွတန့်ရပ်တော်မူ	၂၇၉
မြတ်စွာဘုရားကိုယ်တော်နှင့် နီမြိတ် ဘုရား	၄၄၉
မြတ်စွာဘုရားထံ မသွားဘဲ နေခြင်း	၂၉၆
မြတ်စွာဘုရား ပွင့်တော်မူကြောင်း သတင်းကောင်းရ	၄၆၉
မြတ်စွာဘုရားသည် ခမ်းဦး ကြိုတော်မူခြင်း	၄၆
မြတ်စွာဘုရား အပ်နှဖားတွင်း အပ်ချည်ကြိုး ထိုးငင်တော်မူ	၅၄
မြတ်သော စစ်မြေဦးစီး စစ်သူရဲကြီး	၁၁၂
မွေးပုံကြိုင်လိုင်သော စန္ဒကူးနံ့	၂၆၂
မြေကိုက်ခံခြင်း	၁၄၄
မောင်ဒါသ မြေကိုက်သေဆုံး	၁၅၂
[ယ]	
ယူဇနာခြောက်ဆယ်ခရီးကို သွားခြင်းငှါ စွမ်းနိုင်သော ကာက	၁၆
ယူဇနာဝါးဆယ် သွားနိုင်သော ဘဒ္ဒဝတီဆင်မ	၁၆
ယူဇနာနှစ်ရာရှိသော ခရီး တစ်ညဉ့် တည်းဖြင့် သွား	၉၆

အကွေ့ထုစဉ်	စာမျက်နှာ
[မ]	
မိဘတို့စိတ်ထား	၁၄၉
မိဘနှစ်ပါးကို ပြစ်မှားသော သား	၂၄၅
မိဖုရားကို ကမ်းပါးပြတ်၌ ပစ်ချ	၄၀၉
မိဖုရားကြီး ဖြားယောင်း	၄၀၀
မိမိချမ်းသာမှုအတွက် သတ္တဝါ တို့ကို မသတ်ဖြတ်ရာ	၂၂၅
မိမိပြုသော အကုသိုလ်ကံကိုသာ မိမိခံစားရ	၂၁၅
မိမိအသက်ကြောင့် သူအသက်ကို မသေစေလို	၂၀၉
မိန်းမချောစုံစွာ မဒ္ဒရာဇ်တိုင်းမှာ	၄၁
မိန်းမငါးရာ အဆင်တန်ဆာဆု	၁၁
မိန်းမငယ်၏ အိုနာ သေ	၂၉၉
မိန်းမခဲပြာတော့ တစ်ည	၂၄၅
မိန်းမပျိုကို အဖော်ရဟန်းက မြင်ခြင်း	၂၂၇
မိန်းမ မာယာ	၃၉၆
မီးပုံဝင်းရခြင်း ဒုက္ခ	၃၈၁
မီးမထွန်းရဘဲ အလင်းရောင်ရှိသူ	၄၁
မီးသွေးမှ ရွှေငွေပြန်ဖြစ်	၁၆၀
မိုးရေထဲ၌ တစ်ညလုံးဒုက္ခ	၁၅၂
မင်းကြီးအား ဖျော်တော့သော ဆောဂါစွဲကပ်	၁၅
မင်းနှင့်ပြည်သူ အပြိုင်လှု	၄၁၁
မင်းသားညီနောင် သုံးယောက်	၂၅၂
မြင်လျှင် မြင်ကာမတွေ့မျှ ဖြစ်ဓအာဂင်ဓလွှကျင့်	၉၈
မြင်မြင်ခြင်း ချစ်သူ	၁၉၆
မြင်းရထားဆင် ဘုရင် ချီးဓမြှောက်	၂၆၁

အကွရာစဉ်	စာမျက်နှာ
[ယ]	
ယင်ကောင်သည် ပဒုမ္မာကြာပွင့်၌ မပျော်	၈၅
ယုတ်မာသော အာစာရဖြင့် ဖြားယောင်း ဖျောင်းဖျ	၈၄
ယောကျ်ားတို့၏ အစွမ်းသတ္တိ	၉၅
ယောကျ်ားအာဇာနည်တို့ဖြစ်ရာ အရပ်	၄၉၅
[ရ]	
ရဟန်းခုနစ်ပါး	၉၃
ရဟန်းငယ်ဝတ္ထု	၃၆၀
ရဟန်းတစ်ပါးဝတ္ထု	၃၇၉
ရသေ့တို့အား တရားဟောတော်မူ ခြင်း	၄၉၀
ရသေ့ရဟန်းပြုတော်မူခြင်း	၃၉
ရဟန်းကြီး နှစ်ပါး	၇၅
ရဟန်းငါးရာ ပြန်ကြွခြင်း	၁၉၄
ရဟန်းငါးရာ ပဋိသမ္ဘိဒါပတ္တ ရဟန္တာ ဖြစ်ကြခြင်း	၁၉၅
ရဟန်းတရား ကြိုးစားအားထုတ်	၁၆၆
ရဟန္တာရှာဖွေခြင်း	၃၆
ရဟန်းတော်များ သောတာပန် တည်	၂၄၆
ရဟန်းပြုလိုသော ရေဝတ	၇၁
ရဟန်းသုံးကျိပ်ဝတ္ထု	၃၉၃
ရဟန်းသုံးကျိပ်၏ ဒုက္ခ	၁၃၃
ရာဇဂြိုဟ်ပြည်၌ ပြည့်တန်ဆာ တင်မြောက်ခြင်း	၄
ရာဇဂြိုဟ်သူဌေးအား ဆေးကုသ ရူပနန္ဒာ မထေရ်မ သောတာပန် တည်	၂၀၀
[ရ]	
ရေစောင့်ရကျိုသ်ဘီးလူးအတိတ် ဝတ္ထု	၂၅၁
ရေဝတထေရ် ရှားတော၌ သီတင်း သုံးခြင်း	၇၃
ရေသုံးသွယ်နှင့် အရွယ်သုံးပါး	၁၅၈
ရက်ကန်းသည်မလေး	၃၈၆
ရက်ကန်းသည်မလေးအား ကဲ့ရဲ့ ရှုတ်ချ	၃၈၉
ရက်ကန်းသည်မလေး သောတာပန် တည်	၃၉၁
ရက်ကန်းသည်သတို့သမီး ငယ်ဝတ္ထု	၃၈၅
ရန်ဖြစ်သော ရဟန်း သောတာပန် တည်	၃၆၂
ရပ်လျက် ပရိနိဗ္ဗာန်စံသော ပစ္စေကဗုဒ္ဓါကိုပင့်မလျှာက်သူ	၃၈
ရှေးဘုန်းကံကို အပြည့်အဝ ယုံကြည်သူ	၃၄
ရှေးဘုန်းကံကြောင့် ပဒေသာပင် ပေါက်	၃၆
ရှေးဦးပထမ ဆေးကုသခြင်းကိစ္စ ဖြင့် ရအပ်သောပစ္စည်း	၈၀
ရှားတောနေ ရှင်ရေဝတဝတ္ထု	၆၉
ရှင်သီဝလီ ဘုန်းတန်ခိုး	၇၄
ရှစ်သောင်း လေးထောင်သော သတ္တဝါတို့ ကျွတ်တမ်းဝင်	၂၉၁
ရွှေ ငွေ ပတ္တမြား စောင်းတန်း သုံးသွယ်	၄၆၈

အကွရာစဉ်	စာမျက်နှာ
[ရ]	
ရွှေတံမြက်စည်းနှင့် နတ်သမီး	၁၇၆
ရွှေဗိမာန်၌ နတ်သမီးဖြစ်ခြင်း	၁၇၅
ရွှေရုပ်ထက်ပို၍လှသော ဘဒ္ဒကာပိလာနီ	၄၁
ရွှေသမင်မင်း ဩဝါဒကို လိုက်နာ	၃၄၃
[လ]	
လာဇာနတ်သမီးဝတ္ထု	၁၇၄
လာဌုဒါယီမထေရ်ဝတ္ထု	၃၀၇
လုယူဖို့အရေး စုံစမ်းပေး	၁၉၃
လူကြီးပီသမှု	၁၃၄
လူအပေါင်းတို့ဖြင့် ထူထပ် ပြည့်ကြပ်	၄
လူအများတို့ ငိုးကြွေးကြ	၄၅၁
လေးပါးကုန်သော အရာတို့ကို မသုံးဆောင် မခံစားရ	၈၈
လေးမြားယူပေးပါလျက် အကုသိုလ်မဖြစ်သူ	၂၀၁
လေးရာ ကိုးဆယ့်ကိုးယောက်	၈၆
လောကီအာရုံ ကာမဂုဏ် ငါးမျှားချိတ်	၄၀၈
လောဘတဏှာ အလိုအာသာကို မပြည့်စေနိုင်မှု၍ သေလွန်ရ	၄၈၄
လက်ခုပ်တီးလျက် ပြင်းစွာရယ်	၈၄
လက်အုပ်ချီမိုး၍ ကိုရင်လေးအား တောင်းပန်	၆၅
လက်ဝဲလက်ယာ လမ်းနှစ်ဖြာ	၄၆
လင်မုဆိုး မယားသောတာပန်	၂၀၀

အကွရာစဉ်	စာမျက်နှာ
[လ]	
လိုရာအရပ်သို့ မရောက်သေးသမျှ ခရီးသည် အဖြစ်သာ	၃
လျင်မြန်သော အကျင့်ရှိသော ကြောင့် ပဋာစာရီ	၁၅၈
လှေသူကြီးမယား အတိတ် ဝတ္ထု	၂၁၄
လှည်းမှဆင်းကာ ထွက်ပေါက်ရှာ	၇၂
လှည်းငါးရာကို ထုတ်ဆောင်	၄၄၄
[ဝ]	
ဝါဒတစ်ထောင်တတ်သော ပရိဗိုဇ်မ	၁၀၈
ဝိတက်သုံးပါးတို့ နှိပ်စက်အပ် သည်ဖြစ်၍ ပျင်းရီ	၁၄၈
ဝိပဿက ရဟန်းငါးရာ တို့ ဝတ္ထု	၃၆၅
ဝိမောက္ခသုံးမျိုး	၅၂
ဝိသာခါ ရှင်းလင်းချက်	၃၃၄
ဝိသာခါ၏မြေး	၃၆၀
ဝိသာခါ၏ လျှောက်ထားချက်	၇၆
ဝေသာလီကို အားကျ၍ ရာဇဂြိုဟ်၌ ပြည့်တန်ဆာ ထား	၄
ဝန်တိုစိတ် ဆို့ ပိတ်သောကြောင့် မပေးလှူလို	၂၈
[သ]	
သတိကောင်းသော ဆတ်မင်း	၃၄၉
သတိတရား ထင်ရှားရှိသည်ဖြစ်၍ များပြားသော ဤဝဋ္ဌဆင်း ရဲကိုပယ်စွန့်	၂၆၇

အကွရာစဉ်	စာမျက်နှာ
[သ]	
သပ္ပဒါသ မထေရ်ဝတ္ထု	၁၄၄
သပိတ်တော်မှ ဆွမ်းကို စွန့်သွန်ညွှန်ကိုထည့်ပေး	၃၁
သဗ္ဗဋ္ဌက အမည်ရှိသော အလှူ ဆုမြတ် ပေးအပ်ဆောက်နှင်း	၃၀
သမဏ ဗြာဟ္မဏ ပြဿနာ	၂၆၂
သမီး မာဂဏ္ဍီကို ပေးအပ်ခြင်း	၄၂၂
သမုဒ္ဒရာ ရေထက် ကျမျက်ရည်ကများ	၁၅၆
သမားတော်ကြီး ဇီဝက မေးမြန်းအပ်သော ပြဿနာ	၁
သမင်ကို နေ့စဉ် သတ်သော ဗာရာဏသီမင်း	၃၃၉
သမင်အပေါင်း ကတိကဝတ် ပြုခြင်း	၃၃၉
သပြေခက်ကို နင်းနယ်လျက် ဖရိုဖရဲ ကြဲမြောက်	၁၀၉
သပြေခက်ကို အကြောင်းပြု၍ ဇမ္မုပရိဗိုဇ် အမည်ရ	၁၀၈
သာကေတမြို့ သူဌေးကတော်ကြီးအား ဆေးကုသ	၈
သာမဏေကို သန်လျက်ဖြင့် ခုတ်ခြင်း	၁၃၆
သာလဝတီ	၅
သာလဝတီ ပြည့်တန်ဆာမ ကိုယ်ဝန်တည်	၅
သာလဝတီ သတ္ဂိသမီး	၅
သာသနာတော်၏ အကျိုး	၄၉၃
သိကြားမင်းနှင့် နတ်မင်းကြီးက စောင့်ခြင်း	၂၇၈
သိကြားမင်း၏ စိတ်အကြံ	၄၅၀

အကွရာစဉ်	စာမျက်နှာ
[သ]	
သိရိမာကို ချစ်ခင်စွဲလမ်းသော ရဟန်း	၂၈၇
သိရိမာ ပြည့်တန်ဆာမဝတ္ထု	၂၈၆
သိရိမာကို ကြည့်ရှုရန် မင်းအာဏာ	၂၈၉
သီဝေယျက ပုဆိုးအစုံ ဆရာဇီဝကအား ပေးပို့	၁၈
သုခကုမာရသတ္ဂိသား	၂၇၆
သုခသာမဏေဝတ္ထု	၂၆၇
သုဒ္ဓေါဒနမင်းကြီးဝတ္ထု	၃၂၆
သုဒ္ဓေါဒနမင်းကြီး သောတာပန် တည်ခြင်း	၃၆၄
သုပ္ပဗုဒ္ဓမင်းကြီး မြေမျိုခံရခြင်း	၂၁၉
သုပ္ပဗုဒ္ဓသာကီဝင်မင်းကြီးဝတ္ထု	၂၁၈
သုမင်္ဂလသူဌေးကြီး	၂၃၇
သူဆင်းရဲ ယောကျ်ား	၁၃၀
သူဌေးသမီးနှင့် မုဆိုး	၁၉၆
သူဌေးကြီးက နတ်ကို နှင်ထုတ်	၁၈၁
သူဌေးကြီးက စည်းစိမ်ထက်ဝက်ကို ပေးအပ်	၂၇၄
သူဌေးကတော်ကြီးအား ဆေးကုသ	၈
သူဌေးကြီးအား သတ်လိုသော ခိုးသူ	၂၃၈
သူဌေးကြီး၏ အနာရောဂါ ခုနစ်ရက် သုံးလီဖြင့် ပျောက်ကင်းလိမ့်မည်ဟု သိ	၁၃
သူဌေသမီး ပရိဗိုဇ်မ	၁၀၇
သူဌေးသမီး၏ တောင်းပန်ချက်	၁၀၄
သူဌေးသမီး၏ ပညာစွမ်း	၁၀၆

[သ]

အကွရာစဉ်	စာမျက်နှာ
သူတော်ကောင်းတို့အား လှူဒါန်းသော ဒါနသည် ခေါင်းပါး ယုတ်ညံ့ခြင်း မည်သည် မရှိ	၁၈၀
သူတစ်ပါးကို အောင်ခြင်းကား အံ့ဖွယ် အောင်ခြင်း မဟုတ်	၂၈
သေယျသကမထေရ်ဝတ္ထု	၁၇၃
သဲစုသဲပုံထက် သပြေခက်စိုက်	၁၀၈
သောတာပန်တည်သော မိန်းမငါးရာ	၂၀၄
သံကိစ္စသာမဏေဝတ္ထု	၁၂၆
သား, ချေးမများနှင့် မုဆိုး သောတာပန်တည်	၁၉၉
သံဃာသင်းခွဲရန် အားထုတ်	၃၅၂
သန္တတိမဟာမတ္တဝတ္ထု	၂၅၇
သန္တတိအမတ်ကြီး ရဟန္တာဖြစ်	၂၅၉
သန္တတိအမတ်ကြီး ကောင်းကင်မှ တရားဟော	၂၆၀
သဒ္ဓါ မစ္ဆေ နှစ်ထွေ စစ်ပွဲ	၁၆၉
သဒ္ဓါမျှမ်းစို လှူဒါန်းလို	၈၀
သဗ္ဗစတုက္က ဆုရ	၁၇၁
သမ္မဟုလကုမာရဝတ္ထု	၂၂၅
သမ္မဟုလ အဓိမာနိကရဟန်း ဝတ္ထု	၂၉၃
သမ္ဗဒါလေးပါး	၂၇၅
သမ္မဇ္ဇနမထေရ် ရဟန္တာဖြစ်	၃၆၈
သမ္မဇ္ဇနမထေရ်ဝတ္ထု	၃၆၈
သားကို ဆုံးမ	၃၄၂
သားယ်စွန်ချီ သားကြီး ရေမျော	၁၅၃

[သ]

အကွရာစဉ်	စာမျက်နှာ
သားခုနစ်ယောက်	၁၉၈
သားတော် ရသေ့အား ဝန်ချ ကန်တော့	၄၀၈
သားတော်အား အကြောင်းစုံ မေးမြန်း	၄၀၇
သားတစ်ယောက်ကို ဖွားမြင်	၅
သား ဘုရင် ဖြစ်စေချင်သည့် မိခင်	၃၄
သားသမီး မရနိုင်သော ဗောဓိမင်းသား	၃၂၁
သားသမီးများလှ ဗဟုပုတ္တိက	၁၆၅
သားသမီးတို့၏ စိတ်သဘော ထား	၁၆၆
သားသေကို ပွေ့လျက် ဆေးဝါးရှာ	၁၆၁
သားသေရုပ်လောင်း ပစ်စွန့်	၁၆၇
သစ္စာတို့ကို သိမြင်ခြင်းဖြင့် ရတနာ သုံးပါးဘို့ကို ကိုးကွယ်ဆည်းကပ်	၄၉၃
သစ်ပင်မှန်လျှင် ဆေးဖက်ဝင်	၇
သတ်ရန် အားထုတ်သော သူဌေးကြီး	၁၉၀
သန်လျက်ပီးသော ကိုရင်လေး	၁၃၆
သိုမှီးသိမ်းဆည်းခြင်း ၂-မျိုး	၅၂
သုံးကျိပ်ခြောက်ပါး သိကြားမင်း တို့၏ အသက် အတိုင်း အရည်ဖြင့် တာဝတိ သာ၌ မင်းပြု	၄၈၄
သုံးခုမြောက် ဘဝ၌ တော်စပ်ခဲ့ ဖူးသော မယားဟောင်း	၅၃

(০০০৬)-ৰা৶-৶-২৫-ৱ১-৩৩-৯-০